www.burmeseclassic.com

စာစုတ်(၂၄၃)၊ ၂၀၁၃ ဒုဒ္ဓိ၊ အောက်တိုဘာလ

ဂန္ဓိဂ

မဂ္ဂင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သမ္မုဒ္ဓေဝါထာ ဘုရားရှိခိုး
ပါဠိ-အနက်

သမ္မုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။
အဝ္စကာ ဝါဠဂ္ဂကာ ဂဂီ။ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌဝီသံ-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိုးပြုစ်ချစ်ဆုကုန်သော၊ **သမ္မုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်းစက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္မုဒ္ဓေစ**-လ်ရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင်မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္မုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

ဂဂီ ဂဂိုဃ-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠဂ္ဂကာ**-ရှိကြကုန်သော သဲတို့သည်၊ **အဝ္စကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သချှာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဓိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိုးပြုစ်ချစ်ဆုကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန-အာဒရံ**-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ တန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတ္ဝာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

ဘဒ္ဒန္တ-ဥတ္တမ၊ ဩဘာသ-ပဏ္ဍိတာဘိဝံသ ဒေသနာတော်များ

ဗုဒ္ဓဘာသာ(နိကာယ်)စိစစ်တည်းဖြတ်သင်္ကြန်

မဂ္ဂဇင်း

အကြီးပေး

ဦးစိန်မျိုးမြင့်

ဆရာရန်ဇောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်

BURMESE CLASSIC .com

အမှတ်(၂၄၃)၊ ၂၀၁၅ အောက်တိုဘာလ

၆။ ဗိုလ်တထောင်-ကိုဦး

ဘဒ္ဒကမ္မာတွင် ဦးစွာပွင့်တော်မူသော
ကကုသန်မြတ်စွာ၏ ဆံတော်စစ်ကိန်းဝပ်ရာ
သာဓုဆံတော်ရှင်စေတီ

၁၄။ ယောနက-ဘိုးထောင်

ရေဆန်ကျန်းဗုဒ္ဓရုပ်ပွားတော်

၁၈။ တက္ကသိုလ်မျိုး

ထိုင်းလူမျိုးတို့၏ အရက်ဦးအလင်းရောင်ကို
ပေးစွမ်းခဲ့သော ဝပ်အာရုံစေတီတော်

၃၂။ တွန်းအားရှင်

အိန္ဒိယနိုင်ငံ နာလန္ဒာမြို့ရှိ
အရှင်သာရိပုတ္တရာစေတီတော်

၄၀။ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေး-သူ)

စလင်းမြို့ဟောင်းသို့ အညာနွေနှောင်းခရီး

၆၀။ အောင်သာကျော်

အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာတွင်းမှာ
ငမိုးရိပ်စေတီတော် ရောင်ခြည်တော်
ကွန်မြူးသာယာ

၆၆။ ကိုရွှေမြသန်း(သမိုင်း)

ဘုန်းရှင် ကံရှင် ပါရမီရှင် မင်းကွန်းတိပိဋကဓရ
ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာအဖြာဖြာ

၇၂။ ညွန့်တင်(တညောင်၊ ကန်ဆွယ်)

ဘဝတစ်သက်တာ ကျင့်စဉ်တရားများ (၃၇)

၇၈။ နန္ဒာစိုး(ဆင်ဖြူကျွန်း)

ကြံ့ချိုဒဿန

၈၆။ မင်းမြင့်ဦး

တော်သလင်းလနှင့် ဂရုဓမ္မအခါတော်နေ့

၉၀။ မုံရွာ-နေဇာ

အရှင်မောဂ္ဂလာန်၏ တန်ခိုးပြပွဲ(၁)

၉၄။ ဓမ္မဇောသက-အရှင်ဩဘာသ

အင်းပျဉ်လှူအကျိုး ထူးတန်ခိုး

၉၈။ မောင်ထည်ဝါ(ဗျော်ဘွယ်)

လောဘနှင့် မစ္ဆရိယကို ပယ်သတ်၍
ကြီးမြတ်ဘဝ ရရှိသူ

www.burmeseclassic.com

www.burmeseclassic.com

၁၀၁။ ဦးစန္ဒိမ(စလင်း)
ပါရမီကုသိုလ် ဖြစ်ဖို့လို
၁၀၄။ ကိုမောင်သန်းဝင်း
အံ့ဖွယ်ထူးခြား ဆရာတော်ဘုရား ဘူရိဒတ္တထေရော့
၁၀၈။ ကြည်ဝင်း(ဟသ်ာတ)
အဘဆရာကြီးနှင့် မြတ်နိဗ္ဗာန်တရားရိပ်သာ
၁၁၄။ စကြာကောင်းစံ
နတ်စက်ရောင်ဆရာတော်ကြီး၏
ဂြိုဟ်ရှစ်ခွင်မေတ္တာကျင့်စဉ်
၁၁၈။ သုခစုစံ(ကျိုက်လတ်)
သိန်းသန်းချီ၍ လှူနိုင်စေ
၁၂၃။ ရန်နိုင်
ကိုယ်နှင့်အတူ ဆောင်ယူထားကြသည်
၁၂၆။ ပုရောဟိတ် ဆရာဦးမြတ်စံ
သိဒ္ဓိဆယ်ပါး အကြားအမြင်ရစေသော
ဂါထာနှင့် အင်း
၁၃၀။ ပုရောဟိတ် ဆရာဦးမြတ်စံ
နဝရတ်ပုတီးနှင့် နဝရတ်အင်း အစီအရင်
၁၃၃။ ဂန္ဓီရ-ဆရာလှမျိုး(B.Sc)
ပေးဝေပေးချေ လိုရာဆန္ဒ ပြည့်ဝစေ
၁၃၈။ ဂန္ဓီရ-ဆရာလှမျိုး(B.Sc)
ကောင်းကျိုးချမ်းသာ လာဘ်လာဘများ
ဖြစ်ပေါ်လာမည့် တန်းစီး၊ တိုင်ထိပ်ယတြာ(၂)

၁၄၁။ ကြည်ဝင်း(ဟသ်ာတ)
စွန့်လွှတ်အနစ်နာခံသော အချစ်
၁၄၄။ သာထက်ဇော်(မကွေး)
နေ့အလိုက် ပစ္စည်းပျောက်ရှာနည်း
၁၄၈။ မင်းနေထွန်း(ကန့်ဘလူ)
ရင်ဝယ်စွဲငြိ ပီတိဝေစေ
၁၅၂။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာ ကံကြမ္မာ
၁၅၉။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂန္ဓီရပရိသတ်မေး၍ ဖြေသည်
၁၆၅။ ဆရာရန်အောင်ဟိန်း(B.Sc)
ရင်သားကင်ဆာရောဂါနှင့် ကော်ပီ စနစ်

www.burmeseclassic.com

www.burmeseclassic.com

၁၆၈။ **မင်းမဟော်ညွှန့်**
နက္ခတ်ကောဇာ ရက်မြတ်ကောင်းအချိန်အခါ

၁၇၄။ **ဆရာရန်အောင်ဟိန်း (B.Sc)**
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လင်္ကာနှင့် မွန်းတည့်မျဉ်းဖြတ်ဇယား

၁၇၆။ **ဟိန်း(ဘူမိ)**
ကိုယ်တွင်းမှ အဆိပ်၊ အပုပ်ဓာတ်ထုတ်ဖို့
ဂျူစ်သောက်ကြစို့

၁၈၀။ **မောင်လှယဉ်(မော်လမြိုင်)**
ပဒေသရာဇ်လက်ထက် မြန်မာသမားတော်၏
ခေတ်မီသည့် ဆိုက်ကိုနည်းဖြင့် ကုသမှု

၁၈၈။ **သာထက်ဇော်(မကွေး)**
မှိုဟင်းတစ်ခွက်

၁၉၀။ **လှတိုး(စိတ်ပညာ)**
သက်ရာကျော်ရှည် သတိုးမဟာသရေစည်သူ
ဦးကြင်နှင့် ကမ္ဘာ့သာသနာပြုစိတ်ဓာတ်

၁၉၈။ **ကိုမိုး(ရွှေပြည်သာ)**
သန္တာရလွင်ပြင်

၂၀၂။ **ဝင်းသောင်(ရမည်းသင်း)**
ဦးလေးမြဒင်နှင့် တာရွှေချစ်ဆိုင်

၂၁၀။ **တင့်ထူး(ဧယျာဝတီ)**
ဘဝမခြားလည်သော ဝဋ်ကြွေး

၂၁၅။ **တောအောင်**
ကြောက်စရာ အငြိုး

၂၂၂။ **ညီညီငြိမ်းချမ်း**
အမြင့်ပျံဂျက်၏ နိဒါန်း

၂၂၈။ **ဒါရိုက်တာမျိုးဇော်အောင်**
ဖိုးသာထူး တစ်မူးသာ

၂၃၄။ **မျိုးကြီး(အမရဋ္ဌာနေ)**
မုဆိုးဒူးထောက် မြေခံသား

၂၄၀။ **ဖိုးကျော့**
ဂမ္ဘီရရွှေအိုးကြီး(၂)

၂၅၆။ **ချစ်မင်းသူ**
လူမစွမ်း နတ်,မ

၂၆၄။ **ဂါဠီးနွန်းကို**
အေးစိမ့်နေသော အိမ်

၂၇၄။ **ချစ်ဆိုင်**
ရပ်ဓလေ့ ရွာဓလေ့နှင့်
လပြည့်နေ့၏ နံနက်စောစောမှာ

၂၈၀။ **ကောင်းသော်**
ကျတ်ဘဝက လာတဲ့သူ

၂၈၇။ **ရှစ်ခွင်ကျော်(ဖောင်တော်သီ)**
ရွှေဝွန်းရွာက ဇာတ်လမ်းတစ်ပုဒ်

၂၉၂။ **ရဲနွယ်မောင်(သုံးဆယ်)**
ဥပါဒါန် သည်အစွဲရယ်ကြောင့်

၂၉၈။ **မင်းသန့်ကျော်(စီးကုန်း)**
ရေတွင်းထဲက သရဲ

၃၀၄။ **တင်နိုင်ဝင်း(ထမင်းစေ့မြို့)**
ထီးကလေးနဲ့ မောင်ဘလူ

၃၀၈။ **ကျော်ကျော်**
မလွဲနိုင်သော သဲလွန်စ

၃၁၂။ **နေမင်းသူရိယ(ဆင်ဖြူကျွန်း)**
ရန်ကြွေးမပြေသော ဝိညာဉ်

၃၁၈။ **ကျော်ဇော(စားကုန်)**
ပေတဘုံသူကိုမှ
ချစ်မိမှားသူ

ထုတ်ဝေသူ–ဦးသန်းဦး(မြ–၀၀၅၃၆၆) ၊ **ဂန္ဓိရ Logo**–မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဖေဖြိုး
အတွင်းသရုပ်ဖော်–ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ဟိဏ်းထက်၊ မောင်မြင့်ဌေး၊ မိုးကျော်၊
မျက်နှာဖုံးပုံနှိပ်–ဦးတိုးဝင်း(မြ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်–ဦးကျော်စိုး(မြ–၀၄၂၅၁၀)၊ စိုးပုံနှိပ်တိုက်၊ ကနေဒင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
အတွင်းသားဖလင်–STARS ။ **စာအုပ်ချုပ်**–အောင်ဝင်း ။
အယ်ဒီတာအဖွဲ့ရုံး ။ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၅

www.burmeseclassic.com

www.burmeseclassic.com

တံဆိပ်ရုံ - ဘဝ ၂၀၀၅ ဇာတ် (၁၈၇) ယာယီတိုင်းရင်းသား ပါမောက္ခတောင်အမှတ် - ၀၅၁၁ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး

ဦးအောင်မြင့်
လူပျံတော်ပတ္တမြား

သွေးဆေးမှုန့်

သွေးဆေးအာဆီ

လေသက်ဆေး

နှန်းတွင်းလျှာပွတ်ဆေး

လျက်ဆား

သည်းခြေဆေး

www.burmeseclassic.com

www.burmeseclassic.com

ဘဒ္ဒကမ္ပာတွင် ဦးစွာပွင့်တော်မူသော ကကုသန်မြတ်စွာ၏ ဆံတော်စင်ကြိန်းဝပ်ရာ

သာဓုဆိတေတ်ရှင်စေတီ

ဒိုလ်တထောင်-ကိုဦး

သာဓုကန်မှတ်တိုင်ရောက်တော့ ကားပေါ်မှ ဆင်းလိုက်၏။ နွေရာသီ၏ ပူပြင်းလှသော နေရောင်အောက်၌ တစ်ကိုယ်လုံး ချွေးတို့ဖြင့် ရွဲနစ်နေ၏။

ဒါနဲ့ သီလမပါ သေခါမှသိ၊ ရောဂါနှင့် ဖိနှပ်မပါ နွေခါမှသိ ဆိုသည့်စကားအတိုင်း လက်ထဲမှ ရေသန့်ဘူးသည် လွန်စွာအသုံးတည့်နေ၏။



သာဓုကန်ရွာထဲမှ ဖြတ်လျှောက်လာပြီးနောက် ရွာအဆုံး ကွေ့လိုက်သည်နှင့် သာဓုစေတီတော်မုခ်ဦးကို မြင်ရသည့်အခိုက် ရင်မှာ အမောပြေသွားလေသည်။ စေတီတော်ဝင်ရာ လမ်းတစ်လျှောက်မှာ သန့်ရှင်းသပ်ရပ်၍ ဝဲယာတို့၌ စိမ်းလန်းစိုပြည်လျက် စေတီတော်အနီးဝန်းကျင်၌ ဈေးဆိုင်များဖြင့် ပြည့်နှက်နေ၏။

စောင်းတန်းမုခ်ဦးအဝင်ဝ၌ ခြင်္သေ့ကြီးနှစ်ကောင်က ဆီးကြိုလျက်ရှိသည်။ လက်ဝဲဘက်၌ ဘုရားဖူးတို့ နားခိုနိုင်ရန် ဧရပ်တစ်ဆောင်ကို မြင်တွေ့ရ၏။ မုခ်ဦးလှေကားမှ အတက်စောင်းတန်းအဝင် လက်ဝဲ,လက်ယာ၌ ဘီလူးနှစ်ကောင်က စောင့်ရှောက်လျက်ရှိသည်။ မြန်မာမှုလက်ရာ အပြည့်ဖြင့် လှပလျက်ရှိသော စောင်းတန်းအတိုင်း တက်ရောက်ခဲ့ရာ ပြေပြစ်သော လှေကားထစ်များကြောင့် သက်ကြီးရွယ်အိုများအတွက် များစွာအဆင်ပြေလှသည်။

စောင်းတန်းအတက် လေးပုံ သုံးပုံခန့်အကွာ အလယ်ပစ္စယာ လက်ယာဘက်ခြမ်းတွင် ယက္ခမယ်တော်နတ်နန်းကို ဝင်ရောက်ပူဇော်ခဲ့လေသည်။ ဆက်လက်တက်ရောက်ခဲ့ရာ လက်ဝဲဘက်တွင် ဓမ္မစေတီမင်းကောင်းမူတော် သာဓုစေတီသိမ်တော်ကို မြင်တွေ့ရသည်။

ဘုရားကုန်းတော်သို့ ရောက်သည်နှင့် ဗုဒ္ဓမြတ်စွာအား ဦးစွာရှိခိုးပူဇော် ကန်တော့ပြီးနောက် အနီးရှိ ဂေါပကရုံးခန်းသို့ ဝင်ရောက်ခဲ့လေသည်။ မိမိကိုယ်မိမိ မိတ်ဆက်ပြီးနောက် သာဓုစေတီတော်အကြောင်း ရေးသားရန် ခွင့်တောင်းခဲ့ရာ စေတီတော်ဂေါပကဥက္ကဋ္ဌ ဦးသောင်းနှင့် ဂေါပကအဖွဲ့ဝင် ဘဏ္ဍာဂြေရှာဖွေရေးအဖွဲ့ ခေါင်းဆောင် ဦးတင်လှတို့က စေတီတော်သမိုင်း

www.burmeseclassic.com

ကြောင်းကို ရှင်းပြကြပါသည်။

ဂေါပကဥက္ကဋ္ဌ ဦးသောင်းနှင့် အဖွဲ့ဝင်ဦးတင်လှတို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

♦ ♦ ♦

ဘုရားငါးဆူပွင့်တော်မူမည့် ဤဘဒ္ဒကမ္ပာဝယ် လေးဆူသောဘုရားရှင်တို့သည် ပွင့်တော်မူပြီးဖြစ်၏။ ဦးစွာအစ ပွင့်တော်မူသော ဗုဒ္ဓမြတ်စွာမှာ ကကုသန်မြတ်စွာဘုရားရှင် ဖြစ်လေသည်။

ကကုသန်မြတ်စွာ ပွင့်တော်မူစဉ်က မော်ပီတောကြီးဝယ် သားစားကြူးသည့် ဘီလူးညီနောင်ရှိခဲ့သည်။ ရက်စက်ကြမ်းကြုတ် မိုက်ဇာတ်ကုန်၍ မော်ပီတောကြီးအတွင်း ဝင်လာသမျှ လူနှင့် သားရဲတိရစ္ဆာန်တို့ကို ဖမ်းဆီးစားသောက်သည်မှာ တစ်နေ့လျှင် ဆင်တစ်ကောင်မျှ ကုန်အောင် စားလေ၏။

အမြိဿရနတ်ကြီးနှင့် ဆူးစရည်း ခေါ် ဆူးနေနတ်ကြီးတို့သည် ထိုစဉ်က မော်ပီတောကြီးမှ ဘီလူးညီနောင် ဖြစ်လေသည်။

တစ်နေ့တွင် အမြိဿရဘီလူးကြီးသည် အစားအစာအတွက် ဆာလောင်မွတ်သိပ်နေခိုက် ကကုသန်မြတ်စွာဘုရားသည် မော်ပီတောကြီးကို ဖြတ်သန်းဝင်ရောက်လျက် ဆွမ်းခံရန် ကြွချီလာသည်နှင့် ကြုံကြိုက်လေ၏။

သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်အား ဘုရားရှင်မှန်း မသိခဲ့သည့် မိစ္ဆာဘီလူးကြီးသည် မိမိ၏ ဝမ်းအာဟာရအတွက် အစာအဖြစ်သာ မြင်တော်မူ၏။

ကကုသန်မြတ်စွာသည် သပွာယ်ကြည်ညိုု အသရေတော်ဖြင့် လှမ်းချီကြွနေသော်လည်း အဟုန်ပြင်းစွာဖြင့်လိုက်၍ စားသောက်ရန် ကြုံစည်နေသော ဘီလူးကြီးမှာ မည်သို့မျှ လိုက်မှီခြင်း မရှိခဲ့ချေ။ ဘုရားရှင် ရပ်တော်မူနေလင့်ကစား အမြိဿရဘီလူးကြီးမှာ အလွန်အမင်း မောဟိုက်ပင်ပန်းစွာဖြင့် ဘုရားရှင်ထံပါး မလျှောက်လှမ်းနိုင်ခဲ့ပေ။

ထိုစဉ် မြတ်စွာရှင်သည် တန်ခိုးတော်ဖြင့် ကိုယ်ရောင်ဖျော့က်ကာ ဘီလူးကြီး၏ မျက်မှောင်အကြား ပုန်းလျှိုးကွယ်ကာနေလေ၏။ မိမိမျက်စိရှေ့မှောက် ပျောက်ကွယ်သွားသော ဘုရားရှင်အား မတွေ့ရလေသောအခါ ဆာလည်းဆာ၊ မောလည်းမော မခံမရပ်နိုင်ဖြစ်ကာ လွန်စွာပင်ပန်းဆင်းရဲဖြစ်ရလေ၏။

ထိုမျက်စိရှေ့မှောက် ပျောက်ကွယ်သွားသောနေရာမှာ ယခုအခါ ကျိုက္ကလဲ့စေတီတည်ရှိရာတောင် ဖြစ်လေသည်။

ဘီလူးကြီးသည် လျှို့မြောင်အနှံ့ တောအထပ်ထပ်ကို မိမိတန်ခိုးဖြင့် ကြည့်ရှုရာဖွေပါသော်လည်း မြတ်စွာဘုရားရှင်အား လုံးဝရာမတွေ့ ဖြစ်နေလေ၏။ မြတ်စွာဘုရား စတင်ပျောက်ကွယ်သွားသောကုန်းမှ မလှမ်းမကမ်းတွင်ရှိသည့် ကုန်းစောင်းအင္ဂတစ်ခုတွင် ကကုသန်မြတ်စွာအား ရုတ်တရက် ထပ်မံတွေ့ရှိပြန်၏။ စားရန်အတွက် ထပ်မံလိုက်ပြန်သောအခါ ဘုရားရှင်မှာ တစ်ဖန် ပျောက်ကွယ်သွားကာ အမြိဿရဘီလူးကြီးမှာ ကြက်သီးများထလျက် မွေးညင်းများ ထောင်လာ၏။

တန်ခိုးလွှမ်းထိတ်လန့်သွားသော ဘီလူးကြီးမှာ တစ်မှိန်စိမ့် ကြောက်စိတ်ဝင်လာပြီးနောက် မြတ်စွာဘုရားရှင်အား အရှုံးပေးကာ ကျိုးနွံရှိသေစွာဖြင့် ရှိခိုးကန်တော့ တောင်းပန်လေ၏။

ထိုကန်တော့တောင်းပန်သောနေရာကို ကလို့ဟူ၍ မွန်ဘာသာဖြင့် ခေါ်ဆို၏။ ကလို့ဟူသောအဓိပ္ပာယ်မှာ မြန်မာ



ရေတီစေတီအား ဓရဏသက်န်းကပ်လှူရန် ပြင်ဆင်လျက်ရှိစဉ်

www.burmeseclassic.com

ဘာသာဖြင့် ဝန်ချတောင်းပန်ခြင်းဖြစ်၍ ယခုအခါ ထိုနေရာ ရှိစေတီကို ကျိုက္ကလို့စေတီဟု ခေါ်တွင်လေသည်။

အမြဲသရဘီလူးကြီးသည် ကကုသန်မြတ်စွာဘုရား အား ဝန်ချကန်တော့တောင်းပန်သော ထိုကုန်း ထိုနေရာသည် အနာဂတ်သာသနာအတွက် သမိုင်းဝင် နေရာထူးနေရာမြတ် ဖြစ်လေသည်။

သက်တော်ရှည် ကမ္ဘာတည် သောတာပန်နှုတ်ကြီး ဖြစ်သွားခြင်း

ကကုသန်မြတ်စွာဘုရားသည် အမြဲသရဘီလူးကြီး အား သင်သည် ငါ့ကို မသိသလောဟု မေး၏။ ဘီလူးကြီး က မသိပါဟု ဖြေလေ၏။ ထိုအခါဘုရားရှင်သည် ကရဏာ တော်ဖြင့် ဤသို့ဆိုလေ၏။ ဘုရားရှင်ကိုမှ မသိနိုင်လောက် အောင် မိုက်မဲဆိုးရွားလှသော သင့်ဘဝ သင့်ကံသည် လွန်စွာ နှစ်နာလှချေ၏။ ထို့ကြောင့် သင့်အား အပြစ်ဒဏ်ပေးမှ သင့်လျော်ချေမည်ဟုဆိုလေသော် အမြဲသရဘီလူးကြီးမှာ ပေးလာမည့် ပြစ်ဒဏ်အတွက် ထိတ်လန့်ကြောက်ရွံ့လျက် မိမိအား မည်သို့သောပြစ်ဒဏ် ချမှတ်မည်ကို မေးမြန်းတော် မူလေ၏။

မြန်မာမူသက်ရာအပြည့်ဖြင့် လုပသစ်လွင်တွန်း ဆေးရုံ အနောက်ဘက်ခံစောင်းတန်း

မြတ်စွာဘုရားရှင်သည် ပဉ္စသီတည်းဟူသော ငါးပါး သော သီလတော်မြတ်ကို မကျိုးမပေါက် တစ်သက်တာ စောင့်ထိန်းရမည်ဟု မိန့်တော်မူ၏။ ဘီလူးကြီးမှာ လွန်စွာ ထိတ်လန့်တုန်လှုပ်ကာ မိမိအား ချက်ချင်းသေကျေပျက်စီး အောင်ပေးသော ပြစ်ဒဏ်မျိုးသာဖြစ်သည်။ ငါးပါးသော ပဉ္စသီကို တစ်သက်တာ မကျိုးမပေါက် စောင့်ထိန်းနိုင်စွမ်း မရှိပါဟု ဆို၏။

ထိုအခါ ဘုရားရှင်မှ တစ်သက်တာ မဆောက်တည် နိုင်က ခုနစ်နှစ်မျှ စောင့်ထိန်းရန် ပြောလာသောအခါ ခုနစ် နှစ်တာမှာလည်း များလွန်း၍ မဖြစ်နိုင်ကြောင်း၊ ခုနစ်လ ဆောက်တည်ခိုင်းသော်လည်း မဖြစ်နိုင်၊ နောက်ဆုံး ခုနစ် ရက်မျှ မကျိုးမပေါက် သီလဆောက်တည်လော့ဟု ဆိုလေ သော် အမြဲသရဘီလူးကြီးမှာ ခုနစ်ရက်မျှကာလသည် မည် သို့မျှကြာမည်မဟုတ်၍ ကောင်းပြီဟု ဝန်ခံလေ၏။

အမြဲသရဘီလူးကြီးသည် ငါးပါးသော ပဉ္စသီလကို ခုနစ်ရက်တာမျှ မြဲမြံစွာဆောက်တည်ပါမည်ဟု ဝန်ခံကတိ ပြုလေသော် ကကုသန်မြတ်စွာဘုရားရှင်သည် သာခုသုံး ကြိမ်ခေါ်တော်မူသည်။

ထိုစဉ်အခိုက် အမြဲသရဘီလူးကြီး၏ အစွယ်လေး ချောင်းတို့သည် မြေသို့ကျွတ်ကာကျလေ၏။ ထိုအခါ ဘုရား ရှင်သည် အမြဲသရဘီလူးကြီးအား ဓမ္မကာရိဏ်ရေစစ်တော် ကို ပေးအပ်ချီးမြှင့်တော်မူလေသည်။

ကကုသန်မြတ်စွာဘုရားရှင်အား မိမိနေထိုင်ကျက်စား ရာ ဒိဂနိုပရောတောင်သို့ ပင့်ဖိတ်ခေါ်ဆောင်သွားလေ၏။

ခုနစ်ရက်တာမျှ ဒိဂနိုပရောတောင်ပေါ်တွင် ဘီလူး ညီနောင်တို့အား သရဏဂုံသီလနှင့်တကွ ဓမ္မတရားမြတ်ကို ဟောကြားဆုံးမတော်မူလေသော် အမြဲသရနှင့် ဆူးနေဘီ လူးညီနောင်သည် ကြမ်းတမ်းသော ဒေါသမာန်မာန ချုပ် ငြိမ်းကွယ်ပျောက်၍ ဘီလူးမာန်စွယ်များကျွတ်ကာ တရား ထူး တရားမြတ်ရရှိကြပြီး သက်တော်ရှည် ကမ္ဘာတည်သည့် သောတာပန်နှုတ်ကြီးများ ဖြစ်သွားလေတော့သည်။

ကကုသန်မြတ်စွာ၏ ဆံတော်နှစ်ဆူ ရရှိတော်မူခြင်း

အမြဲသရနှင့် ဆူးနေ ဘီလူးညီနောင်သည် သရဏဂုံ နှင့်တကွ ပဉ္စသီမြတ်သီလကို တစ်သက်တစ်ဘဝ ကျင့်သုံး ဆောက်တည်ပါမည်ဟု ဝန်ခံကတိပြု၍ ဘုရားရှင်၏ တပည့် သာဝကအဖြစ် ခိုးမြောက်တော်မူပါရန် တောင်းပန်လျှောက် ထား၏။

www.burmeseclassic.com

ထို့ပြင် ဘုရားရှင်အား ယနေ့မှစ၍ နောင်ကာလအထိ မိမိတို့ အားထားရိုကျိုး ရှိခိုးပူဇော်နိုင်ရန် အကျိုးငှာဆည်းကပ် ပူဇော်အပ်သည့်အရာကို ချီးမြှင့်ပေးပါရန် လျှောက်ကြားလေသော် ကကုသန်မြတ်စွာသည် မိမိ၏ ဦးခေါင်းတော်ကို ရွှေလက်တော်ဖြင့် သုံးသပ်တော်မူခဲ့ရာ ဆံတော်နှစ်ဆူသည် လက်တော်၌ ကပ်ငြိ၍ ပါလာတော်မူ၏။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ခန္ဓာကိုယ်တော်မှ ခွဲ၍ ကိုးကွယ်ဆည်းကပ်ပူဇော်ရန် ပေးလိုက်သည့် ဆံတော်နှစ်ဆူမှာ သက်ဝင်လွယ်ပ်ရှား ရှင်သန်နေတော်မူသော ဆံတော်ဖြစ်ခြင်းကြောင့် ဆံတော်ရှင်(ဆံတော်အရှင်)ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ကျောက်တုံးစေတီ တည်လေပြီ

ကကုသန်ဘုရားရှင်သည် အမြဲသရဏဂုံ ဆူးနေ ဘီလူးညီနောင်အား ကောင်းချီးပေးတော်မူကာ နောင်ကာလ ဝေနေယျသတ္တဝါအပေါင်းတို့ ကိုးကွယ်ဆည်းကပ်နိုင်စေရန် ဗျာဒိတ်ပေးစကား ပေးတော်မူလေသည်။

"ငါဘုရား နစ္စဉ်ကာလ၌ စာမရိုက်မင်းဘဝဖြင့် ဤတော ဤတောင်၌ မြူးထူးပျော်ပါး ကျက်စားခဲ့၏။ ဤတောင်သည် ထူးမြတ်သောတောင်ဖြစ်၏။ ငါ၏ ဆံတော်နှစ်ဆူကို ဤတောင်တော်တွင် စေတီတည်ထား ကိုးကွယ်ပူဇော်ကြ" ဟု မိန့်တော်မူခဲ့သည်။

ဘီလူးညီနောင်သည့် ကကုသန်မြတ်စွာ၏ ဗျာဒိတ်စကားအတိုင်း မိမိတို့ တရားထူး၍ အစွယ်ကျွတ်ရာတောင်ကုန်းထိပ်ရှိ ကျောက်တုံးကြီးကို ထွင်းထုကာ ဘုရားရှင်၏ ဆံတော်နှစ်ဆူကို ထည့်သွင်းဌာပနာထားလျက် ကျောက်တုံးစေတီတည်တော်မူ၏။ စေတီယဝေါဟာရအရ ၄င်းစေတီတော် အမျိုးအစားကို ထူပါစေတီဟု ခေါ်တွင်၏။ ထိုကျောက်တုံးစေတီတော်၏ မူလဘုရားဒါယကာကြီးမှာ အမြဲသရဏဂုံတ်ကြီးပင် ဖြစ်ပါသည်။

ကျောက်တုံးစေတီမှ သင်တိုင်းစေတီတော်သို့

သာသနာသက္ကရာဇ်(၂၃၉) ခုနှစ်၌ သီဟိုဠ်သာသနာပြုပုဂ္ဂိုလ် ရဟန္တာအရှင်မဟိန္ဒ၏ တပည့်ကြီး



ခြေသုံးကြိမ်နှစ်ကောင်မုဆိုးဇောင်းတန်းနှင့်အတူ ဖူးတွေ့ရသည့် သာဓုခေါ်စေတီတော်

များ ပါဝင်သော သာသနာပြုအဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံ သုဝဏ္ဏဘူမိတိုင်း သထုံပြည်သို့ ရောက်ရှိလာ၏။

ထိုသာသနာပြုအဖွဲ့ကို ရဟန္တာအရှင်မြတ် ဖြစ်တော်မူသော အရှင်ယသ၊ အရှင်သောဏ၊ အရှင်သုစိတို့ ဦးဆောင်၍ ရဟန္တာအရှင်မြတ်ရှစ်ပါး ပါဝင်တော်မူ၏။

ဝလုံကားကန်နှင့် ဖန်ရာဇာဝင်တွေ့လှုပ်သည့် သာဓုခေါ်စေတီတော်

www.burmeseclassic.com

www.burmeseclassic.com

ရွှေရောင်ပင်းဇနီသည့်
ရေးဟောင်းကြေးသွန်ရုပ်ပွားတော်မြတ်

သာခုဆံတော်ရှင်စေတီရှိ ရွှေရောင်ပင်းဇနီသည့်
ရေးဟောင်းကြေးသွန်ရုပ်ပွားတော်

ထိုအရိန်က မဏိဒီပကျွန်းတွင် ဘောဂသေနတိသသီဟဒီပ ဓမ္မရာဇာမင်း စိုးစံလျက်ရှိသည်။ အရှင်ယသအမှူးရှိသော သာသနာပြုအဖွဲ့သည် မဏိဒီပကျွန်းသို့ ရောက်ရှိလာရာ မင်းနှင့်တကွ တိုင်းသူပြည်သားတို့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြ၏။

အရှင်ယသမထေရ်သည် မင်းနှင့်တကွ ပရိသတ်တို့အား အနောက်မဇ္ဈိမတိုင်းတွင် ဂေါတမမြတ်စွာ ပွင့်တော်မူခြင်းနှင့် ဘုရားဟောကြားသော တရားဓမ္မများကို ဟောကြားတော်မူ၏။ ဂေါတမမြတ်စွာ၏ သကေသဓာတု ဆံတော်ရှင်နှင့် သရီရဓာတ်တော်များကိုလည်း ကိုးကွယ်ပူဇော်နိုင်ရန် သီဟဒီပမင်းအား လွှဲအပ်တော်မူ၏။

မင်းနှင့်တကွ ပြည်သူအပေါင်းသည် ဘုရားရှင်၏ ဓာတ်တော်များ ဖူးခွင့်ကြုံခွဲဖြင့် ဝမ်းသာရွှင်မြူးကြလျက် ကြွရောက်လာသည့် ရဟန္တာအရှင်မြတ်တို့၏ တရားဓမ္မတို့ကို နာကြားရသဖြင့် လွန်စွာကြည်ညိုသဒ္ဓါတရားပွားများလျက် ရှိကြသည်။

အရှင်ယသမထေရ်သည် မြတ်စွာဘုရားရှင် ဗျာဒိတ်ထားတော်မူသည့် လေးဆူသော ဘုရားတို့၏ ဆံတော်ဓာတ်တော်များ ကိန်းဝပ်ရာ တိုဂုံဆံတော်ရှင်နှင့်တကွ သိဂုံတွဲရကုန်းတော်ကို ဝန်းရံသည့် ကုန်းတော်တို့၌ စစဦးစေတီတော်များ တည်ထားရန်နှင့် တိုဂုံဆံတော်ရှင် အနောက်မြောက်အရပ်ရှိ ဒိုဂနိုပရောတောင်ပေါ်တွင် ရှေးဘုရားသုံးဆူ၏ ဓာတ်တော်များကိန်းဝပ်ရာ ကျောက်တုံးစေတီ၌ သင်တိုင်းစေတီတည်ထားရန် ညွှန်ပြလမ်းညွှန်တော်မူ၏။

ခေါင်းဆောင် အရှင်ယသသည် ကျိုက္ကဆံစေတီတော်တည်ပြီးနောက် ပျံလွန်တော်မူသဖြင့် အရှင်သောဏနှင့် အရှင်သုဓိတို့ ဦးဆောင်သော သီဟိုဠ်သာသနာပြုခုနစ်ပါးတို့သည် မဟာသူရသေနအမတ်စစ်သူကြီး အမှူးပြုသည့် သူရဲကောင်းအမတ်ကြီးများနှင့်အတူ သာသနာသက္ကရာဇ်(၂၄၀)ခုနှစ်သို့ ရောက်သောအခါ အလယ်ပခူးရိုးမတောင်ရိုမော်ပီတောကြီးအတွင်း ကုန်းကိုးဆယ့်ကိုးကုန်း၊ ကျင်းကိုးဆယ့်ကိုးကျင်းတွင် တစ်ခုအပါအဝင်ဖြစ်သော တောင်ညိုနောင်အနီး ဒိုဂနိုပရောတောင်ထိပ်ရှိ ကျောက်တုံးစေတီကို သင်တိုင်းစေတီအဖြစ် တည်တော်မူ၏။

ကကုသန်မြတ်စွာဘုရားရှင်၏ သကေသဓာတု ဆံတော်ရှင်နှစ်ဆူ ဌာပနာထည့်သွင်းထားသော ကျောက်တုံး

www.burmeseclassic.com

စေတီကိုင်၍ စေတီတော်အသစ် တည်ထားကြ၏။

ထိုစေတီတော်တွင် ကကုသန်မြတ်စွာ၏ ဆံတော်နှစ်ဆူ အပါအဝင် သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာသည့် ဂေါတမ မြတ်စွာ၏ ဓာတ်တော်မွေတော်များ၊ သရီရဓာတ်အရိုးတော် များအပါအဝင် အရှင်ယသမထေရ်မြတ်၏ သရီရဓာတ် တော်များကို ထည့်သွင်းဌာပနာတော်မူခဲ့သည်။ ဘုရားဘွဲ့ တော်ကိုလည်း ကျောက်တုံးစေတီမှ သာခုစေတီသို့ ပြောင်း လဲခေါ်တွင်ခဲ့လေသည်။

ထို့နောက် မွန်မင်းများခေတ် သက္ကရာဇ်(၆၇၆)ခုနှစ် တွင် ရမ္မာနဂရာမြို့တည် ပုဏ္ဏရိကမင်းသည် သာခုစေတီ တော်ကို ဉာဏ်တော်မြင့်၍ ကုန်းတော်ပစ္စယာအဆင့်ဆင့် နှင့်တကွ စောင်းတန်းမုခ်ဦးများကို အသစ်ပြုပြင်တည် ဆောက်ထားလေသည်။

ဆရွေမြင်တွေ့နေရသောစေတီတော်၏ မူလဘုရားဒါယကာ

ရာဇဓိရာဇ်မင်းသည် ဟံသာဝတီနေပြည်တော်ကြီးကို တည်ထောင်သော ဗညားဦးမင်း၏ သားတော်တစ်ပါးဖြစ် သော ဗညားနွဲ့ဖြစ်သည်။ အရိုးတော် မဟာဒေဝီ အကောက် ကြသည်ကို ကြုံတင်ရိပ်မိသဖြင့် ဒဂုံသို့ ထွက်ပြေးခိုလှုံသွား ၏။

ဗညားနွဲ့သည် ဟံသာဝတီကို သိမ်းပိုက်နိုင်ရေးအတွက် အုပ်မြို့မှ မြောက်ဘက်အရပ်ရှိ ရွာဟောင်းတန်ခိုးကြီးဘုရား တစ်ဆူဖြစ်သော သာခုဆံတော်ရှင်စေတီတော်တွင် အောင် မြေနှင်းကာ သစ္စာပြုခဲ့၏။ စေတီတော်ရင်ပြင် မိမိမွေးနံ့သော ကြာအရပ်ဖြစ်သော အနောက်တောင်နှင့် ကြာသပတေး ထောင့်တွင် စေတီတော်ပန်းတင်ခုံ အနီး၌ ကျွန်းပင်တစ်ပင် စိုက်ပြီး အောင်ဓာတ်ဆင်၏။

၄င်းအကြံအစည် အောင်မြင်ပါက ထီးနန်းသိမ်းပိုက်ပြီးလျှင် ဆံ တော်ရှင်စေတီကို အသစ်မွမ်းမံ ပြုပြင်တည်ထားမည်ဟု သစ္စာခံဋ္ဌာန် ပြုခဲ့သည်။

ခမည်းတော်ဗညားဦး နတ်ရွာစံ၍ သက္ကရာဇ်(၇၄၅)ခုနှစ်၊ တပို့တွဲ လဆန်း (၁၂)ရက်နေ့တွင် ဗညားနွဲ့သည် ရာဇဓိရာဇ်ဘွဲ့မည်ဖြင့် ဟံ သာဝတီထီးနန်းကို သိမ်းပိုက်စိုးစံတော်မူလေသည်။

သာခုဆံတော်ရှင်စေတီတွင် သစ္စာပြုခဲ့သည့်အတိုင်း ထိုနှစ်အတွင်းမှာပင် မူလစေတီတော်ကိုင်၍ စေတီတော်ကို အသစ်မွမ်းမံပြင်ဆင်ကာ ထီးတော်ကို အသစ်လဲလှယ်ခဲ့ သည်။ စေတီတော်အောက်ခြေမှသည် ထီးတော်အထွတ် အထိ မူလရှိသော ဉာဏ်တော်(၅၁)တောင် လက်(၁)သစ် မှ ဉာဏ်တော်(၉၄)တောင် လက်(၅)သစ် (၁၄၁ ပေ ၅ လက်မ)အထိ စေတီကို မြှင့်တင်တည်ထားခဲ့ပါသည်။

ထိုအချိန်မှစ၍ သာခုစေတီတော်၏ ဗဒ္ဓပူဇနိယဘုရား ပွဲတော်ကို ရာဇဓိရာဇ်နန်းတက်သော တပို့တွဲလဆန်း (၁၂) ရက်နေ့တွင် အစဉ်အလာမပျက် ကျင်းပခဲ့လေသည်။

ခေတ်အဆက်ဆက် ဘုရားဒါယကာများ

မြန်မာသက္ကရာဇ်(၁၁၉၆)ခုနှစ်တွင် သာခုစေတီတော် ပြိုပျက်ခဲ့ရာ မော်ဘီမြို့သူကြီး ဖိုးဝသီနှင့် ရွှေပေါက်ပင် ဆရာတော်တို့ ဦးဆောင်၍ စေတီတော်အား ထပ်မံပြုပြင် ခဲ့ကြသည်။ (၁၂၀၂)ခုနှစ်၌ မော်ဘီမြို့သူကြီး မင်းဗန္ဓုက စေတီတော်ကို အသစ်ပြုပြင်တည်ထားခဲ့လေသည်။

အင်္ဂလိပ်အစိုးရလက်ထက် (၁၂၄၄)ခုနှစ်တွင် ရန်ကုန်မြို့၊ (၂၁)လမ်းနေ ဦးခက ထပ်မံပြုပြင်ရာ အပြီးမသတ်မီ ပြိုပျက်သွားခဲ့သဖြင့် (၁၂၄၈)ခုနှစ်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင် အိုးဖိုရပ်တန်ဆောင်းကြီးဒါယကာ ဦးကုလား၊ ဒေါ် မင်းရာ၊ သားကြီး ဦးပန်းသာ၊ သားလတ် ဦးနေထွန်း၊ သမက် မော်ဘီမြို့အုပ်မင်း ဦးသာထွန်း၊ ဒေါ်ခိုတို့က ငွေရင်း ကိုးထောင် မတည်လှူဒါန်းကာ နယ်သူနယ်သားများ၏

ခမ္မစေတီပင်းဝကောင်းမှုတော် ရာဇာဇ္ဇာဘုရား

www.burmeseclassic.com

www.burmeseclassic.com

သဒ္ဒါထက်သန်စွာ လျှုဒါန်းပူဇော် ကုသိုလ်တော်ပါဝင်ကြသဖြင့် ဘုရားကြီးကို ပြုပြင်မွမ်းမံနိုင်ခဲ့ကြသည်။

(၁၂၅၀)ပြည့်နှစ်၊ တပို့တွဲလပြည့် ဘုရားပွဲတော်နှင့် တိုက်ကာ ရွှေထီးတော်အသစ်ကို တင်လှူနိုင်ခဲ့သည်။ တန်ဆောင်းကြီးဒါယကာ ဦးကုလား၊ ဒေါ်မင်းရာနှင့် သားသမီးမြေးမြစ်တို့သည် ဘုရားဒါယကာများအဖြစ် ခေတ်အဆက်ဆက် တာဝန်ယူကာ နှစ်စဉ် ပွဲတော်ကျင်းပခဲ့ကြလေသည်။

လှော်ကားကန်တူးရာမှ ဘုရားဝတ္ထုကမြေ ပါသွားခြင်း

သက္ကရာဇ်(၁၂၆၄)ခုနှစ်၊ တော်သလင်းလတွင် ရန်ကုန်မြို့ကို ရေပေးဝေရန် ရေကန်ကြီးတစ်ကန် တူးဖော်ကြရာ ဘုရားကုန်းတော် တောင်ခြေပတ်လည်မှာ မလွတ်ကင်းသဖြင့် တူးဖော်ခြင်းခံရလေသည်။ ထိုသို့ ဘုရားဝတ္ထုကမြေ တောင်-မြောက်-အရှေ့ ပတ်လည်(၄၇၈)ပေ၊ ဧောက်အနက်(၃၈)ပေနှင့် မြေကျင်းပေါင်း(၉၃၃)ခုရှိသော ဘုရားကုန်းတော် ပျက်စီးသွားသဖြင့် ဂေါပကလူကြီးများမှ လျော်ကြေးတောင်းဆိုရာ လျော်ကြေးငွေပေါင်း တစ်ထောင်ကျပ်တိတိကိုရရှိ၍ လူကြီးစုရာ တိုင်ပင်ကြပြီး ဧစတီတော်အား လုံးတော်ပြည့် ထုံးဖြူသုတ်ခြင်း၊ ငှက်ပျောဖူးကို ရွှေသင်္ကန်း ကပ်ခြင်း၊ အနောက်ဘက်စောင်းတန်း အုတ်လှေကားနှင့် ခြေသုံ့ကြီးနှစ်ကောင်တို့ကို အသစ်တည်ဆောက်ခဲ့ကြရာ (၁၂၆၅)ခုနှစ်၊ တန်ဆောင်မုန်းလတွင် ပြီးစီးခဲ့ကြောင်း မှတ်တမ်းများအရ လေ့လာသိရှိခဲ့ရပါသည်။

ထီးတော်သစ် တင်လှူပူဇော်ခြင်း

သာဓုဆံတော်ရှင်စေတီတွင် တင်လှူပူဇော်ထားသော ထီးတော်မှာ သက္ကရာဇ်(၁၂၅၀)ပြည့်နှစ်က တင်လှူထားသော ထီးတော်ဖြစ်ခြင်းကြောင့် ဟောင်းနွမ်းပျက်စီး၍ နှစ်ပေါင်း(၉၅)ခုနှစ် သက်တမ်းရှိပြီ ဖြစ်၏။

လေဒဏ်၊ မိုးဒဏ် ရာသီဥတုဒဏ်ကြောင့် ယိုယွင်းလာခဲ့သော ထီးတော်ဟောင်းနေရာတွင် အစားထိုးလဲလှယ်ရမည့် တာဝန်မှာ ဂေါပကအဖွဲ့ပေါ်တွင် သက်ရောက်လာ၏။

ထို့ကြောင့် (၁၃၄၅)ခုနှစ်၊ မြန်မာနှစ်ဆန်း(၁)ရက်နေ့တွင် ဂေါပကအဖွဲ့ဝင် လူကြီးများနှင့်တကွ သာဓုစေတီဝန်းကျင်ရှိ ကျေးရွာပေါင်း(၂၀)မှ ရွာလူကြီးများ၊ သာသနာ့အကျိုးဆောင်များသည် တိုင်ပင်ညှိနှိုင်းကာ ရွှေထီးတော်အသစ် တင်လှူပူဇော်ရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။

ထိုကော်မတီသည် မြို့နယ်သံဃနာယက ဆရာတော်

သာဓုစေတီတော်ရင်ပြင်တော်အနှံ့ရှိ ပလိပ်ကွပ်ပုံစံတော်

သာဓုဆံတော်ရှင်စေတီ ဘုရားဒါယကာ အမြဲသန့်စင်ကြိုး

www.burmeseclassic.com

www.burmeseclassic.com

ကြီးများ၏ ဩဝါဒကိုခံယူကာ (၁၃၄၅)ခုနှစ်၊ ကဆုန်လ ဆန်း (၁၀)ရက် စနေနေ့တွင် ထီးတော်ဟောင်းကို မြေသို့ ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် ကိုးပတ်လှည့် လည်ပြီး အောင်ဘိသိက်သွန်းလောင်းခဲ့သည်။

ထီးတော်ဟောင်းကို ပြုပြင်မွမ်းမံနိုင်ရန် အင်းစိန်မြို့ ဈေးကုန်းဘုန်းတော်ကြီးကျောင်းတိုက်သို့ ပင့်ဆောင်ကြ၏။ ထီးတော်အသစ်ကို ပြင်ဆင်ပြုပြင်မွမ်းမံရာ၌ စုစုပေါင်း ကုန်ကျငွေမှာ (၃၃၃၀၃)ကျပ်တိတိ ဖြစ်လေသည်။

ပြုပြင်မွမ်းမံပြီး ထီးတော်အသစ်ကို သာခုစေတီတော်သို့ ပြန်လည်ပင့်ဆောင်ရန် (၁၃၄၅)ခုနှစ်၊ တပို့တွဲလဆန်း (၃)ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာဖြင့် အင်းစိန် ဈေးကုန်းဘုန်းတော်ကြီးကျောင်းမှ စတင်၍ ပင့်ဆောင်လာခဲ့ကြသည်။

ရွှေထီးတော်သစ်ကြီးကို သာခုစေတီတော် စနေထောင့် အာရုံခံတန်ဆောင်းအတွင်း အများပြည်သူ ဖူးမြော်နိုင်ရန် ယာယီမဏ္ဍပ်ထိုး၍ ပူဇော်ခဲ့ခဲ့၏။ ထိုမှ စေတီတော်ပေါ်သို့ ထီးတော်ကို ပင့်ဆောင်တင်လှူကြရာ (၁၃၅၄)ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက် လပြည့်နေ့၌ ရွှေထီးတော်သည် သာခုဆံတော်ရှင်စေတီ၌ အောင်မြင်စွာ တင်လှူပူဇော်နိုင်ခဲ့ပါသည်။

ဈေးလိုက်ကြစို့ တူပျော်ပျော် သာခုဆံတော်ရှင်စေတီတော်

သာခုဆံတော်ရှင်စေတီတော်သည် ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်နယ်မြို့နယ်အတွင်း တည်ရှိပြီး တည်းကုန်းလမ်းဆုံမှ မော်ဘီမြို့သို့ ဆက်သွယ်သော အမှတ်(၄)လမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ လှော်ကားရေလှောင်ကန်၏ အနောက်ဘက် သာခုကျေးရွာအနီး တောင်စွယ်တောင်ကုန်းပေါ်တွင် တည်ထားပါသည်။ ပဲခူးရိုးမမှ ဖြာထွက်လာသော အမြင့်ပေ(၃၃၃)ပေရှိသည့် ဒိဂနိုပရောတောင်ပေါ်တွင် ရှိပါသည်။

တောင်စွယ်တောင်တန်း ရိုပ်ကြီးလှိုမြောင်သစ်ဝါးများကြောင့် လွန်စွာအေးချမ်းသာယာလျက် စိတ်နှလုံးကို ရွှင်လန်းစေပါသည်။ လှော်ကားရေလှောင်ကန်နှင့် တစ်ဆက်တစ်စပ်တည်းရှိနေ၍ ဘုရားဖူးလာကြရင်း အပန်းဖြေနိုင်လေသည်။ ဒေသန္တရဗဟုသုတရှာမှီးရာ နေရာထူးနေရာမြောက်လည်း ဖြစ်သည်။

သာခုကန်စေတီတော်မှာ တောင်ကုန်းအမြင့်တွင် တည်ရှိပြီး မြောက်ဘက်မလှမ်းမကမ်း၌ တောင်ညီနောင်စေတီ



ကဆုန်တော်ဝင်လဆန်းတရက်နေ့တွင် ဘုရားပြန်စဉ်

နှစ်ဆူ ရှိပါသည်။ အမြိုသရာဘီလူးညီနောင် နေထိုင်ခဲ့ရာ တောင်ညီနောင် ဖြစ်လေသည်။ မျက်စိပသာဒ ရှုမောတင့် တယ်၍ လှော်ကားရေလှောင်ကန်နှင့် ဆက်စပ်တည်ရှိနေသောကြောင့် လေကောင်းလေသန့်ရှူရှိုက်ရင်း ဘုရားဖူး အနားယူနိုင်ရန် အကောင်းဆုံးနေရာဒေသတစ်ခုဖြစ်သည်။

အထူးသဖြင့် ဘုရားဖူးများသည် ရုံးပိတ်ရက်များတွင် လာရောက်သူ များပြားပြီး စာရွှသူ ရပ်ဝေးရပ်နီးသူတော်ကောင်းအပေါင်းသည် လေကောင်းလေသန့် ရှူရှိုက်ကာ အနားယူအပန်းဖြေရင်း ဘဒ္ဒကမ္မာ၏ ဦးစွာပွင့်တော်မူသော ကကုသန်မြတ်စွာ၏ ဆံတော်စစ်ကိန်းဝပ်ရာ ရှေးဟောင်းသမိုင်းဝင် သာခုဆံတော်ရှင်စေတီသို့ တစ်ခေါက်တစ်ခါ ရောက်အောင်သွားပြီး ဖူးမြော်ကြည်ညိုကြပါစို့ဟု နိဗ္ဗာန်အကျိုး မျှော်ကိုးရင်း..။

ခုနစ်ရက်သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

ဇိုလ်တဆောင်-ကိုဦး

ကျမ်းမှီး

ကကုသန္ဓမြတ်ဗုဒ္ဓ၏ ဇိဝမာနက သကေသမာတင်း သာခုဆံတော်ရှင် (ဟံသာဝတီ-ဦးအုန်းကြိုင်)။

www.burmeseclassic.com

www.burmeseclassic.com

ရေဆန်ကျွန်းဗုဒ္ဓရုပ်ပွားတော်

ယောနကဘိုးထောင်

ရှေးယောနကတိုင်းကြီးကို ဇာလမိက၊ ဥသိက၊ ကဉ္စန ညီနောင်သုံးပါးမှ ဦးစီးဦးဆောင်အုပ်ချုပ် မင်းလုပ်ခဲ့သည်။ ယောနကတိုင်း ဖွဲ့စည်းအုပ်ချုပ်ပုံတွင် ကလေးသုံးမြို့ဖြစ်သော တိမ်ညင်းမြို့၊ နွယ်ပတ်မြို့၊ ကာလေး(ကလေး)မြို့တို့ ပါဝင်သည်။ ထို့ပြင် ယောလေးမြို့ဖြစ်သော ထီးလင်းမြို့၊ ယောမြို့၊ ဆောမြို့၊ လောင်းရှည်မြို့များ ဝိုင်းရံပါဝင်သည်။ သူရဲ(သျှဲ)လေးစို့နှင့် တိုက်ကျန် ခုနစ်ရွာတို့ ပါဝင်ကာ မြို့တည်နန်းတည်ထားခဲ့ကြောင်း အမျိုးသားစာပေဆုရ ဦးကြာထွန်း၏ ယောစာအုပ်တွင် တွေ့ရှိမှတ်သားရပါသည်။

ယောနကတိုင်းသည် နန်းစဉ်မင်းဆက်များနှင့် ကြက်ပုံမကျ စည်ကားခဲ့သည်ဟု ယဉ်ကျေးမှုလက်စွဲတွင် စာရေးဆရာ အောင်စည်က ရေးသားခဲ့သည်။ ကျွန်ုပ် တင်ပြလိုသော ရေဆန်ကျွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာ ယောနကတိုင်း၊ ကလေးသုံးမြို့ ရှေးဟောင်းတိမ်ညင်းမြို့တွင် အခြေပြုတည်ရှိနေသဖြင့် သမိုင်းစဉ်ကို ဖော်ညွှန်းရခြင်းဖြစ်သည်။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းမကြီးဘေးတွင် ကလေးမြို့၊ ကလေးဝမြို့၊ တမူးမြို့ သုံးမြို့လမ်းဆုံနေရာရှိသည်။ ဤနေရာကိုပင် ဒေသခံများက ကျီကုန်းတောင်ဟု ခေါ်သည်။ ဟိုယခင်က သစ်ကြီးဝါးကြီးများ ပေါက်ရောက်ကာ ရိပ်ကြီးမြိုင်ကြီးဖြစ်သည်။ စိမ်းလန်းစိုပြည် သစ်လွင်သော တောရိပ်တောင်ရိပ် ကျလျက်ရှိသည်။ သစ်တော သစ်ပင်တို့သည် သဘာဝဝန်းကျင်ကို အလှဆင်နိုင်သည်။ အေးမြသာယာချမ်းမြေ့စေ၏။ ဤနေရာကောင်း နေရာတော်မြတ် ယခုဘွဲ့မည်ရ ရာဇာဂိရိတောင်တော်ထက်တွင် မဟာသာကပဋိမာ ရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားကို ဖူးမြင်ဦးတင်ကြည်ညိုနိုင်ပါသည်။ ကလေးမြို့မှ သွားရောက်ဖူးမြော်မည်ဆိုပါက (၆)မိုင်မျှ ခရီးကွာဝေးလှ၏။ လမ်းပန်းခရီး သာယာလှသည်။ မော်တော်ဆိုင်ကယ်၊ လိုင်းကား၊ ကိုယ်ပိုင်ယာဉ်များဖြင့် မိမိကြိုက်သလို သွားရောက်နိုင်ပါသည်။

မဟာသာကပဋိမာ ရေဆန်ကျွန်းမြတ်ရုပ်ပွားတော် ရေဆန်ကျွန်း မထုလုပ်မီအချိန်က ထူးထူးဆန်းဆန်း ဖြစ်ရပ်များကြုံဆုံကြရသည်။ ရေဆန်ကျွန်းသစ်ကြီး သမိုင်းကြောင်းမှာ အထူးစိတ်ဝင်စားစရာကောင်းလှသည်။ သဘာဝလွန် အကြောင်းတရားများမှာ အလွန်ဆန်းကြယ်လှသည်။ အံ့သြဖွယ်ရာဖြစ်သည်။

ကလေးမြို့နယ်သည် ရှေးယခင်က တောင်စဉ်တောတန်း လှိုင်မြောင်စိမ့်စမ်း ပေါများသည်။ သစ်တောဝါးတောကြီးများ စိမ်းစိမ်းစိုစို ပေါက်ရောက်ရှင်သန်နေသည်။ သစ်ပင် ဝါးပင်များ ပေါကြွယ်ဝရာဒေသ ဖြစ်သည်။ ခေတ်အဆက်ဆက် ကလေးမြို့နယ် သစ်တောအတွင်းမှ သစ်အမျိုးမျိုး ထုတ်လုပ်ခဲ့ကြသည်။ အင်္ဂလိပ်ခေတ်တွင် ကလေးနယ်၊ ယောနယ်တို့တွင် ကျွန်း၊ ပျဉ်းကတိုး၊ ဝိတောက်၊ အင်ကြင်း သစ်မာမျိုးစုံ ထွက်ရှိခဲ့သည်။

ကျွန်းပင်ကို ပထမဦးစွာ သင်းသတ်ကြရသည်။ သင်းသတ်ခြင်းဆိုသည်မှာ ကျွန်းပင်ရင်းပတ်လည်ကို အခွံများ ခွာချလိုက်ခြင်းဖြစ်သည်။ ကျွန်းပင်ကြီးသည် သင်းသတ်ခံရသောအခါ အရွက် အခက် အကိုင်း ပင်စည်ကြီး ခြောက်သွေ့သွားတော့၏။ ကျွန်း၊ ပျဉ်းကတိုး စသော သစ်မာများကို ချောင်းအတွင်းသို့ရောက်အောင် ဆင်များနှင့် သစ်ဆွဲသယ်ထုတ်ကြရသည်။ မြစ်ချောင်းများသို့ ရောက်ရှိလာသော သစ်ဝါးများကို ရေစီးနှင့် မျှောချသယ်ယူကြသည်။

ရေသည် နိမ့်ရာစီးဆင်းစမြဲဖြစ်သည်။ မြစ်၊ ချောင်းတို့တွင် ရေစီးဆင်းရာကို စုန်ရေဟု ခေါ်ကြသည်။ အမြင့်မှ အနိမ့်သို့ ရေစီးခြင်းမှာ သဘာဝဓမ္မတာဖြစ်သည်။ သစ်များ ဝါးများသည် မြစ်ချောင်းအတွင်း ရေစုန်တွင် မျောပါကြရသည်။ သဘာဝလွန် အထက်ကိုဆန်သောရေသည် မရှိပါ။ မြန်မာပြည်ရှိ မြစ်များ၊ ချောင်းများသည် မြောက်မှတောင်သို့ ပင်လယ်သမုဒ္ဒရာထဲ စီးဝင်သွားကြသည်။ ကလေးနယ်၊ ယောနယ်မှာရှိသော မြစ်သာမြစ်သည် ထူးခြား၏။ တောင်မှ မြောက်သို့ စီးဆင်းပြီး ချင်းတွင်းမြစ်ထဲ ပေါင်းဆုံစီးဆင်းသွားခဲ့သည်။

ကလေးနယ်၊ ယောနယ်မြေ သစ်ဝါးတို့သည် မြစ်၊ ချောင်းများ၏ ရေစုန်တွင် စီးဆင်းမျောပါသွားရစမြဲဖြစ်သည်။ သို့သော်လည်း ထိုအထဲတွင် ယခု ရေဆန်ကျွန်းတုံးကြီးသည်လည်း အပါအဝင်ဖြစ်တော့၏။ ကလေးမြို့နယ်၊ မော်လိုက်ကလေးရွာအနီးမှ ဖြတ်သန်းစီးဆင်းနေသော နေရွာရာမြစ်အတွင်း ရေဆန်ကျွန်းသစ်တုံးကြီးသည် ဆယ်

www.burmeseclassic.com

www.burmeseclassic.com

ယူသူ,မရှိဘဲ မြုပ်လိုက်ပေါ်လိုက်၊ စုန်လိုက်ဆန်လိုက်ဖြင့် နှစ်ပေါင်းများစွာ ကြာခဲ့လေသည်။ အင်္ဂလိပ်ခေတ်မှာ တွင်ကျယ်စွာထုတ်လုပ်ခဲ့သော ကျွန်းသစ်ရေမျှောလုပ်ငန်းသည် ယနေ့တိုင်အောင် စုန်ရေတွင် မမျောသောကြောင့် ထူးဆန်းစွာ ကျန်ရစ်နေခဲ့သည်။ ချောင်းထဲ၊ မြစ်ထဲတွင် ပေါလောပေါအောင် သင်းသတ်ထားသဖြင့် မြစ်၊ ချောင်းအောက်သို့ မနစ်မြုပ်သွားနိုင်ပါ။

ရေဆန်ကျွန်းသစ်တုံးကြီးသည် ရေစုန်တွင် မဆင်းပါဘဲ ရေဆန်တက်နေသောကြောင့် ကျန်ရစ်နေခြင်းဖြစ်သည်။ ရေဆန်ကျွန်းသစ်တုံးကြီး သက်တမ်းမှာ နှစ်(၁၂၀)ကျော်ဖြစ်သည်။ ထူးခြားဆန်းပြားသော ကျွန်းသစ်တုံးကြီးကို (၂၀၀၄)ခုနှစ် နှစ်ဆန်းပိုင်း ဇန်နဝါရီလအတွင်း နေရွှေရာမြစ်ရေကြည်တွင် စတင်တွေ့ရှိခဲ့သည်။ ယခင်ယခင် နှစ်ပေါင်းများစွာက မြစ်ကြောင်းထဲတွင် စုန်လိုက်ဆန်လိုက်ဖြစ်နေရသည်။ နှစ်အတော်ကြာ ပျောက်ဆုံးနေခဲ့သည်။ ကလေးမြို့နယ်၊ မော်လိုက်ကလေးရွာအနီး မြစ်အတွင်းပြန်တွေ့ခဲ့ရခြင်း ဖြစ်သည်။

ရေစီးကြမ်းတမ်းသော နေရွှေရာမြစ်အတွင်း ရေဆန်ကျွန်းတုံးကြီးကို မော်လိုက်ကလေးတောင်ရွာနေ ဦးမြင့်ဦးက စတင်တွေ့ရှိခဲ့လေသည်။ ဦးမြင့်ဦး စတင်တွေ့ရှိချိန်မြစ်အတွင်း ကျွန်းတုံးကြီးမှာ စုန်၍မျောပါခြင်းလည်း မရှိ၊ ရေစီးအတွင်း ရပ်တန့်နေသည်ဟု ဆိုပါသည်။ ထိုသည်ကို မော်လိုက်ကလေး ရွာသူရွာသားများ ထွက်၍ လာရောက်ကြည့်ကြသည်။

လေ့လာကြည့်ရှုရာတွင် ရေဆန်ကျွန်းသစ်တုံးကြီးသည် ရေအောက်ကြမ်းပြင်နှင့်လည်း ငြိတွယ်ခြင်းမရှိ၊ အခြားနည်းနှင့်လည်း ဆွဲထားချိတ်ထားခြင်းလည်း မတွေ့ရပေ။ ရေစီးအတွင်း အထက်ကိုပင်ဆန်တက်နေသည်ကို ထူးဆန်းစွာတွေ့မြင်ကြရသည်။ အနီးပတ်ဝန်းကျင် ရွာသူရွာသားများပါ အုတ်အော်သောင်းတင်းဖြစ်၍ ကမ်းလုံးပြည့်မျှ လာရောက်ကြည့်ရှုကြလေ၏။

ရေဆန်ကျွန်းတုံးကြီး အစပထမ တွေ့ရှိသူ ဦးမြင့်ဦးသည် အောင်ဇေယျကျောင်းတိုက်သို့ ဘုရားထုလုပ် ကိုးကွယ်ရမည်ဆိုပါက ကြွတော်မူပါဘုရားဟူ၍ စိတ်ထဲမှ ဆုတောင်းလိုက်သည်။ မော်လိုက်ကလေးရွာ တစ်ရွာလုံး ကိုယ်စား ရေထဲဆင်း ပင့်လျှောက်ပြန်ပါသည်။ ရေဆန်ကျွန်းအစစ်အမှန်ဖြစ်ပါက သာသနာအရောင် နေလို,လလို ထွန်းပြောင်နိုင်သည့် အရပ်ဒေသ၌ ကိန်းဝပ်စံပျော်နိုင်ပါစေသားဟု အဓိဋ္ဌာန်ပြုခဲ့လေသည်။

ထိုရေဆန်ကျွန်းတုံးကြီးသည် တဖြည်းဖြည်း မြစ်ဆိပ်



ရေဆန်ကျွန်းတုံးတော်

www.burmeseclassic.com

www.burmeseclassic.com

ကမ်းဘက်သို့ ဦးတည်ကပ်ရောက်လာလေသည်။ (၁၃၆၅) ခုနှစ်၊ တန်ခူးလဆုတ် (၁)ရက်၊ (၂၀၀၄)ခုနှစ်၊ ဧပြီလ (၅)ရက်နေ့ ဆယ်ယူထားရှိလိုက်ပါသည်။ ရေဆန်ကျွန်း သစ်တုံးကြီးကို ရဟန်းရှင်လူပြည်သူအများ အလွယ်တကူ ဖူးမြော်နိုင်ရန် ကလေးမြို့မှ (၁၈)မိုင်အကွာ ကလေး-တမူး ကားလမ်းပေါ်ရှိ ကံသာယာကျေးရွာ ထေရဝါဒဗုဒ္ဓ သာသနာပြု ဗဟိုဌာနသို့ ပြောင်းရွှေ့ထားလိုက်ပါသည်။

(၂၀၀၄)ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့တွင် ကလေးမြို့ နယ် သံဃနာယကဆရာတော်ကြီးများ၊ ရဟန်းပညာရှိများ၊ လူပညာရှိများ တိုင်ပင်ကာ ကုသိုလ်တရား ပွားများနိုင်ရန် မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော် ထုလုပ်ကိုးကွယ်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ရေဆန်ကျွန်းတုံးကြီးကို ဗုဒ္ဓ ရုပ်ပွားတော် မထုလုပ်မီ သစ်တောဘက်ဆိုင်ရာ အဖွဲ့များက စစ်ဆေးတိုင်းတာ မှတ်သားမှတ်တမ်းတင်ခဲ့သည်။ စစ်ဆေး တိုင်းတာ ဆောင်ရွက်ချက် မှတ်တမ်းများအရ ကျွန်းသစ်လုံး အလျား(၁၆)ပေ၊ လုံးပတ်(၁၀)ပေ (၁)လက်မ၊ (၁၀၁) ဒသမ(၆၇)ကုဗပေနှင့် (၂)ဒသမ (၀၃၃၄)တန် ရှိပါသည်။ ရေဆန်ကျွန်းသစ်တုံးသက်တမ်းမှာ နှစ်(၁၂၀)ကျော် ရှိသည်ဟု သုံးသပ်ခန့်မှန်းခဲ့ကြသည်။ ရေဆန်ကျွန်းတုံးကြီးကို ဗုဒ္ဓ ရုပ်ပွားတော် ထုလုပ်ပြီးသည့်အခါ ကံသာယာရွာ ထေရ ဝါဒဗုဒ္ဓသာသနာပြုကျောင်း ဆရာတော်ကြီး သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝနမထေရ်က ကျောင်းဝင်းအတွင်း ယာယီဂန္ဓကုဋိတိုက်တော်တစ်ဆောင် ဆောက်လုပ်၍ ယာယီ ထိန်းသိမ်းစောင့်ရှောက် ပူဇော်ထားခဲ့သည်။

ထို့ကြောင့် ရေဆန်ကျွန်း မြတ်ဗုဒ္ဓရုပ်ပွားတော်ဘုရား ကြီးကို အနယ်နယ်အရပ်ရပ်မှ ပြည်သူများနှင့် ပြည်တွင်း ပြည်ပဘုရားဖူးများ၊ ခရီးသွားပြည်သူများ လွယ်လင့်တကူ ဖူးမြော်နိုင်ရန် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး လမ်းမကြီး ဘေး ကလေး၊ ကလေး၀၊ တမူး တြိဂံလမ်းဆုံနေရာ၊ မြစ်သာမြစ်ကမ်းနဖူးထိပ် နေရာမြတ်အမှန်ကို သာသနာ့ အနွယ်ဝင် အဖွဲ့အစည်းပေါင်းစုံမှ ရွေးချယ်သတ်မှတ်ပေး ခဲ့ကြသည်။ ထိုရွေးချယ်ခဲ့သော မြေနေရာမှာ ယောနက တိုင်း ဇာလမိကမင်း တည်ထောင်စိုးစံ အုပ်ချုပ်ခဲ့သော ရွေးဟောင်းနန်းတော် နေရာမြတ်ကြီးဖြစ်သည်။ ရွေးနှစ် ပေါင်းတစ်ထောင်ကျော်ကာလအချိန်က ကြက်ပျံမကျ စည်ကားခဲ့ဖူးသော ကလေးသမိုင်းတွင် ပါဝင်သည့် တိမ်ညင်း မြို့ကြီးအနီး တည်ထားကိုးကွယ်ခြင်း ဖြစ်သည်။

ကျီးကုန်းကျေးရွာအနီး ရာဇဂိရိတောင်တော်ပေါ်တွင် မြန်မာ့အနုလက်ရာ အပြောက်အမွမ်းများဖြင့် ဂန္ဓကုဋိ ကျောင်းကြီး ဆောက်လုပ်ပူဇော်ရန် စီစဉ်ကြတော့သည်။ (၂၀၀၅)ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် ဆရာတော် သံဃာတော် ထေရ်ကြီး၀ါကြီးများ၏ လမ်းညွှန်မှုဖြင့် စစ်ဘက်,နယ်ဘက်ပုဂ္ဂိုလ်များ ပါဝင်ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။ (၂၀၀၅)ခုနှစ်၊ ဇွန်လ (၃)ရက်တွင် ရာဇဂိရိတောင်တော် ထက်တွင် ဂန္ဓကုဋိကျောင်းတော်ကြီးကို စတင်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ဘူမိနက်သန် မြေမှုန် ယာစစ်ဖြစ်၍ အောင်မြင်ခဲ့သည်။ ကျောင်းတော်ကြီးပြီးစီးချိန် (၂၀၀၅)ခုနှစ်၊ ဇူလိုင်လ (၂)ရက်တွင် ကံသာရွာ ယာယီဂန္ဓ ကုဋိတိုက်၌ စံပျော်လျက်ရှိတော်မူသော ရေဆန်ကျွန်းမြတ် စွာဘုရားရုပ်ပွားတော်မြတ်ကြီးကို ရာဇဂိရိတောင်တော်ပေါ် ရှိ ဂန္ဓကုဋိကျောင်းတော်မြတ်ကြီးသို့ ပြောင်းရွှေ့ပင့်ဆောင် ခဲ့ကြပါသည်။ (၂၀၀၇)ခုနှစ်၊ ဇူလိုင်လ (၆)ရက်နေ့တွင် ဆရာတော် သံဃာတော် အရှင်သူမြတ်များက ဗုဒ္ဓဘိသေက အနေကဇာတင်လျူတော်မူခဲ့ကြပါသည်။

ရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော်၏ ဥဏ်တော် အမြင့်မှာ (၁၉)ပေရှိသည်။ အောက်ခံပလ္လင်တော်အမြင့်မှာ (၂)ပေ (၉)လက်မရှိကြောင်း သိရှိမှတ်သားရပါသည်။ ရေ ဆန်ကျွန်းရုပ်ပွားတော်မြတ်များ ထုလုပ်ထားပုံမှာ အောက် ခြေတွင် ပဒုမာသန ခေါ် ကြာပလ္လင်ခံထားပါသည်။ လေး မျက်နှာလှည့် ဘုရားလေးဆူအဖြစ် ယခုဘဒ္ဒကမ္ပာတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူပြီးကုန်သော လေးဆူဘုရားရှင် တို့ကို မတ်ရပ်အနေအထားဖြင့် ထုလုပ်ထားသည်။

ဖူးမြော်ပွားထုံ မြတ်ဘုရားဂုဏ်တော်များကို ရည်မှန်း ကာ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာ မှ ရေဆန်ကျွန်းမြတ်ဘုရားများကို လာရောက်ကြည်ညိုနိုင် သည်။ အများပြည်သူလူထုအကျိုးကို ရည်မျှော်လျက် ထု လုပ်ထားသည်။ အရှေ့မျက်နှာအရပ်တွင် ဆုတောင်းပြည့် မြတ်စွာဘုရားမှာ ကောဏာဂမန ဘွဲ့တော်ရှိ ကောဏာဂုံ ဘုရားရှင်ကို လာဘမုဒြာဟန်ဖြင့် ဖူးတွေ့နိုင်သည်။ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွေးနံ့သာများ လျှုဒါန်းပူဇော်ပါက လာဘ် လာဘပေါများသည်။ ဆုတောင်းပြည့်ပါသည်။

ရေဆန်ကျွန်းဘုရား၏ တောင်ဘက်မျက်နှာတွင် ကသဝဘုရားရှင်ကို ဖူးမြော်ကြည်ညိုနိုင်ပါသည်။ ဥဏ်ဇ မုဒြာဟန်ဖြင့် ပူဇော်ထုလုပ်ထားသည်။ ပန်း၊ ရေချမ်း၊ ဆီမီး၊

www.burmeseclassic.com

www.burmeseclassic.com

အမွေးနုံသာများ လျှုဒါန်းပူဇော် အဓိဋ္ဌာန်ဝင်နိုင်သည်။ စာမေးပွဲအောင်ပြီး ဉာဏ်ပညာထွန်းတောက် ပြီးမြောက်သည်။ ဆုတောင်းပြည့်ပါသည်။

မြောက်ဘက်မျက်နှာတွင် ကကုသန္ဓဘုရားရှင်မြတ်အား ဖူးမြော်ကြည်ညိုနိုင်သည်။ မဟာကရုဏာ မုဒြာဟန်ဖြင့် ကြည်ညိုပူဇာများနိုင်သည်။ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွေးနုံသာများနှင့် လျှုဒါန်းပူဇော်ကြည်ညိုနိုင်သည်။ အစားအသောက်၊ အဝတ်အထည် ပေါများခြင်း တောင်းဆုထူးပြီး ပြည့်စုံနိုင်သည်။ ဆုတောင်းပြည့်ပါသည်။

အနောက်ဘက်မျက်နှာအရပ်တွင် ဂေါတမဘုရားရှင်အား အဘယလာဘ်မုဒြာဟန်ဖြင့် ဖူးမြော်ကြည်ညိုနိုင်ပါသည်။ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွေးနုံသာများနှင့် လျှုဒါန်းပူဇော်ကြည်ညိုနိုင်သည်။ ကပ်သုံးပါးမှလွတ်မြောက်ပြီး မီးဘေး၊ ရေဘေး၊ ရန်သူမျိုးငါးပါးဘေးမှ ကင်းလွတ်နိုင်ပါသည်။ ဆုတောင်းပြည့်ပါသည်။

ကလေးမြို့ ကျီးကုန်းရွာအနီး ရေဆန်ကျွန်းမြတ်ဘုရားကြီး ရှေးမူမပျက် အနုသုခုမလက်ရာများဖြင့် မြန်မာမှုမြန်မာ့ဟန် ယှဉ်ကျေးမှုပေါ်လွင်အောင် ထုဆစ်ထားပါသည်။ ရေဆန်ကျွန်းမြတ်ဘုရားတွင် မြန်မာမှု သစ်ထွင်းကနုတ်ပန်းများ၊ အင်တေမြန်မာပန်းများ၊ သွပ်ပန်းတဉ်းလက်ရာများ တွေ့မြင်နိုင်သည်။ ပန်းရိုးရာ(၁၀)မျိုးကို အချိုးကျကျ ထည့်သွင်းပူဇော်ထားပါသည်။ မုခ်ဦးအဝင်ဝတွင် ခြင်္သေ့ရုပ်တုများကို တွေ့မြင်နိုင်သည်။ တံခွန်တိုင်၊ ခေါင်းလောင်း၊ မော်ကွန်းကျောက်စာ၊ မဟာရံတံတိုင်း၊ မင်္ဂလာကန်တော်တို့ဖြင့် သာသနိကအဆောက်အအုံများ ခံ့ညားထည်ဝါလျက်ရှိပါသည်။ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်ဖူးမြော်လျက် ရှိကြသည်။

ထူးခြားဆန်းပြားသော ရေဆန်ကျွန်းမြတ်ဘုရားကြီးကို တစ်ခါတစ်ခေါက် လာရောက်ဖူးမြော် ကြည်ညိုနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

ယောနကာဘိုးထောင်

စာကိုး

၁။ ဦးကြာထွန်း၊ ယောလူထုစာအုပ်တိုက် (၁၉၇၀)။

၂။ ကြေးမုံသတင်းစာ၊ ပြည်တွင်းရေးရာ၊ လင်းလက်ကြယ်စင်၊ (၁၂-၄-၂၀၁၅)ရက်နေ့နှင့် (၁၄-၄-၂၀၁၅)ရက်နေ့၊ စာ(၂၂)။

www.burmeseclassic.com

ဝတ်အရုံ(Wat Arun)စေတီတော်

ဟင်္သာဇံဒိုးဂရ ပါဂါလစားဝင်ငွေခွန်ကြေးအောင်

ဖွဲ့စည်းပုံအကြမ်းဖျင်း



ဝတ်အရုံစေတီတော်အား အဝေးမှ ရှုမြင်ရခြင်း

တက္ကသိုလ်မျိုး

အယုဒ္ဓယမြို့မှ ပြန်ရောက်ပြီးနောက် စာရေးသူသည် Bumrungrad ဆေးရုံကြီး၌ ဆေးကုသမှုကို ဆက်လက်ခံယူခဲ့သည်။ လည်ချောင်းအတွင်းရှိ အကြိတ်ကို ခွဲထုတ်ခြင်း၊ အူကျရောဂါ ခွဲစိတ်ကုသခြင်း ခံယူပြီးနောက် တစ်ရက်နားရစဉ် အယုဒ္ဓယမြို့ဟောင်းသို့ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ ခွဲစိတ်ကုသမှုခံယူရ၍ အသည်းနှင့်ဆိုင်သော M.R.I ခေါ် ခေတ်ပေါ်စက်ကြီးနှင့် စစ်ဆေးရန်ရက်ကို နောက်ဆုတ်လိုက်၍ (၂၀-၁-၂၀၁၅)ရက်နေ့ ညနေ၌ စစ်ဆေးရန် ချိန်းဆိုလိုက်သည်။ ထိုနေ့ ညနေ၌ ခန္ဓာကိုယ်တစ်ခုလုံး စက်ကြီးအတွင်းသွင်း၍ အချိန်တစ်နာရီခန့်ကြာအောင် စစ်ဆေးပြီးနောက် အသည်းအထူးကုဆရာဝန်နှင့် ထပ်မံပြသရလေသည်။ ငွေကြေးအားဖြင့် အကုန်အကျများသော်လည်း ရောဂါစစ်ဆေးမှုတိကျပြီး ရက်မခြားဘဲ ရောဂါရှာဖွေတွေ့ရှိသည့်အဖြစ် နာရီပိုင်းအတွင်း ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အသည်းအထူးကုဆရာဝန်သည် ညပိုင်းအထိ Duty ဝင်ပြီး စာရေးသူအား ည(၇)နာရီ၌ တွေ့ဆုံခဲ့သည်။ M.R.I စမ်းသပ်ချက်အရ တွေ့ရသောအဖြေကိုကြည့်၍ အသည်း၌ လေးစင်တီမီတာနှင့် နှစ်စင်တီမီတာ အကျိတ်နှစ်ခု တွေ့ရကြောင်း၊ ဒါကြောင့် အသည်းခွဲစိတ်ကုသသည့် အထူးကုဆရာဝန်နှင့် ထပ်မံပြသရန် (၂၁-၁-၂၀၁၅)ရက်နေ့ နံနက် (၈)နာရီ သတ်မှတ်ချိန်းဆိုလိုက်သည်။

အသည်းခွဲစိတ်အထူးကုဆရာဝန်နှင့် နောက်နေ့ နံနက် (၈)နာရီ၌ သွားရောက်တွေ့ဆုံရာ အကျိတ်နှစ်ခုအား ခွဲထုတ်ခဲ့သော် ကျန်ရှိသောအသည်းသည် စာရေးသူ ခန္ဓာကိုယ်အတွက် လုံလောက်မည် မဟုတ်၍လည်းကောင်း၊ အသည်းမှာလည်း အားနည်းနေ၍လည်းကောင်း ခွဲစိတ်ကုသရန် မဖြစ်နိုင်သေးကြောင်း၊ လောလောဆယ် အသည်းအတွင်း ဆေးဖျန်းကုသရန် ဓာတ်မှန်ဆရာဝန်နှင့် ထပ်မံတွေ့ဆုံစေသည်။ ဓာတ်မှန်ဆရာဝန်ကလည်း ချက်ချင်းပင် တွေ့ဆုံခဲ့ပြီး အသည်းမှာ စမ်းသပ်စစ်ဆေး တွေ့ရှိချက်အရ အားအလွန်နည်းနေ၍ ဆေးဖျန်းကုသရာတွင် (၅)ရာခိုင်နှုန်းခန့် အသည်း၌ ပျက်စီးနိုင်သောကြောင့် လောလောဆယ် ဆေးမဖျန်းနိုင်သေးကြောင်းနှင့် အသည်းအထူးကုဆရာဝန်ထံ ပြန်လည်တွေ့ဆုံရန် ထပ်မံညွှန်ကြားလိုက်သည်။

စာရေးသူ အတော်ပင် စိတ်အားငယ်သွားသည်။ အသည်း၌ အကျိတ်တွေ့သော်လည်း လောလောဆယ် ခွဲစိတ်ကုသရန်သော်လည်းကောင်း၊ ဆေးဖျန်းကုသရန်သော်လည်းကောင်း မပြုလုပ်နိုင်ကြောင်း ကြားသိရသောကြောင့် စိတ်ဓာတ်ကျသွားသော်လည်း ကံ,ကံ၏အကျိုးကို ယုံကြည်သူ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၍ သေတစ်နေ့၊ မွေးတစ်နေ့ ပဲဟု အားတင်းကာ ဖြစ်လာမည့်ဘေးကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

အသည်းအထူးကုဆရာဝန်နှင့် ထပ်မံတွေ့ဆုံသောအခါ ခွဲစိတ်ကုသရန်နှင့် ဆေးဖျန်းကုသရန် လောလောဆယ် မလုပ်နိုင်သေး၍ အသည်းအားရှိလာစေရန် အားဆေးပေးမည်။ အသည်းအားဆေးများကို တစ်လစာသောက်ပြီး ဖေဖော်ဝါရီလ (၁၆)ရက်နေ့ ပြန်လာရန် ရက်သတ်မှတ်ပေးပြီး မြန်မာပြည်သို့ ပြန်ခွင့်ပြုခဲ့သည်။ တစ်လ ထပ်မံ

www.burmeseclassic.com

www.burmeseclassic.com



ဓစတီရံတစ်ဆူကို ဖူးတွေ့ရစဉ်

ချိန်းဆိုပြီး ပြန်ခွင့်ပြု၍ (၂၂-၁-၂၀၁၅)ရက်နေ့ ပြန်ရန် ဆုံးဖြတ်ပြီး အပြန်လေယာဉ်ပျံလက်မှတ်ကိစ္စ ဆောင်ရွက်ရာ အဆင်ပြေ၍ (၂၂-၁-၂၀၁၅)ရက်နေ့ ညနေ(၆)နာရီ လေကြောင်းဖြင့်ပြန်ရန် စီစဉ်ရသည်။

(၂၁-၁-၂၀၁၅)ရက်နေ့ (၁၀)နာရီခန့်၌ အလုပ်အား လုံး ပြီးသောအခါ စာရေးသူသည် အယုဒ္ဓယသို့ ခရီးသွား စဉ်က လိုက်ပို့သော မြန်မာလူငယ် ကိုမျိုးဝင်းကို ဖုန်းဆက်၍ ဘန်ကောက်မြို့ရှိ ဘုရားများ ဆက်လက်ဖူးမြော်ရန် ချိန်းဆိုရာ ကိုမျိုးဝင်း ရန်ကုန်ပြန်သွား၍ ကိုမျိုးဝင်းကိုယ်စား ကိုနေမျိုး ထွန်းရောက်လာသည်။ ထိုလူငယ်နှင့် ကမ်းနားဘုရား(Wat Arun)ဘုရားနှင့် ရွှေဘုရား နှစ်ဆူကို လိုက်ပို့ရန် ငှားရမ်းလိုက်သည်။ ရောဂါအပေါ် စိတ်ရောက်ပြီး စိတ်ဓာတ်ကျနေမည့်အစား ကိုယ်လုပ်စရာရှိသည့် ကောင်းမှုကုသိုလ်ကို ဆက်၍လုပ်ရန် ဆုံးဖြတ်ကာ ဘုရားဖူးခရီးကို စတင်လိုက်ပြန်သည်။

ဇနီးဖြစ်သူ ဒေါက်တာညွှန့်ညွှန့်ရီသည် ဆရာဝန်တစ်ယောက်ဖြစ်၍ စာရေးသူ၏ အသည်းအကျိတ်ရောဂါအပေါ် စိုးရိမ်စိတ်ဖြစ်သော်လည်း စာရေးသူ စိတ်ဓာတ်မကျစေရန် စာရေးသူ ဘုရားဖူးသွားမည့် အစီအစဉ်ကို ဟန်မပျက် မကန့်ကွက်ဘဲ လိုက်လျောခဲ့သည်။ သား မောင်ဝေသက်၊ သမီးချွေးမ နန်းအွန်ခမ်းတို့အနေနှင့်လည်း ဇနီးဒေါက်တာညွှန့်ညွှန့်ရီ ပြောပြထား၍လောမသိ အဖေ့ရောဂါအပေါ် စိတ်မကောင်းဖြစ်ကြသော်လည်း အဖေသွားလိုရာ ဘုရားဖူးအစီအစဉ်ကို လိုက်လျော၍ ဟန်မပျက် လိုက်ပါခဲ့သည်။ စာရေးသူအနေနှင့်လည်း ကိုယ့်ရောဂါအခြေအနေကို ကိုယ်သိနေသော်လည်း စိုးရိမ်ကြောက်ရွံ့မှုမရှိကြောင်း ပေါ်လွင်အောင် နေနိုင်ခဲ့သည်။ ဇနီး၊ သားနှင့် သမီးတို့ သိအောင်လည်း စာရေးသူ ပြောထားသည်။

အဖေ့ရောဂါက MRI စမ်းသပ်ချက်အရ အကျိတ်တွေ့ရရုံသာမကဘူး စာရိုးစစ်လို့ခေါ်တဲ့ အသည်းကျုံ့တဲ့ ရောဂါလည်း ဖြစ်နေတာကြောင့် ကုသဖို့တော့ ခက်မယ်။ အဖေ့အနေနဲ့ သေမှာလည်း မကြောက်ပါဘူး။ အခု အသက် ခုနစ်ဆယ်ကျော် နေခဲ့ပြီးပြီပဲ။ ကောင်းမှုကုသိုလ်တွေလည်း လုပ်သင့်သလောက် လုပ်ခဲ့ပြီးပြီဆိုတော့ အဖေ့အနေနဲ့ သေရမှာတော့ မကြောက်ပါဘူး။ ကံအကျိုးတရားကိုပဲ မျှော်ရတော့မယ်' ဟု ပွင့်ပွင့်လင်းလင်းပြောခဲ့သည်။

ဒါကြောင့် ဘန်ကောက်ဘုရားဖူး အစီအစဉ်ကို မကန့်ကွက်ကြဘဲ အဖေ့ဆန္ဒကို လိုက်လျောခဲ့ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဘန်ကောက်ရှိ တန်ခိုးကြီးဆုတောင်းပြည့်ဘုရား နှစ်ဆူဖြစ်သည့် ကမ်းနားဘုရား(Wat Arun)နှင့် ရွှေဘုရား(Gold Buddha)ကို သွားရောက်ဖူးမြော်ရန် ခရီးစတင်ခဲ့သည်။ ကမ်းနားဘုရား(Wat Arun)ဘုရားကို ပထမဆုံး စတင်ဖူးမြော်ရန် ထွက်ခွာခဲ့သည်။

♦ ♦ ♦

နေ့ဝက်ခရီးဖြစ်၍ ဘတ်(၁၅၀၀)နှင့် ကိုနေမင်းထွန်းက လိုက်ပို့ခဲ့သည်။ ကမ်းနားဘုရားသည် ဘန်ကောက်မြို့ကို ကွေ့ပတ်စီးဆင်းနေသော ကျောက်ဖရားမြစ်(Chao Phraya River)၏ တစ်ဖက်ကမ်း၌ ရှိသည်။ ဘန်ကောက်မြေပုံကို လေ့လာကြည့်သောအခါ ထိုင်းဘုရင့်နန်းတော်အတွင်းရှိ မြဘုရားနှင့် ကမ်းတစ်ဖက်စီ၌ တည်ရှိသည်။ ဘန်ကောက်မြို့၏ လမ်းအတော်များများသည် ကားပိတ်ဆို့မှုများ ဖြစ်တတ်၍ အမြန်လမ်းမကြီးပေါ်မှ မောင်းရလေသည်။ အမြန်လမ်းမကြီးသည် အသွားအပြန် လမ်းတစ်ဖက် စီ၌ မော်တော်ယာဉ်လေးစီး,ငါးစီး ယှဉ်၍ မောင်းနိုင်သော လမ်းကြီး ဖြစ်လေသည်။ ထိုမျှကျယ်ပြန့်သော လမ်းမကြီး

www.burmeseclassic.com

www.burmeseclassic.com

ပင် တစ်ခါတလေ ယာဉ်ပိတ်ဆို့မှု ဖြစ်တတ်သေးသည်။ ဘန်ကောက်မြို့တော်ရှိ လမ်းတို့မှာ နှစ်ထပ်လမ်း၊ သုံးထပ်လမ်းများဖြစ်ပြီး သွားလာနေသော မော်တော်ယာဉ်တို့မှာ အစဉ်အဆက် မပြတ်မောင်းနှင် သွားလာနေသည်။

Chao Phraya River ကျောက်ဖရားမြစ်ကူးတံတားကြီးကို ဖြတ်သန်းပြီး အနောက်ဘက်ကမ်းသို့ ရောက်ရှိခဲ့သည်။ ဘန်ကောက်မြို့သည် ကျောက်ဖရားမြစ် အရှေ့ဘက်ခြမ်း၌ မြို့လယ်အဖြစ် စည်ကားသလို အနောက်ဘက်ခြမ်း၌လည်း အထပ်မြင့်တိုက်များ၊ ရုံးခန်းများ၊ ဆိုင်ခန်းများ၊ လူနေတိုက်အိမ်များဖြင့် အထူးပင် စည်ကားလျက်ရှိသည်။

အရှေ့ဘက်ခြမ်းရော အနောက်ဘက်ခြမ်း၌ပါ လူနေအလွန်ထူထပ်လာ၍ ကျောက်ဖရားမြစ်ကို ဖြတ်ကျော်ကူးသန်းသည့် တံတားကြီးများ တစ်စင်းပြီးတစ်စင်း ဆောက်လုပ်ခဲ့ရာ ရှစ်ခုမြောက်အထိပင်ရှိပြီဟု ကားမောင်းသည့် ကိုနေမျိုးထွန်းက ပြောပြ၍ သိရသည်။ ထိုတံတားကြီးများအနက် တချို့ကို ထိုင်းဘုရင်၊ မိဖုရား၊ သမီးတော် သီရိဒုံတို့က ကိုယ်ပိုင်ငွေကြေးသုံးစွဲ၍ တည်ဆောက်ခဲ့သည်ကိုလည်း ကိုနေမျိုးထွန်း ပြောပြ၍ သိရသည်။

ထို့ကြောင့်လည်း ထိုင်းနိုင်ငံသည် ခေါင်းဆောင်သူတို့အနေဖြင့် စေတနာထား၍လောမသို အလွန်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်နေကြောင်းကို စာရေးသူမျက်ဝါးထင်ထင် မြင်ခဲ့ရ၏။ မြန်မာနိုင်ငံ၌လည်း ထိုကဲ့သို့သော နိုင်ငံအကျိုးပြု ခေါင်းဆောင်ကြီးများ ပေါ်ပေါက်စေကြောင်းနှင့် ကိုယ်ကျိုးဖက်၍ မိမိအကျိုးအတွက်သာ ဦးစားပေးတတ်သော ခေါင်းဆောင်များ ကျဆုံးပျောက်ကွယ်ပါစေကြောင်း ဆုတောင်းဆန္ဒပြုလိုက်ရပေသည်။ သို့မှသာ မြန်မာခေါင်းဆောင်ကြီးများ တစ်ချိန်တစ်ခါကရော ယခုအခါ၌ပါ ကြွေးကြော်ခဲ့သော ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး (စီးပွားရေး၊ ကုန်ထုတ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ အိမ်နီးချင်းနိုင်ငံများ၏ ယနေ့အချိန်

အာရုံစိုက်နေစောင်းအတွင်းရှိ မှန်စိတ်ရေရှုစတိုင်လ်တစ်ခု

အခါမျိုးသို့)အဖြစ် နောင်ဆယ်နှစ်၊ ဆယ့်ငါးနှစ်ကြာ၌ ရောက်နိုင်ပေမည်။

ထိုအချိန်အခါ၌ အိမ်နီးချင်းနိုင်ငံများ၏ တိုးတက်မှုကမည်မျှအထိ ဖြစ်နေမည်ကိုကား မစဉ်းစားတတ်အောင် ဖြစ်



www.burmeseclassic.com

မိသည်။ ဤသို့အားဖြင့် စာရေးသူတို့၏ နိုင်ငံသည် ဘယ်သောအခါမှ အိမ်နီးချင်းနိုင်ငံများ၏ တိုးတက်ဖွံ့ဖြိုးမှုကို မီနိုင်ပါအံ့နည်းဟုတွေးရင်း စာရေးသူသည် ရင်မောနေမိသည်။

♦ ♦ ♦

စာရေးသူ၏ အတွေးမဆုံးခင် ဝပ်အာရုံ (Wat Arun Ratchawararam Ratchawaramahawihan) စေတီတော်တည်ရှိရာ ဘုရားကျောင်းဝင်းကြီး၏ အဝင်မုခ်ပေါက်သို့ ရောက်ရှိလေသည်။ ဘုရားဖူးကားများနှင့် စည်ကားလှသည်။ ခေတ်မီအဲယားကွန်းဘတ်(စ်)ကားကြီးများလည်း အများအပြားတွေ့ရှိရသည်။ စာရေးသူတို့စီးလာသော မော်တော်ယာဉ် မုခ်ဝ၌ ခဏရပ်ခွင့်ရပြီး မော်တော်ယာဉ်ကို မော်တော်ယာဉ်ရပ်နားရန် သတ်မှတ်ပေးထားသည့်နေရာသို့ ပြောင်းရွေ့ထားရသည်။ စေတီတော်မဟာရံတံတိုင်းအပြင်ဘက်၌ ယိုးဒယားအက္ခရာနှင့်လည်းကောင်း၊ အင်္ဂလိပ်အက္ခရာနှင့် Wat ARUNRAJAWRARAM (THE TEMPLE OF DAWN) ဟု ရေးထိုးထားသည်ကို တွေ့ရသည်။

မုခ်ပေါက်မှ ဝင်လျှင်ဝင်ချင်း စေတီတစ်ဆူကို စတင်ဖူးမြော်ရသည်။ စေတီငယ်၏အနီး၌ လမ်းညွှန်ဆိုင်းဘုတ် ငယ်တစ်ခုကို တွေ့ရသည်။ သင်္ကန်းအဝါရောင်တောက်တောက် ဝတ်ရုံထားပြီး သပိတ်ပိုက်လျက် ကိုရင်ငယ်နှစ်ပါး ဆွမ်းခံကြွဟန်မှာ လက်ရာမြောက်လှသည်။ ထိုကိုရင်နှစ်ပါး၏နောက်၌ ရွှေရောင်ဝင်းနေသော ရုပ်တုတစ်ခုကို တွေ့ရသည်။ တရုတ်လူမျိုးတို့ကိုးကွယ်သော အဆိုးကုန်းဘိုးတော်ပုံဟု ထင်မှတ်မိသည်။ တန်ဆောင်းများအတွင်း မဝင်ရောက်မီ ဉာဏ်တော်အတော်ပင် မြင့်မားလှသော စေတီတော်တစ်ဆူကိုလည်း ဖူးမြော်ရသည်။

ဗာဒီတ်ပေးဟန် မုခ်နှင့် ရုပ်တော်ပြတိုက်စွာဘုရား
(ဆေးတစ်ဖက်တစ်ရက်၌ ရုပ်ဘုန်းမိုးမုခ်ပေးနေဟန်)

အာရုံခံတန်ဆောင်းအတွင်း၌ ဗိုက်ပူပူနှင့် အနုံးကုန်းဘိုးတော်ရုပ်တုကို လည်ပင်း၌ ပုတီးဆွဲလျက်လည်းကောင်း၊ လက်၌လည်း ပုတီးကိုင်လျက်လည်းကောင်း တွေ့ရသည်။ အနုံးကုန်းဘိုးတော်၏ ဘယ်ဘက်၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်တုတော်အား ရွှေရောင်ဝင်းလျက် သပ္ပာယ်စွာ ဖူးမြော်ရသည်။ မြတ်စွာဘုရားရှင် ရုပ်ပွားတော်ရှေ့၌ ရဟန္တာ နှစ်ပါး ရုပ်တော်မူလျက် လက်အုပ်ချီပူဇော်နေဟန်မှာလည်း ဘုရားဖူးတို့အနေနှင့် ကြည်ညိုဖွယ်ဖူးမြင်ရသည်။ ထိုရုပ်ပွားတော်များဘေးဘီ မြတ်

ဗုဒ္ဓရုပ်ပွားအတော်နှင့် အနုံးကုန်းဘိုးတော်အား အာရုံခံတန်ဆောင်းအတွင်း တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



အာရုံခံတန်ဆောင်းအောင်ရှိ ဘုရားစေတီတော်နှင့် ဂူစိုက်ပုထိုးများ

နှင့် အခက်အခဲရှိသည်။ ထိုင်းလူမျိုးတို့သည် အင်္ဂလိပ်စာတတ်မြောက်မှု အားနည်း၍ ထိုင်းအက္ခရာကိုသာ အဓိကထား၍ သုံးစွဲလေ့လာဟုပင် ထင်မှတ်မိသည်။ တက္ကစီဂုဏ်ရာ၌ပင် သွားလိုရာခရီးကို အင်္ဂလိပ်လိုဖြော်၍ ဂုဏ်ရမ်းပါက ကားဒရိုင်ဘာ အတော်များများသည် နားမလည်ကြသည်ကို တွေ့ရသည်။ ဤနေရာ၌ အိန္ဒိယနိုင်ငံနှင့် ကွာခြားလှသည်။ အိန္ဒိယနိုင်ငံ၌ ဆိုက်ကားစီးစီး၊ တုတ်တုတ်ခေါ် အငှားကားစီးစီး ဒရိုင်ဘာနှင့် ဆိုက်ကား နင်းသူ အတော်များများသည် အင်္ဂလိပ်စကားကို အတော်အသင့် တတ်ကြွသည်ကို တွေ့ရသည်။ စီးပွားရေးအရ၊ လူမှုရေးအရ တိုးတက်ဖြစ်ထွန်းနေသော ထိုင်းလူမျိုးများထက် သာကြောင်း တွေ့ရသည်။

ဆရာတော်နှစ်ပါးရပ်တုအနား၌ လျောင်းတော်မူရပ်ပွားတော်တစ်ဆူနှင့် ရပ်တော်မူရပ်ပွားတော် တစ်ဆူကိုလည်း ဖူးတွေ့ရသည်။ အာရုံခံတန်ဆောင်းအပြင်သို့ ထွက်လိုက်သောအခါ Wat Arun စေတီတော်ကြီးကို ဉာဏ်တော်မြင့်မားလှစွာ ဖူးမြော်ရသည်။ စေတီတော်ကြီးအနီးရှိ ဉာဏ်တော်မြင့်လှသော အရဲစေတီတစ်ဆူကို သံငြမ်းများဆင်၍ ပြုပြင်ရေးလုပ်နေသည်ကိုလည်း တွေ့ရသည်။ စေတီတော်ကြီး၏ ဖိနပ်တော်၌ ကြေးနက်ဖြင့် သွန်းလောင်းပူဇော်ထားသော ဗျာဒိတ်ပေးဟန် ရပ်တော်မူမြတ်စွာဘုရား၏ ရုပ်ပွားတော်မြတ်ကို ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ ဉာဏ်တော်ခုနစ်ပေခန့်မြင့်သော ကြေးဆင်းတုတော်၏ တစ်ဖက်တစ်ချက်၌ ရဟန္တာနှစ်ပါး ပူဇော်နေဟန်မှာလည်း သဘာဝကျစွာဘုရား၌၏ ရပ်တော်မူရုပ်ပွားတော်ကိုလည်း ဖူးတွေ့ရသည်။ ထိုင်းနိုင်ငံရှိ စေတီအတော်များများ၌ တွေ့မြင်ရသည့် အစဉ်အလာအတိုင်း ရဟန္တာ ဆရာတော်ကြီးနှစ်ပါး၏ ရုပ်တုကိုလည်း ထားရှိသည်။ ဆရာတော်နှစ်ပါး၏ ရုပ်တုမှာ အနောက်ရောင်ကြေးရုပ်တုဟု ထင်မှတ်မိသည်။

ဆရာတော်ကြီးနှစ်ပါးရုပ်တု၏ အနောက်ဘက်၌ ထိုင်းဘာသာနှင့် ရေးထိုးထားသော ဗီနိုင်းကိုလည်း တွေ့ရသည်။ ထိုင်းစာမတတ်၍ ဘယ်အကြောင်းအရာရေးထိုးထားကြောင်း မသိနိုင်ခဲ့ပေ။ ဤနေရာ၌ ထိုင်းနိုင်ငံရှိ စေတီဘုရားအတော်များများ၌ ထိုင်းအက္ခရာနှင့်သာ ကမ္ဘည်းရေးထိုးခြင်း၊ မှတ်တမ်းရေးထိုးခြင်းများ ပြုလုပ်ထား၍ နိုင်ငံခြားသားများအနေ

ရပ်တော်မူမြတ်စွာဘုရားရှင်နှင့် ဝပ်အာရုံစေတီတော်၌ ကြွေးကြော်ကွဲများနှင့် လှလှပပမြောက်စွာ တည်ထားစဉ်

www.burmeseclassic.com

ဆွမ်းခံကြွနေဟန် ဗုဒ္ဓပြတ်စွာကိုဝတော်

လှသည်။

Wat Arun စေတီတော်ကြီး၏ ခြေတော်ရင်း၌ လက်တစ်ဖက်က လုံတံကိုကိုင်ကာ ကျန်လက်တစ်ဖက်က ဓားကိုကိုင်လျက် နှုတ်ခမ်းမွေးနှင့် ကိုယ်ချပ်ဝတ်စုံ ဝတ်ဆင်ထားသော တရုတ်စစ်သည်(စစ်သူကြီး)ရုပ်တုကို တွေ့ရသည်။ မြဘုရားကိန်းဝပ်ရာ နန်းတော်အတွင်း၌လည်း ထိုကဲ့သို့ တရုတ်စစ်သည်ရုပ်၊ တရုတ်နတ်ရုပ်များကို အများအပြားတွေ့ခဲ့ရသည်။ တရုတ်ယဉ်ကျေးမှု လွှမ်းမိုးနေသည်ဟု ယူဆရလေသည်။

တရုတ်စစ်သူကြီးရုပ်တုနှင့် အနည်းငယ်အကွာ၌ စေတီတော်၏ ဖိနပ်အုတ်ခုံထက်တွင် ဆွမ်းခံကြွနေဟန် သပိတ်တော် ပိုက်လျက် ဗုဒ္ဓရုပ်တော်မူရုပ်ပွား တော်မြတ်ကို ဖူးမြော်ရသည်။ ရွှေရောင်ဝင်းလျက် ကြေးဆင်းတုတော်မှာ ပထမ ဖူးမြော်ခဲ့ရသော ကြေးနက်ရုပ်ပွားတော်နှင့် ဉာဏ်တော် အတူတူလောက်ပင်-ရှိမည်ဟု မှန်းဆမိသည်။ ထိုင်းအနုပညာလက်ရာမှာ လွန်စွာပြောင်မြောက်လှသည်။

ကမ်းနားဘုရား Wat Arun စေတီတော်၏ မျက်နှာစာသည် ကျောက်ဖရားမြစ်ဘက်သို့ မျက်နှာမူထားသည်။ ဝပ်အာရုံခေါ် ကမ်းနားဘုရားသည် ဉာဏ်တော်မြင့်မားပြီး ဘန်ကောက်မြို့နှင့် ကမ်းတစ်ဖက်စီ၌ တည်ထားခြင်းဖြစ်သည်။ မြစ်ကမ်းနဖူး၌ တည်ထားခြင်းဖြစ်၍ စေတီတော်ကို မြစ်အတွင်းမှ အထင်အရှား ဖူးမြော်နိုင်သလို တစ်ဖက်ကမ်းမှလည်း ဖူးမြင်နိုင်သည်။ ဝပ်အာရုံစေတီတော်၏ ဉာဏ်တော်မှာ (၈၆)မီတာ(၂၈၂ ပေ) အမြင့်ရှိသည်။

စေတီတော်ကြီး၏ဘေးဌာနလည်း အရံစေတီပုံလေးဆူထားရှိသည်။ ထိုစေတီတော်ကြီးကို အဓိကတည်ထားသည့် ပုဂ္ဂိုလ်မှာ ချက္ကရီမင်းဆက် ဒုတိယမြောက်ဘုရင် ရာမ(၂) ဖြစ်သည်။ စေတီတော်မြတ်ကြီး၏ ဗိသုကာလက်ရာမှာ ခမာပုံစံ(ကမ္ဘောဒီးယားပုံစံ)ဖြစ်ကြောင်း တွေ့ရသည်။ စေတီတော်ကြီး၏ ကိုယ်လုံးတော်၌ ကြွေပန်းကန်အကွဲအစများဖြင့် ပုံဖော်ထားသည်မှာ မြင်ရသူအပေါ်၌ အနေဖြင့် အမြင်ဆန်းလှသည်။ အရောင်စုံပြီး အကွက်ဖော်ထားသည်မှာ လက်ရာမြောက်လှသည်။

စေတီတော်ကြီး တစ်ဆူလုံးအား ကြွေပန်းကန်အကွဲ



www.burmeseclassic.com

www.burmeseclassic.com

နှတ်ပင်းများစေတီတော်ကိုပြင်ပနေ့တိုအားဆန်းကပ်တွေ့ရစဉ်

အစများဖြင့် ပုံဖော်ထားရာ ထိုများပြားသော ကြွေပန်းကန် အကွဲအစများကို ဘယ်နည်းဖြင့် ရရှိခဲ့သည်ကို ဆေ့လာကြည့်သောအခါ တရုတ်ပြည်မှ ရောက်ရှိကြောင်း တွေ့ရသည်။ တရုတ်ပြည်မှ သင်္ဘောများသည် ထိုင်း၊ မလေးရှား ကျွန်းဆွယ်များသို့ ကုန်သွယ်ရန် လာရောက်သောအခါ ပို့ကုန်ထက် သွင်းကုန်ကို အလေးထားကြခြင်းကြောင့် တရုတ်ပြည်မှလာသော ကုန်ပစ္စည်းနည်း၍ ပင်လယ်ပြင်၌ သင်္ဘောများ လှိုင်းဒဏ်၊ လေဒဏ် ခံနိုင်ရန် ကြွေပန်းကန်ကွဲအစများကို သင်္ဘောမလူးရန် တင်ဆောင်လာခဲ့ရာမှ ကြွေပန်းကန်အကွဲအစ အမြောက်အမြား ထိုင်းနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ထိုကြွေပန်းကန်ကွဲအစများကို ထိုင်းဗိသုကာပညာရှင်များက လက်ရာမြောက်စွာ ဝပ်အာရုံစေတီတော်၌ ကပ်ရွက်ခြင်း ဖြစ်သည်။ ထိုကပ်လှူထားသည့် ကြွေစများအလယ်၌ ပင်လယ်ခရုခွံတချို့ကိုလည်း တွေ့ရသည်။ ကြွေပန်းကန်ကွဲများဖြင့် အလှအပပြုပြင်မွမ်းမံထားသည်မှာ အမြင်ဆန်း၍ အံ့မခန်းတင့်တယ်ရှုမငြီးဖွယ်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း ယိုးဒယားရှိ ထင်ရှားသော စေတီတော်ကြီးများအနက် ကြည်ညိုဖွယ်အကောင်းဆုံး စေတီတော်ကြီးပင် ဖြစ်သည်။

ဝပ်အာရုံစေတီတော်ကြီး၏ ထူးခြားချက်တစ်ရပ်မှာ ဗဒ္ဓဟာအဆင့်သို့ တက်ရောက်နိုင်သောလေ့ကား ထားရှိခြင်းပင် ဖြစ်သည်။ ခေါင်းလောင်းပုံအထိ မြင့်မားစွာ တက်ရောက်နိုင်သည်။ လေ့ကားမှာ မတ်စောက်ရုံသာမက ကျဉ်းကျဉ်း၍ စာရေးသူနှင့် ဖနီးဖြစ်သူတို့မှာ မတက်ရောက်နိုင်ခဲ့ပေ။ သားနှင့် သမီးချွေးမတို့ကား အတော်မြင့်မြင့်အထိ တက်ရောက်ခဲ့သည်။ နိုင်ငံခြားသား ခရီးသွားများလည်း အမြင့်ဆုံးအထိ တက်ခဲ့သည်။ စေတီတော်ကြီး၏ ခေါင်းဆောင်းနေရာမှ တက်၍ကြည့်သော် ဘန်ကောက်မြို့ရှုခင်းကို အပေါစီးမှာမြင်နိုင်၍ ရှုခင်းအတော်ပင်သာယာကြောင်း သတ်ရောက်သူတို့ ပြောပြ၍ သိရသည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ နန်းတော်အတွင်းရှိ စေတီတော်၌ မျောက်တို့လက်နှစ်ဖက်ဖြင့် ပင့်မ,၍ထားဟန် စေတီတော်တစ်ဆူနှင့် ဘီလူးတို့ ထမ်းမ,ထားသော စေတီတော်တစ်ဆူ၊ နတ်ရုပ်တို့ ထမ်းမ,ထားသော စေတီတော်တို့ကို ဖူးမြင်ခဲ့ရသည်။ ထိုနည်းတူ ဝပ်အာရုံစေတီတော်ကြီး၌လည်း နတ်မင်းများ၊ မျောက်များ လက်ဖြင့် ပင့်မ,၍ထားဟန်ကို စေတီတော်၌ တွေ့ရသည်။ စေတီတော်၌ ကြွေကွဲစများနှင့် ပုံဖော်ထားရာ လက်ရာမှာ အတော်ပင်အနုစိတ်ပြီး ရောင်စုံဖြင့် အကွက်ကျကျ အသေးစိတ်ပုံဖော်ထားသည်မှာ အဝေးကကြည့်သော် ကြွေကွဲစများကပ်၍ တည်ဆောက်ထားမှန်း မသိနိုင်ပေ။ ရောင်စုံပြီး တောက်ပြောင်နေသည်မှာလည်း ထူးခြားမှုတစ်ရပ်ပင် ဖြစ်သည်။

ဝပ်အာရုံ ခေါ် ကမ်းနားဘုရားကြီးအား ဒုတိယမြောက် ရာမမင်း(၁၈၀၉-၁၈၂၄)လက်ထက်၌ စတင်တည်ဆောက်ခဲ့သည်။ ထိုမင်းလက်ထက်၌ စေတီတော်ကြီးသည် အတော်ပင် ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့ပြီး တတိယမြောက် ရာမမင်း(၁၈၂၄-၁၈၅၁ ခုနှစ်)လက်ထက်၌ စေတီတော်ကြီးအား အချောသတ်နိုင်ခဲ့သည်။ စေတီတော်ကြီး၏ ပုံစံသည် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ခမာ(ကမ္ဘောဒီးယား) ယဉ်ကျေးမှုကို အခြေခံ၍ တည်ဆောက်ထားသော်လည်း စေတီတော်ကြီး ရင်ပြင်တော်၌ ဟိန္ဒူအယူအဆများတွေ့မြင်ရသည်။ ထို့ပြင် ထိုခေတ် ထိုအခါက ဘန်ကောက်မြို့တော်ထွင် တရုတ်လူမျိုးအများစု ဝင်ရောက်နေထိုင်ကြရုံသာမက ချက္ကရီမင်းဆက်မတိုင်မီ ယခုစေတီတော် တည်ထားမည့် ဒုံဘူရီအရပ်၌နန်းစံသော ဖရာတပ်ဘုရင်သည်

www.burmeseclassic.com

တရုတ်လူမျိုးဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ဘန်ကောက် မြစေတီ၌လည်းကောင်း၊ ဝပ်အာရုံ-ကမ်းနားဘုရား၌လည်းကောင်း တရုတ်နတ်ဘုရားရုပ်၊ တရုတ်စစ်သူကြီးရုပ်များကို တွေ့မြင်ရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် တရုတ်ယဉ်ကျေးမှု အနုပညာလက်ရာများ လွှမ်းမိုးနေခြင်းပင် ဖြစ်နိုင်သည်။ ဟိန္ဒူဘာသာ၊ ယဉ်ကျေးမှု၏ လွှမ်းမိုးမှုအနေနှင့်လည်း တွေ့ရသည်။ အယုဒ္ဓယမြို့ဟောင်းရှိ စေတီ၊ ဘုရား၊ ကျောင်းများတွင်လည်း တွေ့နိုင်သည်။

ထိုင်းနိုင်ငံသည် ဟိန္ဒူအယူအဆ ရာမဇာတ်တော်ကြီးကို အမျိုးသားယဉ်ကျေးမှုအဖြစ် မွေးစားယူခဲ့သည်။ ထို့ကြောင့်လည်း ချက္ကရီမင်းဆက် မင်းများသည် ရာမဘွဲ့အမည်ကို ခံယူခဲ့ရာ ယနေ့ ထိုင်းဘုရင်သည် နဝမမြောက် ရာမမင်းဆက်ဖြစ်သည်ကို တွေ့ရသည်။

ဝပ်အာရုံဘုရားရင်ပြင်၌ ကြေးနက်ဆင်ရုပ် (လက်လေးဖက်)ဖြင့် မဟာပိန္နဲရုပ်တုကို တွေ့ရသည်။ ထိုဟိန္ဒူယဉ်ကျေးမှု ရာမဇာတ်တော်သည် ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်း အယုဒ္ဓယကိုသိမ်းပူးပြီးနောက် ထိုင်းအနုပညာရှင်များကို အင်းဝသို့ ခေါ်ဆောင်ခဲ့ရာမှ ရာမဇာတ်တော်သည် နှန်းတွင်း၌ ကပြဖျော်ဖြေရသော နန်းတွင်းဇာတ်ဖြစ်လာခဲ့သည်ကို ကြည့်ခြင်းဖြင့် ဟိန္ဒူအယူအဆသည် ထိုင်းမှတစ်ဆင့် မြန်မာနိုင်ငံတော်အထိပင် ပျံ့နှံ့ခဲ့ကြောင်း တွေ့ရသည်။ အထူးသဖြင့် မြန်မာနှင့် ယိုးဒယား(ထိုင်း) တို့သည် နယ်စပ်ချင်း ထိစပ်နေပြီး ယဉ်ကျေးမှုအခြေခံတူညီကြ၍ ဆာသာရေး၊ လူမှုရေး၊ လူနေမှုစရိုက်တို့၌ အတော်ပင် နီးစပ်ကြရုံသာမက ရုပ်ရည်အသွင်သဏ္ဌာန်ပါ ဆင်တူကြသည်။

ယိုးဒယားတို့သည် ကမ္ဘောဒီးယားနိုင်ငံ(ခမာနိုင်ငံ)နှင့်လည်း နယ်စပ်ထိကပ်ရုံသာမက နှစ်နိုင်ငံ မင်းဆက်များသွေးနှောမှုရှိ၍ ခမာယဉ်ကျေးမှုသည် ထိုင်းအပေါ် လွှမ်းမိုးခဲ့သည်။ ယနေ့ဖူးမြော်ခဲ့ရသော ဝပ်အာရုံ(Wat Arun)စေတီတော်ကြီး၏ အထက်ပိုင်းရှိ ပန်းရန်၊ ပန်းတမော့ပညာရှင်များ၏လက်ရာကို ကြည့်မြင်ရခြင်းအားဖြင့် ယိုးဒယားကို တစ်ချိန်က လက်နက်နိုင်ငံပြုခဲ့သော ခမင်အမျိုးသား(ခမာအမျိုးသား)တို့၏ ယဉ်ကျေးမှု အတော်ပင် လွှမ်းမိုးနေကြောင်း တွေ့ရသည်။ Wat Arun(ဝပ်အာရုံ)နှင့်ပတ်သက်၍ ထိုင်းတို့ ရေးသားသော စာတမ်း၌လည်း The main

www.burmeseclassic.com

www.burmeseclassic.com

feature of Wat Arun is its central prany (Khmer-Style Tower) Which is encrusted with colourful porcelain

တဲ့ ဖော်ပြထားရာ ပင်မစေတီတော်ကြီး၌ ကြွေစအကွဲရောင်နှံဖြင့် တည်ဆောက်ထားပုံသည် ခမာတို့၏ ပုံစံအတိုင်းပင် ဖြစ်ကြောင်း ဖော်ပြထားသည်။

စာရေးသူအနေဖြင့် မြဘုရား ဖူးမြော်စဉ်ကလည်း မြဘုရားအနီးရှိ စေတီတော်တစ်ဆူ၏ ရင်ပြင်တော်၌ ကမ္ဘောဒီးယားနိုင်ငံ၏ အထင်ကရ အဆောက်အအုံဖြစ်သည့် အင်ကောဝပ်ဘုရားကျောင်းတော် ပုံစံငယ်တစ်ခုကိုလည်း တွေ့ရ၍ ထိုင်း၌ ကမ္ဘောဒီးယားယဉ်ကျေးမှု လွှမ်းမိုးဆက်စပ်မှု ရှိနေကြောင်း သတိပြုမိသည်။ ထိုနည်းတူ မြန်မာယဉ်ကျေးမှု အငွေ့အသက်ကိုလည်း ထိုင်း၌ တွေ့ရသည်။

ဘုရင့်နောင်ဆင်ဖြူရှင်မင်းလက်ထက်၌ ဟံသာဝတီပဲခူးရှိ နန်းတွင်း၌ အသက်ခြောက်နှစ်ကျော် ကာလမှစတင်၍ နေထိုင်ကြီးပြင်းခဲ့ဖူးသည့် ဗြနရာဇ်(Naresuan)မင်း လက်ထက်၌ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့တချို့ကို လက်ခံကျင့်သုံးခဲ့ကြောင်းလည်း တွေ့ရသလို ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက် (ယိုးဒယား)အယုဒ္ဓယကို သိမ်းပိုက်ပြီးနောက် အယုဒ္ဓယ(ယိုးဒယား)မှ အနုပညာရှင်များ၊ လက်မှုပညာရှင်များ၊ အတတ်ပညာရှင်များကို အထက်မြန်မာနိုင်ငံ အင်းဝသို့ ခေါ်ဆောင်လာခဲ့ရာမှ ရာမဇာတ်ဆော်၊ ယိုးဒယားအက၊ ဘန်ကောက်လုံချည်၊ ဇင်းမယ်ထဘီခြုတ်လုံချည် ရက်လုပ်မှုအတတ်၊ ငွေထည်,ကြေးထည် သွန်းလောင်းမှု အတတ်ပညာများ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီး ထိုးဒယားယဉ်ကျေးမှု လွှမ်းမိုးဆက်စပ်နေသည်ကို တွေ့ရသည်။

စာရေးသူသည် ဝပ်အာရုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရင်း စေတီတော်မြတ်ကြီး၏ ဗိသုကာလက်ရာ၊ အနုပညာလက်ရာများကိုကြည့်ရင်း အရှေ့တောင်အာရှနိုင်ငံများအနေနှင့် ယဉ်ကျေးမှုကူးလူးဆက်ဆံနေပုံကို အတွေးနယ်ချဲ့နေမိခြင်းပင် ဖြစ်သည်။

♦ ♦ ♦

Wat Arun ဝပ်အာရုံစေတီတော်ကြီး၏ အဓိပ္ပာယ်မှာ ဆောင်ခြည်ဦးဘုရား၊ လင်းရောင်ကြည်ဘုရားဟု အဓိပ္ပာယ်သက်ရောက်သည်ကို တွေ့ရသည်။ အင်္ဂလိပ်လိုအားဖြင့် Wat Arun အဓိပ္ပာယ်မှာ Temple of Dawn ဟုပင်ဖြစ်သည်။ ဝပ်အာရုံ Wat Arun စေတီတော်သည် ကျောက်ဖရားမြစ်



ဝပ်အာရုံဘုရား၏ ကပ်ပျောဆေးရေးပန်းတိုင်းကို မှန်သုံးဝါးက်နှင့်ပုံစံကို တွေ့ရစဉ်

Chao Phraya River ၏အနောက်ဘက်ကမ်း၌ တည်ရှိသည်။ Wat Arun အမည်သည် ဟိန္ဒူဘုရား Hindu God Aruna မှ ဆင်းသက်လာသည်ဟု ထိုင်းတို့ ယူဆသည်။ Arun သည် နံနက်ခင်းနေရောင်ခြည် ဖြာထွက်နေခြင်းကို တင်စားခေါ်ဆိုခြင်းပင် ဖြစ်သည်။

ထိုအဓိပ္ပာယ်နှင့်ပတ်သက်၍ ယိုးဒယားတို့ ကုန်းဘောင်ဆက် ဆင်ဖြူရှင်အနေနှင့် အယုဒ္ဓယသည် လပေါင်းများစွာ ဝိုင်းရံတိုက်ခိုက်ပြီးမှ သိမ်းပိုက်နိုင်ခဲ့ရာ ပစ္စည်းဥစ္စာများကို သိမ်းယူခြင်း၊ လူသူအင်အား သုံးသောင်းခန့်ကို အင်းဝသို့ ခေါ်ဆောင်သွားခြင်း၊ အယုဒ္ဓယမြို့ကိုလည်း မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။ ဆင်ဖြူရှင်လက်ထက် ဖျက်ဆီးခဲ့သည့် အပျက်အစီးများကို ယနေ့တိုင် မပြုမပြင်ဘဲ ထားရှိခဲ့၍ အထင်အရှား တွေ့မြင်နိုင်သည်။ ဆင်ဖြူရှင်သည် ဟံသာဝတီဘုရင် ဘုရင့်နောင်ကဲ့သို့ ယိုးဒယား အယုဒ္ဓယ၌ အအုပ်အချုပ် မြို့ဝန်မြို့စား ခန့်ထားခဲ့ခြင်းမရှိ၍ အယုဒ္ဓယမြို့ ပျက်ပြိုး မြို့သက် ကုန်လေသည်။ အယုဒ္ဓယဘုရင်လည်း မြို့သိမ်းတိုက်ပွဲ၌ ကျဆုံးခဲ့လေသည်။

ယိုးဒယားတို့သည် ဘယားတက်သေ၌ (ဖရားတက်

www.burmeseclassic.com

ရင်ခြင်းတက်၌ တွေ့ရသော တုံရင်ဧလေးနှင့်ပါတ်ပါ ရုပ်ဘုရား ပဆောင်ထိုးနှံသည်

နန်းရင်းဝန်သည် ယိုးဒယားပြည်ရှင်အဖြစ် ထီးနန်းဆက်ခံကာ ဒုံဘူရီမှ ကျောက်ဖရားမြစ် တစ်ဖက်ကမ်းသို့ မြို့တော်ကို ပြောင်းရွှေ့ကာ ထီးနန်းစိုက်ထူကြောင်း တွေ့ရသည်။

ယိုးဒယားပြည် အထွေထွေနှင့် ဆေးပညာဆိုင်ရာ အကြောင်းထူးများ စာအုပ်တွင်မူ ဘန်ကောက်မြို့ကို တည်ထောင်၍ ပထမချက္ကရီမင်းဆက်ကို ထူထောင်သူမှာ စစ်သူကြီးတစ်ဦးဖြစ်ကြောင်း၊ မြန်မာလက်ချက်ဖြင့် အယုဒ္ဓယ ကျဆုံးပြီးနောက် တရုတ်လူမျိုး ဘုရင်ခံ ဆင်) အမည်ရှိသော အမတ်၏ ဦးဆောင်မှုဖြင့် အယုဒ္ဓယကို စွန့်ခွာပြီး ဒုဘူရီ(Thonburi)အရပ် ဝပ်အာရုံဘုရားတည်ထားမည့်နေရာသို့ ထွက်ပြေးကြပြီး မြို့သစ်တည်ထောင်နေသည်။ ဖရားတက်ဆင်(Taksin)သည် အယုဒ္ဓယ မဟုတ်ခင်က အယုဒ္ဓယမင်း ကောဒသ်(ဧကာထက်)ထံ၌ အမှုထမ်းသော အမတ်တစ်ဦးဖြစ်သည်။ ဘုရင် အဖျက်တော်ရှိ၍ နောက်ပါအင်အားငါးရာနှင့် အယုဒ္ဓယမှ ထွက်ခွာတိမ်းရှောင်နေသူဖြစ်သည်။

အယုဒ္ဓယကို မြန်မာတို့တိုက်၍ ပျက်လေသောအခါ ဖရားတက်ဆင်(ဖရားတက်သေဉ်)သည် ဘန်ကောက်မြို့တော် ဖြစ်ထွန်းပေါ်ပေါက်လာမည့် ကျောက်ဖရားမြစ်အနောက်ဘက်ကမ်းရှိ ဒုံဘူရီ(Thonburi)၌ မြို့တည်ထောင်ကာ မင်းအဖြစ် အုပ်ချုပ်လေသည်။ ထိုမင်း တက်ဆင်သည် တရုတ်သွေးပါသောသူ ဖြစ်သည်။ ယိုးဒယားသမိုင်း၌ တရုတ်လူမျိုး ဖယားတက်ဆင်အား နန်းရင်းဝန် ဖရာဖူသိဓောက်လွမ်နှင့် ဘုရင်မောင်းမကြီးတို့က ပူးပေါင်းပြီး အစားအသောက်၌ အဆိပ်ခတ်သဖြင့် စိတ်ဖောက်ပြန်သွားကာ မိမိကိုယ်ကိုမိမိ ဘုရားဟုခံယူပြီး ဘုရားအဖြစ် သတ်မှတ်အပူဇော်ခံလေသည်။ ထိုမျှမက လက်အောက်ခံပြည်သူများအပေါ်လည်း အခွန်အကောက်များကို မတရားကောက်ခံခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းများကို ပြုလုပ်ခဲ့သည်။

မခံမရပ်နိုင်၍ နန်းတွင်းပုန်ကန်မှု ပေါ်ပေါက်ခဲ့သည်။ တက်ဆင်လည်း ကိုယ်လွတ်ထွက်ပြေးရာ ပြန်လည်အဖမ်းခံရပြီး နန်းရင်းဝန်နှင့် ပုန်ကန်သူတို့က သုတ်သင်ခဲ့ပြီး တက်ဆင်သည် တောခိုကာ အနှောင့်အယှက်ပေး၊ လူအင်အားစုပြီး ငါးနှစ်ကျော် ကြာသောအခါ ဘုရင်အဖြစ် ကြေညာခဲ့ကြောင်း၊ ဒုံဘူရီမြို့ကို တည်ထောင်၍ နှစ်အတန်ကြာသောအခါ အယူသီးပြီး စိတ်ဖောက်ပြန်သွားကြောင်း၊ ၄င်း၏ စစ်ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သော ချောက်ဖရားချက္ကရီသည် ကမ္ဘောဒီးယား(ခမာ)တို့အား တိုက်ခိုက်အောင်မြင်ပြီး နေပြည်တော်သို့ ပြန်လာကာ ဘန်ကောက်မြို့နေရာတွင် မြို့ပြတည်ထောင်ကာ ထီးနန်းစိုက်ထူခဲ့ကြောင်း၊ မိမိကိုယ်ကိုလည်း မင်းအဖြစ် ကြေညာခဲ့ကြောင်း၊ မြဘုရားကျောင်းကိုလည်း တည်ဆောက်ခဲ့ကြောင်း ချက္ကရီမင်းဆက်ကို စတင်တည်ထောင်ကာ ပထမရာမဘွဲ့ကို ခံယူကြောင်း ဖော်ပြထားသည်။

မည်သို့ပင် သမိုင်းဖြစ်စဉ်ဖြစ်ရပ်များ ကွဲလွဲစေကာမူ (၁၈၈၂)ခုနှစ်တွင် ချောက်ဖရားချက္ကရီဘွဲ့ရသည့် စစ်သူကြီးသည် (၁၇၈၂)ခုနှစ်၊ မေလ၌ နန်းတက်ခဲ့ပြီး ချက္ကရီမင်းဆက်ကို ထူထောင်ကာ ပထမရာမမင်းဘွဲ့ကို ခံယူခဲ့သည်။ ထိုမင်းသည် (၁၇၈၂)ခုနှစ်မှ (၁၈၀၉)ခုနှစ်အထိ (၂၇)နှစ် နန်းစံလေသည်။ ထိုမင်း နတ်ရွာစံပြီးနောက် (၁၈၀၉)ခုနှစ်တွင် ပထမရာမမင်း၏ ညီတော်သည် ဒုတိယရာမဘွဲ့ကို ခံယူကာ နန်းတက်ခဲ့သည်။ ထိုဒုတိယရာမမင်း လက်ထက်တွင် ယိုးဒယားတို့ အယုဒ္ဓယမှ ထွက်ခွာလာပြီးနောက် လွဖ်လပ်ရေးရောင်ခြည်ဦးကို တွေ့မြင်ရသည့် အထိမ်အမှတ်အဖြစ် ဘန်ကောက်မြစ်ကမ်းခြေ ဒုံဘူရီ(Thonburi) အရပ်၌ ရောင်ခြည်ဦးစေတီတော်ကို စတင်တိုးခဲ့ တည်ထ

www.burmeseclassic.com

www.burmeseclassic.com

ဆောက်မှုသည်။ ဒုတိယရာမ(၁၈၀၃-၁၈၂၄)ခုနှစ်နောက် ထီးနန်းဆက်ခံသော တတိယရာမ(၁၈၂၄-၁၈၅၁)ခုနှစ် လက်ထက်၌ စေတီတော်အား အပြီးတိုင်တည်ထားတော်မူခဲ့ရာမှ သနေ့ ဉာဏ်တော်မြင့်မားပြီး ခမာ(ကမ္ဘောဒီးယား) အနုပညာဖြင့် တည်ထားသောမူသော ဝပ်အာရုံ(Wat Arun) စေတီတော်ကို ဖူးမြော်နေရခြင်းဖြစ်သည်။ ဝပ်အာရုံစေတီဆောက်ကို ရှေးယခင်က ဝပ်ချန်(Wat Chaeng) ဟုလည်း ခေါ်ဆိုကြောင်း သိရသည်။

စေတီတော်၌ အိန္ဒိယဟိန္ဒူဝါဒနှင့် တရုတ်တို့၏ ယဉ်ကျေးမှုလက်ရာများလည်း အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဖွေ့မိုးနေသည်ကို တွေ့ရပေသည်။ ဟိန္ဒူမဟာပိန္ဓဲဘုရားကြွရုပ်တုကိုလည်း လက်လေးဖက်ဖြင့် တွေ့ရသည်။ ဆင်ရုပ်တု(မဟာပိန္ဓဲဘုရား)ရှေ့၌ ဌက်ပျောသီး၊ ပန်းသီး၊ လိမ္မော်သီးများ ဆက်ကပ်လှူဒါန်းထားသလို သစ်ခွပန်း၊ နှင်းဆီပန်းများလည်း ပူဇော်ပ,သထားသည်။

မဟာပိန္ဓဲ ဟိန္ဒူနတ်ဘုရားကြွေးရုပ်အနှာ၌ပင် မားကိုင်ပြီးထိုင်လျက် မောက်ရှည်စစ်သူကြီးခမောက်ကိုဆောင်းထားပြီး လည်ပင်း၌ ပုတီးဆွဲထားသော ကြွေးနက်ဘုရင်တစ်ပါး၏ ရုပ်တုလည်း တွေ့ရသည်။ အမည်စာတန်းမထိုးထား၍ မည်သည့်မင်း၏ရုပ်တုဟု အတပ်သေချာ မပြောနိုင်ပေ။ အနားရှိ ယိုးဒယားတစ်ဦးကို ဘုရင်ကြွေးရုပ်ကို ပြပြီး မေးသော်လည်း အင်္ဂလိပ်လိုမတတ်၍လော သူကိုယ်တိုင် ဘယ်ဘုရင်မှန်း မသိ၍လော ခေါင်းခါပြလေသောကြောင့် သိလိုသောအမည် မသိခဲ့ရပေ။

အယုဒ္ဓယရှိ Wat Yai Chai-mongkol ကြက်ဘုရား၌ရှိသော ဘုရင်ဖြန့ရစ်(Nare suan) ကြွေးရုပ်နှင့်တော့ မတူပေ။ Naresuan ကြွေးရုပ်တုမှာ မားတစ်ဖက်ကိုင်ပြီး ကျန်တစ်ဖက်၌ ရွှေရေတံကောင်းကြီး ရောင်ခွန်းနေဟန်ဖြစ်သည်။ ယခုတွေ့ရသော ရုပ်တုမှာ မားရှည်ကို တစ်နှစ်ဖက်ဖြင့် ကိုင်ထား၍ Naresuan ဘုရင်ရုပ်တုမဟုတ်ဟု ထင်သည်။ ဤ Wat Arun ဘုရားစေတီကို တည်ထားသော ဒုတိယမြောက် ရာမမင်းလော၊ (သို့မဟုတ်) ချက္ကရီမင်းဆက်ကို စတင်တည်ထောင်သူ ပထမရာမမင်း၏ ကြွေးရုပ်တုလော ဟူ၍သာ ခန့်မှန်းရလေသည်။

စာရေးသူတို့သည် စေတီတော်မျက်နှာမူရာ ကျောက်ဖရားမြစ်ကမ်းရှိ ဆိပ်ခံဗောတံတားမှ စေတီတော်အား မှတ်တမ်းတင်ဓာတ်ပုံရိုက်ယူခဲ့သည်။ ကျောက်ဖရားမြစ်သည် ရေစီးအလွန်သန်ကြောင်း တွေ့ရသည်။ မြစ်ရေသည် ကြည်လင်ခြင်းမရှိရုံသာမက နောက်ကျိနေသည်ကို တွေ့ရသည်။ ဘန်ကောက်မြို့သည် လူဦးရေထူထပ်ရုံသာမက မြစ်ကမ်းနှစ်ဖက်၌ လူနေအိမ်ခြေ အလွန်များခြင်း၊ စက်မှုထွန်းကားပြီး စက်ရုံများ များပြားလျှောမသိ မြစ်ရေနောက်ကျိနေသည်ကို တွေ့ရသည်။ မြစ်အတွင်း၌လည်း သဘော်ငယ်၊ မော်တော်ဘုတ်၊ စက်တပ်သမ္ဗန်များဖြင့် ဥဒဟိုသွားလာနေသည်မှာ ရန်ကုန်မြစ်အတွင်း သွားလာမှုထက်များကြောင်း တွေ့ရသည်။ မြဘုရားကမ်းဘက်မှလည်း မော်တော်နှင့် ဘုရားလာဖူးသည်ကို တွေ့ရသည်။

မြစ်ကမ်းမှ စေတီတော်ထံ ပြန်သွားပြီး လက်ယာရစ် ဆက်ပတ်ရာ မျက်နှာစာ၌ ဗုဒ္ဓကြွေးဆင်းတုတစ်ဆူ စံပယ်တော်မူနေသည့် အာရုံခံတန်ဆောင်းကြီးကို တွေ့ရသည်။ အတွင်း၌ စေတီငယ်တစ်ဆူနှင့် စေတီတော်ရှေ့၌ ရုပ်တော်မူကြွေးဗုဒ္ဓရုပ်ပွားတော်များ၊ ထိုင်တော်မူဗုဒ္ဓကြွေးဆင်းတုတော် အများအပြားကို ဖူးမြော်ရသည်။ ထိုအာရုံခံတန်ဆောင်းအတွင်း၌ စာရေးသူနှင့် ဇနီးဖြစ်သူသည် ထိုင်း



ဝပ်အာရုံဘုရားဆောင်ရှေ့အာရုံခံတန်ဆောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

သင်္ကန်းအဝါရောင် ဝတ်ရုံထားသော သံဃာတော်တစ်ပါး အလျှုခံပုံးအနီး၌ ထိုင်တော်မူ၍ အလှူရွေကို လက်ခံနေရာ စာရေးသူတို့နှစ်ယောက် မြန်မာစကားဖြင့် ပြောဆိုတိုင်ပင်ပြီး အလှူရွေထည့်ဝင်ရာ ထိုရဟန်းတော်က-

'ဒကာကြီးတို့..မြန်မာပြည်ကကိုး။ ဦးပဉ္စင်းလည်း မြန်မာပြည်ကပဲ။ ဒီကိုရောက်နေတာ အနှစ်နှစ်ဆယ်လောက် ရှိပြီ။ ဒီဘုရားထဲက ကျောင်းမှာ သီတင်းသုံးတယ်'

ဘုန်းတော်ကြီး၏ စကားကို ကြားမိသောအခါ ဝမ်းသာအားရဖြစ်မိပြီး မြန်မာရဟန်းတော်အား ဘတ်(၁၀၀)လှူဒါန်းခဲ့လေသည်။ ဆရာတော်ကလည်း ပရိတ်ကြိုးများ စွန့်သည်။ ထိုအာရုံခံတန်ဆောင်းအတွင်း၌ပင် နတ်မင်းလေးပါး ပူဇော်ကန်တော့နေသည့် မှန်စီရွှေချထားသော စေတီငယ်တစ်ဆူကိုလည်း ဖူးမြော်ရသည်။

စာရေးသူတို့သည် Wat Arun ဝပ်အာရုံဘုရားစေတီတော်အား နှုတ်ဆက်ကန်တော့ရင်း ခံစားနေရသောဝေဒနာ ပျောက်ကင်းပါစေကြောင်း ဆုတောင်းမိသည်။ စေတီရင်ပြင်တော်အနှံ့ ဖူးမြော်ပြီး၍ စေတီတော်အပြင်သို့ထွက်ရန် မုခ်ပေါက်ရှာရင်း တံတိုင်းအပြင်ဘက်ထွက်ရာ အပေါက်ကျယ်တစ်ခုကိုတွေ့၍ ထွက်မိသောအခါ ဘုရားအပြင်ထွက်ရာ မုခ်ပေါက်မဟုတ်ဘဲ ဘုရားစျေးတန်းအတွင်း ရောက်ရှိသွားလေသည်။ ဆိုင်ခန်းပေါင်းများစွာနှင့် ပစ္စည်းမျိုးစုံ ရောင်းချသော ဘုရားစျေးပင် ဖြစ်သည်။ အထည်အလိပ်မျိုးစုံ၊ လူအသုံးအဆောင်ပစ္စည်းမျိုးစုံ ရောင်းချသော ဆိုင်ခန်းငယ်လေးများကို တွေ့ရသည်။ စျေးတန်းအတွင်းဝင်မိ၍ စပ်စုကာ စျေးနှုန်းမေးကြည့်သောအခါ ဘတ်(၁၀၀)အနည်းဆုံးသတ်မှတ်ထားသော ပစ္စည်းများကို တွေ့ရသည်။

သမီးဖြစ်သူက 'ဘန်ကောက်မြို့ထဲနဲ့ တရုတ်တန်းဘက်က စျေးပေါတယ်။ ဒီမှာက စျေးကြီးတယ်'ဟု သူ့အတွေ့အကြုံအရ ပြောပြ၍ စာရေးသူတို့ ဆိုင်ခန်းငယ်လေးများကို ငေးမောပြီး မည်သည့်ပစ္စည်းမှ မဝယ်ဘဲ မော်တော်ယာဉ်ရှိရာသို့ ထွက်ခွာလာခဲ့သည်။

♦ ♦ ♦

မော်တော်ယာဉ်ပေါ်သို့ ရောက်သောအခါ ယာဉ်မောင်းသူ ကိုနေမျိုးထွန်းက-

'ဦးလေး ဘယ်ဘုရား သွားဦးမလဲ'

'ရွှေဘုရားကို သွားချင်တယ်'

'တရုတ်တန်းဘက်က ရွှေဘုရားလား'

စေတီတော်ပေါ်သို့ တက်ရန် ကျဉ်းမြောင်းမတ်စောက်သော လှေကား (စေတီတော်၌ ကြွေပန်းကန်ကွဲများ ချောင်စုံကပ်ထားသည်ကို အနီးကပ်တွေ့မြင်ရစဉ်)

ဆုတောင်းပြည့်တဲ့ ရွှေဘုရားကို ဖူးမြော်ရန် မိတ်ဆွေဦးကျော်(ဦးပဉ္စင်း)က ရန်ကုန်က ဘန်ကောက်ကို မလာခင် မှာလိုက်၍သာ ရွှေဘုရားကို သိခြင်းဖြစ်သော်လည်း ထိုင်းကို ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်၍ ရွှေဘုရား ဘယ်နားမှာရှိမှန်း မသိသောကြောင့်-

'ရွှေဘုရား ဘယ်နားရှိမှန်းတော့ ဦး မသိဘူး။ ရွှေငါးတန်ကျော်နဲ့ သွန်းလောင်းထားတဲ့ ရွှေဟောင်းရွှေဘုရား ဆိုတာလောက်ပဲ သိတာ'

'ဒါဆို တရုတ်တန်းမှာရှိတဲ့ ကမ္ဘာအကြီးဆုံးရွှေဘုရားပဲ။ ကျွန်တော် ပို့ပေးမယ်'

ဤနည်းဖြင့် စာရေးသူတို့စီးလာသော မော်တော်ယာဉ်သည် ကျောက်ဖရားမြစ်ကို လာလမ်းအတိုင်း ပြန်ဖြတ်ပြီး ရွှေဘုရားရှိရာသို့ ဦးတည်ထွက်ခွာလာခဲ့ပေသည်။

တက္ကသိုလ်မျိုး

မှီငြမ်း

၁။ Wat Arun အင်တာနက်စာတမ်း။

၂။ ကိုယ်တွေ့ယိုးဒယား (၁၉၅၅)၊ ဘိမိုးမောင်(သတင်းစာဆရာ)။

၃။ ကိုယ်တိုင်သွားရောက်ဖူးမြော်ခြင်း။

၄။ မြန်မာရာဇဝင်- ဦးဘသန်း(B.A)။

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတိုဆုရ/တိုး(ဝင္ဂ်ဝ်)

တိုင်းရင်းဆေးဝါးပုဂ္ဂိုလ်ကောင်းအမှတ်–သုတဒိုင်ဂ်ီးနှင့် သူဌေးဝ

ပဏ္ဍုကြီးဝင်္ကပါ

လင်ဇီး

ဆွဲကျသလိပ်ပျော်ရင်လူးဆေး



အာဘာသာသုခဆေးတိုက်

E-mail: lpd@myanmar.com.mm

www.burmeseclassic.com

www.burmeseclassic.com



နာလန္ဓာတကၠသိုလ်ဟောင်း ဝင်းအတွင်း
ကြည့်ညီဖွယ်ရာ အရှင်သာရိပုတ္တရာစေတီတော်ကို လှုပ်

သည်။ ၄င်းတို့အနက် ရန်ကုန်မြို့မှ စာရေးသူ၏ မိတ်ဆွေ (၃)ဦးဖြစ်သော ဦးမြသာ၊ ဦးသန်းစိန်နှင့် ဦးစောသာထွန်း တို့ပါ လိုက်ပါလာကြသည်။

အိန္ဒိယနိုင်ငံ ဂယာလေဆိပ်တွင် အသင့်ရောက်၍ ကြိုဆိုနေသောကားဖြင့် မိမိတို့တည်းခိုမည့် ဗုဒ္ဓဂယာ မြန်မာဘုန်းကြီးကျောင်းသို့ ဆက်လက်ထွက်ခွာလာခဲ့ကြသည်။ အဆိုပါ မြန်မာဘုန်းကြီးကျောင်းတွင် နှစ်ညအိပ် တည်းခို

တွန်းအားရှင်

အိန္ဒိယနိုင်ငံ နာလန္ဒာမြို့ရှိ အရှင်သာရိပုတ္တရာစေတီတော်

နာလန္ဒာမြို့သည် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၏ မြို့တော်ဖြစ်သော ပတ္တနားမြို့မှ အရှေ့တောင်ဘက် (၉၅)ကီလိုမီတာခန့်အကွာ ရာဇဂြိုဟ်မြို့၏မြောက်ဘက် (၁၃)ကီလိုမီတာခန့်အကွာတွင် တည်ရှိသည်။ နာလန္ဒာဟူသော အမည်မှာ ဘုရားရှင်ပွင့်တော်မူ၍ သက်တော်ထင်ရှားရှိစဉ်ကပင် ထင်ရှားလာခဲ့သည်။ နာလန္ဒာမြို့သည် ဘုရားရှင် ပါဝါရိကသရက်ဥယျာဉ်ကျောင်းတိုက်တွင် (၁၁)ဝါမြောက် ဝါဆိုဝါကပ်ခဲ့သောနေရာ၊ လက်ယာတော်ရံ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်တို့ မွေးဖွားသန့်စင်တော်မူခဲ့သောနေရာ၊ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သောနေရာ ဖြစ်သည်။

စာရေးသူသည် ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ဖြင့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ မင်္ဂလာခုံလေဆိပ်မှ (Golden Myanmar Airlines) လေကြောင်းဖြင့် (၈-၃-၁၅)ရက်နေ့တွင် ဗုဒ္ဓဂယာသို့ ဘုရားဖူး ထွက်ခွာလာခဲ့သည်။ ဘုရားဖူးအဖွဲ့တွင် ဘုရားဖူး ဓမ္မခရီးသည်(၃၂)ဦး လိုက်ပါလာကြပြီး ဗုဒ္ဓဂယာမဟာဗောဓိမဏ္ဍိုင်ရှိ သတ္တသတ္တာဟ ခုနစ်ဌာနနှင့် ဗုဒ္ဓဂယာအနီးပတ်ဝန်းကျင်ရှိ ဗုဒ္ဓအမွေအနှစ်များကို ဖူးမြော်ကြည်ညိုခဲ့ကြသည်။

မတ်လ (၁၀)ရက်နေ့တွင် ဗုဒ္ဓဂယာမှ ဗာရာဏသီမြို့သို့ ထွက်လာကြပြီး ၄င်းမှတစ်ဆင့် နယူးဒေလီမြို့၊ သင်္ကဿနဂိုရ်၊ သာဝတ္ထိမြို့၊ နီပေါနိုင်ငံရှိ မြတ်ဗုဒ္ဓဖွားတော်မူရာ လုံဗိနီ၊ အိန္ဒိယနိုင်ငံ ကုသိနာရုံနှင့် ပတ္တနားမြို့တို့တွင် ဘုရားဖူးပြီး (၁၉-၃-၁၅)ရက်နေ့ နံနက်(၈)နာရီကျော်ခန့်အချိန်တွင် နာလန္ဒာမြို့ရှိ မိမိတို့ တည်းခိုမည့် တရုတ်-မြန်မာဘုန်းကြီးကျောင်းသို့ ရောက်ရှိကြသည်။ တရုတ်-မြန်မာဘုန်းကြီးကျောင်းဟု ဆိုသော်လည်း ထိုကျောင်းတွင် သီတင်းသုံးနေ ထိုင်လျက်ရှိကြသူများမှာ ရခိုင်တိုင်းရင်းသားသံဃာတော်များပင် ဖြစ်ကြသည်။

မိမိတို့ ဘုရားဖူးအဖွဲ့မှာ ပါလာသည့် ပစ္စည်းများကို ကားပေါ်မှချပြီး တည်းခိုမည့်အဆောင်များ တွင်ထားရှိရန် ခရီးနားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် နာလန္ဒာ တရုတ်-မြန်မာ ကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဒေါက်တာနန္ဒာကအား ပင့်ဆောင်ကာ မိမိတို့စီးလာသော ဘုရားဖူးကားဖြင့် နံနက်(၉)နာရီခွဲတွင် နာလန္ဒာတက္ကသိုလ်ဟောင်းသို့ သွားကြသည်။ ကားဖြင့်သွားသည်ဆိုသော်လည်း ခရီးက သိပ်မဝေး၊ နီးနီးလေး။ ငါးမိနစ်ခန့်သာ သွားလိုက်ရသည်။ နာလန္ဒာတက္ကသိုလ်ဟောင်းနေရာကို အိန္ဒိယအစိုးရ ရှေးဟောင်းသုတေသနဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

စာရေးသူတို့ ရောက်ရှိသည့်အချိန်တွင် ဂိတ်တံခါးဖွင့်နေပြီ။ ဂိတ်ဝင်ပေါက်တွင် တန်းစီနေကြသောလူများကား အမြောက်အမြား၊ ပျားပန်းခပ်မျှ အဝင်မစဲ တသဲသဲ တဖွဲဖွဲ။ အာရှ၊ ဥရောပ၊ အမေရိက၊ အာဖရိက စသောနိုင်ငံများမှ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ အသားအရောင်မျိုးစုံတို့ ခြေချင်းလိမ်လျက်။ မိမိတို့ဘုရားဖူးအဖွဲ့အား ဒါနဘုရားဖူးအဖွဲ့ခေါင်းဆောင် ဦးဇာနည်က ဂိတ်ဝင်ကြေးလက်မှတ်ဖြတ်ပေးပြီးနောက် ဆရာတော် ဒေါက်တာနန္ဒာက၏ နောက်မှ လိုက်ကာ တစ်ဦးချင်းစီ တန်းစီပြီး ဝင်ကြရသည်။

ဂိတ်ပေါက်မှ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ညီညာဖြောင့်တန်းနေသော အဝင်လမ်းကလေးကို မြင်တွေ့လိုက်ရသည်မှာ စိတ်ချမ်းမြေ့စရာ။ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်စီတွင် အရိပ်ရသစ်ပင်ကြီးမျိုးစုံတို့မှာ အတန်းလိုက် အစီအရီပေါက်ကာ လမ်းတစ်လျှောက်လုံးကို နေခြည်မထိုးစေရန် သစ်ရိပ်ချိုချိုဖြင့် အပေါ်မှ ဖြန့်ကြက်မိုးပေးထားသည်။ တက္ကသိုလ်နာလန္ဒာဝင်းအတွင်းသို့ ဝင်လာသူဟူသမျှ ဝင်ဝင်ချင်း စိတ်ချမ်းသာမှုကို တဒင်္ဂခံစားရမည်မှာ အမှန်ပါ။

ထိုအဝင်လမ်းကလေးအတိုင်း ရှေ့သို့ ဆက်လက်လျှောက်လှမ်းခဲ့ရာ ရှည်လျားကျယ်ပြောသော အစိမ်းရောင်ကတ္တီပါမြက်ခင်းကြီးပေါ်မှာ ရွှေဝါရောင်အဆောက်အအုံများ တရိပ်ရိပ်နှင့် ပေါ်ထွက်လာသည်ကို အမှတ်မထင်တွေ့မြင်လိုက်ရသည်။ ယင်းအဆောက်အအုံများကား အချို့မှာ အပူဒဏ်၊ အအေးဒဏ်များကို ကြံ့ကြံ့ခံနိုင်စေရန် ဧရာမထူထဲစွာ တည်ဆောက်ထားခဲ့သော နံရံအပြိုအပျက်များ၊ အချို့မှာ မြင့်မားသော ကျောင်းဆောင်ကြီးများပေါ်သို့တက်သည့် လှေကားထစ်များ၊ အချို့ကား ကျောင်းဆောင်အပြိုအပျက်များ၊ အချို့မှာ စာသင်သံဃာတော်များ တစ်ပါးစီ, တစ်ပါးစီ သီတင်းသုံး နေထိုင်ခဲ့ရာ တိုက်ခန်းများ၊ အချို့မှာ စာပေသင်ကြားပို့ချရာ စာသင်ခန်းမဆောင်ကြီးများ၊ အချို့မှာ အစည်းအဝေးခန်းကြီးများ၊ အချို့မှာ သံဃာတော်များ ဘုရားဝတ်ပြုရာ အခန်းကြီးများ၊ အချို့မှာ စားသောက်ဖွယ်များနှင့် စားသုံးကုန်ပစ္စည်းများ သိုလှောင်ရာ စတိုခန်းကြီးများ၊ အချို့ကား စေတီပုထိုး အပြိုအပျက်များ စသည်, စသည်ဖြင့် အစီအရီ ထွက်ပေါ်လာကြသည်။

အပျက်အစီးများ ကြည့်ရှုလေ့လာ၍ မကုန်နိုင်လောက်အောင် ကြီးမားကျယ်ပြန့်သော ဤနေရာသည်ကား အရှင်သာရိပုတ္တရာ မွေးဖွားတော်မူရာ၊ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ရာ စေတီတော်ကြီးအနီးတွင် တည်ဆောက်ထားခဲ့သော ဇာမ္ဘာကျော် နာလန္ဒာတက္ကသိုလ်ဟောင်းကြီးပင်ဖြစ်သည်။ ဝင်ဝင်ချင်းတွင် စိတ်ချမ်းသာမှုကို တဒင်္ဂခံစားခဲ့ရသော်လည်း ယခုမြင်တွေ့ရသည်မှာကား စိတ်မချမ်းမြေ့စရာတွေချည်းပင်။

စာရေးသူတို့သည် ဆရာတော် ဒေါက်တာနန္ဒာက ဦးဆောင်ကာ ရှေ့သို့ ဆက်လက်လျှောက်လာခဲ့ရာ နာလန္ဒာတက္ကသိုလ်ဟောင်း ခြံဝင်းအတွင်း အနောက်တောင်ထောင့် အရပ်တွင်တည်ရှိသည့် အရှင်သာရိပုတ္တရာစေတီတော်အနီးသို့ ရောက်ရှိလာကြသည်။ မိမိတို့ ဘုရားဖူးအဖွဲ့မှာ စေတီတောင်ဘက်သို့ မျက်နှာမူကာ သစ်ပင်ရိပ်အောက်တွင် ထိုင်ကြသည်။ ထို့နောက် ဆရာတော်ထံမှ ငါးပါးသီလခံယူကာ (၂၄)ပစ္စည်းပဋ္ဌာန်းကို ရွတ်ဖတ်ကြပြီး မေတ္တာပို့ အမျှအတန်းပေးဝေကြသည်။ ဆက်လက်ပြီး ဆရာတော်ဒေါက်တာနန္ဒာကက အရှင်သာရိပုတ္တရာစေတီတော်မြတ်အကြောင်းကို ဤသို့ ရှင်းလင်းမိန့်ကြားတော်မူသည်။

ဤနာလန္ဒာတက္ကသိုလ်ဟောင်းကြီး ခြံဝင်းအတွင်း ယခုဖူးတွေ့နေရသောစေတီမှာ စေတီတော်အမှတ်(၃)ဟု သတ်မှတ်ထားသော အရှင်သာရိပုတ္တရာအထိမ်းအမှတ် စေတီတော်ကြီးဖြစ်သည်။ (၁၆)ရာစုစာပေပညာရှင် တာရာနာထ၏အဆိုအရ ဤသာရိပုတ္တရာစေတီတော်ကြီးကို ဘီစီ(၃)ရာစုတွင် အသောကဘုရင်ကြီးက တည်ထားကိုးကွယ်ခဲ့သည်ဟု ဆိုသည်။ အေဒီ(၅)ရာစုအစပိုင်း တရုတ်ရဟန်းတော် ဖာဟီယန် ဘုရားဖူးရောက်လာစဉ်ကလည်း ဤစေတီတော်ကြီးကို ဖူးတွေ့ခဲ့ရကြောင်း သူ့မှတ်တမ်းတွင် ရေးသားဖော်ပြထားသည်။

ဤစေတီတော်ကြီးကို အသောကမင်းကြီး နောက်ပိုင်း ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသော မင်းများအဆက်ဆက် (၇)ကြိမ်ထက်မနည်း ပြန်လည်မွမ်းမံတည်ဆောက်

www.burmeseclassic.com



လွန်ခဲ့တဲ့ရာစုနှစ်ကျော်က ဘုရားဖူးသွားသူတွေ ခြေဆန့်အိပ်ခဲ့ကြတဲ့ ဘုရားပရဝုဏ်ကြီးတွေ

လာခဲ့ကြပြီးဖြစ်သည်။ စေတီတော်ကြီး၏ ပတ်ပတ်လည်တွင် အရံစေတီငယ်များ အစီအရီတည်ရှိနေခြင်းက ဤစေတီတော်ကြီးမှာ နာလန္ဒာတစ်ခွင်တွင် အထွတ်အမြတ်ဆုံး စေတီတစ်ဆူဖြစ်ကြောင်း မီးမောင်းထိုးပြနေပေသည်။ ဤစေတီတော်ကြီးတွင် နဂိုက အဆင့်(၃)ဆင့် ရှိနေခဲ့သော်လည်း နောက်ပိုင်း အသစ်မွမ်းမံတည်ဆောက်မှု လက်ရာများက ဖုံးအုပ်လိုက်သောကြောင့် ထိုအဆင့်(၃)ဆင့်ကို ယခုအခါ မတွေ့ရတော့ပေ။ ထို့ပြင် စေတီတော်၏ ထောင့်လေးထောင့်တွင် အရံစေတီငယ်များမှာလည်း (၃)ဆူသာ ကျန်တော့၍ ဗုဒ္ဓဂယာစေတီတော်ကြီး၏ အရံစေတီငယ်များနှင့် မတူတော့ပေ။

ထိုအရံစေတီငယ်များ၏ နံရံလိုဏ်ခေါင်းငယ်များတွင် ဂုပ္တခေတ်အင်္ဂါတေဖြင့် ပြုလုပ်ထားသော ဗုဒ္ဓနှင့် ဗောဓိသတ္တရုပ်ပွားတော်များ ကိန်းဝပ်တည်ရှိသည်။ သို့ရာတွင် မကြာသေးမီနှစ်များအတွင်း မှောင်ခိုဈေးကွက်တွင် ရောင်းချရန် ယင်းဆင်းတုတော်များ၏ ဦးခေါင်းများကို ချိုးဖဲ့ခိုးယူခြင်းခံရသည်မှာ လွန်စွာဝမ်းနည်းဖွယ်ကောင်းလှသည်။

စေတီတော်ကြီးတွင် အောက်ခြေမှရှည်လျားသော လှေကားထစ်များက စေတီတော်ကြီး၏ထိပ်သို့တိုင်အောင် သွယ်တန်းလျက်ရှိနေသဖြင့် ယခုင်က ဗုဒ္ဓဆင်းတုတော်ကြီးတစ်ဆူအပေါ်တွင် ကိန်းဝပ်စံပျော်ခဲ့သည်ဟု ထင်ရသည်။ လွန်ခဲ့သော(၁၀)နှစ်ကျော်ခန့်က ဤစေတီတော်ပေါ်သို့ တက်ရောက်ကာ နာလန္ဒာတက္ကသိုလ်ဟောင်း အဆောက်အအုံများနှင့် ခြံဝင်းကြီးတစ်ခုလုံးကို ရှင်သပ်ရှုမောကြည့်ရှုခဲ့ရန်ရှိခဲ့သည်။ ယခုအခါ ထိုစေတီတော်ပေါ်သို့ တက်ခွင့်မရတော့ပေ။ ရဲသာမက စေတီတော်ကြီး၏ အနီးအနားသို့ပင် ဖြတ်သန်းသွားလာခွင့်မရတော့ပေ။ ဤတားမြစ်ချက်များမှာ စေတီတော်ကြီး ကြာမြင့်စွာ တည်တံ့ခိုင်ခံ့ရေးနှင့် လုံခြုံစိတ်ချရေးတို့အတွက် အထူးကောင်းမွန်သည့် တားမြစ်ချက်ပင်ဖြစ်သည်။

အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ညီတော်အရှင်စုန္ဒ ယူဆောင်လာခဲ့သော အရှင်သာရိပုတ္တရာ၏ ဓာတ်တော်များကိုကြည့်ပြီး မြတ်ဗုဒ္ဓက ဤသို့မိန့်ကြားတော်မူခဲ့သည်။

'ချစ်သားတို့...လွန်ခဲ့သော(၁၅)ရက်ခန့်က ငါဘုရားထံ ခွင့်ပန်သွားခဲ့သော ချစ်သားသာရိပုတ္တရာသည် ယခုအခါ နာလန္ဒာရှိ သူမွေးဖွားခဲ့ရာတိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုသွားခဲ့ပြီ။ ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူစင်သန့်ရှင်းသော ဤဓာတ်တော်များမှာ ချစ်သားကြီးသာရိပုတ္တရာ ပရိနိဗ္ဗာန်ပြု၍ ကြွင်းကျန်ခဲ့သောဓာတ်တော်များ ဖြစ်သည်'

ထို့နောက် မြတ်ဗုဒ္ဓက 'ချစ်သားတို့...သာရိပုတ္တရာသည်ကား ငါဘုရားမှအပ ပညာဉာဏ်အကြီးမားဆုံးပုဂ္ဂိုလ်ဖြစ်၍ ဤလောကဓာတ်တစ်ခုလုံးတွင် သူနှင့် ဉာဏ်ပညာအားဖြင့်တူသူ တစ်စုံတစ်ယောက်မျှမရှိ။ ချစ်သားသာရိပုတ္တရာသည် ကြီးမြတ်သောပညာ၊ ကျယ်ပြန့်သောပညာ၊ ရွှင်သောပညာ၊ လျင်မြန်သောပညာတို့နှင့် ပြည့်စုံပြီး ကိလေသာတို့ကို ထွင်းဖောက်နိုင်သော ဉာဏ်ပညာရှိသူလည်း ဖြစ်သည်။ ချစ်သားသာရိပုတ္တရာသည် အလိုဆန္ဒ နည်းပါးပြီး ရောင့်ရဲလွယ်ကာ အပြစ်ရှိသူကိုလည်း မဲ့ကွက်ဘဲ အပြစ်ကိုပြ၍ ဆုံးမတတ်သူဖြစ်သည်။

ချစ်သားသာရိပုတ္တရာသည် ဘဝငါးရာတို့ ကာလပတ်လုံး စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်ကာ ရဟန်းပြုလာသူဖြစ်သည်။ ချစ်သားသာရိပုတ္တရာသည် ဤသို့သော ဂုဏ်အပေါင်းနှင့် ပြည့်စုံသော်လည်း မဟာပထဝီကဲ့သို့ သည်းခံတတ်သည်။ ဦးချိုကျိုးသောနွားကဲ့သို့ မာန်မာနနည်းပါး၍ ဒုန်းစင်္ခွား(ဓာတ်နိမ့်)ကဲ့သို့ နှိမ့်ချကျိုးနွံသော စိတ်ထားရှိသူဖြစ်သည်' အစရှိသဖြင့် အရှင်သာရိပုတ္တရာ၏ ဂုဏ်များကို ရှည်လျားစွာ ထပ်လောင်းမိန့်ကြားတော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့သော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကို မဂဓတိုင်း ရာဇဂြိုဟ် ပြည်အနီး နာလကရွာ တစ်နည်း ဥပတိဿရွာတွင် မွေးဖွားသန့်စင်တော်မူခဲ့သည်။ မိဘနှစ်ပါးတို့မှာ နာလကရွာသူကြီး ဝင်္ကန္တပုဏ္ဏားကြီးနှင့် သာရိပုဏ္ဏေးမတို့ဖြစ်ပြီး ဗြဟ္မဏအယူဝါဒကို လက်ခံယုံကြည်သူများဖြစ်ကြသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ငယ်နာမည်မှာ ဥပတိဿဖြစ်ပြီး သူ့အောက်တွင် စုန္ဒ၊ ဥပသေန၊ ရေဝတဟု ညီငယ်သုံးယောက်နှင့် စာလာ၊ ဥပစာလာ၊ သီသူပစာလာဟု ညီမငယ်သုံးယောက်ရှိခဲ့သည်။ သို့ဖြစ်၍ ဥပတိဿသည် မွေးချင်း(၇)ယောက်တို့အနက် အကြီးဆုံးသားကြီး ဩရသဖြစ်သည်။

ဥပတိဿမှာ ငယ်စဉ်ကပင် ကစားဖော်ကစားဖက် အချစ်ဆုံးသူငယ်ချင်းတစ်ဦးရှိခဲ့ပြီး သူနာမည်က ကောလိတဖြစ်သည်။ ကောလိတ၏ မိဘနှစ်ပါးတို့မှာ သုဇာတာပုဏ္ဏားကြီးနှင့် မောဂ္ဂလိပုဏ္ဏေးမတို့ ဖြစ်ကြပြီး သူတို့လည်း ဥပတိဿ မိဘများကဲ့သို့ ဗြဟ္မဏအယူအဆကို လက်ခံထားသူများ ဖြစ်ကြသည်။ ဥပတိဿသည် အရှင်သာရိပုတ္တရာအလောင်းလျာဖြစ်ပြီး ကောလိတမှာ အရှင်မောဂ္ဂလာန်အလောင်းလျာ ဖြစ်သည်။ ဥပတိဿနှင့် ကောလိတတို့၏ မိဘများမှာ ဗြဟ္မဏဝါဒကို အထူးသက်ဝင်ယုံကြည်သူများဖြစ်သလို ဗြဟ္မဏကြီးကို အာရုံပြု၍ ယဇ်ပူဇော်ခြင်း စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျှင် မအိုရာ၊ မနာရာ၊ မသေရာ အမြတ်ဆုံးချမ်းသာကို ရရှိနိုင်မည်ဟု အကြွင်းမဲ့ယုံကြည်ကြသည်။

ဥပတိဿနှင့် ကောလိတ သူငယ်ချင်း နှစ်ဦးတို့သည် အရွယ်ရောက်လာသည့်တိုင်အောင် တစ်ဦးနှင့်တစ်ဦး မခွဲခွာဘဲ နေထိုင်လာကြသည်။ နှစ်စဉ်နှစ်တိုင်း ကျင်းပခြင်းဖြစ်သော ရာဇဂြိုဟ် တောင်ထိပ် နက္ခတ်ပွဲသဘင်သို့လည်း အတူတူပင် နှစ်တိုင်း သွားရောက်ကြည့်ရှုကြသည်။ သို့ရာတွင် ဤတစ်နှစ်တွင်ကား ယခင်နှစ်များကဲ့သို့ ပွဲကြည့်သော်လည်း မပျော်ရွှင်ကြပေ။ သူတို့နှစ်ဦးသည် အမြင့်ဆုံးတောင်ထိပ်မှနေ၍ တောင်လုံးညွတ်မျှ သွားလာပျော်ပါးနေကြသော ပရိသတ်များကိုကြည့်ရင်း အတွေးတစ်ခု ပေါ်ပေါက်လာသည်။

ယခုအခါ ဤလူအပေါင်းသည် ကောင်းကောင်းကြီး ပျော်မြူးရွှင်နေခဲ့ကြသည်။ နောင်အနှစ်တစ်ရာအတွင်းမှာပင် ဤလူများသည် သေမင်း၏ခံတွင်းဝသို့ ရောက်ကြကုန်လတ္တံ့ဟူ၍ဖြစ်သည်။ ဤသို့ တွေးတောရာမှ ဆက်လက်၍ ဤလောကဌ် သေခြင်းတရားဟူ၍ ထင်ထင်ရှားရှားကြီး ရှိနေလေရာ မသေခြင်းတရားဟူ၍လည်း ဧကန်မုချ ရှိရပေလိမ့်မည်ဟူ၍ တွေးတောမိကြသည်။ ဤသို့တွေးတောမိကြပြီး လျှင် မသေသောတရားကိုရှာဖွေရန် ငါတို့နှစ်ဦးလုံး ရဟန်းပြုကြကုန်အံ့ဟု တိုင်ပင်ကာ နှစ်ဦးလုံးကပင် သဘောတူဆုံးဖြတ်ချက်ချလိုက်ကြလေသည်။ သို့ဖြစ်၍ သူတို့မှာ မအိုရာ၊ မနာရာ၊ မသေရာ အမြတ်ဆုံးတရားကိုရှာဖွေရန် ပရိဗိုဇ်ကျောင်းသို့ ရောက်လာခဲ့ကြသည်။

ယင်းပရိဗိုဇ်ကျောင်း၌ သိဉ္စည်းဆရာကြီးထံ နည်းခံ၍ လေ့လာကြီးစား အားထုတ်ကြသည်။ ရက်အနည်းငယ်မျှကြာနာရရုံဖြင့် သိဉ္စည်းဆရာကြီး၏ အယူဝါဒအားလုံးကို ကြားနာမှတ်သား၍ ကုန်ဆုံးသွားသည်။ ထိုအထဲတွင် မသေခြင်းတရားဟူသော အနှစ်သာရကား မတွေ့ရပေ။ သို့ဖြစ်၍ အခြားသောရဟန်းပုဏ္ဏားတို့ထံမှ ကြားရလိမ့်နိုးနိုး မျှော်ကိုးမှန်းဆကာ ဓမ္မဒိဗ်ကျွန်းအနှံ့ သွားလာစုံစမ်းကြ၏။ ရောက်လေရာရာ အရပ်တိုင်း၌ ထင်ရှားကျော်ကြားနေသော ရဟန်းပုဏ္ဏားများထံ ချဉ်းကပ်ကာ မသေခြင်းတရားကို

အရှင်သာရိပုတ္တရာစေတီတော်ရှေ့တွင် လူရာတော်ဇေါက်တာနန္ဒကနှင့် စာစရေးနေ

www.burmeseclassic.com

မေးမြန်းကြသည်။ သို့ရာတွင် ထိုတရားနှင့်ပတ်သက်၍ ရေရာရာ ဖြေကြားနိုင်သူကား မရှိပေ။

ဤသို့ဖြင့် မသေခြင်းတရားကို မကြားနာရဘဲ ရာဇဝင်ကြီးမြို့သို့သာ ပြန်လာကြရသည်။ သို့ရာတွင် သူတို့နှစ်ဦးစလုံး စိတ်မလျော့ကြသေးပေ။ ယခု မကြားနာရသော်လည်း တစ်နေ့နေ့ရောက်လျှင် ကြားနာရမည်သာဟု မျှော်လင့်ချက်ထားရှိကြသည်။ ငါတို့သူငယ်ချင်းနှစ်ဦးတို့အတွက် မသေခြင်းတရားကို တစ်ဦးဦးက ရှေးဦးစွာတွေ့ရလျှင် ကျန်တစ်ဦးအား ပြောကြားစတမ်းဟု ကတိကဝတ်ပြုထားကြ၏။ ထို့နောက် တစ်ပါးမတွေ့လျှင် ကျန်တစ်ပါးက တွေ့ရစေရန် တစ်ပါးစီ လမ်းခွဲ၍ လှည့်လည်သွားလာ၍နေကြလေသည်။

ထိုစဉ် ဥပတိဿမှာ ရာဇဂြိုဟ်တွင် ဆွမ်းခံကြွဝင်နေသော အရှင်အဿဇိမထေရ်မြတ်နှင့်တွေ့၍ ထိုမထေရ်မြတ်၏ အကူအညီဖြင့် ဘုရားရှင်ထံမှောက် ရောက်လာခဲ့သည်။ ဥပတိဿမှာ ပရိဗိုဇ်ဘဝနှင့်ပင် အရှင်အဿဇိ၏ တရားတော်ကို နာကြား၍ သောတာပန်ပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။

ကောလိတသည်လည်း သူ့သူငယ်ချင်း ဥပတိဿထံမှ တစ်ဆင့် တရားနာကြားရသဖြင့် ပရိဗိုဇ်ဘဝနှင့်ပင် သောတာပန်ပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။ ထိုစဉ် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူချိန်ဖြစ်သည်။ ဥပတိဿနှင့် ကောလိတတို့ မြတ်ဗုဒ္ဓထံ၌ ရဟန်းအဖြစ်ကို ရရှိကြပြီး ဥပတိဿ၏ ရဟန်းဘွဲ့တော်မှာ မယ်တော် သာရီပုတ္တရာဟု တွင်လာခဲ့သည်။ ကောလိတသည်လည်း မယ်တော်မောဂ္ဂလိပုတ္တရာမကြီးကို အကြောင်းပြုကာ မောဂ္ဂလာန်ဟု ဘွဲ့တော်တွင်လာခဲ့သည်။ အရှင်မောဂ္ဂလာန်သည် ရဟန်းပြု၍ (၇)ရက်မြောက်နေ့တွင် ရဟန္တာပုဂ္ဂိုလ် ဖြစ်လာခဲ့ပြီး အရှင်သာရီပုတ္တရာမှာ ရဟန်းပြု၍ (၁၅)ရက်မြောက်နေ့တွင် ရဟန္တာပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။

ရှင်သာရီပုတ္တရာရဟန္တာ ဖြစ်သည့်နေ့မှာပင် မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သာဝကသန္နိပါတ သံဃာ့အစည်းအဝေးကြီး ခေါ်ယူကျင်းပတော်မူခဲ့သည်။ ရဟန္တာအရှင်မြတ်အပေါင်း(၁၂၅၀)ရှိသော ထိုအစည်းအဝေးတွင် မြတ်ဗုဒ္ဓက ရဟန္တာဖြစ်၍ (၇)ရက်နှင့် (၁၅)ရက်ခန့်သာရှိသေးသော အရှင်မောဂ္ဂလာန်နှင့် အရှင်သာရီပုတ္တရာတို့ကို လက်ဝဲတော်ရံ အဂ္ဂသာဝကရာထူးနှင့် လက်ယာတော်ရံ အဂ္ဂသာဝကရာထူးတို့ကို အသီးသီးချီးမြှင့်အပ်နှင်းတော်မူခဲ့သည်။

အမှန်အားဖြင့် ထိုသာဝကသန္နိပါတ သံဃာ့အစည်းအဝေးပွဲကြီးတွင် ပါဝင်ကြသော ရဟန်းတော်များမှာ ဥရုဝေလ ကဿပ အမျူးရှိသော ရဟန္တာ(၁၀၀၀) အရှင်သာရီပုတ္တရာတို့နှင့် အတူပါလာခဲ့ကြသော ရဟန္တာအပေါင်း(၂၅၀) ပေါင်း(၁၂၅၀)ပါးသော ရဟန်းတော်များမှာ အားလုံး အရှင်သာရီပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ထက် ရှေးဦးစွာ ရဟန္တာဖြစ်နေကြသော ပုဂ္ဂိုလ်တွေချည်း ဖြစ်ကြသည်။ ထို့ထက် မိဂဒါဝုန်တောတွင် ရဟန်းဖြစ်ကြသော ပဉ္စဝဂ္ဂီ(၅)ဦးနှင့် ယသသတို့သားအပါအဝင် သူငယ်ချင်း(၅၅)ယောက်တို့မှာလည်း အားလုံးရဟန္တာအရှင်မြတ်များ ဖြစ်ကြသည်။ မြတ်ဗုဒ္ဓ မိဂဒါဝုန်တောမှ ဥရုဝေလသို့ ကြွလာစဉ် လမ်းခရီးတွင် ချေချွတ်တော်မူခဲ့သော ဘဒ္ဒဝဂ္ဂိညိနောင်သုံးကျိပ်တို့မှာလည်း အားလုံး ရဟန္တာအရှင်မြတ်များ ဖြစ်ကြသည်။

ထိုသို့ အရှင်သာရီပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ထက် အသက်၊ သိက္ခာကြီးမားသော ရဟန္တာပုဂ္ဂိုလ်များနှင့် အသက်အရွယ်မကြီးသော်လည်း ရှေးဦးစွာ ရဟန္တာဖြစ်ကြသော ပုဂ္ဂိုလ်များ ရှိနေပါလျက် သာသနာတော်တစ်ခုလုံး၏ အစောင့်အမြဲဆုံးသော လက်ယာတော်ရံ

www.burmeseclassic.com

မြတ်စွာဘုရားက ပဌမဝဋ်ငါးဦးအား အနတ္တလက္ခဏသုတ် ဟောကြားခဲ့ရာ ဗာရာဏသီ မိဂဒါဝုန် ဓမ္မစေတီရေတွင် ဘုရားလူများ အမှတ်တရ

အဂ္ဂသာဝက ရာထူးနှင့် လက်ဝဲဆောရံ အဂ္ဂသာဝက ရာထူးများကို ကြာသေးမီကမှ ရဟန်းဘောင်သို့ ရောက်၍ ပူပူနွေးနွေး ရဟန္တာဖြစ်ခါစ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကသာ ရရှိခဲ့ကြသည်။

ဤနေရာ၌ ပါရမီသဘောသည် အလွန်ပခာနကျသည်။ ပါရမီဟူသည်မှာ မိမိတို့ကိုယ်တိုင် ဖြည့်ကျင့်ဆည်းပူး အားထုတ်လာခဲ့ကြသော အကြောင်းတရား (သို့မဟုတ်) အလုပ်များဖြစ်သည်။ မြတ်ဗုဒ္ဓသည် ဒီပင်္ကရမြတ်စွာဘုရားထံတော်၌ ဘုရားဖြစ်တော်မူရန် ဗျာဒိတ်ခံဆုပန်ခဲ့ပြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလတိုင်အောင် မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် ပါရမီဖြည့် ကြိုးစားအားထုတ်တော်မူခဲ့သလို အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့မှာလည်း အနောမဒဿီမြတ်စွာဘုရားအထံတော်၌ အဂ္ဂသာဝကကြီးဆုများကိုပန်ကာ တစ်သောင်းကျော့နှင့် ကမ္ဘာတစ်သိန်းတို့တိုင်အောင် ပါရမီဖြည့် ကြိုးစားအားထုတ်လာခဲ့ကြသည်။

သို့ဖြစ်၍ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ထက် ရှေးဦးစွာရဟန်းပြုပြီး ရဟန္တာပဋိသမ္ဘိဒါဉာဏ်များ အများအပြားရှိကြပါသော်လည်း မြတ်ဗုဒ္ဓက အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကိုသာ လက်ယာတော်ရံ အဂ္ဂသာဝကနှင့် လက်ဝဲတော်ရံ အဂ္ဂသာဝကဘွဲ့ထူးဂုဏ်ထူးများကို အပ်နှင်းတော်မူခဲ့ခြင်းဖြစ်သည်။ ပါရမီရှင်ပဋိသမ္ဘိဒါထူးကြီးများဖြစ်ကြသောကြောင့်လည်း ဘုရားရှင်၏ သာသနာတော်၌ အရှင်သာရိပုတ္တရာက ပညာအရာအတော်ဆုံး အတတ်ဆုံး ဧတဒဂ်ဘွဲ့ထူးရင် ဖြစ်တော်မူလာခဲ့ပြီး အရှင်မောဂ္ဂလာန်မှာ တန်ခိုးအရာအသာဆုံး၊ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူးတော်မူသည့် ပုဂ္ဂိုလ်ကျော် ဖြစ်လာခဲ့သည်။

.အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ကိုယ်တော်တိုင် မြတ်ဗုဒ္ဓ၏ လက်ယာတော်ရံတပည့်ကြီး ဖြစ်လာခဲ့သလို ညီတော်၊ ညီမတော်များ အားလုံးကိုလည်း ဗုဒ္ဓဘာသာဝင်ဖြစ်စေရုံတင်မက သာသနာ့ဘောင်သို့ရောက်အောင် ဆွဲဆောင်သိမ်းသွင်းတော်မူနိုင်ခဲ့သည်။ ထို့အပြင် အရှင်သာရိပုတ္တရာ၏ ညီတော်၊ ညီမတော်အားလုံးမှာ သာသနာ့ဘောင်သို့ရောက်ကာ အားလုံး ရဟန္တာထေရ်၊ ထေရီပုဂ္ဂိုလ်မြတ်များဖြစ်လာခဲ့ကြသည်။ သို့သော် အရှင်သာရိပုတ္တရာ၏ ခမည်းတော်နှင့် မယ်တော်တို့မှာ ဗုဒ္ဓဘာသာ မဖြစ်ကြဘဲ သူတို့ဗြဟ္မဏဝါဒကို သက်ဝင်ယုံကြည်လျက် ကျန်နေခဲ့ကြသည်။ သားသမီးများအားလုံး မြတ်စွာဘုရားရှင် သာသနာတော်ထဲသို့ ဝင်ရောက်သွားခြင်းကိုပင် ဂေါတမဗုဒ္ဓ၏ လိမ္မာလှည့်ဖြားမှုကို ခံကြရသဖြင့် လမ်းမှားသို့ လိုက်ပါသွားကြသည်ဟု ပြောဆိုကြသည်။

အရှင်သာရိပုတ္တရာသည် မြတ်ဗုဒ္ဓ၏ လက်ယာတော်ရံတပည့်ကြီးတစ်ပါးအဖြစ်ဖြင့် (၄၄)ဝါကာလတိုင်တိုင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားအတွက် ဆောင်ကြဉ်းပေးတော်မူခဲ့သည်။ ထို့နောက် ပရိနိဗ္ဗာန်ပြုမည့်နေ့တွင် အသက်ထင်ရှားရှိနေသည့် မိခင်အိုကြီးကို နောက်ဆုံးကျေးဇူးဆပ်ရန် သာဝတ္ထိဇေတဝန်ကျောင်းတော်မှ ငါးရာသော ရဟန်းတို့နှင့် အတူတကွ ကြွလာတော်မူခဲ့သည်။ ခုနစ်ရက်မြောက်သောနေ့ ညနေချမ်းအချိန်တွင် မိမိမွေးဖွားတော်မူခဲ့ရာ (နာလကရွာ)နာလန္ဒာသို့ ရောက်ရှိခဲ့သည်။ ထိုနေ့သည်ကား တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သည်။ နာလန္ဒာရွာအနီးရှိ ပညောင်ပင်ရင်း၌ ရပ်နေတော်မူ၏။

ထိုအခါ ဥပရေဝတအမည်ရှိသော မထေရ်မြတ်၏ တူတော်တစ်ယောက်သည် ရွာအပြင်သို့ထွက်လာခဲ့ရာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကိုမြင်လျှင် အနီးသို့ ချဉ်းကပ်ကာ ရှိခိုးကန်တော့သည်။ ထိုအခါ မထေရ်မြတ်က မိခင် သာရိပုဇ္ဇောမအား သူရောက်နေကြောင်းနှင့် ယနေ့တစ်ရက်လုံး

www.burmeseclassic.com

မြတ်စွာဘုရား ကွယ်တော်မူခဲ့ရာ ကုသိနာရုံတွင်
တေးရေးဆရာ ဒီတော်ဝေဠု(ဂ)ဦးအေးတို့တရ

ရွာတွင်း၌နေမည်။ သူဖွားမြင်ရာတိုက်ခန်းကို ရှင်းလင်းထားရန်နှင့် အတူပါလာသော ရဟန်းငါးရာ တည်းခိုရန်နေရာကိုလည်း စီစဉ်ပေးရန် ဥပရေဝတမှတစ်ဆင့် မှာကြားလိုက်သည်။ ထို့ကြောင့် မိခင်ကြီးမှာ မထေရ်မြတ်၏ မှာကြားချက်အတိုင်းပင် စီစဉ်ထားသည်။

အရှင်သာရိပုတ္တရာသည် ရဟန်းငါးရာတို့နှင့်အတူ မယ်တော်၏ရွာသို့ ဝင်တော်မူပြီးလျှင် မယ်တော်၏ ပြာသာဒ်သို့ တက်တော်မူ၍ မိမိဖွားမြင်တော်မူခဲ့ရာဖြစ်သော တိုက်ခန်းသို့ ဝင်တော်မူ၏။ နေရာ၌ ထိုင်တော်မူပြီးသောအခါ ရဟန်းတို့ကို မိမိတို့နေရာသို့ သွားနိုင်ကြပြီဟု ရဟန်းတို့ကို လွှတ်တော်မူလိုက်သည်။ ရဟန်းတို့ ထွက်သွားကြလျှင်ပင် မထေရ်သည် ပြင်းထန်ကြမ်းတမ်းသော (ဝမ်းသွေးသွန်)ရောဂါ ဖြစ်၏။ တစ်ခုသောဘဝက ပြုလုပ်ခဲ့သော ဝိပါက်ဝဋ်ကြွေးကြောင့် ပရိနိဗ္ဗာန်ပြုခါနီးတွင် အကြီးအကျယ် သွေးဝမ်းလားသည့် ရောဂါဝေဒနာဆိုးကို ခံစားတော်မူခဲ့ရသည်။

စတုမဟာရာဇဓနတ်မင်းကြီး လေးယောက်တို့သည် အရှင်သာရိပုတ္တရာကား ယခု အဘယ်မှာနည်းဟု ကြည့်လေသော် နာလန္ဒာရှိ ဖွားမြင်တော်မူရာ တိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုတော်မူမည်ကို သိကြ၍ နောက်ဆုံးပူဇော်မှုကိုပြုရန် လာရောက်ပြီး မထေရ်မြတ်အား ရှိခိုးကာ အနီး၌ ရပ်နေကြသည်။

'သင်တို့ကား အဘယ်သူတို့နည်း'

'အရှင်ဘုရား..စတုမဟာရာဇဓနတ်မင်းကြီးများ ဖြစ်ကြပါသည်'

'အဘယ်ကြောင့် လာကြသနည်း'

'မကျန်းမာသော အရှင်ဘုရားကို ပြုစုရန် လာကြပါသည်'

'သူနာပြုရဟန်းတွေ ရှိသည်။ သင်တို့ ပြန်ကြကုန်လော့'

စတုမဟာရာဇဓနတ်မင်းကြီးတို့ ပြန်သွားပြီးသောအခါ သိကြားမင်းသည်လည်းကောင်း၊ ဗြဟ္မာမင်းသည်လည်းကောင်း ထိုနည်းတူပင် မထေရ်မြတ်ထံသို့ ရောက်လာကြ၏။ မထေရ်မြတ်သည်လည်း ရှေးနည်းတူစွာပင် မေးမြန်းပြောဆိုကာ ပြန်လွှတ်တော်မူလိုက်သည်။

ထိုအခါ မယ်တော်သည် နတ်တို့လာကြသည်ကိုလည်းကောင်း၊ ပြန်သွားသည်ကိုလည်းကောင်း သိသဖြင့် မထေရ်မြတ်ထံသို့ သွားမေး၏။

'ချစ်သား..သင့်ထံသို့ ရှေးဦးစွာ လာသူတို့ကား အဘယ်သူတို့နည်း'

'စတုမဟာရာဇဓနတ်မင်းကြီးလေးယောက်တို့ ဖြစ်ကြသည်'

'သင်ချစ်သားသည် နတ်မင်းကြီးတို့ထက် သာလွန်၍ မြတ်သလော'

'ဤနတ်မင်းကြီးတို့သည် ကျောင်းအရံစောင့်နတ်များနှင့် တူကြပေသည်။ ကျွန်ုပ်တို့မြတ်စွာဘုရား ပဋိသန္ဓေနေတော်မူသည့်အချိန်၌ သန်လျက်ကိုကိုင်၍ စောင့်ကြကုန်၏'

'ထိုသူတို့နောက် အဘယ်သူ လာသနည်း'

'သိကြားမင်း ဖြစ်ပေသည်'

'နတ်တို့အရှင်သိကြားမင်းထက်ပင် သင်ချစ်သားသည် သာလွန်၍ မြတ်သလော'

'သိကြားမင်းသည် ပစ္စည်းဘဏ္ဍာကို ကိုင်ဆောင်၍ လိုက်သော သာမဏေနှင့်တူ၏။ ကျွန်ုပ်တို့ မြတ်စွာဘုရားသည် တာဝတိံသာမှ ဆင်းသက်တော်မူသောအခါ သပိတ်သင်္ကန်းကိုကိုင်၍ လိုက်ခဲ့သည်'

'သိကြားမင်း၏နောက်၌ တောက်လောင်အံ့သကဲ့သို့ လာသူကား အဘယ်သူနည်း'

'အို..ဥပါသိကာမကြီး၊ သင်တို့၏ဘဂဝါ (ဘုန်းရှင်

www.burmeseclassic.com

ဘုရား)ဖြစ်သော မဟာဗြဟ္မာ ဖြစ်သည်'

'ငါတို့၏ ဘဂဝါဖြစ်သော မဟာဗြဟ္မာထက် သင်ချစ်သားသည် သာလွန်၍ မြတ်သလော'

'အို..ဥပါသိကာမကြီး မှန်၏။ အကျွန်ုပ်တို့ မြတ်စွာဘုရားဖူးတော်မူသောအခါ မဟာဗြဟ္မာလေးယောက်တို့သည် ရွှေကွန်ရက်ဖြင့် ခံယူခဲ့ကြသည်'

ထိုအခါ မယ်တော်က 'ငါ့သား၏ဂုဏ်ကား ဤမျှကြီးမား၏၊ မြတ်စွာဘုရား၏ဂုဏ်ကား အဘယ်သို့ရှိမည်နည်း' ဟု မေး၏။

'အို..ဥပါသိကာမကြီး၊ ကျွန်ုပ်တို့မြတ်စွာဘုရား ဖွားတော်မူသောအခါ၊ တောထွက်တော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ ဓမ္မစက်ကြာတရားကို ဟောတော်မူသောအခါတို့၌ စကြဝဠာတစ်သောင်း တုန်လှုပ်၏။ သီလအားဖြင့် မြတ်စွာဘုရားနှင့်တူသောသူကား မရှိ။ သမာဓိအားဖြင့်၊ ဩဃာအားဖြင့်၊ ကိလေသာမှ လွတ်မြောက်ခြင်းအားဖြင့်၊ ဉာဏ်အမြင်အားဖြင့် တူသောသူသည် မရှိပြီ'

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့နှင့်စပ်သော တရားကို ဟောတော်မူ၏။ ယင်းသို့သွေးဝမ်းလားနေသည့်ကြားက အရှင်မြတ်ကြီးမှာ မိခင်အိုကြီးကို နောက်ဆုံးကျေးဇူးဆပ်သည့်အနေဖြင့် တရားဟောတော်မူခဲ့ခြင်းဖြစ်သည်၊

သားတော်ကြီး ဟောကြားတော်မူသည့် တရားကို နာကြား၍ မိခင်သာရီပုတ္တရာမကြီးမှာ ဗြဟ္မာဏအယူဝါဒကို ဖွဲ့လွတ်ကာ ရတနာသုံးပါးကို အသက်ထက် ချစ်မြတ်နိုးတတ်သော သောတာပန်အရိယာဥပါသိကာမကြီး ဖြစ်လာခဲ့သည်။ သို့သော် သားတော်အရှင်သာရီပုတ္တရာ အရှင်မြတ်ကြီးမှာမူကား မိခင်ကြီးသောတာပန်ဖြစ်၍ မကြာမီမှာပင် ဝရိန်ဗွာန်ဝင်စံတော်မူခဲ့သည်။

သို့ဖြစ်၍ နာလန္ဒာတက္ကသိုလ်ဟောင်း ခြံဝင်းအတွင်း အနောက်တောင်ထောင့်အရပ်တွင် တင့်တယ်သပ္ပာယ်စွာတည်ရှိနေသော စေတီတော်ကြီးသည်ကား လက်ယာတော်ရာ အရှသာဝကပညာအရာ ဧတဒဂ်ဘွဲ့ထူးရ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး မွေးဖွားတော်မူခဲ့ရာ အနန္တဂုဏ်အင်ကျေးဇူးရှင်မိခင်ကြီးအား နောက်ဆုံးကျေးဇူးဆပ်သည့်နေရာနှင့် ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်နေရာ အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်ခဲ့သော စေတီတော်ကြီးဖြစ်သည်။

ဗုဒ္ဓမြတ်စွာသာသနာတော်၌ မြတ်စွာဘုရားပြီးလျှင် ဒုတိယအရေးပါဆုံး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအနေဖြင့် ဇာတိချက်ကြွေ မွေးဌာနေသို့ကြွရောက်ပြီး မိခင်ကြီးအား နောက်ဆုံးကျေးဇူးဆပ်ရင်း ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် ကျေးဇူးရှင်မိခင်ကြီးကို ကျေးဇူးဆပ်ရုံသက်သက်မျှသာမက နာလန္ဒာဆိုသည့်နေရာကို ဤကမ္ဘာမြေကြီးတည်ရှိနေသရွေ့ နာမည်ကျော်ကြား လူအများစိတ်ဝင်စားသော နေရာတစ်ခု ဖြစ်ကျန်ခဲ့အောင် နောက်ဆုံးကျေးဇူး ဆပ်တော်မူခဲ့ခြင်းဟု ဆိုရမည်ပင်။

ဆရာတော် ဒေါက်တာနန္ဒကသည် အထက်ပါအတိုင်း အရှင်သာရိပုတ္တရာစေတီတော်နှင့်ပတ်သက်၍ အသေးစိတ်စိတ်ရှည်လက်ရှည် ရှင်းပြပြီးနောက် ကမ္ဘာကျော် နာလန္ဒာတက္ကသိုလ် သမိုင်းကြောင်းကိုပါ တစ်ဆက်တည်းရှင်းလင်းမိန့်ကြားတော်မူသည်။ ထို့နောက် စာရေးသူမှာ ဆရာတော်နှင့်အတူ အရှင်သာရိပုတ္တရာစေတီတော်ကို နောက်ခံထားကာ အမှတ်တရဓာတ်ပုံရိုက်ခဲ့သည်။ အခြားဘုရားဖူးများမှာလည်း နာလန္ဒာတက္ကသိုလ်ဟောင်းဝင်းထဲတွင် အမှတ်တရဓာတ်ပုံရိုက်ကြသည်။ နေ့လယ်စာစားရန် အချိန်ရောက်နေပြီဖြစ်သဖြင့် မိမိတို့တည်းခိုရာ တရုတ်-မြန်မာ ဘုန်းကြီးကျောင်းသို့ ပြန်လာခဲ့ကြသည်။

တွန်းအားရှင်

www.burmeseclassic.com

www.burmeseclassic.com

စလင်းမြို့ဟောင်းသို့ အညာခရီးနှောင်းခရီး

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)

စလင်းမြို့သူဖြစ်တဲ့ ဒဂုံတက္ကသိုလ် ရှေးဟောင်းသုတေသနဌာနက ပါမောက္ခ ဒေါ်ကြော့မျိုးအောင်၊ သူဖခင်ကြီး သူကောင်း ဦးစိန်ရိုး(အနောက်တံခါးမျိုး၊ မောင်မျိုး အမည်နဲ့ ကိုလိုနီခေတ် မြို့အုပ်တစ်ဦး၏မှတ်တမ်း ဆောင်းပါးရှည်ကြီး ရေးသားနေသူ)တို့၊ စလင်းသူ သမိုင်းသုတေသနက မာလာအောင်တို့နဲ့ အချိန်အတော်ကြာ ခင်မင်ရင်းနှီးနေခဲ့လို့ သူတို့ ဂုဏ်ယူစွာ ပြောပြောနေတဲ့ သူတို့မြို့ စလင်းကို စိတ်ဝင်စားနေမိပေမယ့် အရောက်သွားဖို့တော့ အလှမ်းဝေးနေခဲ့ပါတယ်။

ဂျူးရဲ့ နာမည်ကျော်ဝတ္ထုရှည်တစ်ပုဒ်ကို ဖတ်ရတုန်းကလည်း စလင်းမြို့နဲ့ ဝက်သည်းကန်ကြီးဟာ စိတ်ထဲမှာ စွဲနစ်ဝင်ရောက်သွားခဲ့တယ်။ စလင်း၊ စကုမြို့တွေမှာ အစဉ်အဆက် ပေါ်ထွန်းခဲ့တဲ့ သူကောင်းမျိုးဆိုတဲ့ လူတန်းစားတစ်ရပ်ကိုလည်း စိတ်ဝင်စားမိတယ်။

ကြည့်မြင်တိုင်မှာ မကြာသေးခင် နှစ်ပိုင်းအတွင်း ပြောင်းရွှေ့နေမိတော့လည်း စလင်းကျောင်းတိုက်၊ စလင်းကွင်းတွေနဲ့ နီးနေရဲ့။ မကွေးက ဓာတည့်မလေး ချိုချိုကို တတ်တဲ့ပညာ မနေသာဘဲ ပညာသင်ပေးရတော့လည်း သူက စလင်းသူတဲ့။ စလင်း၊ စလင်း၊ စလင်း ဆိုတဲ့ အသံတွေဟာ ကိုယ့်နားထဲကို ပိုလို့တိုးဝင်လာနေပါပေါ့။ ပိုပိုပြီး ကျယ်လောင်စွာ ကြားလာရတဲ့ စလင်းဖိတ်ခေါ်သံတွေလား မသိ။

ဒီလိုနဲ့ပဲ ဒီနှစ် နွေနှောင်းကာလမှာ စလင်းကို တကယ် သွားဖြစ်ပါတော့တယ်။ ခရီးစထွက်ကတည်းက တစ်ခါက ရေဒီယိုလေလှိုင်းကြားမှာ မကြာခဏကြားရတဲ့ အညာဘုရားဖူး သီချင်းကိုလည်း တဖွဖွရွတ်ဆိုနေမိပေါ့။

'ပျော်စရာကောင်း နေရာဟောင်းကို××× အောက်မေ့လို့××× တစ်ခေါက်တစ်ခါ သွားဖို့ပြင်ပါ××× ပို့ဖို့ဝန်တာ မောင့်အတွက် ချန်ထားပါ' တဲ့။

ကိုယ်က မြစ်ဝကျွန်းပေါ်သားမို့ အညာဟာ နေရာဟောင်း မဟုတ်သလို ပို့ဖို့ဝန်တာ အတွက်လည်း တာဝန်ယူမယ့်သူ မပူရဘဲ မိုးသောက်ရောင်နီ အဝေးပြေးအအေးခန်း ကားနဲ့ပဲ ခရီးနှင်ခဲ့ပါတယ်။

'တပေါင်းရောက်ပြီ နွေအခါ××× ချောင်းတစ်လျှောက်ဆီ နေခြည်ဖြာ' နေမယ့် အညာနွေအလှကိုလည်း ရင်ခုန်နေမိတယ်။

မုန်းချောင်းကို ကျော်ဖြတ်နေခိုက်မှာတော့ 'မုန်းချောင်းကို ကျော်တဲ့ခါ×××ရောက်ပါတော့မယ် ကျွန်တော်တို့ ကုန်းဓောင်းရွာ×××' ဆိုတဲ့ ချင်းပိုဒ်ကို သတိရလိုက်မိရဲ့။

www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့မနက် အစောကြီး (၄)နာရီလောက်မှာ ခရေးမြို့ကိုရောက်ပြီး ဇရာဝတီမြစ်ကူးတဲ့တားကြီးကိုဖြတ်ကာ မင်းဘူးကို ဆက်သွားတယ်။ မင်းဘူးမြောက်ဘက် (၃၈)မိုင်ကွာမှာ စလင်းရှိနေတာပါ။ လမ်းခရီးအကြားမှာ ခွင့်ဖြူမြို့ကို ဖြတ်ရပြီး ပွင့်ဖြူကနေ စလင်းကို (၁၃) နှိုင်သာ ဝေးပါတယ်။

ပွင့်ဖြူ၊ အင်မတန်လှတဲ့ မြို့အမည်လေးပါ။ ဒီလောက်လှတဲ့နာမည်နဲ့ မြို့လေးဟာ ဘယ်လောက်များ လှလေမလဲ ကြည့်ချင်မိပေမယ့် အလင်းရောင်သိပ်မရလို့ မမြင်ခဲ့ရပါဘူး။ ပွင့်ဖြူဘူတာဆိုတဲ့ လမ်းညွှန်လေးကို တွေ့ပေမယ့် ဘူတာကိုလည်း မတွေ့ရ၊ ရထားလမ်းလည်း မမြင်ရဘူးလေ။

မနက်(၆)နာရီခွဲကျော်ကျော်မှာ စလင်းကို ရောက်သွားတယ်။ ကားကြီးကတော့ စလင်းကနေ ဆင်ဖြူကျွန်းမြို့ကို ဆက်လက်ချီတက်သွားပြန်ပါတယ်။ စေတုတ္တရာမြို့ကလည်း စလင်းကနေ (၃၆)မိုင်လောက် ဆက်သွားရတဲ့အကွာအဝေးပေမယ့် တောင်တွေ,တောတွေထူပြီး အကွေ့အကောက်များလို့ (၅)နာရီလောက် သွားရပါသတဲ့။

မနက်စာအတွက် သစ်ပင်ရိပ်၊ မြေပြင်မှာ ထိုင်လုပ်နေတဲ့ မုန့်ပျားသလက်ဝယ်ပြီး လက်ဖက်ရည်ဆိုင် သွား



မဇ္ဈေမသုခလွန်ဘုရား



ကျပင်းဒါးမုက်နာဘုရား

ကြတယ်။ ပဲစေ့လေးတွေနဲ့ လုပ်ထားတဲ့ ဆန်မုန့်ကို ကြာဖက်ဝိုင်းဝိုင်းနဲ့ ထုပ်ပေးလိုက်တာကို သဘောကျမိရဲ့။ ရှေးဟောင်းတိုက်အိုကြီးရှေ့က လက်ဖက်ရည်ဆိုင်ကလည်း စိတ်ဝင်စားစရာပါ။ နေ့လယ်စာကိုတော့ ဒေသထွက် ဝက်သည်းကန်ထဲက ဝိတ်စွယ်၊ ဝါစေ့ပင်ပေါက်နဲ့ စားခဲ့ရတယ်။ စလင်းဟာ မိုးခေါင်ရေရှားရပ်ဝန်းဒေသ အပူပိုင်းခုံမှာပေမယ့် ရေလည်း မရှားပါဘူး။

စလင်းမြို့ပေါ်မှာ ရပ်ကွက်ကြီး(၈)ရပ်ကွက်ရှိပြီး ပုထိုးဖြူရပ်ကွက်မှာတော့ စေတီပုထိုးတွေ အများဆုံးရှိနေပါတယ်။

နရပတိစည်သူလမ်းမကြီးပေါ်က အိမ်မှာ တည်းခိုခဲ့တယ်။ ကုလားကျမင်းရဲ့သားတော် နရပတိစည်သူမင်းဟာ စလင်းကို တည်ခဲ့တာမို့ ဒီလမ်းကို သူ့အမည်ပေးခဲ့တာဖြစ်မယ်။ မုံရွေးဒေတဝန်ဆရာတော် မှတ်စုမှာ(ကြာဖက်အင်း စလင်းတည်)ဆိုလို့ (၂၅၁)ခုနှစ်မှာ တည်ခဲ့တာပါ။ [အနော်ရထာကျွန်ယုံ မဟာပုဏ္ဏား၊ တည်တုံ(၃၈၃၊ ၅၅၆)ရှိ နရပတိမှတ်ဘိ အလွယ်ဆုံး၊ (၇၃၂)တွေ့ သီဟပတေ့ တည်လေ့မြို့နယ်ချုံး၊ (ပ-၃-တိ)မှ အစဉ်သာ လျင်စွာ သိနှလုံး၊ စာလင့်ခေါ်ရင်း မြို့စလင်း ရှင်းရှင်းမှတ်ပါဦး]ဆိုတဲ့ လင်္ကာအရတော့ စရပ်ဝင်းကို သုံးကြိမ်တည်ခဲ့တယ်လို့ ဆိုပါတယ်။

www.burmeseclassic.com


ဘုန်းကြီးကျောင်းစာ ဝရုဖောင်းလက်ရာများ

ဦးဖြူ-ဦးညိုနှစ်ကွန်း

ပန်းပု၊ စကု ပန်းချီ' ဆိုသလို လက်ရာမြောက်ပြီး လှပတဲ့ ရုပ်စုံကျောင်းကြီးတွေလည်း ဝင့်ကြွားထည်ဝါစွာ ရှိနေရဲ့။ ဘုန်းကြီးကျောင်းတွေ များပေမယ့် ရက်ကွက်အလိုက် သူ့လ၊ သူ့ရက်နဲ့သူ ခွဲဝေတာဝန်ယူပြီး ဆွမ်းသပိတ်လောင်း လှူပွဲတွေကို တစ်နှစ်ပတ်လုံး ကျင်းပနေကြလို့ ရဟန်း သံဃာတွေအတွက် ဆွမ်း,ကွမ်း အဆင်ပြေခဲ့ပါတယ်။

ပျူတို့ရဲ့ ကျပင်းမြို့ဟောင်းနဲ့ ကျပင်းဆရာဖီး

နွေလယ်စာ မစားခင်မှာဘဲ စလင်းကနေ နွယ်တမယ်ကို ဖြတ်ကျော်ပြီး ကျပင်းက ငါးမျက်နှာဘုရားကို သွားဖူးကြတယ်။ စလင်း-ဆိပ်ဖြူ ကားလမ်းမကြီးရဲ့ အရှေ့ဘက်မှာ ကျပင်းတောင်ရွာနဲ့မြောက်ရွာ နှစ်ရွာလုံး ရှိနေရဲ့။ စလင်းရဲ့မြောက်ဘက် (၁၀) မိုင်ခွဲလောက်မှာရှိနေတဲ့ ကျပင်းရွာဟာ တစ်ခါတုန်းကတော့ အလွန်စည်ကားတဲ့ မြို့တစ်မြို့ပါ။ စလင်းရဲ့ အရှေ့မြို့(၅)မြို့ (ကျပင်း၊ ဖောင်းလင်း၊ စေတုတ္တရာ၊ ကျောက်စစ်နဲ့ ဖအိုင်းမြို့)မှာ အပါအဝင်ပေါ့။ ကျပင်းကို ပျူမြို့ဟောင်းလို့လည်း ဆိုကြရဲ့။

'ချင်းစစ်တော့ စလင်း၊ မင်းစစ်တော့ ကျပင်း' ဆိုတဲ့ အဆိုအရ ပျူခေတ်ပျက်စီးသွားတော့ ပျူလူမျိုးအဆက်တွေဟာ ဒီမှာ လာရောက်

စလင်းကုသိုလ်ကုန်းတည်ခင်းရေသွင်းတဲ့ကြာဇော်အုပ်ဝေဒုံး

www.burmeseclassic.com

စလင်းကျေးရွာ ကထုန်တောင်ရေခဲသေတ္တာမှ ထင်ကာ

နေထိုင်ကြတယ်လို့ ပြောကြရဲ့။ 'ကြာအိုအင်း ကျပင်း' ဆိုတဲ့ ရွေးစကားအရ ကျပင်းမြို့တည် သက္ကရာဇ်ဟာ (၂၁၁)ခုမို့ ပုဂံနဲ့ တစ်နှစ်တည်းပဲလို့လည်း ဆိုကြတယ်။ ကြာပင်တွေလည်းပေါ်၊ အင်းတွေလည်း ရှိလို့ ကြာပင်အင်းလို့ အမည်တွင်ခဲ့ရာက ကျပင်းရယ်လို့ ဖြစ်သွားပါတယ်။

ငါးမျိုးနှာဘုရားကုန်းအတက်မှာ ကျပင်း ဆရာဖီးအုတ်ဂူကို တွေ့နိုင်ရဲ့။ ဆရာဖီးဟာ ဇာတ်မင်းသားကြီး ရွှေမန်းတင်မောင် ကပြခဲ့တဲ့ ဒုဒ္ဒဝင်ဇာတ်ထုပ်တွေကို နံဘေး၊ ကာမန်နဲ့ ထိမိလှပစွာ ရေးသားပေးခဲ့သူပါ။ ဆရာဖီးဟာ အခြားလောကီ၊ လောကုတ္တရာ စာချိုးစုံကိုလည်း ရေးသားခဲ့တဲ့အပြင် ကိုယ်တိုင်လည်း ထူးခြားစွာ သရုပ်ဆောင်နိုင်လို့ ဇာတ်သဘင်မှာ စွယ်စုံမင်းသားကြီးအဖြစ် နာမည်ရခဲ့တယ်။ ဆင်ဖြူကျွန်းသားဆောကျိုးမင်းသမီး အောင်ဗလနဲ့တွဲပြီး သူကပြခဲ့တဲ့ ကျွတ်သူတော် မောင်နှမဇာတ်ဟာ အလွန်အောင်မြင်ခဲ့ပါတယ်။

စလင်းနယ်တစ်ဝိုက်မှာ စေတီတွေကို ရှင်ပင်လို့ ရှေးကတည်းပြီး ဘွဲ့မည်ပေးတတ်ကြတယ်။ ငါးမျက်နှာစေတီရဲ့ ခေါင်းလောင်းပုံ အောက်ပိုင်းမှာ ဘီလူးရုပ်တွေအစား လက်အုပ်ချီနေတဲ့ သိကြားမင်းရုပ်တွေရှိပြီး အထက်ပိုင်းမှာတော့ ညောင်ရွက်ကြီးတွေနဲ့ပါ။ ဖောင်းရစ်တွေကိုလည်း လုံးချာမဟုတ်ဘဲ ကြာလန်းကြာဖတ်တွေနဲ့ ဒီဇိုင်းထားပါတယ်။ ဘုရားအောက်ခံဥလိုဏ်တွင်းမှာတော့ လက်ရာမြောက်လှတဲ့ ဆင်းတုတော် ငါးဆူအပြင် အလယ်မင္ဂလာဆောင်ကို ကျောမှီကာ ဆင်ယင်နေကြရဲ့။ တချို့က မတိရုပ်ဆောင်၊ တချို့က ခြေချပြီး ထိုင်တော်မူနေပုံတွေပါ။ ရှေးကျတဲ့ လက်ရာတွေမို့ ဦးခေါင်းတော်တွေက ကိုယ်လုံးတော်အချိုးအစားထက် အတော်လေး ပိုမိုကြီးပေမယ့် သပ္ပာယ်ကြည်ညိုဖွယ် ဖြစ်ကြတယ်။

ရင်ပြင်တော်မေါ်ကနေ အရှေ့ကို လှမ်းမျှော်ကြည့်ရင် ဧရာဝတီမြစ်ကြီးကို ခပ်ဖျဖျမြင်ရတယ်။ ရင်ပြင်ရဲ့ အနောက်တောင်ဘက်မှာတော့ အုတ်တိုက်ထူထူပိတ်ပိတ်နဲ့ ဦးဖြူ-ဦးညို နတ်ကွန်း၊ သရေခေတ္တရာ ဒွတ္တဘောင်မင်းထံ အမှုတော်ထမ်းတဲ့ သူရဲကောင်း မောင်ဖြူနဲ့ မောင်ညိုတို့ရဲ့ နတ်ကွန်းပေါ့။ ခွန်အားဗလ ကြီးမားလှတဲ့ ပန်းပဲမောင်တင့်တယ်နဲ့ နဂါးမ ရွှေနဘေတို့က မွေးဖွားတဲ့ သားနှစ်ပါး

စလင်းကျေးရွာ ကထုန်တောင်ရေခဲသေတ္တာမှ ထင်ကာ

www.burmeseclassic.com

စလင်းဧက်သည်းကုန်ဝဆးတန်ဝရာင်ကုဖုန်းဘုရား



စလင်းမြို့တစ်နေရာက ဓာတ်တော်ရှိဘုရား

ဖြစ်ပြီး ညီအစ်ကိုချင်း လက်တွေ့ထိုးသတ်ရင်း အမောဆို့သေဆုံးသွားကြတာပါ။ နတ်ကိုးကွယ်သူတွေဟာ ရိုးရာဓလေ့အားဖြင့် (၃)နှစ်တစ်ကြိမ် လာရောက်ကန်တော့ကြလို့ ဘုရားရှေ့မှာထက် နတ်ကွန်းရှေ့မှာတော့ လူတွေ ပိုစည်ကားနေပါတယ်။

ဘုရားကုန်းတော်အောက်က ဘုန်းကြီးကျောင်းမှာ တော့ ရက်ကန်းစင်၊ ဗိုင်းငင်ခုံနဲ့ ဖိုထိုးတဲ့ ဖားဖိုကိုလည်း တွေ့လိုက်ရတယ်။ သစ်သားကျောင်းအိုကြီးပေါ်မှာတော့ သစ်သားပန်းပုတွေနဲ့ ထုံမွမ်းထားတဲ့ ဘုရားဆောင်ကြီးရှိပြီး အထဲမှာ ဂိုဒေါင်လို ပြွတ်သိပ်ထည့်ထားတဲ့ မှန်စီရွှေချ စာတိုက်တွေ၊ ဆင်းတုတော်တွေ၊ ပန်းပုလက်ရာတွေ အများအပြား ရှိနေရဲ့။ ဆွမ်းစားဆောင်မှာတော့ တုံးမောင်းကြီး တွေ့လိုက်ရပေါ့။



စလင်းမြို့ကဓာတ်တော်ရှိသည်းကုန်းကြီးအလှ

အပြန်လမ်းမှာ ရေတစ်စက်မှမရှိတဲ့ ပကတိ သဲပြင်ကြီးလို စလင်းချောင်းဆဲ သဲပုံစေတီလေးကို တွေ့လိုက်ရလို့ ကားခဏရပ်ခိုင်းပြီး ဓာတ်ပုံရိုက်ယူတယ်။ သုံးဆူဘုရားကို ဝင်ဖူးတော့ ရင်ပြင်ကို ဖြတ်တဲ့အခါ မီးဖိုပေါ်က ဒယ်ပြားပေါ် လျှောက်ရသလို ခြေဖဝါးတွေ ပူလှရဲ့။ သက်သာလို သက်သာငြား မြေပြင်က သဲပေါ် ဆင်းလျှောက်တော့ စူးလိုက်တဲ့ဆူးတွေ၊ သေးသေးဖြူဖြူလေးတွေမို့ နွှတ်ရလည်း ခက်ရဲ့။ စေတီလေးနဲ့ က ဘီလူးမ သူငယ်တော်နဲ့ ကျား

www.burmeseclassic.com

www.burmeseclassic.com

ဝေခ်ီးဆုံးဆုဘုရားအာထုံးရြားတဲ့ ရွှေသံရှင်ဦး

ဝေဿဝဏ်-ဝေဿဝဏ်တိုက်ရုပ်ရုပ်

ပေါ်မှာ ပခုံးတင်ပြီး ပတပ်ရပ်နေတဲ့ ခြင်္သေ့ကြီးတွေကို စတိပုံအပြေးအလွှားရိုက်ပြီး ကားပေါ် ပြန်ရောက်တဲ့အခါ ဆူးလေးတွေက စစ်ခနဲ,စစ်ခနဲ ထိုးထိုးနာလာတယ်။ 'ဆူးလေကစူး လေပွေရူးတွေ×××တာဟူးဟူးတိုက်တဲ့ အချိန်များမှာ' ဆိုတဲ့ သီချင်းမှာ ကြားဖူးထားတဲ့ ဆူးလေစူးတွေပါ။ အညာဒေသ သင်ခန်းစာကို အများကြီးရသွားပေါ့။

ညနေပိုင်းမှာတော့ နာမည်ကြီးလှတဲ့ စလင်း ညောင်ရေသွန်းပွဲတော် ကျင်းပရာ ကုသိနာရုံဘုရားကို သွားကြတယ်။ လမ်းပေါ်မှာ ဆင်အက၊ ဇော်အကတွေ ကပြရင်း ပွဲတော်ကို ချီတက်နေကြလို့ လူတွေ ကျိတ်ကျိတ်တိုး စည်ကားနေရဲ့။ ဖောင်းလင်းမြို့မကျောင်း ဇော်ဂျီယိမ်းအဖွဲ့ရဲ့ ဇော်ကဟာ လူကြိုက်များပြီး အလွန်ကျော်ကြားပါထယ်။ ရသေ့၊ အဝတ်ဖြူဝတ် ဘိုးသူတော်၊ ဇော်(၁၄)ယောက်နဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှရဲ့။ သီချင်းတိုင်းပေးတဲ့ လူကြီးတွေကလည်း မြူးကြွထိမိလှတဲ့ စာသားတွေကို အားပါးတရ ဟစ်ကြွေးနေကြတယ်။ စာသားတွေကလည်း ကောင်းလှရဲ့။ ကြေးနောင်၊ မောင်း၊ ဇော်ဂျီကိုင်တောင်ဝှေး ရိုက်ခတ်သံတွေသုံးပြီး ကပြလို့ အတော့်ကို ကြည့်ကောင်းတယ်။ ဒါကို ဖောင်းလင်းတစ်ရွာတည်းမှာပဲ ကလေ့ရှိပြီး သူတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဆွေစဉ်မျိုးဆက် ထိန်းသိမ်းကပြရတဲ့ ဒြပ်မဲ့ယဉ်ကျေးမှု(Intangible Culture) ပါ။ Skynet ရုပ်သံအစီအစဉ်ကနေလည်း ရိုက်ကူးထုတ်လွှင့်ပေးဖူးတယ်တဲ့။ ညောင်ရေသွန်းဖို့ သယ်လာကြတဲ့ မြေအိုးလေးတွေမှာ ရေတွေ မဖိတ်စဉ်ရအောင် အပေါ်ကနေ ကြာဖတ်ဝိုင်းဝိုင်းလေးအုပ်ပြီး အိုးမှာ စည်းနှောင်ထားရဲ့။

ညောင်ရေသွန်းပြီးတဲ့အခါ ပွဲစေးကို လျှောက်ကြ

ဝေခ်ီမြို့ကုသိနာရုံဘုရားထုံးဆောင်းအာ ရွှေဖောင်းမန်ခုံးအား

www.burmeseclassic.com



စလင်းမြို့က ရာဇသံခြောက်ဘုရား

ဖျော်ကြပါတယ်။

နောက်နေ့မှာတော့ မကွေးကို ပြန်သွားရင်း လမ်းတစ်လျှောက် ဘုရားတွေ ဖူးကြတယ်။ ကသဃဘုရားရှင် ခုနှစ်ရက် သီတင်းသုံးသွားတော်မူခဲ့တယ်ဆိုတဲ့ ရွှေပန်းမြိုင်ဘုရားကို ဝင်ဖူးကြတယ်။

အဲဒီကနေ စန္ဒကူးနဲ့သာကျောင်းတော်ရာကို ဆက်လက်သွားကြပြန်တယ်။ ကျောင်းဝင်းအဝင်မှာ အလှမွေးငါးကန်လည်း လုပ်ထားရဲ့။ ငါးကန်နားက မန်ကျည်းပင်မြင့်ကြီးရဲ့ အကိုင်းတွေကို ခုတ်ဖြတ်ထားတော့ ကိုင်းထိပ်ကနေ ရွက်နုလေးတွေ ဝေဖြာဖြာ ထွက်နေလိုက်တာ အလွန်ကြည့်ကောင်းလှတယ်။ မန်ကျည်းကိုင်းနက်နက်နဲ့ စိမ်းနုနု မန်ကျည်းရွက်လေးတွေဟာ ဘွန်ဇိုင်းပင်လိုပါပဲ။

ကားဆိုက်တာနဲ့ မုန့်လုံးရေပေါ်နဲ့ မုန့်လိပ်ပြာသည်တွေ အုံလာပါတယ်။ ဆွမ်းတော်ကပ်လို့လည်းရ၊ အဆာပြေ စားလို့လည်း ရပါသတဲ့။ ခြင်္သေ့ကြီးနှစ်ကောင်ကြားကနေ ဘုရားဝင်ဖူးကြတယ်။ ကျောင်းတော်ရာစေတီကြီးက အတော်အချိုးကျပြီး တင့်တယ်လှပါတယ်။ စံနှကူးပင်တွေ စိုက်ခင်းကလည်း တောကလေးဖြစ်လို့ပါ။ ကလေးတွေက ဘုရားသမိုင်းကို တတွတ်တွတ်လိုက်ရှင်းပြနေကြရဲ့။

စလင်းမြို့က စလင်းပင်းသမီးဘုရား

ရှေးခေတ်လက်ရာ သစ်သားတိုင်တွေနဲ့ နတ်လမ်းစောင်းတန်းတစ်ခုမှာတော့ အကိုး၊ အဘွားတွေ တန်းစီထိုင်ပြီး အလှူခံနေကြလို့ ခရီးဖော်တွေက သင်္ခါမချို့ဘဲ လှူဒါန်းကြရဲ့။ ဒါပေမဲ့ ကလေးငယ်တွေ၊ ကလေးခါးထစ်ခွင်ချီထားတဲ့ မိန်းမတွေ တစ်အုပ်တစ်မကြီး ရောက်လာပြန်လို့ မနည်းပြေးခဲ့ကြရတယ်။

ခရီးလမ်းမှာ မန်းချောင်းကိုလည်း ဖြတ်ရတယ်။ အမိုးလည်း မပါ၊ အသွားလမ်း-အပြန်လမ်းလည်း မရှိ၊

www.burmeseclassic.com

ရောင်လည်း မရောင်သာတဲ့ တံတားချိုနဲ့ပေါ့။ ဧရာဝတီမြစ်ရဲ့ ဒီဘက်ကမ်းက စက္ကိန်းတဲ့ဘုရားကို အရင်ဖူးကြတယ်။ ဘုရားရင်ပြင်တော်ထိ ကားမောင်းတက်နိုင်ပြီး ရင်ပြင်တော်တန်ဆောင်းမှာနေကြည့်ရင် ဧရာဝတီမြစ်ကြီးနဲ့ ဟိုးတစ်ဖက်ကမ်းက ကွေးမြသလွန်စေတီကို မြင်ရတယ်။ ယူစပ်အိုက်လှောင်နေတဲ့ နွေရာသီမှာ မြစ်ပြင်ကို ဖြတ်တိုက်လာတဲ့ လေအေးအေးလေးကို မြတ်နိုးစွာ ခံယူလိုက်မိရဲ့။ မြစ်ကူးတံတားကြီးအောက်မှာတော့ ဧရာဝတီဟာ သွေးဆုတ်နေပေါ့။ ဧရာဝတီရဲ့ ကံကြမ္မာအလှည့်အပြောင်းတွေကို တွေးမိရင်း ရင်တမမ ဖြစ်ခဲ့ရဖူးမယ့် ဧရာဝတီကတော့ သူ့တာဝန် သူကျေနေရဲ့။



နဂါးပွက်တောင်ရင်းမှာ ကနားပွဲပေးနေတဲ့ အစ်မဆော်၊ မောင်တော် နတ်နန်း၊ မြင်းဖြူရှင်ရုပ်တုကြီးတွေ တွေ့ရတယ်။

တောင်အတက်မှာလည်း အစ်မတော်၊ မောင်တော် နတ်နဂါးရေကန်တော်ဆိုတာတွေ ရှိနေရဲ့။ ပွက်ပွက်ထနေတဲ့ ရွှံရည်တွေကို နတ်နဂါးတွေနဲ့ ပတ်သက်နေဟန် သက်ရောက်စေတဲ့ စာတန်းတွေ၊ ရုပ်တုတွေပေါ့။ ဒါတွေကို မြင်တဲ့ ကလေးတွေဟာ ဘယ်လို အတွေးတွေ ဝင်သွားမှာလဲ။ နဂါးတွေ ပျော်မြူးနေဟန်၊ စောင့်ရှောက်နေဟန်တွေကို ဒဏ္ဍာရီဆန်ဆန်များ ခြင်ယောင်လာမှာလား။ ဒီအတွေးတွေကို ခုံပိုးနေတာကတော့ နတ်နဂါးမင်းတွေကို ဆက်သဖို့ဆိုပြီး ရွှံဆိုတဲ့ ဖြူဖြူရည်တွေကို ရောင်းချနေသူတွေရဲ့ ဈေးခေါ်သံတွေပါပဲ။ ဩော်..တစ်ခမ်းတစ်နားအတွက် အသက်မွေးနေကြပုံများရယ်။

မြစ်ကူးတံတားကို ကူးသွားပြီး ကွေးမြသလွန်ဘုရားကို အရင်ဆုံး ဦးခိုက်ကြတယ်။ ဘုရားအတက်မှာ ဘောကျော်-ဘောသော် ဘီလူးညီနောင်နဲ့ ဆုံရတယ်။ ထုံးစံအတိုင်း သံတိုင်တွေ ခတ်ထားပြန်တော့ ကင်မရာကို သံတိုင်ကြားကပ်ပြီး ခဲရာခဲဆစ် ဓာတ်ပုံရိုက်ရတယ်။ ဩော်.. ဘောကျော်တို့လည်း ဘုရားဒကာတွေပေမယ့် အကျဉ်းကျနေပေါ့။

ဘုရားပေါ်ရောက်ရင် ခေါင်းလောင်းပုံအောက်က ဘီလူးဖန်ဆွဲမှာ ပြုံးနေတဲ့ဘီလူးကို ရှာရမှာမို့ ပူကြွတ်နေတဲ့ နေရောင်အောက်မှာ ဒုက္ခလှလှတွေ့ပေါ့လို့ တွေးကြောက်မိပေမယ့် တကယ်သွားကြည့်တော့ နှင်းဖြတ်ရတာ မပူလှ

www.burmeseclassic.com

www.burmeseclassic.com

ဝေလင်းပြည်ဘုရားလောင်းဖူးစီးသွားတဲ့
စကြာကျောင်း(၈၆)မဟာယုဇနာရာမတိုက်

သလို လေအေးအေးလေးတိုက်နေပြီး ဘုရားကုန်းတစ်ခွင်လုံးမှာ စံပယ်ပန်းရနံ့တွေက သိသိသာသာ သင်းထုံနေရဲ့။ အင်း..ဒါကိုပဲ ဘုရားတန်ခိုးလို့ ပြောကြတာလားမသိ၊ သောကြာထောင့်မှာ သိသိသာသာပြုံးနေတဲ့ ဘီလူးကို ရှာတွေ့သွားတယ်။ တကယ့်ကို သိသိသာသာ ပြုံးနေတာပါ။ 'အဲဒါ ဌာပနာထားတဲ့နေရာကို မှတ်မိအောင် ဘီလူးကို ပြုံးထားတာ' ဆိုတော့ သဘာဝကျလွန်းလို့ ဟုတ်မှာလို့ လက်ခံလိုက်တယ်။ ကမ္ဘောဒီးယားက အန်ကောထုံမြို့ဟောင်းမှာလည်း ဒီလိုပဲ ပြုံးနေတဲ့ဘုရားကို ရှာခဲ့ဖူးရဲ့။

ဘုရားအတက်စောင်းတန်းရဲ့ ဘယ်ဘက်ဘေးမှာ အပွင့်တွေ တဝေဝေနဲ့ ဖန်ခါးပင်ကို ကြည့်နူးစဖွယ် တွေ့လိုက်ရတယ်။ အဲဒါရဲ့ ဆန့်ကျင်ဘက်ခြမ်းမှာတော့ ပိတောက်နက်ပင်တဲ့။ အပွင့်က နက်တာလား၊ အပင်က နက်တာလား မသိပေမယ့် အရွက်တွေကတော့ သာမန်ပါပဲ။

စလင်းမှာ ဦးစန္ဒိမ(စလင်း)ရဲ့ ညောင်နှစ်ပင်ကျောင်းကိုလည်း သွားခဲ့ကြတယ်။ ဘုရားပွဲစျေးနဲ့ ဆရာတော့် ကျောင်းက မလှမ်းမကမ်းမို့ ပွဲစျေးခင်းသူတွေရဲ့ ပစ္စည်းပစ္စယတွေကိုလည်း ကျောင်းဝင်းတစ်ဝိုက်မှာ တွေ့နေရတယ်။ ဆရာတော်ဟာ ဘုန်းကြီးစာရေးဆရာမို့ သာသနာကိစ္စတွေအပြင် အနုပညာရပ်ဝန်းတစ်ခုကိုလည်း သူ့ကျောင်းမှာ ဖွဲ့တည်ထားရဲ့။ ကျောင်းမှာ မာမာအေး အပါအဝင် နိုင်ငံကျော်အဆိုတော်တွေ၊ ဂျူးနဲ့ အခြားစာရေးဆရာတွေနဲ့ ဆရာတော် တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ ချိတ်ဆွဲထားတယ်။ စာအုပ်ပုံကြီးတွေအပြင် စိတ်ဝင်စားစရာ အနုပညာပစ္စည်းတွေဖြစ်တဲ့ ယောကျ်ားမင်းသမီး မယ်အောင်ဇလ ပန်းချီပုံနဲ့ ရှူခင်းပုံတွေ၊ အခြားပန်းချီကားတွေလည်း အများကြီးပါ။


စလင်းပြည်လယ်ရိုးလူဘုန်းထားဘုရားတန်းဆောင်းအောက် ဘုရားဖူးသူများ

နောက်နေ့မှာ စလင်းကနေ ဆင်ဖြူကျွန်းမြို့ဘက် ထွက်ခဲ့တယ်။ လမ်းတစ်လျှောက်မှာ အညာမြေရဲ့ သဘာဝပေါက်ပင် တမာ၊ ကုက္ကို၊ ထနောင်းတွေက ရွက်နုစိမ်းလေးတွေဝေလို့၊ လှလိုက်တာ။ ကြိုကြား၊ ကြိုကြား ကြားညှပ်ထားတဲ့ စိန်ပန်းခိုခိုနဲ့ ငုပန်းဝါဝါတွေကလည်း အားဖြည့်ပြီး အလှကူနေကြရဲ့။ ဆင်ဖြူကျွန်းဟာ မြစ်နဲ့နီးတဲ့ မြို့ဖြစ်လို့ စည်ကားသလို လွန်ခဲ့ခေါင်းဖြတ်ခိုးသွားပြီးနောက် မယ်ဆိုင်ဘက်မှာ ဦးခေါင်းတော်ကို

www.burmeseclassic.com

www.burmeseclassic.com

စလင်းမြို့ အင်းစိန်တောင်ဆရာကြီးရဲ့ တံတံတော်တိုက်ခံစကားတော်

နတ်နန်းနောက်မှာတော့ ခုနက ဖြတ်လာခဲ့တဲ့ ကိုးဆောင်တိုက် ကျောင်းဝင်း မုခ်ဦးပါ။ ကိုးဆောင်တိုက်ရှေ့ဘက် လမ်းတစ်ဖက်ခြားက အရှေ့ကူနီထောင့်ဘုရားစုကို ရောက်တယ်။ ဘိုးဘိုးကြီးနတ်နန်း အုတ်တိုက်နီထူပိတ်ပိတ်ကို တွေ့လိုက်ရပြီး အထဲမှာလည်း ရွှေချထားတဲ့ ဘိုးဘိုးကြီးပုံဟာ ပဝါတွေ လည်တိုင်ကျိုးမျှနဲ့ပါ။ အဲဒီဘေးက ဘုရားတွေ အများစုရဲ့ ခေါင်းလောင်းပုံမှာ ဘီးလူးပန်းဆွဲတွေက ကြွရပြီး လှလိုက်တာ။

ဝက်သည်းကန်ကြီး

နောက်နေ့မှာ စလင်းမြို့ရဲ့ ကျက်သရေဆောင် ဝက်သည်းကန်ကြီးကို ရောက်ခဲ့တယ်။

ဝက်သည်းကန်ချစ်သူများရဲ့ အဆိုအရ ကန်ကြီးကို နရပတိစည်သူမင်းရဲ့ ကိုယ်လုပ်တော် ရှင်စောဝက သက္ကရာဇ်(၅၅၆)ခုနှစ်မှာ စတင်တူးဖော်ခဲ့တာပါ။ အကျယ်အဝန်းက ဧက(၅၃၀)ဖြစ်ပေမယ့် မူရင်းတစ်ဝက်တောင် မရှိရှာတော့ဘဲ ရေခန်းခြောက်ကာ ကုန်းတွေပေါ်လာလို့ လက်ရှိမှာ ရေပြင်ဧရိယာက (၃၅၀)ဧကသာ ကျန်ပေါ့။ ကန်ကြီးဟာ ကျယ်ဝန်းလှပြီး ပန်းနုရောင် ပဒုမ္မာကြာတွေ အများအပြား ပြန်တွေ့ရလို့ ပြန်တပ်ထားတဲ့ ပြည်တော်ပြန်ဘုရားကို ဝင်ကြတယ်။ ဘုရားဝင်ပေါက်ရော အတွင်းတန်ဆောင်းကိုပါ သော့တွေ အလီလီခတ်လို့ပါလား။ သူခိုးပြေးမှထိုးကွင်းထလို့ ပြောရမလားပါပဲ။ ခုတော့ ဝိရိယတွေပိုနေကြပေါ့။ ကြေးဆင်းစုတော်ရဲ့ ခေါင်းအပြတ်ကြီး ပြန်လည်ယူဆောင်လာပုံ၊ တပ်ဆင်ပုံတွေ ဘုရားဆောင်အတွင်း နဗ္ဗူးစည်းမှာ ပြသထားရဲ့။

နေ့လယ်မှာနားပြီး ညနေတိုင်မှာတော့ နေပူရှိန်လျော့သွားပြီမို့ လေ့လာရေး ပြန်ထွက်ကြတယ်။ စလင်းမြို့ထဲက ရတနာ့မဋ္ဌ ဘုရားရဲ့ စာသင်တိုက်၊ ကျောင်းတွေဆီ သွားကြတယ်။ အဲဒီနောက်ဘက်မှာတော့ ဦးဥတ္တမခံတပ်လို့ ခေါ်နေတဲ့ ကိုးဆောင်တိုက်ကျောင်းဘက်ကို ပြန်ပေါက်တယ်။ အုတ်တိုက်ကျောင်းရဲ့ အောက်ဘက်က တံကဲနဲ့ ပြတင်း ပေါက်တွေကို အုတ်နီနီတွေနဲ့ ဖြန်ပိတ်ထားတယ်။ အပေါ်ထပ်က သစ်သားကျောင်းကို တက်ကြည့်သေးတယ်။ အဲဒီက ဆင်းတော့ ကားလမ်းမပေါ် ပြန်ရောက်ပြီး မြို့တော်ယဉ် နတ်နန်းကို တွေ့ရတယ်။

စလင်းမြို့ ကလသာရုံဘုန်းတော်နဲ့ ဝတ်ပြုကျက်သရဲသူရဲ့ ခြေတော်ရာတို့

www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ် ဗိသုကာစေတီတော်များ



စလင်းမြို့တစ်နေရာက ဗိသုကာစေတီလိုမျိုး
တော်ဝင်ဆုပ်နှာဘုရား

ပွင့်နေလို့ အတော်လည်း လှပနေရဲ့။ ပေါက်တဲ့ကြာက်လည်း ပဒုမ္မာတစ်မျိုးတည်းသာပါ။ ဒီကန်ထဲမှာပေါက်တဲ့ ပိတ်စွယ်ကိုလည်း စလင်းရောက်စနေ့တည်းက ဟင်းတစ်မည်အဖြစ် စားဖူးပြီး နှစ်သက်စွဲလမ်းသွားခဲ့ရတယ်။

ဝင်ပေါက်မုခ်ဦးကနေ ကန်ကြီးအလယ်က ဘုံအဆင့်ဆင့်ပါတဲ့ အဆောင်အတွင်း တည်ထားတဲ့ ရွှေမုဋ္ဌောစေတီဆီ ကန်ကိုဖြတ်ပြီး ထိုးထားတဲ့ အမိုးနှိမ်ပါ သစ်သားတံတားရှည်ကြီးနဲ့ သွားနိုင်ပါတယ်။

ကန်ကြီးအလယ်နဲ့ အခြားဘက်ကမ်းပါးတွေ၊ ချောင်တွေမှာလည်း ဘုရားစေတီတွေ ရှိကြသေးတယ်။ ဝက်သည်းကန် ကန်စပ်က တောင်ကုန်းပေါ်မှာ တည်ထားတဲ့ စလင်းမြို့နဲ့အတူ တစ်ပြိုင်တည်း တည်ခဲ့တယ်ဆိုတဲ့ ပြည်တော်ဦး (ပြည်ထောင်ဦး)စေတီကိုလည်း ရောက်ခဲ့ပါတယ်။

<u>အနောက်ကန်စွယ်တိုက်၊ မြောက်လေးစဉ်ကျောင်း (ခေါ်) စလင်းရပ်စုံကျောင်း</u>

ဝက်သည်းကန်အနီး ဆင်ကျူးရွာအုပ်စု၊ ရှမ်းရွာကုန်းအရှေ့ဘက်မှာ တည်ရှိတဲ့ တိုင်ပေါင်း(၂၄၅)တိုင်နဲ့ တည်ဆောက်ထားတဲ့ မြောက်လေးစဉ်ကျောင်းကြီးကိုလည်း သွားရောက်လေ့လာခဲ့ပါတယ်။ ကျောင်းဒါယိကာမကတော့ သူကောင်းမျိုး ဒေါ်ပုပါ။ ကျောင်းကြီးမှာ ဘုရားခန်း (ပြာသာဒ်ဆောင်)၊ အလယ်ခန်းမ(စနုတ်ဆောင်)နဲ့ ကျောင်းမကြီး(ဧတဝန်ဆောင်)ဆိုပြီး အခန်းကြီးသုံးခန်း ရှိပါတယ်။

စလင်းမြို့မှန်ကင်းကျောင်းကြီးက အနုလက်ရာများ

www.burmeseclassic.com

www.burmeseclassic.com

လယ်ကုန်းမြို့စောင်းရှိပန်းပုလက်ရာများ

ကျောင်းရဲ့ တောင်ဘက်၊ မြောက်ဘက်နဲ့ အရှေ့ဘက်နံရံတွေကို ဖောင်းကြွထုလုပ်ထားတဲ့ သစ်သားမှန်စံကွက်များနဲ့ ကာရံထားတယ်။ ပြာသာဒ်ဆောင်ရဲ့ တောင်နဲ့မြောက်ဘက်တွေမှာ အုတ်လှေကားကြီး(၂)စင်းနဲ့ပါ။ လှေကားထိပ် အဝင်မုခ်ဦးမှာတော့ နတ်ရုပ်၊ ကဒေါင်းရုပ်နဲ့ ဖောင်းကြွကနုတ်ပန်းတွေနဲ့ တန်ဆာဆင်ထားပြန်ပါတယ်။

ဘုရားခန်း အတွင်းမှာတော့ အမြင့်(၁၁)ပေရှိ ပလ္လင်တော်ကို နှစ်ထပ်ပန်းကနုတ်တွေနဲ့ ထုဆစ်ဆင်ယင်ထားရဲ့။အဲဒီ ပလ္လင်တံကဲ၊ ဆင်းတုတော်နဲ့ ရဟန္တာရုပ်တုနှစ်ခုကို ကျွန်းတစ်တုံးတည်းကနေ ထုလုပ်ယူထားတာပါ။

စလင်းမြို့မှာ ဒီရုပ်စုံကျောင်းကြီးလို ပန်းပုလက်ရာအပြောက်အမွမ်းတွေနဲ့ တင့်တယ်ထည်ဝါတဲ့ ကျောင်းကြီးမျိုး ဟိုတုန်းက (၁၂)ကျောင်းတောင် ရှိခဲ့ပေမယ့် ဒီနေ့မှာတော့ ဒီကျောင်းကြီး၊ သူ့အရှေ့က ရွှေကျောင်းကြီး၊ ပေါင်းနားရပ်ကွက်က နီဗွာန်ဘုံသာ ကိုးဆောင်တိုက်ကြီးနဲ့ ဈေးမရပ်ကွက်က မြို့တော်ကျောင်းကြီးပဲ ရှိပါတော့တယ်။

စလင်းမှာ ရှင်လောင်းလှည့် လာတာနဲ့ ကြုံရတယ်။ ရပ်ရွာလေ့အတိုင်း ရှည်မျောမျော ပန်းအိုးတွေမှာ တရုတ်စံကား၊ စိန်ပန်း၊ စိန်ခြယ်ပန်း၊ ဂန္ဓမာစတဲ့ ပန်းပေါင်းစုံကို ဝေဝေဆာဆာနဲ့ ခပ်ကားကား ထိုးစိုက်ထားလို့ ပဒေသာပင်လိုဖြစ်နေတဲ့ ပန်းအိုးတွေကို ရွက်ရင်း တန်းစီကာ အလှည့်လိုက်လာတဲ့ စလင်းသူတွေကိုတွေ့ရတယ်။ တချို့ကတော့ အတာအိုးလိုအိုးမှာ အိုးကိုပတ်ကာ ငှက်ပျောရွက်နဲ့ ဖက်ထန်းထိုးပြီး တံခွန်၊ ကုက္ကားတွေ၊ ထန်းရွက်၊ ပေရွက်နဲ့ ငှက်ရုပ်၊ ချိုးရုပ်၊ ငါးရုပ် ချိုးထားတာတွေ၊ ဆေးရောင်စုံ ခြယ်ထူးတဲ့ ထီးသေးသေးလေးတွေ အများကြီးကို ဝါးတံလေးတွေနဲ့ စိုက်ထူလာကြပါတယ်။

စလင်းမြို့အစွန်က ဆင်မကိုးဝန်တင်စေတီတော်ပျက်ကြီးရဲ့ ဓာတ်တော်တိုက်ကနေ မြတ်စွာဘုရားရဲ့ အံတော်ကို ရရှိခဲ့ပြီး အနီးအပါးမှာ ကျောင်းအခိုင်အခဲ့ဆောက်ပြီး ထိန်းသိမ်းထားတာလည်း ဖူးခဲ့ရတယ်။

စလင်းမြို့လယ် စည်ပင်ပန်းခြံအလွန် လွတ်လပ်ရေးကျောက်တိုင် ရှေ့နားမှာတော့ ရှင်ပင်ရွှေတန်ဆာဘုရား ရှိပါတယ်။ ဘုရားဝင်းအုတ်တံတိုင်း အပြင်ကပ်လျက်မှာ အဘမြင်းဖြူရှင်နတ်နန်း အုတ်တိုက်ထူထူလေးကိုလည်း တွေ့ရတယ်။ နတ်နန်းအတော်များများကို အုတ်တိုက်ထူထူ ပျစ်ပျစ်အဖြစ် တည်ဆောက်ထားတတ်ကြတာ သတိပြုမိ

www.burmeseclassic.com

www.burmeseclassic.com

စကျိုကသုံးထပ်ကျောင်းကြီး

ပါတယ်။ အုတ်လှေကား အကျယ်ကြီးနဲ့ ကုန်းမြင့်ပေါ် တည်ထားတဲ့ ဘုရားပေါ် တက်ရတယ်။ ဘုရားမူရင်း ဒါယကာကတော့ စလင်းမြို့စား စည်သူကျော်ထင်ဖြစ်ပြီး ကောဇသက္ကရာဇ်(၈၁၉)ခုနှစ်မှာ တည်ထားကိုးကွယ်ခဲ့တာပါ။ ဒီဘုရားနဲ့ မဝေးလှတဲ့ ရှင်ပင်ရတနာ့မဏ္ဍိ ရှင်ပင်ခြောက်ဆူဘုရားတွေကိုလည်း ဆက်လက်သွားရောက် ဖူးမြော်နိုင်ရဲ့။

နောက်နေ့မှာတော့ စလင်းမြို့တောင်ဘက်ကို ရှင်ပင် အောင်နိုင်ကုန်းဘုရား သွားဖူးဖို့ ထွက်လာခဲ့ကြပါတယ်။

ပင်းဘူးအရှိုက်ပုတ်တောင်တော်ထိပ်

စာစီကျောင်းရွာအနီး လမ်းရဲ့ ညာဘက်မှာရှိတဲ့ ရာဇသင်္ကြန်ဘုရားဘေးက ဖြတ်ရတယ်။

ရာဇသင်္ကြန်အမတ်ကြီးက (၈၃၇) ခုနှစ်မှာ တည်ထားကိုးကွယ်ခဲ့တာပါ။ အောက်ခြေက ကုလားကျောင်းခံ စေတီပါ။ ဒီဘုရားကိုလွန်တော့ မြို့ပြင်တစ်ခေါ်သာသာလောက်မှာ အောင်နိုင်ကုန်းဘုရားကို လှမ်းတွေ့လိုက်ရတယ်။ အဲဒီကုန်းမှာ အောင်မြေရှိနေတော့ အောင်မြေနှင်းဖို့ လာတတ်ကြရဲ့။ ဒီဘုရားကို ဆင်ဖြူရှင်မင်းတရားဟာ ရခိုင်ပြည်သို့ စစ်တိုက်ရာမှအပြန် (၁၁၂၅)ခုနှစ်မှာ တည်ခဲ့ပါသတဲ့။ စေတီဘေးက တန်ဆောင်းကြမ်းပြင်မှာ ရိုးရာ အောင်နိုင်နတ်မောင်နှံမရဲ့ နွားရုပ် ဝပ်နေပါတယ်။ တောင်သူလယ်သမားတွေဟာ နွားတွေ နေထိုင်မကောင်းတဲ့ခါ ဒီနွားရုပ်ကြီးကို ပူဇော်ပ,သတတ်ကြလို့ အောင်နိုင်ကုန်းဟာ အမြဲလို လူစည်ကားနေတတ်ပါသတဲ့။

စလင်း-မင်းဘူး လမ်းမကြီးဘေး အနောက်ဘက်က မီးကြီးလောင်သွားခဲ့တဲ့ စကုကျောင်းကြီး(မဟာယုဇနာရာမတိုက်)ဟာလည်း စိတ်ဝင်စားစရာပါ။ အုတ်လှေကားပျဲက်ကြီးတွေကို လှေလာနိုင်ပါတယ်။ ပေါင်းပင်းစင်းရပ် သူကောင်း ကျောင်းဒါယကာ မောင်ထွေး-မယ်မြင့်တို့ လှူဒါန်းခဲ့တဲ့ ရုပ်စုံကျောင်းကြီးဖြစ်ပြီး (၁၂၅၉)ခုနှစ်က ဆောက်လုပ်ခဲ့ကာ (၁၉၆၁)ခုနှစ် အရောက် ကျောင်းသားလေးတွေက ကျောင်းတစ်နေရာမှာ ပျားစွဲတော့ ပျားဖွတ်ဖို့ မီးရှို့ရင်း မီးထဲ ပါသွားတာတဲ့။

အဲဒီကနေ ဆက်လက်ပြီး ကား လမ်းမကြီးကနေ ရွှေကျောင်းရိုရာ ဝင်းကြီးထဲကို ဝင်သွားရင် ဦးဥတ္တ ခံတပ်လို့ ယခုခေါ်နေကြတဲ့ အုတ်ကြီးတွေနဲ့ ခန့်ညားလှတဲ့ အုတ် ကျောင်းကြီးကို ဘယ်ဘက်ဆီမှ

www.burmeseclassic.com

စကူမြို့ သုံးဆယ်ကျောင်းကြီးက ပန်းပုလက်ရာ



ဆင်ခြေကျန်းက မြည့်တော်ပြန်ငြားဆင်းဆုတောင်းကြီးရဲ့ ဦးခေါင်းတော်

ဆွေ့ရမှာပါ။ ကိုးဆောင်ကျောင်းတိုက်ကြီးပေါ့။ ခုတော့ ကျောင်းအောက်ထပ်က ပြတင်းပေါက်တွေကို အုတ်နီနီတွေနဲ့ ပိတ်ပစ်ထားရဲ့။

ဦးဥတ္တမခံတပ်ကိုကျော်ပြီး ကွင်းပြင်ကိုဖြတ်လာတော့ အချိုးကျနေပြီး တင့်တယ်လှတဲ့ စလင်းမင်းသမီးဘုရားကို တွေ့ရတယ်။ စေတီတစ်ခုလုံးကို ခြုံကြည့်ရင် တကယ့်ကို ပီရမစ် တစ်ခုလိုပါပဲ။ ပစ္စယာဂါးဆင့်ကို ထုံးဖြူဖြူသုတ်ပြီး လေးထောင့်ပုံ ထောင့်တိုင်းမှာ စေတီရဲ့ ဆင်တူလေးတွေချည်း ပြုလုပ်ပြီး ရွေချထားလို့ အတော့်ကို လှပပါတယ်။

စလင်းမင်းသမီးကြောင့် တွင်ကျန်ခဲ့တဲ့ စကားတစ်ရပ် ရှိရဲ့။ 'သား ချစ်တော့ ကျပင်း၊ သမီးချစ်တော့ စလင်း' ပါတဲ့။

ကုန်းဘောင်ခေတ်နှောင်းပိုင်းမှာ မင်းတုန်းမင်းကြီးက သူချစ်တဲ့ သားတော်နဲ့ သမီးတော်တွေကို ဖွဲ့ဖွဲ့ဖြိုးဖြိုးရှိလှပြီး အခွန်အတုပ် များများစားရတဲ့ စလင်းမြို့နဲ့ ကျပင်းမြို့တွေကို အဓိပ်စား ပေးတော်မူခဲ့လို့ပါ။

စလင်းမင်းသမီးဘုရားဘေးကနေ ချိုးအကွေ့ ရွှေကျောင်းတော်ကြီးလို့ ကမ္ဘည်းတင်ထားတဲ့ မုခ်ဦးနဲ့ ဝင်းဝကို ရောက်ပါတယ်။ ရွှေကျောင်းတော်ကြီးကတော့ မရှိတော့ပါဘူး။ စကုကျောင်းကြီး မီးနဲ့အတူ ပျက်စီးသွားပါပြီ။ လက်ရှိအသားထည်ကျောင်းလေးမှာပဲရှိတဲ့ သစ်လုံးထွင်း

စလင်းမြို့တွင်ရှေးဟောင်းလှည်းတွင်း

www.burmeseclassic.com

စလင်းမြို့ ဝေးဆဝ်တောင်းက ရွှေဟောင်းကျွန်းခုတင်ကြီး

တယ်။ တိုက်ကျောင်းကြီးရဲ့ ခြေရင်းက အုတ်တိုက်ခံ သစ်သားဘုန်းကြီးကျောင်းကြီးကိုတော့ ဘွဲ့တံဆိပ် နှစ်ထပ်ရ ဆရာတော် ဦးတေဇကို ဘတ္တရာဘွဲ့ခံ မြို့သူကြီး ဦးကြီးနဲ့ ဒေါ်မိတို့က လှူဒါန်းခဲ့ပြီး ဦးကြီးနဲ့ ငါးစဉ်ကျောင်းဒကာ ဦးတိုးရဲ့ဇနီး မယ်ကြီးညိုတို့ဟာ မောင်နှမအရင်းတွေပေါ့။ ကျောင်းထဲမှာ သစ်၊ ကျောက်၊ ကြေး၊ ယွန်း စတဲ့ပစ္စည်းမျိုးစုံနဲ့ ထုဆစ်သွန်းလုပ်ထားတဲ့ ခေတ်အဆက်ဆက်က ရှေးဟောင်း ဆင်းတုတော်အကြီး,အသေးမျိုးစုံကိုလည်း အများအပြား မြင်ခဲ့ရတယ်။ ပိဋကတ်တိုက်

မတ်ရပ်တော် ဆင်းတုတွေကို လေ့လာခဲ့ပါတယ်။ အဲဒီကနေ လောကမှန်ကင်းတိုက်ကျောင်းကို ခရီးဆက်ကြပါတယ်။ စလင်းရဲ့ အရှေ့မြောက်ထောင့်အရပ် ကုသိနာရုံ(ရွှေပြည်အေး)ဘုရားပွဲစျေးနောက် ကပ်လျက်လေးမှာ တည်ရှိနေတာပါ။

စစ်အတွင်းမှာ ဗုံးထိသွားခဲ့ရတဲ့ လောကမှန်ကင်းတိုက်ကျောင်းကြီးဟာ အတော်ကြီး၊ အတော်မြင့်တဲ့ နှစ်ထပ်ကျောင်းကြီးမို့ မားမားသွန်းသွန်း ရှိလှတဲ့အပြင် အောက်ခံအုတ်ခုံမြင့်ကြီးပေါ်မှာ တည်ဆောက်ထားလို့ ပိုမြင့်နေရဲ့။ အချွန်အတက်၊ အပြောက်အမွမ်းမျိုးစုံနဲ့ တန်ဆာဆင်ထားတဲ့ အင်္ဂတေပန်း၊ တိုင်ထိပ်ပန်းတွေဟာ အတော့်ကို ခန့်ညားလှပပြီး အခန်းအပြင်ဘက် နံရံအုတ်ကွက်တွေမှာတော့ ပလွင်တော် တံကဲပုံတွေကို အင်္ဂတေပန်းနဲ့ အသေးစိတ် ဖော်ကျူးအလှဆင်ထားတော့ ပိုပြီးထည်ဝါနေပေါ့။

ဒီမှန်ကင်းကျောင်း အလယ်စိုက်ကြီးကို သူကောင်း ဦးအောင်ကြီး၊ သူကောင်းမ ဒေါ်မမကြီးတို့က (၁၃၀၃)ခုနှစ်မှာ ဆောက်လုပ်လှူဒါန်းခဲ့တာပါ။ မှန်ကင်းတိုက်ကျောင်းရှေ့မှာတော့ ပိဋကတ်တိုက် ရှိပါ

ရဲ့ ကျောဘက်ကပ်လျက်မှာတော့ ကုသိနာရုံဘုရားပွဲ စျေးဆိုင်တွေပေါ့။

ပွဲစျေးတန်းတွေထဲ တိုးဝင်ပြီး ရှင်ပင်ကုသိနာရုံ(သို့မဟုတ်) ရွှေပြည်အေးဘုရားဘက် ကူးခဲ့ကြတယ်။ ဘုရားတန်ဆောင်း၊ ဇရပ် အားလုံးမှာ ပွဲစျေးက စျေးသည်မိသားစုတွေ အတုံးအရုံး အိပ်ပျော်နေကြရဲ့။ ကုသိနာရုံဆင်းတုတော်ကြီးစံရာ ဂန္ဓကုဋိတိုက် နောက်ကျောမှာ ထိုင်တော်မူဆင်းတုတွေ အများကြီး စီတန်းရှိနေတဲ့ တန်ဆောင်း ရှိပါတယ်။ ဂန္ဓကုဋိတိုက်ပတ်ပတ်လည် အမိုးမှာတော့ အင်

စလင်းမြို့ ဝေးဆဝ်တောင်းက မြို့ဝန်တိုက်အသစ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

စလင်းမြို့က ဦးဥတ္တမစံတပ်လို့ ဝေါဟရတဲ့ ကိုးထောင်တိုက်ဝရောင်း

တန်လက်ရာကောင်းတဲ့ မန္တလေးဆရာအေး၊ ရတနာပုံ ဆရာလှတို့ သားရာ ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဆော် ပန်းချီကားကြီးတွေ ရှိနေပါတယ်။ ဦးချစ်မြ ပန်းချီတွေလည်း အခြားတန်ဆောင်းထဲမှာ ရှိနေသေးတယ်။

ကုသိနာရုံဘုရားကို ကောဇာသက္ကရာဇ်(၁၂၀၄)ခုနှစ်မှာ တည်ထားကိုးကွယ်ခဲ့ပြီး (၁၂၃၉)ခုနှစ်ရောက်တော့ မင်းတုန်းမင်းကြီး သမီးဆော် စလင်းမြို့စား သုသီရိမြတ်စွာဘုရားဒေဝီက ဆရာတော်ဦးဉာဏိန္ဒာဘိဝံသပြင် ပြင်ဆင်မွမ်းမံစေခဲ့ပြန်တယ်။ ဗဒိုဒ်ဗွာန်ပြုဟန် ရုပ်ပွားတော်ကိုငုံပြီး ဉာဏ်တော်(၁၀) ဆောင်ရှိတဲ့ တင်ပျဉ်ခွေဆင်းတုတော်ကို ထုလုပ်ခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ဆင်းတုတော်ကြီးရဲ့ ဝမ်းဗိုက်တော်ထဲမှာ ဗဒိုဒ်ဗွာန်စံဝင်တော်မူပုံ ရုပ်တုတော်ရှိတယ်လို့ အရပ်ထဲမှာ ပြောနေကြတာပါ။ နောက်ပိုင်းမှာ ကုသိနာရုံကို ပိုမိုအတိတ်နိဒါတ်ကောင်းအောင် ရွှေပြည်အေးဘုရားလို့ ဘွဲ့တော်သစ် ပြောင်းလိုက်ကြတယ်။ (၁၃၄၀)ပြည့်နှစ် ပုထိုးဖြုန့် မြင်တင်ရပ်ကွက်တို့ မီးသင့်ခဲ့ပေမယ့် ကုသိနာရုံဘုရားကတော့ မီလွတ်ခဲ့ပါသတဲ့။



စလင်းမြို့တောင်ပရိယတ္တိစာသင်တိုက်က ရေးဆွဲပညာပြန်လည်ပြုပြင်ထားတဲ့ ဝိဇ္ဇာဇင်ကြီး

စလင်း မြင်တင်ရပ်၊ မစိုးရိမ် လေးထပ်ကျောင်းကို နောက်နေ့မနက် သွားတယ်။ ဘုရားခန်းမှာ လက်ရာမြောက်ဆင်းတုတော်တွေ၊ ကိုးဆူခုံတွေနဲ့၊ ပိဋကတ်တိုက်ထဲမှာ ပေစာထုပ်တွေ၊ စာတိုက်တွေ၊ ဆင်းတုတော်တွေ အများကြီး ရှိနေပါတယ်။ ချုံနွယ်ပိတ်ပေါင်းတွေကြားက ဂူခံဘုရားတွေကို ဝင်ရောက်လေ့လာတော့ နံရံဆေးရေးပန်းချီနဲ့ ပုဂံခေတ် ဆင်းတုတော်တွေ တွေ့ရတယ်။ စိတ်ဝင်စားစရာကတော့ အင်္ဂတေခြသေ့ရုပ်တွေပါ။ ခပ်ဖီးဖီးရှိလှတဲ့ ခြသေ့တွေက အတော်အချိုးကျပြီး ခြသေ့ပျက်ကြီးနှစ်ကောင်ဟာ ကလေးငယ်တွေ ပြုံးရယ်နေသလို သိသိသာသာကြီးမို့ ချစ်စရာအလွန်ကောင်းလှရဲ့။

ဆက်လက်ပြီး ရှင်ပင်မြသိန်းတန်ဘုရားကို သွားဖူးကြတယ်။ ဂူခံထားတဲ့ စေတီတော်ဖြစ်ပြီး ပစ္စယာတွေဟာ စိန်တောင်တွေနဲ့မို့ ဗီသုကာဟန် ထူးခြားပါတယ်။ ဂူထဲက ဆင်းတုတော်ဟာ အပြစ်ကင်းတဲ့ ကလေးငယ်လေးလို နုပျိုပြီး နဖူးတော်ထက်မှာ သရဖူလို စိန်တောင်လေးတွေနဲ့ တန်ဆာဆင်ထားလို့ ကွဲကွဲပြားပြား ရှိနေတယ်။ ဘုန်းကြီးကျောင်းကတော့ သစ်သားကျောင်းအိုကြီးပေ

www.burmeseclassic.com

စလင်းမြောက်လေးစဉ်ကျောင်း (ဝဲ၏)
စလင်းရှမ်းစုံကျောင်းကြီးရှိ ပန်းပုလက်ရာ ဆင်းတုတော်

စလင်းမြောက်လေးစဉ်ကျောင်း (ဝဲ၏)
စလင်းရှမ်းစုံကျောင်းကြီးရှိ ပန်းပုလက်ရာများ

မယ့် အုတ်လှေကား အခိုင်အခံကြီးနဲ့ပါ။ ရှေးဟောင်းဆင်းတုတွေသာမက ပေပုရပိုက်စာတွေပါ တွေ့ရတယ်။ အမှုတွဲမှတ်တမ်း၊ ကြွေးစာရင်း၊ ဆေးမြီးတိုတွေ၊ လောကသာရပို့ဆုံးမစာ၊ နေ့စဉ်မှတ်တမ်းလို ရေးထားတာမျိုးတွေနဲ့ အပြန်အလှန် အမှာစာရေးနေတာမျိုးလည်း လက်ရေးတွေ မတူဘဲ တွေ့ရပါတယ်။

နေပူလွန်းလို့ နေ့လယ်ဘက်နားပြီး နေချိုတဲ့ ညနေမှာ သိပ်မဝေးတဲ့ မြို့တောင်ပရိယတ္တိစာသင်တိုက်ကို လမ်းလျှောက်ပြီး သွားကြတယ်။ လမ်းတစ်နေရာ ရပ်ကွက်တွင်းမှာတော့ အုတ်ချပ်တွေ အထပ်လိုက်ပေါ်နေတဲ့ စလင်းမြို့ရိုးဟောင်းကို တွေ့ရပါတယ်။ မြို့တောင်စာသင်တိုက်ဟာ ပြန်လည်ပြုပြင် မွမ်းမံထားတဲ့ ကျောင်းကြီးပေမယ့် ရှေးမူမပျက် ရှေးဟောင်းလက်ကျန် ပစ္စည်းတွေကို သင့်တော်မှန်ကန်စွာ ပြန်လည်ထည့်သွင်း တည်ဆောက်ထား တာပါ။ ဆရာတော်ကိုယ်တိုင်က ရှေးမူကို တန်ဖိုးထားလို့ ထင်ရဲ့။

နောက်နေ့ မနက်စောစောမှာ ပွင့်ဖြူမြို့ဘက်ကို ထွက်ခဲ့ကြတယ်။ လမ်းမှာ မြစောညီနောင်မြတ်စေတီ၊ အောင်သိဒ္ဓိကျောင်း၊ ပြည်လုံးချမ်းသာ မြို့ဦးစေတီတော်နဲ့ ရွှေသာလျောင်းဘုရားတွေကို ဖြတ်ခဲ့ရတယ်။ ပွင့်ဖြူမြို့နယ်ရဲ့ တောင်ဘက်စွန်းမှာရှိတဲ့ လယ်ကိုင်းမြို့ဟောင်းက ရှပ်စုံကျောင်းတော်ကြီးကို ရောက်သွားတယ်။ လယ်ကိုင်းမြို့ တောင်ဦးတိုက်ရပ်စုံကျောင်း လို့ အမည်ရှိခဲ့ပေမယ့် ရှပ်စုံကျောင်းတော်ကြီးလို့ပဲ ခေါ်ကြပါတယ်။

စလင်းမြောက်လေးစဉ်ကျောင်း (ဝဲ၏) စလင်းရှပ်စုံကျောင်းကြီး

ကျောင်းကြီးရဲ့ မူလ

www.burmeseclassic.com

www.burmeseclassic.com

ဝေလင်္ဂပြိုကြသိန်းတန်ဆူရာဒေါင်းကြီးပေါ်က
ဆင်းတုရှစ်ဘုရား



ဝေလင်္ဂပြိုက ကြသိန်းတန်ဆူရာဆင်းတုတော်

ဦးအန်ထော်ဇီနဲ့ မယ်အန်ထော်ဇီ(ထော်ထော်)တို့ရဲ့ ပုံကြီးဆွေကိုလည်း ကျောင်းထဲမှာ ချိတ်ဆွဲထားရဲ့။ ဦးအန်ထော်ဇီဟာ နှစ်စထောင်ဖော့လုံး ဆောင်းထားပြီး ခါးရှည်သိုင်းအင်္ကျီနဲ့ဖြစ်ကာ သိပေါမင်းနဲ့ စာသင်ဖက်လို့ သိရတယ်။ ကျောင်းရဲ့ ခြေရင်းပိုင်းမှာ အဆောင်သစ်တစ်ဆောင် ပြန်လည်ဆောက်လုပ်နေတယ်။ ကျောင်းပတ်ဝန်းကျင်က သစ်သားပန်းပုတွေမှာ ခြေရင်းဘက်လက်တန်းက ကဒေါင်းပုံ အတန်းလိုက်ကြီးတွေဟာ အတော်လှပါတယ်။

အဲဒီနောက် ဆက်လက်ပြီး စကုမြို့ကို ချီတက်ကြတယ်။ စကုဟာ သက္ကရာဇ်(၂၆၀)ပြည့်နှစ်မှာ တည်ခဲ့တဲ့ မြို့ဟောင်းပါ။ စူဠဂဿမ္ဘဝ၊ မဟာသမ္ဘဝ မျက်မခြင် မင်းသားနှစ်ပါးကို ဘီလူးမက စတင်ကုလို့ စကုလို့ တွင်တယ်ဆိုတာ အရပ်ပုံပြင်ပါတဲ့။

စလင်းမှာ ဘုန်းကြီးကျောင်းတွေ ပေါသလို စကုမှာတော့ ဘုရားစေတီတွေပေါလို့ ဒုတိယပုဂံလို့တောင် ဆိုကြသတဲ့။ ဦးစန္ဒိမ(စလင်း) မကြာခဏ သူ့ဆောင်းပါးတွေမှာ ရေးသလို သူတို့စလင်းမှာ မြေကြီးကျိုးမျှ ဘုရားစေတီတွေ များပြားလှတာ တကယ့်ကို မြင်ခဲ့ရပြီမို့ စကုမှာ ဒီထက် ဘယ်လိုများ များဦးမှာပါလိမ့်လို့ ထွေးမြင်မိရဲ့။ စကုရောက်တော့ အဲဒီစကားဟာ မမှားဘူးလို့ သိလိုက်ရတယ်။ လမ်းတစ်လျှောက် ဝဲ၊ယာမှာကို စေတီတွေ စဉ်ဆက်မပြတ် ရှိနေတာကိုး။

စကု ရှမ်းစုရပ်က သုံးထပ်ကျောင်းစာသင်တိုက်ကို အရင်ဆုံး ဝင်ရောက်လေ့လာကြပါတယ်။ ထုထည်အလွန်ထူထဲတဲ့ သုံးထပ်ဆုတ်တိုက်ပျက်ကြီးကို တွေ့ရတယ်။ မျက်နှာချင်းဆိုင် မလှမ်းမကမ်းမှာတော့ သုံးထပ်ကျောင်းလို့ ခေါ်တဲ့ သစ်သားကျောင်းကြီး ရှိပါတယ်။ ကျောင်းပေါ်တက်တဲ့ လှေကားအားလုံးဟာ သရက်ကင်းလှေကားတွေချည်း မဟုတ်ဘဲ ရိုးရိုးလက်တန်းနဲ့ အုတ်လှေကားတွေပါဝင်နေလို့ ထူးခြားရဲ့။ လှေကားအတက်က ပျော့ပျောင်းကွေးညွှတ်တဲ့ဟန်နဲ့ နတ်ရုပ်တွေဟာ အလွန်လှရဲ့။ ဝရန်တာမှာ သစ်သားပွတ်လုံးတွေ တပ်ဆင်ထားတယ်။ အိုးစည်တီးဟန်၊ ကခုန်ဟန်၊ ထီးကိုင်ပြီး လမ်းလျှောက်ဟန် သစ်သားပန်းပုတွေလည်း တွေ့ရတယ်။

ဆက်လက်ပြီး နာမည်ကြီးနေတဲ့ စကုမြို့က ရွှေဟောင်းမှန်ကင်းကျောင်းကို သွားကြပါတယ်။

ပန်းပုရုပ်တွေ အများကြီးနဲ့ ကျောင်းပါ။ စကုစေတီတွေကြားမှာလည်း အရိုးအိုးစေတီလေးတွေကို မကြာခဏ မြင်ရရဲ့။

ညနေဖိုင်းမှာ စလင်းက မြို့မတည်မီထဲက ရှိနေပြီး

www.burmeseclassic.com

သားလို့ ဆိုကြတဲ့ နေရာအန်လျောင်းတော်မူဘုရားကို သွားဖူးကြတယ်။ အုတ်တိုက်ကျဉ်းလေးထဲမှာ တည်ဆောက်ထားပြီး ဘုရားရဲ့ ဦးခေါင်းတော်အောက်မှာ ခေါင်းအုံးရှည်လေးတွေ (၃၃)လုံးရှိလို့ ခေါင်းအုံး(၃၃)လုံးဘုရားလို့လည်း ရည်ညွှန်းတတ်ကြရဲ့။ အုတ်တိုက်ခြေရင်းမှာတော့ ပုဂံကို မျှော်စေတီပါ။ ဘုရားဝင်းထဲက စေတီပျက်တွေမှာ နံရံဆေးရေးပန်းချီတွေ ရှိခဲ့ပေမယ့် အတော်များများက ပျက်စီးကုန်ပါပြီ။

အဲဒီဘုရားတွေနဲ့ မလှမ်းမကမ်းမှာတော့ ရှင်ပင်ကျွန်းဦးလေးမျက်နှာဘုရား၊ ရှင်ပင်ဖောင်တော်ဦးဘုရားနဲ့ ဖောင်တော်ချီဘုရားတွေကို ဆက်လက်ဖူးနိုင်ပါတယ်။

ရန်ကုန်ပြန်ရတော့မယ့်နေ့မှာတောင် မြို့ထဲက ဟိုနားဒီနားမှာ လက်ကျန်လေ့လာရေးဆင်းတော့ ရှင်ပင်ခြေတော်ရာဘုရား၊ ဗိသနိုးမိဖုရား တည်တယ်လို့ အရပ်စကားဆိုကြတဲ့ ဘုရားရှင်ရဲ့ ဦးခေါင်းတော်ထက်မှာ ဇော်ဂျီဦးထုပ်လိုမျိုး ဆောင်းထားတဲ့ ထူးခြားတဲ့အသွင်နဲ့ ဆင်းတုတော်ရှိတဲ့ ရှင်ပင်ပိဿနာဘုရား၊ တစ်ဆက်တည်းမှာပဲ မလှမ်းမကမ်းမှာရှိနေတဲ့ ဝူတော်သစ်စေတီနဲ့ ရှင်ပင်မဟာဆုတောင်းပြည့်ဘုရားတွေကိုလည်း ဖူးမြော်လေ့လာခဲ့ပါသေးတယ်။

စလင်းမှာ နေခဲ့ရတုန်းကတော့ ပူအိုက်လွန်းလို့ စိတ်ညစ်ခဲ့ရပေမယ့် ရန်ကုန်ပြန်ရောက်တဲ့အခါ စလင်းမြို့ဟောင်းလို အညာနွေနှောင်းခရီးဟာ အတော့်ကို လွမ်းစရာဖြစ်နေပါတယ်။ စလင်းအလွမ်းပြေအဖြစ် အိမ်နားက စလင်းကျောင်းတိုက်ကြီးဝင်းထဲကိုတောင် တစ်ခေါက်သွားကြည့်မိတဲ့အထိပါပဲ။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)

စာကိုး

* ဦးစန္ဒိမ(စလင်း)ရဲ့ 'စလင်းမြို့ဘုရားများသမိုင်း'၊ 'သုနာပရန္တစုန္ဒာလင်္ကာရပုံရိပ်' စာအုပ်များ။
* အနောက်တံခါးမှူး မောင်မှူးရဲ့ မဂ္ဂဇင်းဆောင်းပါးများနဲ့ 'စလင်းဘုန်းကြီးကျောင်းတွေမှာ ဖတ်ခဲ့ရတဲ့ ပုရပိုက်စာ၊ ပေစာ၊ ကျောက်စာ၊ ကမ္မည်းစာများကို ကိုးကားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ORGANIC PRODUCTS
FROM KANDARAWADDY ORGANIC HERB FARM

ထုတ်လုပ်နွှဲလိုင်စင်အမှတ် ၂/ ၂၀၁၂တဆထလ/ထိုး(၁၀၂၄)

ပင်ရင်း ကိန္နရီ အမှတ်တံဆိပ် ကန္ဒရဝတီဒေသးထိုက် အမှတ်-၇၄၁၊ ဧနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်
မရန်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊ ပုန်း ၀၉ ၅၁၄၀၃၈၀၇၊ ၀၉ ၄၂၀၀၃၀၀၅

ကြက်လည်ဆံ ဆီးဆေးပြား

အပြား ၁၀၀ပါ ဘူးကြီး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

ကြက်လည်ဆံ ဆီးဆေးပြား

အပြား ၄၀၀ပါ ဘူးငယ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

မင်းမကိုင်

သွေးချိုဆီးချိုကျဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012254(0916)

ရင်ငြိမ်းဆေး

နှလုံးဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012014(0516)

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၆၇/၀၆၁၃

www.burmeseclassic.com

www.burmeseclassic.com

အပြည်ပြည်ဆိုင်ရာ ဗောဓိအေးဌေးမိုဝ်သာတွင်းမှာ ဇမ္ဗိုးရိပ်စေတီတော်

ရောင်ခြည်တော်ကွန့်မြူးသာယာ

အောင်သာကျော်

ရိပ်သာတွင်းရှိ ဇမ္ဗိုးရိပ်စေတီတော်မှ ရောင်ခြည်တော်လွှတ်တင်ခြင်း

လွန်ခဲ့သည့် သင်္ကြန်ကာလများအတွင်းက လှည်းကူးမြို့နယ်အတွင်းရှိ မြို့ကြီးကုန်းရိပ်သာရပ်ကွက်တွင် တည်ရှိသည့် အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာတွင် တရားစခန်းဝင်တစ်ဦးအဖြစ် ရောက်ရှိနေမိခဲ့သည်။ ရိပ်သာဝင်စဉ်က ရေးဖော်ရေးဖက်များဖြစ်သည့် ကိုမိုး(ရွှေပြည်သာ)၊ ကဗျာဆရာ မင်းနရိန္ဒာ၊ စာရေးဆရာ နိုင်ခင်ရွှေတို့နှင့်အတူ သွားရောက်ဖြစ်ခဲ့ကြမိသော်လည်း ရိပ်သာ၏ စည်းမျဉ်းစည်းကမ်းအရ လူချင်း မြင်တွေ့နေရသော်လည်း စကားပြောခွင့် အချိန်မရရှိခဲ့သလို တစ်ဦးချင်း သီးခြားတိုက်ငယ်လေးများတွင် နေထိုင်ကြရခြင်းဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြတ်နေရသကဲ့သို့ ဖြစ်နေရသည်။

ရိပ်သာသည် မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ ကန့်နည်း ဝိပဿနာကျင့်စဉ်အား ကျင့်ကြံပွားများ အားထုတ်ရသည့် ရိပ်သာပင်ဖြစ်သည်။ ရိပ်သာ၏ ဦးစီးပဓာနနာယက ဆရာတော်မှာ မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူ အရှင်ကေလာသ (သာသနာ့ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)ပင် ဖြစ်သည်။

ရိပ်သာဝင်သည်နှင့် ဟန်းဖုန်းများကိုပါ ကိုင်တွယ်သမှု လုံးဝမပြုလုပ်ရတော့ဘဲ ပတ်ဝန်းကျင်လောကနှင့် ဆက်သွယ်မှုကိုပါ ဖြတ်ထားလိုက်ကြရသည်။ ရိပ်သာတွင် ဝင်ရောက်တရားထိုင်ပါက နိမိတ်အလင်းများရရှိကာ လူပြည်၊ နတ်ပြည်ဘုရားအစုံစုံအား ရရှိလာသော အာရုံနိမိတ်အလင်းဖြင့် ဖူးတွေ့ပူဇော်ခွင့် ရရှိနိုင်ကြကြောင်း မိမိတို့အရင် တရားစခန်းဝင်ကြသော ပုဂ္ဂိုလ်များထံမှ သိခွင့်ရသဖြင့် အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာသို့ ဝင်ရောက်မိခဲ့ကြခြင်းဝင် ဖြ

www.burmeseclassic.com

www.burmeseclassic.com

သည်။

ဆရာတော်အရှင်ကေလာသကို (၁၉၆၆)ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်၊ တနလ်ာနေ့တွင် ဘုတလင်မြို့နယ်၊ မြောက်တောအုပ်စု၊ နေပူစုရွာ၌ ခမည်းတော် ဦးငွေလွန်း၊ မယ်တော် ဒေါ်မိငြမ်းတို့မှ ဖွားမြင်ခဲ့သည်။ (၁၉၇၈)ခုနှစ်၊ ဆော်လ၌ ဘုတလင်မြို့နယ်၊ မြောက်တောအုပ်စု အတန်းကျောင်းတွင် စတုတ္ထတန်းစာမေးပွဲကို အောင်မြင်ခဲ့ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ကာ မောင်းထောင်ပဋ္ဌာန်းဆက်ကျောင်း၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်း၊ ကြခတ်ဦးကျောင်း၊ ရန်ကုန် ဝိသုဒ္ဓါရုံနှင့် မန္တလေး မစိုးရိမ်တိုက်စသော်တွင် ပရိယတ္တိစာပေများကို လေ့လာသင်ယူခဲ့သည်။

(၁၉၉၃)ခုနှစ်တွင် သာသနာ့ဓဇ မဟာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပြီး (၁၉၉၄)ခုနှစ်မှ (၁၉၉၈)ခုနှစ်အထိ တပည့်သံဃာများကို ပရိယတ္တိစာပေများ ပို့ချပေးတော်မူခဲ့သည်။ (၁၉၉၉)ခုနှစ်တွင် ရန်ကုန်မြို့ မဟာစည်ဌာနချုပ်တွင် ဘရားအားထုတ်တော်မူပြီးနောက် ညောင်ကန်အေးသာသနာရိပ်သာ၌ ပညာသင်ကာ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းတရားများကို (၃)နှစ်ကြာ ပြသခဲ့သည်။ (၂၀၀၂)ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် ဘုတလင်မြို့နယ်၊ မောင်းထောင်

ပို့ချိပ်စတီတော်မှ ဈာင်ခြည်တော်တွေ့ရစဉ်



ဘုရားရှိခိုးဆောင်တော်

မြေဇင်းတောရကျောင်းရှိ မြေဇင်းတောရ ဆရာတော်ဘုရားကြီးထံ ကန့်ကွန်းမြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း သမထဝိပဿနာတရားများကို အားထုတ်ခဲ့ပါသည်။

(၂၀၀၃)ခုနှစ်၊ (၂၀၀၉)ခုနှစ်အထိ မန္တလေး ရန်ကင်းအေးငြိမ်းရိပ်သာတွင်လည်းကောင်း၊ (၂၀၁၀)ပြည့်နှစ်မှ ယနေ့တိုင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့ကြီးကုန်းရိပ်သာတွင် တည်ရှိသည့် အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာကျောင်းတိုက်တွင် ပဓာနနာယကဆရာတော်အဖြစ် ရပ်တည်ကာ သမထဝိပဿနာတရားများကို ပြသတော်မူလျက် ရှိနေခြင်းပင် ဖြစ်သည်။

ရိပ်သာဝင်နေမိစဉ်မှာပင် ဆရာတော် အားကိုးအားထားပြုရသည့် ကိုအောင်ထွန်းဝင်း(ကမ္မဋ္ဌာနာစရိယ) တစ်ဦးဖြစ်သူနှင့် ရင်းနှီးခင်မင်ခွင့်ရသည်။ အပြည်ပြည်ဆိုင်ရာဗောဓိ အေးငြိမ်းရိပ်သာမှာ နိုင်ငံခြားသားအတော်များများလာရောက်ရိပ်သာဝင်လေ့ရှိရာ နိုင်ငံခြားသားများနှင့် ဆရာတော် အရှင်ကေလာသတို့အကြား ဘာသာပြန်ဆို ရှင်းလင်းပေးသူမှ ပြုနေသူတစ်ဦးပင်ဖြစ်သည်။

ဆရာတော်နှင့် ကိုအောင်ထွန်းဝင်းတို့မှာ ပဋ္ဌာန်းဆက်ရှိကြသူများပင် ဖြစ်သည်။ ဆရာတော်နှင့် ကိုအောင်ထွန်း

www.burmeseclassic.com



ဒေရာဝတီ အရှင်ဝစနာဘိဝံသ

ဝင်းတို့ မောင်းထောင်မြေဇင်းတောရတွင် တရားစခန်းဝင်ကြစဉ် အာရုံနိမိတ်အလင်းများ ရရှိခဲ့ကြသည်။ အာရုံနိမိတ်အလင်းဝယ် နှစ်ဦးစလုံးအား ချောင်းတစ်ချောင်း၏ အရှေ့ဘက်ကမ်းတွင် သုသာန်ငယ်တစ်ခု၊ အနောက်ဘက်ကမ်းတွင် အုံ့အုံ့ဆိုင်းဆိုင်းရှိနေသည့် တောအုပ်ငယ်လေးတစ်ခု အတွင်း အထင်အရှားထင်ဟပ်လာသည်။ အနောက်ဘက်ကမ်းရှိ တောအုပ်ငယ်လေးအတွင်းမှ အထက်ကောင်းကင်ယံဆီသို့ လွင့်ပျံတက်နေသည့် အလင်းတန်းကလည်း တောက်ပလွန်းလှသည်။



တုံဝဘောင်ဘွန်းဝင်း (ကမ္ဘာ့ကုန်စည်)

ထိုသို့အလင်းနိမိတ်ထူးရရှိပြီး နှစ်အတော်ကြာတွင်မှ ရိပ်သာထူထောင်ရန် အလှူဒါယကာ ပေါ်လာသဖြင့် မြန်မာနိုင်ငံအနှံ့ အာရုံနိမိတ်တွင် အထင်အရှား မြင်တွေ့ခဲ့သည့် နေရာကို လိုက်လံရှာဖွေခဲ့ရာ ယခု အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ တည်ရာနေရာကို တွေ့ရှိကာ ရိပ်သာတည်ထောင်ဖွင့်လှစ်ခဲ့ခြင်းပင်ဖြစ်သည်။ ရိပ်သာအရှေ့ဘက်ကမ်းတွင် တည်ရှိနေသည့် သရဲမြိုင်းကုန်းနှင့် ရိပ်သာတည်ရာ တောအုပ်လေးကို ငမိုးရိပ်ချောင်းက အလယ်ဗဟို၌ စည်းခြားထားလျက်သာ ရှိနေသည်။ ရိပ်သာကလေးမှာ လူနေရပ်ကွက်နှင့် ကိုက်(၅၀၀)သာသာခန့် ဝေးကွာသော နေရာတွင် တည်ရှိသည်။ ရိပ်သာတွင်းဝယ် ယောဂီများ တရားထိုင်ရာ နှစ်ထပ်ကျောင်းကြီး ဆောက်လက်စ နှစ်ထပ်ကျောင်းတစ်ကျောင်း၊ ဆွမ်းစားကျောင်းနှင့် ယောဂီတစ်ဦး အတွက် ရေချိုးခန်း၊ အိမ်သာ အပြည့်အစုံပါသည့် တိုက်ပုငယ်များဖြင့် ပြည့်နှက်လျက် ရှိနေသည်။

ကျောင်းဝင်းအတွင်း မဟာဗောဓိပင် နဂါးရုံဆင်းတော်နှင့် ငမိုးရိပ်စေတီတော်တို့ တည်ရှိသည်။ တောအုပ်ငယ်လေးအတွင်း ရိပ်သာတည်ထောင်ခါစ ကာလက ဆန်ကြယ်လှစွာသောဖြစ်ရပ်မှာ ဂမ္ဘီရဆန်ဆန် ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

ဆွမ်းစားကျောင်း၏ အရှေ့တောင်ဘက်ကျနေရာ ငမိ

ကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com


ဆောက်ထုပ်ခြင်း

ရိုးရာဓလေ့ထုံးတမ်းအနီးတွင် ဒန်းသဖွယ်ဖြစ်အောင် နွယ်ဒန်းကြီးတစ်ခု ရှိနေသည်။ ထိုဒါန်းကြီးသည် လပြည့်၊ ဆက္ကယ် ညဉ့်လယ်အချိန်များတွင် အိုဝိဖြူဖြူဖွေးဖွေး သဏ္ဌာန်တစ်ခု ဆောက်စီးနင်း လှုပ်ခတ်လေ့ရှိသည်ဟု သိခွင့်ရခဲ့သည်။ ဂန္ဓိရုနယ်အတွင်း တည်ထောင်ထားသည့် ရိပ်သာဝယ် ယခုအခါ အလင်းနိမိတ်ဖြင့် လှုပ်ပြည်နတ်ရွာအနှံ့ တည်ရှိနေသည့် စေတီတော်များအား ဖူးမျှော်ခွင့်ရနိုင်ကြစေရန် ကြိုးပမ်းနေကြသူများဖြင့် ဝေစည်လျက်ရှိနေပြီ ဖြစ်သည်။

ရိပ်သာတွင်းဝယ် အလင်းနိမိတ် ရရှိလာရေးအတွက် အနာပါနကျင့်စဉ်ကို အလေးထားကာ ကျင့်ကြံပွားများ အားထုတ်ကြရသည်။ မဟာရာဟုလောဝါဒသုတ်တွင် အာနာပါနကျင့်ကြံပွားများ အားထုတ်ခြင်းဖြင့် ရရှိနိုင်ကြသော အကျိုးတရားငါးပါးကို ဤသို့ ဖော်ပြထားသည်။

(၁) အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းခဲ့ပါမူ ယခုခေတ်၊ ယခုအလား၊ ယခုဘဝ၌ပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်ရှိနိုင်၏။

(၂) အကယ်၍ အသက်ရှိစဉ် ရဟန္တာအဖြစ်သို့ မရောက်သေးပါမူ သေခါနီးကာလ၌ သမသီသီရဟန္တာအဖြစ်သို့ ရောက်ရှိနိုင်သေး၏။

(၃) အကယ်၍ သမသီသီရဟန္တာအဖြစ်သေးပါမူ နတ်ပြည်သို့ ရောက်သောအခါ ဓမ္မကထိကနတ်သားတရားသဲကို ကြားနာရ၍ ရဟန္တာအဖြစ်သို့ ရောက်နိုင်၏။

(၄) အကယ်၍ နတ်ပြည်၌ ရဟန္တာအဖြစ်သေးပါမူ အရိမေတ္တေယျဘုရားရှင်မြတ် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်နိုင်သေး၏။

(၅) အကယ်၍ ပစ္စေကဗုဒ္ဓါ မဖြစ်သေးပါမူ ပွင့်တော်မူလတ္တံ့ကုန်သော အရိမေတ္တေယျ အစရှိကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ခြေတော်ရင်း၌ ဒါရုစိရိယမထေရ်ကဲ့သို့ ဓိပါဘိညရဟန္တာ ဖြစ်ရတော့သည်။

အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာတွင် အလင်းနိမိတ်ရရှိလေအောင် အာနာပါနကို အဓိကထားကာ ကျင့်ကြံကြိုးပမ်း အားထုတ်နိုင်ရန် လမ်းညွှန်မှုပေးလျက်ရှိနေပေသည်။ ရိပ်သာ၏ ပဓာနနာယက ဆရာတော်မှာ နိုင်ငံကျော်ဓမ္မသုတရသများ ရေးသားခဲ့သည့် စာရေးဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်၏ တူတော်စပ်သည့် အရှင်ကေလာသပင် ဖြစ်သည်။ မြေဇင်းတောရ ဆရာတော်ဘုရားကြီးနှင့် ဓမ္မာစရိယဦးဌေးလှိုင်တို့မှာ ညီအစ်ကိုဝမ်းကွဲတော်စပ်ကြောင်း သိခွင့်ရသည်။

ကန်ရေထန်သည့်နွယ်ဒန်း

www.burmeseclassic.com

www.burmeseclassic.com

ရိပ်သာတည်ထားသည့်နေရာမှာ ပရလောကသားတို့ မြူးထူးကျက်စားခဲ့ရာနေရာတွင် တည်ထားမိဖြစ်ခဲ့သော်လည်း နိမိတ်အလင်းများ ဝေဖြာလေ့ရှိသည့် ကျင့်ကြံကြိုးပမ်း အားထုတ်ကြသူများ၏ စွမ်းပကားတို့ကြောင့် ပရလောကသားတို့ အနှောင့်အယှက်မပေးကြဘဲ သာဓုအကြိမ်ကြိမ်ခေါ်ဆိုကာ ကျွတ်လွတ်ခွင့် ရရှိနိုင်ဖို့ရန်အတွက် ကြိုးပမ်းလျက် ရှိနေကြဟန်တူသည်။

မှတ်မှတ်ရရ ရိပ်သာဝင်းအတွင်း တည်ထားကိုးကွယ်ထားသည့် ငမိုးရိပ်စေတီတော်မြတ်မှ မြန်မာနှစ်ဆန်း (၁) ရက်နေ့ ည(၇)နာရီခန့်တွင် စိမ်းဖန့်ဖန့်အရောင်၊ ဖြူမောင်းသောအရောင်တို့ စေတီတော် ထီးတော်ဆီမှ လွင့်ပျံကွန့်မြူးသည်ကို ထူးခြားစွာ ဖူးတွေ့ခွင့်ကြုံရသည်။ ဖြူမောင်းသောရောင်ခြည်တော်အလင်းတန်းနှင့်အတူ ဒကာမောင်ဆန်းဝင်းအား အမှတ်တရဓာတ်ပုံတစ်ပုံ ရိုက်ကူးဖြစ်ခဲ့သည်။

ရောင်တော် လွတ်နေစဉ် စိမ်းဖန့်ဖန့်ရောင်၊ အပြာရောင်များ စေတီတော်လုံးပတ် ဝန်းကျင်တစ်ခွင်ဝယ် ပျံနှံ့လူးလွန့်လျက်သား ရှိနေခဲ့သည်။ ရိပ်သာဝင်ကာ အလင်းနိမိတ်ရယူနိုင်ရန် ကြိုးပမ်းနေကြသည့် ယောဂီများ ရင်သပ်ရှုမောအံ့ဖွယ်ဖူးတွေ့ပူဇော်ခွင့် ကြုံကြိုက်ခဲ့ကြခြင်းပင်ဖြစ်သည်။ အာရုံနိမိတ်ကောင်းရရှိအောင် ကျင့်ကြံပွားများ အားထုတ်ကြသူများအဖို့ကား ကောင်းမြတ်သော အာရုံနိမိတ်များ မြင်တွေ့ခွင့်ကြုံကြရလေ့ရှိသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ၏ ပဓာန နာယက ဆရာတော် အရှင်ကေလာသ(သာသနာ့ဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)သည် ရိပ်သာယောဂီတို့၏ ကိုယ်တွေ့ ဓမ္မရသများအား အခြေခံစုစည်းလျက် ရွာအဝင်လမ်း အရတော်စွ လူဘဝ၊ စေလိုရာစေ အလင်းတွေ၊ တစ်ပွင့်သာ ပိုင်ပိုင် ပန်ချင်တယ်၊ အရွယ်မလွန် သိစေချင် စသည့် ဓမ္မရသစာအုပ်များကို ရေးသားပြုစု ထုတ်ဝေထားခဲ့သည်ကိုလည်း တွေ့ခဲ့ရပါသည်။


သုံးဆူရောင်

ဆရာတော်ထံပါးရောက် စာရေးဆရာများ

မည်သို့ပင်ဆိုစေ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာသို့ တစ်ခါတစ်ခေါက် အရောက်သွားကာ ရိပ်သာစနစ်ဝင်ရင်းနိမိတ်အလင်းရအောင် ကြိုးပမ်းကျင့်ကြံ အားထုတ်ကြမည် ဆိုပါက နတ်ပြည်၊ လူပြည် အစုံစုံတွင် တည်ရှိသည့် စေတီတော်မြတ်များအား ဖူးတွေ့ခွင့်ရနိုင်ကြမည့်အပြင် ပရလောက၏ နက်နက်ခက်ခဲသော အကြောင်းခြင်းရာတို့ကို သိခွင့်ရ လာကြမည်ကတော့ အမှန်ပင် ဖြစ်ပါသည်။ တစ်ခါတစ်ခေါက် ရိပ်သာဝင်ခွင့် ကြုံနိုင်ကြပါစေး

အောင်သာကျော်

www.burmeseclassic.com

www.burmeseclassic.com

ဖြူထိပန်းပွင့်

ကလေးအာဟာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုးရှ ဝိတ်ရှင်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေရှ အစာကြေလွယ်ခြင်း
နှစ်ဖြိုက်စွာအိပ်ပျော်စေရှ ပွဲ့ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဖျတ်လတ်တက်ကြွရှ ထူးချွန်ထက်မြက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆၃Rဝင္ဂ၇၂

ဖြူထိပန်းပွင့်

သွေတိုး နလုံးသွေးကြောကျဉ်းသောက်ဆေး

သွေတိုး နလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီဖုံခြင်း
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း
ခေါင်းခဲ/လေခြင်း၊ မျက်နာအမ်းခြင်း၊ ဆီးချို သွေးချိုဖြစ်ခြင်း
ပီးယပ်ထိန်ဝပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းတစ်လက်မြစ်ပါသည်။

ဓော်ဘွား

အကြောပြေလိမ်းဆီဆေး

အဆစ်အပြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခဲနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည်ဝေဒနာများ ခံစားနေရပါက ဝိဝိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နာနာဖွတ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

မြို့တော်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ဒုတိယလမ်း၊ အလုံပြည့်နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆၈

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေမြသန်း(သမိုင်း)

ဘုန်းရှင်ကံရှင် ပါရမီရှင်
မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာအဖြာဖြာ

မြင်းခြံမြို့၊ ကျည်းပင်ရွာ ရွာသူကြီး ဦးဆုံ၏ဇနီး သူကြီးကတော် ဒေါ်ဆင့်မှ မြန်မာသက္ကရာဇ်(၁၂၇၃)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ(၃)နာရီ(၁၅)မိနစ်အချိန်တွင် ဖွားမြင်ခဲ့သည့် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်လောင်းလျာသည် (၁၂၉၂) ခုနှစ်၊ နောင်းတန်ခူးလဆန်း (၆)ရက်နေ့တွင် မင်းကွန်းဌေတောင်တောရကျောင်းတိုက် ခဏ္ဍာသိမ်၌ ဓမ္မနာဒဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်မှ အစပြု၍ ဆရာတော်ဘုရားကြီး၏ မြတ်နိုးကြည်ညိုဖွယ်ရာ အဖြာဖြာတို့သည်ကား . . ။

♦ ♦ ♦

ရှေးက်ပါရမီ ထွန်းတောက်ပြီ

အကျိုးမြင်က အကြောင်းထင် ဆိုသကဲ့သို့ လက်ရှိ ပစ္စက္ခဘဝ၌ အကျိုးတရားများ ဖြစ်ပွားပေါ်ထွန်းနေပုံကို လေ့လာထောက်ရှုပြီး လွန်လေပြီးသော အတိတ်ကာလအခါ သမယ ထူထောင်ခဲ့သည့် အကြောင်းတရားများကို သိမြင်ကြရသည်မှာ သဘာဝပင် ဖြစ်ပါသည်။ ဆရာတော်ဘုရားသည် ပရိယတ္တိပညာရေးစာပေနယ်တွင် ဝင်တိုင်းမလွဲ ထင်တိုင်းစွဲ၍ အောင်ပွဲအဆင့်ဆင့် ဆက်ကာ၊ဆက်ကာ ရရှိတော်မူခြင်း အသီးအပွင့်များကား ရှေးရှေးဘဝ ဆည်းပူးထူထောင်ခဲ့သည့် ပညာပါရမီအလီလီသော ကုသိုလ်ကံမျိုးစေ့ကောင်းကြောင့် ဖြစ်သည်။ မျိုးစေ့မှန်မှ အပင်သန်ဆိုသကဲ့သို့ ဆရာတော်ဘုရား၌ ရှေးအတိတ်က ပညာပါရမီမျိုးစေ့များ အမှန်ရှိခဲ့သောကြောင့်သာ ပရိယတ္တိအရာတွင် ပညာတံခွန် မထေရ်လွှန် ဖြစ်တော်မူလာခြင်း ဖြစ်သည်။

ဆရာတော်သည် မြင်းခြံမြို့နယ်လုံးဆိုင်ရာ ဝိနည်းစာပြန်ပွဲကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ပထမငယ်၊ ပထမကျော်နှင့် ဂုဏ်ထူးဆောင် ဓမ္မာစရိယတန်းတို့ကိုလည်းကောင်း၊ အိမ်တော်ရာ အမျိုးသား ပထမကြီးတန်းကိုလည်းကောင်း၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သက္ကသီဟ အသင်းကြီး၏ သီးခြားစာသင်တန်းနှင့် သီးခြားစာချတန်းတို့ကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရက ကျင်းပပြုလုပ်သည့် တိပိဋကဓရ စာမေးပွဲကြီးကိုလည်းကောင်း တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်ခဲ့ပေသည်။

ဆရာတော်ဘုရား၏ ပညာပါရမီ ရှေးက အလီလီတို့ကြောင့် ပညာအရာ ထူးချွန်ပုံကို ဖော်ပြရလျှင် ဆရာတော်ဘုရား ပြန်ဆိုဖြေဆိုခဲ့သမျှ စာပြန်ပွဲ၊ စာမေးပွဲအားလုံးတို့၌ တစ်ကြိမ်တစ်ခါမျှ အကျအချုံးမရှိဖူးဘဲ နှစ်ချင်းစွဲချည်းသာ အောင်ပန်းဆင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးမြို့ သကျသီဟစာမေးပွဲကား ပရိယတ္တိပညာရေးနယ်တွင် အလွန်ခက်ခဲသည်ဟု ကျော်ကြားသော စာမေးပွဲကြီး ဖြစ်သည်။ အထူးသဖြင့် စာသင်တန်းကို နှစ်ချင်း အောင်မြင်ရန် အလွန်ခဲယဉ်းလှသည်။ အောင်ချက်ရာနှုန်း လေးရာနှုန်းမျှသာရှိရန် ကမ္ဘာတွင် အောင်ချက်အနည်းဆုံး စာမေးပွဲဖြစ်သည်။ ထို့ကြောင့် ရဟန်းတော်တိုင်းလိုလို ဝင်ရောက်ဖြေဆိုရန် စိတ်မကူးရဲကြပေ။ စာသင်တန်းကို နှစ်ချင်း အောင်ဖို့ရန်ထက် စာသင်တန်းကို အောင်ပြီး စာချတန်းကို နှစ်မခြားဘဲ ဆက်တိုက်အောင်ဖို့ရန်ကား သာ၍ပင်ခက်လှပါသည်။ ထို့ကြောင့် (၁၂၉၆)ခုနှစ်မတိုင်မီက ဤကဲ့သို့ အောင်မြင်သည့် ပုဂ္ဂိုလ်ထူးများ မပေါ်ခဲ့ဖူးခြင်း ဖြစ်ပါသည်။

သို့သော် အရှင်ဝိစိတ္တသာရ ဆရာတော်သည် (၁၂၉၅) ခုနှစ်တွင် စာသင်တန်းကို နှစ်ချင်းပေါက်အောင်ပြီး (၁၂၉၆) ခုနှစ်တွင် စာချတန်းကို မအောင်စဖူး အအောင်ထူးဖြင့် ဆက်တိုက်အောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် ပရိယတ္တိသာသနဟိတ သကျသီဟ အသင်းကြီးက ရိုးရိုးစာချတန်းအောင် ပုဂ္ဂိုလ်များအား လျှုဒါန်းနေကျ ဘွဲ့တံဆိပ်လက်မှတ်တွင် ဝဠံသကာ(ဦးဆောက်ပန်း)ဟူသောဘွဲ့ကို တီထွင်ထပ်ဆင့်ထည့်သွင်း၍ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဠံသကာဟူသော ဘွဲ့တံဆိပ်ထူးကို ဆက်ကပ်လှူဒါန်းသည်။ ရန်ကုန်မြို့ ပါဠိဆရာ မြန်မာပညာရှိ အသင်းကြီးကလည်း အဋ္ဌကထာပြန်အကျော် ဘွဲ့တံဆိပ်တော်ကို လှူဒါန်းဆက်ကပ်ခြင်းတို့ကား ရွေးကံဝါရမီ ထွန်းတောက်ခြင်းတို့ပင် ဖြစ်ပါသည်။

ဝိရိယဓာတ် ကြီးမြတ်လှ

ဆရာတော်ဘုရားသည် ဤကဲ့သို့ ပရိယတ္တိပညာရေးနယ်၌ သူမတူအောင် ထူးထူးချွန်ချွန် ပုဂ္ဂိုလ်မွန်ဖြစ်လာရခြင်းမှာ ရှေးပညာပါရမီ ကုသိုလ်အလီလီကြောင့်ချည်း မဟုတ်ပါ။ ကံဟူမူလ၊ သမ္မုဒ္ဒတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဘဏ်ဝီရိယ၊ ပယောဂတည့်ဟူသော မန်လည်ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်အတိုင်း ဆရာတော်ဘုရား ဆုံးဖြတ်မိသည်နှင့်တစ်ပြိုင်နက် မတွန့်မယုတ် နောက်မဆုတ်တတ်သည့် ပယောဂသမ္မတ္တိ ခေါ် ဉာဏ်ဦးဆောင်သော ဝီရိယဓာတ်သည်လည်း အကြောင်းတစ်ခု ဖြစ်ပါသည်။

ကြိုးစားအားထုတ်ရာ၌ တွန့်ဆုတ်မှုမရှိသော ဝီရိယကို သမ္မပ္ပဓာန်ဟု ဆိုပါသည်။ အာဘာပိဝီရိယဟူ၍လည်း ခေါ်သည်။ အားထုတ်ရာတွင် လွန်စွာအပူအပန် အပင်ပန်းခံနိုင်သော ဝီရိယမျိုးတည်း။ ထိုသမ္မပ္ပဓာန်ဝီရိယ၌-

(၁) အရေကြွင်းပါစေ၊
(၂) အကြောကြွင်းပါစေ၊
(၃) အရိုးကြွင်းပါစေ၊
(၄) အသားအသွေး ကုန်ခန်းခြောက်သွားပါစေဟု အင်္ဂါလေးပါးရှိသည်။

ဝီရိယကို အားထုတ်နိုင်လျှင် ရနိုင်သော တရားမျိုးသာ ဖြစ်ပါစေ။ မရသမျှ ငါမနေ၊ မပေါက်သမျှ ငါမခံနေ၊ မရောက်သမျှ ငါမနေ၊ ကြိုးစားအားထုတ်မှု ဝီရိယကိုတော့ ငါမလျှော့ပြီဟု အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်တမ်း ကြိုးပမ်းသော ဝီရိယမျိုးပင် ဖြစ်သည်။

ဆရာတော်ဘုရား၏ ဥပဓိရုပ်သွင်ကို ဆင်ခြင်အကဲခတ် ကြည့်ရုံမျှဖြင့်ပင် ထိုသမ္မပ္ပဓာန် ဝီရိယ၏ ဂုဏ်အင်္ဂါလက္ခဏာတို့သည် ဆရာတော်ဘုရားရုပ်သွင်တွင် ပေါ်လွင်ထင်ရှားလျက် ရှိပေသည်။ ဆရာတော်ဘုရား၏ အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်တမ်း ကြိုးပမ်းသည့် သမ္မပ္ပဓာန် ဝီရိယဓာတ်က ပံ့ပိုးပေးသည့်အတွက်ကြောင့် ရှေးပညာပါရမီကုသိုလ်ကံများ ဤကဲ့သို့ ပညာအရာ မယှဉ်သာအောင် အကျိုးပေးနိုင်ခြင်း ဖြစ်ပေသည်။

တိပိဋကစာမေးပွဲကြီး တစ်ကြိမ်၊ နှစ်ကြိမ် ကျင်းပပြီးသည့်အခါ ဆရာတော်ဘုရားကြီးများက ဒီစာမေးပွဲကြီး ရပ်ဆိုင်းထားရမှာပါ။ ဒီပိဋကတ်သုံးပုံကို အကုန်အစုံပြန်ပြဖို့ဆိုတာက လုယက္ခဲ့ကိစ္စမှမဟုတ်ဘဲ။ ဘုရား၊ ရဟန္တာများသာ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်ကြတာ။ အခုပုထုဇဉ်တွေ ဘယ်နည်းနဲ့မှ မဆောင်နိုင်ကြပါဘူးဟု ညည်းညူတော်မူနေကြသည့်အချိန်။ တိပိဋကဓရ ရွှေးချယ်ရေးအဖွဲ့ကြီးကလည်း စာမေးပွဲကြီး ဆက်လက်ကျင်းပရေးအတွက် စိတ်မအေးဖြစ်နေကြသည့်အချိန်တို့၌ ဆရာတော်ဘုရားက စာမေးပွဲကြီး ဆက်လက်တည်တံ့နိုင်ရေးနှင့် ဆရာသင်္ဂီယနာကို ထူးထူးခြားခြား တင်နိုင်ရေးတို့အတွက် စွန့်စွန့်စားစား ဂုဏ်ထူးဆောင် တိပိဋကဓရ ပုဂ္ဂိုလ်ချွန်အဖြစ်မားမားမတ်မတ် ရပ်ပြလိုက်ခြင်းကား ဆရာတော်ဘုရား၏ သမ္မပ္ပဓာန် လုံ့လ၊ ဝီရိယနှင့် ပတ်သက်၍ ထင်ရှားသော သာဓကတစ်ရပ်ပင် ဖြစ်ပါသည်။

ဆရာတော်၏ ဝီရိယဓာတ်ကား ပညာသင်ယူခဲ့ရာ ငယ်စဉ်ကာလ၌သာ ကြီးမားသည်မဟုတ်။ သာသနာပြု

www.burmeseclassic.com

လုပ်ငန်းများကို ဆောင်ရွက်ရာ၌လည်း လုံလ၊ ဝီရိယ အထူးကြီးမားတော်မူပါသည်။ ဗုဒ္ဓမြတ်စွာ သာသနာပြန့်ပွားရေးအတွက် ရဟန်းရှစ်ဝါရကပင် မြန်မာပြည်အရပ်ရပ်သို့ ဒေသစာရီလှည့်လည်တော်မူ၍ မြတ်ဗုဒ္ဓ၏ ဓမ္မစည်ကြီးကို ဆော်ဘီးရိုက်ခတ် အဆက်မပြတ် ဟောတော်မူလျက်ရှိရာ ဆဋ္ဌသင်္ဂါယနာတင်ပြီးချိန်မှစ၍ (၁၃၄၀)ပြည့်နှစ်အထိ အကြိမ်ပေါင်း(၈၂၈၀)ခန့်အထိ ရှိသွားပြီဟု သိရပါသည်။

စသည်တို့မှာ ဆရာတော်ဘုရားကြီး၏ ဝီရိယဓာတ်ကြီးမြတ်လှပုံ မြောက်မြားစွာထဲမှ အနည်းငယ်မျှသာပင် ဖြစ်ပါသည်။

ဗိုလ်ငါးဦးကြီးမျှား ဦးစီးသည့် ဆရာတော်

သတ္တိအင်အား စွမ်းပကားကောင်းသည့် တရားမျိုးကို ဗိုလ်ဟု ခေါ်ပါသည်။ ဆန့်ကျင်ဘက်တရားများနှင့်တွေ့လျှင် မတုန်မလှုပ်ဘဲ အားအင်ဖြင့် ဖိစီးတိုက်ထုတ်နိုင်သောတရားများဟု ဆိုလိုသည်။ ထိုဗိုလ်အမည်ရသော တရားများမှာ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ ပညာဗိုလ်၊ သမာဓိဗိုလ် တို့ဖြစ်သည်။ ထိုဗိုလ်အသီးသီး၌ သာယာမှု၊ ပျင်းရိမှုစသော ဆိုင်ရာဆန့်ကျင်ဘက် ရန်သူတို့ကို တွန်းလှန်ဖြိုဖျက်နိုင်သောအင်အားအပြည့်အဝ ရှိပေသည်။

ဆရာတော်သည် ပထမဆုံး အာဒိကမ္မိကဂုဏ်ထူးဆောင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကပုဂ္ဂိုလ် ဖြစ်လာရခြင်းမှာ ထိုသဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတရား ငါးအင်ကို ဗိုလ်တင်၍ သူ့နေရာနှင့်သူ ကြီးကြပ်ကွပ်ကဲနိုင်သောကြောင့်ဖြစ်ပါသည်။ ထင်ရှားသည်ကို ဖော်ပြရမည်ဆိုပါက (၁၃၁၀)ပြည့်နှစ်၊ ပထမဆုံးအကြိမ် ကျင်းပသည့် တိပိဋကရေ စာမေးပွဲကြီး ပြီးဆုံးသွားသည့်အခါ စာမေးပွဲအောင်မြင်သည့် သံဃာတော်တစ်ပါးမျှ ပေါ်ထွက်မလာသည့်အတွက် ဆရာတော်၏ ရဟန်းဒါယကာကြီး ဆာဦးသွင်မှာ အလွန်စိတ်ပျက်အားငယ်လျက် ရှိနေပါသည်။

စာမေးပွဲကြီးပြီးစ နေ့တစ်နေ့တွင် ရဟန်းဒါယကာကြီးသည် ဆရာတော် တည်းခိုနေသည့် အောင်မြေသုခကျောင်းသို့ ရောက်လာခဲ့ပါသည်။ ဝတ်ဖြည့်ပြီးထိုင်နေသည့် ရဟန်းဒါယကာကြီး၏မျက်နှာမှာ မရွှင်မလန်း ညှိုးနွမ်းစိတ်ပျက်နေပုံပေါ်လျက်ရှိသည်။

ဆရာတော်သည် ရဟန်းဒါယကာကြီး၏ မျက်နှာကို မြင်ရသည့်အခါ -

"ဘာပဲပြောပြော ငါဟာ တိပိဋကရေအဖြစ်တော့ တက်မှဖြစ်မယ်။ နိုင်ငံတော်သမ္မတကြီးနှင့်တကွ နိုင်ငံတော်အစိုးရ အမှုထမ်းပြသော ဗုဒ္ဓဘာသာသူတော်စင်တို့၏ တိပိဋကရေ ရှာပုံတော်လက်အုပ်ကို အကြွေးတင်နေတဲ့ လက်အုပ်ကို ဆပ်မှဖြစ်တော့မယ်" ဟု နှလုံးပိုက်ပြီး တိပိဋကရေ စာမေးပွဲဝင်ရန် ယတိပြတ်ဆုံးဖြတ်လိုက်ပါတော့သည်။

တစ်ချိန်တည်းမှာပင် ရဟန်းဒါယကာကြီးအား -

"ကျုပ် ဘာပဲဖြစ်ဖြစ် တိပိဋကရေဖြစ်အောင် ကြိုးစားပါ့မယ်" ဟု ကတိပေးလိုက်ပါတော့သည်။

ရဟန်းဒါယကာကြီး ပြန်သွားသည့်အခါ ဆရာတော်သည် တိပိဋကရေစာမေးပွဲကြီး ဝင်ရေးအတွက် မိမိ၏ ကာယဗလ၊ ဉာဏဗလအားကို ဝေဖန်ဆန်းစစ်ကြည့်သည်။

ကာယဗလကတော့ လက်မောင်းတန်းကြည့်ရင် လက်တစ်ဆုပ်စာပဲရှိတယ်။ တိပိဋကရေစာမေးပွဲအတွက် ကျက်ရမယ့်စာက အများကြီး။ မင်း လက်မောင်းတစ်ဆုပ်နဲ့ တိပိဋကရေစာပြန်ပွဲ အောင်နိုင်ပါ့မလားလို့ ကိုယ့်ကိုယ် မေးတယ်။ တိပိဋကရေစာပြန်ပွဲ အလုပ်ဟာ ဉာဏဗလအလုပ် ဖြစ်တယ်။ ကာယဗလအလုပ် မဟုတ်ဘူး။ မင်းမှာ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဆိုတဲ့ ဗိုလ်ငါးပါး အားအပြည့်အဝရှိတယ်။ အဲဒီတော့ ဗိုလ်ငါးပါး အားကြီးငါးရပ် အပြည့်အဝရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဘာကြောက်စရာရှိသလဲ၊ ဝင်သာဝင်ဟု ကိုယ့်ကိုယ်ကိုယ် ပြန်အဖြေပေးပြီး ဗိုလ်ကြီးငါးပါး အားကြီးငါးခုကို အားကိုးပြုကာ (၁၃၁၁)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁)ရက်နေ့ကစပြီး ဝိနည်းပိဋကတ်ကို ကျက်ခဲ့တယ်။

ဆရာတော်သည် ကမ္မာ့အကြီးဆုံးစာမေးပွဲဖြစ်သည့် တိပိဋကစာမေးပွဲကြီးကို ကြိုးပမ်းရာ၌ စာမေးပွဲအောင်မြင်အောင် နှလုံးသွင်းနည်းကိုလည်း စာမေးပွဲအောင်မြင်ကြောင်း လက်နက်ကောင်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ဆရာတော်၏ နှလုံးသွင်းနည်းကား -

အခု တိပိဋကစာမေးပွဲကြီး ကျင်းပတယ်ဆိုတာ ဒါယကာနဲ့ ဆရာ ပြိုင်တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ နှလုံးသွင်းနည်းက ဒီလိုလာရမယ်။ အရှင်ဘုရားတို့ဘက်က ဒီတိပိဋကရေကိုယ်တော် ဖော်ပေးနိုင်ပေးပါ။ ပေးနိုင်ရင် တပည့်တော်တို့ ဒါယကာတွေဘက်က ထိုက်တန်သေး အပူဇော်ကို ပူဇော်မယ်။ အဲဒီလို ဆရာနဲ့ဒကာ ပြိုင်ရာမှာ တိပိဋကရေ ကိုယ်တော်တစ်ပါးမှ ကျူပ်တို့ သာသနာတော်

www.burmeseclassic.com

www.burmeseclassic.com

ဟ ထုတ်မပေးနိုင်ရင် ကျွေးတို့ဘက်က ရှုံးတယ်။ ဒါ ဆကာနဲ့ ဆရာ ဓမ္မာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟတိုက်ပွဲ ပြိုင်နဲ့ ကဲ့ပွဲဖြစ်တယ်လို့ နှလုံးသွင်းပြီး သမ္မပ္ပဓာန် ဇွဲ၊လုံ့လဖြင့် ဖွန်းစားအားထုတ်ခဲ့သည့်အတွက် ဆရာတော်ဘုရား၏ ဗိုလ်ကြီးငါးပါးအားနှင့် သာသနာတော်၏တန်ခိုးကြောင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးအမီ တိပိဋကဓရစာမေးပွဲကြီးကို (၄) နှစ်၊ (၈)ကြိမ်ဝင်ကာ အောင်ပန်းဆင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဤနေရာ၌ ဆရာတော်ဘုရားသည် ခန္ဓာကိုယ်ကို စာနေမထားဘဲ ဗိုလ်ငါးပါးကို အားကိုးအားထားပြုပုံနှင့် ပြိုင်ပွဲအသွင်ပုံဟန်ဆင်၍ အောင်မြင်အောင် နှလုံးသွင်းပုံတို့ကား လူတိုင်း နည်းယူစရာ အတုယူစရာကောင်းသော ဥပမာများ ဖြစ်ပါသည်။

ဆထာဝါဒီတထာကာရီ

ပြောသလိုလုပ်လေ့ရှိသူကို ပါဠိလို ယထာဝါဒီ တထာကာရီခေါ်၍ လုပ်သလို ပြောလေ့ရှိသူကို ယထာကာရီ တထာဝါဒီဟု ခေါ်သည်။ တထာဂတ အမည်တော်ရကြသည့် ဗုဒ္ဓရှင်တော်မြတ်ဘုရားဖြစ်လျှင် ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီပုဂ္ဂိုလ်ချည်း ဖြစ်ကြပေသည်။ သာမန်လူသားများ၌မူ ယောကျ်ားဇာနည် လူရည်ချွန် ကိုယ်လုံးအချို့တို့သည်သာ (သို့မဟုတ်) သာသနာ့အာဇာနည် ဘုရားရှင် ရဟန်းတော်အချို့သည်သာ ပြောသလို လုပ်၍ လုပ်သလို ပြောကြသည့် ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ ပုဂ္ဂိုလ်ထူးများ ဖြစ်နိုင်ကြပေသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်သည်ကား-

မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ၊

အပြောသာချဲ့၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ချေ..ဟူသော ဓမ္မချက်ဖြင့် မလုပ်လျှင်လည်း မပြောတတ်၊ ပြောလျှင် လုပ်ဘဲ မနေတတ်ပေ။ လုပ်ပြန်လျှင်လည်း ပေါ့ပေါ့တန်တန် မဟုတ်ဘဲ ဆုံးခန်းရောက်သည်အထိ လေးလေးနက်နက် လုပ်ဆောင်လေ့ရှိပါသည်။

သာဓကအဖြစ် အမြွက်ထုတ်ပြရလျှင် ဆဋ္ဌသင်္ဂါယနာတင်စဉ်အချိန်က ဝိနည်းမဟာဝါ ပါဠိဝိသောဓက အကျိုးဆောင်အဖြစ် တာဝန်ယူလုပ်ဆောင်ခဲ့ရာ (၅၂၈)မျက်နှာရှိ သုတ်သင်ပြီး ပါဠိတော်ကို (၁) မူကောင်းမူသန့် ရရှိစေ၍၊ (၂) မိမိ၏ လက်နှိပ်စက်ကို ဘုရားရှင်၏ စကားတော်အား ပျောက်ရန်၊ (၃) မိမိ၏ ကိုယ်အား၊ လုပ်အား၊ ဉာဏ်အားတို့ဖြင့် ဆဋ္ဌသင်္ဂါယနာဝန်ကို ထမ်းဆောင်ရန် ရည်သန်၍

ဗုဒ္ဓသာသနအဖွဲ့မှ စက္ကူတစ်ရွက်၊ တံဆိပ်ခေါင်းတစ်လုံးမျှ မတောင်းခံဘဲ သန့်ရှင်းစွာ ကိုယ်တိုင်လက်နှိပ်စက်ဖြင့် ရိုက်နှိပ်လျက် အပ်နှံခဲ့ပါသည်။ နိုင်ငံတော်ဗုဒ္ဓဘာသာအဖွဲ့မှလည်း ထိုစာမူကို စံပြအဖြစ် ရိုသေစွာထားရှိကြောင်း သိရပါသည်။ (၁၉)ရက်နှင့်အပြီး မဟာဝါပါဠိတော်ကို ထပ်မံသုတ်သင်ခြင်း၊ (၇)ရက်နှင့်အပြီး ပရိဝါပါဠိတော်ကို ထပ်မံသုတ်သင်ခြင်းတို့၌လည်း ဆရာတော်သည် စာမူကို ဖတ်ရှုတ်ခြင်း၊ မူကွဲရာ၌ ဆိုင်ရာပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသည်တို့ကိုရှာဖွေခြင်း အားလုံးသဘောတူသည့်အခါ မှတ်ချက်များကို ကိုယ်တိုင်ရေးသားရိုက်နှိပ်ခြင်း၊ အဖွဲ့ဝင်များထံ မိတ္တူများ ဆက်ကပ်ခြင်း စသည်ဖြင့် တာဝန်ကျေအောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့ပြင် ဆိုင်ရာပုဂ္ဂိုလ်တို့၏ အကြိမ်ကြိမ်လျှောက်ထားတောင်းပန်ချက်အရ အတွဲပေါင်း(၆)တွဲ၊ အုပ်ရေပေါင်း(၈)အုပ်၊ စာမျက်နှာပေါင်း(၅၅၁၆)ခန့်ရှိ နိုင်ငံတော်မဟာဗုဒ္ဓဝင်ကျမ်းကြီးကို အပြီးအဆုံးကမ္ဘတ်ဖုံးအောင် ရေးသားပြုစုပေးတော်မူခဲ့ပါသည်။

ဤသည်ကို့ကား ဆရာတော်သည် ပြောဆိုဝန်ခံခဲ့ကို

www.burmeseclassic.com

သည့်အတိုင်း သာသနာရေးလုပ်ငန်းများကို မပျက်မကွက် လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

အလိုနည်းလှ အပ္ပိစ္ဆ

လောကတွင် လောကအဆင့်အတန်းလိုက် ပုဂ္ဂိုလ် အမျိုးမျိုးကို တွေ့ရပေသည်။ အချို့က သဒ္ဓါတရား မရှိသော်လည်း ရှိသကဲ့သို့ ဗဟုသုတမရှိသော်လည်း ရှိသကဲ့သို့ ဝါကြွားပလွားတတ်၏။ ထိုပုဂ္ဂိုလ်မျိုးကို ပါပိစ္ဆ-အလိုဆိုး ရှိသူပုဂ္ဂိုလ်ဟု ကျမ်းဂန်များ၌ ပြဆိုပါသည်။ အချို့က မိမိမှာ အမှန်တကယ်ရှိသည့် ပညာဂုဏ်၊ သီလဂုဏ် စသည်တို့ကို အများသိအောင် ဖော်ထုတ်တတ်ကြ၏။ ကြော်ငြာတတ်ကြ၏။ ထိုပုဂ္ဂိုလ်မျိုးကို မဟိစ္ဆ-အလိုကြီးသူပုဂ္ဂိုလ်ဟု ခေါ်ပါသည်။ အချို့ကမူ မိမိမှာမရှိသည့်ဂုဏ်တို့ဖြင့် ဝါကြွားပလွားဖို့ဝေးစွ အမှန်တကယ်ရှိသည့် ဂုဏ်တို့ကိုပင် သူတစ်ပါး မသိအောင် လျှို့ဝှက်ထားလေ့ရှိကြသည်။ မိမိအဖို့ ရလာသည့် လာဘ်များကိုလည်း စွန့်ပစ်လှူဒါန်းလေ့ရှိသည်။ ထိုပုဂ္ဂိုလ်မျိုးကို အပ္ပိစ္ဆ-အလိုနည်းသူပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

ဆရာတော်သည် ဂုဏ်ပကာသနမဖက်၊ ရိုးရိုးပင်နေလေ့ရှိသည်။ ပစ္စည်းလေးပါးတို့၌ တွယ်တာမှုအလွန်နည်း၏။ မိမိအကျိုးထက် အများအကျိုးကို ကြည့်လေ့ရှိသည်။ ထို့ကြောင့် ဆရာတော်ကား အထက်ပါ ပုဂ္ဂိုလ်သုံးမျိုးတွင် အလိုနည်းလှ အပ္ပိစ္ဆပုဂ္ဂိုလ်မွန်ပင် ဖြစ်ပါသည်။

ဆရာတော်၏အလိုနည်းမှု အကြောင်းအရာတစ်ခုအား ညွှန်းဆိုပြရပါမူ-

ပါဠိတော်သင်္ဂါယနာတင်ပွဲကြီး (၁၃၁၈)ခုနှစ်၊ သင်္ဂါယနာအောင်ပွဲနှင့် သာသနာ(၂၅၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲကြီး ကျင်းပချိန်တွင် နိုင်ငံတော်အစိုးရက မှန်လုံရုရှားကားကြီး တစ်စီးကို ဆရာတော်အား အပြီးအပိုင် လှူဒါန်းလိုက်ပါသည်။

ဆရာတော်က-

'ဘုန်းကြီးက တောမှာနေတဲ့ တောဘုန်းကြီး ဖြစ်ပါတယ်။ တောဘုန်းကြီးအဖို့ ဒီလိုကားမျိုးစီးဖို့ မလျော်ပါ။ အစိုးရရဲ့ စေတနာကိုငဲ့ပြီး သင်္ဂါယနာအောင်ပွဲပြီးရုံ အသုံးပြုပါရစေ'ဟု မိန့်ကြားပြီး (၅)ရက်မျှသာ အသုံးပြုပါသည်။ ထို့နောက် နိုင်ငံတော်အား ပြန်၍ စွန့်လှူလိုက်ပါသည်။

ဤကား ဆရာတော်၏ အလိုနည်းမှု မြောက်မြားစွာထဲမှ အကြောင်းချက်တစ်ခုသာပင်ဖြစ်ပါသည်။ ဆက်လက်၍ ဆရာတော်၏ သည်းခံသည့်ဂုဏ် နည်းပေးပုံကို ဖော်ပြပါဦးမည်။

သည်းခံသည့်ဂုဏ် နည်းပေးပုံ

မလုပ်မပြော လုပ်မှပြောတတ်သည့် ဆရာတော်၏ သဘောကို ဖော်မြပြီးခဲ့ပါပြီ။ ဆရာတော်သည် ရဟန်းရွှင်၊ လူ ထိုထိုပုဂ္ဂိုလ်တို့နှင့် ဆက်ဆံရာတွင် သည်းခံခြင်း ခန္တီတရားကို အမြဲတမ်း ရှေ့တန်းတင်၍ထားသည်။ ထောင်လွှားတက်ကြွမှု မာန်မာနနှင့်ပတ်သက်၍လည်း တစ်စွန်းတစ်စ ထွက်ပေါ်လာသည်ကို မတွေ့ရချေ။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူထားသည့် ဓမ္မပဒပါဠိတော်လာ အက္ကောသ ဓေန ဓိနေ ကောဓံ စသော လမ်းညွှန်တော်မူချက်နှင့် ညီနိုင်သမျှညီအောင် လိုက်နာကျင့်သုံးလေ့ရှိသည်။

ထိုလမ်းညွှန်တော်မူချက်ကား-

ဒေါသအမျက် သူက ထွက်သည်ကို အမျက်မထားမေတ္တာပွားသဖြင့် အောင်နိုင်ရာ၏။ အမှုကြမ်းကြုတ် လူသူယုတ်ကို သူတော်နှလုံး ကိုယ်က သုံးသဖြင့် အောင်နိုင်ရာ၏။ ကိုယ်လည်းမလှူ သူ့ကိုလည်းဟန့်တား ကြမ်းတမ်းသော မစ္ဆရိယသမားကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့် အောင်နိုင်ရာ၏။ မမှန်စကား မုသားပြောသူကို အမှန်စကား ကိုယ်ကပြောသဖြင့် အောင်နိုင်ရာ၏ဟူ၍ ဖြစ်သည်။

ဆရာတော်သည် ဤဗုဒ္ဓမြတ်စွာ၏ လမ်းညွှန်တော်မူချက်များကို သူနေရာနှင့်သူ အတတ်နိုင်ဆုံး ကိုယ်တိုင် လိုက်နာကျင့်သုံးသည်။ ထိုသို့ကျင့်သုံးပြီးမှ ကျိုးကြောင်းမြင်သိ ပညာရှိသည် မိမိကိုယ်တိုင်က ဦးစွာပထမ လျောက်ပတ်သည့် အကျင့်ကို ကျင့်ပြီးမှ အခြားသူများကို ဆုံးမမည်ဟူသော ဗုဒ္ဓဩဝါဒနှင့်အညီ အခြားသူများအား ထိုနည်းများကို လိုက်နာကျင့်သုံး၍ နည်းပေးလမ်းညွှန်လေ့ရှိပါသည်။

တစ်ချိန်က မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်ဆရာတော်ထံမှောက်သို့ အဖူးအမြော်ရောက်လာကြသည့် ဒေါက်တာမောင်မော့တို့ မိသားစုအား ဖော်ပြပါ အကြောင်းရေး ဓိနေ ကောဓံ ဂါထာ၏ အဓိပ္ပာယ်အဖွင့်ကို ဟောကြားတော်မူပြီး ဘုန်းကြီးကိုယ်တိုင် ဓမ္မပဒလာ ဂါထာတော်နှင့်အညီ နေထိုင်ကျင့်သုံးခဲ့သည်။ မိမိအား မလိုမုန်းထား ပြစ်တင်စကားပြောသော သံဃာအချင်းချင်းကိုပင် မိမိဦးဆောင် သွားရောက်ကန်တော့ တောင်းပန်ခဲ့သဖြင့် ပြေငြိမ်းကာ မိတ်ကောင်းဖြစ်စေခဲ့သည်။ ဤသည်းခံတရား ဓမ္မတ္တာတရားတို့ကို ဒါယကာတို့ ကောင်းစွာမှ

www.burmeseclassic.com

www.burmeseclassic.com

သားရှ မမေ့မလျော့ ပွားများကြလေလော့ဟု မှာကြားဆုံးမ ခဲ့ပေသည်။

အရင်းကြီးကြီးပြု၍ အမြတ်နည်းနည်းသာ လိုချင်သည့် ဆရာတော်

မြောက်မြားလှသည့် သာသနာပြုကုသိုလ်များနှင့် မိမိ ကိုယ်ကျိုးထက် အများအကျိုး အမျိုးမျိုးကို အလေးပေး ဆောင်ရွက်သည့် လူမှုရေးကုသိုလ်များ ထိုထိုကိုကြည့်လျှင် ဆရာတော်သည် သမ္မာသမ္မောဓိဆုကြီးကို ပန်ထားသည့် ဘုရားအလောင်းများ ဖြစ်လေရော့သလားဟု ထင်မှတ်စရာ ရှိပေသည်။ ဘုရားဆုပန် ပုဂ္ဂိုလ်များသာ ဤကဲ့သို့သော သာသနာပြုကုသိုလ်၊ လူမှုရေးကုသိုလ်တို့ကို ပြုလေ့ရှိကြ သည်ကို ကျမ်းဂန်များ၌ တွေ့ရပါသည်။

သို့သော် ဆရာတော်ကား အများထင်သလို မဟုတ်ပါ ချေ။ အရင်းကြီးကြီးနှင့် အမြတ်အစွန်း နည်းနည်းသာ လိုချင်သည့် ဆရာတော်ဖြစ်ပါသည်။

ဤအချက် မှန်ကန်ကြောင်းကို-

ဒုတိယော အတ္ထဘာဝမှီ၊ လဒ္ဓါ သပ္ပညနိဿယံ၊
ဓမ္မဓရောတိ နာမေန၊ သောတာပန္နော မရှဘဝေ။

ဒုတိယကိုယ်အဖြစ်၌ မိတ်ဆွေကောင်း ပညာရှိတို့၏ အမှီကိုရပြီး ဓမ္မဓရသူသော အမည်ဖြင့် သောတာပန်နတ် သား ဖြစ်ရပါလို၏ဟူသော ဆရာတော်၏ ဆုပန်ချက်က အထင်အရှား ပြနေပေသည်။

ဆောင်ရွက်ပုံမှာ သမ္မာသမ္မောဓိဆုကြီးပန်များ ဆောင် ရွက်ပြီး လိုချင်သည့်ဆုကျတော့ သာဝကဗောဓိတွင် အနိမ့် ဆုံး ပကတိသာဝကဆုမျှသာ ဖြစ်သည့်အတွက် အရင်းကြီး ကြီးနှင့် အမြတ်နည်းနည်းသာ လိုချင်သည့် ဆရာတော်ဟု ခိုးကျူးဂုဏ်ပြုခြင်း ဖြစ်ပါသည်။

ဤသို့ စသည်ဖြင့် အဂ္ဂမဟာပဏ္ဍိတ မင်းကွန်းတိပိ ဋ္ဌကဓရ မဓုဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး၌ သန္တာန် ၌ရှိသော ခိုးကျူးဂုဏ်ပြုစရာ အတုယူနည်းမှီစရာ၊ ကြည် ညိုစရာ ဂုဏ်အပေါင်းတို့ကို ကြည်ညိုသဒ္ဓါပွားများ၍ လိုက် နာကြိုးကုတ်အားထုတ်ကြဟု ဓမ္မဆန္ဒ တိုက်တွန်းပြုရင်း ဖြင့်...။

ကိုရွှေမြသန်း(သမိုင်း)

မှီငြမ်း * အရှင်ဝိစိတ္တသာရာဘိဝံသ၏
ဟောစဉ်တရားတော်များ (ပထမတွဲ)။

ချက်ချင်းဆောက်-လက်ငင်းပျောက်

ဒါ အမှတ်တံဆိပ်

အစာအိမ်လေနှိမ်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လှူဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်း ထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော 'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော် သော ဆေးစွမ်းကောင်းတုန်လှုပ်' ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ဃာယိတွင်းရင်းဆေးဝါးအုတ်ပုံတောင်အနှတ် 0114 Y 010697

ဆေးရုံကြီးများ ပို့ဆောင်ရေးကား

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစာများအစာများ၍ မစာံမလည်ဖြစ်ခြင်း၊အစာအိမ်အချဉ် ပေါက်ခြင်း၊ အစာမကြေ၊ ရင်ပြည့်ရင်ကပ်၊ ဝမ်းဗောဝမ်းမှုက်ခြင်း၊ လေနှင့်ဝမ်း မကွဲခြင်း၊ အစာအိမ် နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည်စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြိန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅၊ ၉၉ ၃၂

www.burmeseclassic.com

ညွှန့်တင်
(တရောင်၊ကန်ဆွယ်)

ဘဝတစ်သက်တာ ကျင့်စဉ်တရားများ
မင်္ဂလာတရားတော်အမှတ်
(၃၇)

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော နတ်သားတစ်ပါး၏ မေးလျှောက်မှုကြောင့် (၃၈)ဖြာမင်္ဂလာတရားတော်ကို ဟောကြားတော်မူရာ အသောက စိုးရိမ်ပူပန်ခြင်း မရှိခြင်း၏ မင်္ဂလာအဓိပ္ပာယ်ကို ဟောကြားပြီး နောက်၌ အမှတ်စဉ်(၃၇)ခုမြောက်ဖြစ်သည့် ဝိရဇမင်္ဂလာတရားတော်ကို ဆက်လက်ဟောကြားပြန်ပါသည်။

ဝိရဇနဆိုရာတွင် ဝိ-ကင်းစင်သော၊ ရဇ-ကိလေသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သောကြောင့် ထိုနှစ်ရပ်ကို ပေါင်းသောအခါ ကိလေသာဟူသော မြူမှုန်အညစ်အကြေးတို့မှ ကုန်ခန်းချုပ်ပျောက်တင်းရှင်းစင်ကြယ်ခြင်းသည်လည်း မင်္ဂလာဖြစ်သည်ဟု အဓိပ္ပာယ်ရပေသည်။ ကိလေသာမြူတို့သည် စုစုပေါင်း (၁၀)ပါးတိတိ ရှိပါ၏။

၄င်းတို့မှာ-

(၁) လောဘ-သာယာနှစ်သက်ခြင်း၊ (၂) ဒေါသ-ခက်ထန်ကြမ်းတမ်းခြင်း၊ (၃) မောဟ-မိုက်မဲတွေဝေခြင်း၊ (၄) မာန-ထောင်လွှားခြင်း၊ (၅) ဒိဋ္ဌ-ဖောက်ပြန်အယူမှားခြင်း၊ (၆) ဝိစိကိစ္ဆာ-ယုံမှားသံသယရှိခြင်း၊ (၇) ထိန-ထိုင်းမှိုင်းခြင်း၊ (၈) ဥဒ္ဓစ္စ-ပျံ့လွင့်ခြင်း၊ (၉)အဟိရိက-ရှက်ခြင်း၊ (၁၀) အနောတ္တပ္ပ-မကြောက်ခြင်း စသည်တို့ ဖြစ်ကြပါသည်။ ထိုကိလေသာ(၁၀)ပါးမှာ အကျဉ်းမျှသာဖြစ်၍ အကျယ်အားဖြင့် ကိလေသာ(၁၅၀၀) ဖြစ်လာပုံကို ရှင်းလင်းပြပါဦးမည်။

ကိလေသာ(၁၅၀၀) ဖြစ်လာပုံ

ရုပ်,နာမ်နှစ်ပါးအစုတွင် နာမ်တရားက (၄)ခု၊ ပညာ (၅၃)ခု၊ နိပ္ပန္နရုပ်များက(၁၈)ခု နှစ်ရပ်ပေါင်းသော် ရုပ်,နာမ်စုပေါင်း (၇၅)ပါးရှိသည်။ ယင်းရုပ်,နာမ်အစုပေါင်း(၇၅)ပါးကို အဒ္ဓါတ္တသန္တာန်(၁)၊ ဗဟိဒ္ဓါသန္တာန်(၁) ထိုနှစ်ပါးနှင့် မြှောက်ပွားလိုက်သော် (၇၅)×၂=၁၅၀) ဖြစ်လာပါသည်။ ထိုကိလေသာ(၁၅၀)ကို မူလကိလေသာ(၁၀) ပါးနှင့် ထပ်မံမြှောက်ပွားသောကြောင့် (၁၅၀×၁၀= ၁၅၀၀) လူတိုင်း ပြောဆိုနေကြသော ကိလေသာ(၁၅၀၀) ဖြစ်လာပါသည်။ ထို့ကြောင့် ရှေးဆရာမြတ်တို့က ခုနစ်ဆယ့်ငါး၊ နှပ်နာမ်ထား၍၊ နှစ်ပါးဆယ်ထွေ၊ မြှောက်ပွားရသော်၊ ကိလေသာစက် သုံးထောင်ဝက် တစ်ဝက်ဖြစ်၍ (၁၅၀၀) ဟု မှတ်သားဖွယ် စပ်ဆိုတော်မူခဲ့ကြပေသည်။

မြူရုံးမတူ ကွဲပြားပုံ

မြူဟူသော ဝေါဟာရအသုံးအနှုန်းသည် စကားလုံးတစ်လုံးတည်းသာဖြစ်သော်လည်း မြူချုံးမတူ ခြားနားပုံကို တင်ပြပါမည်။

အဋ္ဌကထာပ်ရုပ်မြူ ဆိုသည်များမှာ-

(၁) ရထရေဏုမြူ-လှည်းမောင်းသွားစဉ် တွေ့မြင်ရသော ဖုန်မှုန့်ပမာဏ၊

(၂) တဇ္ဇာရီမြူ-အိပ်ခန်းထဲသို့ နေပြောက်ထိုးစဉ်အခါ တွေ့မြင်ရသော ဖုန်မှုန့်ပမာဏ၊

(၃) အဏုမြူ-ချဲ့နိုင်သော မှန်ဘီလူးဖြင့်ကြည့်မှ တွေ့မြင်နိုင်သောပမာဏ၊

(၄) ပရမာဏုမြူ-နတ်၊ ဗြဟ္မာ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သာ တွေ့မြင်နိုင်ပြီး လူပုဂ္ဂိုလ်တို့ မှန်ဘီလူးဖြင့်ကြည့်သည့်တိုင် မမြင်နိုင်သော ပမာဏတို့ ဖြစ်ကြပါသည်။

ထိုမြူတို့၏ စုပေါင်းရေတွက်ရရှိလာသော အတိုင်းအဆ ပမာဏများမှာ-

၁။ ရထရေဏုမြူ(၃၆)လုံးကို စုပေါင်းလျှင် လိက္ခာမြူ (၁)လုံး၊

၂။ လိက္ခာမြူ(၃၆)လုံးကို စုပေါင်းလျှင် သန်း(၁)ကောင်၊

၃။ သန်း(၇)ကောင်ကို စုပေါင်းလျှင် စပါး(၁)စေ့၊

၄။ စပါး(၇)စေ့ကို စုပေါင်းလျှင် လက်(၁)သစ်၊

၅။ လက်(၁၂)သစ်ကို (၁)ထွာ၊

၆။ (၂)ထွာလျှင် (၁)တောင်၊

၇။ (၇)တောင်ကို (၁)တာ၊

၈။ တာ(၁၀၀၀)ကို (၁)တိုင်၊

၉။ တိုင်(၆)တိုင် + တာ(၄၀၀) ပေါင်းလျှင် (၁)ယူဇနာ ဟူ၍ ဖြစ်ပေါ်လာပါသည်။

အလွန်သေးငယ်သော ထိုအဋ္ဌကထာပ်ရုပ် မူနှုန်မြူတို့၏ တဖြည်းဖြည်း စုပေါင်းမှုသည် ဝတ္ထုပစ္စည်း အသေးအဖွဲများမှသည် နောက်နားတွင် ကြီးမားသော မြင်းမိုရ်တောင်အထိ ဖြစ်သည်ဆိုသောကြောင့် မိမိတို့ဉာဏ်ဖြင့် တွေးတောဆင်ခြင်ပါလျှင် သက်ရှိ,သက်မဲ့ မည်သည့်အရာမဆို ထိုအဋ္ဌကထာပ် မြူအစုတို့၏ ပေါင်းဖွဲ့ထားမှုသာဖြစ်ကြောင်း ပေါ်လွင်လာပါသည်။ ထိုအဋ္ဌကထာပ်ရုပ်အစုဖွဲ့စည်းထားမှုကိုပင် သမ္မုတိအနေနှင့် ဖုံးလွှမ်းထားသောကြောင့် ဓာတ်ကြီး(၄)ပါး အစုများသာဟု မမြင်နိုင်ကြဘဲ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါများဟု ထင်မြင်နေကြခြင်း ဖြစ်ပါတော့သည်။

သို့ရာတွင် ယခုရေးသားနေသော အဋ္ဌကထာပ်မြူတို့သည် မြတ်စွာဘုရားဟောကြားသော ဝိရဇ်မင်္ဂလာနှင့်တော့ မပတ်သက်ပါ။ ရာဂမြူ၊ ဒေါသမြူ၊ မောဟမြူတို့သည်သာ ဘုရားရှင်ဟောကြားသော ဝိရဇ်မင်္ဂလာနှင့် ပတ်သက်ပါ၏။ (ယခုဖော်ပြခဲ့ခြင်းမှာ မြူအမျိုးမျိုးရှိပုံကို တင်ပြလိုရုံသာ ဖြစ်ပါသည်။)

ဝိရဇ်မင်္ဂလာဖြစ်ပုံ

ရဇ(မြူ)ဟူသည် ရာဂ၊ ဒေါသ၊ မောဟတို့ဟု ဖြစ်

www.burmeseclassic.com

သည်။ ပကတိမြူသည် ကိုယ်ပေါ်ကျလျှင် ညစ်ပေစေသကဲ့သို့ ထိုရာဂ၊ ဒေါသ၊ မောဟ တရားများသည်လည်း သတ္တဝါတို့ကို ညစ်နွမ်းစေသောကြောင့် ရဇော ဝိယာတိ ရဇော အရ မြူနှင့်တူသောကြောင့် ရဇ အမည်ရကြ၏။ ရာဂစသော ထိုတရားများ ကင်းသောကြောင့် သန့်ရှင်းသော စိတ်မှာ မင်္ဂလာဖြစ်ရသည်။ ထိုတရားများကို ကင်းရှင်းအောင် ကြိုးစားအားထုတ်ရာတွင် အကောင်းဆုံးမှာ ဘာဝနာအလုပ်ကို ကျင့်ဆောင်ခြင်းပင်တည်း။ ထို့ကြောင့် ဤမင်္ဂလာတရားတော်နှင့် တိုက်ရိုက်အကျုံးဝင်သော ဝတ္ထုသာဓကများကို ထုတ်နုတ်ပါအံ့။

အသျှင်စူဠပန်ထေရ် မြူ

အနည်းကို အများဖြစ်အောင် ဖန်ဆင်းပေးသောအရာ၌ ထူးချွန်သည့်အတွက် ဧတဒဂ်ရတော်မူခဲ့သော အရှင်စူဠပန်ရဟန္တာအရှင်မြတ်သည် နောင်တော်ဖြစ်သူ အရှင်မဟာပန်က ရဟန်းပြုပေးပြီးနောက် လေးပါဒသာရှိသော ဂါထာတစ်ပုဒ်ကို အကျင့်ခိုင်းရာ လေးလကြာအောင် ကျက်ပါလျက်နှင့် အာဂုံမရနိုင်သဖြင့် သာသနာတော်နှင့် မထိုက်တန်ဉာဏ်ထိုင်းလှသည်ဟု ကျောင်းတော်မှ နှင်ထုတ်ခြင်း ခံခဲ့ရလေသည်။

ထို့ကြောင့် အရှင်စူဠပန်သည် ကျောင်းတော်မှ ငိုကြွေးထွက်ခွာလာခဲ့ရသည်ကို မြတ်စွာဘုရားရှင်က သိမြင်တော်မူသောအခါ ဘုရားရှင်က ခေါ်ယူတော်မူ၏။

ထို့နောက် စင်ကြယ်သော အဝတ်ပိုင်းတစ်ခုကို ပေးအပ်၍ "ချစ်သား၊ သင်သည် ဤအဝတ်ပိုင်းကို လက်ဖြင့် အကြိမ်ကြိမ် ဆုပ်နယ်၍ ရှုတ်မှ ရဇော ဟရဏံ၊ ရဇော ဟရဏံဟု ရွတ်ဆိုသရဇ္ဈာယ်ကာ ရှုပ်ပါလေ"ဟု ကမ္မဋ္ဌာန်းကို ပေး၏။ ရဇော ဟရဏံ ဆိုသည်မှာ မြူကိုဆောင်ခြင်းဟု အဓိပ္ပာယ်ရပါ၏။

အရှင်စူဠပန်သည် ဘုရားရှင်ပေးသော နည်းအတိုင်း ရဇော ဟရဏံဟု ရွတ်ဖတ်ရင်း အဝတ်ဖြူပိုင်းကို အထပ်ထပ် ဆုပ်နယ်လေရာ အဝတ်ဖြူပိုင်းသည် တဖြည်းဖြည်း နွမ်းညစ်လာသည်ကို ဆင်ခြင်ရှုပွားမိလေသည်။ ထိုမှတစ်ဆင့် အချိန်ရင့်လာသောအခါ မိမိတို့၏ အတွင်းသန္တာန်အတွင်းသို့ ဝင်ရောက်နွမ်းညစ်စေသော ရာဂမြူ၊ ဒေါသမြူ၊ မောဟမြူတို့ကို ဉာဏ်ဖြင့် ထိုးထွင်းသိမြင်လာခဲ့ပြီးနောက် အာသဝေါတရား ကုန်ခန်း၍ ရဟန္တာတစ်ဆူ ဖြစ်လာရပါတော့သည်။

ထိုရာဂမြူ၊ ဒေါသမြူ၊ မောဟမြူတို့သည် မည်မျှအားကြီးသော မှန်ဘီလူးမျိုးဖြင့်ကြည့်ကြည့် မတွေ့မမြင်နိုင်ပါ။ ဝိပဿနာတရား ပွားများအားထုတ်မှသာ ပညာဉာဏ်ဖြင့် ထိုးထွင်းသိမြင်လာနိုင်ပါသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးကြသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် စသော အရိယာပုဂ္ဂိုလ်များသည် သူတို့ရရှိပြီးသော အဆင့်အလိုက် ထိုကိလေသာမြူများမှ ကင်းစင်အောင် အနည်းနှင့်အများ အားထုတ်ကြပြီးဖြစ်သော်လည်း အာသဝေါကုန်စင်ပြီးဖြစ်သော ရဟန္တာအရှင်မြတ်များ...ဘဲသို့မူ ရာဂ၊ ဒေါသ၊ မောဟမြူတို့ အကုန်အစင် ကင်းစင်ပျောက်ကွယ်ပြီဟု မဆိုနိုင်သေးချေ။

သုံးတန်ချမ်းသာ ရောက်ဖို့ရာ စိတ်သာ နိုင်အောင်ထိန်း

မြတ်စွာဘုရားရှင်သည် စိတ်တစ်ခုကို နိုင်အောင်ထိန်းနိုင်ပါက ဆင်းရဲဒုက္ခမြူအပေါင်းမှ ကင်းလွတ်နိုင်ကြောင်းကို သုဒ္ဒဒ္ဒသံ "အစခံသော ဒေသနာတော်ဖြင့် ဧတဝန် ကျောင်းတော်၌ သာသနာတော်၌ ငြိုင်သွေသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသည်။

တစ်နေ့သ၌ သာဝတ္ထိပြည်မှ သူဌေးသားတစ်ဦးသည် မိမိအိမ်သို့ ကြွရောက်တော်မူလာသော ဆရာ မထေရ်ကို တပည့်တော်သည် ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းလိုပါ၏။ ထို့ကြောင့် ဆင်းရဲမှလွတ်ငြိမ်းခြင်းတရားကို ဟောကြားတော်မူပါဟု လျှောက်ထား၏။

ထိုအခါ မထေရ်မြတ်က-

"ဒါယကာ...ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်လိုလျှင် အောက်ပါအချက်(၇)ချက်ကို လိုက်နာကျင့်ဆောင်ပါလော့"

၁။ စာရေးတံမဲချ၍ ပေးလှူပါ။

၂။ (၁၅)ရက်တစ်ကြိမ်တိုင် ပေးလှူအပ်သော ပက္ခိကဘက်ကို ပေးလှူပါ။

၃။ ဝါဆိုကျောင်းကို ဆောက်လုပ်ပေးလှူပါ။

၄။ သင်္ကန်း အစရှိသော ပစ္စည်းတို့ကို ပေးလှူပါ။

၅။ မိမိ၏ ပစ္စည်းဥစ္စာကို သုံးပုံ, ပုံ၍ တစ်ပုံကို ရင်းနှီးမြှုပ်နှံ ရောင်းဝယ်ပါ။

၆။ တစ်ပုံကို သားမယားတို့ကိုမွေးမြူပါ။

၇။ တစ်ပုံကို မြတ်စွာဘုရား၏ သာသနာတော်၌ အလှူဒါနပြုပါ"ဟု ညွှန်ပြ၏။

သူဌေးသားသည် ထိုအတိုင်း အလုံးစုံကို ဆောင်ရွက်ပြီးနောက်-

www.burmeseclassic.com

www.burmeseclassic.com

'အရှင်ဘုရား...ယခုထက်ပိုလွန်၍ အာယ်သို့ ပြုရပါအံ့နည်း'

ဟု လျှောက်ထားပြန်ရာ-

'ဒါယကာ...သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်လော့'ဟု ညွှန်ကြားပြန်၏။

သူဌေးသားလည်း ထိုအတိုင်း ပြုပြီးသော် တစ်ဖန် 'ထို့ထက်လွန်၍ ပြုလိုပါသည်'ဟု လျှောက်ပြန်၏။

ထိုအခါ 'ဆယ်ပါးသီလကို စောင့်ထိန်းလော့'ဟု ဆိုပြန်၏။

သူဌေးသားလည်း မထေရ်မြတ် မိန့်ဆိုသည့်အတိုင်း စောင့်ထိန်းပြီးနောက် နောက်ထပ်တစ်ဆင့်တက်၍ 'ကောင်းစွာ ပြုလိုပါသည်'ဟု တောင်းဆိုပြန်ရာ မထေရ်မြတ်က 'ရဟန်းပြုလော့'ဟု ဆိုကာ ရဟန်းပြုပေးလေသည်။

သူဌေးသားသည် ကောင်းမွတ်ကို တစ်ဆင့်ထက် တစ်ဆင့်တက်၍ ပြုသောကြောင့် အနုပုဗ္ဗသူဌေးသားဟု တွင်လေသည်။

ဝိနည်းဆရာနှင့် အာဘိဓမ္မာဆရာ

ရဟန်းပြုပြီးသောအခါ ထိုသူဌေးသား ရဟန်းကို ဝိနည်းဆရာက 'ဝိနည်းတော် ဤအမှုသည် ပြုအပ်၏။ ဤအမှုသည် မပြုအပ်'တို့ကို သင်၏။

အာဘိဓမ္မာဆရာက 'သာသနာတော်၌ ဤအမှုကို ပြုလော့။ ဤအမှုကို မပြုရ'ဟု အာဘိဓမ္မာ ပြဿနာတို့ကို သင်ပြပေး၏။

ထိုအခါ သူဌေးသားရဟန်းလည်း ငါသည် ဆင်းရဲကင်းလို၍ သာသနာတော်သို့ ဝင်ခဲ့၏။ သို့သော် 'ဘုရားရှင်၏ သာသနာတော်၌ ခြေဆန့်လက်ဆန့် မရလောက်အောင် ကျဉ်းကျပ်လှ၏တကား။ ငါ့အိမ်၌ ငါ ပြန်နေမှသာ ဆင်းရဲမှုက လွတ်ရပေတော့မည်။ ငါ လူထွက်အံ့'ဟု ကြံဆည်လာမိတော့၏။

ဤသို့ စိတ်၏ မတည်ဖောက်ပြန်မှုကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်းကိုလည်း မစီးဖြန်းနိုင်ဘဲ တမှိုင်မှိုင်ငေး၍ တဖြည်းဖြည်း ပိန်ချုံးချည့်နဲ့လာနေတော့သည်။

ဤတွင် အတူနေ ရှင်သာမဏေတို့က 'အရှင်သည် နှိုင်တွေ့၍သာ နေ၏။ ပိန်ကြိုးလှပြီ'ဟု မေးကြရာ 'မောင်ရှင်တို့...ငါသည် လူထွက်လိုသောကြောင့် စိတ်မချမ်းသာ၍ ဖြစ်ရသည်'ဟု ဖြေ၏။

ထိုအကြောင်းကို ရှင်သာမဏေတို့မှတစ်ဆင့် ဆရာတို့ ကြားသိကြလျှင် ထိုရဟန်းအား မြတ်စွာဘုရားထံ ခေါ်ဆောင်သွားကြကုန်၏။

ဘုရားရှင်လည်း-

'ချစ်သား...သင် မည်သို့ဖြစ်သနည်း'

ဟု မေးရာ သူဌေးသားရဟန်းက-

'တပည့်တော်သည် ဆင်းရဲခြင်းမှ လွတ်ကင်းလို၍ သာသနာတော်တွင်းသို့ ဝင်ခဲ့ပါ၏။ သို့သော် ဝိနည်းကို လည်းကောင်း၊ အာဘိဓမ္မာတို့ကိုလည်းကောင်း သင်ယူရာတွင် ဤသာသနာတော်အတွင်း၌ ကျဉ်းကျပ်လှသောကြောင့် မလွှပ်သာ မလွန့်သာ ဆင်းရဲဒုက္ခရောက်နေရပါသည်။ ထို့ကြောင့် လူထွက်ပြီး အိမ်သို့ပြန်ကာ လွတ်လပ်ချမ်းသာစွာ နေလိုခြင်း ပြင်းပြနေပါသည်ဘုရား'ဟု လျှောက်ကြား၏။

ထိုအခါ မြတ်စွာဘုရားက 'ချစ်သား...သင်သည် တစ်ခုတည်းကိုသာ စောင့်ရှောက်နိုင်လျှင် ကျန်သောအရာအားလုံးကို စောင့်ရှောက်ရန်မလို။ သင်၏ စိတ်တစ်ခုတည်းကိုသာ စောင့်ရှောက်ရန်လိုသည်။ တတ်နိုင်ပါမည်လော'ဟု မေးတော်မူလျှင် 'စောင့်ရှောက်နိုင်ပါမည်ဘုရား'ဟု ဝန်ခံလေသည်။

ဤတွင် ဘုရားရှင်က 'ချစ်သား...သင်သည် သင်၏ စိတ်ကိုသာ စောင့်ရှောက်နိုင်လျှင် ဆင်းရဲဒုက္ခတို့မှ လွတ်ငြိမ်းပါလိမ့်မည်'ဟု ဩဝါဒပေး၍ အောက်ပါဒေသနာတော်ကို မိန့်တော်မူပါသည်။

သူဒုဒ္ဒသံ သုနိပုဏံ ယတ္ထ ကာမနိပါတိနံ၊
စိတ္တံ ရက္ခေထ မေဓာဝီ စိတ္တံ ဂုတ္တံ သုခါဝဟံ။

အလွန်သိမ်မွေ့၍ မြင်နိုင်ခဲသော ကာမဂုဏ်အာရုံတို့၌ ကျက်စားလေ့ရှိထသော ယုတ်မာညစ်ညမ်းသောစိတ်ကို ပညာရှိသည့် အဖန်တလဲလဲ အမြဲမပြတ် စောင့်ကြပ်ထိန်းသိမ်းရာ၏။ ထိုသို့စောင့်ရှောက် လုံခြုံပြီးသောစိတ်သည် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာကို ကောင်းစွာဆောင်ပေတတ်၏။

ထိုဒေသနာတော်၏ အဆုံး၌ပင် သူဌေးသားရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်လေသည်။

(ဓမ္မပဒ စိတ္တဝဂ် သုံးခုမြောက် အညတရ၊ရဟန်းဝတ္ထု)

ဆက်လက်၍ (၃၇)ခုမြောက်သော ဝိရဇိမဂ်လာတရားတော်နှင့် တိုက်ဆိုင်မှတ်သားဖွယ် ဝတ္ထုကလေးတစ်ပုဒ်ကို လည်း ဖော်ပြလိုပါသေးသည်။

www.burmeseclassic.com

အတွင်းစိတ်သာ ကြောက်စရာ

ရန်သူသည် မိမိရန်သူတစ်ယောက်အား ဤဘဝတွင်သာ အကျိုးမဲ့မှုကို ပြုနိုင်ရာ၏။ မိမိ၏ အလျှပ်တွေသန္တာန်၌ ရှိသော အကုသိုလ်စိတ်သည်ကား မိမိကိုယ်ကို ဘဝသံသရာတစ်လျှောက်လုံး ဆိုးယုတ်အောင် ပြုနိုင်လေ၏။

ဘုရားရှင်သည် ဒီသောဒိသံ အစခံသော ဤဂါထာကို ကောသလတိုင်းဧနပုဒ်၌ နန္ဒမည်သော နွားကျောင်းသားကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသည်။

သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီး၏ နွားပေါင်းများစွာကို ထိန်းသိမ်းရသော နန္ဒမည်သော နွားထိန်းမှူးသည် များစွာချမ်းသာကြွယ်ဝ၏။ နန္ဒသည် ငါးပါးကုန်သော နွားနို့အရသာတို့ကို ယူဆောင်၍ အနာထပိဏ်သူဌေးကြီးမှတစ်ဆင့် မြတ်စွာဘုရားသို့ ဆက်ကပ်လှူဒါန်းပြီး မိမိ၏ အရပ်ဒေသသို့ ကြွလာတော်မူပါရန် အထပ်ထပ် လျှောက်ထားလေ့ရှိ၏။

ဘုရားရှင်သည် ထိုနန္ဒဂေါပါလက နွားထိန်းမှူး၏ ရင့်ကျက်ချိန်ကို ငုံ့လင့်၍ အချိန်ဆိုက်ရောက်သောအခါ ရဟန်းများစွာ ခြံရံလျက် နန္ဒဂေါပါလကထံသို့ ကြွရောက်တော်မူ၏။ နွားထိန်းမှူးသည် ဘုရားရှင်နှင့် သံဃာတော်များအား ခုနစ်ရက်တိုင်တိုင် အထူးထူးသော ခဲဖွယ်ဘောဇဉ်တို့ ဆက်ကပ်လှူဒါန်း၏။ ခုနစ်ရက်စေ့၍ တရားအနုမောဒနာကို ပြုတော်မူရာ နန္ဒဂေါပါလကသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထို့နောက် ဘုရားရှင် ပြန်လည်ကြွချီတော်မူသောအခါ နန္ဒဂေါပါလကသည် ခရီးအတန်ဝေးသည်အထိ သပိတ်တော်ကိုထမ်း၍ လိုက်ပါပို့ဆောင်လေသည်။

မြတ်စွာဘုရားရှင်က "ဒကာတော်..ဤနေရာမှ ပြန်ပါလေတော့" ဟု ဆိုတော်မူမှ ပြန်ခဲ့၏။

ထိုအပြန်လမ်းတွင် နန္ဒဂေါပါလကသည် မုဆိုးတစ်ယောက်က စောင့်ကြိုပစ်ခတ်သော မြားချက်ဖြင့် ထိုလမ်းပေါ်မှာပင် သေဆုံးရလေသည်။ ဤတွင် နောက်မှ လိုက်ပါလာကြသော ရဟန်းတော်များက နန္ဒ၏အလောင်းကို မြင်တွေ့ကြသဖြင့် မြတ်စွာဘုရားရှင်ထံသို့ အမြဲလိုက်၍ အကြောင်းစုံကို လျှောက်ထားကြလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်က "ချစ်သားတို့..နန္ဒဂေါပါလကသည် ဤခရီးလမ်းသို့ မသွားသည့်တိုင် ဤနေ့၊ ဤရက်၊ ဤအချိန်အခါတွင် သေရမည်မှန်ချေဖြစ်သည်။ သေခြင်းမှ လွတ်လမ်းမရှိ။ ရန်သူတို့သည် နန္ဒဂေါပါလကအား ဤတစ်ဘဝတွင်သာ သတ်ဖြတ်ဖျက်ဆီးခြင်း ပြုနိုင်လေရာ၏။ ကိုယ်တွင်းရန်သူဖြစ်သော မိစ္ဆာအကြံဖြင့် ဆောက်တည်အပ်သော အကုသိုလ်စိတ်မူကား မိမိကိုယ်ကို ဘဝများစွာ သံသရာ၌ ယုတ်မာအောင် ပြုနိုင်၏။ နန္ဒဂေါပါလကသည် ဤမကောင်းယုတ်မာသောစိတ်မှ ပယ်ခွာကင်းလွတ်ခဲ့ပြီး ဖြစ်ပေ၏" ဟူ၍ အောက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒီသော ဒီသံ ယံတံ ဂေါသိရာ ဓေရီဝါမန ဇေရိန်
မိစ္ဆာ ပဏီဟိ တံစိတ္တံ ပါပိယောနံ တထောကရေ။
(အနက်ကို အထက်တွင်ဖော်ပြပြီး)
(ဓမ္မပဒ စိတ္တဝဂ် ရှစ်ခုမြောက် နန္ဒဂေါပါလကဝတ္ထု)

ထို့ကြောင့် မိမိတို့တွင် အမြဲတစေ ကပ်ငြိတွယ်တာနေတတ်သော ရာဂမြူ၊ ဒေါသမြူ၊ မောဟမြူတို့ကို တစ်စ၊ တစ်စ ကွာကျကင်းစင်အောင် ကြိုးစားအားထုတ်သင့်ပါကြောင်း ဘုရားရှင်၏ (၃၇)ခုမြောက် ဝိရဇ်မင်္ဂလာတရားတော်နှင့်အညီ တိုက်တွန်းရေးသားလိုက်ရပါသည်။

နိဂုံးအားဖြင့် စာရေးသူသည်-

(၁) မြတ်စွာဘုရားရှင်၏ အဆုံးအမသာသနာတော်ကြီး စည်ပင်ပြန့်ပွားစေလိုခြင်း၊

(၂) သီရိလိုက်နာ ကျင့်သုံးကြစေလိုခြင်း၊

(၃) မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ကြစေလိုခြင်း၊

(၄) အခွန့်ရှည်ကြာ စာည်တံ့စေလိုခြင်း၊

(၅) ကမ္ဘာသူကမ္ဘာသားအားလုံး မေတ္တာဗြဟ္မစိုရ်တရားများ ခန်းခြောက်မသွားကြဘဲ ပွားများအားထုတ်ကြစေလိုခြင်း စသော စေတနာရည်ရွယ်ချက်များဖြင့် လက်လှမ်းမီသမျှ ကြိုးစားရေးသားရပါကြောင်း လေးစားစွာ တင်ပြလိုက်ရပါသတည်း။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ညွန့်တင်(တနည်ဘောင်-ကန်ဆွယ်)

ကျမ်းကိုး

* (၃၈)ဖြာမင်္ဂလာ အကျယ်ဟောပြောကျမ်း (ဆရာတော် အဂ္ဂဝံသ)။
* ပရိတ်ကြီးနိဿယသစ် (အရှင်ဝါသေဋ္ဌာဘိဝံသ)။
* သဒ္ဓိတဆယ်စောင်တွဲ။
* ဓာတ်၊ နိပါတ် ဝတ္ထုတော်များ။
* မင်္ဂလသုတ် ကိုယ်တိုင်သင်ယူ ဆည်းပူးခဲ့ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(၁)

စင်စစ်၌ ဒေါင်ဒေါင်မြည်တွေချည်းပဲဟု ဖွင့်ဟဝန်ခံ ထြရမည့် အဖွဲ့တော်သူများချည်း ဖြစ်လေ၏။ နန်းဆောင်၏ စကြံလမ်းအတိုင်း အအုပ်အသင်းဖွဲ့၍ ချီတက်လာကြသော မိန်းမပျိုကလေးများမှာ အားလုံး အသက်(၁၆၊ ၁၇၊ ၁၈) ဆိုသော အရွယ်တွေချည်း ဖြစ်ကြ၏။ သူတို့အားလုံးသည် တစ်ယောက်လျှင် တစ်မျိုးစီသော ကိုယ်ပိုင်အလှကိုယ်စီ ရှိကြသူတွေချည်း။ သည်တစ်ယောက်ကို ကြည့်၍ ချောလိုက်သလိုက်ပါပေဟု ချီးကျူးမှတ်ထင်နေဆဲ အနီးက နောက်တစ်ဦးကို ပြောင်း၍ ကြည့်လိုက်ပြန်တော့လည်း ဟော ဗျ၊ သူက တစ်မျိုးလှပြန်တာပဲဟဟု အကြည့်လွဲ မျက်လုံးခွာ၍ မရအောင် ဆွဲဆောင်နိုင်သူကလေး ဖြစ်နေပြန်သည်။ သည်လိုဖြင့် နောက်တစ်ဦး၊ သူနောက်က နောက်ထပ်တစ်ဦး။ ကြည့်ချင်တဲ့သူကို ကြည့်၊ နှလုံးဘဝင်၌ စွဲငြိသွားစေနိုင်သော နုနယ်ပျိုမျစ်ခြင်း၊ ချောမောလှပတင့်တယ်ခြင်းတို့ဖြင့် ပြည့်ဝကြသူများချည်း ဖြစ်နေကြလေကုန်၏။

အဲဒီတော့ သည်စကြံလမ်းက ပုရိသအစောင့်ရဲမက်တွေကရော ဘာသားတွေနဲ့ ထုထားကြတာမှတ်လို့။ ကိုင်စွဲထား သော ဓား၊ လှံ လက်နက်တွေကို အသုံးချဖို့ ဝေးစွ။ ဆည်းလည်းလူပ်သကဲ့သို့ ညစာသာယာသော အသံတို့ဖြင့် သူတို့အချင်းချင်း စကားတပြောပြော လှမ်းလာနေကြသော မိန်းမလှကလေးတွေကို ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားတို့ဖြင့် ညှို့ချက်မိသော ယုန်သူငယ်ခမျာ ညှို့အားပြင်းလှသော စပါးကြီးမြွေကြီးရှေ့ ရောက်နေသည့်နှယ် အငေးသား ကြည့်ရှုနေမိကြသည်မှာ ဖွတ်မှေ ပဒတ်မှေဟု ဆိုလောက်၏။ မိန်းမလှကလေးတွေကို တားဆီးရန်၊ စစ်ဆေးမေးမြန်းရန် တာဝန်ဝတ္တရားတို့ကို မေ့လျော့သွားကြကာ ကြည့်ကောင်းကောင်းနှင့်သာ ထိုင်ကြည့်နေလိုက်မိကြသည် ဖြစ်ရာ မိန်းမလှအုပ်စုမှာ ရယ်မောသံ၊ စကားပြောသံတည်ဖြင့် သူတို့အား ဖြတ်ကျော်လျှောက်လှမ်းသွားကြသည်ချည်း ဖြစ်တော့၏။

သည်လိုဖြင့် မိန်းမလှကလေးများသည် စကြံလမ်း၏ အစွန်းဆုံးထိပ်ဘက်ရှိ နန်းတော်ဆောင် အဆောက်အအုံ၏ ဝင်ပေါက်တံခါးမကြီးရှေ့သို့ ရောက်လုလု ချဉ်းကပ်မိသွားကြ၏။ ထိုအချိန်တွင်မှ စကြံလမ်းတစ်လျှောက်ရှိ အစောင့်အကြပ်ရဲမက်တို့၏

www.burmeseclassic.com

အကြီးအမှူးထံမှ အလန့်တကြား အော်ဟစ်သံတစ်ခု အလျင်စလို ထွက်ရှိလာ၏။

"ဟဲ့..ဟဲ့..ဟဲ့..မယ်မင်းတို့၊ မယ်မင်းတို့။ ရပ်ကြစမ်း၊ ရပ်ကြစမ်း"

ထိုတားဆီးသံ ထွက်လာတော့မှ အခြားရဲမက်များလည်း ဖျတ်ခနဲ သတိပြန်လည်လာသော လူမမာများကဲ့သို့ အသက်ဝင်လာကြကာ မိန်းမငယ်အုပ်စုကြီးရှေ့သို့ အပြေးအလွှား သွားရောက်ရပ်တန့် ပိတ်ဆို့လိုက်ကြလေသည်။ မိန်းကလေးအုပ်စု၏ ခြေလှမ်းများလည်း တုံ့ဆိုင်းသွားကြတော့၏။

"နေစမ်းပါဦး၊ မယ်မင်းတို့အဖွဲ့က ဘယ်သူကိုမှ ခွင့်မတောင်း မပြောမဆိုဘဲနဲ့ ဒါက ဘယ်ကိုသွားကြဖို့တုံး"

ရဲမက်အကြီးအမှူးက သူ့ရဲမက်များရှေ့မှရပ်ကာ ဟိန်းဟောက်မေးမြန်းလိုက်၏။ သည်တော့ မိန်းမလှကလေးများသည် တစ်ယောက်မျက်နှာတစ်ယောက် အချင်းချင်းကြည့်လိုက်ကြကာ ခိုးခိုးခစ်ခစ် ရယ်လိုက်ကြသေး၏။ သူတို့ရှေ့မှ ဟိန်းဟောက်လာသော ရဲမက်အကြီးအမှူးကို ထိတ်လန့်ကြောက်ရွံ့ဖို့ ဝေးစွ။ ရယ်စရာကောင်းသော ခပ်ကြောင်ကြောင်လူကြီးတစ်ယောက်အဖြစ်ပင် မြင်ကြပုံရနေချေသေး၏။

"ပြောဆိုခွင့်တောင်းနေစရာလား ဦးကြီးတော်ရဲ့။ ကျွန်တော်မျိုးမတို့ တစ်အုပ်စုလုံးကြီး ပေါပေါထင်ထင် စကားပြောကြရင်း လျှောက်လာနေကြတာပဲ။ ဘယ်သူကမှ မတားပေါင်"

ဒါလည်း ဟုတ်နေပြန်သဖြင့် ရဲမက်ဦးစီးကြီးမှာ ရုတ်တရက် ပြန်မဖြေနိုင်ဘဲ အကျပ်ရိုက်သွား၏။ ဘယ်လိုလုပ်တားမှာတုန်း။ တားဖို့မေ့နေလောက်အောင် ငမ်းကြောထနေကြတာကိုးဟု ဒေါပွစွာဖြင့် သူနောက်က ရဲမက်တွေကို ဘုကြည့်၊ ကြည့်လိုက်သေး၏။

"အေး..တားတော့ မတားမိကြဘူးပေါ့။ ဒါပေမဲ့ အဲ..အဲ..မတားမိကြဘူးပေါ့"

မိန်းကလေးအုပ်စုက ခိုးခိုးခစ်ခစ် ရယ်ကြပြန်သဖြင့် ရဲမက်ဦးစီးသည် သူမျက်နှာကြောကို အမြန်ပြန်တင်းလိုက်၏။ ပြီးနောက် တမင်တင်းမာခက်ထန်ထားရသော ဟန်ဆောင်လေသံမာကြီးဖြင့် ဟိန်းလိုက်ပြန်၏။

"တိတ်ကြစမ်း၊ အခု ကျုပ်မေးတာပဲဖြေ။ မယ်မင်းတို့က ဘယ်သူတွေတုံး"

"မြို့တော်ရဲ့ သဘင်ဝန်ကိုယ်တိုင်က စိတ်ကြိုက်ရွေးချယ် ဖွဲ့စည်းပေးလိုက်တဲ့ အကတော်၊ အဆိုတော်၊ သဘင်သည်အဖွဲ့ပါ ဦးကြီးတော်။ အားလုံးဟာ တကယ့်လက်ရွေးစင်တွေချည်း ဆိုပါစို့လေ"

"သြော်..ဒါကြောင့် ဒီလောက် အလှမယ်တွေချည်း တစုတဝေးကြီး ဖြစ်နေတာကိုး" ဟု ရဲမက်တို့စိတ်ထဲ အဖြေရလိုက်ကြ၏။

ရဲမက် ဦးစီးကြီးက ဒုတိယမေးခွန်း ထပ်မေးလိုက်ပြန်၏။

"ကိုင်း..ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ အဲဒါနဲ့ အခု မယ်မင်းတို့အဖွဲ့က ဘယ်ကိုသွားကြဖို့တုံး"

"ကျွန်တော်မျိုးမတို့ သဘင်သည်အဖွဲ့က အရှင့်သားရဲ့ နန်းတော်ဆောင်ကို သွားကြဖို့ပါ"

"ဘာရယ်၊ အရှင့်သားရဲ့ နန်းတော်ဆောင်ကို သွားဖို့ ဟုတ်စ"

ရဲမက်အကြီးအမှူးက အလန့်တကြား မေး၏။

သဘင်သည် အဖွဲ့၏ ခေါင်းဆောင်ဖြစ်ဟန်တူသော မိန်းမပျိုက လှစ်ခနဲ ပြုံးလိုက်ကာ-

"လန့်လိုက်တာ ဦးကြီးတော်ရယ်၊ ဖြည်းဖြည်းမေးလည်း ရပါတယ်။ ဘာလို့ အလန့်တကြား ထအော်မေးရပါလိမ့်။ ဟုတ်ပါတယ်။ ကျွန်တော်မျိုးမတို့အဖွဲ့ အရှင့်သားရဲ့ နန်းတော်ဆောင်ကို သွားကြဖို့ပါ"

"ဘာ..ဘာ..ဘာကိစ္စနဲ့ သွားကြမှာတုံး"

"ဦးကြီးကလည်း..သဘင်သည်အဖွဲ့ပါဆိုမှ အရှင့်သားကို အဆိုတော်၊ အကတော်တို့နဲ့ ပျော်ရွှင်အောင် ဖျော်ဖြေပေးကြဖို့ပဲပေါ့။ ကျွန်တော်မျိုးမတို့အဖွဲ့က ပေါ့သေးသေးမဟုတ်ဘူး ဦးကြီးတော်ရဲ့။ အရှင့်သားကို ဖျော်ဖြေဖို့ အင်မတန်ကြီးလေးတဲ့ တာဝန်ကြီးနဲ့ လာခဲ့ကြတာ ဖြစ်ပါတယ်"

အကအဖွဲ့ခေါင်းဆောင် မိန်းကလေးက အထက်စီးဆန်လှသော မျက်နှာပေးဖြင့် ဝိုင်နိုင်စွာ ဝုံ့ဝုံ့ကြွားကြွားကြီး ပြောလိုက်သဖြင့် ရဲမက်ဦးစီးကြီးမှာ အီလည်လည်ကြီး ဖြစ်သွားရလေတော့၏။

"အောင်မာ..တယ်ကြီးကျယ်သကိုး။ ဒီမယ်ဟေ့၊ ငါတို့ကလည်း အရှင့်သားရဲ့ အမြဲတမ်း အစောင့်အရှောက် တပ်ဖွဲ့ဝင် ရဲမက်တွေပဲ။ အရှင့်သားရဲ့ နန်းတော်ဆောင်ကို ငါတို့အဖွဲ့ရဲ့ ခွင့်ပြုချက်မရဘဲ ဘယ်သူမှ သွားခွင့်မရှိကြဘူး။ နေစမ်းပါဦး၊ မယ်မင်းတို့က ဒီလောက်ရဲတင်း

www.burmeseclassic.com

www.burmeseclassic.com

ရအောင် ဘယ်သူ့အမိန့်နဲ့ လာကြတာတုံး။ ဘယ်သူက ခွင့်ပြုစေလွှတ်လိုက်လို့တုံး'

ထိုမေးခွန်းသည် လက်ရှိပြဿနာအတွက် အရေးကြီးဆုံး မေးခွန်းဖြစ်သည်။ ထိုအခါ သဘင်သည်အဖွဲ့၏ ခေါင်းဆောင်မိန်းကလေးကလည်း အရေးတကြီးပင် ပြန်ဖြေကြားပါလေ၏။

'ဦးကြီးတော်..ကျွန်တော်မျိုးမတို့ရဲ့အဖွဲ့ကို အရှင့်သားနဲ့ယေတော် မိဖုရားခေါင်ကြီးကိုယ်တိုင်က အမိန့်ပေးစေလွှတ်လိုက်ခြင်း ဖြစ်ပါတယ်။ အရှင့်သားကိုယ်တိုင်ကလွဲရင် အခြားမည်သူကမှ အတားအဆီး မရှိစေရလို့လည်း မှာကြားထိုက်ပြီး ဖြစ်ပါတယ်'

'ဟေ့..ဒါဟာ မိဖုရားခေါင်ကြီးရဲ့ အမိန့်တဲ့လား'

ရဲမက်အကြီးအမှူးသည် အံ့အားတသင့် သံယောင်ဆို၍ ပြောလိုက်မိဆဲရှိသေး၏။ သဘင်အဖွဲ့ခေါင်းဆောင် မိန်းကလေး၏ ထပ်ဆင့်ပြောကြားချက်က ဘူးလေးရာ ဖရဲဆင့်လာပြန်ချေ၏။

'မှန်ပါတယ် ဦးကြီးတော်၊ တကယ်တော့ ဒါဟာ မိဖုရားခေါင်းကြီး တစ်ပါးတည်းရဲ့ အမိန့်တော် မဟုတ်ပါဘူး၊ ဟောဒီဗာရာဏသီပြည့်ရှင် ဘုရင်မြတ်ဒဗတ်မင်းကြီးကိုယ်စားပြီး မင်းကြီးရဲ့ ခွင့်ပြုချက်အရ ပေးလိုက်တဲ့အမိန့်တော် ဖြစ်ပါတယ်။ ကျွန်တော်မျိုးမတို့အဖွဲ့ကို မည်သူမှ အတားအဆီးပိုင်ခွင့် မရှိပါဘူး။ သို့သော် အရှင့်သားကိုယ်တိုင်က အလိုမရှိဘူးဆိုရင်တော့ လှည့်ပြန်ကြရမယ်ပေါ့ ဦးကြီးတော်'

စောတ်လမ်းက သည်မှာတင် ပြည်ဖုံးကားချသွားပြီဖြစ်ပေသည်။ ရဲမက်အကြီးအမှူးလည်း ကြက်ဖကြီးကို လည်ပင်းလိမ်လိုက်သကဲ့သို့ ငိုင်တွေကျသွားလေသည်။ သူတွင် ခွင့်ပြုလိုက်ရန်မှလွဲ၍ အခြားရွေးချယ်စရာလမ်း မရှိတော့ပြီ။

'ကိုင်း..ကိုင်း..ကိုင်း..မယ်မင်းတို့၊ ဒီမျှပြောကြပြီး နောင် သိပါပြီ။ အမိန့်တော်ပါတဲ့အတိုင်းသာ အရှင့်သားရဲ့ အမိန့်တော်ဆောင်ကို ဝင်တော်မူကြပါလေတော့။ အကယ်၍ အရှင့်သားက မေးမြန်းလာခဲ့ရင်သာ ဖခမည်းတော်မင်းကြီးနဲ့ မယ်တော်မိဖုရားကြီးတို့ရဲ့ အမိန့်တော် ပါလာလို့ ကျုပ်ဦးစောင့်အရှောက်တပ်ဖွဲ့က လွှတ်ပေးလိုက်ရခြင်းဖြစ်ကြောင်း လျှောက်တင်လိုက်ကြပါတော့ကွယ်။ ကဲ..ရဲမက်တို့ သူတို့ကို လွှတ်သာပေးလိုက်ကြပေတော့'

ရဲမက် ဦးစီးကြီးသည် များစွာစိတ်ဓာတ်ကျသွားသော လေသံကြီးဖြင့် ညည်းတွားပြောဆိုလိုက်ရင်း နောက်လိုက်ရဲမက်များအား အမိန့်ပေးလိုက်ရလေတော့၏။ ထို့ကြောင့် ရဲမက်အများလည်း မိန်းကလေးအုပ်စု၏ရှေ့ဘက်တွင် ကြက်ခြေခတ်ထောင်၍ တားဆီးထားသော လုံရှည်ကြီးများကို ဖယ်ရှားပေးလိုက်ကြရပေတော့သည်။

'ကဲ..သွားလိုက်ဦးမယ်နော် မောင်ကြီးတို့၊ ဟိဟိ.. ခစ်..ခစ်..ခစ်'

သဘင်သည် မိန်းမပျိုအုပ်စုကား သူတို့အား လှောင်ပြောင်သော ရယ်သံတစ်ပိုင်းတစ်စကိုပြု၍ အရှင့်သား၏ နန်းတော်ဆောင်ဝင်ပေါက်တံခါးဆီသို့ ဆက်လက်ထွက်ခွာသွားကြလေ၏။ သူတို့မှာ ဘာမျှမတတ်နိုင်ဘဲ သည်အတိုင်း ငြိမ်ငြိမ်ဖမရပ်ကြည့် ကျန်နေရစ်ခဲ့ကြရတော့သည်။

'ဒုက္ခပဲ တပ်မှူးကြီးရေ၊ အရှင့်သားကတော့ ဒီအဖွဲ့မျိုးကိုမှ သူနန်းဆောင်ထဲ ဝင်ခွင့်ပေးလိုက်ရကောင်းလားဆိုပြီး ကျွန်တော်မျိုးတို့ အဖွဲ့တွေကို ကောင်းကောင်းအပြစ်ဒဏ်ပေးတော့မယ် ထင်ပါရဲ့'

ရဲမက်အဖွဲ့၏ ဒုတိယလက်ထောက် အကြပ်ဖြစ်သူက စိတ်ပျက်သံတစ်ဝက် ထိတ်လန့်သံတစ်ခြမ်းဖြင့် ညည်းညူသလိုလို တိုင်တည်သလိုလို ပြောလိုက်၏။ သည်တော့ ရဲမက်ဦးစီးတပ်မှူးကြီးက ရှုံ့မဲ့စွာသော မျက်နှာထားကြီးဖြင့် ပြန်လည်မာန်မဲလေတော့သည်။

'ဟ..ငါကိုယ်တိုင် အများရှေ့မှာ စစ်ဆေးမေးမြန်းတာ မင်းတို့အားလုံး အကြားအမြင်ပဲ။ အရှင်မင်းကြီးနဲ့ မိဖုရားခေါင်ကြီးတို့ရဲ့ ခွင့်ပြုအမိန့်တော်နဲ့ လာခဲ့ကြပါတယ်ဆိုမှတော့ ငါသာမကဘူး၊ တိုင်းပြည်ရဲ့ အမတ်ချုပ်ကြီးတောင် တားပိုင်ခွင့်မရှိဘူး။ ဘာမှပြောမနေကြနဲ့တော့။ အရှင့်သားက အပြစ်တင်လာရင်လည်း မှန်တဲ့အတိုင်း လျှောက်တင်ကြရုံပ'

တပ်မှူးကြီးသည် ကျေနပ်လောက်အောင် ဆူပူပြီး နောက် ကျေနပ်သွားဟန်ဖြင့် သက်ပြင်းချလိုက်ကာ သက်သာရာ သက်သာကြောင်း ဖြေသိမ့်ပေးသကဲ့သို့ ပြောပြန်လေသည်။

'အိုကွယ်..စိတ်ပူမနေကြပါနဲ့။ ဒီအမိန့်တော်ကို ငါတို့ မချေဖျက်နိုင်ပေမယ့် အရှင့်သားကိုယ်တိုင်ကတော့ လိုက်လျောလိမ့်မယ် မထင်ကြပါနဲ့။ စောင့်သာ ကြည့်နေကြ။ သင်းတို့အဖွဲ့ဟာ မကြာခင်ပဲ ခွေးပြေးဝက်ပြေး ပြန်ထွက်ပြေးလာကြပါလိမ့်မယ်။ အဲဒီအခါကျရင် မင်းတို့အားလုံး

www.burmeseclassic.com

မသိသလို ကြည့်နေလိုက်ကြ။ အလှပဂေး ကောင်မလေးတွေ ဆိုပြီး ငမ်းကြောထတဲ့ အကောင်တွေ ငါနဲ့တွေ့ပြီသာ မှတ်ကြ။ ဒါပဲ'

ဤကား စောင့်ရှောက်ရေး ရဲမက်အဖွဲ့ တပ်မှူးကြီး၏ နောက်ဆုံးအမိန့်ဖြစ်၏။ ထိုအမိန့်နှင့် မှတ်ချက်ကား တစ်သဝေမတိမ်း မှန်ကန်လေသည်။ လှပချောမောလှကြသော မိန်းမချောကလေးများကို လက်ရွေးစင်အဖြစ် သဘင်ဝန်ကိုယ်တိုင်က ရွေးချယ်စေလွှတ်လိုက်သည်ဆိုသော်ငြား ၎င်းတို့မှာ အရှင့်သား၏ နန်းတော်ဆောင်ထဲသို့ ဝင်သွားကြပြီး ခဏသာကြာ၏။ အားလုံးပင် အလန့်တကြားဖြင့် ဝရုန်းသုန်းကား ပြန်ထွက်ပြေးလာကြသည်မှာ ထဘီမနိုင် ပဝါမနိုင် ဆိုသကဲ့သို့ပင် ရှိ၏။ ထိုအချိန်တွင်မှ ပြင်ပမှ စောင့်ကြည့်နေကြသော စောင့်ရှောက်ရေးအဖွဲ့၏ တပ်မှူးကြီးက ပြုံးပြုံးကြီး ကြွေးကြော်လိုက်လေသည်။

'ကိုင်း...ငါမပြောခဲ့ဘူးလား ရဲမက်တို့၊ ကချေသည် သဘင်အဖွဲ့ဝင် မိန်းမလှလေးတွေ အကုန်လုံး ပြန်ထွက်ပြေးလာလိုက်ကြသမှ ကျားလိုက်ခံရတဲ့ နွားမတမ်းအုပ်ကြီးကျနေတာပဲ။ ငါတို့ အရှင့်သားက ဒေါသတကြီးနဲ့ မောင်းနှင်ထုတ်လို့ ပြေးလာကြရတာပဲဖြစ်မယ်။ ဒါကြောင့် စိတ်မပူကြနဲ့လို့ ငါပြောခဲ့တာ။ တို့အရှင့်သားက မ,ဆိုရင် အဆင်းသဏ္ဌာန်ကိုမှောက်ထား အနဲတောင် မခံနိုင်အောင် စက်ဆုပ်ရွံရှာသူဖြစ်လို့ သင်းတို့ ဘယ်လောက်လှနေ ချောနေပါစေ လက်ခံမှာ မဟုတ်ဘူးလို့။ ဘယ့်နယ် အဲဒီအချက်ကြောင့်ကိုပဲ အရှင့်သားကို အနီတ္ထိဂန္ဓမင်းသားလို့ အမည်ပေးထားခဲ့ကြရတာမဟုတ်လားကွယ်တို့'

♦ ♦ ♦

(၂)

အနီတ္ထိဂန္ဓမင်းသား

ထိုအမည်သည် ဗာရာဏသီတစ်ပြည်လုံးတွင် ထင်ရှားလှသော အန္ဓတ္ထသည်ဖြစ်သည်။ ဗာရာဏသီပြည်ကို အုပ်ချုပ်သော ဗြဟ္မဒတ်မင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့တွင် သားတော်ကလေးတစ်ပါး ဖွားမြင်လာခဲ့၏။ ထီးနန်းအမွေဆက်ခံရန် သားတော်မွေးဖွားလာသဖြင့် မင်းကြီးနှင့် မိဖုရားကြီးတို့မှာ များစွာဝမ်းမြောက်ဝမ်းသာကြကုန်ပေတော်မူကြ၏။ သို့ရာတွင် သားတော်အတွက် ဝမ်းမြောက်ကျေနပ်ရမှုမှာ ကြာကြာမခံလိုက်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုသားတော်ကလေးသည် နို့စို့အရွယ်မှ စတင်၍ မည်သည့်အမျိုးသမီးမိန်းမသားတို့၏ ပွေ့ချီယုယ ကိုင်တွယ်မှုကို ဆတ်ဆတ်ထိမခံလေသောကြောင့် ဖြစ်တော့၏။ အမျိုးသမီး နို့ထိန်းသည်များ အချီအပိုး၊ အထိန်းတော်များက ထိကိုင်လိုက်သည်နှင့်ပင် ကျွက်ကျွက်ညည်အောင် ငိုကြွေးလေတော့၏။ ထို့အတွက်ကြောင့် ဗြဟ္မဒတ်မင်းကြီးနှင့်တကွ မိဖုရားကြီးပါ စိတ်သောက ရောက်ကြရလေသည်။

နန်းတွင်းရှိ သမားတော်ကြီးများနှင့် အမျိုးမျိုးစစ်ဆေးသော်လည်း သားတော်ကလေးတွင် မည်သည့်ရောဂါဘယကိုမျှ မတွေ့ရှိရချေ။ သားတော်ကလေးသည် သူ့ဟာသူ နေလျှင် အကောင်းပကတိဖြစ်၏။ သူ့ကို အမျိုးသမီးတစ်ဦးဦးက ထိတွေ့ချီပိုး ယုယလိုက်ပြီဆိုတော့မှ ကောက်ကာ ငင်ကာ ကင်းထိုးခံလိုက်ရသည့်အလား သည်းထန်စွာ ငိုကြွေးခြင်းဖြစ်လေရာ မင်းကြီးလည်း နန်းတွင်းရှိ ပညာဗေဒင်ဟူးရား ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုများဘက်သို့ ဦးလှည့်ကာ မွေးဇာတာကို တွက်ချက်စစ်ဆေးစေခြင်း၊ အတိတ်နိမိတ်ကောက်စေခြင်း စသည့်တာဝန်များကို ပေးအပ်ခိုင်းစေရပြန်လေသည်။ ဤတွင် ထိုပညာရှိများအားလုံးက တညီတညွတ်တည်း လျှောက်တင်လာကြ၏။ ထွက်ရှိလာသော အဖြေက ဝမ်းသာရမလိုလို၊ ဝမ်းနည်းရမလိုလို၊ ငိုရမလိုလို ရယ်ရမလိုလိုကြီး ဖြစ်တော့သည်။

'မှန်လှပါ အရှင်မင်းကြီး...သားတော်ကလေးရဲ့ ဇာတာကို တွက်ချက်စစ်ဆေးတဲ့အခါ တစ်နေ့သောအခါ တရားထူးရနိုင်မယ့်သူဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သော်လည်း အဲဒါက အဝေးအကြောင်း ဖြစ်ပါတယ်။ လတလော အနီးအကြောင်းရင်းမှာတော့ သားတော်ကလေး အပြုအမူအရာတွေက တစ်ဖုံထူးခြား သိသာနေတာဆိုတော့ အမျိုးသမီးတွေနဲ့ ထိတွေ့လာရင် မနှစ်သက်နိုင်ဘဲ ငိုကြွေးခြင်းဖြစ်ပါတယ်။ အဲဒါကတော့ တခြားကြောင့် မဟုတ်ဘူး။ သားတော်ကလေးဟာ ဗြဟ္မဒ်ပြည်က စုတေလာခဲ့သူဖြစ်ပါတယ်။ ဒါကြောင့်သာ သူဟာ မိန်းမတွေရဲ့ ပွေ့ချီကိုင်တွယ်မှုကို လုံးဝလက်မခံနိုင်ဘဲ သည်းထန်စွာ ငိုကြွေးခြင်းဖြစ်ကြောင်းပါဘုရား'

ထိုအဖြေကား အတော်ခွက္ခယောအဖြေဖြစ်၏။ ဗြဟ္မဒ်ပြည်က စုတေလာခဲ့သူ ဖြစ်နေသည်ဆိုတော့ ကောင်းကြီးသောဘုံမှ လာခဲ့သူဖဲဟု ဝမ်းသာရမလိုလိုဖြစ်၏။ သို့သော်လောလောဆယ်မှာ မိန်းမသားတို့နှင့် ထိတွေ့ကိုင်တွယ်လျှင်ပင် ကျွက်ကျွက်ညည်အောင် ငိုကြွေးငြင်းပယ်နေသ

www.burmeseclassic.com

www.burmeseclassic.com

ပြုထိန်းယဖို့နောက်ထား နို့တိုက်ဖို့မှ ခပ်ခက်ခက်ဖြစ်နေ၍ ချွေးမရဲ့ ဖြစ်နေရပြန်၏။

"ကဲ..ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့၊ အဲဒီလိုဆိုတော့ ဒီကိစ္စကို ဘယ်လိုကိုင်တွယ်ဖြေရှင်းရရင် ကောင်းမလဲဆိုတာ ဦးစားကြပါဦးကွယ်တို့"

"မှန်ပါ အရှင်မင်းကြီး၊ နို့ထိန်းသည်တို့ကို ယောကျ်ားသွေး ဝတ်ဆင်စေပြီး နို့ချိုတိုက်ကျွေးစေမှ အဆင်ပြေနိုင်ပါလိမ့်မယ်ဘုရား"

ဗြဟ္မဒတ်မင်းကြီးသည် ထိုပညာရှိများ ပေးသော အကြံဉာဏ်အတိုင်း ဥပါယ်တံမျဉ်ဖြင့် နို့ထိန်းသည်တို့ကို ယောကျ်ားကဲ့သို့ ဝတ်ဆင်စေပြီး "နို့ချိုတိုက်ကျွေးစေ၏။ သည်တော့လည်း အဟုတ်သားပင်။ အဲဒီတော့မှ ကောင်းစွာ အဆင်ပြေလေ၏။ မင်းကြီးလည်း ထိုအခါကျမှ သက်ပြင်းချနိုင်၏။ ပညာရှိတို့ လျှောက်ထားသော သားတော်သည် ဗြဟ္မာပြည်မှ စုတေလာခဲ့သူ ဖြစ်သည်ဆိုသော အချက်ကို တော်ခဲယုံကြည်လိုက်ရပေတော့၏။ မယုံကြည်၍လည်း မရချေ။ အကြောင်းမူ သားတော်သည် မိန်းမတို့၏ အထိအတွေ့ကိုသာမက မိန်းမတို့၏အသံ၊ မိန်းမတို့၏ အနံ့အသက်ကိုပင် စက်ဆုပ်ရွံရှာသော အမူအရာတို့ကို တစ်နေ့တခြား ပြသထင်ရှားလာသောကြောင့် ဖြစ်လေသည်။ ထိုသို့ မိန်းမတို့၏ အနံ့အသက်ကိုပင် စက်ဆုပ်ရွံရှာသူဖြစ်သောကြောင့် အနိတ္ထိဂန္ဓမင်းသားဟူသော အန္ဓတ္တသညာ အမည်ကျော်လာခဲ့တာပဲ ကြည့်တော့ဟု ပြောရန်ရှိပေတော့သည်။

ဤသို့ဖြင့် မင်းသားကလေးသည် တဖြည်းဖြည်း အရွယ်ရောက်လာခဲ့၏။ မင်းသားလေး၏ သူငယ်ဖော်သားဖက်တို့မှာလည်း ယောကျ်ားလေးတွေချည်းဖြစ်သည်။ မင်းသားသည် သိတတ်သော အရွယ်မှစ၍ မိန်းမတို့နှင့် ဆေးနေ၏။ သူ့အတွက် နေထိုင်ရန် နန်းတော်ဆောင်ကို သီးခြားဆောက်လုပ်ပေးရန် တောင်းဆိုပြီး ထိုနန်းဆောင်မှာပင် နေထိုင်၏။ ထိုနန်းဆောင်အနီးဝန်းကျင်သို့ မည်သည့်မိန်းမသားမျှ အလာမခံ။ အဆင်းသဏ္ဌာန်ကို ရှုမြင်ဖို့၊ ကြည့်ရှုဖို့ဝေးစွ အသံပင်မကြားလို။ အနံ့အသက်ပင် မခံလို။

မင်းကြီးနှင့် မိဖုရားကြီးတို့ကား အရွယ်ရောက်လာသော သားတော်အတွက် ရတက်မအေးနိုင် ဖြစ်ကြရပြန်၏။ တစ်နေ့နေ့တွင် ထီးနန်းကို လွှဲအပ်ပေးမည်ဖြစ်သောကြောင့် သားတော်သည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရဦးမည်ဖြစ်သည်။ ဘုရင်တစ်ပါးအဖို့ မိဖုရားမှမရှိလျှင် အဘယ်သို့တင့်တယ်ပါအံ့နည်း။ ထို့ကြောင့် သင့်လျော်သောမျိုးရိုး၊ မြင့်မြတ်သည့် မင်းသမီးတစ်ပါးနှင့် လက်ထပ်ထိမ်းမြားစေလိုကြ၏။ မယ်တော်၊ ခမည်းတော်တို့သည် သားတော်အား အမျိုးသမီးများနှင့် နီးစပ်ယဉ်ပါးစေရန်အတွက် နန်းတွင်းသူအချောအလှများ၊ မြင်သူငေးရသည့် ကချေသည်ကညာ သဘင်သည်များဖြင့် မင်းသားကို ချော့မြူဖြားယောင်းစေ၏။

သို့ရာတွင် မင်းသားကား ထိုအချောအလှ ကချေသည်၊ သဘင်သည်တို့၏ ဖျော်ဖြေချော့မြူမှုတို့ကိုလည်း တစ်စက်လေးမျှ လက်မခံဘဲ စိတ်ဆိုးမာန်ဆိုးဖြင့် မောင်းထုတ်လိုက်သည်ချည်းဖြစ်၏။ ယခုပင်ကြည့်၊ မိဖုရားကြီးနှင့် သဘင်ဝန်တို့ကိုယ်တိုင် စိတ်ကြိုက်ဆန်ခါတင် ရွေးချယ်လွှတ်လိုက်သည့် လက်ရွေးစင်အချောအလှ ဂေါရီကညာရွယ် သဘင်သည် မိန်းမပျိုတို့ကိုလည်း ဒေါသတကြီး မောင်းနှင်ထုတ်လိုက်ပြန်သည် မဟုတ်ဗါလော။ မည်သို့ဖြစ်စေ မင်းနှင့် မိဖုရားကြီးတို့ကမူ အားမလျှော့။ သားတော်ကို ထီးနန်းလွှဲအပ်နိုင်ရေးကိစ္စနှင့် သင့်လျော်သော သတို့သမီးတစ်ဦးဦးနှင့် အမြန်ထိမ်းမြားပေးနိုင်ရေးကိစ္စတို့အတွက် အမြဲမပြတ်ကြံဆကြိုးစား နားချတိုက်တွန်းလျက် ရှိကြလေသည်။

♦ ♦ ♦

(၃)

ဗြဟ္မဒတ်မင်းကြီးနှင့် မိဖုရားကြီးတို့၏ နှစ်ရှည်လများ စိတ်ရှည်သည်းခံ ကြိုးစားလာခဲ့သမျှတို့သည် အရာထင်လာခဲ့ပြီဟုပင် ဆိုရပေတော့မည်။ သူတို့သည် သားတော်အား မင်းသမီးတစ်ပါးပါးနှင့် စုလျားရစ်ပတ် ထိမ်းမြားပါရန် အကြိမ်ကြိမ် နားချတိုက်တွန်းခဲ့ကြ၏။ မင်းနှင့် မိဖုရား နှစ်ပါးစုံညီမှာလည်း နန်းသိမ်းပွဲဘိသိက်ခံရန် တင့်တယ်ပါကြောင်းဖြင့်လည်း အဖန်ဖန်ဖျောင်းဖျပြောဆိုခဲ့ကြ၏။

ကြာလာတော့ ခမည်းတော်၊ မယ်တော်တို့၏ နားပူနားဆာတိုက်မှုကို မခံနိုင်တော့ပြီလော မပြောတတ် အနိတ္ထိဂန္ဓမင်းသားသည် ရွှေပန်းထိမ်သည်တစ်ဦးကို ခေါ်ယူ၍ အလွန်လှပ ချောမောတင့်တယ်သော သတို့သမီးရုပ်တုကို ထုဆစ်သွန်းလောင်းစေ၏။ ထိုရွှေရုပ်တုကဲ့သို့ ပြစ်မျိုးမဲ့ မထင်သော ကညာစင်သတို့သမီးကိုရလျှင် လက်ဆက်ပါမည်ဟု ဝန်ခံကာ ရွှေသားရွှေစင်ရုပ်တုကို ခမည်းတော်တို့ထံ ပေးပို့လိုက်တော့၏။ သည်လိုလုပ်ပြလိုက်မှလည်း နားပူသတ်သာမည်မဟုတ်လော။ မင်းကြီးကား ရွှေစင်ရုပ်တုကို

www.burmeseclassic.com

ရရှိ၍ အကြောင်းစုံသိရလေကတည်းက လက်ခမောင်းခတ်မိချေ၏။ ဟုတ်ပြီ၊ ယခုမှပဲ မိမိတို့ရည်မှန်းချက် ပြည့်ဝကြရပေတော့မည်ဟု ဝမ်းမြောက်မဆုံးချေ။

မင်းကြီးသည် အချိန်ဆိုင်းမနေပေ။ သံခင်း တမန်ခင်း ကိစ္စရပ်များတွင် အထူးကျွမ်းကျင်နှံ့စပ်၍ အခြားတစ်ပါးသော အတိုင်းတိုင်းအပြည်ပြည်များသို့ လှည့်လည်ရောက်ရှိဝင်ထွက်ဆက်ဆံဖူးသော အရည်အချင်းပြည့်ဝသည့် အမတ်တစ်ဦးကို အမြန်ခေါ်ယူ၍ ရွှေစင်ရုပ်တုကို လွှဲအပ်၏။ ဤရွှေစင်ရုပ်တုနှင့်တူညီသော သတို့သမီးကို မရအရ ရှာဖွေခဲ့ရန် အာဏာကုန်လွှဲအပ် တာဝန်ပေးလိုက်လေတော့သည်။

သွားလာလှည့်ပတ်မှု ခရီးလမ်းပန်းစရိတ်စက ကုန်ချင်သလောက် ကုန်ပါစေ။ သတို့သမီးကို မတွေ့မချင်း ပြန်ကို မလာခဲ့နဲ့တော့ အမတ်မင်းရေဟု စကားကုန် လက်ကုန်မှာကြား၍ စေလွှတ်လေသည်။ အမတ်မင်းလည်း ရွှေစင်ရုပ်တုကို သယ်ဆောင်သွားကာ အတိုင်းတိုင်းအပြည်ပြည် မြို့ရွာအနှံ့သို့ လှည့်လည်ရှာပုံတော်ဖွင့်တော့၏။ ဤသို့ဖြင့် အမတ်မင်းသည် မန္တရာဖတိုင်း၊ သာဂလမြို့တော်မှ ဘုရင့်သမီးတော်ကို တွေ့ရှိတော့၏။ သမီးတော်မှာ အမတ်မင်းသယ်ဆောင်လာသော ရွှေစင်ရုပ်တုသတို့သမီးနှင့် ရုပ်ရည်ကြွန်အင်လက္ခဏာတို့ တစ်ဖြတ်တည်း တူညီစွာ ချောမောလှပတင့်တယ်၏။ ထို့ကြောင့် သာဂလဘုရင်ထံ ဝင်ရောက်၍ အကြောင်းစုံကို လျှောက်တင်နားဖောက် ကြောင်းလမ်းလေရာ လိုက်လျောပြေလည်မှု ရရှိလေ၏။

အမတ်မင်းထံမှ ထိုသတင်း ရောက်ရှိလာသောအခါ ဗြဟ္မဒတ်မင်းကြီးနှင့် မိဖုရားကြီးတို့လည်း သားတော်မင်းသားကို ဝမ်းမြောက်စွာ အသိပေး၏။ အထောက်တော်၏ ကြိုတင်အသိပေးချက်အရ ရွှေစင်ရုပ်တုနှင့် တစ်ဖြတ်တည်း တူညီတင့်တယ် ပြေပြစ်သော သတို့သမီးကို ဗာရာဏသီပြည်သို့ ခေါ်ဆောင်လာခဲ့ပြီဟု သိလိုက်ရသောအခါ မင်းသားသည် အံ့အားသင့်သွား၏။ သူက မဖြစ်နိုင်၊ မရနိုင်ဟု ယုံကြည်ထားခဲ့ပြီးသော သတို့သမီးသည် သက်ရှိလူသားစင်စစ်အဖြစ်နှင့် မိမိတို့တိုင်းပြည်သို့ လိုက်ပါလာခဲ့ပြီဟုဆိုသောအခါ မင်းသား၏ရင်မှာ ထူးခြားစွာလှုပ်ခတ်သွား၏။ တစ်ဆက်တည်းပင် မတွေ့မြင်ရသေးသော မင်းသမီးကလေးအပေါ် စွဲလမ်းခြင်း၊ နှစ်သက်တပ်မက်ခြင်းတို့ဖြင့် ရင်ခုန်စွာ မျှော်လင့်နေမိတော့၏။

ဂုက်များမကြာမီမှာပင် မင်းသမီးသည် ဗာရာဏသီသို့ ဆိုက်ရောက်လာ၏။ ထိုအခါ မြို့အပြင်ရှိ မင်းလာဥယျာဉ်အတွင်းတွင် ခေတ္တနေရာချထား၏။ အစီအစဉ်မှာ ထိုမင်းလာဥယျာဉ်မှတစ်ဆင့် နန်းတော်သို့ ကြိုးကျယ်ခံညားသော မင်းလာအခမ်းအနားဖြင့်သွင်းရန် ပြင်ဆင်ကြခြင်းဖြစ်၏။ သို့ရာတွင် ထိုသို့အခမ်းအနားအစီအစဉ်များကို ပြင်ဆင်နေကြဆဲ အချိန်အတွင်းမှာပင် မင်းသမီးကလေးမှာ ခရီးပင်ပန်းမှုဒဏ်၊ ရာသီဥတုအပြောင်းအလဲဒဏ်တို့ကြောင့် ခေတ္တနားနေရာ မြို့အပြင် မင်းလာဥယျာဉ်အတွင်း၌ပင် ရုတ်ခြည်းကွယ်လွန်အိစ္စရောက်သွားရှာလေသည်။

ထိုသတင်းကြောင့် မင်း၊ မိဖုရား အပါအဝင် ဗာရာဏသီမြို့တော်တစ်ခုလုံး ချောက်ချားတုန်လှုပ်သွားကြ၏။ အနီထွိဂန္ဓမင်းသားသည်လည်း ထိုသတင်းကိုကြားသည်နှင့်အပြိုင်းအထန် စိတ်ထိခိုက်သွားလေတော့၏။ မည်သူကိုမျှလည်း စကားမပြောတော့ဘဲ သူတစ်ကိုယ်တည်းသာ နန်းတော်ဆောင်၌ ဆိတ်ဆိတ်နေလေတော့သည်။ သို့ရာတွင် မင်းသားသည် ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်တုန်းက ရဟန်းဘဝဖြင့် နှစ်ပေါင်းများစွာ တရားအားထုတ်ခဲ့ဖူးသော ကုသိုလ်အကျိုးဆက်ကြောင့် မိမိ၏ ကြေကွဲစိတ်ကို သတိတရားဖြင့် ထိန်းချုပ်ရန် ကြိုးစားနိုင်လေသည်။

ပဋိသန္ဓေနေ၍ မွေးဖွားရှင်သန်လာကြသော သတ္တဝါတိုင်း အိုခြင်း၊ နာခြင်း၊ သေခြင်းဆင်းရဲတို့ကို မလွဲမသွေရင်ဆိုင်ကြရစမြဲတရားပါတကားဟု ဆင်ခြင်၍ ဝိပဿနာရှုပွား၏။ ထိုအခါ ပါရမီဓာတ်ခံ ရင့်သန်ခဲ့ပြီးသူဖြစ်သည့် အလျောက် မင်းသားသည် မကြာမီရက်ပိုင်းမျှမှာပင် ပရမတ္ထကဖောဓိဉာဏ်ကို ရရှိမျက်မှောက်ပြုလေတော့သည်။ သို့သော် ထိုအကြောင်းကို ကာယက်ရှင်မင်းသားမှတစ်ပါး အခြားသူများ မသိနိုင်ကြ။

နန်းတွင်းရှိ မှူးမတ်များ၊ စစ်သည်များ၊ အမှုလုပ်အကိုင်စားကျေးကျွန်များ၊ နန်းတွင်းသူနန်းတွင်းသားများကမူ ငါတို့မင်းသားသည် သတို့သမီး မင်းသမီးကလေး သေဆုံးသည်အတွက် သတင်းကို ကြားသိရသည့်နေ့မှစကာ သူတစ်ကိုယ်တည်းသာ မလှုပ်မယှက် ငြိမ်သက်စွာထိုင်လျက် စံနေတော့သည်မှာ မင်းသမီးကလေးအတွက် သောကမီး လောင်မြိုက်ခံစားနေရှာသည်ဟု များစွာကရုဏာသက်နေကြတော့သည်။ ထို့ကြောင့် အမတ်များက စိတ်ပြေရာပြေကြောင်း ဖြေသိမ့်ခြင်း အလို့ငှာ နှစ်သိမ့်စကား လျှောက်ကြားကြ၏။

အရှင်မင်းသား...ဤမျှလည်း ပူဆွေးသောကဖြင့်

www.burmeseclassic.com

www.burmeseclassic.com

လောင်မြိုက်ခံစားမနေပါနှင့်။ မိမိစိတ်ကို သတိဖြင့် ဆင်ခြင်ထိန်းသိမ်းတော်မူပါဘုရား'

ထိုအခါ မင်းသားက ပြန်လည်ဖြေကြား၏။

'အချင်းအမတ်တို့..သင်တို့ အထင်မလွဲကြကုန်နှင့်။ ငါကား သင်တို့ထင်သလို မင်းသမီးကလေးအတွက် ပူဆွေးနေသည်မဟုတ်။ ငါသည် ပူဆွေးသောက ကင်းစင်သော ဝစ္ဆေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပြီး ဖြစ်ပေသည်'

မင်းသား၏ ထုတ်ဖော်ဝန်ခံချက်ကြောင့် အမတ်များ အံ့သြဆွံ့အသွားကြကုန်၏။ ထိုသို့ ကိုယ်တိုင်ထုတ်ဖော်ဝန်ခံပြီးသည်နှင့် မင်းသား၏ အသွင်သဏ္ဌာန်သည်လည်း ဝစ္ဆေကဗုဒ္ဓါအသွင်သို့ ပြောင်းလဲသွားလေသည်။ ထိုအခါ တွင်မှ အမတ်တို့အား မိမိကိုယ်တွေ့နှင့်ယှဉ်သော တရားတော်ကို ဟောကြားတော်မူ၏။

'အချင်းအမတ်တို့..ငါသည် မင်းသမီးအပေါ် တပ်စေါ်စွဲလမ်းမိသော တဏှာမရှိမီက ငြိမ်းအေးခဲ့၏။ ထိုမှတစ်ဆင့်မင်းသမီးအပေါ် စွဲလမ်းသောတဏှာ ဝင်လာခဲ့သောအခါ အပူမီးတောက်လောင်လာခဲ့၏။ ထိုတဏှာကို အရဟတ္တမဂ်ဖြင့် အမြစ်ပြတ်ပယ်သတ်လိုက်တော့မှ ချမ်းသာကို ပြန်ရရှိ၏။ အမတ်တို့..ဆက်ဆံပေါင်းသင်းမှုကြောင့် ငြိတွယ်စွဲလမ်းခြင်း ဖြစ်ပေါ်လာရ၏။ ထိုငြိတွယ်စွဲလမ်းမှုတို့ကြောင့် ပူဆွေးသောကရောက်ရခြင်း အစရှိ ဆင်းရဲဒုက္ခများဖြစ်ပေါ်လာရပြန်၏။ ထိုဆင်းရဲဒုက္ခ၏ အပြစ်များကို သိမြင်ရှောင်လွှဲလိုသောပုဂ္ဂိုလ်သည် ကြိုးချိုသည် တစ်ချောင်းတည်းသာရှိသကဲ့သို့ တစ်ယောက်တည်း လွတ်လပ်စွာနေနိုင်ဖို့ ကျင့်ကြံအားထုတ်သင့်၏။ ငါသည် တဏှာကြောင့် ပူဆွေးသောကဝင်လာသည်နှင့် ဤနန်းဆောင်၌ ကြိုးချိုကဲ့သို့ တစ်ဦးတည်း ဆိတ်ငြိမ်စွာနေ၍ ဝိပဿနာကို ရှုပွားခဲ့သောကြောင့် ပစ္ဆေကဗုဒ္ဓါဂေါတမီဘုရားကို ရရှိခဲ့ခြင်းဖြစ်တော့သည် အမတ်တို့'

ထိုအခါ အမတ်တို့လည်း ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ကြကုန်၏။ အနိတ္ထိဂန္ဓမင်းသား တစ်ဖြစ်လဲ ပစ္ဆေကဗုဒ္ဓါအရှင်မြတ်လည်း ထိုတရားကို ဟောပြီးသည်နှင့် နန်းဆောင်ကို စွန့်ခွာ၍ ဂန္ဓာမာဒနတောင်သို့ ကြွချီတော်မူလေသည်။

နန္ဒာစိုး(ဆင်ပြူကျွန်း)

ကျမ်းကိုး

* ဝိဋ္ဌကတ်အနှစ်ချုပ် သုတ္တနိပါတ် (စာ ၂၇-၂၈)။

နလုံးတုန်၊ ရင်ခုန်၊ မူးဖောသူများအတွက်

နန်းဆီပြာင်



နလုံးခုန်နှုန်း မမှန်ခြင်း၊ နလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်ပိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှိုခြင်း၊ ဗဒေါ်ဗသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ရွှင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ဝ၂၁၃ Y ၀၁၀၁၇၀
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

နလုံးအားတိုးဆေး

မင်္ဂလာ နန်းဆီပြာင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိပ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉၂၀၀၉၉၉၇၊ ☎ (၀၁) ၂၁၁၈၉၃

ရန်ကုန် ပြည်ပြေးဆေးဆိုင်ကြီးများ - ဆိုင်အမှတ်(B-50. 51) ရွှေပြည်စုံစျေး (အလှပြယာထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉၄၂၁၀၀၇၇၉၃၊ ၀၉၄၂၁၀၁၀၀၂၀

မန္တလေး ဦးအောင်ပြင် ပြန်ဆေးဆိုင်ကြီးများ - ဝရောဝယ်ရေး/E ရုံ(သစ်ရုံ)၊ အမှတ် - ၉၆(ရေပြည်ထပ်)၊ စျေးရိုးမန္တလေးမြို့။ ☎ (၀၂) ၃၁၀၈၈၄

www.burmeseclassic.com

ရေယဉ်စမ်းငယ်နှင့်၊ သောင်ကမ်းငယ်ပြည့်လျှံ၊ မြစ်လုံးငယ်ညံသည်၊
လှော်တက်သံမြိုင်မြိုင်နှင့်၊ လှေပြိုင်ကျင်းတဲ့ လကိုလေး။

ကန်ရာသီငယ်၊ ခါမီသင့်စွာ၊ ဗွေအာကာမှာ၊ ပြုဇွာဘဒြပိုဒ်၊
ကြက်ညီနောင်တောင်တစ်ဝိုက်က၊ ရေလိုက်ကယ်သဘင်၊ စံစံပယ်
ရွှင်သော့ခါ၊ မြိုင်ခွင်လုံးကန္တာမှာ၊ ရွှေယင်းမာ ပန်းတော်မင်းက၊
သင်းလှတယ်လေး။

(မဟာအတုလမင်းကြီး)

တော်သလင်းလနှင့် ဂရုစမ္မာဘဝါတော်ငန့်

တော်သလင်းလသည် မြန်မာ့ဆယ့်နှစ်လတွင် ဆဋ္ဌမမြောက်လ ဖြစ်၍ မိုးဥတု၌ ပါဝင်သည်။ ဤလ၏အမည်ကို ပုဂံခေတ်ထိုး ကျောက်စာများတွင် တံသွင်း၊ တံသွင်၊ တံသလင် စသည်ဖြင့် အမျိုးမျိုးရေးထိုးခဲ့ကြသည်။ ဤလတွင် စပါးကောက်ပင်များ ထူထောင်ရှင်သန်လာပြီဖြစ်၍ လယ်လုပ်သားတို့အား နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဆော်သလင်းမည်၏ဟု ဝေါဟာရလိန္တဒီပနီတွင် ဖွင့်ဆိုထားသည်။ ဤလက္ခဏာမျိုးနှင့် မည်မျှပင် မြစ်တွင်းသားသောကြောင့် သစ်ဖောင်ဝါးဖောင်များ စုဆင်းလေ့ရှိသဖြင့် ရှားအခါက သစ်ဆင်းလဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြသည်။

တော်သလင်းလသည် ကန့်ရာသီဖြစ်၍ ရာသီရုပ်မှာ သက်တစ်ဖက်ကား ကောက်ဆုပ်၊ လက်တစ်ဖက်ကား ဆီမီးတိုင်ကိုင်လျက် လှေစီးသော မိန်းမငယ်သဏ္ဌာန် ရှိ၏ဟု ဆိုသည်။ ဤလတွင် ပြဿဒာဒြပိုဒ်နက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်ထွန်းလင်းကြပြီး ဥတ္တရဖလဂုနိနက္ခတ်နှင့် နေမင်းကို ယှဉ်ပြိုင်ကြသည်။ ယဉ်သောတာရာမှာ ဗျိုင်းတာရာဖြစ်သည်။ ရာသီပန်းမှာ ရင်းမာပန်းဖြစ်သည်။ ဤလတွင် နေ့နာရီ (၃၂)နာရီနှင့် ညနာရီ (၂၈)နာရီရှိကြပြီး နေထွက်နာရီ (၅)နာရီ (၅၀)မိနစ်၊ နေဝင်နာရီ (၆)နာရီ (၁၀)မိနစ် အသီးသီးရှိကြသည်။ မွန်းတည့်ဖဝါးမှာ (၂)ဖဝါးဖြစ်သည်။ ရက်စုံကွယ်သောလဖြစ်သောကြောင့် ရက်ပေါင်း(၃၀)ရှိ၏။ ဃဠိလင်္ကာသတ်ပုံသံပေါက်တွင် တော်သလင်းမှန်၊ ရာသီဟန်၊ မိုးသန်တွင်းအခါဟု စပ်ဆိုထားသည်။

တော်သလင်း၏ ပတ်ဝန်းကျင်ရာသီဥတု အခြေအနေများကို တော်သလင်းတိမ်ညို၊ စားဖိုသည်ဆင်းရဲ၊ မိုးမစဲဟု မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင် ဖော်ပြထားပြီး တော်သလင်းလမှာ မိုးရွာအားကြိုးခြင်းကြောင့် ထမင်းဟင်းချက်ရာတို့ ဒုက္ခရောက်သည် ဆိုလိုသည်ဟု ဖွင့်ဆိုထားသည်။

တော်သလင်းမြစ်တွင်း သင်ဖြူးခင်း ဆိုရိုးစကားနှင့်အညီ ဤလတွင် လိုင်းလေငြိမ်သက်သည့် အားလျော်စွာ ပေါ်ပြင်သည် သင်ဖြူးခင်းဘိသကဲ့သို့ ပြန့်ပြန့်ပြူးပြူးရှိသောကြောင့် ရာသီပွဲတော်အဖြစ် ရှေးမြန်မာမင်းများလက်ထက်က လှေပြိုင်ပွဲများ ဆင်ယင်ကျင်းပလေ့ရှိကြောင်း တနင်္ဂနွေမင်းလက်ထက် စာဆိုတော်ဦးအောင်ကြီး ဆိုသာစွလေ၊ မြစ်ရေကမ်းပြည့်၊ ချီတော်သလင်းဘွဲ့လူးတားတွင် အာနီမြို့ခိုင်၊ ရင်းမာလှိုင်က၊ မွေးကြိုင်နဲ့ရွှင်၊ တော်သလင်းကား၊ မြစ်တွင်းရတု၊ ပန်းလှသဘင်၊ သစ်ဆင်းယင်လျက်၊ လက်သင်လှော်ကား၊ ရွှေသားစက်ကွင်း၊ လှေချင်းလှော်ပြိုင်၊ ခွင့်ရေးကိုင်၍ စသည်ဖြင့်လည်းကောင်း၊ စဉ်ကူးမင်းလက်ထက် စာဆိုတော်ဦးယာဆို သုံးသွယ်သိန်းနေ ချီတော်သလင်းလဘွဲ့လူးတားတွင် ပန်းရွှေရင်းမာ၊ လှိုင်စွာပျံသင်း၊ တော်သလင်းဟု၊ မြစ်တွင်းသဘင်၊ လှေပွဲဆင်၍၊ လက်သင်လှော်ကား၊ ရွှေလှေများကို၊ ကစားလူးလာ၊ စုန်ကာဆန်လျက်၊ ရွှေတက် ပြိုးပြောင်၊ ပုံတောင်စည်မောင်း၊ ရေကြောင်းမြစ်လယ်၊ ပျော်ဖွယ်အံ့ချီး၊ တီးမှုတ်ကြော်ငြာ၊ သည်ပွဲသာတွင် စသည်ဖြင့်လည်းကောင်း အသီးသီး ဖွဲ့ဆိုထားကြသည်။

တော်သလင်းမိုး ကန်သင်းကျိုး ဆိုရိုးစကားအရ ဤလတွင် ရွာသွန်းသောမိုးသည် လယ်ကန်သင်းများကျိုးအောင် သဲသဲမဲမဲ ရွာသွန်းတတ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း တော်သလင်းနေ ပုစွန်သေ ဆိုရိုးစကားအရ တော်သလင်းလသည် မိုးကာလပင်ဖြစ်သော်လည်း နေပူရှိန်မှာ ပုစွန်သေလောက်အောင် ပူပြင်းတတ်ပြန်သည်။ မည်သို့ပင်ဖြစ်စေ ဤဆန့်ကျင်ဘက် အစွန်းနှစ်ရပ်သည်ပင် တော်သလင်းလ၏ ထူးခြားသော သဘာဝဟု ဆိုရအံ့သို့ ရှိပေသည်။ မှတ်သားဖွယ်တစ်ရပ်မှာ တော်သလင်း လူပျင်းကွမ်းစိုက်ဟူသော ဆိုရိုးစကားကို တော်သလင်းလသည် ကွမ်းစိုက်ရန် အသင့်လျော်ဆုံးလဖြစ်၍ လူပျင်းစိုက်လျှင်ပင် ဖြစ်ထွန်းသည်ဟူ၍ မြန်မာဆိုရိုးစကားတွင် ဖွင့်ဆိုထားခြင်းပင်ဖြစ်သည်။

ဥတုဘောဇနသင်္ဂဟကျမ်း၌ တော်သလင်းလ၏သရုပ်ကို သီတင်းကျွတ်လနှင့် တွဲဖက်၍ တော်သလင်း၊ သီတင်းကျွတ် နှစ်လသည် သရဒဥတုမည်၏။ လောကသည် ပူ၏။ ကောင်းကင်၌ အညစ်အကြေးကင်း၏။ အိုင်၊ အင်း၊ မြစ်ကမ်းတို့သည် ပေါ်ကုန်၏။ ဟင်္သာ အစရှိသောငှက်တို့ဖြင့် ပြည့်ကုန်၏။ ခွေးတို့သည် မြူးထူးကုန်၏။ မြေအနိမ့်အမြင့် အညီအညွတ်တို့သည် ထင်ရှားကုန်၏။ ရှဉ့်ညွန့်ရှိကုန်၏။ သစ်ပင်တို့ဖြင့် ပြွမ်းကုန်၏။ ပဒုမ္မာကြာ၊ ခေါင်ရန်း၊ ပိတောက်၊ ရင်းမာ စသောပန်းတို့သည် ပွင့်ကုန်၏။ အသီး၊ အပွင့်၊ အရွက်၊ အမြစ်၊ ဆေးတို့သည် သြဇာရှိကုန်၏ဟု ဖော်ပြထားသည်။ မဃဒေဝလက်ဘသစ်တွင်မူ ဝါခေါင်တော်သလင်း၊ ခတ္တာမင်းနှင့်၊ ရွှေရင်းမာလ၊ ဝသာနဋ္ဌ၊ မှန်လှမချုတ်၊ ဖက်ဆွတ်ရေမိုး၊ မချိုးသောက်ရာ စသည်ဖြင့် ဖွဲ့ဆိုထားသည်။

တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့အဖြစ် သတ်မှတ်ထားရာ ယင်းသို့သတ်မှတ်ခြင်းတွင် တိကနိပါတ်၊ ဂရုဓမ္မဇာတ်နှင့် ဆက်စပ်လျက်ရှိသည်။

ကုရုတိုင်း၊ ကုန္ဒပတ္ထနဂိုရ်ပြည်ဝယ် ဓနဉ္ဇယကောရဗျမင်း မင်းပြုစဉ် ဘုရားအလောင်းသည် ထိုမင်း၏ သားတော်ဖြစ်၍ အရွယ်ရောက်သော် တက္ကသိုလ်ပြည်၌ အတတ်သည်

www.burmeseclassic.com

ခပ်သိမ်းတို့ကို သင်ကြားပြီး အဘမင်းကြီး လွန်သောအခါ အိမ်ရှေ့မင်းအဖြစ်မှ မင်းအဖြစ်ကို ရရှိ၏။ ထိုမင်း၏ အမည်မှာလည်း အဘမင်းကြီးအမည်နှင့် ထပ်တူဖြစ်၏။ ထိုမင်းသည် မင်းကျင့်တရားဆယ်ပါးကို မပျက်စေဘဲ ဂရုဓမ္မသီလကို စင်ကြယ်စွာပြု၍ စောင့်ရှောက်သကဲ့သို့ ထိုမင်း၏ မယ်တော်၊ မိဖုရားကြီး၊ ညီတော် အိမ်ရှေ့မင်း၊ ပုရောဟိတ် ပုဏ္ဏား၊ ကြီးတိုင်းအမတ်၊ ရထားထိန်း၊ သူဌေးကြီး၊ တင်းခြင်းအမတ်၊ တံခါးစောင့်၊ ပြည်တန်ဆာမဟူ၍ အခြားဆယ်ဦးသော ပုဂ္ဂိုလ်တို့သည်လည်း ဂရုဓမ္မသီလကို စင်ကြယ်စွာပြု၍ စောင့်ရှောက်ကြ၏။ မင်းကြီးသည် မြို့တံခါးလေးမျက်နှာ၊ မြို့လယ်၊ နန်းတော်တံခါးတည်းဟူသော ခြောက်ဌာနတို့၌ နေ့စဉ် ခြောက်သိန်းသောဥစ္စာတို့ကိုစွန့်၍ အလှူပေးမြဲဖြစ်၏။

ထိုအခါ ကာသိတိုင်း၊ ဒန္တပုရပြည်ဝယ် ကာလင်္ဂမင်းသည် နန်းပြိုင်မင်းပြုလျက်ရှိ၏။ ထိုမင်း၏ တိုင်းပြည်ကား မိုးမရွာသောဘေး၊ ငတ်မွတ်ခြင်းဘေး၊ အာဟာရဖောက်ပြန်သောကြောင့် အနာရောဂါဘေးတို့ ကပ်ငြိလျက်ရှိ၏။ မင်းကြီးသည် တိုင်းသူပြည်သားတို့အား ရှေးမင်းတို့သည် မိုးမရွာသော် အဘယ်သို့ပြုကြသနည်းဟု မေးမြန်းရာ ရှေးမင်းတို့သည် အလှူပေးပြီး သီလဆောက်တည်၍ အဓိဋ္ဌာန်ပြုလျက် အသရေရှိသောတိုက်ခန်းတွင် မြေစာမြက်ကိုခင်း၍ အိပ်သော် မိုးရွာပါသည်ဟု ပြန်လည်လျှောက်ထားကြ၏။ မင်းကြီးလည်း ဝန်ခံ၍ ရှေးမင်းတို့ အစီအမံအတိုင်း ပြုမူဆောင်ရွက်လေသည်။ သို့သော် မိုးကား မရွာပေ။

ယင်းသို့ မိုးမရွာသောကြောင့် မင်းကြီးသည် အမတ်တို့အား အဘယ်သို့ပြုရမည်နည်းဟု မေးမြန်းပြန်၏။ အမတ်တို့လည်း ဣန္ဒပတ္ထနဂိုရ်ပြည်၊ ဓနဥယကောရဗျမင်းတွင် အဠန ဝဏ္ဏမည်သော မင်္ဂလာဆင်တော်ရှိရာ ထိုဆင်တော်ကို ဆောင်ယူလျှင် မိုးရွာပါလိမ့်မည်ဟု လျှောက်ထားကြပြန်၏။ မင်းကြီးလည်း အမတ်တို့ဆိုတိုင်း ပုဏ္ဏားရှစ်ယောက်ကို ဓနဥယကောရဗျမင်းထံ ကိုယ်စားလှယ်စေလွှတ်၍ မင်္ဂလာဆင်တော်ကို အလှူခံကာ ဆောင်ယူစေသည်။ ဒန္တပုရပြည်သို့ ထိုမင်္ဂလာဆင်တော် ရောက်ရှိလာသောအခါတွင်လည်း မိုးက မရွာပြန်ပေ။ မင်းကြီးလည်း အမတ်တို့အား မင်္ဂလာဆင်တော်ရောက်လာသော်လည်း မိုးမရွာသည်မှာ အကြောင်းမည်သို့ရှိသနည်းဟု မေးပြန်၏။ အမတ်တို့လည်း ဓနဥယကောရဗျမင်းကား ဂရုဓမ္မသီလကို ကျင့်တော်မူ၏။ ထိုမင်း၏ အာနုဘော်ကြောင့် တိုင်းပြည်၌ ဆယ်ရက်တစ်ကြိမ်၊ လခွဲတစ်ကြိမ် မိုးရွာသည်။ ဤဆင်တိရစ္ဆာန်ကား ကျေးဇူးမရှိဟု လျှောက်ထားကြပြန်၏။

ကာလင်္ဂမင်းသည် မင်္ဂလာဆင်တော်ကို ဓနဥယကောရဗျမင်းထံ ပြန်လည်ပေးအပ်စေကာ ထိုမင်းကျင့်သုံးသော ဂရုဓမ္မသီလကို ရွေးပေတွင် ရေးမှတ်ဆောင်ယူခဲ့ကြရန် အမတ်ပုဏ္ဏားတို့အား အမှာစကားပါး၍ ဓနဥယကောရဗျမင်းထံ စေလွှတ်လိုက်ပြန်၏။

အမတ်ပုဏ္ဏားတို့လည်း ဓနဥယကောရဗျမင်းထံ တစ်ဖန် သွားရောက်၍ အကျိုးအကြောင်း လျှောက်တင်ပြီးလျှင် မင်္ဂလာဆင်တော်ကို ပြန်လည်ပေးအပ်ကာ ဂရုဓမ္မသီလကို တောင်းဆိုလျှောက်ထားကြ၏။ ဤသို့လျှင် ဂရုဓမ္မသီလကို စင်ကြယ်စွာပြု၍ စောင့်ရှောက်ကြသူ ဓနဥယကောရဗျမင်းမှအစ ပြည့်တန်ဆာမအဆုံး တစ်ကျိပ်တစ်ယောက်သော ပုဂ္ဂိုလ်တို့၏ ဂရုဓမ္မသီလကို ရွေးပေတွင် ရေးမှတ်ဆောင်ယူခဲ့ပြီး ကာလင်္ဂမင်းအား ဆက်သရာ ကာလင်္ဂမင်းသည် ဂရုဓမ္မသီလကို ဖြည့်ဆည်းစောင့်ရှောက်သည့်ခဏ၌ အလုံးစုံသော ကာသိတိုင်း၌ မိုးကောင်းစွာရွာသွန်းသဖြင့် မိုးမရွာသောဘေး အစရှိသည့် ဘေးသုံးပါးတို့ငြိမ်းအေးကာ တိုင်းနိုင်ငံ ဝပြောသာယာသောဇာတ်ကြောင်း ဖြစ်သည်။

ယင်းဂရုဓမ္မဇာတ်တော် ပေါပေါက်လာချိန်သည် မိုးတွင်းကာလဖြစ်သည့်အားလျော်စွာ မိုးတွင်းကာလဖြစ်သော်လည်း တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့အဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဂရုစမ္မသီလဟူသည် သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့အိမ်ရာကို ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းဟူသည့် သတ်၊ ခိုး ကာမေ၊ မုသား၊ သေတို့မှ ရှောင်ကြဉ်ခြင်း ငါးပါးသီလကိုဝင် ဂရုစမ္မသီလဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ ငါးပါးသီလကို အခြားအမည် ဆယ်မျိုးဖြင့်လည်း ခေါ်ဝေါ်ကြသေးရာ ယင်းတို့မှာ ဂရုစမ္မသီလအပါအဝင် ဧမ္မတာသီလ၊ ဘွဲ့ဝတ္တိဧမ္မသတ်၊ ကုရုဓမ္မသီလ၊ ပဥ္စသီလ၊ ဂဟဋ္ဌသီလ၊ ဥပုသီလ၊ ဝါရိတ္တသီလ၊ အရိယကန္တသီလ၊ သိက္ခာပဒသီလ ဟူ၍ ဖြစ်ကြသည်။

သီလငါးပါး၊ လူတရားကို၊ မမှားစေမှု၊ အလေးပြုဟူ ဆယ်တီဆရာတော်က ဩဝါဒပေးခဲ့ပြီး သီလဖျက်စီးသူ၏ အပြစ်ငါးပါးကို စည်းစိမ်ဖျက်လျှင်း၊ သတင်းဆိုးနှံ့၊ ကြောက်ရွံ့ပရိသာ၊ သေခါတွေဝေ၊ သေငရဲလား၊ ပြစ်ငါးပါး မှတ်သားဒုဿီလဟုလည်းကောင်း၊ သီလစောင့်ထိန်းသူ၏အကျိုးငါးပါးကို စည်းစိမ်ရလျှင်း၊ သတင်းကောင်းနှံ့၊ မရွံ့ပရိသာ၊ သေခါမတွေ၊ သေနတ်ရွာလား၊ ကျိုးငါးပါး၊ မှတ်သားသီလဝန္တဟုလည်းကောင်း၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဆရာတော်ကြီးက ဩဝါဒပေးခဲ့သည်။

ကုန်းဘောင်မင်းဆက် ဘိုးတော်မင်းတရားလက်ထက် သက္ကရာဇ်(၁၁၄၆)ခုနှစ်မှစ၍ ဂရုဓမ္မအမိန့်တော်ပြန်တမ်းကို မင်္ဂလာဆင်ပေါ်တင်၍ မြို့လေးပြင်လေးရပ်သို့ လှည့်လည်ပြီး ငါးပါးသီလစောင့်ထိန်းကြရန် နှစ်စဉ် ဝါဆိုလဆန်း(၅) ရက်နေ့တိုင်း တိုင်းသူပြည်သားတို့အား နှိုးဆော်လေ့ရှိခဲ့ကြောင်း အထောက်အထားများအရ သိရှိရသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့သည် သူတော်ကောင်းတို့ အလေးထားကျင့်သုံးအပ်သော တရားဖြစ်၍ လူတို့၏ ကိုယ်ကျင့်တရားလည်းဖြစ်သော၊ ကိုယ်ငြိမ်းချမ်းမှုနှင့် စိတ်ငြိမ်းချမ်းမှုများကိုပါ ပေးစွမ်းနိုင်သော ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံတရား ဂရုဓမ္မသီလ(ငါးပါးသီလ)ကို စောင့်ထိန်းကျင့်သုံးခြင်းဖြင့် ကောင်းမှုမြတ်နိုး ကောင်းအောင်ကျိုးကြပါစို့ တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

မင်းမြင့်ဦး

ဆရာဦးသိန်းဝင်း
B.A (Geog:), ဒ.ဘန.ဝ (တ.ဆ-၁၄၃၂)
ပြည်တော်စံ
ကိုင်းရင်းဆေးကုခန်း
နှလုံး၊ အသည်း၊ ကျိုးပေါင်း၊ အာရုံခကြာ အားနည်း၊ ဓလေဒန်း/ဓလေဖြတ်၊ ကိုယ်စံအားကျခြင်း၊ အစကြာနှင့်ပတ်သက်သော ဓရောဂါများ ကုသဓပေးပါသည်။
✦ ဓလေဖြတ်ဓရောဂါ ဓဝဒနာရှင်များ အထူးကုသပေးပါသည် ✦

ဓလေဖြတ်ခြင်းကို
ကြိုတင်ကာကွယ်ပါ
ဓလေဖြတ်မည့် လက္ခဏာများ
* ဦးခေါင်းနောက်ဧေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ၊ လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း
စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက ဓလေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။
ဆေးခန်းဖွင့်ရှိရန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဇီလမ်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
ဖုန်း ၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၉၁၀၆၅၂ ၇၂၄

www.burmeseclassic.com

အရှင်မောဂ္ဂလာန်၏ တန်ခိုးပြပွဲ (၁)

အရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးပြပွဲဟု ခေါင်းစီးတပ်လိုက်ရသော်လည်း တမင်တကာ တန်ခိုးပြပွဲ ပြုလုပ်ခြင်းကား မဟုတ်ပေ။ မြတ်ဗုဒ္ဓသည် သူ၏ တပည့်သား ရဟန်းများကို တကူးတက တမင်တကာ တန်ခိုးပြခွင့် မပြုချေ။ သိက္ခာပုဒ်ဖြင့် ပညတ်ကာ အမိန့်ချမှတ်ထား၏။

အရှင်ပိဏ္ဍောလဘာရဒ္ဓါဇ ရဟန်းသည် ရာဇဂြိုဟ်သူဌေး၏ မြင့်မားသောတိုင်ထိပ်မှ စန္ဒကူးသဖိတ်ကို တန်ခိုးဖြင့် ဈာန်ပျံပြကာ ယူဆောင်ခဲ့ဖူးသည်။ သူဌေးကလည်း ပညာပြသည်။ ရိုးရိုးတန်းတန်း သဒ္ဓါတရားနှင့် ဆွမ်းလှူချင်လှူင် ဖြစ်လျက်သားနှင့် တိုင်ထိပ်မှာ စန္ဒကူးသဖိတ်ကို ချိတ်ဆွဲပြကာ တန်ခိုးရှိတဲ့ကိုယ်တော် ဖြုတ်ယူအလှူခံဟု

www.burmeseclassic.com

www.burmeseclassic.com

ကြည်ညာလိုက်သေးသည်။

ထိုစဉ်က တိတ္ထိတက္ကတွန်း[၄] ကိုယ်တော်ကြီးတွေက ဘုရား ခေတ်စားနေလေရာ သူတို့ တန်ခိုးဘယ်လောက် ရှိမရှိကို သိချင်၍လည်း ဖြစ်မည်။ တိတ္ထိဆရာတပည့် ဆယ်အပင်းကလည်း ခေသူများ မဟုတ်ကြ။ သူတို့ ဘုရားကျမခံဘဲ ဆရာကြီးက တိုင်ထိပ်ပေါ်မှ စန္ဒကူး သပိတ်ကို တက်ပြီး ဖြုတ်မည့်ဟန်တပြပြ လုပ်ပြသည်။

တပည့်တွေကလည်း ဟန်ဆောင်ပန်ဆောင် ဝိုင်းဆွဲကြ၏-

"ဆရာကြီး..ဆရာကြီးရဲ့ တန်ခိုးကျွန်ုပါဒ်တွေကို ဘာ ဟုတ်တဲ့ တန်ခိုးမရှိတဲ့ကိစ္စနဲ့ သပိတ်နဲ့ မလဲပါနဲ့။ မတန် ပါဘူး"ပေါ့။

အမှန်မှာတော့ သူတို့မှာ ဘာတန်ခိုးမျှ မရှိကြ။ ဆောင်းကင်မြေလျှိုး မိုးပျံတော်နိုင်တဲ့ ဈာန်တန်ခိုး တစိုး တစီမျှ မရှိကြ။ ဈာန်ပျံနိုင်တဲ့စွမ်းအင်မရှိ၊ အကြိအဖန် ဆင်ဖြင့်သာ ဟန်လုပ်ကြခြင်း ဖြစ်သည်။

ဤတွင် ဈာန်အဘိညာဉ်ရ ရဟန္တာအရှင်ပိဏ္ဍောလ ဘာရဒ္ဒါဇ်က တိုင်ထိပ်မှ သပိတ်ကို ယူပြခဲ့သည်။

သို့သော် မြတ်စွာဘုရားက ချီးမွမ်းတော်မူပါ။ ကဲ့ရဲ့ ပြစ်တင်သမှုကိုသာ နှစ်နှစ်နာနာပြုတော်မူခဲ့သည်။ ဘာကြောင့် တန်ခိုးပြကာ ရရှိလာသော ဆွမ်း၊ သင်္ကန်း စသော ပစ္စည်းလာဘ်လာဘကိုလည်း ခံယူခွင့်မပြု၊ သုံးဆောင်ခွင့် မပြု။

သို့ဖြင့် အရှင်ပိဏ္ဍောလသည် ရရှိလာသော သပိတ်ကို ပြန်ပစ်ခဲ့ရသည်။ ဆိုလိုသည်မှာ မြတ်ဗုဒ္ဓသည် တန်ခိုးပြ ခြင်းကို တားမြစ်တော်မူသည်။ တန်ခိုးပြခြင်းမှာ မြတ်စွာ ဘုရား၏ အလိုတော်ကျကား မဟုတ်ခဲ့ပေ။

ဒဏ်ထမ်းရသော ရသေ့များ

သို့ရာတွင် ယခုတင်ပြမည့် အရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးပြ၍ ခြေချွတ်ခြင်းကိစ္စများကိုမူ လျစ်လျူရှုတော်မူခဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ပေါက်မြောက်ကောင်းစား ရာ သံသရာမှ ကျွတ်တမ်းဝင်ရေး ကိစ္စများအတွက်၌မူ ခြင်းချက်ပြုတော်မူဟန် ရှိ၏။

အဋ္ဌိဒတ္တပုဏ္ဏား

မီးကိုပူဇော်လေ့ရှိတဲ့ ပုဏ္ဏားလူထွက်ရသေ့ကြီး မီးကို ပူဇော်သည်မဟုတ်။ သဲပုံစေတီ၊ တောစိုးသစ်ပင်ကြီး နတ်ကွန်းစေတီများ၊ တောင်များ စသည်တို့ကိုလည်း ပူဇော်ပ၊သ ကိုးကွယ်လေ့ရှိ၏။ သူတို့ကိုးကွယ် မီးပူဇော် သည့် သဲပုံကြီးကလည်း အလိုလိုဖြစ်ပေါ်လာတာတော့ မဟုတ်။ သူတို့တွင် ပညတ်ချက်ကျင့်စဉ် ရှိသည်။

ကာမဂုဏ်နဲ့ပတ်သက်ပြီး မတွေးခေါ်၊ မကြံစည်ရ။ ကြံစည်မိလျှင် အပြစ်ရှိသည်။ သဲဒဏ်ထမ်းရသည်။ သဲ ဒဏ်ဆိုသည်မှာ သဲရှိရာနေရာမှ သယ်ဆောင်ယူလာကာ ကြံစည်မိတဲ့ အရေအတွက်နှင့် သယ်ဖို့ရခြင်းဖြစ်သည်။ (ကာမဝိတက်ကိစ္စ) သူတစ်ပါးကို နှောင့်ယှက်ဖျက်ဆီးဖို့ ကြံစည်မိလျှင်လည်း အပြစ်ရှိသဖြင့် သဲဒဏ်ထမ်းရသည်။ (ဗျာပါဒဝိတက်ကိစ္စ) သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်ဖို့ရန် ကြံစည်စိတ်ကူးမိပြန်လျှင်လည်း အပြစ်ရှိသောကြောင့် အပြစ်ကျေအောင် ဒဏ်ထမ်းကြရသည်။ (ဝိဟိံသဝိတက် ကိစ္စ)

ဤသို့ဖြင့် တပည့်ရသေ့များ အပြစ်ဖြစ်တိုင်း ဒဏ် ထမ်းကြသောကြောင့် ကြီးမားသောသဲပုံကြီး ဖြစ်လာသည်။ သဲပုံစေတီကြီး ဖြစ်လာသည်။

အဋ္ဌိဒတ္တကား နှယ်နှယ်ရရသေ့ကြီးကား မဟုတ် ပေ။ မင်းစိုးရာဇာကိုးကွယ်သော အဆက်အနွယ်ဖြစ်သည်။ ပသေနဒီကောသလဘုရင်၏ဖခင် မဟာကောသလမင်းကြီး၏ ပုရောဟိတ်ဖြစ်ခဲ့သည်။ မင်းကြီး နတ်ရွာစံပြီးနောက် ပုရောဟိတ်ရာထူးမှ နုတ်ထွက်ကာ ရှိသမျှပစ္စည်းဥစ္စာများ ကို (၇)ရက်အလှူကြီးပေး စွန့်လွှတ်ကာ ရသေ့ပြုလာသူ ဖြစ်၏။

တော၊ တောင်၊ သစ်ပင်၊ သဲပုံ ကိုးကွယ်ကြ

အဋ္ဌိဒတ္တရသေ့ကြီးသည် အင်္ဂီတိုင်း၊ မဂဓတိုင်း၊ ကုရု တိုင်းတည်းဟူသော တိုင်းကြီးသုံးတိုင်းတို့ဆုံရာ အလယ် ဗဟိုမှာ နေရာယူခဲ့သည်။ အဟိအတ္တ ခေါ် အဆိပ်ပြင်းထန် သော နဂါးကြီးတစ်ကောင်ကလည်း သဲပုံကြီးအနီးမှာ နေ ထိုင်လျက်ရှိသည်။ ထိုသဲပုံမှာ ရသေ့များ ဒဏ်ထမ်းကြရာမှ ဖြစ်ပေါ်လာသော သဲပုံကြီးဖြစ်သည်။

အဋ္ဌိဒတ္တရသေ့ကြီးက တိုင်းသုံးတိုင်းတို့မှ ရောက်လာ ကြသော လူများကို ဟောပြောစည်းရုံးလေ့ရှိသည်။

"တော၊ တောင်၊ အာရာမ်၊ သစ်ပင်၊ သဲပုံစေတီတို့ကို ကိုးကွယ်ကြ၊ ဆည်းကပ်ကြလော့။ လောကမှာ ဂေါတမ ဘုရား ပွင့်ပေါ်နေပါပြီ"

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်မှနေပြီး လောကကို ကြည့်ရှုတော်မူလေ့ရှိ၏။

www.burmeseclassic.com

ယနေ့ ဘယ်နေရာမှာ ဘယ်သူတွေ ကျွတ်တမ်းဝင်နိုင်သလဲ။ ဘယ်သူ့ကို သွားရောက်ကာ ခြေချွတ်ရမည်နည်းဟူ၍ ကြည့်ရှုတော်မူလေ့ရှိသည်။

ဤမှာပင် ရွှေဘုံတော်ကွန်ရက်တွင် ရသေ့ကြီး အဂ္ဂိဒတ္တနှင့် နောက်လိုက်တပည့်တစ်သောင်း ရဟန္တာဖြစ်ကာ ကျွတ်တမ်းဝင်ကြမည်ကို တွေ့မြင်တော်မူသည်။

သို့ဖြင့် အရှင်မဟာမောဂ္ဂလာန်ကို ရှေးဦးစွာ ပို့လွှတ်တော်မူကာ-

"မောဂ္ဂလာန်.. အဂ္ဂိဒတ္တတို့ထံသွားပြီး ဆုံးမချေ"ဟု စေလွှတ်တော်မူ၏။

ဆုံးမချေဟု ဆုံးမခိုင်းခြင်းသာဖြစ်သည်။ တန်ခိုးပြချေဟု မိန့်တော်မမူသည်ကို သတိပြုပါ။

အရှင်မောဂ္ဂလာန်နှင့် နဂါးကြီး တန်ခိုးပြိုင်ပွဲ

နေ့တစ်နေ့၏ ညဦးပိုင်းအချိန်ဖြစ်သည်။

အရှင်မောဂ္ဂလာန် အဂ္ဂိဒတ္တရသေ့ဆရာကြီးထံ ရောက်သွားလေပြီ။ တစ်ည တည်းခိုခွင့်တောင်းသည်။ ရသေ့ကြီးက အခိုးအဆိပ်အလျှံပြင်းထန်တဲ့ နဂါးကြီးရှိရာ သဲပုံကြီးနားတွင် နေရာပေးလိုက်သည်။ ကောင်းသောနေရာပေးခြင်းကားမဟုတ်၊ နဂါးကြီး အခိုးမှုတ်ကာ ပေါက်သတ်သဖြင့် ရဟန်း ပျံလွန်တော်မူတာကို တွေ့မြင်လို၍ဖြစ်သည်။

ညဉ့်သန်းခေါင်ယံအချိန် နဂါးကြီးလာပါပြီ။ သူနေရာသို့ စော်စော်ကားကားရောက်လာသော အရှင်မောဂ္ဂလာန်အား ရှေးဦးစွာ အခိုးအလျှံများ လွှတ်သည်။ ပတ်ဝန်းကျင် တစ်ခုလုံး နဂါးမင်း၏ အခိုးအလျှံများ ဖုံးလွှမ်းသွား၏။ အရှင်မြတ်ထံသို့ နဂါး၏အခိုးများ မရောက်လာပေ။ အရှင်မြတ်၏ သင်္ကန်းစွန်းပင် လူပ်ခတ်သွားခြင်း မရှိပေ။

ထို့နောက် နဂါးကြီးက ဒေါသထွက်ကာ နဂါးတို့မျက်စောင်း အကြောင်းသုံးပါးမရွေးဘူး ဆိုသည့်အတိုင်း ရဟန်းသောဘာသော နားမလည်၊ ငဲ့ညှာထောက်ထားခြင်းမရှိဘဲ မီးလျှံများလွှတ်သည်။ အရှင်မြတ်အတွက် အနှောင့်အယှက် တစ်စုံတစ်ရာမျှ မဖြစ်ပေ။ လေပြည်လေညင်းပမာ အေးမြလျက်သာ ရှိပေသည်။

ထိုအခါ အရှင်မောဂ္ဂလာန်က သူက နဂါးမှန်းသိအောင် အမောက်ထောင်ပြသလို ငါသည်လည်း ကျောင်းမှန်း ကန်မှန်း သိသွားအောင် ပညာပေးဦးမှဟု နှလုံးသွင်းကာ နဂါးကြီးထံ အခိုးအလျှံများ လွှတ်လိုက်ပါတော့သည်။ နဂါးကြီးခမျာ မခံမရပ်နိုင်ရှာဘဲ လူးလိမ့်နေပါတော့သည်။

ဒီတော့မှ အရှင်မြတ်သည် တန်ခိုးဖြင့် အခိုးလွှတ်ခြင်းကို ရပ်နားလိုက်၏။

နဂါးကြီး ဦးကျိုးသွား ပါပြီ၊ ကြောက်လန့်သွား ပါပြီ။ သာမည ရဟန်း တစ်ပါးထင်ကာ အထင်သေးခဲ့မိသည်။

ယခုတော့ သိပေပြီ။ ငါထက်တန်ခိုးကြီးတဲ့ ကိုယ်တော်ပါလားဟူ၍ အရှင်မဟာမောဂ္ဂလာန်မထေရ်ကား ဗုဒ္ဓဘုရားမှတစ်ပါး တန်ခိုးကြီးမားသောအရာမှာ ပြိုင်သူ၊ မရှိသည့် ဇာတဒဂ်ရပုဂ္ဂိုလ်ပေတည်း။

နဂါးရဲ့အရှင်မောဂ္ဂလာန်

နံနက်မိုးလင်းပေပြီ။

အဂ္ဂိဒတ္တဆရာကြီးနှင့် တပည့်တွေကတော့ ရဟန်းတော် ပျံလွန်တော်မူရှာပြီ အထင်ဖြင့် လာကြည့်ကြသည်။ သို့ရာတွင် အခိုးအလျှံအားကိုးသော် နဂါးကြီးမှာ အရှင်မြတ်ထိုင်ရန် သူခန္ဓာကိုယ်ကို ရစ်ခွေပေးပြီး အပေါ်ပိုင်း ခန္ဓာကိုယ်က အရှင်မြတ်အပေါ်မှာ ထီးပမာ မိုးပေးထားတာကို အံ့သြစွာ တွေ့ကြရ၏။ နဂါးရဲ့ဘုရားပုံသဏ္ဌာန်ပါ။ ဒီမှာက နဂါးရဲ့အရှင်မောဂ္ဂလာန် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင် ကြွလာပါပြီ။

အရှင်မြတ်သည် နဂါးအခွေပေါ်မှဆင်းကာ ဘုရားရှင်ကို ရှိခိုးဦးချ ဂါရဝပြုလေသည်။ ထိုအခါ လူတွေက အရှင်မောဂ္ဂလာန်ထက်ပင် တန်ခိုးကြီးသလောပဲ့သော စောကြောဒ္ဓိဟ သံသယစိတ်ပွားတာကို သိတော်မူသဖြင့်-

သတ္ထာ မေ ဘန္တေ ဘဂဝါ၊ အဟံ သာဝကောဟ မသ္မိ-ဘုန်းတော်ကြီးမား၊ တော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသ့ည် တပည့်တော်၏ ဆရာသခင်ပါဘုရား။ တပည့်တော်သည်ကား ဝိတပည့်သာဝကပါဘုရားဟု လျှောက်ထားလိုက်လေသတည်း။

မုံရွာ-ဒေနု

(မမ္မပဒအဋ္ဌကထာ၊ ဗုဒ္ဓဝင်၊ အဂ္ဂိဒတ္တ ဇာတ်တော်တို့မှ ရေးသားထားပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

အမှတ်တံဆိပ် သွေးဆေး

လန်းချင်သလား
လှချင်သလား
နုပျိုချင်သလား
အောင်သင်
သွေးဆေးကိုထား

www.burmeseclassic.com

www.burmeseclassic.com

အင်းမျဉ်လှ၏ အကျိုးထူးတန်ခိုး မြေယောသက အဘိုးပြုဘာသာ

လိုတရေ့ခေါ်ဆိုသည်မှာ ဒါနကိုခေါ်၏။ ဒါနပြုလုပ်သော်သူသည် အလိုရှိသောဝတ္ထုကို ရရှိနိုင်၏။ ဒါန၏အကျိုးသည် ပြုလုပ်သောပုဂ္ဂိုလ်၏ ဆန္ဒအားလျော်စွာဖြစ်စေ၏။ နိဗ္ဗာန်ကို ဆန္ဒပြု၍ ဒါနပြုလုပ်လျှင် ဒါန၏အကျိုးသည် နိဗ္ဗာန်သို့ ခြေဦးလှည့်၏။ နိဗ္ဗာန်ကိုရောက်နိုင်သော ပါရမီအဖြစ် ရပ်တည်၏။ ဗြဟ္မာ့ပြည်၊ နတ်ပြည်၊ လူ့ပြည်ကို ရောက်ချင်၍ ဒါနပြုလျှင် ဒါန၏အကျိုးသည် ဗြဟ္မာ့ပြည် စသည်သို့ ခြေဦးလှည့်၏။

ဒါန၏သဘောသည် ပေးကမ်းခြင်းဖြစ်၍ အကျိုးပေးလာသောအခါ ရရှိခြင်းကို ခံစားရ၏။ ဘယ်ဘဝသို့ရောက်ရောက် ဒါနပြုခဲ့သောသူသည် စည်းစိမ်းချမ်းသာကို ခံစားရ၏။ ဗြဟ္မာဘဝသို့ရောက်လျှင် ဗြဟ္မာချမ်းသာကို ခံစားရ၏။ နတ်ဘဝသို့ရောက်လျှင် နတ်ချမ်းသာကို ခံစားရ၏။ လူဘဝသို့ရောက်လျှင် လူချမ်းသာကို ခံစားရ၏။ ချမ်းသာကို ခံစားရခြင်းသည် ဒါန၏ မတောင်းဘဲရသော အကျိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဒေသနာအရ သတ္တဝါတို့ ကျင်လည်ကျက်စားသွားလာနေထိုင်ကြသောဒေသသည် (၃၁)ဘုံရှိ၏။ (၃၁)ဘုံလုံးသောဒေသသို့ ဒါနသည် အကျိုးမပေးနိုင်ပေ။ ဒါနပြုလုပ်ခြင်းသည် ကောင်းမှုကုသိုလ်ဖြစ်၏။ ကောင်းမှုအလုပ်ဖြစ်၍ အကျိုးပေးသောအခါလည်း ကောင်းသောအကျိုးကို သာပေးမည်ဖြစ်၏။ မကောင်းသောအကျိုးကို လုံးလုံးမပေး။ ထို့သို့မပေးသောကြောင့် မကောင်းမှုအကုသိုလ်အကျိုး၏ တည်ရာဒေသဖြစ်သော အပါယ်(၄)ဘုံသို့ ရောက်နိုင်သည့် အကျိုးကို ဒါနသည် မပေး။ ကောင်းကျိုးတို့၏ တည်ရာဘုံဘဝများသို့သာ ဒါနအကျိုးပေး၏။ ဤသည်လည်း ဒါန၏ မတောင်းဘဲရသော အကျိုးဖြစ်၏။ ဒါနသည် ကောင်းသောလက္ခဏာကိုဆောင်၏။ ကောင်းသောအကျိုးကိုပေး၏။ ဒါန၏ အကြောင်းအကျိုးသဘာဝကို နားလည်ကြသော သူတို့သည် ဒါနကို ဘဝလက်တွဲဖော် သံသရာမိတ်ဆွေအဖြစ် ပေါင်းသင်းတတ်ကြ၏။

တချို့သူတို့သည် ဒါနကို ဆုတောင်းနှင့် ပေါင်းစပ်၍ ပြုလုပ်ကြ၏။ တချို့လူတို့သည် ဒါနကို ဒါနသက်သက်အဖြစ် ပြုလုပ်ကြ၏။ ဆုတောင်းပြီး ဒါနပြုသောသူများအတွက် ဒါန၏အကျိုးသည် ဆုတောင်းသည့်အတိုင်း ဖြစ်သာ၏။ ဒါနကို ဒါနသက်သက်ပြုသောသူများအတွက် ဒါန၏အကျိုးသည် တူသောအားဖြင့် ဖြစ်လာ၏။ အတူဖြစ်သာခြင်းဆိုသည်မှာ ရေခွက်လှူလျှင် ရေခွက်နှင့်တူသောအကျိုး ဖြစ်လာ၏။ အဝတ်အထည်လှူလျှင် အဝတ်အထည်နှင့်တူသောအကျိုး ဖြစ်လာ၏။ လှူသောဒါနဝတ္ထုတိုင်းအကျိုးတို့ အမျိုးမျိုးထူး၏။

ဒါနဝတ္ထုအမျိုးမျိုးထဲက မိမိသည် အင်းပျဉ်ဒါနအကြောင်း ရေးသားရန် ခေါင်းစီးပြုထားခဲ့၏။ အင်းပျဉ်ဆိုသောစကားသည် မြန်မာစကားဖြစ်သော်လည်း ယခုခေတ်၌ စိမ်းသလိုလိုရှိ၏။ ယခုခေတ်၌ ဆီလျော်သောဝေါဟာရကို သုံးရလျှင် ထိုင်ခုံဟု ဆိုရမည်ဖြစ်၏။

မြတ်စွာဘုရား ပွင့်တော်မူစဉ်က ပါရမီရှင်တို့သည် အလွန်တရာ များပြားခဲ့၏။ ရှာဖွေစရာမလိုဘဲ ပါရမီအလျောက် ကြွယ်ဝခဲ့သောသူကြွယ်တို့သည် များစွာရှိခဲ့၏။ ပိုင်ဆိုင်ခဲ့သော ပစ္စည်းဥစ္စာတို့သည် ဘာအလုပ်မှမလုပ်ဘဲ ထိုင်စားနေလျှင်ပင် ဆယ်သက်စား၍ မကုန်နိုင်ပေ။ သူကြွယ်များစွာတို့တွင် ဗုဒ္ဓဘာသာဝင်တို့လည်းရှိ၏။ ဗုဒ္ဓဘာသာဝင် သူကြွယ်တို့သည် ဒါနနှင့် အမြဲတစေ လက်တွဲနေထိုင်ခဲ့ကြ၏။ ဒါနပြုလုပ်ခြင်း၌ စိတ်အားထက်သန်မှုရှိခဲ့ကြ၏။

တစ်ခါက သာဝတ္ထိပြည်၌ ဒါနပြိုင်ပွဲကြီးတစ်ခု ဖြစ်ပေါ်ခဲ့၏။ ထိုဒါနပွဲ ဖြစ်ပေါ်လာခဲ့စဉ်က သာဝတ္ထိပြည်တွင် မဟာကောသလမင်းကြီး မရှိတော့ပေ။ မဟာကောသလမင်းကြီး၏ သားတော်ဖြစ်သော ပသေနဒီကောသလမင်း အုပ်ချုပ်နေစဉ်ဖြစ်၏။ ဒါနပြိုင်ပွဲ၌ ပသေနဒီကောသလမင်းထိပ်ဆုံးက ပါ၏။ ပသေနဒီကောသလမင်းသည် မိဖုရား မလ္လိကာ၏ ကူညီပံ့ပိုးမှုဖြင့် အများနှင့်မတူသော၊ အများမပြုလုပ်နိုင်သော အသဒိသဒါနကို ခုနစ်ရက်ပတ်လုံး ကျင်းပကာ ပြုလုပ်ခဲ့၏။ ဒါန်ပြိုင်ပွဲ၌ ပသေနဒီကောသလမင်း အနိုင်ရခဲ့၏။ ပသေနဒီကောသလမင်းနည်းတူပင် သာသနာ့ဒါယကာကြီး အနာထပိဏ်သူဌေးလည်း အသဒိသဒါနကို ပြုလုပ်ခဲ့၏။ သာသနာ့ဒါယိကာမကြီး ဝိသာခါသည်လည်း အသဒိသဒါနကို ပြုလုပ်ခဲ့၏။

အသဒိသဒါနသည် သာမန်သူများ ပြုလုပ်၍ရသော အလှူမျိုးမဟုတ်။ ပါရမီရှိသောသူများသာ ပြုလုပ်မှရသော အလှူမျိုးဖြစ်သည်။ တော်ရုံတန်ရုံ အကုန်ကျခံ ပြုလုပ်၍လည်းမရ။ မြောက်မြားစွာသော စည်းစိမ်ဥစ္စာတို့ကို အကုန်ကျခံရ၏။ အသဒိသဒါနသည် ကြီးကျယ်သောအလှူဖြစ်၏။ ဆင်းရဲသူများကို မဆိုထားနှင့်၊ သာမန်ချမ်းသာသူများတောင် မပြုလုပ်နိုင်ပေ။ အသဒိသဒါနပွဲအကြောင်းသည် မြို့ရွာနေပုဒ်မကျန် ပျံနှံ့သွား၏။ ဒါနပွဲ၏ ကြီးကျယ်မှုဂုဏ်သတင်းသည် ကြားသူတို့အား ဝိတိအဟုန်ဖြစ်စေခြင်းလည်းရှိ၏။ ယုံမှားသံသယစိတ် ကြီးစိုးစေခြင်းလည်းရှိ၏။ အများစုသည် ဤသို့စိတ်နှစ်ခွဖြစ်ကြ၏။

'အို..မိတ်ဆွေတို့၊ အလှူဒါနဆိုတာ များပြားစွာလှူဒါန်းနိုင်မှ အကျိုးကြီးတာလား၊ ဒါမှမဟုတ် ကိုယ်တတ်နိုင်သလောက် လှူဒါန်းရင်ရော အလှူဒါန၏အကျိုးဟာ ကြီးစွာသောအကျိုးကို မဖြစ်ပွားစေနိုင်ဘူးလား'

အများစုဖြစ်နေသော ဤသံသယတို့သည် တစ်ယောက်စကား တစ်ရွာနား ဆိုသကဲ့သို့ မြို့ရွာတွင်းသို့ ဆွမ်းခံဝင်ကြသော ရဟန်းများနားသို့ ရောက်လာခဲ့၏။ ရဟန်းများသည် မြတ်စွာဘုရားအား ကြားလျှောက်ကြ၏။

'ချစ်ဦးတို့..အလှူဒါနဟာ အများကြီးစွန့်ကြဲလှူဒါန်းမှ အကျိုးကြီးတာမဟုတ်ဘူး။ ကြည်လင်တဲ့စိတ်ရှိမယ်၊ အလှူခံပုဂ္ဂိုလ်၊ သို့လစင်ကြယ်မယ်ဆိုရင် ဆန်ကွဲတစ်ဆုပ်

www.burmeseclassic.com

ဖြစ်စေ၊ ပုဆိုးဝိုင်းအစေလေးတစ်ခုဖြစ်စေ၊ မြက်သစ်ရွက်အခင်းကိုဖြစ်စေ၊ ဖန်ခါးသီးတစ်လုံးကိုဖြစ်စေ လျှာဒါန်းပါက အလျှာဒါနရဲ့အကျိုးဟာ ကြီးကျယ်တယ်၊ များမြတ်တယ်'

မြတ်စွာဘုရား ဤသို့သံသယပျောက်အောင် တရားဟောတော်မူ၏။ မြတ်စွာဘုရားဒေသနာ၌ အလျှဝတ္ထုကို ပဓာနမပြုထားပေ။ အလျှရှင်၏ စိတ်စေတနာစင်ကြယ်မှုနှင့် အလျှခံပုဂ္ဂိုလ်၏ သီလစင်ကြယ်မှုကို အဓိကပြုထား၏။ စင်ကြယ်မှုနှစ်မျိုး၌ အလျှရှင်အတွက် စိတ်စေတနာစင်ကြယ်မှုကို ပြုလုပ်ရ၏။ စိတ်စေတနာစင်ကြယ်မည်ဆိုလျှင် အလျှသည် အကျိုးကြီးပါ၏။

မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာကို သိကြားမင်းသည် ဂါထာတစ်ပုဒ် သီကုံးကာ လူအများကြားအောင် ရွတ်ဆို၏။ လူအများသည်လည်း သိကြားမင်း ရွတ်ဆိုသည်ကို ကြားကြ၏။ ကြားကြ၍ ဒါနနှင့်ပတ်သက်သော သံသယသည် ကင်းပျောက်ကြ၏။ လူတို့သည် ဒါန ပြုလုပ်ရာ၌ စိတ်အားထက်သန်လာကြ၏။ နဂိုကတည်းက ထိုလူတို့သည် ဒါနပြုလုပ်ချင်ကြ၏။ ဒါနလုပ်ချင်သောသူတို့ထဲတွင် အနာထပိဏ်၊ ဝိသာခါတို့လို မြောက်မြားစွာသော ဒွေတို့ကို အကုန်အကျခံကာ ပြုလုပ်နိုင်သူတို့လည်း ပါ၏။ သာမန်အလျှလောက်သာ ပြုလုပ်နိုင်သူတို့လည်း ပါ၏။ ဒွေကြေးအကုန်အကျခံ၍ မပြုလုပ်နိုင်သူတို့လည်း ပါ၏။ သာမန်အလျှလောက်သာ ပြုလုပ်နိုင်သူ စသည်တို့သည် ဝိသာခါတို့ အလျှကိုကြည့်၍ အားငယ်ကြ၏။ တတ်နိုင်သလောက် လျှချင်သော်လည်း မလျှရဲကြပေ။

မြတ်စွာဘုရားဒေသနာကို ကြားရသောအခါ၌ ထိုလူတို့၏ သိမ်ငယ်နေသော စိတ်တို့သည် ခွန်အားပြည့်လာကြ၏။ ချုပ်နှောင်ခံထားရသော စိတ်သည် လွတ်မြောက်ခြင်းသို့ ရောက်လာ၏။ လူတို့သည် ဒါနအလုပ်ကို မြို့ငြိမြို့ဆိုင်ဆိုင် ပြုလုပ်လာကြ၏။ တတ်နိုင်သောသူတို့သည် အလျှမဏ္ဍပ်များ ဆောက်လုပ်ကာ ရဟန်း၊ ပုဏ္ဏား၊ အထီးကျန်၊ စားသောက်ရာမဲ့သူတို့၊ ခရီးသွားသူတောင်းစားတို့အား စားသောက်ဖွယ်ရာတို့ကို လျှဒါန်းကြ၏။ ပေးကမ်းကြ၏။ အိမ်ရှေ့၌ သောက်ရေအိုးတို့ကို တည်ထားကြ၏။ အိမ်ပေါက်ဝတို့၌ နေရာထိုင်ခင်းတို့ကို ပြုလုပ်ထားကြ၏။

သာဝတ္ထိမြို့၌ အမျိုးသမီးတစ်ယောက်သည်လည်း သဒ္ဓါတရားအလွန်ကောင်း၏။ တတ်နိုင်သမျှသော ဒါန ကုသိုလ်တို့ကို စင်ကြယ်သောစိတ်ဖြင့် ပြုလုပ်လျက်ရှိ၏။ ထိုအမျိုးသမီးအိမ်ရှေ့သို့ ရဟန်းတစ်ပါးသည် ဆွမ်းခံကြွရောက်လာ၏။ ထိုရဟန်းကို အမျိုးသမီးမြင်၏။ ရဟန်းသည် လေးတောင့်ခန့်မျှသာကြည့်၍ ဆွမ်းခံကြွလာခြင်းဖြစ်၏။ သေသပ်စွာရုံ့ထားသော သင်္ကန်းတို့ဖြင့် ရဟန်းသည် ကြည်ညိုဖွယ်ကောင်းနေ၏။ အမျိုးသမီးသည် ရဟန်းကို ကြည်ညိုသွား၏။

ကြည်ညိုသောသဒ္ဓါစိတ်၏ တွန်းအားကြောင့် ရဟန်းအား အိမ်ထဲသို့ ပင့်ဖိတ်၏။ အင်းပျဉ်(ထိုင်ခုံ)ထက်၌ ရွေရောင်အဆင်းရှိသော အခင်းကိုခင်းကာ ရဟန်းအား ထိုင်စေ၏။ အိမ်မှာချက်ပြုတ်ထားသော ဆွမ်း၊ ဆွမ်းဟင်းတို့ကို သပ်သပ်ရပ်ရပ်ပြုလုပ်ကာ ဆွမ်းကပ်၏။ အမျိုးသမီးကပ်သော ဆွမ်းကို မထေရ်မြတ် ဘုဉ်းပေးတော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ၌ ဒါနနှင့်စပ်သောစကားကို ဟောကြားတော်မူ၏။ အမျိုးသမီးသည် တရားစကားကို ကြားရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်၏။ မထေရ်မြတ် ကျောင်းသို့ ကြွတော်မူသောအခါ၌ အင်းပျဉ်(ထိုင်ခုံ)ကိုပါ ကျောင်းသို့ပေးလှူလိုက်၏။

ထိုအမျိုးသမီး သေသွားသောအခါ၌ အင်းပျဉ်(ထိုင်ခုံ)ပြုလုပ်ခဲ့သော ဒါနသည် အာသန္နက်အဖြစ် ပါသွား၏။ အာသန္နက်ဟူသည် သေခါနီးကာလ၌ ထင်သောက်ဖြစ်၏။ လူတို့သည် ဘဝတစ်ခုကို ဖြတ်သန်းကြရာ၌ ကုသိုလ်ကိုလည်း ပြုလုပ်ကြ၏။ အကုသိုလ်ကိုလည်း ပြုလုပ်ကြ၏။ ပြုလုပ်ကြရာတွင် ကုသိုလ်ကိုလည်း အကြိမ်ပေါင်းများစွာ ပြုလုပ်ကြ၏။ အကုသိုလ်ကိုလည်း အကြိမ်ပေါင်းများစွာ ပြုလုပ်ကြ၏။ ထိုအကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်တို့သည် သေခါနီးကာလ၌ အကုန်မထင်လာနိုင်။ တစ်ခုသာ ထင်လာနိုင်၏။ ထိုထင်လာသော ကံတစ်ခုသည် လောလောလတ်လတ်ဘဝကို တည်ဆောက်ပေး၏။ ကောင်းမှုများစွာ ပြုလုပ်ခဲ့သော်လည်း တစ်ကြိမ်တစ်ခါ ပြုလုပ်ခဲ့သော မကောင်းမှုအသေးအမွှားလေးသည် သေခါနီးကာလ၌ ထင်လာလျှင် ထိုသူသည် မကောင်းမှုအကျိုးပေးအနေဖြင့် လောလောဆယ် မကောင်းရာဘုံဘဝသို့ ရောက်သွားရ၏။ မကောင်းမှုများစွာ ပြုလုပ်ခဲ့သော်လည်း တစ်ကြိမ်တစ်ခါ ပြုလုပ်ခဲ့သော ကောင်းမှုကလေးသည် သေခါနီးကာလ၌ ထင်လာလျှင် ထိုသူသည် လူ့ရာဘုံဘဝသို့ ရောက်သွားတတ်၏။ ဤသည် ကုသိုလ်ယာ

www.burmeseclassic.com

www.burmeseclassic.com

သဘော ဖြစ်ပါ၏။

အမျိုးသမီးသည် ဘဝ၌ ပြုလုပ်ခဲ့သော ကံများစွာ အနက် သေခါနီးကာလတွင် အင်းပျဉ်(ထိုင်ခုံ) ဒါနကံသာ ထင်သွား၏။ ဒါနသည် အကုသိုလ်မဟုတ်၊ ကုသိုလ်ဖြစ်၏။ ဒါန၏အကျိုးသည် မကောင်းရာဘုံဘဝသို့ မရောက်စေနိုင်။ ကောင်းရာဘုံဘဝသို့သာ ရောက်စေ၏။ အမျိုးသမီးသည် ထိုင်ခုံလှူဒါန်းခဲ့သော ကောင်းမှုကံကြောင့် နတ်ပြည်သို့ ဆုံးကံသွား၏။ တာဝတိံသာနတ်ပြည်၌ ယူနောတစ်ဆယ့် နှစ်ယူနောအကျယ်အဝန်းရှိသော ရွှေဗိမာန်ကို ပိုင်ဆိုင်လေ၏။ အခြေအရံနတ်သမီးပေါင်းတစ်ထောင်ရှိ၏။ ဗိမာန်ထဲ၌ ရွှေပလ္လင်တစ်ခုရှိ၏။ ရွှေပလ္လင်၏ အကျယ်အဝန်းမှာ တစ်ယူနောရှိ၏။ ရွှေပလ္လင်သည် တစ်နေရာတည်း၌ တည်ရှိနေသည်မဟုတ်၊ နတ်သမီးသွားရာသို့ ကပ်ပါနေတတ်၏။

နတ်သမီးသည် ရွှေပလ္လင်ကိုဦး၍ နန္ဒဝန်ဥယျာဉ် နတ်သမီးအစည်းအဝေး စသည်သို့ သွားလာ၏။ ရွှေပလ္လင်သည် ပျံသန်းရာတွင် စိတ်ကဲ့သို့ လျင်မြန်၏။ နတ်သမီးသည် ရွှေပလ္လင်ဖြင့် အလိုရှိရာသို့ သွားလာနိုင်၏။ အတားအဆီးမရှိ၊ တံခါးမရှိပေ။ နတ်သမီး၏အဆင်းသည် အလွန်တရာတင့်တယ်လှပပေ၏။

ဤသို့ ကောင်းသောအကျိုးတရားတို့ကို ခံစားရခြင်းသည် အင်းပျဉ်(ထိုင်ခုံ)လှူခဲ့သော ကောင်းမှုကံ၏ အကျိုးဖြစ်၏။ ထိုအကျိုးကို အသေးစိတ်အကြောင်းနှင့် တွဲစပ်မည်ဆိုလျှင် အင်းပျဉ်(ထိုင်ခုံ) လှူဒါန်းခဲ့သောကြောင့် ပလ္လင်ကို ပိုင်ဆိုင်ရခြင်းအကျိုးကို ရရှိ၏။ အင်းပျဉ်(ထိုင်ခုံ)အပေါ်၌ ရွှေရောင်အဆင်းရှိသော အဝတ်ကိုခင်း၍ လှူဒါန်းခဲ့သောကြောင့် ပလ္လင်၏ ရွှေရောင်တောက်ပခြင်းအကျိုးကို ရရှိ၏။ လှူဒါန်းသောအခါ ဝမ်းမြောက်မှု ပီတိအဟုန် အားကြီးခဲ့သောကြောင့် ရွှေပလ္လင်၏ ပျံသန်းမှုအဟုန် မြန်ဆန်ခြင်းအကျိုးကို ရရှိ၏။ အလှူခံပုဂ္ဂိုလ်၏ အလိုအတိုင်း လှူဒါန်းခဲ့သောကြောင့် အလိုရှိရာသို့ သွားလာခြင်းအကျိုးကို ရရှိ၏။ ကြည်ညိုသောသဒ္ဓါတရား ရှိခဲ့သောကြောင့် အရုပ်အရည် တင့်တယ်လှပခြင်းအကျိုးကို ရရှိခြင်းဖြစ်ပါ၏။

မေတ္တာဖြင့်

ဓမ္မဇောသက-အရှင်ဩဘာသ

ကျမ်းကိုး

* ဝိမာနဝတ္ထုအဋ္ဌကထာ ပဋိဝဂ်၊ ပဌမပဋိဝိမာနဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com

မောင်ထည်ဝါ
(ကျော်ဘွယ်)

လောဘနှင့် မစ္ဆရိယကို ပယ်သတ်၍
ဗုဒ္ဓမြတ်စာဝ ရရှိသူ



အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှနံ ဇေတဝန်ရွေကျောင်းတော်ကြီးတွင် သီတင်းသုံးစဉ် ပယ်တော်မူလျက် လောကသားအပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူနေလေ၏။ ထို သာဝတ္ထိမြို့တွင် ဧကသာဠက ခေါ် ဆင်းရဲနွမ်းပါးသော ပုဏ္ဏားကြီးဇနီးမောင်နှံတို့ ရှိခဲ့၏။ ဇနီးမောင်နှံနှစ်ဦးစလုံးတွင် ခါးဝတ်လုံချည်တစ်ထည်စီ ရှိကြသော်လည်း အပေါ်ရုံစုလျားပုဆိုးမှာမူ တစ်ထည်သာ ရှိ၏။ ထို့ကြောင့် ဧကသာဠကဟု အမည်ခေါ်တွင်ခြင်း ဖြစ်သည်။ (ဧက-တစ်ထည်၊ သာဠက-အပေါ်ရုံပုဆိုး)

အိမ်အပြင်သို့ အကြောင်းကိစ္စရှိ၍ ထွက်ချင်သော အပေါ်ရုံပါမှ ထွက်နိုင်ကြသဖြင့် ဧကသာဠကပုဏ္ဏား မောင်နှံတို့ခမျာ တစ်ယောက်တစ်လှည့်စီ အိမ်အပြင် ထွက်ကြရလေသည်။ သို့ဖြစ်၍ ပုဏ္ဏားမကြီးက နေ့ တွင် မြတ်စွာဘုရား၏ တရားတော်များကို သွားရောက် နာယူရပြီး ပုဏ္ဏားကြီးကတော့ ညအခါမှသာ မြတ်စွာဘု

www.burmeseclassic.com

ဘရားတော်များကို သွားရောက်နာယူရလေ၏။

တစ်ည ညဦးအခါမှာတော့ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားနေစဉ် ကြက်သီးတဖြန်းဖြန်းထကာ ခန္ဓာကိုယ်တစ်ခုလုံး ပီတိဓာတ်များ ဖုံးလွှမ်းသွား ရှိနေလေ၏။ သံသရာတစ်လျှောက်လုံး ဖြတ်သန်းခဲ့ရသော တိုက်ပွဲများတွင် လောဘကို အရှုံးချည်းသာ ပေးခဲ့ရသော ကောဿဋ္ဌကပုဏ္ဏား ယခုမှဘဝမှစပြီး အလောဘကို အနိုင်ယူနိုင်စေရန် သဒ္ဓါတရားတက်ဖွယ်ရာ တရားဩသနာများကို ဘုရားရှင်က ဟောကြားပေးခဲ့ရာ ဇကောဿဋ္ဌက ပုဏ္ဏားကြီး၏စိတ်ထဲတွင် အလောဘဓာတ်တွေ အားကောင်းလာသဖြင့် တစ်ထည်တည်းသော အပေါ်ရုံလေးကို ချွတ်၍လှူရန် သဒ္ဓါစိတ်များ ပြင်းထန်စွာ ဖြစ်ပေါ်နေလေ၏။

သို့သော်လည်း ဒီအပေါ်ရုံပဆိုးကို လှူဒါန်းလိုက်ရင် ဘိုးအိုးမောင်နှံနှစ်ယောက် အိမ်အပြင် ထွက်လို့ရမှာမဟုတ်ဆိုတာဘူးဟု ပုဆိုးမလှူလိုသော မစ္ဆရိယစိတ်က အကြိမ်များစွာ ဖြစ်ပေါ်လာပြန်၏။ တစ်ဖန် ဒါနနည်းလို့ အခုလို ဆင်းရဲနေတာဟု လှူဒါန်းလိုသော သဒ္ဓါစိတ်က ပြန်လည် ဖြစ်ပေါ်လာ၏။ ထိုစဉ်ကာလမှာပင် မလှူလိုသော မစ္ဆရိယစိတ်က အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်လာပြန်လေ၏။

ဤကဲ့သို့ ချီတုံချတုံဖြင့် ပုဏ္ဏားကြီး၏ စိတ်ထဲတွင် ဘုရားရှင်သော သဒ္ဓါတရားနှင့် မလှူလိုသော မစ္ဆရိယတို့ အနိုင်အရှုံးဆွဲနေကြ၏။

ဘဉ္ဇဉီးယံနှင့် သန်းခေါင်ယံနှစ်ယံပတ်လုံး မလှူလိုသော မစ္ဆရိယရန်သူကို တွန်းလှန်တိုက်ခိုက်နေရလေ၏။

လိုချင်တပ်မက်တဲ့လောဘနဲ့ သူတစ်ပါးကို မရစေလိုတဲ့ မစ္ဆရိယတရားဆိုး နှစ်ပါးကြောင့် ငါဟာ အတိတ်က ဒါနမပြုခဲ့ရဘူး။ ဒါကြောင့် ငါ အခုလို ဆင်းရဲနေတာ။ အခုလည်း လောဘနဲ့ မစ္ဆရိယကို အနိုင်မပေးပြီး ဒါနမပြုခဲ့ဘူးဆိုရင် နောက်ဘဝမှာ ဒီထက်ပိုပြီး ဆင်းရဲဖို့ပဲရှိတယ်ဟု ဆင်ခြင်ဆုံးဖြတ်၍ အပေါ်ရုံပဆိုးကို မြတ်စွာဘုရားရှင်၏ ခြေတော်ရင်း၌ ထားရှိ လှူဒါန်းပြီးလျှင်-

ဖိတ်မေ ဖိတ်မေ ဖိတ်မေ-ငါအောင်ပြီ၊ ငါအောင်ပြီ၊ ငါအောင်ပြီဟု သုံးကြိမ်တိတိ ကျယ်လောင်စွာ အော်ဟစ်ကြွေးကြော်လေ၏။

ထိုအော်သံကို တရားနာယူနေသော ပသေနဒီကောသလမင်းကြီး ကြားသိသွားခဲ့ရာ မင်းချင်းတို့၏ စုံစမ်းလေ့လာချက်အရ ဇကောဿဋ္ဌကပုဏ္ဏားကြီးအား မင်းကြီးရှေ့မှောက်သို့ ခစားစေခဲ့သည်။

"သင်လို ဆင်းရဲသားက ဘယ်သူ့ကို အောင်နိုင်လို့ ငါ အောင်ပြီဟု ဟစ်ကြွေးနေရတာလဲဟု မင်းကြီးက မေးလေသော်-

"မှန်လှပါဘုရား၊ အရှင်မင်းကြီးတို့ ဗဟိဒ္ဓမှာတိုက်တဲ့ တိုက်ပွဲဆိုတာ လူအင်အား၊ လက်နက်ကောင်းကောင်းနဲ့ တိုက်ရည်ခိုက်ရည်ကောင်းရင် နိုင်နိုင်ပါတယ်။ ကျွန်တော် မျိုးရဲ့စိတ်ထဲမှာဖြစ်နေတဲ့ အဈ္ဈတ္တတိုက်ပွဲကတော့ အောင်နိုင်ဖို့ အလွန်ခက်ခဲပါတယ်"

"ဘဝများစွာက ပါလာတဲ့ လောဘနဲ့ မစ္ဆရိယကို ကျွန်တော်မျိုး အရှုံးပေးခဲ့ရတဲ့ ဘဝပေါင်းများလှပါပြီ။ တစ်ညဉ့်လုံးတိုက်ရတာ မနက်မိုးလင်းမှပဲ အလောဘနဲ့ သဒ္ဓါဓာတ်က နိုင်သွားလို့ လင်မယားနှစ်ယောက်မှ တစ်တည်တည်းသာရှိတဲ့ အပေါ်ရုံအဝတ်ကို ဘုရားရှင်အား ကပ်လှူနိုင်လိုက်ပါပြီ"

"ပေါများကြွယ်ဝတဲ့ အရှင်မင်းကြီးတို့အတွက် ဒီအဝတ်စဟာ ဘာမှမပြောပလောက်သော်လည်း ကျွန်တော်မျိုးအတွက်ကတော့ အင်မတန်ကြီးမားတဲ့ စွန့်စားခန်းကြီးပါပဲ။ လောဘနဲ့ မစ္ဆရိယကို ပထမဆုံးအောင်မြင်တာဖြစ်လို့ ဖိတ် မေ-ငါအောင်ပြီလို့ အားရဝမ်းသာ ကျယ်လောင်စွာ ဟစ်ကြွေးမိတာပါ အရှင်မင်းကြီး"

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ပုဏ္ဏားကြီးအား လှိုက်လှိုက်လဲလဲ ကြည်ညိုလေးစားသွားသဖြင့် အကောင်းဆုံးဝတ်စုံတစ်စုံကို ပုဏ္ဏားကြီးအား ချက်ချင်းပင် ဆုချလိုက်လေ၏။

အလောဘစိတ်က အနိုင်ရထားသော အရှိန်အားဖြင့် ပြင်းထန်နေဆဲဖြစ်သည့် ပုဏ္ဏားကြီးသည် ထိုဆုချလာသော ဝတ်စုံကို ဘုရားရှင်ထံ လှူဒါန်းလိုက်ပြန်၏။ မင်းကြီးက နောက်ထပ် နှစ်ဆတိုး၍ ဝတ်စုံနှစ်စုံကို ဆုချပြန်လေ၏။ ထိုဝတ်စုံကိုလည်း ဘုရားရှင်ထံ လှူဒါန်းပြန်လေ၏။ ဤသို့ဖြင့် မင်းကြီးက ဝတ်စုံ (၄)စုံ၊ (၈)စုံ၊ (၁၆)စုံ၊ (၃၂)စုံထိ ဆုချလာသောအခါ ပုဏ္ဏားကြီးက စဉ်းစားဆင်ခြင်လာ၏။

ဘုရင်ကြီးက ဆက်ပေးနေမှန်းသိလို့ သူ မယူဘဲ ရတိုင်း၊ ရတိုင်း ဘုရားကို လှူပစ်နေတာဟု သေးလူတွေက ပြောစရာဖြစ်လိမ့်မည်ဟုတွေးပြီး ဝတ်စုံနှစ်စုံကိုသာ ယူထားပြီး ကျန်ဝတ်စုံ(၃၀)ကို ဘုရားရှင်အား လှူဒါန်းလိုက်၏။

www.burmeseclassic.com

ထို့နောက်မှာတော့ ကောသလမင်းကြီးသည် ပုဏ္ဏားကြီးအား ပုဆိုးဆုချရသည်ကို အားမရနိုင်သေးသဖြင့် နန်းတော်မှ အဖိုးတစ်သိန်းထိုက်တန်သော ကမ္မလာနှစ်ထည်ကို ယူစေပြီး ဆုချပြန်လေ၏။ ပုဏ္ဏားကြီးသည် ကမ္မလာတစ်ထည်ကို ဂန္ဓကုဋိတိုက်အတွင်း ဘုရားရှင် ကျိန်းစက်တော်မူရာ အိပ်ရာ၏ အထက်ဘက်တွင် မျက်နှာကြက်လုပ်၍ လှူဒါန်းခဲ့သည်။ ကျန်တစ်ထည်ကိုမူ မိမိအိမ်၌ ဆွမ်းအမြဲဘဉ်းပေးသော ရဟန်း၏ ဆွမ်းဘဉ်းပေးရာနေရာအထက်တွင် မျက်နှာကြက်အဖြစ် လှူဒါန်း၏။

ဤအကြောင်းကို မင်းကြီး ကြားသိရသောအခါ-

'ဒီပုဏ္ဏားကြီးဟာ ငါ ကြည်ညိုရာ၌သာ ကြည်ညိုဘိ၏' ဟုဆို၍ ဆင်လေးစီး၊ မြင်းလေးစီး၊ အသပြာလေးထောင်၊ အခွန်ထွက် ရွာကြီးလေးရွာ၊ ဇနီးမယားလေးယောက်၊ ကျွန်မိန်းမလေးယောက်၊ ကျွန်ယောကျ်ားလေးယောက်တို့ကို သဗ္ဗစတုက္ကဆုတော်အဖြစ် ပုဏ္ဏားကြီးအား ပေးလေ၏။

ဇကောသဋ္ဌကပုဏ္ဏားကြီး၏ ဒါနအကျိုးကား ယခုမျက်မှောက်ကာလ၌ပင် လက်ငင်းချက်ချင်း ခံစားရပြီဖြစ်၏။ ကောသလမင်းကြီး၏ လေးခုနစ်လီ (၂၈)မျိုးသောဆုကို ရရှိပြီး ကြွယ်ဝချမ်းသာသော ဘဝကို ရောက်ရှိသွားလေ၏။ ထိုပုဏ္ဏားကြီး ကြွယ်ဝချမ်းသာသွားခြင်းနှင့်စပ်လျဉ်း၍ ရဟန်းတော်များ စုဝေးရောက်ရှိပြီး ပြောဆိုနေကြစဉ် ဘုရားရှင် ကြွလာတော်မူရာ အကြောင်းစုံကို လျှောက်ထားမေးမြန်းကြသည့်အတွက် ဘုရားရှင်က မိန့်တော်မူလေ၏။

'ချစ်သားတို့...ဇကောသဋ္ဌက ရရှိသွားသော ချမ်းသာကြွယ်ဝမှုမှာ နည်းပါးသွားခြင်းဖြစ်သည်။ အကယ်၍ ညဉ့်ဦးယံမှာသာ ငါဘုရားရှင်ထံ လှူမိခဲ့လျှင် (၁၆)ခုနစ်လီ (၁၁၂)မျိုးသောဆုကို ရရှိမည်။ အကယ်၍ သန်းခေါင်ယံမှာသာ ငါဘုရားထံ လှူမိခဲ့လျှင် (၈)ခုနစ်လီ (၅၆)မျိုးသောဆုကို ရရှိမည်ဖြစ်သည်။ ယခုသော်ကား ကောင်းမှုကို ဖြည်းဖြည်းပြုသောအနေဖြင့် မိုးလင်းမှပြုနိုင်သောကြောင့် (၄)ခုနစ်လီ (၂၈)မျိုးသောဆုနှင့်သာ တင်းတိမ်ကျေနပ်သွားရခြင်းဖြစ်သည်။

ထို့ကြောင့် အလှူဒါနပြုရာတွင် သဒ္ဓါတရား၊ လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ် ဤသုံးချက်ကို ညီညွတ်ပြည့်စုံနေလျှင် ချက်ချင်းလှူဒါန်းရမည်ဖြစ်သည်။ ကာလရွေ့ဆိုင်း အချိန်ဆွဲနေပါက အလှူဒါနပြုခြင်း ယုတ်စီးသွားတတ်သလို ဒါန မှု လျော့နည်းသွားတတ်ပါသည်'

ဗုဒ္ဓမြတ်စွာဘုရားရှင်က ဇကောသဋ္ဌကပုဏ္ဏားကြီးကို အကြောင်းပြု၍ အောက်ပါဒေသနာတော်ကို ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူခဲ့သည်။

အဘိတ္ထ ရေထကလျာဏေ၊ ပါပါစိတ္တံ နိဝါရယေ၊
ဒန္ဓံ ဟိကရောတော ပုညံ၊ ပါပသ္မိံ ရမတိမနော။

ကုသိုလ်ကောင်းမှုကို ဖြည်းဖြည်းနှေးနှေးပြုသောသူ၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်သွားတတ်သည်။ (သို့မဟုတ်) ကုသိုလ်မပြုဖြစ်တော့ဘဲ ပျက်သွားတတ်သည်။ ထို့ကြောင့် ကုသိုလ်မှုကို မြန်မြန်ပြုရမည်။ မကောင်းမှုမှ စိတ်ကို တားမြစ်ရမည်။

တရားဒေသနာနာယူခြင်း၊ စာပေဖတ်ရှုလေ့လာခြင်း စသည်တို့သည် အဘိဉာဏ်ရရှိဖို့အတွက် ဖြစ်၏။ ထိုအသိဉာဏ်ကို လက်တွေ့ကျင့်ကြံ လုပ်ဆောင်မှသာ ထိုလူ့အကျိုးရှိနိုင်မည်ဖြစ်သည့် ဇကောသဋ္ဌက ပုဏ္ဏားကြီးကား ဘုရားရှင်၏ တရားတော်များကို နာယူပြီး လက်တွေ့ကျင့်သုံး လုပ်ဆောင်လှူဒါန်းခဲ့သောကြောင့် လက်ငင်းအကျိုးရရှိခံစားရခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့သည် မိမိစားသုံးမည့် တစ်ခုသောယန်းကန်မှ တစ်ဝက်မျှကို အဘယ်ကြောင့် မပေးနိုင်အံ့နည်း။ ဥစ္စာပစ္စည်းရှိမှ လှူမည်ဆိုခြင်းသည် လူမိုက်တို့၏စကားဖြစ်၏ ရှိသည့်ထဲမှ တတ်နိုင်သမျှဖွဲ့၍ လှူဒါန်းရမည်။ လှူဖွယ်ပစ္စည်းနည်း၍ ဆင်းရဲခြင်းမဟုတ်၊ အလှူဒါနမပြု၍ မွဲခြင်းဖြစ်၏။ လှူဖွယ်ပစ္စည်း အနှည်းအများသည် ပဓာနမဟုတ်၊ လှူဒါန်းဖို့သာ အဓိကဖြစ်သည်။ ဒါနများများပြုလျှင် များများချမ်းသာမည်။ ဒါနနည်းနည်းပြုလျှင် နည်းနည်းချမ်းသာမည်။

အလှူဒါနပြုရာတွင် သဒ္ဓါတရားလည်း ထက်သန်စေတနာသုံးတန်လည်း ညီညွတ်ဝတ္ထုပစ္စည်းလည်း စင်ကြယ်အနှောင့်အယှက်လည်းမဝင်၊ လျင်လျင်မြန်မြန် ဒါနပြုပါကြီးကျယ်သော အကျိုးများကို ဇကဲ့ရရှိပါမည်။ တစ်နည်းဆိုရသော် ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးတရားများ ရရှိမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

မောင်ထည်ဝါ(ပျော်ဘွယ်)

ကျမ်းကိုး

* ဓမ္မပဒအဋ္ဌကထာ(၁) (သာသနာရေးဦးစီးဌာန)။

www.burmeseclassic.com

www.burmeseclassic.com

ဦးစန္ဒိမ (စလင်း)

ပါရမီကုသိုလ် ဖြစ်ပို့လို

ဟိုးအရင်ကထက်စာရင် ဒီဘက်ခေတ်မှာ ဝါဆိုသင်္ကန်း ကပ်လှူတာတွေ၊ ကထိန်သင်္ကန်း ကပ်လှူတာတွေ၊ ကွန်ပျူတာ၊ ရေခဲသေတ္တာ၊ ကား၊ တိုက်တာအဆောက်အအုံတွေအထိ အဖိုးထိုက်အဖိုးတန်တွေ လှူဒါန်းကြပါတယ်။ တရားပွဲတွေဆိုလည်း မပြတ်ဘူး။ ရိပ်သာတွေလည်း ပေါ်ထွန်းလျက်ပါပဲ။ စာရေးသူ ဆရာရွှေမြင့်တင်ဆရာတော်ကြီး ဦးကုသလ မိန့်ဖူးတာလေး သွားအမှတ်ရမိတယ်။

'တို့ငယ်ငယ်က ခုလို လှူသူတန်းသူတွေ မပေါဘူး။ ကထိန်ရာသီမှာ ကထိန်တရား (၃)ကြိမ်နာရရင် အပါယ်တံခါး ပိတ်တယ်လို့တောင် ဆိုကြရဲ့'

ဟုတ်ပေလိမ့်မယ်။ စာရေးသူက ရွှေမြင့်တင်ဆရာတော်ထက် အသက်များစွာ ငယ်ပါတယ်။ ပြောရရင် မြေး၊မြစ်အရွယ်ပေါ့။ သို့တိုင်အောင် စာရေးသူတို့ ကျောင်းထိုင်အထိ ခုလို လှူသူတန်းသူတွေ မပေါသေးဘူးရယ်။ ကထိန်ဆိုလည်း နှစ်စဉ် မပေါ်ဘူး။ ကထိန်ဒကာ ပေါ်ပြန်တော့လည်း အဖြစ်ပဲ၊ ခမ်းခမ်းနားနား မလုပ်ကြပါဘူး။ ခုတော့ ကထိန်ဒကာက ထောရင် ထောသလို ညပ်မကြီးအဖြစ် ရေခဲသေတ္တာ၊ မီးစက်လို၊ အဲယားကွန်းလို၊ ကားလို၊ တိုက်တာအဆောက်အအုံလို လှူကြတာကလား။ စာရေးသူတို့ ငယ်ငယ်က သင်္ကန်း၊ သပိတ်ဆိုရင် မိဘ၊ဆရာသမားများက ထောက်ပံမှသာကိုး။ သို့မဟုတ် ဆွေမျိုးရင်းချာထဲက လှူချင်လှူ၊ နို့မဟုတ်လို့ကတော့ ရပေါက်ရလမ်း မမြင်။ ဒီတော့ သင်္ကန်းကို ရိုရိုသေသေ ဝတ်ရတယ်။ ပြရင် ချုပ်ရ ဖာရတယ်။ ဒီအတတ်ကိုလည်း တတ်အောင် သင်ရတယ်လေ။

သင်္ကန်းတစ်စုံ ဟောင်းသွားပြီလား ဆိုရင် ဓာတ်ဆေးဆိုးဆိုင် သွားအပ်ရတယ်။ အဲသလို ချွေချွေတာတာ ဝတ်ရတာကလား။ ခုခေတ် ကိုရင်၊ ဦးပဉ္စင်းလေးတွေကတော့ ကံကောင်းပါတယ်။ လှူမယ့်တန်းမယ့်သူ ပေါတယ်။ သင်္ကန်းဆိုရင် သစ်သစ်လွင်လွင်လေးတွေ။ ပြလို့ ချုပ်မဝတ်ဘူး၊ ဖာထေးမဝတ်ဘူး၊ ဟောင်းလို့ ဓာတ်ဆေးဆိုးမဝတ်ရဘူး။ အမယ်..အမ်ပီဖိုး၊ အမ်ပီသရီးနဲ့၊ ဟမ်းဆက်နဲ့။ တချို့များ လက်ကိုင်ဖုန်းတောင် ကိုင်နိုင်ရဲ့။ ဂိမ်းတွေဘာတွေများတောင် ဆော့လို့။ ဒီတော့ ဆင်းရဲလေလေ သံဝေဂရလေ မဟုတ်တော့ဘူး။ ရိုဇီသရမှန်း မသိတော့ဘူး။ တချို့ ကျောင်းတွေ၊ စာသင်တိုက်တွေဆိုရင် သင်္ကန်းအဟောင်းတွေ ရှုံထဲ ဗွက်ထဲ ချောင်ကြိုချောင်ကြားမှာ ပုံလို့၊ မြင်မကောင်းဘူးရယ်။

www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်း မြစကြောစာသင်တိုက်ကတော့ ရေသနုပ်သင်္ကန်းတွေ ညနေ(၃)နာရီခွဲရင် ကိုယ့်သင်္ကန်းကို ရုပ်ရတယ်။ မရုပ်ရင်- ကိုယ်တော်တစ်ပါးက လိုက်သိမ်းတယ်။ ဆရာတော်ကျောင်း သွားထားရတယ်။ လာရွေးရင် ဒဏ်ထမ်းရတယ်။ ကိုရင်ဆိုရင် ထိုင်ထလုပ်၊ ဦးပဉ္စင်းဆိုရင် တရားထိုင်ရတယ်။ လာမရုပ်တဲ့ သင်္ကန်းတွေကို မိဘမဲ့ဘုန်းကြီးကျောင်းတို့၊ ပရဟိတဘုန်းကြီးကျောင်းတို့ကို လှူပါသတဲ့။ အင်း..ဒီနည်းလည်း မဆိုးဘူးရယ်။ စည်းကမ်းက သိပ်အရေးကြီးတာကလား။

ရှင်ပြုအလှူတစ်ခုမှာ တွေ့ကြတော့ ရဟန်းအချင်းချင်း ဟိုတုန်းခေတ်နဲ့ ယနေ့ခေတ် အလှူဒါနပြုကြတာ ကွာခြားတဲ့အကြောင်း ပြောဖြစ်ပါတယ်။ ဒီနေ့ခေတ်မှ အလှူအတန်းတွေ ပေါများကြောင်း၊ ရိပ်သာတွေမလည်း လူမနည်းကြောင်းတွေပေါ့။ ဒီတော့ ဆရာတော်တစ်ပါးက မိန့်ပါတယ်။

'ဒါနပြုတာတော့ ဟုတ်ပါတယ်။ သို့သော် လိုအပ်တဲ့နေရာမှာ အပ်စပ်တဲ့အလှူဒါန ပြုတတ်ဖို့လိုတယ်။ သီလဆောက်တည်ရာမှာလည်း ဒီလိုပဲ။ တချို့ လူမြင်ကောင်းအောင် ပုတီးလေးကိုင်၊ ဆွမ်းချိုင့်လေးဆွဲ ဘုန်းကြီးကျောင်းသွားပြီး အများနည်းတူ သီလယူ၊ ခဏနေ ပြန်လာ။ အိမ်ရောက်တော့ ပြောဟယ်ဆိုဟယ်၊ ဆဲဟယ်ဆူဟယ်နဲ့ အချိန်တန် ညစာလေးစား ကျောင်းတွင်းသီလတဲ့။ တချို့ကျပြန်တော့ ဘုန်းကြီးကျောင်း နေကုန်တော့ နေဖော်ရပါရဲ့။ စားပြီးအိပ်၊ အိပ်ရာကထ၊ ပုတီးတော့ လက်ကကိုင်လို့၊ ဟိုအကြောင်း ဒီအကြောင်း သောင်းပြောင်းထွေလာတွေပြောလို့ ဂုဏ်တုဂုဏ်ပြိုင်တွေ၊ သူများမကောင်းကြောင်း ကိုယ်ကောင်းကြောင်းတွေ၊ ကိုယ်ဆောက်တည်ထားတဲ့ သီလမှ အားမနာ။

အဲ..ရိပ်သာသွား တရားအားထုတ်တဲ့ လူတချို့က တော့ တို့က တရားပတ် ဘယ်နှစ်ကြိမ်ရှိပြီ။ ဘယ်လို သမာဓိတွေ ရပြီဆိုပြီး သူတစ်ပါးကို အထင်သေး အမြင်သေးပြော၊ တရားမထိုင်တဲ့လူဆိုရင် လူပဲမဟုတ်တော့သလို။ တရားထိုင်တယ်ဆိုတာ ကိုယ်က မိမိကိုယ်မှာ ကပ်တွယ်နေတဲ့ လောဘ၊ ဒေါသ၊ မာန၊ အတ္တတွေ ကွာအောင် ခွာတာပဲမဟုတ်လား။ ခုတော့ ဟုတ်ပေါင်။ ပါးစပ်က ဘုရားစိတ်က အမှား။ သြော်..လူတွေ..လူတွေ..လူတွေ'

စကားဆုံးတော့ ဘုန်းကြီးတစ်ပါး ဝင်ပြောပါတယ်။

မျှော်လင့်ချက်နဲ့ ဒါန၊ လွတ်လွတ်စွန့်ကြဲမှုမရှိတဲ့ ကုသိုလ်အကြောင်းပေါ့။

'တပည့်တော် ကျောင်းဆောက်တော့ တစ်ဦးတည်း ဒကာ ပေါ်တယ်လေ။ ဒကာက စနစ်သိပ်ကျတယ်။ ဘာမဆို မကုန်သင့်တာ မကုန်အောင် စိစစ်ဝေဖန်တတ်တယ်။ ကျောင်းကြီး သွပ်မိုးတော့ တခြားမြို့က ဈေးသက်သာလို့ဆိုပြီး သွပ်ဝယ်မိုးရော။ အဲဒီတော့ ကျောင်းနဲ့မဝေးလှတဲ့ ကုန်မာဆိုင်မှ ဒကာက ကျောင်းပေါက်ချလာပြီး အားပေးချင်းပေး နီးတဲ့ဆိုင် အားမပေးဘူး ဘာဘူးနဲ့ ရန်တွေ့တယ်လေ။ ဒီတော့ ပြောရတယ်။ ဒကာက သူ့ဘာသာစီစဉ်တာ။ ကျွန်ုပ်က စီစဉ်ပိုင်ခွင့် မရှိဘူးလို့လေ။ အဲဒီကတည်းက ကုန်မာဆိုင်ကဒကာ သာရေး,နာရေးရှိရင် မပင့်တော့ပါဘူး။ ဟိုတုန်းက လှူနေကျ တန်းနေကျ ဆွမ်းကွမ်းဝတ်တွေ အကုန်ဖျက်လိုက်ပါရောလား။ ကုသိုလ်ရေးဘက်မှာတောင် စီးပွားတွက် တွက်ကြသဗျား'

အဲဒီတော့ ဘုန်းကြီးတစ်ပါးကလည်း ဝင်ပြောပြန်ရော။

'တပည့်တော်က ဝက်အူချောင်း ကြိုက်တယ်လေ။ အမြဲဝယ်နေကျဆိုင်ရှိတယ်။ နောက်တော့ သူဆိုင်က ဝက်အူချောင်းမရှိခိုက် တခြားဆိုင် ပြောင်းဝယ်တယ်။ နောက်ဆိုင်က ပိုကောင်းတယ်။ အပိုလည်းပေးတယ်။ ဆိုင်ပြောင်းလိုက်ကတည်းက အရင်ဆိုင်က စိတ်ဆိုးပြီး သပိတ်မှောက်တော့တာပဲ။ သာရေး,နာရေးရှိရင် မပင့်တော့ဘူးရယ်။ ထွေရုပုံများ ပြောပါတယ်'

ဦးပဉ္စင်းတစ်ပါးက ခေါင်းတညိတ်ညိတ်နဲ့ ဝင်ပြောပြန်တယ်။ 'တပည့်တော်ကျောင်းမှာ ဘုရားကြီးပြုပြင်တော့ တစ်ဦးတည်းဒကာ ပေါ်တယ်ဘုရား။ ထုံး၊ သဲ၊ ကျောက်ဘိလပ်မြေ ဝယ်တော့ ဒီဒကာနဲ့ ရင်းနှီးတဲ့ဆိုင် ဝယ်တာပေါ့လေ။ ဒီတော့ တပည့်တော်နဲ့ရင်းနှီးတဲ့ ဆွမ်းကွမ်းဒကာဆိုင် ဝယ်ဖို့ ပြောပါသေးတယ်။ ဒီတော့ ဘုရားဒကာတော် အရှင်ဘုရားရဲ့ ဆွမ်းကွမ်းဒကာဆိုင်က ဈေးလည်းကြီးတယ် အကြွေးလည်း မရဘူး။ ကျောင်းအရောက်လည်း မပို့ဘူး ဆိုပြီး ငြင်းပါလေရော။ ဒီတော့ တပည့်တော်လည်း လက်လျှော့လိုက်ရတော့တာပေါ့နော်။ ဒီလိုနဲ့ ဆွမ်း၊ ကွမ်းဒကာသူဆိုင် မဝယ်ရကောင်းလားဆိုပြီး လစဉ် ဆွမ်းဝတ်မထုတော့ဘူးလေ။ ဖြစ်ရပုံ..ဖြစ်ရပုံ။

တချို့ကလည်း ကုသိုလ်လုပ်ရာမှာ မပြတ်သားကြရယ်။ ကိုယ်လှူလိုက်တဲ့ ဘုန်းကြီးက ဗေဒင်ဟောတဲ့၊ ဆေး

www.burmeseclassic.com

www.burmeseclassic.com

ရှင်ကုပေးမှ၊ အုန်းသီး၊ ငှက်ပျောသီးရ စွန့်မှ၊ ကိုယ့်ဆိုင်ရှင် ဝယ်မှ၊ တစ်ခုတုံ့ပြန်အကျိုးရမှ လှူချင်ကြတာကလား။ ဒါနပြုရာမှာတော့ အဲသလို မျှော်လင့်ချက်မထားသင့်ပါဘူး။ အတုံ့အလှည့်စိတ် မမွေးသင့်ပါဘူး။ ဒါဆိုရင် ကိုယ့်ကုသိုလ်က အကျိုးလိုလို့ ညောင်ရေလောင်း ဘယ်စင်ကြယ်တော့မှာလဲ။ ဘယ်အကျိုးပေးသန့်တော့မှာလဲ။ လူပင်ပန်း၊ အချိန်ကုန်၊ ငွေကုန်ရကျိုးမနပ်လိုက်ပုံများ ပြောပါတယ်'

စာရေးသူက်တော့ ဆရာတော်တွေ ပြောသမျှ နားထောင်ရင်း ပြုံးနေမိပါတယ်။ ဘာတစ်ခွန်းမှတော့ ဝင်ပြောဘူးလေ။ ဒါပေမဲ့ စိတ်ထဲတော့ ရှိနေပါတယ်။ ဆရာတော်တွေပြောတဲ့ စေတနာမပြတ်သားတဲ့ အတုံ့အလှည့်နဲ့ မျှော်လင့်ချက်ထားပြီး ကုသိုလ်ဒါနပြုနေသူတွေကို ပြောချင်တဲ့စကားပေါ့။ တခြားမဟုတ်ပါဘူး၊ ဆရာကြီးဦးရွှေအောင် ပြောတဲ့ ပါရမီကုသိုလ်အကြောင်းပေါ့။

ဦးရွှေအောင်က သူ့ရဲ့ ဓမ္မပဒစာအုပ် ဒေဝဒတ္ထဝတ္ထုထဲမှာ ဘယ်လိုပြောထားသလဲဆိုတော့ ကုသိုလ်ဒါနပြုတဲ့ နေရာမှာ ငါ့အတွက်သက်သက် မဟုတ်ရပါဘူး။ လောကအတွက်၊ သူတစ်ပါးအတွက် ဖြစ်ရပါမယ်။ ဒါဆိုရင် လောဘကို အလိုလိုပယ်ပြီးဖြစ်တယ်။ လောဘကို နှိုင်မှ လောကကို နှိုင်မယ်။ ငါ့အတွက်သက်သက်ဆိုရင် ပါရမီကုသိုလ် မဟုတ်ပါဘူး။ ပါရမီမြောက်ကုသိုလ် မဟုတ်ရင် ဦးတည်ရာမရှိဘဲ ပင်လယ်ရေစီးကြောင်းအတိုင်း မျောချင်ရာ မျောနေတဲ့ လှေငယ်လေးသဖွယ်ဖြစ်ပြီး ဘေးအန္တရာယ်များနိုင်ပါသတဲ့။ ပါရမီကုသိုလ်မျိုး မဟုတ်ခဲ့ရင် အားကိုးလောက်တဲ့ကုသိုလ် မဟုတ်ပါဘူး။ ဒါနဟာ ပြုရလွယ်ကူသော်လည်း အသိဉာဏ်ယှဉ်သူများအတွက်သာ ကြီးမားသော အကျိုးအာနိသင် ရှိတယ်တဲ့။

ကဲ..ဘယ်လောက်သဘောကျစရာ ကောင်းထားလဲ၊ ဘယ်လောက်ကြည်ညိုစရာ ကောင်းထားလဲ။ ဒီတော့ ပြောချင်တယ်။ ငွေကုန် လူပန်း အချိန်ကုန်ပြီး လှူရတဲ့အတူတူ မျှော်လင့်ချက်အတုံ့အပြန် အလဲအလှယ်စိတ်နဲ့ မလှူဘဲ ငါ့အတွက်သက်သက်မဟုတ်ဘဲ အလှူခံပုဂ္ဂိုလ်အတွက်၊ အများအတွက် ပါရမီကုသိုလ်ဒါနမျိုးနဲ့ လှူစေချင်ပါတယ်။ စင်စင်ကြယ်ကြယ် ဒါနကုသိုလ်မျိုး ဖြစ်စေချင်လို့ပါ။ ဒါမှ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း အကျိုးပေးမှာကိုးလို့။

ဦးစန္ဒိမ(စလင်း)

တောင်တွင်းကြီးမဟာတံခွန်

နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂန္ဓိရ (အကြားအမြင်) ပညာရှင်

အမှတ်-၄၃၃(၃-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေး၀ှေ့၊ တာဝမွှေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၁ ၊ ၀၉ ၅၀ ၆၉၀၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အဝိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထိပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး).. စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝက်ကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂါဝိဇ္ဇာ ဓာတ်ယကြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com

အုံဖွယ်ထူးခြား ဆရာတော်ဘုရား

ဘူရိဒတ္တာထေရော

တိုးမောင်သန်းဝင်း

မြတ်ဗုဒ္ဓ ပွင့်တော်မူလာခြင်းသည် လောကလူသားအားလုံးတို့၏ အသိဉာဏ်များကို လင်းလက်စေသည်။ ဘဝရှိ အမှန်တရားများကို သိစေသည်။

အမှောင်ကျနေသော လူသားအားလုံးတို့အား ဓမ္မအလင်းရောင်ကို ပွင့်စေခဲ့သည်။ ဘဝ၏ သဘာဝ၊ ဘဝ၏ အနှစ်သာရ ကင်းမဲ့ပုံကို မြင်စေသည်။ ဘဝ၏ လွတ်မြောက်ရေးတရားများကိုလည်း သိစေခဲ့ပါသည်။

တစ်လောကလုံးတွင် အမြတ်ဆုံးသော အနှိုင်းမဲ့ ဗုဒ္ဓရှင်တော်မြတ်ကြီးသည် ပရိနိဗ္ဗာန် စံလွန်တော်မူခဲ့သည်မှာ နှစ်ပေါင်း(၂၆၀၀)ခန့် ရှိနေပေပြီ။ သို့သော်ငြားလည်း ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့သော ဓမ္မအလင်းရောင်ခြည်တို့သည်ကား တစ်ကမ္ဘာလုံးသို့ ဖြန့်ကြက်လျက် ရှိနေပြီတည်း။

သီရိဓမ္မာသောကမင်းသည် တတိယသင်္ဂါယနာတင်ပြီးနောက် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်ပြီး အကြီးမားဆုံး သာသနာပြုခဲ့လေရာ ကမ္ဘာအင်ပါယာ တစ်ခုလုံး၏ (၅)ပုံ(၄)ပုံသည် ဗုဒ္ဓသာသနာ လွှမ်းမိုးခဲ့သည်ဟု ဆိုပါသည်။

ဗုဒ္ဓ၏ ဓမ္မအလင်းရောင် ဖြန့်ကြက်ခဲ့ရာ နေရာတိုင်း၊ ဒေသတိုင်းတွင် ဗုဒ္ဓနှင့်ဆက်နွယ်သော စေတီပုထိုးတော်များ၊ ဆင်းတုရုပ်ပွားတော်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ ကျောက်ဂူ၊ လိုဏ်ဂူများ၊ ကျောက်စာချပ်များ စသည့် သာသနာ့အထိမ်းအမှတ်များ ရှိနေခဲ့လေပြီ။

သာသနာပြုပုဂ္ဂိုလ်များ၊ ဆရာတော်၊ ရဟန်းတော်များသည်လည်း ကမ္ဘာအနှံ့ ဖြန့်ကြက်တည်ရှိ သီတင်းသုံးတော်မူနေကြလျက် ရှိပါသည်။

ဆိုခဲ့သလို ဗုဒ္ဓဓမ္မကြောင့် အလင်းပေါက် အလင်းရောက်သူများ၊ ဘဝလွတ်မြောက်ခဲ့ကြသူများသည်လည်း အနှံ့မတဂ္ဂမကပင် ရှိနေခဲ့၊ ရှိနေဆဲ ဖြစ်ပါသည်။

ဗုဒ္ဓဓမ္မအလင်းရောင် ဖြန့်ကြက်ခဲ့ရာ နေရာတိုင်းတွင် ရဟန္တာဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသော ရှင်တော်မြတ်ကြီးများသည်လည်း များစွာရှိနေခဲ့ပါသည်။

ကျွန်ုပ် ရေးသားဖော်ပြလိုသော ရဟန္တာဟုသမုတ်ခဲ့ကြသော ဆရာတော်ဘုရားမှာ မြန်မာပြည်ဖွား မဟုတ်ပါ။ တစ်ဖက်အိမ်နီးချင်း ထိုင်းနိုင်ငံမှ ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။

ယင်းဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံသို့လည်း ရောက်ရှိခဲ့ပြီး မြန်မာစာ၊ မြန်မာစကားကိုပင် ကောင်းစွာပြောဆိုနိုင်ပြီ ဟောကြားတတ်သည်ဟု လေ့လာမှတ်သားမိပါသည်။

ဆရာတော်ဘုရားကြီး၏ အမည်ရင်းမှာ ဖရာ့အာကျန်မန်းဖြစ်ပါသည်။ ဓာတ်တော်ကျဆရာတော်ကြီးဟု-ခေါ်ဝေါ်သမုတ်ကြပါသည်။ လုံပုဝမ်(Loo Poaweng) ဆရာတော်ဟုလည်း အသိများကြပါသည်။

ဖရာ့အာကျန်မန်း ဆရာတော်ကြီး၏ဘွဲ့တော်မှာ ဘူရိဒတ္တထေရော ဖြစ်သည်။ ဥပဇ္ဈာယ်ဆရာတော်သည်ကား ကမ္မဋ္ဌာန်းဆရာတော်ကြီးတစ်ပါး ဖြစ်သည်။ ထိုင်းအခေါ်အားဖြင့် အာကျန်စော(စ်)ဟူ၍ ဖြစ်သည်။

ဖရာ့အာကျန်မန်း ဆရာတော်ဘုရားကြီးသည် (၁၈၇၀) ပြည့်နှစ်တွင် မွေးဖွားတော်မူခဲ့ပြီး (၁၉၄၅)ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက် သက်တော်(၇၅)နှစ်တွင် ခန္ဓာဝန်ချတော်မူခဲ့ပါသည်။

ဆရာတော်ကြီး၏ ဈာပနအခမ်းအနားသို့ လူတစ်သိန်းကျော် လာရောက်ဂါရဝပြု ပူဇော်ကြပါသည်။ အရိုးတော်များကိုလည်း (၂၁)ခရိုင် ခွဲဝေပူဇော်ကြသည်။ (၄)နှစ်ကျော်ခန့် ကာလကြာသည့်အခါ ဆရာတော်ဘုရားကြီး၏ အရိုးတော် ဓာတ်တော်များသည် ပုလဲဆင်းဆူရေ(၄၂၀)အထိ ဓာတ်တော်အလုံးအလုံးများ ဖြစ်သွားကြသည်ဟု ဆိုပါသည်။

ဆရာတော်ကြီး၏ ထေရုပ္ပတ္တိရေးသားခဲ့သူမှာ ဆရာတော်ကြီး၏ အနွေဝါသိက တပည့်တစ်ပါး ဖြစ်ပါသည်။ အတ္ထုပ္ပတ္တိစာအုပ်တွင် စာမျက်နှာ(၃၆၀) ရှိပါသည်။

ထေရုပ္ပတ္တိလာအရ ဆရာတော်ဖရာ့အာကျန်မန်း(ဘူရိဒတ္တထေရော)သည် မြန်မာနိုင်ငံ-လော(လာအို)နိုင်ငံနယ်

www.burmeseclassic.com

www.burmeseclassic.com

စဉ် တောတောင်ထူထပ်သောနေရာတွင် နှစ်ပေါင်း(၅၀)ခန့် ကျည်လည်တရားအားထုတ်ခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ် ဖြစ်ခင်က တောတောင်အထပ်ထပ်ကို (၄၊ ၅)ရက်ကျော် ဖြတ်သန်းခဲ့ပြီး မြန်မာနိုင်ငံအတွင်းတွင် (၅)နှစ်ခန့် ကြာသည်အထိ သီတင်းသုံးတော်မူခဲ့ကြောင်း၊ မြန်မာစာ၊ မြန်မာစကားကိုလည်း ကောင်းစွာတတ်မြောက်ကြောင်း တော်တမ်းပြုထားပါသည်။

ဆရာတော်ကြီးသည် ဒုတိယကမ္ဘာစစ်ဖြစ်ခါနီး အခြေ အနေမလှသည့်အတွက် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပြန် သည်ကြွသွားရာ (၃)ရက်လုံးလုံး လမ်းစပျောက်နေခဲ့သည် ဟု၏။

လမ်းစပျောက်နေသည့်အတွက် ဆွမ်းလည်း မစားရ ဘူး အစာလည်း မရှိ၊ ခရီးလည်း ပန်းလှသည့်အတွက် အောက်ဖျာချပ်ကြီးတစ်ချပ်ပေါ်တွင် ထိုင်ရင်းက-

"အင်း...စာတွေထဲမှာတော့ သူတော်ကောင်းတွေကို ကျွေးနှုတ်တွေက ဆွမ်းကပ်ကြတယ်လို့ ဖတ်ဖူးပါရဲ့။ ဒါ ပေမဲ့ ဘယ်ရက္ခစိုးတွေမှလည်း လာရောက်ပြီး ဆွမ်း ကပ်ကြပါကလား" ဟူ၍ စဉ်းစားနေမိလေရာ မကြာမတင် အဲဒီ ဘယ်အရပ်ဒေသက် ရောက်လာမှန်း မသိတဲ့ သပ်သပ် ရိုးရိုး လူရွယ်တစ်ယောက် ရောက်လာပြီး ဆွမ်းကပ်ပါ သည်။

"ဘယ်အရပ်က လာတာလဲ" လို့ ဆရာတော်က မေး သော်လည်း လူရွယ်က မဖြေပါဘူး။ ခပ်လှမ်းလှမ်းကို လက် ညှိုးထိုးပြ ဦးချပြီး ပြန်ထွက်သွားပါတယ်။ ဆွမ်းကလည်း ချိုမြိန်ဆူးခြားခြား အရသာရှိလှပါသတဲ့။

ဒါနဲ့ ဆွမ်းဒကာလေး ပြန်သွားတာကို အကဲခတ်ကြည့် သော်လည်း ခပ်လှမ်းလှမ်းမှာရှိနေတဲ့ သစ်ပင်ကြီးတစ်ပင်ရဲ့ အောက်ကွယ်လည်း ရောက်ရော ဆွမ်းဒကာလေးလည်း အောက်ကွယ်သွားလေရဲ့လို့ ဆရာတော်ကြီး၏ မိန့်ကြားချက် ကို မှတ်တမ်းပြုရေးသားခဲ့ပါသည်။

ဆရာတော်ကြီး၏ ဖြစ်ရပ်တွေထဲက ထူးခြားဖြစ်စဉ် တစ်ခုသည်ကား တစ်ခါက ဒကာ,ဒကာမများသည် ဆရာ တော်၏ ကျောင်းတွင် ဆွမ်းကပ်လှူကြပြီး "ဆရာတော်၏ အရှေ့ကို နာကြားနေကြစဉ် အသောက်အစား ဝါသနာ ပြုလုပါသည့် ဒကာနှစ်ယောက်သည် တရားနာပရိသတ်ရဲ့ ရှေ့မှ မကမ်းနေရာမှာ ငြင်းလိုက်ခုံလိုက်နှင့် စစ်တုရင် ထိုးနေကြသည်။

ဆရာတော်ကြီးက ဘာတစ်ခွန်းမှ မပြောသော်ငြား လည်း တရားနာနေကြရသည့် ဒကာ,ဒကာမ တချို့က တရားနာ မဖြောင့်တာကြောင့် ဘဝင်မကျဖြစ်ပြီး ကစား သမားနှစ်ယောက်ကို လှည့်လှည့်ကြည့်ကြသည်။

တစ်ခဏကြာတော့ အဆိုပါ ဂီကစားသမားနှစ်ယောက် ဆီက ဘာသံမှ ထွက်မလာကြချေတော့။ ကြည့်လိုက်တော့ ကစားသမား နှစ်ယောက်အနက် တစ်ယောက်က ပါးစပ် အဟောင်းသား၊ တစ်ယောက်က လက်ကို မြှောက်ပြီး စစ် တုရင်ရွေ့တော့မည်ဟန်အတိုင်း မလှုပ်မယှက် ကျောက်ဆစ် ရုပ်တွေပမာ ဖြစ်တည်နေကြတာကို အံ့သြစွာ တွေ့ကြရ သည် ဟူ၏။

ဆရာတော်ဘုရားကြီးသည် တပည့်ဒကာတွေကို တရားဟောကြားတော်မူသည့်အခါများတွင် နတ်ပြည် နတ် သားတို့၏ အကြောင်းခြင်းရာတွေကို ထည့်သွင်းဟောကြား လေ့ရှိသလို ငရဲပြည် ငရဲသားအကြောင်းတို့ကိုလည်း ထည့် သွင်းဟောလေ့ရှိသည်။ အလျှဉ်းသင့်လျှင် သင့်သလို နတ် တွေ၊ နဂါးတွေ၊ ဘီလူးတွေ၊ ရက္ခစိုး အကြောင်းတွေကို လည်း ပြောဆိုတတ်ဟောတတ်လေ့ရှိသည်။

ဆရာတော်ဘုရားကြီးသည် ဇင်းမယ်နယ်ဘက်တွင်

ထိုင်းဆရာတော်ကြီး ဘုရားကျွန်မန်း
(ဆရာတော်၏)

www.burmeseclassic.com

ထိုင်းဆရာတော်ကြီး ရော့အောကျန်မန်း
(၁၃၇၀-၁၄၄၅)

ကြာကြာသီတင်းသုံးလေ့သုံးထရှိသည်။ အဆိုပါ ဧင်းမယ်နယ်တွင် ညကာလအချိန်တို့တွင် ဆရာတော်ဘုရားကြီးထံသို့ နတ်ပရိသတ်တွေ အလာများသည်ဟု ဆို၏။

ဆရာတော်ကြီးရဲ့ဇာတိ ထိုင်းအရှေ့မြောက်ပိုင်းတွင်မှာတော့ နဂါးပရိသတ်တွေက ည(၁၀)နာရီ၊ (၁၁)နာရီခန့်မှာ ရောက်လာတတ်ပြီး နတ်တွေကတော့ သန်းခေါင်ယံ(၁)နာရီလောက်မှာ ပြန်သွားကြတယ်လို့ တပည့်များကို ပြောပြတယ်လို့ ဆိုပါသည်။

ဆရာတော်ကြီးသည် ဧင်းမယ်ဘက်ကနေပြီး ဇာတိရပ်ဘက်ကို ရထားနဲ့ ပြန်ကြွတဲ့အခါမျိုးတွေမှာ ဘူတာရုံဘေးနှစ်ဖက်နဲ့ အထက်ကောင်းကင်မှာ ဝါဂွမ်းပုံတွေလို နတ်၊ ငြဟ္မာတွေက လာကန်တော့ကြတာ မျက်စိတစ်ဆုံးပါပဲတဲ့။ ရထားထွက်တဲ့အခါမှာတောင် ခရီးအတော်ဝေးဝေးအထိ လိုက်ပါရွေ့လျား ကန်တော့ကြတယ်လို့ ဆိုပါသည်။

နတ်တွေ၊ နဂါးတွေသည် တရားနာယူကြရာတွင် အလွန်ကို စည်းကမ်းသေဝပ်ပြီး ကိုယ်ခန္ဓာတွေကို လှုပ်တောင် မလှုပ်ကြပါဘူးတဲ့။ နတ်များ ရောက်လာတဲ့အခါ ဆရာတော်ကြီးကို လက်အုပ်ချီမိုးကာ သုံးပတ်လှည့်ပြီး ကန်တော့ကြပါတယ်။ တရားပွဲပြီးတဲ့အခါမှာလည်း သာဓုသုံးကြိမ်ခေါ် လက်အုပ်ချီလို့ နောက်ဆုတ်ကာ ဝါဂွမ်းပုံလေးများပမာ ပျောက်ကွယ်သွားကြပါတယ်တဲ့။

တစ်ခါက နဂါးပရိသတ်တွေ နေ့စဉ် တရားနာလာကြတော့ နဂါးမင်းက သူ့ရဲ့ ရာဇပလ္လင်ပါ ယူလာပြီး ထိုင်လေ့ရှိပါတယ်တဲ့။ တရားမနာယူခင် သူတို့ ယူဆောင်လာတဲ့ သောက်တော်ရေကို အရင်ဆက်ကပ်ပြီးမှ သောက်လေ့ရှိပါတယ်တဲ့။ ထူးခြားတာကတော့ ဆရာတော်ကြီး တရားဟောတဲ့အခါ သည့်ပြင်တရားတွေထက် အောင်ခြင်းရှစ်ပါးတရားကို ဟောတဲ့နေ့ဆိုရင် နတ်၊ နဂါးတွေဟာ ပိုပြီးနှစ်သက်အားရ ကြည်နူးကြပါတယ်လို့ ဆိုပါတယ်။

ဆရာတော်ကြီးသည် စောစောပိုင်းက ထိုင်းနိုင်ငံ အလယ်ပိုင်း နခမ်းနဂုတ်ဒေသမှာ တရားအားထုတ်တော်မူပါသည်။ ယင်းဒေသသည် အလွန်နက်နဲလှသည့် တောကြီးမျက်မည်းဖြစ်သည်။ ရေတံခွန်စိမ့်စမ်းတွေလည်း ပေါများသည်။ တောင်ပေါ် တောနက်ကြီးအတွင်း ဂူကြီးတစ်ဂူရှိသည်။ ရှင်းသန့်နေသည့် ဂူကြီးတစ်ဂူမို့ ဆရာတော်ကြီးဘဝင်ကျစွာဖြင့် ယင်းဂူကြီးအတွင်း တရားအားထုတ်သည်။

ရွာသားတွေက ဆရာတော်ကြီးအား အသိပေးလာကြားခဲ့ဖူးသည်မှာ 'တောင်ပေါ်မှာရှိနေတဲ့ ဂူကြီးထဲ တရားအားမထုတ်ပါနဲ့။ သည့်ပြင်နေရာတွေမှာ ကြိုက်သလို အားထုတ်ပါ။ အဲဒီဂူကြီးဟာ အလွန်ကြမ်းတမ်းလှပါတယ်။ အဲဒီဂူကြီးအတွင်း အရင်က သီတင်းသုံးခဲ့တဲ့ ဘုန်းကြီးပေါင်းဟာ ရုတ်တရက် ပျံလွန်တော်မူသွားခဲ့ပါတယ်' ဆိုတားထားသည်ဟု ဆိုပါသည်။

ဆရာတော်ကြီးက 'သတ္တဝါတို့မည်သည် သေရမှာ တရားအားထုတ်ရင်နဲ့သေရင် မြတ်ပါတယ်' လို့ပြောပြီး ကြီးရှိရာသို့သွားကာ တရားအားထုတ်တော်မူခဲ့ပါသည်။

ယင်းသို့ တရားအားထုတ်တော်မူရာ သုံးရက်မြောသည်အထိကတော့ အေးအေးချမ်းချမ်းဖြစ်ခဲ့သော်ငြားလည်း လေးရက်မြောက်နေ့တွင်မှာတော့ ဆရာတော်ကြီးသည် ပျက်ဝမ်းလျှောသည့်ဒဏ်ကို အလူးအလဲခံရလေတော့သည်။ ဆရာတော်ကြီးသည် အံကြိတ်တင်းရင်းခံကာ ဝေဒနာဒဏ်ခန္ဓာကို ဖိဖိစီးစီး ရှုမှတ်နေခဲ့ပါသည်။ ထိုစဉ် ဆရာတော်ကြီး၏ ကိုယ်ခန္ဓာဝန်းကျင်အနှံ့ အလင်းရောင်တွေ ပေါ်လာပြီး ဝေဒနာလည်း ပျောက်ခြင်းမလှ ပျောက်

www.burmeseclassic.com

www.burmeseclassic.com

သူ့ကား ခန္ဓာကိုယ်သည်လည်း ပေါ့ပါးချမ်းသာသွားခဲ့သည်ဟု ဆိုပါသည်။

ဘစ်ဆက်တစ်စပ်တည်းပင် ခန္ဓာကိုယ် အလွန်ကြီးမားသည့် သတ္တဝါကြီးတစ်ကောင်သည် ဖြုန်းခနဲ ပေါ်ပေါက်လာခဲ့ပြီး -

'ကျုပ်ဟာ ဤတောဤတောင်ကိုပိုင်စိုးတဲ့ တန်ခိုးကြီးတဲ့ ဘီလူးကြီးဖြစ်တယ်။ ဒီမှာ တွေ့လား၊ တင်းပုတ်။ ဒီတင်းပုတ်ဟာ ဆင်ကိုတောင် မြေကြီးထဲကို ပုဝင်သွားအောင် ရိုက်သတ်နိုင်တယ်။ ဘုန်းကြီး အခု ဂူထဲက အမြန်ဆွဲထွက်သွားပါလေ။ ထွက်မသွားရင် ရိုက်သတ်ရပါလိမ့်မယ်။ ဒီတင်းပုတ်နဲ့ ဘုန်းကြီး(၄)ပါးကို ရိုက်သတ်ပြီးပြီ'

လို့ ပြောလေတော့ ဆရာတော်ကြီးက ကြောက်ရွံ့စိတ်ဆိုးစဉ်းမျှမရှိပါဘဲ -

'သတ္တဝါဆိုတာ သေမျိုးပဲလေ။ သေရင်လည်း ငါဟာ ဘုရားနဲ့ သေမယ်။ သင့်ကို ငါ မနှောင့်ယှက်ဘူး။ ငါ့မှာ ဘုရားလက်ရိုးနဲ့ သေရမှာမို့ လုံးဝမကြောက်ဘူး။ မြတ်သောသခြင်းဖြစ်တာမို့ ဝမ်းမြောက်စွာနဲ့ သေမယ်။ သင်ဒကာ ဘာသာလျှင် ရဟန်း၊ သူတော်ကောင်းများကို ညှဉ်းဆဲသတ်ဖြတ်တာမို့ အပါယ်ငရဲရောက်ရလိမ့်မယ်။ မမိုက်ချင်စမ်းပါနဲ့ ဒကာ' ဆိုပြီး တရားပါ ဟောလိုက်လေတော့ အလွန်ကြီးမားလှတဲ့ ဘီလူးကြီးဟာ တဖြည်းဖြည်း သေးငယ်သွားပြီး ပကတိလူတစ်ယောက်ဖြစ်သွားကာ ဆရာတော်ကြီးကို ဦးချရှိခိုး မာန်လျှော့ကန်တော့ပြီး တောင်းပန်လေတော့တ၏။

ပြီးလေတော့ 'ဆရာတော်ကြီးရဲ့ ကိုယ်ခန္ဓာအတွင်းက ထွက်ပေါ်ထွန်းတောက်နေတဲ့ အလင်းရောင်ခြည်တွေဟာ အင်မတန်မှ အေးမြလှပါတယ်။ ဆရာတော်အနေနဲ့ ဒီဂူကြီး အတွင်းထဲမှာပဲ စိတ်ချမ်းမြေ့စွာနဲ့ တရားအားထုတ်တော်မူပါ' ဟု လျှောက်ထားပြောဆိုပြီး ပျောက်ကွယ်သွားပါတော့သည်။

မကြာမတင်မီ သူ့ရဲ့အခြေအရံ ဘီလူးပရိသတ်ကြီး ရောက်လာကြပြီး တရားလာရောက်နာယူကြလေသည်။ ထိုနည်းတူစွာပင် အနီတောတောင်ဝန်းကျင်တွင် ရှိနေကြပါသော ထောင်ပေါင်းများစွာသော ရက္ခစိုးနတ်ပရိသတ်များသည်လည်း အမြဲဆည်းကပ် တရားနာကြပါကြောင်း မှတ်တမ်းပြု ရေးဖွဲ့ထားပါသတည်း။

ကိုမောင်သန်းဝင်း

ဆရာကြီးဦးဇနကာဘိဝံသ

[အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြို့ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄ ၊ ၀၉ ၂၅၀ ၁၅၄၇၅

www.burmeseclassic.com

အဘဆရာကြီးနှင့် မြတ်နိုဗ္ဗာန်တရားရပြဿာ ကြည်ဝင်း(ဟသ်ာတ)

အဘဆရာကြီးဟာ တာဂုတ်နဲ့ ငှက်ပျောတောရွာ(၂)ခုရဲ့ကြားမှာရှိတဲ့ ဖုန်းဆိုးစားကျက်မြေတစ်ကွက်ကို ဝယ်ဖို့ လုပ်ပါတယ်။ စားကျက်မြေဟာ (၁၅)ဧကခန့် ကျယ်ဝန်းပြီး ပိုင်ဆိုင်သူ သုံးဦး ဖြစ်နေပါတယ်။

ဒါကြောင့်လည်း အဘဆရာကြီးဟာ သုံးဦးစလုံးကို မျက်နှာစုံညီ ခေါ်ယူတွေ့ဆုံပါတယ်။

စားကျက်မြေပိုင်ဆိုင်သူ သုံးဦးကတော့ ဦးဖိုးထူး၊ ဦးဖိုးချူးနဲ့ ဦးမှတ်စိန်တို့ပဲ ဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဘာဆရာကြီးက-

'အာ..မင်းတို့ကို ခေါ်ယူရတဲ့ အကြောင်းကတော့ ငါးတို့သုံးဦး ဖိုင်ဆိုင်ထားတဲ့ စားကျက်မြေကို ဝယ်ယူလိုတဲ့ အကြောင်းကြောင့် အခုလို ခေါ်ယူတွေ့ဆုံရခြင်းဖြစ်တယ်။ အဘအနေနဲ့ တိုးတိုးတိတ်တိတ် ကြိတ်ပြီး ဟိုတစ်ယောက် တော့တစ်မျိုး၊ ဒီတစ်ယောက်တော့တစ်မျိုး ရ၊ရသလို အချောင်ဈေး ပေးမဝယ်လိုဘူး။ အားလုံး ကျေကျေနပ်နပ်နဲ့ ရောင်းတာမျိုးကိုပဲ ဖြောင့်ဝယ်ယူချင်တယ်။ ဒီတော့ ဒီမြေကို ဘယ်လောက်ရရင် ရောင်းမယ်ဆိုတာကို ပြောကြစေချင်ပါတယ်'

ဦးဖိုးထူးက-

'ဒီမြေကို ဝယ်ပြီး ဘာလုပ်မှာလဲ၊ ဘာလဲဆိုတာကို ကျွပ်အနေနဲ့ မေးလည်း မမေးချင်ဘူး။ သိလည်း မသိချင်ဘူး။ ကျွပ်ကတော့ သိန်း(၅၀)ရရင် ရောင်းမယ်ဗျာ'

အဘာဆရာကြီးက ခေါင်းတညိတ်ညိတ်နဲ့-

'မောင်ဖိုးချူးရဲ့ မောင်မှတ်စိန်တို့ကရော'

'ကျွပ်တို့လည်း ကိုဖိုးထူးပြောတဲ့ဈေးရရင် ရောင်းမယ်ဗျာ'

ဦးဖိုးချူးနဲ့ ဦးမှတ်စိန်တို့က ပြိုင်တူဖြေလိုက်ကြပါတယ်။

ဒါနဲ့ အဘာဆရာကြီးက-

'ကိုင်း..ဒီလိုဆို အရောင်းအဝယ်ဖြစ်ပြီလို့သာ မှတ်ယူကြပါတော့'

အရောင်းအဝယ်ဖြစ်ပြီးလို့ များများကြာမီမှာပဲ အဲဒီဖုန်းဆိုးစားကျက်မြေပေါ်မှာ အဘာဆရာကြီးက လေးတိုင်စင်တဲ့ အလေးတစ်လုံး ထိုးပါတယ်။ စပ်စုတတ်တဲ့ ရွာသားအချို့ကတော့ ဒီအဘိုးကြီး ဘာလုပ်မလို့ပါလိမ့်ဆိုပြီး သွားချောင်းကြည့်ကြပါတယ်။ သြော်..လက်စသတ်တော့ အဘိုးကြီးက အရေားထိုင်မလို့ကိုး။ ဟိုး..ဟိုး..ဒါပေမဲ့ မကြာပါဘူး။ အစ်ရက်တောင်မခံဘဲ ထွက်ပြေးရလိမ့်မယ်လို့ တစ်ယောက်နှစ်ယောက် လက်ကုတ်ပြီး တီးတိုး၊တီးတိုး ပြောနေကြပါတယ်။

ဒီဖုန်းဆိုးစားကျက်မြေဟာ အင်မတန်မှ မြေကြမ်းတဲ့အတွက် နေဝင်ရီတရောအချိန်တောင်မှ မသွားမလာရဲကြတော့ပါဘူး။ အခြောက်အလှန့်ကလည်း အလွန်ပဲ ကြီးပါတယ်။

သူတို့ပြောတဲ့ နောက်တစ်နေ့မှာလည်း အဘာဆရာကြီးဟာ တရားအထိုင် မပျက်ပါဘူး။ ဒီတစ်ရက်မပြေး နောက်တစ်ရက်ပေါ့။ နောက်တစ်ရက်မပြေး နောက်တစ်ရက်ပေါ့နဲ့ တစ်ရက်ပြီးတစ်ရက်လာလိုက်တာ နောက်တစ်ပတ်လည်းမပြေး၊ နောက်တစ်လလည်း မပြေးနဲ့ နေလာလိုက်တာ (၆)လ၊ တစ်နှစ် ပြည့်တဲ့အခါလည်းရောက်ရော ဘယ်ပြေးပါ့မလဲ။ အဘာဆရာကြီးဆိုတာ သူတော်စင်ကြီးတစ်ဦးပဲ။

သူက ငွေကြေးတစ်ပြားတစ်ချပ်မှ မယူဘဲ သတ္တဝါတွေကို ကယ်တင်နေတာ နှစ်ပေါင်းသုံးလေးဆယ်ဖြစ်နေပြီ။ အခုလည်း အဘာဆရာကြီးဟာ ဒီဖုန်းဆိုးစားကျက်မြေက မကျွတ်မလွတ်သူတွေကို ကယ်တင်ချင်လို့ထင်ပါရဲ့။ ဒါဟာ ဒီမြေပေါ်မှာ မြိုခိုနေတဲ့သူတွေအတွက် အင်မတန်မှကံကောင်းတာပဲလို့ မှတ်ချက်ချကျပြန်ပါသတဲ့။

အဘာဆရာကြီး ဒီစားကျက်မြေပေါ်မှာ တရားအားထုတ်နေတယ်ဆိုတဲ့သတင်းကို ကြားသိရတဲ့အခါ တပည့်တပန်းတွေဟာ အဘာဆရာကြီးထံကို ရောက်လာကြပါတယ်။ လာကြသူတွေထဲမှာ အချို့သော တပည့်တွေဟာ အင်မတန်မှ ချမ်းသာကြွယ်ဝကြပါတယ်။

ဒါနဲ့ အဲဒီတပည့်တွေဟာ အဘာဆရာကြီးထံမှာ ခွင့်တောင်းပြီး တရားစခန်းတွေ၊ ဓမ္မာရုံတွေ၊ စားသောက်ဆောင်တွေ၊ ရေချိုးခန်း၊ အိမ်သာ စသည်ဖြင့် တစ်ယောက်တစ်လက် ဝိုင်းဝန်းလှူပြီး ဆောက်လိုက်ကြတာ ဖုန်းဆိုးစားကျက်မြေနေရာဟာ နေ့ချင်းညချင်းဆိုသလို အဆောက်အအုံတွေ ဟိုမှာဒီမှ ပေါ်ထွက်လာသလို မီးစက်တွေ၊ ကွန်ကရစ်လမ်းတွေနဲ့ အတော်ကို စည်ကားလာပါတော့တယ်။

တရားစခန်းအတွင်း ကျောက်သင်ပုန်းကြီးတစ်ချပ် အပေါ်မှာလည်း ဟောဒီလို စာရေးထားပါတယ်။

နံနက်(၄)နာရီ အုန်းမောင်းခေါက်လျှင် မျက်နှာသစ်၊ အရက်ဆွမ်းစား၊ ရေအိမ်(အိမ်သာ)တက်၊ ပြီးလျှင် နံနက်(၇)နာရီအထိ တရားထိုင်၊ (၇)နာရီမှ (စား၃၀)နာရီအတွင်း ရေချိုး၊ အဝတ်လျှော် (သို့မဟုတ်) ခေတ္တအနားယူပြီးလျှင် ပထမကြေးစည်သံကိုကြားလျှင် တရားခန်းမသို့လာ၊ ဒုတိယကြေးစည်သံကြားလျှင် တရားခန်းမအတွင်း၌ တရားထိုင်၊ တတိယကြေးစည်သံကြားလျှင် ဆွမ်းစားချိန်၊ စတုတ္ထကြေးစည်သံကြားလျှင် ဆွမ်းစားပြီးချိန်၊ ပဉ္စမကြေးစည်သံကြားလျှင် မွန်းလွဲ(၁)နာရီမှ (၃)နာရီအထိ တရားအားထုတ်ရမည်။ ဆဋ္ဌမကြေးစည်သံကြားလျှင် တရားဖြုတ်၊ ရေချိုး၊ အဝတ်လျှော်၊ သတ္တမကြေးစည်သံကြားလျှင် ည(၇)နာရီမှ

www.burmeseclassic.com

(၉)နာရီအထိ တရားခန်းမဆောင်တွင် တရားထိုင်၊ အဋ္ဌမကြေးစည်သံကြားလျှင် တရားဖြုတ်၊ တရားစစ်၊ မရှင်းလင်းသည်များကို မေးမြန်းကြရန်၊ နဝမကြေးစည်သံကြားလျှင် ည(၁၀)နာရီမှ နံနက်(၄)နာရီအထိ အနားယူအိပ်စက်ကြရန် လို့ ရေးထားပါတယ်။ မှတ်ချက်မှာလည်း အားလုံး ကြေးစည်သံဖြင့်သာ အလုပ်လုပ်ပါမည်လို့ ရေးထားပါတယ်။

တရားစခန်းရဲ့ အမည်ကိုလည်း မြတ်နိဗ္ဗာန်တရားရိပ်သာလို့ အမည်ပေးထားပါတယ်။ မြတ်နိဗ္ဗာန်တရားရိပ်သာမှာ အဘဆရာကြီးရဲ့ တပည့်ဟောင်း၊ တပည့်သစ်တွေဟာ တစ်သုတ်ပြီးတစ်သုတ်လာပြီး တရားအားထုတ်ကြပါတယ်။ သံသပိတ်ကြီးဟာလည်း နောင်တ၊ရ အကျွတ်တရားရသွားလို့ အဘဆရာကြီးရဲ့ တပည့်သာဝကကြီးအဖြစ်နဲ့ အဘဆရာကြီးရဲ့အနားမှာ အနီးကပ် နေထိုင်လုပ်ကျွေး ပြုစုပါတယ်။ အဘဆရာကြီးရဲ့ အဝတ်အစားတွေကို လျှော်ဖွပ်ပေးခြင်း၊ ညောင်းညာတဲ့အခါ နှင်းနှိပ်ပေးခြင်း၊ အစားအသောက်တွေ သုံးဆောင်ဖို့ ပြင်ဆင်ပေးခြင်း စတဲ့ဝေယျာဝစ္စတွေကိုလည်း နေ့စဉ် ပြုလုပ်ဆောင်ရွက်ပေးပါတယ်။

တစ်နေ့သောအခါမှာ ည(၇)နာရီအချိန် တရားထိုင်ဖို့ ကြေးစည်သံ ကြားရတဲ့အချိန်မှာ ယောဂီတွေဟာ တစ်ယောက်ပြီးတစ်ယောက် ကိုယ်နေတဲ့အဆောင်က ထွက်လာပြီး တရားခန်းမဆောင်ထဲကို ဝင်ကြပါတယ်။ အားလုံး တရားထိုင်ဖို့ တရားခန်းမဆောင်ထဲကို ဝင်ရောက်ပြီးပေမယ့် တရားခန်းမဆောင်ရဲ့ အပေါက်ဝမှာ ရပ်နေပြီး အထဲကိုမဝင်တဲ့သူတစ်ဦး ရှိနေပါတယ်။ အဲဒီလူကတော့ သံသပိတ်ကြီးပါပဲ။

အဲဒါကိုမြင်တဲ့ အဘဆရာကြီးက-

'လူလေး..အထဲကို ဝင်လေ။ အပေါက်ဝမှာ ဘာရပ်လုပ်နေတာလဲ' လို့ မေးလိုက်ပါတယ်။

သံသပိတ်ကြီးက-

'ကျွန်တော့်နောက်မှာ လူသုံးယောက် ဝင်ဖို့ရှိနေပါသေးတယ်။ ဒါကြောင့် ကျွန်တော် မဝင်သေးတာပါ အာ' လို့ ပြန်ဖြေပါတယ်။

ဒီအခါ တရားခန်းမဆောင်ထဲကို ရောက်နေတဲ့ လူတွေက-

'တရားထိုင်တဲ့သူ စုစုပေါင်း အယောက်(၂၀)ပဲရှိတယ်။ အခုအထဲမှာ (၁၉)ယောက်ရောက်နေပြီ။ နင် အထဲကို ဝင်လိုက်တာနဲ့ လူနှစ်ဆယ် အတိပဲ။ သုံးယောက် ကဘယ်က ပိုလာတာလဲ။ သံသပိတ်ကြီး မနက်ဖြန်ခါကျနင် ရန်ကုန်မြို့ကိုသွား၊ ရွှေဂုံတိုင်မျက်မှန်ဆိုင်မှာ နင်မျက်စီကို စစ်ခဲ့' လို့ ဝိုင်းပြီး ပြောကြပါတယ်။

အဘဆရာကြီးကတော့ သံသပိတ်ကြီးကို-

'လူကလေး..မင်းမြင်တဲ့ လူသုံးယောက်ရဲ့ပုံသဏ္ဌာန်ကို အဘကို ပြောပြစမ်း'

လို့ ပြောတဲ့အခါ သံသပိတ်ကြီးက-

'တစ်ယောက်က ရှမ်းဘောင်းဘီ ဝတ်ထားတယ်။ အပေါ် အင်္ကျီမပါဘူး။ တစ်ယောက်က အင်္ကျီအဖြူလက်ရှည်ကို လက်တွေဖုံးအောင် ချထားတယ်။ ပုဆိုးအရောင်ကတော့ မသဲကွဲဘူး။ နောက်ဆုံးတစ်ယောက်ကိုတော့ ကျွန်တော် မပြောတတ်ဘူး'

လို့ ပြောတော့ အဘဆရာကြီးက-

'ဘာကြောင့် မပြောနိုင်တာလဲ' လို့ မေးပါတယ်။

သံသပိတ်ကြီးက-

'သူက ကျွန်တော့်နောက်မှာ ကပ်ပြီးရပ်နေတယ်။ ကျွန်တော်လှည့်ကြည့်တာနဲ့ နောက်ကျောဘက်ကို ရောက်သွားပြန်ရော။ အမြင်ကို မခံဘူး။ နောက်ကျောဘက်မှာ လူတစ်ယောက်ရှိနေတယ် ဆိုတာကိုတော့ သိနေတယ်။ ဒါပေမဲ့ ဘယ်လိုမှ ကြည့်လို့မရဘူး' လို့ ဖြေပါတယ်။

ဒီအခါ အဘဆရာကြီးက-

'ကဲ..ကဲ..တော်ပြီ လူကလေး။ တရားဆောင်ထဲဝင်ပြီး တရားအားထုတ်တော့' လို့ ပြောလိုက်တဲ့အခါ သံသပိတ်ကြီးလည်း တရားခန်းမဆောင်ထဲကိုဝင်ပြီး တရားထိုင်တယ်။

ဒါတောင် အဘဆရာကြီးက-

'နောက်ဘက်မှာ မထိုင်နဲ့၊ ရှေ့ဘက်မှာ သွားထိုင်' ပြောလို့ ရှေ့ဆုံးမှာ သွားပြီးထိုင်ရပါတယ်။

ည(၉)နာရီ တရားဖြုတ်တော့ အဘဆရာကြီးက-

'အားလုံးကို အဘပြောစရာရှိတယ်။ မင်းတို့အားလုံး နေသာသလို သက်သက်သာသာ နေကြပါ' လို့ ပြောလိုက်ပါတယ်။

ပြီးတဲ့အခါ သံသပိတ်ကြီးကို လက်ညှိုးထိုးပြပြီး-

'ဟောဟောဝိုင်း တရားမထိုင်မီအချိန်က လူသုံးယောက်ကို သူမြင်တယ်လို့ ပြောသွားတာ အမှန်ပဲ'

လို့ ပြောလိုက်တဲ့အခါ လူအားလုံးဟာ ဟာခနဲ့ သွားကြပြီး-

www.burmeseclassic.com

'ဒါဆို အဲဒီလူတွေဟာ ဘယ်သူတွေလဲ'

'ကျွန်တော်တို့ကျ မမြင်ပါလား'

'ကျွန်မလည်း အဲဒီလူတွေကို မြင်ချင်တယ်'လို့ တစ်ဆောက်တစ်ပေါက် ပြောဆိုကြပါတယ်။

သူတို့အားလုံးကို အဘဆရာကြီးက လက်ဝါးကာပြ ငြိမ်ိုက်ပြီး-

'သံသပိတ်ကြီး မြင်တဲ့ကာက သူတို့တစ်တွေ လူဘဝတုန်းက နေခဲ့,စားခဲ့တဲ့ ပုံသဏ္ဌာန်အတိုင်းမြင်ရတာ။ အခု သူတို့ကို အဘမြင်ရတဲ့ ပုံသဏ္ဌာန်နဲ့ လုံးဝမတူဘူး။ အခုလက်ရှိ ဒီသဏ္ဌာန်ကတော့ ကြောက်လန့်စရာ၊ သွေးပျက်စရာ၊ ထိတ်လန့်စရာပဲ'

အဘဆရာကြီးက စကားစကို ခေတ္တဖြတ်လိုက်ပါတယ်။ ပြီးတော့မှ ဆက်လက်ပြီး-

'အဘအနေနဲ့ မင်းတို့တစ်တွေ သူတို့သုံးယောက်ကို မြင်နိုင်အောင် ခေါ်ပြီးပြလို့ရတယ်။ ဒါပေမဲ့ လက်ရှိသူတို့ ဒီသဏ္ဌာန်ကိုမြင်ရင် မင်းတို့ ကြည့်ရဲပါ့မလား။ ကြည့်ရဲတယ်ဆိုရင် မင်းတို့သွေးက ခဲနိုင်ပါ့မလား။ ကိုယ့်ကိုယ် ကိုယ် မေးကြည့်ကြပါ။ မင်းတို့တစ်တွေ သွေးပျက်သွားရင် ဘယ်ကောင်းအောင် ကုပေးနိုင်,မပေးနိုင် ဆိုတာကိုတော့ အဘ အာမ,မခံနိုင်ဘူး'လို့ အဘဆရာကြီးက ပြောလိုက်ပါတယ်။

ဒီအခါ တစ်ယောက်က မဝံ့မရဲနဲ့-

'သူတို့က ဘယ်သူတွေလဲ အဘ။ သူတို့ရုပ်တွေက ဘာတော်ပဲ ဆိုးသလား'

လို့ မေးလိုက်တဲ့အခါ အဘဆရာကြီးက-

'ဒီလူတွေဟာ ဒီဖုန်းဆိုးတောကျက်မြေရဲ့ မူလပိုင်ရှင်တွေပဲကွယ်။ ရုပ်ဆိုးတာတော့ ဟုတ်ပြန်ရဲ့။ နှစ်ပေါင်းများစွာ အေးရဲ့၊ သောက်ရဲ့၊ ဝတ်ရဲ့ နေခဲ့တဲ့ ဘဝတွေ ဆိုးလေ လို့ ပြောပါတယ်။

နောက်တစ်ခါ ဆက်ပြီး-

'မောင်သစ်စိန်.. မင်း အရူးတွေကို မြင်ဖူးတယ် မဟုတ်လား'

လို့ မေးလိုက်တော့ မောင်သစ်စိန်က-

'ဟုတ်ကဲ့၊ မြင်ဖူးပါတယ်'လို့ ဖြေပါတယ်။

ဒါနဲ့ အဘက-

'မင်းမြင်ဖူးတဲ့ အရူးတစ်ယောက်ရဲ့ ပုံသဏ္ဌာန်ကို ဒီမှာရှိတဲ့ ယောဂီတွေ မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် မြင်အောင် ပြောပြစမ်းပါ'

လို့ ပြောလိုက်တဲ့အခါ မောင်သစ်စိန်က ခဏစဉ်းစားတွေးတောလိုက်ပြီး-

'ဆံပင်တွေမှာ ချေးအထပ်ထပ်နဲ့ တွန့်လိမ်ကွေးကောက် ရှည်ထွက်နေမယ်။ ယောကျ်ားဆိုရင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ လက်သည်းတွေ ရှည်ထွက်နေမယ်။ အင်္ကျီ အဝတ်အစားလည်း ပါချင်မှပါမယ်။ အမယ်လေး..ပြော

www.burmeseclassic.com

ရင်း ကြောက်တောင်လာပြီ' ဆိုပြီး ပြောနေရင်း ကြက်သီးတွေထ ဆံပင်တွေ ထောင်လာပါတယ်။

ဒါနဲ့ အဘဆရာကြီးက-

'မင်းမြင်တယ်ဆိုတာက လေးငါးဆယ်နှစ်လောက်ပဲ ရှိနေတဲ့အရွယ်ပဲ။ ဟိုတွေ့ခမျာမှာတော့ တချို့ဆို နှစ်ပေါင်း ရာဂဏန်းလောက်ရှိနေပြီ။ ဒီတော့ ဘယ်လောက်တောင်မှ ရုပ်ပျက်ဆင်းပျက် ဖြစ်နေမလဲ ဆိုတာကို စဉ်းစားပုံဖော်ကြည့်ကြပေါ့' လို့ ပြောလိုက်ပါတယ်။

ဒီတော့ ယောဂီအားလုံးက အဘပဲပြောပြပါတော့လို့ ဝိုင်းပြီး ပြောကြပါတယ်။

အဘဆရာကြီးက-

'ငါ ဒီမှာ တရားအားထုတ်ခါစက ဒီမြေပေါ်မှာရှိတဲ့ နာနာဘာဝတွေက နေ့တိုင်း ငါ့ကို လာလာပြီး ခြောက်လှန့်ကြတယ်'

လို့ ပြောလိုက်တဲ့အခါ ယောဂီတစ်ဦးက,

'ကျွန်တော်တို့ကျ မခြောက်ပါလား' လို့ မေးလိုက်ပါတယ်။

အဘဆရာကြီးက

'သူတို့တစ်တွေကို ငါက နေ့တိုင်း တရားအားထုတ်၊ မေတ္တာပို့၊ အမျှဝေ၊ တရားဟောလို့ ကျုတ်သင့်သလောက် ကျုတ်ကုန်ပြီ။ မင်းတို့ကိုလည်း ဘယ်ခြောက်လှန့်တော့မလဲ။ အခုလည်း ဒီသူသုံးယောက်ဟာ ဘဝပြောင်းဖို့ လက်ခံမယ့် မိခင်ကို တွေ့တော့မယ်။ ဒါကြောင့် တရားလာထိုင်ကြတာ။ လူကလေးတို့..ငါက ရှေ့ဆုံးမှာ ထိုင်ခိုင်းရတာက သူတို့တစ်တွေဟာ မင်းအနားမှာ 'ကပ်ထိုင်လို့မရဘူး' လို့ သံသပိတ်ကြီးကိုလည်း အဘဆရာကြီးက ပြောလိုက်ပါတယ်။

'သူတို့မိခင်တွေကို တွေ့ပြီဆိုတာ ဘာကိုပြောတာလဲ အဘ'

လို့ သံသပိတ်ကြီးက မေးလိုက်တော့ အဘဆရာကြီးက-

'လူဘဝကို ပြန်လည်ရောက်ရှိဖို့အတွက်၊ လူပြန်ဖြစ်ဖို့ အတွက် လက်ခံမယ့် မိခင်လောင်းရှိမှ လူပြန်ဝင်စားပြီး ပြန်လည်မွေးဖွားနိုင်မှာ' လို့ ပြောလိုက်ပါတယ်။

ဒီအခါမှာ ယောဂီအားလုံးက သြော်လို့ တစ်ခွန်းသာ ဆိုနိုင်ပြီး ငိုင်ကျသွားပါတော့ တယ်။

အဘဆရာကြီးက-

'ဒီလူသုံးယောက်မှာ ရှမ်းဘောင်းဘီနဲ့လူဟာ အင်္ဂျီမရှိဘူး။ အင်္ဂျီလက်ရှည်နဲ့လူကျ သူ့လက်နှစ်ဖက် မရှိတာကို သူများမြင်မှာစိုးလို့ အင်္ဂျီလက်ရှည်ကိုချုပြီး ဖုံးထားတာ။ ကျန်တဲ့တစ်ယောက်ကတော့ အဝတ်အစားလုံးဝမရှိဘူး။ ဒါကြောင့် သူ့ကို မမြင်နိုင်အောင် သံသပိတ်ကြီးရဲ့နောက်ကျောမှာ ကပ်နေတာ' လို့ ပြောလိုက်တော့ အားလုံးဟာ သြော်လို့ တစ်ခွန်းထပ်ဆိုကြပြန်ပါတယ်။

အဘဆရာကြီးက ဆက်ပြီး-

'အခု သူတို့ရဲ့ ကောင်းမှုကုသိုလ်ဟာ အကျိုးပေးချိန် တန်လာပြီ။ သူတို့ လူပြည်ကို ပြန်လာနိုင်ဖို့အတွက် မိခင်လောင်းသုံးဦးက လက်ခံလိုက်ပြီ။ ဒါကြောင့် လူပြန်ဝင်စား လူပြန်ဖြစ်ပြီး တရားအားထုတ်နိုင်မယ့် လူသားတွေ ပြန်ဖြစ်လာတော့မယ်' လို့ ပြောလိုက်တဲ့အခါ တရားစခန်းက ယောဂီအားလုံးဟာ သြော်..လို့ တတိယအကြိမ် ဆိုကြပြန်ပါတယ်။

ဒီအခါမှာ အဘဆရာကြီးက ဆက်လက်ပြီး-

'ဒီနေရာမှာ မိခင်တွေရဲ့ အခန်းကဏ္ဍဟာ အင်မတန်မှ အရေးပါတယ်ကွယ့်။ ဘယ်လောက်ပဲ ကျင့်ကြံအားထုတ်ထားတဲ့ ပါရမီရှင်အလောင်းအလျှာဖြစ်ပါစေ၊ လက်ခံမွေးဖွားပေးမယ့် မိခင်သာ မရှိခဲ့ရင်တော့ ဘုရား၊ ရဟန္တာဆိုတာလည်း ပွင့်ထွန်းပေါ်ပေါက်လာနိုင်မှာ မဟုတ်ဘူး' လို့ ပြောလိုက်တဲ့အခါမှာတော့ ယောဂီအားလုံးဟာ ငိုင်ကျသွားပြီး အသံတောင်မှ မထွက်နိုင်ကြတော့ပါဘူး။

အဘဆရာကြီးဟာ ယောဂီအားလုံးကို အကဲခတ်ကြည့်ရှုလိုက်ပြီး-

'ဒါကြောင့် တို့တစ်တွေဟာ မိခင်ရတနာကို ပူဇော်သင့်တယ်။ ကဲ..ကဲ..အားလုံးလက်အုပ်ချီပြီး လိုက်ဆိုကြကွယ်' လို့ ပြောလိုက်တဲ့အခါမှာတော့ ယောဂီအားလုံးဟာ မတ်တတ်ရပ် လက်အုပ်ချီပြီး ညီညီညာညာ သံပြိုင်ရွတ်ဆိုလိုက်ကြပါတော့တယ်။

လောကတံတွာ၊ ဤကမ္ဘာဝယ်၊
မာတာမိခင်၊ ဖွားသန့်စင်သည့်၊
အနန္တဖိန၊ ပုရိသကား၊
သုံးဘုံဘဝ၊ သုံးလောကၦ၊
နတ် လူ ဗြဟ္မာ၊ မယုဉ်သာသည်၊
တုလွတ်ပြိုင်ကင်း၊ တရားမင်းတည်း။
'သာဓု...သာဓု...သာဓု...'

ကြည်ဝင်း(ဟသ်)

www.burmeseclassic.com

www.burmeseclassic.com

ကေသီပန်တိုင်းရင်းဆေးဝါးဆုတ်လုပ်ရုံ

ကေသီပန်မြုတ်သုခ

အမှတ်တံဆိပ်

အဆီကျဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၀၃၉၇ (၀၃၁၄)



မှတ်ချက်
ပြဿနာ
မဟုတ်ပါ

အဝလွန်၍ စိတ်ညစ်နေသူများ နှင့်
ဝိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
သွေးထဲမှ မလိုအပ်သော အဆီများကို ဖယ်ထုတ်ပေးပြီး
ဆူပြိုးနေသော ကိုယ်ခန္ဓာကို
အဆီကျ ကျစ်လစ်လှပ သွားစေရမည်

ဝယ်ယူလိုသူများ ဆက်သွယ်ရန်
ဆိုင်အမှတ်-4/C (A)၊ အေးသာယာလမ်း၊ ဗောက်ထော်၊
အငယ်ပြိုနယ်၊ ရန်ကုန်ပြိုး

www.burmeseclassic.com

www.burmeseclassic.com

စကြာကောင်းကြီး နတ်စက်ရောင်ဆရာတော်ကြီး၏ ဖြိုဖျက်ရှစ်ခွင် မေတ္တာကျင့်စဉ်

ရွှေတိဂုံစေတီတော်ကြီးဆီသို့ နံနက်စောစော အရောက် တက်ချိန်တွင် ရောက်အောင်သွားပြီး ဘုရားရှိခိုး၊ ပန်းရေ ချမ်း၊ အလင်းနဲ့သာကပ်လျှူ၊ ပုတီးစိပ်ရသည်များ မည်သည့် အချိန်နှင့်မျှ မတူအောင် ကောင်းမွန်လှပါသည်။ ရာသီဥတု က အေးမြသည်။ နွေကာလဖြစ်ပါစေ ကုန်းတော်ပေါ်တွင် လေအေးက အမြဲတိုက်သည်။ ဘုရားဖူးရှင်သည် စရထာ အလုပ်ကို အနှောင့်အယှက်ပြုသော အာရုံတို့ နည်းသည်။ မွေးနေ့နှင့် ကြုံသဖြင့် ထိုနေ့က ရွှေတိဂုံစေတီတော် ကြီးဆီ စောစောတက်သည်။ အရှေ့မုခ် ကားရပ် နားစဉ်တွင် ကားရပ်ထားခဲ့ပြီး စောင်းတန်းမှ ခြေကျင်ပဲ တက်ဖြစ်ခဲ့သည်။

လက်ထပ်ပွဲ ဖယောင်းတိုင်၊ အမွေးတိုင်ထုပ်များ ကို ကိုင်လာခဲ့ပြီး မကြာခဏ ဝယ်နေကျ ပန်းသည်ထံမှ ပန်းကပ်လှူရန် ပန်းများ ဝယ်သည်။

တစ်ယောက်တည်းလား ဆရာကြီး၊ အမေကြီး ခေါ်



www.burmeseclassic.com

www.burmeseclassic.com

သန်းမြင့်ကော မပါဘူးလား' ဟု ပန်းသည် ဒေါ်ပန်းမြေးက မေးသည်။

'ဟုတ်ကဲ့၊ မပါဘူး။ တစ်ယောက်တည်း လာတာပါ။ ကျွန်တော့်ကို ကဲ့ကော်ပန်း ပေးပါ' ဟု စာရေးသူက ပြန်ပြောလိုက်သည်။

စာရေးသူနှင့် ပန်းသည်တို့ ပြောဆိုနေကြသည်ကို အနားမှ ဖြတ်လျှောက်သွားသော ခေါင်းတုံးဆံထောက် အဘိုးအို၌နှင့် အညိုရောင်လုံချည် ဝတ်ထားသော လူကြီး တစ်ဦးက လှည့်ကြည့်သွားသည်။ ထိုလူကြီးနှင့် စာရေးသူ တို့ ရုပ်မှန်းတန်ဆောင်းအလွန်တွင် ထပ်မံဆုံရသည်။

'ဒီမယ် စာရေးဆရာရဲ့၊ ကဲ့ကော်ကို ကဲ့ကော်လို့ ခေါ်ရဘူး ကံကော်လို့ ခေါ်ရတယ်။ ဒါမှ ဝိဇ္ဇာစကား။ ဒီနေ့ စာရေးဆရာရဲ့ မွေးနေ့မှာ တနလ်ာထောင့်ရောက်ရင် အသင်းတိုင်၊ အမွေးတိုင်နဲ့ ပန်း လှမျှာမဟုတ်လား။ ဒီတော့ ဘုရားနေ့ကစပြီး ကံကော်၊ ကံကောင်းအောင် ကံကော်ပန်းလို့ ခေါ်ပြီး လှူပါ။ စာရေးဆရာကို ဆရာလုပ်တယ် မမှတ်ပါနဲ့' ဟု ဌင်းက ပြောသည်။

'မမှတ်ပါဘူးခင်ဗျာ၊ ဒါနဲ့ ကျွန်တော့်ကို ဦးကြီးက စာရေးဆရာမှန်း ဘယ်လိုလုပ်သိသလဲ' ဟု စာရေးသူက မေးလိုက်သည်။

'သိတာပေါ့၊ ပန်းသည်က စာရေးဆရာကို ဆရာကြီး လို့ ခေါ်ပြီး အမေကြီး ဒေါ်ခင်သန်းမြင့်ရော မပါဘူးလား လို့ပြီး မေးတယ်လေ။ အမေကြီးဒေါ်ခင်သန်းမြင့်ဆိုတာက စာရေးဆရာရေးတဲ့ သာသနာတော်နှစ်(၂၆၀၀)ပြည့် ရွှေတိဂုံစေတီတော်ကြီးနှင့် ထူးခြားဆန်းကြယ်သော ဖြစ်ရပ် များထဲက အဓိက ဇာတ်ကောင်လေ၊ စာရေးဆရာက အဲဒီ အသုပ်နဲ့ နာမည်ကြီးတယ်။ ဒေါ်ခင်သန်းမြင့်က သူ့ပဋ္ဌာန်း ဆက်တွေ သူ့ဆီ ရောက်လာတယ်။ ပြည်တွင်းကရော နိုင် ငြားကရော၊ ဟုတ်လား' ဟု ပြန်ဖြေသည်။

'မှန်ပါတယ် ဦးကြီး' ဟု စာရေးသူက ဖြေလိုက်ပြီး ထူးစားသော အမူအရာနှင့် ဆက်ဆံပြောဆိုလိုက်ပါသည်။

ဆိုပုဂ္ဂိုလ်က စာရေးသူကို ကျင့်စဉ်နည်းကောင်းလေး တစ်ခုပေးချင်သည်။ တနလ်ာဂြိုဟ်တိုင်မှာ ပြဖွယ်ကိစ္စပြီး ချင် ဧဏာစကားပြောရအောင်ဟု ဆိုသည်။ စာရေးသူ ဝမ်းသာအားရ လက်ခံလိုက်ပါသည်။

'ရွှေတိဂုံစေတီတော်ကြီးဆိုတာ ကမ္ဘာပေါက စေတီ တော်တွေထဲမှာ ရှေးအကျဆုံး၊ အထင်ရှားဆုံး၊ တန်ခိုးအကြီး ဆုံးဆိုတာ အရင်စိတ်ထဲမှာ ယုံကြည်မှတ်သားလိုက်။ ပြီး ရင် စိတ်ကို စေတီတော်ကြီးဆီ အာရုံညွှတ်ပြီး ကြည့်လိုက်။ စကြဝဠာကြီး တစ်ခုလုံးက အလင်းလှိုင်းတန်းတွေ စေတီ တော်ကြီးဆီကို ဆက်သွယ်လာနေသလို စေတီတော်ကြီးဆီ ကလည်း စကြဝဠာကြီးတစ်ခုလုံးကို အလင်းလှိုင်းတန်းတွေ ပြန်လွှတ်ပေးနေတာ တွေ့ရမယ်'

'ဟုတ်ကဲ့ အဓိန္ဓိပါ ဦးကြီး'

'ဒါက ဘာကို ပြသလဲဆိုရင် ရွှေတိဂုံစေတီတော်ကြီး ဆီကနေ မေတ္တာပို့ရင် စကြဝဠာတစ်ခုလုံးကို ရောက်တယ် ဆိုတာကို ပြောချင်တာ။ ဆိုလိုတာက ရွှေတိဂုံစေတီတော် ကြီးဆီကနေ မေတ္တာပို့ရင် ဗြဟ္မာဘုံရော၊ နတ်ဘုံရော၊ လူ့ဘုံရော၊ တိရစ္ဆာန်ဘုံ၊ ငရဲဘုံ ဘုံ(၃၁)ဘုံလုံးဆီ ရောက် တယ်'

'ဟုတ်ကဲ့ မှတ်သားထားပါတယ်'

'ဒါဆိုရင် အင်မတန်အကျိုးထူးတဲ့ နတ်စက်ရောင် ဆရာတော်ကြီးရဲ့ ဂြိုဟ်ရှစ်ခွင် မေတ္တာကျင့်စဉ် ပေးမယ်။ ဒီကျင့်စဉ်ကို စာရေးဆရာ ဒီရွှေတိဂုံစေတီတော်ကြီးမှာ ကျင့်ကြည့်ပါ'

'ကျေးဇူးပါ အဘာ။ ကျွန်တော် လိုက်မှတ်ပါ့မယ်။ နတ်စက်ရောင်ဆရာတော်ကြီး၏ ဂြိုဟ်ရှစ်ခွင် မေတ္တာကျင့် စဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျင့်စဉ်ကို မွေးနေ့ (သို့မဟုတ်) ဗုဒ္ဓဟူးနေ့နံနက်ပိုင်း မှ စတင်ဆောင်ရွက် ကျင့်ကြံအားထုတ်ရမည် ဖြစ်ပါသည်။

နံနက်အရုဏ်တက်ချိန်တွင် ရွှေတိဂုံစေတီတော်ကြီးဆီ ရောက်အောင်သွားပြီး ဗုဒ္ဓအား ပန်း၊ ရေချမ်း၊ အလင်း၊ နှံ့သာ လှူ၍ ငါးပါးသီလ ခံယူဆောက်တည်ပါ။ (ဗုဒ္ဓဟု ဆိုသည်မှာ မိမိကျင့်ကြံ အဓိဋ္ဌာန်ဝင်ရမည့် နေ့၊ အရပ်မျက် နှာရှိ ဗုဒ္ဓရုပ်ပွားတော်ကို ဆိုလိုပါသည်။)

ဗုဒ္ဓဟူးနေ့တွင် နှစ်ကြိမ်ပြုလုပ်ရပါမည်။ နံနက်ပိုင်းက ဗုဒ္ဓအား ပန်း၊ ရေချမ်း၊ အလင်း၊ နှံ့သာ(အမွှေးတိုင်) ကပ်လှူ ပြီးဖြစ်၍ ထပ်မံကပ်စရာမလိုပါ။ ဘုရားရှိခိုး သီလဆောက် တည်ပြီး ရာဟုနေ့အတွက် ဆက်လုပ်ပါ။

တစ်ပတ်(၇)ရက် ရှစ်ကြိမ် ကျင့်ကြံအားထုတ်ပြီးပါက ဝါရငယ်ရှစ်ဝါရပါသည်။ သုံးကြိမ်ပြီးမြောက်က လွန်စွာ အကျိုးများပါသည်။ တစ်ပတ်ပြီးလျှင် တစ်ပတ် သုံးကြိမ် ဆက်တိုက် ပြုလုပ်ရမည်ဟု မဆိုလိုပါ။ ကြားထဲမှာ နား

www.burmeseclassic.com

တနင်္ဂနွေနေ့	အရှေ့မြောက်အရပ်သို့မျက်နှာမူကာ	မေတ္တာသုတ် (၆)ခေါက်ရွတ်ပါ။
တနလ်ာနေ့	အရှေ့အရပ်သို့မျက်နှာမူကာ	မေတ္တာသုတ် (၁၅)ခေါက်ရွတ်ပါ။
အင်္ဂါနေ့	အရှေ့တောင်အရပ်သို့ မျက်နှာမူကာ	မေတ္တာသုတ် (၈)ခေါက်ရွတ်ပါ။
ဗုဒ္ဓဟူးနေ့(နံနက်ပိုင်း)	တောင်အရပ်သို့မျက်နှာမူကာ	မေတ္တာသုတ် (၁၇)ခေါက်ရွတ်ပါ။
ရာဟုနေ့ (ဗုဒ္ဓဟူးနေ့ (၁၂)နာရီကျော်)	အနောက်မြောက်အရပ်သို့မျက်နှာမူကာ	မေတ္တာသုတ် (၁၂)ခေါက်ရွတ်ပါ။
ကြာသပတေးနေ့	အနောက်အရပ်သို့ မျက်နှာမူကာ	မေတ္တာသုတ် (၁၉)ခေါက်ရွတ်ပါ။
သောကြာနေ့	မြောက်အရပ်သို့ မျက်နှာမူကာ	မေတ္တာသုတ် (၂၁)ခေါက်ရွတ်ပါ။
စနေနေ့	အနောက်တောင်အရပ်သို့မျက်နှာမူကာ	မေတ္တာသုတ် (၁၀)ခေါက်ရွတ်ပါ။

လိုက နားနိုင်သည်။ တစ်ဆက်တည်း ကျင့်ကြံအားထုတ်နိုင်လျှင် ပို၍ကောင်းပါသည်။

မြတ်ဗုဒ္ဓ၏ ပရိတ်ကြီး(၁၁)သုတ်မှ နံပါတ်(၃) မေတ္တာသုတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ယဿာနုဘာ ဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘီသနံ။
ယဉ္စိ စေဝါနုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝံ မတန္ဒိတော။
သုခံ သုပတိ သုတ္တောစ၊
ပါပံ ကိဉ္စိ နပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊
ပရိတ္တံတံ ဘဏာမဟော။
ကရဏီယ မတ္တကုသလေန၊
ယန္တသန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥုဇုစ သုဟုဇုစ၊
သုဝစော စဿ မုဒု အနတိမာနီ။
သန္တုဿကောစ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂပ္ဘော ကုလေသု နနုဂိဒ္ဓေါ။
န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယ္ယုံ။
သုခိနောဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
ယေကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ နဝသေသာ။

ဒီဃာ ဝါ ယေဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။
ဒိဋ္ဌာ ဝါ ယေဝအဒိဋ္ဌာ၊
ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာဝ သမ္ဘဝေသီဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခ မိစ္ဆေယျ။
မာတာ ယထာ နိယံ ပုတ္တ၊
မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။
မေတ္တဉ္စ သဗ္ဗလောကသ္မိ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဘာဓံ အဝေရ မသပတ္တံ။
တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။
ဧတံသတိ အဓိဋ္ဌေယျ။
ဗြဟ္မ မေတံ ဝိဟာရ မိဓ မာဟု။
ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျဂေဓံ၊
နဟိ ဇာတုဂဗ္ဘသေယျ ပုနရေတိ။

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာသုတ္တံ နိဒ္ဒိတံ။

ဆရာတော်ကြီးကတော့ မေတ္တာသုတ်ကို ရွတ်ဖတ်သည့် အခါ သဒ္ဒါစိတ်နှင့် ဖြည်းညင်းသာယာစွာ ရွတ်ဖို့ လမ်း ညွှန်ပါသည်။

မေတ္တာသုတ်ကို အော့ကပါအတိုင်း အသံထွက်ရွတ်ဆို ရပါသည်။

ယတ်သာ နွာဘာဝ တောာ ယက်ခါ၊
နေဝ ဒတ်သင်တိ ဘီသနံ၊
ယင်ညီစေဝါ နယုန်ဇနေတောာ၊
ရတ်တိန်ဒိဝ မ တန်ဒိတောာ။
သုခံ သုပတိ သုတ်တောာစ၊
ပါပံ ကိန်စိ နွ ပတ်သတိ။
အေဝ မာဒီ ဂုဏ္ဍပေတံ၊
ပရိတ်တံ တံ ဘဏာမဟော။
ကရဏီယ မတ်ထ ကုသလေန၊
ယန်တသန်တံ ပဒံအာဘိသမစ်စ၊
သက်ကော ဥဇွစ သုဟုဇွစ၊
သုဝစော စတ်သမုဒုအနတိမာနီ။
သန်တုတ်သကော စ သုဘာရောစ၊
အပ်ပ ကိဟ်စော စ သန်လဟုကဝုတ်တိ၊
သန်တိန် ဒရိယောစ နိပကောစ။
အပ်ပဂတ်ဘော ကုလေသု နနုဂိတ်ဓော။
နွ-စ ခုတ်ဒ မာစရေ ကိန်စိ၊
ယေ နွ ဝိန်ညူ ပရေ ဥပဝဒေယုံ၊
သုခိနောဝ ခေမိနော ဟွန်တု၊
သတ်ဗ သတ်တာ ဘဝန်တု သုခိတတ်တာ။
ယေကေစိ ပါဏဘူ တတ်ထိ၊
တသာ ဝါ ထာဝရာဝ နဝ သေသာ။
ဒီဃာ ဝါ ယေဝ မဟန်တာ၊
မစ်ဓိမာ ရတ်သကာ အဏုကထူလာ။
ဒိတ်ထာ ဝါ ယေဝ အဒိတ်ထာ၊
ယေဝဒူရေ ဝသန်တိ အဝိဒူရေ။
ဘူတာ ဝ သမ်ဘဝေ သီဝ၊
သတ်ဗ သတ်တာ ဘဝန်တု သုခိတတ်တာ။
နွ ပရော ပရံ နိကုတ်ဗေထ၊
နာထိ မင်ညေထ ကတ်ထစိ နွ ကိန်စိ။
ဗျာရောသနာ ပတိဃ သင်ညာ၊

နင်ည မင်ညတ်သ ဒုတ်ခ မိတ်စေယ။
မာတာ ယထာ နိယံပုတ်တာ၊
မာယုသာ အေက ပုတ်တာ မနုရက်ခေ၊
အေဝမ်ပိ သတ်ဗ ဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ၊
မစ်တင်စ သတ်ဗ လောက သမိန်၊
မာနသံ ဘာဝယေ အ ပရိမာဏံ၊
အုတ်ဓံ အတ်ဓောစ တီရိယင်စ။
အ- သမ်ဗာဓံ အဝေရ မသပတ်တံ။
တိတ်ထံ စရံ နိသိန်နောဝ၊
သယာနော ယာဝတဘ်သ ဝိဘမိတ်ဓော။
အေးတံ သတိမ် အဓိတ်ထေယ၊
ဗြန်မ မေတံ ဝိဟာရ မိဓ မာဟု။
ဒိတ်ထိန်စ အနုပက်ဂမ်မ၊
သီလဝါ ဒတ်သနေန သမ်ပန်နော။
ကာမေသု ဝိနေယဓေဓံ၊
နဟိဇာတုတ် ဂတ်ဘ သေယ ပုနရေတိ။
မစ်တ သုတ်တံ နိတ်ထိတံ။

မေတ္တာသုတ်နှင့် ရွတ်ဖတ်အဓိဋ္ဌာန်ဝင်လျှင် မေတ္တာ စိတ် ထားပါက အကောင်းဆုံးဖြစ်ပါသည်။

စကြာကောင်းစံ

www.burmeseclassic.com

www.burmeseclassic.com

သိန်းသန်းချီ၍ လျှုနိုင်စေ

သုခစုစီ(ကျိုက်လတ်)

ကျေးဇူးတော်ရှင်
ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီး

* *တပည့်တော် ရှိသေစွာ လျှောက်ထားအပ်ပါသည်။ တပည့်တော်သည် မိမိရရှိသည့် ဝင်ငွေ၏ (၁၀)ပုံ (၁)ပုံကို ရဟန်းသံဃာအား အဓိကထား၍ မိဘ၊ဘိုးဘွား စသည့် လှူဒါန်းသင့် လှူဒါန်းထိုက်၊ ပေးကမ်းသင့် ပေးကမ်းထိုက်သော သူတို့ကို ပေးကမ်းလှူဒါန်းလျက် ရှိပါသည် အရှင်ဘုရား။*
* *ဤသို့ လှူဒါန်းရာတွင် ရာဂဏန်းအတိုင်းအတာအထိသာ လှူဒါန်းပေးကမ်းနိုင်သည်ဖြစ်ရာ ထို ရာဂဏန်းလေးဖြင့် လှူဒါန်းပေးကမ်းနေရသည်ကို ရောင့်ရဲတင်းတိမ်မှု မရှိပါ။ ရာဂဏန်းထက်ပို၍ ထောင်ဂဏန်း၊ သောင်းဂဏန်း၊ အဆုံးစွန် လျှောက်ထားရပါလျှင် သိန်းနှင့် သန်းနှင့်ချီ၍ လှူဒါန်းပေးကမ်းချင်ပါသည် အရှင်ဘုရား။*
* *ထို့ကြောင့် သိန်းနှင့် သန်းနှင့်ချီ၍ လှူဒါန်းပေးကမ်းနိုင်သော လမ်းစဉ်၊ ကျင့်စဉ်ကို ချီးမြှင့်တော်မူပါရန် ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား။*

မောင်ကော်သန့်+မသန်းသန်းထွေး
အမှတ်(၁၉၆)၊ (၁၁×၁၂) ရတနာပုံလမ်း၊
ကျိုက်လတ်မြို့

အလှူဒါန အားမရ

ကျွန်ုပ်သည် ဤအကြောင်းကို မရေးသားလိုပါ။ ကိုယ်၏ အသုံးမကျသော လုပ်ရပ်ကို ကိုယ်ပေါင် ကိုယ်လှန် ထောင်းပြသကဲ့သို့ ဖြစ်နေသောကြောင့်ဖြစ်သည်။ သို့သော်လည်း အများအတွက်၊ အမှန်တကယ် ကျင့်ကြံနိုင်သူတို့ အတွက် အလွန်အကျိုးကြီးမားမည်ဖြစ်သဖြင့် ရေးသားဖော်ပြပေးလိုက်ပါသည်။

ကျွန်ုပ်သည် အသက်(၂၂)နှစ် (၁၉၉၄)ခုနှစ်မှစတင်၍ ကျွန်ုပ်တို့၏ ဘိုးဘွားစဉ်ဆက် ကိုးကွယ်ရာ ဒကွိဏာရာမ စာသင်တိုက်မှ ဆရာတော်ဦးဇဝနအား ဝင်ငွေ၏ ဆယ်ပုံတစ်ပုံကို လစဉ် သွားရောက်လှူဒါန်းခဲ့ပါသည်။ ပထမဦးဆုံးလ စတင်လှူဒါန်းငွေမှာ (၁၀၀၀)ကျပ်ဖြစ်ပါသည်။ ထိုလ၏ ကျွန်ုပ်၏ ဝင်ငွေမှာ (၉၄၃၃)ကျပ်ဖြစ်၏။ ဒုတိယလ သွားရောက်ကန်ကော့ရာတွင် ဆရာတော်မှ သူ့ကို ငွေအကုန်လုံး မလှူပါနှင့်။ မိဘ၊ ဆရာ၊ လှူဒါန်းသင့် လှူဒါန်းထိုက်သော ပုဂ္ဂိုလ်တို့ကိုလည်း ခွဲဝေ၍ လှူဒါန်းပါဟု မိန့်ကြားပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် တတိယလမှ စတင်၍ ဆရာတော်အား ငွေ(၅၀၀)တိတိ သတ်မှတ်ပြီး လစဉ် လှူဒါန်းခဲ့ပါသည်။ ထိုအချိန်က မူလတန်းပြဆရာတစ်ဦး၏ လစာမှာ (၉၅၀)ကျပ်ဖြစ်ပါသည်။ ဤသို့ဖြင့် ကျွန်ုပ်သည် ဆရာတော်ကြီးအား တစ်နှစ်ပြီးတစ်နှစ်၊ တစ်နှစ်ပြီးတစ်နှစ် ဝတ္ထုငွေကို တိုး၍၊တိုး၍ လှူဒါန်းလာခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်ပါတော့သည်။

ထိုစဉ်က ကျွန်ုပ်သည် လှူဒါန်းငွေကို (၅၀၀)မှ (၆၀၀)၊ (၆၀၀)မှ (၇၀၀)၊ (၇၀၀)မှ (၈၀၀) စသည်ဖြင့် တိုး၍၊တိုး၍ လှူဒါန်းလာရာမှ ရာဂဏန်းလေးဖြင့် လှူဒါန်းရသည်ကို စိတ်ထဲတွင် အားမလိုအားမရ မကျေနပ် မရောင့်ရဲနိုင် ဖြစ်လာ၏။ မြို့မျက်နှာဖုံး သူဌေးကြီးများ၏ ဆောင်းဂဏန်း၊ သိန်းဂဏန်း လှူဒါန်းနိုင်မှုများကို အလွန်အားကျမိ၏။ သူတို့ကဲ့သို့ ဆောင်းနှင့် သိန်းနှင့်ချီ၍ လှူဒါန်းထိုက်သောစိတ်များ တဖွားဖွားပေါ်ပေါက်မိ၏။ ဤပေါ်ပေါက်လာသော သဒ္ဓါစိတ်သည် ကျွန်ုပ်အတွက် မည်ကာမျှ မဟုတ်၊ စူးစူးနစ်နစ် တပ်တပ်မက်မက် နှစ်နှစ်ကာကာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ကျွန်ုပ်တို့ လမ်းထိပ်မှ ဒေါ်ခင်အေးတို့ ဆီးစုသည် ရွှေပေါ်ကျွန်းဆရာတော်ကြီးအား သွားရောက် ဆွမ်းကြမည်။ အလှူရွေ့ ထည့်ပေးလိုက ထည့်ပေးလိုက် ဒါ။ လှူဒါန်းပေးပါမည်ဟု ဆိုလာပါသည်။ ထိုအခါ ကျွန်ုပ် သည် ခေါင်းထဲတွင် လက်ခနဲ အကြံတစ်ချက် ပေါ်ပေါက် သောကာ ထိုအကြံအစည်ကို လက်တွေ့အကောင်အထည် ဖော်လေတော့၏။ ကျွန်ုပ်သည် ရွှေပေါ်ကျွန်းဆရာတော်ကြီး အား လှူဒါန်းရွေ့နှင့်အတူ လျှောက်ထားစာတစ်စောင်ကိုပါ ရေးထည့်ပေးလိုက်ပါတော့သည်။

ကျွင်စဉ်ချီးမြှင့်ခံရခြင်း

ကျွန်ုပ်ရေးသားလိုက်သော လျှောက်ထားစာမှာ ကျွန်ုပ် သည် ရာဂဏန်း၊ ထောင်ဂဏန်းလေး လှူဒါန်းနေရသည်ကို အားမလိုအားမရ ဖြစ်မိပါကြောင်း၊ ဒီထက်ပို၍ အဆုံးစွန် ဆိုရမူ သိန်းနှင့် သန်းနှင့်ချီ၍ လှူဒါန်းနိုင်ရပါလို ကြောင်း၊ ထိုသို့လှူဒါန်းနိုင်ရန်အတွက် ဆောင်ရွက် ကျွင်ကြရမည့် လမ်းညွှန်ချက်ကျင့်စဉ်ကို ချီးမြှင့်ပေး ပါရန် ဆရာတော်ကြီးအား စာဖြင့် ရေးသားလျှောက် ထားလိုက်ခြင်းဖြစ်ပါသည်။

ဆရာတော်ကြီးဆီမှ စာပြန်လာပါသည်။ ကျွန်ုပ် ရေးသားပေးလိုက်သော လျှောက်ထားစာ ဗလာစာ ရွက်၏ နောက်ကျောတွင် ရှေးလူကြီးတို့၏ လက်ရေး ဖြင့် ယခုပေးလိုက်သည့် ကျင့်စဉ်ကို ကျင့်ပါဟု ရေးသားထားပြီး ကျင့်ကြံရမည့် ကျင့်စဉ်စာရွက်ကိုပါ ပူးတွဲ၍ ချီးမြှင့်ပေးလိုက်ပါသည်။

ကျွန်ုပ်သည် ဆရာတော်ကြီး ချီးမြှင့်ပေးလိုက် သော ကျင့်စဉ်စာရွက်ကို လက်ဝယ်ကိုင်ကြည့်ရင်း အလွန်ပင် ဝမ်းသာအားရ ပီတိဖြစ်ကာ ကျေနပ်နေမိ ပါတော့သည်။

သို့သော် ထိုဝမ်းသာပီတိ ဖြစ်နေရသော စိတ် အားမှာသည် ကျွန်ုပ်တွင် ရေရှည်မတည်တံ့နိုင်ဘဲ ယွင်တိလျော့ရဲ့ ဖြင့် အီလည်လည်ကြီး ဖြစ်သွား၏။ ဆယ်ကြောင့်ဆိုသော် ကျင့်စဉ်တွင် ပုတီးစိပ်ရမည် မှာ တစ်နေ့လျှင် (၂၁)ပတ်နှုန်းဖြင့် (၄၉)ရက်တိတိ အကြွင်းမဲ့ပြုနိုင်ရမည့်ကျင့်စဉ် ဖြစ်နေသောကြောင့် ဖြစ် သည်။ စိပ်ရမည့် ပါဠိမှာလည်း အရဟံတို့၊ ဘဂဝါ ဆိုလို တိုတိုတုတ်တုတ် မဟုတ်၊ နည်းနည်းရှည်နေ သည်ဟု ယူဆမိ၏။ ထို(၂၁)ပတ်ကို ပြီးပြီးရောမဟုတ်၊ လေးလေးမှန်မှန် အာရုံမိမိစိပ်လျှင် (၁)နာရီခွဲနီးပါးကြာမည် ဖြစ်၏။ ကျွန်ုပ်တွင် လုပ်နေကျ အာစိဏ္ဏက် အရွတ်အဖတ်၊ ပုတီးစိပ်ကျင့်စဉ်များကလည်း နာရီတော်တော်များများကို နေရာယူထားကြ၏။ လက်ရှိစရဏများကိုလည်း မလျှော့ လို။ တွက်ကြည့်ရာတွင် ထိုပုတီး(၂၁)ပတ်နှင့်ဆိုလျှင် နံနက် (၃)နာရီမထိုးမီ အိပ်ရာကထမှ အဆင်ပြေနိုင်မည်ဖြစ်၏။ ဤတွင် ကျွန်ုပ်၏ ကျန်းမာရေးကို ထည့်သွင်းစဉ်းစား ထည့်တွက်ရတော့မည်ဖြစ်သည်။

ကျွန်ုပ်သည် သူများနှင့်မတူ ငယ်စဉ်ကတည်းက ကျန်း မာရေးအလွန်ချုချာသူဖြစ်၏။ နေထိမခံ လေထိမခံ ဖြစ်၏။ နဂိုစရဏများဖြင့်ပင် နံနက်အစောကြီး ထနေရသည်ဖြစ်ရာ ဤကျင့်စဉ်ပါ ထပ်တိုးလာလျှင် တစ်နာရီကျော် စောထရ မည်ဖြစ်၍ ကျွန်ုပ်အနေနှင့် အိပ်ရေးပျက်ဒဏ် မခံနိုင်ဟု



www.burmeseclassic.com

ယူဆမိ၏။

ပျော့ညံ့သောစိတ်နှင့် ဆင်ခြေဟုလည်း ယူဆမိပါသည်။ ဤသို့ဖြင့် ကျွန်ုပ်သည် ဆရာတော်ကြီး ချီးမြှင့်ထားသော ကျင့်စဉ်ကို လက်ဝယ်ပိုင်ပိုင် ရရှိထားသော်ငြား ဆင်ခြေဆင်လက်များစွာဖြင့် တော်တော်နှင့် မကျင့်ကြဖြစ်တော့ပါ။

ဆရာတော် အိပ်မက်ပေးပြီ

ကျင့်စဉ်ရသည်မှ အချိန်တစ်လကျော်သွားပြီဖြစ်သည်။ ကျင့်စဉ်တော် ကိုယ်လက်ဝယ် ရှိနေသည်ပဲ။ ဘယ်အချိန် ကျင့်ကျင့် ရသည်ဟု အပျင်းစိတ်၊ အဖျက်စိတ်တို့ဖြင့် ကိုယ့်ကိုယ်ကိုယ် သိမ်းသွင်းကာ အားပေးသည်။ တစ်ညတွင် ကျွန်ုပ်သည် ထူးထူးခြားခြား အိပ်မက်တစ်ခုကို မြင်မက်ပါတော့သည်။ ကျွန်ုပ်သည် ဆရာတော်ကြီးကို အပြင်တွင် တစ်ခါမှ မဖူးဘူးသေးဘဲ အိပ်မက်ထဲတွင် ဆရာတော်ကြီးကို ဝိုဝိုပြင်ပြင် အနီးကပ် ဖူးတွေ့ရပါသည်။

ကျွန်ုပ်သည် ဆရာတော်ကြီးနှင့်အတူ ဘေးတစ်ဖက်စီတွင် တံခါး(၃)ပေါက်ပါ မာစီဒီးကားအနက်ကြီးကို အတူတူစီးရပါသည်။ ရှေ့ဆုံးတန်းတွင် ကားမောင်းသူ၊ အလယ်တန်းတွင် ဆရာတော်ကြီးထိုင်ပြီး နောက်ဆုံးတန်းတွင် ကျွန်ုပ်က ထိုင်ရပါသည်။ ဤသို့ ဆရာတော်ကြီးနှင့် ကားအတူတူစီးနေရာမှ ဆရာတော်ကြီးသည် နောက်သို့လှည့်၍ ရှေ့..စားဟုဆိုကာ ကျွန်ုပ်အား ကွမ်းယာတစ်ရာကို လှမ်းကျွေး၍ ကျွန်ုပ်က တရိုတသေဖြင့် လှမ်းယူလိုက်ပါသည်။ ဆရာတော်ကြီးက အရှေ့သို့ မျက်နှာပြန်မူသွားပါသည်။

ကျွန်ုပ်သည် ကွမ်းယာကို ချက်ချင်းမစားသေးဘဲ ဘာရယ်ညာရယ်မဟုတ်၊ ကွမ်းယာကို ဖြေကြည့်လိုက်ရာ ကွမ်းယာထဲတွင် ဗမာဆေးများ ထူထူထဲထဲဖြင့် အလွန်များပြားနေသည်ကို တွေ့လိုက်ရ၍ အံ့သြသွားပြီး ဆေးတွေများနေ၍ မစားရဲဘဲ ဖွင့်လျက်သားချည်း ကိုင်ထားနေမိပါသည်။ ထိုအချိန်တွင် ရွှေပေါ်ကျွန်းဆရာတော်ကြီးသည် နောက်သို့ လှည့်မကြည့်ဘဲ စားမယ်သာစား၊ ဘာမှမဖြစ်ဘူးဟု မိန့်ဆိုပါသည်။ ထိုအခါ ကျွန်ုပ်သည် မဝံ့မရဲဖြင့် ကွမ်းယာကို ပြန်ထုပ်လိုက်ပြီး ဆရာတော်ကြီး၏စကားကို ယုံယုံကြည်ကြည်ဖြင့် ဝါးစားလိုက်ပါတော့သည်။ ဆရာတော်ကြီး၏ မိန့်တော်မူသည့်အတိုင်း ကျွန်ုပ်သည် အိပ်မက်ထဲတွင် ကွမ်းယာကို စားရာ၌ ဘာဆိုဘာမှမဖြစ်ပါ။ လုံးဝမမူးခဲ့ပါ။ အိပ်မက်မှာ ဤမျှသာ ဖြစ်ပါသည်။

ထိုအိပ်မက်မှာ တခြားအိပ်မက်များကဲ့သို့ အိပ်ရာမှနိုးလျှင် မေ့သွားသော ဧတေတေဝါးတားတား အိပ်မက်မျိုး မဟုတ်။ ဝိုဝိုပြင်ပြင်ဖြင့် သတိတရကို မှတ်မိနေပါသည်။ မျက်လုံးမှိတ် အာရုံပြုလိုက်လျှင် ထင်ထင်ရှားရှား ကွက်ကွက်ကွင်းကွင်းကို မြင်တွေ့နေရသည်။ ဤအိပ်မက်သည် ထူးဆန်းသည်ဟု ယူဆမိကာ အတွေးနယ်ချဲ့ပြီး အိပ်မက်၏ အဓိပ္ပာယ်ကို ကျွန်ုပ်သည် အဖြေရှာနေမိပါတော့သည်။

ကျင့်သာကျင့်ပါ ဘေးကင်းမှာ

ကျွန်ုပ်သည် အိပ်မက်၏အဓိပ္ပာယ်ကို အလေးအနက်ထား အသေအချာ စဉ်းစားဆင်ခြင် အဖြေရှာကြည့်ရာ စိတ်ကျေနပ်မှုရရှိစေသောအဖြေကို တွေ့ရှိခဲ့ပါသည်။

လက်ရှိအခြေအနေတွင် ဆရာတော်သည် ကျွန်ုပ်အား ကျင့်ကြံသမူပြုရန် ကျင့်စဉ်တစ်ခုကို ချီးမြှင့်ပေးတော်မူပါသည်။ အိပ်မက်ထဲတွင်လည်း ကျင့်စဉ် တနလ်ာပညတ်နှင့် နံတူကွမ်းယာတစ်ရာကို စားသုံးရန် ပေးတော်မူပါသည်။

ကျင့်စဉ်မှာ ခံစားရမည့် ကြီးမားသော အကျိုးတရား အရ နည်းနည်းဒဏ်ပြင်းလှပါသည်။ အိပ်မက်ထဲတွင် ကွမ်းယာထဲမှ ဗမာဆေးများစွာပါလာသည်မှာလည်း ဒဏ်ပြင်းလွန်းလှပါသည်။

ကျင့်စဉ်ကို ဒဏ်ပြင်းသည်ဟု ယူဆမိပြီး အိပ်ရေးပျက်ကာ ကျန်းမာရေးကို ထိခိုက်မည်ဟု စိုးရိမ်၍ ကျွန်ုပ်သည် ချက်ချင်းလက်ငင်း မကျင့်ဖြစ်ပါ။ အိပ်မက်ထဲတွင်လည်း ကွမ်းယာကိုစားလျှင် ဗမာဆေးများစွာပါနေသဖြင့် အလွန်အကျွံမူးတော့မည်ဟု စိုးရိမ်ပြီး ချက်ချင်းမစားဖြစ်ပါ။

အပြင်ရှိ လက်ရှိအနေအထားများနှင့် အိပ်မက်ထဲမှ အကြောင်းအရာ အနေအထားတို့သည် တစ်ထပ်တည်းကျနေသည်ကို အံ့သြစွာတွေ့ရှိရပါသည်။ ဤတွင် ဆရာတော်ကြီးမှ ကွမ်းယာကို စားမှသာစား၊ ဘာမှမဖြစ်ဘူးဟု မိန့်ဆိုလိုက်သည်မှာ ပေးထားသောကျင့်စဉ်ကို ကျင့်မှသာ ကျင့်ပါ၊ ဘာမှမဖြစ်ပါဘူး။ ကျန်းမာရေး မထိပါဘူးဟု ဆိုလိုရင်းအဓိပ္ပာယ် သက်ရောက်နေသည်ကို လယ်ပြင်တွင် ဆင်သွားသလို အိပ်မက်၏အဓိပ္ပာယ်အား ကွက်ကွက်ကွင်းကွင်း ဖော်ထုတ်သိရှိရပါတော့သည်။

ဤအခါကျမှ ကျွန်ုပ်သည် ကျင့်စဉ်တွင် ပါဝင်သော ကြေးဖလား(၃)ဖလားကို အလျင်အမြန်ဝယ်ယူကာ (၄) ရက် အဓိဋ္ဌာန်ကို စတင်ကျင့်ကြံပါသည်။ လက်ရှိပြုလုပ်နေသော အာစိဏ္ဏက်၊ စရဏများစွာကိုလည်း မေ့လျော့

www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် ကျွန်ုပ်သည် နံနက်(၃)နာရီမထိုးမီ (၁၅)မိနစ် အလိုတွင် အိပ်ရာမှထကာ ပုတီး(၂၁) ကို နေ့စဉ် စိပ်ရပါတော့သည်။

ကျွန်ုပ်သည် ဆရာတော်ကြီး ချီးမြှင့်ထား သော ပုတီးစိပ်ကျင့်စဉ်တော်ကို ကျင့်ကြံရာတွင် ပုတီးပတ် မြောက်မြန်ပြည့် ပြီးရောဆိုပြီး ပြီးပြီးရော အလျင်စလို ပြီးလွယ် မစိပ်ခဲ့ပါ။ ပုတီးစိပ် ပါဠိစာသား၏ အက်အဓိပ္ပာယ်ကို ခြုံငုံအာရုံပြုပြီး လေးလေးမှန်မှန် ရွတ်သော အာရုံမိမိ ပုတီးစိပ်ကျင့်ကြံခဲ့ပါသည်။ ကျင့် ကြံတွင် ကျွဲ၊ နွား၊ ဝက်၊ အရက် ရှောင်ကြဉ်ရမည်ဟု ဆိုသော်လည်း ကျွန်ုပ်သည် (၁၉၉၅)ခုနှစ်ကတည်း က ကုန်းသတ္တဝါတို့၏ အသားကို စားသုံးခြင်းမှ ရှောင်ကြဉ်ထားသူ ဖြစ်သောကြောင့် ဆွမ်းအထူး ရှောင်စရာပင် မလိုတော့ပါ။

ဆောင်းစွာမလျှောက် ခရီးမပေါက်

ကျွန်ုပ်သည် အဓိဋ္ဌာန်ကျင့်စဉ်ကို (၄၉)ရက် ကြာသည်အထိ ပြီးမြောက်အောင် ကျင့်ကြံခဲ့ပါ သည်။ သို့သော် စိတ်တိုင်းကျ မဖြစ်ခဲ့၊ စိတ်ကျေ နပ်မှု မရခဲ့၊ ထိရောက်မှု မရှိခဲ့ပါ။ အဘယ်ကြောင့် ဆိုသော် (၃)ကြိမ်ခန့် အိပ်ငိုက်ပြီး လက်ထဲမှပုတီး လွတ် ကျသွားသောကြောင့် ဖြစ်ပါသည်။ ပုတီးလွတ်ကျသွား သော်လည်း ရောက်ရှိနေသည့် ပုတီးလုံးနေရာကို ခန့်မှန်း ဆပြန်ကိုင်ကာ ပုတီးပတ်ရေပြည့်အောင် စိပ်ခဲ့ပါသည်။ ထို့နောက် (၄၉)ရက်သာ ပြီးဆုံးသွားပါသော်လည်း အားရ ကျေနပ်မှု လုံးဝ မရှိခဲ့ပါ။ မည်သည့်ကျန်းမာရေးမှလည်း အထိခိုက်ခဲ့ပါ။ နောက်ပိုင်းတွင် ခွဲမကောင်းသော၊ ပျော် သော ကျွန်ုပ်သည် ဤကျင့်စဉ်ကို တစ်ကြိမ်တစ်ခါမှ ထပ်တိုင် ပြန်လည်မကျင့်ကြံဖြစ်တော့ပါ။

ထို့ကြောင့် ကျွန်ုပ်သည် သိန်းနှင့် သန်းနှင့်ချီ၍ လှူ ဒါန်းခဲ့သော ကျင့်စဉ်တော်ကြီးကို ရွှေပေါ်ကျွန်းဆရာတော် ဘုရားလ်ထူး၏ ချီးမြှင့်ခြင်း ခံထားရပါသော်လည်း ခွဲ ခေတ်သည့်သောစိတ်ဓာတ်တို့ဖြင့် ဆင်ခြေဆင်လက်များစွာ ပေးပြင်ပြင် ထိထိရောက်ရောက် မကျင့်ကြံနိုင်ခဲ့သဖြင့် ဤအကျသော ကိုယ်၏အပြစ်ကို လူသိအောင် ထုတ်ဖော် ပြသဖြင့် ဤဆောင်းပါးကို မရေးသားလိုပါ။ ကိုယ် ကိုယ်လှန်ထောင်းသကဲ့သို့ ဖြစ်နေပါသည်ဟု ဆောင်း ပါးအစတွင် ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။



(၂၀၁၁)ခုနှစ်ကမှ ကျွန်ုပ်သည် ရဟန်းခံ၊ ရှင်ပြုအလှူ ကို သိန်းနှင့်ချီ၍ လှူဒါန်းနိုင်ခဲ့သည်ဖြစ်ရာ လွန်ခဲ့သော နှစ်များစွာကတည်းက သိန်းနှင့် သန်းနှင့်ချီ၍ လှူဒါန်းနိုင် သော ကျင့်စဉ်တော်ကြီးကို လက်ဝယ်ပိုင်ပိုင် ကိုင်ထား သူတစ်ယောက်အနေဖြင့် အချိန်များစွာ၊ နှစ်များစွာ (၁၅) နှစ်နီးပါးခန့် နောက်ကျပြီးမှ လှူဒါန်းနိုင်သောအဖြစ်ကို ပြန်တွေးမိလိုက်တိုင်း အသုံးမကျသော မိမိ၏လုပ်ရပ်အား များစွာနောင်တ၊ ရနေမိပါတော့သည်။

ဤကျင့်စဉ်သည် ရွှေပေါ်ကျွန်းဆရာတော်ကြီး (ဓမ္မ ဝိဇ္ဇာပဂ္ဂိုလ်ထူး) ချီးမြှင့်ပေးထားသော ကျင့်စဉ်တော်ဖြစ်ရာ အမှန်တကယ် ထိထိမိမိဖြင့် တစ်ကြိမ်ပြီးတစ်ကြိမ် ဆက် ကာ၊ဆက်ကာ ကျင့်ကြံသွားမည်ဆိုလျှင် သိန်းနှင့် သန်းနှင့် ချီ၍ လှူဒါန်းနိုင်သော သူဌေးသူကြွယ်ကြီးတစ်ဦးအဆင့်သို့ ဓနဓာန်အမှန်ပင် ရောက်ရှိလာမည်မှာ မြေကြီးလက်ခတ်မလွဲ ပင် ဖြစ်ပါသည်။ ယုံယုံကြည်ကြည်ဖြင့် အလေးအနက်ထား ကာ ကျင့်ကြံလိုသူ၊ ကျင့်ကြံနိုင်သူများအတွက် ပြည့်တန် ဘတ္တမြားကြီးကဲ့သို့ တန်ဖိုးကြီးမားလှသော ဤကျင့်စဉ်တော် ကြီးကို ရေးသားဖော်ပြပေးလိုက်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သိန်းနှင့် သန်းနှင့်ဆိုင်သော ကျင့်စဉ်

အရှင်စေယျသိဒ္ဓိဓမ္မဉာဏိတဆရာတော်ဘုရားကြီး
စေတော်ဝင်ကျောင်း၊ မလိုင်မြို့နယ်၊ ရွှေပေါက္ခရီး

မိမိတို့၏ သက်ဆိုင်ရာ မွေးနေ့ကစ၍ ရှေ့သို့ (၄၉)ရက်ပြည့်အောင် အောက်ပါအစီအစဉ်အတိုင်း ကြိုးစားအားထုတ်ကြပါ။

ကြေးဖလားနှင့်ဖြစ်စေ၊ ငွေဖလားနှင့်ဖြစ်စေ ရရာဖလားသုံးလုံးတို့၌ ရေသန့်သန့်ထည့်ပြီး ဒီဂဒိထိုင်မည့် ရှေ့နားက လှူဒါန်းထားပါ။ လှူဒါန်းသည့် ဖလားသုံးလုံးတို့ သည် အမျိုးအစား တစ်မျိုးတစ်စားတည်း ဖြစ်ရပါမည်။ လှူဒါန်း၍ ပြီးပါက-

ဗုဒ္ဓေါ မေ နာထော၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မော မေ နာထော၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃော မေ နာထော၊ သံဃံ သရဏံ ဂစ္ဆာမိ..ဟု ရွတ်ဆိုပါ။

အထက်ပါ ပါဠိသုံးကြောင်းတို့၏ မြန်မာပြန်မှာ-

မြတ်စွာဘုရားသည် တပည့်တော်၏ ကိုးကွယ်ရာအစစ်အမှန်ပင် ဖြစ်ပါ၏။ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ယုံကြည်စွာ ဆည်းကပ်ပါ၏ဘုရား။

တရားတော်မြတ်သည် တပည့်တော်၏ ကိုးကွယ်ရာ အစစ်အမှန်ပင် ဖြစ်ပါ၏။ တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်စွာ ဆည်းကပ်ပါ၏ဘုရား။

သံဃာတော်မြတ်သည် တပည့်တော်၏ ကိုးကွယ်အစစ်အမှန်ပင် ဖြစ်ပါ၏။ သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်စွာ ဆည်းကပ်ပါ၏ဘုရား..ဟု ဆိုလိုပါသည်။

ညွှန်ပြခဲ့သော ဗုဒ္ဓ သရဏဂုံ ပါဠိတစ်ကြောင်းကို ပုတီး(၇)ပတ်ရအောင် ပွားများပါ။
ဓမ္မ သရဏဂုံ ပါဠိတစ်ကြောင်းကို ပုတီး(၇)ပတ်ရအောင် ပွားများပါ။
သံဃ သရဏဂုံ ပါဠိတစ်ကြောင်းကို ပုတီး(၇)ပတ်ရအောင် ပွားများပါ။

ပါဠိကို ပွားများနေခိုက် ဆိုလိုရင်း မြန်မာပြန်ကို စိတ်ထဲက သိရှိထားပါ။ ဤကဲ့သို့ ပွားများမှုပြီးလျှင် ထိုကုသိုလ်၏ အဖိုဘာဂကို သမ္မာဒေဝနတ်အပေါင်းတို့အား ထပ်ကာ,ထပ်ကာ အမျှပေးဝေပါ။ တစ်ဆက်တည်း ချမ်းသာကြပါစေဟု မေတ္တာပွားပေးပါ။

အားလုံးပြီးစီးသောအခါ မိမိလှူဒါန်းထားသော ဖလား(၃)လုံးထဲမှ အာရုံသက်ဝင်ရာ ဖလားတစ်လုံးလုံးထဲက ရေကို သောက်၍ ကျန်ဖလား(၂)လုံးထဲကရေကို မိမိတို့ အိမ်ရှိ သောက်ရေအိုးထဲ၌ ထည့်ထားပါ။

အနည်းဆုံး ကျွဲ၊ နွား၊ ဝက်၊ အရက်သေစာတို့ကို စားသောက်ခြင်းမှ အဓိဋ္ဌာန်ထား၍ ရှောင်ကြဉ်ပါ။ ဤကျင့်စဉ်ကို တကယ်တမ်း ကြိုးစားအားထုတ်ကြမည့် ပုဂ္ဂိုလ်များအတွက်သာ ရည်မှန်း၍ ချီးမြှင့်ခြင်း ဖြစ်ပါသည်။ သို့အတွက် ကြိုးစားအားထုတ်ကြပါ။

တကယ်တမ်း ကြိုးစားအားထုတ်ကြသူတိုင်း ချမ်းသာသုခအမျိုးမျိုးတို့ကို ရရှိကြပါစေ။

ဆရာတော်
စေတော်ဝင်ကျောင်း
ရွှေပေါက္ခရီး

ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ
· သုခစုစံ(ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

ရန်နိုင်
ကိုယ်နှင့်အတူ
ဆောင်ယူထားကြသည်

ဘာသာရေးနှင့် မစပ်ဆိုင်သော အယူအဆ။ မြန်မာတိုင်းရင်းသားတို့သည် အတိတ်နိမိတ်၊ အဆောင်အယောင်များနှင့်ပတ်သက်၍ ယုံကြည်ဘတ်ကြသည်။ အန္တရာယ်ကင်းဝေးအောင် စီမံတတ်ကြသည်။ ကိုယ်နှင့်အတူ သေးလေးစားစား ဆောင်ယူထားကြသည်။ ရှောင်ကြဉ်သင့်သည်ကို ရှောင်ရှားကြသည်။ ဤအကြောင်းနှင့်ပတ်သက်၍ အယူသီးခြင်း ဟုလည်း ဆိုရမရ။ ကိုယ့်ယုံကြည်ချက်နှင့် ကိုယ့်အဖြစ်။

အချို့တိုင်းရင်းသားလူငယ်များသည် သူတို့ယုံကြည်သော ပစ္စည်းကို နှစ်သက်စွာ ဆင်နှဲသိမ်းလိုက်ကြသည်။ အချို့ အင်း၊ အိုင်၊ သစ်ဖွဲ့ကြိုးများတွင် ချည်လျက် လည်ပင်း၊ သက်မောင်းများတွင် ကပ်စွဲထားလိုက်ကြသည်။ အထူးသဖြင့် မြန်မာ့လက်ဝှေ့လောကဆိုးဒယားလက်ဝှေ့ဆောကဋ္ဌ ဤအစဉ်အလာကို တွေ့မြင်နိုင်ကြသည်။ ဤပစ္စည်းကြောင့် သူတို့အတွက် အန္တရာယ်ကင်းဝေးစေသည်ဟု လုံခြုံလိုကြသည်။

မြန်မာတိုင်းရင်းသားတို့တွင် အင်းညာရုပ်ကို လေ့လာကြသည်။ အင်းပညာတွင် နက္ခတ်တည့်မှန်ကြရသည်။ ဂဏန်းရေးသားမှု မှန်ကန်ရသည်။ အက္ခရာမှန်စွာ ရေးသားရသည်။ ဂါထာများ စုပ်နိုင်ရသည်။ အင်းပညာတွင် သီလ၏ တည်မြဲခြင်းကို ပို၍အရေးပါသည်။ အချိန်သင့် ကာလသင့်သည်ကို စောင့်ဆိုင်းရသည်။

www.burmeseclassic.com

အင်းပညာတွင် အင်းကျိုးခြင်း၊ အင်းပေါက်ခြင်းမျိုး ရှိတတ်သည်။ ဤသို့ အင်းကျိုးခြင်းကြောင့် စိတ္တဇရောဂါ မျိုးထိ ခံစားရသူများ ရှိဖူးသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ တိုင်းရင်းသားတို့သည်လည်း အင်းပညာကို လေးလေးစားစား လေ့လာစွဲလမ်းတတ်ကြသည်။

မြန်မာတို့သည် မိုးကြိုးသွားကိုလည်း ဆောင်ယူလေ့ရှိသည်။ မိုးကြိုးပစ်သည်။ ထိုနေရာတွင် မိုးကြိုးသွားကို ရယူနိုင်သည်ဟု ယူဆကြသည်။ အချို့ ဝယ်ယူကြသည့် အခါ ငွေကြေးတန်ဖိုး ကြီးမားလှသည်။ အဆိုပါမိုးကြိုးသွား ရရှိပါက တိုင်းရင်းသားများ ဆောင်ထားကြသည်။ မိုးကြိုးသွားကြောင့် မိမိတို့နေသောအိမ်ကို မီးမလောင်နိုင်ဟု စွဲမြဲတတ်ကြသည်။ ထို့အပြင် ကလေးမီးဖွားရန် ခက်ခဲနေသော အမျိုးသမီးလူနာအား မိုးကြိုးသွားဖြင့် ဆေးကုသပေးသည်။ မီးဖွားရ လွယ်ကူစေသည်ဟု ယူဆကြသည်။

တောဝက်မှရရှိသောအစွယ်မှာ ကွင်းပိတ်(ခွင်ပိတ်ဟု ဆိုကြသည်) အနေအထားရရှိလျှင် ဆောင်ထားတတ်ကြသည်။ ဝက်အစွယ်သွားမှာ ပိုမိုရှိမာကျောသည်။ တောဝက်အမဲလိုက်၍ရတိုင်း အစွယ်ကွင်းပိတ် ရနိုင်သည်မဟုတ်။ အစွယ်များမှ အခေါင်းပွများနေတတ်သည်။ အစွယ်ကွင်းပိတ်က ရှားပါးလှသည်။ ထိုဝက်စွယ်ကွင်းပိတ်ရလျှင် သေနတ်၊ ဓား၊ လုံ၊ လက်နက်များဖြင့် မိမိအား လုပ်ကြံ၍မရ၊ တစ်နည်းအားဖြင့် လက်နက်ပြီးသည်ဟု ယုံကြည်ကြသည်။ အချို့ကမူ တောဝက်အစွယ်ရလျှင်ပင် ကိုင်တွယ်သူအား အရွယ်နှုပျိုစေသည်ဟုလည်း ခံယူကြသည်။

တိုင်းရင်းသားတို့သည် တောလိုက်သောအခါ တစ်ခါတစ်ရံ ကျားများရသည်။ ကျား၏ လက်သည်း၊ ခြေသည်းကို ရယူဆောင်ထားကြသည်။ ကျားကို ကြောက်ရွံ့တတ်သည့် သဘောအရ သေလွန်ပြီးသည့်နောက် ကျား၏အရိုးအစွယ်သည်ပင် အမှောင့်ပယောဂ၊ စုန်း၊ တစ္ဆေများနှင့်ပတ်သက်၍ နှိမ်နှင်းသည်ဟု မှတ်သားတတ်ကြသည်။

အမြှေတေများကိုလည်း ရှာဖွေတတ်သည်။ ၄က်သတ္တဝါ ဥကလေးများက အကောင်မပေါက်လာဘဲ ကျောက်သွားအသွင် ဖြစ်သွားတတ်သည့် ၄က်အမြှေတေအများဆုံးတွေ့ရတတ်သည်။ ကျောက်လုံးကလေးသာဖြစ်သော်လည်း ၄က်၏ ပုံပန်းသဏ္ဌာန်အတိုင်း တူနေသည်။ ၄က်သာမက ၄က်အမြှေတေလည်းရှိသည်။ အမြှေတေကို ဆောင်ယူသွားပါက ကာယသိဒ္ဓိပြီးသည်ဟု ယူဆကြသည်။ အမြှေတေများသာမက သဲသောင်ပြင်များမှ ကျောက်တုံးကလေးများ၏အရွယ် ယောကျ်ားတန်ဆာရုပ်ပုံသဏ္ဌာန် အစားစားကိုလည်း ဆောင် ယူကြသည်။ မျက်နှာပွင့်လင်းသည်ဟု ယုံကြည်ကြသည်

တောထဲတွင် သွားလာရင်း မြွေသတ္တဝါများနှင့် ပတ် သက်၍လည်း စိတ်ဝင်စားကြသည်။ တောထဲတွင် မြွေ သတ္တဝါများ မိတ်လိုက်ကြသည်မှာ တစ်ကောင်နှင့်တစ် ကောင် ရစ်ပတ်လျက် ပျော်မြူးကြသည်။ မြွေနှစ်ကောင်ထွေ ထုထဲတွင် အပေါ်ဘက်သို့ မြင့်တက်လာတတ်သည်။ မြွေ သည် မြေတွင် တွားသွားသတ္တဝါများဖြစ်သော်လည်း မိတ် လိုက်ချိန်၌ အပေါ်ဘက်တွင် မြင်တွေ့ကြရသည်။ ဤမြွေ ကွင်းကို မြင်တွေ့သည့်သူတို့က မိမိတို့၏ အဝတ်အစား လက်ကိုင်ပဝါများကို မြွေများကဲ့သို့ ရစ်ပတ်ရယူပြီး ဆောင် ထားပါက ပီယဝါစာဖြစ်သည်ဟု ယုံကြည်ကြသည်။

မြွေသတ္တဝါတစ်ကောင်နှင့်တစ်ကောင် မျိုးကိုက်ခဲသည် လည်း ကြုံရသည်။ တစ်ကောင်၏အမြီးကို တစ်ကောင် အပြန်အလှန်မျိုကြသည်။ နောက်ဆုံးတွင် မြွေနှစ်ကောင် သေကြသည်။ မြွေသေနှစ်ကောင်ကို အဝိုင်းလိုက်အခြောက် ခံပြီးပါက အိမ်တွင် ဆောင်ထားကြသည်။ ယုံကြည်ချက် က ကာယသိဒ္ဓိအရာရောက်သည်။

အိမ်တွင် နေထိုင်ကြသည့် အိမ်မြွေင်ကို အချို့က ကြောက်ရွံ့ကြသည်။ အိမ်မြွေင်တစ်ကောင်၏အမြီးတွင် အတက်ထွက်နေတတ်သည်ကို တွေ့ရသည်။ ထိုအိမ်မြွေင် ကို ရအောင်ဖမ်းယူ၍ အခြောက်ခံ ဆောင်ယူထားကြသည် ပီယဝါစာ မျက်နှာပွင့်လန်းသည်ဟု ယုံကြည်ကြသည်

မြန်မာတိုင်းရင်းသားတို့ အလှူပွဲ၊ မင်္ဂလာပွဲများတွင် ရွှေမိုး၊ ငွေမိုးရွာသည့် ဓလေ့ရှိသည်။ အချို့တက်နိုင်သူက ရွှေစ၊ ရွှေလက်စွပ်ကလေးများ ထည့်ပေးဝေငှကြသည် များသောအားဖြင့် ငွေစက္ကူ ငွေသားကလေးများကို အသုံး ချကြသည်။ ရည်မှန်းထားသောအလှူပွဲ ပြီးမြောက်ပါက ရွှေမိုး၊ ငွေမိုးကို ပရိသတ်သို့ ကြဲဖြန်းပေးကြသည်။ ဤသို့ ဝေငှသူသည် ရွှေ၊ငွေများ ပြန်လည်ရရှိခြင်း အကျိုးထူးခံ ရရှိခဲသည်ဟု ယုံကြည်ကြသည်။ လူမှုသဘာဝ မင်္ဂ ဆောင်မှုတွင်လည်း ရွှေမိုး၊ ငွေမိုး ရွာသည်။ ကြေဝေ ပန်းမျှား၊ ပိုက်ဆံများ၊ ငွေသားများကို ပရိသတ်က နှပ်စွာ ကောက်ယူကြသည်။ ဤငွေရရှိပါက စျေးရောင်း ကောင်းတတ်သည်ဟု ယုံကြည်ထိန်းသိမ်းထားတတ်

www.burmeseclassic.com

www.burmeseclassic.com

သည်။

မြန်မာတိုင်းရင်းသားများသည် တောခေလေ့ စိုက်ပျိုးရေးလုပ်ငန်းများကို အချိန်ကာလနှင့် သင့်အောင် ဆောင်ရွက်တတ်ကြသည်။ ကောက်ရိတ်ချိန်၊ ကောက်လိုက်ချိန်၊ လယ်ထွန်ချိန်တို့တွင် နေ့ကောင်းမင်္ဂလာ ရွေးချယ်တတ်ကြသည်။ ဗေဒင်ကိန်းခန်းကို အခြေခံတွက်ချက်ကြသည်။ စံတော်ဓာတ်ရေးရာ လုံခြုံစေကြသည်။ တော်သလင်းလကျော်သွင် ကောက်မစိုက်ရဟု ရှောင်ကြဉ်ကြသည်။ သီးနှံ ညီညီညွတ်ညွတ် မဖြစ်ထွန်းကြဟု ယုံကြည်ကြသည်။

ထို့အပြင် အစဉ်အလာကောင်းကလေးများကို တွေ့ရတတ်သည်။ ရှမ်းအမျိုးသားတို့သည် စပါးရိတ်သိမ်းပြီးနောက် စပါးများ အိမ်သို့ပြန်သယ်ရာ၌ လမ်းခရီးတွင် စပါးခိုကလေးများကို ပုံ၍ထားတတ်ကြသည်။ ငှက်သွတ္တဝါများစားရန် စွန့်ကြသည့်သဘော။ လူနှင့်ငှက်တို့ ဝေမျှစားသောက်စေလိုသည့် သဘောများကို ဖော်ဆောင်ကြသည်။

ကရင်လူမျိုးများ တညင်းသီးခူးရာတွင် တညင်းသီး(၁၀)လုံးကို တညင်းပင်ပြန်စိုက်ပေးတတ်ကြသည်။ ဆိုလိုသည်မှာ တညင်းပင်(၁၀)ပင် စိုက်ပျိုးနိုင်မှ စားသုံးခွင့်ရသည့်အနက်။ ယနေ့ခေတ်ကာလ တောထဲမှ ထင်းရှိုရန် သစ်ခုတ်ရာ၌ သစ်ဆယ်ပင်စိုက်ပျိုးနိုင်မှ သစ်တစ်ပင် ခုတ်ခွင့်ရသည်ဟု သတ်မှတ်ပေးသည့် အလေ့အထ။

ကရင်လူမျိုး၊ ကယားလူမျိုး၊ မွန်လူမျိုးတို့သည် ဖားစည်ကို အလွန်တန်ဖိုးထားတတ်ကြသည်။ ဖားစည်သည် ယိုးဒယား-ရှမ်းနွယ်များက စတင်သုံးစွဲလာကြသည်။ ထိုမှ နောက်၊ ကရင်၊ ကယားသို့ ရောက်လာသောကြောင့် ဖားစည်သည် စစ်မြေပြင်၌ အောင်စည်အဖြစ် သုံးသည်။ မိုးကိုခေါ်ယူသောသဘော၊ မိုးခေါ်စည်ဟုလည်း ယုံကြည်ကြသည်။ မွန်သမိုင်းတွင် ပုဂံခေတ်ဦးကတည်းက ဖားစည်သုံးခဲ့သည်။

ဖားစည်မှာ နှစ်ဖက်ပိတ်စည်ဖြစ်၏။ ယိုးဒယားအခေါ်အရ ဗောဟောရဖြစ်သည်။ ဘုရင်မင်းမြတ် ညီလာခံတွင် ဂေါလာစည်အဖြစ် သုံးခဲ့သည်။ ဖားစည်ကို ပဉ္စလောဟာကြေးနီ၊ သွပ်၊ ခဲမဖြူ၊ ဘော်၊ ရွှေ စသောသတ္တုငါးမျိုးအချိုးကျရောစပ်သည်။ ဖားစည်တွင် ဖားရုပ်ငါးရုပ်များ ထုံးရံထုလုပ်ထားကြသည်။ ကရင်လူမျိုးတို့သည် ဖားစည်ကို အကြောင်းမဲ့မတီးရ။ ရပ်ရွာထဲတွင် အကြောင်းမဲ့ ဖားစည်တီးခတ်ပါက ရွာသားများ သေတတ်သည်ဟု ယုံကြည်တတ်ကြသည်။

မိမိတို့ဒေသအလိုက် ရှေးရိုးအစဉ်အလာ စရိုက်များအတိုင်း ယုံကြည်စွဲမြဲတတ်ကြသည်။ ဤသို့ အယူစွဲလမ်းမှုအပေါ် မည်သည့်အကြောင်း အကျိုးဆက်နွယ် ဆောင်ရွက်ဖြစ်ပေါ်လာခြင်းအားဖြင့် သုံးသပ်၍ မရနိုင်။ ဗဟုသုတကြွယ်ဝသူများက မြန်မာတိုင်းရင်းသားတို့၏ အခြေအနေကို ကဲ့ရဲ့ရွတ်ချ၍ မရနိုင်။ ပြင်ပပုဂ္ဂိုလ်အနေဖြင့် ကူညီနိုင်မှုက ကာယကံရှင်များအား သူတို့အယူအဆကို သူတို့ကိုယ်တိုင် စစ်၍ ပြုပြင်နိုင်မှာသာ သင့်လျော်သည်။ ယုတ္တိမှန်၊ မမှန် ပြောမည့်အစား ထူးခြားသော တိုင်းရင်းသားများ၏ ယုံကြည်မှုကို တစ်နည်းအားဖြင့် စိတ်ဝင်စားဖွယ်။

ရန်နိုင်

ရည်ညွှန်းစာ

* မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)၊
တိုင်းရင်းသားတို့၏ တူညီသော ရိုးရာဓလေ့များ။

www.burmeseclassic.com

ဆိုဆယ်ပါးအကြားအမြင်ရေစေသော ဂါထာနှင့်

ပုဂ္ဂလိုတ်ဆရာဦးမြတ်စံ

(၂၀၁၄)ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့တွင် စာရေးသူတို့ ဇနီးမောင်နှံနှစ်ယောက် လေးဆူမာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြပါသည်။ ဓမ္မစေတီမင်း တည်ထားကိုးကွယ်သော တန်ဆောင်းတွင် အဓိဋ္ဌာန်ပုတီးစိပ်ကြပါသည်။ ဒါက မိမိတို့ ဆောင်ရွက်နေကျ ပုံမှန်လုပ်ငန်းများ ဖြစ်ပါသည်။

အဓိဋ္ဌာန်ကိစ္စများ ပြီးသောအခါ ရွှေတိဂုံစေတီတော်ကြီးကို လက်ယာရစ်တစ်ပတ်၊ ပတ်၍ ကြည်ညိုကြပါသည်။ အောင်မြေသို့အသွား ပန်းရထားဖြင့် ရွှေတိဂုံဘုရားကို လုံးတော်ပြည့် ရွှေဆိုင်းများ ပူဇော်နေသည်ကိုတွေ့၍ စိတ်ထဲမှ ကြည်ညိုသဒ္ဓါပွားကာ သာဓုအကြိမ်ကြိမ်ခေါ်မိပါသည်။

စာရေးသူ၏ စိတ်ထဲတွင်လည်း ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ သားတစ်ယောက်အနေဖြင့် မွေးကျေးဇူးဆပ်လိုသောစိတ်များ တဖွားဖွားပေါ်လာပါတော့သည်။ လှူနေသော အလှူရှင်များကို မေးမြန်းကြည့်သောအခါ (၃)လခန့်ကြိုတင်၍ စာရင်းပေးလှူထားရကြောင်း၊ (၅)နှစ် တစ်ကြိမ်သာ လှူခွင့်ရှိကြောင်း သိရသဖြင့် မိမိတွင် ပါလာသောငွေဖြင့် (၁)ပေပတ်လည်(၁ ပေ × ၁ ပေ) ရွှေစင်ရွှေပြား တစ်ချပ်ကို မိဘနှစ်ပါးနာမည် ကမ္ပည်းထိုးစေကာ လှူဒါန်းလိုက်ပါသည်။ မှတ်တမ်းတင်မှတ်ပုံရိုက်ခြင်း၊ အနုမောဒနာ ဂုဏ်ပြုကတ်ပြားပေးခြင်းတို့ကို လက်ခံပြီးသောအခါ အလှူရှင်ကိုယ်တိုင် အဖော်တစ်ဦးဖြင့် ဘုရားစေတီလုံးတော်ကြီးအား တက်ရောက်၍ ရွှေစင်ရွှေပြားကို ကပ်လှူပူဇော်နိုင်ကြောင်း တာဝန်ကျဂေါပက၊က ရှင်းပြပါသည်။

စာရေးသူလည်း မိမိကိုယ်တိုင် ကပ်လှူနိုင်ရန်အတွက် အတက်အဆင်း လွယ်ကူပြီး သက်သောင့်သက်သာဖြစ်စေရန် ရှမ်းဝတ်စုံကို ချုပ်လုပ်ပါသည်။ ရှမ်းဘောင်းဘီနှင့် ရှမ်းတိုက်ပုံက ဝတ်ဆင်ရသွားလာလှုပ်ရှားရာတွင် ပိုပြီးအဆင်ပြေ၍ ဖြစ်ပါသည်။ ပထမမိတ်ဆွေရင်းချာဖြစ်သော သိုင်းဆရာကြီးတစ်ဦးထံတွင် စရန်ငွေပေးပြီး ကြိုတင်အပ်နှံသော်လည်း အကြောင်းအမျိုးမျိုးပြကာ ရှမ်းဝတ်စုံမဟုတ်သော အားကစားဘောင်းဘီပုံစံဖြစ်နေ၍ စိတ်တိုင်းမကျ ဖြစ်ခဲ့ရပါသည်။ စာရေးသူကို ငယ်စဉ်က နန်းတွင်းသိုင်း သင်ပေးသော သိုင်းဆရာကြီး ဦးခင်မောင်၏ဇနီး ဆရာကတော် ချုပ်ပေးမှသာ အဆင်ပြေသွားပါသည်။ ရှမ်းတိုက်ပုံနှင့် ရှမ်းဘောင်းဘီတစ်စုံကို ဆင်မြန်းခွင့်ရရှိခဲ့ပါသည်။ မူလက အော်ဒါမှာထားသောဝတ်စုံကို စရိတ်ကျသင့်ငွေကိုလည်း ပြန်မတောင်းတော့ပါ။

(၂၀၁၅)ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် စာရေးသူ၏ လိပ်စာဖြင့် ဂေါပကအဖွဲ့မှ အကြောင်းကြားရောက်ရှိလာသလို တာဝန်ရှိသူတစ်ဦးကလည်း ကိုယ်တိုင်ကိုယ်ကျ ဖုန်းဆက်လာပါသည်။ (၂-၄-၂၀၁၅)ရက် ကြာသပတေးနေ့တွင် လှူထားသော ရွှေစင်ရွှေပြားကြီးကို ကိုယ်တိုင်ကိုယ်ကျ တက်ရောက်လှူဒါန်းရန် စည်းကမ်းချက်များ ဖော်ပြထားပါသည်။ စေတီတော်ပေါ်သို့ ကင်မရာမယူရ ပုံဆိုးမဝတ်ရ၊ မိမိလှူထားသော ပြေစာဖြတ်ပိုင်း ရွှေစင်ရွှေပြား၏ အမှတ်စဉ်တို့ကို ယူဆောင်၍ ရွှေပြားကို ထုတ်ယူရမည် ဖြစ်ပါသည်။

(၂-၄-၂၀၁၅)ရက်နေ့ နံနက်(၇)နာရီခန့် ဘုရားသို့ ယာဉ်ကြောရှင်းလင်းသောအချိန်တွင် အိမ်မှ မိမိကိုယ်ပိုင်ကားဖြင့်ပင် သွားလိုက်ပါသည်။ ဇနီးမောင်နှံနှစ်ယောက်မှာ မိမိ၏ မိဘနှစ်ပါးကို ကျေးဇူး၊ ကျေးကျေးဇူး၊ ပညာသင်ပေးခဲ့သော ကျေးဇူးတရားများကို ဆပ်ခွင့်ကြုံပြီဟု ကုသိုလ်စိတ်များ ပေါ်ပေါက်လျက်ရှိပါသည်။ စာရေးသူ ပြည်ပနိုင်ငံခြားရောက်နေချိန်တွင် ဖခင်ကြီး ကွယ်လွန်သွားခဲ့သည်။ မိခင်ကြီးမှာ စာရေးသူ နိုင်ငံခြားမှပြန်လာပြီး (၁၀)နှစ်ကျော်မှ ကွယ်လွန်ပါသည်။ မိခင်ကြီး စာရေးသူ၏ အနီးကပ်ပြုစုမှု၊ သမီးကြီးဆရာဝန်၏ စောင့်ရှောက်မှုတို့ကြောင့် အိုဇာတာကောင်းသည်ဆိုရမည် ဖြစ်ပါသည်။

မိခင်ကြီး မကွယ်လွန်ခင်ကဆိုလျှင် ထားအသစ်တစ်စီး ဝယ်တိုင်း ရွေးသောင်ပင်သို့ ပသွား

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးကို ကားဦးခန်းမှ ထိုင်စေကာ ဘုရားစုံဖူးလေ့ရှိပါသည်။ ရောက်ရှိရာ ဘုရားတိုင်းကို ဖူးမြော်ဖြင့် ဦးတိုက်ကန်တော့လေ့ရှိပါသည်။ မိခင်ကြီးက ဘုရားဖူးသွားတိုင်း စာရေးသူကို ဆုတောင်းပေးလေ့ရှိပါသည်။

ယခုလည်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ခြေရင်းသို့ ရောက်သောအခါ ကားကို (Parking Lot) ကားရပ်ကွင်း အတွင်းရပ်ကာ ဘုရားပေါ်သို့ ဓာတ်လှေကားမှတစ်ဆင့် တက်ခဲ့ကြပါသည်။ ဦးဘိုးအောင်တန်ဆောင်းနှင့် မမွေစေတီတန်ဆောင်းတွင် ဘုရားဝတ်ပြု အဓိဋ္ဌာန်ပုတီးစိပ်ပြီးသောအခါ ရွှေစင်ရွှေပြားလှူသော တန်ဆောင်းသို့သွား၍ အလှူငွေပြေစာပြကာ ရွှေစင်ရွှေပြားကို ထုတ်ယူပြီး မော်တာမီးတင်ဓာတ်ပုံ ရိုက်ကြပါသည်။ မိမိဝတ်ဆင်ထားသော ရှမ်းဝတ်စုံမှာ အလှူရှင်များအကြားသူထူးခြားခြားဖြစ်နေ၍ ဘုရားမှ တာဝန်ရှိသူတစ်ဦးက 'ဒီက မိတ်ဆွေက အနုပညာပြဇာတ်လောကသားလား' ဟု လာရောက်မိတ်ဆက်ပါသည်။

ကျွန်ုပ်ကလည်း စာရေးဆရာ၊ ဗေဒင်ပညာရှင်ဖြစ်ကြောင်း၊ ယခင်က ဝန်ကြီးဌာနတစ်ခုတွင် ဌာနဆိုင်ရာ အရာရှိအဖြစ် တာဝန်ထမ်း ဆောင်ခဲ့ဖူးကြောင်း ရှင်းပြပြီး စာရေးသူ၏ Visiting Card ကို ပေးလိုက်ပါသည်။

မိမိတို့အဖွဲ့ ဘုရား၏ အထက်ပစ္စယာသို့တက်ရန် အလှည့်ကျသဖြင့် အထက်ပစ္စယာသို့ တက်သော လှေကားမှတက်၍ ပထမတက်သွားသောအဖွဲ့ အဆင်းကို စောင့်ဆိုင်းနေပါတော့သည်။

တာဝန်ကျလုံခြုံရေးက 'အဘတို့..ထိုင်စောင့်မနေဘဲ ဘုရားကြီးကို တစ်ပတ်လှည့် ပူဇော်ပြီး ပတ္တမြားမျက်ရှင်ဘုရားကို ကြဲတုန်း ဝင်ဖူးကြပါ' ဟု အကြံပြုပါသည်။

ထိုအခါ စာရေးသူနှင့် ဘေးချင်းယှဉ်လျက် ထိုင်နေသော ပုဂ္ဂိုလ်တစ်ဦးက ဘုရားကြီးကို သက်ယာရစ်ပူဇော်ရန် ထလိုက်ပါသည်။ စာရေးသူလည်း ဝမ်းသာသွားပါသည်။ ဘုရားဖူးလာရင်း အခင်းမှာ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်စကားပြောဖော်ရသွားသောကြောင့် ဖြစ်ပါသည်။

မမွေမိတ်ဆွေ၏ အမည်ကို မမေးတော့ဘဲ ဓာတိမှာ ပျဉ်းမနားဘက်က လာကြောင်း သိရပါသည်။ စာရေးသူကဲ့သို့ ဌာနဆိုင်ရာမှ အရာရှိတစ်ဦး ဖြစ်ပါသည်။ ယခု ပင်စင်ယူထားပြီးဖြစ်ကြောင်း၊ သစ်တောဝန်ထောက်တစ်ဦးဖြစ်ကြောင်း သိရပါသည်။

ပတ္တမြားမျက်ရှင်ဘုရားသို့ ရောက်သောအခါ ဘုရားမှ တာဝန်ကျ တန်ထမ်းကလေးများက ပန်း၊ ဆီမီး၊ သောက်တော်ရေ၊ နံ့သာတိုင်များ ပေးသဖြင့် ကိုယ်တိုင်ဆက်ကပ်ပြီး မိမိရွတ်ဆိုလေ့ရှိသော ဂါထာကို (၇)ခေါက်ရွတ်ပါသည်။ စာရေးသူနှင့် အတူပါလာသော သစ်တော တန်ထောက်ကြီးမှာလည်း စာရေးသူကဲ့သို့ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ပတ္တမြားမျက်ရှင်ဘုရားမှ ဝန်ထမ်းကလေးများကို နှုတ်ဆက်၍ စေတီတော်ကြီးအထက်သို့တက်ရန် စောင့်ဆိုင်းသည့် ဧည့်ခံပေးသို့ ထွက်ခွာလာခဲ့ကြပါတော့သည်။

စေတီပတ်လမ်းတွင် မမွေမိတ်ဆွေကြီးက 'အခုနဆရာလေးရွတ်တာ အကြားအမြင်ရစေတဲ့ဂါထာ မဟုတ်လား' ဟု မေးပါသည်။

ကျွန်ုပ်က 'ဟုတ်တော့ ဟုတ်ပါတယ်။ နောက်ပြီး သိဒ္ဓိဆယ်ပါးလည်း ရတယ်။ ကျွန်တော့်ကိုယ်တွေ့တော့ ပျောက်သွားတဲ့ပစ္စည်းတွေပြန်ရလေ့ရှိပါတယ်' ဟု ရှင်းပြလိုက်ပါသည်။

အမှန်ပြောရရင်တော့ အကြားအမြင်ရတာတောင် မဟုတ်ပါ။ မိမိ

www.burmeseclassic.com

www.burmeseclassic.com

တွင် ရှေ့မှ အကာအရံ၊ အတား အဆီးများ၊ လာဘ်လာဘများလည်း ပွင့်စေသောကြောင့် စာရေးသူ၏ ငယ်ဆရာ ဆရာတော် အရှင်သဝရက ရွတ်ခိုင်းခြင်း၊ အင်းစီရင်၍ ဆောင်ခိုင်းခြင်းပြုရန် ညွှန်ကြားခဲ့ပါသည်။

ထိုအခါကျမှ ကျွန်တော်တို့ သစ်တောဝန်ထမ်းတွေဟာ ရိုးမတောကြီးထဲမှာ ဆင်ပျောက်၊ လမ်းပျောက်ရင် ဒီဂါထာကို ရွတ်လေ့ရှိပါတယ်။ တောနက်ထဲမှ ဓကစာရီ ဓူတင်ဆောင်နေတဲ့ ရဟန်းတော်ကြီးတစ်ပါးက နှုတ်တိုက်သင်ပေးလို့ ကျွန်တော်လည်း ရွတ်ပါတယ်။ ဆရာလို အသေးစိတ် မသိခဲ့ပါဟု သစ်တောဝန်ထောက်ကြီးက ရှင်းပြပါသည်။

ကျွန်ုပ်ကလည်း ဗေဒင်ပညာသင်တော့ ပြဿနာတချို့ ဝေဖန်ပိုင်းခြားခြင်းငှာ မစွမ်းသလို ဆုံးဖြတ်ရန် ခက်ခဲသော ပြဿနာတွေ တွေ့ကြုံရပါက ဖြေရှင်းနိုင်ရန် အဘိညာဉ်(၆)ပါး ရစေနိုင်သော ဂါထာကျင့်စဉ်ကိုလည်း ဆရာကြီး ဦးကျော်ရင်မှ သင်ပေးထားကြောင်း၊ ထိုကျင့်စဉ်မှာ ပြည်မြို့ ရတနာမာရ်အောင် တောရဆရာတော် ဦးဝိဇ္ဇာဗလ(ရွှေဗျိုင်းနားဆရာတော်)ထံမှ ရရှိကြောင်း သိရပါသည်။

ဆရာတော်ကြီးသည် တောတွင်း ဓူတင်ကျင့်နေစဉ် တော်တွင်း ဆရာနှစ်ရာကျော်ခန့်နှင့်တွေ့၍ လောကီပညာ၊ ဂမ္ဘီရပညာများ တတ်ကျွမ်းခဲ့ကြောင်း၊ စမသာရအာဠာနာဋ္ဌိယ ဂိုဏ်းပညာ၏ ဦးစီးဦးဆောင်တစ်ပါးဖြစ်ကြောင်း သိရပါသည်။

ထိုဂါထာနှစ်ပုဒ်ကို အင်းချပြီး နေ့စဉ် ပုတီးစိပ်ခြင်း၊ ရွတ်ဖတ်ခြင်းဖြင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများ၏ လမ်း

အဘိညာဉ်(၆)ပါး ရစေသောအင်း

အ	ကျ	တံ	နှ	ဗ္ဘ	မြင်
သ	ဇာ	စ	ဒ္ဓိ	ပ	နံ
ယံ	သော	နု	ဒိ	က္ခာ	ဝိ
ဝိ	တိ	နိ	ဝ	ပု	ရ
ဗ္ဘ	က္ခ	တ္တ	သ	မံ	သ
စေ	ဝါ	ဒိ	ဗ္ဘေ	စိ	ရ

အင်းဟိန်းဂါထာ

ကျဒ္ဓိဝိမံ
ဒိဗ္ဘသောတံ
ပရစိတ္တ ဝိဇာနနံ
ပုဗ္ဗေနိဝါသနုဿတိ
ဒိဗ္ဘစက္ခာ သဝက္ခယံ
အဟံမမ ဒိဋ္ဌမ္မေ
ဝေဒနိယ ကံ ကျဟွတ် ကျဟွတ်။
(နေ့စဉ် ပုတီးသုံးပတ်စိပ်ပါ။)

အကြားအမြင်ရစေသော သိဒ္ဓိ(၁၀)ပါးအင်း

သိ	ပ	ဗ္ဘ	ဝ	ဗ္ဘ	ဒ္ဓိ
ရေ	ကေ	စ	ထ	တေ	နေ
မေ	ပ	ဝါ	ဒိ	က္ခာ	ဗျာ
ဒ	မိ	ပ	ပေ	ယံ	စေ
သေ	ဆ္ဍ	ဥ	ပ	အာ	ဥ
စေ	တ္တံ	ကာ	ယံ	ဝ	ပေါက်

အင်းဟိန်းဂါထာ

ဥံ..ပထဗျာ အာကာသေ
ပဗ္ဘတေစေဝ ဥဒကေဝနေ
ယံယံပတ္တံ ပဝါရေမိ
ဒိဗ္ဘစက္ခာဥပေဿ္သ မေ။
(နေ့စဉ် ပုတီးသုံးပတ်စိပ်ပါ။)

www.burmeseclassic.com

www.burmeseclassic.com

ချွန်ချက် သြဝါဒများအပြင် အန္တရာယ်များစုံမှ ကင်းလွတ်ကြောင်း သိရပါသည်။

သစ်တောဝန်ထောက်ကလည်း ပျဉ်းမနား တောင်ညီဘက်တွင် တာဝန်ထမ်းဆောင်စဉ် လူဆိုး ပြန်ပေးဆွဲ ဖမ်းဆီးခြင်းခံရကြောင်း၊ သို့သော် ဂါထာ၏ တန်ခိုးကြောင့် နာရီပိုင်းအတွင်း ပြန်လွှတ်စေကြောင်းမှ လာရောက်ကယ်တင်ခြင်းခံရကြောင်း ဂါထာ၏တန်ခိုး အကျိုးသက်ရောက်ပုံကို ရှင်းပြပါသည်။

ထိုဂါထာနှစ်ပုဒ်ကို ရွှေပြား၊ ငွေပြား၊ ကြေးပြား(ကြေးကမ္မဝါ)တွင် အင်းချခြင်း၊ မိုင်းကိုင်စက္ကူ အင်းချ၍ (၄၉)ရက် တစ်နေ့လျှင် ပုတီးသုံးပတ်စီပတ်ခြင်း၊ ပုတီးစိပ်နေစဉ် အဓိဋ္ဌာန်ကာလ၌ သက်သတ်လွတ်စားခြင်း၊ အိမ် ထောင်သည်များ အိမ်ထောင်ဖက်နှင့် အတူမအိပ်ဘဲ သီးခြားအိပ်ခြင်း (ဦးဟုတ်) တန်ခိုးကြီးဘုရား၏ ညောင်ပင်အောက်တွင် တစ်နေ့လျှင် ဂါထာတစ်ပုဒ်ကို ဖယောင်းတိုင်(၁)တိုင်နှုန်းဖြင့် မီးပူဇော်၍ ဂါထာကို ပုတီးစိပ်ခြင်း၊ မိမိမွေးနံ့ အညှန့်ပန်း၊ သောက်တော်ရေ၊ ဆေးတိုင်၊ သစ်သီးများ ပူဇော်ပါက ဝို၍အစွမ်းထက်ပြီး ထွက်ရပ်ပေါက်ဝိဇ္ဇာဝိရိတို့၏ စောင့်ရှောက်ခြင်းကို ခံစားတတ်အသွယ်ရနိုင်ကြောင်း သိရပါသည်။

နိဂုံးချုပ်

ပစ္စည်းပျောက်လျှင် အထက်ပါဂါထာနှင့် (၃၇)အုပ် သဲကိုမန်း၍ ပျောက်သောနေရာ၊ ပစ္စည်းရောက်သောနေရာကို ပက်ပါ။ ပစ္စည်းပြန်ရ၏။ ခိုးသူ ပေါ်၏။ (သစ္စာရှိလေ)

မေတ္တာရည်၍

ပုရောဟိတ် ဆရာဦးမြတ်စံ

ဖုန်း - ၀၉ ၅၁ ၇၆၆၄၆

ရွှေမြင်းဖို®

(အပူတ်တံဆိပ်)

ကျီးပေါင်းလိမ်းဆေး

သုံးစွဲနိုင်သောရောဂါများ

ကျည်ပင်းကျီးပေါင်း၊ ပခုံးဆစ်ကျီးပေါင်း၊ ခြေဆစ်လက်ဆစ်၊ ဒူးဆစ်ကျီးပေါင်းတက်ခြင်းနှင့် ဆစ်လွဲ၊ အဆစ်အပျက်ကိုက်ခဲခြင်း၊ ခုံးလွဲခြင်းဝေဒနာများ၊ အိုရိုးအက်နာ ရောင်ရမ်းခြင်း၊ နာကျင်ခြင်း၊ ခါးနာ၊ ဂက်ကြောတိုခြင်းနှင့် ထုံကျင်ကိုက်ခဲခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

(ကျန်းမာရေး) ။ ။ အညောင်းတိုင်သူများ၊ တရုတ်တိုင်သူများနှင့် အားကစားသမားများအတွက်

"အကြောမြေ ခဏ်ကြေလိမ်းဆေး" အဖြစ်ကျည်း အသုံးပြုနိုင်ပါသည်။

သုံးပြုကြည့်ပါ။ ထူးခြားကြောင်း လက်တွေ့ခံစားရပါမည်။

"အမှန်ကန်သုံးလျှောက်ပါ"

တိုရတ္တာန်အာဆီး၊ အရက်နှင့် ၄င်းတို့နှင့်ဆက်စပ်သောပစ္စည်းများ (လုံး၀) မပါဝင်ကြောင်း အာမခံပါသည်။

ဆေးလက်ကားရရှိနိုင်သည့်ဆေးဆိုင်ကြီးများ

ကိုးခုနိုး (သိမ်ကြီးဈေး)၊ အာရောဂျ (၂၄လမ်းထိပ်၊ သိမ်ကြီးဈေး)၊ ဆန်ဦးအောင်သေးဆိုင် (သိမ်ကြီးဈေး)၊ ပထီလာဈေးရှေ့ သုခချမ်းသာသေးဆိုင်၊ ကြီးသာသေးဆိုင်၊ အာရောဂျသေးဆိုင်၊ ကျောက်ဖူးမြင့်သေးဆိုင်၊ ကိုသက်နိုင်သေးဆိုင် နှင့် ပြည်တော်သာသေးဆိုင် (ဝိုလ်ချုပ်ဈေးသစ်) တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် - 09 49 255193

www.burmeseclassic.com

ပုရောဟိတ် ဆရာဦးမြတ်စံ

နဝရတ်ပုတီး နှင့်

နဝရတ်ဒဂၤဒဂၤရင်



တစ်နေ့သ၌ ကမ္ဘာအေးဘုရား ဂေါပကအဖွဲ့ရုံးစိုက်ရာ အာရုံခံတန်ဆောင်းကြီးတွင် ဓကံသ ဗျာကရဏ ဗေဒင်ပညာရှင်ကြီးများ၏ ပညာဒါနအခမဲ့ဗေဒင်သင်တန်း ဖွင့်ပွဲသို့ ဦးစီးဦးဆောင် ကျင်းပသူ ဆရာကြီးသိဒ္ဓိဆန်း၏ ဖဖၚကြားချက်အရ တက်ရောက်ခဲ့ပါသည်။

မြင်ဖူးပြီး မရင်းနှီးသော ဆရာ,ဆရာမများ၊ နာမည်သာ ကြားသိရကာ တရင်းတနှီး စကားမပြောဖြစ်သော ဆရာ,ဆရာမများနှင့် တွေ့ဆုံရင်းနှီးခွင့်ရခဲ့ပါသည်။ နာမည်ကြီး ဓကံသပညာရှင် ဆရာတချို့ကလည်း ပုရောဟိတ် ဆရာဦးမြတ်စံဆိုတာ နာမည်သာ ကြား ဖူးတာ လူကိုယ်တိုင် မတွေ့ဖူး မမြင်ဖူးကြောင်း၊ ယခုသင်တန်းတွင် ဆရာကြီးသိဒ္ဓိဆန်း၏ မိတ်ဆက်ပေးမှုကြောင့် ခင်မင်စကားပြောခွင့်ရကြောင်း ပဋိသန္ဓာရစကား ဆိုလာပါသည်။

အချို့ဆိုလျှင် မိမိထက် အသက်ငယ်သော ဗေဒင်ပညာရှင်များဖြစ်၍ ငယ်ရွယ်ဝုဏ် မောက် မာန်စောင်မြောက်ခြင်း အလျှင်းမရှိဘဲ ကြီးသူကို ရိုသေသမှုပြုကာ လိုအပ်သည် များကို လမ်းညွှန်ပြသ ဆုံးမသြဝါဒပေးရန် ပြောပြပါသည်။ ထိုဆရာမှာ ရွှေဘုန်းပွင့်ဘုရား ဆရာသန်းထိုက်ဇော် ဖြစ်ပါသည်။

ကျွန်ုပ်ကလည်း ပညာဟူသည် ကြီးသည်,ငယ်သည် မဟုတ်၊ ပညာရပ်ကို စိတ်ဝင် တစားဖြင့် စိုက်လိုက်မတ်တတ် လေ့လာနေသော ပညာရှင်များကို လေးစားဂုဏ်ယူမိ ကြောင်း ရှင်းပြပါသည်။

ကျွန်ုပ်နှင့်အတူ ဘေးချင်းယှဉ်ကာ ထိုင်နေသော ဆရာကြီး ဦးမောင်မောင်ကြည် (သေသဝိဇ္ဇာ)ကလည်း ဆရာကြီး မင်းသိခ်ီနှင့်အတူ ပညာဆည်းပူးခဲ့ပုံ၊ ပညာရပ်တစ်ခုတည်း ဖြင့် ရပ်တည်မနေဘဲ စွယ်စုံလေ့လာသင့်ကြောင်း ပညာရှင်ဆရာများကို အမြဲတမ်း ထုတ်ဂုဏ်ပြု ဂါရဝထားသင့်ကြောင်း နဝင်းပွဲပညာ၊ လောကခံရှစ်ပါးအယူအဆ (Assume)တို့သည် ဆရာကြီးဦးကြာမြင့်က ဖော်ထုတ်ခဲ့ကြောင်း နောင်လာနောက်သား ဗေဒင် ဆရာများ သိရှိရန် ဖွင့်ဆိုရှင်းပြခဲ့ပါသည်။

ဗေဒင်သင်တန်းဆင်းပွဲတွင်လည်း ဆရာကြီးမင်းသိခ်ီ၏ အစဉ်အလာတိုင်း သင်ကြား ပေးသော ဆရာများကို ဂါရဝပြုစေခြင်း၊ ပညာရှာ ဆရာန္တတ်ခမ်း မသတ်နဲ့ စာဆိုနှင့်အဆို ဗတ်မှတ်လေ့လာရန် ဗေဒင်ကျမ်းများကို ညွှန်ကြားပြသပြီး ညစာထမင်း၊ ရေခဲမုန့်ဖြင့် ဧည့်ခံကျွေးမွေးပါသည်။

သင်တန်းဆင်းပွဲသို့ တက်ရောက်လာကြသော ဆရာ, ဆရာမထဲမှ ငယ်စဉ်ကတည်း ရင်းနှီးခဲ့သော မန္တလေးမြို့မှ ဆရာအောင်သန်း(ဦးလောကေသရ)၏ မြေးတော်စပ်သူ မိတ်ဆက်ပေးမှုကြောင့် ဆရာတစ်ဦးနှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့ပါသည်။ ထိုဆရာက ဂန္ဓီရပညာ လောကီအဆောင်အကြောင်း ဗဟုသုတအဖြစ် စတင်ဆွေးနွေးပါသည်။ ဆန်းဆရာမကြီး ဒေါ်ပိုက်၏ ဆန်းပညာအကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။

ထိုဆရာက ကျွန်ုပ်၏ ဘယ်ဘုက်လက်သူကြွယ်တွင် ဝတ်ဆင်ထားသော နဝရတ်လက်

www.burmeseclassic.com

www.burmeseclassic.com



ရွယ်၏ အစွမ်းကို မိတ်ဆက်ဆွေးနွေးပါသည်။ နဝရတ်လက်စွပ် ဝတ်ဆင်ထားခြင်းဖြင့် ဆရာဝန်ဖြစ်နိုင်ကြောင်း၊ ကြော်ငြာတစ်ခုတွင် ဖတ်ရှုခဲ့ရကြောင်း၊ တကယ်ပဲ ဖြစ်နိုင်ခြေရှိ,မရှိ ကျွန်ုပ်အား မေးမြန်းပါသည်။ အနီးစပ်ဆုံး ဥပမာကို ကျွန်ုပ်က တင်ပြလိုက်ပါသည်။

ကျွန်ုပ်သည် ငယ်စဉ်က ရုံးဝန်ထမ်းဘဝဖြင့် ဘဝအခြေစခဲ့ကြောင်း၊ တက္ကသိုလ်မှ ဘွဲ့ရခါစတွင် အောက်ခြေဝန်ထမ်းဘဝမှ ဌာနဆိုင်ရာ အရာရှိအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း၊ ဘာဆိုလို မှုးရင်ရှုစရာတောင် မရှိကြောင်း၊ အိမ်ထောင်ကျ၍ သားသမီးထွန်းကားသောအခါ သမီးကြီးဖြစ်သူကိုလည်း ရွှေမဆင်မြန်းနိုင်ကြောင်း၊ သမီးနှစ်ယောက်စလုံးအားလည်း နှားဆောက်တောင် မဖောက်ပေးခဲ့ကြောင်း၊ နဝရတ်လက်စွပ်လည်း မဆင်မြန်းပေးနိုင်ခဲ့ပါ။ သမီးကြီးမှာ ကြိုးစားအားထုတ်မှု ဝီရိယကောင်းသဖြင့် ဆရာဝန်ဘွဲ့ကို ရရှိကာ Post Graduate, Master (မဟာဘွဲ့)ကိုပါ ထပ်မံရရှိကြောင်း ရှင်းပြလိုက်ပါသည်။

သမီးငယ်ဖြစ်သူမှာလည်း Asian Studies (B.A) ဘွဲ့နှင့် အင်္ဂလိပ်စာ(B.A) ဘွဲ့ကို ရရှိပြီး Human Resources တာဝန်ကို ပြည်ပကုမ္ပဏီတစ်ခုတွင် ထမ်းဆောင်နေကြောင်း ရှင်းပြလိုက်ပါသည်။ သို့သော် သမီးနှစ်ယောက်လုံးအတွက် တတ်သိနားလည်သော အချိန်မှ၌ နဝရတ်ပုတီး စီရင်ပြီး နဝရတ်ကျင့်စဉ်ကို အချိန်ပေးရင် ပေးနိုင်သလို အားထုတ်ကျင့်ကြံ နေထိုင်စေခဲ့ပါသည်။

ကျွန်ုပ်လည်း ဌာနဆိုင်ရာမှ ခေါ်ယူပြီးသောအခါ နိုင်ငံခြားတွင် ငါးနှစ်သွားရောက် ဆည်းပူးခဲ့ကြောင်း၊ ရှင်းပြပါသည်။

ယခု ကျွန်ုပ်စီးနေသော ကား၊ ဖုန်း ထိုစဉ်က ပေါက်ဈေး သိန်း(၄၀)ခန့် ရှိပါသည်။ Facilities (အဆောင် အယောင်)တွေက ဌာနမှ တာဝန်ထမ်းဆောင်စဉ်က ရတာ မဟုတ်ပါ။ ယခုပင်စိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ခြင်းဖြင့် ရရှိခြင်း ဖြစ်ပါသည်။

သို့ဖြစ်ရာ လုပ်ဖော်ကိုင်ဖက် အငြိမ်းစား ညွှန်မှူးတစ်ယောက်က ခင်ဗျားတစ်ယောက်ပဲ ဆိုသော အနားယူပြီး တိုက်နဲ့ ကားနဲ့ နေနိုင်တာဟု မုဒိတာပွား ချီးမွမ်းလေ့ရှိပါသည်။

ကျွန်ုပ်နှင့် ကျွန်ုပ်၏ မိသားစုများ အဓိဌာန်ပုတီးစိပ်သော နဝရတ်ပုတီးမှာ အောက်ပါ အတိုင်း စီရင်ထားကြောင်း ရှင်းပြလိုပါသည်။

တနင်္ဂနွေ (ဗုဒ္ဓဟူး)	တနင်္လာ (အရဟံ)	အင်္ဂါ (သမ္မာသမ္ဗုဒ္ဓါ)
သောကြာ (သတ္တာဒေဝမနုဿာနံ)		ဗုဒ္ဓဟူး (ဝိဇ္ဇာစရဏသမ္ပန္နော)
ရာဟု (အနုတ္တရောပုရိသဒမ္မသာရထိ)	ကြာသပတေး (လောကဝိဒူ)	စနေ (သုဂတော)

နေသားတစ်ဦး၏ အမြစ်,အညွှန့်ကို ပင်လယ်ကူးတွင် ကြည့်၍ စီရင်ရပါသည်။

ဥပမာ-တနင်္ဂနွေသားဆိုပါစို့၊ တနင်္ဂနွေ၏ အမြစ် စနေ (သုဂတော)ဖြစ်ပါသည်။ တနင်္ဂနွေ၏ အညွှန့် တနင်္လာဖြစ်ပါသည်။ အနေ-တနင်္လာ အတွဲ (ဒန်းကြီး)ဖြစ်ပါသည်။

စေတီခေါင်းတွင် အိမ်ထောင်မိတ် ဦးသာ၊ စိန်ပန်း၊ ကြယ်သီး၊ ကိုရှာ လင်္ကာအရ တနင်္ဂနွေ၏ မိတ်သီးသား၊ သီဟိုဠ်ကျွန်းကို စီရင်ပြီး စမလေးချက် နက္ခတ်(၂၇)ပါးဖြင့် ဓာတ်ဖွင့် စီရင်ထားကြောင်း ရှင်းပြပါသည်။

တနင်္ဂနွေသားဖြစ်ပါက တနင်္ဂနွေနံသင့် အုန်းသား၊ ငှက်သား ပုတီးစေ့(၆)လုံး၊ ထိုမှ ဂြိုဟ်ခွင်အဋ္ဌလင်္ဂအတိုင်း

အဋ္ဌလင်္ဂဂြိုဟ်ခွင့် ထောင့်အရပ်အလိုက် ပုတီးစိပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com

တနလာ်ာ ကဲ့ကော်၊ ကျွန်း ပုတီးစေ့ (၁၅)လုံး၊ အင်္ဂါနံသင့် ဆီး၊ ဗျောင် (၈)လုံး၊ ဗုဒ္ဓဟူးနံသင့် ယင်းဘိုက်သား ပုတီးစေ့ (၁၇)လုံး၊ စနေနံသင့် ထိန်သား၊ ထနောင်းသား ပုတီးစေ့ (၁၀) လုံး၊ ကြာသပတေးနံသင့် ပေါက်၊ ပျဉ်းမသား ပုတီးစေ့ (၁၉)လုံး၊ ရာဟုနံသင့်သား လင်း လွန်းသား ပုတီးစေ့(၁၂)လုံး၊ သောကြာနံသင့်သား သီးသား၊ သီဟိုဠ်သား ပုတီးစေ့ (၂၁) လုံးကို စီရင်သီကုံးထားပါသည်။ ထိုပုတီးစေ့ စုစုပေါင်းမှာ (၁၀၈)လုံးရှိသဖြင့် နဝရတ်(နဝ ဂဏန်း) ဖြစ်ပါသည်။

နွေသားအလိုက် ပုတီးစိပ်တော့မည်ဆိုလျှင် မိမိစတင် ပုတီးစိပ်မည့် ထောင့်အရပ်ကို အာရုံပြုခြင်း၊ ထိုထောင့်အရပ်တွင် (ကြိုဟ်တိုင်ရှေ့တွင်) အဓိဋ္ဌာန်ဝင်ခြင်းပြုပါ။ သော ဘဂဝါ ကတိုဝိ ဗုဒ္ဓါဟု တနဂိန္ဒေသားက တနဂိန္ဒေနေ့တွင် စ၍စိပ်ပါ။

ထို့နောက် တနလာ်နေ့တွင် သောဘဂဝါ ကတိုဝိ အရဟံဟု တနလာ်ထောင့်အရပ်ကို အာရုံပြု၍ ဘုရားတွင် တနလာ်ထောင့်ကြိုဟ်တိုင်တွင်လည်းကောင်း သွားရောက် အဓိဋ္ဌာန်၍ ပုတီးစိပ်နိုင်ပါသည်။

အလားတူ ကျန်သောနေ့သားများ ဥပလက္ခဏာနည်း (ရှေ့က ဥပမာပြလျှင် နောက်က လိုက်၍လုပ်ပုံ)ဖြင့် ဆောင်ရွက်နိုင်ပါသည်။

ဗု	ဓ	ရာ	မ	ဓ	ရာ	သံ	ဓ	မေ
မွ	၁၅	ဒွ	ပ	၂၄	မွ	မွ	၃၆	ဃ
တေ	ဇာ	ဓ	တေ	ဇာ	ဥ	တေ	ဒွံ	ရာ
ကြ	ဝါ	နာ	ဝိ	ယေ	သွာ	ဗြ	ဝါ	ပ
ထ္ထိ	ဝဓ	န္ဒ	ယေ	(နံ)	ယာ	ဟ	ဝဓ	ဟ္မာ
ဒေ	မ	သော	ဝါ	ဟုံ	ဝိ	ဒေ	တိ	ဂ
မေ	နံ	သော	ဘု	ဝါ	နာ	မ	ရီ	ကြ
ဟာ	၃၆	ဒွံ	ရာ	၂၄	မွာ	မွ	၁၅	နော်
ဓ	ဂံ	မ	ဒေ	ဒါ	ရာ	ဟ	ထ္ထိ	သ

နဝရတ်အင်းအစီအရင်

အောင်	ပ	ကု	လား	ဆွေ	သား	တော်	ရင်း
၁	၅	၂	၄	၃	၆	ဝ	၈

(နံ) နေရာတွင် အဓိဋ္ဌာန်ပြုသူ၏နံ သွတ်ပါ။

ထို့ထက်ပို၍ ထိရောက်သော အဓိဋ္ဌာန်ကို လိုပါက ပရိက်ပြု၍ ငါးပါးသီလခံယူခြင်း နံ့သာတိုင်၊ ပန်း(နံသင့်ပန်း)၊ သောက်ဆေး ရေ၊ ဖယောင်းတိုင်ဖြင့်လည်း ဆောင်ရွက် နိုင်ပါသည်။ ဖယောင်းတိုင်တွင် စီရင်သော နဝရတ်အင်းမှာ မိုင်းကိုင်စတ္တူတွင် တစ်ဖက် ပါအတိုင်း စီရင်၍ ဖယောင်းတိုင်တွင် ပတ် ပူဇော်ပါ။

အင်း(၉)အင်းကို ဖယောင်းတိုင်(၉)ချောင်း တွင် ပတ်၍စီရင်ပါ။ ကြေးပြား(ကြေးထ ဝါ)တွင် စီရင်ပြီး ထိုအင်းပေါ်တွင် ဖယော တိုင် ပူဇော်လျှင်လည်း ရပါသည်။

အထက်ပါအင်းကို စီရင်ပြီးသော ဖယောင်းတိုင်တွင်ပတ်၍ (၉)ရက်အဓိ ဝင်ရပါသည်။ အဓိဋ္ဌာန်ပြည့်မြောက် နေ့တွင် မိမိလိုရာဆန္ဒရှိရာကို ဆုတော ပါလေ။ ဆုတောင်းပြည့်၏။

ကျွန်ုပ်စီရင်ပေးသော လူငယ်တစ်ဦး P နိုင်ငံခြား ပညာသင်ဆု မကြာသေးမီက ခဲ့ပါသည်။

မေတ္တာရပ်ခံ

ပုဇောဟိတ် ဆရာဦးကြ

ဖုန်း - ၀၉ ၅၁ ၇

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓိရ-ဆရာလှမျိုး(B.Sc)

ပေးဝေပေးချေ လိုရာဆန္ဒပြည့်ဝစေ

တစ်နေ့တွင် စာရေးသူ၏ဟောခန်းသို့ မိတ်ဆွေတစ်ဦး ရောက်ရှိလာပါသည်။ သူသည် တောင်ဒဂုံတွင် နေထိုင်သူ တစ်ဦးဖြစ်ပြီး လူပျိုကြီးတစ်ဦးလည်းဖြစ်၏။ သူနှင့် စာရေးသူ သိကျွမ်းလာခဲ့သည်မှာ နှစ်ပေါင်း(၁၀)နှစ်ကျော် ရှိပါပြီ။ သူသည် ခေတ်ပညာတတ်ဖြစ်သော်လည်း လက်တွေ့ကျကျ ဆောင်ရွက်ပေးသော နဝင်းစီးပညာနှင့် ယတြာကို ယုံကြည်သူတစ်ဦးဖြစ်သည်။ ယခု သူသည် အာဆီယံနိုင်ငံ တစ်နိုင်ငံတွင် သင်တန်းတက်ရင်း အလုပ်လုပ်နေပါသည်။ တစ်နှစ် တစ်ကြိမ် (သို့မဟုတ်) ခြောက်လတစ်ကြိမ် ရန်ကုန်ပြန်လာတိုင်း နဝင်းလာချေပါသည်။

'ဆရာမျိုး..ရပ်ဝေးနယ်ခြားမှာ အထက်ဆောင်ပန်း အောက်နင်းကြမ်းလုပ်ဖို့ မလွယ်ကူ၊ အရွက်,အခက် ရှာရတာ ခက်တယ်။ ဘယ်နည်းနဲ့ ယတြာချေရမလဲ'ဟု မေးလာပါသည်။

ကျွန်ုပ်လည်း ခေတ္တစဉ်းစားပြီး 'ခင်ဗျားရဲ့ ဆောင်ပန်းကို အဆင်ပြေသလို လှူလိုက်ပါ။ ပြီးရင် နင်းကြမ်းကို စတိဝါးစားလိုက်ပါ။ ဒီယတြာကို ပေးဝေပေးချေယတြာလို့ ခေါ်တယ်'ဟု ပြောလိုက်သည်။

၄င်းမှ-

'ဒါဆို အင်္ဂါနဲ့ကိုလှူပြီး တနလ်္ဂာနဲ့ကို စားရမှာပါ'

'ဟုတ်ပါတယ်။ အင်္ဂါနဲ့(ဆန်၊ ဆီ၊ ဆေး၊ ဆား၊ စပူဆာ၊ ဆီးသီး၊ ဆီးညွှန့်၊ ဆီးဖျော်ရည် တစ်မျိုးမျိုး)လှူပါ။ ဘုရား၊ ရဟန်းသံဃာ မရှိရင်လည်း သက်ကြီးဝါကြီး၊ ဆရာသမား၊ မိတ်ဆွေ၊ ကလေး၊ သတ္တဝါတစ်ကောင်ကောင် ပေးချင်တဲ့လူကို ပေးဗျာ။ ပြီးရင် ကြိုသင်္ကာ၊ ကိတ်မုန့် တစ်ခုခု စားလိုက်ပါ'ဟု အကြံပေးလိုက်ပါသည်။

ထိုသူလည်း နဝင်း ယတြာချေပြီး ပြန်သွားသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ထိုနည်းကို ဆောင်ရွက်ပြီး ပညာရေးစာမေးပွဲဖြေဆိုတာ အောင်မြင်ကြောင်း သတင်းပေးပို့လာပါသည်။

ဤပေးဝေ ပေးချေယတြာကို (၇)နေ့သားသမီး မည်သူမဆို အချိန်အခါမရွေး ပြုလုပ်နိုင်ပါသည်။ ကြွေးကောင်းသောကိစ္စများ၊ စာမေးပွဲဖြေသောကိစ္စများ၊ အင်တာဗျူးဖြေသောကိစ္စများ၊ အနောင့်အယှက်ကင်းဝေးလိုခြင်း၊ တခြားယတြာများ ပြုလုပ်ပြီး မပွင့်သေးသောသူများသည် ပေးဝေပေးချေယတြာ ပြုလုပ်ရသည်။ ဆရာကြီးဦးလင်းအောင်မှ ဤယတြာကို ပယောဂမပြုလုပ်နိုင်သောယတြာ၊ သူတစ်ပါး ပြုစားနှောင့်ယှက်တာကို ကာကွယ်ထားနိုင်သောယတြာဟု ဆိုပါသည်။ တစ်နည်းအားဖြင့် နဝင်းနှိုးသည်ဟု ခေါ်ဆိုသည်။

ပေးဝေခြင်း

မိမိတို့၏ အကောင်းဆုံးနဝင်းတွဲမှ အထက်ဆောင်ပန်းကို ပေးလှူပါမည်။ သူများကို ပေးကျေးရမည်။ ဒါနပြုရမည်။ အောက်နင်းကြမ်းနံကို ဝါးချေရမည်။

ပေးချေခြင်း

ညက်ညက်ပါအောင် နင်းချေရမည့် သဘောဖြစ်၍ မိမိကိုယ်တိုင် စားပစ်ရမည်။ နင်းကြမ်းကို ကိုယ်က သုံးဆောင်ခြင်း စတိသဘောဆောင်ရွက်ရမည်။ လှူဒါန်းတာနှင့် အညွှန့်ထိုးတာ အတူတူပါပဲဟု မှတ်ယူပါ။

ပေးဝေပေးချေယတြာပြုလုပ်ရန် မိမိ၏ ကိုယ်ပိုင်နဝင်းတွဲ(ဆေးအတွဲ) ဆောင်ပန်း၊ နင်းကြမ်းကို သိထားရပါမည်။ နဝင်းတွဲသိဖို့ ဦးစွာပထမ မိမိမွေးသင်္ကရာဇ်ကို (၇)ဖြင့် စား၍ရသော မူလမဟာဘုတ် သိရမည်။

မူလမဟာဘုတ်

မရဏနှင့် ရာဇဖွားများ - အမြစ်၊ အညွှန့်တွဲ
ပုတိနှင့် သိုက်ဖွားများ - ပင်းယတွဲ
ဘင်္ဂ၊ အဓိပတိ၊ အထွန်းဖွားများ - သစ်စိမ့်တွဲ
ဥပမာ - (၁၃၂၆)ခုနှစ်၊ တနင်္ဂနွေသား
၁၃၂၆ ÷ ၇ = ၃ ကြွင်း

(၁နွေသားသမီး မွေးနံ့တိုင်)

www.burmeseclassic.com

www.burmeseclassic.com

	ဝ	
၂	၅	၁
၆	၃	၄

တနင်္ဂနွေသား ရာဇဖွား

	အဓိပတိ	
အထွန်း	သိုက်	ရာဇ
မရဏ	ဘင်	ပုတိ

ထို့ကြောင့် အမြစ်၊ အညွှန့်တွဲ ဖြစ်သည်။ အထက်ဆောင်ပန်း တနလ်ာန်(ကံ့ကော်ညွှန့်၊ ငွေပန်း၊ ကျည်းရွက်၊ ကြံညွှန့်အစား ကြဲသကာ၊ ကိတ်မုန့်၊ ကျောက်ကျော၊ ကြံရည်၊ ချောကလက်၊ ငါးကင်၊ ကြက်ကြော်၊ ကော်ဖီ၊ ခေါက်မုန့်၊ ကောက်ညှင်းထုပ် တစ်မျိုးမျိုးကို) ပေးဝေဒါန ပြုလိုက်ပါ။ ပုဂ္ဂိုလ်မရွေး စေတနာအဓိက။ ထိုသို့ပေးပြီးသည်နှင့် မိမိကိုယ်တိုင်မှာ စနေနံ့ ထန်းလျက်ခဲ၊ ထန်းသီး၊ နွားနို့၊ နို့မလိုင်၊ နာနတ်ယို တစ်ခုခုစားရပါမည်။ လှူသော ပစ္စည်း အစားအစာ မစားရပါ။

ကျန်နွေသားသမီးများလည်း ထိုပုံစံ ဖြစ်ပါသည်။ တနင်္ဂနွေသားသမီး မရဏနှင့် ရာဇဖွား (၇၂)အတွဲကဲ့သို့

၆
၃ လှူ (ဆီးသီး၊ ဆီးဖျော်ရည်၊ ဆေးဘူး၊ ဆပ်ပြာ၊ ဆီထမင်း၊ စမူဆာ၊ ဆိတ်သား)
၀
၂ မွေးနံ့
၅
၁ ကိုယ်တိုင်စား (အုန်းသီးစိတ်၊ မုန့်ညှင်း၊ အာလူးကြော်၊ ဥတစ်မျိုးမျိုး၊ မုန့်ဦးနှောက်၊ သြဇာသီး)
၄

ကျန်နွေများကို အပြည့်အစုံဖော်ပြပေးလိုက်ပါသည်။

ဥပမာ-တနလ်ာသားသမီး ရာဇဖွားနှင့် မရဏဖွား ဆိုပါက အထက်ဆောင်ပန်း အင်္ဂါနံ့(၃)ဖြစ်သည်။ နင်းကြမ်း တနင်္ဂနွေနံ့(၁)ဖြစ်သည်။

အကယ်၍ လှူစရာဆောင်ပန်းနေရာတွင် အစားအစာ မရပါက မဝယ်ဖြစ်ပါက ဆီးညွှန့်၊ ဇော်စိမ်းညွှန့်၊ စံပယ်ပန်း၊ စိန်ပန်း စာစ်မျိုးမျိုး ဘုရားလှူလိုက်လည်း ရသည်။ ဘာပဲလှူလှူ လှူပြီးသည်နှင့် တနင်္ဂနွေနံ့ စတိစားလိုက်ပါ။

မွေးနံ့	အဖွား	ဆောင်ပန်း	နင်းကြမ်း
တနင်္ဂနွေ	မရဏ၊ ရာဇ	၂	၇
တနင်္ဂနွေ	ပုတိ၊ သိုက်	၅	၄
တနင်္ဂနွေ	အထွန်း၊ အဓိပတိ၊ ဘင်	၆	၃
တနလ်ာ	မရဏ၊ ရာဇ	၃	၁
တနလ်ာ	ပုတိ၊ သိုက်	၆	၅
တနလ်ာ	အထွန်း၊ အဓိပတိ၊ ဘင်	၇	၄
အင်္ဂါ	မရဏ၊ ရာဇ	၄	၂
အင်္ဂါ	ပုတိ၊ သိုက်	၇	၆
အင်္ဂါ	အထွန်း၊ အဓိပတိ၊ ဘင်	၁	၅
ဗုဒ္ဓဟူး	မရဏ၊ ရာဇ	၅	၃
ဗုဒ္ဓဟူး	ပုတိ၊ သိုက်	၁	၇
ဗုဒ္ဓဟူး	အထွန်း၊ အဓိပတိ၊ ဘင်	၂	၆
ကြာသပတေး	မရဏ၊ ရာဇ	၆	၄
ကြာသပတေး	ပုတိ၊ သိုက်	၂	၁
ကြာသပတေး	အထွန်း၊ အဓိပတိ၊ ဘင်	၃	၇
သောကြာ	မရဏ၊ ရာဇ	၇	၅
သောကြာ	ပုတိ၊ သိုက်	၃	၂
သောကြာ	အထွန်း၊ အဓိပတိ၊ ဘင်	၄	၁
စနေ	မရဏ၊ ရာဇ	၁	၆
စနေ	ပုတိ၊ သိုက်	၄	၃
စနေ	အထွန်း၊ အဓိပတိ၊ ဘင်	၅	၂

www.burmeseclassic.com

www.burmeseclassic.com

အစားအစာလှူပါက ထိုအစားအစာကို လှူသော တစ်နေကုန် မစားရပါ။

ဤပေးဝေပေးချေယတြာကို အိမ်မှာ အချိန်အခါမရွေး အရေးကြီးရင် ကြီးသလို ပြုလုပ်လို့ရသည်။ သတိရတိုင်း အဆင်သင့်တိုင်း ပြုလုပ်ပေးနိုင်သည်။ အချိန်အခါ မလိုပါ။ လမ်းခရီးသွားရင်း ပြုလုပ်ပေးသွားနိုင်သည်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသူကျောင်းသားများ၊ အင်တာဗျူးဖြေမည့်သူများကို နဝင်းယတြာချေပြီး ဤပေးဝေပေးချေကို ပြုလုပ်ခိုင်းပြီး သွားဖြေခိုင်းပါသည်။ အားလုံးနီးပါး အောင်မြင်ကြသည်။ လက်တွေ့ဖြစ်သည်။ ကိုယ်တိုင်လည်း ဆရာထံမှာ သင်ယူခဲ့ရသည်။ လက်တွေ့လည်း ဆောင်ရွက်လာသည်မှာ (၁၀)နှစ်ကျော်ပါပြီ။ နဝင်းယတြာအမျိုးမျိုး လိုအပ်သလို ဆောင်ရွက်ပေးပါသည်။ နဝင်းနှိုး၊ နဝင်းဖြေ၊ နဝင်းချေတာကို ဆရာလုပ်သူက တက်ထားပါသည်။ ယတြာဆိုတာ အကြောင်းရှိမှ ပြုလုပ်တာ ပိုကောင်းသည်။ အလကားနေရင်း စမ်းသပ်သည်သဘော၊ အပျော်သဘော၊ လောင်းကစားအတွက် အသုံးချခြင်းတို့ မပြုလုပ်အပ်ပေ။

ဤပေးဝေပေးချေယတြာကို လူကြီး၊ ဘာသာမရွေး ပြုလုပ်နိုင်သည်။ ဆောင်ပန်း၊ နင်ကြမ်းယတြာချေသကဲ့သို့ ကောင်းကျိုးခံစားရသည်။ ယတြာတစ်ခုခုမှားခြင်း၊ ဓာတ်ခိုက်၍ ဓာတ်ဖြေရာတွင်လည်း အသုံးပြုနိုင်သည်။ သူများကို လှူပြီးသည်နှင့် ကိုယ်က စားလို့ရပါပြီ။ လှူနေရင်းလည်း စားလို့ရပါသည်။ အလှူပစ္စည်း၊ အစားအစာ ပုံသေသတ်မှတ်ထားစရာ မလိုပေ။

နဝင်းယတြာချေပြီး ပေးဝေပေးချေ ပြုလုပ်ပေးလိုက်ရာ အကြွေးတွေ ပြန်ရသူတို့ ကျေးဇူးတင်ကြသည်။ ပြည်ပခရီးသွားလူငယ်များ၊ တိုင်းတစ်ပါးသွား လုပ်ကိုင်နေရသူများ အထူးပြုလုပ်သင့်သည်။ မိမိ၏ ဆောင်ပန်းအတွဲကို တော့ ကြိုတင်စီစဉ်ရှာဖွေထားရမည်။

စာရေးသူ တနင်္ဂနွေနံ အာလူးကြော်လှူပြီး စနေနံ ထန်းလျက်ခဲ စားသည်။ နေ့နံယူရာတွင် အစအကွာရာကိုသာ အဓိကကြည့်၍ သင်ဆရာ ဆရာဦးအောင်ကြင်က မှာကြားထားပါသည်။

ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေ

ဂန္ဓိရ-ဆရာလှမျိုး(B.Sc)

မန္တလေး-နေပြည်တော် ဆရာလှ၏ ပြိုးတပည့်

ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

ဇမၺဒီပ လက္ခဏ ဇဝဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှင်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂၂၂ ၇၇ ၉၇

www.burmeseclassic.com

ဇကာမွှာ

မှ

ဖော်စပ်ပြုစုထုတ်လုပ်သော ဆေးများ

ကျန်းမာရေးပြန်မှာရေး

ဇကာမွှာ

မှ

အစဉ်ပေး

ဇကာမွှာဆေးဝိုက်မှ ထုတ်လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုရီးယားနိုင်ငံတော်သမ္မတကြီးမှာမြှင့် အထူးဖိတ်လုပ်ထိုက်သော

ဇကာမှာ

ဆေးတိုက်မှ ဆေးအာသစ်များ

ကျန်းမာရေး/အထေထေ/ဇီဝ(၂၄၉)
Nov 2011

ကော်မွှာ ပန်းခါးဆေးလုံး

TMR 011961 (0516)

ဆီးချို၊ သွေးချို၊ သွေးတိုး၊
ဒုက်ဖျားကြွက်တင်ကာကွယ်ဆေး။

ကော်မွှာ တောင်တိုင်မြနန်းဆေးလုံး

TMR 011636

BURMESE CLASSIC .com

အဖုအကိုတ်၊ အနာပေါက်၊ ပြည်တည်နာ၊
မြစ်ပွားနာ၊ အစာအိမ်နာ၊ သားအိမ်အတွင်း
အလုံးအကိုတ် ရောဂါများအတွက် သောက်ဆေး။

ကော်မွှာ ရဲဖိုဆေးလုံး

TMR 011510 (1215)

လေထိုး၊ လေအောင့်၊ လေနာ၊ လေးဘက်နာ၊
အကြောအဆစ်ရောင်ရောဂါ သောက်ဆေး၊
ဂိုယ်ခံစွမ်းအားတက်၍ နုပျိုလန်းဆန်းစေပါသည်။

ကျန်းမာရေးမြန်မာ့ဆေး **ဇကာမှာ** မှ အစဉ်ပေး

ကော်မွှာဆေးတိုက်မှ ထုတ်လုပ်သည်များ

www.burmeseclassic.com

www.burmeseclassic.com

ကဗျာဖန်ဆင်းခြင်းသဘောတရားများ ဖြစ်စေပါရာသည် တန်းစီးခြင်းတို့ကြောင့် (၂)

ဝဏ္ဏ-ဆရာလှမျိုးနိုင် (ဒဂုံ)

ယခင်လက စနေသက်ရောက် ဖြကြာတန်းစီးနှင့် တနင်္ဂနွေတိုင်ထိပ်ယတြာ ရေးသားဖော်ပြပေးခဲ့ပါသည်။ ထိုယတြာကို ၁နွေ (သို့မဟုတ်) သောကြာနေ့တွင် စတင်ပြုလုပ်ရပါမည်။ စာရေးသူကတော့ အရပ်ဂုဏ်တော်ပုတီး (၉)ပတ်စီပဲ (၂၇)ရက် ဆောင်ရွက်ခိုင်းသည်။ (၇)ရက်၊ (၂၇)ရက်၊ သက်နေ့တစ်မျိုးမျိုး ပြုလုပ်ရမည်။ (၂၇)ရက်ပြည့်သောအခါ အုန်းသီးကို ရေစီးထဲ မျှောပါ။ ရေနှင့် ဆေးလျှင် ညောင်ပင်အောက် (သို့မဟုတ်) သန့်သောနေရာမှာ စွန့်ပါ။ သဲကိုတော့ အိမ်ထဲမှာ သွန်ချလိုက်ပြီး သံပန်းကန်ပြားကို သိမ်းထားပါ။ ထိုယတြာ ပြုလုပ်ပြီး အလုပ်ရသွားသူ၊ လုပ်ငန်းရာထူး တိုးတက်သွားသူတွေ များစွာရှိပါသည်။ အတိုက်အခံအတွက် ပြုလုပ်လိုပါက အပေါ်မှာ (ဩ)အက္ခရာရေး၊ အောက်မှာ (အ)အက္ခရာရေးပြီး မီးထွန်းပါ။

ကြာသပတေးသက်ရောက်တွင် တနင်္ဂနွေ(၁)တန်းစီးနှင့် (၃)အင်္ဂါတိုင်ထိပ်ဖြစ်သည်။ ထိုကြောင့် ဩစာသား၊ ဆီအုန်းပင်အသား၊ ဆီးသား၊ ညောင်သား တစ်ခုခုကို လက်ခလယ်နှင့် တိုင်းခြင်းမျိုး အများမှာ (စ)အက္ခရာရေးပြီး တနင်္ဂနွေ၊ အင်္ဂါ တစ်ရက်ရက်တွင် စတင်ပူဇော်ရပါမည်။ အချိန်အတိုအကျ ပြုလုပ်စရာ မလိုပါ။ အချို့မှာ အရှေ့မြောက် (သို့မဟုတ်) အရှေ့တောင်အရပ်မှ ဆီးသား တနင်္ဂနွေ၊ အင်္ဂါသား တစ်ဦးဦးကို ခုတ်ခိုင်းပါ စသည်ဖြင့် အကျယ်ချဲ့ ရေးထားပါသည်။

အဓိကမှာ နှစ်နံ့တွဲအသား ဩစာသားကို ဦးစားပေးမရပါက တိုင်ထိပ်ဆီးသားကို ဦးစားပေးပြုလုပ်ပါ။ ထိပ်များတွင် (စ)အက္ခရာရေး စအက္ခရာပေါ်မှာ မတ်စေ၊ ငါးမူးစေ၊ ဆီမီးခွက်တစ်ခုခုတင်ပြီး အသား မီးမလောင်စေရန် ဂရုစိုက်ထွန်းပါ။ အတိုက်အခံ ကင်းဝေးစေရန် အများမှာ (ည)အက္ခရာရေး အရင်းမှာ (စ)အက္ခရာရေးပြီး မီးထွန်းပါ။ သက်နေ့အများဆုံး မီးပူစေပြီးလျှင် အောင်မြင်တိုးတက်စေရန် ရွှေချဆောင်ထားပါ။ အတိုက်အခံကိစ္စဆိုပါက ရေစီးထဲ မျှောလိုက်ပါ။

ရာဟုသက်ရောက်တွင် တနင်္လာ(၂) တန်းစီးနှင့် ဗုဒ္ဓဟူး(၄) တိုင်ထိပ် (၂၄)အတွဲ ဖြစ်ပါသည်။ ထို့ကြောင့် ခရေသား၊ ငဝါပင်အသား၊ ကြောင်လျှာသား၊ လက်ခုပ်သား၊ ဝါးသား၊ လင်းလွန်းသား ရှားသား တစ်ခုခုပေါ်မှာ မီးထွန်းပါ။ အဓိကတော့ ခရေသားမှာ ထွန်းတာ များသည်။ အောက်မှာ အခံတစ်ခုခံပြီးမှ မီးထွန်းပါ။ ဗုဒ္ဓဟူးတိုင်ထိပ်ဖြစ်သောကြောင့် ဓာတ်သားအများတွင် (ယ)အက္ခရာရေးပါ။ အတိုက်အခံကိစ္စ အများတွင် (ဝ)အက္ခရာ၊ အရင်းတွင် (ယ)အက္ခရာ ရေးပါ။

သောကြာသက်ရောက် အင်္ဂါ(၃)တန်းစီး၊ (၅)တေး(၅)တိုင်ထိပ်ဖြစ်သည်။ ထို့ကြောင့် (၃၅)အတွဲ စဉ်းစားပါ။ စိန်ပန်းသား၊ ဆီးဖြူပင်အသား၊ ပျဉ်းမသား၊ ပေါက်သား၊ ပုန်းညက်သား တစ်ခုခုကို လက်ခလယ်၌ တိုင်းဖြတ်ပါ။ အများတွင် (ပ)အက္ခရာ ရေး၍ အင်္ဂါ၊ ကြာသပတေး တစ်ရက်ရက်တွင် စတင်ပူဇော်ပါ။ အနည်းဆုံး(၈)ရက် မပျက်မကွက် ပြုလုပ်ရမည်။ ဂြိုဟ်သက်အရေ (၈+၁၉=၂၇)ရက် အများဆုံး သက်နေ့ပူဇော်၊ လိုရာဆန္ဒဆုတောင်းပါ။ သောကြာသက်ရောက်တွင် (၃၅)အတွဲ လုံးဝမရသောနေရာတွင် ဆပ်ပြာမွှေးခဲပေါ်တွင် မီးထွန်းခြင်း၊ ဆေးဘူးပေါ် မီးတင်ထွန်းခြင်း ပြုလုပ်နိုင်သည်။ ဆေးဘူးအသစ် ဖြစ်ရမည်။

အတိုက်အခံအတွက် အများတွင် (မ)အက္ခရာရေးပြီး အရင်းတွင် (ပ)အက္ခရာရေးပြီးမှ ထွန်းပါ။ မီးထွန်းခြင်းယတြာမှာ ကိုယ်တိုင်ပြုလုပ်ရမည့် ယတြာဖြစ်သည်။ သက်ရောက်နှစ်တစ်နှစ်အတွက် တစ်ကြိမ်သာ ပြုလုပ်ရမည်။ မိမိနေအိမ် ဘုရားကျောင်းဆောင်ရှေ့မှာ ပြုလုပ်နိုင်သည်။ မီးထွန်းပူဇော်စဉ်ကာလ တိုင်ထိပ်၊ တန်းစီး(၂)ရက်တွင် တိုင်ထိပ်တန်းစီး၊ မုန့်၊ အစားအစာ၊ ဆွမ်းတော်၊ အာဟာရ တစ်ခုခု ဆက်ကပ်လှူဒါန်းပေးပါ။

မျက်နှာပွင့်လန်းစေရန်၊ လူချစ်လူခင်ပေါများစေရန်

တိုင်ထိပ်၊ တန်းစီးနံ့မျိုးများကို တိုင်ထိပ်၊ တန်းစီးနေ့ မွန်းမလွဲမီတွင် တိုင်ထိပ်၊ တန်းစီးတင်၍

www.burmeseclassic.com

www.burmeseclassic.com

ရှိသော ဘုရားတွင် ပန်းလှူခြင်း၊ ပန်းမွေ့ရာခင်းခြင်းများ ပြုလုပ်လှူဒါန်းရမည်။

ဥပမာ-သောကြာသက်ရောက်တွင် အင်္ဂါတန်းစီး ၅တေးတိုင်ထိပ် (၃+၅)အတွဲ ဖြစ်နေသောကြောင့် အင်္ဂါ၊ ကြာသပတေးနေ့တိုင်း အင်္ဂါ၊ ကြာသပတေးထောင့်တွင်ရှိသော မြတ်စွာဘုရားအား စံပယ်ပန်းများ ကပ်လှူပေးရမည်။ အကယ်၍ အခြေအနေအရ ဘုရားစေတီ မသွားနိုင်ပါက မိမိနေအိမ်ဘုရားအာရုံပြု လှူနိုင်ပါသည်။

နှောင့်ယှက်မှုများ ကင်းဝေးရန်

သက်ရောက် ကောင်းသည်ဖြစ်စေ၊ ညှဉ်သည်ဖြစ်စေ အနောင့်အယှက် အနည်းနှင့်အများ ကြုံတွေ့ကြရတတ်ပါသည်။ အတွင်းရန်၊ အပြင်ရန်ကို ဆန်းကျမ်းမှ မိမိမွေးနံ၊ သက်ရောက်နှင့် မိမိမွေးနံတွဲကြည့်နိုင်သည်။

ဥပမာ-တနင်္ဂနွေသားသမီး အင်္ဂါသက်ရောက်ပါက ၁နွေနှင့် ၃ဂါ (၁+၃) ဦးညို(အပြင်ရန်) ဗုဒ္ဓဟူးသက်ရောက် (၁+၄)၊ အင်း၀ အတွင်းရန်ဟု မှတ်ယူဟောဆိုကြသည်။

စာရေးသူဇနီး၏အမေ၊ ဝမ်းကွဲမောင်များနှင့် အမှုပြဿနာဖြစ်နေရာ ဤနည်းဖြင့် ပြေလည်သွားသည့် တိုင်ထိပ် တန်းစီးထောင့်ရှိ ဘုရားကို မျက်နှာသုတ်ပဝါ(တဘက်) အသစ်ဖြင့် မျက်နှာတော်ဖွင့်ပေးခြင်း၊ တိုင်ထိပ်တန်းစီး နေ့နံထောင့်တွင် အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားခြင်းများ ပြုလုပ်ပေးရမည်။

ကြာသပတေးသက်ရောက်တွင် တနင်္ဂနွေ (သို့မဟုတ်) အင်္ဂါနေ့ မွန်းလွဲမီတွင် တိုင်ထိပ်နံ အင်္ဂါထောင့်ဘုရား၌ မျက်နှာသုတ်ပဝါအသစ် တစ်ထည်ဖြင့် ရောင်တော်ဖွင့်ပြီး ဩဇာညွှန့် (သို့မဟုတ်) ဓော်စိမ်းညွှန့် စသောဓာတ်ပန်းကို လှူဒါန်းပူဇော် ဆုတောင်းပါ။ တန်းစီးတိုင်ထိပ် အတွဲများကို ရှေ့တွင် ဖော်ပြပြီး၍ အပြည့်အစုံ မဖော်ပြတော့ပေ။ မရှင်းပါက စာရေးသူထံ ဆက်သွယ်မေးမြန်းပါ။

ကြွေးတောင်းခြင်း၊ ငွေချေးခြင်း၊ စကားအပြောအဆို၊ အလုပ်အကိုင်အင်တာဗျူး စသည့် လတ်တလော ကြုံတွေ့ရမည့် ကိစ္စများအတွက် အကြံအစောင်ပေးရန်

တိုင်ထိပ်တန်းစီးနံပါသော အစားအစာများကို စားနိုင်သလောက် ယူသွား၍ တိုင်ထိပ်၊ တန်းစီးနေ့ မွန်းလွဲမီအချိန်တွင် တိုင်ထိပ်၊ တန်းစီးနံတွဲပါသော အပင် (သို့မဟုတ်) တိုင်ထိပ်နံပါသော အပင် အောက်တွင် တန်းစီးနံအရပ်ဘက်သို့ မျက်နှာမူပြီး လိုရာဆုတောင်း၍ ကုန်အောင် စားရမည်။ ထိုဃတြာကို ဆောင်ရွက်နေစဉ် ဖိနပ်ချွတ်၍ လုပ်ဆောင်ရမည်။

ကြာသပတေးသက်ရောက် ၁နွေတန်းစီး၊ ၃ဂါတိုင်ထိပ်။ ထို့ကြောင့် (၁+၃)အတွဲ ဩဇာသီး၊ မုန့်ဩဇာ၊ အုန်းနို့ခေါက်ဆွဲ၊ အုန်းစိမ်းရည်၊ စိမ်းစားဥ၊ အုန်းသီးပါသောမုန့်၊ ဆီးသီး တစ်မျိုးမျိုးအား တနင်္ဂနွေ၊ အင်္ဂါနေ့ မွန်းလွဲမီတွင် တိုင်ထိပ်အပင်ဖြစ်သော ညောင်ပင်၊ ဆီးပင်တစ်ပင်ပင်အောက်တွင် တန်းစီးဖြစ်သော တနင်္ဂနွေထောင့် အရှေ့မြောက်ထောင့် မျက်နှာမူပြီး လိုရာဆုတောင်း၍ စားပါ။ အရပ်မျက်နှာ မှန်အောင် ဆောင်ရွက်ပါ။

စီးပွားလာဘ်လာဘ တိုးတက်စေရန်

တနင်္ဂနွေ (သို့မဟုတ်) အင်္ဂါနေ့ မွန်းလွဲမီတွင် တနင်္ဂနွေ၊ အင်္ဂါနံ နှစ်နံတွဲထားသော ဩဇာသား (သို့မဟုတ်) တိုင်ထိပ်နံ ဆီးသားကို တနင်္ဂနွေ (သို့မဟုတ်) အင်္ဂါနေ့သား တစ်ဦးကို ခုတ်ယူစေပြီး လက်ညှိုးတစ်ဆစ်ဖြတ်၍ ဆောင်ထားပါ။ အချို့လည်း ဩဇာသားကို အိုးစည်ပုံကလေး ထုလုပ်ဆောင်ကြသည်။

ဈာထူးလုပ်ငန်း ခိုင်မြဲစေရန်

တနင်္ဂနွေ (သို့မဟုတ်) အင်္ဂါနေ့ မွန်းလွဲမီ တနင်္ဂနွေ၊ အင်္ဂါနံ နှစ်နံတွဲသော ဩဇာပင် (သို့မဟုတ်)

www.burmeseclassic.com

www.burmeseclassic.com

ကာလပမာဏယတြာ၊ ဒေတ္တယာယီအကျိုးရှိသောယတြာ၊ ဌာနပမာဏယတြာ၊ တည်မြဲစေတတ်သောယတြာ (၂)

ကဗျာရှင်-ဆရာလှမျိုး (B.Sc)

ထိုင်ထိပ်နံ အင်္ဂါနံ၊ ဆီးပင်၊ ဇွန်ပန်းပင်ကို နေအိမ်ခေါင်းရင်း၌ဖြစ်စေ (သို့မဟုတ်) သန့်ရှင်းမြင့်မြတ်သော နေရာတွင်ဖြစ်စေ ရွေရည်၊ ငွေရည် လောင်း၍ စိုက်ပျိုးထားပါ။ ကြာသပတေး သက်ရောက်ကို နံမူနာပုံစံပြ ရေးထားပေးခြင်းဖြစ်သည်။ သောကြာသက်ရောက်ဆိုပါက စံပယ်ပန်းပင်၊ ပိန်းပန်းပင်၊ စိန်ပန်းပင် တစ်မျိုးမျိုးစိုက်ပါ။ တစ်နေ့ဆောကာလ ယတြာသာ ဖြစ်သည်။ မိမိနှင့် နံသင့်ပါက ဆက်လက်စိုက်ပျိုးထားနိုင်သည်။ ဗုဒ္ဓဟူးသားသမီးတစ်ဦးသည် စံပယ်ပန်းပင် ဆက်လက်စိုက်ပျိုးထားနိုင်ပါသည်။

ကာလပမာဏယတြာ

ဒေတ္တယာယီအကျိုးရှိသောယတြာ

မီးထွန်းခြင်း၊ မျက်နှာတော်ဖွင့်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ ပန်းလှူခါနီးခြင်း၊ အစာအာဟာရအပြစ်စားသုံးခြင်း စသည့်ယတြာများကို ကာလပမာဏယတြာဟု ခေါ်သည်။ ထိုယတြာများ၏ ကောင်းကျိုးသည် ယာယီသာဖြစ်သောကြောင့် မကြာခဏပြုလုပ်ပေးရမည်။ မီးထွန်းခြင်းယတြာကိုမူ (၁) ကြိမ်တည်းသာ ပြုလုပ်ရမည်။

ဌာနပမာဏယတြာ

တည်မြဲစေတတ်သောယတြာ

စီးပွားဥစ္စာတည်တံ့လိုခြင်း၊ အိမ်ထောင်တည်တံ့လိုခြင်း၊ အလုပ်အကိုင်တည်တံ့လိုခြင်း၊ မရွေ့မပြောင်းလိုခြင်းတို့ကို ဖြစ်စေရန် တန်းစီး၊ တိုင်ထိပ်နံပါသော အပင်များ (သို့မဟုတ်) တန်းစီးနှင့် တိုင်ထိပ် နှစ်နံတွဲပါသော အပင်များကို မြင့်သော၊မြတ်သော နေရာများတွင်ဖြစ်စေ၊ အိမ်ရှေ့ ခေါင်းရင်းပိုင်းတွင်ဖြစ်စေ၊ တိုင်ထိပ်တန်းစီး နေ့ဖွန်းမလွဲမှီ စိုက်ပျိုးရမည်။ တိုင်ထိပ်၊ တန်းစီးနေ့ သားသမီးကို စိုက်ခိုင်းပါက ပိုကောင်းပါသည်။

ဤယတြာသည် ရာထူးလုပ်ငန်း ခိုင်မြဲတည်မြဲစေတတ်သော ယတြာအမျိုးအစားဖြစ်သည်။ အကယ်၍ သင်သည် အလုပ်နေရာဌာန ပြောင်းရွှေ့လိုခြင်း၊ ခရီးထွက် အလုပ်လုပ်၊ အိမ်,ဆိုင်ပြောင်းရွှေ့လိုပါက ပြုလုပ်ရန် မလိုပါ။ ရာထူးတိုး၊ စီးပွားအောင်မြင် တိုးတက်လိုပါက အထူးပြုလုပ်သင့်သည်။

ထို့အပြင် တစ်နှစ်တာကာလ အဝိဇ္ဇာန်အနေဖြင့် တန်းစီး၊ တိုင်ထိပ် နှစ်နံတွဲ ဘုရားဂုဏ်တော်ဂါထာပရိတ်များ ရွတ်ဆိုပူဇော်သင့်ပါသည်။ ဥပမာ-အင်္ဂါ၊ ဗုဒ္ဓဟူး သက်ရောက် (၅+၇)အတွဲဖြစ်၍ ပဌာန်းရွတ်ဆိုခြင်း၊ ဗုဒ္ဓါဂုဏ်တော်ပုတီးစိပ်ခြင်း၊ တနလာသက်ရောက် (၇+၂)အတွဲ မေတ္တစကြာရွတ်ဆိုပူဇော်ခြင်း၊ ရာဟုသက်ရောက် (၂+၄)အတွဲ လောကဝိဒူဂုဏ်တော်၊ (၁+၆)အတွဲ အရဟံဂုဏ်တော်စသည်တို့ကိုလည်း တစ်နှစ်ပတ်လုံး ရွတ်ဆိုသင့်ပါသည်။

ရှေ့ပိုင်းတွင် မီးထွန်းယတြာနှင့် တွဲ၍ပြုလုပ်နိုင်သည်။ သုံးတန်ပေါ်နိုစ်၊ ဆန်းကျမ်းယတြာအရ တိုင်ထိပ်တန်းစီးနေ့များသည် တစ်နှစ်တာကာလ လာဘ်ရွှင်၊ ဥဝင်၊ စီးပွားတိုးတက်စေသော ယတြာများဖြစ်သည်။ ထို့အပြင် ထိထိုးလိုပါက တနလာသက်ရောက်ဆိုပါက (၂)အစ (၇)အဆုံး၊ (၇)အစ (၂)အဆုံး ထိုးနိုင်သည်။ တိုင်ထိပ်၊ တန်းစီးယတြာများကို တိုင်ထိပ်၊ တန်းစီးနေ့ မွန်းမလွဲမီအချိန်အတွင်း ပြုလုပ်ရမည်။ ဆန်းကျမ်းပညာရှင် ဆရာကြီးဦးထွန်းမြတ် မူအရ မီးထွန်းယတြာတစ်ခုကိုသာ တိုင်ထိပ်တန်းစီးနေ့ ညမီးထွန်းချိန်တွင် ပြုလုပ်ရမည်ဟု မှတ်ချက်ပြုရေးသား ဖော်ပြထားပါသည်။

ဆန်းကျမ်းပညာလာ ကောင်းကျိုးပြု ယတြာများနှင့် တစ်နှစ်တာကာလ ဆောင်ရန်၊ ရှောင်ရန်များကိုလည်း ရေးသားဖော်ပြပေးပါဦးမည်။

ကဗျာရှင်-ဆရာလှမျိုး (B.Sc)

www.burmeseclassic.com

www.burmeseclassic.com

ကြည်ဝင်း(ဟသံတာ)

စွန့်လွှတ်အနစ်နာခံသော အချစ်

အချစ်တွင် မာန်မာနမရှိခြင်း၊ ဂုဏ်ပကာသန မမက်ခြင်းတို့သည် ကောင်းသည့်စိတ်သဘောထားများ ဖြစ်သည်ဟူ၍ ဆိုနိုင်သော်လည်း တစ်ခါတစ်ရံ၌ ထိုစိတ်ဓာတ်တို့သည် မိမိကိုယ်ကိုမိမိ သားကောင်ပမာ ယဖ်ပလွှင်ထက်၌ ပူတော်ခံ၍ သွားတတ်ကြပြန်လေသည်။

ထိုဖြစ်ရပ်များသည် အမျိုးသမီးများအတွက်သာ ရှိတတ်ကြသည် မဟုတ်ဘဲ အမျိုးသားများ၏ မေတ္တာတရားကြီးမားစွာနှင့် အနစ်နာခံသွားသော သာဓကများကို ကျွန်ုပ် အနေဖြင့် မှတ်တမ်းတင်ထားခဲ့သည်မှာ မြောက်မြားစွာ ရှိပေသည်။

ဓမ္မကျမ်းစာများ၌လည်း အပေါင်းအသင်းမိတ်ဆွေများအတွက် အသက်စွန့်လွှတ်သူထက် မေတ္တာတရား ကြီးမားသော ယောကျ်ားသည် ဤလောက၌ မရှိတော့ပြီဟူ၍ စာဆိုရှိကြ၏။

ဤချစ်မေတ္တာမျိုးနဲ့ပတ်သက်၍ ကျွန်ုပ်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ချား(လ်)တစ်ယောက် အကြောင်းကို တင်ပြလိုပါသည်။

ထိုပုဂ္ဂိုလ်မှာ အထက်တန်းပညာရပ်များကို တတ်မြောက်သူဖြစ်ပြီး ချစ်ခြင်းမေတ္တာတွင် မာန်မာနရှိခြင်း၊ အဆင့်အတန်း မခွဲခြားတတ်သူဖြစ်ခြင်း စသောစိတ်ဓာတ်ကောင်းများ ရှိသူဖြစ်သော်လည်း နောက်ဆုံးတွင် ဘဝကို လက်မြောက် အရှုံးပေးပြီး ဒူးထောက် အညံ့ခံသွားခဲ့လေသည်။

ဤအဖြစ်အပျက်ဇာတ်လမ်းမှာ လူဘဝ၏ စာမျက်နှာများတွင် ဖြစ်လေ့ဖြစ်ထရှိတတ်သော ဇာတ်လမ်းတစ်ပုဒ်ဖြစ်တတ်သော်ငြားလည်း စာရေးဆရာတစ်ယောက် စိတ်ကူးယဉ်၍ ရေးသားတတ်သော ဇာတ်လမ်းများနှင့် တူကောင်းတူပေလိမ့်မည်။

ပြင်သစ်ပြည်အစိုးရ၏ ဧည့်သည်တော်အဖြစ် ပါရီမြို့တော်သို့ ပါရှားပြည့်ရှင် ရှားဘုရင် ရောက်ရှိနေချိန်တွင် ကျွန်ုပ်သည်လည်း ပါရီမြို့တော်တွင် ရှိနေလေ၏။ ထိုအချိန်အခါက ကျွန်ုပ်သည် အီတလီပြည့်ရှင်ဘုရင် ယိမ်းဘတ်အား ဥပစ္စေဒကကံနှင့် အနိစ္စရောက်မည်ဟု ဟောကြားအပြီး သုံးလအကြာတွင် လုပ်ကြံသူ၏ လက်ချက်ဖြင့် အီတလီပြည့်ရှင်ဘုရင် ယိမ်းဘတ် ကွယ်လွန်ခဲ့သည်ဖြစ်ရာ ထိုဟောကိန်းကြောင့် ကျွန်ုပ် နာမည်ကျော်ကြားနေချိန် ဖြစ်ပေသည်။

ထိုသတင်းများကို သတင်းစာများ၌ ဖော်ပြကြရာ ရှားဘုရင် တွေ့ရှိဖတ်မိသဖြင့် ကျွန်ုပ်အား ခေါ်ယူတွေ့ဆုံ မေးမြန်းခဲ့လေသည်။

ကျွန်ုပ်သည် ရှားဘုရင်အား ၄င်း၏မြို့တော်၌ ဖြစ်ပျက်နေသော အရေးအခင်းများကို ဟောကြားလိုက်လေရာ ရှားဘုရင်သည် ကြေးနန်းဖြင့် တိဟီရန်မြို့တော်သို့ ချက်ချင်း မေးမြန်းစုံစမ်းကြည့်လေတော့၏။ ထိုစုံစမ်းချက်မှ ရရှိလာသော အကြောင်းခြင်းရာများသည် ကျွန်ုပ် ဟောလိုက်သည့်အတိုင်း တိကျမှန်ကန် တိုက်ဆိုင်နေသည်ဖြစ်ရာ ကျွန်ုပ်အဖို့ ပိုမို၍ပင် နာမည်ကျော်ကြားလာတော့၏။

ဤသတင်းကြောင့်ပင် ပါရီမြို့ရှိ ကျွန်ုပ်၏အခန်းတွင် လက္ခဏာမေးမြန်းသူ ဧည့်သည်များနှင့် ပြည့်လျှံနေလေတော့၏။ ဧည့်သည်များမှာ အများအားဖြင့် လူကုံထံအသိုင်းအဝိုင်း အထက်တန်းလွှာ ယောကျ်ား,မိန်းမများ ဖြစ်ကြ၏။

တစ်နေ့သ၌ အရပ်ထောင်ထောင်မောင်းမောင်းနှင့် အထက်တန်းကျသော လူကြီးလူကောင်း တစ်ယောက်သည် ရောက်ရှိလာပြီး သူ၏ လိပ်စာကတ်ပြားကို စားပွဲပေါ်သို့ချရင်း ကျွန်ုပ်အား-

"ကိုင်ရိုဆရာဟာ လူဘဝမှာ ဖြစ်ပျက်ခဲ့သမျှကို ဖော်ထုတ်နိုင်စွမ်းရှိသလို အနာဂတ်ဖြစ်လာမယ့် အကြောင်းအရာတွေကို ဟောပြောနိုင်စွမ်းရှိတယ်လို့ ကျွန်ုပ် ယုံကြည်ပါတယ်။ ကျွန်ုပ်ဘဝကို ဆရာထံ အပ်နှံပါတယ်။ ဒီတော့ ဆရာရယ်..ကျွန်ုပ်အကြောင်းတွေနဲ့ အနာဂတ် ဘာဖြစ်လာမယ်ဆိုတာကို ပြောပြစမ်းပါ ဆရာရယ်"

ကျွန်ုပ်အနေနှင့် ထိုပုဂ္ဂိုလ်အား သူ၏ ဧည့်ကတ်ပြားပေါ်တွင်ပါ ရှိဘည့်အတိုင်း ကဗျာဆရာအကျော်အမော်၊ တူရိယာပါရဂူ၊ ပြင်သစ်အစိုးရ၏ အထက်တန်းအရာရှိကြီး တစ်ဦးဟူ၍သာ ဟောစရာ ရှိပေသည်။ အခြားဟောစရာ မရှိပါပေ။ ထိုပုဂ္ဂိုလ်မှာ ပညာအရာ၌ မွေးရာပါ ပါရမီရှင်

www.burmeseclassic.com

တစ်ဦး ဖြစ်၏။

သို့ရာတွင် ထိုသူ၏ လက်ဝါးပြင်တစ်ခုလုံးကို စေ့စပ်သေချာစွာ စစ်ဆေးလိုက်သောအခါတွင်မူကား စိတ်ထား နူးညံ့သိမ်မွေ့၍ စိတ်ထိခိုက်လွယ်သည့် ချို့ယွင်းချက်နှင့် အခြားအရေးကြီး ဟာချက်တစ်ရပ်ကို ရှာဖွေတွေ့ရှိခဲ့လေသည်။

ကျွန်ုပ်က-

'ခင်ဗျားမှာ မွေးရာပါ အနုပညာဗီဇစွမ်းရည် ရှိတယ်။ ဒါ့အပြင် အခွင့်အရေးကောင်းတွေလည်း လက်ဝယ်ရောက် ရှိနေတဲ့ လူတစ်ယောက် ဖြစ်တယ်'

ကျွန်ုပ်၏ ဟောပြောချက်ကို ကြားရသောအခါ ထိုသူသည် မျက်နှာအောက်သိုးသိုးဖြင့်-

'ကိုင်ရို့..ဒါဟာ အဝိုတွေပါ။ လူတကာ သိပြီးသားတွေကို ကျုပ် မသိချင်ပါဘူး' ဟူ၍ ကျွန်ုပ်၏ စကားကို ရုတ်တရက်ဖြတ်ကာ ကန့်ကွက်စကား ဆိုလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က-

'ဪ..ကျွန်ုပ် ပြောတာကိုလည်း ဆုံးအောင် နားထောင်ပါဦး။ ခင်ဗျားနဲ့ပတ်သက်လို့ ကျွန်တော်တွေ့ထားတာ ရှိတယ်။ အဲဒါ ဘာလဲဆိုတော့ ခင်ဗျားဘဝ သာယာမှုနဲ့ စိတ်ဆင်းရဲနေရမှုရဲ့ အဓိကတရားခံပဲ'

'အမိန့်ရှိပါ ဆရာ'

'ခင်ဗျားဟာ သစ္စာရှိစွာနဲ့ ချစ်တတ်တဲ့နလုံးသားရှိသူ ဖြစ်တယ်။ အဲဒီအပေါ်မှာ တစ်ကိုယ်ကောင်းဆန်တဲ့ ဉာဉ်ကလေး ထပ်လောင်းထားပြန်တယ်။ မိမိသံယောဇဉ်ကြိုးနှောင်တွယ်ရစ်ပတ်မိသူအပေါ်မှာ ခိုင်ခိုင်မြဲမြဲ သစ္စာရှိရှိ ချစ်တတ်တယ်'

ကျွန်ုပ်၏ ဟောပြောချက်များကို စူးစိုက်၍ နားထောင်နေရာမှ ချား(လ်)သည် မျက်နှာအနည်းငယ်ညှိုးသွားလေသည်။

ကျွန်ုပ်သည် ဆက်လက်၍-

'ခင်ဗျားဟာ အလုပ်နဲ့ပတ်သက်ရင် ထူးထူးခြားခြား အောင်မြင်သလောက် အိမ်ထောင်ရေးကျတော့ ကံခေနေသူ ဖြစ်တယ်။ တိုတိုပြောရရင်တော့ ခင်ဗျားဇနီးဟာ သူ့အပေါ်မှာ 'ခင်ဗျားချစ်သလောက် ပြန်မချစ်ဘူး။ တစ်ဖက်သတ် အချစ် ဆိုပါတော့ဗျာ'

ကျွန်ုပ် ဟောပြောချက်များကို ကြားရသောအခါ ထိုပုဂ္ဂိုလ်သည် လက်များကို ဘေးသို့ ဆန့်တန်းလိုက်ပြီး ကျယ်

နလုံးလမ်းကြောင်းသည် နှစ်ထပ်ရှိပါမူ အချစ်ကြီးတတ်ခြင်း၊ ချစ်လွန်းအားကြီး၍ ဝမ်းနည်းဖွယ်ရာများ၊ ကြေကွဲဖွယ်ရာများနှင့် ကြုံတွေ့ရတတ်ပါသည်။

လောင်သော အသံဖြင့်-

'ကိုင်ရို့..ဆရာရယ်၊ ခင်ဗျားပြောတာတွေ မှန်ပါတယ်။ ကျွန်ုပ်ဇနီးဟာ တစ်လောကလုံးမှာ ချစ်စရာအကောင်းဆုံး အမျိုးသမီးတစ်ယောက်ပါပဲ။ ပေါင်းသင်းဆက်ဆံရေး၊ အိမ်ထောင်ထိန်းသိမ်းရေး အကုန်ကို တော်ပါတယ်'

ထို့နောက်မှ လေသံတိုးတိုးကလေးဖြင့်-

'ဒါပေမဲ့ ဆရာရယ်..ကျွန်ုပ်တို့ ဇနီးမောင်နှံရဲ့ကြားမှာ အလွန်ကျယ်ဝန်းတဲ့ ပင်လယ်ရေပြင်ကြီး ပိုင်းခြားထားသလိုပါပဲ။ ကျွန်ုပ်အနေနဲ့ ဒီပင်လယ်ပြင်ကြီးကို ကျော်ဖြတ်ဖို့ အမျိုးမျိုးကြိုးစားကြည့်ခဲ့ပါတယ်။ ဒါပေမဲ့ ဆရာရယ်..အောင်မြင်မှု မရှိခဲ့ပါဘူး'

'အေးလေ..သတ္တဝါတစ်ခု ကံတစ်ခုလို့ ဆိုကြတာပဲ မဟုတ်လား မိတ်ဆွေရဲ့'

'ဟုတ်ပါတယ် ဆရာရယ်၊ ထူးထူးထွေထွေ မေးမနေတော့ပါဘူး။ ရှေ့မှာ ဘာတွေနဲ့ရင်ဆိုင်ရမယ်ဆိုတာ ကျွန်ုပ်အပေါ် ပွင့်ပွင့်လင်းလင်း ပြောပြစေချင်ပါတယ်။ ပြောင်းလဲမှုကလေးတွေတော့ ရှေ့မှာ ရှိပါသေးတယ်နော်'

ကျွန်ုပ်သည် တွက်ချက်၍ ရရှိသမျှအား အတိုချုံ၍

'မိတ်ဆွေမှာ အန္တရာယ်ဖြစ်ဖို့ သိပ်နီးကပ်နေပြီ။ ဒီ

www.burmeseclassic.com

www.burmeseclassic.com

တော့ ခင်ဗျားဟာ ဒီအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ အတွက် သဲကလုံကောင်းဖို့ လိုအပ်တယ်။ ကိုယ့်ကိုယ်ကိုယ် လည်း ထိန်းသိမ်းနိုင်စွမ်းရှိဖို့ လိုလိမ့်မယ်။ အကောင်းဆုံး ကတော့ ခင်ဗျားဟာ ဒီနေ့ကစပြီး စာပေ ဒါမှမဟုတ် တူရိယာနဲ့ဆိုင်တဲ့ ပညာရပ်တွေအပေါ်မှာ အာရုံစူးစိုက်နေ ဖို့ ကောင်းမယ်။ အခြားအကြောင်းအရေးတွေကို အာရုံ မစိုက်နဲ့'

သူသည် ကျွန်ုပ်အား-

'အရောပြောတဲ့သဘောကို ကျွန်ုပ် နားလည်ပါတယ် ဆရာ' ဟူ၍ လေသံအေးအေးဖြင့် သနားစဖွယ် ပြောရာလေ ၏။

ထိုစာဒဂံ၌ ထိုသူ၏မျက်နှာတွင် ဝမ်းနည်းသည့် အရိပ် အယောင်များ လွှမ်းခြုံထားပြီးလျှင် လူသေတစ်ကောင်၏ မျက်နှာပြင်သဖွယ် ဖြူဖပ်ဖြူရော် ဖြစ်နေရာ၏။

လူဘဝဟူသည် ဆန်းကြယ်လေစွတကား။ ဖြစ်လျှင် ပျက်ရမည့် လောကဓံတရားကို အဘယ်သူသည် အဘယ် အသိတရားနှင့် ရင်ဆိုင်နိုင်ရပါမည်နည်း။

လ,အနည်းငယ်အကြာ၌ ချား(လ်)တစ်ယောက် ရုတ် တရက် ကွယ်လွန်အနိစ္စရောက်ခဲ့လေရာ ထိုသတင်းသည် ပါရီမြို့တော် တစ်ခုလုံးကို တုန်လှုပ်ချောက်ချားသွားစေ တော့၏။ အနိစ္စရောက်ရပုံမှာလည်း အတော်ပင် ထူးဆန်း လှ၏။

ချား(လ်)သည် ၄င်း၏ အခန်းအတွင်းရှိ အိပ်ရာပေါ်၌ အသက်ပျောက်သွားခြင်းဖြစ်ပြီး အိပ်ရာဘေးရှိ စားပွဲပေါ် တွင် ပုလင်းငယ်နှစ်လုံးကို တွေ့ရ၏။ ချား(လ်)သည် ဓာတု ဗေဒစမ်းသပ်မှုများကို အပျော်သဘောမျိုးထားပြီး စမ်းသပ် လေ့ရှိ၏။ အချို့သော စမ်းသပ်မှုများအတွက် အဆိပ်များ ဆောင်ထားသင့်သည်ဟူသော အကြံပေးချက်များကို လက် ခံသူဖြစ်ရာ အက်စစ်အဆိပ်များကို ဆောင်ထားဟန်တူပေ သည်။

သို့ဖြစ်ရာ ချား(လ်)သေဆုံးမှုနှင့်ပတ်သက်၍ တရားဝင် ကြေငြာရာတွင် သောက်နေကျဆေးနှင့် အဆိပ်ကို မှားယွင်း သောက်မိခြင်းဖြစ်ကြောင်း ဖော်ပြထားရှိပေ၍ ပုလင်းငယ် နှစ်လုံးမှာ ဆင်တူယိုးမှား တူနေသည်ဖြစ်ရာ ထိုအချက်ကို ထောက်ခံနေသည်နှင့်ပင် တူနေလေတော့၏။

ချား(လ်)၏အလောင်း မြေကျပြီးနောက် မကြာမြင့်မီ ကာလအတွင်း ချား(လ်)၏ဇနီး ကျွန်ရစ်သူ မုဆိုးမလေး သည် ၄င်းတို့နှင့် ဆွေမျိုးနီးစပ်တော်စပ်သည့် စစ်ဗိုလ် ကလေးနှင့် တစ်ပင်လဲမှ တစ်ပင်ထူလိုက်လေတော့၏။

ဇနီးဖြစ်သူသည် မိမိ၏အလိုဆန္ဒ ပြည့်မြောက်ရေး အတွက် ခင်ပွန်းဖြစ်သူကို မကောင်းကြံစည်ခဲ့ပါသလော၊ သို့မဟုတ်ပါက ချား(လ်)ကိုယ်တိုင်ပင် ဇနီးသည်အတွက် [illegible] ဘုရားသခင်ကိုယ်တော်မြတ်ကြီးမှတစ်ပါး အာယ်သူသည် အတပ်ပြောနိုင်ပါအုံးနည်း။

မည်သို့ပင်ဆိုစေကာမူ ချား(လ်)၏အမျှော်သည် ကံဆေး အာရုံ၊ တစ်ဖက်သတ်အချစ်နှင့် ဖွဲ့လွှတ်အနစ်နာခံ သောအချစ်ဟူ၍ ရကောင်းသည်ဟု ကျွန်ုပ် ထင်မြင်မိပါ၏။

ထိုပုဂ္ဂိုလ်၏ လက်ဝါးပြင်ထက်၌ ယင်းအကြောင်း တရားတို့ကို ဖော်ပြထားသော အမှတ်လက္ခဏာတစ်ခုကို သင်္ကေတအနေဖြင့် တွေ့ရှိရ၏။ ထိုမှတစ်ဆင့် ၄င်း၏ ဘဝ ကံကြမ္မာကို ကျွန်ုပ်အနေဖြင့် တွက်ချက်ဖော်ပြ ဟောပြော ခြင်း ဖြစ်၏။

ဇနီးသည်,သည် မိမိအပေါ်၌ မေတ္တာမရှိကြောင်း သိရှိလာသည့်အချိန် ဇနီးသည်သည် မောင်တော်စပ်သည် ဟုဆိုသော စစ်ဗိုလ်ကလေးအပေါ် မေတ္တာရှိနေကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ပြည့်ပြည့်စုံစုံ သိလာခဲ့သည့် အချိန်တွင် ချား(လ်)သည် ဘဝကို လက်မြှောက်အရှုံးပေး ပြီး အမှောင်ထုအတွင်းသို့ ကျောခိုင်းဝင်ရောက်သွားခဲ့လေ တော့၏။

တစ်နည်းအားဖြင့် တစ်ပါးသူ ကောင်းစားရေးအတွက် အနစ်နာခံသွားခြင်းဟုဆိုသော် ရကောင်း၏။

ကျွန်ုပ်ထံသို့ လာရောက်ရင်ဖွင့်သွားကြသော အလား တူ ဖြစ်ရပ်ကဲ့သို့ သန္ဓာကို ရင်ဝယ်ပိုက်ပြီး မေတ္တာစစ်မေတ္တာ မှန် ထားရှိခဲ့ကြသည့် သာဓကပေါင်းများစွာကို စာရွှသူတို့အား တင်ပြလိုမေသည်။ ပြီးဆုံးလိမ့်မည်ဟူ၍ တော့ ကျွန်ုပ် မထင်ပါ။

လက္ခဏာပညာ ရှိုက်စားသူများအတွက် အဓိက အချက်မှာ နှလုံးလမ်းကြောင်း ရပ်တည်မှုအပေါ် မူတည်ပြီး မေတ္တာတရား၏ အဓိပ္ပါယ်အနက်ကို ဆုံးဖြတ်ရန် လိုအပ် ကြောင်းကို ကျွန်ုပ်အနေဖြင့် အကြံပြုအပ်ပါ၏။

ကြည်ဝင်း(ဟသ်ာတ)

ကျမ်းကိုး (၁) သိပ္ပံလက္ခဏာစွယ်စုံကျမ်း။
(၂). Life, Love and marriage by Cheiro:

www.burmeseclassic.com

www.burmeseclassic.com

နေ့အလိုက် ပစ္စည်းပျောက်ရှာနည်း

သာထက်တော် (မကွေး)

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင်ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ အိမ်ခြေ(၇၀)ကျော်ရှိသော သာယာကုန်းရွာကလေးမှ ဒေါထားထားဟူသည့် အမျိုးသမီးကြီးတစ်ဦး ရေးကြီးသုတ်ပျာနှင့် ရောက်လာခဲ့လေသည်။

ထို ဒေါထားထားဆိုသည့် အမျိုးသမီးကြီးသည် အင်မတန် ရိုးသားဖြူစင်၏။ သာရေးနာရေး၊ ရပ်ရေးရွာရေး ကိစ္စအဝဝတို့တွင် စွမ်းစွမ်းတမံ လုပ်ကိုင်ပေးတတ်သူလည်း ဖြစ်သည်။ သူမတို့ ရွာနီးချုပ်စပ်က အလှူမင်္ဂလာနှင့် သာရေး၊နာရေး ကိစ္စမှန်သမျှကိုလည်း ရွာရှိ အမျိုးသမီး ခေါင်းဆောင်များနှင့်အတူ မည်သည်းမည်မျှစုတမ်း လုပ်ပေးလေ့ရှိ၏။ ထို့ကြောင့် သူမဆိုလျှင် လူတကာက ချစ်ခင်ကြ၏။ ကျွေးချင်မွေးချင် ပေးချင်ကမ်းချင်ကြ၏။ ထို ဒေါထားထားသည် ကျွန်တော့်ဆီကို ရောက်လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် တို့ဆရာရေဟူသည့် အာလုတ်စကားဖြင့် စတင်ပြောဆိုတတ်လေ့ရှိသူလည်း ဖြစ်ပေသည်။

'တို့ဆရာရေ..ဒီတစ်ခါတော့ တကယ့်ကို ကိုယ်ကျိုးနည်းပါပြီ ဆရာရေ'

'ဘာတွေ ဘယ်လိုဖြစ်လို့ ဘာတွေတကယ်ကိုယ်ကျိုးနည်းရတာလဲ ဒေါထားထားရယ်၊ ကျွန်တော် နားလည်အောင်လည်း သေသေချာချာ ရှင်းပြစမ်းပါဦး'

'ဒီလို ဆရာရေ..ကျုပ်တို့ ရွာကနေ ကာကွယ်ရေးပစ္စည်းစက်ရုံမှာ အမှုထမ်းနေတဲ့ တပ်ကြပ်ကျော်ကျော်ဦးနဲ့ ဆရာမဒေါသန်းသန်းဌေးတို့က ရွာပြန်လာပြီး ရှင်ပြု,နားသအလှူကြီး ခြိမ့်ခြိမ့်သဲကျင်းပတယ်လေ။ ဗိဒိယိုက ဦးစော်လင်း(အာရှ၊ တောင်တွင်းကြီး)နဲ့ ဓာတ်ပုံက ဦးကျော်လင်း(အာရှ၊ မြင်ကွန်း)တို့လေ။ ဧည့်ခံကျွေးမွေးတဲ့ အစားအသောက်တွေကလည်း ကောင်းမှကောင်း။ ဒုံးခြောက်ကြော်(ပုစွန်ခြောက်ကြော်)၊ ပဲကုလားဟင်း၊ ငါးပိဆီကြော်၊ ပဲပင်ပေါက်အချဉ် စားလို့ကောင်းလိုက်တာတော်။ ကျုပ် အကြိုက်ဆုံးက ပဲပင်ပေါက်အချဉ်ပဲ။ ကျုပ်တင်ပဲလားဆိုတော့ မဟုတ်ဘူး။ မကွေးက ဆရာမျိုးဟန်ကျော်(တဲရော၊ ဗေဒလက္ခဏာ)ဆိုရင် ပဲပင်ပေါက် လုံးဝမကြိုက်တဲ့သူတောင် ထမင်းစားပွဲနဲ့ ခေါင်းတိုက်ပြီး ဆွဲနေတာ မြင်သေးတယ်တော့။ သူစားတာကို မြင်ရတော့ အလှူဒကာနဲ့ အလှူအမက အတော်ကြီး သဘောကျ ဝမ်းသာနေလိုက်ပုံများ။ အလှူဒကာနဲ့ အလှူအမကလည်း ကုန်ချင်သလောက်ကုန်ဆိုပြီး အောတိုက်လှူတော့ မကောင်းခံနိုင်ရိုးလားတော်။ ဒါပေမဲ့ အဲဒီအလှူမှာ တကယ့်ဆွေမျိုးရင်းချာကြီးတွေနဲ့ မိတ်ဆွေအရင်းအချာကြီးတွေကိုတော့ လာတာ မတွေ့ခဲ့ရဘူး။ လာတဲ့ ဆွေမျိုးတွေနဲ့ မိတ်ဆွေတွေကလည်း ပါးပါးလေးပဲ အလှူငွေထည့်တာ တွေ့ရတယ်။ ဒါပေမဲ့ အခက်သား တို့ဆရာရေ၊ သိပ်ပြီးရင်းနှီးမှုမရှိတဲ့သူတွေကျပြန်တော့ နှင့်ခနဲနေအောင် အလှူငွေထည့်တာ တွေ့ရပြန်ရော။ လူတွေ စိတ်ဓာတ်အမှန် သိရတာပေါ့တော်။ အလှူဒကာ၊ အလှူဒကာမသားဖြစ်တဲ့ မောင်ပိုင်သီဟကျော်နဲ့ တူ/တူမဖြစ်တဲ့ မောင်ဇင်လင်းဗိုလ်၊ မချစ်စုသဲ့ဘတို့ကလည်း အမလေးချောမှချော၊ လှမှလှ။ အဲဒီထဲက အလှူရှင် သားကြီး မောင်ပိုင်သီဟကျော်ဆိုတဲ့ ကလေးဆိုရင် ခွဲခွဲညားညားကြီးနဲ့ မင်းသားကြီးလိုလို ရှင်ဘုရင်ကြီး လိုလိုတော်ရေ၊ အရမ်းလှတာပဲ။ ကျုပ်မြေးလေးဆို သိပ်ကောင်းမှာပဲ။ အလှူဒကာနဲ့ အလှူအမ ကြည့်ဦးမလား'

'တော်..တော်တော့ ဒေါထားထား။ ခင်ဗျား ကျုပ်ဆီရောက်လာတာ ခင်ဗျားတို့ရွာက အလှူအကြောင်း ပြောနိုလား။ ဒါဆိုရင်တော့ အခုချက်ချင်း လစ်ပေတော့၊ ကျောင်းပေတော့။ သွား..သွား'

'တို့ဆရာရေ၊ ဒေါနချည်းပဲ။ မေမြို့ပန်းလေး၊ ဂန္ဓမာပန်းလေး လုပ်ပါဦး'

'အဲလေ..ယောင့်လို့၊ ဒေါသချည်းပဲ။ တို့ဆရာပဲ ကျုပ်ကို သေသေချာချာ ရှင်းပြခိုင်းပြီး'

'ကျုပ် ခင်ဗျားကို ရှင်းပြခိုင်းတာက ခင်ဗျားရဲ့ ချဲထီရောင်းတာ ရဲလို့ကိုလို့ သုတ်သီးသုတ်ပျာ ပြေးဝင်လာတဲ့ ပုံစံကိုပြောတာ သိလား'

'အမယ်လေး တို့ဆရာရေ၊ ဖွဟဲ့..လွဲပါစေ၊ ဖယ်ပါစေ။ ကျုပ် ဘယ်တုန်းက ချဲထီရောင်းဖူးလို့လဲ။ ဆရာလေထီပဲ ရောင်းတာပါတော်။ သူများတွေလို ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပင်၊ သုံးပင်လိမ် လုပ်မစားရဲပါဘူး။ အခု ကျုပ် ဆရာ့ဆီ ပြေးလာတာကလည်း အဲဒီအလှူမှာ ဖြစ်ခဲ့တဲ့ကိစ္စလေ။ အဲဒီအလှူမှာ ဖြစ်ခဲ့တဲ့ကိစ္စကို အဲဒီအလှူအကြောင်း မပြောဘဲနဲ့ ဘယ်လိုလုပ် ဖြေရှင်းပေးနိုင်မလဲ။ ဆရာက သိပ် လောတဲ့ကိုး'

'ဒါဆိုရင် သိပ်ရှည်ရှည်ဝေးဝေး တိုင်ပတ်မနေနဲ့ဗျာ။ ခဲ့ရှင်းပြ'

'ဒီလိုဆို ဆရာရေ၊ ကျုပ်တို့ တောခလေ့ ရွာခလေ့မှာ အလှူဝတ်လှည့်(ရှင်လောင်းလှည့်)ရင် အမျိုးသမီးလေးတွေ တိုင်း ရွေတိုရွေစလေးတွေ ဝတ်ဆင်ပြီး ဝတ်လှည့်လေ့ရှိကြတယ်လေ။ ရှိတဲ့သူက ရှိသလောက် ဝတ်ဆင်ကြသလို အသင့်အတင့်ရှိတဲ့သူကလည်း အသင့်အတင့် ဝတ်ဆင်ကြတာ ဆရာလည်း အသိပဲလေ။ အဲ..ဒါပေမဲ့ လုံးလုံးမရှိတဲ့ အမျိုးလေးတွေကျတော့ အခက်ကြုံရော။ အခုလို ဗီဒီယို မှတ်တမ်းတင်အခမ်းအနား ပါတာမျိုးဆို ပိုပြီးဝတ်ဆင်ချင်ကြတယ်။ ဒါကိုလည်း အပြစ်တစ်ခုလို့ မဆိုသာနိုင်ဘူးလေ။ သူ့အရွယ်နဲ့သူ အများနဲ့တန်းတူ မဟုတ်တောင်မှ အနည်းအကျဉ်းတော့ ဝတ်ဆင်ချင်တာပဲလေ။ လှချင်ပချင်ကြတဲ့ အရွယ်တွေကိုး ဆရာရဲ့။ ဒီတော့ မိဘအုပ်ထိန်းသူတွေက ရွာနီးချုပ်စပ်ကနေ ခေတ္တခဏ နားလည်ရင်းနှီးမှုနဲ့ ငှားရမ်းပေးပြီး ကိုယ့်သားသမီး၊ တူမတွေကို ဆင်ယင်ပေးကြတာက ထုံးစံပဲမဟုတ်လား။ အဲဒီလိုထဲမှာ ကျုပ်တူမလေး တင်မို့မို့သော်လည်း အပါအဝင်ပေါ့ ဆရာရယ်။ ကျုပ်လေ ကျုပ်တူမလေး အလှူလိုက်ချင်လှချည်ရဲ့လို့ ငိုယိုပူဆာတာကြောင့် ကျုပ်တို့ရွာအနောက်ဘက် ယာဉ်ပျံရွာက ဦးစိုးတင့်၊ ဒေါ်ခင်ပိုက်(စိုးပိုက်စတိုးဆိုင်)တို့ဆီကနေ တစ်ကျပ်သား ဆွဲကြိုးလေးတစ်ကုံး ငှားပြီး ဆင်ပေးခဲ့ပါတယ်။ အဲဒါ..အဲဒါ အခုတော့ အလှူပွဲမှာ ကျပ္ပောက်သွားပြီ ဆရာရဲ့။ ကျုပ်သူတို့ကို အလျော်ပေးရတော့မယ်။ ဒီလောက်ထက်ဝက်ကွဲ လူအုပ်ကြီးကြားထဲ လုံးဝပြန်တွေ့စရာ အကြောင်း မရှိလောက်ထော့ပါဘူး ဆရာရဲ့။ ကျုပ်မှာ လျော်စရာဆိုလို့ ဒီနားက နားကပ်လေးတစ်ရန်ပဲ မို့ဘက အမွေပေးခဲ့လို့ ရှိတာပါတော့။ ကျုပ်ယောကျ်ား ကိုတင်လှပြန်လာရင်လည်း ကျုပ်ကို အသေ သတ်တော့မှာပါ ဆရာရဲ့။ ကျုပ်ကို ကယ်ပါဦး ဆရာရယ်။ ကျုပ်ကို ဆရာ ကယ်မယ်မဟုတ်လား။ ကယ်ပါ ဆရာရယ်၊ ကယ်ပါ ဆရာရယ်'

'နေစမ်းပါဦး ဒေါ်ထားထားရယ်။ ခင်ဗျား ငိုကြီးချက်မ အော်ပြောနေတာနဲ့ပဲ ဟောဟိုလမ်းပေါ်သွားနေကြတဲ့သူတွေက ကျုပ်ကို ကယ်ပါ(သူတောင်းစား)ထင်ပြီး ငေးကုန်ကြပြီ။ ဘာလဲ၊ ကယ်ပါ ဆရာရယ်..ကယ်ပါ ဆရာရယ်နဲ့။ ကျုပ်က ခင်ဗျားကယ်တင်ခိုင်းလည်း ကယ်တင်နိုင်တဲ့ တန်ခိုးရှင်ကြီး။ ဥဖြူဆရာကြီး မဟုတ်ဘူး'

'ဟင်..ဒါဆို ကျုပ်ကို မကယ်နိုင်ဘူးပေါ့။ ဆရာတို့ ဗေဒင်ဆရာတွေပဲ စကားလုံးအမိုက်စားတွေနဲ့ ပြောလို့ပြောကြ၊ ကြော်ငြာတွေနဲ့ ကြော်ငြာလို ကြော်ငြာကြနဲ့။ အခုတော့ ကျုပ်တို့အားလုံး သိထားတာနဲ့ တက်တက်စင် လွဲနေပါပေါ့လား'

'ဒီမယ် ဒေါ်ထားထား၊ အဲဒီလို ဗေဒင်မေးပရိသတ်ကို မက်လုံးပေး ပြောတဲ့အထဲမှာ ကျုပ် လုံးဝမပါဘူး။ ရမယ်၊ မရဘူး၊ ဖြစ်မယ်,မဖြစ်ဘူး၊ ဟုတ်တယ်,မဟုတ်ဘူးပဲ ပြောတတ်၊ မောတတ်တယ်။ ကျုပ်ဗေဒင်ဟောလာတာ နှစ်ပေါင်း မနည်းတော့ဘူး။ ရှေးက ဆရာ့ဆရာကြီးတွေရဲ့ ဟောကိန်းတွေအတိုင်းပဲ ဟောခဲ့တယ်။ ခေတ်ကာလ အလျောက် စကားလုံးအသုံးအနှုန်း ပြောင်းလဲသုံးစွဲတာက လွဲလို့ပေါ့။ မှန်ကန်တဲ့ ဟောကွက်တွေကို လက်တွေ့ဘဝနဲ့ ပေါင်းစပ်ပြီး ဟောကိန်းထုတ်ခဲ့တာချည်းပဲ။ မှန်လည်း မှန်ခဲ့တယ်လေ။ ဒါဟာ ကျုပ်ရဲ့ တန်ခိုးသိဒ္ဓိအစွမ်းမဟုတ်ဘူး။ ကျုပ်ဆရာကြီးရဲ့ စကားအတိုင်းပြောရရင် ငရုတ်သီးသာ မှန်ပါစေ၊ ဘယ်လူမျိုးပဲစားစား ဘယ်သတ္တဝါပဲစားစား စပ်နေလိမ့်မယ်တဲ့။ ဆိုလိုတာက ဗေဒင်ပညာက နဂိုကတည်းက မှန်နေပြီးသားပဲလေ။ ဘယ်သူပဲတွက်တွက် မှန်နေမှာပါ။ တစ်ခုတော့ရှိတာပေါ့။ အကျင့်သီလနဲ့ စရဏအားကောင်းတဲ့သူ နူတ်ထွက်စကားနဲ့ သာမန်လူနဲ့တော့ ကွာခြားကောင်း ကွာခြားနိုင်တယ်လေ။ ကဲပါလေ၊ ကျုပ်ပြောနေတာနဲ့ပဲ လိုရင်းမရောက် ဖြစ်နေဦးမယ်။ ဒီနေ့နဲ့ ပျောက်မှန်းသိတဲ့အချိန် ပြောစမ်းပါဦး'

'ဒီနေ့က (၁၃၇၆)ခုနှစ်၊ နတ်တော်လဆန်း (၁၂)ရက်၊ ဗုဒ္ဓဟူးနေ့။ ပျောက်မှန်းသိတဲ့အချိန်က မနက်(၉း၀၀)နာရီနဲ့ (၁၀း၀၀)နာရီအတွင်း ဆရာ'

'အင်း..ဟုတ်ပြီ။ ခင်ဗျားတူမလေးက ဘာနေ့သမီးလဲ'

'ကြာသပတေးသမီး ဆရာ'

'ဒါဆို ခင်ဗျား စိတ်အေးအေးသာထားပေတော့။ ခင်

www.burmeseclassic.com

ဗျားတူမဆွဲကြိုး ပြန်တွေ့လိမ့်မယ်'

'သေချာတယ်လား ဆရာ၊ လူတွေက အများကြီး'

'သေချာပါတယ် ဒေါ်ထားထား။ ရှာတော့ ရှာရမှာပေါ့။ ဘယ်နေရာ ရှာရမလဲဆို ခင်ဗျားတူမ အဲဒီအချိန်အတွင်း သွားလာခဲ့တဲ့ နေရာအကုန်ဆိုပါတော့။ ရွာထဲကိုလည်း လူစုခွဲ ရှာခိုင်းဦးပေါ့။ တွေ့ကို တွေ့ရစေမယ်ဗျာ'

'တို့ဆရာရေ..ဆရာ့စကား ကြားရတော့မှာပဲ သိကြားမင်းစကား ကြားရသလိုမျိုး အောက်မေ့ပါရဲ့။ ဒါနဲ့ တစ်ဆိတ်လောက် ဆရာ ဘယ်နည်းလမ်းနဲ့ တွက်ပေးသလဲဆိုတာ ကျုပ်ကို တစ်လက်စတည်း သင်ပေးပါဦး'

'အရေးတည်းမှာပဲ အရာပေါ်နေပြန်ပါပြီ။ ဒေါ်ထားထား သိချင်ရင် ဟောဒီမှာ ကျုပ် ကွန်ပျူတာအသင့်စာစီထားတာရှိတယ်။ ရော့..ယူသွား။ ခင်ဗျားဟာလေ ကမ္ဘာမီးလောင်နေပါတယ်ဆိုမှ ဂက်(စ်)မီးခြစ် ထခြစ်နေသေးတယ်။ သွား..သွား'

ထိုသို့ ကျွန်တော် ငေါက်ငမ်းလွှတ်လိုက်မှ ထိုင်ရာက နေ အပြေးတစ်ပိုင်းနှင့် ထပြေးသွားလေတော့သည်။ ကျွန်တော် ဒေါ်ထားထားကို ရွှေပျောက်ပစ္စည်း ဟောပေးသောနည်းကို ကမ္ဘီရစာဖတ်ပရိသတ်ကြီးလည်း သိချင်ရှာလိမ့်မည်ဟု ထင်မြင်မိပါသည်။ အမှန်အတိုင်း ဝန်ခံရေးသားပါမည်။

ဒေါ်ထားထားကို ပျောက်သည့်အချိန်ကာလ မေးပြီး အင်္ဂါဝိန္ဒာတိုင်နှင့် တွက်စစ်ကြည့်ရာ ဗုဒ္ဓဟူးနေ့မနက် စနေ အခါတိုင် ဖြစ်နေခြင်းကြောင့် ပျောက်သွားသည့် ရွှေထည် ပစ္စည်းနှင့် ပျောက်သွားသူ ကြာသပတေးသမီးတို့သည် တိုင်ထိပ်တန်းစီးတွင် ရှိနေပါသည်။ ထို့ကြောင့် မလွဲမသွေ ပြန်ရမည်ဟု ဟောခဲ့ခြင်းဖြစ်ပါသည်။ ၄င်းအခါတိုင်နှင့် တွက်ချက်နည်းများကို နောင်တွင် တင်ပြရေးသားပါဦးမည်။ ရှာမွေ့ရမည့်နေရာ ဟောပေးခဲ့ခြင်းကိုမူ အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း

၄ ပျောက်သည့်ပစ္စည်းရွှေ
၁
၅ ပျောက်သည့်နေ့သားသမီး
- ၇ - ပျောက်သည့်အခါတိုင်
၃
၆
၂

တနင်္ဂနွေနေ့တွင် ပစ္စည်းပျောက်ပါက ရေအနီးအပါး (ရေတွင်း၊ ကန်၊ ပိုက်၊ အိုး၊ အုတ်ကန်၊ ရေအိုင်)။

တနင်္လာနေ့တွင် ပစ္စည်းပျောက်ပါက တောတောင် (ချုံ ပုတ်၊ မြက်ဖုတ်၊ မြက်ခင်း၊ တောစပ်၊ အမှိုက်ပုံ)။

အင်္ဂါနေ့ ပစ္စည်းပျောက်ပါက လိုဏ်ဂူ၊ ဥမင်လိုဏ်ခေါင်း။ (အကြိုအကြား၊ ချောင်ကြိုချောင်ကြား)။

ဗုဒ္ဓဟူးနေ့ ပစ္စည်းပျောက်ပါက ရွာအတွင်း (ရပ်ကွက်၊ လမ်းပေါ်၊ မိမိသွားလာခဲ့သော နေရာအသီးသီး)။

ကြာသပတေးနေ့ ပစ္စည်းပျောက်ပါက တောင်ကုန်း၊ ကုန်းကမူ၊ မြင့်သောနေရာ၊ အမြင့်နေရာများ။

သောကြာနေ့ ပစ္စည်းပျောက်ပါက ခရီးသွားရာလမ်း၊ လူသွားလူလာလမ်းများ။

စနေနေ့ ပစ္စည်းပျောက်ပါက မိမိနေထိုင်ခဲ့ရာနေရာ အနီးအပါး (မိမိအနီးပတ်ဝန်းကျင်)။

ကျွန်တော်သည် ဒေါ်ထားထား ထွက်သွားသည့်နောက် ရောက်ရှိလာသော ဗေဒင်မေးပရိသတ်ကို အလှည့်ကျတွက်ချက်ပေးနေမိသည်။

ဖွန်းလွဲတစ်နာရီသာသာ ရောက်လာချိန်မှာတော့ ကျွန်တော့်ဟောခန်းဆီသို့ ဒေါ်ထားထားတစ်ယောက် အစွမ်းကုန် ပြုံးပြပြီး ဖေါ်တော်မူလာခဲ့လေသည်။

'ဘယ့်နယ်လဲ ဒေါ်ထားထား၊ ပြန်တွေ့ပြီမဟုတ်လား'

'တို့ဆရာရေ..တွေ့ပါသကော၊ တွေ့ပါသကော။ တို့ဆရာ ပြောလိုက်တဲ့အတိုင်း ကျုပ်နဲ့ ရွာထဲက ကောင်လေး ကောင်မလေးတွေ နေရာအနှံ့ ပိုက်စိပ်တိုက်ရှာလိုက်တာ ဖုန်တောထဲ(သဲမြေ)မှာ ဘွားခနဲပြန်တွေ့လိုက်တယ်။ တကတည်း ကျေးဇူးကြီးလှပါတယ် တို့ဆရာရေ၊ ဆရာသာ ကျုပ်ကို မဟောရင် ကျုပ် စိတ်ဆင်းရဲပြီး သေမှာကိုန်းသေ။ ကျုပ်ဘဝက စားစရာမရှိပေမယ့် လျော်စရာရှိရမယ့် အခြေအနေကို ရောက်ရတော့မှာကိုး။ ဆရာပေးတဲ့အသက်ပဲ ရှိပါတော့တယ် ဆရာရယ်။ ကျုပ်တို့ဆရာကို နဖူးမြေခိုက် ဦးခိုက်ကန်တော့ပါရစေနော်'

ထိုသို့ပြောဆိုရင်း ကျွန်တော့်ကို ကန်တော့လိုက်သည်။ ထို့ကြောင့် ကျွန်တော်လည်း မိမိကျက်မှတ်ထားသမျှ ဆုပေးနည်းပေါင်း သောင်းခြောက်ထောင်ဖြင့် ကရားရေလွှတ် တတွတ်တွတ်ဆုများ မနားတမ်း ပေးလိုက်ရတော့သည်။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ

သာထက်ဇော်(ဓနကွေး)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရင်ဝယ်စွဲငြိ မိတိဝေဒေ

မင်းနေထွန်း(ကန့်ဘလူ)

ကျွန်တော် မန္တလေးကို သွားမယ်ဆိုတော့ သားကြီးဖြစ်သူ မောင်ဗညားထွန်းက သူ့ဌာနကိုယ်ပိုင် ရော်ဘာတံဆိပ်တစ်ခု လုပ်ခဲ့ဖို့ မှာလိုက်ပါတယ်။ အဲဒါနဲ့ပဲ မန္တလေးမြို့မှာရှိတဲ့ နာမည်ကြီးတံဆိပ်ထုလုပ်ငန်းဆိုင် တစ်ဆိုင်ကို ရောက်သွားရပါတော့တယ်။

ဆိုင်မှ တာဝန်ရှိအမျိုးသမီးလေးတစ်ယောက်က သားရဲ့ ဌာနဆိုင်ရာ အထက်အရာရှိရဲ့ ခွင့်ပြုမိန့်စာရွက်စာတမ်းနဲ့ သားရဲ့ မှတ်ပုံတင်ကို တောင်းပါတယ်။ အဲဒီအထောက်အထားတွေ မပါရင် ရော်ဘာတံဆိပ် လုပ်ခွင့်မရှိဘူးလို့ ဆိုလာပါတယ်။ ကျွန်တော်သိမှ မသိဘဲ။

ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့က လာတဲ့အကြောင်း၊ ဒီလိုသတ်မှတ်ချက်တွေရှိမှန်းလည်း မသိရှိခဲ့တဲ့အတွက် အဲဒီအထောက်အထားတွေ ပါမလာကြောင်း ပြောပြတော့ "ဒီလိုဆိုရင် ဦးရဲ့ မှတ်ပုံတင်တော့ ပါလာမှာပေါ့နော်။ ခရီးသွားတယ်ဆိုရင် မှတ်ပုံတင်ပါရတယ်မဟုတ်လား။ ဦးရဲ့ မှတ်ပုံတင်လေးပဲ ပြပါ" တဲ့။

ဗုဒ္ဓါ၊ အဲဒါလည်း ကျွန်တော့်မှာ အခက်ပါပဲ။ ဘာကြောင့်လဲဆိုတော့ ရေဦးက မန္တလေးအလာ ခရီးစဉ်အတွင်းမှာတော့ ကျွန်တော့်အဝတ်အိတ်ထဲမှာ ကျွန်တော့်မှတ်ပုံတင် သာမက ဖတ်စရာစာအုပ်၊ ရေးစရာစာရွက်၊ ရေးစရာမင်တံ အစရှိတာတွေ ပါတာပေါ့။ ခုဟာက မန္တလေးမြို့ထဲ ထွက်လာတာဆိုတော့ မှတ်ပုံတင်ဆောင်ဖို့ မလိုအပ်ဘူးဆိုပြီး ပါမလာဘူးလေ။

"သမီးရယ်..ဦးတည်းခိုတဲ့ ပါဝါတော့ ရေဆေးဆီလိုက် အိမ်မှာတော့ ဦးရဲ့ အမျိုးသားမှတ်ပုံတင် ရှိပါတယ်။ ကျနိ်ရစ်တာပေါ့။ ဒီကိုတော့ ယူမလာမိဘူး။ ပြန်ယူပြဖို့ဆိုတာလည်း ခရီးက လှမ်းတယ်လေ။ ဒီတော့ ဖြစ်နိုင်မယ်ဆိုရင်တော့ အမျိုးသားမှတ်ပုံတင်လိုပဲ သက်သေခံအထောက်အထားဖြစ်တဲ့ ဦးရဲ့ မြန်မာနိုင်ငံစာရေးဆရာအသင်း အသင်းဝင်မှတ်ပုံတင်ကတ်လေးတော့ ပါပါတယ်။ အဲဒါပြရင် ရမလား" လို့ ပြောပြောဆိုဆို ကျွန်တော်က အင်္ကျီအိတ်ထဲက ကတ်လေးကိုထုတ်ပြီး ကလေးမရဲ့ရှေ့ကို ချပြလိုက်မိပါတယ်။

အမျိုးသမီးလေးက ကျွန်တော် ချပြလိုက်တဲ့ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင် ကတ်ပြားလေးကို ကောက်ယူကြည့်ပြီး ပါးစပ်လေး ဟသွားပါတယ်။

ပြီးတော့ အဲဒီပါးစပ်လေးကပဲ လှလှပပပြုံးလာပြီး-

"ဪ..ဦးက ဟိုဂန္ဓီရမဂ္ဂဇင်းမှာ လစဉ်လို စာတွေရေးနေတဲ့ စာရေးဆရာ(ဦး)မင်းနေထွန်းကိုး။ သမီးက ဦးရဲ့ ဆောင်းပါးတွေကို မလွတ်တမ်း စောင့်ဖတ်နေတဲ့သူပါ။ ဦး ရေးတဲ့ ဗေဒင်အသိပညာပေးတွေကို သိပ်ကြိုက်တာပဲ။ ဦး လက်ခံနိုင်မယ်ဆိုရင် သမီး ဦး တည်းတဲ့ဆီကိုလာပြီး ဗေဒင်မေးချင်ပါတယ်။ လိပ်စာလေး ပေးခဲ့ပါလား။ တံဆိပ်တုံးလည်း လက်ခံလုပ်ပေးလိုက်ပါ့မယ်။ မူဘောင်မဟုတ် ပေမယ့် ပုဂ္ဂိုလ်ရေး ယုံကြည်မှုအရပေါ့။ ပြီးတော့ ဦးရဲ့ ဒီကတ်ကလည်း ခိုင်မာပါတယ်" တဲ့။

စောစောက ခပ်တည်တည် ခပ်တင်းတင်းနဲ့ မူတွေဘောင်တွေ ရှင်းပြပြီး ကျွန်တော့်ကို ချွေးပြန်အောင် လုပ်ခဲ့တဲ့ ကလေးမက ခုတော့လည်း ချိုပြုံးရွှင်လို့ တစ်ကိုယ်လုံး ယဉ်သွားတဲ့အတွက် ကျွန်တော်လည်း သက်ပြင်းရှည်ကြီးကို တမေ့တမောဆွဲချရင်း ဘဝင်အေးသွားပါတယ်။

"ရပါတယ် သမီးရယ်။ သမီးဆန္ဒရှိရင်တော့ လာခဲ့ပေါ့။ တစ်ခုတော့ရှိတယ် သမီးရယ်၊ ဦးက ဗေဒင်ဆရာတော့ မဟုတ်ဘူး။ ဗေဒင်ကို လေးစားမြတ်နိုးစွာ လေ့လာဆည်းပူးနေတဲ့ ဗေဒင်သုတေသီတစ်ယောက်ပါ။ ဒီတော့ မျှော်လင့်တကြီးနဲ့ ဦးဆီကို ရောက်လာပြီး ဘဝင်ကျလောက်တဲ့ ဟောချက်ပြောချက်တွေ ဖြစ်မလာရင် သမီးလည်း စိတ်ပျက်သွားမယ်။ ဦးလည်း မကောင်းဘူးပေါ့။

ဒီတော့ ဒီလိုလုပ်ပါလား သမီး။ ဦးဆီကို သမီးလာဖို့ မလာဖို့ အဆုံးအဖြတ်အဖြစ် ဦး တစ်ချက်ပြောလိုက်ပါ့မယ်။ အကယ်လို့ သမီးဟာ တနလ်ာသမီးဖြစ်မယ်၊ မူလမဟာဘုတ်မှာ သုည(၀)ကြွင်းတဲ့ သိုက်အိမ်ဖွားလည်းဖြစ်မယ်၊ ဟုတ်တယ်ဆိုရင် သမီး ဦးဆီကို လာခဲ့ပေါ့။ ဦး ဟောလို့ရပြီ။ အဲဒါတွေ တစ်ခုမှ မဟုတ်ဘူးဆိုရင်တော့ အပင်ပန်းခံပြီး ဦးဆီကို သမီး လာမနေနဲ့တော့။ ဟော သမျှ ပြောသမျှ အမှားချည်းဖြစ်မှာ သေချာတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်စကားလည်းဆုံးရော မိန်းကလေးရဲ့ မျက်နှာတစ်ခုလုံးဟာ အပြုံးနဲ့ ဝင်းဝင်းတောက်သွားတယ်လို့ ထင်လိုက်ရပါတယ်။ တစ်ကိုယ်လုံးလည်း လူပ်လူပ်ရွရွဖြစ်သွားပြီး-

'ဟုတ်တယ် ဦး၊ ဟုတ်တယ်။ သမီးက တနလ်ာသမီး။ မဟာဘုတ်လည်း သိုက်ဖွားပဲ။ သမီး မဟာဘုတ်ကောင်းကောင်းဆွဲချတတ်တယ်'တဲ့။

သူနဲ့ဘေးမှာ ထိုင်နေတဲ့ သူလို ဝန်ထမ်းကလေးမကလည်း အပြုံးတွေဝေဆာစွာနဲ့ ကျွန်တော့်ကိုတစ်ချက်ကြည့်၊ သူသူငယ်ချင်းကိုတစ်လှည့် ကြည့်ရှာပါတယ်။ ဒီလိုနဲ့ ရော်ဘာတံဆိပ် အပ်ခြင်းကိစ္စအလုပ် အောင်မြင်ပြီးမြောက်ခဲ့တယ် ဆိုပါတော့။

ဘာကြောင့် တနလ်ာသမီး၊ သိုက်ဖွားလို့ ပြောနိုင်တာလဲ ဆောင်းပါးနောက်ပိုင်းမှာ ရှင်းပြပါ့မယ်။ (စကားချပ်)

ကလေးမလေး ကျွန်တော်တည်းခိုရာ ပါဝါတော့ ရေဆေးဆီလိုက် အိမ်ကို ရောက်လာချိန်မှာတော့ ဌေသိမ်းကောင်တာမှာထိုင်တဲ့ ကျွန်တော့်တူ မောင်သိန်းတိုးက 'ဘာမောင်..ဧည့်သည်'လို့ လှမ်းအော်ပြောလို့ အိမ်ထဲက ထွက်လာပြီး ကြိုဆိုလိုက်ရပါတယ်။ ဟိုနေ့က သူနဲ့အတူတွဲထိုင်နေတဲ့ ကလေးမလေးလည်း သူနဲ့အတူ ပါလာပါတယ်။

အိမ်ထဲက ဧည့်စားပွဲမှာ နေရာချထားပေးပြီး သူတို့နဲ့ ကျွန်တော် မျက်နှာချင်းဆိုင် ထိုင်မိကြတဲ့တိုင်အောင် သူမက ဧဒင်မမေးသေးဘဲ မျက်နှာကို လက်ကိုင်ပဝါလေးနဲ့ တို့တို့ပြီး ချွေးစို့စို့တွေကို သိမ်းဆည်းနေပါသေးတယ်။ အတော်ကြာတော့မှ 'သမီးမွေးသက္ကရာဇ် ပေးရမလားဦး'တဲ့။

ဧဒင်မေးခြင်းကို စပြီပေါ့။

'မွေးသက္ကရာဇ်ပေးတာက နောက်မှပေါ့ သမီးရယ်။ ခုလောလောဆယ်တော့ ဦးပြောတာ သမီးတို့ နာမ်ထောင်ပါဦး။ ဦးဆီကို သမီးတို့လာတော့ တစ်နေရာရာ အရင်ရောက်ခဲ့၊ သွားခဲ့ပြီးမှ ဦးဆီကို ရောက်လာကြတာမဟုတ်လား။ ဘယ်ဝင်ခဲ့ကြသေးတာလဲ'

ကျွန်တော့်စကားကြောင့် သူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ပြုံးစိစိနဲ့ အပြန်အလှန်ကြည့်လိုက်ကြတယ်။

ပြီးတော့မှ-

'အဟဲ..သမီးတို့နှစ်ယောက် လမ်းမှားသွားပြီး ဟို(စ၂)လမ်း×(၄၄)လမ်းထောင့်က ဆိုင်တစ်ဆိုင် ဝင်မေးရတာ။ ဒီနားမှာ ပါဝါတော့ရေဆေးဆီလိုက်ဆိုတာ ရှိသလားလို့လေ။ ဘယ်မှာမှ ရှာမတွေ့တာ သမီးအမှတ်မှားတာဦးရဲ့။ ဦးပြောတဲ့ (စ၁)လမ်းကို (စ၂)လမ်းလို့ ကြားပြီး မှတ်လိုက်မိတာ။ သမီးတို့ ဝင်မေးတဲ့ဆိုင်က ပါဝါတော့ရေဆေးဆီလိုက်က ဟိုဘက်(စ၁)လမ်း×(၄၄)လမ်းထောင့်မှာ မမှာရဲ့လေးရှိတယ်။ လှမ်းကြည့်လိုက်ဆိုလို့ အဟဲ..ဟဲ..ချွေးကိုပြန်ရော။ ရှာရတာ ဦးရယ်'တဲ့။

နှစ်ယောက်စလုံး ရယ်ကြတယ်။ ကျွန်တော်လည်း ပြုံးမိပါတယ်။ ကျွန်တော်ပြုံးတာက သူတို့ ဧဒင်စပြီး မေးတဲ့အချိန်မှာ ကျွန်တော့်စိတ်ထဲမှာ ထူလိုက်တဲ့ သောကြာအခါတိုင် မှန်သွားခြင်းကြောင့်ပါ။ သောကြာအခါတိုင် ဆိုတာ ခွေး၊ ဆွတ်၊ သိမ်း၊ ယူယာယီဟူလို့ ပညာရှင်ကြီးများက ဝိဂြိုဟ်ပြုခဲ့ကြတာကိုး။ ဒီအချိန် ဒီအခါဆိုတာ ယာယီချိန်လေ။ ခရီးများချိန်လေ။ နေရာ(၂)နေရာ၊ (၃) နေရာ ရွှေ့လျားပြီးမှ လိုရာခရီး၊ လိုရာနေရာကို ရောက်တတ်တဲ့ သဘောလက္ခဏာ ဆောင်တတ်လေ။ ခုပဲကြည့်၊ ကျွန်တော့်ဆီ တိုက်ရိုက်ရောက်မလာကြသေးဘဲ (စ၂)လမ်း၊ (၄၄)လမ်းထောင့်က ဆိုင်ကို ရောက်ပြီးမှ ကျွန်တော့်ဆီ ရောက်လာကြတာပဲ မဟုတ်လား။ အခါ တိုင်မှန်ပြီပေါ့။

၃
၀
၄
* ၆ (အခါ) (ခွေ၊ ဆွတ်၊ သိမ်း၊ ယူ)
* ၂ (မေးသူနဲ့) (လူနှစ်ယောက်)
၅
၁

၃
* ၀ (တော့)
၄
၆
၂
* ၅ (ပါဝါ)
၁

အခါတိုင် မှန်ပြီဆိုမှတော့ ကျွန်တော် ဟောလို့၊ ပြောလို့ ရသွားပြီပေါ့။ အင်္ဂါဝိဇ္ဇာပညာရပ်မှာ အခါတိုင်ကို အမိအရဖမ်းနိုင်၊ ကိုင်နိုင်ဖို့ အဓိကပဲမဟုတ်လား။ သာမန်လူတွေ ပြောပြောနေကြတဲ့ အင်္ဂါဝိဇ္ဇာဧဒင်က ပထမတစ်ခွန်းစစချင်း မှန်ရင် နောက်က ဆက်တိုက် မှန်တော့တာပဲ ဆိုတာမျိုးပေါ့။

သောကြာအခါတိုင်မှာ ဧဒင်မေးသူ တနလ်ာသမီး စတုရန်းနေရာမှာ ရောက်နေတာကို တွေ့လိုက်ရတဲ့အတွက် ကလေးမလေးမှာ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံးမှာ ညှိုး

www.burmeseclassic.com

ချုံးစေတဲ့ အခက်အခဲ ပြဿနာတစ်စုံတစ်ခု ရှိနေပြီဆိုတာ ကျွန်တော် သိလိုက်ရပါပြီ။ ရှေးပညာရှင်ကြီးတွေက စတုရန်းအောက်ဂြိုဟ်၊ နေပျော်ခိုက၊ ကိုယ့်ကိုစွပ်စွဲ၊ တစ်နည်းကိုယ့်အောက်၊ မဖောက်ဟုတ်ငြား၊ ထိုသူများနှင့်၊ တရားတဘောင်၊ ဖြစ်မည်ရှောင်လော့၊ ထို့ပြင်တစ်ကြောင်း၊ ခြေနှစ်ချောင်းနှင့်၊ လေးချောင်းပြင်ထွက်၊ သတင်းမျက်ခဲ့လို့ သတ်မှတ်ဟောပြောခဲ့ကြတာကိုး။

ဒီတော့ ကျွန်တော်လည်း ပညာရှင်ကြီးတွေရဲ့ အဆုံးအမသြဝါဒအတိုင်းပဲ ဟောရ၊ ပြောရတော့တာပေါ့။ ရာနှုန်း(၈၀)တော့ မှန်ကန်တာပေါ့။

ကျွန်တော်ပြောသမျှ ဟောသမျှတိုင်းကို စိတ်တိုင်းကျစွာ နာယူပြီး ကျွန်တော်ညွှန်းလိုက်တဲ့ ယတြာသွန်သင်၊ ဓာတ်ဆင်ဓာတ်ရိုက်တွေကိုလည်း ယုံယုံကြည်ကြည် ပြုလုပ်ဆောင်ရွက်ပါမယ်လို့ ကတိပြုသွားရှာပါတယ်။

အဲဒီနေ့က သူမပြောတဲ့ သမီးမွေးသက္ကရာဇ် ပေးရမလား ဦး ဆိုတဲ့ ကိစ္စကို လုံးဝအသုံးမချဘဲ အင်္ဂဝိဇ္ဇာဗေဒင်နည်းပညာအရသာ အတိတ်နိမိတ်တွေနဲ့ယှဉ်ပြီး ဟောပြောပေးလိုက်တာပါ။

သူတို့နှစ်ယောက် မပြန်ခင်လေးမှာဘဲ သူမနဲ့အတူ ပါလာတဲ့ မိန်းကလေးက ကျွန်တော့်ကို 'ဦးက အကြားအမြင်နဲ့ ဟောတာမျိုးလားဟင်' တဲ့ မေးခွန်းမေးပါတယ်။

သူမျက်နှာက ဝင်းပချိုသာနေတာမို့ ကျွန်တော် ဟောသမျှ ပြောသမျှတွေကို သူလည်း သဘောကျကြောင်း သိသာထင်ရှားနေပါတယ်။

'ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတွေရဲ့ ဓာတ်စီးပြီးဟောတဲ့ အကြားအမြင်မျိုးတော့ မဟုတ်ဘူး သမီး။ ဘယ်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကမှလည်း ဦးကို စောင့်ရှောက်ကူညီပြီး အကြားအမြင်ပေးထားတာ မရှိဘူး။ မြန်မာ့ရိုးရာစစ်စစ် ဗေဒင်ပညာတစ်မျိုးနဲ့ အရိုးသားဆုံး ဦး ဟောခဲ့၊ ပြောခဲ့တာပါ။ တချို့က ဒီပညာကိုပဲ အကြားအမြင်ပညာလို့ သမုတ်ခေါ်ဝေါ်ကြတာတော့ ရှိတာပေါ့။ ဒါကြောင့် အကြားအမြင်ပညာဆိုရင်တော့ ဟုတ်တယ်၊ အကြားအမြင်ဓာတ်လားဆိုရင်တော့ မဟုတ်ဘူး။ ဦးသာ အကြားအမြင်ဓာတ်ရရင် အစိုးရ သိန်းထိုက အမြင့်ဆုံးဆုကြီးကို လတိုင်း၊ အကြိမ်တိုင်း ပေါက်အောင် ထိုးထိုးယူနေမှာပေါ့ သမီးရယ်။ ဦး အဲလောက် မစွမ်းပါဘူး' ဆိုတော့ ရယ်ကြတယ်။

ကိုင်း... ဒီကလေးမလေးတွေနဲ့ ပထမဦးဆုံး စတင်တွေ့ကြုံစဉ်က သက်ဆိုင်သူ 'ကလေးမလေးကို တနလ်ာသမီး၊ သိုက်ဖွားလို့ ဒက်ခနဲ ဟောလိုက်၊ ပြောလိုက်တာလည်း ဒီသောကြာအခါတိုင်နဲ့ပါပဲ။ မဟာဘုတ်နည်းနည်းလေး ရောစွက်ပြီး ဟောခဲ့တာပဲ ရှိတာပါ။ အဲဒီကလေးမလေးနဲ့ စတင်ဆုံစည်းတွေ့ကြုံခဲ့ရတဲ့ အချိန်ကာလကလည်း သောကြာ(အခါ)ပါပဲ။

၃
၀
၄
၆
* ၂ (တနလ်ာသမီး)
* ၅ (မင်းနေထွန်း) (မောင်မောင်)
၁

(အခါတိုင်)



(မူလမဟာဘုတ်)

ပြောခဲ့ပြီးပါပြီ။ အဲဒီအချိန်က သားရဲ့ ဌာနဆိုင်ရာ ကိုယ်ပိုင်တံဆိပ်တုံးလုပ်ဖို့ ဆောင်ရွက်ရာမှာ ဌာနဆိုင်ရာ အကြီးအကဲရဲ့ ထောက်ခံစာ ပြရမယ်လို့ ပြောခံရတဲ့အချိန် သားရဲ့ အမျိုးသားမှတ်ပုံတင် ပါရဲ့လားလို့ မေးခံရတဲ့အချိန် နောက်ဆုံး ကျွန်တော့်မှတ်ပုံတင်တောင်မှ ကျွန်တော်ထင် မပြသနိုင်တဲ့အချိန်၊ ကျွန်တော့်မှာ ဘေးကျပ်နှံကျပ် စိတ် ဒုက္ခရောက်နေချိန်ပေါ့။ သောကြာအခါတိုင်မှာ အခိုက်နေ့ လို့ ခေါ်ဝေါ်တဲ့ အမြစ်နေရာမှာ ကျွန်တော့်ရဲ့ နာမည်ရင် မောင်မောင်ရော၊ ကလောင်နာမည် မင်းနေထွန်းရော တွဲ ရှိနေတဲ့ အချိန်ပေါ့။

'အမြစ်ဂြိုဟ်မှာ အလယ်ချာ၊ ပမာမှတ်ဖွယ်မီး၊ လူ လိုသမျှ လုပ်မရ၊ ကြံရခက်အောင်ဆီးလို့ ပညာရှင်ကြီးများ က ပြောဆိုသတ်မှတ်ထားခဲ့ကြတဲ့ အမြစ်(အခိုက်)နေ့

www.burmeseclassic.com

www.burmeseclassic.com

ဆောက်နေမှတော့ သောကြာအခါ မှန်နေပြီလေ။ ကျွန်တော် အကောက်အခဲတွေကိုး။

အဲဒီအခိုက် အမြစ်နေရာမှာရှိတဲ့ ကြာသပတေးနံ(၅)ရဲ့ အထက်မှာစီးနေတဲ့ကြိုဟ်က တနင်္လာ(၂)ပေါ့။ အဲဒီတနင်္လာနဲ့ ကြာသပတေးဆိုတာက (ခေ+မာ)လို့ခေါ်တဲ့ ရန်တော်စပ်နေသလို (ဂ+ဇ္ဇ)လို့ခေါ်တဲ့ ဓာတ်မိတ်လည်း တော်စပ်နေတာကိုး။ ရန်ဆိုတာ အဖုအထစ် အခက်အခဲပါ။ မိတ်ဆိုတာ အပြောအချော အဂူအညီပဲ။ ဒီတော့ စောစောက မူတွေ ဆောင်တွေကြောင့် ခက်ခဲနေတဲ့ ရန်သဘောဆောင်တဲ့အနေအထားက (မင်းနေထွန်း)ဆိုတဲ့ကတ်လေး ပြလိုက်တာနဲ့ မိတ်သဘောဆောင်တဲ့ အဆင်ပြေချောမောမှုကို ရောက်သွားတယ်။ ဒါကြောင့် ဒီမိန်းကလေးဟာ တနင်္လာသမီး ဖြစ်ကို ဖြစ်ရမယ်လို့ ရဲရဲကောက်ချက်ဆွဲပြောချလိုက်တာပါ။



အင်္ဂဝိဇ္ဇာနည်းပညာမှာ သိပ်ပြီးအရှိန်အဟုန်ကြီးတဲ့ အမြစ်၊ အညွှန့်၊ ဘယ်မတွန့် မင်းနေထွန်းကြောင့် အလယ်မှာ သောကြာစကားအရာ အဆင်ပြေချောမောသွားတာပဲ ဖြစ်တယ်လား။

အဲဒီမှာ ဘာကြောင့် မူလမဟာဘုတ် သိုက်ဖွားလို့ မှန်မှန်ကန်ကန် ပြောနိုင်ရသလဲဆိုတော့ မဟာဘုတ်ခွင်မှာပဲ လေ့လာကြည့်ပါ။



(မူလမဟာဘုတ်)



(အင်္ဂဝိဇ္ဇာအခါတိုင်)



(ဝဲ-ယာတိုင်)

မူလမဟာဘုတ်မှာ အထွန်း သောကြာ(၆)၊ သိုက် (တနင်္လာ-၂)၊ ရာဇ (ကြာသပတေး-၅)တို့ရဲ့ တည်နေဟန်က ထင်ရှားပါတယ်။ သောကြာအခါမှာ မင်းနေထွန်း ကြာသပတေးနဲ့ တနင်္လာ မိန်းကလေးတို့ တွေ့ကြဆုံကြ စကားပြောကြရတယ်မဟုတ်လား။ ပြောရတဲ့ကိစ္စ အကြောင်းအရာကလည်း အမြစ်၊အညွှန့် ဘယ်မတွန့်တဲ့ ကြာသပတေးအမြစ်၊ စနေ အညွှန့်ဖြစ်တဲ့ ဗညားထွန်းအတွက်ပဲ မဟုတ်လား။ ဒီအနေအထားတွေအရ မိန်းကလေးဟာ တနင်္လာသမီး၊ မူလမဟာဘုတ် သိုက်ဖွားဆိုတာ အသေအချာပေါ့။ ရှင်းမယ် ထင်ပါတယ်။

ကျွန်တော် တတ်လွန်းလို့၊ သိလွန်းလို့၊ တော်လွန်းလို့ မဟုတ်ပါ။ တတ်ကြောင်း၊ သိကြောင်း၊ တော်ကြောင်း ကြွားလို၍လည်း မဟုတ်ပါ။ ကျွန်တော် အဓိကပြောလိုရင်းမှာ စစ်မှန်တဲ့ ဗေဒင်ပညာမှာ ချစ်ခင်မြတ်နိုး တန်ဖိုးထားစရာကောင်းတဲ့ ဟောကွက်၊ ပြောကွက်တွေကို ကျွန်တော်တို့ရဲ့ကျေးဇူးရှင် ဘိုးဘွားဘီဘင် ပညာရှင်ကြီးတွေက တီထွင်ပေးထားသွားခဲ့ကြောင်းပါ၊ ပေးထားခဲ့ကြောင်းပါ။ ဒီပညာရပ်တွေ မတိမ်ကော မပျောက်စေရအောင်၊ မှန်မှန်ကန်ကန် ရပ်တည်ပေါ်ထွန်းနေစေအောင် ကြိုးပမ်းရွက်ဆောင်ထိန်းသိမ်းကြစေချင်တဲ့ သဘောပါ။

ဗေဒင်ကို မယုံဘူးဆိုတာ ယုံအောင် ဟောနိုင်၊ ပြောနိုင်သူနဲ့ မတွေ့သေးလို့ပါ။ ဗေဒင်က လုံးဝမမှားပါဘူး။ ဗေဒင်ဟောစားနေကြတဲ့ အချို့သော ဗေဒင်ဆရာအများအပြားရဲ့ ပုဂ္ဂိုလ်များက မှားနေကြခြင်းသာဖြစ်ကြောင်း တင်ပြရင်း ရှေးပညာရှင်ကြီးများရဲ့ ပညာအစစ်ကို အုတ်တစ်ချပ် သဲတစ်ပွင့်ပမာတင်၍ ဖော်ပြလိုက်ရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်

မင်းနေထွန်း(ကန္တာလူ)

www.burmeseclassic.com

[၂၀၁၅]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

နက္ခတ်တာရာများက ဟော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတောသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နုကြွရွတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့် အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့သွစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားများ ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ၊အလိုက် နေထွက်၊နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉၄၀၁၅၃၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ဗြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သီဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၀း၄၀	တူ
၀း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ဗြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သီဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၀း၄၀	တူ
၀း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

မွေးချိန်	လဂ်
၆း၁၀ - ၈း၁၀	မိန်
၈း၁၀ - ၁၀း၁၀	မိသ
၁၀း၁၀ - ၁၂း၁၀	ဗြိသ
၁၂း၁၀ - ၁၄း၁၀	မေထုန်
၁၄း၁၀ - ၁၆း၁၀	ကရကဋ်
၁၆း၁၀ - ၁၈း၁၀	သီဟ်
၁၈း၁၀ - ၂၀း၈၀	ကန်
၂၀း၁၀ - ၂၂း၁၀	တူ
၂၂း၁၀ - ၂၄း၁၀	ဗြိစ္ဆာ
၂၄း၁၀ - ၂း၁၀	ဓနု
၂း၁၀ - ၄း၁၀	မကာရ
၄း၁၀ - ၆း၁၀	ကုမ်

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

မွေးချိန်	လဂ်
၀း၄၄ - ၀း၄၄	မိသ
၀း၄၄ - ၀၉း၄၄	ဗြိသ
၀၉း၄၄ - ၁၁း၄၄	မေထုန်
၁၁း၄၄ - ၁၃း၄၄	ကရကဋ်
၁၃း၄၄ - ၁၅း၄၄	သီဟ်
၁၅း၄၄ - ၁၇း၄၄	ကန်
၁၇း၄၄ - ၁၉း၄၄	တူ
၁၉း၄၄ - ၂၁း၄၄	ဗြိစ္ဆာ
၂၁း၄၄ - ၂၃း၄၄	ဓနု
၂၃း၄၄ - ၀၁း၄၄	မကာရ
၀၁း၄၄ - ၀၃း၄၄	ကုမ်
၀၃း၄၄ - ၀၅း၄၄	မိန်

www.burmeseclassic.com

www.burmeseclassic.com

ဧလ (၁၄)ရက်မှ
နွန်လ (၁၄)ရက်အထိ

မွေးချိန်	လက်
၈း၂၅ - ၇း၂၅	ပြဿ
၇း၂၅ - ၉း၂၅	မေထုန်
၉း၂၅ - ၁၁း၂၅	ကရကဋ်
၁၁း၂၅ - ၁၃း၂၅	သိဟ်
၁၃း၂၅ - ၁၅း၂၅	ကန်
၁၅း၂၅ - ၁၇း၂၅	တူ
၁၇း၂၅ - ၁၉း၂၅	ဗြိစ္ဆာ
၁၉း၂၅ - ၂၁း၂၅	ဓနု
၂၁း၂၅ - ၂၃း၂၅	မကာရ
၂၃း၂၅ - ၂း၂၅	ကုမ်
၂း၂၅ - ၄း၂၅	မိန်
၄း၂၅ - ၆း၂၅	မိဿ

နွန်လ (၁၅)ရက်မှ
နှစ်လိုင်လ (၁၅)ရက်အထိ

မွေးချိန်	လက်
၆း၂၀ - ၇း၂၀	မေထုန်
၇း၂၀ - ၉း၂၀	ကရကဋ်
၉း၂၀ - ၁၁း၂၀	သိဟ်
၁၁း၂၀ - ၁၃း၂၀	ကန်
၁၃း၂၀ - ၁၅း၂၀	တူ
၁၅း၂၀ - ၁၇း၂၀	ဗြိစ္ဆာ
၁၇း၂၀ - ၁၉း၂၀	ဓနု
၁၉း၂၀ - ၂၁း၂၀	မကာရ
၂၁း၂၀ - ၂၃း၂၀	ကုမ်
၂၃း၂၀ - ၂း၂၀	မိန်
၂း၂၀ - ၄း၂၀	မိဿ
၄း၂၀ - ၆း၂၀	ပြဿ

နှစ်လိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အထိ

မွေးချိန်	လက်
၅း၃၀ - ၇း၃၀	ကရကဋ်
၇း၃၀ - ၉း၃၀	သိဟ်
၉း၃၀ - ၁၁း၃၀	ကန်
၁၁း၃၀ - ၁၃း၃၀	တူ
၁၃း၃၀ - ၁၅း၃၀	ဗြိစ္ဆာ
၁၅း၃၀ - ၁၇း၃၀	ဓနု
၁၇း၃၀ - ၁၉း၃၀	မကာရ
၁၉း၃၀ - ၂၁း၃၀	ကုမ်
၂၁း၃၀ - ၂၃း၃၀	မိန်
၂၃း၃၀ - ၁း၃၀	မိဿ
၁း၃၀ - ၃း၃၀	ပြဿ
၃း၃၀ - ၅း၃၀	မေထုန်

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အထိ

မွေးချိန်	လက်
၅း၄၀ - ၇း၄၀	သိဟ်
၇း၄၀ - ၉း၄၀	ကန်
၉း၄၀ - ၁၁း၄၀	တူ
၁၁း၄၀ - ၁၃း၄၀	ဗြိစ္ဆာ
၁၃း၄၀ - ၁၅း၄၀	ဓနု
၁၅း၄၀ - ၁၇း၄၀	မကာရ
၁၇း၄၀ - ၁၉း၄၀	ကုမ်
၁၉း၄၀ - ၂၁း၄၀	မိန်
၂၁း၄၀ - ၂၃း၄၀	မိဿ
၂၃း၄၀ - ၁း၄၀	ပြဿ
၁း၄၀ - ၃း၄၀	မေထုန်
၃း၄၀ - ၅း၄၀	ကရကဋ်

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အထိ

မွေးချိန်	လက်
၅း၅၀ - ၇း၅၀	ကန်
၇း၅၀ - ၉း၅၀	တူ
၉း၅၀ - ၁၁း၅၀	ဗြိစ္ဆာ
၁၁း၅၀ - ၁၃း၅၀	ဓနု
၁၃း၅၀ - ၁၅း၅၀	မကာရ
၁၅း၅၀ - ၁၇း၅၀	ကုမ်
၁၇း၅၀ - ၁၉း၅၀	မိန်
၁၉း၅၀ - ၂၁း၅၀	မိဿ
၂၁း၅၀ - ၂၃း၅၀	ပြဿ
၂၃း၅၀ - ၁း၅၀	မေထုန်
၁း၅၀ - ၃း၅၀	ကရကဋ်
၃း၅၀ - ၅း၅၀	သိဟ်

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၅)ရက်အထိ

မွေးချိန်	လက်
၅း၅၅ - ၇း၅၅	တူ
၇း၅၅ - ၉း၅၅	ဗြိစ္ဆာ
၉း၅၅ - ၁၁း၅၅	ဓနု
၁၁း၅၅ - ၁၃း၅၅	မကာရ
၁၃း၅၅ - ၁၅း၅၅	ကုမ်
၁၅း၅၅ - ၁၇း၅၅	မိန်
၁၇း၅၅ - ၁၉း၅၅	မိဿ
၁၉း၅၅ - ၂၁း၅၅	ပြဿ
၂၁း၅၅ - ၂၃း၅၅	မေထုန်
၂၃း၅၅ - ၁း၅၅	ကရကဋ်
၁း၅၅ - ၃း၅၅	သိဟ်
၃း၅၅ - ၅း၅၅	ကန်

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အထိ

မွေးချိန်	လက်
၆း၅၅ - ၈း၅၅	ဗြိစ္ဆာ
၈း၅၅ - ၁၀း၅၅	ဓနု
၁၀း၅၅ - ၁၂း၅၅	မကာရ
၁၂း၅၅ - ၁၄း၅၅	ကုမ်
၁၄း၅၅ - ၁၆း၅၅	မိန်
၁၆း၅၅ - ၁၈း၅၅	မိဿ
၁၈း၅၅ - ၂၀း၅၅	ပြဿ
၂၀း၅၅ - ၂၂း၅၅	မေထုန်
၂၂း၅၅ - ၂၄း၅၅	ကရကဋ်
၂၄း၅၅ - ၂း၅၅	သိဟ်
၂း၅၅ - ၄း၅၅	ကန်
၄း၅၅ - ၆း၅၅	တူ

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အထိ

မွေးချိန်	လက်
၆း၅၅ - ၈း၅၅	ဓနု
၈း၅၅ - ၁၀း၅၅	မကာရ
၁၀း၅၅ - ၁၂း၅၅	ကုမ်
၁၂း၅၅ - ၁၄း၅၅	မိန်
၁၄း၅၅ - ၁၆း၅၅	မိဿ
၁၆း၅၅ - ၁၈း၅၅	ပြဿ
၁၈း၅၅ - ၂၀း၅၅	မေထုန်
၂၀း၅၅ - ၂၂း၅၅	ကရကဋ်
၂၂း၅၅ - ၂၄း၅၅	သိဟ်
၂၄း၅၅ - ၂း၅၅	ကန်
၂း၅၅ - ၄း၅၅	တူ
၄း၅၅ - ၆း၅၅	ဗြိစ္ဆာ

(၂၀၁၅)ခုနှစ်၊ အောက်တိုဘာလအတွက် နက္ခတ်ပေဒင်ဟောစာတမ်း

သိဟ်လဂ် (Aries)

ဒွေဆိုတာ ရှာရင် ရပါတယ်လို့ ထင်မှတ်ထားခဲ့တဲ့ မိမိအထင်က ဒီလထဲ လွဲများလွဲနေသလားလို့ ထင်မှတ်မှားရလောက်အောင် ဝင်တဲ့ဒွေ ထွက်လို့ စုမရ ဆောင်းရေ ဖြစ်နေမည်။ ဆေးဘက်ဆိုင်ရာ၊ စစ်ဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ နေ့စဉ် လုပ်ငန်းထက် အနာဂတ်အတွက် တွေးပူနေရမည်။ လဝက်လောက်ထိ ဒွေကြေးရလွယ်နေတတ်သော်လည်း တတိယပတ် စသည်နှင့် အုခက်အခဲ၊ အကျပ်အတည်းများ တွေ့မည်။ အတိုက်အခံ၊ အနောင့်အယှက်များ ရင်ဆိုင်ရမည်။ ရွှေနေရွှေရဲပဲ၊ ပွဲစားများ ဆွေမျိုးသားချင်းများရဲ့ အမှုကိစ္စလိုက်လုပ်မိပါက စိတ်အနောင့်အယှက် ဖြစ်ရုံကလွဲလို့ အကျိုးအမြတ် မခံစားရတတ်ပေ။ စာပေအနုပညာနှင့် ဆက်

www.burmeseclassic.com

စပ်သူများ အတက်အကျ မငြိမ်ဘဲ အဆင်ပြေလိုက် မပြေလိုက် ဖြစ်နေမည်။ လကုန်ခါနီးမှ သက်မ,ချနိုင်လိမ့်မည်။ အချစ်ရေးဖန်တီးသူများ ပြေသလိုလိုနှင့် နောက်ဆုံး ပျက်သွားတတ်၏။ (၁၁၊ ၁၂၊ ၁၃)ရက်များတွင် နေအိမ်နှင့် ပတ်သက်ပြီး စိတ်ရှုပ်ထွေးဖွယ်ရာ ကြုံတွေ့ရတတ်၏။ အဆိုးထဲက အကောင်းဖြစ်ဖို့ရာ ငွေကြေးကို အဓိကမထား ဘဲ ရည်ရွယ်ချက်ကို အဓိကထားပြီး ဦးတည်လုပ်ဆောင်ပါ။ အောင်မြင်ပါလိမ့်မည်။ သင့်အတွက် မျှော်လင့်ချက် အကောင်းဆုံး နေ့ရက်များက (၁၄၊ ၁၅)နှင့် (၁၉၊ ၂၀) ရက်များပါ။

ယတြာ - ကြာသပတေးနေ့တွင် မြန်မာဆေး(၃)ဘူး လှူဒါန်းပါလေ။ ကျန်းမာချမ်းသာပြီး လိုရာဆန္ဒ ပြည့်ဝ လာပေလိမ့်မည်။

ပြိဿလဂ် (Taurus)

အကြင်နာပိုတဲ့ သံယောဇဉ်ကြောင့် နေအိမ်အတွက် အခက်အခဲ ကြုံနေရတတ်၏။ အိမ်တွင် အလှပြင်ဆိုင် ဖွင့်ထားသူများ စီးပွားရေးအဆင်ပြေမည်။ ရွှေကုန်သည်များ လဆန်းပိုင်းတွင် ထိုင်းနေပြီး (၁၀၊ ၁၁) ရက်လောက်မှစပြီး အရောင်းအဝယ်ကောင်းလာမည်။ အမှုအခင်းဖြစ်နေတဲ့ အိမ်ထောင်ရှင်များ အိုးအိမ်ပိုင်ဆိုင်မှုအတွက် ပြဿနာထပ်တက်နေတတ်၏။ ရေသန့်လုပ်ငန်း လုပ်ကိုင်သူများ သိသိသာသာ ဝင်ငွေတိုးမည်။ ချစ်ချင်နေသူများ ချစ်ပိုင်ခွင့်ရတဲ့ ကာလပါ။ ပညာသင်လူငယ်များ ယောင်ချာချာ ဖြစ်နေတတ်၏။ စကားပြောကောင်းသူကို ရှောင်ပါလေ။ မရှောင်နိုင်က ပညာရေးပျက်ရပြီး ဒုက္ခပွေတတ်ပါသည်။ မယုံမကြည် မရှိပါလေနှင့်။ ဘာသာရေးဆိုင်ရာ ဝန်ထမ်းများ အထူးသတိထားရမည့် ကာလပါ။ နိုင်ငံရေး၊ ဘာသာရေး စည်းရုံးခြင်းမှ လုံးဝရှောင်ပါ။ စစ်သည်တော်များ၊ အားကစားသမားများ ဆေးရုံ၊ ဆေးခန်း ရောက်တတ်၏။ လယ်ယာကိုင်းကျွန်း လုပ်ကိုင်တဲ့ တောင်သူလယ်သမားများ သီးနှံဖြစ်ထွန်းမှု နည်းပါး၍ ပူပင်သောက ဖြစ်နေရတတ်၏။ လိမ်ညာလှည့်ဖြားတတ်သူများ အလိမ်ပေါ်ကာ ပြဿနာအကြီးအကျယ်တက်တတ်၏။ လောင်းကစား သမားများ အရှုံးပေါ် အရင်းနှစ် အဖြစ်ဆိုးတတ်၍ လုံးဝ ရှောင်ပါ။ လဆန်း(၁၊ ၂)ရက်နှင့် လကုန်(၁၊ ၂)ရက်တွင် သင့်ကံကြမ္မာ ကောင်းမွန်နေမည်။

ယတြာ - မွေးနေ့တိုင်း မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ပါလေ။ အခက်အခဲကို ကျော်လွှားနိုင်လိမ့်မည်။

မေထုန်လဂ် (Gemini)

အိမ်မှာ ထိုင်နေရင်း နေထိုင်မကောင်း ဖြစ်နေတတ်၏။ သို့သော် အပြောအဆို အလုပ်အကိုင်များကတော့ အဆင်ပြေနေမည်။ စာပေအနုပညာ၊ တေးဂီတ အဆိုတော်၊ ရွှေ့နေ၊ ပွဲစားများ အားလုံး အခက်ပွေအောင် ဖျက်နေတဲ့ အဟန့်အတားကို ကျော်လွှားပြီး (၁၁)ရက်နေ့ နောက်ပိုင်းတွင် အဆင်တပြေ အောင်မြင်သွားပေမည်။ ဓမ္မကထိက ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များ၊ ဘာသာရေး စာပေ ရေးသား,ဟောပြောသူများ ပိတ်ပင်တားဆီးခြင်း ခံရတတ်၏။ ဤလအတွင်း ဆွေမျိုးသားချင်းများကြောင့် ခွဲ,လုံ့လ ကျဆင်းသွားတတ်၍ အကြိုပြုခြင်းကို လက်ခံပြီး ဝေဖန်ခြင်းကို ငြင်းပယ်ပါလေ။ အမှုထမ်း၊ အရာထမ်းများ ရာထူး၊ လုပ်ပိုင်ခွင့်၊ တာဝန်မှ ရပ်စဲခံရခြင်း၊ လျှော့ချခံရခြင်းများ ရှိ၏။ အထက်လူကြီးရော အောက်လက်ငယ်သားပါ တစ်ပြိုင်တည်း ဒုက္ခပေးတတ်၏။ မိမိတာဝန်လောက်သာ သတိကြီးစွာ ဆောင်ရွက်ပါ။ စက္ကူဓာတု၊ ဆေးဝါးဓာတုနှင့် ဆက်နွယ်သူများ အထိတ်တလန့် ဖြစ်နေရတတ်၏။ သို့သော် တကယ်ဖြစ်မလာနိုင်ပါ။ (၄၊ ၅)နှင့် (၁၄၊ ၁၅)ရက်များတွင် အချစ်နှင့်ပတ်သက်တဲ့ ပျော်ရွှင်ဖွယ်ရာ ကြုံလိမ့်မည်။ အနောက်တောင်အရပ်သို့ ခရီးမသွားပါနှင့်။

ယတြာ

အရိုးနှင့်ပတ်သက်တဲ့ ဝေဒနာရှင် တစ်ဦးဦးအား မိမိနိုင်သလောက် ဆေးဖိုးဝါးခ လှူပေးလိုက်ပါ။ မလွယ်ရပါက အဘိုး၊ အဘွား တစ်ဦးဦးအား ဆေးဖိုးဝါးခ လှူပေးပါ။ စိတ်ချမ်းသာရလိမ့်မည်။

ကရကဋ်လဂ် (Cancer)

ယခင်ရပ်တန့်ထားရသည်များ ပြန်လည် စတင်နိုင်မည်။ အတိုက်အခံ ကျော်လွှားနိုင်မည်။ အလုပ်အကိုင် အဆင်ပြေပြေ ငွေကြေးစုဆောင်းမိမည်။ ပညာသင် လူငယ်များ မှတ်ဉာဏ်အားကောင်းပြီး စာကျက်လို့ လုပ်ယူ

www.burmeseclassic.com

ည်။ အဖေကျန်းမာရေး သတိထားပါ။ အချစ်ရေးအခြေအနေ မကောင်းနိုင်ပါ။ ဒုတိယပတ်အတွင်း ကျန်းမာရေး သတိထားပါ။ သက်ကြီးရွယ်အို များဆိုပါက အိမ်သာ၊ ရေဆိုးခန်း ဝင်စဉ် သတိယှဉ်ပါ။ အဆင်မပြေပါက ချော်လဲပြီး အရိုးအက် ကျိုးတတ်၏။ ဗုဒ္ဓဟူးနံသင့် ပစ္စည်းများ ဆောင်းဝယ်ပါက စကားများများမပြောပါနှင့်။ ပြဿနာ တက်တတ်ပါသည်။ အမွေးနံ့သာနှင့် အလှကုန် ထုတ်လုပ်၊ ရောင်းချ၊ ဖြန့်ချိသူများ အထူးကံကောင်းနေပြီး စုတ်ရောဘာပါ တစ်ပြိုင်တည်း ဝင်တတ်၏။ အထူးသတိထားရမှာက မကောင်းမှုဒဏ် ခွဲကောင်းနေခြင်းပါ။ ထုံးရောင်းဝယ်သူများ ရောင်းရေးဝယ်တာ ကောင်းမည်။ ဘာသာရေးဆိုင်ရာ စာပေအနုပညာ ဖန်တီးသူများ အခက်အခဲတွေ့ပြီးမှ တစ်သက်မမေ့လောက်တဲ့ အောင်မြင်မှု ရလိမ့်မည်။ (၂၁၊ ၂၂)နှင့် (၂၅၊ ၂၆)ရက်များကို ဆောင်ပါ။

ယတြာ - စိတ်ညှိုးငယ်ဝမ်းနည်းလာတဲ့အခါ မွေးနံ့ဆောင်ကြိုဟ်တိုင်ဘုရားတွင် ခရေပန်းပွင့် သက်စေ့လှူပေးပါ။ ကံပွင့် ကံမြင့်သွားပါလိမ့်မည်။

သိဟ်လဂ် (Leo)

စောင့်ဆိုင်းနေရခြင်းကို မနှစ်သက်နိုင်တဲ့ သင်ဟာ ယခုတော့ စောင့်ဆိုင်းနေခဲ့ခြင်းရဲ့ အကျိုးရလဒ်ကြောင့် အထပ်ထပ် ဝမ်းသာနေရပေလိမ့်မည်။ ပျော်ရွှင်စွာ နေထားတဲ့ စုငွေများလည်း အသင့်အတင့် ရှိနေမည်။ အဖေ (သို့မဟုတ်) တိတိတာတာ ပြောတတ်တဲ့ မိမိအောက် ငယ်သူများကို ကူညီရင်း ပျော်ရွှင်နေရမည်။ မေတ္တာတရားထားတာ ကောင်းပေမယ့် အကြင်နာပွားတာတော့ မကောင်းပါ။ သူလို့ ခဏ၊ခဏ သတိရ ဆင်ခြင်ပေးပါ။ မဆင်ခြင်လျှင် သားတွေ့နိုင်ပါသည်။ အတန်းပညာ၊ အတတ်ပညာ တစ်ခုခုကို သင်ပြတဲ့ ဆရာ၊ ဆရာမများ ဂုဏ်သိက္ခာမြင့်မားပြီး ဝင်ငွေကောင်းနေသော်လည်း နေရာအတွက် စိတ်မအေးနိုင်ဖြစ်နေမည်။ ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်းရှင်များ၊ စုမဲအောက်သူများ အထူးဝမ်းမြောက်ရမည့် ကာလပါ။ သို့သော် အလုပ်တွင် စနေသားသမီး ပါဝင်လာပါက နည်းနည်းတော့ သတိထားပေးပါ။ အချစ်ရှာသူများ ရှာစရာပင် မလိုတော့ဘဲ ရောက်လာတတ်၏။ အိမ်ထောင်ရေးစီစဉ်နေသူများ အဆင်ပြေတဲ့ အစီအစဉ်ကို အောင်မြင်စွာ ရေးဆွဲနိုင်မည်။ လဆန်းပိုင်း(၉)ရက်နေ့ထိတော့ ရသင့်တာ မရလို့ စိတ်ညစ်နေရတတ်၏။ (၁၉၊ ၂၀)ရက်ဆို ရပြီလို့သာ မှတ်လိုက်ပေတော့။ စိတ်မညစ်ပါနှင့်။ (၉၊ ၁၀)နှင့် (၂၇၊ ၂၈)ရက်များကို ဆောင်ပါလေ။

ယတြာ

မွေးနေ့တွင် ကြာသပတေးနေ့ဖွား ဘုရားလေးဆူအား ရည်စူး၍ ပေါင်မုန့်၊ ဘိန်းမုန့် လွယ်ရာကို ကပ်လှူပြီး လိုရာဆု တောင်းပါ။ အောင်မြင်ပါလိမ့်မည်။

ကန်လဂ် (Virgo)

ကျန်းမာရေး ညံ့နေမည်။ ပထမပတ်တွင် ပိုပြင်းထန်တတ်၏။ (၁၈)ရက်နေ့နောက်ပိုင်း သက်သာပျောက်ကင်းသွားမည်။ အိမ်ထောင်ရှင်များ ချစ်လျက်နှင့် ဝေးကွာနေရတတ်၏။ လူငယ်လူရွယ်များဆိုပါက ဆွေမျိုးသားချင်းတော်စပ်သူ၊ အလုပ်ခွင်တူသူတို့နှင့် မဖြစ်သင့်တာဖြစ်ပြီး ဂုဏ်သိက္ခာကျဆင်းတတ်၍ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိဆိုတဲ့ မြန်မာစကားပုံကို သင်ညွှန်းစာအဖြစ် နှလုံးသွင်းပါ။ အကြီးအကဲတစ်ဦးဦး၏ ကျန်းမာရေးကြောင့် ကိုယ်စိတ်နှစ်ဖြာ ပင်ပန်းနေရတတ်၏။ ဘဏ်ဝန်ထမ်းများဆိုပါက မထင်မှတ်ဘဲ အလုပ်ပြုတ်သွားတတ်၏။ သစ်ခွပန်းကို ဘုရားကပ်လှူပြီးမှ ပန်ဆင်ပါ။ အလုပ်မပြုတ်တော့ပါဘူး။ ယောကျ်ားလေးဆိုပါက အိတ်ကပ်ထဲမှာ ထည့်ထားပါလေ။ သစ်တောရေးရာဝန်ထမ်းနှင့် လုပ်ငန်းရှင်များ၊ ကုန်မာရောင်းဝယ်သူများ အဆင်ပြေသလိုလိုနှင့် မပြေဖြစ်နေတတ်၏။ ရေလုပ်ငန်းရှင်များနှင့် ရေထွက်ပစ္စည်း ရောင်းဝယ်သူများ လကုန်ခါနီးလေကောင်းလေပင်။ ပင်စင်အငြိမ်းစားများ အများနှင့်ပတ်သက်တဲ့ကိစ္စ လက်ရှောင်ထားပါ။ စည်းရုံးရေးဝါသနာပါသူများ ကိုယ်လွတ်ရုန်းရတတ်၏။ နာမည်ဖြင့် လုပ်စားသူများ နာမည်ပျက်တတ်၏။ မည်သည့်လုပ်ငန်းရှင်မဆို (၁၁၊ ၁၂၊ ၁၃)နှင့် (၂၁၊ ၂၂)ရက်များကို ကံကောင်းရက်များအဖြစ် ဆောင်ပါ။

ယတြာ

ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဟူးထောင့်ကြိုဟ်၌ ဘုရားအား သောက်ရေသန့်တစ်ဘူး ဆက်ကပ်လှူဒါန်းပြီး လိုရာဆု တောင်းပါလေ။ အဆင်တပြေလေး ဖြစ်လာလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

တူလာ (Libra)

ကျန်းမာရေးကောင်းမွန်နေမည်။ အချစ်ကြောင့် ငွေကုန်ပြီး အလုပ်ကြောင့် ငွေဝင်နေမည့် ကာလပါ။ ဝင်လိုက်,ထွက်လိုက် ဆိုပါတော့။ ကိုယ်ပိုင်စည်းကမ်းလေး ကောင်းနေပြီး မိသားစုရဲ့ ချစ်ခင်လေးစားမှု ရနေတတ်၏။ ပညာသင်လူငယ်များ ငွေကြေးခက်ခဲနေတတ်၏။ အိမ်ထောင်ရှင်များကတော့ အိမ်ထောင်ဖက်ကြောင့် စိတ်ချမ်းသာရသော်လည်း သားသမီးကြောင့် စိတ်ဆင်းရဲနေရတတ်၏။ ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်းရှင်များ အင်မတန် အဆင်ပြေနေမည်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ရေးနှင့်ပတ်သက်တဲ့ သတင်းတစ်ခုခု ကြားလာရတတ်၏။ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းရှင်များ အထူးဝင်ငွေကောင်းနေမည်။ အတုအယောင် ဟန်ဆောင်ခြင်းဖြင့် သက်မွေးဝမ်းကျောင်းတဲ့ သရုပ်ဆောင်များ၊ မော်ဒယ်ဂဲလ်များ ဝင်ငွေအလွန်ကောင်းတဲ့လပါ။ ကောက်ပဲသီးနှံ စိုက်ပျိုးလုပ်ကိုင်သူများ အထွက်တိုးပြီး ဝင်ငွေကောင်းမည်။ အိမ်၊ ခြံ၊ မြေ ပွဲစားများ ထင်သလောက် အဆင်မပြေနိုင်ပါ။ နိုင်ငံခြားခရီး စီစဉ်နေပါက အဆင်ပြေလိမ့်မည်။ မည်သူမဆို လကုန်ခါနီး တစ်ရက်၊ နှစ်ရက်တွင် ကျန်းမာရေးသတိထားစေချင်ပါသည်။ (၁၄၊ ၁၅)နှင့် (၂၃၊ ၂၄)ရက်များတွင် ကံကောင်းခြင်းများ ကြုံတွေ့နေရတတ်၏။ (၂၊ ၃)နှင့် (၂၉၊ ၃၀)ရက်များတွင် လုပ်ငန်းသစ် စတင်ခြင်း မပြုပါနှင့်။

ယတြာ

ယပ်တောင် (သို့မဟုတ်) ပန်ကာ တစ်ခုခုကို မိမိစိတ်ကြည်လင်ရာ၌ သင့်သလို လှူဒါန်းပေးလိုက်ပါ။ အဆင်ပြေခြင်းများ လက်ဝယ်ရောက်လာလိမ့်မည်။

ပြိတ္တာလာ (Scorpio)

ဖခင်ကျန်းမာရေး သတိထားပါ။ မိမိအိုးအိမ်နှင့် ဝေးရာတွင် လုပ်ကိုင်နေရတတ်၏။ အလုပ်ကတော့ အဆင်ပြေမှာပါ။ ငွေကြေးလည်း အတော်အသင့် အဆင်ပြေမည်။ အိမ်ထောင်ဖက်၊ အိမ်ထောင်ရေးတွေကို တစ်လအတွင်း မေ့ထားနိုင်မှ ကိုယ့်စိတ်သက်သာရာရမည်။ အချစ်ရှာလိုသူများ မိမိနှင့် လုပ်ငန်းတူ အလုပ်ခွင်ထဲမှာ ရှာပါ။ အလုပ်တစ်ဖက်နှင့် ပူးတွဲပညာရှာသူများ အဆင်တပြေရှိမည်။ ရစရာရှိသည့် အကြွေးဟောင်းကို အာရုံပြုမနေပါနှင့်။ လုပ်စရာရှိတဲ့ အလုပ်ကိုသာ လုပ်ပါ။ အာရုံပြုနေလျှင် ရမလာဘဲ အလုပ်အကိုင်ပါ ပျက်တတ်ပါသည်။ ဓမ္မကထိက၊ ဗေဒင်ဆရာ၊ ပွဲစား စတဲ့ ပါးစပ်အသုံးပြုလုပ်ကိုင်သူများ တစ်လလုံး အဆင်ပြေနေပြီး လကုန်ခါနီးမှ ဟာ၊ ဟယ် ဖြစ်သွားတတ်၏။ ထို့ကြောင့် လကုန်ခါနီးလျှင် ဆင်ခြင်တုံတရား ထားပါ။ အမွေးနှံ့သာနှင့် ဘာသာရေးအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်,ရောင်းဝယ်သူများ စီးပွားဖြစ်ထွန်းမည်။ မုန့်လုပ်ငန်းရှင်များ အလွန်ကောင်းတဲ့လပါ။ မိမိပိုင်မြေပေါ်တွင် အစားအစာရောင်းတဲ့ဆိုင် ဖွင့်ပါက အထူးအောင်မြင်မည်။ အိမ်ဝင်းထဲတွင် အနှစ်ရှိ သစ်ပင်ကြီးများ ရှိနေပါက မထင်မှတ်ဘဲ ကိုင်းပြတ်ကျခြင်း၊ လဲပြိုခြင်းများ ဖြစ်လာတတ်၍ လွတ်,မလွတ် သတိထားပေးပါ။ (၆၊ ၇၊ ၈)နှင့် (၂၅၊ ၂၆)ရက်များကို ကောင်းကျိုးအတွက် ဆောင်ပါ။

ယတြာ - ဒန့်သလွန်ရွက်ကို ဟင်းချိုချက်ပြီး ဆွမ်းလောင်းပါ။ ဆိုးကျိုးကင်းပျောက် ကောင်းကျိုးရောက်လိမ့်မည်။

ဓနုလာ (Sagittarius)

ထူးထူးခြားခြား ဂုဏ်သိက္ခာမြင့်မားနေမည်။ ရာထူး၊ အလုပ်အကိုင် တိုးတက်အောင်မြင်မည်။ အလုပ်အကိုင်နှင့်ပတ်သက်ပြီး အပြောမှား အဆိုမှား အနည်းငယ် ရှိတတ်၏။ သို့သော် မသိသာပေ။ ဝင်ငွေများသာတိုးလာပေမည်။ တစ်ခါ,တစ်ခါ အိမ်နှင့်ဝေးရာသို့ ထွက်ခွာသွားလိုစိတ် ပေါက်နေတတ်၏။ အဓိက,ကတော့ မိသားစုကြောင့် မဟုတ်ပါ။ စုငွေကြောင့်လိုလို၊ ဆွေမျိုးသားချင်းများ ပြောစကားကြောင့်လိုလို ဖြစ်နေမည်။ ထိုသို့ဖြစ်လာနေပါက ယင်းကိစ္စကို ခေါင်းထဲမထားဘဲ အဓိဋ္ဌာန်ဘာဝနာတစ်ခုခုကို ပွားများနေလိုက်ပါ။ ရတဲ့ဥာဏ်မို့ ရဥာဏ်လို့ ခေါ်တဲ့ အသိထူးတစ်ခု လင်းလက်လာလိမ့်မည်။ အိုးအိမ်နေရာထိုင်ခင်း ဝယ်ရန် ကြံစည်နေသူများ ဝယ်ဖြစ်သွားမည်။ အဖေ၊ အဖေနှင့်တူသောသူ (သို့မဟုတ်) အကြီးအကဲတစ်ဦးဦးထံမှ လက်ဆောင်ကောင်းတစ်ခု ရတတ်၏။ ဆွေမျိုးသားချင်းထဲမှ နိုင်ငံရပ်ခြား သွားရောက်လုပ်ကိုင်နေသူ

www.burmeseclassic.com

www.burmeseclassic.com

ရှိပါက မကောင်းသတင်း ကြားရတတ်၏။ အိမ်ထောင်ဖက် ကြောင့် ဂုဏ်သိက္ခာနှင့် စည်းစိမ်ဥစ္စာ တိုးတက်မြင့်မားခြင်း ကြုံရတတ်၏။ စားသောက်ဆိုင်ဖွင့်ရန် ပါမစ်တင်ထားသူ များ ပါမစ်ကျဖို့ မလွယ်ကူပေ။ ပဲ၊ ပြောင်းနှင့် သီးနှံပွဲရုံ များ၊ ဥယျာဉ်ခြံမြေ လုပ်ကိုင်သူများ ပျော်ရွှင်ရမည်လပါ။ လုပ်ငန်းသစ် စတင်လိုသူများ (၁၀)ရက်ကျော်မှ စတင်သင့် ၏။ စက်မှု၊ ဆေးဝါးနှင့်ပတ်သက်တဲ့ ကျောင်းသားကျောင်း သူများဆိုပါက ဗျာယဒ္ဓိ ရပ်တည်သော စနေကို သုဘဘာဝ ဒ္ဓိ ရပ်တည်သော အင်္ဂါက (၄)တန့်အမြင်ဖြင့်လည်းကောင်၊ စနေက အင်္ဂါကို (၁၀)တန့်အမြင်ဖြင့်လည်းကောင်း အပြန် အလှန်မြင်နေကြ၍ အချုပ်အနှောင်၊ အဖမ်းအဆီး၊ ခိုက်ရန် ဒေါသ ဖြစ်တတ်ပါသည်။

ဆတြာ

ဒန်းညွှန့်(၇)ညွှန့်ကို စနေထောင့် ဂြိုဟ်တိုင်ဘုရား၌ လူပြီး ဆီးညွှန့်(၇)ညွှန့်ကို အိမ်ရှိ ဘုရားတွင် ကပ်လှူ ပါလေ။ လိုရာဆုကို တောင်းပါ။

မကာရလ် (Capricon)

အမွေဆိုင်ပြဿနာများရှိပါက ခိုက်ရန် စကား ပြောရတတ်၏။ ပြောရလျှင် အနိုင်ရတတ်ပါသည်။ ရေတွင်း,ရေကန် တူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်သူများ၊ ရေပိုက်,ရေပြွန်နှင့် ပတ်သက်တဲ့ပစ္စည်း ရောင်းဝယ်သူများ နှစ်ပတ်အတွင်း ကသိကအောက်ဖြစ်နေပြီး နောက်ပိုင်းတွင် ဆောက်လျှောက်အဆင်ပြေသွားမည်။ ဓာတ်ဆရာ၊ မှော် ဆရာ၊ နတ်ဆရာ၊ ဗေဒင်ဆရာ၊ စာရေးဆရာများ အတိုက် အခံ၊ အနှောင့်အယှက်ကြားမှ ဦးနှောက်စားနေမည်။ သိက္ခာ ကျဆင်းစရာလည်း ကြုံရတတ်၏။ အကြီးအကဲရဲ့ ငြိုငြင်မှု ခံရတတ်၏။ အကြီးအကဲ အင်္ဂါမပေးတဲ့ ကာလပါ။ မိမိ ပိုင် မြေယာများ ထွက်သွားတတ်၏။ ဆန်ကုန်သည်များ ဆုံးရှုံးနစ်နာတတ်၍ အရင်းအနှီး မတိုးမြှင့်သင့်ပါ။ ဘာသာ စာရေးနှင့် ဝေးသူများ အရှေ့တောင်ထောင့်အရပ်သွားပါက သူတစ်ပါး ပြုစားခြင်း ခံရတတ်၏။ လက်နက်ကိုင်၍ ကာ ကွယ်တိုက်ခိုက်ရတဲ့ စစ်သည်တော်များ ထိခိုက်ဒဏ်ရာ ပြင်းထန်စွာ ရတတ်ပါသည်။ အပျော်ခရီးထွက်ရန် ကြံစည် နေသူ မထွက်ဖြစ်ဘဲ ရပ်သွားနိုင်၏။ လက်အောက်ငယ်သား ဒုက္ခထမ်းများဆိုပါက လေ,သလိပ်နှင့်ပတ်သက်တဲ့ရောဂါ၊ အဆုတ်နှင့်ပတ်သက်တဲ့ မောဟိုက်နာ တစ်ခုခု ခံစားနေရ တတ်၏။ အိမ်အလှပြင်ပစ္စည်း ရောင်းဝယ်သူများ အရောင်း အဝယ် ထိုင်းမည်။ မည်သူမဆို (၂၊ ၃)နှင့် (၁၁၊ ၁၂၊ ၁၃)ရက်များကို ကံကောင်းရက်များအဖြစ် ဆောင်ပါလေ။

ယတြာ

မိမိထက် နိမ့်ကျသူအား အဝတ်အထည်ဟောင်းတစ်စုံ နှင့် စားသောက်ဖွယ်တစ်ခုခု သင့်သလို ပြုပြင်ပြီး ပေး ကမ်းလိုက်ပါ။ နိမ့်နေတဲ့ကံဇာတာ မြင့်သွားလာလိမ့်မည်။

ကုမ်ဘ် (Aquarius)

အလုပ်အကိုင် အဆင်မပြေတဲ့အပြင် စကားခိုက်ရန် ဖြစ်ရတတ်သေး၏။ အိမ်မှာ ထိုင်နေရင်းလည်း ပြဿနာတက်လာတတ်၏။ သို့သော် အခက်အခဲကြားထဲက အကြံအစည် အောင်မြင်သွားလိမ့်မည်။ ရှေ့နေ၊ ပွဲစား များ ဆိုပါက ရုံးနေပြီး အမှုပြန်နိုင်၊ ဆုံးပြီးသား ပြန်မြတ် လို့ ဂုဏ်ဒြပ်ပေါ်လွင်နေတတ်၏။ အများနှင့် ပူးပေါင်း လုပ်ဆောင်တဲ့ အလုပ်တွင် ပြဿနာတက်တတ်၏။ ကုန် သေတ္တာ၊ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များ အသင့် အတင့် အောင်မြင်မည်။ အုတ်၊ သဲ၊ ထုံး၊ ကျောက်နှင့် အိမ်ဆောက်ပစ္စည်း ရောင်းဝယ်သူများ အကျိုးဖြစ်ထွန်းမည်။ သတိထားရမှာက ဦးနှောက်နှင့် အာရုံကြော၊ အမှေးပါးများ ရောင်လာတတ်၏။ စိတ်ထိုင်းမှိုင်း လေးလံနေတတ်၏။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်နှင့် ခိုက်ရန်ဒေါသဖြစ် လျှင် ကွဲပြဲသွားတတ်တဲ့ ကာလမို့ တစ်လာတာကို သည်းခံ ခြင်း ခန္တီတရားဖြင့် နေထိုင်ပြောဆိုပါ။ အခြေခံစားသုံးကုန် ရောင်းဝယ်သူများ အဆင်ပြေမည်။ ဆေးကုမ္ပဏီများတွင် လုပ်ကိုင်နေသူများ မထင်မှတ်ဘဲ အရှက်ရတတ်၍ ဤလ တွင် စည်းရုံးရေး မလုပ်သင့်ပါ။ ငါ ရှာထားတာပဲ၊ ငါ သုံးတာ ဘာဖြစ်လဲဆိုတဲ့ စိတ်ရိုင်းဝင်ကာ အသုံးထက် အဖြုန်းများနေတတ်ပါသည်။ ဘေးရန်ကင်းဖို့ရာ (၆၊ ၇၊ ၈)နှင့် (၂၁၊ ၂၂)ရက်များကို ရှောင်ပြီး အောင်မြင်ရန်အတွက် (၁၄၊ ၁၅)နှင့် (၂၃၊ ၂၄)ရက်များကို ဆောင်ပါ။

ယတြာ - နှမ်းဆီ(၁)ပုလင်း၊ ဆပ်ပြာ(၃)ခဲ၊ သကြား (၃)ထုပ်ကို တစ်ပေါင်းတည်းထည့်ကာ သီလရှင်စာသင် တိုက်အား သွားလှူပါ။ ဆွမ်းခံရပ်တဲ့ သီလရှင်အား လှူ လည်း ရပါသည်။ ထူးခြားစွာ အဆင်ပြေလာပါလိမ့်မည်။

www.burmeseclassic.com

မိန်လက် (Pisces)

အတိုက်အခံ များများတွေ့နေရတဲ့ကာလ ပါ။ စကားအပြောအဆို မဆင်ခြင်ပါက ပြဿနာဖြစ်တတ်ပါသည်။ စားဖိုမှူးနှင့် စားသောက်ဆိုင် လုပ်ငန်းရှင်များ လျှပ် စစ်ဘေးအန္တရာယ် ဖြစ်တတ်၍ အထူးသတိထားပါ။ မိဘကို အကြောင်းပြု၍ အိမ်ထောင်ရေးပြဿနာ ဖြစ်လာတတ် သဖြင့် ဆင်ခြင်သင့်၏။ မည်သို့ပင် ဆင်ခြင်လင့်ကစား အသင့်နှလုံးမသွင်းတတ်တဲ့သူများကြောင့် ဂုဏ်သိက္ခာ ကျ ဆင်းရတတ်၏။ ဖြစ်လာခဲ့ပါက 'ငါ့မှာကိုက ဒီလိုဖြစ်ဖို့ ရှိတယ်လေ' လို့ နှလုံးသွင်းပြီး သည်းခံလိုက်ပါ။ ယတြာ သဖွယ် ဖြစ်သွားပြီး နှလုံးအေးရလိမ့်မည်။ အဖွဲ့အစည်း ဆန်ဆန် ပူးပေါင်းလုပ်ဆောင်တဲ့ ရေ့နေ၊ ပွဲစားများ (၁၀) ရက်နေ့နောက်ပိုင်းတွင် အကျိုးအမြတ် သိသိသာသာ ခံစား ရမည်။ စေ့စပ်ပွဲ စတဲ့ အိမ်ထောင်ရေးကိစ္စများ မဆောင် ရွက်သင့်တဲ့ ကာလပါ။ မဖြစ်မနေ စေ့စပ်ကြောင်းလမ်း ရတော့မည်ဆိုပါက သစ္စာပန်းဆိုးတစ်လုံး အလယ်က ချထားပါလေ။ နေအိမ်အခက်အခဲ ကြုံရတတ်ပါသည်။ အကြီးအကဲများ အကျိုးမပေးတဲ့ကာလ ငယ်ရွယ်သူများကို အားကိုးအားထားပြုပြီး လုပ်ဆောင်မှ အောင်မြင်မည်။ မည်သို့ပင်ဖြစ်စေ မည်သည့်လုပ်ငန်းရှင်မဆို အလုပ်အကိုင်က တော့ အဆင်ပြေနေမှာပါ။ အရိုး၊ အကြော၊ အဆစ်နှင့် ပတ်သက်တဲ့ ဝေဒနာတစ်ခုခု ခံစားရတတ်၏။ သို့သော် စိုးရိမ်စရာမလိုပါ။ နိုင်ငံရပ်ခြား သွားရောက်လုပ်ကိုင်နေ သူများ ယခင်ထက် ပိုအဆင်ပြေနေမည်။ လောလောဆယ် အချစ်ရေးကို အာရုံမပြုသင့်ပါ။ သင့်အတွက် အကောင်းဆုံး နေ့ရက်ကား (၁၉၊ ၂၀၊ ၂၁၊ ၂၂)ရက်များ ဖြစ်ပါသည်။ (၉၊ ၁၀)ရက်များကို ရှောင်ပါလေ။

ယတြာ - အုန်းရည်ဝယ်ပြီး သံဃာသုံးပါးကို ဆက် ကပ်ပါ။ အောင်သပြေ(၇)ညွှန့်ကို အိမ်ရှိ ဘုရားတွင် ကပ် လှူပူဇော်ပါ။ အညှဲ့အဆိုးများ ကင်းစင်ပြီး လိုအင်ဆန္ဒ ပြည့်ဝပါလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဆရာကံထူး(ဝေဒသုတေသီ)

မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

တဆ ၃၃၅၈ **အနာပေါက် အထူးကုသများတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မို့နာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကု၊ ဆွမကု၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုံပြုံ ထွက်လာအောင် ဆေးဏ ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ကျိန်နာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခွ၊ ဝဲနှင်းခွ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမှားစေရ၊ ကုထုံးမမှားစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

မကုသခင် လာရောက်ခေါ်ဆွေးနွေးပါ။

အမှတ် - ၄၄၄၊ ဗျဉ်ဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းပြိုနယ်၊ ရန်ကုန်ပြို့။

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀၊ ၀၉ ၃၁ ၀၇၇ ၃၆ ၁၉

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဒိရုပရိသတ်မေးမြန်း

ဆရာခေန်အောင်ဟိန်း ဖြေသည့်

ဂန္ဒိရုမဂ္ဂင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ဂန္ဒိရုမဂ္ဂဇင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂန္ဒိရု ဝတ္ထုစိုး

အမှတ်-၁၀၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ တောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

◉ မေးသူ၏အမည် _____

◉ မွေးနေ့ (နှစ်၊ လ၊ ရက်) _____

◉ မွေးဖွားရာ မြို့/ရွာ _____

◉ အချိန်နာရီ (နေ့/ည) _____

မေးခွန်းများ

(၁) _____

(၂) _____

(၃) _____

www.burmeseclassic.com

www.burmeseclassic.com

U.T.H

(၆-၁-၁၉၆၁၊ ၆း၄၅ နာရီ၊ မျော်ဘွယ်မြို့)



၁။ *လက်ရှိထက် စီးပွားရေးပိုတက်နိုင်မည်လား။*

(၁၈-၁၀-၂၀၁၅)မှ (၆-၅-၂၀၁၈)ထိ ရာဟု ထူလ၊ ၄ဟူး ဘုတ္တိဒသာ စားဝင်နေ၏။ ရာဟုကြိုဟ်သည် (၂)တန့် ဘာဝရပ် ၆ကြောပိုင်နက္ခတ်ကို စီး၏။ ၆ကြောနှင့် ကိတ်ကြိုဟ် တို့ကိုလည်း အမြင်ကြိုထား၏။ ၄ဟူးကြိုဟ်သည် (၇၊ ၉) တန့်သခင်ကြိုဟ်အဖြစ် လဂ်ဘာဝတွင် ရပ်တည်၍ (၂)တန့် ဘာဝရပ် ၆ကြောပိုင်နက္ခတ်ကိုပင် စီးထား၏။ (၂၀၁၆)ခုနှစ် အတွင်း စီးပွားတက်ဖို့ ရှိနေပါသည်။

၂။ *လက်ရှိတာဝန်ထမ်းဆောင်သော မြို့၊ ရွာတွင် မြဲမည်လား။ ပြောင်းရပါမည်လား။*

စားဝင်နေဆဲ ဒသာကာလများအရနှင့် ကောဇာ ၅တေးကြိုဟ် အနေအထားအရ နေရာပြောင်းရဖို့ မရှိသေးပါ။ (၂၀၁၆)ခုနှစ်ကုန်ထိ လက်ရှိနေရာတွင် ရှိနေပေဦးမည်။

၃။ *ကျန်းမာရေးအခြေအနေ၊ သက်တမ်း။*

(၁၈-၁၀-၂၀၁၅)မှ (၆-၅-၂၀၁၈)အတွင်း ရာဟု ထူလ၊ ၄ဟူး ဘုတ္တိဒသာ ကာလတွင်ကား ကြီးကျယ်သော ကျန်းမာရေးအညံ့ မရှိနိုင်သေးပါ။ လဂ်သခင် ၅တေး လဂ်တွင်ပူး၍ သက်တမ်းမနိမ့်ပါ။ (၆၈)နှစ်နှင့်အထက် နေရတတ်ပါသည်။

Empress

(၂၃-၁၀-၁၉၉၄၊ ၄း၀၀ နာရီ၊ မန္တလေးမြို့)



၁။ *ဘွဲ့၊ ဒီဂရီ ရနိုင်မည်လား။*

ဇာတာတွင် (၄)တန့်ဘာဝသခင်ကြိုဟ် ၅တေး (၂)တန့် ဘာဝတွင် (၂၊ ၉)တန့်သခင် ၆ကြောကြိုဟ်နှင့် ပူးယှဉ်ရပ် တည်၍ ဘွဲ့ရပါမည်။ ထို့ပြင် (၁၂)တန့်သခင်ကြိုဟ် ၁၉ (၁၀၊ ၁)တန့်သခင်ကြိုဟ် ၄ဟူးနှင့်ပါ ပူးယှဉ်၍ နိုင်ငံရပ် ခြား ဗဟုသုတသင်ခွင့်ပါ ကြိုတတ်သည်။ အဆင့်မြင့် ဘွဲ့လွန် ပညာထိ ပြီးတတ်သည်။

၂။ *ဒီဇိုင်နာဖြစ်နိုင်သလား။*

www.burmeseclassic.com

www.burmeseclassic.com

(၅)တန်သခင် စနေ (၆)တန်ကွင် ကသစ်မူ ရပ်တည်ခြင်း ၄ဟူးကြိုဟ်၊ ၆ကြောကြိုဟ်တို့နှင့် ဆက်စပ်မှုမရှိ ဖြစ်နေ၏။ သို့သော် ၄ဟူး၊ ၆ကြောကြိုဟ်တို့နှင့် ပူးယှဉ်သော ၅တေးကြိုဟ်၏ (၅)တန်အထူးမြင် ခံနေရ၍ ဒီဇိုင်နာအဖြစ် အသင့်အတင့် အောင်မြင်နိုင်ပါ၏။

၃။ *အပျိုကြီး ဖြစ်နိုင်သလား။*

(၇)တန်သခင် ၅တေးကြိုဟ် (၂)တန်တွင် ရပ်သည်ကို (၁၁)တန်မှ အင်္ဂါကြိုဟ်က (၄)တန်အထူးမြင် ကြိုနေ၍ ဘဝတွင် အိမ်ထောင်ကျပေမည်။ အပျိုကြီး မဖြစ်နိုင်ပါချေ။

ဇင်းမင်းသန့်

(၁၂-၉-၁၉၉၁၊ ၂၃း၁၅ နာရီ၊ အမရပူရမြို့နယ်)



၁။ *ယခုကြိုတွေ့နေရသော ဘေးအန္တရာယ်များမှ လွတ်မြောက်ကိန်း ရှိ/မရှိ၊ ကာလ။*

ဘဝစက်တွင် စနေကြိုဟ် (၈)တန်ရပ်၍ (၁၊ ၆)တန်သခင်ကြိုဟ် (၃)တန်ဘဝတွင် ရပ်တည်နေ၏။ ယင်းကြိုဟ်နှစ်လုံး၏ ပူးတွဲဒဿကာလမှာ (၂၀၁၅)ခုနှစ်၊ မေလမှ (၂၀၁၈)ခုနှစ်၊ ဇူလိုင်လထိ စားဝင်ပါမည်။ ကောဇော စနေကြိုဟ် (၇)တန်မှ လဂ်ကို မြင်ထားကာ (၂၀၁၇)ခုနှစ်၊ ဇန်နဝါရီလတွင် (၇)တန်မှ ထွက်မည်။ ထို့ကြောင့် (၂၀၁၇)ခုနှစ်၊ ဇန်နဝါရီလ ရောက်ပြီးမှ ဘေးအန္တရာယ်များမှ လွတ်မြောက်နိုင်ပါသည်။

၂။ *ဘဝရည်မှန်းချက် အောင်မြင်မည်လား။*

ဘဝရည်မှန်းချက်သည် ငွေကြေးအဆင်ပြေ တိုးတက်မှုအတွက် ဆိုပါက အသက်(၃၅)နှစ်နောက်ပိုင်း ရောက်မှသာ ပြည့်ဝပေမည်။

၃။ *အိမ်ထောင်ကံ၊ ပူးစာရှင်၊ ရှုပ်ရှည်၊ ကာလ။*

(၇)တန်ဘာဝသခင် အင်္ဂါကြိုဟ် (၅)တန်ဘာဝတွင် ရပ်တည်၍ (၁၁)တန်ဘာဝအား အမြင်ကြိုနေ၍ ဘဝတွင် အိမ်ထောင်ကျမည်။ အိမ်ထောင်ကံ သင့်သည်။ (၂၊ ၅)တန်သခင် ၄ဟူး ထူလ၊ (၂၀၂၇)ခုနှစ် နောက်ပိုင်းရောက်မှ အိမ်ထောင်ကျမည်။ အသက်(၃၇)ခုနှစ်တစ်ဝိုက်တွင် ဖြစ်မည်။ အိမ်ထောင်ဖက်မှာ အသားလတ်၊ အရပ်မမြင့်လှဘဲ မျက်နှာဝိုင်းသယောင် ရှိမည်။

မောင်ဝင္းမာ

(၁၁-၁၁-၁၉၉၈၊ ၅း၄၅ နာရီ၊ ရန်ကုန်မြို့)



၁။ *တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ထားပါသည်။ မည်သည့်အသက်မွေးဝမ်းကျောင်းပညာ သင်ယူသင့်ပါသလဲ။*

(၄)တန်သခင် စနေ မိဿရာသီ (၇)တန်တွင် ရပ်တည်ပြီး (၂၊ ၇)တန်သခင် ၆ကြော၊ (၁၁)တန်သခင် ၁နွေကြိုဟ်တို့နှင့် အပြန်အလှန် အမြင်ကြိုနေပါသည်။ ဆေးပညာ၊ စီမံအုပ်ချုပ်မှုပညာ(management)၊ ကွန်ပျူတာပညာထဲမှ သင်ယူသင့်ပါသည်။

၂။ *နိုင်ငံခြားကိန်း ရှိပါသလား၊ ကာလ။*

(၁၂)တန်သခင်ကြိုဟ် ၄ဟူး (၂)တန်ဘာဝတွင် ရပ်တည်သည်။ ယင်းသည် (၉)တန်သခင်ကြိုဟ်လည်းဖြစ်ပြီး မိမိပိုင်နက္ခတ်ကို ပြန်စီးထားသည်။ (၁၁)တန်ရပ် (၂၊ ၇)တန်သခင် အင်္ဂါကြိုဟ်က ၄ဟူးအား (၄)တန်အထူးမြင်ကြိုနေ၏။ ထို့ကြောင့် ဘဝတွင် နိုင်ငံခြားခရီးကိန်း ရှိပါ၏။ (၂၅)နှစ်ဝန်းကျင်တွင် နိုင်ငံခြားကိန်း အားကောင်းနေ၏။

၃။ *ဘဝတွင် မည်သည့်အဆင့်အတန်းမျိုးဖြင့် နေရမလဲ။*

လဂ်သခင်ကြိုဟ် ၆ကြော (၁၁)တန်သခင်နှင့်အတူ လဂ်တွင် ပူးယှဉ်ရပ်တည်နေ၏။ (၁၈)တန်သခင် ၂လ်ာကြိုဟ် (၁၀)တန်တွင်ပင် ရပ်တည်နေ၏။ ဘဝအဆင့် မြင့်မားသော အခြေအနေမျိုးတွင် နေရဖို့ ရှိပါသည်။

www.burmeseclassic.com

မလင်းလင်းလက်

(၁၂-၅-၁၉၉၄၊ ၅း၀၀ နာရီ၊ ပခုက္ကူမြို့)



၁။ *ဘဝတွင် မည်သည့်လုပ်ငန်းမျိုး လုပ်သင့်ပါသလဲ။*

စီးပွားရေး၊ ဝန်ထမ်း နှစ်သက်ရာ လုပ်၍ရ၏။ (၁၀) တန့်သခင် စနေကြိုဟ် (၁၁)တန့်ရပ်ပြီး ဘဝစက်၌ (၇) တန့်ရပ် ရာဟုကြိုဟ်ပိုင်နက္ခတ်အား စီးထားသည်ကို (၆) တန့်ဘဝရပ် ၅တေးကြိုဟ်က (၅)တန့်အထူးမြင့်၍ ဖြစ်၏။ အထည်၊ ရေ၊ အရည်နှင့် ပတ်သက်သောလုပ်ငန်း၊ စား သောက်ကုန်၊ စာရင်းအင်း၊ ဘဏ္ဍာရေး လုပ်ငန်းမျိုးထဲမှ လုပ်ရတတ်၏။

၂။ *ပညာရေး ဘွဲ့လွန်အထိ သင်ကြားခွင့်ရမည်လား။*

(၉)တန့်သခင် ၅တေးကြိုဟ်သည် (၇)တန့်ရာသီ (၆-တန့်ဘဝ)တွင် ရပ်တည်ပြီး (၁၀၊ ၁၁)တန့်သခင်အဖြစ် (၁၁)တန့်ဘဝ၌ ရပ်တည်နေသော စနေကြိုဟ်အား (၅)တန့် အထူးမြင့်ကြွပြီး (၅)တန့်သခင် ၁နွေကြိုဟ်နှင့် အပြန်အလှန် အမြင့်ကြိုနေ၏။ ကြိုးစားပါ။ ဘွဲ့လွန်ထိ ရောက်တတ်၏။

၃။ *အိမ်ထောင်ကံ၊ ကာလ။*

(၇)တန့်သခင် ၆ကြောကြိုဟ်သည် (၂)တန့်သခင်ကြိုဟ် လည်းဖြစ်ကာ (၂)တန့်ဘဝတွင် ရပ်တည်သည်။ ဘဝတွင် အိမ်ထောင်ကျမည်။ အိမ်ထောင်ကံ သင့်ရုံမျှရှိသည်။ (၇) တန့်ရပ် ရာဟု ထူလ၊ (၁၁)တန့်ရပ် စနေ ဘုတ္တိဒသာ ကာလဖြစ်သော (၂၀၁၆)ခုနှစ်မှ (၂၀၁၈)ခုနှစ်အတွင်း အိမ် ထောင်ရေးပေါ်ဖို့ရှိ၏။

ဦးကျော်သိန်းဇံ

(၂၆-၅-၁၉၆၇၊ ၁၀း၃၀ နာရီ၊ ချောက်မြို့)

၁။ *ကုမ္ဘဏီဝန်ထမ်းအလုပ် လျှောက်ထားပါသည်။ အကျိုး ပေး/မပေး။*

(၁၀)တန့်ဘာဝသခင်ကြိုဟ် အင်္ဂါ (၃)တန့်ဘာဝတွင်



ရပ်တည်ကာ (၉)တန့်ရပ် (၇၊ ၈)တန့်သခင် စနေကြိုဟ်နှင့် အပြန်အလှန် အမြင့်ကြိုနေ၏။ ယခုအချိန်တွင် ဘာဝစက် ၌ (၉)တန့်ရပ် ရာဟု ထူလဒသာနှင့် (၁၂)တန့်ရပ် ၅တေး ဘုတ္တိဒသာ စားဝင်နေ၏။ ၅တေးသည် (၆၊ ၉)တန့်သခင် ဖြစ်၏။ အလုပ်မတည်ငြိမ်တတ်ပါ။ ကုမ္ပဏီဝန်ထမ်းအလုပ် ကား အကျိုးပေးပါ၏။ (၂၀၁၁)ခုနှစ်ကျော်ကတည်းက မတည်ငြိမ်သော အပြောင်းအလဲများ ကြုံနေရတတ်၏။ စိတ်တည်ငြိမ်စွာထား၍ လုပ်နိုင်ရန် ကြိုးစားပါလေ။

၂။ *အိုဇာတာ ကောင်း/မကောင်း။*

အသက်(၄၇)နှစ်မှ (၆၂)နှစ်ထိ ရာဟုထူလဒသာ စားဝင်နေ၏။ ရာဟုသည် (၉)တန့်ဘာဝ၌ ရပ်တည်သော် လည်း (၃)တန့်ရပ် (၅၊ ၁၀)တန့်သခင် အင်္ဂါကြိုဟ်အား ကိုယ်စားပြုထားကာ (၁၁)တန့်ရှိ ၁နွေ၊ ၄ဟူးနှင့် (၆)တန့် ရှိ ၂လာကြိုဟ်သည် ဘာဝစက်၌ (၅)တန့်တွင် ရပ်၍ ဓာတ်ကောင်းသော်လည်း စိတ်မထိန်းနိုင်က အပြောင် အလဲများ၍ အကျိုးမခံစားရတတ်ခြင်းကို သတိပြုရမည်။

၃။ *အိုးပိုင်အိမ်ပိုင် နေရကိန်း၊ ကာလ။*

(၄)တန့်သခင် ၆ကြောသည် (၁၁)တန့်သခင်လည်းဖြစ် ၍ (၁၂)တန့်ဘာဝတွင် ရပ်တည်နေ၏။ အိမ်ပိုင်ရန်ကာ ခဲယဉ်းပေ၏။

ဒေါ်ကြင်ဝင်း

(၁၁-၅-၁၉၆၇၊ ၁၃း၁၆ နာရီ၊ မြင်းခြံမြို့)

၁။ *လက်ရှိဝန်ထမ်းဘဝ ရာထူးတက်ကိန်းရှိ/မရှိ၊ ကာလ*

(၂၈-၃-၂၀၁၅)ခု စနေထူလဒသာ စတင်စား သည်။ စနေဘုတ္တိဒသာသည် (၁-၄-၂၀၁၈)ထိ စား ပါမည်။ စနေသည် (၇၊ ၈)သခင်အဖြစ် (၉)တန့်ဘာဝတွ မိမိပိုင်နက္ခတ်တွင်ပင် စီးနင်းရပ်တည်ကာ လက်ရှိ (၅)တ ဘာဝတွင် ကောလသွားနေ၏။ ရာထူးတက်ရန် အခွင့်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

၂။ *သားသမီးကံ၊ အကျိုးပေး/မပေး။*

ဇာတာတွင် (၅)တန်ဘာဝသခင်ကြိုးဟ အင်္ဂါ (၃)တန်ဘာဝတွင် ရပ်တည်နေ၏။ အင်္ဂါကြိုးဟ်သည် (၉)တန်ရပ် (၇)တန်သခင် စနေကြိုးဟ်နှင့် အပြန်အလှန် အမြင်ကြုံနေ၏။ (၉)တန်သခင် ၅တေး လဂ်နှင့် ပူး၏။ သားသမီးများ အကျိုးပေးပါသည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

လဂ်ရှိစားဝင်နေသော စနေထူလဒသာသည် အသက် (၆၇)နှစ်ထိ စားဝင်ပေမည်။ အကျိုးပေး သင့်ရုံရှိ၏။ (၆၇)နှစ်ကျော်က ၄ဟူးထူလ (၁၇)နှစ်ကြာ စားဝင်ပေမည်။ (၁၀)တန်ရပ် (၃၊ ၁၂)တန်သခင်ဖြစ်၍ (၂)တန်သခင် ၁နေ့ကြိုးဟ်နှင့်ပါ ပူး၍ အိုဇာတာ ကောင်းပါသည်။

သီတာဝင်း

(၅-၅-၁၉၈၆၊ ၁၄း၀၀ နာရီ၊ မော်လမြိုင်မြို့)

၁။ *နိုင်ငံခြားကိန်း၊ ကာလ။*

(၁၂)တန်သခင်ကြိုးဟ ၂လ်ဘာဝစက်၌ (၇)တန်ဘာဝတွင် ရပ်တည်ပြီး (၅)တန်ဘာဝတွင် ရပ်တည်သော (၄၊ ၉)တန်သခင် အင်္ဂါကြိုးဟ်၏ (၄)တန်အထူးမြင် ခံနေရ၏။ နိုင်ငံခြားခရီးကိန်း ရှိသော်လည်း ခက်ခဲကြန့်ကြာမှုအချို့



ကြုံရပြီးမှ သွားရတတ်၏။ တူရာသီ (၂)တန်ဘာဝတွင် ရပ်တည်၍ (၃၊ ၁၀)တန်သခင် (၉)တန်ရပ် ဖြတ်ကြိုးဟ် အား ကိုယ်စားပြုထားသော ကိတ်ထူလဒသာတွင် စနေဘုတ္တိဒသာ စားဝင်မည့် (၂၀၁၆)ခုနှစ်၊ ဇူလိုင်လမှ တစ်နှစ်အတွင်း နိုင်ငံခြားကိန်း အားကောင်းနေပါ၏။

၂။ *ကျန်းမာရေး သတိပြုရမည့်ကာလ။*

လဂ်ရှိစားဝင်နေသော ကိတ်ထူလ၊ ၅တေးဘုတ္တိဒသာသည် (၂၈-၇-၂၀၁၆)ထိ စားဝင်နေမည်။ ယင်းကာလတွင် (၆၊ ၇)တန်သခင်အဖြစ် (၃)တန်ဘာဝ၌ ရပ်တည်သော စနေအန္တရဒသာ စားဝင်မည့် (၂၀၁၅)ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ကျန်းမာရေး အညံ့သတိပြုပါလေ။

၃။ *အိမ်ထောင်ကံ၊ ကာလ။*

(၇)တန်သခင် စနေကြိုးဟ် ဘာဝစက်၌ (၃)တန်တွင် ရပ်တည်ပြီး (၅)တန်သခင် ၅တေးကြိုးဟ် (၇)တန်တွင် ရပ်တည်၍ ဘဝတွင် အိမ်ထောင်ကျတတ်သော်လည်း အိမ်ထောင်ကျ နောက်ကျတတ်၏။ အိမ်ထောင်ကံကား ကောင်းပါသည်။ (၂၀၁၆-၂၀၁၇)ခုနှစ်တွင် အိမ်ထောင်ကျဖို့ ရှိနေ၏။

ဒေါ်ခင်ဆွေဝင်း

(၂၉-၅-၁၉၅၃၊ ၄း၁၀ နာရီ၊ မန္တလေးမြို့)



၁။ *ထီဆုကြိုးပေါက်ကံ ရှိ/မရှိ၊ ကာလ။*

ထီပေါက်ကံရှိသော်လည်း ဆုကြိုးတော့ မရတတ်ပါ။ (၃)တန်ဘာဝသခင်ကြိုးဟ ၄ဟူး (၂)တန်တွင် ရပ်တည်ကာ (၅)တန်သခင် ၁နေ့၊ (၉၊ ၁၂)တန်သခင် ၅တေး၊ (၁၊ ၈)တန်သခင် အင်္ဂါကြိုးဟ်တို့နှင့် ပူးယှဉ်၍ စပ်တူထိုးလျှင်မူ ဆုကြိုးတတ်၏။ မိသားစုတွင်းမှ စပ်တူထိုးနိုင်၏။ (၂)တန်ရပ်၊ (၁၊ ၈)တန်သခင် အင်္ဂါထူလ၊ (၆)တန်ရပ်၊ (၁၀၊

www.burmeseclassic.com

၁၁)တန်သခင် စနေဘုတ္တိဒသာကာလဖြစ်သော (၂၇-၁-၂၀၁၆)မှ (၆-၃-၂၀၁၇)အတွင်း ထိပေါက်ဖို့ ရှိနေ၏။

၂။ *အိမ်ပိုင်၊ မြေပိုင်နှင့် နေရကိန်း။ ကာလ။*

(၄)တန်သခင် ၂လ်ာကြိုဟ် ဘာဝစက်၌ (၇)တန်ဘာဝတွင် ရပ်တည်သည်ကို (၆)တန်ရပ် (၁၀၊ ၁၁)တန်သခင် ဂြိုဟ်က (၃)တန်အထူးမြင်သကဲ့သို့ (၉၊ ၁၂)တန်သခင် ၅တေးနှင့်လည်း အပြန်အလှန် အမြင်ကြိုနေ၏။ (၄)တန်သခင် နက္ခတ်ကိုစီး၍ (၁၀)တန်တွင် ရပ်တည်သော ရာဟုထူလ၊ ရာဟုဘုတ္တိဒသာကာလ (၂၀၂၀-၂၀၂၃)ခုနှစ်အတွင်း အိမ်ပိုင်ရန် ရှိပါသည်။

၃။ *ကျန်းမာရေး၊ သတိပြုရမည့်ကာလ။*

(၂၇-၁-၂၀၁၆)မှ (၆-၃-၂၀၁၇)အတွင်း (၁၊ ၈)တန်သခင် အင်္ဂါထူလ၌ (၆)တန်ရပ် စနေဘုတ္တိဒသာတွင် ကျန်းမာရေးအညံ့ပေါ်တတ်၍ သတိပြုရမည်။

ဆရာရန်အောင်ဟိန်း(B.Sc)

(ခရစ်ရှနားမူတီးဝန္ဒတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)

အမှတ်-၂၂၁/၂၂၃(ပ-ထပ်)၊ ၃၁-လမ်း(အထက်)၊

(စင်ထရယ်ဟိုတယ်အနီး) ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၅ ၄၂၀ ၃၉၄

ဘဝခွဲခြဲသည် ပင်္ဂဒိသတ်များသို့ ပင်ကြားဥာဏ်

ကမ္ဘီရပရိသတ်ကြီးအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ထုတ်ဝေသူ၊ စာတည်းချုပ်၏ စေတနာအရ နက္ခတ်ဗေဒင်ပညာဖြင့် တိကျစွာပြန်လည်-ဖြကြားပေးနေသောကဏ္ဍဖြစ်ပါသည်။

သို့ဖြစ်၍ မွေးရပ်၊ မွေးရက်၊ လ၊ နှစ်၊ မွေးဒေသ အချိန်နာရီတို့ တိကျရန် လိုပါသည်။ မွေးချိန်မတိကျလျှင် လဂ်မှ မဟုတ်ဘဲ စန်း(၂လ်ာ)မှ ဖြေကြားရ၍ အဖြေများ မှန်ကန်တိကျမှု အားနည်းတတ်ပါသည်။

မွေးချိန်မသိက အမေးပုံစံကို ဖြည့်စွက်သော ရက်၊ လ၊ နှစ်၊ အချိန်၊ ဒေသတို့ကို ဖြည့်စွက်၍ ရောက်ဆဲအသက်ကိုပါ ရေးသားပေးပါ။ မွေးဒေသအတွက် ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတို့ကိုပါ ရေးသားပေးပါ။

ခါးဆစ်ကြီး ဦးဘသိန်း

ခါး ဂျို့ စုတ်

အမှတ်တံဆိပ်

လိမ်းဆေး

ကျီးပေါင်းတက်ခြင်း၊ လေဖြတ်ခြင်း၊ လက်ကပ်ခြင်း၊ ဒူးနာ ခါးနာခြင်း၊
ထုံကျင် ညောင်းညာ ကိုက်ခဲခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

ရွှေပလားတိုင်းရင်းဆေးစန်း

အမှတ်-၂၉၊ မဝွင်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၅၉၈၈၅၊ ၀၉ ၅၁၀ ၆၁၃၇၇

(၄၂×၄၃)လမ်းနှင့် (၆၆×၆၇)လမ်းကြား၊ မဟာမြိုင်ဈေးတောင်ဘက်၊
မန္တလေးမြို့။ ဖုန်း - ၀၉ ၂၀ ၃၈၄၂၁

မှတ်ပုံတင်အမှတ် TMR - 007113 (1016)

www.burmeseclassic.com

www.burmeseclassic.com

ရုပ်သေးကင်ဆာရောဂါနှင့် ကေ.ပီ စနစ်

ဆရာရန်အောင်ဟိန်း(B.Sc)

(၂၀၁၃)ခုနှစ် အဆုံးသတ်ခါနီးကာလတွင် အမျိုးသမီးတစ်ဦးက ဇာတာတစ်စောင် ယူလာပြီး သူမမိခင်၏ ကျန်းမာရေးအခြေအနေကို မေးလာခဲ့သည်။ သူမ၏ မိခင်ကြီးသည် လတ်တလော၌ ဆေးရုံတစ်ခုတွင် တက်ရောက်နေကြောင်း သိရသည်။

(၂၈-၂-၁၉၆၀) နံနက်(၆း၀၉)နာရီ၊ သီရိလင်္ကာနိုင်ငံ၊ ကို့ ၁၅' မြောက်၊ ၈၀ ၀၈' အရှေ့တွင် မွေးဖွားသော ဇာတာရှင်၏ ဇာတာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

ဇာတာတွင် ကိတ်ဂြိုဟ်သည် ၄ဟူးဂြိုဟ်နှင့် အလွန်နီးကပ်စွာ ပူးယှဉ်နေပါသည်။ ၄ဟူးဂြိုဟ်သည် (၅၊ ၈) တန့်သခင် ဖြစ်သည်။ ထို့ပြင် ကိတ်သည် (၆)တန့်သခင် ၂လ်ဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေသေး၏။ ကိတ်၊ ၄ဟူး၊ ၂လ်ဂြိုဟ်တို့ လဂ်ဘာဝတွင် ရပ်တည်နေကြ၏။ ရာဟုဂြိုဟ်သည် (၇)တန့်ဘာဝတွင် ကန်ရာသီ၌ ရပ်တည်၍ ၄ဟူးဂြိုဟ်အား ကိုယ်စားပြုထား၏။ ယင်းအချက်များအရ (၆)တန့် ရောဂါ၊ (၈)တန့် အန္တရာယ်တို့နှင့် ပတ်သက်နေ၏။ ရာဟုသည် (၁၂) တန့်သန္ဓိနှင့် (၁၂)တန့်ရပ် ဖြကြာ၊ ၃ဂ်ါဂြိုဟ်တို့အား (၅)တန့်အထူးမြင်ခြင်းက (၁၂)တန့်(ဆေးရုံ)ကို ပါ ညွှန်ပြနေ၏။

ကျန်းမာရေးကိစ္စဖြစ်၍ လဂ်နှင့် (၆)တန့်ဘာဝတို့ဖြင့် ဆန်းစစ်ရပေမည်။ ဇာတာတွင် လဂ် သန္ဓိဘုတ္တိ နက္ခတ်သခင်ဂြိုဟ်သည် (၆)တန့်(ရောဂါ)၊(၈)တန့်(အသက်အန္တရာယ်)နှင့် (၁၂)တန့်(ဆေးရုံတက်ရခြင်း)တို့အတွက် အကျိုးဆောင်ပါက ကျန်းမာရေးအတွက် မကောင်းပါချေ။

ယခုဇာတာတွင် လဂ် သန္ဓိဘုတ္တိ နက္ခတ်သခင်ဂြိုဟ်သည် ၅တေး ဖြစ်ပြီး (၂၊ ၁၁)တန့်သခင်ဂြိုဟ် အဖြစ် (၁၀)တန့်ဘာဝတွင် ရပ်တည်နေ၏။ ၅တေးသည် ကိတ် နက္ခတ်၊ ရာဟုဘုတ္တိနက္ခတ်ကို စီးထား၏။ ကိတ်၊ ရာဟုတို့သည်



www.burmeseclassic.com

အရိပ်ကြိုးများဖြစ်ရကား ယင်းတို့ကို သေချာစွာ ဆန်းစစ်ကြည့်ရန် လိုအပ်ပါမည်။

ရောဂါဝေဒနာအတွက် (၆)တန့် ဘာဝဖြင့် ဆန်းစစ်ရမည်။ (၆)တန့် ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ကြိုးသည် ဗကြာဖြစ်၍ (၄၊ ၉)တန့်သခင်ကြိုးအဖြစ် (၆)တန့်ဘာဝတွင် အင်္ဂါကြိုးနှင့် ပူးယှဉ်ရပ်တည်နေ၏။ ဗကြာကြိုးသည် (၁)တန့်ဘာဝတွင် ကိတ်၊ ၄ဟူးတို့နှင့် ပူးယှဉ်ရပ်တည်နေသော (၆)တန့်သခင် ၂လ်ာကြိုးပိုင် နက္ခတ်ကို စီးထား၏။

ကေ.ပီ စနစ်အရ (၆)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ကြိုးသည် (၆၊ ၈၊ ၁၂)တန့်ဘာဝ တစ်ခုခုနှင့် ဆက်စပ်ကာ (၁)တန့်ဘာဝအတွက် အကျိုးဆောင်ပါက ယင်းကြိုး၏ ဘုတ္တိဒသာကာလတွင် ရောဂါဝေဒနာ ခံစားရမည်ဟု ဆိုထားပါသည်။

(၆)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ကြိုးသည် စနေကြိုးနှင့် ဆက်စပ်ပါက ဇာတာရှင်မှာ နာတာရှည်ရောဂါတစ်ခုခု ခံစားရတတ်သည်။ ယခု (၆)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ကြိုး ဗကြာသည် အင်္ဂါကြိုးနှင့် ပူးယှဉ်ခြင်းက ပြင်းထန်သော ရောဂါတစ်ခုကို ဖော်ညွှန်းပြနေ၏။ ယင်း ဗကြာကြိုးသည် စနေပိုင် (၁၂)တန့် မကာရာသီတွင်လည်း ရပ်တည်ထား၏။ (၅၊ ၈)တန့်သခင် ၄ဟူးသည် လင်္ဂဘာဝတွင် (၆)တန့်သခင် ၂လ်ာ၊ (၆)တန့် ဘုတ္တိနက္ခတ်သခင်ကြိုး ဗကြာတို့နှင့် ပူးယှဉ်ရပ်တည်ထား၏။ ယင်းအချက်များက ရှုပ်ထွေး၍ အန္တရာယ်များကာ ပြင်းထန်သော နာတာရှည်ရောဂါတစ်ခုကို ညွှန်ပြနေ၏။ ကိတ်ကြိုးသည် ၂လ်ာ၊ ၄ဟူးတို့နှင့် ပူးယှဉ်နေခြင်းကြောင့် ရောဂါရှာမရ ဖြစ်နေရတတ်၏။ ယင်းအတွက် အခြားအချက်များဖြင့် ရောဂါကို ဖွေရှာဆန်းစစ်ရပေတော့မည်။

ကေ.ပီ စနစ်အရ (၆)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ကြိုးသည် (၈)တန့်ဘာဝအတွက် အကျိုးဆောင်



www.burmeseclassic.com

www.burmeseclassic.com



ာ ကင်ဆာကဲ့သို့သော ရောဂါ ခံစားရပေမည်။ ဆခ္ဓာတာတွင် (၆) တန့်ဘာဝ သန္ဓိဘုတ္တိ နကွတ်သခင်ကြိုဟ် ၆ ကြာသည် (၁၊ ၆၊ ၁၂) တန့်အပြင် (၉)တန့် (ဘာဝက)အတွက်ပါ အကျိုးဆောင်နေ၏။ ၆ ကြာကြိုဟ်သည် (၈)တန့် သခင်ကို ကိုယ်စားပြု၍ (၇)တန့် (မာရက)ရပ် ရာဟုကြိုဟ်က (၅)တန့် အထူးမြင်ထား၏။

ကင်ဆာအကျိတ်မျိုး ကို ၅တေးကြိုဟ်က ဖော် ပြ၏။ ၅တေးကြိုဟ်သည် လင်္ဂဘာဝရပ် ၂လံာ၊ ၄ဟူး၊ အိတ်ကြိုဟ်တို့အား (၉ဝ)စကွဲယားကြိုဟ်မြင်ဆိုး ကြုံထား ၏။

ထို့ကြောင့် ကင်ဆာရောဂါကို ဆိုးဝါးပြင်းထန်စွာ ခံစားနေရပေမည်။ (၆)တန့်ဘာဝ သန္ဓိဘုတ္တိနကွတ်သခင် ကြိုဟ် ၆ကြာသည် (၆)တန့်(ရောဂါ)၊ (၁၂)တန့်(ဆေးရုံ)၊ (၇)တန့်(မာရက)၊ (၉)တန့်(ဘာဝက)၊ (၄)တန့်(ရင်သား) ကို့ကို ဖော်ညွှန်းပြနေ၏။ ၆ကြာကိုယ်တိုင်လည်း ရင်သား ကို ဖော်ပြနေ၏။ ထို့ကြောင့် ရင်သားကင်ဆာရောဂါကို ခံစားနေရပေမည်။

ဆက်တမ်း

ဓေဖန်ဆန်းစစ်ချိန်တွင် ၆ကြာထူလ၊ ရာဟုဘုတ္တိဒသာ စားဝင်နေပြီး အသက်(၅၃)နှစ်အရွယ်တွင် ရှိနေ၏။

လင် ဘုတ္တိနကွတ်သခင်ကြိုဟ် ၅တေးဖြစ်ပြီး (၂၊ သ)တန့်သခင်အဖြစ် (၁ဝ)တန့်ဘာဝတွင် ရပ်တည်နေ၏။ ၅တေးကြိုဟ်သည် ကိတ်ပိုင်နကွတ်ကိုစီး၍ (၁ဝ၊ ၁၊ ၂၊ သ)တန့်အတွက် အကျိုးဆောင်သည်။ ရာဟုဘုတ္တိနကွတ် ကို စီး၍ (၁၊ ၇)တန့်အတွက် အကျိုးဆောင်၏။ သက် ဆတ်ပိုင်း (၃၄ မှ ၆၈ နှစ်)အတွင်း နေရမည့် ဇာတာ ဖြစ်၏။

ထူလဒသာသခင် ၆ကြာကြိုဟ်သည် (၉)တန့် ဘာဝက သခင် ဖြစ်၏။ ဘုတ္တိဒသာသခင်ကြိုဟ် ရာဟုသည် (၇) တန့်(မာရက)ဘာဝတွင် ရပ်တည်၏။ သို့အတွက် ဇာတာ ရှင်၏ အသက်အန္တရာယ် စိုးရိမ်ရ၏။

သို့ဖြစ်၍ ရင်သားကင်ဆာရောဂါကို ပြင်းထန်စွာ ခံစားနေရကာ အသက်ဘေးရှိကြောင်း ဟောခဲ့ရသည်။

နောက်(၄)ရက် အကြာတွင် စကင်နာရိုက်ခြင်းဖြင့် ရင်သားကင်ဆာကျိတ်များ တွေ့ရှိရပြီး ဝမ်းခေါင်းတွင်းထိ ပျံ့နေသည်ဟု ဆရာဝန်မှ ဆိုခဲ့သည်ဟု သိရပါသည်။ ယင်း မှာ ဝမ်းတွင်းအမြှေးများနှင့် တွဲစပ်နေ၍ ခွဲစိတ်ထုတ်ပယ် ရန် မဖြစ်နိုင်ကြောင်း သိခဲ့ရသည်။ (၂ဝ၁၄)ခုနှစ်၊ ဧနီန ဝါရီလ (၁၅)ရက်နေ့တွင် ဇာတာရှင် သေဆုံးသွားကြောင်း ကြားသိခဲ့ရပါသည်။

ထိုကာလမှာ ၆ကြာထူလ၊ ရာဟုဘုတ္တိဒသာတွင်း ဖြစ်၍ ထူလဒသာသခင် ၆ကြာကြိုဟ်သည် ကောဇာသွား ခြင်းဖြင့် ကိတ်နကွတ် (၂-တန့်ကိုယ်စားပြု)ပေါ် စီးနင်း နေခဲ့ကာ ဘုတ္တိဒသာသခင်ကြိုဟ် ရာဟုသည် ကောဇာသွား ခြင်းဖြင့် (၈)တန့်ဘာဝတွင် ၂လံာပိုင်နကွတ်၊ ၆ကြာပိုင် ဘုတ္တိနကွတ်ပေါ် စီးနင်းနေခဲ့ပါသည်။

ဆရာရန်ဇော်ဟိန်း(B.Sc)

ကျမ်းကိုး

* K.P Ezine၊ 2015 January.

www.burmeseclassic.com

ဇင်းမယော်ညွန့်

နက္ခတ်ဂေါစရ ရက်ပြတ်ကောင်းဆိုးဗေဒင်

(၂၀၁၅)ခုနှစ်၊ အောက်တိုဘာလအတွက် ဈေးကွက်ခန့်မှန်းချက်

ကောဇာစက်ဝိုင်းတွင် ဘဏ္ဍေဒြုတ်သည် တန်ရာသီတွင် ရှိနေသဖြင့် အုတ်၊ မြည်း၊ မြင်း၊ သားမီးယပ်တို့ကို ဝယ်ယူ၍ (၆)လမြောက်၌ ရောင်းချလျှင် အပြတ်အစွန်းရရှိအံ့။ သိတ်ရာသီ၌ ၅တေးဒြုတ် တည်ရှိချိန်တွင် မိုးကောင်းလွန်း၍ သတ္တဝါတို့ ဘေးရန်ဥပဒ် ဖြစ်တတ်သည်။ ထုတ္ထုနှင့် ကိတ်ဒြုတ်တို့ အနေအထား တည်ရှိပုံကြောင့် တိုင်းရေးပြည်ရေး မအေးဘဲ ရှိလိမ့်မည်။ စီးပွားရေးဆုတ်တပ်ဘေးတို့ ရင်ဆိုင်ရတတ်၍ လူတို့ ကျန်းမာရေးနှင့် ချမ်းသာရေးအတွက် ခုနစ်ရက်သားသမီး အပေါင်း ယတြာချေသင့်သည်။

၁-၁၀-၂၀၁၅ (ကြာသပတေးနေ့)

(၁၃၇၇)ခုနှစ်၊ တော်သလင်းလဆုတ် (၃)ရက်

ဥစ္စာပေါများသောယုဂ် ရရှိသဖြင့် ယနေ့ အောင်ဘာလေထီ ကံစမ်းရန်၊ စာပေလုပ်ငန်း စတင်ရန်၊ သိပ္ပံ,ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်၊ ကုန်အရောင်းအဝယ်လုပ်ရန်၊ စပါးရိတ်သိမ်းရန်၊ ဘုရားအနေကဇာတင်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ ကောက်ပဲသီးနှံ ရိတ်သိမ်းရန်၊ အိမ်,မြေ သန့်ရန်၊ အဆောက်အအုံပန္နက်ရိုက်ရန်၊ အိမ်တက်မင်္ဂလာ ပြုလုပ်ရန်၊ ကင်ပွန်းတပ်နာမည်ပေးရန်၊ ငွေချေးငှားအပ်နှံရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်ရှ လျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါ မောင်မိုးဟိန်းကျော်၊ မဖြူကျော့ခိုင်..ဟု ပေးနိုင်ပါသည် ယတြာအရောင်မှာ အုန်ရောင်ဖြစ်ပြီး အရှေ့အရပ်တွင် ပွင့်မည်။

၂-၁၀-၂၀၁၅ (သောကြာနေ့)

(၁၃၇၇)ခုနှစ်၊ တော်သလင်းလဆုတ် (၄)ရက်

မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရေး ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တုတူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်းတူးရန်၊

www.burmeseclassic.com

www.burmeseclassic.com

ကိတအနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ အားကစား ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စပါး သိမ်းရန်၊ ကုန်ပစ္စည်း ရောင်းဝယ်ရန်၊ ပညာစသင်ရန်၊ အုပ်ထုတ်ဝေဖြန့်ချိရန်၊ မျိုးစေ့ချ သစ်ပင်စိုက်ရန်၊ နာမည် ခေါ်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်လျှောက်ရန်၊ တော်အစားသစ် ဝတ်ဆင်ရန်၊ လေကြောင်းခရီးသွားရန် အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၁၀)နာရီမှ (၄း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သျှားဆက်နိုင်၊ မသိမ့်နွေး..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ ရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

၇-၁၀-၂၀၁၅ (တနင်္လာနေ့)

(၁၃၇၇)ခုနှစ်၊ တော်သလင်းလဆုတ် (၆)ရက်

ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရှင်ပြုပွဲနှင့် လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ ဗျူတီပါလာ ငန်း ဆောင်ရွက်ရန်၊ အိမ်,ခြံ,မြေ,ယာဥ်,စက်ပစ္စည်း ဆင်းဝယ်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်၊ မိတ်ဆွေ ကျင်းပရန်၊ ဆိုင်ခန်း,ကုမ္ပဏီရုံးခန်း စတင်ဖွင့်ရန်၊ ရေးရာ မေတ္တာစကားပြောရန်၊ စာအုပ်စာပေဖြန့်ချိ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇေအောင်ဇင်ခန့်၊ မအေးဆုချမ်း..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

၈-၁၀-၂၀၁၅ (အင်္ဂါနေ့)

(၁၃၇၇)ခုနှစ်၊ တော်သလင်းလဆုတ် (၇)ရက်

အဆောက်အအုံတည်ရသောယုဂ် ရရှိသဖြင့် ယနေ့ ပျိုးကြဲကောက်စိုက်ရန်၊ ဥယျာဉ်ခြံ လုပ်ငန်း စတင်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ဘုရားဆင်းတုတော် ထု ဆောင်ရွက်ရန်၊ ယန်းချီ,ဂီတ,ရုပ်ရှင်, ကိစ္စများ ဆောင်ရွက်ရန်၊ လယ်ယာမြေ ထွန်ယက် ရန်၊ ယာဥ်ကားရောင်းဝယ်ရန်၊ နားသ,ဆံသရန်၊ အမည် ကင်ပွန်းတပ်ရန်၊ ပညာစသင်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ် ရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်ရန်တို့ အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်စိုးဝေလွင်၊ မခွေကလျာ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

၉-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

(၁၃၇၇)ခုနှစ်၊ တော်သလင်းလဆုတ် (၈)ရက်

မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ပညာသင်ရန်၊ ဗျူတီပါလာလုပ်ငန်း ဆောင်ရွက်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ ဆေး ဝါးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ဆိုင်သစ် ဖွင့်ရန်၊ ဆိုင်းဘုတ်တင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ လုပ် ငန်းသစ် စတင်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်, ဝတ်ဆင်ရန်၊ စတင်တူးဖော်ရန်၊ ပျိုးကြဲကောက်စိုက်ရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်၊ ငွေကြေးကိစ္စ ဆောင် ရွက်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ လေကြောင်း ခရီးသွားရန်၊ စပါးရိတ်သိမ်းရန်၊ ကုန်ရောင်းဝယ်ရန်၊ စာပေ လုပ်ငန်း ဆောင်ရွက်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့ အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀) နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံ ကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင် ဝင်းမင်းလွင်၊ မဝေလွင်လွင်..ဟု ပေးနိုင်ပါသည်။ ယတြာ အရောင်မှာ အပါရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့် မည်။

၁၀-၁၀-၂၀၁၅ (ကြာသပတေးနေ့)

(၁၃၇၇)ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်

အဆင့်အတန်း တိုးတက်သောယုဂ် ရရှိ သဖြင့် ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်သတ္တု စူးစမ်းရှာဖွေရန်၊ အဝိစိ တွင်း တူးဖော်ရန်၊ စာပေလုပ်ငန်း စတင် ရန်၊ အားကစားပွဲများ စတင်ကျင်းပရန်၊ အောင်ဘာလေထီ

www.burmeseclassic.com

www.burmeseclassic.com

ကံစမ်းရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ပညာစသင်ရန်၊ ပို့ကြရန်၊ စပါးရိတ်သိမ်းရန်၊ ကုန်ရောင်းဝယ်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြသိဒ္ဓိစိုး၊ မမြတ်သဒ္ဓါဆွေ..ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

၁၁-၁၀-၂၀၁၅ (တနင်္ဂနွေနေ့)

(၁၃၇၇)ခုနှစ်၊ တော်သလင်းလဆုတ် (၁၃)ရက်

ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဓာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ ဆုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်နှင့် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ပန်း(၁၀)မျိုးလုပ်ငန်း စတင်လုပ်ဆောင်ရန်၊ အဆောက်အအုံတိုင်ထူရန်၊ လှေကားထောင်ရန်၊ လေကြောင်းခရီးသွားရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်သွင်းရန်၊ လယ်ယာ,ဥယျာဉ်သီးနှံများ ဆွတ်ခူးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ခိုင်ကျော်၊ မအေးချမ်းခင်..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

၁၅-၁၀-၂၀၁၅ (ကြာသပတေးနေ့)

(၁၃၇၇)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂)ရက်

အဆောက်အအုံတည်ရသောယုဂ် ရရှိသဖြင့် ယနေ့ သိပ္ပံ,ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ အနုပညာလုပ်ငန်းများ စတင်ရန်၊ ပို့နုတ်,ကောက်စိုက်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ဥယျာဉ်ခြံလုပ်ငန်းများ ဆောင်ရွက်ရန်၊ အလှပြင်ဆိုင်ဖွင့်ရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စာပေလုပ်ငန်း စတင်ရန်၊ ကုန်ပစ္စည်း ရောင်းဝယ်ရန်၊ လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြဟန်ကျော်၊ မမြကေခိုင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

၁၆-၁၀-၂၀၁၅ (သောကြာနေ့)

(၁၃၇၇)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၃)ရက်

မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ အဝတ်အစားသစ် ဝတ်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စာပေလုပ်ငန်း စတင်ရန်၊ စပါးရိတ်သိမ်း၍ ကျီသွင်းရန်၊ ကုန်ပစ္စည်း ရောင်းဝယ်ရန်၊ ပညာစသင်ရန်၊ အနုပညာလုပ်ငန်း စတင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင် တူးဖော်ရန်၊ ကုမ္ပဏီစတင်ဖွင့်ရန်၊ လုပ်ငန်းသစ် စတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သွားထင်နိုင်၊ မသိမ့်သိမ့်နွေး..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနက်ရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

၁၇-၁၀-၂၀၁၅ (စနေနေ့)

(၁၃၇၇)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၄)ရက်

အဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောင်း,ကန်,ဘုရား,စေတီများ တည်ရန်၊ သိပ္ပံ,ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်၊ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိုတ်,ဆံထုံးရန်၊ လက်ဝတ်ရတနာဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောင်အဆုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ပြုပြင်တွင်း,ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံဖော်ဖွဲ့ခံပွဲ ကျင်းပရန်၊ အချစ်ရေး ဆောင်ရွက်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွား

www.burmeseclassic.com

www.burmeseclassic.com

ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀) အထိအတွင်း ရောင်းမွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်တင်ဌေး၀င်း၊ မနန်းထွေးဦး..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

၈-၁၀-၂၀၁၅ (အင်္ဂါနေ့)

(၃၃၇၇)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇)ရက်

ကြီးပွားတိုးတက်သောယုဂ်ရရှိသဖြင့် ယနေ့ကျောက်မျက်ရတနာ တူးဖော်ရန်၊ ဆည်မြောင်း၊တာတမံနှင့် ဓာတ်သတ္တုများ တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဆေးရိတ်သိမ်းရန် ကျီသွင်းရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်နှင့် တိုက်ခန်း ပြောင်းရွှေ့ရန်၊ အိမ်တက်မင်္ဂလာ ဆောင်ရွက်ရန်၊ စေ့စပ်၊လက်ထပ်ရန်၊ စပါးစိုက်ပျိုးရန်၊ ဥယျာဉ်ယာလုပ်ငန်း ဆောင်ရွက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရောင်းမွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဖော်၀င်းလှိုင်၊ မစန္ဒာလင်း..ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

၉-၁၀-၂၀၁၅ (ကြာသပတေးနေ့)

(၃၃၇၇)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၉)ရက်

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ဘုရားဆင်းတုတော်နှင့် ကိုးကွယ်မှုဆိုင်ရာ ရုပ်တုများ ထုလုပ်ရန်၊ အဝတ်အထည် ချုပ်လုပ်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ စပါးစေ့ခြ စိုက်ပျိုးရန်၊ လုပ်ငန်းသစ် စတင်ရန်၊ စာပေလုပ်ငန်း စတင်ရန်၊ ဌေးကြေးကိစ္စ ဆောင်ရွက်ရန်၊ အဆောက်အဦ ပန္နက်ရိုက်ရန်၊ ရတနာရောင်းဝယ်,၀တ်ဆင်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရောင်းမွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းကျော်၊ မမြကေခိုင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

၂၃-၁၀-၂၀၁၅ (သောကြာနေ့)

(၃၃၇၇)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၀)ရက်

အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ လွှင့်တူ၍ ထီးတော်တင်ရန်၊ အုတ်ဘုံဘိုင်းနှင့် ဝင်းထရံခတ်ရန်၊ ရတနာရောင်းဝယ်,၀တ်ဆင်ရန်၊ အဆောက်အဦဆောက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လက်ထပ်ထိမ်းမြားရန်၊ ဌေးကြေးကိစ္စ ဆောင်ရွက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရောင်းမွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းထက်နိုင်၊ မသူဇာလှိုင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

၂၄-၁၀-၂၀၁၅ (စနေနေ့)

(၃၃၇၇)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၁)ရက်



အမှုကိစ္စပြီးသောယုဂ် ရရှိသဖြင့် ယနေ့ စပါးရိတ်သိမ်းရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ကုန်ပစ္စည်း ၀ယ်ယူသိုလှောင်ရန်၊ ဆေးကုသမှု ခံယူရန်၊ အစွမ်းထက်ဆေး၀ါး ဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ဆင်းတုတော် ထုလုပ်ရန်၊ ဌေးကြေးလုပ်ငန်း ဆောင်ရွက်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ အဆောက်အဦအတွက် အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်းရန်၊ တိုင်ထူ,အိမ်တက်လှေကားထောင်ရန်၊ အိမ်သစ်,တိုက်သစ် တက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရောင်းမွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေထွန်းလှိုင်၊ မဌေးထက်လှိုင်..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

www.burmeseclassic.com

www.burmeseclassic.com

၂၅-၁၀-၂၀၁၅ (တနင်္ဂနွေ)
(၁၃၇၇)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂)ရက်



အလိုဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ ဝတ်ဆင်ရန်၊ အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ရန်၊ အိမ်သစ်၊ တိုက်သစ် တက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ပန်းချီ၊ ပန်းပုစသော ပန်း(၁၀)မျိုးလုပ်ငန်းများ ဆောင်ရွက်ရန်တို့ အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀) နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ခိုင်ကျော်၊ မအေးချမ်းကြည်..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအရောင်မှာ အနက်ရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

၂၆-၁၀-၂၀၁၅ (တနလ်ာနေ့)
(၁၃၇၇)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၃)ရက်

မိတ်သဒ်ဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်, ဆံသ ပြုလုပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ လက်ထပ်ထိမ်းမြားရန်၊ အလှအပပြင်ဆင်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်, စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားရန်၊ မိတ်ဆုံဆွေခင်ပွဲ ကျင်းပရန်၊ အချစ်ရေးရာ ပြောဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စပါးရိတ်သိမ်း၍ ကျီသွင်းရန်၊ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ဆိုင်သစ်ဖွင့်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀) နာရီမှ (၉း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကောင်းစည်ညွန့်၊ မကေခိုင်ဇင်..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

၂၇-၁၀-၂၀၁၅ (အင်္ဂါနေ့)
(၁၃၇၇)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄)ရက်

အဆင့်အတန်းတိုးတက်သောယုဂ် သဖြင့် ယနေ့ ဂိတ,သဘင်,ပန်းချီ အနုပညာအလုပ်များ စတင်ရန်၊ မော်ယာဉ် ရေချရန်၊ ကျွဲ,နွား စသောတိရ ရောင်းဝယ်ရန်၊ ထွန်ယက်စိုက်ပျိုးရန်၊ စေ့စပ်,လက်ထပ် နာမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသရန်၊ အရောင်းအ လုပ်ငန်း၊ စာအုပ်စာပေ ဖြန့်ချိရန်၊ လုပ်ငန်းသစ် စတင် အလုပ်သစ်လျှောက်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန် အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာ (၄း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းလှိုင်၊ ဝင်းလက်..ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ ရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

၃၀-၁၀-၂၀၁၅ (သောကြာနေ့)
(၁၃၇၇)ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၂)ရက်

ကြီးပွားတိုးတက်သောယုဂ်ရရှိသဖြင့် ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင် ဇရပ်, တန်ဆောင်း, ဘုရား, တော် ဆောက်တည်ရန်၊ သာသနာ့အလံ လွှင့် ၍ ထီးတော်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆော အအုံ ဆောက်လုပ်ရန်၊ အိမ်သစ်,တိုက်သစ် တက် လယ်ယာဥယျာဉ်သီးနှံများ ဆွတ်ခူးရန်၊ မျိုးစေ့ချ စိုက်ရန်၊ အထက်လူကြီးများထံ အစီရင်ခံစာ တင်သွင် လေကြောင်းခရီးသွားရန်၊ လုပ်ငန်းသစ် ထူထောင် အလုပ်သစ်လျှောက်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလ သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေး ပါက မောင်ဟန်ထူးနိုင်၊ မသိမ့်သိမ့်လှိုင်..ဟု ပေးနိုင် သည်။ ဤနေ့အတွက် ယတြာအရောင်မှာ အနက်ရော ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

၀၁၅-တ

မင်းမဇေယျာ

ဖုန်း-၀၉ ၂၅၀ ၁၉

www.burmeseclassic.com

www.burmeseclassic.com

နလုံးသုခ သွေးသန့်အားတိုးဆေး

နလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ ပူးစေခြင်း၊ နလုံးစူးအောင့်ခြင်း၊ နလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နလုံးနောက်သူများ သွေးဆုံးဖီးယပ် ရောဂါဆည်များ ဖီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အတွေထွေအားနည်းခြင်းအတွက် အားဖေးဆေး ဓကာင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

ဖြန့်ချိရေး
မော်လမြိုင်ပြန်ချိရေး - ဖဝဂ္ဂ(A)၊ အောက်လမ်းမကြီး၊ ဆိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ဝဂ္ဂ-၂၁၃၃၆

အကြောသုခ ဒဏ်ကြေလိမ်းဆေး

အကြောသုခ(ဒဏ်ကြေလိမ်းဆေးအသေး)
0203 Y 4340

0203 Y 4340

အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောဟင်း၊ အကြောညှပ် အကြောထုံခြင်း၊ ဇက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

ဖြန့်ချိရေး
မော်လမြိုင်ပြန်ချိရေး - ဖဝဂ္ဂ(A)၊ အောက်လမ်းမကြီး၊ ဆိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ဝဂ္ဂ-၂၁၃၃၆

www.burmeseclassic.com

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

(၂၀၁၅)ခုနှစ်၊ အောက်တိုဘာလအတွင်း ရန်ကုန်နှင့်ကိုက်ဒေသကြီး ရပ်နွားမြို့နှင့်အနီးဝန်းကျင်တွင် မြင်တွေ့ရမည့် ကောင်းကင်ပြဖြစ်ရပ်များ

(၂၀၁၅)ခုနှစ်၊ အောက်တိုဘာလအတွင်း ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လင်္ဂနှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားကို အထူးတွက်ချက် ဖော်ပြပေးထားပါသည်။

ယင်းကာလများတွင် လာဘ်ဝင်ငါထာ,မန္တန်များ ရွတ်ဖွားခြင်း၊ လာဘ,ဓနဆိုင်ရာ ယတြာ အစီအရင်များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများ ခံစားရပါလိမ့်မည်။

အထူးမှာ (၂၂-၁၀-၂၀၁၅) မွန်းလွဲ(၂း၂၃း၃၀)နာရီမှ (၂၃-၁၀-၂၀၁၅) မွန်းလွဲ(၁၂း၄၆း၄၀)နာရီ အတွင်းတွင် စန်း (ခေါ်) တနလ်ဂြိုဟ်သည် ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် ကောစာသွားခြင်းဖြင့် ဖြတ်ကျော်စီးနင်းနေမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လင်္ဂဖြတ်ကျော်ခြင်းအတွက် (၂၂-၁၀-၂၀၁၅) မွန်းလွဲ(၂း၁၃း၃၀)နာရီမှ (၂း၂၈း၀၂) နာရီအတွင်းနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၂၂-၁၀-၂၀၁၅) ည(၇း၂၁း၄၁)နာရီမှ (၈း၁၃း၂၀)နာရီအတွင်းတို့တွင် လာဘ,ဓနဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများ သေချာပေါက် ခံစားရပါလိမ့်မည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၅)ခုနှစ်၊ အောက်တိုဘာလအတွင်း

ထွက်ခွာချိန်	စင်ချိန်	ရက်
၁၆း၃၀မိ	၁၈း၅၀မိ	၁
၀၆း၁၀မိ	၀၈း၃၀မိ	၂
၂၁း၃၀မိ	၂၃း၅၀မိ	၃
၁၁း၁၀မိ	၁၃း၃၀မိ	၄
၂၃း၅၀မိ	၀၂း၁၀မိ	၅
၁၂း၃၀မိ	၁၄း၅၀မိ	၆
၀၀း၁၀မိ	၀၂း၃၀မိ	၇
၁၃း၅၀မိ	၁၆း၁၀မိ	၈
၀၃း၃၀မိ	၀၅း၅၀မိ	၉
၁၄း၁၀မိ	၁၆း၃၀မိ	၁၀
၀၄း၅၀မိ	၀၇း၁၀မိ	၁၁
၁၅း၃၀မိ	၁၇း၅၀မိ	၁၂
၀၅း၁၀မိ	၀၈း၃၀မိ	၁၃
၁၆း၅၀မိ	၁၉း၁၀မိ	၁၄
၀၆း၃၀မိ	၀၉း၅၀မိ	၁၅
၁၇း၁၀မိ	၂၀း၃၀မိ	၁၆
၀၇း၅၀မိ	၂၁း၁၀မိ	၁၇
၁၈း၃၀မိ	၂၂း၅၀မိ	၁၈
၀၈း၁၀မိ	၂၃း၃၀မိ	၁၉
၁၉း၅၀မိ	၀၀း၁၀မိ	၂၀
၀၉း၃၀မိ	၀၁း၅၀မိ	၂၁
၂၀း၁၀မိ	၀၃း၃၀မိ	၂၂
၁၀း၅၀မိ	၁၂း၁၀မိ	၂၃
၀၁း၃၀မိ	၀၄း၅၀မိ	၂၄
၂၂း၁၀မိ	၀၀း၃၀မိ	၂၅
၁၁း၅၀မိ	၁၃း၁၀မိ	၂၆
၀၂း၃၀မိ	၀၅း၅၀မိ	၂၇
၂၃း၁၀မိ	၀၁း၃၀မိ	၂၈
၁၂း၅၀မိ	၁၄း၁၀မိ	၂၉
၀၃း၃၀မိ	၀၆း၅၀မိ	၃၀
၀၀း၁၀မိ	၀၂း၃၀မိ	၃၁

(၂၀၁၅)ခုနှစ်၊ အောက်တိုဘာလအတွင်း

ထွက်ခွာချိန်	စင်ချိန်	ရက်
၁၆း၃၀မိ	၁၈း၅၀မိ	၁
၀၆း၁၀မိ	၀၈း၃၀မိ	၂
၂၁း၃၀မိ	၂၃း၅၀မိ	၃
၁၁း၁၀မိ	၁၃း၃၀မိ	၄
၂၃း၅၀မိ	၀၂း၁၀မိ	၅
၁၂း၃၀မိ	၁၄း၅၀မိ	၆
၀၀း၁၀မိ	၀၂း၃၀မိ	၇
၁၃း၅၀မိ	၁၆း၁၀မိ	၈
၀၃း၃၀မိ	၀၅း၅၀မိ	၉
၁၄း၁၀မိ	၁၆း၃၀မိ	၁၀
၀၄း၅၀မိ	၀၇း၁၀မိ	၁၁
၁၅း၃၀မိ	၁၇း၅၀မိ	၁၂
၀၅း၁၀မိ	၀၈း၃၀မိ	၁၃
၁၆း၅၀မိ	၁၉း၁၀မိ	၁၄
၀၆း၃၀မိ	၀၉း၅၀မိ	၁၅
၁၇း၁၀မိ	၂၀း၃၀မိ	၁၆
၀၇း၅၀မိ	၂၁း၁၀မိ	၁၇
၁၈း၃၀မိ	၂၂း၅၀မိ	၁၈
၀၈း၁၀မိ	၂၃း၃၀မိ	၁၉
၁၉း၅၀မိ	၀၀း၁၀မိ	၂၀
၀၉း၃၀မိ	၀၁း၅၀မိ	၂၁
၂၀း၁၀မိ	၀၃း၃၀မိ	၂၂
၁၀း၅၀မိ	၁၂း၁၀မိ	၂၃
၀၁း၃၀မိ	၀၄း၅၀မိ	၂၄
၂၂း၁၀မိ	၀၀း၃၀မိ	၂၅
၁၁း၅၀မိ	၁၃း၁၀မိ	၂၆
၀၂း၃၀မိ	၀၅း၅၀မိ	၂၇
၂၃း၁၀မိ	၀၁း၃၀မိ	၂၈
၁၂း၅၀မိ	၁၄း၁၀မိ	၂၉
၀၃း၃၀မိ	၀၆း၅၀မိ	၃၀
၀၀း၁၀မိ	၀၂း၃၀မိ	၃၁

www.burmeseclassic.com



ဟိန်း(ဘူမိ)

ကိုယ်အင်းမှ အဆိပ်၊ ဒဏ်ရာတို့ထုတ်ရှင်း လုပ်သောက်ကြစို့

အစိမ်းရောင် သောက်စရာ

အစိမ်းရောင် သောက်စရာ(Green Drink) မှာ (၁၀) အောင်စရှိသော လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်ဖျော်ရည် ဖြစ်သည်။ သခွားသီး၊ တရုတ်နံနံ၊ ဟင်းနုနယ်၊ ကေးလ်(Kale) ခေါ် မုန်လာထုပ်တစ်မျိုး စသည်တို့နှင့် အခြားအစိမ်းရောင် ဟင်းသီးဟင်းရွက်များ ဖြစ်သည်။ ယင်းတို့ကို မွှေစက်(Blender) ဖြင့် မွှေ၍ သံပရာရည် (သို့မဟုတ်) ချင်းတက်ကြိတ်ညှစ်ရည် ဖြည့်စွက်ပေးကာ သောက်သုံးပေးနိုင်ပါသည်။

ပိုတက်စိယမ်ကြွယ်ဝသော ဟင်းရွက်စွတ်ပြုတ်ရည်

ယင်းဟင်းရွက်စွတ်ပြုတ်ရည်တွင် အရေးပါသော အာဟာရဓာတ်များ၊ အထူးသဖြင့် သတ္တုဓာတ်များ ပါဝင်သည်။ သင့်ခန္ဓာကိုယ်အား သန့်စင်မှုအတွက် လိုက်နာလုပ်ဆောင်နေစဉ် လိုအပ်သော အာဟာရဓာတ်များဖြစ်သည်။ ယင်းစွတ်ပြုတ်ကို တစ်နေ့လျှင် နှစ်ခွက်မျှ သောက်သုံးပေးသင့်သည်။

* လတ်ဆတ်သော ပဲစိမ်းသီး (၃)ခွက် (ဒတီထတ်ဆတ်ဆတ်မရက် ရေခဲသေတ္တာထဲ ထည့်ဆားဒယ်ကို သုံးစွဲနိုင်သည်။)
* သခွားဖရုံ(Zucchini) ကြိတ်ချေထားခြင်း (၃)ခွက်
* နံနံဝင်း (၃)ပင်၊
* ပြုတ်ရန် ရေသန့်၊
* တရုတ်နံနံ ကြိတ်ချေထားခြင်း စားပွဲတင်ခွန်း (၃)ခွန်း၊
* ကြက်သွန်ဖြူ ကြိတ်ချေထားခြင်း စားပွဲတင်ခွန်း (၁)ခွန်း၊
* အရသာအတွက် ရသာမှုန့်နှင့် အပင်အချို့
* အုန်းဆီ (မသုံးလည်း ရ၏)။

ပဲစိမ်း၊ သခွားဖရုံ၊ နံနံပင်တို့ကို ရေသန့်သန့်ဖြင့် ဆေးကြောသောင့် ပြုတ်ပေးပါ။ အစိမ်းရောင် မပျောက်သွားမကြေသွားစေရပါ။ ထို့နောက် တရုတ်နံနံ၊ ကြက်သွန်ဖြူတို့ကို မွှေစက်(blender) တွင် ထည့်၍ ပျစ်ပျစ်မွှေပေးပါ။ လိုအပ်က ရေနွေးနွေး ရောပေးပါ။ အရသာအတွက် ချင်းဟင်းရွက်မှုန့် (ဟင်းခတ်မှုန့်)၊ နှစ်သက်ရာ ပူစီနံ စသည် ရောထည့်ပေးပါ။ ဆန္ဒရှိလျှင် အုန်းဆီ(coconut oil) ရော ထည့်ပေးနိုင်သည်။

သည်းခြေအိတ် သန့်စင်စေသော ကော့တေးလ်

* တရုတ်နံနံ လက်တစ်ဆုပ်၊
* မုန်လာဥဝါ အလတ်စား (၄)လုံး (အခွံများ ခွာပြီး ထိပ်ဖျားများ ဖြတ်ပေးထားရမည်ဖိုင်းစိတ်ပေးထားရမည်။)
* နံနံပင် (၂)ပင် (ရေကောင်းစွာဆေး၍ အရင်းများ ဖြတ်ပေးထားရမည်။)
* သံပရာသီး တစ်ခြမ်း (အခွံနွှာထားရမည်။)

တရုတ်နံနံကို စည်း၍ ဖျော်ရည်ညှစ်စက်(juicer) ထဲ ထည့်ထားပါ။ မုန်လာဥဝါများကိုလည်း သံပရာသီးခြမ်းနှင့်အတူ ထည့်ပေးပါ။ ဖျော်ရည်အဖြစ် ညှစ်ယူသွား

www.burmeseclassic.com

www.burmeseclassic.com

ကို ဖန်ခွက်တစ်ခုဖြင့် ထည့်ထားပေးပါ။

ပို၍ အနှစ်သာရရှိရှိ သောက်သုံးလိုပါက ယင်းဖျော်ရည်များကို မွှေစက်(blender) တွင် ထည့်၍ ထောပတ်သီးတို့ကာ ရေအနည်းငယ်ရောရှေ့ ဖျော်ရည်ပျစ်ဖြစ်အောင် မွှေပေးပါ။ ရေခဲသေတ္တာထဲတွင် ဖန်ခွက်ဖြင့် သိမ်းထားပေးပါ။ အလိုရှိက ထုတ်ယူသောက်သုံးနိုင်ပါသည်။

ဆက်ပါ ကော့တေးလ်တွင်

အသည်းကို ဖြည့်စွက်သောက်သုံးရန်သော ဟင်းသီးဟင်းရွက်များ

- မုန်လာဥဝါ၊ မုန်လာဥနီလုံး(beet)၊ သခွားရည်။
- မုန်လာဥဝါ၊ တရုတ်နံနံ၊ ကေးလ်မုန်လာထုတ်ရည်။
- မုန်လာဥဝါ၊ မုန်လာဥနီလုံး(beet)၊ အုန်းနို့ရည်။
- မုန်လာဥဝါ၊ ဟင်းနုနယ်။

ဂျုတ်ချက်

သင်သည် ဆီးချို့ရောဂါရှိ၍ အချို(သကြား)ဓာတ်ကို ထိန်းချုပ်နိုင်ရန်ပါက မုန်လာဥဝါ၊ မုန်လာဥနီလုံးတို့ အချိုဓာတ် ထုတ်စေနိုင်၍ သခွားသီးနှင့် အခြားအစိမ်းရောင် ဟင်းရွက်များ၊ ရုံးအတွက် သံပုရာရည်၊ ချင်းတို့ ဖြည့်စွက်ပေးနိုင်သည်။ ထောပတ်သီးကိုလည်း မွှေစက်တွင် ပျစ်ပျစ်မွှေပေး၍ ထည့်သုံးနိုင်သည်။

နွားနို့ဆန်းလုံး (Milk Thistle)

ယခုအခါ ဆေးတောင့်(capsule) အဖြစ် ဝယ်ယူရရှိနိုင်နေပါပြီ။ ယင်းဆေးတောင့် တစ်တောင့် (သို့မဟုတ်) နှစ်တောင့်ကို အစာစားပြီးတိုင်း သောက်ပေးပါ။ နံနက်စာ၊ ညစာကို ဆိုလိုသည်။ ယင်းဆူးပန်းလုံးတွင် အသည်းကို သန့်စင်စေသော ဓာတ်ပေါင်းများ အားကောင်းစွာ ပါဝင်နေပါသည်။ ယင်းတွင် စီလီမရင်း(Silymarine) ဓာတ် အားကောင်းစွာ ပါဝင်ပါသည်။ ယင်းဓာတ်က အသည်း၏ လုပ်ဆောင်မှုကို တိုးမြှင့်အားကောင်းလာစေပါသည်။ ထို့ပြင် အဲ့ဖွယ် ဓာတ်တိုးဆန့်ကျင်စွမ်းအင်များလည်း ပါဝင်၍ အသည်းပျက်စီးခြင်းမှ ကာကွယ်ပေးပါသည်။ အသည်းပျက်စီးခြင်းကို ကာကွယ်ပေးသော အခြားဆေးပင်ထွက်ဆေးဝါးများနှင့်လည်း တွဲ၍ သောက်သုံးပေးနိုင်ပါသည်။

အသည်း၊ သည်းခြေအိတ် သန့်စင်ပေးသော ဆေးပင်များ

အသည်းနှင့် သည်းခြေအိတ် သန့်စင်စေ၍ အသည်း၏ လုပ်ငန်းဆောင်တာ တိုးတက်လာစေခြင်း၊ သည်းခြေအိတ် ပိုမိုစီးထွက်စေခြင်း၊ ရောင်ရမ်းမှု လျော့ကျစေခြင်း၊ အူသွေးသန့်စင်စေခြင်းတို့အတွက် ဆေးဖက်ဝင် အပင်များ တွဲစပ်အသုံးပြုနိုင်မှု ဖော်မြူလာများစွာ ရှိပါသည်။ ယင်းတို့ကို တွဲဖက်သုံးစွဲပေးခြင်းအားဖြင့် အသည်း၏ အကျိတ်များ(liver's glandular) နှင့် အသည်းအင်္ဂါရပ် လုပ်ဆောင်မှုများကို အားကောင်းစေပါသည်။ ယင်းဆေးပင်များသည် ကျန်းမာရေးနှင့် မလျော်ညီသော စားသောက်မှုပုံစံများနှင့် ဆက်စပ်၍ အသည်းတွင် အဆီများ ပို့ချမှုကို ဖယ်ရှားပေးနိုင်စွမ်း ရှိသည်။ ထို့ပြင် ပျက်စီးနေသော အဆီများ၊ သကြား၊ အရက်၊ ဓာတုအဆိပ်သင့်မှုနှင့် ဆက်စပ်သော ထိခိုက်နိုင်မှုများကိုလည်း ဖယ်ရှားကာကွယ်ပေးနိုင်ပေသည်။ ရင်းမြစ်လမ်းညွှန်တွင် သိစရာအချက်များ ပိုမို ဖော်ပြပေးထားပါသည်။

အသည်း၊ သည်းခြေအိတ် သန့်စင်စေခြင်း၊ နှိုးကြားစေခြင်းနှင့် ကာကွယ်စေခြင်း စွမ်းရည်ရှိ ဆေးပင်များ

ဖော်ပြပါ ဆေးပင်များကို မိမိသဘောထားသက်သက်ဖြင့် အချိုးချရောစပ်၍ အသုံးမပြုသင့်ပါ။ ရောစပ်အသုံးပြုလိုက ရင်းမြစ်လမ်းညွှန်(Resource Guide) တွင် ဖော်ပြထားသည်ကို လေ့လာပြီးမှ အသုံးပြုစေလိုပါသည်။

* ဆူးလေရွက်၊
* ဘားဘယ်ရီ အမြစ်ခေါက်(Barberry)၊
* သစ်ကြားသီးနက် အခွံခြွတ်၊

www.burmeseclassic.com

* ဘားဒေါ့်မြစ် (Burdock)၊
* ဖာလာစေ့၊
* သစ်ကြံပိုးခေါက်၊
* လေးညှင်း၊
* နှန်းညင်း၊
* ဓမဲလီမြစ် (Dandelion Root)၊
* စမုန်စပါးစေ့၊
* ကြက်သွန်ဖြူ၊
* ဂျန်တီယန်မြစ် (Gentian Root)၊
* ချင်းတက်၊
* ဂိုးလ်ဒန်းစီးရဲလ်မြစ် (Goldenseal Root)၊
* ဟော့စ်တေးလ်မြစ် (Horsetail Root)၊
* ထင်းရှူးပင်ငယ်တစ်မျိုးမှ ဘယ်ရီသီး (Juniper Berry)၊
* နွယ်ချိုမြစ်၊
* မန်ဒရက်မြစ် (Mandrake Root)၊
* ဆူးပန်းလုံး (Milk Thistle)၊
* တရုတ်နုံနံမြစ်၊
* Pan d'Acro bark
* Schizandra (ချုပ်ချီဇန်ဒရာ)၊
* Uva ursi (အူဘာအူစီရွက်)၊
* Wormwood (ဝမ်းဝုဒ်)၊
* Yellow Dock Root (ရဲလိုးဒေါ့်မြစ်)၊

သည်းခြေအိတ်အတွက် အလွန်ကောင်းမွန်သော လစ်ပိုထရောပစ်ဖော်မြူလာ

ယင်းဖော်မြူလာတွင် ချိုလင်း (choline)၊ မီသီယိုနင်း (methionine)၊ တော်ရင်း (tourine)၊ အိတ်ချ်-စီ-အယ်လ် ဘီတိန်း (HCL betaine)၊ ဖောလစ်အက်စစ်၊ ဗီတာမင် ဘီ (၆) တို့ ပါဝင်သည်။ ယင်းရောစပ်မှုက အသည်းမှ အဆီများကို ဖယ်ရှားပစ်ရန်နှင့် အစာချေရည် (သည်းခြေရည်) များ ထုတ်လွှတ်ပေးရန် အထောက်အကူပြုပေးပါသည်။ ယင်းကို ရင်းမြစ်လမ်းညွှန်တွင် တိုက်ရိုက်လေ့လာ ဖတ်ရှုနိုင်ပါသည်။

အသည်းနှင့် စိတ်လှုပ်ရှားမှု

အသည်းသည် ကျွန်ုပ်တို့၏ စိတ်လှုပ်ရှားခံစားရမှု (emotion) ၏ တံခါးပေါက်ဖြစ်ပါသည်။ မမျှော်လင့်ထားသော (ဝါ) စိတ်ပျက်ဖွယ် ခံစားရမှုများက အသည်း၏

လုပ်ဆောင်မှုကို ရပ်တန့်ပစ်နိုင်ပေသည်။ မိမိ၏ စိတ်ခံစား
မှုကို သတိပြုနေရမည်။ ဒေါသစိတ်သည် အသည်းတို့
ရုတ်တရက် တွန်းအားပေးမှုပြုသည်။ အခြားကိုယ်အင်္
များထက် အပျက်စိတ်များက အသည်းပေါ် ပိုမိုထိခိုက်
စေတတ်သည်။ ဒေါသ၊ အမုန်းတရား၊ ကြောက်ရွံ့မှု
မစ္ဆရိယစိတ်၊ ဒေါသအကြီးအကျယ်ထွက်ခြင်း၊ မကျေနပ်
မချမ်းနိုင် ဖြစ်ရခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးခံရခြင်း
ကိုယ့်ကိုယ်ကိုယ် အပြစ်မြင်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် မကျေ
နပ်ခြင်း၊ အပစ်ပယ်ခံကဲ့သို့ ခံစားရခြင်း၊ ကိုယ့်ကိုယ်ကို
ခါးခါးသီးသီး မုန်းခြင်း၊ မျှော်လင့်ချက်မဲ့ခြင်းတို့သည်
အသည်းကို အလွန်အားပြင်းစွာ ထိခိုက်စေတတ်ပါသည်

ဟိန်း(ဘူ

ကျမ်းကိုး

Juicing, Fasting and Detoxing for Life by Cheri
Calbom, MS with Jhon Calbom, M.A.

www.burmeseclassic.com

www.burmeseclassic.com

ဆရာကျော် မဟိန္ဒိတိုင်းရင်းဆေး (ထူတော်လှပ်ရေး) မြစိမ့်နားနာ ရင်သား၊ သားအိမ်၊ ဆီးကျိတ်၊ သည်ပြင်း အကျိတ်အဖုများအတွက် နာပည်ကျော် တပင်တိုင်ပြုနှုန်းအနှိ၊ နေ့ဆေး ညဆေး သုံးမျိုးတွဲနှင့် ထူးထူးခြားခြား ဆေးစွမ်းကောင်းများ

. တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝဂ့ဝ၁၁ YR ၃၇၀၉

မဟိန္ဒိဆေး ဆရာကျော် ဆေးသုံးမျိုးတွဲ ကြိုတင်ကာတွယ် သောတ်းသုံးဝါ။

မဟိန္ဒိဆေး ရန်ကုန်ဆေး လိပ်စာဆေး အထူးထူးတို့ ဆေးအသုံးပြုနည်း အကျိုးဆက်များ သတိပေးချက်လက်စွဲစာအုပ်

''ဘိုးဘိုးရေ ... ဘိုးဘိုး''

''သဲသဲပါလား။ မတွေ့တာတောင်ကြာပြီနော်''

''ပတွေ့အို သမီးရဲ့ဖေဖေမှာ အဖုအကျိတ်တွေထွက်နေလို့ ဘိုးဘိုးရဲ့ဆီကို ပိသားစု စိတ်တွေပူနေကြတယ်''

''အဖုအကျိတ်တွေထွက်တိုင်း စိတ်မပူပါနဲ့ ကွယ်၊ အဖုအကျိတ် ပြစ်နာနိုင်တဲ့ဆေး မဟိန္ဒိဆေးတိုက်မှာရှိတယ်။ ဘိုးဘိုး လိပ်စာပေးလိုက်ပါ''

ကျွန်မလည်း ဖေဖေ့ကိုခေါ်ပြီး မဟိန္ဒိဆေးတိုက်သို့သွားရာ ထိုဆေးတိုက်တွင် ဆရာကြီး ဆရာကျော်၊ ဆရာမကြီးဒေါ်ခင်ဌေးကြည်တို့ကို တွေ့ခဲ့ရသည်။ ဆရာကြီး ဆရာကျော်သည် ဖေဖေ့ကို သေချာစွာကြည့်ရှုပြီး ''ဒီဆေးက အဖုအကျိတ် ပြစ်မှုန်းနာ၊ သားအိမ်အလုံး ရင်သားအကျိတ်အနာစုံကို သက်သေး၊ ဝက်ခြံကြီးများ၊ ကိုယ်တွင်းနာများကို အနှိုင်ဆုံးဖြစ်တဲ့ တပင်တိုင်ပြုနှုန်းနှိ ဆေးပင်ဆေးဥ စပ်စပ် ၁၀၀ ရာနှိုင်နှုန်းပါဝင်တဲ့ ဆေးပြားဖြစ်ပါတယ်။ တပင်တိုင်ပြုနှုန်းဆေးပင်ဟာ အဖြူ၊ အနီနှစ်မျိုးရှိတဲ့အနက် အနီရောင်က ပိုမိုဆေးစွမ်းထက်ပြီး ကင်ဆာအကျိတ်ဖြစ်ကာစကို ပင်ကိုယ်ကင်းကြောင်း၊ ကျန်းမာရေးဌာနကထုတ်တဲ့ ''လက်တွေ့အသုံးချ ဆေးဝင်အပင်များ''မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဖုအကျိတ်အနာတွေကို သွေးလိပ်ပေးရုံနဲ့ ပျောက်ကင်းကြောင်း ဆိုထားပါတယ်။ အဖုအကျိတ်ပြစ်မှုန်းနာ ဝေဒနာရှင်တွေဟာ တပင်တိုင်ပြုနှုန်းအနှိဆေးနဲ့အတူ ဆရာကြီးတို့ ဆေးတိုက်ကထုတ်လုပ်တဲ့ ရုပ်လှသွေးသန့်ဆေးအေး၊ ဝမ်းပျော်ကြောပြေ လေဆေးတို့ကိုပါ နေ့ဆေး ညဆေးအဖြစ် တွဲသောက်ရင် ပိုမိုရပါလိမ့်မယ်''

''ဟုတ်ကဲ့ ဘာကြောင့်ထိုဆရာကသလဲဆိုတာ ရှင်းပြပေးပါဆရာကြီး''

တပင်တိုင်ပြုနှုန်းက အဖုအကျိတ်အနာကို ချေဖျက်ပေးတယ်၊ အနှံးကို ဖွင့်ပေးတယ်။ ရုပ်လှသွေးသန့်ဆေးက သွေးသားကို သန့်စင်ပြီး ခန္ဓာကိုယ်အပူဒဏ်ကို ဖိနှိပ်ညှိပေးတယ်။ ဝမ်းပျော်ကြောပြေဆေးက (မလ)အညှစ်အကြေးတွေဖြစ်တဲ့ ဝမ်းပုပ်၊ ဆီးပုပ်၊ သွေးပုပ်တွေကို ထုတ်ပေးပြီး အကြောပြေ ပေါ့ပါးလန်းဆန်းစေပါတယ်။ ဆေးသုံးမျိုးကို အဖုအကျိတ် ပြစ်မှုန်းနာ မဖြစ်ရလေအောင် ကာကွယ်ဆေးသောက်ရှည်နှုပ်ချဆေး)အဖြစ်နဲ့ နေ့စဉ်မှန်မှန် မှီဝဲသုံးဆောင်ပေးနိုင်ရန် ကောင်းဆုံးပါပဲ။ ပြစ်မှုန်းနာအဖုအကျိတ်အပြင် နှလုံးလေးနက်နာရောဂါ၊ ဦးဏရောဂါ၊ နှလုံးရောဂါ၊ ဝမ်းလျှောဝမ်းပျက်၊ လိပ်ခေါင်း၊ အသည်းရောဂါ၊ ဆီးဆို့ရောဂါ အပျိုးပျိုးကိုလည်း ကုသပေးနေပါတယ်။

''မဟိန္ဒိဆေးတိုက်ကထုတ်လုပ်တဲ့ ဆေးစွမ်းကောင်းများကိုလည်း သိပါရစေရဲ့''

''ဆေးပင်ပုံပါတဲ့ အစိမ်းရောင်စက္ကူဘူးအထူးထုတ် တပင်တိုင်ပြုနှုန်း အနှိစစ်စစ် ဆေးပြား၊ လက်ဆတ်တဲ့ ဆေးနှိဥစစ်စစ်၊ သွေးသားကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေလှပနုပျိုစေတဲ့ သီရိဝဟုန်ရုပ်လှ သွေးသန့်ဆေးအေး၊ ညတစ်ကြိမ်သောက်ရုံနဲ့ ဝမ်းပျောအကြောပြေ အဆီကျွံလေမဖြတ်အောင် ကာကွယ်ပေးတဲ့ ဝမ်းပျောအကြောပြေလေဆေး၊ အားကောင်းပြီးမြင့်နှုန် အကောင်းဆုံးလိပ်ရှုဆေး (Roll On) သွေးတိုးကုသာ ကျွေးပြီး သွေးမပြိတ်ထိုးကျစေခြင်းမရှိတဲ့ သွေးတိုးကျဆေး၊ အစာအိမ်ရေ ပျောက်ဆေး၊ ဝမ်းလျှောဝမ်းပျက်ရောဂါဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အသည်းဆေး၊ အဆုတ်ကုဆေး၊ နှလုံးအားကိုးဆေး၊ ပျက်စီးကြည်ဆေး၊ ရွာပါးသစ်ခေါင်းများရည်၊ ဝိုးမှုန်းရည်၊ ရနိုင်ပန်းပြောင်ပုံညင်းဆီ စတဲ့ အကောင်းဆုံးဆေးပစ္စည်းများ ရရှိနိုင်ပါကယ်။

''သိပ်ကောင်းတဲ့ဆေးတွေပဲ။ ဒါပေမဲ့ ဆရာကြီးဆီကို မလာနိုင်တဲ့ သူများအတွက် ရနိုင်မယ့်နေရာကိုပါ ညွှန်ပြပါဦး''

ပင်ရင်းဆိုင်ကတော့ ရန်ကုန်ပြည်၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၃၊ ၁၂ လုံးတန်း၊ ရန်ရှင်းလမ်းပကြီးပေါ်မှာရှိတဲ့ မဟိန္ဒိဆေးအိုင်းရင်းဆေးထုတ်လုပ်ရေး၊ တစ်ပြည်လုံးကြဲနှံ့ရှိရေး၊ ဦးပဲ့ပဲ့ဆွေနှံ့သားများ၊ သိုလှောင်ကြီးများ၊ City Mart ရန်ကုန်-မန္တလေး ဆိုင်ခွဲများအားလုံး၊ စိန်ပြန်မြင့်ဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင် ၂၄ လမ်း၊ သိပ်ကြီးရွာ၊ ကိုဝင်းမြင့်မကောဆိ ၁၅၅ လမ်း၊ ရွှေညောသားဆေးဆိုင်ကို့မှ အစိုက်ဖြန့်ချိပေးပါကယ်။

ဆန်းဦးအောင်မြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင်၊ ကိုလွှဲးဆေးဆိုင်၊ စိန်စိန်ပြန်မာ ၁၃ လမ်း၊ စေတနာဆေးဆိုင်၊ စွမ်ဝါဝင်းကုန်တိုက် စိန်ဂေ ဟာစွမ်ဝါစင်တာ၊ ဒဂ်ကိုးဇီးယားကုန်ကိုက်၊ ရွှေကုံသာလမ်း၊ ကိုဟောင်စိန်၊ ဆေးကမ္ဘာ၊ ဆေးရာဇာ(ဦးလှပြင့်) ရွှေပုံဆေးဆိုင်၊ ကယားဆေးဆိုင်၊ မန္တလေးမှာ စိန်ကြည်ဆေးတိုး၊ ဆေးဆင်ရတနာဆေးဆိုင်၊ ရွေးဦးမှာရှိတဲ့ ဂင်မ ဆေးဆိုင်၊ ပတ်းမရွေးဆေးဆိုင်၊ ပြင်ဦးလွင်ဆေးဆိုင်၊ ဇရစ်အောင်မိသားစု ဆေးဆိုင်၊ စစ်တွေမှာ ကောင်းဆေး၊ မြစ်ကြီးနာ တစ်ဦးတည်ကိုယ်စားလှယ် ဆရာရန်နိုင်အုန်းမြင့်ဆေးဝါးဆိုင်၊ မော်လမြိုင် ရွှေအုန်းသီးဆေးဆိုင်၊ ပဲခူး ဦးကဋ္ဌေး ဦးခွားလေးဆေးဆိုင်၊ မုဒမ်မြို့ ဒဂုန်ဆိုင်၊ ရွှေဇီးကွက်၊ အေး ချမ်းဆေးဆိုင်၊ လောကနတ်ဆေးဆိုင်တို့တွင် ရရှိနိုင်ပါကယ်။ အသေးစိတ်သိရှိခင် ရုပ်တော့ ဖုန်း-၉၅၅၃၃၃၇ ကို ဆက်လိုက်ပါ။ မေတ္တာပြင့် တိုင်ပင်ဆွေးနွေး ကုသပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

မောင်လှေယဉ် (မော်လမြိုင်)

ပဒေသရာဇ်လက်ထက် မြန်မာသမားတော်၏ ဘေးဒီဒုက္ခ ဆိုက်ကိုနှဉ်းဖြင့် ကုသမှု

နိဒါန်း

မြန်မာနိုင်ငံ ပဒေသရာဇ်ဘုရင်များလက်ထက် ဖွံ့ဖြိုးတိုးတက်မှုတို့သည် ကမ္ဘာ့အနောက်နိုင်ငံများနဲ့စာလျှင် တိုးတက်ဖွံ့ဖြိုးမှုမှာ အလွန်နောက်ကျနေသည်ကို တွေ့ရသော်လည်း မြန်မာသမားတော်များရဲ့ ကုသမှုတို့မှာ ခေတ်မီတိုးတက်နေတာကို တွေ့မြင်ရပါတယ်။

သည်အချိန်က မြန်မာ့ဗိန္ဓေသမားတော်တို့ဟာ စိတ်ကို စိတ်ဖြင့်ကုသကာ လူမမာရဲ့ရုပ်ကိုကြည့်ပြီး ရောဂါရှာဖွေရာမှာ အံ့မခန်းတော်ကြတာကို သိမြင်ဖတ်ရှုခဲ့ရဖူးပါတယ်။ ယနေ့ မြန်မာသမားတော်တွေရော ရှေးသမားတော်များကို မီပါရဲ့လား။ မီမည်လို့တော့ မဝံ့မရဲ ထင်မိပါတယ်။

မြန်မာ့ဆေးပညာအစ

မြန်မာအစ တကောင်းကလို့ ဆိုရိုးရှိသည်နှင့်အညီ မဖြိုမဒေသ အိန္ဒိယမှာသာကီဝင်မင်းမျိုးတို့ မြန်မာနိုင်ငံ အထက်ပိုင်း တကောင်းနယ်ဘက်ကို အလုံးအရင်းနဲ့ ဝင်ရောက်လာကြပြီး နယ်မြေသစ် ချဲ့ထွင်ကြတယ်။

ယဉ်ကျေးသောလူမျိုးတွေ ဖြစ်ကြတာမို့ အိန္ဒိယနိုင်ငံက အာယုဗ္ဗေဒဆေးကျမ်းများ ယူဆောင်လာတာကစပြီး မြန်မာနိုင်ငံမှာ အာယုဗ္ဗေဒဆေးကျမ်းတွေ ပျံ့နှံ့ခဲ့တာ အထင်အရှားပါ။

သည်ဆေးကျမ်းက ပုဂံပြည်သူပြည်သားတို့ရဲ့ လက်သုံးဆေးကျမ်းတွေဖြစ်လာပြီး သည်ဆေးကျမ်းတွေကို အခြေခံပြီး မြန်မာ့ဆေးကုသမှုတို့နဲ့ ပေါင်းစပ်ကာ ကုသမှုတို့ ကြောင့် မြန်မာ့ဆေးပညာ ဖွံ့ဖြိုးတိုးတက်လာတယ်လို့ နိုင်ပါတယ်။ သာဓကအနေနဲ့ ပုဂံခေတ်မှာ ထင်ရှား ပေါင်းလောင်းရှင်ကဿပမထေရ်သည် ဘေသဇ္ဇပါရဂူ ဖက်ကမ်းရောက် တတ်မြောက်တဲ့ ဆေးသမားဖြစ်လို့ သည့်ရောဂါဝေဒနာကိုမဆို ဝေဒနာရှင်ကို ကြည့်တာနဲ့ ရောဂါဆိုတာ ဒက်ခနဲ ပြောနိုင်ပြီး လက်လှမ်းမီရာ

www.burmeseclassic.com

www.burmeseclassic.com

အနားမှာရှိတဲ့ သစ်ရွက်တစ်ရွက်ကိုခူး၍ အနံ့ကိုရှူခိုင်းရုံနဲ့ ရောဂါပျောက်ကင်းခဲ့တဲ့အကြောင်းကို ပေါင်းလောင်းရှင်ကဿပ ကျောက်စာတစ်ချပ်မှာ ရေးထိုးထားတာ တွေ့ရတယ်။

ပုဂံပြည့်ရှင် နရပတိမင်း၏ ဦးရီး(ဦးယဉ်း) ခေါင်းခဲနာကို သစ်ရွက်ရှူ၍ ကုသမှုပေးသဖြင့် နန်းတော်သို့ပင် လျက် ပူဇော်ကန်တော့ကြောင်း ရေးထိုးထားခဲ့တယ်။

ပေါင်းလောင်းရှင်ကဿပမှာ ဒုတိယဇီဝကသမားတော်လို့ ဆိုနိုင်ပါတယ်။

အိန္ဒိယ အာယုဗ္ဗေဒဆေးကျမ်းတို့ရဲ့ ကျေးဇူးကြောင့် မြန်မာ့ဆေးပညာ မြင့်မားလာပြီး ကျွမ်းကျင်သူ ဆေးသမားများ ဖြစ်လာကြပါတယ်။ အာယုဗ္ဗေဒဆေးကျမ်းတို့ကိုမှီပြီး မြန်မာ့ဆေးပညာ ပေါင်းစပ်တီထွင်ပြီး ပုဂံခေတ်ဆေးပညာတိုးတက်လာသလို ကုန်းဘောင်ခေတ်ကို စတင်တည်ထောင်တဲ့ အလောင်မင်းတရား ဦးအောင်ဇေယျ လက်ထက်မှာလည်း ပဲခူး ဟံသာဝတီကို သိမ်းပိုက်ပြီးနောက် မျူးမတ်၊ ဇိုလ်ပါ အရာရှိတို့ကို ဘွဲ့တံဆိပ်ချီးမြှင့်ပေးအပ်ရာမှာ သမားတော် ဦးချစ်မှတ်ကိုပါ ဘိသက္ကစိန္တာဟူသော ဘွဲ့တံဆိပ်ချီးမြှင့်တဲ့အကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ပထမတွဲ၊ စာမျက်နှာ(၂၅၅)မှာ တွေ့ရပါတယ်။

ရတနာပုံမြို့တည် မင်းတုန်းမင်းကြီးလက်ထက်မှာ နန်းတော်ထဲမှာ ဘိသက္ကရာဇွဲ့ရ သမားတော်ကြီး(၁၀)ဦးကို ခန့်ထားကြောင်းကို ရွှေနန်းသုံးဝေါဟာရအဘိဓာန်မှာ ဖော်ပြထားတာ တွေ့ရပါတယ်။ သည်(၁၀)ဦးက (၁) ဆရာကြီး ဦးစံဝင်း၊ (၂) ဆရာကြီး ဦးနှောင်း၊ (၃) ဆရာကြီး ဦးမိုင်း၊ (၄) ဆရာကြီး ဦးဘဲ၊ (၅) ဆရာကြီး ဦးစာ၊ (၆) ဆရာကြီး ဦးနက်၊ (၇) ဆရာကြီး ဦးမိတ်၊ (၈) ဆရာကြီး ဦးတူ၊ (၉) ဆရာကြီး ဦးခဲ၊ (၁၀) ဆရာကြီး ဦးပေါတို့ ဖြစ်ကြပါတယ်။

ထိုဆရာကြီးတို့ဟာ နေ့ဆိုင်း ညဆိုင်းခွဲပြီး နန်းတော်ထဲမှာ ခစားကြရပါတယ်။ သည်ဆရာကြီးတွေကို တစ်လလစာ ငွေ(၃၅၀)ကျပ် ပေးသနားတော်မူပြီး နေ့,ည ဝဲလှည့်၊ ယာလှည့်ခွဲပြီး ဇေတဝန်ဆောင်မှာ အိပ်ဖန်ထမ်းရွက်နေရတယ်။

နန်းတွင်းသမားတော်တို့ရဲ့ ဝတ်ဆင်ပုံမှာ အရပ်ဆေးသမားတို့နဲ့မတူဘဲ ဝတ်ဆင်ပုံ ကွဲပြားကြပါတယ်။

မန္တလေး ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ် မြန်မာစာပါမောက္ခ ဦးချမ်းမြ(မြကေတု) ရေးသားတဲ့ နန်းဓလေ့မှတ်တမ်းများ စာအုပ်မှာ နန်းတွင်းသမားတော်တို့သည် ခေါင်းပေါင်းဖြူဖော့လုံးဆောင်း၍ အင်္ကျီရှည်ဖြူကို ဝတ်ဆင်ရ၏။ ပုဆိုးခါးပုံထိုးရသည်။ သျှောင်ထုံးကိုလည်း ပေါ်အောင် ထုံးရ၏။ နောက် အဝန်းသုံးထွာခွဲ၊ လေးထွာခန့်ရှိသည့် ယွန်းထိုးဆေးအစ်ကြီးကို ကတ္တီပါအိတ်စွပ်ပြီး ထိပ်မှစု၍ ကတ္တီပါကွပ်ကြိုးဖြင့်ချည်ကာ နောက်လိုက်က နောက်မှ ကောင်းစွာ ပိုး၍လိုက်ရ၏။

ဤသမားတော်တို့သည် နန်းတော်တွင်းသို့ဝင်သည့် အခါ နောက်ပါဆေးအိတ်ကိုပိုက်၍ လိုက်ရသည့် သူငယ်သည် အသက်(၁၂)အရွယ် ဖြစ်သည်။ ထိုသူငယ်လေးတို့သည် သမားတော်၏သား (သို့မဟုတ်) ဆွေမျိုးဉာတိ (သို့မဟုတ်) သမားတော်ကြီးထံ၌ ဆေးပညာသင်သူဖြစ်ပြီး နန်းဓလေ့ထုံးကို ကျွမ်းကျင်လိမ္မာရသည်။ နူးညံ့သိမ်မွေ့သူ ဖြစ်ရမည်။

မြန်မာ့ဆေးပညာကို (၁၂)ရာစုသားကတည်းက သင်ယူရသည်ကိုကြည့်၍ မြန်မာ့ဆေးပညာ၏ အတိမ်အနက်ကို ယနေ့ ဆေးဆရာတို့ သိသင့်ပါတယ်။

ပဲကြီးဟင်းကိုမှ စားချင်တဲ့ ဘုရင်နဲ့ စားတော်ဝန် ဦးခဲ

နန်းတွင်းသမားတော်တို့မှာ ဘုရင်၊ မိဖုရားများနဲ့ သားသမီးအား ဆေးကုသရုံနဲ့ မလုံလောက်ဘဲ ဘုရင်ကျန်းမာသည်ဖြစ်စေ၊ မမာသည်ဖြစ်စေ ဘုရင့်အပါးတော်တွင် အလှည့်နဲ့ ခစားနေကြရတယ်။ ညညီလာခံမှာလည်း အပါးတော်မှာပင် အမြဲရှိနေကြရတယ်။

ဝဲလှည့်,ယာလှည့် နေရုံနဲ့မပြီး ဘုရင်၊ မိဖုရားနဲ့ သားတော်၊ သမီးတော်တို့ နေ့စဉ်စားသုံးရန် ချက်ပြုတ်တာဝန်ယူရသည့် စားတော်ဝန်များနဲ့ တွေ့ဆုံကာ ဘုရင့်အတွက်၊ မိဖုရားအတွက်၊ သားတော်,သမီးတော်တို့အတွက် သင့်လျော်မယ့် အစားအစာတို့ကို ရာသီအလိုက် ပေးရတာမျိုးလည်း ရှိပါတယ်။

ဘုရင်၊ မိဖုရားနဲ့ သားတော်၊ သမီးတော်တို့ စားချင်တိုင်းလည်း စား၍မရပေ။ သမားတော်တို့နဲ့ သဘောတူညီချက်ယူပြီးမှသာ စားတော်ဝန်တို့က ချက်ပြုတ်ကြရပါတယ်။

တစ်ခါကလည်း မင်းတုန်းမင်းကြီးရဲ့ ချင်ခြင်းတက်ပုံကလည်း ကြည့်ဦးလေ။ ပဲကြီးဟင်းကို အလွန်စားချင်ပါသတဲ့။ မင်းတုန်းမင်းကြီးက မင်းမိန့်နဲ့ စားတော်ဝန် ဦးခဲကို ချက်ခိုင်းပါတယ်။ ဦးခဲကလည်း မင်းကြီး ချက်ခိုင်းဟာ

www.burmeseclassic.com

ကို မချက်ပေးသေးဘဲ သမားတော်တို့ကိုမေးတော့ ခွင့်ပြုချက်မရလို့ ချက်ပေးခြင်းမပြုပါ။

မင်းတုန်းမင်းကြီးမှာလည်း မစားရ မနေနိုင်ဖြစ်နေလို့ သူ့နဲ့ စိတ်တူကိုယ်တူ မောင်းမတစ်ဦးကို ဈေးမှာ ပဲကြီးဝယ်စေကာ မှန်နန်းတော်ဆောင်အထွက် ဓနဆောင်ဘေးမှာ ပဲကြီးဟင်းအိုးကို တည်ထားပါတယ်။ မီးခိုးမထွက်ရအောင်လည်း လုံလုံခြုံခြုံ ကာရံထားကာ မင်းတုန်းမင်းကြီးက အတွင်းတော်ကနေ အရိပ်အကဲကို ကြည့်နေပါတယ်။

ပဲကြီးဟင်းနဲ့က မင်းတုန်းမင်းကြီးရဲ့နာဝမှာ ကလူကျိဆယ်နေလို့ မင်းတုန်းမင်းကြီးမှာ သွားရည်များပင် မျိုချနေရရှာပါတယ်။ ပဲကြီးဟင်းကျက်သွားပြီမို့ အိုးချခါနီးဆဲဆဲမှာ စားတော်ဝန်ဦးခဲ ပဲကြီးဟင်းချက်တဲ့နေရာကို တောင်ဝှေး တဒေါက်ဒေါက်နဲ့ ရောက်လာပါတယ်။ ဦးခဲကို မြင်လိုက်တော့ မောင်းမငယ်လည်း ကြောက်လန့်ပြီးထွက်ပြေး၊ မင်းတုန်းမင်းကြီးလည်း အဆောင်ထဲကို ဝင်သွားပါတော့တယ်။

စားတော်ဝန်ဦးခဲက ပဲကြီးဟင်းအိုးအဖုံးကို လှန်ကြည့်လိုက်တော့ ပဲကြီးဟင်းဖြစ်နေတာတွေ့ရလို့ သူတောင်ဝှေးနဲ့ အိုးကို မှောက်ပစ်လိုက်ပြီး မြည်တွန်တောက်တီးလိုက်တယ်။

"ဒီဘုရင့်နယ်..မတည့်တာမှ စားချင်ရန်ကော။ တော်တော်ခက်တဲ့ ဘုရင်ပဲ"

ပဲကြီးဟင်းအိုး မှောက်လိုက်တဲ့ စားတော်ဝန် ဦးခဲကို မင်းတုန်းမင်းကြီး အပြစ်မယူရဲပေ။ ဘာကြောင့်ဆို သူ့ကျန်းမာရေးကြောင့်ဆိုတာ သိနေလို့ပါပဲ။ "ရှင်ဘုရင်များလက်ထက်က စားတော်ဝန်တို့မှာ စားတော်ချက်ကျမ်းများစွာကို ကျွမ်းကျင်ရပါတယ်။

ရာသီဥတုအလိုက် ဘုရင်နဲ့သင့်လျော်မယ့်ဟင်း၊ ရာသီစာ၊ ဓာတ်စာ စသည်တို့ကို ကောင်းစွာနားလည်သူ ဖြစ်ရပါတယ်။ ဘုရင့်သမားတော်ကြီးများနဲ့လည်း အခါမလင့် တိုင်ပင်နှီးနှောရတယ်။ မုန့်လုပ်ငန်းကိုလည်း ကောင်းစွာနားလည်တတ်ကျွမ်းရတယ်။ ဘုရင်စားချင်ရာကို ချက်ပေး၍ မရပေ။ ရှေးမင်းများ လက်ထဲက်ကတည်းကပင် စားတော်ဝန်၊ စားတော်ချက်တို့ရဲ့ အရည်အချင်းအင်္ဂါ(၅)ပါး ရှိခဲ့ပါတယ်။ ဒါတွေက-

(၁) စားဖို့သည်၏ မျိုးရိုးစဉ်ဆက် ပေါက်ဖွားလာသူ ဖြစ်ရခြင်း၊

(၂) စားတော်ချက်ကျမ်းကို ကောင်းစွာ နိုင်နင်းတတ်မြောက်ရခြင်း၊

(၃) ချက်ပြုတ်ရာ၌ လူတကာအား မျက်နှာရွှေးကာ မစေခိုင်းတတ်ခြင်း၊

(၄) မြိန်ရှက်စဖွယ် ချက်ပြုတ်ရာ၌ ကြော်လော်တတ်ခြင်း၊

(၅) ချက်ပြုတ်ရာ၌ စိတ်ကူးဉာဏ် ကြီစည်ဝေဖန်မှု ရှိရခြင်းတို့ပင် ဖြစ်တယ်။

<u>မင်းတုန်းမင်းကြီးနဲ့ အလွန်တူတဲ့ စားတော်ဝန် ဦးခဲ</u>

ဘုရင့်လက်ထက်တွင် တာဝန်ထမ်းဆောင်နေကြရတဲ့ မင်းမှုထမ်းတို့ကို သင်္ကေတစကားတို့နဲ့ အခင့်အလိုက် ခွဲခြားထားပါတယ်။

ကြီး၊ စု၊ သည်၊ ထောက်၊ ခံ၊ စားနှင့် မိန့်၊ သုံး၊ မှာ၊ ဝေး၊ သံ၊ လက်၊ နီး၊ အောက်၊ ဆက်ရေးတို့နဲ့ သင်္ကေတပြုထားပါတယ်။ အဓိပ္ပာယ်က-

ဝန်ကြီး၊ ဝန်စု၊ အာသည်ဝန်၊ ဝန်ထောက်၊ နာခံ၊ စာရေးတော်ကြီး၊ အမိန့်တော်ရေး၊ အမှာတော်ရေး၊ အဝေးရောက်၊ သံတော်ခံ၊ လက်ဆောင်ယူမှုများတို့နဲ့ အဆင့်ဆင့်ခွဲခြားထားရာမှာ စားတော်ဝန်မှာ ဝန်စုတွင် ပါဝင်တယ်လို့ မှတ်ရပါတယ်။

စားတော်ဝန် ဦးခဲဟာ ဝန်စုအပါအဝင်ဖြစ်လို့ ဝန်ကြီးပြီးလျှင် သူတို့လည်း အာဏာရှိကြပါတယ်။ စားတော်ဝန် ဦးခဲသည် မင်းတုန်းမင်းကြီးရဲ့ ငယ်မွေးကျွန်ရင်းဖြစ်ပြီး အမရပူရရွှေမြို့တော် အိမ်နိမ့်စံဘဝတည်းကဖြစ်ပြီး မင်းတုန်းမင်းသားနဲ့ အတူလိုက်ပါလာသူ ဖြစ်ပါတယ်။

စားတော်ဝန် ဦးခဲသည် မင်းတုန်းမင်းထက် အသက်အနည်းငယ်ကြီးပြီး အင်္ဂါရုပ်မှစ၍ အသံနေအသံထား၊ ကိုယ်လုံးကိုယ်ထည်၊ သွားလာပုံတို့မှာ မင်းတုန်းမင်းကြီးနဲ့ ခွဲမရအောင် တူတယ်လို့ ဆိုကြပါတယ်။ အဝေးမှကြည့်လျှင် ဘယ်ဟာ မင်းတုန်းမင်းကြီး၊ ဘယ်ဟာစားတော်ဝန်လို့ မသိနိုင်သော်လည်း အဝတ်အစားကြည့်မှသာ ခွဲခြားနိုင်ပါတယ်။

ဦးခဲနဲ့ ဘုရင် တူလွန်းလို့ နန်းတွင်းသူနန်းတွင်းသားများပင် အမှတ်မှားတတ်ပါတယ်။ နံနက်မိုးလင်းတာနဲ့ ဦးခဲစားတော်ရုံကို ရောက်လာလေ့ရှိတယ်။ နံနက်ပိုင်းတွင် နန်းတွင်း အပျိုတော်၊ လူပျိုသားတို့ကလည်း ပန်းခူးထွက်ချိန်ဆိုတော့ အဝေးမှ ဦးခဲကိုမြင်တာနဲ့ ဘုရင်လို့ ထင်မှတ်မှားကြကာ ခေါင်းငုံ့လက်ယှက် ပျစ်ဝပ်ပြီး နေသူလည်း နေမိကြတယ်။

www.burmeseclassic.com

တစ်ခါကလည်း မှန်နန်းအပျိုတော်တို့ မှန်နန်းဆောင်ကို ဝင်မည့်အခိုက်မှာ မှန်နန်းဆောင်အထွက် ဓနုဆောင်တွင် ရှေ့တည့်တည့်မှ ဦးခဲလျှောက်လာသည်ကို မြင်ရတော့ ဘုရင် လာတယ်ထင်ပြီး ပျပ်ဝပ်ခေါင်းငုံ့ လက်ယှက်နေကြရာ အနီးကိုရောက်မှ ပုဆိုးတော်ကိုကြည့်ပြီး မျက်နှာကို မော်ကြည့်တော့ ဦးခဲမှန်း သိကြ၍ ရှက်ရယ်,ရယ်ကာ ရှက်ကိုးရှက်ကန်း ဖြစ်ကုန်ကြတယ်။

စားတော်ဝန် ဦးခဲဟာ သူ တတ်သိနားလည်ထားတဲ့ ဘုရင့်စားတော်ချက်ပြုတ်နည်းတို့ကို ကျမ်းတစ်စောင် ပြုစုခဲ့တယ်လို့ သိရသော်လည်း မြန်မာနိုင်ငံတွင် မရှိဘဲ ဘိလပ်ပြည် အိန္ဒိယစာကြည့်တိုက်တွင်ရှိတာကို ကြားရဖူးပါတယ်။

(၁၇၅၅)ခုနှစ်က မင်းတုန်းမင်းကြီးသည် အမရပူရမြို့တော်တွင် စိုးစံနေတုန်း အင်္ဂလိပ်သံအမတ် မေဂျာဖယ်ယားဖူးမြော်ခွင့်ရလို့ ရွှေမျက်နှာတော်ကို မှတ်မိနေတယ်။ နောက် ရတနာပုံမန္တလေးရွှေမြို့တော်ကိုပြောင်း၍ စိုးစံချိန် (၁၈၆၃) ခုနှစ်မှာလည်း မေဂျာဖယ်ယား ရွှေမြို့တော်ကိုတက်လာပြီး ဖူးမြော်ရန် နန်းတော်ထဲကို ဝင်လာကြတယ်။

မင်းတုန်းမင်းကြီးနဲ့ ချက်ချင်းမတွေ့ရသေးလို့ ဇေတဝန်ဆောင်မှာ ခေတ္တစောင့်ဆိုင်းနေရာ စားတော်ရုံဘက်မှ ဦးခဲ ရုတ်တရက်ထွက်လာပြီး ဇေတဝန်ဆောင်ဘက်ကို ချီးကွေ့လိုက်ရင်ပဲ ဖယ်ယားတို့လူစုက ဘုရင်မင်းမြတ် ထွက်ထွေလာပြီအထင်နဲ့ အားလုံးအရိုအသေပြုလိုက်ကြတယ်။ သံအမတ်ကို ဧည့်ခံနေတဲ့ ဝန်ထောက်က ဦးခဲကို ပြုံးရယ်ကာ နှုတ်ဆက်လိုက်မှ ဖယ်ယားတို့လူစု လူမှားမှန်း သိကြရတယ်။

တစ်ခါလည်း စားတော်ဝန်ဦးခဲ နှုတ်ခမ်းမွေးကျင်စွယ် ရှိခဲ့ဖူးတယ်။ သည်နှုတ်ခမ်းမွေးကျင်စွယ်ကြောင့် ဘုရင်နဲ့ ချုတ်စွပ်တူလွန်းလို့ အခြားမျူးမတ်တို့က သတိပေးလို့ ရိတ်သိမ်းခဲ့ရသေးတယ်။

စားတော်ကဲ စားတော်ဝန်တို့ရဲ့ ပညာစွမ်း

ရှေးရှေးမင်းများလက်ထက် ကမ္ဘာအဆက်ဆက်ကပင် ဘုရင်တို့၏ နန်းတော်များတွင် ဘုရင်တို့ စားသုံးနိုင်ရန် စားတော်ခေါ်ရန်အတွက် စီမံချက်ပြုတ်ရတဲ့ စားတော်ကဲ စားတော်ဝန်များ ရှိခဲ့တာကို (၅၅၀)နိပါတ်တော်လာ သုတသောမဇာတ်၊ သုမုခကျီးမင်းဇာတ်များတွင် အတိအလင်း ပါထားတာ တွေ့ရပါတယ်။

ပုဂံပြည် ဥဇနာမင်းလက်ထက် သက္ကရာဇ်(၅၇၄)ခုနှစ်မှာ ရေးထိုးထားတဲ့ စောရဟန်းသိမ်ကျောင်းစာတစ်ခုမှာ ဤသိမ်ကို ပေးလှူတဲ့ ကျွန်များအနက် မင်းဘွဲ့ရရှိထားတဲ့ ထမင်းသည် ဘတ္တပိစည်း၊ ဟင်းသည်၊ နွားနို့သည်တွေရဲ့ အမည်တွေကို တွေ့ရပါတယ်။ ဘတ္တပိစည်းရဲ့ အဓိပ္ပာယ်မှာက ထမင်းဟင်းချက်ပြုတ်ရာမှာ အလွန်တော်သူလို့ အဓိပ္ပာယ်ရပါတယ်။

ရှေးမြန်မာမင်း နန်းတော်များမှာ ရှေးရှေးကစလို့ မြန်မာထမင်းချက်၊ ကုလားထမင်းချက်တို့ ရှိခဲ့တယ်လို့ ထင်ပါတယ်။ ဘုရင့်နောင်လက်ထက် အဏ္ဏပတ်မင်းထံကို သံစေလွှတ်ရာမှာ အဏ္ဏပတ်မင်းက ဘုရင့်နောင်ထံကို ထမင်းကောင်းစွာချက်တတ်သူ စားတော်ကဲတွေ ပါပါလားလို့ မေးဖူးပါတယ်။ မြန်မာသံတွေ အပြန်မှာလည်း ကုလားစားတော်ကဲတို့ကို သံဘက်ခန့်ပြီး လွှတ်ခဲ့ဖူးပါတယ်။

မြန်မာစားတော်ချက်တို့ရဲ့ ပညာစွမ်းကို (၁၁၈၅)ခုနှစ်၊ ကဆုန်လ အင်းဝရွှေမြို့တော်ကို တရုတ်ပြည် ဥတည်မင်းထံက စေလွှတ်လိုက်တဲ့ တရုတ်သံတို့ ရောက်လာတဲ့အချိန်မှာ တရုတ်သံတွေကို မြန်မာတို့က ဧည့်ခံရာမှာ အပေါင်းအလှော်၊ အကြော်၊ အကျစ် ဟင်းမျိုးစုံနဲ့ ကျွေးမွေးတဲ့အပြင် ကြက်ကောင်လုံးကြော်၊ ဘဲကောင်လုံးကြော်များ အတွင်းကနေ စာကလေးအရှင်တွေ ပျံထွက်သွားကြလို့ အံ့သြလန့်ဖျပ်ကုန်ကြပြီး အံ့သြပျော်ရွှင်မှုရကြောင်းကို တရုတ်သံရောက် မော်ကွန်းမှာ ထိုးထားပါတယ်။

နန်းတော်ထဲမှ မြွေနိုင်ဆရာနဲ့ စုန်းမတို့ ပညာခန်း

မင်းတုန်းမင်းလက်ထက် နန်းတော်ထဲမှာ အနှိပ်တော်တို့၊ မြွေနိုင်ဆရာတို့၊ စုန်းမတို့ကိုပါ ခန့်ထားလေ့ရှိကြောင်း သိရပါတယ်။ နန်းတော်ထဲရှိ တောင်ဉယျာဉ်၊ မြောက်ဉယျာဉ်တို့မှာ မြွေပေါများတာ သိရပါတယ်။ တစ်ခါတစ်ရံ အဆိပ်ထန်တဲ့မြွေကိုက်လို့ ဆေးမမီဘဲ မင်းမှုထမ်းတို့ သေဆုံးကြရတယ်။

မင်းတုန်းမင်းလက်ထက်က မြွေဆရာ၊ ဆရာဟိန်းခေါင်းဆောင်တဲ့ မြွေသမား(၁၂)ယောက်တို့ နန်းတော်ထဲမှာ အလှည့်ကျစောင့်ပြီး မြွေဖမ်းကြရတယ်။ ညအခါ ဇေတဝန်ဆောင်မှာ အိပ်ဖန်စောင့်ကြရတယ်။ လစာတော်ကို တစ်လ(၁၅)ကျပ် ပေးထားပါတယ်။ မြွေဆရာတို့မှာ ပယောဂအတတ်ပညာကိုလည်း တတ်ကျွမ်းရတယ်။

မင်းတုန်းမင်းကြီးလက်ထက်မှာ မြွေနိုင်ဆရာတို့ ထားရှိသလို စုန်းပညာကို တတ်ကျွမ်းသူတို့ကိုလည်း ထားရှိခဲ့ဖူး

www.burmeseclassic.com

ကြရတယ်။ တစ်ခါ,တစ်ခါ ဘုရင်နဲ့ မိဖုရား၊ သားတော်၊ သမီးတော်၊ အပျိုတော်တို့ ပျင်းတဲ့အခါ မြွေဆရာနဲ့ စုန်းမဒေါ်ညာတို့က ပညာပြကြပြီး အပျင်းဖြေကြတယ်။

တစ်ခါက စုန်းမကြီး ဒေါ်ညာနဲ့ မြွေနိုင်ဆရာ ဆရာဟိန်းတို့နှစ်ဦး နန်းတော်ဘေးလမ်းက လျှောက်လာကြရာမှာ စုန်းမဒေါ်ညာက မိမိဆံစကို ဖြုတ်ပြီး ဆရာဟိန်းထံကို ပစ်ပေးလိုက်တယ်။

ဆရာဟိန်း ဖမ်းယူလိုက်ရာမှာ သူလက်ထဲမှာ မြွေဖြစ်နေတာ တွေ့လိုက်ရတယ်။ ဆရာဟိန်းက ဒေါသထွက်ပြီး ဒီကောင်မကြီး ငါ့ကို ပညာစမ်းလို့ သိရောပေါ့ကွာလို့ဆိုပြီး မြွေခေါင်းကိုကိုင်ပြီး အိမ်သာကျင်းထဲ ပစ်ချလိုက်တော့တယ်။ ဒေါ်ညာက လိုက်လုပေမယ့် မရတော့ဘဲ ဆံစုအိမ်သာထဲ ရောက်သွားတော့တယ်။

ဒီနေ့ ဒေါ်ညာ နန်းတော်ထဲဝင်တော့ ဆံစုပေါင်းမလာနိုင်တာကို တချို့မင်းမူထမ်းတွေတွေ့လို့ မေးကြရာမှာ ဆရာဟိန်းက မယ်ညာ..ဆံစု ချေးတွင်းထဲကျသွားလို့ မပေါင်းနိုင်ကြောင်းပြောပြီး ရယ်မောကြတော့တယ်။

ယိုးဒယားမှ ထူးခြားတဲ့ အနိုပ်ကျမ်း

နန်းတော်အတွင်းမှာ သမားတော်ကြီးများနှင့် ပူးတွဲအမှုတော်ထမ်းရွက်ရသူတို့မှာ အနိုပ်တော်များ ဖြစ်ပါတယ်။ မြန်မာအနိုပ်သည်တို့ ဒီနေ့နိုပ်နေကြတဲ့ အကြောပြင်ပညာကို ယိုးဒယား(ထိုင်း)နိုင်ငံမှ ရရှိခဲ့တယ်လို့ သိရပါတယ်။

ယိုးဒယားနိုင်ငံမှ ကလဟု အမည်ရှိတဲ့ ပညာရှိအမတ်ကြီးက အနိုပ်ကျမ်းရရှိဖို့ ရာဇဝတ်သားလေးဦးကို ပုံစံတစ်မျိုးစီနဲ့ နေစေပါတယ်။

တစ်ယောက်ကို ပက်လက်အိပ်နေစေပါတယ်။ ရာဇဝတ်သား တစ်ယောက်ကိုတော့ မှောက်အိပ်နေစေပါတယ်။ နောက်တစ်ယောက်ကို စောင်းပြီးနေစေပြီး နောက်ဆုံးရာဇဝတ်သား တစ်ယောက်ကိုတော့ ထိုင်နေစေပါတယ်။

ဒီရာဇဝတ်သား လေးယောက်တို့ကို ပုံစံတစ်မျိုးစီနဲ့ သံလှောင်ချိုင့်ထဲမှာ နေစေပြီး အစာရေမကျွေးဘဲ ထားပါတယ်။ သည်ရာဇဝတ်သားလေးဦးတို့ သေဆုံးသွားတဲ့အခါ အသားတို့ကို ပိုးမွှားတို့စားစေပြီး အရိုး၊ အကြောတွေသာကျန်မှ အကြောတို့ သွားလာပုံကိုကြည့်ပြီး အနိုပ်ကျမ်းကို ရေးသားခဲ့ပါတယ်။

ထိုကျမ်း မြန်မာနိုင်ငံကို ရောက်ရှိလာတယ်လို့ သိရပါတယ်။

ဘိုးတော်ဘုရား လက်ထက်တော်မှာလည်း မဏိပူရကသည်းလူမျိုး အနိုပ်တော်ဆက်များရှိခဲ့သလို မင်းတုန်းမင်းကြီး လက်ထက်တွင်လည်း ဂီရိစိတ္တာဆိုသူတို့ အနိုပ်တော်ဆက်များ ထားခဲ့ပါတယ်။

အင်းဝဘက်မှာ အလွန်ကျော်ကြားခဲ့တဲ့ အကြောပြင်ဆရာကြီး ဘလဲ့ဘဆိုတဲ့ ဆရာကြီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ ဒီဆရာကြီးဟာ အကြော၊ အဆစ်၊ ခြေကျိုး၊ လက်ကျိုးတွေကို ကုသရာမှာ အလွန်ကျွမ်းကျင်သည့်ဆရာကြီး ဖြစ်ပါတယ်။ ဆရာကြီး ကွယ်လွန်ခဲ့ပမယ့် ဆရာကြီးရဲ့ အဆက်အနွယ်တို့မှာ ဆရာကြီးပေးခဲ့တဲ့ ပညာအမွေနဲ့ ဒီနေ့တိုင် အသက်မွေးနေတယ်လို့ ကြားသိရပါတယ်။

မင်းတုန်းမင်းကြီးလက်ထက် နန်းတော်ထဲမှာ သမားတော်တို့နဲ့အတူ ဆလုံဆရာပန်းဆံ စတဲ့ ယောကျ်ားအနိုပ်တော်(၁၀)ဦးနဲ့ ဒေါ်ညာ ခေါင်းဆောင်တဲ့ မိန်းမအနိုပ်တော်(၇)ဦးလည်း ရှိပါသေးတယ်။

သူတို့လည်း နန်းတော်အတွင်းမှာ ဝဲလှည့်၊ ယာလှည့်ပြီး နေ့ညခစားကြရတယ်။ လစာတော်ငွေမှာ (၃၅)ကျပ်စီ ထောက်ပံ့ပေးထားပါတယ်။ အနိုပ်တော်တို့ဟာ ဘုရင်စက်တော်ရာမှ နိုးတာနဲ့ သလွန်အောက်မှာ ဒူးတုပ်ပြီး အနိုပ်တော် ဆက်သ,ရကြတာပါ။

မြန်မာအနိုပ်ပညာဟာ အလွန်ဆန်းကြယ်ပါတယ်။ တစ်နှစ်ကျော် ဦးခေါင်းကိုက်နေတဲ့ ဝေဒနာရှင်ကို ခြေမကိုရေလောင်းပြီးနိုပ်ရာ ယူပစ်သလို ပျောက်ဖူးတာကို သိရပါတယ်။ မျက်စိ၊ နား ရောဂါတို့ကို ခြေမကိုနိုပ်ရုံနဲ့ ပျောက်သွားကြောင်းလည်း တွေ့ရပါတယ်။

သည်ပညာတို့မှာ သည်နေ့အချိန်မှာ ပျောက်ကွယ်လု ဖြစ်နေလို့ အလွန်မှဝမ်းနည်းဖွယ်ရာ ဖြစ်ပါတယ်။ သည်နေ့အချိန်မှာ အနိုပ်သည်လုပ်စားတာ အလွန်နိမ့်ကျတယ်လို့ ထင်ကြပါလိမ့်မယ်။ သား၊ မြေးတို့က အနိုပ်ပညာကို မသင်ကြားတော့လို့ တစ်စ,တစ်စ တိမ်ကောသွားတာ ဖြစ်တယ်။

လမ်းမလျှောက်နိုင်သူကို စိတ်ပညာနဲ့ ကုသခြင်း

ဘိသက္ကဘွဲ့ ပေးအပ်ခြင်းခံကြရတဲ့ နန်းတွင်းသမားတော် (၁၀)ဦးတို့သည် အထွေထွေရောဂါကို ကုသတဲ့နေရာမှာ ကျွမ်းကျင်လိမ္မာကြပါတယ်။ ရောဂါတစ်ခုခုကို ကုသရာမှာ အထူးတတ်ကျွမ်းကြလို့ သည်ဆရာကြီးတို့ကို သိရပါရဂူဟို့ ခေါ်ဆိုသင့်ပါတယ်။

www.burmeseclassic.com

တစ်ခုကောင်း အထူးကုသမားတော်များ ဖြစ်ကြတာနဲ့ ဆေး ဆရာကြီးဦးမိုင်းဆိုလျှင် မီးယပ်ရောဂါ ကုသရာမှာ အထူးကျွမ်းကျင်လိမ္မာတဲ့ သမားတော်ကြီး ဖြစ်ပါတယ်။

သမားတော်ကြီး ဦးခဲဆိုလျှင် ကလေးရောဂါကုသရာ မှာ ခေတ်ကဖြစ်တယ်လို့ ထိုခေတ်က တင်စားခဲ့ကြပါတယ်။

တချို့သော သမားတော်တို့လည်း တစ်ခုကောင်းကုကြ သေရာမှာ ကျော်ကြားကြပါတယ်။ အထူးကတော့ ဘာ ဆေးနဲ့မှ ကုသလို့မရကြတဲ့ ဝေဒနာရှင်တွေကို ဆိုက်ကိုပညာ (ဆိုက်ကောတ်နဲ့ကုသတဲ့ပညာ)နဲ့ ကုသကြရာမှာ ထူးချွန်ထက် မြက်ကြပါတယ်။

တစ်ခါမှာ မင်းတုန်းမင်းကြီးရဲ့ မိဖုရားငယ်တစ်ဦး ဆွဲနဲ့နေပြီး လမ်းမလျှောက်နိုင်တဲ့ရောဂါ စွဲကပ်နေလို့ သမားတော်တစ်ဦးပြီးတစ်ဦးလဲပြီး ဆေးအမျိုးမျိုးနဲ့ တိုက် ကျွေးကုသပေမယ့် ပျောက်ကင်းသက်သာခြင်းမရှိဘဲ ဖြစ် နေပါတယ်။

တစ်နေ့တော့ မင်းတုန်းမင်းကြီးက သမားတော်ကြီး ဦးတူကိုခေါ်ပြီး တိုင်ပင်တော်မူပါတယ်။

'သမားမတော်ဦးတူ..မောင်မင်း ငါကိုယ်တော်ရဲ့ မိဖုရားငယ်မှာ စွဲကပ်နေတဲ့ လမ်းမလျှောက်နိုင်တဲ့ရောဂါ ကို ပျောက်ကင်းအောင် ကုသနိုင်ပါမည်လားကွယ့်'

'မှန်ပါဘုရား၊ အရှင်မင်းကြီးရဲ့ မိဖုရားငယ်မှာ စွဲကပ် နေတဲ့ ချည့်နဲ့ရောဂါကို ပျောက်ကင်းအောင် ကျွန်တော်မျိုး ကုသနိုင်ပါတယ်ဘုရား။ ကျွန်တော်မျိုး ဘယ်လိုပဲကုကု ရောဂါပျောက်ကင်းဖို့သာ အဓိကမို့ ကျွန်တော်မျိုးကို အပြစ် မထူ၊ အသက်မှ ချမ်းသာပေးတော်မူမည်ဆိုပါက ပျောက် ကင်းအောင် ကုသပါမည်ဘုရား'

'ကောင်းပြီ မောင်မင်း၊ ကျွန်ုပ် ခွင့်ပေးတော်မူမယ်။ မောင်မင်းကသာ ပျောက်ကင်းအောင် ကုသပေတော့ကွယ့်'

မင်းတုန်းမင်းတရားကြီးထံတော်က အသက်ချမ်းသာ ခွင့်နဲ့ ကုသခွင့်ရလိုက်တဲ့ သမားတော်ကြီးဦးတူလည်း မင်း ကြီးကို ကန်တော့ပြီး အဆောင်မှထွက်ကာ လူမမာမိဖုရား ဆီအဆောင်ကို ရှေးရှုကာ သွားလေတယ်။

'ဟေ့..မိဖုရားငယ်ရဲ့ ရံရွေတော်အားလုံး ဒီအခန်းထဲ က ထွက်ကြ။ ဘယ်သူမှ မရှိစေနဲ့။ အကုန် ထွက်ကြဟဲ့၊ အကုန်ထွက်ကြ'

သမားတော်ကြီး ဦးတူက မိဖုရားငယ်ရဲ့ ရံရွေတော်တို့ ကို တစ်ယောက်မကျန် မောင်းထုတ်ပါတယ်။ ရံရွေတော် တို့လည်း ဘုမသိ ဘမသိနဲ့ ကြောက်ရွံ့ကြပြီး တစ်ယောက် မကျန် ပြေးထွက်ကြလို့ လဲသူလဲ ပြသူဖြန့် ဝရုန်းသုန်းကား ဖြစ်ကုန်ကြတယ်။

ရံရွေတော်တို့ တစ်ယောက်မှ မကျန်တော့မှ သမား တော် ဦးတူက အဆောင်တံခါးမကြီးကို ဆောင့်ပိတ်လိုက် ပြီး မိဖုရားငယ်လဲနေတဲ့ သလွန်နားကို ကပ်သွားပါတယ်။

'ဟဲ့..နင်က ဘုရင့်မယားမို့ ဒီလောက်မောက်မာနေ ပြီး ဘာကလီကျမာလုပ်နေရတာလဲ။ ထစမ်း'

ဦးတူက မိဖုရားငယ်ရဲ့ဆံပင်ကို နာအောင် ဆွဲဆောင့် ပြီး ထခိုင်းလိုက်တယ်။ မိဖုရားငယ်မှာလည်း ဝေဒနာခံစား နေရလို့ စိတ်ငြိုငြင်နေစဉ် ဘာမဟုတ်တဲ့ လက်အောက်ဆေး ဆရာက ရိုင်းရိုင်းပျပျ လာရောက်စော်ကားနေလို့ ဒေါသ ထွက်လာကာ ဦးတူကို ထဆွဲရာ ဦးတူကို မမိဘဲ သူမ စီးတဲ့ ဖိနပ်ကို ကိုင်မိတော့ ဒီဖိနပ်နဲ့ ဦးတူကို ပိတ်ပေါက် လိုက်တယ်။

'ငါ့ကို ဖိနပ်နဲ့ ပေါက်တယ်ပေါ့လေ။ နင့်လို မယား အငယ်အနှောင်းကို ငါက ကြောက်ရမှာလားဟဲ့'

သမားတော်ကြီး ဦးတူက မိဖုရားငယ်ကို ပို၍,ပို၍ ဒေါသထွက်အောင် နင်ပဲဆပြောဆိုပြီး အခန်းဆောင်ထဲမှ ထွက်ပြေးသွားတယ်။

မိဖုရားငယ်လည်း သူလို မိဖုရားတစ်ပါးကို ဆံပင်ဆွဲ နင်ပဲဆပြောသွားတဲ့ ဦးတူကို အလွန်တရာဒေါသထွက် ပြီး မိရင် အမှုန့်ကြိတ်ပစ်မယ့်ပုံစံနဲ့ ချည့်နဲ့နေတဲ့ကြားက ကုန်းရုန်းထကာ ဦးတူကို လိုက်တော့တယ်။

ဦးတူလည်း အဆောင်ပေါက်ဝကနေပြီး မိဖုရားငယ် ကို ပို၍,ပို၍ ဒေါသထွက်အောင် အမျိုးမျိုးပြောဆိုနေတော့ တယ်။

'မိရင်တော့ နင် အသေပဲ ငတူရဲ့'

မိဖုရားငယ်က တုန်တုန်ချည့်ချည့်နဲ့ ဦးတူကိုပြောပြီး လိုက်ပါတယ်။ ဦးတူလည်း မိဖုရားငယ်ကို စိတ်ဆိုးဒေါသ ထွက်အောင် အမျိုးမျိုးပြောဆိုပြီး မှန်နန်းဆောင်ကို ပတ် ပြေးပါတယ်။ မိဖုရားငယ်ကလည်း ဦးတူကို ဒေါသနဲ့ လိုက်နေတော့တယ်။

ဒီမြင်ကွင်းကို မြင်တွေ့ရတဲ့ နန်းတော်သူနန်းတော်သား တို့က ရန်ဖြစ်တယ်လို့ ထင်လိုထင်၊ နောက် မိဖုရားငယ်ပါ ထပ်တွေ့ရပြန်တော့ ဦးတူက မိဖုရားငယ်ကို ဆေးကုရင်း စော်ကားတာလို့ ထင်ကြပြီး ဆူညံကုန်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကယ်တော်မူပါဘုရား...သမားတော်ဦးတူက မိဖုရားငယ်ကို စော်ကားနေတယ်ဘုရား"

တိုင်တောသံတို့ မှန်နန်းဆောင်တစ်ဆောင်လုံး ဆူညံပွက်လောရိုက်သွားပါတော့တယ်။

"ကျွန်တော်မျိုး မိဖုရားငယ်ကို ဆေးကုသလို့ ပြီးသွားပါပြီဘုရား"

ဦးတူလည်း မင်းတုန်းမင်းကြီး နန်းဆောင်ထဲကို ပြေးဝင်ပြီး ဆေးကုသပြီးကြောင်း သံတော်ဦးတင်လိုက်ပါတယ်။ နန်းတွင်းသူနန်းတွင်းသားတို့လည်း ဦးတူရဲ့ တင်လျှောက်သံကို ကြားလိုက်ရမှ ဟင်းချနိုင်ကြတော့တယ်။

ဦးတူအသံကြောင့် မင်းတုန်းမင်းကြီးမှာ အဆောင်တော်မှထွက်လာကာ မိဖုရားငယ်ကိုပွေ့ချီပြီး အဆောင်ကို ပြန်ပို့ပေးလိုက်တယ်။ သလွန်တော်ပေါ်ကို တင်ပေးပြီး မှာစရာရှိတာ ပြောဆိုပြီး မင်းကြီး ပြန်ကြွသွားတော့တယ်။

သည်အခါမှပင် မိဖုရားငယ်မှာ သမားတော်ကြီးဦးတူ ဆေးကုသပေးကြောင်း သိရပါတယ်။ ချည့်နဲ့သောရောဂါမှာလည်း သက်သာလာပြီး ဖြည်းဖြည်းချင်း လျှောက်လှမ်းနိုင်လာတယ်။

နောက်တစ်နေ့ မနက်မှာတော့ အုန်း၊ ငှက်ပျောပွဲနဲ့ သမားတော်ဦးတူ ရောက်လာကာ ဝန်ချတောင်းပန်ပါတယ်။

"ကျွန်တော်မျိုး ဆေးကုသနေတုန်းက ရိုင်းပျစွာပြောဆိုမိလို့ ခွင့်လွှတ်တော်မူပါဘုရား"

မိဖုရားငယ်က သူ ဗွေမယူကြောင်း သမားတော်ကြီးကုသပေးလို့ ရောဂါတစ်ဝက် သက်သာသွားလို့ ဝမ်းသာလှပါတယ်။ ဒီလို မိဖုရားငယ်က ဝမ်းသာကြောင်းပြောပြီး မင်းတုန်းမင်းကြီး မှာထားတဲ့အတိုင်း အတွင်းတော်မှ ငွေတစ်ထောင်ထုပ်၍ ဦးတူအား ပေးသနားတော်မူလိုက်တယ်။

မိဖုရားငယ်မှာ စိတ်ရဲ့ စွမ်းဆောင်မှုကြောင့် တစ်စ၊ တစ်စ လမ်းလျှောက်လာနိုင်ပါတော့တယ်။

ရှေးခေတ်သမားတော်များသည် စိတ်ဓာတ်ရေးရာနဲ့ ကုသခဲ့ကြတာကြောင့် ဝေဒနာရှင်များကို ကယ်တင်ခဲ့တာကိုတင်ပြရင်း မြန်မာ့ဆေးပညာ တိုးတက်မြင့်မားနိုင်စေရန် ဆန္ဒပြုရပါတယ်။

ကောင်းကျိုးလိုရာ ပြည့်ပါစေ

မောင်လှယဉ်(မော်လမြိုင်)

ဘုရားသုံးဆူ တည်ပို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ

အထူးအဓိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော

ဆရာမကြီး အေးမိုးမိုး

စိတ်မနှောအာဝဇ္ဇ အကြားအပြင်လက္ခဏာရှင့် ဂျုတက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့် ယညာရေး စီးပွားရေး အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်းအမည်ပေးခြင်း၊ အိမ်ပြီး၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်,ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအလွှဲပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယဉ်ကြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ယွင်းဖြင့် ဆရာမကြီးက မေတ္တာ၊ ဓေတနာ ရှေ့ထားပြီး အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ (တနလာနေ့တိုင်း နားသည်) Ph : 09 255 952 520 , 09 253 361 368

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ

ကိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
ရိုင်းစင် ဂု/ ၂၀၀၈ တဆဆလ (တို)-ဆုတ၂



အဆိကကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

မုံရွာ ဆရာမိုး ရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြေကြေနပ်နပ်အုတ်တဆဆတ(ကနယ်ခင်)ဆုဝ/ဆဆဂ

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မှုတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဝီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် တိုဇော်ရဲနိုင် အပြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အပြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေဝမ်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဝိုက်နာ, ဝိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆဲပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်တင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမတ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးတ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းတို့ အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်ပြည်၊ မန္တလေးပြည်နှင့် မုံရွာပြည်မော်လမြိုင်ပြည်ရှိ ပြန်မှာဆေးရုံများနှင့် မုံရွာရိုးရာဆေးဝါးကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ပြန့်ရိုးပေးနေပါပြီး

ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

ရုံးတက်-၈၂/၃၇၆၊ မေဆာဝိလမ်းမကြီး၊ ပြောက်ဦးကွလားပဓိုင်းရပ်၊ ရုံးကုန်ပြီ။ ဖုန်း-၀၁-၆၉၀၅၇၀၊ ၀၉-၅၅-၁၀၆၂၂
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်း၃ခု (၃၄၇)၊ ၆၉၀၄၄၂၆ လိုင်း၃ခု (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com



သာထက်တော်(မကွေး)

မိုဟင်းတစ်ခွက်

တစ်နေ့သောအခါသမယတွင် ကျွန်တော်သည် မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ အိမ်ခြေ(၇၀)ကျော်သာရှိသော သာယာကုန်းဟူသည့် ဇာတိချက်ကြွေ မွေးရပ်မြေရွာကလေးသို့ အလည်တစ်ခေါက် ရောက်ခဲ့ပြန်လေသည်။

ကျွန်တော်ရောက်သွားသည့် ရက်သတ္တတစ်ပတ်လုံးမိုးသည် အငြိုးအတေးကြီးလှ၏။ ရည်းစားလုဖက်ကို တိုက်ခိုက်နေသကဲ့သို့ သဲသဲမဲမဲရွာသွန်းလျက်ရှိ၏။

ထိုအချိန်တွင် ကျွန်တော့်အိမ်ကို အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ကိုအောင်ကိုကို၊ ကိုဝင်းကိုကို၊ ကိုအောင်နိုင်မြင့်တို့ ရောက်ရှိလာကြသည်။

'မိုးကတော့ ငတ်မိုးပဲ စာရေးဆရာရေ။ စဲ မစဲနိုင်ဘူး'

ခုတင်ပေါ် ထိုင်လိုက်စဉ်မှာပဲ စကားစလာသူက ကိုအောင်နိုင်မြင့်။

'ဘယ်လိုကဘယ်လို ငတ်မိုးလဲ ညီလေးရ'

ကျွန်တော်က ပြန်မေးလိုက်သည်။

ကျွန်တော့်အမေးကို အနီးတွင်ရှိသည့် ကိုအောင်ကိုကိုက သူမုတ်ဆိတ်မွေးများကို ညာလက်ဖြင့် ပွတ်သပ်လိုက်ရင်း-

'ဒီလို အဆက်မပြတ် မိုးရွာနေတော့ ဘာအလုပ်မှ မလုပ်ရဘဲ ထမင်းငတ်တာကို ပြောတာပေါ့ဗျာ။ ဒါပေမဲ့ မပူပါနဲ့။ ဒီမိုး ပွင့်သွားတာနဲ့ တစ်ပြိုင်နက်တည်း မှိတွေ လှိုင်လှိုင်ပေါ်ပြီပေါ့' ဟု ပြောသည်။

ထိုအခါ အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက-

'ဟုတ်တယ် စာရေးဆရာရေ၊ ကျုပ်တို့ မြန်မာလူမျိုးတွေဟာ မှိုကို ဟင်းအနေနဲ့ တစ်အားကြိုက်ကြတယ်မဟုတ်လား။ အဲဒါကြောင့်မို့လည်း တစ်ခုခု ဝမ်းသာပျော်ရွှင်နေသူရဲ့မျက်နှာကို မှိုရတဲ့မျက်နှာလို့ တင်စားခေါ်ခဲ့ကြတာပေါ့။ မှိုဆိုတာမျိုးကလည်း တစ်နှစ်မှတစ်ခါ ကြုံတောင်ကြုံခဲပွင့်ကြပြီး ရှာဖွေတိုင်းလည်း ရတောင့်ရခဲအရာကိုး။ ဒီတော့ ရခဲတဲ့အရာကတော့ အလွန်ပျော်ပြီပေါ့ဗျာ။ ဟဲ..ဟဲ..ဟဲ.. အခုခေတ်ပေါ် စိုက်ပျိုးရေးမှိုတွေတော့ မပါဘူးပေါ့နော်။ တစ်ခုသတိချပ်စရာက မှိုဟာ လူတွေအတွက် အစာအာဟာရဖြစ်ပေမယ့် အဆိပ်အတောက်လည်း ဖြစ်စေတတ်ပြီးတယ်။ ဥပမာ-နူးနုပ်အောင် မချက်ပြုတ်မိတာတို့၊ မစားကောင်းတဲ့မှိုကို ချက်ပြုတ်စားမိတာမျိုးတို့ပေါ့' ဟု ပြောခြင်းသည်။

ထိုအခါ ကိုဝင်းကိုကို-

'ဟုတ်တာပေါ့ အုပ်ချုပ်ရေးမှူးရာ၊ မှိုပေါက်တဲ့ အချိန်လို-မိုးရာသီရောက်တိုင်း မှိုတောက်တာတွေ မကြာခဏကြားရတယ်ဗျို့။ ဖက်ဆွတ်မှို၊ မြေပဲမှို၊ ဝါးရုံမှို၊ ဆန်ကွဲမှို၊ ကောက်ရိုးမှို၊ တောင်ပိုမှို၊ မြက်ကြားမှို၊ ငှက်ပျောတုံးမှို၊ မြင်းတစ်ပြေးမှို၊ မှိုဖြူ၊ မှိုအုံးနက်၊ မှိုကြက်တောင်တွေကတော့ အဆိပ်အတောက်မရှိတဲ့ မှိုတွေပေါ့။ စောစောကဲ့ အုပ်ချုပ်ရေးမှူးပြောတဲ့ အခုခေတ်ပေါ် စိုက်ပျိုးရေးမှိုတွေဖြစ်တဲ့ ကောက်ရိုးမှို၊ သိပ္ပံမှို၊ ငွေနှာမှို၊ ငွေနှင်းမှို၊ ပြည်သာယာမှို၊ မှိုရွှေညိုတွေကိုလည်း စားနိုင်ပါတယ်။ ကောက်ရိုးမှိုကို ပူအိုက်စွတ်စိုတဲ့ ရာသီဥတုမှာ စိုက်ကြတယ်။ ငွေနှာမှိုကတော့ သမပိုင်းဒေသတွေမှာ ပေါက်တာတွေ့ရတယ်။ ပြီး သဏ္ဌာန်က ပန်းဆီပန်းတို့၊ ဂန္ဓမာပန်းတို့၊ ကြက်မောက်ပန်းတို့လို အဖြူရောင်ပဲ။ ဆေးဖက်လည်း အသုံးဝင်တယ်။ မှိုရွှေညိုကလည်း သမပိုင်းဒေသတွေမှာပဲ ပေါက်တာတွေ့တယ်။ တချို့က အဲဒီ မှိုရွှေညိုကို ကြွက်နားရွက်မှို၊ အာကြီးနားရွက်၊ အဘွားကြီးနားရွက်မှိုလို့ ခေါ်ကြပြန်တော့ နှလုံးရောဂါ၊ လိပ်ခေါင်းရောဂါတွေ မဖြစ်အောင် ကာကွယ်ပေးတဲ့အစွမ်းရှိတယ်' ဟု ပြောဆို၏။

'အမယ်..ကျုပ်တို့ရွာ စာကြည့်တိုက်က ငှားဖတ်တဲ့ စာအုပ်ထဲမှာ လူသားတွေ စားသောက်နိုင်တဲ့ မှိုအမျိုးပေါင်း (၂၀၀)လောက် ရှိတယ်တဲ့။ အဲဒီလိုပဲ အဆိပ်အတောက်

www.burmeseclassic.com

www.burmeseclassic.com

မှိုမျိုးကလည်း (၁၂)မျိုးလောက် ရှိတယ်တဲ့။ မစားသင့်တဲ့ အဆိပ်အတောက်မှိုကို စားမိရင် ချေးစေးပြန်လာမယ်၊ မူးဆောင့်အန်မယ်၊ ဝမ်းပျက်ဝမ်းလျှောမယ်၊ မေ့မြောမယ်၊ ဆီးချုပ်လာမယ်၊ နောက်ဆုံးမှာ အသက်ဆုံးရှုံးရတတ်တယ်' ဟု ကိုအောင်ကိုကိုက ပြောပြလာပြန်သည်။

အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးကလည်း-

'အခု မောင်အောင်ကိုကို ပြောသလို အဆိပ်အတောက် ရှိတဲ့မှိုမျိုး မစားသောက်မိအောင် ဒီအချက်အလက်တွေ သိထားဖို့လိုတယ်ကွ။

(၁) ပန်းရောင်အဆင်းရှိတဲ့ စပိုး(Spore) ပါမှိုကို မစားသင့်ဘူး။

(၂) မှိုရဲ့အသားကို ခြေဖျစ်ကြည့်ရင် လွယ်လွယ်ကူကူ မကျိုးပါက မစားသင့်ပါဘူး။

(၃) အလွန်မှောင်တဲ့နေရာမှာ ပေါက်တဲ့မှိုကို မစားသင့်ပါဘူး။

(၄) မှိုကို ချိုးဖဲ့ပြီး လျှာတို့ကြည့်ရင် အလွန်ပူလောင်ကာ ငရုတ်မီးနဲ့လိုလို ဂက်(စ်)နဲ့လိုလို အနံ့ရရင် မစားသင့်ပါဘူး။

(၅) ပိုးမွှား (သို့မဟုတ်) ရွဲတက်နေတဲ့ မှိုကိုလည်း မစားသင့်ပါဘူး။

(၆) မှိုကိုချိုးကြည့်ရင် ဖြူဖွေးပြီး စေးပျစ်တဲ့ အစေးတွေ ထွက်လာရင် မစားသင့်ပါဘူး။

(၇) မှိုက အစိမ်းရောင်ရှိနေရင်လည်း မစားသင့်ပါဘူး။

(၈) မှိုရဲ့ရိုးတံကို ချိုးကြည့်ရင် အလွယ်တကူ ကျိုးသွားခဲ့ပါက မစားသင့်ပါဘူး။

(၉) အပြာရောင်၊ အဝါရောင်၊ အနီရောင် အဆင်းရှိတဲ့ မှိုကိုလည်း မစားသင့်ပါဘူး။

(၁၀) ကိုယ် တစ်ကြိမ်တစ်ခါမျှ မစားဖူးတဲ့မှိုတွေကိုလည်း မစားသင့်ပါဘူး။ တခြားတစ်ယောက်ယောက်နဲ့ အဆိပ်အတောက်မဖြစ်ပေမယ့်လည်း ကိုယ်နဲ့ကျမှ အဆိပ်အတောက် ဖြစ်တတ်ပါတယ်။

(၁၁) မှိုရိုးတံအောက်ခြေမှာ ခြေကျင်းပုံသဏ္ဌာန် ပါခဲ့ရင်လည်း လုံးဝမစားသင့်ပါဘူး။

(၁၂) မှိုပုံသဏ္ဌာန်တိကျမှုမရှိတဲ့ မှိုပေါက်စနလေးတွေကို မစားသင့်ပါဘူး။ အဆိပ်အတောက်ရှိတဲ့မှိုနဲ့ မှားယွင်းတတ်ပါတယ်။

(၁၃) မှိုခြေကျင်းနဲ့ မှိုခွက် နှစ်ခုစလုံးပါပြီး အဖြူရောင်



ပါးဟပ်မျိုးပါတဲ့မှိုကိုလည်း မစားသင့်ပါဘူး'

ဟု ရှည်လျားစွာ ရှင်းပြပြောဆိုရင်း ရေနွေးကြမ်းတစ်ခွက်ကို မှုတ်သောက်လိုက်သည်။

ပြီးမှ-

'နောက်ဆုံးအနေနဲ့ ဟောဒီက စာရေးဆရာနဲ့ မင်းတို့ အားလုံးကို ပြောပြချင်တဲ့ အဓိကအချက်က တကယ်လို့ စားရိုးစားစဉ်(စားနေကျ) ဘယ်မှိုကိုပဲစားစား နူးအိနေအောင် ချက်ပြုတ်စားဖို့လိုမယ်။ နောက်ပြီး မှိုဟင်းထဲကို ကန်စွန်းရွက်များများ ထည့်ချက်ပေးရမယ်။ အဆိပ်အတောက် ပြေစေဖို့ပါ။ အဲ...အရေးအကြီးဆုံး အချက်တစ်ချက် သတိပေးလိုက်ဦးမယ်။ မှိုရာသီမှာ မှိုရှာရင် လည်ရှည်တောစီး ကြက်ပေါင်ရှည်ဝိနပ် စီးပြီး ရှာကြပါ။ မှိုတွေ့ရင်လည်း ဝမ်းသာအားရ ပြေးမနုတ်မိပါစေနဲ့လား။ ဘေးပတ်ဝန်းကျင်နဲ့ မှိုပွင့်တွေအောက် မှိုပွင့်တွေ အနီးအနားမှာ မြွေရှိနေတတ်လို့ပဲ။ မင်းတို့ မှိုကြိုက်သလို သူတို့လည်း မှိုကြိုက်ကြတယ်မော့။ သတိသာထားကြဟေ့။ နှစ်စဉ်လိုလို မှိုရှာရင်း မြွေကိုက်လို့ အသက်ဆုံးရှုံးခဲ့ရသူတွေ မနည်းမနောပဲ ငါလူတို့ရေ' ဟု စားလက်စ ကွမ်းဝါးဖတ်အကြွင်းအကျန်များကို ထွေးထုတ်လိုက်ရင်း ရှင်းပြပေးလာခဲ့တော့သည်။

'မကြာမီ မိုးသည် စောစောကလို အငြိုးတကြီး ရွာသွန်းခြင်း လုံးဝမရှိတော့ဘဲ ရပ်တန့်သွားချေပြီ။

အုပ်ချုပ်ရေးမှူးတို့ လူတစ်စုလည်း ကျွန်တော့်နေအိမ်လေးကနေ လမ်းမဆီသို့ တရွေ့ရွေ့လျှောက်လှမ်းထွက်ခွာသွားကြလေပြီ မဟုတ်ပါလား။

မွေး ဟဲ ရက္ခတိ ဓမ္မစာရိ

သာထက်ဇော်(မင်းဘူး)

www.burmeseclassic.com

သက်ရာကျော်ရှည်

သတိုးမဟာသရေစည်သူ ဦးကြင် နှင့် ကမ္ဘာ့သာသနာပြုစိတ်ဓာတ်

သက်ရာကျော်ရှည်

သတိုးမဟာသရေစည်သူဦးကြင်
ကမ္ဘာနှင့် သာသနာပြုစိတ်ဓာတ်

ယနေ့ လူ့ဘဝသက်တမ်းသည် အနှ
တစ်ရာ (သို့မဟုတ်) ရာစုနှစ်တစ်ခုသာရှိ
ဟု ဆိုရပေမည်။ နှစ်တစ်ရာသော သ
တမ်းတွင် အသက်ရာကျော် နေရသော
ကား တစ်သောင်းမှာ တစ်ယောက်၊ တ
သိန်းတွင် တစ်ယောက်သာ ရှိနိုင်ကောင်
အသက်ရာပြည့်ခြင်းသည် အလွန်ရခဲသော
အလွန်ဖြစ်ခဲသောအရာ ဖြစ်နေပါသည်။

အငြိမ်းစားသံအမတ်ကြီး ဦးကြင်သည်
လူ့ဘဝတွင် အသက်ရာပြည့်ကျော်၍ အသ
(၁၀၄)နှစ်တိုင် နေထိုင်သွားသူ မြန်မာပုဂ္ဂ
ကျော်ကြီးဖြစ်ရာ အလွန်ရခဲလှသောအရာ
ရရှိပိုင်ဆိုင်သွားသူဟု ဆိုနိုင်ပါသည်။
ပြင် ဘဘကြီးဦးကြင်၏ တစ်ဘဝတာ
ဆန်းစစ်ကြည့်လျှင် ခေတ်ကြီးနှစ်ခေ
စနစ်ကြီးနှစ်ခုအတွင်း နိုင်ငံ့တာဝန်များ
ဦးလည်မသုန် ထမ်းရွက်ခဲ့သူဖြစ်သည်
မက အမျိုး၊ ဘာသာ၊ သာသနာအတွ
အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သူတစ်
လည်းဖြစ်၏။ သူသည် နိုင်ငံတော်မှ သ
မဟာသရေစည်သူဘွဲ့ကို ထိုက်ထိုက်တ
ထန် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ကြီးလည်း
ပါသည်။

သူသည် ငယ်စဉ်ဘဝမှစတင်၍ ထ
မြက်မှု၊ ခွဲ၊လုံ့လကြီးမှု၊ စည်းကမ်း
ကိုယ့်ကျင့်တရားပြည့်စုံမှု၊ ပညာပြည့်

www.burmeseclassic.com

www.burmeseclassic.com

(၁၉၅၅) ဖေဖော်ဝါရီလ (၄) ရက်နေ့အတော်ဝင်ဘုရင်မြတ်လွတ်လပ်ရေးအောင်ပွဲခံသည့် ဆင်ယင်ကုန်းဘုရားတွင် သံအမတ်ကြီးဦးကြင်က ရဂုဏ်ဘာသာဖြင့် ပြောကြားနေသည်ကို ဆိုပီယက်သမ္မတကြီးမှူးတာဆုလာဒ်နင့်ဒေါက်တာသန်း ဇော်ရီသာယဇီသတ်အများအာ နမ်သက်ကြည့်

အမျိုး၊ဘာသာ၊သာသနာကို ချစ်မြတ်နိုးသူ စသော အရည်အသွေးများနှင့်လည်း ပြည့်စုံသူဖြစ်သည်။ တစ်နည်းပြောရလျှင် အသက်ရာကျော် ဘိုးဘိုးကြင်သည် ရာစုတစ်ခေတ်ကျော် လူသက်တမ်း တစ်လျှောက်၌ တိုင်းပြည်အကျိုး၊ သာသနာအကျိုးတို့ကို ထူးကဲစွာဆောင်ရွက်ခဲ့သော စံပြပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။

(၂၀၀၂)ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့သော သတိုးမဟာသရေစည်သူ အိုင်စီအက်(စ်)ဦးကြင် ရာပြည့်ဂုဏ်ပြုအထိမ်းအမှတ်စာစောင်တွင် ဂျာနယ်စာဆို ရဝေထွန်းက ဦးကြင်ဘဝအကျဖွယ်ရာဟူသောခေါင်းစဉ်ဖြင့် အဖွင့်ကဗျာ ချီးမြှင့်ထားပါသည်။

ဦးကြင်ဘဝ အားကျဖွယ်ရာ

ဌေး၊ရွှေ၊စိန် သုံးရတုကိုလ၊
ပြိုးသမှုကျော်ကာ၊
ဆုံးယခုလျော်စွာ၊
တော်တစ်ရာဆီသို့၊
ရောဂါမျိုးဘေးဘယကွာကာ၊
အေးမြစွာရောက်ခဲ့ပြီမို့၊
ကုသိုလ်ဓာတ်ဆင်ကာ၊
ပညာဉာဏ်တွေတို့၊
လျင်စွာဖန်
အခြေပို့တာကြောင့်၊
သွေမချို 'ရာ' ဆီ၊
ဘာဝနာသီလမျိုးတွေနှင့်၊
ကြည်မြတိုး
အေးမြသက်ရှည်၊
ဗုဒ္ဓခေတ် အာယုဒီလို၊
ခါခုဆီ ဦးကြင်ဘဝရယ်က၊
ထူးရွှင်ပျံများလှနယ်ခွင်၊
အားကျဖွယ်ပင်၊
သက်ရှည်၍
သာခန်းထွင်ကာ၊
ရာတန်းပင် ကျော်ကြောင်းထင့်လေး။

ကျွန်တော့်ဖခင်ကျေးဇူးရှင်

သံအမတ်ကြီးဦးကြင်၏ဖခင်သည် သူခေတ်သူအခါ သူအမြင်အရ သူသားငယ်မောင်ကြင်ကို ခေတ်ပညာတတ် တစ်ယောက်ဖြစ်၍ အိုင်စီအက်(စ်)ဘွဲ့ရအရာရှိတစ်ယောက် ဖြစ်စေချင်ခဲ့၏။ ဖခင်သည် မောင်ကြင်ကို (၅)နှစ်သားအရွယ်မှစ၍ ကျောင်းထားပေး၏။ အသင်အပြ၊ အဆုံးအမကောင်းပေ့ဆိုသော ဆရာများထံ အပ်နှံပေးသည်။ သားဖြစ်သူ မောင်ကြင်ကို ကိုးလ်ကတ္တားတို့၊ ဘီလပ်တို့မှာ ပညာသင်စေချင်၏။ ပညာသင်ခွင့်ရအောင်လည်း အမျိုးမျိုးကြိုးစားပေးခဲ့သည်။

ဖခင်တစ်ယောက်အနေဖြင့် ဘယ်အထိကြိုးစားပေး

နယူးယောက်ဦးစားသစ္စတင်ပြုလုပ်စားလှယ်အဖွဲ့တွင်ပြုလုပ်ခဲ့ပြီး
(၁၉၅၃) ဂုန်းပေါ်လ(၁၀)ရက်နေ့ အဦးကြင်ပြောကြားစဉ်

www.burmeseclassic.com

www.burmeseclassic.com

သည်လည်းဆိုလျှင် သားမောင်ကြင်ကို ရန်ကုန်ကောလိပ်ပို့ရန် သဘော်နှင့်စီစဉ်ထားရာ သားအဖနှစ်ယောက် အိပ်ပျော်သွားသဖြင့် သဘော်မမီ ဖြစ်သွားကြသည်။ ထိုအခါ နောက်နေ့သို့မရွှေ့ဆိုင်းဘဲ ချက်ချင်းပင် သဘော်နောက်သို့ လက်လှော်လှေဖြင့် သားအဖနှစ်ယောက် အပြင်းလှော်၍ သဘော်ကိုအမီလိုက်ရာ ညောင်တုန်းကျမှ မီကြသည်။ ထိုသို့မီသည်မှာ သဘော်က ညောင်တုန်းဆိပ်ခံမှာကပ်ပြီး ပဲအိတ်များတင်နေသောကြောင့်ဖြစ်သည်။ ထိုအခါကျမှ သားမောင်ကြင်ကို ဖခင်ဝတီသဘော်ပေါ် တင်ပေးလိုက်သည်။

ထို့အပြင် မောင်ကြင် ရန်ကုန်ကောလိပ်မှာ ပညာသင်နေစဉ် မိခင်ကြီးမကျန်းမာသည့်အခါ ဖခင်က သားကိုမှာ၍ မိခင်နှင့် တစ်နေ့တွေ့ပေးပြီး မိခင်ကြီးကွယ်လွန်အနိစ္စရောက်သောအခါ သားပညာရေး အနှောင့်အယှက်မဖြစ်စေရန် မိခင်ဆုံးကြောင်း သားဖြစ်သူကို အသိမပေးဘဲနေခဲ့သည်။ သံအမတ်ကြီးဦးကြင်၏ ဖခင်ဆိုသည်မှာ ဤသို့သောဖခင်မျိုးဖြစ်သည်။

သံအမတ်ကြီးဦးကြင်ဘက်မှကြည့်လျှင် ဤသို့တွေ့မြင်နိုင်သည်။ အချုပ်အားဖြင့် ဖခင်အလိုရှိသောဘဝမျိုးသို့ရောက်အောင် နောက်မဆုတ်တမ်း၊ အလျှော့မပေးစတမ်းဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားအားထုတ်ခဲ့သော သားထူး

ပြုတိုင်းပြုင်ငံတော်အစိုးရအဖွဲ့လွှဲအပ်ခြင်းခံရစဉ်အခါ ပြုံအာဏာပိတ်ပြုံအစည်းအဝေး (၂၉၅၅) ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့ မနက်ပိုင်းတွင် အယ်လီဇေတ်(သ်) ဘုရင်မထံ ခရီးဆင်ခွာအပ်ရန် အကြိုလွှတ်လိုက်ခဲ့သော ဘုရင်မ၏ရထားတော်သို့မဟုတ်မီ

သားမြတ်တစ်ယောက်ဟု ဆိုရပေမည်။

ကျောင်းစတင်နေချိန်မှစ၍ နောက်ဆုံး အိုင်စီအက်(စ်) ဘွဲ့ရသည်အထိ ပညာသင်ကြားရာတွင် အတန်းတိုင်းအတန်းတိုင်း၌ ပဏာမအဆင့်ကချည်း ရှိနေခဲ့သည်။ စကောလားရှစ်ဆုများရသည်။ ငါးဘာသာဂုဏ်ထူးရခဲ့သည်။ အိန္ဒိယ၊ အင်္ဂလန်အစိုးရတို့ထံမှ ပညာသင်စရိတ်များ ရရှိခဲ့သည်။ ပညာသင်ကြားနေသည့်အချိန်အတွင်းမှာ မိဘကို စိတ်ဆင်းရဲအောင် မလုပ်သည့်အပြင် မိဘပေးသမျှစရိတ်ကို ချွေတာသုံးစွဲပြီး မိမိရသည့်ဆုငွေများမှ အချို့ကိုပင်ဖဲ့၍ မိဘတို့ကို ပြန်လည်ထောက်ပံ့ခဲ့သည်။

ယခုလို သံအမတ်ကြီးဦးကြင် ထူးချွန်ခဲ့ခြင်းမှာ သူ့ဖခင်ကြီး၏အလိုဆန္ဒကို ဖခင်ကြီးဖြစ်စေချင်သည့်အဖြစ်မျိုးမရောက်ရောက်အောင် သားတစ်ယောက်အနေနှင့် ကြိုးစားမည်ဆိုသည့် ခိုင်မာသောသန္နိဋ္ဌာန်ကြောင့်ပင် ဖြစ်ပါသည်။

သို့မို့ကြောင့်လည်း ဤလိုအဖေနှင့် ဤလိုသားမျိုး လူဘဝတစ်ကွေ့ဝယ် ပုဗ္ဗေစ ကတပုညတာ မင်္ဂလာစက်အရ လာရောက်တွေ့ဆုံကြခြင်းကြောင့် ယခုလို သံအမတ်ကြီးဦးကြင် အထွတ်အထိပ်သို့ရောက်ခဲ့ခြင်းပင်ဖြစ်ပါသည်။ သို့သော် ဤနေရာ၌ ဗုဒ္ဓဘုရားရှင်၏ အစိန္တိတမွိဘဝတိ၊ စိန္တိတမွိဝိနသာတိ မကြံစည်တာတွေလည်း ဖြစ်လာတတ်ပြီး လျှင် ကြံစည်သမျှတွေလည်း ပျက်စီးတတ်သည်ဆိုသော အဆုံးအမအတိုင်း ဦးကြင်၏ဖခင်ကြီးခမျာ ဦးကြင် လန်ဒန် အောက်စဖို့တက္ကသိုလ်တွင် အိုင်စီအက်(စ်) ဒုတိယနှစ်သင်ကြားနေစဉ် ကွယ်လွန်သွားခဲ့သည်။ သားဖြစ်သူ မောင်ကြင် သူမျှော်လင့်ထားခဲ့သော အိုင်စီအက်(စ်)ဘွဲ့ရအဖြစ်နှင့် သူ့ထံ ပြန်လာခဲ့သည်ကို မြင်တွေ့မသွားခဲ့ရတော့ချေ။

ထို့ပြင် မောင်ကြင်တစ်ယောက် သံအမတ်ကြီးဦးကြင် အနေဖြင့် ဝန်ထမ်းအရေးပိုင်၊ သမဝါယမမင်းကြီး၊ အတွင်းဝန်၊ အတွင်းဝန်ချုပ်၊ မြန်မာ့သံအမတ်ကြီး စသည့်ရာထူးရာခံများဖြင့် လူဘဝအရိုန်အဝါရှိခဲ့ပုံများကိုလည်း မြင်မသွားခဲ့ရကြချေ။

သို့တွင်မက ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်အား မြန်မာနိုင်ငံမှ ပေးဆပ်ရမည့် စစ်ကြွေးများအတွက် သွားရောက်စေ့စပ်ခဲ့ပုံ၊ ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံသို့ ဆန်ရောင်းရေးအတွက် သွားရောက်စေ့စပ်ပုံ၊ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ်နှင့် ကြက်မောက်တောင်ဆည်ဆောက်လုပ်ရေးအတွက် ဆိုဗီယက်နိုင်ငံသို့ သွားရောက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

သဘောတူစာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခဲ့ပုံ၊ နိုင်ငံခြားသို့ ခြေနှံမာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ်နှင့် အကြိမ်ကြိမ်သွားရောက်ခဲ့ပုံ စသည့်တိုင်းကျိုးပြည်ကျိုး အမျိုး၊ ဘာသာ၊ သာသနာအကျိုး ဆောင်ရွက်နေပုံများကိုလည်း ခြင်တွေ့မသွားရရှာချေ။

(၁၉၈၀)ပြည့်နှစ်တွင် ဦးကြင်ရေးသားသော ကျွန်တော့်ဖခင်ကျေးဇူးရှင်စာအုပ်တွင် ဦးကြင်၏ မိဘတို့အပေါ် ကျေးဇူးတရားသိတတ်ပုံ၊ သူ၏ဆရာကြီးများအား ရိုသေတိုင်းရှိုင်းပုံတို့ ထင်ပေါ်စေပါသည်။ အငြိမ်းစားသံအမတ်ကြီး ဦးကြင်သည် မိဘ,ဆရာကျေးဇူး အထူးသိတတ်သော ဂုဏ်ရှိလ်တစ်ယောက်ဖြစ်၍လည်း ဘဝတွင် အောင်မြင်သော ဂုဏ်ရှိလ်တစ်ဦး ဖြစ်ခဲ့ပါသည်။

ဦးကြင်၏အတ္ထုပ္ပတ္တိ

ဦးကြင်ကို အဖဦးဖိုးသိန်း(ကုန်သည်)၊ အမိဒေါ်ငွေခင်တို့မှ (၁၂၆၃)ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့မြောက်ဘက်တစ်ခက်ကမ်းရှိ ရန်ကင်းစံရာရွာတွင် ဖွားမြင်ခဲ့ပါသည်။ မွေးချင်း(၁၁)ယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။

ဦးကြင်သည် ညောင်တုန်းမြို့တွင် (၁)တန်းမှ (၅)တန်းအထိ၊ ကျိုက်ထိုမြို့တွင် (၆)တန်းမှ (၇)တန်း၊ ရန်ကုန်မြို့တိုက်စကူးကျောင်းတွင် (၈)တန်းမှ (၁၀)တန်းအထိ ပညာသင်ကြားခဲ့သည်။

အခြေခံပညာ သင်ကြားစဉ်ကာလအတွင်း (၁၉၁၇)ခုနှစ်၊ (၇)တန်း စကောလာရှစ်စာမေးပွဲတွင် တစ်ပြည်လုံး၌ တတိယရခဲ့သည်။ (၁၉၂၀)ပြည့်နှစ် (၁၀)တန်းစာမေးပွဲကို ဂုဏ်ထူး(၅)ဘာသာဖြင့် အောင်မြင်သည်။ စကောလာရှစ်ဆု ရရှိခဲ့သည်။ (၁၉၂၄)ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သခ္ဏာဂုဏ်ထူးဖြင့် B.Sc ဘွဲ့ ရရှိသည်။ သခ္ဏာနည်းပြဆရာအဖြစ် တက္ကသိုလ်၌ ခန့်ထားခံရသည်။ (၁၉၂၆)ခုနှစ်တွင် သခ္ဏာဂုဏ်ထူးဖြင့် မဟာသိပ္ပံ (M.Sc) ဘွဲ့ ရရှိသည်။

ထိုနှစ်၌ပင် မြန်မာနိုင်ငံပါဝင်သော အိန္ဒိယနိုင်ငံကို အုပ်ချုပ်ရန် ဖွဲ့စည်းထားသော အုပ်ချုပ်ရေးအဖွဲ့ ICS အလုပ် အတွက်ရွေးချယ်၍ အင်္ဂလန်သို့ ပညာသင်စေလွှတ်ခြင်းခံရသည်။ အောက်စဖို့တက္ကသိုလ် ORIEL COLLEGE တွင် (၂)နှစ်တာမျှ အုပ်ချုပ်ရေးနှင့် ပတ်သက်သော ဘာသာရပ်များကို သင်ကြား၍ ICS အိန္ဒိယနိုင်ငံ ပဋိညာဉ်ခံဝန်ထမ်းစာမေးပွဲ အောင်မြင်ခဲ့သည်။

ဦးကြင်သည် (၁၉၂၈)ခုနှစ်မှစ၍ (၁၉၆၂)ခုနှစ်အထိ (၃၄)နှစ်တာမျှ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သည်။ (၃၄)နှစ်တာမျှ တာဝန်ထမ်းဆောင်စဉ်အတွင်း ပြည်တွင်း၌ အလုပ်သင်ဝန်ထောက်၊ အရေးပိုင်(ခရိုင်ဝန်)မင်းကြီး၊ အတွင်းဝန်၊ အတွင်းဝန်ချုပ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ပြည်ပ၌သံအမတ်ကြီးအဖြစ် အိန္ဒိယ၊ ဗြိတိန်၊ ရုရှား၊ ပိုလန်၊ ချက်၊ ရှိမေးနီးယားနိုင်ငံတို့၌ တာဝန်ထမ်းဆောင်ခဲ့သည်။

ထိုသို့ နိုင်ငံ့တာဝန်ထမ်းဆောင်ခြင်းကြောင့် အင်္ဂလန်နိုင်ငံ ဒုတိယအယ်လီဇဘက်ဘုရင်မကြီးမှ (၁၉၄၆)ခုနှစ်တွင် O.B.E ဘွဲ့တံဆိပ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်မှ (၁၉၄၈)ခုနှစ်တွင် မဟာသရေစည်သူဘွဲ့တံဆိပ်ဖြင့်လည်းကောင်း၊ (၁၉၅၉)ခုနှစ်တွင် သတိုးမဟာသရေစည်သူဘွဲ့တံဆိပ်ဖြင့်လည်းကောင်း ချီးမြှောက်ခြင်းခံခဲ့ရပါသည်။

အမျိုး၊ ဘာသာ၊ သာသနာအတွက် မြန်မာနိုင်ငံ ပါဠိဘာသာပညာရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာကလျာဏယုဝ (ဝိုင်၊ အမ်၊ ဘီ၊ အေ)အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရင်း မြန်မာစာပေတိုးတက်ရေးကိုလည်း ဆောင်ရွက်ခဲ့

ဆောက်မိုးနဲ့ဘုရားဦးခံ ဦးဆရာလယ်ကောလိပ်ဝင်းထဲက အဆောင်၊ (၁၉၂၇-၁၉၂၈)

www.burmeseclassic.com

www.burmeseclassic.com

သတိုးမဟာသရေစည်သူ အိုင်စီအက် (စ) ဦးကြင်
၏
ရာပြည့်ဝဏ်ပြုအထိမ်းအမှတ် လက်ဆောင်

အငြိမ်းစားသံအမတ်ကြီးဆိုးဘာသရေစည်သူ
ဦးကြင် [M.Sc., I.C.S.(Retired)]

သည်။

ကျွန်တော့်ဖခင်ကျေးဇူးရှင်စာအုပ်နှင့် ဘာသာရေးစာစောင်မဂ္ဂဇင်းအသီးသီး၌ ဘာသာရေးဆောင်းပါးများ (၅၀) ကျော်ရေးသားခဲ့သည်။ အဆိုပါဆောင်းပါးများကို ပေါင်းချုပ်၍ သာသနာရေးဆောင်းပါးများ ပေါင်းချုပ်စာအုပ်ကို (၁၉၈၈)ခုနှစ်တွင် သုဓမ္မဝတီစာပုံနှိပ်တိုက်မှ အုပ်ရေ (၁၀၀၀) ဓမ္မဒါနထုတ်ဝေဖြန့်ချိခဲ့သည်။

ဦးကြင်သည် ဝိုင်၊ အမ်၊ ဘီ၊ အေ အသင်းကြီး၏ အမျိုး၊ ဘာသာ၊ သာသနာဟူသော ရည်ရွယ်ချက်အတိုင်း လမ်းညွှန်မှုကို ပေးစွမ်းနိုင်သည့် လောကီ၊ လောကုတ္တရာ မှတ်သားဖွယ်ရာအဖြာဖြာနှင့်ပြည့်စုံသည့် မိန့်ခွန်းများ ပြောကြားလေ့ရှိသည်။ ပြောကြားရာ၌ အလေ့တစ်ခုမှာ ပြောကြားရမည့်မိန့်ခွန်းကို အချက်အလက်ပြည့်စုံအောင်ရှာဖွေပြီး ကျစ်လျစ်သေသပ်စွာ ရေးသား၍ အထပ်ထပ်ဖတ်ထားပြီး ပရိသတ်အလယ်၌ စာရွက်စာတမ်းမကိုင်ဘဲ ဝိုင်နိုင်ပြတ်သားစွာ ၏၊ သည် မလွဲ ရေးသားထားသည့်အတိုင်း အများအံ့အားသင့်လောက်အောင် ပြောကြားတတ်သော ပါရမီထူးရှိသူဖြစ်သည်။

(၁၉၂၈)ခုနှစ်တွင် ဒေါ်မြမေနှင့် အိမ်ထောင်ပြုခဲ့ပြီး ဦးအောင်သိန်း၊ ဦးတင်သိန်း၊ ဦးမြတ်သိန်း၊ ဒေါ်ခင်သန်းနွယ်၊ ဒေါ်ခင်စန်းရင်ဟူသော သားသမီး(၅)ယောက် ထွန်းကားခဲ့သည်။ ဦးကြင်အသက် (၁၀၄)နှစ်အရွယ် (၂၀၀၆) ခုနှစ်၊ အောက်တိုဘာလ (၈)ရက်နေ့ ညတွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တိုင် မြေး(၁၆)ယောက်နှင့် မြစ်(၁၈)ယောက် ကျန်ခဲ့သည်။

ဦးကြင်၏ ထူးခြားသောဂုဏ်ရည်များ

သတိုးမဟာသရေစည်သူ အငြိမ်းစားသံအမတ်ကြီး ဦးကြင်၏ (၁၃၆၆)ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၃)ရက် (၆-၂-၂၀၀၅)ရက် တနင်္ဂနွေနေ့ (၁၀၃)နှစ်ပြည့်မြောက်၍ (၁၀၄)နှစ်သို့ဝင်ရောက်သည့် မွေးနေ့မင်္ဂလာပွဲတွင် ရွှေဟင်္သာဝံသမိသားစုက ရာကျော်ဘိုးဘိုးကြင်၏ အသက် (၁၀၃)နှစ်ပြည့် ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်စာအုပ်ငယ်ဖြင့် ဂုဏ်ပြုမှုတ်တမ်းတင်ခဲ့ပါသည်။

ထိုစာအုပ်တွင် ဦးကြင်၏ထူးခြားသောဂုဏ်ရည်များကို ဤသို့ဖော်ပြထားပါသည်။

(၁) အသက်ရာကျော်ရှည်ခြင်း၊

(၂) နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါနှင့် ဗျားနာဖူးခြင်းမရှိ

www.burmeseclassic.com

www.burmeseclassic.com

ထားတတ်ကျန်းမာရေးကောင်းခြင်း၊
(၃) အသက်ရာကျော်သည်အထိ မျက်မှန်မဆောင်ရခြင်း၊ နားမလေးခြင်း၊
(၄) အခမ်းအနားတွင် စကားပြောရာ၌ ကြိုတင်ရေးသားထား၍ စာကိုအရကျက်ကာ အလွတ်ပြောဆိုနိုင်ခြင်း၊
(၅) ဟာသဉာဏ်ရှိခြင်း၊
(၆) စာရေး၊ စကားပြောရာတွင် ဖတ်ရှုနားထောင်သူ၏ စိတ်ကို ညှို့ယူဆွဲဆောင်နိုင်ခြင်း၊
(၇) အသံကောင်းခြင်း၊
(၈) ဂါထာစကားပြေပါဠိနှင့် အနက်မြန်မာပြန်တို့ကို ရွတ်ဖတ်ရာ၌ ဓမ္မကထိကများကဲ့သို့ အသံနေအသံထား ငွေ့ငန်ဟရိဏ်းကျနစွာ ရွတ်ဆိုနိုင်ခြင်း၊
(၉) တစ်သက်တာလှူဒါန်းလာခဲ့သော ပစ္စည်းနှင့်တန်ဖိုးတို့ကို ရက်စွဲနှင့်တကွ မှတ်တမ်းတင်ထားခြင်း။

အငြိမ်းစားသံအမတ်ကြီး ဦးကြင်နှင့် စာရေးဆရာကြီး ရန်အောင်

စာရေးဆရာကြီးရန်အောင် အသက်(၈၀)ကျော်စဉ်က ဖြစ်ပါသည်။ ထိုအချိန်က ဦးကြင်မှာ အသက်(၉၀)ကျော် ပြီ ဖြစ်ပါသည်။ အချိန်ကာလအားဖြင့် (၁၉၈၅)ခုနှစ်ခန့်က ဖြစ်ပါသည်။ တစ်နေ့ ဆရာရန်အောင်က သူအား ဦးကြင်၏ နေအိမ်သို့ ခေါ်ဆောင်သွားရန် စာပေမိတ်ဆွေ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းအား အကူအညီတောင်းပါသည်။ ထိုအချိန်က ဆရာရန်အောင်သည် သူ၏အိမ်ရှိ မဟိန္ဒရာသူတော်စင်ရုပ်တု၏တန်ခိုးဖြင့် လာဘ်လာဘရွှင်နေချိန်၊ သူ၏ကျေးဇူးရှင်များကို ကျေးဇူးသိနေချိန်ဖြစ်လေသည်။ မိမိထက် အသက်ကြီးသူများကို ရှာ ဖွေကန်တော့နေချိန် ဖြစ်လေသည်။

ဦးကြင်၏အိမ်မှာ စစ်ကြို ခေတ်ပုံစံ ဆောက်လုပ်ထားသည့် ခံ့ညားသောအိမ်ကြီးဖြစ်ပြီး ယူနက် စကို့က အခြားနိုင်ငံတို့တွင် သမိုင်းဝင်အဆောက်အအုံအဖြစ် သတ်မှတ်၍ မပြုပြင်ရဟု တားမြစ်ထားသော အိမ်ကြီးမျိုးဖြစ်ပါသည်။ အိမ်ပေါ်ထပ်သို့ ဦးသက်ထွန်းနှင့် ဦးရန်အောင်တို့ တက်သွားကြသော အခါ မိမိဘာသာ ခလုတ်နှိပ်၍ သွားနိုင်သော တွန်းလှည်းပေါ်က ဦးကြင်က ၄င်းတို့အား လှိုက်လဲစွာ ဆီးကြိုနှုတ်ဆက်ပါသည်။

ထိုအချိန်က အသက်(၉၀)ကျော်အရွယ် ဦးကြင်၏ ပြောဆိုသည့်စကားများကို ထောက်ရှုသော် ဦးကြင်သည် အသက်အရွယ်နှင့်မလိုက်အောင် စိတ်ကြည်လင်ပြီး မှတ်ဉာဏ်လည်းကောင်းကြောင်း အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းက မှတ်ချက်ပြုပါသည်။ ဦးကြင်၏ ဧရာလက္ခဏာပြသသည့် အခြင်းအရာမှာ (၄၊ ၅)မိနစ်အကြာ မျက်ခွံလေးလာပြီး မျက်စိပိတ်သွားခြင်းသာတည်း။ စကားပြောတော့ လုံးဝမပျက်ပါ။ မိတ်ဆွေများကို သူကြည့်ချင်သည့်အခါ မျက်ခွံကို အားနှင့်မ,၍ ကြည့်ပါသည်။

ဆရာရန်အောင်က ဦးကြင်ထံ လာရင်းအကြောင်းမှာ ဦးကြင်အား နေ့လယ်စာထွက်စားဖို့ ဖိတ်ရန်ဖြစ်သော်လည်း ဦးကြင်က သူ့မှာ တွန်းလှည်းထိုင်ခုံပေါ် နေရသူဖြစ်၍ အိမ်အပြင် အလွန်ထွက်ခဲပြီး မလိုက်နိုင်ကြောင်း ပြန်ကြားပါသည်။ ထိုအခါ ဆရာရန်အောင်က ဒီလိုဆိုလျှင် နေ့လယ်စာကုန်ကျစရိတ်ငွေ ကျပ်(၅၀၀၀)နှင့် ကာန်တော့လိုကြောင်း ပြောပြပါသည်။ ဦးကြင်က 'မလိုပါဘူးဆရာ။ ကျွန်တော့်မှာ သားသမီးတွေရဲ့ ကြည့်ရှုစောင့်ရှောက်မှုကြောင့် ပြည့်စုံပါတယ်'ဟု ငြင်းဆိုပြန်၏။

ဤနေရာတွင် အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းက ကြားဖြတ်ဝင်၍ အကျိုးဆောင်ရပြန်၏။ ဆရာရန်အောင်မှာ နားလေးသူဖြစ်ရာ ဦးသက်ထွန်းက 'အန်ကယ် လက်ခံနိုင်ရင် လက်ခံပေးပါ။ ဆရာရန်အောင်က သူထက် အသက်ကြီးတဲ့သူ ရှာရခက်နေလို့ပါ'ဟု တောင်းပန်ရ၏။ နောက်

www.burmeseclassic.com

www.burmeseclassic.com

ဆုံး ဦးကြင်က သဘောတူလိုက်ရာ အသက်(၈၀)ကျော် ဆရာရန်အောင်က အသက်(၉၀)ကျော် ဦးကြင်အား ဦးချကန်တော့နေပုံမှာ အသက်(၇၀)ကျော် အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းအတွက် မမေ့နိုင်သည့် မြင်ကွင်းတစ်ခုဖြစ်ပါကြောင်းနှင့် ၄င်းကိုယ်တိုင်ပါ ဦးကြင်ကို ဝင်ကန်တော့ရင်း နောက်တစ်ကြိမ် စာပေရေး၍ ကန်တော့ရန် စိတ်ထဲ၌ အမှတ်အသားပြုလိုက်ပါသည်။

ဦးကြင်၏ သက်ရာပြည့်မွေးနေ့ပွဲ

သတိုးမဟာသရေစည်သူ အိုင်စီအက်(စ်)ဦးကြင်၏ သက်ရာပြည့်မွေးနေ့ဆွမ်းကျွေးကို ရွှေကျင်ကျောင်းတိုက်၌ (၂၀၀၂)ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်နေ့ နံနက်(၉)နာရီမှ မွန်းလွဲ(၁)နာရီထိ ကျင်းပခဲ့ပါသည်။ ထိုမွေးနေ့ပွဲကို စာရေးသူအားလည်း ဖိတ်ကြားခံရ၍ စာပေမိတ်ဆွေ ဦးကျော်ခင်မြင့်(မောင်ရင့်ကျူး-မြောင်းမြ)နှင့်အတူ တက်ရောက်ခဲ့ပါသည်။ ဦးကြင်၏ သက်ရာပြည့်မွေးနေ့ပွဲသို့ ဦးကြင်၏မိတ်ဆွေ (လွန်ခဲ့သောဆယ်နှစ်ခန့်က ကန်တော့ခဲ့သူ) စာရေးဆရာ ဦးရန်အောင်မှာ မတက်ရောက်နိုင်ခဲ့တော့ပါ။ ထို အခမ်းအနားမကျင်းပမီ လွန်ခဲ့သော(၇)နှစ်အကြာခန့်က [၁၉၉၅-ခုနှစ်၊ ဧန်နဝါရီလ (၉)ရက်နေ့] ဆရာရန်အောင် အသက်(၉၁)နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်သောကြောင့် ဖြစ်ပါသည်။ ထိုအခမ်းအနားသို့ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းတို့ ဇနီးမောင်နှံမှာ နေ့လယ်စာနောက်ကျကျစားလေ့ရှိ၍ ဆွမ်းကျွေးပွဲသို့ မွန်းတည့်မှ ရောက်ရှိလာပြီး မွေးနေ့ရှင် သက်ရာပြည့်ပုဂ္ဂိုလ်ကြီးတော့ ယခုအချိန်တွင် အနားယူသွားပြီဟု ဦးသက်ထွန်းက ထင်မှတ်ခဲ့ရာ ထိုကဲ့သို့ လားလားမျှမဟုတ်ပါ။ ထိုင်ခုံတွန်းလှည်းကို မိမိဘာသာမောင်းနှင်၍ စည်လာ,စည်ပြန်တို့အား လိုက်လဲစွာကြိုဆိုနှုတ်ဆက်စကားပြောနေသည်ကို တွေ့ရလေ၏။ စည်သည်တို့အား ထမင်းမြိန်ရဲ့လားဟု မေးမြန်းဂါရဝပြုကန်တော့ကြသူ တပည့်တပန်း၊ မိတ်ဆွေအပေါင်းတို့အား ဆုမွန်စကား မြွက်ကြားနေပါသည်။

ဦးသက်ထွန်းအား ဦးကြင်၏သားက နှုတ်ဆက်ပေးသောအခါ ဦးကြင်က ကိုသက်ထွန်းက ရုပ်နည်းနည်းပြောင်းသွားတယ်ဟုဆို၏။ ဦးသက်ထွန်းက တစ်ဖန် ဇနီးသည်အား မိတ်ဆက်ပေးသောအခါ အိုင်စီအက်(စ်)ဦးအုန်း၏သမီးအဖြစ် ချက်ချင်းမှတ်မိပြီး 'ဟိုတုန်းက ကိုအုန်းက အန်ကယ်ဆီ မကြာ,မကြာလာတယ်။ သူ ကိုဘဌေး ဆုံးပြီး မကြာမီ ဆုံးတာထင်တယ်'ဟု နောက်ဆုံးကျန် အိုင်စီအက်(စ်)ရောင်းရင်းတို့အကြောင်း စမြဲပြန်လေသည်။

ထိုစဉ်က သက်ရာပြည့်ဦးကြင်၏ မျက်စိ၊ နားနှင့် သတိတို့မှာ အလုံးစုံကောင်းမွန်၍ မြန်မာလူမျိုးတိုင်း ဂုဏ်ယူဖွယ်ရာကောင်းလှပါသည်။

ဦးကြင်၏ သက်ရာပြည့်မွေးနေ့ပွဲသို့ တက်ရောက်လာသူတိုင်းကို သတိုးမဟာသရေစည်သူ အိုင်စီအက်(စ်) ဦးကြင် ရာပြည့်ဂုဏ်ပြု အထိမ်းအမှတ်စာစောင်တစ်အုပ်စီကို လက်ဆောင်ပေးပါသည်။ စာရေးသူလည်း ဦးကြင်ကိုယ်တိုင်ပေးသော ရာပြည့်ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်စာအုပ်ကို လက်ခံရရှိခဲ့ပါသည်။

ဦးကြင်ကွယ်လွန်ပုံ

သက်ရာကျော်ရှည် ဦးကြင်သည် ဘာရောဂါမျှမရှိ။ သူ၏ မြေး(၁၆)ယောက်၊ မြစ်(၁၈)ယောက်အပါအဝင် လူငယ်တို့၏ ပညာရေးကို သူ အမြဂရုစိုက်၏။ ဦးကြင်၏ ဇနီး၊ သားနှစ်ဦး၊ သမက်နှစ်ဦး၊ သမီးတစ်ဦး၊ ချွေးမတစ်ဦးတို့ ကွယ်လွန်သွားသော်လည်း ကျန်ရစ်သူ ဦးကြင်သည် ရာပြည့်ပြီး နောက်ထပ်(၄)နှစ် ဆက်လက်နေထိုင်သွားခဲ့၏။ ဦးကြင်၏ နေ့စဉ် လုပ်ငန်းဆောင်တာများတွင် ည(၈)

www.burmeseclassic.com

www.burmeseclassic.com

အသည်းငယ် စားသောက်ပြီး အိပ်ရာဝင်လေ့ရှိ၏။ (၂၀၀၆)ခုနှစ်၊ ဧပြီလတိုဘာလ (၈)ရက်နေ့ ည ၁၀ နာရီခွဲခန့်အား သားနောက်ဆုံးကန်ခြေခြင်းပါပဲဟု အမျှပေးဝေသံကို ဆရာသားတို့က ကြားလိုက်ရသည်ဟုဆို၏။ ထို့နောက် ငါသေတော့မယ်ဟုဆိုပြီး အိပ်ရာဝင်သွား၏။ နောက် (၃)နာရီအကြာ ည(၁၁)နာရီခွဲ ညသာဖွာ ဘဝတစ်ပါးသို့ ကူးပြောင်းသွားလေသည်။

အရှင်တိလောကသာရ (ရဝေထွန်း)၏မှတ်ချက်

သတိုးမဟာရေစည်သူ အိုင်စီအက်(စ်)ဦးကြင်၏ ရာပြည့်ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်စာစောင်တွင် စာဆို အရှင်တိလောကသာရ(ရဝေထွန်း)က ဦးကြင်အား ဤသို့ မှတ်ချက်ပြုထားပါသည်။

ဦးကြင်၏တစ်ဘဝလုံးကို စဉ်းစားကြည့်လျှင် စာပေစိတ်၊ ဘာသာတရားကိုင်းရှိုင်းမှု၊ တိုင်းပြည်တိုးတက်ကြီးပွားစေမှု စသောကိစ္စတို့ဖြင့်သာ ပြွမ်းတုံ့နေသည်ကို တွေ့ရဆေးသည်။ ဦးကြင်၏အတ္ထုပ္ပတ္တိဖြစ်စဉ်ကိုကြည့်လျှင် ကလေးဘဝကပင် ကျောင်းတော်ရာဆရာတော်ကြီးနှင့် ရွှေဟင်္သာတောရ ဆရာတော်ဘုရားကြီးတို့အား ဆည်းကပ်ခဲ့ရခြင်းကြောင့် အမျိုး၊ ဘာသာ၊ သာသနာအတွက် ကံကောင်းဆောက်မသည်ဟု ဆိုရပါမည်။ လူမှန်းသိစကတည်းက ရဟန္တာတမျှ သီလ၊ သမာဓိ၊ ပညာဂုဏ်ရှင် ဆရာတော်ဘုရားကြီးများထံ တပည့်ခံခဲ့ရသဖြင့် ဘဝတစ်လျှောက်လုံး ဘာသာ၊ သာသနာ စိတ်ဓာတ်များ တဖျတ်ဖျတ်ထွန်းတောက်၍ နေပေတော့သည်။

ယခု ဤဆောင်းပါးကို ဦးကြင်၏ကမ္ဘာမှာ သာသနာပြုကြပါဟူသော တိုက်တွန်းလွှာဖြင့် နိဂုံးချုပ်ပါတော့မည်။

ကမ္ဘာမှာ သာသနာပြုကြပါ

လောဘ၊ ဒေါသ၊ မောဟ မီးသုံးပါး အလောင်အမြိုက်ခံနေရ၍ ဆင်းရဲဒုက္ခရောက်နေသော ကမ္ဘာလူသားအများစုတို့မှာ ဆင်းရဲဒုက္ခငြိမ်းအေးကြောင်း နည်းလမ်းကောင်းတို့ကို များစွာတောင့်တမျှော်လင့်နေကြပါသည်။ ထိုမီးသုံးမီးငြိမ်းအေးကြောင်းကို ကောင်းစွာသိမြင်ကြသော သံသရာက ဆွေမျိုးမိတ်သင်္ဂဟဖြစ်ခဲ့ကြသော အကျွန်ုပ်တို့သည် သံသရာမှ ဆွေမျိုးကောင်းများဖြစ်ခဲ့ကြသည့် ကမ္ဘာလူသား ဒုက္ခသည်များအား စွမ်းအားရှိသလောက် ထိုဒုက္ခမှ လွတ်မြောက်ရေးအတွက် မြတ်ဘုရား၏ တရားရေအေး အမြိုက်ဆေးကို ဖြန့်ပေးဝေ၌ မိမိတို့တတ်နိုင်သလို ကူညီသင့်ကြပါသည်။

ဦးကြင်၏ ရွှေဟင်္သာတောရ နှစ်(၈၀)ပြည့်စာစောင်မှ သက်ရာကျော်ရှည် သတိုးမဟာသရေစည်သူ ဦးကြင်၏ ကမ္ဘာသာသနာပြုစိတ်ဓာတ်ကို နောင်လာနောက်သားများအားလုံး သိရှိလိုက်နာဆောင်ရွက်ကြစေဖို့ ထပ်ဆင့်တိုက်တွန်းရေးသားဖော်ပြလိုက်ရပေသည်။

ဦးကြင်၏ နှစ်(၁၁၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရေးဖွဲ့ပါသည်။

လှတိုး(စိတ်ပညာ)

စာကိုး

(၁) သတိုးမဟာသရေစည်သူ အိုင်စီအက်(စ်)ဦးကြင်၏ ရာပြည့်ဂုဏ်ပြုအထိမ်းအမှတ်စာစောင်။

(၂) ရာကျော်ဘိုးဘိုးကြင်၏ အသက်(၁၀၃)နှစ်ပြည့် ဂုဏ်ပြုအထိမ်းအမှတ်စာစောင်။

(၃) ဦးကြင်၏ ကျွန်တော့်ဖခင်ကျေးဇူးရှင်၊ (၁၉၈၀)ပြည့်နှစ်၊ ဖေဖော်ဝါရီလ်။

(၄) (၂၀၀၆)ခုနှစ်၊ နိဝင်ဘာလထုတ် အောင်ဆုလူငယ်ဂျာနယ်မှ ဦးသက်ထွန်း(အငြိမ်စားသံအမတ်ကြီး)၏ဆောင်းပါး။

www.burmeseclassic.com

ရပ်ကွက်ထဲက မီးလင်းရေးကော်မတီဖွဲ့စည်းဖို့ အစည်းအဝေး ခေါ်တယ်။ ခင်မင်တဲ့ မိတ်ဆွေတွေက တိုက်တိုက်တွန်းတွန်း နေရာပေးလာခဲ့လို့ အဲဒီအစည်းအဝေးမှာ ကိုယ်တိုင် အစီအစဉ်တွေကို ချပြဆွေးနွေးဖြစ်ခဲ့တယ်ပေါ့။ တာဝန် ခွဲဝေယူကြဖို့ လုပ်ရည်ကိုင်ရည်ရှိတဲ့သူတွေ ရွေးချယ်ကြတဲ့အခါ ကျွန်တော့်ကို အတွင်းရေးမှူးတာဝန်ယူဖို့ ပြောလာတယ်။ လူတိုင်း ကလည်း လေးစားကြည်ညိုရတဲ့ ဘာသာတရားနဲ့ အချက်ကျကျ ရှင်းလင်းပြောဆိုတတ်တဲ့ ဦးသိန်းကိုတော့ ဥက္ကဋ္ဌနေရာယူဖို့ အများ သဘောတူ ရွေးချယ်လိုက်ကြပါတယ်။ အများသဘောတူဆိုတာ အားလုံးသဘော တူတယ်လို့တော့ ဆိုလို့မရဘူး။ ဒီရလဒ် အဖြေကို တချို့ နှစ်သက်သလို တချို့ကတော့ မဲ့ရွဲ့ကဲ့ရဲ့ကြတာလည်း ရှိကြပေလိမ့်မပေါ့။

တကယ်ဆို ဦးသိန်းနဲ့ ကျွန်တော်က တွဲလို့ရတယ်။ ဦးလေးနဲ့ တူအရင်းကြီးတွေလိုမျိုး သဘောထားပြီး အများ ကောင်းကျိုးကို စဉ်းစဉ်းစားစား ဆောင်ရွက်ဖယ်ဆိုတာ ရပ်ကွက် လူကြီးတချို့က လက်ခံယုံကြည်ကြတယ်။

လိုအပ်ချက်တွေ၊ ပြဿနာမျိုးစုံနဲ့ ကြုံလာခဲ့ရင် သူ့အိမ်က ငွေကြေးတချို့ ဖြည့်စွက်ထည့်၊ ကိုယ့်အိမ်က ပစ္စည်းအသုံး အဆောင် အပိုရှိနေခဲ့ရင် လုပ်ငန်းလိုအပ်ချက်မှာ ထည့်သုံးခဲ့ကြတယ်။ အရင်ကတည်းက စီးပွားရေး တောင့်တင်းနေခဲ့ပြီးသား ပုဂ္ဂိုလ်တွေကို တာဝန် ပေးတာက အဆင်ပြေတယ်လို့ ပြောလို့ရပါတယ်။

ဒါပေမဲ့ ကောင်းကျိုးလုပ်နေခဲ့ရင်းကမှ ရပ်ကွက်ထဲက အသံတချို့ ကြားလာရရင် စိတ်ဆတ်တဲ့အမူအကျင့်ကို မပြင်တတ်တဲ့ ကျွန်တော်က ဦးလေးသိန်းဆီ အရောက် သွားပြီး စာရင်းရှင်းခဲ့လေ့ရှိတယ်။

တကယ်တော့ ဘာသာတရား အဆုံးအမနဲ့ စိတ်အေးလက်အေး ဖြေရှင်းတတ်တဲ့ ဦးလေး

ကိုမိုး (ရွှေပြည်သာ)

သန္ဓာရလွင်ပြင်

www.burmeseclassic.com

www.burmeseclassic.com

သိန်းက ပုံတိုပတ်စနဲ့ တိုက်ဆိုင်ရှင်းပြတယ်။ အဲဒါဆိုရင် စိတ်ဆိုးတတ်တဲ့ ကျွန်တော့်ဒေါသတွေ အလိုလိုပြယ်ရတာ ရှိခဲ့တယ်။ တစ်ရက် စိတ်ဆိုးမာန်ဆိုးနဲ့ ကျွန်တော် ဦးလေးသိန်းအိမ် ရောက်ခဲ့တယ်။

'ဦးလေးသိန်းရှိတယ်မဟုတ်လား ဒေါ်ကြီး'

'ရှိပါ့တော်။ နင့်ဦးလေး နောက်ဖေးမီးဖိုချောင်မှာ အလုပ်ဝိုင်းကူနေတယ်။ ကိုသိန်းရေ..ဒီမှာ ရှင့်ဧည့်သည်'

သူဇနီးလှမ်းခေါ်လိုက်တဲ့အသံကြားလို့ ဦးလေးသိန်း အပြင်ထွက်လာပါတယ်။

'ဟော..ဘယ်သူလဲလို့ မောင်မိုးပဲကွ။ ဘာကိစ္စရှိလို့လဲ'

'ဦးလေး..အားရင် ခဏလောက် လိုက်ခဲ့ပေးပါလား။ ကျွန်တော်နဲ့ လက်ဖက်ရည်ဆိုင်ဘက် သွားကြရအောင်'

'ရတယ်လေကွာ၊ မင်း တစ်ခုခုပြောချင်နေပြီ ထင်တယ်။ ငါ အပေါ်အင်္ကျီ ဝတ်လိုက်မယ်။ မိန်းမရေ..ငါ လက်ဖက်ရည်ဆိုင်ဘက် ခဏဟေ့'

ဇနီးသည်ကို နှုတ်ဆက်၊ ချိတ်တန်းပေါ်က အပေါ်အင်္ကျီကို ကောက်ယူဝတ်ပြီး ဦးလေးသိန်း ကျွန်တော့်နောက်ကို လိုက်ခဲ့ပါတယ်။

'မင်း ဘာပြောချင်လို့လဲကွ မောင်မိုး'

'ကျွန်တော်ဗျာ၊ ညကဖြစ်ခဲ့တဲ့ကိစ္စ အတော်ပဲ မကျေနပ်ဖြစ်နေရတယ်။ ပြောရရင် စိတ်ဆိုးစရာပဲဗျ။ ဦးလေးအိမ်က ရပ်ကွက်အလယ်နဲ့ဝေးနေတော့ မကြားရဘူး။ ကျွန်တော့်အိမ်က လမ်းမကျယ်ပေါ်မှာ ဆဲဆိုစရာရှိရင်လည်း အိမ်ဘက်ကို စောင်းခဲနေတာ ဦးလေးရဲ့။ အရက်မူးချင် ဆောင်ဆောင်ပြီး ကျွန်တော်တို့ တစ်ဖွဲ့လုံးကို ရစရာမရှိအောင် ပြောနေတာများဗျာ မခံနိုင်အောင်ပါဘဲ'

'မင်းကွာ၊ ဘယ်သူပဲဆဲဆဲ သူဆဲတာက သူ့အပြစ်ပဲ ဟ။ သည်းခံပေးလိုက်ပါ'

'သည်းခံရတာတွေ များနေပြီ ဦးလေး။ ကျွန်တော် ညက တစ်ညလုံး အိပ်မပျော်ဘူး။ အခု ရပ်ကွက်အုပ်ချုပ်ရေးမှူးဆီကို တိုင်စာတက်ဖို့ ကျွန်တော် တိုင်စာရေးထားတယ်။ လက်ဖက်ရည်ဆိုင်ရောက်ရင် ဦးလေး ခဏလောက် ဖတ်ပေး။ ဦးလေးပါ ကျေနပ်တယ်ဆိုရင် ကျွန်တော် ခရိုင်အထိ တိုင်စာတက်ချင်တယ်။ စာဖတ်ပြီး ဦးလေး လက်မှတ်ထိုးလိုက်ရင် ပြီးပြီပဲလေ'

'ကဲပါ၊ မောင်ရင်ပြောချင်တာ လက်ဖက်ရည်ဆိုင် ရောက်မှပဲပြော၊ အဲဒီကျမှ ရှင်းပြမယ်ကွာ'

'ကျွန်တော် တကယ်ပဲ သည်းမခံချင်ဘူး ဦးလေးသိန်းရ။ အခု တိုင်ရမယ့်ကိစ္စ ကော်မတီစရိတ် မသုံးဘူး။ စာရွက်စာတမ်း၊ ကွန်ပျူတာရိုက်ခ၊ သွားဖို့လာဖို့ ကုန်ကျစရိတ် အကုန် ကျွန်တော့်ငွေ သုံးမှာပါ'

'လာပါကွာ၊ ဆိုင်ရောက်ခါနီးနေပါပြီ။ လာ'

သည်လိုနှင့် လက်ဖက်ရည်ဆိုင်လေးထဲ နှစ်ဦးသား ဝင်ရောက်ခဲ့မိရာက-

◆◆◆

ရပ်ကွက်အုပ်ချုပ်ရေးမှူးက ခွင့်ပြုလို့ ရာအိမ်မှူး(၃) ဦးအုပ်စု ကျွန်တော်တို့ ရပ်ကွက်ငယ်လေးထဲ မီးလင်းရေး ကော်မတီဖွဲ့စည်းခဲ့တာမှာ အပြစ်ပြောလိုတဲ့ လူအုပ်စုက ကော်မတီဝင်တွေကို သွေးခွဲတယ်။ ငွေရေးကြေးရေး စိုက်ထုတ်ရှင်းရမှာကြောက်တဲ့ လူတချို့က အဖွဲ့က နုတ်ထွက်ကြတယ်။ ညွှန်ကြားချက်အတိုင်း ဓာတ်တိုင်စိုက်တာကို သူ့ရှေ့မှာ လာစိုက်လို့ မရဘူးဆိုပြီး ဘုတောလွှတ်ကြငယ်။ ဘယ်သူကိုမှ ဂရုမစိုက်ဘဲ လုပ်ငန်းစဉ်အတိုင်း ဆက်သွားနေခဲ့တာမှာ မကျေနပ်တဲ့ အဖွဲ့လိုက်လူအုပ်စုက အရက်မူးပြီး ဆဲဆိုကြပါတယ်။ ဦးဆောင်ကော်မတီဝင်တွေကို တိရစ္ဆာန် လောက်မှ အသုံးမဝင်တဲ့သူတွေဖြစ်အောင် ပြောဆိုလာကြတယ်။

တစ်ခါတလေ လမ်းဖြတ်သွားရင်းကမှ မထိမဲ့မြင် ရိသဲ့သဲ့စကားကို ကြားအောင်ပြောတယ်။ ဒီလိုစကားရပ်တွေ ခဏ,ခဏ ကြုံရဖန်များလာတော့ ကျွန်တော် သည်းမခံနိုင်အောင် တိုင်စာရေး လက်စွမ်းပြလိုက်မိတယ်ပေါ့။

'ရော့..ဦးလေး၊ ဒီစာလေး ခဏဖတ်ကြည့်ပေးဦး'

ဦးလေးသိန်းက စာကိုမဖတ်သေးဘဲ လက်ဖက်ရည်ကို အရင်မှာယူလိုက်တယ်။

'ဟော့..ကလေးရေ၊ လက်ဖက်ရည်(၂)ခွက်ကွာ။ ငါ တို့နှစ်ယောက် သောက်နေကျအတိုင်းပဲ'

ပြီးတော့ မှာထားတဲ့လက်ဖက်ရည်ကိုပဲ အာရုံစိုက်ပြီး စောင့်နေလိုက်တယ်။ သိပ်မကြာဘူး၊ လက်ဖက်ရည်ရောက်လာတော့ ဦးလေးသိန်း စိမ်ကျကျနဲ့ပဲ လက်ဖက်ရည်ခွက်ကို မော့သောက်ချလိုက်ပြီး-

'ကဲ..မောင်မိုးရေ၊ မင်းစာကို ခဏထားစမ်းပါဦးကွာ။ အရင့်တုန်းကဆိုရင် မင်းက တို့ဗုဒ္ဓဘုရားရှင်ရဲ့ ဝိဋ္ဌကတ်တော်တွေထဲက အနာထပိဏ်သူဌေးအကြောင်း၊ ဝိသာခါရဲ့ အကြောင်းတွေကို မေးတတ်တယ်။ အခုကျတော့

www.burmeseclassic.com

မင်းက ဒေါသအိုးကြီးပဲ ပေါက်ကွဲပြနေတော့ ငါ ဘယ်လို ရှင်းရမလဲဆိုတာ စဉ်းစားနေမိတာကွ'

'ဦးလေးသိန်း ရှင်းပြရင် ကျွန်တော်နာခံတာပဲလေ။ တကယ်ဆို သူတို့လူအုပ်စုက ကျွန်တော့်ကိုမဲပြီး တိုက်ခိုက်တာ ပေါ်လွင်နေပြီ။ ပြီးတော့ ကော်မတီအဖွဲ့ကိုပါ စော်ကားတာ လွန်နေပြီမို့ပါ'

'ဒါပေမဲ့ ဒီလိုရှိတယ်ကွ။ ငါတို့ မင်းတို့က ဌာနဆိုင်ရာက ထပ်ဆင့်လွှဲပေးထားတဲ့တာဝန်ကို လုပ်ကိုင်နေကြတာပါ။ အဲဒီမှာ အမှန်ဆုံးဖြစ်အောင် တိတိကျကျ စာရင်းဇယားနဲ့ လုပ်ဆောင်ခဲ့တာပဲမဟုတ်လား'

'ဟုတ်ပါတယ် ဦးလေး'

'မှန်တယ်ဆိုတာက ဖြောင့်မှန်တယ်ဆိုတဲ့ စကားရပ်ကို လေးလေးစားစား အလုပ်လုပ်တဲ့ သဘောပဲလို့ ဦးလေးနားလည်ပါတယ်။ တကယ်ဆို မှန်တာက ဖြောင့်တာပဲ။ အဲဒီမှာ စိတ်ဆိုးတာနဲ့ စိတ်ကောက်တာကို ဦးလေး ရှင်းပြချင်တယ်။ စိတ်ဆိုးတယ်ဆိုတာက မဖြောင့်ဘူး၊ စိတ်ကောက်တာနဲ့ အတူတူပဲလို့ ပြောလို့ရတယ်။ ဒီတော့ ငါ့တူ မင်း အခု စိတ်ဆိုးလာရာကနေ စိတ်ကကောက်ပြီး မဖြောင့်ဘူး ဖြစ်နေရပြီ။ ငါ တစ်ခုရှင်းပြမယ်။ တို့မြတ်စွာဘုရားရှင် ဓေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူစဉ်တုန်းက ဘုရားရှင်နဲ့အတူတူ ဆွမ်းခံကြွတဲ့ ရဟန်းတချို့ကို လူအုပ်စုတစ်စုက နေတိုင်း ဆဲဆိုခဲ့ကြတယ်။ တစ်ရက်၊ နှစ်ရက်လည်း မဟုတ်ဘူး၊ ဆွမ်းခံကြွတဲ့ရက်တိုင်း ဆဲကြတယ်တဲ့။

ဒါနဲ့ပဲ တို့ဗုဒ္ဓဘုရားရှင်ကို အဆဲခံရတဲ့ သံဃာတော်တွေက လူပုဂ္ဂိုလ်အုပ်စုတစ်စု တပည့်တော်တို့ကို ဆဲဆိုနေပါတယ်လို့ တိုင်ကြားကြတဲ့အခါ ဘုရားရှင်က သူတို့တွေကို ပြန်မေးသတဲ့။

အဲဒီဆဲဆိုခြင်းကို အသင်ရဟန်းတို့ လက်ခံခဲ့ကြသလားတဲ့။ ရဟန်းတွေက 'တပည့်တော်တို့ သူတို့ ဆဲဆိုခြင်းကို လက်မခံပါဘုရား' လို့ ဖြေခဲ့ကြတယ်။

ပစ္စည်းတစ်ခုကို အခြားလူက ပေးခဲ့ရင် ယူသူ လက်ခံမှသာ ပစ္စည်းရှင်ဖြစ်ရတယ် ငါ့တူကြီး။ ပစ္စည်းကို မယူလိုက်ဘူးဆိုရင် အဲဒီပစ္စည်းက ပေးတဲ့သူရဲ့ဆီမှာပဲ ကျန်ခဲ့တာမို့ ပေးတဲ့သူက ပစ္စည်းရှင်ပဲ ဖြစ်တယ်လို့ တို့ဗုဒ္ဓဘုရားရှင်က ရှင်းလင်းပြတော်မူခဲ့ပါတယ်။

ဆဲတဲ့လူက ကိုယ့်ကို ဆဲတယ်လို့ မင်းနားထဲ ဝင်ရောက်တာကို မင်းက လက်ခံခဲ့ရင် အဲဒီအဆဲ (နှုတ်က ပြောလိုက်တဲ့သူရဲ့အသံကို) မင်းက လက်ခံသူ ဖြစ်သွားတော့မှာပဲပေါ့။

အဲဒီမှာ ဖြောင့်မှန်တယ်ဆိုတဲ့စကားကို ပြန်ဆက်စဉ်းစားတယ်။

ဖြောင့်မှန်တဲ့လူက မကောက်ဘူး မောင်မိုး။ ဆဲတဲ့လူရဲ့ဖြစ်တဲ့လူ၊ ဒေါသထွက်တဲ့လူတွေက စိတ်ဆိုးစိတ်ကောက်ကြသူတွေပဲဖြစ်တယ်။ သူတို့တွေက အကောက်နဲ့ ဆိုးစိတ်သဏ္ဌာန်တစ်ခုကို ဝင်လာရင် စိတ်ဖြောင့်တဲ့သူအတွက် ချိတ်မိစရာ မရှိဘူး။

ကိုယ်ကိုယ်တိုင်က စိတ်ဆိုး စိတ်ကောက်နေခဲ့ရင် အကောက်,အကောက်ချင်း ချိတ်မိသွားတာပဲပေါ့။ ဒီတော့ အကောက်နဲ့လာရင် အဖြောင့်စိတ်နဲ့ ခံရတယ်။ မင်းရဲ့ နဂိုစိတ်ရင်းက မှန်ကန်တယ်၊ ဖြောင့်မတ်တယ်။ အခု သူများတကာနဲ့ စိတ်ဆိုးစိတ်ကောက်ခြင်းတွေပါတဲ့ စကားသံကို လက်ခံခဲ့မိရင် မင်းစိတ်ကလေးပါ ကောက်ချင်သွားဖြစ်သွားရတယ်။ ဟုတ်တယ် မဟုတ်ဘူးလား'

'ဟုတ်ကဲ့ပါ ဦးလေး'

'ဒီတော့ ဦးလေးက တို့ဘုရားရှင်ရဲ့ အဆုံးအမစကားလုံးတွေအဖြစ်ပြောင်းပြီး တရားပေတံုးပေါ် တင်ပေးရတာပါကွာ။ အခု မင်းစိတ်ဖြောင့်သွားပြီမဟုတ်ထား

'ဟုတ်၊ ဖြောင့်သွားပါပြီ ဦးလေး'

ဦးလေးသိန်းက အစီအစဉ်တကျ ရှင်းပြခဲ့ပြီးမှ ထဖက်ရည်ဆိုင်ဝိုင်ရှင် ကောင်တာစားပွဲဆီကို လျှောက်သွားပါတယ်။

'ဟေ့...ငါ့ကို ဖယောင်းတိုင်နဲ့ မီးခြစ် ခဏလောက် ငှားစမ်းပါကွာ'

အဲဒီနောက်မှာတော့ တိုင်စာရေးထားတဲ့ စာရွက်ကို ရွက် မီးလောင်ခဲ့ရပါတယ်။

ကောက်ကွေ့ယိုင်နဲ့သွားစေလောက်အောင် ဝင်ရောက်လွှမ်းမိုးနေတဲ့ ဒေါသုမီးအစုအဖွဲ့က တရားဒေသနာ ကြားရအေးနဲ့ ထိတွေ့ခွင့်ရတဲ့အခိုက်မှာ ကွဲကွဲပြားပြားသိမြင်စိတ်ဖြောင့်ခြင်းတရားကို ကြားခွင့်ရပြီး ဖြောင့်တန်းတဲ့ အာရုံတစ်ခုကို စုစည်းမိစေတယ်ဆိုတာ ငြင်းမရတဲ့ ချမ်းရေးတစ်ခုပါပဲ။

စာဖတ်သူအပေါင်းလည်း စိတ်ဖြောင့်တဲ့၊ သူတော်တဲ့ သန္တရသလွင်ပြင်မှာ ပျော်မွေ့နိုင်ကြပါစေ။

ကိုမိုး(ရေနံချောင်း)

www.burmeseclassic.com

www.burmeseclassic.com

'ဟေ့..ဖိုးထောင်၊ ဖိုးထောင်ရေ'

'အိမ်ရှေ့က တကြော်ကြော်နဲ့ ဘယ်သူလဲဟ'

'ငါပါကွ'

'သြော်..မြင့်ပဲ။ ဘာကိစ္စလဲ သူငယ်ချင်း'

'မနက်ဖြန် နေ့ချင်းပြီး အိမ်တစ်လုံး ဆောက်ပေးစမ်းပါ'

'ဘာအိမ် ဆောက်မှာလဲဟင်'

'နားဝေးပါ့ ဖိုးထောင်ရာ၊ အိမ်ပါဆိုမှ လူနေတဲ့အိမ် ဆောက်မှာပေါ့ကွ'

'မနက်ဖြန်တော့ မဖြစ်ဘူး မြင့်'

'ဘာဖြစ်လို့လဲ ဖိုးထောင်၊ မင်း မအားဘူးလား'

'အားပါတယ်'

'အားလျက်သားနဲ့မှား ဘာလို့မဖြစ်ရတာလဲဟ'

မှာ ဆောက်မှာ'

'အလဲ..အလဲ့၊ ငါ့သူငယ်ချင်း မြင့်က ဖိုးစွဲပဲ ဟကောင်..မင်းအမျိုးသမီးက ဘယ်အရပ်သူလဲ'

'ထိန်ကန်ရွာကပါကွာ'

'ထိန်ကန်ရွာကဆို ငါ တော်တော်များများသိတာ ဘယ်သူများလဲ မြင့်'

'ထိန်ကန်ရွာမှာ သိပ်လှတဲ့ အမြွာညီအစ်မနှစ်ယောက် ရှိတယ်။ အကြီးမ မမကြီးဟာ ငါ့အမျိုးသမီးပဲ'

ကဗျာဆရာ ဦးလေးမြင့်နှင့် တစ္ဆေချစ်ဆိုင်

'မနက်ဖြန် တနင်္ဂနွေနေ့ မြင့်'

'အေးလေ..တနင်္ဂနွေရော ဘာဖြစ်လဲ'

'ဒီလို သူငယ်ချင်းရ..ရှေးလူကြီးသူမ သက်ကြီးဝါကြီးတွေ ပြောဆိုဆုံးမ သတိပေးထားတဲ့စကား ရှိတယ်။ နေ့တနင်္ဂနွေ အိမ်ဆောက်လေ ဒုက္ခဆင်းရဲမွဲ၊ တနလာ်ဆောက် နှစ်လမြောက်ထွန်းတောက်သာသာယာ၊ အင်္ဂါဆောက်ငြား ဆန့်စပါး ပေါများလွန်ချမ်းသာတဲ့။ ဒီတော့ တစ်ရက်ပဲစောင့် သူငယ်ချင်း။ ငါ မင်းစိတ်ကြိုက် ဆောက်ပေးမယ်။ ဒါနဲ့ မင်းက ဘယ်သူအတွက် အိမ်ဆောက်ပေးမှာလဲ။ ဘယ်မှာဆောက်မှာလဲဟင်'

'ငါနဲ့ ငါ့မိန်းမ နေဖို့ဆောက်မှာ။ တို့တောင်ငိုင်းထဲ

www.burmeseclassic.com

www.burmeseclassic.com

"မမကြီးဆို ငါသိတယ်။ သူအဖေနဲ့ ငါ ခင်ပါတယ်။ ဒါနဲ့ မင်းက ရွာလွန်ရွက်တိုက်ဆိုတာလို မမကြီးနဲ့ ဘယ်လိုသွားတွေ့ရတာလဲ"

"နယ်ချဲ့နဲ့ ဖက်ဆစ်ကျွန်စစ်ကောင်ခတ်တဲ့ကြား မြေစာ ပင်ဘဝရောက်ခဲ့တဲ့ တို့တစ်တွေ တောရွာတွေဘက် ပြေးပြီး စစ်ရှောင် ဝုံးရှောင်ခဲ့ရတာ မင်းမှတ်မိတယ် မဟုတ်လား ဖိုးထောင်"

"အေး..မှတ်မိတယ်။ အဲဒီတုန်းက ငါတို့မိသားစုက သရက်ပင်ဘက် ရှောင်နေကြတယ်"

"တို့မိသားစုကတော့ ကန်ဆွယ်ရွာဘက် ရှောင်ကြတယ်ကွ။ ကန်မြင့်၊ ကန်ဆွယ်၊ ထိန်ကန်၊ မှန်စီဆိုတဲ့ ရွာတွေက ဆက်နေတော့ အပေါင်း



www.burmeseclassic.com

www.burmeseclassic.com

အသင်းများတဲ့ ငါက ထိန်ကန်ရွာကိုလည်း ရောက်တော့တာပေါ့။ အဲဒီမှာတင် မမကြီးနဲ့ တွေ့ကြတာပေါ့ ဖိုးထောင်ရာ'

'ထိန်ကန်ကိုရောက်ပဲ ရောက်ဦးတော့ မမကြီးဟာ မင်းလို ကစော်သမားနဲ့တော့ မတန်ဘူး၊ မသင့်ဘူး မြဒင်။ မင်းက ဝယ်သောက်လို့မဝရင် ကိုယ်တိုင်ချက်သောက်တဲ့ ကောင်မျိုး'

'ပေ့ကောင် ဖိုးထောင်..သူငယ်ချင်း၊ အချင်းချင်း ဒီလိုပြောရသလား။ သစ္စာဖောက်။ ငါလုပ်လိုက်ရင် သေတော့မယ်'

'ဟဲ့..ဟဲ့..မြဒင်၊ ဟီး..ဟီး..ငါချစ်လို့ နောက်တာပါ မြဒင်ရာ။ မင်းက စိတ်ချည်းပဲ'

ဦးလေးမြဒင်သည် ဦးဖိုးထောင်၏ကော်ကိုနှိမ်ကာ နားရင်းအုပ်ရန် လက်နဲ့ရွယ်လိုက်ရာ ဦးဖိုးထောင်သည် တဟီးဟီး တဟဲဟဲ ရယ်ကာ ဦးလေးမြဒင်ကို တောင်းပန်လိုက်သည်။ တကယ်တော့ ဦးလေးမြဒင်နဲ့ ဦးဖိုးထောင်တို့သည် အလွန်ချစ်ခင်သော သူငယ်ချင်းများဖြစ်သည်။ ဘယ်လိုပြောပြော ဘယ်လိုဆိုဆို တစ်ဦးနှင့်တစ်ဦး ဘယ်တော့မှ စိတ်မဆိုးကြပါ။ တစ်ဦးနှင့်တစ်ဦး နောက်ပြောင်နေကြခြင်းသာ ဖြစ်ပါသည်။

'ဒီမှာ ဖိုးထောင်..မင်းပြောသလိုပဲ လာမယ့်တနလာနေ့မှ ငါ အိမ်ဆောက်မယ်။ တခြားကိစ္စတွေ လက်မခံနဲ့။ မင်းတို့ ဆရာ၊တပည့်အတွက် ထမင်းထုပ် ထည့်မလာနဲ့။ ငါတာဝန်ယူတယ်။ ညနေကျရင်တော့ ရေမီးအစုံပေါ့ကွာ။ ငါကိုယ်တိုင် ချက်ထားတဲ့ ကောက်ညှင်းအရက်တစ်လုံး၊ ထန်းလျက်အရက်တစ်လုံး အသင့်ထောင်ထားမယ်'

'အေးပါ သူငယ်ချင်းရာ၊ ငါတို့အတွက် ဒီလောက် မလိုပါဘူး။ ငါနဲ့ ပေသီး အဲဒီနေ့ မနက်(၆)နာရီဆို မင်းတို့တောင်ဝိုင်းကို ရောက်မယ်။ ညော်..ဒါနဲ့ မြဒင်၊ အိမ်ဆောက်ပစ္စည်းတွေရော အသင့်ရှိပြီလား'

'အချဉ်ဝါး၊ ဝါးထရံနဲ့ အမိုးဝါးကပ်ပဲ ဝယ်ဖို့လိုတယ်။ ဒါလည်း တို့ဝိုင်းနားမှာပဲ ဝယ်လို့ရတယ်။ အခြားပစ္စည်းကတော့ ငါ့အစ်မအိမ်အောက်မှာ အိမ်ဟောင်းကြီးဖျက်တုန်းက သိမ်းထားတဲ့ပစ္စည်းတွေ ရှိတယ်။ ငါ့အစ်မက လိုတာယူသုံးတဲ့။ အဲဒါတွေ မင်းမပူနဲ့ ဖိုးထောင်။ အိမ်ဆောက်မယ့်နေရာကို ဒီနေ့ ငါတူ သန်းမောင်၊ မြမောင်၊ ဝင်းမောင်တို့နဲ့အတူ ရှင်းထားမယ်။ ပစ္စည်းတွေလည်း ပုံပေးထားမယ်'

'အေး..အေး..သူငယ်ချင်း'

ဦးလေးမြဒင်သည် လက်သမားဆရာ ဦးဖိုးထောင်နဲ့ အကြံပြုချက်ကို လက်ခံပြီး တနင်္ဂနွေနေ့ အိမ်ဆောက်မယ့်အစား တနလာနေ့တွင်ဆောက်ရန် သဘောတူလိုက်သည်။ သူငယ်ချင်းနှစ်ယောက် ပြောစရာရှိတာပြော၊ မှာစရာရှိတာမှာကာ လမ်းခွဲခဲ့ကြသည်။

♦♦♦

ဦးလေးမြဒင် အကြောင်းပြောရင် ကျွန်တော်တို့တောင်ဝိုင်းမိသားစုအကြောင်း မပြောမဖြစ်ပြောပြမှ ရှင်းရှင်းလင်းလင်း သိရမှာမို့ အကျဉ်းချုံးပြီး ပြောပြပါရစေ။ ကျွန်တော်တို့ မြို့တွင် တောင်ဝိုင်းရပ်ကွက်၊ မြောက်ဝိုင်း၊ အရှေ့ဝိုင်း အနောက်ဝိုင်း ရပ်ကွက်ဟူ၍ မရှိပါ။ တောင်ဝိုင်း၊ အရှေ့ဝိုင်းဟူ၍ ကျွန်တော်တို့ ဆွေမျိုးစုအတွင်း တွင်တွင်ကျယ်ကျယ် သုံးစွဲနေသည့်အကြောင်းမှာ ကျွန်တော်တို့ရဲ့ အဘွားများ နေရာအရပ်ကို အစွဲပြု၍ ဆွေမျိုးစုအတွင်း ပြောဆိုခေါ်ဝေါ်သုံးစွဲနေကြခြင်း ဖြစ်ပါသည်။ ဘယ်မင်း ဘယ်အစိုးရကမှ သတ်မှတ်ခေါ်ဝေါ်စေခြင်း မဟုတ်ပါ။

ကျွန်တော်တို့ ဆွေမျိုးစုတွင် သွေးရင်းသားရင်း မောင်နှမရင်း အဘွားလေးဦး၊ အဘိုးတစ်ဦး ပေါင်းငါးဦး ရှိပါသည်။ ကြီးစဉ်ငယ်လိုက် ပြောပြရမယ်ဆိုရင် ဒေါ်ရွှေတုတ်၊ ဒေါ်ငွေသောင်၊ ဒေါ်ငွေအောင်၊ ဒေါ်ရွှေဖောင်၊ ဦးမောင်ပုတို့ ဖြစ်ပါသည်။ ၎င်းအဘိုး၊အဘွားတို့ထဲတွင် အဘွား ဒေါ်ငွေသောင်သည် အရှေ့ဝိုင်း ကျော်ဇင်ရပ်တွင် နေထိုင်ပြီး ကျန်အဘိုး၊အဘွားအားလုံး တောင်ဝိုင်းဟု အမည်တွင်သော ကြည်တော်ကုန်းရပ်တွင် ဝိုင်းဖွဲ့နေထိုင်ကြပါသည်။ ကျော်ဇင်ရပ်သည် မြို့အရှေ့ဘက်ပိုင်းတွင်ရှိ၍ အရှေ့ဝိုင်း ကြည်တော်ကုန်းရပ်သည် မြို့တောင်ဘက်ပိုင်းတွင်ရှိ၍ တောင်ဝိုင်းဟု ဆွေမျိုးစုများ ခေါ်ဝေါ်ပြောဆိုခဲ့ရာက အားလုံးနှုတ်ကျိုးကာ စွဲစွဲမြဲမြဲသုံးစွဲခေါ်ဝေါ်နေကြခြင်း ဖြစ်ပါသည်။ ဦးလေးမြဒင်သည် ဒေါ်ရွှေတုတ်၏ သားသမီးများထဲမှ သားတစ်ဦး ဖြစ်ပါသည်။

တစ်မိပေါက် တစ်ယောက်ထွန်း ဆိုသကဲ့သို့ သောက်သောက်စားစား နေတတ်သူဖြစ်သည်။ သောက်စားတတ်သော်လည်း ရမ်းကားတတ်သူ၊မဟုတ်၊ ဆွေမျိုးကိုချစ်၍ ဆွေမျိုးကို စောင့်ရှောက်သူ ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးစကာလမှသည် နယ်ချဲ့ခေတ်၊ ဖက်ဆစ်ခေတ်၊ ပြည်တော်သာခေတ် ကာလတစ်လျှောက် တိုင်းပြည်အုပ်ချုပ်ရေးယန္တရား ပျက်ယွင်းချိန်တွင် ဆွေမျိုးအားလုံးကို သူခစာ

www.burmeseclassic.com

www.burmeseclassic.com

ချောက်ခဲ့သည်။ ဆွေမျိုးလို့ ရေးရတာကတော့ ဖော်ပြပါ အတိုး,အဘွားတို့က ပွားစီးလာသည့် ဆွေမျိုးရင်းချာများကို ဆောင့်ရောက်ခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။

ထိုအချိန်အခါက မိရင်းဖရင်း၊ ညီအစ်ကိုမောင်နမ အရင်းများကိုပင် စောင့်ရောက်ရန် ခက်ခဲလှသည့်ကြားက ဦးလေးမြင့်သည် တစ်ဆွေလုံး တစ်မျိုးလုံးကို မဲ့မစွန်း အောင် စောင့်ရောက်နိုင်ခဲ့သူဖြစ်၍ ဆွေမျိုးစု၏ အလွန် ထူးစားထိုက်သောသူတစ်ယောက် ဖြစ်ခဲ့ပါတယ်။

အဲ..အဲ..ပြောစရာတော့ ရှိပါတယ်။ ဦးလေးမြင့်ဟာ ကိုယ့်ဆွေမျိုး၊ ကိုယ့်သွေးသားကိုသာ စောင့်ရောက်တာ ဆန်းသလားကွာလို့ မေးမယ်ဆိုရင် ကျွန်တော့်ဘက်မှာ အဖြေရှိပါတယ်။ တချို့,တချို့များဆို မိဘကိုတောင် စောင့်ရောက်ဘဲ ကိုယ်လွတ်ရုန်းကြတာ အများကြီးရှိတယ် ဗျို့။

♦♦♦

"သောက်မယ် စားမယ်ဆိုတဲ့ကောင်က သုံးယောက်၊ စားသက်သက် စားမယ့်ကောင်က သုံးယောက်၊ ပေါင်း ချောက်ယောက်ဆိုတော့ အဲဒသုံးတွဲ ငါးတစ်ဆွဲမှလောက် ရယ်။ တနင်္ဂနွေနေ့ကတည်းက ရွာသွားပြီး ဟာနစ်ဆီ ကြို့ ဟု တနင်္လာ အိမ်ဆောက်မယ့်နေ့ အသင့်ဖြစ်မယ်"

ဦးလေးမြင့် ဦးဖိုးထောင်အိမ်က အပြန်လမ်းတွင် စီတိုက် တွက်လာခြင်းဖြစ်သည်။ သောက်မယ့်စားမယ့် ဆောင် သုံးယောက်ဆိုသည်က သူနှင့် ဦးဖိုးထောင်တို့ ဆရာ,တပည့်ကို ဆိုလိုခြင်းဖြစ်ပြီး အစားအသောက်စား ဆယ့်ကောင် သုံးယောက်ဆိုသည်က ကိုသန်းမောင်၊ ကိုမြ မောင်၊ ကိုဝင်းမောင် စတဲ့ ဝိုင်းကူမယ့် တူတော်မောင် သုံးယောက်ကို ဆိုလိုခြင်း ဖြစ်ပါတယ်။ တကယ်တော့ ကိုသန်းမောင်သည် ထိုစဉ်ကပင် အရက်သောက်သူ ဖြစ်ပါ သည်။ သို့သော် ဦးလေးမြင့်ရှေ့တွင် အရက်မသောက်ဝံ့ပါ။

ဦးလေးမြင့်သည် အိမ်ထောင်မကျခင်က မိခင်ဖြစ်သူ အတွက် ဒေါ်ရွှေတုတ်နဲ့ အတူနေဖြစ်သော်လည်း ဂျပန်ခေတ် ဆောင်ပြေးရင်းလွှားရင်း မမကြီးနဲ့ အိမ်ထောင်ကျသဖြင့် အတူအိမ်တွင် အတူမနေချင်ဘဲ တောင်ဝိုင်းအတွင်းမှာပင် အခြားအိမ်ဆောက်နေရန် ကြံစည်ခြင်းဖြစ်သည်။ အဘွား ဒေါ်ရွှေတုတ်ကလည်း အခြားသားသမီးများ အိမ်ထောင် ကျသွားကျသည့်အခါ အိမ်ခွဲနေကြသည့် အစဉ်အလာရှိ သဖြင့် ဦးလေးမြင့် အိမ်ခွဲနေမယ့်ကိစ္စကို ဘာမှမပြောပါ။

အချိန်အခါက လွတ်လပ်ရေးရပြီးစကာလ ဖြစ်သော် လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မသမာသူများ၏ လုပ်ကြံမှုကြောင့် ကျဆုံးပြီးစ တစ်နှစ်သာ ရှိသေးသဖြင့် အကွပ်မဲ့ကြမ်း ပရမ်းပတာဆိုသလို သူတစ် လူ ငါတစ်မင်း နေရာအာဏာလုကာ အချင်းချင်း ခတ်နေ, သတ်နေကြချိန်မို့ ဘယ်နေရာ ဘယ်ဒေသမှာမှ အေးချမ်း လုံခြုံလှသည် မရှိသေး။ နေ့မြင်ညပျောက်ကာလဟု ခေါ် ကြတဲ့အချိန်ဖြစ်သည်။ တစ်ချိန်က မြို့နေလူတန်းစားများ တောရွာများသို့ ထွက်ပြေးကာ စစ်ရှောင်၊ ဗုံးရှောင်ခဲ့ရသည်။ ယခုလည်း ကမ္ဘာမီးလောင် သားကောင်ချင်း ဆိုသလို အာဏာလုသူအချင်းချင်း စိတ်ဝမ်းကွဲကာ သတ်ကြဖြတ်ကြ နိုင်ရာစား လုပ်လာကြရာ တောနေ လူတန်းစားများ မြို့ ပေါ် တက်ရောင်ကြရပြန်တယ်။ ကျွန်းကိုင်းမို့ ကိုင်းကျွန်းမို့ သဘောပေါ့။

ယနေ့ အသက်ငါးဆယ်ကျော် ခြောက်ဆယ်အရွယ်ရှိ ကြသူတွေ မှတ်မိမယ် ထင်ပါတယ်။ အမဲသားကို တိုးတိုး သားလို့ခေါ်ပြီး အမဲသားသတ်လုပ်ငန်းကို တားမြစ်ခဲ့တာ လေ။ တကယ်တော့ အဲဒီအမိန့်ဟာ မတည်ပါဘူး။ တိုးတိုး တိတ်တိတ်သတ်၊ တိုးတိုးတိတ်တိတ် ရောင်းကြဝယ်ကြတာ အလုပ်ဖြစ်တာမို့ ထိုစဉ်က အမဲသားလို့ မခေါ်ဘဲ တိုးတိုး သားလို့ ခေါ်ကြတာပါ။

ရွာမှာ ဟာနစ်က အမဲသား၊ ဆိတ်သား ရောင်းတယ်။ ခေတ်စကားနဲ့ပြောရရင် ပင်ရင်းလက္ကားပေါ့။ ဒါကြောင့် ဦးလေးမြင့်က ရွာသွားဝယ်ဖို့ ပြင်နေတာပါ။ ဦးလေးမြင့် နဲ့ ဟာနစ်ဟာ သူငယ်ချင်းလေ။

ဦးလေးမြင့်ဟာ အခြားကိစ္စမရှိရင် ရွာကို တစ်ပတ် (၃)ရက် သွားပါတယ်။ အဓိက,ကတော့ အမဲသားဝယ်ဖို့ ပါပဲ။ တောင်ဝိုင်းမှာနေကြတဲ့ ဆွေမျိုးတွေကို အိုးခွဲညီအစ် ကို မောင်နမတွေကလည်း များတယ်။ အမဲသားမှာသူတွေ ကလည်း များတယ်။ မြို့ပေါ်မှာဆို စားချင်မှ စျေးသွားဝယ် ရင် မရဘူး။ ဆိုင်တွေမှာလည်း မရောင်းရဲကြဘူး။ တစ်ခါ တစ်ရံ ဖောက်သည်လူရင်းတွေက တိုးတိုးတိတ်တိတ် မှာ ထားရင်တော့ အီစမာအင်ဆိုင်မှာ ဆိတ်သားရောင်းသလိုလို နဲ့ အမဲသားကို ညှပ်ရောင်းလိုက်တာလည်း ရှိပါတယ်။ အဲဒီ တိုးတိုးသား(အမဲသား)ကို မြို့ပေါ်မှာ တိုးတိုးတိတ် ထိတ် ခိုးရောင်းခိုးဝယ်ဆိုရင် တစ်ပိဿာ နှစ်ကျပ်၊ ရွာက ပင်ရင်း ဟာနစ်ဆီမှာဆိုရင် တစ်ပိဿာ ငါးမတ်ပဲ ပေးရ

www.burmeseclassic.com

တယ်။ နောက်ပြီး ဦးလေးမြဒင်တို့လို လူရင်း ဖိုဖိုမို့မို့ဝယ်တဲ့သူဆိုရင် သွေးခဲတို့၊ ဝမ်းတွင်းသားတို့ အလကားထည့်ပေးသေးတော့ ပင်ရင်းမှာ သွားဝယ်ရတာ အဆင်ပြေတာပေါ့နော်။

♦ ♦ ♦

ကာကီရောင် လွယ်အိတ်ကြီးကို စလွယ်သိုင်းလွယ်လျက် အမျိုးအမည်မသိ စုပေါင်းစပ်ပေါင်း ဆင်ထားတဲ့ သံချေးတက် ဆောလစ်တာယာတပ် စက်ဘီးဟောင်းကြီးကို တချောက်ချောက်နင်းကာ ဦးလေးမြဒင်သည် ကန်ပေါင်လမ်းအတိုင်း ရွာသို့ အမဲသားဝယ်ရန် ထွက်ခွာလာခဲ့သည်။

(ဤဝတ္ထုမှာ ၁၉၅၀-ပြည့်နှစ်က အဖြစ်အပျက်ဖြစ်သည်။ ထိုကာလက စက်ဘီးအိုပစ္စည်းဖြစ်သည့် တာယာကျွတ်များ၊ အိုပစ္စည်းများ အလွယ်ဝယ်မရပါ။ ဥဏှ်ကြီးရှင် ဦးလေးမြဒင်က ကားတာယာဟောင်းကြီး တစ်ခုကို အနေတော်လှီးဖြတ်၍ စက်ဘီးခွေတွင် သွပ်ကြိုးတည်းကာ စက်ဘီးတာယာအဖြစ် သုံးစွဲခြင်းဖြစ်ပါသည်။ ယနေ့ခေတ် စက်ဘီးများလောက် လျင်မြန်သွက်လက်မှု၊ ညက်ညောမှု မရှိသော်လည်း လမ်းလျှောက်တာထက်တော့ မြန်ပါသည်။ အလေးအပင်ပစ္စည်းလည်း သယ်နိုင်ပါသည်။)

ဦးလေးမြဒင်သည် တကယ်တော့ သာမန်အဆင့်သာ ဖြစ်ပါသည်။ ထပ်မံရှင်းအောင်ပြောရလျှင် လူလောကၭ လူကို အများအားဖြင့် အဆင့်သတ်မှတ်ရာတွင် ထူးချွန်၊ သာမန်အထက်၊ သာမန်၊ သာမန်အောက်ဟူ၍ လူတစ်ယောက်၏ ဆောင်ရွက်ချက်ကိုကြည့်ကာ သတ်မှတ်လေ့ရှိကြပါတယ်။ ဝန်ထမ်းလောက ဝန်ထမ်းနယ်ပယ်တွင် သာမန်အဆင့်ရှိသူများအား လူတော်လူကောင်းဟု အသိအမှတ်ပြုကြပါတယ်။ ဦးလေးမြဒင်က သာမန်အဆင့်ပြီးတော့ လူထူးလူဆန်း ဖြစ်ပါတယ်။ သူ့ကို လူထူးလူဆန်းလို့ ဘာကြောင့် ပြောရသလဲဆိုရင် သာမန်လူတွေ အများအားဖြင့် မလုပ်တဲ့ကိစ္စမျိုး သူလုပ်တာကြောင့် လူထူးလူဆန်းလို့ပြောရခြင်း ဖြစ်ပါတယ်။

ခုလည်း ကြည့်ပါဦး။ တစ္ဆေနဲ့ နပန်းလုံးတာ အမောဆို့ပြီး ကန်ပေါင်ပေါ်က လက်ပံပင်ကြီးအောက်မှာ သတိလစ် လဲနေသတဲ့။ အဲသလို လဲနေတာကို မာလီကုန်းရွာက လူတွေ ရမည်းသင်းမြို့ပေါ် စျေးဝယ်ဖို့လာရင်း တွေ့လို့ နာနပ်သတိရအောင်လုပ်ပြီး အိမ်ကိုထမ်းပို့ခဲ့ရတယ်။ ကန်ပေါင်ရိုးတစ်လျှောက်မှာရှိတဲ့ ရွာကလူတွေ ဦးလေးမြဒင်ကို အများအားဖြင့် သိကြလို့သာပေါ့။ နို့မို့ဆို အခက်သား

♦ ♦ ♦

"ကိုအုန်း..အစ်ကိုကြီး အဖအရောတဲ့။ တော့်ညီ ကိုဒင်ကိုလည်း ဆုံးမဦး။ အရင်တစ်ခါကလည်း ပျဉ်တပ်ထားဆရာညိကောင်းလို့ မသေတာ။ ဒီတစ်ခါ ထပ်လုပ်ပြန်ပြီ"

"ဟာ..အစ်မကလည်း ဒီတစ်ခါ နပန်းချတဲ့ကောင်ထားရင်ကောင် မဟုတ်ဘူး၊ ကျွန်တော့်သူငယ်ချင်း။ ကျွန်တော့်ကို သေအောင် ဘယ်တော့မှမလုပ်ဘူး။ ကျွန်တော် အခြေလွန်ပြီး သတိလစ်သွားတာပါ"

"အလိုလေးတော်..တစ္ဆေသရဲကိုများ သူငယ်ချင်းတဲ့အရင်တစ်ခါ တော်နဲ့ နပန်းလုံးတဲ့ကောင်က ဘယ်ရောက်သွားလဲဟင်"

"အရင်ကောင် ဘယ်ရောက်သွားတယ်ဆိုတာ ကျွန်တော် မသိဘူး။ ဒီကောင်က ချစ်ဆိုင်၊ ကျွန်တော်နဲ့ သိပ်ဦးကျောင်းမှာ ငယ်ငယ်က ကျောင်းနေဖက်ပါ။ နောက်ပိုင်းရဲဘော်ဖြူအဖွဲ့ထဲ ဝင်တယ်။ တစ်နေ့ ကန်ပေါင်ပေါ်မှာရဲတပ်ဖွဲ့နဲ့ တိုက်ပွဲဖြစ်ပြီး ကျဆုံးခဲ့တယ်လို့ ကျွန်တော့်ကိုအိပ်မက်ပေးတယ်။ သူ ကန်ပေါင်ပေါ်က လက်ပံပင်ကြီးအောက်မှာ နေရတယ်ဗျို့။ အစာရေစာ မစားရလို့ အတိုးရောက်နေပါတယ်။ သူ့ကို အစာကျွေးပါလို့ ပြောတယ်။ ကျွန်တော်က တစ်ပတ်သုံးခါလောက် ရွာသွားပြီး အမဲသားဝယ်တော့ ဟာနစ်ဆီက အမဲသွေးခဲတွေ၊ ဝမ်းတွင်းသားတောင်းခဲ့ပြီး သူ့ကို ကျွေးပါတယ်။ ဒီနေ့လည်း ရွာကကျွန်တော် မနက်(၅)နာရီ အသားပေါ်ပြီးပြီးချင်း အမဲသားတစ်ပိဿာတွဲ(၃)တွဲ၊ ငါးမျိုးစုံတစ်ဆွဲနဲ့ ချစ်ဆိုင်အတွက် ဝမ်းတွင်းသားနဲ့ သွေးခဲတစ်ထုပ် ရွာက ယူခဲ့တယ်။ ထပ်ပင်အောက်ရောက်ရင် အသင့်ဖြစ်အောင် အမဲသား(၃)တွဲတစ်ဆွဲစာ ငါးတွေကို လွယ်အိတ်ကြီးထဲ လုံလုံခြုံခြုံထည့်ကြိုးနဲ့စည်းနောင်၊ ကျွန်တော့်ကိုယ်မှာ စလွယ်သိုင်းလွယ်ပြီး ချစ်ဆိုင်အတွက် ထုပ်ထားတဲ့ အထုပ်ကိုတော့ နှိုက်ချည် စက်ဘီးလက်ကိုင်မှာ ချိတ်လာခဲ့ပါတယ်။

လက်ပံပင်ကြီးအောက်ရောက်တော့ စက်ဘီးကို ခနဲ့ခွလိုက်တာ ကျွန်တော်သိတယ်။ ရော့..ချစ်ဆိုင်၊ မင်းအတွက်ဟော့လို့ ပြောပြီး အထုပ်ကို လက်ပံပင်ကြီးအောက်မှာပဲ ပစ်ပေးလိုက်တယ်။ အရင်ကလည်း ဒီအတိုင်းပေးနေကျပါ။ ပေးပြီးတာနဲ့ လက်သမား ကိုဖိုးထောင်ကို ချိန်းထားတဲ့အချိန် နောက်မကျအောင် စက်ဘီးကို

www.burmeseclassic.com

စက်ဘီးနင်းမယ်အလုပ် စက်ဘီးကို ဆွဲထားပြန်တယ်။ ဒါနဲ့ သူ့အထုပ်နား ငါးကြီးကြီးတစ်ကောင် ထပ်ပစ်ပေးပြီး ငါ အိမ်ဆောက်ဖို့ရှိသေးတယ်၊ ပြန်မယ်ဆိုတာ လွတ်မပေးဘဲ စက်ဘီးကို တွန်းလဲပြီး ကျွန်တော့်ကို သူ လုံးတော့တာပဲ။ ကျွန်တော်လည်း ဒီလောက်တောင်ဖြစ်တဲ့ကောင်ဆိုပြီး ပြန်လုံးပါတယ်။ သူလဲကျလိုက်၊ ကျွန်တော်လဲကျလိုက်နဲ့ ကြာတော့ ကျွန်တော် အမောဆို့ပြီး သတိလစ် လဲကျသွားတယ်။ ဆလီကုန်းရွာက လူတွေနဲ့တွေ့တော့ ကျွန်တော့်ကို သတိရအောင် လုပ်ပေးပြီး အိမ်ပြန်ပို့ပေးတာ။ သူ တကယ် ရက်စက်ရင် ကျွန်တော့်ကို သေအောင်လုပ်ပြီး အမဲတွဲတွေနဲ့ ငါးတွဲ ယူသွားမှာပေါ့။ ခုတော့ သူ့အတွက် ပေးထားတဲ့ အမဲသွေးခဲ၊ ဝမ်းတွင်းသားအထုပ်နဲ့ ငါးတစ်ကောင်ပဲ ယူသွားတယ်လေ'

'ရှုပ်ရှုပ်ယှက်ယှက် ငါ့ညီရာ၊ တစ္ဆေသရဲနဲ့ပဲ သူငယ်ချင်းဖြစ်ရတယ်လို့။ အစ်မလည်း မင်းအတွက် စိတ်မအေးရဘူး။ အသွားအလာဆင်ခြင်၊ အပေါင်းအသင်းကြည့်ပေါင်းလေ'

'ကိုအုန်းကလည်း ငါ သွားပေါင်းတာ မဟုတ်ဘူး။ ဒီကောင်က ငါ့ကို အိပ်မက်ပေးပြီး အကူအညီတောင်းတာဟာ။ ကဲ..ကဲ..အစ်မ၊ ဖိုးထောင်တို့အဖွဲ့ အိမ်ဆောက်ဖို့ ဆောင့်နေပြီ။ ကျွန်တော် သွားလိုက်ဦးမယ်'

[မြေလတ်အညာဒေသတွင် အဘွားကို အမေ၊ အမေကို အစ်မခေါ်လေ့ရှိကြသည်။ ခုလည်း ဦးအုန်းနဲ့ ဦးလေးမြင့်တို့သည် အမေဖြစ်သည့် ဒေါ်ရွှေတုပ်ကို အစ်မ..အစ်မ ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ မိခင်ကြီး ဒေါ်ရွှေတုတ်ကလည်း သားများ၏ အမည်ရှေ့တွင် ကိုအုန်း၊ ကိုမြင့် ဟု ရှေ့က (ကို)တပ်ခေါ်သည့်အပြင် တော်တို့၊ ကျုပ်တို့ ဆိုသော အသုံးအနှုန်းမျိုး သုံးစွဲခြင်းမှာ မြေလတ်အညာလေ့ ဖြစ်ပါသည်။]

♦ ♦ ♦

'ဟာ..ဖိုးထောင်၊ ကျင်းတွေတောင် တူးပြီးပြီပဲ'

'မနက်(၆)နာရီကတည်းက ငါနဲ့ ပေသီး ရောက်နေတာ။ မင်းစောင့်နေရင် အိမ်ဆွေချင်းပြီးဖို့ ခက်မယ်။ ဒါကြောင့် မင်းတို့လင်မယားအတွက် သင့်တင့်တဲ့အိမ် ဆောက်ပေးဖို့ ပန္နက်ရိုက်ပြီး မင်းတူတွေနဲ့ ငါ လုပ်ငန်းစထားတာ ဆုခင်းပိုင်းလောက်ဆို အိမ်လုံးပေါ်လာမှာပဲ။ အဲဒီကျတော့ ထိုတာရှိ ပြောပေါ့။ ဒီနားက ဝါးဆိုင်မှာ အချဉ်ဝါး၊ ဝါးကပ်

နဲ့ ဝါးထရံတွေဝယ်ပြီး ပုံထားတယ်။ အဲဒါ မင်းတူတွေ ခေါ်ပြီး ဆိုင်က ဂါလီလှည်းနဲ့ သယ်ခဲ့။ အားလုံး ကျသင့် ငွေ(၄၈)ကျပ်တဲ့။

'အေးပါ..ကျေးဇူးရှင်ရယ်၊ ငါ ခုပဲ သွားသယ်ပါ့မယ်'

လက်သမား ဦးဖိုးထောင်သည် သူဆောက်မယ့်အိမ်အတွက် အချဉ်ဝါး ဘယ်လောက်၊ ဝါးကပ် ဘယ်ရွေ့ ဘယ်မျှ၊ ဝါးထရံ ဘယ်နှစ်ပေ၊ ဘယ်နှစ်ချပ် သုံးရမည် ဆိုတာ အတိအကျတွက်ကာ ဆိုင်ရှေ့တွင် အသင့်ပုံငှားပြီး ဖြစ်၍ သွားသယ်ပေးရန် ဦးလေးမြင့်ကို ပြောထိုက်ရာ ဦးလေးမြင့်သည် တူတော်မောင် ဝင်းမောင်နှင့် မြမောင်တို့အား ခေါ်ပြီး အိမ်နားက သစ်ဝါးဆိုင်မှ သွားသယ်ပေးလိုက်သည်။ ကိုသန်းမောင်ကတော့ သံနှင့် အုန်းဆံကြိုး သွားဝယ်နေသဖြင့် မပါ၊ပါ။

လက်သမား ဦးဖိုးထောင်၊ ကိုပေသီးတို့ ဆရာ၊တပည့် နှစ်ယောက်နှင့် ဦးလေးမြင့်တို့ တူဝရီးက လေးယောက်မို့ (၆)ယောက်သော အင်အားဖြင့် တစ်ယောက်တစ်လက် ခပ်သွက်သွက်ဆောက်လိုက်ရာ နေမွန်းတည့်(၁၂)နာရီကျော် ကျော်တွင် တောင့်တင်းသပ်ရပ်တဲ့ ဝါးထရံကာ ဝါးကပ် မိုးအိမ်လေး ရုပ်လုံးပေါ်လာသည်။

'ဟေ့..ဖိုးထောင်၊ ထမင်းဆာပြီကွာ။ ခဏနားပြီး ထမင်းစားကြစို့'

ဦးလေးမြင့်က ပြောလိုက်ရာ အားလုံး ထမင်းစားဖြစ်ကြသည်။ ခဏနားပြီး လုပ်ငန်းပြန်စချိန်တွင် လုပ်ငန်းကြီးကြီးများမား မကျန်တော့ဘဲ အိမ်မှ ကြမ်းခင်းခြင်း၊ နောက်ဖေးကြမ်းက ပျဉ်ခင်းခြင်းသာ ကျန်တော့သဖြင့် အိမ်ဟောင်းဖျက်ရာမှ ကျန်ရှိသော ခင်းပျဉ်များအား ကိုင်း

www.burmeseclassic.com

ထွာဖြတ်တောက် ခင်းရံသာမို့ ဘာမှအပန်းမကြီးတော့။ ညနေ(၅)နာရီလောက်ဆိုလျှင် ပြီးမှာ သေချာပါသည်။ အိမ်အဝင်တံခါးမကြီးနှင့် ပြတင်းတံခါး သုံးပေါက်မှာလည်း ကပ်ရိုက် ကပ်ခွာ လုပ်ရမှာမို့ ပေသီးတစ်ယောက်တည်းနဲ့ ပင် တစ်ခဏချင်းပြီးအောင် ဆောင်ရွက်နိုင်ပါသည်။

♦ ♦ ♦

'ပေသီးရေ..မင်းဘက်က ဘာကျန်သေးလဲ။ ဂါတ်တဲက (၅)နာရီသံချောင်းခေါက်သံ ကြားပြီ' (ဟိုတုန်းက ရဲစခန်းကို ဂါတ်တဲဟု ခေါ်သည်။)

'ဟုတ်ကဲ့ အစ်ကို၊ ဒါလေး အစသတ်ပြီးရင် ပြီးပါပြီ'

'ဒါဆို မြန်မြန်အစသတ်တော့'

လဲသမားဆရာ ဦးဖိုးထောင်သည် သူ့ဘက်က အလုပ်အစသတ်ကာ တပည့်ပေသီးကို မေးလိုက်ရာ ပေသီးကလည်း အခြေအနေကို ပြန်ပြောလိုက်သည်။ ဝါး၊ ဝါးထရံ၊ ဝါးကပ်များက အသစ်တွေမို့ ဝါးနဲ့လေးတသင်းသင်းနဲ့ အိမ်လေးက နေချင်စရာဖြစ်သည်။

အလုပ်လက်စသတ်ပြီးတာနဲ့ ဦးလေးမြဒင်နဲ့ တူတော် မောင်များက စားဝိုင်းသောက်ဝိုင်း အိမ်သစ်လေးပေါ်မှာပင် ပြင်လိုက်ရာ ပျော်ပျော်ပါးပါး ဝိုင်းစဖြစ်တော့သည်။

'ဂူးဟူး..အားပါး၊ ကောင်းလှချည်လား မြဒင်'

'ဒါ ငါကိုယ်တိုင်ချက်တဲ့ ကောက်ညှင်းမီးတောက်ကွ။ ဒီအရက်မျိုး ဘယ်ကစော်ဆိုင် သွားဝယ်ဝယ် မရဘူး။ ဟောဒီပုလင်းထဲက အရက်ကိုလည်း မြည်းစမ်းကြည့်ဦး။ ဒါလည်း ငါကိုယ်တိုင် ထန်းလျက်နဲ့ချက်တဲ့ ထန်းလျက်မီးတောက်အရက်ကွ။ ချိုမြမြ မွှေးပြင်းပြင်းလေး၊ ဘာနဲ့မှ မလဲနိုင်ဘူး။ ငါ့လူတို့ရေ..ဟေ့အေ့..ပေသီး၊ ခွက်လှည့် မကျော်အောင် မြန်မြန်ချဟ'

'ဟုတ်ကဲ့ အစ်ကိုမြဒင်၊ အရသာထူးလွန်းလို့ အရသာကို မှတ်ပြီး တစိမ့်စိမ့် သောက်နေတာပါ။ ဟဲ..ဟဲ'

ဦးဖိုးထောင်တပည့် ကိုပေသီးသည် သူ့စကားသူ သဘောကျပြီး တဟဲဟဲရယ်၍ နွှတ်ကပြောကာ စိမ်းဖန့်ဖန့် ဖန်ခွက်အတွင်းက ထန်းလျက်မီးတောက်အရက်ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။ ပြီးတော့ အနီးရှိ မောင်းထောင်ချိုင့်အတွင်းမှ ရေတစ်ခွက်ကို ဒန်ဖလားနှင့်ခပ်၍ စတီသောက်လိုက်သည်။

'ဒါနဲ့ မြဒင်..မင်း မနက်က ရွာက ပြန်လာတော့ မာလီကုန်းရွာကလူတွေ မင်းကိုထမ်းပြီး အိမ်လာပို့တာ တွေ့တယ်။ မင်း ဘယ်မှာမူးလဲနေတာလဲ'

'ရှီးမှပဲ ဖိုးထောင်ရာ၊ ငါ ဘယ်တုန်းက မူးလဲတာ မင်းတွေ့ဖူးလဲ။ မူးရမ်းတာရော မြင်ဖူးလား။ အရက်သမား သိက္ခာကျတယ်ကွာ'

'ဒါဆို မနက်က မင့်အတွားကြီးအိမ်မှာ လူတွေ ထွက်လိုက်,ဝင်လိုက်နဲ့ ဘာတွေဖြစ်နေတာလဲ'

'အေး..မင်းမေးမှ ပြောရဦးမယ် ဖိုးထောင်၊ ချစ်ဆိုင်ကို မင်းသိတယ်မဟုတ်လား'

'ဘယ်ချစ်ဆိုင်လဲ မြဒင်'

'တို့ သိမ်ဦးကျောင်းမှာနေတုန်းက တို့နဲ့ တစ်တန်းတည်းပဲလေ။ ညောင်ပင်ရပ်မှာနေတဲ့ ချစ်ဆိုင်လေကွာ'

'ဩော်..သိပြီ၊ သိပြီ။ ခင်ချစ်ရဲ့မောင်၊ မင်းရဲ့ မထော်လိုက်ရတဲ့ယောက်ဖ ချစ်ဆိုင်ပဲ ငါသိတာပေါ့'

'ရှီးမှပဲ ဖိုးထောင်ရာ၊ မကြီးကြားရင် ပြဿနာတက်တော့မယ်။ တိုးတိုးပြောစမ်းပါ'

'အေးပါ မြဒင်ရာ၊ မင်း မိန်းမကြောက်မှန်း မသိလို့ ပြောလိုက်မိတာပါကွာ။ ကဲ..ချစ်ဆိုင် ဘာဖြစ်လို့လဲ၊ ပြောပါဦး'

'ချစ်ဆိုင်..တစ္ဆေသရဲဖြစ်နေတယ် ဖိုးထောင်'

'ဘယ်မှာ ဖြစ်နေတာလဲ။ ဒီကောင် သရဲဖြစ်နေတာ မင်း ဘယ်လိုသိလဲ မြဒင်။ စသောက်တာ တစ်ခွက် တိုက်ဖလား ရှိသေးတယ်။ မူးပြီး တောပြောတောင်ပြော မလုံနဲ့ကွာ။ ဓိမ်ဟုက်တယ်'

'ဟေ့ကောင် ဖိုးထောင်၊ ငါ မူးလို့ပြောတာမဟုတ်ဘူး။ ဒီနေ့မနက် ငါ ရွာကပြန်လာတော့ ဒီကောင်နဲ့ နပန်းချကြတာ ငါ အမောဆို့သွားပြီး သတိလစ်သွားတာကွ။ ဒါကြောင့် ဈေးဝယ်လာတဲ့ မာလီကုန်းရွာသား သူငယ်ချင်း အသိမိတ်ဆွေတွေက အိမ်ပြန်ပို့ကြတာ'

'ဒါနဲ့ မင်းနဲ့ ချစ်ဆိုင် နပန်းသတ်တော့ မင်း သူ့ကို မြင်ရသလားဟင်'

'မမြင်ရဘူး။ ငါ့ကို လေလွှင့်နေသလို ခံစားရတာပဲ။ ငါ့ကို သူက နာအောင် ကျင်အောင် မလုပ်ပါဘူး။ ငါ မမြင်ရဘဲ လေသံ ရှိုးခနဲ၊ ရဲခနဲ ကြားတဲ့ဘက် မှန်းရမ်းထိုး ထိုးရင်း ကြာတော့ တစ္ဆေသရဲနဲ့လူ လူက အဆို့ လဲကျတဲ့သဘောပါပဲ။ မနက်က ချတဲ့ပွဲမှာလည်း ငါပေါင်မှာ ငါက ဒေါပွပြီး ရှီးခနဲကြားတဲ့ဘက်ကို တစ်ထိုး မရပ်မနား လိုက်ထိုးရင်းက အားလွန်ချော်ကျ

www.burmeseclassic.com

www.burmeseclassic.com

သတိမေ့သွားတာပါ။ ငါ စလွယ်သိုင်းလွယ်ထားတဲ့ လွယ်အိတ်ကြီးထဲ အမဲသားတွဲတွေနဲ့ ငါးတွေကို သူ မယူပါဘူး။ ငါ ပေးကျွေးတဲ့ဟာပဲ သူယူသွားတယ်။ ဒါကြောင့် မင်းတို့ ဒီနေ့ အမဲကြော်၊ ငါးကြော်တွေ စားနေရတာပဲ'

'တကယ့်တော့ မြဒင်၊ မင်းနဲ့ငါ သူ့အိမ် သွားပြောပြသင့်တယ်။ သူ့အိမ်ကသိတော့ အလှူဒါနပြု အမျှအတန်း ပေးမယ်ဆို ဒီကောင် ကျွတ်လွတ်သွားနိုင်တာပေါ့ကွာ'

'ငါသဘောပေါက်ပါတယ် ဖိုးထောင်ရာ။ ငါ သူ့အိမ် သွားတော့ အဲဒီအိမ်မှာ ချစ်ဆိုင်နဲ့ပတ်သက်သူ တစ်ယောက်မှမရှိတော့ဘူး။ သူ့အမေနဲ့ သူ့အဖေလည်း ဆုံးသွားပြီ။ ခင်ချစ်ကတော့ ကျပန်ခေတ်က ကျောက်ပေါက်ပြီး ဆုံးသွားတယ်တဲ့။ သူ့အစ်ကိုကြီး ချစ်လွင်ကတော့ အင်္ဂလိပ်တပ်တွေ မြန်မာနိုင်ငံက ဆုတ်ခွာသွားတော့ အင်္ဂလိပ်တပ်နဲ့ တစ်ပါတည်း လိုက်သွားတာ သေသည်၊ ရှင်သည် မသိတော့ဘူးတဲ့ဟာ'

'ဟား...ဟား...ဟီး...ဟီး... အင်း...အင်း...ဟီး...ဟီး... အင်း...အင်း'

ရယ်သလား၊ ငိုသလား မသဲမကွဲတဲ့အသံများ အသံပြု၍ ပေသီးတစ်ယောက် ထိုင်လျက်က အပေါ်ပိုင်းတစ်ကိုယ်လုံး ယိမ်းထိုးနေသည်။ သောက်လက်စဖန်ခွက်လည်း လက်ထဲတွင်းက ကြမ်းပေါ် ပြုတ်ကျသွားသည်။

'ဟာ...ပေသီး၊ ပေသီး...ဘာဖြစ်တာလဲ။ ဘာဖြစ်တာလဲ'

'ဖယ်စမ်း၊ ခဏ ဘေးဖယ်စမ်း။ ငါကြည့်စမ်းမယ်'

အူယားဖားယား ပြောနေဆိုနေသံများ ကြားသဖြင့် အတွားဒေါ်ရွှေဖောင်၏ခင်ပွန်း အဘိုးဦးဘအေး အိမ်သစ်လေးပေါ် တက်လာကာ ပေသီးကို ကြည့်လိုက်သည်။

'ဟေ့...မောင်မြဒင်၊ ဒါ ရိုးရိုးသားသား မဟုတ်ဘူးထွယ်။ တစ်ကောင်ကောင် ပူးကပ်နေတာ။ ငြိမ်ငြိမ်နေကြ။ ငါ မေးကြည့်စမ်းမယ်'

'ဟဲ့...နင် ဘယ်သူလဲ။ ဘာကြောင့် ဒီလူကို ပူးကပ်တာလဲ'

'ကျုပ်ချစ်ဆိုင်ပါ။ မနက်က ကျုပ်နဲ့ မြဒင် ကစားရင်း ကန်ပေါင်ရိုးအောက် မြဒင် ခြေချော်ကျသွားပါတယ်။ ကျုပ် လုပ်တာ မဟုတ်ပါဘူး။ သူဟာသူ အားလွန်ကျတာပါ။ မနက်ကတည်းက အိမ်ရောက်အောင် လိုက်ပို့ချင်ပေမယ့် ကျုပ် ကျောက်တလားရေလွတ်ပေါက်က မကျော်နိုင်အောင် မြို့တော်ရှင်က တားမြစ်တာကြောင့် မလိုက်နိုင်ခဲ့ပါဘူး။ အခုတောင် မြို့တော်ရှင်ကို တောင်းပန်ပြီး အချိန်အနည်းငယ် ခွင့်ပြုချက်ရတာကြောင့် ဒီအိမ်ကို လာရောက်နိုင်တာပါ။ ငါ့ကို စိတ်မဆိုးပါနဲ့ မြဒင်၊ ငါ့ကို ပစ်မထားပါနဲ့ မြဒင်။ အင်း...အင်း'

ပေသီးကိုယ်တွင် ဝင်ကပ်နေသော တစ္ဆေချစ်ဆိုင် ပြန်ထွက်သွားပြီးနောက် ပေသီး ကြောင်တက်တက်ဖြစ်ကာ ဘာဖြစ်တာလဲလို့ မေးနေသည့်ပမာ ဦးဖိုးထောင်နှင့် ဦးလေးမြဒင်တို့ကို ကြည့်ကာ ကြောင်တောင်တောင်ဖြစ်နေသည်။ စားသောက်ပြီးကြပြီမို့ ဝိုင်းသိမ်းကာ ပြန်သွားကြသည်။

ဦးဖိုးထောင်တို့ ဆရာ၊တပည့် ပြန်သွားပြီးနောက် မိခင်ကြီး ဒေါ်ရွှေတုတ်၊ အတွားလေး ဒေါ်ရွှေဖောင်တို့ အိမ်သစ်လေးပေါ် ရောက်လာကြသည်။

ဦးလေးမြဒင်အပေါ် မိခင်ကြီး ဒေါ်ရွှေတုတ်ရဲ့ ပြောကြားချက်ကတော့-

'ဒီမှာ ကိုမြဒင်...တော်တို့ဘဒွေး ဖိုးဘအေး ပြောပြလို့ ကျုပ်တို့ အားလုံးသိပြီးပြီ။ တော့်အစ်မကြီးတွေဖြစ်တဲ့ မအေးခင်၊ မအေးရင်နဲ့ အစ်ကိုကြီးဖြစ်တဲ့ ကိုအုန်းကို့လို တည်တည်တံ့တံ့ အေးအေးဆေးဆေး နေစမ်းပါတော်။ တော့် အတွက် ကျုပ် စိတ်မောတယ်။

တော့်သူငယ်ချင်း ဟို...ဟို တစ္ဆေအတွက်လည်း စိတ်မကောင်းဘူး။ တော်တို့အတွက် အိမ်တက်တရားနာမယ့်နေ့မှာ သူလည်း ဖိတ်လိုက်။ သူအတွက် ရည်စူးပြီး သင်္ကန်းပရိက္ခရာ လှူပေးမယ်။ တော်ကိုယ်တိုင် အမျှပေးဝေလိုက်ပါ'

'ဟုတ်ကဲ့ အစ်မ'

မိခင်ကြီးဒေါ်ရွှေတုတ် ပြောသည့်အတိုင်း ဆောင်ရွက်ခဲ့ရာ ထိုနေ့ညမှာပဲ ချစ်ဆိုင် အိပ်မက်ပေးတာ ဦးလေးမြဒင် ရသတဲ့။ အိပ်မက်က ထူးထူးခြားခြားတော့မဟုတ်။

'မြဒင် မင်းကျေးဇူးကြောင့် ငါ ကျွတ်လွတ်ခဲ့ပြီ'လို့ ပြောပြီး ပျောက်သွားတယ်တဲ့။

အိပ်မက်ကိုလည်း ဦးလေးမြဒင်က ယုံတယ်။ ဘာကြောင့်လဲဆိုတော့ ကန်ပေါင်အတိုင်း စက်ဘီးနဲ့ ပြန်လာတဲ့အခါ ရှေးကလို စက်ဘီးကို ဖမ်းခွဲတာတွေ မလုပ်တဲ့အပြင် လက်ပံပင့်ကြီးအောက်ရောက်လည်း ကြက်သီးမွေးညင်း ထတာတွေ မဖြစ်တော့ဘူးတဲ့။

ဝင်းသောင်(ရမည်းသင်း)

www.burmeseclassic.com

ကိုထွန်းလူ တစ်ယောက်မှာ သည်နေ့တွင် ပျော်နေမိသည်။ ပျော်မယ်ဆိုလည်း ပျော်လောက်ပေသည်။ အရပ်ထဲ၌ အလှူပွဲက သုံးပွဲတိတိ တစ်ရက်တည်း၊ တစ်ပြိုင်တည်း ကျင်းပကြမည်ဖြစ်၍ အလှူပွဲ၏ ဟင်းလျာက ဝက်သားဖြစ်သည်။ အလှူရှင်များက ဝက်ဒိုင်တွင် သူတို့အလှူပွဲအတွက် လိုအပ်သလောက် ဝက်သားကို မှာထားကြ၏။ ဝက်သတ် ဒိုင်ကလည်း နေ့စဉ်ပုံမှန်ပေါ်နေကျ ဝက်ကောင်ရေထက် အလှူသုံးပွဲမှ မှာလာကြသော ဝက်သားများ ပြည့်မီအောင် ရောင်းချပေးနိုင်ရန် ဝက်ကောင်ရေ ပို၍သတ်ကာ ပေါ်ပေးရမည် ဖြစ်သည်။

"ဟေ့..ထွန်းလူ၊ မင်း ဒီညတော့ ခပ်စောစော လာခဲ့ကွာ။ နေ့စဉ် ပုံမှန်ဝက်ကောင်ရေထက် အလှူပွဲတွေအတွက်ပါ ဝက်သားအော်ဒါ ရှိနေတော့ ကောင်ရေ တိုးပြီး ပေါ်ပေးရမယ်ဟေ့"

(ဇယျဝတီ)

ဘဝမခြားလည်သော ဝင့်ကြွား

www.burmeseclassic.com

www.burmeseclassic.com

"ဟား..ဟုတ်လား၊ ဝမ်းသာလိုက်တာဗျာ။ ကျုပ်က နေ့စဉ် မကျန်းမာနေလို့ ဆေးဖိုးဝါးခ လိုအပ်နေတာနဲ့ အတော်ဖြစ်ပြီပေါ့ဗျာ"

ထွန်းလူမှာ ဝက်ကောင်ရေ ပို၍ပေါပေးရမည်ဖြစ်၍ သူဝက်သတ်ရာတွင် အမြဲအသုံးပြုနေရသည့် နှစ်ဖက်သွားခွီသော ဓားမြှောင်ကို ဓားသွေးကျောက်၌ စိမ်ပြေနပြေ သွေးနေလေသည်။ သွေးထားသော ဓားအသွားကို လက်နှင့် စမ်းကြည့်လိုက်၊ ထပ်သွေးလိုက်ဖြင့် စိတ်တိုင်းကျ သွေး၏။ ပြီးလျှင် သူ၏ပုဆိုးကို အနည်းငယ် မ,တင်ကာ ပေါ်လာသော ခြေသလုံးမှ ခြေသလုံးမွေးများကို သူ့ဓားဖြင့် ရိတ်ခ်ေးကြည့်၏။

"အင်..ငါ့ရဲ့ နှစ်ဖက်သွားဓားကတော့ အသွားတွေ ထက်သွားပြီပဲ။ ညဘက်မှာ အလုပ်စဖို့ အဆင်သင့်ဖြစ်ပြီ"

ထွန်းလူမှာ တခြားဘာအလုပ်မှ မလုပ်ဘဲ ဝက်သတ်သည့် အလုပ်ကိုသာ လုပ်ခဲ့၏။ သတ်ရဲဖြတ်ရဲလည်း ရှိ၏။ ဝက်တစ်ကောင်ကို သတ်ပေးလျှင် သူ့အတွက် ငွေတစ်ဆောင်နှင့် အသားတစ်ပိဿာ သတ်ခရသဖြင့် ဈေးသုံးဖို့ လည်းရ၊ အသားလည်း ဟင်းချက်စရာရသဖြင့် သူ့မိသားစု အတွက်ပါ အဆင်ပြေနေလေသည်။

ဝက်ဒိုင်ကလည်း ယခင်က တခြားဝက်သတ်သူများကို ငှားသတ်ခိုင်း၏။ သတ်ရာတွင် ဝက်များ အသံထွက်အောာ်ဟစ်ကြသဖြင့် ပတ်ဝန်းကျင်မှ နားမချမ်းသာ ဖြစ်စေခဲ့သဖြင့် အခြားတစ်ယောက်ကို ပြောင်း၍သတ်ခိုင်းပြန်၏။ ထိုလူများကလည်း ဝက်များ အသံမထွက်အောင် မသတ်နိုင်ခြင်းကြောင့် တစ်ယောက်မကောင်း တစ်ယောက် ပြောင်းခိုင်းခဲ့ရာ ကိုထွန်းလူကို သတ်ခိုင်းတော့မှပင် စိတ်တိုင်းကျကာ ထွန်းလူအား ပင်တိုင်ဝက်သတ်သမားအဖြစ် ခန့်ခဲ့တော့သည်။

ထွန်းလူကလည်း ဝက်သတ်ရာတွင် လက်ယဉ်လှသည်။ ဝက်သတ်ရာတွင် သတ်မည့်ဝက်အား မသတ်မီ ရေချိုးသပ်ပေး၏။ ဝတ်များကို ထိုသို့ပြုတ်သပ်ပေးလျှင် မွှိန်၍ ငြိနေတတ်၏။ ထိုသို့ ငြိမ်ပြီးမှိန်နေစဉ်မှာ သူ၏ နှစ်ဖက်သွားဓားမြှောင်ကို မိမိရရဆုပ်ကိုင်ကာ ဝက်နှလုံးရှိသော ဘေးတောက်မှ အားနှင့် တစ်ချက်တည်း ဆောင့်ထိုးပေးလိုက်ရာ ထိုအခါ အထိုးခံရသောဝက်မှာ အင့်ဟသာ တစ်ချက် ဆွဲနိုင်ပြီး မြေပြင်သို့ ဗုန်းဗုန်းလဲကျသွားခဲ့တော့သည်။ ထွန်းလူ သတ်ပြီးလျှင်တော့ ရေနွေးဖြောသူ၊ အမွေးခြစ်သူ၊ ခုတ်ပိုင်းသူတွေက ဝိုင်းဝန်းလုပ်ဆောင်ကြသဖြင့် ဝက်တစ်ကောင်ကို အချိန်အနည်းငယ်နှင့်ပင် ပေါ်ပြီးခဲ့တော့သည်။

"ဟော..ထွန်းလူ၊ မင်း ရောက်လာပြီလား"

"ဟုတ်တယ် ဆရာ။ ရောက်ပါပြီ"

"အေး..ဒီညမှာတော့ ပုံမှန်ကောင်ရေထက် အလှူတွေ အတွက် အော်ဒါပေးရမှာဆိုတော့ ဝက်ကောင်ရေ များတယ်ကွ။ မင်းသတ်ပေးရမည့် ဝက်တွေကို ဝက်သတ်ရုံထဲမှာ သီးသန့်ခွဲထားတယ်ဟေ့"

ထွန်းလူလည်း ဝက်သတ်ရုံထဲ ဝင်လာကာ ဝက်တစ်ကောင်စီ ကန့်ထားသော ခြံထဲမှ တစ်ကောင်ချင်းထုတ်ပြီး တစ်ကောင်ပြီးတစ်ကောင် ထိုးသတ်ပေးခဲ့တော့သည်။

ည၌တစ်နာရီခန့်မှ သူသတ်ပေးရမည့်ဝက်များ သတ်၍ ပြီးဆုံးခဲ့သည်။ သူသတ်ခရမည့် အသားများထဲမှ တစ်ပိဿာကိုသာ သူ့အိမ်အတွက် ဆွဲလာပြီး ကျန်အသားများကိုတော့ ဝက်ဒိုင်ကိုပင် ပေါက်ဈေးနှင့် ပြန်သွင်းခဲ့လေသည်။ ပြီးလျှင် ဝက်အသည်း၊ ဝက်ကလီစာ အနည်းငယ်ယူကာ အိမ်ပြန်လာခဲ့သည်။

"ဟော..ကိုထွန်းလူ၊ ဝက်ဒိုင်က ပြန်လာတာလားကွ"

"အေး..ဟုတ်တယ်။ မင်း မအိပ်သေးဘူးလားကွ"

"ဟာ..အိပ်ပြီးလို့လည်း တစ်ရေးနိုးလာတာလေဗျာ"

"ဒါဆို ငါ့အိမ် လိုက်ခဲ့လေကွာ။ ဝက်ကလီစာချက်ပြီး ဝိုင်းဖွဲ့ကြရအောင်လေကွာ"

"ဟို..မှတ်ကြီးတို့၊ ဖိုးအောင်တို့ကို နှိုးဦးမလားဗျ"

"အေး..နှိုးခဲ့လေကွာ။ လူများတော့ ပိုမျော်စရာကောင်းတာပေါ့ကွာ"

ထွန်းလူက ဝက်သတ်ရာမှ အိမ်ပြန်ရောက်လျှင် သူ့အိမ်နီးချင်းအပေါင်းအသင်းများကိုနှိုးကာ ပါလာသော ဝက်အသည်း၊ ကလီစာတို့ကိုချက်ပြီး အရက်ဝိုင်းဖွဲ့ပေးနေကျ ဖြစ်သည်။ ယခုလည်း သူ့ အပေါင်းအသင်းများနှင့် အမောပြေ ဝိုင်းဖွဲ့ကြရန် သူ့အိမ်သို့ ခေါ်လာခဲ့ခြင်း ဖြစ်လေသည်။ ဝက်ဝမ်းတွင်းသား၊ ကလီစာအသည်းများကို ဟင်းချက်၍ ကျက်သည်နှင့် ပန်းကန်လုံးထဲကိုတောင် ခပ်မထည့်တော့ဘဲ ဝိုင်းအလယ်တွင် အိုးလိုက်ချကာ ဇွန်းတပ်ပြီး ဝယ်လာခဲ့သော ချက်အရက်မီးတောက်ကို အလှည့်ကျ [redacted]လှည့်ကာ သောက်စာခဲ့ကြလေသည်။ နံနက်လေးနာရီ ကြက်ဦးတွန်ချိန်လောက်မှ ဝိုင်းသိမ်းကြကာ အသီးသီးပြန်ကြလေသည်။ ထိုအခါမှ ထွန်းလူလည်း အိပ်ရာဝင်ကာ မူးမူးနှင့် အိပ်လေ

www.burmeseclassic.com

တော့သည်။

♦ ♦ ♦

တစ်ညတွင် ထွန်းလူ ဝက်ခိုင်မှ ဝက်သတ်ပေးပြီး၍ အိမ်ပြန်လာခဲ့သည်။

'ဟင်..ရှင့်ကိုယ်မှာလည်း ဝက်သွေးစက်တွေ ပေကျံနေတာပါပဲလားတော်'

'အေးလေကွာ၊ ဝက်သတ်ရာက သွေးစက်တွေ စည်းသွားခဲ့တာပါကွာ'

'အင်း..ရှင့်ကိုမြင်ရတာ စိတ်မသက်သာစရာပါလားတော်။ ကျွန်မတို့လည်း ရှင် ဝက်သတ်ပြီးပြန်လာရင် ပါလာတဲ့ ဝက်သားတွေကို စားနေကြရတာ ကြာတော့ မျိုမကျတော့ပါဘူးတော်'

'ဟ..သူများအိမ်တွေမှာဆိုရင် ဈေးက တမင်ဝယ်မှ စားကြရတာလေကွာ။ အခု ငါက အလကားရတာပဲမဟုတ်လား။ ငါက မင်းတို့သားအမိတစ်တွေ စားကြရပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ စေတနာနဲ့ ယူလာပေးတာကို အေးအေးဆေးဆေး စားကြစမ်းပါကွာ'

'ရှင်..ဒီလိုသာ နေရှိသရွေ့ ဝက်တွေ သတ်ပေးနေရတော့ တစ်နေ့မှာ ရှင် ဝက်တွေလိုပဲ ဝင့်ပြန်လည်မှာစိုးလို့ပါတော်'

'ဟ..ငါ ဝက်သတ်တာ ဘယ်သူ ရန်လုပ်လို့လဲကွာ။ ဝက်ဆိုတဲ့ တိရစ္ဆာန်တွေက လူကချွတ်မှ သူတို့ခမျာ ကျွတ်ကြရမှာလေကွာ'

'ရှင်..ဒီအလုပ်ကို ရပ်တန်းကရပ်ပြီး တခြားအလုပ်ပြောင်းလုပ်ပါလားတော်။ ရှင် ဝက်တွေ သတ်ပေးလာခဲ့တာလည်း နှစ်တွေတောင် ကြာလာခဲ့ပြီဖြစ်တော့ ကျွန်မတို့၊ ရှင်တို့ဟာ အသက်တွေလည်း ကြီးခဲ့ကြပါပြီရှင်'

'အို..ငါက တခြားအလုပ်မှ မလုပ်တတ်တာဘဲလေကွာ။ ဒီအလုပ်က သက်သောင့်သက်တာနဲ့ မပင်မပန်းလုပ်ရတာဆိုတော့ ငါနဲ့တော့ တော်တော်အဆင်ပြေနေတာပဲလေကွာ'

သူဇနီးသည်က သူ၏လင်သားဖြစ်သူမှာ ဝက်တွေကို နေ့စဉ် သတ်နေရပြီး ဝင့်ခုက္ခပြန်ခံရမည်ကို စိုးရိမ်ကြောင့် ကြစိတ်နှင့် ထိုအလုပ်ကို မလုပ်ဘဲ တခြားကောင်းရောင်းကောင်းဝယ်အလုပ်ကို ပြောင်းလုပ်စေချင်ပေမယ့် ကိုထွန်းလူကတော့ ထိုအလုပ်မှ အလုပ်ဟုထင်ကာ လုပ်မြဲလုပ်နေသဖြင့် ပြောမရဘဲ ဒီအတိုင်းသာ ကြည့်နေရလေသည်။

တစ်နေ့တွင် ကိုထွန်းလူ၏အိမ်နားမှ အိမ်နီးချင်းနေသူ ကိုစံလှမှာ မမာနေတာ ကြာလာရာမှ သေဆုံးသွားခဲ့လေသည်။ ကိုစံလှ ရက်လည်သည့်နေ့တွင် ပင့်သံဃာများ ရောက်ရှိလာ၍ တရားနာကြရသည်။

ကိုထွန်းလူလည်း အိမ်နီးချင်းမှ နာရေးကိစ္စဖြစ်၍ မလွဲမရှောင်သာဘဲ ထိုရက်လည်သို့ သွားခဲ့ရကာ တရားနာနေရလေသည်။

ပင့်သံဃာအရှင်မြတ်များက ပရိသတ်အား ငါးပါးသီလခံယူကြစေကာ အန္တရာယ်ကင်းပရိတ်တရားတော်များ ချီးမြှင့်ပေးပြီးနောက် အနုမောဒနာတရား ချီးမြှင့်ပေးလေသည်။

'တရားနာယူနေကြတဲ့ ဒကာ,ဒကာမအပေါင်းတို့..လူဘဝလူရယ်လို့ ဖြစ်လာကြတဲ့အခါ မိမိဝမ်းစာရရေး လုပ်ကိုင်ရှာဖွေကြတာလည်း ရှာဖွေကြပေါ့။ ဒါပေမဲ့ ဘုရားတရား၊ သံဃာ စတဲ့ရတနာသုံးပါးကိုတော့ မမေ့ကြနဲ့။ ငါးပါးသီလ လုံခြုံအောင်လည်း စောင့်ထိန်းကြပါ။ သူ့အသက် သတ်ဖြတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ခြင်း၊ မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်း၊ မူးယစ်သေစာ သောက်စားခြင်း အချက်များကို ရှောင်ကြဉ်ကြပါ။ အထူးသဖြင့် သူ့အသက် သတ်ဖြတ်ခြင်းအမှုကို လုံးဝရှောင်စေချင်ပါတယ်။ မိမိ သတ္တိထဲ ထင်ရှားရှိနေစဉ်မှာ သတ်ဖြတ်ခြင်း ကျူးလွန်မိတာမျိုး အမှုမဲ့အမှတ်မဲ့ ပြုခဲ့မေမယ့် ဒီဝဋ်ကြွေးက ပြန်လည်ခံစားရပါတယ်။ ဝဋ်မှာအမြဲ ငရဲမှာအပ ဆိုထားတယ် မဟုတ်လား။ တချို့လည်း ဘဝမခြားဘဲ ဝဋ်လည်တတ်ကြတယ်။ တချို့ကတော့ ဘဝပြောင်းသွားပြီးမှ ဝဋ်ခံကြရတယ်။ တယ်ကြောက်စရာကောင်းလှပါတယ်။ ဒါကြောင့် ငါးပါးသီလကို ခါးဝတ်ပမာ မြဲကြဖို့ မိန့်မှာလိုပါတယ်။ သီလမြဲပြီး တတိုးမ်းသမျှ ကုသိုလ်အမှုပြုကြပါလို့ ဆုတောင်းတိုက်တွန်းဟောကြားလိုပါတယ် ဒကာ,ဒကာမတို့ရေ'

ထို့နောက်တွင်တော့ ဆရာတော်မှပင် ပြုသမျှကုသိုလ်အစုအဝေးတွင် ရေစက်ချဟောကြားပေးကာ တရားနာသတ်များမှ သေသူအပါအဝင် ဝေနေယျသတ္တဝါတို့အား အမျှအတန်းပေးဝေကြကာ သာဓုခေါ်ဆိုနိုင်ခဲ့ကြလေသည်။

'ကိုထွန်းလူ..ရှင် ဟိုရက်လည်နေ့က ဆရာတော်ဟောကြားပေးခဲ့တဲ့ တရားတော်ကို နာကြားခဲ့ရတယ်နော်

www.burmeseclassic.com

www.burmeseclassic.com

'အေးလေ..နာရသားပဲ'

'ဆရာတော်က ငါးပါးသီလ မြဲကြဖို့နဲ့ ရှောင်ရန်တွေ ဟောကြားပေးတာ ရှင်လည်း အသိပဲလေ။ ဒီတော့ ရှင် အသက်တွေ သတ်နေတာဟာ ငါးပါးသီလထဲက ပါဏာတိပါတကံဆိုတဲ့ သူ့အသက်သတ်ခြင်းက်ံကို ကျူးလွန်နေတာပဲ မဟုတ်လားတော်။ ဒီတော့ ရှင် အဲဒီအလုပ်ကို ရပ်ပါနဲ့တော့လားတော်'

'ဟာ..ငါက ဒီအလုပ်ပဲ လုပ်တတ်တာလေ။ ဒီအလုပ် ရပ်လို့ မင်းတို့သားအမိတစ်တွေ ငတ်သေကုန်တော့မှာ ဆိုကွာ။ ဝဋ်ဆိုတာက နောင်ဘဝရောက်မှ ခံရမှာပါ။ ဒါလည်း ဆရာတော် ဟောကြားလို့သာ ကြားကြရတာပါ။ ဘယ်ခံရမယ်၊ မခံရဘူးဆိုတာ ဘယ်သူမှ အတပ်မပြောကြပါဘူးကွာ'

ကိုထွန်းလူမှာ သူလုပ်နေကျအလုပ်ကို မစွန့်လွှတ်ဘဲ ဆက်လုပ်နေကာ သောက်ဟယ်စားဟယ်နှင့်သာ နေလာခဲ့တော့သည်။

'ဟေ့..ထွန်းလူ၊ မင်း ဒီနေ့ရောက်လာတာ စောလှပါကွာ။ အေးပဲမစမီ လာထိုင်စမ်းပါဦးကွာ'

'ဟင်..ဆရာ၊ ကျွန်တော့်ကိုခေါ်တာ ဘာခိုင်းချင်လို့ ဆရာ'

'အေး..ပြောပါ့မယ်ကွာ။ ဒီလိုကွ၊ ငါတို့ ဝက်ဒိုင်အတွက် ဝက်ရှာဖွေဝယ်ယူဖို့ တာဝန်ပေးထားတဲ့ ဟို..အေးဆောင်ကို သိတယ်မဟုတ်လား'

'သိပါတယ် ဆရာ၊ အခု အေးဆောင်က ဘာဖြစ်နေလို့ ဆရာ'

'ဒီကောင်က ကျန်းမာရေးမကောင်းနေတော့ ဝက်ရှာ မထွက်နိုင်ဘူးလေကွာ။ ငါတို့ ဝက်ဒိုင်ကလည်း ဝက်တွေရပါမှ နေ့စဉ်ပေါ်ပြီး ရောင်းပေးနိုင်မှာလေကွာ'

'ဟုတ်ပါတယ်လေ။ ဒီတော့ ကျွန်တော့်ကို ခေါ်ရတာ ဘာ'

'မင်းကို ခေါ်ရတာက မင်းက ဝက်အကြောင်း နားလည်တယ်မဟုတ်လား။ ဘယ်ဝက်ကိုပေါ်ရင် အချိန်ဘယ်လောက်ထွက်မယ်အထိ နားလည်နေတော့ မင်းကို ဝက်ရှာဝယ်ယူပေးဖို့ တာဝန်ပေးချင်တယ်။ မင်းကတော့ ငါ့ဆီ ဝင်လုပ်လာတာလည်း နှစ်တွေကြာနေပြီဆိုတော့ မင်းကိုတော့ ငါယုံကြည်တယ်ကွ'

'ဆရာ..ကျွန်တော် ဝက်ရှာဝယ်လို့ရလာရင် ကျွန်တော့်ကို ဘယ်လိုတွေပေးမှာလဲ ဆရာ'

'အိုး..အဲဒီအတွက် မင်း ဘာမှမပူနေနဲ့။ မင်းကိုတော့ ငါ ပိုပေးရမှာပေါ့ကွာ'

ကိုထွန်းလူလည်း သူ့အား ငွေပိုပေးကာ ဝက်ရှာဖွေဝယ်ယူပေးရေး စေခိုင်းလာသဖြင့် နယ်တွေ၊ တောရွာတွေ အထိဆင်း၍ ရှာဖွေဝယ်ယူပေးနေရတော့သည်။

တစ်နေ့တွင် ရွာတစ်ရွာသို့ ရောက်ရှိလာခဲ့သည်။

'ဟာ..အို၊ အိမ်ရှေ့က ဝက်သားအမိအုပ်မှာ ဝက်ပေါက်တွေပါလား။ ဒီဝက်တွေ ဒီလောက်အကောင်တွေ ကြီးနေတာတောင် ပိုင်ရှင်က ရောင်းမထုတ်သေးပါလား'

ထိုအိမ်သို့ဝင်ကာ စုံစမ်းကြည့်မိလေသည်။

'လာဝယ်ကြတဲ့ လူတွေတော့ ရှိပါတယ်။ ဒါပေမဲ့ ဝက်မကြီးကလွဲပြီး ကျန်ဝက်ပေါက်အားလုံးကို တစုတဝေးတည်း ရောင်းလိုက်ချင်တာဗျာ။ နှစ်ကောင်,သုံးကောင် လောက်သာ ဖဲ့ဝယ်ချင်ကြတော့ မကိုက်ဘဲ ဖြစ်နေရတာဗျ'

'အို..ကျုပ်ကတော့ ဝက်ပေါက်အားလုံးကို အပြတ်ဝယ်မှာဗျ'

ထိုသို့ဖြင့် ကိုထွန်းလူမှာ ထိုဝက်ပေါက်အားလုံးကို ဝယ်ဖြစ်ခဲ့လေသည်။ ထိုဝက်ပေါက်အားလုံးကို လှည်းနှင့် တင်ပြီး သယ်ယူမည်ဖြစ်၍ ခြေ,လက်များ ကြိုးတုပ်ပြီး လှည်းပေါ်တင်ကြလေသည်။

ဝက်ပေါက်အားလုံး လှည်းပေါ်တင်ကာ မောင်းထွက်သွားသည်နှင့် ကျန်ခဲ့သော ဝက်မကြီးမှာ လှည်းနောက်က ပြေးလိုက်လာလေသည်။

'ဟ..ဟ..ဝက်မကြီးကို ပြန်မောင်းကြပါဟ'

'မရဘူးဗျို့။ လှည်းနောက်ကိုသာ အရလိုက်နေတော့ တာပဲဗျ'

'ဟာ..လိုက်လို့မဖြစ်ဘူး။ ဖမ်းပြီး ကြိုးခိုင်ခိုင်နဲ့ ချည်ထားကြစမ်းကွာ'

ရွာထဲမှာလူများက ဝက်မကြီးအား ဝိုင်းဖမ်းကာ ကြိုးနှင့်တုပ်ပြီး တိုင်တစ်တိုင်မှာ ချည်နှောင်ထားလေသည်။ ဝက်မကြီးလည်း ကြိုးချည်ထားရာမှ အတင်းရုန်းနေ၏။ ပါးစပ်မှလည်း တစ်အားအော်နေလေသည်။

ဘယ်လိုမှ ရုန်းမရလေသောအခါ ချည်တိုင်နှားတွင် ဝပ်၍နေကာ တရွေ့ရွေ့မောင်းသွားသော လှည်းပေါ်မှ သူ့သားသမီးများကို ငေးကြည့်နေကာ မျက်စိမှ မျက်ရည်စများ စီးဆင်းကျနေလေတော့သည်။

www.burmeseclassic.com

'သြော်..တိရစ္ဆာန်ပင်ဖြစ်သော်လည်း သားသမီးဇော နဲ့ မျက်ရည်စက်လက်နဲ့ ကျွန်ခဲ့ရှာတာပါလား'

မြင်တွေ့ကြသူများမှာ ဝက်မကြီးကို ကြည့်မြင်ကြကာ ဝက်မကြီးနှင့် သူသားသမီးများ၏ သံယောဇဉ်ကြီးမားပုံကို သိလာကြပြီး စိတ်မကောင်းဖြစ်ခဲ့ကြရလေသည်။

ထိုရွာမှ နှစ်မိုင်မျှဝေးသော ကားလမ်းသို့ ဝက်များကို တင်ယူ၍ မောင်းလာခဲ့ကြသည်။ ကားလမ်းသို့ရောက်လျှင် လှည်းပေါ်မှ ဝက်များကို လမ်းဘေးတွင် ချထားစေပြီး လှည်းပြန်လွှတ်ပေးလိုက်သည်။

ကားနှင့် ဝက်ခိုင်အိမ်သို့ တင်ယူနိုင်ရန် ကားစောင့်နေကြသည်။

'ဟောဟိုမှာ ကားတစ်စီး လာနေပါလား။ ငါ တားကြည့်ပြီး ဝက်တွေတင်မလား မေးစမ်းကြည့်လေမှပဲ'

ကိုထွန်းလူ တားသဖြင့် ထိုကား ရပ်ခဲ့သော်လည်း ဝက်,မတင်ဟုဆိုကာ မောင်းထွက်သွားတော့၏။

'ဟင်း..ဒီလူတွေကလည်း ဝက်,မတင်ချင်ရအောင် ဘယ်လောက်ချမ်းသာနေကြလို့ပါလိမ့်'

ကိုထွန်းလူ တင်ခရမည့်ကိစ္စကို မတင်ဘဲ မောင်းသွားသည့် ကားသမားကို အပြစ်တင်နေမိသည်။ တချို့ကားသမားက မင်းကြီးမင်းလေးနတ် ကိုးကွယ်သဖြင့် ဝက်ကို ရှောင်ကြသည်။ ကိုထွန်းလူ နားမလည်ပေ။

'ဟော..တစ်စီးလာနေပြန်ပြီ။ ဒီကားကတော့ တင်နိုင်ကောင်းပါရဲ့လေ'

ထိုကားက ကားအခွံချည်းသာ မောင်းလာသည့်ကား ဖြစ်၍ ထိုဝက်များကို တင်လေသည်။

'ကားဆရာ..သွက်သွက်လေးတော့မောင်းဗျာ။ လမ်းမှာ မိုးချုပ်နေမှာစိုးလို့ဗျ'

'စိတ်ချပါဗျာ၊ ကျုပ်ကလည်း ခင်ဗျားတို့ကို ချပေးပြီး ခရီးရှေ့ဆက်သွားရဦးမှာဆိုတော့ မြန်မြန်ပဲ မောင်းမှာပါဗျာ'

ကားနောက်ဘက်တွင် ဝက်များကိုတင်ကာ ကားနောက်ပိတ်ကို အသေအချာပိတ်ထားပြီး ကိုထွန်းလူလည်း ကားရှေ့ခေါင်းခန်းထဲထိုင်၍ လိုက်လာခဲ့လေသည်။

'တီ..တီ..တီတီ'

'ဟင်း..ရှေ့ကားက ပိတ်မောင်းနေပါလား။ ဟွန်းပေးတော့လည်း ဘေးမချပေးဘူး'

ကားသမားက စိတ်မရှည်နိုင်စွာ ဟွန်းအဆက်မပြတ် တီးပေးတော့မှ ရှေ့ကားက လမ်းဘေး ချပေးသဖြင့် ကျော်တက်ပြီး မောင်းလာနိုင်ခဲ့သည်။

'ဟောဟိုရှေ့မှာ သံချောင်းတွေတင်ထားတဲ့ ကားထ စီးပါလား'

သံချောင်းများက ကားနောက်မြီးစွန်းကျော်ထွက် ကားဝိတ်လည်း အတော်များလေသည်။ ဖြည်းဖြည်း မောင်းနေသဖြင့် ဟွန်းတီးကာ လမ်းတောင်းခဲ့သည်။ ရှောရှူရှူပင် လမ်းဘေးသို့ ချပေးလာသဖြင့် ကိုထွန်းလူ ကားဆရာလည်း ကားကို အရှိန်မလျှော့ဘဲ ထိုကားကိုလွှ တက်လေသည်။ ထိုစဉ် ဒရိုင်ဘာထိုင်နေသောဘက်မှ ကား ရှေ့ဘီး ပေါက်ခဲ့လေသည်။

'ဖောင်း'

'ဒိန်း'

'အား..အား'

ကျော်တက်မည်အပြုတွင် ကားရှေ့ဘီးပေါက်ကာ ပေါက်သည့်ဘက်သို့ ကားခေါင်း လည်ဆွဲသွားသဖြင့် မတက်မီမှာပင် ရှေ့ကားအား ဝင်တိုက်မိလေတော့သည်

'ဟင်း..ကားနောက်က သံချောင်းတွေကို ဝင်တိုလို့ ကားဆရာရော ဘေးကထိုင်နေသူပါ နှစ်ဦးစလုံး ချောင်းတွေ ရူးဝင်ပြီး သေနေကြပါလား'

မကြာမီပင် ယာဉ်ထိန်းရဲရောက်လာကာ ထိုကားထိ မှုကို အရေးယူ၏။ ကိုထွန်းလူ အိတ်ကတ်ထဲမှ မှတ်ပို အရ နေရပ်ကိုသိကာ ဝက်ခိုင်သို့ အကြောင်းကြားသ ဝက်ခိုင်ပိုင်ရှင်လည်း ရောက်ရှိလာခဲ့လေသည်။

သည့်နေ့တွင် ကိုထွန်းလူ၏ ရက်လည်နေ့ဖြစ်၍ သံဃာများထံတွင် သီလယူကာ အနုမောဒနာတရားနာ ရေစက်သွန်းချ အမျှအတန်းပေးဝေကြသည်။

'သွားလေသူ ကျေးဇူးရှင်ကြီးရေ..ရှင်ဟာ ဒီ သတ်အလုပ်ကိုမလုပ်ဖို့ ကျွန်မ အတန်တန်တားခဲ့ ရှင် ဆက်လုပ်ခဲ့တယ်လေ။ အခုတော့ ရှင်က ဝက်ထွ ရက်ရက်စက်စက် ဓားနဲ့ထိုးသတ်ခဲ့သလို ရှင်လည်းပဲ သ တွေ ရူးဝင်ပြီး အသေဆိုးနဲ့ သေခဲ့ရတယ်နော်။ ထွ ရှင့်အတွက်ရည်စူးပြီး ကုသိုလ်ပြုပေးကာ အမျှအတန် ဝေပါတယ်လေ။ ရှင်ကြားရာ ဘုံဌာနက သာဓုခေါ်ဆို စေရှင်..ဟီး..ဟီး..ဟီး'

ကိုထွန်းလူ၏ဇနီးမှာ ဝမ်းနည်းမျက်ရည်များဖြင့် ပေးဝေခဲ့လေတော့သည်။

တင့်ထူး(ဇေယျ

www.burmeseclassic.com

www.burmeseclassic.com



ကိုသာအိသည် ဘယ်ဆေးပင်များကို တောထဲမှာ လှည့်၍
ရှာဖွေတူးဆွ ခူးဆွတ်သောအလုပ်ဖြင့် သူမိသားစု၏ ဘဝကို
စောင့်ရှောက်လုပ်ကျွေးသူ ဖြစ်သည်။ ဘယဆေး ဆိုသည်
ကလည်း အမြစ်ကိုသာ သုံးရသော ဆေးပင်၊
ဥကိုသာ သုံးရသော ဆေးပင်၊ အရွက်နှင့်
အသီးကိုသာ သုံးရသော ဆေးပင်
ဟူ၍ အမျိုးမျိုးရှိလေရာ

ဝတ္ထုဒေါင်
ကြောက်စရာ
အငြိုး

www.burmeseclassic.com

www.burmeseclassic.com

ထိုအမျိုးမျိုးသော ဆေးဖက်ဝင် အပင်များကို ကောင်းစွာ နားလည်ကျွမ်းကျင်ထားသည့် ကိုသာအိအတွက် အခက်အခဲမရှိလှ။ သူ ရလာသမျှသော ဆေးဖက်ဝင် အပင်များကို ဆေးဆရာကြီး ဆရာဖြူထံ သွားသွင်းရုံပဲ ရှိသည်။

ဆရာဖြူက ကိုသာအိ၏ ဖြောင့်မတ်ရိုးသားခြင်းကို ယုံကြည်လေသည်။ မြို့ဈေးတွင် ဆရာကြီးဦးသာဒင်၊ ဆရာဦးမောင်မောင်၊ ဦးထွန်းရင် စသည့် ဘယဆေးဆိုင် နာမည်ကြီးများ ရှိကြသည်။ ဤဆရာကြီးများ အားလုံးသည်လည်း ဘယဆေးပင်များ အားလုံးကို မြင်ရုံနှင့် သိကြသည့် သမားကောင်းများ ဖြစ်ကြသည်။

ကန့်ချူပ်နီ၊ ကန့်ချူပ်ဖြူ၊ ကန့်ချူပ်ခပေါင်း ဟူသော ဆေးပင်များသည် အုပ်စုချင်း တူကြသည်ဖြစ်၍ အမြင်မှား နိုင်သည်။ ရင်ကျပ်ပန်းနာကို ပျောစေသည့် ဆေးပုလဲမြစ်သည် ပန်းညိုပင်အဖြစ်နှင့် တူသည်ဖြစ်၍ စစ်ဆေးပြီးမှ ဆေးဖော်စပ်ကြသည်။ ပိစပ်ပင်သည်လည်း ရင်ကျပ်ရောဂါ နိုင်သည်ဟု ဆေးစာမှာ ဆိုထားသော်လည်း မျိုးတူအုပ်စုဝင် များဖြစ်သည့် အပွင့်ဝါဝါကြီးများပွင့်သည့် ပိစပ်ရိုင်း တော ပိစပ်နှင့် ဟင်းရန့်အဖြစ် စားသုံး၍ရသည့် အပွင့်ဝါဝါမှုန်မှုန် ကလေးသာ ပွင့်တတ်ပြီးလျှင် အရွက်သေးငယ်သော ပိစပ် ဟူ၍ အမျိုးများပြားလှသည်။

ကိုသာအိက ဤဆေးပင် အားလုံးကို နောကျေနေသည်။ ထို့ကြောင့် သူ့အလုပ်နှင့် သူ့ရုပ်သည် ဘယဆေးပင်များ လောကတွင် နာမည်ကောင်းရလျက် ရှိသည်။

သူ နေထိုင်သော ရွှေဂံတောင်ရွာသည် တိုက်ကုလား တောင်ကြီး၏ ခြေရင်းမှာရှိသည်။ တိုက်ကုလားတောင်၏ တောထူထပ်မှုသည် ဆိုခဲ့သော ဘယဆေးပင်များအပြင် လူသားတို့အတွက် အကျိုးရှိစေသည့် ရာသီအလိုက် ဖြစ်ထွန်းလာကြသည့် သရက်၊ ပိန္နဲ၊ နရွဲ၊ မာလကာ စသည်များ အပြင် ခို့မျိုးစုံနှင့် မျှစ်အမျိုးမျိုးတို့ကလည်း ပေါလှသည်။

ဤအကြောင်းများကြောင့် ဤတောတောင်တစ်ဝိုက်တွင် ရာသီအလိုက် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များကို နူးယူရောင်းချသူတို့ဖြင့် လူပြတ်သည်ဟု မရှိဘဲ အုပ်စုများဖွဲ့ကာ သွားလာလေ့ရှိခဲ့သည်။

တောင်ပေါ်တွင် ကျိုက်ဒေးယုံစေတီတော် ရှိသည်။ တောင်ခုလတ်တွင် ရေတံခွန်နှင့် ဘီဘီဇေး၊ ဘီဘီဖဟဲ ခေါ်သည့် ရှေးဟောင်းဂူညီနောင် နှစ်လုံးရှိသည်။ တိုက်ကြီး၊ အိမ်ကြီးလောက် မြင့်မားသော ကြီးထွားသည့် ကျောက်တုံးကြီးများ ရှိသည်။ ဒေသအခေါ် မွန်ဘာသာစကားဖြင့် ဝိကော်သီး၊ မြန်မာအခေါ် ရေသဖန်းချိုသီးပင်များ ရှိသည်။ ထိုရေသဖန်းချိုသီးများ မှည့်လာလျှင် ခူး၍ အခြောက်လှန်းကာ ထန်းလျက်၊ သကြား စသည်ဖြင့် ယိုထိုးစားကြသည်။ မြစ်ခြောက်နာဟု ရှေးသမားများက ဝေါဟာရပြုခဲ့သည်။ ချောင်းဆိုးသွေးပါ တီဘီနာပျောက်သည်ဟု ယုံကြည်ကြသည်။

သို့သော် ထိုသဖန်းချိုပင်များရှိရာ သစ်ပင်အုပ်ရသော့ကြီးတစ်ပါး သီတင်းသုံးနေသောကြောင့် သဖန်းသီးများကို လွတ်လပ်စွာ ခူးယူခွင့်မရ။ ရသေ့ကြီးသည် သီဟိုဠ်သား ကုလားလူမျိုးတစ်ယောက်ဖြစ်သည်။ သူသည် အသက်ဆယ်နှစ်ကျော်ကျော်ရှိ ကျောင်းသားကလေးတယောက်နှင့် အတူနေကာ အင်္ဂရိတ်ထိုးလေ့ ရှိ၏။ မြန်မာစကားကို ကောင်းကောင်းပြောတတ်သော်လည်း သူ ဒေသသံကား မပျောက်။ အသက်ခြောက်ဆယ်ခန့်ရှိ အရပ်မြင့်မြင့် အသားညိုညိုနှင့် ထွားထွားကျိုင်းကျိုင်း ကြီးသည်။

သဖန်းချိုသီးများ မှည့်ချိန်တွင် ကျောင်းသားလေး ခူးဆွတ်ကာ စျေးမှ ဖောက်သည်ထံသို့ သွားရောင်းသည်။ ဦးရသေ့ကျောင်းတွင် ကျောင်းသားကလေး၏ လုပ်အားရာသီမပြတ် အသီးအနှံများဖြစ်သည့် ရုံးပတီသီး၊ ခရမ်းသီးကဲ့သို့သော အပင်ငယ်များကို စိုက်ပျိုးထားသည်။ ဤရရှိသောငွေဖြင့် ကျောင်းသားလေးက ဖိုထိုးရန် မီးသွေးစားသောက်ဖွယ်ပစ္စည်းများကို ဝယ်သည်။

ဦးရသေ့သည် ဆွမ်းစားစနပ်သာ စားသည်။ အလှူထွက်ခြင်းလည်း မရှိ။ သူ၏ အင်္ဂရိတ်အလုပ်ထဲမှာပဲ စိတ်ကို နှစ်ထားသည်။

သူ့ကျောင်းသို့ ရောက်လာသူများအား အချိန်မရွေးကြိမ်းတိုက်သည်။ ခြံထဲမှာ အသီးအနှံများရှိသော်လည်း ကျောင်းသားလေးကို ခူးခိုင်းပြီး ပေးလိုက်တတ်သည်။

ထိုရသေ့ကြီးထံသို့ ကိုသာအိ မပြတ်ရောက်တတ်သည်။ ရောက်သွားတိုင်း လက်ချည်း ဘယ်ခါမျှမသွား လက်ဖက်ခြောက်၊ ထန်းလျက်ခဲ၊ ကြံသကာ စသည်ယူသွားစမြဲ။

ထိုနေ့တွင် ဦးရသေ့ကြီးသည် ကိုသာအိကို ဘိတ်ဂူထဲသို့ ခေါ်သွားသည်။

ဂူထဲမှာ ငါ့အင်္ဂရိတ် အလုပ်အတွက် အားလုံး

www.burmeseclassic.com

လင်းနို့ချေးတွေ ရှိတယ်။ အဲဒါကို ငါနဲ့ ကျောင်းသားလေး ခဏ,ခဏ သွားသယ်ရတယ်။ ဒီဝူက သာမညမဟုတ်ဘူး၊ မွန်ဘုရင် ရာဇာဓိရာဇ် လက်ထက်ကတည်းက ရှိခဲ့တာ။ ဒီဝူထဲကနေ စစ်တောင်းမြစ်အထိ သွားလို့ရတဲ့လမ်းရှိတယ်။ စစ်ချီ စစ်တက် စစ်ခရီးလမ်းကြောင်းအတွက် ခဲခဲယဉ်းယဉ်း ဖောက်ခဲ့တဲ့ လမ်းပဲ။

သာအိ..မင်း ကြားဖူးသလား။ ဒီတိုက်ကုလားတောင်ကြီးရဲ့ ခြေရင်းမှာ အရင်က မြို့ကြီးတစ်ခု စည်စည်ကားကားနဲ့ တိုက်ကုလားမြို့ကိုစားရတဲ့ မွန်မင်း ရာဇာဓိရာဇ်ရဲ့ မိဖုရား နေထိုင်ခဲ့ဖူးတယ်ဆိုတဲ့ အကြောင်းကို'

ကိုသာအိက ခေါင်းခါပြသည်။

'အဘိုး,အဘွားတို့ကတော့ ပြောဖူးပါတယ်။ ဒီနေရာတွေဟာ ဟိုးရှေးရှေးက မွန်မင်းတွေ နေခဲ့တယ်ဆို'

'အေး..ဟုတ်တယ်၊ တိုက်ကုလားမြို့စား မိဖုရားဟာ အင်မတန်လှသတဲ့။ သူနာမည်ကို နှင်းကေသရာလို့ ခေါ်တယ်။ အဲဒီနှင်းကေသရာ မိဖုရားလက်ထက်မှာ သူမယ်တော်ဟာ ယောဂီအကျင့်မြတ်နဲ့ ဒီဝူထဲမှာနေပြီး တရားအားထုတ်လေ့ရှိတယ်။ သူ့ကို အစားအသောက် မပို့ရဘူး။ ဝူအနီးအနားမှာ အလေ့ကျပေါက်နေတဲ့ ငှက်ပျောသီး၊ သလဲသီး၊ မုန်ကူသီး၊ နှင်းသီးဆိုတဲ့ အသီးအနှံတွေကို စားပြီး နေတယ်။ ဒီတောင်ပေါ်မှာက နံ့သာပုင်္ဂနီပျောတွေ သိပ်ပေါတယ်။ မိဖုရားမယ်တော်ဟာ အဲဒီ နံ့သာပုင်္ဂနီပျောသီးကိုပဲ အမြဲစားလေ့ရှိတယ်'

ကိုသာအိ စိတ်ထဲ၌ 'ဒီဦးရသေ့ကြီးကလည်း ငါ့ကို လင်းနို့ချေး ကျူးခိုင်းဖို့ ခေါ်လာတယ်လို့ မှတ်နေတာ။ အခုတော့ ဘာတွေပြောနေပါလိမ့်'ဟု တွေးသည်။

သူကသာ စိတ်ပျံ့လွင့်ပြီး ထိုသို့တွေးနေသော်လည်း ဦးရသေ့ကြီးကမူ သူ၏ ပြောလက်စ စကားကို ဆက်၍ ပြောသည်။

'စာစနေတော့ မင်းမိန့်နဲ့ မိဖုရား နှင်းကေသရာဟာ ဘုရင့်ရဲ့ သူရဲကောင်းတစ်ဦးဖြစ်တဲ့ လဂွန်းအိမ်စစ်သူကြီးနဲ့ လက်ထပ်လိုက်ရတယ်။ လဂွန်းအိမ်ဆိုတာက မွန်ဘုရင် ရာဇာဓိရာဇ်ရဲ့ ရေတပ်မတော်မှာ ရေတပ်ဗိုလ်ချုပ်ကြီး ဆိုပါတော့ကွယ်။ အဲဒီ ရေတပ်ဗိုလ်ချုပ်ကြီး စခန်းချနေတာက ခုတ္တလိရွာနားက ပင်လယ်ဝမှာကွယ်။ မွန်မင်းဟာ သူရဲကောင်းကြီး လဂွန်းအိမ်ကို ဒီအတိုင်း မိဖုရား ပေးအပ်လိုက်ရင် ငြင်းပယ်မှာ၊ အားနာမှာစိုးတာကြောင့် သူမှုးမတ်တွေကို လဂွန်းအိမ်ကို သေရည်မူးနေအောင်တိုက်ပြီး အိပ်ပျော်သွားမှ မိဖုရားရဲ့ စက်ရာဆောင်ပေါ်တင်ထားလို့ အမိန့်ပေးလိုက်တယ်။

ခုတ္တလိရေတပ်စခန်းဟာ တိုက်ကုလားမြို့နဲ့ နီးတာမဟုတ်ဘူး။ ယောကျ်ားကြီးတစ်ယောက် ခြေကျင်သွားတာတောင် သုံးနာရီနီးနီး ကြာတာ။ အဲဒီခရီးကို မူးပြီး အိပ်မောကျနေတဲ့ လဂွန်းအိမ်ကို ထမ်းစင်နဲ့ ထမ်းယူလာကြတာ မိဖုရားနှင်းကေသရာ အိပ်ဆောင်ထဲက သလွန်ပေါ်ကို ရောက်တဲ့အထိ သတိမရသေးဘူးတဲ့။ ဘယ်လောက်များသောက်ခဲ့သလဲ မသိဘူး'

ကိုသာအိသည် ဦးရသေ့ကြီး ဒီအကြောင်းတွေကို သူ့ကို ဘာကြောင့်ပြောနေပါလိမ့်ဟု စဉ်းစားသည်။ သူနားလည်သည့် စကားများ မဟုတ်၍ နားထောင်နေရသည်ကို ငြီးငွေ့လာသည်။ သူနားလည်သည့် ဖုံးမသိန်ပင်၊ သနပ်ပစ္စည်းပင်နှင့် ဝက်ချေးပန်ပင်တို့၏ စွမ်းရည်သတ္တိများ အကြောင်းဆိုလျှင် ဘယ်မျှကောင်းမည်လဲ။ ရေတပ် ဗိုလ်ချုပ်ကြီး လဂွန်းအိမ်၏ အစွမ်းသတ္တိများကား သူနှင့်ဆိုင်သည် မဟုတ်။ သို့သော် ဦးရသေ့ကြီးကား သိလစင်ကြယ်သည်။ တစ်နေ့လုံးတွင် ဆွမ်းတစ်နပ်တည်းကိုသာ စား၍ ကျင့်ကြံအားထုတ်နေသော သူတော်စင်ဖြစ်သည်ဟူသောကြည်ညိုစိတ်ဖြင့် သူမှာ စိတ်ဝင်စားမှု မရှိပါသော်လည်း သည်းခံ၍ နားထောင်နေရသည်။

'တိုက်ကုလားမြို့စား နှင်းကေသရာဟာ လဂွန်းအိမ်လက်ထဲမှာနေရင်း ကြာကြာမပေါင်းလိုက်ရဘူး။ လဂွန်းအိမ် ကွယ်လွန်သွားပြီးတဲ့နောက် နှင်းကေသရာဟာ နေထိုင်မကောင်း ဖြစ်လာတယ်။ အဲဒီတော့ သူမယ်တော်က သမီးတော်ကို ဆေးကုပေးမယ်ဆိုပြီး ဝူကြီးထဲကို ခေါ်လာတယ်။ ယောဂီအကျင့် ကျင့်ခိုင်းထားပြီး နှင်းကေသရာကို သူလိုပဲ ယောဂီဝတ်စေခဲ့တယ်။ အဲသလိုနဲ့ နှင်းကေသရာဟာ ကျန်းမာရေးပြန်ကောင်းလာတယ်။ သူမယ်တော်လိုပဲ သစ်သီးကိုပဲ စားလာခဲ့တယ်။

အဲဒီလိုနဲ့ နေလာရင်း သုံးနှစ်လောက်အကြာမှာ နှင်းကေသရာ ကွယ်လွန်သွားတယ်။ သူမယ်တော်ဟာ နှင်းကေသရာအလောင်းကို ကျွန်းသားခေါင်းထဲကိုထည့်ပြီး အလုံပိတ်စေခဲ့တာပေါ့။ ခေါင်းအဖုံးမှာ နှင်းကေသရာ ကွယ်လွန်တဲ့နေ့ကို မွန်ဘာသာနဲ့ ရေးမှတ်ထားတယ်။ ပြီးတော့ နှင်းကေသရာရဲ့ပုံကို ရွှေရောင်ဆေးတစ်မျိုးနဲ့ ရေးဆွဲထားတယ်။

www.burmeseclassic.com

ဒီနောက်တော့ ဟံသာဝတီပျက်တယ်။ မြန်မာမင်းတွေ အဆက်ဆက် အုပ်စိုးလာတဲ့အခါမှာ ဒီနေရာတွေကို တော ဖုံးခဲ့တယ်။ ဒီဂူကြီးနှစ်လုံးကိုလည်း လူတွေ မသိကြဘူး။ ကုလားတွေ အုပ်စိုးတဲ့ ခေတ်အခါကိုရောက်မှ ဒီတောင် တစ်ခြမ်းကို ယမ်းနဲ့ခွဲပြီး ရှင်းလိုက်တော့ ဒီဂူတွေ ပေါ်လာ တယ်။ ဒါပေမဲ့ ဂူထဲကိုတော့ ဘယ်သူမှ အဝင်,အထွက် မလုပ်ခဲ့ကြဘူး။

တစ်နေ့တော့ သိုက်စာရလို့ဆိုပြီး သိုက်ဆရာ သုံး, လေးယောက် ရောက်လာကြတယ်။ ဂူထဲမှာ ဘုရားဆင်းတု တော်တွေကိုလည်း ဖျူးခဲ့ကြရတယ်တဲ့။ ဒါပေမဲ့ အဲဒါကို သူတို့ စိတ်မဝင်စားကြဘူး။ သူတို့ စိတ်ဝင်စားတာက အလုံပိတ်ထားတဲ့ ခေါင်းကြီးကိုပဲ။ ဒီခေါင်းကြီးထဲမှာ သေ သွားတဲ့ မိဖုရားနဲ့ အတူပါသွားတဲ့ အဖိုးတန်လက်ဝတ် ရတနာတွေကိုပဲ လိုချင်တယ်။ ဘယ်နည်းနဲ့မဆို ဒီရတနာ တွေကို ရလိုက်ရင် လောကမှာ သူဋ္ဌေးဖြစ်ပြီဆိုတဲ့အတွေးနဲ့ ခေါင်းကို ဖွင့်ကြတော့ သူတို့ မျက်လုံးပြူးသွားကြတယ်'

ကိုသာအိမှာ နားထောင်ရင်း အခုမှ စိတ်ဝင်စားလာ သည်။ စောစောက ဦးရသေ့ကြီးနယ် ဘာတွေပြောနေပါ လိမ့်ဟူသောအတွေးများ ပျောက်သွားရလေပြီ။ ထို့ကြောင့် သိလိုစောကြီးစွာဖြင့် ဦးရသေ့ကြီးကို မေးလိုက်သည်။

'ခေါင်းထဲမှာ ဘာကိုတွေ့လို့လဲဟင်'

'ဘာကိုတွေ့လဲဆိုတော့ သူမယ်တော်က ဘယ်လို ဆေးဝါးမျိုးနဲ့ စီစဉ်ခဲ့သလဲတော့ မပြောတတ်ဘူး။ မိဖုရား အလောင်းဟာ အိပ်ပျော်နေသလို အသားအရေပျော့ပျောင်း ပြီး နူးညံ့နေတယ်။ ထူးဆန်းတာက အလောင်းဟာ ကလေး သုံးနှစ်သားအရွယ်လို သေးငယ်ပြီး မျက်လုံးနှစ်ဖက်ဟာ အသက်ရှိနေသလို ပွင့်နေတဲ့အပြင် သိုက်ဆရာတွေကို အင် မတန် မုန်းတီးရွံရှာပြီး ဒေါသထွက်သလို စူးစိုက်ကြည့်နေ လို့ပဲတဲ့။ သိုက်ဆရာတွေဟာ ကြောက်ပြီး ထွက်ပြေးသွား ကြတယ်။ မိဖုရားအလောင်းကို ဒီအတိုင်း ပစ်ထားခဲ့ကြတာ ပေါ့'

ဦးရသေ့က ခဏနားလိုက်သည်။

ကိုသာအိက မနေနိုင်။

'အခု အဲဒီအခေါင်းကြီး ရှိသေးလား'ဟု မေးသည်။

'အေး..ရှိတယ်။ သိုက်ဆရာတွေ လာဖွင့်တုန်းက ဒီ အတိုင်း ပစ်ခဲ့ပေမယ့် အခေါင်းဟာ ပိတ်သွားပြီး သူနဂို နေရာ ကျောက်တုံးအမြင့်ပေါ်ကို ပြန်ရောက်နေတယ်။ ငါ အံ့အီထဲ လင်းနို့ချေးသွားယူတိုင်း ခေါင်းကြီးကို တွေ့ရတယ်။ ဘယ်သူက အခေါင်းဖုံးကို ပြန်ပိတ်ပေးတယ်၊ သူနေရာ ဟောင်းကို ပြန်ထားပေးတယ်လို့တော့ မသိဘူး'

'ကဲ..ရောက်ပြီ၊ အထဲကို ဝင်ကြမယ်။ ရော့..လင်းနို့ ချေးတွေ ထည့်ဖို့ အိတ်ယူထား'

ဂူကြီးသည် သဘာဝကျောက်ဂူကြီး ဖြစ်လေသည်။ အဝင်ဝတွင် မှောင်နေသည်ဟု ထင်ရသော်လည်း ခြေလှမ်း နှစ်ဆယ်ခန့် လှမ်းမိလျှင် အလင်းရောင်ပျဖျကို မြင်ရသည်။ ဂူ၏ ညာဘက်အခြမ်းရှိ အက်ကြောင်းရာတစ်ခုမှ ဝင်လာ သော အလင်းရောင်ဖြစ်သည်။

ဦးရသေ့ကြီး၏ ခြေလှမ်းများကား ရှေ့မှဦးဆောင်ကာ သွားနေခြင်းဖြစ်သောကြောင့် ကိုသာအိမှာလည်း အခက် အခဲမရှိ သွားနိုင်ခြင်း ဖြစ်လေသည်။

ဂူကြီး၏ ညာဘက်ခြမ်းရှိ အမြင့်တစ်နေရာတွင် ကျောက်သားငရုတ်ဆုံတစ်လုံးနှင့် ကျောက်သားကျည်ဆွဲ တစ်ခု။ ထို့နောက် စာလုံးများ ထွင်းထားသည့် အရွယ် လေးလက်မခန့်ရှိသော ကျောက်ပြားနှစ်ခုနှင့် ကျောက် ဖယောင်းတိုင် သုံးချောင်းကို ထင်ထင်ရှားရှား မြင်ရလေ သည်။ ထိုနေရာမှာ ဦးရသေ့ပြောသည့် မိဖုရား၏ အခေါင်း ကို တွေ့လိုက်ရ၏။ ခေါင်းဖုံးကို ဦးရသေ့ကြီးက ဖွင့်လိုက် သည်နှင့် ကိုသာအိသည် ဦးခေါင်းကိုနှိမ့်ကာ ခေါင်းထဲသို့ ကြည့်လိုက်သည်။

အို..သိပ်လှတဲ့ ကလေးမလေးပါလား။

အဝတ်များ၏ ဖားလျားဖုံးလွှမ်းနေမှုကြောင့် ခြေ လက်တို့၏ အသားအရောင်ကို မမြင်ရသော်လည်း အလင်း ရောင် မဝင်မသွတ်ပင် မျက်နှာကလေးသည် ဝင်းဝါလျက် ရှိနေ၏။ ထူးဆန်းသည်မှာ ထိုသစ်သားခေါင်းအတွင်းမှ သစ်ကြိုးခေါက်လိုလို အနံ့တစ်မျိုးနှင့် နံ့သာပု ငှက်ပျော သီး အနံ့များသည် ကြိုင်လှိုင်လျက် ရှိနေသည်။

ကိုသာအိမှာ နှာခေါင်းတရှဲရှဲနှင့် ထိုရနံ့များ ဘယ် က လာသည်ကို သိလိုရှာ အရပ်လေးမျက်နှာသို့ လှည့်ပတ် ကာ ရနံ့ကို စူးစမ်းလျက်ရှိစဉ် ဦးရသေ့ထံမှ အသံထွက်လာ သည်။

'ဘာလဲ..သစ်ကြိုးခေါက် အနံ့တွေကို ရနေတယ် မဟုတ်လား။ ခေါင်းထဲကို သေချာကြည့်၊ မိဖုရားအလောင် အောက်မှာ သစ်ကြိုးအရွက်နဲ့ အခေါက်တွေကို ဖြန့်ခင် ထားတာ တွေ့သလား။ ဒါက အလောင်းကို တည်ခဲ

www.burmeseclassic.com

www.burmeseclassic.com

အောင် စောင့်ရှောက်တဲ့ မိဖုရားမယ်တော်ကြီးရဲ့ ပညာပဲ။ တခြားဆေးဝါးအစီအရင်တွေလည်း ပါဦးမှာပေါ့။ မိဖုရားမယ်တော်ကလည်း အဂ္ဂိရတ်ပညာနဲ့ ဝိဇ္ဇာလမ်းကို လိုက်နေတာမို့ သူမှာ ပညာမသေးဘူး။ အဲဒီခေတ်ကတော့ သူကို ဂန္ဓာရီမယ်တော်လို့တောင် ခေါ်ခဲ့ကြတာ။

နံ့သာပုင်္ဂပျောသီးအနံ့ မွေးနေတာက ဒီတော့,ဒီတောင်မှာ နံ့သာပုင်္ဂပျောက သိပ်ပေါတယ်လေ။ ထွက်ရပ်လမ်းကျင့်စဉ်ကို လိုက်စားနေကြတဲ့ ဂန္ဓာရီပုဂ္ဂိုလ်တွေဟာ သူတို့စားသောက်တဲ့ အာဟာရထဲမှာ နံ့သာပုင်္ဂပျောနဲ့ ဗျားရည်ဟာ အဓိကပဲ။ ဒါကြောင့် သူတို့ ဝိညာဉ်ကင်းမဲ့သွားတဲ့အခါ ကျန်ရစ်ခဲ့တဲ့ ရုပ်အလောင်းဟာ ရနံ့မွှေးကြိုင်နေတတ်တဲ့အပြင် ခန္ဓာကိုယ် သေးငယ်ကျဉ်ဝင်သွားတတ်ကြတာ သဘာဝပဲ။

သုဝဏ္ဏဘူမိခေတ် မနုဟာမင်းလက်ထက်မှာ ဘားမဲ့ဆရာတော်ဆိုတာ မင်းကိုးကွယ်တဲ့ ဘုန်းတော်ကြီးပဲ။ ဘားမဲ့ဆရာတော် သီတင်းသုံးနေထိုင်တာက ဇင်းကျွိုက်တောင်မှာ။ တစ်နေ့တော့ ဘားမဲ့ဆရာတော် မွေးစားစောင့်ရှောက်ထားတဲ့ ဗျက်ဝိ၊ ဗျတ္တဆိုတဲ့ ကုလားလေးညီအစ်ကိုနဲ့ ဘားမဲ့ဆရာတော်တို့ ဆေးမြစ်ရှာဖို့ ဇင်းကျွိုက်တောင်တစ်ဝိုက်မှာ သွားလာနေတုန်း ဇော်ဂျီ အသေတစ်ခုကို တွေ့တယ်တဲ့။ ဇော်ဂျီ အသေကောင်ဟာ အခု မိဖုရားနှင်းကေသရာရဲ့ အလောင်းလိုပဲ သုံးနှစ်သားကလေး အရွယ်လောက်ပဲရှိပြီး အနံ့အသက်ကလည်း မွှေးကြိုင်နေတာပဲလို့ မှတ်တမ်းတွေထဲမှာ တွေ့ရတယ်။ အဲဒီ ဇော်ဂျီ အသေကောင်ရဲ့ အသားကို စားလိုက်ရတဲ့ ကုလားညီအစ်ကို နှစ်ယောက်လုံးဟာ အားအင်တွေ သူမတူအောင် သန်စွမ်းလာတဲ့အပြင် ခရီးဘယ်လောက်ဝေးဝေးကိုပဲသွားသွား ခဏကလေးနဲ့ ရောက်တယ်လို့ ဆိုကြတယ်'

'ဟင်..လူသားများ ကင်စားရတယ်လို့ မရှုမရာ'

ကိုသာအိမှာ ဦးရသေ့ ပြောနေသည်ကို နားထောင်ရင်းမှ သူ့ရင်ထဲ ပျို့တက်လာသလို ဖြစ်လာသည်။

ခဏကြာမှ-

'မယ်တော်ကြီးဆိုတာက ဘယ်ရောက်သွားလဲ'ဟု ညည်းညူရင်း ပြောသည်။

လင်းနို့ချေးများလည်း ယူလာခဲ့သောအိတ်နှင့် အပြည့်ရလေပြီ။ ကျောက်ဂူကြီးထဲသို့ တစ်ချက်တလေ ဝင်ဝင်လာသောလေတွင် တောပန်းရနံ့တို့ ပါလာသည်ကိုလည်း ရှူရှိုက်မိလေသည်။ ထိုအချိန်မှာပဲ ဦးရသေ့က ကိုသာအိကို စကားဆက်ပြန်သည်။

'မယ်တော်ကြီးဆိုတာက ဂန္ဓာရီလမ်းမှာ အောင်မြင်သွားပြီကွယ့်။ သူ့ကို တချို့က ဝေပုလ္လတောင်(အရက်သည်မတောင်)ပေါ်က ခမ္မစကြာစေတီတော်ကုန်းမှာ ပုတီးလာစိမ်တာ မြင်တယ်လို့ ပြောကြတယ်။ တချို့ကလည်း မဟာမြိုင်တောကြီးထဲမှာလို့လည်း ပြောတယ်။ ဒီစကားတွေက ဖြစ်နိုင်တာချည်းပဲ။ ဘာကြောင့်လဲဆိုတော့ ဂန္ဓာရီလမ်းအောင်မြင်သူတိုင်းဟာ စေတစ်လုံးပိုင်ရှင်တွေ ဖြစ်သွားကြပြီကိုး။

အခုပဲကြည့်လေ၊ သူသမီးတော် မိဖုရားအလောင်းကို မပုပ်မသိုးရအောင် စီမံနိုင်တဲ့အပြင် ရန်သူတွေ မဖျက်ဆီးနိုင်အောင် ခေါင်းအုံးပေါ်မှာရော ကျောက်ပြားနှစ်ချပ်အပေါ်မှာပါ ကျိန်စာတွေ ရေးထိုးထားခဲ့တယ်'

'မိဖုရားအလောင်းကို ဘယ်သူက ဖျက်ဆီးမှာလဲ။ ဘာလုပ်လို့ရတာ မှတ်လို့'

ကိုသာအိ ကောက်ကာငင်ကာ ပြောလိုက်သည့်စကားကြောင့် ဦးရသေ့ မျက်လုံးကြီးပြူးကာ ကိုသာအိကို ကြည့်ပြီး-

'မင်း မသိပါဘူး။ ခုခေတ်လူတွေက ဉာဏ်နီဉာဏ်နက် အင်မတန်များကြတယ်။ လောဘစိတ်လည်း ကြီးမားကြတယ်။ ရွှေဟောင်းဘုရားဆင်းတုတော်တွေရဲ့ ဦးခေါင်းတော်ကို ဖြတ်ခိုးသူ၊ လက်တော်ကို ဖြတ်ခိုးသူ၊ ဆင်းတုတော်ရဲ့ ဥဏ္ဍလုံလို့ခေါ်တဲ့ မျက်ခုံးတော်နှစ်ခု အကြားမှာ မြုပ်ထားပူဇော်ထားတဲ့ အဖိုးတန်ကျောက်သံပတ္တမြားတွေကို ကော်ထုတ်သူက ကော်ထုတ်လုပ်နေကြတာတွေကို မင်း မသိဖူးဘူး၊ မကြားဖူးဘူး မဟုတ်လား။ အင်းလေ..မင်းက နေ့တိုင်း ဆေးမြစ်တူးဖို့အတွက် တောအနှံ့တောင်အနှံ့ လှည့်နေရတာဆိုတော့ ဒါတွေကို ဘယ်သိပါ့မလဲကွယ်'

♦♦♦

ဦးရသေ့ကြီး အဲသလို ပြောပြခဲ့သည်မှာ သိပ်မကြာသေး။ စိတ်အထင် သုံး,လေးလလောက်သာ ကြာဦးမည် ထင်သည်။

တစ်နေ့..

ထိုတစ်နေ့သည် တိုက်ကုလားတောင်တန်းကြီးကို စောင်ဖြူကြီးနှင့် ခြုံထားသလို မိုးနှင်းမှုန်တို့ ဖုံးအုပ်ထားသည့်နေ့။ မိုးက ဖွဲဖွဲစွေစွေနှင့် မရွာချင့်ရွာချင် ရွာနေသည့်

www.burmeseclassic.com

အချိန်။ ဤသို့သော ရာသီမျိုးများမှ မှိုကွန်ချာတို့က မြေသားပွပွထဲမှ ဝင့်ကြွားစွာဖြင့် အပြိုင်အဆိုင် ထွက်လာတတ်ကြသည့်အချိန်။ မှိုကွန်ချာဆိုသည်မှာ ထမင်းစားကြွေပန်းကန်ပြား တစ်ချပ်လောက် အဝန်းအဝိုင်းရှိကာ ငါးဖမ်းသော ကွန်ကွက်များကဲ့သို့ ဆေးဖက်ဝင်မှို။ သူ့ကို ချက်စား၍မရ။ မူးမော်စေသော အဆိပ်ရှိသည်။ သို့သော် ဘယဆေးသမားများကတော့ မှိုကွန်ချာကို အလွန်မှာကြသည်။ မိုးဦးကျလေဦးကျမှာ ပွင့်တတ်သော ဤမှိုကိုရလျှင် ဈေးကောင်းကောင်းပေးသည်။

ထို့ကြောင့် ကိုသာအိသည် မှိုကွန်ချာများများပေါက်တတ်သည့် ဘိဘိဇနဝူညီနောင်အနီးရှိ မှိုကျင်းသို့ ထွက်လာခဲ့သည်။ မိုးဦးကျလေဦးကျအချိန်ဖြစ်သောကြောင့် သစ်ပင်ချုံနွယ်တို့ ရွက်နုများ ဖားဖားဝေကာ တောအုပ်ချုံပုတ်များ ထူထပ်နေသည်။

ကိုသာအိသည် သူလာရာလမ်းကို ဓားတစ်ချောင်းနှင့် ခုတ်ရှင်း၍ ခပ်ဖြည်းဖြည်းလာနေစဉ် ဘိဘိဇနဝူထဲမှ မီးရောင်လက်လက်ကို မြင်လိုက်ရ၍ သူသည် အနီးရှိသစ်ပင်ရင်းသို့ကပ်ကာ သူ့ကိုယ်ကိုကွယ်ရင်း ဂူထဲသို့ ချောင်းကြည့်လိုက်သည်။

လူလေးယောက် ခမောက်များ ကိုယ်စီဆောင်းထားကာ ဂူကြီးထဲမှ အခေါင်းကို သယ်မ,ယူလာကြသည်။ ခုခေတ် လူတွေက လောဘစိတ်ကြီးကြတယ်။ မင်း မသိဘူးဟု ဦးရသေ့ကြီး ပြောခဲ့သည့် စကားသည် ကိုသာအိနားဝမှာ ကြားယောင်လာသည်။ ထို့ကြောင့် ဒီလူတွေ ဘယ်ရွာကပါလိမ့်။ မိဖုရားအခေါင်းကို သူတို့ ဘာလုပ်ကြမလို့ ပါလိမ့်ဟူသော အတွေးဖြင့် မှိုကွန်ချာ မရှာတော့ဘဲ လူလေးယောက်၏နောက်သို့ နောက်ယောင်ခံကာ လိုက်သွားသည်။

လူလေးယောက်သည် တောင်ခြေရှိ ကျောက်မိုင်းထဲသို့ အခေါင်းကို သယ်ယူသွားကြကာ လျှို့တစ်ခုထဲသို့သွင်း၍ အပေါ်မှ သစ်ကိုင်းခြောက်များနှင့်ဖုံးပြီး လုံအောင်လုပ်ထားလိုက်ကြသည်။ ထို့နောက် လူစုခွဲကာ ကျွဲကမိစုရွာသို့ ထွက်သွားကြသည်။

ကိုသာအိလည်း မယောင်မလည်ဖြင့် သူ့အိမ်အတွက် ဟင်းစားခူးယူလာသည့် ဇရစ်ညွှန့်၊ စိန္နဒေါညွှန့်များကို လက်မှဆွဲကာ ရှေ့မှ စိုက်စိုက်သွားနေသည့်လူနောက်သို့ လိုက်သွားသည်။ ထိုလူ သူ့အိမ်ထဲသို့ဝင်သွားမှ အိမ်ကိုမှတ်ကာ ဦးရသေ့ကြီးကျောင်းသို့သွား၍ အဖြစ်အပျက်အားလုံးကို ပြောပြသည်။

"ဘာမှမပူနဲ့။ မိဖုရားအခေါင်းဟာ သူနေရာဟောင်းကို ပြန်ရောက်လာလိမ့်မယ်။ အေး..တစ်ခုပဲရှိတယ်။ ယူသွားတဲ့ လူတွေမှာတော့ အန္တရာယ်တစ်ခုခုနဲ့ ကြုံရမှာ အမှန်ပဲ"

"ဟင်..အဲသလိုဖြစ်ရတာ ဘာကြောင့်လဲ။ ဘယ်သူကလုပ်တာလဲ"

စကားနည်းသော ကိုသာအိမှာ မနေနိုင် မထိုင်နိုင်ဖြစ်နေသလို ပြန်မေးလိုက်လျှင် ဦးရသေ့က-

"ဂူထဲက ကျောက်စာနှစ်ချပ်ကို တွေ့လား။ အဲဒါ ရှေးဟောင်းမွန်ဘာသာနဲ့ရေးထားတဲ့ ကျိန်စာတွေ။ မိဖုရားအလောင်း ထည့်ထားတဲ့ အခေါင်းကို ဤနေရာမှ သယ်ဆောင်သွားသူတိုင်း အန္တရာယ်အမျိုးမျိုးနဲ့ ကြုံစေသတည်းလို့ ကျိန်စာတိုက်ခဲ့တာကွယ့်။ မကြာခင် အခေါင်းသူခိုးတွေ အလိုအလျောက် ပေါ်လာကြလိမ့်မယ်"

ထို့နောက် သုံးရက်အကြာလောက်တွင် ကျွဲကမိစုရွာထဲမှ သန်းစိန်ဆိုသူသည် သေနတ်နှင့် ချောင်းပစ်ခံရကာ နေရာတွင် ပွဲချင်းပြီးသေဆုံးသည်ဟူသော သတင်းနှင့်အတူ အင်းဖုံးကြီးရွာထဲမှ ဟင်းရွက်ခူးရောင်းစားနေကြသည့် လူနှစ်ယောက် သေရည်များ သောက်စားကာ ရန်ကုန်-မုတ္တမသွားရထားလမ်းပေါ် အိပ်ပျော်သွားကြရာမှ နံနက်လေးနာရီစာပို့ရထားကြီးကြိတ်မိကာ သေဆုံးသွားရသောသတင်းကို ကြားရသည်။

အခေါင်းကို လာသယ်သူမှာ လေးယောက်ဖြစ်သော်လည်း နောက်တစ်ယောက်၏ သတင်းကိုမူ ကိုသာအိ ဘာမှ မကြားသိရပါ။ သူစိတ်ထဲ၌မူ ထူးဆန်းသော ဤအကြောင်းအရာများကို မေ့ဖျောက်၍ မရနိုင်အောင် ရှိနေသည်။

ထို့ထက် အံ့သြရသည်က မိဖုရား၏ အခေါင်းကြီးသည် ဂူကြီးထဲရှိ သူနေရာသို့ ပြန်ရောက်နေကြောင်းဟူသော ဦးရသေ့ကြီးထံမှ ကြားလိုက်ရသော သတင်းစကားပင် ဖြစ်လေသည်။

ဤသို့ဖြင့် ဂျပန်ခေတ်တစ်ခေတ်လုံး ကိုသာအိသည် ဘယဆေးပင် ရှာဖွေသောအလုပ်ကို ရပ်နားထားခဲ့ရသည်။ ဘယဆေးဆိုင်ဝိုင်ရှင်များမှာလည်း ဆိုင်များကိုပိတ်ကာ ဘေးဒဏ်မှ ရှောင်ကြရသောကြောင့် အလုပ်အကိုင်များ မရှိကြတော့ဘဲ အားလုံး အခက်အခဲများ တွေ့ကုန်ကြ

www.burmeseclassic.com

သည်။

ဦးရသေ့မှာလည်း အသက်ကြီးလာလေပြီ။ သီဟိုဠ်မှ၌ ဦးရသေ့၏ နှမအရင်းတော်သူတစ်ယောက် ဂျပန်ခေတ် အလွန်မှာ ရောက်လာသည်။ သူသည်လည်း သီလရှင် ဝတ်ထားလေသည်။ ဦးရသေ့ကို ပြုစုစောင့်ရှောက်ရန် လိုက်လာခြင်းဖြစ်သည်ဟု ပြောပါသည်။' ကျောင်းသားအရာ ကောင်လေးသည်လည်း ဦးရသေ့ကြီးကို ပြုစုရင်းဖြင့် အရွယ်ရောက်စပင် ရောက်ရှိလာလေပြီ။

တစ်နေ့တွင် ဦးရသေ့ကြီးက ကိုယ်သာအိကို ပြောသည်။

'အခေါင်းထဲမှာ မိဖုရားအလောင်း မရှိတော့ဘူး။ အခေါင်းကတော့ သူ့နဂိုအတိုင်း သူ့နေရာမှာ ခြေရာလက်ရာ ပျောက် ကျန်ခဲ့တယ်'

'ဟင်..ဟုတ်လား၊ ဘယ်သူတွေက ခိုးသွားပြန်ပြီလဲ ဆီဘူး။ ဒုက္ခတော့ ရောက်ကြဦးမှာပဲ'

'ဟင့်အင်း..ဒုက္ခမရောက်ဘူး။ တရားသဘောအရ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောတရားပဲ။ ကာလပဲ ရှည်ကြာခဲ့ပြီကွယ်။ အနောက်တိုင်းက ဆေးပညာနဲ့ စီရင်ထားတဲ့ မမ္မီရုပ်အလောင်းတွေတောင် ကြာရင် ပျက်စီးရသေးတာပဲ မဟုတ်လား။ ဒီမှာက လုံခြုံအောင်ထားနိုင်တာ မဟုတ်တော့ ပျက်စီးသွားရမှာပဲ။ အားလုံးဟာ ရုပ်အမှုန်အမွှားကလေးတွေ ဖြစ်သွားရပြီ။ လေမှာ လွင့်မျောပျောက်ကွယ်သွားကြရမှာ တရားသဘောပဲလေ'

♦♦♦

ယခုတော့ ဦးရသေ့ကြီးရော သီလရှင်ကြီးပါ ကွယ်လွန်သွားလေပြီ။ ကျောင်းသခ်ီမ်းနေရာ၌ ယခင်က ရှိခဲ့ဖူးသည့် သူငယ်ကလေးက ရဟန်းဘဝဖြင့် သီတင်းသုံးလျက် ရှိနေပါသည်။

အကယ်၍ စာဖတ်သူသည် ထိုတောင်ထိပ်ရှိ ကျိုက်ဒေးယျံဘုရားသို့ သွားရောက်ဖူးမြော်မည်ဆိုပါလျှင် တောင်တက်လမ်းညာဘက်ရှိ ရေတံခွန်၏အနီးမှနေ၍ ညာဘက်အတွင်းသို့ ခြေလှမ်းနှစ်ဆယ်ခန့် ဝင်လိုက်ပါ။ ဘိဘိဇနဂူကို တွေ့ရပါလိမ့်မည်။ စိတ်ဝင်စားပါလျှင် ထိုဂူထဲသို့ဝင်ကာ မိဖုရားအခေါင်းနှင့် ကျိန်စာတိုက်ထားသည့် ကျောက်ပြားနှစ်ချပ်ကို တွေ့ရှိရပါလိမ့်မည်။

ထောဇဒအောင်

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဗဟာသက်ရှိခဲ့သော

ဆရာကြီးအရဟံဆရာဇေအောင်

အကြားအမြင် ဂန္ထိရပညာပါရမီရှင်

ဖော်လမြိုင်၊ ဆေးကျွန်း၊ ပဲခူး၊ ဒေးဒွန်ပါ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သဘော်လိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင့် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် 'ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နှုတ်ဂုဏ်ယာဂီမှ မွန်းတည့်ဝန်းပတ်နာရီ တန်ဖိုးနေ့ပိတ်သည်

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၄၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီမှနောက်ပိုင်း၊

အမှတ်(၁၇) အောင်နီလာလမ်း၊ ဆောင်မင်္ဂလာရပ်၊ သန်လျင်၊ နဲ့သာကုန်းမက်ကိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆

www.burmeseclassic.com

ဝန်ခံချက်

ကမ္ဘာကျော်မျက်လှည့်ပညာရှင် ဒေးဗစ်ကော့ပါဖီး(လ်)၏
ဦးလေးဆမ် အမည်ရှိ ဝတ္ထုတိုကို မှီငြမ်းလျှက်
မြန်မာမှုပြုခြင်း ဖြစ်ပါသည်။
(စာရေးသူ)

ပြင့်ပျံငှက်ဖြူ
နှိုဒါနိုး
ညီညီငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

မောင်မောင်သည် (၁၂)နှစ်အရွယ် လူငယ်ချာတိတ်ကလေး တစ်ယောက်မျှသာ ဖြစ်သည်။

သူသည် အိမ်နှင့် မဝေးလှသည့် အထက်တန်းကျောင်းကြီးတွင် အလယ်တန်းပညာကို သင်ယူနေသူ ဖြစ်သည်။ သူ့ခင်မှာ အရာရှိကြီးဖြစ်ပြီး မိခင်မှာ စာရေးဆရာမတစ်ဦး ဖြစ်သည်။ သူသည် တစ်ဦးတည်းသောသားဖြစ်၍ မိဘများ အလိုလိုက်ခံရသူဖြစ်သော်လည်း လွန်စွာမှ လိမ္မာသော သူငယ်ကလေးရှိလှသူ ဖြစ်၏။

သူ၏ ပင်ကိုစရိုက်မှာ သီးသန့်နေတတ်ပြီး ကျောင်းဆောင်သာမကဘဲ မိခင်,ဖခင်တို့က သင့်လျော်မည်ထင်သော အလေးဖတ်စရာ ဂျာနယ်များ၊ ရုပ်စုံမဂ္ဂဇင်းများ ဖတ်ခြင်း၊ ဓာတ်ပုံရိုက်ခြင်းဖြင့် အားလပ်ချိန်ကို အသုံးပြု၏။ ထိုမှဦးဋ္ဌေးဆိုပါက ကျယ်ဝန်းသော ခြံကြီးအတွင်း အနှံ့လျှောက်၍ ဘောလုံးပင်များ၊ လိပ်ပြာများ၊ သစ်ပင်ကြီးများ၊ ကျေးငှက်များ၊ ခြံစောင်းကင်ရှိ တိမ်တိုက်များကို ကြည့်ရှုငေးမောနေတတ်သည်။ အထူးသဖြင့် ခြံ၏အနောက်ဘက်တွင် ဖြည်းဖြည်းစီးမှန် စီးဆင်းနေသော စမ်းချောင်းလေးတွင် လွတ်လပ်စွာ ကူးခပ်နေသည့် ရောင်စုံရွှေငါးလေးများကို သဘောကျနေတတ်သည်။

သူ မသိနားမလည်သော ငှက်အမည်၊ ငါးအမည်၊ သစ်ပင်အမည်များကို ဥယျာဉ်မှူးကြီး ဦးဦးစောက ရှင်းထင်းဖြေကြားလေ့ရှိပြီး သူလိုချင်၊ သူဖြစ်ချင်သော အရာများကိုလည်း စိတ်ဝင်တစား စိတ်ရှည်လက်ရှည်ဖြင့် လုပ်ကိုင်ပေးတတ်သူ ဦးဦးစောကိုတော့ တွယ်တာချစ်ခင်မှု ပို၍သည်ဟု ပြောရပါလိမ့်မည်။

သူ ငယ်စဉ်ကပင်လျှင် အခန်းထဲရှိ ကစားစရာအရုပ်များနှင့်ကြား၌ တစ်ယောက်တည်း ငြိမ်သက်စွာအလုပ်ရှုပ်နေတတ်သည့် သူ့ကို တွေ့တွေ့နေရသည်ဟု သူမမေမေက တခြားလူများကို ပြောလေ့ရှိသည်။

ဆိုလိုသည်မှာ အရွယ်နှင့်မလိုက်အောင်ပင် ငြိမ်းငြိမ်းအေးအေး တည်တည်ငြိမ်ငြိမ် ရှိနေတတ်ခြင်း ဖြစ်သည်။ ဆွေးစာတွင်လည်း ထူးချွန်ထက်မြက်သူတစ်ယောက် ဖြစ်နေပြန်ပါ၏။ ဆရာ,ဆရာမနှင့် သူငယ်ချင်းများ၏ ချစ်ခင်မှုကိုလည်း ရရှိသူဖြစ်သည်။

(၂)

ဦးဦးစောဆိုသည်မှာ သူမိခင်၏ ဦးလေးတော်စပ်သူ ဖြစ်၏။ သူမမေမေက ဦးဦးစောကို ဦးဦးစောလို့ပဲ ခေါ်သဖြင့် သူဖေဖေကလည်း ဦးဦးစောကို ဦးဦးစောလို့ပဲ လေးစားချစ်ခင်စွာ ခေါ်ဝေါ်သည်။ သူကိုတော့ ဘဘစောဟု ခေါ်ခိုင်းသေးသည်ဆို၏။ မရ၊ ဦးဦးစောမှာ ဦးဦးစောသာဖြစ်သဖြင့် ဦးဦးစောလို့ပဲ မြိန်ရေရှက်ရေ နှုတ်ကျိုးလာခဲ့သည်ပင်။

'ဦးဦးစော'

'ဗျာ..ဗျ'

ပန်းပင်တွေနှင့် အလုပ်ရှုပ်နေသည့် ဦးဦးစောကို သူ ချစ်၏။ ဦးဦးစောသည် သူ့သူငယ်ချင်းလည်း ဖြစ်နေပြန်၏။

'ဦးဦးစော'

'ငှက်တွေထဲမှာ ဘယ်ငှက်ကို သဘောကျလဲ'

'ငှက်'

'ရက်(စ်)'

'ငှက်တွေအားလုံးကို သဘောကျတယ် သားရဲ့။ ဘာကြောင့်လဲဆိုတော့ လေမှာ ပျံကြတယ်လေ။ ပျံရင်းသေခရီးဆက်မယ် ငှက်တို့သမိုင်းလို့တောင် မောင်စိန်ဝင်း(ပုတီးကုံး)က သူကဗျာတစ်ပုဒ်နဲ့ ဂုဏ်ပြုခဲ့ဖူးတာပဲ။ ဒီတော့ ငှက်တွေအားလုံးကို သဘောကျတာပေါ့ သားရဲ့။ လူတွေဟာ ငှက်တွေ၊ ငါးတွေကို အားကျအတုယူပြီးတော့ လေယာဉ်ပျံကြီးတွေ၊ ရေငုပ်သင်္ဘောကြီးတွေကို တီထွင်ခဲ့ကြတာပဲပေါ့'

'ဦးဦးစော သဘောအကျဆုံးငှက်ကိုပြော'

'လင်းယုန်ငှက်ပါတဲ့ဗျာ'

'Falcon လား'

'No,No,No. Eagle လင်းယုန်၊ Falcon က သိမ်းငှက်။ ဦးဦးစော သဘောအကျဆုံးငှက်က လင်းယုန် Eagle'

'ဘာလို့လဲဟင်'

'အမြင့်ပျံငှက်မျိုးဖြစ်တယ်။ အမြင်အာရုံ စူးရှထက်မြက်တယ်၊ ခွန်အားတွင်ကျိုတယ်၊ ပါးနပ်တယ်။ အဲဒါကြောင့် ပါတဲ့ဗျာ'

'မောင်မောင် လိုချင်တယ်။ မွေးချင်တယ်'

'အဲဒါတော့ သား မတရားရာကျမှာပေါ့နော်။ ငှက်ကို သားက ရွေဖြူလှော်ငှင်အိမ်နဲ့ထားလည်း မပျော်နိုင်ပါဘူးတဲ့။ ငှက်ဖြစ်တဲ့ဘဝမှာ လွတ်လွတ်လပ်လပ် ပျံသန်းခွင့်၊ နားနေခွင့်၊ အသက်ရှင်သန်ခွင့် ရှိသင့်တာပေါ့။ ငါးလေးတွေကိုလည်း သားက ချစ်လို့ဆိုပြီး ဇန်ခွက်ထဲ၊ ပုလင်းထဲ အ

www.burmeseclassic.com

ရေကန်ထဲ ထည့်ထားရင် ငါးလေးတွေက မပျော်နိုင်ပါဘူးတဲ့။ သူတို့လည်း လွတ်လွတ်လပ်လပ် ရေစုန်ရေဆန် ကူးခပ်နေချင်ရှာမှာပေါ့ သားရဲ့'

'ဦးဦးစော'

'လင်းယုန်ငှက်ရဲ့ပုံကို ဘယ်မှာကြည့်လို့ရမလဲဟင်'

'သားမေမေရဲ့စာအုပ်စင်မှာ မြန်မာအဘိဓာန်ဆိုတာ ရှိတယ်၊ ရှိလိမ့်မယ်။ အဲဒီစာအုပ်ထဲမှာ ရှာကြည့်။ သား ရှာလို့ မတွေ့ရင် ဦးဦးစောကိုပြော၊ ဦးဦးစော ရှာပေးမယ်။ ဦးဦးစော ဒီပန်းပင်လေး ကိုင်းကူးဆဲမို့နော်။ သား ရှာရင် တွေ့မှာပါနော်'

'ဦးဦးစောကို ကျေးဇူးတင်ပါတယ်'

'ချမ်းသာကိုယ်စိတ်မြိပါစေ'

'ပေးတဲ့ဆုနဲ့ပြည့်အောင် ကြိုးစားပါ့မယ်ခင်ဗျ'

'အိုခေ'

'အိုခေ'

(၃)

နေ့ခင်း ကျောင်းဆင်းချိန်။

ကျောင်းသူကျောင်းသားများ သူ့အဖွဲ့နှင့်သူ၊ သူ့အုပ်စုနှင့်သူ ဘောလုံးကန်သူကန်၊ ပြေးသူပြေး၊ လိုက်သူကလိုက်၊ မုန့်စားသူကစား၊ စကားပြောသူကပြော၊ ဆော့ကစားသူက ဆော့ကစားကြ။ လန်းဆတ်တက်ကြွစွာ အတောမသတ် ဆူညံလျက် ရှိကြကုန်၏။

သူသည် သူငယ်ချင်းများနှင့် ရောထွေးလျက်မရှိဘဲ အရိပ်ကောင်းကောင်းရသည့် ဗာဒံပင်အောက်ရှိ သစ်သားခုံပေါ်တွင် အေးအေးလူလူထိုင်လျက် ဗာဒံပင်ထက်မှ ပုတ်သင်ညိုတစ်ကောင်ကို သေသေချာချာ မော့ကြည့်နေ၏။ ပုတ်သင်ညိုကလည်း ခပ်တည်တည်နှင့် ခေါင်းတညိတ်ညိတ်လုပ်ပြီး သူ့ကို ဟောက်ထိုးကြိုင့်ကြည့်နေ၏။

ဒီကောင် အမြီးက ရှည်သား။ အိမ်မြှောင် အကောင်ကြီးသွားလျှင် ပုတ်သင်ညို ဖြစ်နိုင်ပါသလား။ ပုတ်သင်ညို ဘာအစာတွေ စားတတ်ပါသလဲ။ အိမ်မြှောင်ကတော့ ပိုးကောင်လေးတွေ ဖမ်းဖမ်းစားတာ တွေ့ဖူးသည်။ ပုတ်သင်ညိုနှင့် အိမ်မြှောင် ဆွေမျိုးတော်စပ်ပါသလား။

အဲဒီအချိန်တိတိမှာပဲ ပန်းနံလိုလို ရေမွှေးရနံ့လိုလိုနှင့် အတူ ဖွဖွခြေသံကို ကြား၏။

'မောင်မောင်..နေကောင်းရဲ့လား သား'

'ရက်(စ်) တီချယ်၊ ကောင်းပါတယ်ခင်ဗျ'

'တစ်ယောက်တည်း မပျင်းဘူးလားကွာ။ သူငယ်ချင်းတွေနဲ့ သွားကစားပါလား သားရဲ့'

'မောင်မောင် မပျင်းပါဘူး။ အိမ်ကျမှ ညောင်ပင်ကြီးပေါ်က လင်းယုန်ငှက်ကြီးနဲ့ ကစားမှာပါ တီချယ်'

သူမေမေရဲ့သူငယ်ချင်း ဆရာမဒေါ်မြသွေးနီ ပါးစပ် အဟောင်းသားနှင့် သူ့ကို အတန်ကြာငေးကြည့်နေကြောင်း တွေ့ရ၏။

'နေမကောင်းရင် တီချယ့်ကိုပြောနော် သား'

'ရက်(စ်) တီချယ်၊ သင့်ခရ'

ဆရာမဒေါ်မြသွေးနီ လှည့်ပြန်သွားပြီး မကြာခင်မှာပင်လျှင် ဆူညံပူညံ သောသောလျှံလျက် သူရှိရာဆီသို့ ဦးတည်၍လာကြကုန်သော သစ္စာပိုင်စိုး၊ သျှီသူအောင်၊ တိုးနောင်မိုးနှင့် တပ်ဦးလတို့ကို တွေ့ရ၏။ ခုညနေ ကျောင်းဆင်းချိန်တွင် မာန်ထက်သာ၊ ဝိုင်ချို၊ လင်းသက်ခိုင်တို့ ဘီခန်းနှင့် ဘောလုံးချိန်းပွဲရှိကြောင်း တိုးနောင်မိုးပြော၏။

'မောင်မောင်..မင်း ဂိုးဖမ်းပေးပါကွာ။ မင်းပါမှ တို့အခန်း နိုင်မှာ သေချာတယ်'

သစ္စာပိုင်စိုး ပြော၏။

ဒီကောင်တွေရဲ့ ဆူညံပူညံသံတွေကြောင့် ကိုရွှေပုတ် သင်ညိုခများ ဗာဒံပင်ထက် တက်ပြေးသွားရှာ၏။

'ဒီညနေတော့ ငါ့ကို ခွင့်လွှတ်ကွာ။ လင်းယုန်ငှက်ကြီးနဲ့ ကစားမလို့ကွ'

'ဟေ'

သစ္စာပိုင်စိုး ပါးစပ်ကြီးပြဲသွားသည်ကို သူမြင်၏။

(၄)

ခရစ္စမတ်သစ်ပင်နှင့် ပုံစံတူ ပလတ်စတစ်သစ်ပင်ငယ် ပေါ်တွင် ပလတ်စတစ်ငှက်အိမ်သေးသေးလေးတစ်လုံးထို့ သစ်ပင်ထိပ်မှာ သစ်ကိုင်းတွေကြားမှာ ချိတ်ဆွဲထားလိုက်သည်။ အဲဒီအချိန်တိတိမှာပဲ သူမေမေ အခန်းထဲ ဝင်ထွက်ခြင်းဖြစ်သည်။

'သားရေ..သားသူငယ်ချင်းတွေ ရောက်နေတယ်ထူ့ သကြားလုံးတွေ ဝေပေးလိုက်ပါဦး'

'ဟုတ်ကဲ့ မေမေ၊ သား လာပြီ'

သူသစ်ပင်ပုံစံငယ်ကို ထားခဲ့ပြီး အခန်းထဲမှ ထွက်ထွက်ခဲ့ရသည်။

ခြံထဲတွင် သူ့အတန်းဖော်သူငယ်ချင်းများကို မနှစ်မနှောကြီး တွေ့လိုက်ရ၏။ သကြားလုံးတွေ ဝေပေးပြီး

www.burmeseclassic.com

သည်။

'ငါတို့က မင်းပြောတဲ့ လင်းယုန်ကြီးကို ကြည့်ချင်လို့ ထွ။ သူနဲ့မင်းနဲ့ ဘယ်လိုကစားကြမလဲဆိုတာကို'

သျှီသူအောင် သကြားလုံးခွာစားရင်း ပြော၏။ စက်ဘီးကိုယ်စီနှင့် လူအင်အားက မနည်းလှ။ ဘောလုံးပွဲက အပြန် လှည့်ဝင်လာကြခြင်းဖြစ်မှာ သေချာသည်။ ဖုန်တွေ၊ သဲတွေ၊ ချွေးတွေနှင့် ကြောင်သေးစော်နံနေကြ၏။ သူမေးစော့ မေးဖြစ်လိုက်ပါသေးသည်။

'ဘယ့်နယ် ဘောလုံးပွဲ'

'ကျော်မကောင်း ကြားမနာကောင်းကွာ၊ (၆)ဂိုး ဂိုးမရှိတဲ့'

တိုးနှောင်မိုး ဖြေခြင်းဖြစ်သည်။

'အဟီး..တို့ရှုံးတာ။ ဟိုဘက်က အကောင်ကြီးတွေက နွားလောက်ရှိတဲ့ဟာ'

ခေါင်းပေါ်မှာ အနာတွေပေါက်လို့ ခေါင်းတုံး တုံးထား ရပါသည့် တပ်ဦးလက သူခေါင်းကိုပွတ်ရင်း အားကျမခံ ဝင်ပြော၏။

'ဘယ်မှာလဲ မင်းရဲ့ လင်းယုန်ကြီး'

သစ္စာဝိုင်စိုးက မေးသည်။ အားလုံးကလည်း သူပြောတဲ့ လင်းယုန်ကြီးကို တွေ့လိုမြင်လိုဖောနှင့် သူကိုကြည့်နေကြသည်။

'စမ်းချောင်းဘေးက ညောင်ပင်ကြီးပေါ်မှာကွ'

သူနောက်က ဝိုင်းအုံလိုက်လာကြ၏။

တကယ်မရှိသည့် လင်းယုန်ငှက်ကြီးနှင့် သူအကြောင်း သူသာသိသဖြင့် သူငယ်ချင်းတွေနားလည်အောင် ဘယ်လို ပြောပြနိုင်မလဲ။ သူစဉ်းစားရင်း လေးကန်စွာလျှောက်လာ ဖြစ်ခဲ့သည်။

'ဟေး..ကလေးတွေ၊ မင်္ဂလာညနေခင်းပါဗျ။ ဘယ် သွားကြမလဲ ကလေးတို့'

နှင်းဆီပန်းချုံကြားက ဦးဦးစော လှမ်းနှုတ်ဆက်သဖြင့် သူ အားနည်းနည်းရှိသွားသည် ထင်ရ၏။ သူသူငယ်ချင်း တွေမှာ ဦးဦးစောနှင့် ရင်းနှီးပြီးသားလည်း ဖြစ်သည်။

'မင်္ဂလာညနေခင်းပါ ဦးဦးစော။ သားတို့ မောင်မောင်ရဲ့ လင်းယုန်ကြီးကို လာကြည့်ကြတာ'

'လင်းယုန်'

'ညော်..ညော်..အေး..အေး..အပြန်ကျ ဦးဦးစော ဓာလကာသီး ခူးပေးလိုက်မယ်။ သိလား'

'အိုခေ၊ ဦးဦးစောကို ချစ်တယ်'

'အိုခေ..အိုခေ၊ သိုင်းကျူး'

ညောင်ပင်ကြီးသည် စမ်းချောင်းဘေး ကုန်းကမူအမြင့် ပေါ်တွင် တည်ရှိနေခြင်းဖြစ်သည်။ တစ်ခြံလုံးတွင် အမြင့် ဆုံးလို့ ပြောလို့ရလိမ့်မည်ထင်၏။ ကျနေရောင်အောက်တွင် ညောင်ရွက်ကို လေတိုးသဖြင့် အုပ်အုပ်သည်းသည်း ရှိုးရှိုး ရဲရဲမြည်သံ၊ ကျေးငှက်သာရကာပေါင်းစုံ၏ အသံများဖြင့် ဝေစည်လျက်ရှိ၏။

ညောင်ပင်ပေါ် မော့ကြည့်ရင်း သူ အရဲစွန့်ပြီး ခေါ်ကြည့်သည်။

'လင်းယုန်ကြီးရေ'

'လင်းယုန်ကြီးရေ'

လင်းယုန်မပြောနှင့်၊ စာကလေးတစ်ကောင်တစ်မြီး သော်မှ ထွက်ပေါ်မလာခဲ့ပါပေ။ ကောင်းကင်ပြာပြာသည် ပကတိကြည်လင်နေ၏။

'ဟေး..လင်းယုန်ကြီး'

သူအသံသည် တုန်ယင်အက်ကွဲပြီး ကြေမွနေ၏။

သူသူငယ်ချင်းများသည် ညောင်ပင်ကြီးဆီသို့ မကြည့်တော့။ သူကိုသာ အထင်အမြင်သေးစွာဖြင့် ခေါင်းဆုံးခြေဖျား ကြည့်နေကြတော့မည်။

ရစရာမရှိလောက်အောင်ပင် သူ အရှက်ကွဲ၏။

(၅)

'စိတ်ဓာတ်ကျတယ် ဦးဦးစောရယ်'

'သား ဒီစကားကို ဘယ်ကရတာလဲ။ စိတ်ဓာတ်ကျတယ် ဆိုတာလေ'

'တချို့ပြောသံကြားလို့ပါ'

'အေး..ဟုတ်ပြီ။ အဲဒီတချို့ထဲမှာ သား မပါစေရဘူး၊ ဟုတ်ပြီနော်။ လူဆိုတာ နှစ်မျိုးနှစ်စားတည်းရှိတယ် သား ရဲ့။ ပထမတစ်မျိုးက ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်နိုင်တဲ့လူ၊ ဟုတ်ပြီနော်။ ဒုတိယတစ်မျိုးက ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်မလုပ်နိုင်တဲ့လူ။ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်နိုင်တဲ့ ပထမတန်းစားလူဖြစ်အောင် သားက ကြိုးစားရမယ်လေ။

သားမှာ တကယ်ဖြစ်ချင်တဲ့ဆန္ဒရှိဖို့ပဲလိုတယ်။ ဟုတ်ပြီနော်။ အေး..စိတ်ဓာတ်ကျတယ်ဆိုတာ လူပျော့လူညံ့တွေရဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းတစ်မျိုးပဲ သားရဲ့။ စိတ်ဓာတ်ကျတယ်ဆိုတဲ့စကား သားဘဝမှာ မရှိစေနဲ့။ မရှိ

www.burmeseclassic.com

စေရဘူး။ မရှိအောင်လည်း သားက ကြိုးစားရမယ်။ ဟုတ်ပြီနော်။

သားလုပ်ရင် ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့စိတ်ကို ခိုင်ခိုင်မာမာထား။ ကဲ...အခု သားဖြစ်ချင်တဲ့ပုံစံမျိုး ဦးဦးစောကို ပြောပြတယ်။ ဦးဦးစောက သားကို ကူညီမယ်။ ဟုတ်ပြီလား။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမယ် သားရဲ့။ ယုံကြည်မှုရှိအောင်လည်း ကြိုးစားအားထုတ်နေရမယ်။ ကိုယ့်ကိုယ်ကိုယ်မှ မယုံကြည်ရင် သားကို ဘယ်သူကရော ယုံကြည်ဦးမှာတဲ့လဲ။ ဟုတ်ပြီနော်။ မဖြစ်နိုင်တာ မရှိဘူး၊ မဖြစ်သေးတာပဲ ရှိတယ်။ ဟုတ်ပြီလား၊ အိုကေ။

အခု ဒီငှက်အိမ်ကို ညောင်ပင်ပေါ်ရောက်အောင် ဦးဦးစော တက်ချည်မယ်။ ဦးဦးစောဆောတ်တဲ့ ငှက်အိမ်ကလည်း လှမှလှ။ ဒီမှာ သားမှာတဲ့ ကြိုးတွေကလည်း အလုံအလောက်ရှိပြီပဲကွာ။ သားသူငယ်ချင်းတွေကို မနက်ဖြန်ညနေ ငှက်ကြည့်လာကြဖို့ ချိန်းလိုက်ပေတော့။ သားစိတ်ကူး သိပ်ကောင်းတယ်။ သားကိုယ်တိုင်က အမြင့်ပျံငှက်ပါကွ။ ဟုတ်ပြီနော်'

သူ ဗမာလိုပဲ လိုက်လိုက်လဲလဲကြီး ပြန်ပြောဖြစ်ခဲ့ရပါသည်။

'ကျေးဇူးတင်ပါတယ် ဦးဦးစောရယ်'

(၆)

သူ ရင်ခုန်မျှော်လင့်စွာ စိတ်လှုပ်ရှားနေသည်။ စိတ်လှုပ်ရှားနေ၏။ သူ့သူငယ်ချင်းတွေ လာကြတော့မည်။ သူ့သူငယ်ချင်းတွေ လာနေကြပြီ။ ဆရာမဒေါ်မြသွေးနီကိုယ်တိုင် လိုက်လာခဲ့မယ် ပြောလိုက်သည်။

ထမင်းချက်သည့် အန်တီလေးက သူ့ကို တံခါးဖွင့်ပေး၏။ သူ့ကျောဝိုးအိတ်ကို စားပွဲပေါ်မှာချ အဝတ်တစ်စုံကောက်လဲပြီး အိမ်ပေါ်မှအဆင်းမှာပဲ ဆရာမဒေါ်မြသွေးနီနှင့် သူငယ်ချင်းများကို တွေ့လိုက်ရခြင်းဖြစ်သည်။

သူကိုယ်သူ ယုံကြည်မှုအပြည့်ရှိနေပြီဖြစ်သည်။ သူကချစ်သော၊ သူ့ကိုချစ်သော ဦးဦးစောကိုလည်း ယုံကြည်မှုအပြည့်အဝ ရှိထားသည်။ သူ အောင်မြင်ရမည်၊ အောင်မည်။

'မင်္ဂလာပါ တီချယ်'

'မင်္ဂလာပါကွာ။ မောင်မောင့်ကို တီချယ်ကိုယ်တိုင် လာပြီး အားပေးတာကွ'

ဒီနေ့မှ ငွေကြေးယစ်တို့ မိန်းကလေးအုပ်စုအပါအဝင် သူငယ်ချင်းတွေ အများကြီးလာကြလို့ သူ ပျော်လည်းပိုပျော်ပါသည်။ စိတ်တွေလည်း အများကြီးလှုပ်ရှားနေသည်။ ဘာပဲလှုပ်လုပ် တည်ငြိမ်မှုရှိပါစေ၊ ဘာပဲလုပ်လုပ် တည်ငြိမ်မှုရှိပါစေ။ ဦးဦးစောရဲ့ စကားသံတွေကို ပဲ့တင်ထပ်မျှကြားယောင်ရင်း သူ့အစွမ်းအစနှင့် ခွန်အားများ တိုးလာသည်သို့ ဖြစ်စေခဲ့သည်။

ရာသီဥတုကလည်း ကောင်းမှကောင်း။ နေရောင်ခြည်က ဝင်းဝင်းပပ။ နွေးနွေးထွေးထွေး သာသာယာယာ ရှိလှပါဘိတော့။

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ပြောသံဆိုသံ၊ ငြင်းသံခုံသံ၊ ရယ်သံတွေ စီစီညံညံနှင့် တစ်ခြိုလုံးလှုပ်လှုပ်ရွရွ ဖြစ်နေတော့၏။

တည်ငြိမ်သော ခြေလှမ်းများဖြင့် သူ ဦးဆောင်ပြီး ညောင်ပင်ကြီးရှိရာသို့ လာခဲ့ကြပြီ၊ လာနေကြပြီ။ ညောင်ပင်ကြီးရှိရာသို့ ရောက်လာကြပြီ ဖြစ်၏။ သူ ရပ်လိုက်သည်။ ညောင်ပင်ကြီးနှင့် တစ်ခြိုလုံးကို ဝေ့ဝိုက်ပြီးသူကြည့်သည်။ ညောင်ပင်ထိပ်ဖျားပိုင်းရှိ ညောင်ကိုင်းတစ်ကိုင်းပေါ်တွင် ဆေးခြယ်သထားသည့် လင်းယုန်စံအိမ်လှလှလေးကို ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှားကြီး မြင်တွေ့နေကြရပြီဖြစ်သည်။

'ဟယ်...ငှက်အိမ်လေးက ချစ်စရာလေးတော့'

သူငယ်ချင်းမများ၏ အသံပဲဖြစ်သည်။ အားလုံးက ငှက်အိမ်ကိုပဲ မော့ကြည့်နေကြ၏။ လေက ငြိမ်ချက်သားကောင်းလှသည်။ သစ်ရွက်သော်မှမလှုပ်၊ ရွက်ကြွေသော်မှ မလွင့်။ လူသံတွေ တိတ်သွား၏။

အတည်ငြိမ်ဆုံးအသံဖြင့် သူ အော်ခေါ်လိုက်သည်။

'လင်းယုန်ငှက်ကြီးရေ'

သူတို့အကြည့်အားလုံးက ငှက်အိမ်ဆီမှ မခွာကြ။

'လင်းယုန်ကြီးရေ'

'လင်းယုန်ကြီးရေ'

ဘုရား...ဘုရား... ဦးဦးစောများ အိပ်ပျော်နေရော့သလား။ သူ ခေါင်းနားပန်းကြီးသွားသည်။ ဘာဆိုဘာမှ လှုပ်ရှားမှု မတွေ့ရသေး၊ မတွေ့ရ။ အရိပ်အယောင်သော်မှ မတွေ့ရ။ တွေ့ကို မတွေ့ရခြင်းဖြစ်သည်။ သူ ဘယ်လိုမှ မတည်ငြိမ်ချင်တော့။ သူ့တစ်ကိုယ်လုံး တုန်လှုပ်ခြောင်းဆိုလာ၏။ ဟန်မဆောင်နိုင်၊ ဟန်မဆောင်တတ်တော့။

သူ...သူ ငိုသံပါကြီးနှင့် တုန်ယင်အက်ကွဲစွာ ငေါ်

www.burmeseclassic.com

ခေါ်မိလိုက်ခြင်းလည်းပဲ ဖြစ်သည်။

'ငါ့..ငါ့ရဲ့..လင်းယုန်ငှက်ကြီးရေ'

ဘယ်သူမှ မျက်တောင်မခတ်ကြ။ ငှက်အိမ်ဆီမှ အကြည့် တစ်ရွေးသား မခွာကြ။ အဲဒီအချိန်တိတိမှာပဲ အလွန်သာယာနာပျော်ဖွယ် ကောင်းလှပါသည့် ခြူသံနှင့် လွင်လွင်ချိုသော သောင်ရှက်ခတ်သံကို တစ်ပြိုင်နက် ကြားလိုက်ရခြင်းဖြစ်ပြီး ငှက်စံအိမ်တံခါးနှစ်ချပ် ပွင့်သွားခြင်း ဖြစ်သည်၊ ပွင့်သွားခြင်းပဲ ဖြစ်၏။ ပွင့်သွားပြီ၊ တံခါးပွင့်သွားခဲ့ပြီ။

သူဆံပင်တွေထောင်၍ ကြက်သီးမွေးညင်း တဖြန်းဖြန်း ထနေရော့သလား။ သူ လက်သီး(၂)ဖက်ကို ကျစ်ကျစ်ကြီး ဆုပ်မိလိုက်လေရော့သလား။

'ဟုတ်ပြီ၊ ဟုတ်ပြီ။ ငါရဲ့လင်းယုန်ကြီး ထွက်လာပြီ၊ ထွက်လာပြီ။ နှုတ်သီးကောက်ကောက်ကြီးနဲ့ ထွက်လာပြီ။ သစ်ကိုင်းပေါ် လျှောက်တယ်၊ လျှောက်နေတယ်။ အတောင်ပံခတ်နေပြီ၊ အတောင်ပံခတ်ပြီး အားယူနေပြီ။ ပျံတော့မယ်၊ ပျံတော့မယ်။ ဟော..ဟော..ပျံ..ပျံသွားပြီ။ ငါ့ရဲ့လင်းယုန်ငှက်ကြီး မိုးကောင်းကင်ဆီ ပျံသွားပြီဟေး'

သောင်ကိုင်းသည် ငြိမ့်ခနဲ ယိမ်းလှုပ်သွားပြီး သောင်ရှက်သောင်ကိုင်းများ တဖျတ်ဖျတ်နှင့် တသိမ့်သိမ့်လှုပ်ခါကျန်နေရစ်၏။

လဲ့လဲ့ပြာသောကောင်းကင်ယံတွင် ဝါဖွမ်းစိုင်ကဲ့သို့ သော တိမ်လွှာတစ်စ မျောလွင့်သွားသည်ကို တွေ့ကြရ၏။

'လင်းယုန်ကြီး ပျံသွားပြီဟေး'

'ဖြောင်း..ဖြောင်း..ဖြောင်း.. ဖြောင်း..ဖြောင်း.. ဖြောင်း'

လက်ခုပ်သံများ အတောမသတ်။

သူသူငယ်ချင်းများက သူ့ကို ဝိုင်းဝန်းချီမွေပြီး ချီးကျူးကြသည်။

အတောမသတ်၊ အတောမသတ်တော့။

အားလုံးတို့ရဲ့ မျက်နှာမှာလည်း ကျေနပ်ဝိတိပြိုးထွေနှင့်။ ဝမ်းသာအားရ အပျော်တွေနှင့်။

'တော်လိုက်တာ၊ တော်လိုက်တာ မောင်မောင်ရယ်။ သားက သားက လူတော်ပဲ'

'ကျေး..ကျေးဇူး..ကျေးဇူးတင်ပါတယ် ဆရာမ'

ဆရာမရဲ့ ချီးမွမ်းသံများ၊ သူငယ်ချင်းများရဲ့ ချီးကျူးသံတွေ အလိုက်အသည်းလိုက် ဖက်ရမ်းနမ်းရှုပ်ကြ၊ လက်ဆွဲ နှုတ်ဆက်ကြ။

ခြံတံခါးပေါက်ဝသို့ ဘယ်နည်းဘယ်ပုံ ရောက်လို့ရောက်မှန်းလည်း မသိတော့။

'ဂုဏ်ယူပါတယ် သူငယ်ချင်း'

'မောင်မောင်..ဂုဏ်ယူတယ်ကွာ'

'တာ့တာ..တာ့တာ'

'ဆီးယူ လိတ်တာ'

'ဆီးယူ မေနင်း'

အတောကိုမသတ်တော့။

အဲဒီအချိန်တိတိမှာပဲ မေမေ့ကို တွေ့လိုက်ရခြင်းဖြစ်သည်။

'မေမေ..မေမေ..မေမေ..တွေ့လား .မေမေ။ သား သူငယ်ချင်းတွေ ပျော်သွားကြတာ၊ တီချယ်ရောပဲ။ အို..အို..သား ပျော်လိုက်တာ'

မေမေ့ကို အတင်းဖက်ပြီး ပါးနှစ်ဖက်ကို ဘယ်ပြန် ညာပြန် နမ်းပစ်လိုက်သည်။ မေမေကလည်း သူ့ကို ပြန်နမ်းပါသည်။ မေမေ့မျက်နှာမှာ မျက်ရည်စတွေနှင့်။

'တွေ့တယ်..တွေ့တယ်၊ မေမေတွေ့လိုက်တယ် သား။ သား..သားက လူတော်ပဲ'

'ဦးဦး..ဦးဦးစောကို သိပ်ကျေးဇူးတင်ကြောင်း သား ပြေးပြောဦးမယ်။ ဦးဦးစော..ဦးဦးစောကို'

ရုတ်တရက် မေမေက သူ့ကိုဖမ်းဆွဲပြီး တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်ခြင်းပဲဖြစ်၏။ လက်တစ်ဖက်ဖြင့်လည်း သူ့ခေါင်းက ဆံပင်လေးတွေကို ထိုးဖွသပ်တင်ပေးနေရင်း မေမေ့ကိုယ်မှာ တုသိမ့်သိမ့်တလှိုက်လှိုက် တုန်ယင်လာသည်သို့ ရှိ၏။

'သား..သား..သား..သားရဲ့ ဦးဦးစောလေ၊ မနက်က ဒီကိုအလာ အနီးစခန်းနားမှာ ကားတိုက်မှုဖြစ်..ဖြစ်လို့ နေ့လယ်က ဆေးရုံကြီးပေါ်မှာ ဆုံး..ဆုံးရှာခဲ့ပြီကွယ့် ကလေးရေ့'

ညီညီပြုံးခွန်း

www.burmeseclassic.com

စိတ်ကူးပေါက်လျှင် ရွာထဲ ဝင်လာတတ်သော်လည်း များသောအားဖြင့် ရွာတောင်ဘက် သုသာန်တစ်စပြင် သခိုရိုင်းကုန်းဇရပ်မှာ အနေများသည်။ လူအများကတော့ ဆင်သေတောင်ရွာမှာ သူ့ကို စိတ်မနှံ့တဲ့သူ အရူးဖိုးသာထူး ဟု ခေါ်ကြ၏။

အမှန်တကယ်တော့ ဖိုးသာထူးကား စိတ်မနှံ့သူ အရူး မဟုတ်ပေ။ လူထူးလူဆန်းတစ်ယောက်သာဖြစ်သည်။ လူတို့၏ သဘောသဘာဝတွင် အမြင်ဆန်းလျှင် ရူးသည်၊ ထူး သည်ဟု ထင်ကြေးပေးတတ်၊ ပြောတတ်ကြလေသည်။ ဤ ကဲ့သို့ပင် ဖိုးသာထူးကိုလည်း အရူးတစ်ယောက်ဟု ထင် ကြေးပေးထားကြလေသည်။

ဖိုးသာထူးသည် အသက်(၆၀)ကျော်ရှိပြီး ဘယ်သော အခါမှ အညာဖျင်အင်္ကျီကို မချွတ်၊ ကြယ်သီးမတပ်ဘဲ ရင်ဘတ်ကြီးကို အမြဲဟထားတတ်သည်။ ပုဆိုးကို သာ သူလုံခြုံရေးအတွက် ဝတ်သည်။ ချည်လုံချည်

www.burmeseclassic.com

www.burmeseclassic.com

အပိုတစ်ထည်ကိုတော့ အမြဲတစေ ကိုယ်ပေါ်မှာ စလွယ်သိုင်း၍ ထားတတ်၏။ လည်ပင်းမှာတော့ (၅)မူးလုံးခန့် ရှိသော ပုတီးကြီးကလည်း အမြဲဆွဲထားသည်။ ဖိုးသာထူး ရင်ဘတ်မှာတော့ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ စသည့် အင်း၊ အိုင်၊ စမ၊ လက်ဖွဲ့များကို ထိုးထားသောကြောင့် မြင်သူတိုင်းက ဤသည်ကိုပင် ဖိုးသာထူးအပေါ်၌ အမြင်ဆန်း အသွင်ဆန်းသော မြင်ကွင်းတစ်ခု ဖြစ်နေ၏။

ဤသည်ပင် ရူး၏၊ ထူး၏ဟု ထင်ကြေးပေးဟန် တူလေ၏။

စိတ်ကူးပေါက်လို့ ရွာထဲ ဝင်လာလျှင်တော့ ကလေးတစ်သိုက်နှင့် ခွေးတစ်အုပ်က သူ၏နောက်က ပါလာတတ်သည်။ ကလေးတွေက အော်သည်။ ခွေးတွေက ဟောင်သည်။ ဖိုးသာထူးကတော့ မြူးနေသည်။

တုတ်တစ်ချောင်းနှင့် ဟိုယမ်းသည်ယမ်း လုပ်၍-

"ဟဲ့..ခွေး၊ ဟဲ့..ခွေး၊ အေပေးခွေးတွေ။ ဘေးဖယ်ကြစမ်း"

"ဟဲ့..ကလေး၊ ဟဲ့..ကလေးတွေ၊ အေးဘုံနဲ့ လုံးတင်ဆီ ပြေး"

ဖိုးသာထူး နောက်လှည့် တုတ်တစ်ချောင်းဖြင့် ယမ်းထိုက်ပြီး-

"ဝေးဝေးရှောင်နေကြစမ်း။ ငါ့နောက်တော်ပါးက ထိုက်မလာကြနဲ့။ ဟောဒီခွေးတွေကိုပစ်ဖို့ ထွေမရှိဘူး။ ကလေးတွေကျွေးဖို့ ငွေမရှိဘူး။ တို့မရ ငွေထုပ်ကြီးတွေက ဘဏ်တိုက်မှာနေ၊ ဘဏ်တိုက်မှာနေ၊ လူသူမသိအောင် တိမ်ပြောင်ရှောင်ကာနေ၊ ညော်..လောကအလုပ်ကြွေးတွေကြောင့် ညော်..ဖိုးသာထူးတို့ နှပ်ချေးကို ဆီပြန်ကြော်လို့ ရယ်၊ ပြည်မြန်ပေါ် ငတို့တွေ စားမယ်..ကွယ်၊ အားရှိစေသား..တိမ်ပြောင်..တိမ်..တိမ်..တိမ်..နောင်..နောင်..နောင်..လပြောင်"

ပါးစပ်ဆိုင်းတီးလုံးနှင့် သီချင်းစပ်ဆိုနေသော ဖိုးသာထူးကိုကြည့်၍ ကလေးတွေ ဩဘာပေးကြသည်။ ခွေးတွေ တဝုတ်ဝုတ်နှင့် ဟောင်ကြသည်။ အရပ်ထဲက လူကြီးယောကျ်ားတွေနှင့် လူကြီးမိန်းမတွေက ထွက်ကြည့်ကြသည်။

ဒေါ်တုတ်မကြီးကတော့ ဖိုးသာထူးကိုကြည့်ပြီး-

"ဖိုးသာထူး ရွာထဲ ဝင်ခဲတယ်နော်။ သူလာရင် တစ်ခုခုတော့ ထူးပြီသာမှတ်"

"တစ်လနေလို့ တစ်ခေါက်၊ နှစ်လနေလို့ တစ်ခေါက် ရောက်မလာတတ်တဲ့ ဖိုးသာထူး တစ်နေ့နေ့တော့ ပေါက်ချလာတော့မယ်လို့ ထင်နေတာ။ ခု ထင်တဲ့အတိုင်း ဖိုးသာထူး ရွာထဲ ဝင်လာပြီ။ မတုတ်မမြောသလိုပဲ တစ်ခုခုတော့ ထူးခြားတော့မယ်နဲ့တူတယ်"

ဒေါ်တုတ်မနှင့် အိမ်ချင်းကပ်အိမ်က ဒေါ်လှချုပ်ကလည်း ဖိုးသာထူးကိုကြည့်၍ သူ့ထင်မြင်ချက်နှင့် ဝေဖန်သည်။

ကာလသားတချို့ ထန်းတောမှ ထန်းရည်မူးပြီးပြန်လာကြ၍ ကလေးတစ်အုပ်လန့်ပြီး နောက်ဆုတ်ပြေးကြသည်။

"ကိုတာတီးလက်မှာ ဓားကြီးနဲ့ဟေ့။ ပြေးကြ၊ ပြေးကြ။ အဲဒီ ကိုတာတီးကြီးက မှူးရင် ဓားနဲ့ လိုက်ခုတ်သတ်တယ်။ ပြေး..ပြေး"

ကလေးတစ်အုပ် အော်ပြီးပြေးကြသဖြင့် ခွေးတွေပါလန့်ပြီး ကလေးအုပ်နောက်က ပြေးလိုက်သွားကြလေ၏။

ကာလသားခေါင်း ကိုတာတီးမှာ အသက်(၃၀)ခန့်။ မိဘမဲ့ မယားမရှိ တစ်ကိုယ်တည်းသမား၊ အရက်သမား။ လူမိုက်တစ်ယောက်ဖြစ်သည်။

သူ့ကို တစ်ရွာလုံးက ကြောက်ကြသည်။ မထင်လျှင် မထင်သလို ကိုတာတီးကလည်း လုပ်တတ်၏။

"ဟော့..ရှေ့က ဘယ်သူလဲ"

ပါးစပ်ဆိုင်းတီးနေသော ဖိုးသာထူးအား အရက်ထွေထွေ အာလုတ်သံနှင့် ကိုတာတီး အော်မေးသည်။

"ကျုပ် သာထူး၊ ဖိုးသာထူးလို့ ခေါ်ပါသည်။ အဟဲ့..အဟဲ့..အဟမ်း"

"လက်စသတ်တော့ အရူးဖိုးသာထူးပဲ။ ကျုပ်ကလည်း အမူးတာတီး။ အရူးနဲ့အမူး တွေ့ကြပြီပေါ့ဗျာ"

ကိုတာတီးသည် ရှေ့သို့ လွှားခနဲခုန်၍ ဖိုးသာထူး ရှေ့သို့ ဘွားခနဲရောက်လာသည်။

"မင်းက ဓားကြီးတယမ်းယမ်းနဲ့ ခုအချိန်မှာ ဓားယမ်းမဲ့အစား ဘုရားလမ်းအတိုင်း တရားထမ်းပြီးလိုက်ဖို့ သင့်ပြီကွ။ ငါ့ကို မခုတ်နဲ့။ ငါက ပြန်လုပ်တတ်တဲ့ကောင် မဟုတ်ဘူး။ ပရလောကက မင်းကို အလှကြည့်နေမှာ မဟုတ်ဘူး။ မင်းကို ချသွားလိမ့်မယ် ငမူးတာတီးရဲ့"

"ခင်ဗျား ကျုပ်ကို ဘာစကားပြောတာလဲ။ အရူးစကားတွေ လာမပြောနဲ့။ ခင်ဗျားကို ကျုပ် တကယ်ချမှာ"

"မင်းချရင် ငါ ဒဏ်ရာရမယ်။ မင်းကတော့ ဒဏ်ရာ

www.burmeseclassic.com

မရဘူး။ အခေါင်းထဲ တန်းဝင်သွားရလိမ့်မယ်။ ဖိုးသာထူး ပြောရင် လွဲခဲတယ်။ မင်း ဆင်ခြင်ဖို့ပြောတာ'

'ဟား..ဟား..ဟား..သာထူးအရူးက တစ်မူးသာပြီး ငါ့လိုတာတီးကို ဆရာလုပ်နေပါလားကွ။ တာတီးကို ဆရာလုပ်လို့မရဘူး။ သေဖို့သာပြင်တော့'

ဟု ပြောပြောဆိုဆို-

'ဒုတ်'

တာတီးက ဓားရိုးဖြင့် ဖိုးသာထူး၏ခေါင်းကို ထုချလိုက်သည်။ ဖိုးသာထူး၏ခေါင်းမှ သွေးများစီးကျလာသည်။

'မင်း ထပ်မလုပ်တော့ဘူးဆိုရင် ငါ သွားမယ်။ လုပ်ချင်သေးတယ်ဆိုရင် ငါ မသွားဘူး။ ရပ်ခံနေမယ်'

ဖိုးသာထူးက ပြောပြီး ရပ်နေသဖြင့် ကိုတာတီး၏ အဖော်များက-

'တာတီးကလည်းကွာ၊ မူးမူးရူးရူးနဲ့ ဘာတွေလျှောက် လုပ်နေမှန်း မသိဘူး။ တော်ကြာ လက်လွန်ခြေလွန်ဖြစ်ပြီး လူသတ်မှုဖြစ်နေဦးမယ်။ လာ..သွားမယ်'ဟုဆိုကာ တာတီးကြီးကို အတင်းဆွဲခေါ်သွားကြလေ၏။

'ဟိုကောင်တာတီး မနက်ဖြန် မင်းအသုဘကို ငါလာခဲ့မယ်။ အမူးနဲ့အရူး တွေ့ကြမယ်ဟေ့'။ တွေ့ကြမယ်'ဟု တာတီးကြီးကြားအောင် ဖိုးသာထူး လှမ်းပြောလိုက်ပြီး ပါးစပ်ဆိုင်းနှင့် သီချင်းကိုတစ်လှည့် သီဆိုညည်း၍ ဖိုးသာထူး ခေါင်းမှဒဏ်ရာကို လက်ဖြင့်အုပ်ကာ ထွက်ခွာ၍ သွားလေသည်။

◆◆◆

'ကျွန်မ မပြောဘူးလား။ ဖိုးသာထူး ရွာထဲဝင်လာရင် တစ်ခုခုထူးခြားမယ် ဆိုတာလေ။ ခုကြည့်၊ ကာလသားခေါင်း လူမိုက်ငမူးတာတီးတစ်ယောက် သေပါကောလား'

ဒေါ်တုတ်မကြီးက သူ့ထင်ကြေး မှန်သွားသဖြင့် ဒေါ်လှချုပ်ကို ဤနှယ်ပြောလိုက်ရာ ဒေါ်လှချုပ်က-

'ဟုတ်ပါ့ မတုတ်ရေ၊ ညည်းပြောသလို ကွက်တိပဲ။ ညက တာတီးတစ်ယောက် မူးမူးရူးရူးနဲ့ အပေါ်ဇလာကျင်းပြီး ကွပ်ပျစ်ပေါ်အိပ်လို့ ဦးနှောက်သွေးကြောပြတ်တာတဲ့။ သေခြင်းတရားကလည်း ကြောက်စရာကောင်းလိုက်တာ။ နေ့မြင် ညပျောက် မြန်လိုက်တာဟယ်'

'ဈေးထဲမှာ ကြားလာတဲ့သတင်းက အရူးဖိုးသာထူးကို တာတီးက ဓားရိုးနဲ့ ထုလို့တဲ့တော့။ အဲဒါ ဖိုးသာထူးက ကျိန်ဆဲလို့ တာတီး သေရတာလို့ ပြောနေကြတယ်ဟ'

ဒေါ်တုတ်မက ဈေးကကြားလာသောသတင်းကို ဒေါ်လှချုပ်ကို ဖောက်သည်ချသည်။

'အရူးဖိုးသာထူး ကျိန်ဆဲလို့တော့ ဟုတ်မယ်မထင်ပါဘူး။ သေချိန်တန်လို့ တိုက်ဆိုင်သွားတာပဲဖြစ်မယ်'

ဒေါ်လှချုပ်က ယုံကြည်ပုံမရပေ။

'ဘာပဲဖြစ်ဖြစ်လေ၊ ဖိုးသာထူးကိုတော့ လျှော့တွက်လို့ မရဘူးဆိုတာ သေချာသွားပြီ။ သူ ရွာထဲဝင်လာရင် သတိထားရတော့မယ်'

'မလိုပါဘူးဗျာ။ ကျုပ်ကို လျှော့လည်း မတွက်နဲ့၊ တင်းလည်း မတွက်နဲ့။ သတိလည်း မထားနဲ့။ ဖိုးသာထူးဆိုတဲ့ ကျုပ်က ထူးပြီး ဆန်းနေတဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ ရူးပြီး နှမ်းနေတဲ့ လူတစ်ယောက်ပါ။ တာတီးသေတာ ကျုပ်နဲ့ မဆိုင်ဘူး။ အေး..အပြစ်နဲ့တော့ ဆိုင်တယ်'ဟု ပြောပြောဆိုဆို ဖိုးသာထူး အနားရောက်လာပြီး ပြောလိုက်သဖြင့် ဒေါ်တုတ်မနှင့် ဒေါ်လှချုပ်တို့ ခြေကြက်လန့်၍သွားလေ၏။

ကြည့်လိုက်တော့ ဖိုးသာထူးခေါင်းမှာ ပတ်တီးစည်းထားသည်။

'ဒီဒဏ်ရာကို ပေးခဲ့တဲ့အတွက် အဲဒီဒဏ်ရာက ငမူးတာတီးကို ပြန်ပြီးဒဏ်ခတ်လိုက်တာ။ ကျုပ် စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကျုပ်က ဘယ်အရာကိုပဲဖြစ်ဖြစ် ကြိုပြီး သိနေတာက ခက်တယ်'ဟု ဖိုးသာထူးက သူ့ခေါင်းက ဒဏ်ရာကို လက်ညှိုးတို့ပြ၍ ဆိုလေသည်။

'ဟင်..ဖိုးသာထူးက တာတီးသေမှာကို ကြိုသိနေတာလား'ဟု တအံ့တသြဖြင့် ဒေါ်လှချုပ်က မေးလိုက်၏။

'ဟုတ်တယ်၊ ကျုပ် ကြိုသိနေတယ်။ ကျုပ်ကို ကြိုပြီး သိခွင့်ပေးနေတာက ဟောဒီပစ္စည်းကြောင့်ပဲ'ဟုဆိုကာ ဖိုးသာထူးက လည်ပင်းမှာစွပ်ထားသော သူပုတီးကိုကိုင်၍ ပြလေ၏။

ထို့နောက် ဖိုးသာထူးက ဆက်၍ပြောပြန်လေ၏။

'လူတိုင်းကို ကျုပ်ပြောချင်ပါတယ်။ ရတနာသုံးပါးကို မမေ့ကြနဲ့၊ ခင်ပွန်းကြီးဆယ်ပါးကိုလည်း မမေ့နဲ့။ ပုတီးစိပ်ကြ၊ မေတ္တာထားကြ၊ စိတ်ကောင်းနှလုံးကောင်း မွေးကြထမင်းကို မမေ့ကြသလို ဘုရားနဲ့ ပုတီးကိုလည်း မမေ့ကြနဲ့။ အဲဒါပဲ။ ကျုပ်ကတိအတိုင်း တာတီးရဲ့အသုဘကို သွားလိုက်ဦးမယ်'ဟုပြောကာ ဖိုးသာထူးထွက်သွားလေ၏။

နေ့လယ်အချိန်သို့ ရောက်သောအခါ တာတီး၏

www.burmeseclassic.com

www.burmeseclassic.com

အသုဘရှုရောက်လာကြလေ၏။ ဒေါ်တုတ်မကြီးနှင့် ဒေါ်လှချုပ်တို့လဲညီး ရောက်လာကြလေ၏။

ရွာလူကြီးဦးငွေမောင်းတို့ အုပ်စုထဲ၌ ဖိုးသာထူးကို မမျှော်လင့်ဘဲ တွေ့လိုက်သောအခါ ဒေါ်တုတ်မကြီးနှင့် ဒေါ်လှချုပ်တို့မှာ တအံ့တသြဖြစ်ရပြန်လေ၏။ ဦးငွေမောင်းမှာ ဘုန်းကြီးလူထွက် လူပြန်တော်တစ်ယောက်ဖြစ်သည်။ စာတတ်ပေတတ်ကြီးဖြစ်၍ စာခံဖြင့် မာန်တက်နေသောကြောင့် သူ့ကို စကားယှဉ်မပြောရဲကြသလို တရားယှဉ်၍လည်း မပြောရဲ၊ မဆိုရဲ၊ မဆွေးနွေးရဲကြပေ။ အဘယ်ကြောင့်ဆိုသော် ဦးငွေမောင်းသည် အမြဲတမ်း ဆရာလုပ်တတ်သောကြောင့် ဖြစ်လေသည်။ အတွေ့၊ မာန ကြီးတတ်သောကြောင့် ဖြစ်လေသည်။

ယခုလည်း ဦးငွေမောင်းသည် အားလုံးကို ဆရာကြီးလုပ်၍ အာပေါင်အာရင်းသန်သန်ဖြင့် တရားအကြောင်းကို စာအုပ်ကြီးအတိုင်း သူချည်း ဦးဆောင်ကာ ပြောနေလေ၏။ ဖိုးသာထူးသည် ငြိမ်သက်စွာ နားထောင်လျက်နေလေသည်။

ဦးငွေမောင်းက-

'လူဟာ သေတတ်တဲ့ အမျိုးပဲ။ ဇာတိရှိရင် ဇရာ၊ ဇရာဆိုတာ ရှိတယ်။ ဒါ ဘုရားဟောတာ။ ကျုပ်ပြောတာ မဟုတ်ဘူးလား။ ခု တာတီးသေပြီ။ မသေခင်က ဘာတွေ လုပ်ခဲ့သလဲ၊ သေပြီးတဲ့အခါ သူ ဘယ်သွားမလဲ အဲဒါ ခင်ဗျားတို့ သိလား' ဟု ရေနွေးတစ်ခွက်ငှဲ့သောက်ပြီး မေးလိုက်လေသည်။

ဦးငွေမောင်း၏အမေးကို ဘယ်သူမှမဖြေဘဲ ငြိမ်နေကြသဖြင့် ဖိုးသာထူးက-

'တာတီး မသေခင်က လုပ်ခဲ့တဲ့အကြောင်းနဲ့ သေပြီးတဲ့နောက် ဘယ်သွားမယ်ဆိုတာ ကျုပ်သိတယ်' ဟု ဝင်၍ ပြော လိုက်သောကြောင့် အသုဘရှုလာကြသူများ အားလုံးလိုလိုပင် ဖိုးသာထူးကို အာရုံစိုက်၍သွားကြလေ၏။

ဦးငွေမောင်းသည် ဖိုးသာထူးကို ကြည့်လျက်-

'အရှုဖိုးသာထူးက သိတယ်ဆိုတော့ ကဲ..ဆိုစမ်းပါဦး။ ဘယ်လိုသိတာလဲ' ဟု မေးလိုက်လေ၏။

'တာတီး မသေခင်က အရက်သောက်တယ်။ လူမိုက်လုပ်တယ်။ အဲ..သေပြီးတဲ့နောက် သူသွားရမယ့်နေရာနဲ့ ရောက်ရမယ့်နေရာက သင်္ချိုင်း' ဟု ပြောလိုက်သဖြင့် အားလုံးပွဲကျ၍ ရယ်မောလိုက်ကြလေ၏။

'ကိုယ့်လူက အရှုးလို ဖြေတာကိုး။ ဒီအဖြေမျိုးက လူတိုင်း ဖြေတတ်တဲ့ အဖြေပဲ။ အဆန်းမှမဟုတ်ဘဲ' ဟု ဦးငွေမောင်းက ပြောပြီး ပြုံးနေသည်။

'ဘယ်သူမှ မဖြေကြလို့ ကျုပ်က ဝင်ဖြေလိုက်တာပါ။ ကျုပ်နားလည်တာကတော့ အမြင်အားဖြင့်တော့ အဲဒါအမှန်ပဲ'

'ဖိုးသာထူးက ကလေးလို မဖြေနဲ့လေ။ လူကြီးလို ဖြေမှပေါ့။ ကျုပ်က လူပြန်တော်တစ်ယောက်နော်။ စာနဲ့ဖြေခိုင်းတာ' ဟု ဖိုးသာထူးကို ပညာစမ်းသလိုလိုနဲ့ ဘဝင်မြင့်သံဖြင့် မေးလိုက်သည်။

'စာဆိုတာ ဘာပြောတာလဲ၊ ကျုပ် မသိဘူး။ ခင်ဗျားက စကားနဲ့မေးလို့ ကျုပ်က စကားနဲ့ ဖြေတာလေ။ စာဆိုတာက စကားပေါ်ပြီးနောက်မှ ပေါ်လာတဲ့ကိစ္စပဲ။ စကား မရှိဘဲ စာဆိုတာ မရှိနိုင်ဘူး။ ထားပါတော့လေ၊ ခင်ဗျား ပြောသလိုပဲ စာနဲ့ မေးကြည့်စမ်းပါ။ ကျုပ် ဖြေကြည့်မယ်။ ဖြေနိုင်မလားလို့'

ဟု ဖိုးသာထူးကပြော၍ ဦးငွေမောင်းမှာ ဖိုးသာထူးကို စေ့စေ့ကြည့်ပြီး-

'ခင်ဗျား ဖြေနိုင်မှာ မဟုတ်ပါဘူး။ ပိဋကတ်သုံးပုံထဲက စာကို ကျုပ်က မေးလိုက်ရင် ခင်ဗျား ဘယ်လို လုပ်မလဲ'

ဟု ဦးငွေမောင်းက မချိပြုံး,ပြုံးရင်း မေးလိုက်ရာ ဖိုးသာထူး ဦးငွေမောင်းကို ကြည့်ပြီး-

'ဒီမယ်..ကျုပ် ဘယ်လိုလုပ်မယ်ဆိုတာ ကျုပ် မလုပ်ပြဘဲနဲ့ ခင်ဗျား ဘယ်လိုလုပ် သိနိုင်မှာလဲ။ ခင်ဗျားမေးတဲ့ အမေးက ကချေသည်မကို နင် ကတတ်သလားလို့မေးသလို ဖြစ်နေပြီ။ ကျုပ်လည်း လူပြန်တော်တစ်ယောက်ပဲ။ ခင်ဗျား ဘယ်နှစ်ဝါအရောက်မှာ ထွက်တာလဲ'

ဟု မေးလိုက်သဖြင့်-

'ကျုပ် ဆယ့်ငါးဝါအရမှာ ထွက်တာ' ဟု ဦးငွေမောင်းက ဖြေသည်။

'ကျုပ်က ဝါနှစ်ဆယ်အရောက်မှာ ထွက်တာ။ ခင်ဗျား ထက် ငါးဝါပိုတယ်' ဟု ဖိုးသာထူး ပြောလိုက်ရာ တာတီး အသုဘရှုလာကြသော ပရိသတ်မှာ ဖိုးသာထူးကိုကြည့်ပြီး ဟာခနဲ ဟင်ခနဲ ဖြစ်၍သွားကြလေတော့၏။

အရှုးဖိုးသာထူးက ဝါနှစ်ဆယ်ရ ဘုန်းကြီးလူထွက်ဟု ဆို၍ အံ့သြကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဖိုးသာထူးကပင် ဆက်ပြောပြန်လေ၏။

'ခင်ဗျားပြောတဲ့စာက စာပဲဗျ၊ ဉာဏ်မဟုတ်ဘူး။ ဉာဏ်က စာမဟုတ်ဘူး၊ အလုပ်။ လောကမှာ မလုပ်ဘဲ ရတာ ဘာမှမရှိဘူး။ လုပ်မှရတာ။ စာက ရှိတာ။ အလုပ်က သိတာ။ စာရှိတာကို ငါသိ မလုပ်နဲ့။ ငါလုပ်ကြည့်မှ ငါသိတာဗျ။ ခင်ဗျားမမေးခင် ကျုပ်မေးကြည့်မယ်။ ခင်ဗျားကို စာထဲကအရှိကို မေးမှာ။ အရှိအတိုင်းပဲ ခင်ဗျားဖြေကြည့်။ ဘုရားရှင်လက်ထက်တော်က မဟာအဘိညာဉ်ရတဲ့ ပုဂ္ဂိုလ် (၄)ဦးရှိတယ်။ ခင်ဗျား အဲဒီလေးယောက်ကို စာရှိအတိုင်း ဖြေကြည့်' ဟု မေးလိုက်လေ၏။

ထိုအခါ (၁၅)ဝါရ ဘုန်းကြီးလူထွက် လူပြန်တော်ကြီး ဦးငွေမောင်းမှာ ပါးစပ်ဟောင်းလောင်းပွင့်၍ သွားလေတော့၏။

'စာဆိုတာ ကြာရင် စာအုပ်ထဲ ပြန်ဝင်သွားတတ်တာ သဘာဝပဲ။ အမြဲတွေ့နေမှ အမြဲမမှေ့တာ။ ရှိတာကို သိဖို့က ဉာဏ်လိုတယ်။ ဉာဏ်ဆိုတာ တကယ်ကတော့ စုဆောင်းသိမ်းဆည်းထားအပ်တဲ့ ဘဏ်တိုက်တစ်ခုပဲ။ အဲဒီ ဘဏ်တိုက်က နှလုံးအိမ်ကို ပြောတာ။ စာထဲက စာအတိုင်းပဲ ကျုပ်ပြောမယ်။ ဘုရားရှင်လက်ထက်မှာ ဘုရားရှင်လက်ထက်ဆိုတာက ဂေါတမဘုရားရှင်လက်ထက်တော်ကို ပြောတာ။ သာသနာတော်မှာ မဟာအဘိညာဉ်အရာကိုရတဲ့ တေဒဂ်ရှင်(၄)ဦးက (တစ်) ရှင်သာရိပုတ္တရာ၊ (နှစ်)ရှင်မောဂ္ဂလာန်၊ (သုံး) ရှင်ဗာကူလ၊ (လေး)ယသော်ခရာဆေရီမအဲဒီ(၄)ဦးပဲဗျ။ ကိုင်း...ကျုပ်လည်း ကျုပ်ကတိအတိုင်း တာတီးရဲ့အသုဘကို လာရှုတဲ့အလုပ် ပြီးပြီ။ ကျုပ်တာဝန် ကျေလို့ ကျုပ်ပြန်ပြီဗျာ' ဟု ပြော၍ အရူးဖိုးသာထူးသည် ထိုင်ရာမှထ၍ ထွက်ခွာသွားလေတော့၏။

ရွာလူကြီးဦးငွေမောင်းတို့ အဖွဲ့သည် အရူးဖိုးသာထူး ထွက်ခွာသွားရာနောက်သို့ လိုက်ကြည့်လျက် ဦးငွေမောင်းက-

'ဖိုးသာထူးကို ရူးတယ်လို့ အားလုံးက ထင်နေကြတာ။ ဘယ်မှာရူးလို့တုံး။ ဖိုးသာထူးက ရူးတာမဟုတ်ဘူး။ ထူးတာ၊ ထူးတာ။ ဒါကြောင့် ဖိုးသာထူး တစ်မူးသာသွားတာပေါ့' ဟု အားလုံးကြားအောင် ပြောလိုက်လေတော့သတည်း။

ဒါရိုက်တာ-မျိုးဇော်အောင်

ပြန်မေးညည်းပညာ၊ ကမ္ဘာနည်းပညာပြင် ပေးခဲ့ပြီးခန့်ပြီ

ဆရာမဒေါ်ဝေဝေမင်း

ချစ်သူ၊ မုန်းသူ၊ အိမ်ထောင်ဖက်၊ စီးပွားဖက်၊ ရန်ဘက်တို့၏ နာမည်၊ ရုပ်ဆင်းသဏ္ဌာန်တို့ကို ဒေဝစက္ခု၊ မနောစက္ခုဖြင့် လက်တွေ့ပုံဖော် ဟောပြောပေးနေပါပြီ။

ထီကံ၊ ငွေကြေးကံ၊ အလွန်ကိစ္စ

အလုံးစုံကို တိကျပြတ်သားစွာ အမည်နှင့်တကွ ဟောပြောနေပါပြီ။ ယခုပင် ကြွခဲ့ပါ။ လာရကျိုး နပ်စေရမည်။

ထီကံ၊ အထူးဟောနေပြီ

သင့်မှာ ထီပေါက်ကိန်းရှိပါက မုချလက်ငင်း ထီပေါက်မည်။

တစ်ဘဝစာဟောစာတမ်း

အမည်၊ မွေးနေ့သက္ကရာဇ် အတိအကျ၊ မွေးရပ်၊ မွေးချိန်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပြီး ငွေ(၂၅၀၀)ကျပ် (နှစ်ထောင့်ငါးရာကျပ်)ကို စာတိုက်မှ (M.O) ဖြင့် ပေးပို့ပါက တစ်ဘဝစာဟောစာတမ်းကို စာတိုက်မှ မှတ်ပုံတင်စာဖြင့် အမြန်ဆုံးပြန်လည်ပေးပို့ပေးပါမည်။

(မှတ်ချက်-စာအိတ်အတွင်း ငွေထည့်ပို့ခြင်း လုံးဝတာဝန်မယူပါ။ မပို့ပါနှင့်)

ဆရာမဒေါ်ဝေဝေမင်း

ဆိုင်အမှတ်-၂၉၊ ကမ္ဘာဇေးဘုရားဇောင်းတန်း၊ ရန်ကုန်မြို့

နံနက်(၁၁း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (စီတိုက်-လမြဲညို/လကွယ်)

www.burmeseclassic.com

www.burmeseclassic.com

သဒ္ဓမ္မဂရုန္တယ်ဝင် ဓမ်ကွန်းတင်နှင့် ပတ္တမြားရတု ဂုဏ်ပူဇော တိုထ်တွန်းနှိုးဆော်ချေ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ သဒ္ဓမ္မဂရု(ပုသိမ်) ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဒုတိယမြောက် ပုသိမ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒစရိယ)၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတု ဂုဏ်ပူဇော အထိမ်းအမှတ် မဂ္ဂဇင်းနှင့်

သဒ္ဓမ္မဂရု(ပုသိမ်) ကျောင်းတိုက်ကြီး၏ သဒ္ဓမ္မဂရုန္တယ်ဝင် မော်ကွန်းတင် စာအုပ်များကို သမိုင်းမှတ်တိုင် တစ်ခုအဖြစ် ထုတ်ဝေကြမည် ဖြစ်ပါ၍ သဒ္ဓမ္မဂရုန္တယ်ဖွား ရဟန်းသံဃာတော်များနှင့် တပည့်ဒကာ,ဒကာမများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

၁။ ဘဒ္ဒန္တပဏ္ဍိတ
သာသနဟိတပရိယတ္တိစာသင်တိုက်
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၀၀ ၅၅၅ ၈၇

၂။ သုံးဆယ်ဆရာတော်
သုံးဆယ်ကျောင်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၈ ၀၂၄ ၃၃၇

၃။ ဦးဝဏ္ဏိတ
မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀ ၄၅၁၀၉

မှတ်ချက် - အလှူငွေများကိုလည်း အထက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်း နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မှဆိုးဒူးထောက် မြေခံသား

မိုးကြိုး (အမရဋ္ဌာနေ)

www.burmeseclassic.com

www.burmeseclassic.com

(တစ်)

နာမည်ရင်းက ထွန်းတင်၊ အများက နွှတ်ကျိုးနေတာ မှန်ကြီး။ အသက်က (၆၀)နား ကပ်နေမင့်မို့ ကျုပ်တို့ တတော့ ဦးမှုန် ခေါ်ကြတာပေါ့။ လူက ပုတုတ်တုတ်၊ အသားက ညိုပုပ်ပုပ်။ ဘယ်စစ်သားဆီက တောင်းထားမှန်း သိတဲ့ စစ်ဦးထုပ်လျှာထိုးတစ်လုံးနဲ့ စစ်ဆွယ်တာကြီးက ညီး ဆီချေးတစ်ထပ်၊ ဖုန်မှုန့်တစ်ထပ်။ ဆယ့်နှစ်လရာသီ နွေတ်တယ် မရှိဘူး။ မြင်းခြံ ဆင်ဆင်ဆေးပေါ့လိပ်တိုက ညီး ဘယ်ဘက်ပါးစောင်မှာ တွေ့တိုင်း ကိုက်လျက်သား မီးညှိလိုက် တစ်ရှိုက်,နှစ်ရှိုက်ဖွာလိုက်၊ တစ်ခါငြိမ်း သွားလိုက်၊ ပြန်ညှိလိုက်နဲ့ ကားမောင်းနေရင်းကလည်း ကိုက်ထားတာပဲ။

တစ်ခါတော့ ကျုပ်လည်း မနေနိုင်တာနဲ့ 'ခင်ဗျား ဆေးလိပ်တိုကြီးက မီးပွားလွှင့်ဦးမယ်။ ကားက ဓာတ်ဆီ ဘား၊ နေက ပူပူနဲ့' ဆိုတော့ စောင်းကန်း,စောင်းကန်းနဲ့ ပြန်ကြည့်တယ်။

ပြီးတော့ သူ့ဘေးတံခါးပေါက်ဘက် စောင်းပြီး ဖူးဆို တ်ထုတ်ပစ်လိုက်ရော။ တစ်ခွန်းတော့ ပြောတယ်။

'မီးမပါပါဘူး။ အနှစ်လေးဆယ်ကျော်ပြီ မောင်းလာ ဘာ ပွတ်မိထိမိတောင် မဖြစ်ဖူးဘူး။ မီးလောင်ဖို့ နေနေ သာသာ'တဲ့။

ရှေးက်တော့ ကောင်းတယ်ပြောရမှာပဲ။ ပင်စင်နားသာ နေတာ ဆံပင်တစ်ချောင်း မဖြူဘူး။ မျက်လုံးကလည်း ကောင်းမှကောင်း။ ပေစောင်း,ပေစောင်းနဲ့ သူ့ရဲ့ အယ်(လ်) (၃၀)ကြီး တကျောင်းကျောင်းနဲ့ မောင်းလိုက်၊ နားရင် ဟိုရှိုက် သည်ရှိုက် ရှိုက်လိုက်နဲ့ အပရိကလောက်တော့ သူ့ခြေ ဆောက်ဘေးထိုင်ခုံအောက်နား ချထားတဲ့ ပတ္တူအိတ်ထဲက ဘူးစုံနဲ့တင် ပြီးတာပဲ။ အိုးဆားဗစ်ကြီးတွေဆိုတော့ စက် ငြင်တစ်ပိုင်းဖြစ်လို့ သူကားသူတော့ အိုကေပဲ။ ပြီး သူ ကားမောင်းနေရင် စကားမပြောဘူး။ လက်ကိုင်တွေကို ဆက်နှစ်ဖက်နဲ့ သေသေချာချာ ကိုင်ပြီးမောင်းတာ။ ခေါင်း လက်ကိုင်ပေါ် တစ်ဝက်ရောက်လို့ ဘေးက ထိုင်တဲ့သူ ကားများနေရင် မျက်နှာရှစ်ခေါက်ချိုးက ကိုးခေါက်ချိုး၊ ဆယ်ခေါက်ချိုးဖြစ် မှန်သထက်မှန်ရော။

(နှစ်)

တစ်နေ့ ရုံးကြီးတွေကို အရေးကြီးစာတွေ ပတ်ပို့ပြီး ပြန်လာတော့ ညနေခင်း(၆)နာရီကျော်ပြီ။

ဦးမှုန် ပါးစောင်မှာ ခဲထားတဲ့ ဆေးပေါ့လိပ်တိုကို ဖူးခနဲ မူတ်ထုတ်လိုက်ပြီး-

'ဆရာ..ရုံးဝင်ဦးမလား။ ဧက(၄၀၀)မောင်းရမလား'

'ဦးမှုန်..ဧက(၄၀၀)သာ မောင်းတော့၊ ရုံးမဝင်တော့ ဘူး။ အဲ..ဒီနေ့က သောကြာဆိုတော့ အိမ်မှာလည်း ဘာမှ မရှိတော့ဘူး။ ထိပ်ရောက်ရင် အမြွာညီအစ်မဆိုင်ဖြစ်ဖြစ် ဝင်ဗျာ။ ခင်ဗျားလည်း တစ်ခုခုစား၊ ကျုပ်လည်း ဆာပြီ'

'ပန်းသဇင်က ဝိုမကောင်းဘူးလား။ ဝိုစုံတာပေါ့'

'ဒေါ်ကရင်မကြီးဆိုင်လား၊ လုပ်လေ'

ပန်းသဇင်ဆိုင်ဘေးနား ကားထိုးရပ်လိုက်တော့ ဆိုင် ရှေ့ဘက် မိုတ်တုတ်,မိုတ်တုတ် မီးတန်းလေးတွေနဲ့ ဗာဒံ ပင်ရိပ်အောက်က ခုံဝိုင်းလေးတွေမှာ လူအတော်ပြည့်နေပြီ။ လူလုံးက မကွဲတော့ဘူး။ တဂွပ်ဂွပ်နဲ့ ပုလင်းနဲ့ ဖန်ခွက် ထိခတ်သံတွေ၊ ဇွန်းသံ,ပန်းကန်သံတွေ၊ အာလေးလျှာလေးနဲ့ ငြင်းခုံ ရယ်မောသံ၊ သံစဉ်မျိုးစုံက ကြွက်စီ,ကြွက်စီနဲ့။ ဆိုင်နောက်ဘက်က အကြော်အလှော်စုံ အနံ့တွေထဲ ချဉ်စုပ် စုပ်အနံ့တွေရောပြီး နှာခေါင်းဝရောက်လာတော့ ဗိုက်ထဲက တဂျုတ်ဂျုတ်နဲ့ အသံတွေတောင် မြည်လာတယ်။

'ဘာမှာမလဲ ဆရာတို့'

ပခုံးပေါ် တဘက်လေးတင်ထားတဲ့ ဘောင်းဘီကိုပွပွ နဲ့ စားပွဲထိုးကောင်လေးက ခြေစုံရပ်ပြီး ဦးညွှတ်တယ်။ တယ်ဟုတ်ပါလားလို့ စိတ်ထဲက ပြောလိုက်တဲ့ ခဏမှာပဲ အနီရောင်ရဲရဲတောက်တောက်ပေါ်မှာ အဝါရောင်နဲ့ အရက် ကြော်ငြာဒီဇိုင်း ပုံဖော်ထားတဲ့ တီရှပ်၊ နက်မှောင်နေတဲ့ စကတ်တိုတိုအောက်က ပေါင်တံဖြူဖြူတွေကို အသားပေး လျှောက်လှမ်းလာနေတဲ့ အသက်သုံးဆယ်ဝန်းကျင် မိန်း ကလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။

ဖန်စီအဆင်တန်ဆာတွေက လှုပ်လှုပ်ခတ်ခတ်။ ရွှေအို ရောင်ဆိုးထားတဲ့ဆံပင်၊ ဆေးဆိုးပန်းရိုက်မျက်နှာနဲ့ ရဲရဲနီ နေတဲ့ နှုတ်ခမ်းသားတစ်စုံက အပြုံးတွေ ဖောဖောသီသီ ပေးရင်း ဘယ်ညာလက်တစ်ဖက်စီမှာ ရွှေပတ်ပုလင်း တစ် လုံးနဲ့ အစိမ်းပတ်ပုလင်း တစ်လုံးကို မြှောက်ကိုင်လို့ အနား ကို ရောက်လာတော့။

'ရွှေလား..ရှယ်လား။ အင်္ကျီ၊ ဘောပင် လက်ဆောင် တွေ ပါတယ်နဲ့ ဆရာ။ အားပေးပါဦး'

ဦးမှုန် အိတ်ကပ်ထဲက ဆေးပေါ့လိပ်တစ်လိပ်ထုတ်၊ မီးညှိရင်း တစ်ရှိုက်ဖွာထုတ်လိုက်တယ်။

www.burmeseclassic.com

'ဟဲ..ဟဲ..အရောင်းမြှင့်တင်ရေးနဲ့ တိုးနေပြီ။ ဆရာရော အိုကေလား'

ဦးမှူန်က လက်သီးဆုပ်ပြီး လက်မနဲ့ သူ့ရဲ့ နှုတ်ခမ်းဆီချိန်ရွယ်ပြတယ်။

'လုပ်ပါ၊ ဦးမှူန်ကြိုက်တာလုပ်။ ချတာပေါ့။ တစ်ခါတလေပဲ'

'ဦး..ရွှေလား'

မိန်းကလေးက ဦးမှူန်ကို လှမ်းရွှီးပြီး ရွှေပတ်ကို ထိုးပေးတယ်။

'အစိမ်းပေး..အစိမ်း'

'ဦးတို့ ကံကောင်းတယ် သိလား။ ပရိမိုးရှင်းက ဒီနေ့ နောက်ဆုံးလေ'

မိန်းကလေး ပြန်လှည့်ထွက်သွားတော့-

'အလကားပါဗျာ၊ သူတို့ ပရိမိုးရှင်းနောက်ဆုံးနေ့က တစ်လရှိပြီ'

အနားမှာရပ်နေတဲ့ စားပွဲထိုးလေးက မကြားတကြား လှမ်းပစ်တယ်။ နောက်မှရောက်လာပြီး သူ့ထက် အရင်စွဲသွားလို့ ခိုးလိုးခုလု ဖြစ်နေဟန်တူပါရဲ့။

ဦးမှူန် မီးသေသွားတဲ့ ပါးစောင်ထဲက ဆေးလိပ်တိုကို မီးထပ်ညှိပြီး တစ်ဖွာ၊နှစ်ဖွာ ဖွာထုတ်ရင်း-

'ဩော်..အေး..ထုံးစံအတိုင်းပေါ့။ ရေသန့်တစ်ဘူးနဲ့ ခွက် အရင်ချပေးကွာ'

ဦးမှူန် စကားတောင် မဆုံးသေးဘူး စားပွဲထိုးလေးက ကောင်တာဘက် လှမ်းအော်ရင်း တခြားဝိုင်းကူးသွားတယ်။

ခဏချင်းပဲ ရေသန့်ဘူး၊ ဖန်ခွက်(၂)ခွက်နဲ့ အာလူးကြော်တစ်ထုပ်၊ ပုရစ်ကြော် လေးငါးဆယ်ကောင်လောက် တစ်ပွဲ လာချတယ်။

ဦးမှူန်က ဖန်ခွက်(၂)ခွက်မှာ အစိမ်းပတ်နဲ့ ရေသန့်ကို ကျွမ်းကျင်စွာ စပ်နေရင်း-

'ပုရစ်ကောင်းတယ် ဆရာ။ ဥတွေနဲ့ မမြို့ကလာတာ'

ဒကာ တွေ့သွားလို့ ဦးမှူန် အုပ်မြူးနေဟန်တူရဲ့။ စကားတွေ ဖောင်လို့။ ကျူပ် ပုရစ်တစ်ကောင် ကောက်ဝါးလိုက်တယ်။ ဟုတ်သား၊ ဆိမ့်ဆိမ့်လေး။ ချင်းနဲ့လေး မွှေးလို့။

'ရပြီ ဆရာ'

ဦးမှူန် မီးပြန်သေသွားတဲ့ ဆေးပေါ့လိပ်တိုကို ပါးစောင်ထဲကထုတ်၊ ပြာလေးဖိ၊ ဘေးမှာချထားပြီး တစ်ခွက်လှမ်းကမ်းတယ်။ သူသောက်မယ့် ခွက်ကိုလည်း မြှောက်လိုက်တယ်။ ဦးမှူန်ကမ်းပေးတဲ့ခွက်ကို လှမ်းယူပြီး လုပ်နေတုန်းမလေ့အတိုင်း ခွက်(၂)ခွက်ကို ခွပ်ခနဲ တိုက်လိုက်ကြတယ်။

လည်ချောင်းထဲ ရှိမ်းမြမြလေး ထိုးဆင်းသွားတဲ့နောက် ထပ်ပြီးချပေးလာတဲ့ ခရမ်းချဉ်ဆော့လောင်းထားတဲ့ ကြက်သွန်နီဝိုင်းတစ်ဝိုင်း ကောက်ဝါးလိုက်တယ်။

'ဒါနဲ့ ဦးမှူန် အရင်တစ်ခါပြောတာ ဘာတဲ့။ ကားမောင်းသက် လေးဆယ်ကျော်ပြီ။ တစ်ခါမှ ထိတာ၊ပွတ်တာတောင် မရှိဘူးဆိုတာ လုပ်ပါဦး။ ဘာအဆောင်တွေများ ရှိလို့တုံး။ နည်းနည်းပါးပါးတော့ ထိကြိုခိုက်ကြရှိတာပဲ ဦးမှူန်က မဖြစ်ဖူးဘူးဆိုတော့ ထူးဆန်းလို့ပါ'

ဦးမှူန် တစ်ခွက်ထပ်ထည့် ရေစပ်၊ ပြီး တဟဲဟဲရယ်တယ်။

'ဘယ်ကလာ အဆောင်ရှိရမှာလဲ။ မရှိပါဘူး။ ကျူပ်က မုဆိုးဒူးထောက်မြေ နယ်ခံသားဗျ'

'ဘယ်လို၊ မုတ်ဆိတ်ဒူးထောက် နယ်ခံသား၊ ဟုတ်လား'

'ဟုတ်ပါ့။ ကျူပ် (၁၅)နှစ်သားကတည်းက ကားမောင်းတက်လာတာ၊ အခုဆို ကားမောင်းသက် (၄၃)နှစ်ကျော်ပြီ။ ဘာဆိုဘာမှ မဖြစ်ဖူးဘူး'

'အဟုတ်'

'တကယ်ပါဆို၊ မယုံလို့လား'

ဦးမှူန် အသံနည်းနည်းကျယ်လာတယ်။

'ယုံပါသော်ကောဗျာ။ ကျူပ်က အဲဒီမုဆိုးဒူးထောက်တာ ဆိုလား၊ကို'

'မုဆိုးဒူးထောက်မြေခံသားပါဗျ'

'အဲ..အဲဒါ သိချင်တာပါ ဦးမှူန်ရ'

ဦးမှူန် တဟဲဟဲရယ်ပြီး ဂွပ်ခနဲ ထပ်မော့တယ်။ အလူးကြော် ဝါးတယ်။

'လုပ်လေ မကုန်သေးဘူး'

ကျူပ်ရှေ့ကခွက်ကို လှမ်းပြီး မေးငေါ့တယ်။

'ကျူပ်လစ်မစ်က် နှစ်ခွက်ပဲ၊ ဦးမှူန်ချ'

'ဒီလိုဗျ..ကျူပ်က ဘယ်သွားသွား ကိုယ့်နယ်ပြီဆိုတာနဲ့ နယ်စိမ်းပယ်စိမ်းကို ဝင်ပြီဆိုတာနဲ့ ရောက်နေရာ ကားရပ်ပြီး ဘယ်ဘက်ဒူးကို မြေမှာထောက်၊ ညာဘက်ဒူးကိုထောင်၊ မုဆိုးဒူးထောက် ထိုင်တဲ့နည်းနဲ့တိုက်လက်ညှိုး၊လက်ခလယ် နှစ်ချောင်းနဲ့...'

ဦးမှူန် ပြောနေရင်းက သူ့ရဲ့ ညာဘက်လက်ဝဲ

www.burmeseclassic.com

လက်ခလယ် နှစ်ချောင်းကို ကွေးချည် ဆန့်ချည် လုပ်ပြတယ်။ ပြီး စကားကို ဆက်တယ်။

'မြေကြီးကိုပွတ်ပြီး ပါလာတဲ့မြေမှုန့်တွေကို လျှာပေါ်တင် ပွတ်လိုက်တာပဲ။ ပြီးတော့ ပါးစပ်ကနေ မြေခဲသားပါခင်ဗျ။ စောင့်ရှောက်ပေးပါလို့ ပြောရတာပေါ့။ သုံးကြိမ်လုပ်လိုက်တာနဲ့ မြေခဲသား ဖြစ်သွားရော'

'ဒီလိုလား'

'ဒါပေါ့၊ ဒါကြောင့် အန္တရာယ်ကင်းတာပေါ့။ ကိုယ့်နယ်သားကိုယ် ဘယ်သူက ဒုက္ခပေးမလဲ။ စောင့်ရှောက်တာပေါ့'

'တယ်ဟုတ်ပါလား။ အထူးအဆန်းပဲ။ ကျုပ် အခုမှ ဝဲ ကြားဖူးတယ်'

'အင်း..ဒါတင်တော့လည်း မဟုတ်သေးဘူးဗျ'

ဦးမှုန်မျက်နှာက မီးရောင်ဖျော့ဖျော့ မှိတ်တုတ်၊မှိတ်တုတ် အောက်မှာ အစ်တစ်တစ်ဖြစ်လို့လာပြီ။

ပုရစ်တစ်ကောင်ကို ဖျတ်ခနဲ ကောက်ယူပြီး ဝါးရင်း-

'သူနယ်နဲ့သူ ယုံကြည်ရာ ကိုးကွယ်ရာတွေကိုလည်း တစ်ထားလို့မရဘူး ဆရာရဲ့။ တောပိုင် တောင်ပိုင် နယ်ပိုင် ဆွေ မြို့ပိုင်တွေကိုလည်း နယ်ခံသားကို စောင့်ရှောက်ပေးဖို့ အပ်ရသေးတယ်။ ပြီးတော့ နတ်ကွန်းလေးတွေ၊ နတ်နန်းလေးတွေ တွေ့ရင် ကျုပ်ကတော့ တွေ့တဲ့နေရာမှာ ယပ်တန်းထပ်၊ ပဝါတန်ပဝါ၊ ပန်းတန်ပန်း၊ သစ်သီးတန်သစ်သီး၊ နောက်ဆုံး အနီးအနားမှာ ဘာမှဝယ်ပြီး ဆက်စရာမရှိရင် တစ်ကျပ်တန်တစ်ကျပ်၊ တစ်မတ်တန်တစ်မတ် ဆုတောင်းပြီး ကိုးခဲ့တာပဲ။ ကျုပ် အမ်ဒီသုံးဆက် မြန်မာပြည်တစ်နံတစ်လျား သွားရသလား မမေးနဲ့။ မြေပြန့်၊ တောင်ပေါ်၊ နယ်စပ်အနှံ့ပဲ။ အဆိုးဆုံးက ဒေါက်တာကြီးပေါ့။ ဆရာလည်း သိပါတယ်။ အင်ဂျင်နီယာဒေါက်တာဆိုတော့ လက်ဆေါက်ကတ်တယ်။ လုပ်ရင် ရတယ်ပဲထင်တာ။ မလိုပါဘူး ထွန်းတင်ရာတဲ့။ တစ်ခါတလေ ကျုပ်ကို သောက်ရူးတဲ့။ ကျုပ်ကလည်း ပြန်ပြောလိုက်တာပဲ။ အမ်ဒီဘာသာ လုပ်ချင်လုပ် မလုပ်ချင်နေ ကျုပ်ကတော့ အသေမခံနိုင်သေးဘူး။ ကလေးတွေက အရွယ်ငယ်သေးတယ်လို့။ ဒေါက်တာကြီး အိုးမ အစ်မလိုက်လာရင်တော့ အငြိမ်ပဲ။ ဟိုက အပြတ် ပြောထားတာ။ ကားဆရာ သူထုံးစံသူလုပ်တာ ရှင် ဝင်ဝင် ပြောနေနဲ့တဲ့။ အဲဒီကျတော့လည်း မဟုတ်ပါဘူးကွာ။ ငါ့ အချိန်ဖင့်မှာစိုးလို့ပါဆိုပြီး ငြိမ်သွားကရော'

ဦးမှုန် ခါလီပြသွားတဲ့ ပုလင်းကို မြွောက်ပြရင်း တဟဲဟဲ ရယ်ပြန်တယ်။

'အစိမ်းတစ်ပြား၊ ကြက်ခြေထောက်ပေါင်း(၂)ခု'

နောက်လှည့်ပြီး လှမ်းမှာတယ်။

'ဆရာ..အကုန်အကျ များသွားပြီ။ ဒီတစ်ခါ ကျုပ်က လှည့်၊ ဒီတစ်ပြားနဲ့ဟာ ကျုပ်ရှင်းမယ်။ ကျုပ်တာဝန်'

'ရပါတယ်၊ ချပါ။ ကားမောင်းရဦးမှာ တစ်ခုပဲ'

'ဘယ်မှာလဲ ကားက'

ဦးမှုန် ရယ်ပြီး ပြန်မေးတယ်။

'ဟိုမှာ၊ အဲ..ကား ဘယ်ရောက်သွားတုံး'

'ဟဲ..ဟဲ..ကျုနိ်ယာ လာယူသွားပြီလေ'

'ဘယ်သူယူ'

'ကျုပ်သားပါ၊ ထွန်းတင်နှစ်လေ။ ဒီကောင်မွေးတော့ စနေသားမို့ ကျုပ်နာမည်နောက်က နှစ်ထည့်လိုက်တာ။ ဒါပေမဲ့ ကျုနိ်ယာပဲ ခေါ်ကြတာပါ။ ကျုပ်ရဲ့ ကျုနိ်ယာပေါ့။ ကျုပ်က အရက်သောက်ပြီးရင် ဘယ်တော့မှမမောင်းဘူး။ ဒီကောင် ကျုနိ်ယာ လာယူနေကျ'

'ညော်..ကလိုကိုး'

သားကို သူနာမည်နောက်က နှစ်ထည့်သတဲ့။ ပြီး ကျုနိ်ယာတဲ့။ ကျုပ် ပြုံးမိတာတော့ အမှန်ပဲ။

'နေဦး၊ အဲဒီကိစ္စ နဖူးတွေ့ဒူးတွေ့ ပြောပြဦးမယ်'

'ဘယ်ကိစ္စတုံး'

'ပေါင်းလောင်းကိစ္စပေါ့။ ဒီပျဉ်းမနား အထွက်က ပေါင်းလောင်းလွေ'

ဦးမှုန်ကြီး အသံက သိပ်မထွက်တော့။ လျှာက လေးလာပြီ။

'ဆရာရောက်ဖူးသမို့လား။ အဲဒီ ပေါင်းလောင်းကနေ ဆက်တက်သွားရင် အက်(စ်)ကွေ့၊ အယ်(လ်)ကွေ့တွေ့။ အကွေ့တွေ၊ တောင်ပတ်လမ်းတွေလေ'

'အဲ..ဗျူးပွိုင့်ကုန်းမရောက်ခင် ကွေ့ပေါ့။ ကျုပ်က သည်လမ်း ဥဒဟို သွားနေလို့သာပေါ့ ဆရာရယ်'

ဦးမှုန် ပြောနေရင်းက ခဏရပ်ပြီး ဘေးချထားတဲ့ ဆေးလိပ်တိုကို မီးကောက်ညှိပြီး တစ်ဖွာ၊နှစ်ဖွာ ဖွာထုတ်ပြီး ပြန်ချတယ်။

'ကျုပ်မျက်စိထဲမှာ လမ်းမကြီးက ဖြူးလို့ဗျာ။ ဒီလမ်း မဟုတ်သေးပါဘူး။ ဒီမြေနီလမ်းမကြီး အရင်က မရှိပါဘူး။ ဘယ်ဟုန်းကမျှဲ့ ဖောက်လိုက်ပါလိမ့်။ မဖြစ်နိုင်ဘူးဆိုပြီး

www.burmeseclassic.com

မျက်လုံးကို လက်ခုံနဲ့ပွတ်ကြည့် မျက်တောင်ခတ်ကြည့်လည်း ဖို့မြေ မြေနီလမ်းမကြီးက ဒီအတိုင်းပဲ ဖြူးလို့ ဖြောင့်လို့။ ဘေးကို တစ်ချက်ဝေ့ကြည့်လိုက်တော့ ညာဘက် ခပ်လှမ်းလှမ်းမှာ လူတစ်ရပ်လောက်ရှိတဲ့ တောင်ထန်းနှစ်ပင် ပူးလျက်လေး တွေ့လိုက်တော့မှ ကျုပ် ဗြုန်းဆို ကားဘရိတ်ဆောင့်အုပ်ပစ်လိုက်ပြီး တံခါးဖွင့် ဆင်းတော့တာပဲ။

ဒေါက်တာကြီးကတော့ သိတဲ့အတိုင်းပဲ နောက်ကနေ ဘာဖြစ်တာလဲ ထွန်းတင်ရေတဲ့။ အစ်မနဲ့ ကလေး နှစ်ယောက်ကလည်း ပါလာတော့ ဆက်မပြောတော့ဘဲ ဆင်းလာတယ်။ ကျုပ်လည်း မုဆိုးဒူးထောက်ထိုင်ပြီး မြေခံသားခံပြီး တောစောင့် တောင်စောင့်နတ်တွေကို အမှားအယွင်း များရှိရင် ခွင့်လွှတ်ဖို့ မျက်စိစုံမှိတ် တောင်းပန်ရတာပေါ့။ ဒါတောင် အနားလာကြည့်ပြီး ငကြောင်ဆိုပြီး ပြောသွားသေးတယ်။ ကျုပ် မျက်စိလည်း ဖွင့်ကြည့်လိုက်ရော ကားက ကွေ့မယ့်အချိုးထိပ် ရောက်နေပြီ။ ကျုပ် မျက်စိမှောက်သလိုသာ လမ်းမထင်ပြီး မောင်းလိုက်လို့ကတော့ မတွေးဝံ့စရာဗျာ။ ချောက်က အောက်မှာ သစ်ပင်ထိပ်ပိုင်းကို မြင်ဖုတ်လောက်ပဲ မြင်ရတာ။

ကျုပ်နားထင်သွေး ဒုန်းခနဲ၊ ဒုန်းခနဲ တက်ဆောင့်လို့ အဲ..ဒီကိုမရောက်ခင် တစ်ခါ ရပ်သေးတာကိုး။ ကလေးတွေရော လူကြီးရော အယုံအကြည်မှမရှိတာ၊ အပေါ့အပါးစွန့်ခဲ့ မှားခဲ့တာတွေ ရှိမှာပေါ့။ နို့မို့ အခုလိုတောင် ဒီမှာထိုင်နိုင်မှာမဟုတ်ဘူး။ ထွန်းတင်ကွေ့ ဖြစ်မလား၊ မှုန်ကြီးကွေ့ ဖြစ်မလားပဲ'

ပြောရင်း ဦးမှုန် တဟဲဟဲ ရယ်ပြန်တယ်။

(သုံး)

အဲဒီနေ့က ကျုပ် အိမ်ခန်းကို လမ်းလျှောက်ပြန်လာတော့ တော်တော်ထွေနေပြီ။ ဦးမှုန် အတင်းထည့်ထည့်ပေးတာနဲ့ လစ်မစ်ထက် တော်တော်ကျော်သွားတယ်။ အတွေးထဲမှာတော့ ကားဆရာ ဦးမှုန်ကြီး အနှစ်လေးဆယ်ကျော် မြန်မာပြည်တစ်နံတစ်လျား မောင်းစားလာတာ အန္တရာယ်နည်းနည်းမှ မဖြစ်ခဲ့တဲ့ အကြောင်းအရင်းက ဆိုင်ရာပိုင်ရာတွေက စောင့်ရှောက်ခဲ့တာလား၊ မူးရင် မမောင်းလို့လား မုဆိုးဒူးထောက် နယ်ခံသား ခံယူလို့ပဲလား..အတွေးတွေထဲ ဒီသုံးခုနဲ့ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေလို့။

မျိုးကြီး(အမရပြာနေ)

ဝမ်းချုပ်၊ လေချုပ်၊ သွေးတိုးရေလျှင်

ဆရာဦးဇွဲထွန်း၏(ရွှေလှော်ကား)ရဲ့



ဘဉ္ဇရာဇာ

အမှတ်တံဆိပ်

ဝမ်းမှုန်ဆေး ကို သောက်ကြည့်လိုက်ပါ။

ဆေးသောက်ပြီး ဗိုက်နာ၊ ဗိုက်ရစ်ခြင်း မရှိ၊

နံးချည့်အားယုတ်ခြင်း မရှိ၊ ယုံကြည်စွာ သုံးစွဲပါ။

ပင်ခင်း - ရွှေလှော်ကားဆေးတိုက်၊ အမှတ်(၉)၊ လှော်ကားလမ်း၊ (၁၆)ရပ်ကွက်၊

ရွှေပြည်သာမြို့နယ်၊ ✦ ၀၉ ၇၃ ၀၆၁ ၂၁၈ ၀၉ ၇၉၉ ၂၄၅ ၇၂၃

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ဝိဇ္ဇာရှင်

ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းကျယ်မှုဗေဒင်၊ လက္ခဏာ၊ ဂန္ဓိရဝဇ္ဇာ၊ ဇာတိရိုက်စေတီဆင်ယင်ကြာဝဇ္ဇာရှင်

အယူဇော်မဂ်လာဗေဒဗင်္ဂဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏
ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အပူအခင်းကိစ္စများအား
ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အာဒေဝဗင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအဝေါင်း၊
အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မတ်ဒ္ဒီ စွမ်းအားဖြင့် ကျွန်ုပ်တို့ယုံကိုးတိုင်စီရင်အပ်သော
အနန္တဒီပံဖဏောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ္ဘ၊ ယကြာအစီအရင်များ ပီဃလာဘ်ဖွင့်

ဂမ္ဘီရအဆောင်များ မူကော်ခြင်းဖြင့်

ဘဝရွှေကြာမြင့်မြတ်ရေးကို ရယူပါ။

သား, သမီးဂုဏ်နာမများအတွက် မွေးစွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ဂုတ်ချူပိဇာတာဖွဲ့ပေးခြင်း၊
မြေနီမာဂိုးထု နာမဂုဏ်ကမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊
နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အတိုင်၊ သဘော်တက်ရန်)
S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊
အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ဂုဏ်နာ၊ ကုန်ဝန်စည်းများ အမြန်ရောင်းထွက်ရန်
အာမခံဖြင့် အဆင်းသာဆုံး စီရင်ပေးပါသည်။

Prediction in English Language is offered.

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊
ဆွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ
09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com
Website : http://sayamyatsan.blogspot.com
ကြိုဆိုပါသည်

www.burmeseclassic.com

(ယခင်လမှအဆက်)

တစ်ညလွန်မြောက်သွားသည်။ ရွာမှာမူ စာစီစုံတစ်ရာ ဘာထူးခြားချက်မှမရှိ။ ယခင်ညများကကဲ့သို့ပင် အေးအေးချမ်းချမ်းသာ။

သို့သော် နောက်တစ်နေ့ မနက်မှာ ဧရပ်ပေါ် စခန်းချနေကြသော လွတိုင်းသမားများအားလုံး ပျောက်သွားကြသည်။ သူတို့၏ ပစ္စည်းပစ္စယများဆို၍ ဧရပ်ပေါ်တွင် ဘာတစ်ခုမှ မထားခဲ့ကြ။ ထိုအခါ လွတိုင်းသမားများကို မယုံသင်္ကာစိတ်နှင့် အမြော်အငှေ့ကြည့်နေကြသော ရွာသူရွာသားများမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြပြန်သည်။

စရောက်လာစတုန်းကပင် သူတို့အပေါ် သံသယရှိထားကြသော ရွာသူကြီးဦးထွန်းပေါ်နှင့် ရွာလူကြီးတွေမှာ လွတိုင်းသမားများ ဘယ်ပျောက်သွားကြသည်ကို ရှာဖွေစုံစမ်းကြရပြန်သည်။

လွတိုင်းသမားများ ပြောင်းရွှေ့သွားကြသော နေရာမှာ သူတို့ရွာကြားနှင့် တောကြားရှိ အဓိကရ
တိုက်ပျက်ကြီးနားသို့ ဖြစ်သည်။ နွားကျောင်း၊ ကျွဲကျေ
သားများ သတင်းပေးချက်အရ ထိုတိုက်ပျက်ကြီးနား
ဦးထွန်းပေါ်နှင့် ရွာလူကြီးတွေမှာ လိုက်ကြည့်ကြပြန်သည

ဦးထွန်းပေါ်နှင့် ရွာလူကြီးတွေ လာကြသည်ကို
သောအခါ တိုက်ပျက်ကြီးရှေ့နားရှိ ဧရာမကျောက်တုံး
ပေါ် တက်ထိုင်ကာ အေးအေးလူလူ ရေနွေးကြမ်းသော
နေကြသော ဦးလွမ်းဝေနှင့် လွသမားများမှာ ပျာပျာ
ထလာကြပြီး တလေးတစား ဆီးကြိုကြသည်။

'နောင်ကြီးဦးလွမ်းဝေတို့က ဒီတိုက်ပျက်ကြီးမှာ
စခန်းချကြမှလို့လား၊ခင်ဗျ'

www.burmeseclassic.com

ကမ္ဘာ့ရှေးဘိုးကြီး(၂)
မိုးကျော်

'ဟုတ်ကဲ့ သူကြီးမင်း၊ ဒီနေရာက တောင်ကြောတောစနဲ့လည်းနီးတော့ ကျွန်တော်တို့ လွယ်သမားတွေအတွက် ပိုပြီး အဆင်ပြေလိမ့်မယ် ထင်လို့ပါ'

ဦးလွမ်းဝေ ပြောသည်မှာ အလွန်သဘာဝကျသဖြင့် ဦးထွန်းပေါ်နှင့်တကွ ရွာလူကြီးများ၏သံသယမှာ ချက်ချင်း ပြေပျောက်သွားကြသည်။

'ဒီနေ့ပဲ ကျွန်တော်တို့ တောတက်ပြီး ခွဲပျဉ်လွှဲခွဲနိုင်ဖယ် သစ်ပင်ကြီးတွေ ရှာကြမလို့ပဲ'

သူစကားကို ကောင်းသည်,ဆိုးသည် ဘာမျှဝေဖန် မပြောဘဲ နူတ်ဆိတ်သွားသော ဦးထွန်းပေါ်ကို ဦးလွမ်းဝေက ထပ်ရှင်းပြ၏။

ဤတစ်ခါမှ ဦးထွန်းပေါ်၏ပါးစပ်က ဟလာနိုင်သည်။

'ဟုတ်ကဲ့၊ ကောင်းပါတယ်ခင်ဗျ။ ရွာထဲက ဇရပ်မှာ ဆိုတော့ အသွားအလာ ခရီးဖင့် အလုပ်နေးတာပေါ့လေ'

'ဟုတ်ကဲ့'

'နောင်ကြီးဦးလွမ်းဝေတို့ စခန်းချနေကြမယ့် ဒီတိုက် ပျက်ကြီးဟာ ဒုတိယကမ္ဘာစစ် မဖြစ်မီကတော့ ကုလားချစ်တီးကြီးတစ်ယောက်ပိုင်ပေါ့ဗျာ'ဟု အစချီကာ ဦးထွန်းပေါ်က တိုက်ပျက်ကြီး၏ ရာဇဝင်ကို ခင်းပြလိုက်သည်။

သူကြီးမင်း ဦးထွန်းပေါ် ပြောသမျှကို ဦးလွမ်းဝေနှင့် လွယ်သူများမှာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကြ

www.burmeseclassic.com

www.burmeseclassic.com

၏။

'ဒီကုလားတိုက်ကြီးရဲ့ ထူးခြားတာတစ်ခုကတော့ ခုနောင်ကြီးဦးလွမ်းဝေတို့အဖွဲ့ ရေနွေးကြမ်း တက်သောက်နေကြတဲ့ ကျောက်တုံးကြီးပဲဗျာ။ ဒီကျောက်တုံးကြီးကို ချစ်တီးကြီးက ဘာသဘောနဲ့ တိုက်ရှေ့မှာ လုပ်ထားခဲ့လဲ မသိဘူး'

'ဒါတော့ ကျွန်တော်တို့လည်း မခန့်မှန်းတတ်ပါဘူးခင်ဗျာ။ ဩော်..ဒါနဲ့ သူကြီးမင်းတို့လည်း ရေနွေးကြမ်းသုံးဆောင်သွားကြပါဦး'

သူကြီးမင်း ဦးထွန်းပေါ်က-

'ဒီကုလားတိုက်ကြီးရဲ့ ထူးခြားတာ တစ်ခုကတော့ နောင်ကြီးဦးလွမ်းဝေတို့အဖွဲ့ ရေနွေးကြမ်း တက်ထိုင်သောက်နေကြတဲ့ ကျောက်တုံးကြီးပဲဗျ' ဟူသော စကားကြောင့် ဦးလွမ်းဝေမှာ စောစောကပင် ရေနွေးကြမ်းသောက် မဖိတ်သည်ကို အားတုံ့အားနာ ဖြစ်သွားကာ ယခုမှ ပျာပျာသလဲ သူကြီးမင်းနှင့်အဖွဲ့ကို ရေနွေးကြမ်းဝင်သောက်ကြရန် ဖိတ်ခေါ်ရသည်။

ဦးလွမ်းဝေတို့ လွှဲပိုင်းသမားများအပေါ် သံသယအရှင်းကြီး ရှင်းသွားသော ဦးထွန်းပေါ်က-

'ရေနွေးကြမ်းတော့ မသောက်တော့ဘူးဗျို့။ ဒီက ရွာလူကြီးတွေနဲ့ ဟိုဘက်သွားစရာလေးလည်း ရှိသေးလို့' ဟု စကားလှအောင် ပြောလိုက်ရ၏။

ဤသည်ကိုပင် ဦးလွမ်းဝေက မည်သို့ယူဆသည်မသိ 'သူကြီးမင်းပြောတဲ့ ဒီတိုက်ပျက်ကြီး အကြောင်းကလည်း သိပ်စိတ်ဝင်စားစရာကောင်းတော့ ကျွန်တော်တို့ဆီ သူကြီးမင်းတို့ လာရင်းကိစ္စတောင် မမေးရသေးဘူး' ဟု ဆို၏။

'ကဲ..ဟုတ်ပါဗျာ၊ ဟုတ်ပါ့..ဟုတ်ပါ့။ ဒီတိုက်ပျက်ကြီးအကြောင်း ပြောနေရတာနဲ့ လာရင်းကိစ္စတောင် မေ့တော့မလို့ဗျို့။ လာရင်းကိစ္စက ဒီလိုဗျ..'

'ဟုတ်ကဲ့ခင်ဗျ'

'နောင်ကြီးဦးလွမ်းဝေတို့နဲ့ လာတွေ့ပြီး ကျွန်တော်တို့ ပြန်သွားကြတဲ့ ညမှာပဲ ရွာလုံးကျွတ် အစည်းအဝေးခေါ်တယ်။ ကိစ္စကတော့ နောင်ကြီးဦးလွမ်းဝေတို့လည်း ကျွန်တော်တို့ရွာကို မခေါ်ချေ။ ခုလိုရောက်လာကြတဲ့အခါမှာ ဘုန်းတော်ကြီးကျောင်းကိုလည်း ပျဉ်ကာရရင် ကောင်းမယ်လို့ ဆုံးဖြတ်ကြတယ်။ အဲဒီအတွက် စကားပြောရအောင် ဆိုပြီး ဇရပ်ကို သွားကြသေးတယ်။ ဇရပ်မှာ နောင်ကြီးတို့အဖွဲ့ကို မတွေ့တော့ ဟိုမေးဒီမေး မေးရသေးသဗျ'

'ဟဲ..ဟဲ..ဟုတ်ကဲ့'

'နောက်မှ ရွာက ကျွဲကျောင်း၊ နွားကျောင်း ကောင်လေးတွေက နောင်ကြီးဦးလွမ်းဝေတို့အဖွဲ့ကို ကုလားတိုက်ပျက်ကြီးနား မြင်ခဲ့ကြတယ်ဆိုလို့ လိုက်လာကြတာတို့ဗျ ဟဲ..ဟဲ'

'ဟုတ်ကဲ့၊ အဲဒီတော့ သူကြီးမင်းတို့ ဘုန်းကြီးကျောင်းအတွက် ပျဉ်ဆိုရင် ကျွန်တော်တို့လည်း တတ်နိုင်သမျှ ကုသိုလ်ပါဝင်ပါရစေ။ လိုအပ်တဲ့ ပျဉ်အရေအတွက်ကိုသာ အမိန့်ရှိခဲ့ကြပါခင်ဗျာ'

'ကိုရင်တို့..ပျဉ်ဘယ်လောက်လိုမယ် ထင်ကြလဲဗျာ' သူကြီးမင်း ဦးထွန်းပေါ်မှာ ကိုယ့်ရှူးကိုယ်ပတ်ခြင်းကာ ဆယ်အိမ်ခေါင်းများဆီ လှည့်မေးရ၏။

'အဲ..အဲဒါတော့ တိတိကျကျ ပြောရခက်သားဗျ ခြကိုက်လို့ ဘယ်နှစ်ချပ်ကောင်း ပြန်ရမယ်ဆိုတာ ဖျက်ဦးမှ သိမယ်ထင်ပါတယ်'

သူကြီးမင်း၏အမေးကို ဆယ်အိမ်မှူး ဦးရွှေကျော်ထွဉ်ပါယ်တံမျဉ်နှင့် ကမန်းကတန်း ပြန်ဖြေသည်။

ဦးလွမ်းဝေကမူ အပြုံးမပျက်နှင့်-

'ဟုတ်ပါတယ်ခင်ဗျာ။ ကောင်းပါပြီ။ သစ်အမျိုးအစားကိုသာ အမိန့်ရှိခဲ့ကြပါ။ ဒီနားဝန်းကျင်မှာ သူကြီးမင်းတို့ လိုချင်တဲ့သစ် ရှိ,မရှိ၊ လိုချင်သလောက် ရနိုင်,မရနိုင် ကျွန်တော်ကိုယ်တိုင် လာပြောပါ့မယ်' ဟု ဆိုသည်။

'ပျဉ်ကတော့ ပျဉ်းကတိုးပဲ လိုချင်ပါတယ် ဦးလွမ်းဆေ'

'ဟုတ်ကဲ့ခင်ဗျာ၊ ရရပါစေမယ်ခင်ဗျာ။ စိတ်ချပါ'

သည်လိုနှင့် လွှဲပိုင်းသမားများပါဆိုသော ဦးလွမ်းဝေတို့အပေါ် မယုံသင်္ကာစိတ်နှင့် ကုလားတိုက်ပျက်ကြီးမှာ လိုက်သွားကြည့်ကြသော ဦးထွန်းပေါ်တို့အဖွဲ့မှာ သံသယကင်းစွာနှင့် ရွာသို့ ပြန်လာကြလေသည်။

♦ ♦ ♦

ကုလားသရဲခြောက်သည်ဟု တစ်ရွာလုံးက ကြောက်နေကြသော တိုက်ပျက်ကြီးနားတွင် ဦးလွမ်းဝေတို့ လွှဲပိုင်းသမားအဖွဲ့က ညအိပ်ညနေ စခန်းချနေကြသည်ဟု ဆိုသော အခါ တစ်ရွာလုံးရှိလူတွေမှာ အံ့သြနေကြသည်။

တချို့ကမူ-

'နှစ်ည မကြာပါဘူး၊ သရဲခြောက်ခံရလို့ ဇရပ်ကို ပြန်ရောက်လာကြမှာပါ' ဟု နိမိတ်ဖတ်ကြသည်။

သို့သော် ဦးလွမ်းဝေတို့ အဖွဲ့မှာကား သရဲခြောက်ခံ

www.burmeseclassic.com

www.burmeseclassic.com

သည်ဟုလည်း မကြား။ တခြားတစ်ခုံတစ်ရာလည်း ဘာမှ ဆိုးခြားဘဲ တိုက်ပျက်ကြီးနားမှာသာ စခန်းချနေကြလေသည်။

နွားကျောင်း၊ ကျွဲကျောင်းရင်း တိုက်ပျက်ကြီးနား ရောက်သွားသော လူတချို့က 'ဒီတိုက်ပျက်ကြီးက သရဲသိပ်ခြောက်တာဗျ။ ခင်ဗျားတို့ကို မခြောက်ဘူးလား' ဟု မေးကြ၏။

'ဘယ်လိုပုံစံမျိုးနဲ့ ခြောက်တာလဲဗျ။ ကျွန်တော်တို့ ဟော့ ခုထိ မတွေ့မိသေးဘူး'

လွှသမားထဲမှ တစ်ယောက်က ပြန်မေး၏။

'မည်းမည်းသဲသဲ ကုလားချစ်တီး သရဲကြီးလေဗျာ။ ဒို့တီအဖြူဝတ်ပြီး လေညင်းခံနေတာ။ ကျွန်တော်တို့ရွာက လူတွေ ခဏ,ခဏ တွေ့ရတယ်တဲ့'

'ခင်ဗျားရော ဘယ်နှစ်ခါ အခြောက်ခံရဖူးလဲ'

လွှသမားထဲက တစ်ယောက်က ရွာသားကို ပြန်မေးသည်။

'ကျွန်တော်တို့က ညဆိုလည်း ကြောက်လို့ ဒီတိုက်ပျက်ကြီးဘက် လှည့်တောင် မကြည့်ဝံ့တာ။ ဘယ်အခြောက်ခံရပါ့မလဲ။ ငှက်ခတ်၊ ဖားရှာ ရောက်ဖူးတဲ့လူတွေက ပြောတာ'

'အေးဗျာ.. ခင်ဗျားတို့ကိုသာ ကုလားသရဲကြီးက ခြောက်ဝံ့ပေမယ့် ကျွန်တော်တို့ကိုတော့ ခြောက်ဝံ့ပုံ မရဘူးဗျ'

'အင်..ဘာဖြစ်လို့လဲဗျ'

'ဟိုမှာ မတွေ့ဘူးလား။ ကုလားချစ်တီးသရဲကြီးထက်ခြေးတဲ့ကုလားတစ်ကောင် ကျွန်တော်တို့အဖွဲ့ထဲက ပါနေလို့လေဗျာ'

'ဟား..ဟား'

လွှဝိုင်းသမား၏အပြောကို သူတို့ကုလားကြီးရော ရွာသားတွေပါ ဝိုင်းရယ်ကြသည်။

ထိုအချိန်တွင် သူတို့အနားရောက်လာသော ဦးလွှမ်းဝေကမူ ဤတိုက်ပျက်ကြီးထဲမှာ သရဲရှိသည်မှာ မှန်သည်။ သူ့ကို ခဏ,ခဏခြောက်သည်။' ကုန်ခဲ့သောညက သူအပေါ်အပါးထသွားရာ အပြန်တွင် တိုက်ပျက်ကြီးကို ရှာမတွေ့ဘဲ ကုလားချစ်တီးသရဲကြီးကိုသာ တွေ့သည်။ သူ သမ္မုဒ္ဓေရွတ်အမျှအတန်းဝေလိုက်မှ ကုလားသရဲကြီးမှာ တိုက်ပျက်ကြီးပြန်ဖြစ်လာသည်။

သူကမူ တောထဲတောင်ထဲ ငယ်ငယ်ကပင် လွှဆွဲလာသူဖြစ်သဖြင့် မကြောက်သော်လည်း လူငယ်တွေကြောက်မှာ စိုး၍ မပြောဘဲနေခဲ့သည်။ ယခု ချစ်တီးသရဲကြီးအကြောင်း ပြောနေသံကြား၍ လာပြောပြခြင်းသာဟု ဆို၏။

ဦးလွှမ်းဝေ၏စကားကို သူညီအကြီးဖြစ်သူ လွှသမား တစ်ယောက်က နောက်ထပ်ပြောပြန်သည်မှာ-

'ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော်လည်း တစ်နေ့ညက အပေါ်အပါးထသွားလို့ ပြန်လာတော့ တိုက်ပျက်ကြီးရှေ့က ကျောက်တုံးကြီးပေါ်မှာ ဒို့တီဝတ်ကုလားတစ်ယောက်ကို မြင်လိုက်ရတယ်။ လူငယ်တွေ ကြောက်ကြမှာ စိုးလို့ မပြောတာ' ဟု ဆိုပြန်၏။

သူတို့ရွာသူရွာသားတွေ တွေ့ဖူး၊ ကြုံဖူး၊ အခြောက်ခံရဖူးသည်နှင့် တစ်ထပ်တည်း လွှဝိုင်းသမားများကလည်း တွေ့ကြ၊ မြင်ကြ၊ အခြောက်ခံရသည် ဆိုသောအခါ ရွာသူရွာသားများမှာ ဝိုရှိယဝိုကြည်သွားကြလေသည်။

ထို့ကြောင့် တကယ်လို့များ တိုက်ပျက်ကြီးနားက ပြောင်းမည်ဆိုကလည်း နေရာရွှေ့ပြောင်းကြရန် ရွာသူရွာသားတွေတာ အကြွေးပေးကြသည်။ သို့သော် လွှဝိုင်းသမားများကား အကြောင်းအမျိုးမျိုးပြကာ တိုက်ပျက်ကြီးနားက ဘယ်မှမရွှေ့ဘဲ တိုက်ပျက်ကြီးနား၌သာ စခန်းချနေကြလေသည်။

♦ ♦ ♦

ဦးလွှမ်းဝေတို့ လွှဝိုင်းသမားအဖွဲ့ ကုလားတိုက်ပျက်ကြီးနားတွင် စခန်းချနေကြသည်မှာ တစ်ပတ်လောက်ပင် ရှိသွားပြီ။ လွှဝိုင်းသမားတွေမှာ တောကိုတက်၍ ခင်ပျဉ်၊ ထောင်ပျဉ် ရနိုင်သည့် သစ်ပင်ကြီးများကို နေ့စဉ်လိုလို ခုတ်လဲနေကြသည်။ တောထဲမှ သစ်ပင်ကြီးများ လဲပြိုကျသံကို ရွာထဲကပင် ကြားနေရသည်။

လွှဝိုင်းသမားများ စခန်းချနေကြသော တိုက်ပျက်ကြီးနားကွင်းစသို့ နွားကျောင်း၊ ကျွဲကျောင်းသွားကြသော ရွာထဲမှကာလသားများနှင့် ကလေးသူငယ်များမှာ လွှဝိုင်းသမားတွေနှင့် မိတ်ဆွေဖြစ်ကာ ခင်မင်နေကြသည်။

ယခင်က လူဆိုးဓားပြများတွေလားဟု သံသယဝင်နေကြသော ရွာသားတွေကလည်း ယခုအခါ ဦးလွှမ်းဝေတို့အဖွဲ့မှာ ထုကယ်လွှဝိုင်းသမားများဖြစ်ကြကြောင်း သိသွားကြသဖြင့် ရောရောနှောနှောနှင့် အကျွမ်းတဝင် ချစ်ခင်နေကြလေပြီ။

www.burmeseclassic.com

လွဝိုင်းသမားများထဲမှ မောင်ကျောက်လုံး ခေါ်သူ အငယ်ဆုံး သူငယ်လေးသည် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နက်အစ ငါးပိ၊ ငါးခြောက်များပါ ရွာထဲဝင်၍ နေ့စဉ်ဝိုလို လာဝယ်လေ့ရှိသည်။

မောင်ကျောက်လုံးမှာ ရုပ်ရည်လေး သနားကမားရှိသလို အပြောအဆိုမှာလည်း အလွန်ချိုသာ ယဉ်ကျေးမှု ရှိသည်။ ထို့ကြောင့် မြင်မြင်သမျှ ရွာရှိ မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များပါမကျန် ကျောက်လုံးကလေးကို အခင်ကြီး ခင်နေကြသည်။

တချို့ အဒေါ်ကြီး၊ အစ်မကြီးများကဆိုလျှင် မောင်ကျောက်လုံး၏ နုနယ်ပျော့ပျောင်းသော ရုပ်ရည်ကိုကြည့်၍ 'နင့်ရုပ်ရည်နဲ့များ လေထိုး၊ လွတိုက်အလုပ်ကို လုပ်ရတယ်လို့ ကလေးရယ်။ နင့်အမေ၊ အဖေတို့ကလည်း ဒီလို သားကလေးကို လွဆွဲခိုင်းကြတာ အံ့ပါရဲ့' ဟုပင် စုတ်တသပ်သပ်နှင့် ကရုဏာသက်စွာ ဆိုကြသည်။

ထိုအခါ မောင်ကျောက်လုံးကလေး ပရိယေသနဝမ်းစာအတွက်မို့ ယခု လွဆွဲသမားကြီးတွေနှင့် လွဆွဲရန် လိုက်လာရပါကြောင်း လိမ္မာပါးနပ်စွာ ပြန်ပြောတတ်သည်။ ငယ်ငယ်ရွယ်ရွယ်လေးနှင့် လူကြီးများနည်းတူ လွဆွဲလွတိုက်အလုပ်ကို ဝင်လုပ်နေသော မောင်ကျောက်လုံးကို တစ်ရွာလုံးရှိ မိန်းမ၊ ယောကျ်ားတွေမှာ သနားကရုဏာသက်နေကြသည်။

လွဝိုင်းသမားများနှင့် ရွာရှိ လူအကုန် သူတို့မှာ ခင်မင်နေကြပြီးဖြစ်သဖြင့် ထောင်ပျဉ်၊ ခင်းပျဉ်လိုချင်ကြသူတွေများက၊လည်း လွဝိုင်းသမားတွေဆီ၌ သူ အစိတ်၊ ငါ ငါးဆယ် စသည်ဖြင့် ထောင်ပျဉ်၊ ခင်းပျဉ်များကို စရန်ငွေချေ မှာထားကြသည်။

သူတို့ ခုတ်လဲထားသော သစ်ပင်ကြီးများ အနည်းငယ် ခြောက်သွေ့လျှင် လွဝိုင်းသမားတွေမှာ လွဆွဲ၊ သစ်ဆွဲကြတော့မည်ဖြစ်သည်။

'ဘကြီးထွန်းပေါ်..တိုက်ပျက်ကြီးနားက လွဝိုင်းသမားတွေ ကာလဝမ်းရောဂါ ဖြစ်နေကြပြီဗျ။ ကျွန်တော့်အထင်တော့ တိုက်ပျက်ကြီးနားမှာ မတော်တရော် အလေး၊အဆေတွေ သွားမိလို့ တိုက်ပျက်ကြီးထဲက ကုလားသရဲကြီး လုပ်ထည့်လိုက်ပြီ ထင်တာပဲ'

တစ်နေ့သော ညနေချမ်းတွင် တိုက်ပျက်ကြီးဘက် လယ်ကွင်းပြင်မှ နွားကျောင်း၍ ပြန်လာသော လူငယ်တစ်ယောက်က ဦးထွန်းပေါ်ကို ထိတ်ထိတ်ပျာပျာနှင့် လာပြောသည်။

'ဟဲ့..မပြောကောင်း မဆိုကောင်း ဧည့်သည်တွေကို အဲသလို မပြောရဘူး'

ဦးထွန်းပေါ်က အ,မင်္ဂလာစကားကို ရွာထဲမှာ ပြောမလားဟု နွားကျောင်းသားလူငယ်ကို မာန်မဲလိုက်သည်။

'တကယ်ပြောတာ ဘကြီးထွန်းပေါ်၊ လွဝိုင်းသမားတွေ ကာလဝမ်းရောဂါ ဖြစ်နေကြပြီဗျ'

နွားကျောင်းသားလူငယ်က တပ်အပ်သေချာ ထပ်ပြောလာပြန်သည်။

ဤတစ်ခါတော့ ဦးထွန်းပေါ်မှာ ထိတ်လန့်ချင်သင့်ဖြစ်သွား၏။

ဒီသူငယ် တကယ်ပြောတာလားဟုလည်း ရေးကြံသုံတ်ပျာနှင့် ပြေးလာပြောသော နွားကျောင်းသား သူငယ်ကို စူးစိုက်ကြည့်ကာ ထပ်မေးလိုက်သည်။

'မင်းကို ဘယ်သူပြောလို့လဲ'

'ကျွန်တော် တပ်အပ်မြင်လာခဲ့တာ။ လွဝိုင်းသမားတွေထဲက လူတစ်ယောက်ဟာ အိပ်ရာထဲမှာ ဗုန်းဗုန်းလဲပြီး တဝေ့ဝေ့အန်နေတာမြင်လို့ ကိုကျောက်လုံးကို မေးကြည့်တော့ ဝမ်းသွားတယ်၊ အန်တယ်တဲ့။ ကိုကျောက်လုံး မနေ့လည်း မုံကောင်းဘူး'

www.burmeseclassic.com

www.burmeseclassic.com

'ဟင်..ဟုတ်လား'

'ဟုတ်တယ်ဗျ'

ဦးထွန်းပေါ်မှာ နုနယ်လှပသော မောင်ကျောက်လုံး၏ ချက်နာကို ပြေးမြင်မိကာ ပြီးတော့ရောဟု နွားကျောင်းသား လေးကို ဆက်မေးလိုက်၏။

'ပြီးတော့ ကိုကျောက်လုံးက ကာလဝမ်းရောဂါများ ဖြစ်ချင်သလား မသိဘူးဗျ။ တစ်နေ့ကပဲ ဝမ်းသွားတာ ခုထိ မရပ်သေးဘူး။ စိတ်ညစ်ပါတယ်။ ရွာထဲမှာတော့ ဘယ်သူမှ လျှောက်မပြောပါနဲ့လို့လည်း မှာလိုက်တယ်'

နွားကျောင်းသားသူငယ်၏ စကားအဆုံးမှာ ဦးထွန်း ပေါ် ငိုက်ကျသွားသည်။ မောင်ကျောက်လုံးက ရွာထဲ လျှောက်မပြောပါနဲ့ဟု မှာလိုက်သည်ဆိုခြင်းမှာ တကယ် ကာလဝမ်းရောဂါ ဖြစ်နေကြ၍သာ နှုတ်ပိတ်မှာလိုက်ခြင်း ဟုတ်ပါလား။

သူတို့ ကုလားတိုက်ပျက်ကြီးနားက လွတ်ငိုးသမားများ ကာလဝမ်းရောဂါ ဖြစ်နေသည်ကို ရွာသားလူကြီးများသိ လျှင် မဝင်ရဘဲ တားဆီးကြမည်ကို စိုးရိမ်၍ မောင်ကျောက် လုံးက လိမ္မာပါးနပ်စွာ နွားကျောင်းသားသူငယ်ကို နှုတ် ပိတ်လိုက်ခြင်း ဖြစ်သည်။

ဤသူငယ်လေးသာ လာမပြောလျှင် လွတ်ငိုးသမားများ ကာလဝမ်းရောဂါ ဖြစ်နေကြသည်ကို မည်သူမျှ သိကြမည် မဟုတ်။ မောင်ကျောက်လုံးမှာ ညနေတိုင်း ရွာထဲဝင်၍ ငါးပိ၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန်၊ ဆန်၊ ဆီ၊ ဆား ကဲအစ ဝင်ဝယ်နေကျမို့ ဦးထွန်းပေါ်မှာ မတွေးရဲလောက် အောင်ပင် ဖြစ်သွားမိသည်။

ကုလားချစ်တီးတိုက်ပျက်ကြီးနားတွင် စခန်းချနေကြ သော လွတ်ငိုးသမားများ ကာလဝမ်းရောဂါ ဖြစ်နေကြသည် ဆိုသည်ကို မည်သူမျှ သိကြမည်မဟုတ်။ အတပ်သိရသော အခါ ဦးထွန်းပေါ်မှာ ချက်ချင်း ခေါင်းနားပန်းကြီးသွား၏။ ဓတ်တက်ရပ်နေရင်းကပင် ကြက်သီးမွေးညှင်းထလာ၏။

မောင်ကျောက်လုံး၊ ဦးလွမ်းဝေတို့နှင့် လွတ်ငိုးသမားတွေ အတွက်လည်း ချက်ချင်းစိုးရိမ်ပူပန်သွားမိသည်။ ကာလ ဝမ်းရောဂါဆိုသည်မှာ နေ့မြင်ညပျောက် ရောဂါမျိုးမဟုတ် ပါလား။

တစ်ယောက်မှတစ်ယောက် ကူးစက်ဖြန့်ပွားရန်လည်း အလွန်မြန်ဆန်သော ရောဂါမျိုးဖြစ်သဖြင့် ရွာသူရွာသား များအတွက်ကိုလည်း ဦးထွန်းပေါ်က ပို၍ပူပန်သွားမိသည်။

လွတ်ငိုးသမားတွေ ကာလဝမ်းရောဂါ ဖြစ်နေကြသော ကုလားတိုက်ပျက်ကြီးနှင့် ရွာမှာ တစ်ခေါ်ခန့်သာ ဝေးသဖြင့် မကူးစက်ဘူးဟု မည်သူက အာမခံရဲပါမည်နည်း။

ကာလဝမ်းရောဂါဟူသည်မှာ မကောင်းဆိုးဝါး မိစ္ဆာ ကောင်များနှင့်ယှဉ်သော ကပ်ရောဂါတစ်ခုဟု သူတို့ အရပ် သူ အရပ်သား အားလုံးက ယုံကြည်ထားကြသည်။ မဆို ကောင်းဆိုကောင်း လွတ်ငိုးသမားတွေ အကုန်လုံး သေကုန် ကြပြီဆိုလျှင် သူတို့ရွာဘက်သို့ ထိုမိစ္ဆာကောင်များ လှည့် ဝင်မလားဟု မည်သူက ပြောဝံ့ပါမည်နည်း။

ဦးထွန်းပေါ်မှာ ရှေ့ဆက်၍ မတွေးရဲလောက်အောင် ချောက်ချားတုန်လှုပ်သွားလေသည်။

ပြီးတော့ သူတို့ငယ်စဉ်က ကြုံဖူး ကြားခဲ့ရဖူးသော ကာလဝမ်းရောဂါ ကပ်ဆိုးကြီးဆီသို့လည်း စိတ်က ချက် ချင်း ရောက်သွားလေသည်။

♦ ♦ ♦

'ဟော့ကောင်မ၊ ငါက ဗိုင်းငင်ဝါဖန် လုပ်နေတယ်မှတ် လို့ ဗိုင်းတောင့်ရစ်လုံးတွေတောင် လာယူတာ။ လက်စ သတ်တော့ ညည်းက ကိုလူမောင်ကြီးအကြောင်းတွေးပြီး ငေးနေတာကိုးအေ့'

အေးလှ၏ ငှက်ဆိုးထိုးသံကြောင့် မြသင် အတွေးပြတ် သွားသည်။

'အာရှိတယ်ဟဲ့၊ အာကျယ်မရဲ့။ ကြားသွားပါဦးမယ်'

ဟန့်တားရင်း မအေးလှကို ပေါင်ထွင်းကြော တစ်ချက် ဆွဲလို့မိလိုက်၏။

အေးလှက-

'အား..နာတယ်ဟ'

တစ်ချက်အော်ပြီး-

'ကြားကြားအေ၊ မသိတာမှတ်လို့။ နှင့်အဘကလည်း သဘောတူပြီးသားပဲဟာ။ ဘာမူလဂျီကာလီ လုပ်နေတာတုံး' ဟု ထပ်အကဲတက်ပြလိုက်သည်။

အတွင်းသိ အစင်းသိ ပြောမနာဆိုမနာ သူငယ်ချင်းမို့ မြသင် နောက်ထပ် စကားမဟုဖြစ်တော့။

အေးလှသည် ဗိုင်းတောင့်ရစ်လုံးတွေ ထည့်လာသော တောင်းငယ်ကို ရုတ်နားချ၍ ပူးပူးကပ်ကပ် ထိုင်ချလိုက် သည်။

'ကဲ..ငါပြောတာ မှန်သွားလို့ အနာပေါ် တုတ်ကူး'

'ဟုတ်တယ်အေ၊ ဟုတ်တယ်..ဟုတ်တယ်။ နှင့်လည်း

www.burmeseclassic.com

နှင့်လူ ဘသန်းအကြောင်း ပြောချင်လို့ တမင်လာတာမဟုတ်လား'

'ငါက ဒီသေနာကျအကြောင်းကို ပြောချင်ဖို့ နေနေသာသာ မျက်နှာချင်း မဆိုင်ချင်လို့ ဒီဘက်လှည့်ထွက်လာတာအော့။ ငါ့အိမ်ငါ ဗိုင်းငင် ဝါဖန့်လုပ်နေရင် အနားလာပြီး ပန်းဝှက်တန်း၊ စကားထာဖြေတမ်းဆိုပြီး ဘာဘာညာညာနဲ့ ရည်စားစကား လာပြောနေမှာစိုးလို့'

'ကဲ..နင်ကရော မကြားချင်ဘူးလား ကောင်မ'

'မကြားချင်လို့ပဲ ထွက်လာပါတယ်ဆို'

'ဟဲ..ဟဲ..မကြားချင်ရင်လည်း အပျင်းပြေ နားထောင်ရတာပေါ့ဟ'

မြသင်က ရယ်ချင်ပက်ကျိနှင့် ပြန်ပြောလိုက်၏။

'အမယ်လေးလေး..မထောင်နိုင်ပါတော်။ လူတွင်ပါမှ နွားကျားကိုက်တာတဲ့'

'ကျား..ကျားပဲ ကိုက်ပါစေပေါ့ဟ'

'အပေါက်ကြီးနဲ့ ဖြစ်နေမှာ ငါကြောက်လို့ပါဟဲ့ကောင်မရဲ့။ ကဲ..နင်တော်တော့နော်၊ ငါ့ပါးစပ်က အယုတ္တအနတ္တတွေ ထွက်ကုန်လိမ့်မယ် ကောင်မရဲ့'

နှုတ်ခမ်းတလန် ပန်းတလန်ပြောတတ်သော အေးလှ၏ အကျင့်ကို သိသဖြင့် မြသင်က ထပ်မစရဲတော့။

သည်ကောင်မ အေးလှက ပါးစပ်ကြမ်း၏။ အဘကလည်း အိမ်တွင်ရှိနေရာ အဘကြားသွားမှာစိုး၍ အသာကလေး ငြိမ်နေလိုက်ရသည်။

ဘသန်းမှာ အေးလှကို တစ်ဖက်သတ်ပိုးပန်းနေသော သူတို့အိမ်က စာရင်းငှားကာလသား။ အေးလှကမူ သူ့ကို မကြိုက်၊ တောင်ပိုင်းက ကိုဖိုးဆင့်ကိုသာ ကြိုက်နေသည်။ သို့သော် ကိုဖိုးဆင့်ကမူ အေးလှကို မကြိုက်ပြန်။ သည်တော့ အေးလှခမျာ ဆွေးရရှာသည်။

သူများတကာ၏ အချစ်ရေးမည်မျှသည်ကိုကြားရတိုင်း မြသင်ကတော့ မိမိဘဝကို မိမိကျေနပ်ရသည်။ ကိုလူမောင်နှင့် သူကမူ နှစ်ဦးကြိုက်၊ သူကြိုက်ကိုယ်ကြိုက် အချစ်ညီမျှနေကြသူတွေ။

တစ်ခုသာ ပြောစရာရှိ၏။ ကိုလူမောင်မှာ မိမိတို့ ညောင်ရွာသားမဟုတ်။ ထို့ကြောင့် မြသင်နှင့် ကိုလူမောင်တို့ ချစ်ကြိုက်ကြစဉ်က ပဝါပါးနှင့် ကြက်သားထုပ်လျှင် စွန်းတတ်သည်ဟု ကာလသား၊ ကာလသမီးများက စောင်းပါးရိပ်ခြည် ဆိုတတ်ကြသည်။ ကိုယ့်ရွာသားမဟုတ်သော ချစ်သူကို နေ့စဉ် မမြင်ရ၊ မတွေ့ရသော တစ်ရွာသား ချစ်သူကို လွမ်းရ မျော်ရသည်ကတော့ အမှန်ပင်။

ယနေ့လည်း ပလွေသံတကြော်ကြော်နှင့် ကိုလူမောင်များ ပေါ်လာလေမလားဟု မြသင်မျှော်ခဲ့ရသည်။ သာတင့်ရွှန်းမြသော ကဆုန်လ၏ လသာညက ချစ်သူကို ပို၍သတိရစေသည်။

ကိုလူမောင်မှာ ရိုးသား၍ အလုပ်ကြိုးစားသူဖြစ်လေသည်။ သူတို့ ကွင်းမဘက်က လယ်တွေ ရိုးမရိပ်နှင့် ဆီးသဖြင့် ဆားပေါက်ကာ မြသင်တို့ ညောင်ရွာကလယ်တွေလို စပါးထွက် မကောင်းကြ။ တခြားသီးနှံများလည်း ဖြစ်ထွန်းမှု နည်း၏။

သို့သော် အလုပ်ကြိုးစားကြသော ကိုလူမောင်တို့ကား မဆင်းရဲ။ မြသင်တို့ ညောင်ရွာက စပါး၊ ပဲ၊ ပြောင်းနှမ်းတွေကို တစ်ဆင့်ဝယ်၍ ပိန်းကောလှေကြီးတွေနှင့် မြို့ရောက် ပြည်ရောက် အရောင်းအဝယ် ပေါက်တတ်သူ။ ရွာရှိ မိဘအိမ်မှာလည်း မြို့ကကုန်မှန်သမျှ အကုန်ရှိသည်။ တောသူတောင်သား ရွာသူရွာသားအတွက် မရှိမဖြစ်သော အပ်၊ အပ်ချည်ကအစ အထည်အလိပ်ကုန်စုံဆိုင် ဖွင့်ထား၏။

ယခုလည်း ရှေ့လဆန်းလျှင် ပိန်းကောလှေကြီးတွေနှင့် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်သွားလျှင် လနှင့်ချီ၍ ကြာတတ်သဖြင့် မြသင်မှာ လွမ်းရက်ရှည်ရဦးမည်။

နောက်လဆိုလျှင်တော့ မိုးကျတော့မည်ဖြစ်သည်။ ဤတစ်ခေါက် ခရီးကပြန်လာလျှင် ဝါမဝင်ခင် လူကြီးစုံရာနှင့် လာတောင်းပါမည်ဟု ကတိပေးသွားသည်။ ကိုလူမောင်တို့ မိဘနှစ်ပါးနှင့် လူကြီးစုံရာများ လာတောင်းကြမည့်နေ့ကို မြသင်က မျှော်ငေးတမ်းတရင်း ကြည်နူးနေရသည်။

မြသင်မှာ မိစုံဖစုံ မရှိသဖြင့် အားငယ်နေသည်မှာတော့ အမှန်ပင်။ မြသင်၏ မိဘနှစ်ပါးသည် မြသင် ငါးနှစ်သမီး အရွယ်ကပင် ကျောက်ကြီးရောဂါနှင့် ရက်ခြားရ၍ ကွယ်လွန်သွားခဲ့ကြ၏။ အမေ၏အဖေ အဘိုးဦးထွန်းခသည်သာ ယခုတော့ မြသင်၏ တစ်ခုတည်းသော ခိုကိုးရာ မြင်းမိုရ်တောင်ကြီးဖြစ်သည်။

ထို့ကြောင့် မိစုံဖစုံ မရှိသော မြသင်မှာ ကိုလူမောင်၏ မိစုံဖစုံနှင့် တောင်းရမ်းလာကြမည်ကို တွေးမိလျှင် ဝမ်းနည်းသလို အားငယ်သလို ဖြစ်နေရရှာသည်။ မိန်းသားတို့ ယောက်အနေနှင့် မိစုံဖစုံမရှိခြင်း၏အဖြစ်မှာ ဤလိုအခါ

www.burmeseclassic.com

www.burmeseclassic.com

၌ ပို၍ခံစားရလေသည်။

ယခု အေးလှ ရောက်လာပြီး ချစ်သူနှင့် မချစ်မနှစ် သက်သူများအကြောင်းပြောရင်း လသာဆောင် လရောင်ထဲတွင် ဗိုင်းငင် ဝါဖန်လုပ်ကာ စကားတွတ်ထိုး လုပ်လိုက်မှ အလွမ်းပြေ၍ အားငယ်စိတ်တွေလည်း ပျောက်သွားလေသည်။

အဘဘိုးထွန်းခကမူ-

'ဒီနှစ်နှယ် ပူလိုက်အိုက်လိုက်တာ လွန်ပါရောလား' ဟု ပြောပြီး ခြေတံရှည်အိမ်ပေါ်က ဆင်းသွားသည်။

ဤသည်မှာ သူအချစ်ဆုံးမြေးမလေး မြသင်္ဘနှင့် အေးဆေးတို့ လွတ်လွတ်လပ်လပ် စကားပြောကြပါစေဟူသော သဘောလည်း ပါလေမည်။

ကဆုန်လဆန်း၏ ရွှန်းမြသောလရောင်ကမူ လောက စာစ်ခုလုံး ဖြန့်ကြက်အုပ်မိုးလျက်။

♦ ♦ ♦

နွေ၌လည်းကောင်း၊ ဦဒွ်လည်းကောင်း ဤနှစ်မှာ ထူးထူးခြားခြား ပူအိုက်နေသည်ကတော့ အမှန်ပင်။

ထို့ကြောင့် တစ်ရွာလုံးရှိ လူသားတိုင်း မိုးကိုမျှော်နေကြသည်။ သို့သော် သူတို့မျှော်နေကြသောမိုးကား ကဆုန်လထုန်၍ နယုန်လသာ ဆန်းလာ၏၊ မရွာသေး။

ခါတိုင်းနှစ်တွေဆိုလျှင် သူတို့အရပ်၌ တန်ခူးလသကြိန် ဆက်ဆေးမိုးပင် တစ်ကြိမ်၊ နှစ်ကြိမ် ရွာတတ်ပြီး ဤနှစ်ကား သကြိန်လက်ဆေးမိုးလည်း မရွာခဲ့။ ကဆုန်လမှာ ဆည်း မိုးတစ်စက်တစ်ပေါက်မှ မကျခဲ့။

ထိုအခါ မြစ်ချောင်း၊ အင်း၊ အိုင်တို့ ခန်းခြောက်ကုန်သည်။ ကန်ရေ၊ တွင်းရေတို့ ဆုတ်ယုတ်လာသည်။ စိမ်းလန်းစိုပြည်သော ရိုးမတောတောင်တွေပင် ခြောက်သယောင်းသိုက်လာ၏။

သည်လို မိုးဦးခေါင်သောနှစ်များတွင် သူတို့ဆီ၌ ရှေ့အထက်ကျော်ကာလက ကျောက်ကြီးရောဂါလည်း ကျဆောက်ပူးထားလေရာ ရွာသူရွာသားတွေမှာ စိုးရိမ်မကင်း ဖြစ်လာကြသည်။ ကျောက်ရောဂါမှာ အပူလွန်ကဲသောနှစ်များတွင် ဖြစ်တတ်သဖြင့် ဤနှစ်သည်လည်း ကျောက်ကြီးဆောဂါများ ကျရောက်လေမလားဟု စိုးရိမ်ပူပန်လျက်ရှိကြသည်။ ကလေးသူငယ်များကို ဆီးဝမ်းမှန်၊ မမှန် အထူးသတိထားနေကြရသည်။ ဆီးချူပ်၊ ဝမ်းချူပ်မခံကြရန် ရွာလူကြီးသူတွေကလည်း တိုက်တွန်းစကား နေ့စဉ် ပြောကြားလျက်ရှိကြသည်။

သည်လိုနှင့် တစ်နေ့သည်တွင် ရိုးမတောနက်ထဲမှာ အလင်းရောင်တစ်ခုကို မြင်ကြရသည်။ တစ်ယောက်စကား တစ်ရာနှားဆိုသလို ရွာသူရွာသားတွေအားလုံး သိကုန်ကြားကုန်ကြသည်။ လူကြီး၊ လူငယ်၊ မိန်းမ၊ ယောကျ်ားး၊ ကလေးသူငယ်များပါမကျန် ညကြီးမင်းကြီး ရွာပြင်ထွက်၍ ကြည့်ကြ၏။

မှန်သည်။ ရိုးမတောင်ကြီး၏ ချိုင့်ဝှမ်းတစ်ခုမှ နီမောင်းမောင်းမီးရောင်ကို ရွာသူရွာသား ကလေးသူငယ်များ အားလုံး မြင်ကြရသည်။ မီးရောင်မှန်းလည်း အားလုံးသိကြသည်။ မီးညွှန့်မီးစွယ်နှင့် မီးတောက်မီးလျှံတွေကို မမြင်ကြရသော်လည်း မီးရောင်မှာကား သိသာထင်ရှားလှလေသည်။

အမှန်က ဤသည်မှာလည်း ဆန်းတော့ ဘာမှမဆန်း။ တစ်နှစ်တလေတွင် ရိုးမတောကြီးထဲ၌ တောမီးကြီး လောင်နေသည်ကို ရွာကပင် မြင်ဖူး၊ ကြားဖူးကြ၏။ ခုလို မီးရောင်ပင်မဟုတ်၊ မီးညွှန့်မီးတောက်ကြီးများကိုပင် ထင်ထင်ရှားရှား မြင်ဖူးထားကြသည်။

ထို့ကြောင့် လူကြီးများက တောကြီးအလွန်နက်ရှိုင်းသော ရိုးမအလယ်ကြောရှိ တောင်ကြောကြီးများကို တောမီးကြီးလောင်နေသည်ဟု ပြောကြသည်။ မီးညွှန့်မီးတောက်နှင့် မီးလျှံများကို မမြင်ရဘဲ မီးရောင်အလင်းကို မြင်ရခြင်းမှာ ဝေးလွန်း၍ဖြစ်သည်ဟု လူငယ်များကို လူကြီးများက ကျိုးကြောင်းဆီလျော်စွာ ပြောပြကြသည်။

မိုးဦးအလွန်ခေါင်၍ ဤလိုပူပြင်းသောရာသီတွင် ရိုးမထဲ၌ တောမီးကြီးလောင်သည်မှာ အဆန်းမဟုတ်ချေ။ ရိုးမထဲတွင် သစ်ပင်ကြီးငယ်များအပြင် ဝါးပင်ဝါးတောကြီးများလည်း အဆမတန် ထူထပ်ပေါက်ရောက်လျက်ရှိရာ နွေလတွင် ကြွေကျတတ်သော ဝါးရွက်များမှာ နေ၏ အပူရှိန်ကြောင့် ကြွပ်ရွလျက် ရှိကြသည်။

ဝါးတောကြီးများကို နွေဦးလေရူးက ကြမ်းကြမ်းတမ်းတမ်း ဝင်မွေလိုက်သောအခါ ပူးကပ်နေသော ဝါးလုံးများ ဝါးကြောချင်း ပွတ်တိုက်မိရာမှ မီးပွတ်သလို သဘာဝတောမီးကြီး ထလောင်တတ်သည်။ ဤသည်မှာ ရိုးမ၏ သဘာဝမို့ ဘာမှမဆန်းပေ။

ထို့ကြောင့် အတွေ့အကြုံများသော လူကြီးများက ရိုးမအလယ်ကြောတွင် တောမီးကြီးလောင်နေတာဟု အဖြစ်မှန်ကို ပြောပြလိုက်သည်။ ထိုအခါ မီးရောင်ကို အုတ်အော်

www.burmeseclassic.com

သောင်းတင်း ထွက်ကြည့်နေကြသူများအားလုံး ရွာထဲ ပြန်ဝင်လာကြသည်။ ဘာမှအထိတ်တလန့်မဖြစ်ကြ။ မီးရောင်မှာလည်း မိုးလင်းပိုင်း နေရောင်ဖြန့်ကြက်လာသောအခါ အလိုလို မှေးမှိန်ပျောက်ကွယ်သွားလေသည်။

သည်လိုနှင့် နေရောင်ခြည်ကွယ်ပျောက်သွားသည်နှင့် တစ်ပြိုင်နက် နောက်တစ်ရက်မှာလည်း ရိုးမထဲက အလင်းရောင်ကို ရွာသူရွာသားများအားလုံး ထပ်မြင်ကြရပြန်၏။

အံ့ဖွယ်ဘနန်းဖြစ်စရာ မရှိတော့။ ရိုးမထဲ၌ လောင်နေသော တောကြီးသည် ယခုထိ မငြိမ်းသေး၊ မသေသေး။ ဆက်၍လောင်နေသေး၏။ နောက်တစ်ည၌လည်း ဆက်၍ လောင်နေသေး၏။

ရိုးမထဲ၌ တောမီးကြီး ဆက်၍လောင်နေသည်ကို နောက်ရက် နောက်ညများမှာလည်း သတိထားမိသူ ရွာသူရွာသားအတော်များများ မြင်ကြရ၏။ ရိုးမထဲက တောမီးကြီးသည် ဘယ်နှစ်ရက် ဘယ်နှစ်ညများ ဆက်လောင်နေမည် မသိဟု ညည်းတွားပြောဆိုတတ်ကြ၏။

ရိုးမထဲ၌ တောမီးကြီး ဘယ်နှစ်ရက်ထိ ဆက်လောင်နေသည်ကိုတော့ နောက်နေ့ နောက်ညတွေမှာ မည်သူမျှ သတိမထားကြတော့။ တစ်ရက်၊ နှစ်ရက်၊ တစ်ည၊ နှစ်ညကြာလာသဖြင့် ရိုးသွားကြ၏။ တောကြီးရိုးမထဲ၌ တောက်၍ လောင်နေသည်ကို ရွာပြင်ထွက်ပြီးလည်း မည်သူမျှ အရေးလုပ် အိပ်ရေးပျက်ခံကာ မကြည့်ကြတော့။ ပူအိုက်၍ ညအိပ်မပျော်သူ တစ်ယောက်တလေသာ အမှုမဲ့အမှတ်မဲ့ လှမ်းကြည့်ဖော်ရတော့၏။

သို့သော် တစ်ရက်၊ နှစ်ရက် အကြာမှာ ရှေ့ပြေးနိမိတ်ပမာ ထူးခြားသော အခြင်းအရာတစ်ခုက ရွာပေါ် ရောက်လာသည်။

ထိုအခြင်းအရာမှာ မီးလောင်ကျွမ်းထားသော မီးကျွန်းပြာမည်း ပြာဖြူများ ရွာပေါ် ကျလာခြင်းပင်။ အိမ်ခြေသုံးလေးဆယ်ရှိသော ရွာသူရွာသားတို့၏ အိမ်ခေါင်မိုးတွင် မီးကျွမ်းပြာများ ဖွေးဖွေးလူပ်လာကြသည်။

ဤသည်မှာလည်း အတွေ့အကြုံရှိသော် ရိုးမနားနေသူ ရွာသူရွာသားများအတွက် ဘာမှမဆန်း။ ရိုးမရှိ သစ်တော ဝါးတောများကို မီးလောင်ရာ၌ မီးကျွမ်းပြာများသည် ထ နှင့် လွင့်ပါပြီး ရွာပေါ် ကျလာခြင်းသာ။

ရိုးမထဲက လွင့်လာနေသော မီးကျွမ်းပြာများကြောင့် ရွာပေါ်ရှိကောင်းကင်မှာ ညစ်ထေးထေးဖြစ်လာသည်။ ပြ နှင့်အတူ မီးခိုးမီးငွေ့များလည်း ရွာပေါ် မိုးလာသည်။ ဤ သည်ကို မသိနားမလည်သူတချို့က မိုးရွာတော့မည်ဟု ထ ခဲ့ကြသည်။ မီးခိုးမီးငွေ့များကို မိုးသားမိုးတိမ်များဟု ထင် ကြသည်။

ထို့ကြောင့် ပူအိုက်နေသောကာလတွင် လူကြီးတွေ မိုးရွာတော့မည်ဆိုသဖြင့် မိုးကို မျှော်နေသော ကလေး အပျော်ကြီး ပျော်သွားကြသည်။ ရိုးမထဲက လွင့်လာသော မီးကျွမ်းပြာများနှင့် မီးခိုးမီးငွေ့များကို မော့ကြည့်ကာ ဟစ်ဆူညံနေကြလေသည်။

♦.♦.♦

ညစ်ထေးသော ကောင်းကင်ကြောင့် မိုးရွာတော့ ဟု ထင်ခဲ့ကြသော်လည်း မိုးကားရွာမလာပေ။ ပို၍ ပူအိုက်စပ်လောင်လာသည်။ ထိုအခါ ကျောက်ကြီးရော ဆိုးကို ထိတ်လန့်နေသူတွေက ဆီး၊ ဝမ်း မချုပ် မန်ကျည်းဖျော်ရည် နေ့စဉ်သောက်၍ ကျန်းမာရေးအတွ သတိ၊ ဝီရိယရှိစွာ နေကြလေသည်။

တစ်ညနေမှာ ထင်းခွေရာက ပြန်လာသော ရွာသူ ယောက်သည် အထိတ်တလန့်နှင့် အော်ဟစ်ကာ ရွာ ပြေးဝင်လာ၏။ သူတောထဲက ထင်းခွေလာသော ထင်း ပင် ပါမလာ။ လုံချည်မနိုင် အင်္ကျီမနိုင်နှင့် ရွာထဲ ဝင်လာသည်။ အချိန်မှာလည်း ညနေမှောင်ရီတရော အ ဘာတွေ့ခဲ့လဲ။ ဘာဖြစ်ခဲ့လဲဟု အမျိုးသမီးကို ရွာသူရွာ များက ဝိုင်းမေးကြ၏။

ထို့အမျိုးသမီးမှာ ချက်ချင်းပြန်မပြောနိုင်။ အ ၍ မျက်ကလူးဆန့်ပျာဖြစ်ကာ ဟောဟဲ,ဟောဟဲ ဖြစ် အယူသီးသော မိန်းမကြီးများက အပမှီလာ

www.burmeseclassic.com

www.burmeseclassic.com

ဆောထဲ တောင်ထဲက နတ်မိစ္ဆာကောင် တစ်ကောင်ကောင် ဝင်ပူးလာသည်ဟူသော အစွဲနှင့် ရေတိုက် မန်းမှတ်၊ ပ,သ ဆောင်းဆို၍ ခြေဆုပ်လက်နယ်ပြုကြသည်။

သတိရလာသော ထိုရွာသူ အမျိုးသမီးအား ရွာလူကြီးများကပါ ဝိုင်းလာ၍ အထိတ်တလန့်နှင့် ဘာတွေ့ခဲ့လဲ။ ဘာဖြစ်ခဲ့လဲဟု ဝိုင်းမေးကြ၏။ ထိုရွာသူအမျိုးသမီးက ပြန်ပြောသည်မှာ ထိတ်လန့်ချောက်ချားဖွယ်ရာကောင်းလှသည်။

သူ ထင်းခွေပြီး ရွာဘက်သို့ ပြန်လာစဉ် ရွာနှင့် တစ်ခေါ်သာသာဝေးသော ဦးကောင်း၏ ဥယျာဉ်ပျက် သရက်ခြံနားတွင် တောင်ပို့ကြီးနီးပါးရှိ သရဲကြီးတစ်ကောင် တလှုပ်လှုပ်နှင့် ခြံထဲ ဝင်သွားသည်ကို မြင်ရပါသည်ဟု ဆို၏။ ထိုရွာသူ၏ စကားကြောင့် ကလေးသူငယ်များနှင့် ရွာသူ ရွာသား အားလုံးက ထိတ်လန့်ကုန်ကြ၏။

ယခင် သူဥယျာဉ်ဟောင်းခြံထဲတွင် တစ်ခါမှ သရဲ တစ္ဆေခြောက်သည်ကို မတွေ့ဖူး၊ မကြုံဖူးသော ဦးကောင်းကမူ သူခြံကို နာမည်ဖျက်ရပါမည်လားဟု ထိုရွာသူအား ဒေါသဖြစ်သွားသည်။

ထို့ကြောင့် မကျေမနပ်နှင့် ဦးကောင်းက ထိုရွာသူအား အထပ်ထပ်အခါခါ မေး၏။ အကြောက်လွန်၍ တုန်တုန်ယင်ယင်ဖြစ်နေသော ထိုရွာသူ မိန်းမကလည်း အမှန်တကယ် သူမြင်ခဲ့ရပါသည်။ သရဲကြီးမှာမူ လေး,ငါး ယောက်ဖက်လောက်ကြီးပြီး အမြင့်ကလည်း လူကြီးလက်ခုပ်တစ်ဖောင် ကျော်ကျော်မြင့်သည်။ မည်းမည်းလုံးလုံးကြီး။ အတ္တဘောကြီးကို ဒယိမ်းဒယိုင် လှုပ်ပြသည်။ ဘာအသံမှန်း မပြောပြတတ်သော အသံတစ်မျိုးကိုလည်း ဝမ်းခေါင်းသံကြီးဖြင့် မြည်ပြ၍ ခြောက်သည်။ သူမျက်စိနှင့် တပ်အပ်မြင်ခဲ့တာပါဟု ကျိန်တွယ်ပြော၏။

ဦးကောင်းက မခံချင်စိတ်နှင့် သူ ယခုပင် မီးတုတ်နှင့် သွားကြည့်မည်။ သူခြံတွင် ယခင်က သူတစ်ယောက်တည်း နှစ်ရှည်လများ အိပ်လာသည်မှာ နှစ်ပရိစ္ဆေဒကိုပင် ရေတွက်မရတော့။

ထို့ကြောင့်-

'ငါ ဟိုတုန်းက ခြံထဲ အိပ်လာတာ နှစ်ပေါင်းကို မရေတွက်နိုင်တော့ဘူး။ ဘာတစ္ဆေသရဲမှခြောက်တာ မတွေ့ရဘဲ ခုမှ နင်က ကြားလာတယ်၊ မြင်လာတယ်ဆိုတာ သက်သက်ပြောတာ။ ငါ့ခြံကို နာမည်ဖျက်တာ။ ငါ မယုံဘူး။ ကဲ..ခုချက်ချင်း သွားကြည့်ကြမယ်' ဟု ဒေါနှင့် မောနှင့် ပြောပြီး ကညင်ဆီမီးတုတ် ပြေးယူသည်။

ဤသည်ကို သားမယားများနှင့် ဆွေမျိုးအချို့က ဦးကောင်းအား ဝိုင်းဆွဲထားကြ၏။

ဦးကောင်း၏ခြံမှာ ရွာနှင့် တစ်ခေါ်သာသာဝေးသလို ရိုးမနှင့်လည်း အလွန်နီးသဖြင့် ညကြီးမိုးချုပ် မသွားသင့်ဟု တားမြစ်ကြ၏။ ဦးကောင်းကမူ ချက်ချင်းသွားကြည့်မည်ဟု တကဲကဲ။

သို့သော် ရွာလူကြီးနှင့်တကွ အားလုံး ဝိုင်းတားကြသဖြင့် ထိုညက ဦးကောင်း မသွားဖြစ်ခဲ့။

'အေး..မနက်မိုးလင်းတော့ ငါသွားကြည့်မယ်။ မနက်ဖြန် ညလည်း ငါ့ခြံထဲမှာ ငါ သွားအိပ်မယ်။ သရဲနဲ့တွေ့ရင် တွေ့၊ မတွေ့ရင်တော့ နင်နဲ့ ငါနဲ့တွေ့မယ်' ဟု သရဲခြောက်ခံလာရသော ရွာသူကို ကျိန်း၏။

ထိုအခါ ရွာ၌ရှိသော နတ်ကတော်နှင့် မှော်လိုလို၊ ဆေးလိုလို၊ အထက်လိုလို၊ အောက်လိုလို လုပ်နေသော ဦးထော်ကြီးကပါ ကြားဝင်လာပြီး-

'မနက်ဖြန်မဟုတ် ခုည၊ ခုအချိန်၊ ခုချက်ချင်း ခင်ဗျားသွားကြည့်လည်း နာနာဘာဝ၊ ဝိနာဘာဝဆိုတာကို တွေ့ချင်မှ တွေ့ရတော့မှာပေါ့ဗျ။ စဉ်းစဉ်းစားစားပဲ ပြောစမ်းပါ' ဟု ဆိုလိုက်၏။

နောက်ရွာသားတစ်ယောက်ကလည်း-

'အေးလေဗျာ၊ ခင်ဗျားပြောသလို ခုပဲ သွားကြည့်ပါပြီတဲ့။ သရဲက ခင်ဗျား လာအကြည့်ကို စောင့်နေဦးမှကိုး' ဟု ပြောလိုက်ပြန်ရာ အားလုံးမှာ တဝါးဝါးတဟားဟား ဖြစ်သွားကြပြန်သည်။

ထို့ကြောင့် ထိုညက ဦးကောင်းသည် သူဥယျာဉ်ဟောင်းခြံထဲ မရောက်ဖြစ်ခဲ့။ နောက်တစ်နေ့ မိုးလင်းမှ ဥယျာဉ်ဟောင်းခြံပျက်ထဲ သွားကြည့်ရန် ဆိုင်းငံ့လိုက်ရလေသည်။

♦♦♦

ဦးကောင်းသည် နောက်တစ်နေ့ မနက်၌ ယာအိုပေါ် တောဆိုင်း၍ သရဲမြိုင်းပေါ် ချုံအုပ်ဆိုသလို ဖြစ်နေသော သူဥယျာဉ်ခြံကြီးထဲ လှည့်ပတ်ကြည့်၏။

ရွာနှင့် အတော်လှမ်းသဖြင့် အလွယ်တကူ ပြန်မလုပ်နိုင်၍သာ ပစ်ထားရသော်လည်း သုံး,လေးဧကကျယ်သော သူခြံဟောင်းကိုမူ ဦးကောင်းကား သံယောဇဉ်မကုန်နိုင်သေး။ တစ်နေ့ကျ ပြန်လုပ်ဦးမည်ဟု ရည်ရွယ်ချက်လည်း

www.burmeseclassic.com

ရှိထား၏။ ထို့ကြောင့် သူသည် ချုံနွယ်ပိတ်ပေါင်းများကို ရှင်းတန်ရှင်း၊ ခုတ်တန်ခုတ်နှင့် တစ်မနက်လုံး အလုပ်ရှုပ်နေ၏။

ရွာက နတ်ကတော်နှင့် မှော်လိုလို၊ စုန်းလိုလို ဦးထော်ကြီးက ပြောလိုက်သကဲ့သို့ မနေ့က ရွာသူမိန်းမအား ခြောက်လှန့်လိုက်သော သရဲတစ္ဆေကို ဤမနက်မှာ ဘယ်လိုမှ မတွေ့နိုင်တော့ဘူး ဆိုသည်ကိုတော့ သူလည်း ယုံကြည်လေသည်။

သို့သော် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဤခြံကို ပြန်လုပ်ရမည်ဟူသော ရည်ရွယ်ချက်နှင့် ရောက်တုန်းရောက်ခိုက် အလွမ်းပြေသာ တောရှင်းသွားသည့်သဘောနှင့် လမ်းမလွတ် လူမလွတ်သော ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းနေခြင်းသာ။

သည်လိုနှင့် ခြံအနောက်စောင်းမှ ရေတွင်းပျက်နားရောက်သွားသောအခါ ရုတ်တရက် ဦးကောင်း ထိတ်လန့်သွားသည်။ ယခင်က ဤရေတွင်းပျက်နားတွင် ဘာအရာဝတ္ထုမှ မရှိသော်လည်း ယခုမူ လုံးလုံးမည်းမည်း အတ္တဘောကြီး တစ်ခုသည် ရေတွင်းပျက်နားတွင် ထီးတည်းတည်နေလေ၏။

ဦးကောင်းသည် ထိတ်ထိတ်လန့်လန့်နှင့် နောက်သို့ပင် ဆုတ်မိသွား၏။ ခေါင်းနားပန်းကြီးသွားသော်လည်း အကြည့်ကိုမူ ထိုအရာဝတ္ထုကြီးဆီမှ မခွာရဲ။ သရဲကြီးသည် ရွာသူမိန်းမအား မနေ့ညက ခြောက်လှန့်လိုက်သလို သူ့ဆီကိုလည်း ကတိမ်းကပါးနှင့် လိုက်များလာလေမလား၊ လူပ်ယမ်းယိမ်းထိုး၍များ ပြလေမလားနှင့် မျက်လုံးပြူးထွက်မတတ် စိုက်ကြည့်နေ၏။

သို့သော် ထိုအရာဝတ္ထုကြီးကား တုတ်တုတ်မျှပင် မလှုပ်၊ ပကတိငြိမ်သက်နေ၏။

ဦးကောင်းသည် သူ၏ ယာခုတ်ဓားရှည်ကို မြဲမြံဆုပ်ကိုင်ကာ ထိုအရာဝတ္ထုကြီးနား တစ်လှမ်းချင်းကပ်သွား၏။ ပါးစပ်ကလည်း အဟမ်းဟမ်းဟမ်းဟု ရွံ့ရွံ့နှင့် အသံပြု၏။ သို့သော် ထိုအတ္တဘောကြီးကား တုံ့ဏှိဘာဝေသာ။

လေးငါးဆယ်လှမ်းအကွာသို့ ရောက်သွားသောအခါ ဦးကောင်း အကြောက်အလန့် ပြေသွား၏။ ခဲ့အံ့သြသည်လည်း ဖြစ်သွား၏။

ဦးကောင်း စောစောက သရဲကြီးတစ်ကောင်ဟု ထင်ထားခဲ့သော အတ္တဘောကြီးမှာ ဆင်ကြီးတစ်ကောင်ပင် ဖြစ်နေလေသည်။ ဆင်တစ်ကောင်မှန်း သိသောအခါ ဦးကောင်းမှာ နောက်သို့ ပြန်ဆုတ်ရပြန်၏။

သူတို့ဒေသတွင် ဆင်ပိုင်ရှင်များ မရှိသဖြင့် ဤဆင်သည် ဆင်ယဉ်၊ အိမ်ဆင် မဖြစ်နိုင်။ တောဆင်ရိုင်းဆိုလျှင် လူသံကြားက ချက်ချင်း ရန်လိုတတ်ပေသည်။ သို့သော်ယခု သူအသံပေးသော်လည်း တုတ်တုတ်မျှပင် မလှုပ်သောအခါ အံ့သြရပြန်သည်။

ခပ်ဝေးဝေးက ပြေးလမ်းကို သတိထားရင်း ခဲနှင့်လှမ်းထုကြည့်၏။ မလှုပ်၊ လူးကာလွန့်ကာပင် မမြင်ရ။ စောစောကထက်ကြီးသော ခဲလုံးကြီးနှင့် ဒုတိယအကြိမ် လှမ်းထုပြန်၏။ ဆင်ကြီး၏ ဘေးနံရိုးကို အုန်းခနဲသွားထိသည်။ သို့သော် ဆင်ကြီးကား လုံးဝမလှုပ်။ ဦးခေါင်းအနား ကပ်သွားပြီး သေသေချာချာ ကြည့်၏။

ခေါင်းပိုင်းကို ထင်ထင်ရှားရှား မမြင်ရသော်လည်း ဆင်ကြီးတစ်ကောင်မှန်းတော့ ဦးကောင်း ကောင်းကောင်း သိသည်။ လဲနေသည်ကိုလည်း သတိထားမိ၏။ ခေါင်းပိုင်းသို့ ကပ်သွားသောအခါ နှာမောင်းကြီးကိုပါ မြင်ရလေသည်။ ဆင်ကြီးမှာ နည်းနည်းနောနော အကောင်ကြီးမဟုတ်။ ယခု လဲနေသည်ကပင် အမြင့်လူတစ်ရပ်မိုးပါးရှိ၏။ မတ်တတ်သာဆိုလျှင် အနည်းဆုံး လူကြီးလက်ခုပ်တစ်ဖောင်ကျော်မည်။ အစွယ်မရှိသော ဇရာမဟိုင်းဆင်ကြီး။

ဆင်ကြီး၏ နှာမောင်းမှာ ရေတွင်းပျက်ပေါ် မှေးတင်ထား၏။ ဦးခေါင်းထိပ်ဦးကင်းနှင့် လက်ပြင်တစ်ဖက်အပေါ်ပိုင်းတို့မှာ မီးလောင်ဖုတ္ထေနှင့် ရောင်ကိုင်းနေသည်။ ထို့အခါမှ ဤဆင်ကြီး သေနေပြီဆိုသည်မှာ ဦးကောင်း အတော်သိသွား၏။ အနားသို့ ပိုကပ်သွား၍ တစ်ခါထပ်ကြည့်ပြန်၏။ အမှန်ပင် သေနေလေပြီ။

ဝမ်းဗိုက်အောက်တစ်ပြင်လုံးနှင့် နှာမောင်းတစ်လျှောက်တွင် မီးဟပ်ထားသော အဖုအပိမ့်ကြီးတွေကို တွေ့ရလေသည်။ ဆင်ကြီးနှာမောင်းဖျား တစ်တောင်ကျော်လောက် တွဲစိုက်ကျနေသော ရေတွင်းပျက်ထဲ ငုံ့ကြည့်လိုက်၏။ ခါတိုင်းနှစ်တွေဆိုလျှင် တစ်နှစ်မှ ရေမခန်းတတ်သော ဤရေတွင်းကြီးမှာ ဤနှစ်တော့ လေးငါးတောင် အနက်လောက် တွင်သာ ရေအနည်းငယ်ကိုသာ မြင်ရသည်။

ဦးကောင်း ချက်ချင်း ရွာထဲပြန်လာသည်။ တစ်ည့နေက ရွာသူမိန်းမကြီးအား ခြောက်လှန့်လိုက်သော သရဲကြီးကို သူခြံထဲ အမှန်တကယ်တွေ့သဖြင့် သူသိထားပြီး

www.burmeseclassic.com

www.burmeseclassic.com

လာပြီး လိုက်ကြည့်လည့်ပါဦးဟု ခပ်ရွတ်ရွတ် ပြော၏။ ပင်ကိုဗီဇကပင် ခပ်ရွတ်ရွတ်ပြောတတ်ဆိုတတ် လုပ်တတ် လေ့ရှိသော ဦးကောင်း၏စကားကို မည်သူမျှ မယုံကြည်ကြ။ ဒီအတိုးကြီး တမင်ရွတ်၍ ပြောခြင်းသာဟု ထင်ကြ၏။

နောက်တော့ ဦးကောင်းက သူခြံဟောင်း ရေတွင်း ပျက်နားတွင် ဧရာမဟိုင်းဆင်ကြီးတစ်ကောင် မီးလောင် ဒဏ်ရာတွေနှင့် လာသေနေကြောင်း အမှန်အတိုင်း ပြော ရတော့သည်။ ဦးကောင်း၏ စကားကို ကြားရသောအခါ ရွာသူရွာသား ကလေးသူငယ်များပါမကျန် အားလုံးလိုက် ကြည့်ကြ၏။

မှန်သည်။ ဆင်သေကြီးကို တွေ့ရသောအခါ ထင်မြင် ချက်အမျိုးမျိုး ပေးကြသည်။ ထိုအထဲတွင် နောက်ဆုံး ရွာမုဆိုးကြီး ဦးငတိက ဆင်များသည် နာမောင်းကို လေထဲ မြှောက်၍ အနုံခံကြည့်လျှင် တစ်မိုင်၊ နှစ်မိုင်အဝေးရှိ ရေ တွင်းရေကန်နှင့် စမ်းချောင်း၊ အင်း၊ အိုင် ရှိရာကိုပင် သိ တတ်သည်။

ယခု ရိုးမထဲတွင် တောမီးကြီး ဝိတ်လျော်ထားခံရ၍ ရေငတ် ရေဆာနေသော ဆင်ကြီးမှာ သူ့ကိုယ်လုံးကြီးကို ရေစိမ်ရန်နှင့် ရေသောက်ရန်လာရင်း အစာရေစာပြတ်ကာ သေသွားခြင်းဟုဆို၏။

ဤနှစ်တွင် မိုးဦးအလွန်ခေါင်၍ တောတောင်ထဲရှိ စမ်းရေစီးရေများလည်း ခန်းခြောက်ကုန်လေရာ ရွာမုဆိုး ကြီး၏ စကားမှာ အလွန်သဘာဝကျလှသဖြင့် အားလုံး လက်ခံလိုက်ကြသည်။

သည်လိုနှင့် ဆင်ကြီးတစ်ကောင် တောမီးကြီးအလောင် ခံရပြီး ရေရှာရင်း ဦးကောင်း၏ခြံထဲ လာသေနေသည်မှာ ထူးဆန်းသောအကြောင်းအရာ မဟုတ်သလို ပေါ့ပေါ့တန် တန် ဖြစ်သွားကြပြန်၏။

ထို့ကြောင့် ဆင်သေကို ခဏတစ်ဖြုတ် လာကြည့်ကြ သူ လူကြီးများအားလုံး ရွာထဲ ပြန်ဝင်သွားကြ၏။ ဆင်ကို နီးကပ်ကပ် မမြင်ဖူးကြသော ကလေးသူငယ်များလောက် သာ ဆင်သေကြီးနား ဝိုင်းကျန်နေခဲ့ကြသည်။

ယခင်က ဆင်ဆိုသည်မှာ လူကြီးမိဘများ ပြောပြ၍ ကြားဖြင့်ထဲ၊ စကားထဲ၌သာ ကြားဖူးကြသော ကလေးသူငယ် များမှာ ဆင်သေကြီးအား နားရွက်ကိုဆွဲ၊ နှာခေါင်းကို အပျော်တမ်း မ,ထမ်းသူက မ,ထမ်း၊ ဦးကင်းနှင့် ကိုယ်လုံး ကြီးပေါ် တက်စီးသူက တက်စီးနှင့် အပျော်ကြီးပျော်နေကြ ၏။

ရွာရှိ ကလေးငယ်များမှာ မိုးတော်တော်ချုပ်သည်အထိ ဆင်သေကြီးနားက မခွာကြ။ အိမ်ထဲရွာထဲ မတွေ့ကြရ သဖြင့် လူကြီးမိဘများက ဆင်သေကြီးနား လာပြီးခေါ်မှ ကန့်လန့်ကန့်လန့်နှင့် ရွာထဲ လိုက်ပါလာကြသည်။ လူကြီး တွေကမူ ဤဆင်ကြီးကို မြေမြှုပ်ပစ်ရန်နှင့် ဝိုင်းဝန်းဖျက် ယူကြရန်လည်း လုံးဝစိတ်မဝင်စားကြ။ ဆင်သားမှာ အသား ကြမ်းကြီးတွေဖြစ်သဖြင့် မည်သူမျှ မစားချင်။ ရိုးမနှင့်နီး သောသူတို့မှာ ဆင်သားထက်ကောင်းသော ချေသား၊ ဆတ် သား၊ တောဝက်သားနှင့် သမင်၊ ဒရယ်သားတွေကလည်း ပေါ၏။ ဘာသာရေးအရလည်း သားကြီးဆယ်မျိုးထဲ ပါဝင် သော ဆင်သားကို ရှောင်ကြသည်။ အစွယ်လိုသူများက လည်း အစွယ်မပါလာသော ဟိုင်းဆင်ကြီးကို ဘယ်လိုမှ စိတ်မဝင်စားကြ။

သည်လိုနှင့် ဦးကောင်း၏ ဥယျာဉ်ခြံပျက်ထဲ လာသေ နေသော ဆင်ကြီးကို သည်အတိုင်း ပစ်ထားကြလေသည်။

ခြံပိုင်ရှင် ဦးကောင်းကလည်း ဘာမှမလုပ်။ ရွာနှင့် ဆင်သေကြီးရှိရာ သူခြံဟောင်းမှာ လူတစ်ခေါ်သာသာဝေး သဖြင့် ပုပ်ပွန်စော်လာလျှင်လည်း ဆင်သေနံ့သည် ရွာထဲထိ မရောက်နိုင်ဟု သူထင်ထား၏။ ပြီး ဆင်သေကြီးရှိရာက ဤရာသီမှာ ရွာ၏လေအောက်။ ထို့ကြောင့်လည်း ဒီအတိုင်း ပင် ထားလိုက်၏။

ဦးကောင်း၏ သဘောမှာ တောထဲ တောင်ထဲမှာ သေတတ်ကြသော တခြားတိရစ္ဆာန် အသေကောင်များကို ကျီးထိုး လောက်ကိုက်ဖြစ်ပြီး ကြာလျှင် ဤဆင်သေကောင် ကြီးမှာလည်း အရိုးပုံလောက်သာ သူခြံထဲ၌ အမှတ်တရ ကျန်နေခဲ့လိမ့်မည်ဟု ထင်ခဲ့၏။ ဤဆင်သေကောင်ကြီးကို အကြောင်းပြု၍ နောင်တွင် မည်သို့မည်ပုံ ဖြစ်လာမည်ဆို သည်ကိုကား ထိုစဉ်က လုံးဝမတွေးမိ၊ မစဉ်းစားမိခဲ့ကြပေ။

ဆင်သေကြီး တစ်ကောင်ကို မြေမြှုပ်ပစ်ရန် ကျင်း ဆိုသည်မှာလည်း လူအယောက် တစ်ဆယ်ကျော်လောက် အနည်းဆုံး တစ်မနက်တော့ တူးကြရမည်။ အိမ်ခြေသုံး ဆယ်ကျော်သာရှိသော သူတို့ ညောင်ပင်ရွာမှာ လူကြီးတစ် ဆယ်ကျော်ကို တစ်ခါတည်း တစ်ပြိုင်တည်း စုစည်းခေါ် ယူရမည်ဆိုသောကိစ္စမှာလည်း လွယ်သောကိစ္စ မဟုတ်ပါ။ ရပ်ရွာလူကြီး အမိန့်တစ်စုံတစ်ရာ မပါလျှင် မည်သူကမျှ အရေးတယူ လုပ်ကြမည်မဟုတ်။ သူတို့မှာ တောသူတောင်

www.burmeseclassic.com

သားများပီပီ မိုးလင်းသည်နှင့် တောတက် လယ်ထွက်သွား တတ်ကြပြီ။

တစ်အိမ်နှင့် တစ်အိမ်ကလည်း ခပ်ဝေးဝေး။ ခြံမြေ ဥယျာဉ်များထဲ ဆောက်နေကြရာ သီးပင်စားပင်တွေ ကွယ် နေသဖြင့် တစ်အိမ်နှင့်တစ်အိမ် လှမ်းကြည့်၍ပင် မမြင်ရ။ အကြောင်းကိစ္စရှိမှ အော်ခေါ် ပြောဆိုတတ်ကြ၏။

ထို့ကြောင့်လည်း သူတို့မှာ ဆင်သေကြီးကို မြေမြှုပ် ကြရန်ထက် မိမိတို့၏ လယ်ခင်း၊ ယာခင်းများအတွက် ဣန္ဒာစ မိုးဦးအင်မတန်ခေါင်သည့် အကြောင်းလောက်သာ စကားထဲ ထည့်ပြောကြ၏။

ယခု နယုန်လဆန်း ရောက်နေပြီး မိုးကား လုံးဝမရွာ သေး။ ထိုမိုးခေါင်သော အကြောင်းကြောင့်ပင် တစ်ရက်၊ နှစ်ရက် ကြာသောအခါ ဦးကောင်း၏ ခြံပျက်ဥယျာဉ်ထဲ လာသေနေသော ဆင်သေကြီးအကြောင်းကို မေ့မေ့ပျောက် ပျောက် ဖြစ်သွားကြလေသည်။

ဆင်သေကြီးကို အထူးအဆန်းသဖွယ်ဖြစ်ပြီး ဆင်သေ ကြီးရှိရာသို့သွားကာ သုံးယောက်တစ်စု၊ လေးယောက်တစ် စု ဆော့နေကြသူတွေက ညောင်ပင်ရွာက ကလေးသူငယ် များသာ။

♦ ♦ ♦

ဦးကောင်း၏ ခြံပျက်ကြီးထဲရှိ ဆင်သေကြီးရှိရာမှ သွားဆော့ပြီး ပြန်လာကြသော ကလေးတစ်သိုက်က လူ ကြီးတွေကို ပြောပြကြ၏။

ဆင်သေကြီးသည် ယခုအခါ ဖူးဖူးရောင်နေလေပြီ။ ပုပ်ဟောင်နံစော်သော အနံ့ဆိုးကြီးများကလည်း ထွက်နေ သည်။ ကျီးကန်းနှင့် အခြားငှက်တိရစ္ဆာန်များလည်း ထိုး ဆိတ်စားသောက်နေကြသည်။

လင်းတငှက်ကြီးများနှင့် ယင်ရိုင်းမကြီးများလည်း တရုန်းရုန်းဖြစ်နေကြသည်။ ငှက်များနှင့် ယင်ရိုင်းမကြီးများ ကို သူတို့က တုတ်တွေ၊ ခဲတွေနှင့် ခြောက်လှန့်ပစ်ပေါက် ကြသည်။

သို့သော် ခဏသာ။ ကလေးသူငယ်များ ခြောက်လှန့် ပစ်ပေါက်၍ ပျံပြေးသွားကြသော လင်းတငှက်ကြီးများနှင့် ကျီးကန်းများသည် ဆင်သေကောင်နားရှိ သစ်ပင်များပေါ် တွင်သွားနားကာ ဆင်သေကြီးကို ပြန်ဆင်းစားနေကြသည်။

ယင်ရိုင်းမကြီးများကမူ ဘယ်လိုခြောက်ခြောက် မရ။ အကောင်တွေကလည်း သိန်း၊ သန်း၊ ကုဋေမက များပြား ရာ ဆင်သေကြီးကိုသာ ဝိုင်းအုံစားနေကြသည်။ အနံ့အသက် ဆိုးဝါးလွန်း၍ ယင်ရိုင်းမကြီးများကို ခြောက်လှန့်၍ ဆင် သေကြီးနားပင် မကပ်နိုင်ကြတော့ဟု ဆို၏။

ဆင်သေနားရှိ သစ်ပင်များပေါ်တွင် သွားလာနေကြ သော လင်းတကြီးများကလည်း ယင်ရိုင်းမများ စားသောက် နေကြသည်ကို မြင်သောအခါ သစ်ပင်ပေါ်က ပြေးဆင်း လာကြပြီး ယင်ရိုင်းမများကို အတောင်ပံတွေနှင့် တစ်အား ရိုက်ခတ်မောင်းထုတ်ကြ၏။

လင်းတကြီးများ၏ တောင်ပံရိုက်ခတ်မှုကြောင့် ကစဉ့် ကလျား လွင့်စဉ်သွားကြသော ယင်ရိုင်းမကြီးများမှာ သူတို့ ကိုယ်ပေါ်ပင် ကျလာသည်ဟု ကလေးများက ပြောကြ၏။ ပြီးတော့ နေခင်းကြောင်တောင်ကြီး ခွေးအနှင့် တောခွေးထွေ ကလည်း ဆင်သေကောင်ကြီးကို ဝင်ဆွဲကိုက်ဖဲ့နေကြသည်။

လင်းတနှင့် ကျီးကန်းများသာမဟုတ်၊ တောခွေးနှင့် ခွေးအကြီးများသည်လည်း ဆင်သေကောင်ကို သွားကြည့် ကြသော ကလေးငယ်များကိုပင် ကိုက်မတတ် ဝါးမတတ် ရန်ရှာလာကြသည်ဟု ဆိုလေသည်။

ထိုအခါ ရွာသူရွာသားလူကြီးများက ဆင်သေကောင် ကြီးရှိရာသို့ မသွားကြရန် ဟန့်တားကြသည်။ ခွေးအုပ် တောခွေးကြီးတွေ မင်းတို့ကို ကိုက်သတ်ကြလိမ့်မယ်ဟု ခြိမ်းခြောက်ထားကြသည်။

သို့သော် ကလေးများကမူ လူကြီးတွေ အလစ်၌ ဆင် သေကြီးရှိရာသို့ သွားမြဲသွားကြသည်။ ယခင်က ဆင်သေ ကြီးတစ်ကောင်ကိုသာ ကြည့်ရသော ကလေးများမှာ ထို အခါ ဆင်သေကြီးအများ၌ ငှက်လင်းတတွေ၊ တောခွေး တွေ၊ ခွေးအတွေပါ မြင်နေကြည့်နေကြရသဖြင့် သုံးယောက် တစ်စု၊ လေးယောက်တစ်စု တုတ်၊ ဓား၊ လေးခွတွေယူပြီး ဆင်သေကြီးနား လူကြီးတွေ အလစ်၌ ခိုးခိုးသွားကြသည်။

သည်အချိန်ထိ ရွာသူရွာသားများ၊ လူကြီးများမှာ သူတို့၏ ကလေးငယ်များ၊ ဆင်သေကြီးရှိရာသို့ ပုန်းလျှိုးထွက် လျှိုး သွားနေကြသည်ကို နိုင်နိုင်နင်းနင်း ဟန့်တားရန် သတ္တိ မမွေးနိုင်ကြသေး။ သူတို့၏ စိတ်ထဲမှ ဤနှစ် ဤအခါ မိုးခေါင်နေလျှင် ထွန်ယက်စိုက်ပျိုးမှုတွေ နောက်ကျမည်ကို သာ တွေးပူနေကြလေသည်။

♦ ♦ ♦

သည်လိုနှင့် တစ်နေ့မှာ လေပြင်းကျလာ၏။ ခါ နှစ်မိုးဦးတွင် ကျတတ်သော တောင်လေမဟုတ်သ

www.burmeseclassic.com

www.burmeseclassic.com

မြောက်လေဖြစ်သဖြင့် လူကြီးတွေ ထွက်ကြည့်ကြသည်။ သူငယ်တွေမှာ မိုးရွာတော့မည် အုံထင်နှင့် ပျော်နေကြ၏။ သို့သော် သူတို့ထင်ထားသောမိုးကား ရွာမလာ။ လေနှင့်အတူ လွင့်ပါလာကြသော ယင်ရိုင်းမတွေသာ သူတို့ရွာထဲ နီးသီးမိုးပေါက်ပမာ ကြဲကျလာ၏။ ခဏသေကောင်ကြီး ရှိရာမှ လွင့်ပါလာကြသော ယင်ရိုင်းမကြီးတွေဖြစ်သဖြင့် အနံ့အသက်တွေလည်း ဆိုးဝါးလှသည်။

လေပြင်းမှာ ခဏသာတိုက်ပြီး ငြိမ်ကျသွားသော်လည်း ယင်ရိုင်းမကြီးများကား သူတို့ရွာထဲ၌ ကျန်နေခဲ့၏။

များပြားသော ယင်ရိုင်းမကြီးများသည် ရွာသူရွာသားတွေ စွန့်ပစ်ထားသော အညစ်အကြေး၊ ကျင်ကြီးကျင်ငယ်နှင့်အတူ ထမင်းကျန်ဟင်းကျန်၊ ပိန္နဲသီး၊ သရက်သီးခွံများဖြင့် မည်းမည်းလှုပ်၍ အုံဖွဲ့နေကြ၏။

အချို့ ယင်ရိုင်းမကြီးများဆိုလျှင် အညစ်အကြေးနှင့် ထမင်းကျန်ဟင်းကျန် သစ်သီးခွံများတွင် နားရန်၊ စားရန် နေရာမရသဖြင့် ရေကပြင်အောက်သို့ စိုစွတ်ရာနေရာတွေမှာ ခဲနေကြလေသည်။

ဤတစ်ခါတော့ အိမ်ခြေသုံးဆယ်ကျော်ရှိသော ညောင်ရွာသားတွေမှာ ယင်ရိုင်းမတွေကြောင့် ကြီးစွာအနှောင့်အယှက်ဖြစ်လာကြ၏။

ကိုယ်လုံး လက်သန်းနီးပါးခန့်ရှိ မျက်လုံးနီနီ၊ အတောင်ပံစိမ်းစိမ်းနှင့် ယင်ရိုင်းမအုပ်တွေကို ကောက်ရိုးမီးတုတ်ဆွေနှင့် လိုက်တိုက်၍ ရွာမှ မောင်းထုတ်ကြရ၏။

သို့သော် ယင်ရိုင်းမတွေကား မောင်းထုတ်ချိန်ခဏသာ၊ ကြာခင် ရေကပြင်အောက် ထမင်းကျန်ဟင်းကျန်နှင့် သစ်သီးဝလံ အသိုးအပုပ်များ ပစ်ထားရာသို့ ချက်ချင်း ပြန်ရောက်လာကြပြန်သည်။

အနံ့အသက်ဆိုးရွားသော ယင်ရိုင်းမများကို လူတွေကလည်း အတတ်နိုင်ဆုံး မောင်းထုတ်ကြ၏။ သို့သော် အသိန်းအသန်းမက များပြားလှသော ယင်ရိုင်းမကြီးတွေကို ဟော်တော်နှင့် ရွာထဲက မောင်းထုတ်မရ။ အချိန်မှာ မိုးဦးကျသမယ သရက်သီး၊ ပိန္နဲသီးတွေလည်း မှည့်စရာသီဖြစ်လေရာ ယင်ရိုင်းမကြီးတွေမှာ လူတွေ စွန့်ပစ်ထားသော ပိန္နဲသီးခွံ၊ သရက်သီးခွံတင်မက အပင်ပေါ်ရှိ မှည့်ဝင်းနေသော ပိန္နဲသီး၊ သရက်သီးများကိုပင် ကိုက်ဖောက်စားနေကြလေပြီ။

ကြံရာမရသော လူတွေမှာ ကောက်ရိုးမီးတုတ်တွေနှင့်

ယင်ရိုင်းမများကို နေ့ရောညပါ မီးရှို့ရှင်းလင်းနေကြရ၏။

သည်လိုနှင့် ရွာသူရွာသားတွေ တောင့်တမျှော်လင့်နေကြသော နယုန်မိုးသည် တစ်ကြိမ်၊ နှစ်ကြိမ် စရွာလာသည်။ မိုးရွာလာ၍ ပျော်ရမည့်အစား လူတွေမှာ မိုးစရွာတော့မှ ပို၍စိတ်ညစ်ကြရပြန်သည်။

အကြောင်းမှာ သစ်ပင်ပေါ်ရှိ သစ်သီးဝလံများကို ဖောက်ကိုက်စားသောက်နေကြသော ယင်ရိုင်းမများသည် မိုးရွာလာသောအခါ အမိုးအကာရှိသော လူနေအိမ်ထဲသို့ မိုးခိုရန် အဆုပ်လိုက် အခဲလိုက် ဝင်လာကြပြန်သည်။

ရွာရှိအိမ်တိုင်း နံရံနှင့်တကွ ထုပ်၊ လျောက်၊ ဒိုင်း၊ မြားပေါ်တွင် ပျားစွဲသလို တစ်ကောင်ခဲပေါ် တစ်ကောင်တက်ကာ အိမ်တိုင်း၌ စွဲကြ၏။ လူတွေက မီးတုတ်၊ မီးခိုးတွေနှင့် တို့တိုက်မြှိုက်ချကြသောအခါ အကောင်အုံအလုံးအခဲတွေ ပြိုကွဲပြီး အိမ်အနှံ့အပြား တစ်ကောင်ချင်း ပြန့်ကျဲသွားကြပြန်သည်။

သေနေသော အကောင်တွေကို ကောက်ကျုံးပစ်၍ လွယ်သော်လည်း ခြေကျိုး၊လက်ကျိုး အကောင်ပဲကျိုးသွားကြသော အကောင်တွေမှာ စားအိုးစားခွက်များနှင့် ဖျာအောက်၊ စောင်အောက်၊ ခေါင်းအုံးအောက်များတွင် တွားသွား၍ ဝင်ပုန်းနေကြပြန်သည်။

လူတွေ မီးမြှိုက် မီးလိုက်တိုက်၍ အပြင်ထွက်ပြေးသွားကြသော အကောင်များသည် အဝေးသို့ ပျံမသွားကြ။ အိမ်

www.burmeseclassic.com

အပြင်ဘက်ရှိ အမိုးအောက်၊ အဖီအောက်နှင့် လေကွယ်ရာ မိုးကွယ်ရာ သစ်ပင်ကိုင်းခက်အောက်များတွင် ဝင်ကပ်နေကြပြန်သည်။

ထိုယင်ရိုင်းများသည် လေငြိမ်မိုးငြိမ်သည်နှင့် စားစရာအနံ့အသက် ရရာများသို့ ကျရောက်လာပြန်၏။ စားအိုးစားခွက်ထဲ ဝင်ကြသည့်အပြင် ကလေးအချို့ ဝမ်းသွားထား၍ လူကြီးများ ချက်ချင်း မသန့်စင်ရသေးသော ကလေးများကိုယ်ပေါ်မှ မစင်များကိုပင် လာပြီး စားသောက်ကြ၏။

လက်သန်းနီးပါးခန့်ရှိသော ယင်ရိုင်းမကြီးများ ကိုက်သောဒဏ်ကို မခံနိုင်၍ ကလေးများ အော်ငိုမှ လူကြီးတွေ မီးခွက်ထွန်းထကြည့်ကြရသည်။ ထိုအခါမှ ကလေးငယ်၏ အောက်တစ်ပိုင်းလုံးမှာ ယင်ရိုင်းမတွေ အုံ၍ မည်းမည်းသဲသဲလှုပ်နေကြသည်ကို တွေ့ကြရသည်။

နောက်တစ်ရက်၊ နှစ်ရက် ကြာသောအခါ ကလေးများသာမဟုတ်၊ လူကြီးတွေမှာပါ နောက်ဖေးနောက်ဖီ အသွားမဖြောင့် ဖြစ်လာကြသည်။ နောက်ဖေးထိုင်ရန်ပြင်သည်နှင့် ယင်ရိုင်းမအုပ်တွေက အနားသို့ ရောက်လာကြသည်။ နောက်ဖေးပေါ် ဝိုင်းအုံကြပြီး လူကိုယ်အောက်ပိုင်းပေါ် လာကပ်ကြသည်။ ထိုအခါ နောက်ဖေးနောက်ဖီ သွားကြသူတွေမှာ ကိစ္စဝိစ္ဆမပြီးခင် ထပြေးကြရတော့သည်။ သူတို့တောဓလေ့အရ အိမ်သာဟူ၍လည်း သတ်သတ်မှတ်မှတ် မရှိကြရာ မစင်ပုံများတွင် ယင်ရိုင်းမကြီးများ အုံခဲနေကြလေသည်။

အိမ်မှာဆိုလျှင် ထမင်းတစ်စေ့၊ ဟင်းတစ်ဖတ် ကြမ်းပြင်ပေါ် မကျရ။ ယင်ရိုင်းမတွေက ချက်ချင်း ဘယ်လို ရောက်လာကြသည်မသိ တရုန်းရုန်း တောင်ပံခတ်ကာ အစားအစာရှိရာသို့ အငမ်းမရ ချက်ချင်းရောက်လာကြ၏။

ထိုမှ နောက်တော့ ထမင်းဝိုင်းထဲ အတင်းစုပြုံဝင်လာကြပြန်သည်။ တော်တော်တန်တန် ထမင်းပူ ဟင်းပူများကိုပင် မမှုကြတော့ဘဲ အတင်းဝင်နှိက်၊ အတင်းဝင်နား စားသောက်ကြတော့သည်။

ဤမျှနှင့် မပြီးသေး။ ယင်ရိုင်းမကြီးများသည် နေရာတကာ ဥချကြပြန်၏။ စိုစွတ်သောနေရာများ၌သာမဟုတ် အိမ်အမိုးအတွင်းရှိ ခနဲပျစ်ကြား၊ သက်ငယ်ပျစ်ကြားနှင့် ထုပ်၊ လျောက်၊ ဒိုင်း၊ မြားတို့တွင် တွယ်ကပ်ကာ ဥချကြသည်။

ထို့နောက် မကြာခင် ပိုးလောက်ကောင်များ ပေါက်လာပြီး ခေါင်မိုးပေါ်က တဖြုတ်ဖြုတ်ကျလာကြ၏။ အိမ်ခေါင်မိုးပေါ်က ကျလာကြသော ပိုးလောက်ကောင်များသည် တစ်အိမ်လုံး ချောင်ကြိုချောင်ကြားမကျန် လျှောက်သွားပြေးနေကြပြန်သဖြင့် အိမ်ရှိလူတွေမှာ တံမြက်စည်းကိုယ်စီကိုင်ကာ တရကြမ်း လှည်းကျင်းသပ်ချနေကြရပြန်သည်။

နောက်ဆုံးတော့ တစ်ရွာလုံးရှိ လူတွေမှာ ယင်ရိုင်းများ အဆုပ်လိုက်အခဲလိုက် နားနေရာနှင့် ပိုးလောက်ကောင်များ ဥချထားရာကို ရေနွေးပွက်ပွက်ဆူနှင့်ပက်၍ သတ်ကြရတော့သည်။

လက်သန်းနီးပါးခန့်ရှိသော ယင်ရိုင်းမအမကြီးများနှင့် မီးခြစ်ဆံသာသာရှိသော ပိုးလောက်ကောင်များမှာ အိမ်တစ်ကြိမ်တရေစီးတွေထဲ၌ သဲသဲဖွေးဖွေး မည်းမည်းလှုပ်နေကြ၏။

သေသွားသော အကောင်များ ရေစီးနှင့် မျောပါနေကြသလို မသေသေးသော အကောင်များနှင့် မသေမရှင်ဖြစ်နေသော အကောင်များမှာ လှေကားအိမ်တိုင်အခြေတွေမှတဆင့် အိမ်ပေါ် ပြန်တက်လာကြပြန်၏။

အိမ်ဝင်းထဲရှိ သစ်ပင်၊ ပန်းပင်များနှင့် စပါး၊ စပါးကျီများတွင် မြို့ရွာတည်ထောင်နေကြသော ယင်ရိုင်းမကြီးများကလည်း အစားအသောက်အနံ့အသက်ရရာ အိမ်ထဲကိုသာ နေ့ညမရွေး ပြေးဝင်နေကြပြန်၏။

ယင်ရိုင်းမကြီးများနှင့် ပိုးလောက်ကောင်များကို ရှင်းလင်းသုတ်သင်ကြရင်း ညောင်ပင်ရွာတစ်ရွာလုံးမှာ နေရာညရယ် မရှိတော့ဘဲ ကလေးငိုသံ၊ လူကြီးတွေ ငေါက်ငမ်းဆဲဆိုသံတွေနှင့် ကျက်ကျက်ညံနေလေသည်။

♦ ♦ ♦

ယင်ရိုင်းမကြီးများ ရွာထဲ ရောက်လာကြကတည်းက ညည်းဆိုလျှင် ကလေးငိုသံ၊ လူကြီးများ ယင်ရိုင်းမမောထုတ်သံ၊ ပြောကြဆိုကြသံတွေနှင့် ညောင်ရွာတစ်ရွာလုံး ညံစီနေခဲ့ကြရာ တစ်ညတွင် ရွာသူမိန်းမကြီးတစ်ယောက် ရင်ဘတ်စည်တီး ငိုလိုက်သံကြောင့် တစ်ရွာလုံးမှာ ရုတ်ခြည်း လန့်နိုးလိုက်သလို ဖြစ်သွား၏။

ထိုရွာသူ မိန်းမကြီး၏ အော်ငိုလိုက်သံကြောင့် တစ်ရွာလုံး တုန်လှုပ်ချောက်ချားသွားကြသည်။ ရွာလူကြီးတွေ ထိုအိမ်သို့ အပြေးအလွှားသွားကာ အကြောင်းခြင်းရင်း မေးကြသည်။

www.burmeseclassic.com

မိမိတို့အိမ်တွင် တစ်နေ့ကပင် ဝမ်းလျှောနေသော သူ့ခင်ပွန်းသည် ဤညဥ့်ပင် ယခု ဆုံးပါးသွားပြီဟု ဆို၏။ နောက် သူ့သားငယ်တစ်ယောက်လည်း ဝမ်းလျှောနေသေးသည်ဟု ငိုယိုကာ ပြောပြသည်။

ဤသည်ကစ၍ တစ်ရွာလုံးရှိအိမ်များတွင် ဝမ်းလျှောသူတွေ ဟိုလူ့အိမ်တစ်ယောက်၊ ဒီလူ့အိမ်နှစ်ယောက်နှင့် အလှိုလှိုပေါ်လာကြ၏။ သူတို့တစ်ရွာလုံးတွင် ဝမ်းလျှောအောအန်နေကြသော ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များကား မနည်း။

အစကတော့ လူမသိ သူမသိ ကြိတ်၍ကုနေကြ၏။ မိမိအိမ်တွင် ဝမ်းလျှောအော့အန်နေသူ ရှိနေသည်ကိုလည်း စာခြားအိမ်များက သိမှာစိုး၍ ဖုံးဖိထားခဲ့ကြ၏။ ယခုတော့ အသိမခံချင်၍မရတော့။ အော့နာဝမ်းကျဟုခေါ်သော ရိုနာဇာပ်ရောဂါကြီးသည် သူတို့ရွာ၌ ကျရောက်လာလေသည်။

ဆုံးပါးသွားသော ရွာသားကြီးအား သပေါ်ဖျာနှင့် ရစ်ပတ်ကာ အရပ်ထုံးစံအတိုင်း ညတွင်းချင်း သင်္ချိုင်းကုန်းသို့ သွားမြှုပ်ကြရသည်။ အလောင်းသွားမြှုပ်ကြသူများပင် ရွာပြန်မရောက်ကြသေး နောက်တစ်အိမ်က ငိုသံကြားရပြန်၏။

မိမိအိမ်တွင် အော့နာဝမ်းကျဖြစ်နေသူ တစ်ဦးတစ်ယောက်မှမရှိသော အိမ်များရှိလူများပင် ကြီးစွာတုန်လှုပ်ချောက်ချားကုန်ကြသည်။ အိမ်၌ တစ်ဦးတစ်ယောက် ဝမ်းလျှောလိုက် အော့အန်လိုက်ဖြစ်နေသော အိမ်များမှာမူ ထိုသတင်းဆိုးကို ကြားသည်နှင့်တစ်ပြိုင်နက် ဝမ်းလျှောအော့အန်နေသော မိဘ၊ လင်သား၊ ညီအစ်ကိုမောင်နှမ ကလေးသူငယ်များကို ဒီအတိုင်းပစ်ထားခဲ့ကာ နီးစပ်ရာဆွေမျိုးများ၊ ရောဂါမကျရောက်သေးသော အိမ်များသို့ ထွက်ပြေးကုန်ကြ၏။ သို့သော် ထိုသူများကို လုံးဝလက်သင့်မခံရဲကြ။ မကောင်းဆိုးဝါးဖြစ်သော ရိုနာကောင်များသည် သူတို့နှင့်အတူ ကပ်ပါလာကြလိမ့်မည်ဟူသော အယူသီး အစွဲအလမ်းကြီးနှင့် ပြန်မောင်းထုတ်ကြ၏။

သို့နှင့် ကပ်ခိုစရာ မရှိသူများမှာ သူတို့အား လက်ခံကြလိမ့်မည်ထင်ရသော နောက်ဆွေမျိုးအိမ်တစ်အိမ်သို့ ပြေးကြပြန်၏။ သို့သော် ကမ္ဘာမီးလောင် သားကောင်ချနင်းဆိုသလို သူတို့ကိုလည်း မည်သည့်ဆွေမျိုးဉာတိ မိတ်သင်္ဂီဟအိမ်ကမှ အကပ်မခံရဲကြ။ ပထမအိမ်ကကဲ့သို့ပင် မောင်းလွှတ်ကြသည်။

သို့နှင့် ထိုသူများကလည်း တစ်အိမ်တက်ဆင်း လက်ခံကြမည့် မိတ်ကောင်းဆွေကောင်း အမျိုးကောင်းများကို ပြေး၍ ရှာဖွေကြလျက်ပင်။

နောက်တော့ အမိ၊ အဖ ရောဂါဖြစ်လာလျှင် သားသမီး၊ ညီအစ်ကိုမောင်နှမများက စွန့်ထားပြီး ပြေးကြသလို သားသမီးတစ်ယောက်ယောက် ဖြစ်နေလျှင်လည်း မိဘညီအစ်ကိုမောင်နှမများက စွန့်ပြေးကြရာ တစ်ရွာလုံးမှာ ပိုပြီးအုတ်အော်သောင်းတင်း ဖြစ်ကုန်ကြသည်။

ပြုစုစောင့်ရှောက်မည့်သူ၊ အားပေးကူညီမည့်သူကင်း သွားသော ရောဂါသည်များမှာလည်း အကြောက်လွန်ကာ မသေသင့်ဘဲ မြန်မြန်ဆန်ဆန်ကြီး သေကုန်ကြ၏။ ထိုအခါ စောစောကသေသွားသော အလောင်းကို သွားပို့ကြသူ လူကြီးများပင် ရွာထဲ ပြန်မရောက်ကြသေး နောက်တစ်အိမ်တွင် နောက်တစ်ယောက် မသာပေါ်ပြန်ပြီ။

သက်ရှိလူသားများ ပစ်ထားခြင်းခံနေရသော အသုဘကောင်များမှာလည်း ချမည့်သူ မရှိသဖြင့် အိမ်ပေါ်တွင် ဒီအတိုင်း ပုပ်ပွရောင်ကိုင်းနေ၏။ ထိုအခါ သေသူ၏အလောင်းပေါ်တွင် ယင်ရိုင်းမကြီးများကား အောင်သေအောင် သားစားကြသည့်အလား အဆီးအတား အနှောင့်အယှက်မရှိဘဲ ကျရောက်စားသောက်ကြကုန်လေ၏။

ဒီလိုနှင့် တစ်ရက်၊ နှစ်ရက် ကြာလာသောအခါ ယင်ရိုင်းမကြီးများသာမက ရွာစွန်ရွာဖျား၌ ရှိနေကြသော တောခွေးများ၊ ခွေးအကြီးများပင် လူသေအပုပ်နံ့ခံကာ ရွာထဲဝင်လာကြသည်။ လူသေအလောင်းများကိုတွေ့လျှင် ဝင်ဆွဲစားသောက်တတ်ကြသလို ပြုစုစားသောက်မည့်သူ မရှိသဖြင့် မသေမရှင်ဖြစ်နေသော ကာလဝမ်းရောဂါသည်များကိုလည်း ညည်းညူအော်ဟစ်နေသည့်ကြားထဲက ကိုက်ဖဲ့စားသောက်ကြပြန်၏။

ရွာထဲရှိအိမ်များမှ အော့နာဝမ်းကျ ဖြစ်နေကြသူများ အသေအပျောက် များလာကြသောအခါ အံသုဘချမည့်သူ၊ အလောင်းကောင်ကို သင်္ချိုင်းထဲမ်းချမည့်သူ မရှိဖြစ်သွားသည်။

ဒီလိုနှင့် ကပ်ရောဂါကြီးတစ်ခုသည် ညောင်ရွာရှိ လူများအပေါ် အဆီးအတား အကာအကွယ်မရှိ ကျရောက်လျက်ရှိတော့၏။

(ဆက်ရန်)

ပိုးဇော်

www.burmeseclassic.com

ချစ်မင်းသူ
လူမစွမ်း နတ်,မ

ကျွန်ုပ်တို့ ဇနီးမောင်နှံမှာ ဝါသနာတူဖြစ်ကြ၏။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စသည့် အနုပညာအားလုံးတွင် ဝါသနာထုံကြ၏။ အထူးသဖြင့် ကျွန်ုပ်၏ ဇနီးသည်က အငြိမ့်သဘင်ကို ပို၍ဝါသနာကြီး၏။ ဤသို့ဝါသနာကြီးရာ၌ သူမ ပေါင်းသင်းသည့် မိတ်ဆွေအပေါင်းအသင်းများမှာ သဘင်ပညာရှင်များ ပါဝင်နေခြင်းက သူမ အငြိမ့်သဘင် ဝါသနာပါရခြင်း အကြောင်းရင်းဖြစ်မည်ဟု ဆိုရပေမည်။ ပြဇာတ်မင်းသား (၂၀)ရာစု မောင်စိမ်းအောင်၊ ဒေါင်းမလေးအိုးဝေ စသူတို့မှာ သူမ၏ မိတ်ဆွေအပေါင်းအသင်းများ ဖြစ်ကြ၏။

သူမသည် ဒေါင်းမလေးအိုးဝေနှင့် သူငယ်ချင်းဖြစ်ရာ ဒေါင်းမလေးအိုးဝေ လိုက်ပါကပြသည့် အငြိမ့် (သို့မဟုတ်) ဇာတ်နောက်သို့ မကြာခဏ လိုက်ပါသွားလေ့ရှိ၏။ တစ်ခါ တစ်ရံတွင်လည်း (၂၀)ရာစု မောင်စိမ်းအောင်၏ဇနီး မည်နှင့်လိုက်၍ ကိုစိမ်းအောင် ကသည့် ဇာတ်အဖွဲ့နောက်သို့ လိုက်ပါကြည့်ရှုခြင်းများလည်း ရှိ၏။ ဤသို့ဖြင့် ကျွန်ုပ်၏ ဇနီး ဒေါ်ဆွေမှာ အငြိမ့်ပွဲ၊ ဇာတ်ပွဲများကို ကျွန်ုပ်ထက်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့မင်နှစ်သက်သူဖြစ်လေ၏။ သူမနှင့် ကျွန်ုပ် အိမ်ထောင်ကျပြီး နောက်ပိုင်း စီးပွားရေးအဆင်ပြေလာချိန်တွင် သူမက ဓာတ်တစ်ဖွဲ့ထူထောင်လိုကြောင်း တိုက်တွန်းရာမှ ပန်းကမ္ဘာဓာတ်အဖွဲ့ကို ထူထောင်မိခဲ့ခြင်း ဖြစ်၏။

ကျွန်ုပ်တို့တည်ထောင်သော ပန်းကမ္ဘာဓာတ်အဖွဲ့သည် ရန်ကုန်မှနေ၍ သီတင်းကျွတ်လဆန်း (၁၃)ရက်နေ့တွင် ရောဝတီတိုင်းဘက်သို့ စတင်ထွက်လေ့ရှိ၏။ ငှားပွဲမရှိပါက လည်း ဓာတ်ရုံရှိရာ မြို့သို့ဝင်ကာ အုန်းရိုး(ဓာတ်ဆရာသွင်းပွဲ) က၏။ ထိုမှ ငှားပွဲလိုက်လာလျှင် ငှားပွဲ လိုက်က၏။ ငှားပွဲ(ကန်ထရိုက်ပွဲ) မရှိလျှင် အုန်းရိုး က၏။

ဤသို့ဖြင့် ပွင့်လင်းရာသီကာလ သီတင်းကျွတ်လဆန်း (၁၃)ရက်မှ ကဆုန်လပြည့်ထိ တစ်လျှောက်ကပြပြီး ကဆုန်လပြည့်ကျော်မှ ရန်ကုန်ပြန်ကာ ဓာတ်နားလေ့ရှိ၏။ ပန်းကမ္ဘာဓာတ်အဖွဲ့တွင် ခေါင်းဆောင်မင်းသမီးမှ အစပြု၍ ကားဆွဲ၊ ယိမ်းသမအထိ လူ(၅၀)နီးပါး ပါဝင်ကြ၏။

ပန်းကမ္ဘာဓာတ်အဖွဲ့ကို သုံး၊လေးနှစ်ကာလမျှ တည်ထောင်ခဲ့သောကာလတွင် ပျော်ရွှင်ကြည်နူးစရာ၊ စိတ်ညစ်စရာ စသည့် သုခ၊ ဒုက္ခမျိုးစုံကို တွေ့ကြုံခဲ့ကြရ၏။ ဘဝအတွေ့အကြုံအရ သင်ခန်းစာယူစရာများကိုလည်း ရင်ဆိုင်ကျော်လွှားခဲ့ရ၏။ ဗဟုသုတများလည်း ရရှိခဲ့၏။ လူသားအားလုံးသည် မွေးဖွားပြီးသည်မှ သေဆုံးခြင်းခရီးထိတိုင်အောင် ရုန်းကန်လှုပ်ရှားမှုများနှင့်သာ အချိန်ကုန်ကြရသည်ဟု တွေးမိ၏။ ထိုကုန်လွန်ရသည့် အချိန်များသည်ပင် လူတစ်ဦးချင်းစီ၏ ဘဝများဟု ထင်မိပါ၏။ ထိုဘဝများသည် လက်တွေ့အရ အနိမ့်အမြင့် မညီမျှခြင်းကို တွေ့မြင်ရပြီး လမ်းကောင်းလမ်းကြမ်းများကိုလည်း ဆုံစည်းဖြတ်သန်းသွားရသူချည်းဖြစ်ရာ လောကဓံတရားကို ခံနိုင်ရည်ရှိအောင် ကြိုးစားမှ လူဖြစ်ရကျိုးနပ်မည်ဟု ကျွန်ုပ်တွေးမိပါ၏။

သို့ဖြစ်ရာ ပန်းကမ္ဘာဓာတ်အဖွဲ့ကို တည်ထောင်ကာလ ဓာတ်ဆရာလက်သစ်ဘဝက ကျွန်ုပ်တို့ဇနီးမောင်နှံ ကြုံတွေ့ခဲ့ရသည့် အကြောင်းတချို့ကို ဗဟုသုတအဖြစ် တင်ပြချင်မိလာ၏။ ကျွန်ုပ်တို့အတွက် ထိုစဉ်က အတွေ့အကြုံအသစ်ဖြစ်လေရာ စာရွှေသူများအတွက်လည်း ဗဟုသုတတစ်ခု ဖြစ်နိုင်မည်ဟု ထင်မိပါ၏။

ကျွန်ုပ်တို့ တည်ထောင်သော ပန်းကမ္ဘာဓာတ်အဖွဲ့ကြီးသည် ကျွန်ုပ်တို့နေထိုင်ရာ ရန်ကုန်နေအိမ်မှစ၍ သီတင်းကျွတ်လဆန်း (၁၃)ရက်နေ့ ညတွင် မော်တော်စင်းလုံးငှားကာ စတင်ထွက်ခွာလာခဲ့ကြ၏။ ကျွန်ုပ်တို့ နောက်တစ်နေ့ နံနက်ပိုင်းတွင် ရောက်၏။

ကျွန်ုပ်တို့ မော်တော်ဆိုက်ကပ်သည့်နေရာမှာ အခြားလိုင်း မော်တော်များဆိုက်ကပ်ရာ မော်တော်ဆိပ်မဟုတ်ပေ။ ကျွန်ုပ်တို့ကို လာကြိုနေသော ရှေ့ပြေးမန်နေဂျာနှင့်တကွ ငှားထားပြီးသားကားရှိရာ ကမ်းနားဆိပ်ကမ်းတစ်ခုဖြစ်၏။ ကျွန်ုပ်တို့ ဓာတ်အဖွဲ့၏ ရှေ့ပြေးမန်နေဂျာမှာ ဧရာဝတီတိုင်းသား အသုတ်မြို့နေ ဦးတင်ဦးဆိုသူ ဖြစ်၏။ ကျွန်ုပ်တို့၏ ဓာတ်မော်တော် ဆိုက်ကပ်သည်နှင့် ကမ်းနားဆိပ်မှ ဦးတင်ဦးက ဆီးကြိုကာ ဓာတ်သမားများနှင့် ဓာတ်ပစ္စည်းများကို ရပ်ထားသည့် လော်လီကားကြီးပေါ်သို့ တင်စေတက်စေ၏။ ထိုအခါ လူရွှင်တော်ကြီးတစ်ဦးနှင့် ဂီတမှူးလင်မယားတို့က တော့ ဦးခေါင်းခန်းတွင် အသင့်နေရာဝင်ယူကာ ထိုင်လိုက်ကြ၏။

ကျွန်ုဓာတ်သူဓာတ်သားတို့မှာကား နောက်ဘက်တွင် ဓာတ်ပစ္စည်းများကို ဦးစွာအစီအရီတင်ပြီးနောက်မှ ထိုပစ္စည်းများပေါ်တွင် နေရာယူကာ ထိုင်ကြ၏။ ကျွန်ုပ်တို့ဇနီးမောင်နှံမှာကား ဓာတ်အဖွဲ့တည်ထောင်သည့် ဓာတ်သူများ ဖြစ်ကြသော်လည်း ဓာတ်အဖွဲ့အတွက် စီမံပေးနေရလေရာ နောက်ဆုံးမှ ကားပေါ်သို့ တက်ကြရ၏။ ထိုအခါ ရှေ့ဦးခန်းတွင် နေရာမရှိတော့သည်ဖြစ်ရာ ကျွန်ုပ်မှာ အလွန်အမင်းဒေါသထွက်သွားရ၏။ ထို့ကြောင့် ရှေ့ခန်းတွင် နေရာဝင်ယူစေးသည့် လူရွှင်တော်ကြီးနှင့် ဂီတမှူးဆရာတို့ နှစ်ဦးအား ကားခေါင်းမှ ဆင်းစေလိုက်၏။ ထိုသို့ ကျွန်ုပ်က ကားခေါင်းခန်းမှ ဆင်းခိုင်းလိုက်သဖြင့် လူရွှင်တော်ကြီးနှင့် ဂီတမှူးတို့နှစ်ဦးမှာ ကျွန်ုပ်အား စိတ်ဆိုးသွားကြ၏။

'ကျွန်ုပ်တို့က အသက်အရွယ်ကြီးစွာဖြင့် ခေါင်းခန်းက မလိုက်ရရင်တော့ နောက်ဘက်က မလိုက်နိုင်ဘူး။ ဒီလောက် နေပူကျဲတောက်ကြီးထဲမှာ အပူခံပြီး မလိုက်နိုင်ဘူး။ ကျုပ်တို့ အစီအစဉ်နဲ့ ကျုပ်တို့ လာခဲ့မယ်'

'ကျွန်တော်တို့ကလည်း ငွေကုန်ကြေးကျခံဖြီး ဓာတ်ထောင်ထားတာ။ နောက်ဘက်က လိုက်စရာအကြောင်း မရှိဘူး'

ကျွန်ုပ်စကားကြောင့် လူရွှင်တော်ကြီးနှင့် ဂီတမှူးနှစ်ဦးတို့မှာ ကျွန်ုပ်တို့ဓာတ်ကရမည့် သီတာကုန်းမြေအရပ်သို့ လိုင်းကားဖြင့်လိုက်ရန် ကျွန်ုပ်တို့အနီးမှ စိတ်ဆိုးမောင်းဆိုးဖြင့် ထွက်ခွာသွားကြ၏။ ထိုအချိန်တွင် ကားနောက်ဘက်

www.burmeseclassic.com

ပိုင်း၌လည်း ပြဿနာတချို့ ဖြစ်နေသဲကို ကြားရပြန်၏။

"ဟေ့...မောက်၊ ဇာတ်အဖွဲ့အမည်ပါ နဖူးစည်း(ဆိုင်းဘုတ်)နောက်က ထိုင်ရမယ့်သူက ခေါင်းဆောင်မင်းသား၊ မင်းသမီးတွေဆိုတာ မသိဘူးလား။ ကိုယ့်နေရာ ကိုယ်သိကြလေ"

လက်ထောက်ပြဇာတ်မင်းသားလေး ရဲလင်းအောင်က အသံကျယ်ကျယ် ဟစ်ရင်းမှ ကားပေါ် တက်လာသည်ဖြစ်ရာ သူနေရာ၌ ထိုင်နေကြသည့် ယိမ်းသမတချို့မှာ ကမန်းကတန်းထ၍ နေရာပြောင်းပေးလိုက်ကြ၏။

"မင်းကလည်းကွာ၊ မင်းက ယောကျ်ားလေးပဲကွာ။ သူတို့က မိန်းကလေးတွေဆိုတော့ နောက်ဘက်စီးရတာ ကြောက်မှာပေါ့။ အဖွဲ့သားအချင်းချင်းပဲကွာ၊ သူသာ ကိုယ်သာ တွက်မနေပါနဲ့"

ဆိုင်းဆရာကြီး စိန်ဘာဘူက မင်းသားလေး ရဲလင်းအောင်ကို ပြောလိုက်သဖြင့် ရဲလင်းအောင်က မကျေမနပ်ဖြင့် မျက်စောင်းထိုးကြည့်ကာ ဘာမျှမပြောဘဲ သူနေရာ၌ ဝင်ထိုင်လိုက်သည်။ ဇာတ်အဖွဲ့၌ ခေါင်းဆောင်မင်းသား၊ မင်းသမီးအပါအဝင် လူရွင်တော်၊ ဆိုင်းအဖွဲ့၊ တီးဝိုင်းအဖွဲ့၊ ယိမ်းအဖွဲ့အပြင် ကားခွင်၊ မီးခွင် တာဝန်ယူရသူများလည်း ပါရှိရာ တိုလူအားလုံးကို ဇာတ်ရုံ၌လည်းကောင်း၊ ခရီးသွားရသည့်ကား၊ မော်တော်များ၌လည်းကောင်း သူနေရာနှင့်သူ အသီးသီး သတ်မှတ်ပေးထား၏။

ကားစီးလျှင် မောက်နှင့်ကပ်၍ ခေါင်းဆောင်မင်းသား၊ မင်းသမီးတို့က နေရာယူရသည်။ ပြီးလျှင် သက်ကြီးဝါကြီး လူရွင်တော်၊ ဆိုင်းအဖွဲ့တို့က နေရာယူသည်။ ပြီးနောက် တီးဝိုင်းအဖွဲ့၊ ယိမ်းအဖွဲ့နှင့် ကားခွင်၊ မီးခွင်သမားတို့က နေရာယူရသည်။ ဇာတ်ရုံ၌ဆိုလျှင် ဆိုင်းအဖွဲ့၊ ဇာတ်ဆရာနှင့် အိမ်ထောင်သည်အပါအဝင် ယိမ်းအဖွဲ့က နေရာယူရသည်။ ခေါင်းဆောင်မင်းသမီးကလည်း ဘယ်ညာဆက်သော အလယ်နေရာမှာ ယူသည်။ ခေါင်းဆောင်မင်းသားက ညာဘက်ထောင့်တွင် နေရာယူ၍ ကပ်လျက်ဘေးအစီအရီတွင် လူရွင်တော်၊ တီးဝိုင်းအဖွဲ့နှင့် ကားခွင်၊ မီးခွင်သမားတို့ နေရာယူကြသည်။

ဇာတ်ရုံတစ်ရုံရောက်၍ ဇာတ်ပစ္စည်းများ သယ်ပိုးချသည်နှင့် ထိုအစီအစဉ်အတိုင်း နေရာယူကြသည်က များသည်။ တစ်ခါတစ်ရံ ဇာတ်ရုံနောက်ဘက် ကျဉ်းမြောင်းပါက မင်းသား၊ မင်းသမီးတို့က ဇာတ်စင်ပေါ်ရှိ ဘယ်ညာထောင့်အသီးသီးတွင် နေရာယူကြသည်။ မင်းသားက ညာထောင့်တွင်နေရ၍ မင်းသမီးက ဘယ်ထောင့်တွင်နေရာယူရသည်။ မင်းသား၊ မင်းသမီးတို့နေသောနေရာကို ဇာတ်စင်ရှေ့မှ ပရိသတ်မမြင်အောင် ကားချပ်တစ်ခုဖြင့် ကာရံထားသည်။ ထိုကားချပ်ကား အသေကားချပ်ဖြစ်သည်။ ထို့ပြင် ရှေ့၌ရှိသော တောကားတောင်ကားများအပြင် တိုင်ဖုံးများလည်းရှိလေရာ နောက်ပိုင်းလူပ်ရှားမှုတို့ကို မြင်ရရန် ခဲယဉ်း၏။ ဇာတ်စင်ပေါ် တက်ကြည့်မှသာ အလုံးစုံမြင်တွေ့နိုင်ပေ၏။

ကျူးမျော်ဆိပ်ကမ်းမှ မွန်းလွဲနှစ်ချက်တီးမှ ကားထွက်လာခဲ့ရာ သီတာကုန်းမြေသို့ ညနေ(၅)နာရီကျော်မှ ရောက်၏။ သီတာကုန်းမြေသို့ အဝင်လမ်းမှာ မြေနီလမ်းဖြစ်သော်လည်း ရွာလမ်းဖြစ်၍ မညီမညာရှိ၏။ ထို့ပြင် လမ်းမပေါ်၌ ဟိုတစ်ကွက် သည်တစ်ကွက်ဖြင့် ရေအိုင်အချို့ကို တွေ့ရ၏။ မကြာခင်ကမှ မိုးရွာထားဟန်ရှိ၏။ ရွာထဲသို့ ဇာတ်ကားရောက်လာသောကြောင့် ရွာသူရွာသားများနှင့် ကလေးငယ်တချို့မှာ ပြေးလွှားအော်ဟစ်ကာ ဟော်ရွှင်မြူးထူးရင်း ဇာတ်ကားဘေး တစ်ဖက်တစ်ချက်မှ ပြေးလိုက်လာကြ၏။ ရွာလယ်သို့ ဇာတ်ကားရောက်ရှိချိန်တွင် ရုတ်တရက် ဇာတ်ကား ထိုးရပ်သွား၏။

ဇာတ်ကား ရပ်သွားသောကြောင့် ကားနောက်ဘက်ရှိ ဇာတ်သူဇာတ်သားတို့ထံမှ အသံဗလံတချို့ ထွက်လာသံကြားရ၏။ ကျွန်ုပ်တို့ လင်မယားလည်း ရုတ်တရက် အံ့အားသင့်သွားရ၏။ ထို့ကြောင့် ကားဆရာကို မေးရ၏။

"ကားဆရာ...ကားက ဘာဖြစ်လို့ ရပ်သွားရတာလဲ ဆက်သွားလို့ မရတော့ဘူးလား"

ကားဆရာက 'ကျွန်ုပ်၏အမေးကို ချက်ချင်းပြန်မဖြေသေးဘဲ ကားကို စက်နှိုးကာ ဂီယာထိုး၍ မောင်းနှင်ရင်း ကြိုးစားနေ၏။ ကားမှာ ရှေ့သို့ ရုန်းမထွက်။ ကားအင်ဂျင်သံကသာလျှင် အသံကျယ်ကျယ် ထွက်လာ၏။ ထိုသံသုံး,လေးခါ မောင်းနှင်ပြီး မရတော့မှ ကားဆရာ သည်ပြင်းချကာ ကားစက်ကို သတ်လိုက်၏။ ပြီးမှ-

"ကားက ဘယ်လိုမှ ရုန်းလို့မရတော့ဘူး။ အောက်ဆိုင်ကို အတော်ကြီးမယ့်ပုံပဲ။ ချိုင့်ကို တစ်ခုခုနဲ့ ခုပြီး မောင်းဖို့ရမယ်။ လောလောဆယ်တော့ ဇာတ်ဆရာရဲ့ ကားတွေကို ကားပေါ်က ဆင်းခိုင်းလိုက်တာ အကောင်းဆုံးပဲ" ဟူ၍ ကျွန်ုပ်ကိုပြောရာ ကျွန်ုပ်မှာ ယခုမှ သဘောပေါက်

www.burmeseclassic.com

လေ၏။

ထို့ကြောင့် ကျွန်ုပ် ကားပေါ်မှ ဆင်းပြီးနောက် ကားနောက်ပိုင်းရှိ ဓာတ်အဖွဲ့သားများကို အော်သို့ ဆင်းခိုင်းလိုက်၏။ ပြီးလျှင်-

"ကဲ..ကဲ..ကားက ချိုင့်ထဲကျနေတာမို့ အတော်ကြီးစားရဦးမယ်။ ဓာတ်ရုံက ရှေ့နားမှာလို့ ပြောတယ်။ ကိုယ့်အထုပ်ကိုယ် နိုင်သလောက်ဆွဲပြီး ဓာတ်ရုံကို သွားနှင့်ကြ။ မဲလုံးနဲ့ မြကြီးတို့အဖွဲ့က ဒီမှာ ကားဆရာနဲ့ ဝိုင်းကူလုပ်ပေးကြ။ ကြားလား"

ကျွန်ုပ်က ဓာတ်သမားများကိုပြောဆိုပြီးနောက် ကျွန်ုပ်၏ ဇနီးသည်ကိုလည်း ဓာတ်ရုံသို့ ဓာတ်အဖွဲ့သားတို့နှင့်အတူ လိုက်သွားပြီး ဦးစွာ နေရာထိုင်ခင်းစီစဉ်ရန် ညွှန်ကြားလိုက်၏။ ထိုအခါ ဇနီးသည်နှင့် ဓာတ်သူဇာတ်သားတို့မှာ ဓာတ်ရုံရှိရာသို့ ထွက်သွားကြ၏။ ကျွန်ုပ်နှင့် ကားခွင်မှ မဲလုံးတို့အဖွဲ့တစ်သိုက်သည်သာ ဓာတ်ကားရှိရာနေရာမှာ ကျန်ရစ်ခဲ့၏။

"ကဲ..မဲလုံးတို့ရေ၊ ချိုင့်ထဲကို ဘေးက မြေကြီးတချို့ သယ်ထည့်ကွာ။ ဝိုင်းလုပ်ကြဟေ့။ တော်ကြာဆို နေဝင်ဆာ့မှာမို့ မှောင်လာတော့တယ်။ မမှောင်ခင် ပြီးအောင်လုပ်ကြရအောင်"

ကျွန်ုပ်ကိုယ်တိုင်ပင် ဘေးမှ ခဲလုံးတချို့ကို တစ်နှိုင်သယ်ကာ မဲလုံးတို့လူစုကိုလည်း ဆော်သြပေးရ၏။ မကြာမီ ချိုင့်ထဲ၌ ခဲလုံးတချို့ ရောက်သွားပြီဖြစ်၍ ကားဆရာစက်နှိုးကာ မောင်းကြည့်ခိုင်းလိုက်၏။ ကားအင်ဂျင်သံ မြည်ဟည်းလာသော်လည်း ကားက မည်သို့မျှချိုင့်ထဲက ရုန်းမထွက်နိုင်။ ကားဆရာက စိတ်ပျက်အားလျော့စွာဖြင့် ကားစက်ကိုသတ်ကာ ကားပေါ်မှ ဆင်းလာ၏။

"ကားဘီးက အထဲကို အတော်ကျွံဝင်နေတာပဲ။ မြေကလည်း မြေစေးဖြစ်တော့ ဘီးက ချော်ထွက်နေတယ်။ ပြီးတော့ ကားပေါ်မှာ ပစ္စည်းဝိတ်ကလည်းရှိနေတော့ ကားက မရုန်းနိုင်ဘူး ဖြစ်နေတယ်"

ကားဆရာက ကားပေါ်မှ ဓာတ်ပစ္စည်းများကို မေးငေါ့ပြရင်း ညည်းညူ၏။ ကားဆရာ၏ စကားကြောင့် ကျွန်ုပ်မှာ ချက်ချင်းသဘောပေါက်သွား၏။ ထို့ကြောင့်-

"မဲလုံးရေ..ကားပေါ်က တို့ဓာတ်ပစ္စည်းတွေ အောက်ကို တချို့ချကြရအောင်။ ပြီးရင် ဓာတ်ခုံကိုသယ်ဖို့ ရှာထဲက လူတချို့ ခေါ်ချေကွာ။ ငါ လက်ဖက်ရည်ဖိုးပေးပါ့မယ်။ မင်း သွားပြီး ခေါ်လာခဲ့"

ကျွန်ုပ်စကားကြောင့် မဲလုံး ချက်ချင်းထွက်သွား၏။ မကြာမီ ရွာသားလေး ငါးယောက်ကို ကျွန်ုပ်ထံသို့ ခေါ်လာပြီးနောက် ဓာတ်ကားပေါ်မှ ဓာတ်ပစ္စည်းတချို့ကို သယ်ချနေကြလေ၏။ သယ်ချပြီး ဓာတ်ပစ္စည်းများကို ဝါးလုံးဆိုင်းထမ်းများနှင့် နှစ်ယောက်စီ၏ ရှေ့နောက်ထမ်းကာ ဓာတ်ရုံဆီသို့ သယ်နေကြ၏။ မကြာမီ ဓာတ်ပစ္စည်းတချို့ ကားပေါ်မှချပြီး၍ ကားကို မောင်းကြည့်ရာ ကားမှာ ချိုင့်ထဲက ထွက်လို့ရ၏။ အပြင်ဘက်တွင်လည်း ချက်ချင်းပင် အမှောင်ထု လွှမ်းမိုးလာကာ ဝါးတစ်ရိုက်ရှိ အရာဝတ္ထုများကိုပင် သဲသဲကွဲကွဲ မမြင်ရတော့ချေ။

ထို့ကြောင့် ကားကို ဓာတ်ရုံရှိရာသို့ မောင်းလာပြီးနောက် ကားပေါ်ကျန်နေသည့် ဓာတ်ပစ္စည်းတချို့ကို မဲလုံးတို့အုပ်စုအား အမြန်သယ်ချရန် စေခိုင်းပြီးနောက် ကျွန်ုပ်မှာ ဓာတ်ရုံထဲသို့ဝင်ကာ အနားယူရန် ပြင်ရလေ၏။ ဓာတ်ရုံထဲတွင် ဓာတ်သူဇာတ်သားတချို့ ထွန်းညှိထားသော ဖယောင်းတိုင်မီးအချို့ကို မြင်ရသော်လည်း ဓာတ်ရုံအပြင်၌ မည်းမည်းမှောင်နေလေ၏။ ကျွန်ုပ်မှာ ညစာကို အမြန်စားပြီးနောက် အိပ်ရာထက်၌ ခေတ္တလှဲနေရာ ချက်ချင်းပင် အိပ်ပျော်သွားခဲ့ရလေ၏။

♦ ♦ ♦

နံနက်ပိုင်းတွင် ကျွန်ုပ်အိပ်ရာမှ စောစောထကာ သီတာကုန်းမြေရွာထဲသို့ လမ်းလျှောက်လေ့လာကြည့်၏။ ပြီးနောက် ရွာလူကြီးအိမ်သို့ဝင်ကာ ဓာတ်ကရန်အတွက် အစီအစဉ်ဆွဲရ၏။ လိုအပ်ချက်များနှင့် ဖြည့်စွက်ရမည့် ကိစ္စတို့ကိုလည်း ရွာလူကြီးထံတွင် မေးမြန်းရလေ၏။

"သီတာကုန်းမြေမှာ နှစ်စဉ် ကျင်းပတဲ့ပွဲတော်(နတ်ပွဲ)ဆိုရင်တော့ ပရိသတ်က ကြက်ပျံမကျ စည်ကားတယ်။ ဒီနယ်တစ်ဝိုက်ကလူတွေက အကုန်လာကြတဲ့ပွဲပေါ့။ တစ်နှစ်မှ တစ်ခါ ကျင်းပတဲ့ပွဲဆိုတော့ အားလုံးက ပျော်ချင်ကြတယ်လေ။ အခုဟာက ဓာတ်ဆရာတို့က ပွဲတော်ရှုက်မဟုတ်တော့ သိပ်ပြီးမှန်းလို့မရပါဘူး။ ဒါပေမဲ့လည်း ဒီနယ်ကလူတွေ ဓာတ်ငတ်နေတာကြာပြီဆိုတော့ ပွဲကြည့်ပရိသတ်လာနိုင်ပါတယ်"

"အင်း..ကျွန်တော်တို့ကလည်း နှစ်စဉ် ဒီအချိန်ဓာတ်ထွက်နေကျဆိုတော့ ဒီအချိန်ပဲ ရန်ကုန်က ထွက်ချင်တယ်ပြီးခဲ့တဲ့ ကျွန်တော်တို့ဓာတ်က ရှေ့ပြေးမန်နေကျ ဦးဘင်ဦး

www.burmeseclassic.com

က ဒီသီတာကုန်းမြေမှာ ဇာတ်ရုံရှိနေတာရယ်၊ ပြီးတော့ ပွဲမိန့်ကလည်း အခက်အခဲမရှိဘူး ဆိုတာရယ်ကြောင့် ဒီကို ဦးဆုံးကဖို့ တန်းလာခဲ့ကြတာ။ ခုလိုကူညီပေးတာ ရွာလူကြီး တို့ကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ'

ကျွန်ုပ်က ရွာလူကြီးနှင့် အဖွဲ့ကို မိတ်ဆက်စကား၊ နှုတ်ဆက်စကားဆိုရ၏။

ထိုစဉ် ရွာလူကြီးအဖွဲ့ထဲမှ လူကြီးတစ်ယောက်က-

'ဒါနဲ့ ဇာတ်ဆရာတို့အဖွဲ့ကို သတိပေးရဦးမယ်'

ကြားဖြတ်ဝင်ပြောလိုက်သောကြောင့် ကျွန်ုပ်မှာ အံ့အားသင့်ကာ အလျင်စလို ပြန်မေးမိ၏။

'ဘာများသတိထားရမှာလဲခင်ဗျ။ ပြောပါ'

'သြော်..ဒီနယ်က နတ်သမိုင်းရှိတဲ့ နယ်မြေဆိုတော့ အမှားမခံဘူး။ အထူးသဖြင့် အစားအသောက်၊ အနေအထိုင်၊ အပြောအဆို အင်မတန်ဆင်ခြင်ရတဲ့နေရာ ဖြစ်ပါတယ်။ နွား၊ ကျွဲ၊ ဝက် စားလို့မရဘူး။ ပြီးတော့ မောင်နဲ့နှမ သားနဲ့အမိ နားမခံသာတဲ့စကားတွေ မပြောမိဖို့ ဆင်ခြင်နေထိုင်ရမယ်။ အဲဒီအကြောင်းကို ဇာတ်ဆရာ အဖွဲ့သားတွေကို သေချာပြောပြထားဖို့ လိုလိမ့်မယ်။ ကျုပ်ပြောတာ မယုံမရှိနဲ့နော်။ နောက်ဖြစ်လာမှ ကျုပ်လည်း မကယ်နိုင်ဘူး'

'ဟုတ်တယ်..ဟုတ်တယ်၊ သူပြောပြတာတွေကိုတော့ သေချာဂရုစိုက်ပြီး ဆင်ခြင်နေထိုင်သွားကြပါ။ ပြီးတော့ ဒီရွာမှာ အစဉ်အလာရှိတာက ဇာတ်ပွဲကမယ်ဆိုရင် မကခင် ရွာထိပ်နတ်ကွန်းမှာ အားလုံးသွားကန်တော့ကြရပါတယ်။ အဲဒါကို ဇာတ်ဆရာက တာဝန်ယူပြီး ဆောင်ရွက်ပေးပါလို့ ကျုပ်က သတိပေးတာပါ။ မနေ့က ဇာတ်ဆရာတို့ အဖွဲ့ ရွာထဲဝင်ဝင်ချင်း ဇာတ်ကား ချိုင့်ထဲ နစ်တယ်ဆိုလို့ စိတ်ထဲက ထင့်သွားသေးတယ်။ နောက် ရသွားတယ်ဆိုလို့ စိတ်အေးရတယ်'

'စိတ်ချပါခင်ဗျာ။ ကျွန်တော် အားလုံးတာဝန်ယူဆောင်ရွက်ပေးပါ့မယ်။ လိုအပ်တာရှိရင်လည်း ပြောပါ။ အကြံဉာဏ်ပေးပါ။ ကဲ..ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး။ ဇာတ်ရုံမှာ လုပ်စရာလေးတွေ ရှိနေသေးလို့'

'ကောင်းပါပြီခင်ဗျာ၊ ကောင်းပါပြီ'

ရွာလူကြီးနှင့် အဖွဲ့ကို ကျွန်ုပ် နှုတ်ဆက်ပြီးနောက် ဇာတ်ရုံသို့ ကျွန်ုပ် ပြန်လာလိုက်၏။ ဇာတ်ရုံသို့ ကျွန်ုပ် ပြန်ရောက်ချိန်တွင် ဇာတ်ရုံဌ ဇာတ်သမားများကို နေ့လယ်စာ ကျွေးနေလေပြီ။ ကျွန်ုပ်လည်း ဇနီးသည်နှင့်အတူ နေ့လယ်စာစားပြီးနောက် တစ်ရေးတစ်မော အိပ်လိုက်လေ၏။ အိပ်ရာက နိုးလာသည့်အချိန်တွင် ညနေသုံးနာရီ ဖြစ်နေလေရာ နတ်ကွန်းသို့ သွား၍ နတ်ကန်တော့ရန် ကမန်းကတန်း ပြင်ဆင်ရတော့၏။

ယနေ့ ညတွင် ဇာတ်ပွဲစတင်ကပြမည့်အကြောင်း ကြို့တင်ကြေညာထားပြီးဖြစ်ရာ ဇာတ်ရုံအနီးတစ်ဝိုက်တွင် ဇာတ်ပွဲလာရည့်ပရိသတ်တို့ဖြင့် နေ့လယ်ပိုင်းကတည်းက စတင်စည်ကားနေ၏။ ကျွန်ုပ်တို့ ဇာတ်သူဇာတ်သားများ နတ်ကွန်း(နတ်စင်)သို့ သွားရောက်ကန်တော့ကြရာတွင်လည်း ရွာခံဒေသခံ ဧည့်ပရိသတ်တို့မှာ မင်းသား၊ မင်းသမီးတို့ကို မြင်ချင်တွေ့ချင်သောကြောင့် ကျွန်တော်တို့အဖွဲ့၏ ဝဲယာမှ လိုက်၍ ကြည့်ကြရာ ရွာတွင်း လမ်းမကြီးပေါ်တွင် လူစည်ကားလျက် ရှိလေ၏။

ကျွန်ုပ်၏ဇနီးသည်မှာ ဘုရားကန်တော့ခြင်း၊ နတ်ကန်တော့ခြင်းများကို အမြဲလိုလို ဦးဆောင်လုပ်ကိုင်နေရသူဖြစ်ရာ ယခု နတ်ကန်တော့ရသည့် ကိစ္စတွင်လည်း သူကပင် ဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်နေ၏။ နတ်ကွန်းတွင် ဆိုင်ရာနတ်ရုပ်တုကြီးများကို ထုလုပ်ထား၏။ ကျွန်ုပ်အပါအဝင် ဇာတ်သူဇာတ်သားတို့မှာ ထိုနတ်ရုပ်တုရှေ့တွင် ငုတ်တုတ်ထိုင်နေကြရ၏။ ကျွန်ုပ်၏ဇနီးသည်က အုန်း၊ ငှက်ပျောသီး ကန်တော့ပွဲ၌ ဆီမီးအမွှေးတိုင်များကို ထွန်းညှိကိုင်ဆောင်ပင့်မြှောက်၍ နှုတ်မှလည်း တိုးတိုးတိတ်တိတ် ရွတ်ဆိုနေ၏။ မကြာမီ-

'ကဲ..ကဲ..အားလုံး ရိုရိုသေသေကန်တော့ကြ၊ လိုရာဆုတောင်းကြ' ဟူ၍ ကျွန်ုပ်၏ ဇနီးသည်က ပြောလေရာ ကျွန်ုပ်အပါအဝင် ဇာတ်သူဇာတ်သားတို့မှာ ဦးသုံးကြိမ်ရှိကန်တော့လိုက်ကြ၏။

ပြီးနောက် ထိုနေရာမှ ထပြန်ရန် ဟန်ပြင်လိုက်ကြစဉ်-

'တောက်..တောက်'

တောက်ခေါက်သံနှင့်အတူ လက်ထောက်မင်းသမီးနှင့်ရီတစ်ယောက် ထိုင်နေရာမှ ဝုန်းဒိုင်းထရပ်ကာ တစ်ကိုယ်လုံးတုန်ခါ၍ ပူးနေလေ၏။ သူမ၏ဖြစ်အင်ကို ကျွန်ုပ်၊ ဇာတ်သားများက အံ့သြဘနန်း ဝိုင်း၍ငေးကြည့်နေကြ၏။ ကျွန်ုပ်မှာ ရုတ်တရက် ကြက်သီးမွေးညင်းထကာ ကြောင်ငေးကြည့်နေမိ၏။ ဇနီးသည်က လူသိပြီးသားဟန်ပန်ဖြင့် နှင်းရီကို ရိုသေသမှုပြုကာ မေးမြန်းနေ၏။

'ဟေ့..ငါ ဘယ်သူလဲဆိုတာ သိကြရဲ့လားဟေ့'

www.burmeseclassic.com

www.burmeseclassic.com

"သိပါတယ်မယ်တော်၊ သီတာကုန်းမြေကို ဧောင့်ရှောက်တဲ့ သီတာမယ်တော်ပါ"

ဇနီးသည်က နတ်ဝင်သူ နှင်းရီ၏ အမေးကို အလိုက်အထိုက် ဦးဆောင်ဖြေနေရာ၏။ ကျွန်သူတို့မှာ အသံတိတ် ရွှာဖြင့် ငေးကြည့်နေကြ၏။ ကျွန်ုပ်မှာ စိတ်ရှုပ်ရှုပ်ရှိသည်နှင့် ထိုနေရာမှထွက်ရန် တာစူလိုက်၏။ ထိုစဉ်-

"ဟေ့..ကြာသပတေးသားက ငါ့ကို ဂရုမစိုက်တာလားဟေ့။ ဒီမှာ မင်းတို့ကို မနေ့တုန်းကတည်းက ငါ သတိပေးထားတာ၊ မသိကြဘူးလားဟေ့။ ဘာလဲ၊ မင်းတို့က ငါ့ကို စမ်းတာပေါ့လေ။ ဟုတ်လား။ ဟား..ဟား..ဟား"

မနှင်းရီက တစ်ကိုယ်လုံး တုန်ခါနေပြီး မျက်လုံးများက ဝင်းဝင်းတောက်လျက် လက်ဝါးထောက်လျက်မှ အံကို ကြိတ်၍ ကြိမ်းဝါးနေ၏။ ကျွန်ုပ်၏ဇနီးသည်က လက်အုပ်ချီ၍ တောင်းပန်နေရာ၏။

"မသိလို့ပါ မယ်တော်ရယ်။ ကျွန်မတို့ အဖွဲ့ထဲမှာ အမှားရှိရင် ခွင့်လွှတ်ပေးတော်မူပါ"

"ဘာလို့ နင်တို့ မသိကြတာလဲ။ နင်တို့ အဖွဲ့ထဲက ကောင်တွေ၊ကောင်မတွေက တရုတ်အမဲရော ကုလားအမဲရောမရှောင် ငါ့နယ်မြေကို ယူလာခဲ့ကြတယ်ပေါ့လေ။ ဟုတ်လား"

"အမယ်လေးလေး..မသိလို့ပါ မယ်တော်ရယ်။ ကျွန်မတို့ သိရင် ဒီလိုမဖြစ်စေရပါဘူး။ ခုလည်း အဲဒီလိုအမိုက်အမှားတွေရှိရင် ခွင့်လွှတ်ဖို့ မယ်တော်တို့ဆီလာပြီး တောင်းပန်ကန်တော့တာပါ။ ဒီမျှနဲ့ပဲ ကျေအေးပေးပါမယ်တော်ရယ်။ ကျွန်မတို့ ဧာတ်ဦးစီးများက တလေးတစားတောင်းပန်ပါတယ်။ ဖြစ်ခဲ့သမျှကလည်း ကျွန်မတို့ လုံးဝမသိလို့ပါ။ အဲဒီအတွက် ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါတယ် မယ်တော်"

"အေး..နင်တို့တောင်းပန်တာစောလို့ ဒီနေ့ နေဝင်လို့မှ တောင်းပန်ရင် နင်တို့ကို အပြတ်ရှင်းမှာကြားလား။ ငါတို့ကို မရိုမသေ မလေးစားတဲ့သူမှန်သမျှ နောက်တစ်နေ့ ချက်နာမသစ်စေရဘူး။ မှတ်ထား။ ဟင်း..ဟင်း..ဟင်း"

"ဟို..ဒီတစ်ခါ မယ်တော်တို့ကို မလေးမစားပြုသူရှိရင် အဲဒီလူကိုပဲ ပညာပေးပါ။ ကျွန်တဲ့သူတွေကိုတော့ သက်ညှာပေးပါ မယ်တော်။ နှမတော် တောင်းပန်ပါတယ်။ ခုလည်း နှမတော် တောင်းပန်တာ အမှားအယွင်းများ ထပ်ရှိခဲ့ရင်လည်း ခွင့်လွှတ်တော်မူပြီး ဧာတ်ပွဲကောင်းကောင်းကနိုင်အောင် ကူညီစောင့်ရှောက်တော်မူပါ"

"ကောင်းပြီလေ။ မင်းတို့ ဧာတ်ဦးစီးတွေကြောင့် ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါ ဒီလိုဖြစ်လာရင်တော့ ငါ့ကို အပြစ်မဆိုနဲ့။ ကြားလားဟေ့။ ငါတို့က တို့ကို အလေးထားရင် ပေးပြီးစားစေလိုက်မယ်ဟေ့။ အေး..မလေးမစားပြုရင်တော့ အသွေးအသားကိုပါ ဝါးပစ်လိုက်မယ်။ ကြားလား။ ဟား..ဟား..ဟား"

"အား..မောလိုက်တာ"

နတ်ဝင်သူနှင်းရီမှာ ပြောပြောဆိုဆို လဲကျသွားရာ အနီးရှိ ကျွန်ုပ်၏ဇနီးသည်နှင့် ဧာတ်သူဧာတ်သားအချို့က ဝိုင်းထိန်းပေးလိုက်သဖြင့် အောက်သို့ လဲကျမသွားပေ။ ထို ခဏ ယပ်ခတ်သူခတ်၊ ရေတိုက်သူ တိုက်လေရာ နှင်းရီမှာ နဂိုအတိုင်း အကောင်းပကတိဖြစ်သွား၏။ သို့ရာတွင် သူ နတ်ဝင်သည်ကို သူ မသိဘဲရှိရာ အေးလူများပြောမှ သိရ၏။ ထိုအခါ သူကိုယ်သူ အတော်အံ့သြနေလေ၏။ ကျွန်ုပ်မှာလည်း ထိုအခါမှ သက်ပြင်းချနိုင်ကာ ဧာတ်ရုံသို့ အပြေးပြန်လာနိုင်တော့၏။ ပြီးနောက် ညဉ့်ဝိုင်း ဧာတ်ကရန်အတွက် ပြင်ဆင်စရာများကိုကြည့်ကာ ကြိုတင်စီမံရလေ၏။

ထိုညက ကံကောင်းအကြောင်းလှ၍ ပွဲကြည့်ပရိသတ်များပြားလေရာ ကျွန်ုပ်တို့၏ ဆရာအတွက် ဧာတ်ကြေးအပြင် အမြတ်အစွန်းအနည်းငယ်ပါ ရလေ၏။ သို့ရာတွင် နောက်နှစ်ရက် ဧာတ်ပွဲကရန် ကျန်နေသေးသည်ဖြစ်ရာ ကျွန်ုပ်တို့ ဧာတ်ဆရာမှာ ဧာတ်ပွဲ လူဝင်ရုံမျှမကဘဲ ဧာတ်သမားများ အပြောအဆို၊ အနေအထိုင်နှင့် အစားအသောက်မှအစ အမှားအယွင်း မရှိရလေအောင်

www.burmeseclassic.com

ဆောင်ရွက်ရသည်မှာ အလွန်စိတ်ပင်ပန်း ဆင်းရဲရ၏။ တို့ကြောင့် နေ့စဉ် ဓာတ်မကမီ နတ်ကွန်းသို့သွားကာ တောင်းပန်ရ၏။ ဆုတောင်းရလေ၏။ ယုံယုံကြည်ကြည်လုပ်၏။

'ကျွန်မတော့ ဒီဓာတ်ရုံမှာ လာကရတာ အတော်စိတ်ဆင်းရဲရတယ်။ ဓာတ်သမားတွေက ပြန်မပြော နားမထောင်သူတို့ လုပ်ချင်တာ လုပ်ကြတာ။ ဒီကိုလာတဲ့နေ့ကလည်း သက်တင်တို့ လင်မယားတွေက ဝက်သားဟင်းတွေဝှက်ပြီး ယူလာတယ်။ ကျော်အေးက အမဲသားယူလာတယ်။ ဒီမလာခင်ကတည်းက ကြိုပြီးပြောထားခဲ့တာ ဘယ်မှာလေးစားလို့လည်း။ ကံကောင်းလို့ ကားမမှောက်တာ ချီဒွင်ထဲကျတာပဲ ကံကောင်းတယ်မှတ်။ ရှင် ကြားတယ်မဟုတ်လား။ နတ်က ပြောသွားတာ ကွက်တိပဲ။ တော်သေးတာပေါ့။ ကိုယ်က ကြိုတင်သွားတောင်းပန်လိုက်လို့။ နို့မို့ရင်လား။ ဟင်း...မပြောလိုက်ချင်ဘူး'

ကျွန်ုပ်၏ဇနီးသည်က စိတ်ပျက်စွာ ညည်းညူရှာ၏။ မှန်ပေ၏။ ကျွန်ုပ်မှာ ထိုသီဘာကုန်းမြေ၌ ဓာတ်ပွဲကရသည့် သုံးရက်အတွင်း ဓာတ်သမားများ နောက်ထပ် အမှားကျူးလွန်မည်ကို ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေခဲ့ရလေရာ ထိုနေရာမှ ပွဲကအပြီး ပြန်လာတော့မှသာ ဟင်းခနဲ သတ်ပြင်းချနိုင်ခဲ့လေ၏။ ကျွန်ုပ်တို့ ဓာတ်အဖွဲ့မှာ မြန်မာပြည် နေရာအနှံ့အပြားသို့ သွားရောက်ကပြကြရ၍ ကျွန်ုပ်တို့မှာ ရတနာသုံးပါးနှင့် အမိ,အဖ၊ ဆရာသမားတို့ကို အမြဲဦးထိပ်ထား ရ၏။ အမြဲတိုင်တည်ရ၏။

ထို့ပြင် နတ်ဒေဝါများနှင့် မမြင်အပ်,မြင်အပ်သော သတ္တဝါအပေါင်းတို့ကိုလည်း အမြဲထာဝရ မေတ္တာထား မေတ္တာပေးပို့ကာ တိုင်တည်သစ္စာပြုသည်များ ရှိပါ၏။ ထို့အခါ မေတ္တာ၏ အာနုဘော်ကြောင့် မေတ္တာပြန်ရကာ တစ်ခါတစ်ရံတွင် လူမစွမ်း နတ်,မ စကားပမာ ထူးထူးဆန်းဆန်း ကြုံတွေ့ရသည်များလည်း ရှိပါ၏။

သီဘာကုန်းမြေတွင် ထိုတစ်ကြိမ်မှလွဲ၍ ဓာတ်ကျခြင်း မရှိခဲ့ပေ။ သို့ရာတွင် ထိုနှစ်က ဓာတ်ပွဲချီ တစ်ရာ နီးပါးလာခဲ့ရသည့်တိုင် ထိုသီဘာကုန်းမြေ၌ ကျ၍ရသော အမြတ်အစွန်းလောက် မည်သည့်နေရာကမျှ မရရှိခဲ့ပါချေ။ ထို့ကြောင့် လူမစွမ်း နတ်,မဟု ဆိုရလိမ့်မည် ထင်ပါ၏။

ချစ်မင်းသူ

ရန်ကုန် ဆရာမြင့် (၁) ဆရာသြဘာ

နက္ခတ္တဗေဒ၊ လက္ခဏာ အထူးကျွမ်းကျင်ပညာရှင်

မေးကြည့်ကျွင် ပြေးကြည့်သလို မှန်ရမည်။

အမှတ်(၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့

Ph : 09 4200 34597

www.burmeseclassic.com

www.burmeseclassic.com

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

စန်းသော်တာ

အပူတိုးဆီပြေ

ကြမ်းရွက်ဆီးလိမ်းဆေး (အဆေး)

- အကိုက်အခဲပျောက်လိမ်းဆေး။
- ရင်လူးဆေး။
- အနာကျက်ဆီး၊ အပြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ်နည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဗက်နာ၊ ကျီးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အတိုက်အခံ ဒေဝါတ်ဆေး အပြစ် သုံးနွဲနိုင်ပါသည်။
- ကလေးသွေးကျပ်၊ ချောင်းဆိုး၊ အဖာမကြေ လေထိုးလေအောင့် သေည်တို့ကို ရင်လူးဆေး အပြစ် သုံးနွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်း၊ နွတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ သေည်တို့ကို အနာကျက်ဆီ အပြစ် သုံးနွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းပြင့် သုံးနွဲသူတိုင်း လန်းဆန်းမေည်။

ဖြန့်ချိရေး- ကိုဝင်းပြင့်+မဒေဝတီ ၁၅လမ်း၊ ၆၈ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၇၂

ဆိုင်ရင်း- စန်းသော်တာဆေးတိုက်၊ ၂၄-၂(၂၀၂)၊ပန်းလိုင်အိမ်ကုန်၊ ဒွေးသလွင်း၊ ဟုတ်လမ်းရပ်ကွက်၊ ဝမ်းခြောင်းမြို့နယ်၊ ဖုန်း-၀၁၀၉၀၆၈။

ကြယ်မြို့မင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချို သောက်ဆေး

ဆီးချိုသွေးချိုကြောင့် မကြာရေ ရောဂါခြင်း၊ ဆီးမကြာရောသွားပြီး ဆီးအောင့်၊ ဆီးကျွန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ခွေးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခမ်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှုနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးနွဲနိုင်ပါသည်။

အမြဲပြုရှိ မြန်မာ့ဆေးချိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပုံစံခင်း **ကြယ်မြို့မင်း ဆေးတိုက်**

အမှတ်(၇၅၁)၊ သမိန်ဗရမ်းနှင့် အောင်ခြေလမ်းထောင့်၊ (၃၆)ရပ်တွက်၊ မြောက်ဒဂုံ

☎ ၀၉-၇၃၀၁၃၀၄၄ ၊ ၀၉-၅၁၀၁၃၀၄၂ ၊ ၀၉-၅၁၁၉၀၇၂ ၊ ၀၉-၅၁၉၉၀၈၅

ဖြန့်ချိရေးစင်း (မြောက်ဒဂုံ- ဆေးနန်းတော်ကြီးဆေးတိုက်)၊ (အောင်ပွင့်မြို့- ဖွားမိခင်လောင်းဆေးတိုက်)
(ဒုတိယမြို့- မြစ်ကမ်းဆေးရုံ)၊ (ပုခုံးမြို့- ဟယ်ကုန်းထူးသန်းဆေးတိုက်၊ တယ်ကုန်းသစ်ဆေးတိုက်)

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/ ၂၀၁၃၊ဝဆဝလ၊ (၂၃၀၅)

www.burmeseclassic.com

www.burmeseclassic.com

ဂျဉ်းနှင်းကို အေးစိမ့်နေသော အိမ် (The Cold House)

(ယခင်လမှအဆက်)

နောက်နေ့များတွင် ရင်နှစ်၏ ပြောစကားများ အမှန်ဖြစ်ကြောင်းကို ဘုန်းပြည့် တဖြည်းဖြည်းနှင့် သိလာခဲ့သည်။ ဘုန်းပြည့် သိလောက်အောင်လည်း အေးစိမ့်နေသော အိမ်ကြီးတွင် နေထိုင်နေသော ဝိညာဉ်များက နေ့ခင်းကြောင်တောင် မရှောင်ခြောက်လှန့်နေကြသည်။ အသံဇလံနှင့် အရိပ်အယောင်များကို မကြာခဏ မြင်နေ၊ ကြားနေရ၏။ ထိုအခါမှ ဘုန်းပြည့် ကြိုရခက်ပြီ။

cartoon
WMA

www.burmeseclassic.com

www.burmeseclassic.com

လုံးက လက်လွန်သွားခဲ့ပြီလေ။

ခြောက်လှန့်မှုသည် သုံး၊လေးရက် ကြာပြီးနောက် ရင်နှစ်အတွက် အဆန်းမဟုတ်တော့ပေ။ ညဘက်၌ ခွေးနှစ်ကောင် တအီအီလုပ်ကာ အပြင်ဘက်တွင် တဂျစ်ဂျစ် မြည်သံများ ကြားနေရသော်လည်း ရင်နှ ထွက်မကြည့်တော့။ ကြောက်လည်း ကြောက်မနေတော့ဘဲ အိပ်ပျော်အောင် အိပ်ပစ်လိုက်သည်။ တယ်သတ္တိကောင်းတဲ့ မရင်နုပါလားဟူ၍ မထင်လိုက်ပါနှင့်။ တစ္ဆေသရဲကို မကြောက်ဘဲရှိပါ့မလား။ သို့ပေမယ့်လည်း ကိုယ့်အိမ်ဖြစ်နေပြီမို့ ပေတော့ကာ နေနေရသည်။

တစ်ခါတစ်ရံလည်း 'ဟဲ့..နင်တို့တွေနော်၊ ဒါ ငါ့အိမ်ဖြစ်နေပြီ။ ငါ့အိမ်မှာနေရင် ကောင်းကောင်းနေ။ ငါတို့ကို မနှောင့်ယှက်နဲ့' စသဖြင့် စိတ်ထဲရှိရာ ပြောဆိုပစ်လိုက်သည့်အခါမျိုးလည်း ရှိ၏။

တိုက်ဆိုင်သည်ဟု ဆိုရမလားမသိ။ ထိုသို့ပြောလိုက်သည့်နေ့မှစ၍ တစ်ပတ်ခန့်မှာ ခြောက်လှန့်ခြင်း၊ အနှောင့်

ဤအိမ်ကြီးတွင် နေထိုင်မည်ဟုတွေးကာ ရှိသမျှ ဝင်ငွေအားလုံးကို အိမ်ကြီးတွင် ပုံအောခဲ့ပြီးရုံမက ပွဲစားများကိုလည်း အိမ်ငှားမည်ဖြစ်ကြောင်း ဆက်သွယ်ထားပြီးခဲ့ပြီမို့ ယခုချိန်မှ ပြောင်းရွှေ့ရန် မဖြစ်နိုင်တော့။ နေ့အချိန်တွင်ပင် ဤမျှလောက် အသံဗလံ တချွတ်ချွတ်တချပ်ချပ် ကြားနေရလျှင် ညအခါ၌ မည်မျှခြောက်လှန့်လိမ့်မလဲ။ တွေးရုံမျှနှင့်ပင် ဇနီးသည်အတွက် စိုးရိမ်မိပေမယ့် ဘုန်းပြည့် ဘာတတ်နိုင်မှာတုန်း။ ကိစ္စအား

www.burmeseclassic.com

ခြင်းများ မရှိတော့ဘဲ သာမန်အိမ်ကဲ့သို့ ပကတိတိတ်ဆိတ်နေတတ်သည်။ သို့ကြောင့် နောက်ပိုင်းကျ ရင်နုလည်း နည်းနည်းစိတ်ပေါက်သည်နှင့် ထိုသို့ဟောက်လိုက်၏။

တစ္ဆေသရဲတွေကို ဟောက်စားလုပ်နေတဲ့ မရင်နုပေါ့။

တစ်လနီးပါးကြာသည့်အခါ မခြင်အပ်သည့်ပုဂ္ဂိုလ်တို့က ရင်နု၏စကားကို နားမထောင်ကြတော့။ အိမ်ကြီးမှာ တစ်နေ့တခြား ပို၍အေးစိမ့်လာသောကြောင့် တစ်ယောက်တည်း ဆောက်တည်ရာမရ ဖြစ်နေမိစဉ် အိမ်ငှားတစ်ယောက် ရောက်လာခဲ့၍ ရင်နု တော်တော်ဝမ်းသာသွားရသည်။ မိန်းမဖော်တစ်ယောက် ရပြီကိုး။ သူမနာမည်က သီရိန္နယ်။ စာရေးဆရာမ အိန္ဒြေမိုးခဖြစ်ပြီး ဤအိမ်ကြီးတွင် အေးအေးလူလူ စာရေးချင်သောကြောင့်ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြသဖြင့် ရင်နုကလည်း ဇာတ်လမ်းကောင်းကောင်း ရေးနိုင်မှာ သေချာကြောင်း အာမခံမိ၏။ အိန္ဒြေမိုးခ၏ ဝတ္ထုကို ရင်နု ဖတ်ဖူးသည်။ သူမက Horror, comedy, adventure type များတွေ အရေးများသော စာရေးဆရာမဖြစ်၍ ဤအိမ်ကြီးနှင့် အတော်ကို သင့်လျော်လိမ့်မည် မဟုတ်ပါလား။

အိမ်ငှားရောက်လာပြီးမကြာ မခြင်ရသူတို့၏ အသံပြုချက်များကို ရင်နု ကြိုကြား,ကြိုကြားသာ ကြားရတော့သည်။ ရင်နု သိသည်။ မခြင်ရသူတို့က အပေါ်ထပ်တွင် စတည်းချနေကြပုံရသည်။

အဘယ်ကြောင့်ဆိုသော် အိမ်ငှားပြီး နောက်တစ်နေ့တွင် မသီရိန္နယ်က 'ညီမ..ဟို..ဘယ်လိုမှတော့ မအောက်မေ့နဲ့နော်။ အပေါ်ထပ်မှာ အိမ်ငှားရောက်နေပြီလား' ဟု လာမေးသောကြောင့် ရင်နု မျက်လုံးပြူးသွားရသည်။

မသီရိန္နယ်၏ပုံစံကို ကြည့်ရသည်မှာ စပ်စပ်စုစုမျိုး မဟုတ်။ မသိမဖြစ်သော ကိစ္စဖြစ်နေ၍သာ အားနာနာဖြင့် မေးမြန်းနေရပုံပေါ်သည်။

'ဟင့်အင်း..အိမ်ငှားမရောက်သေးပါဘူး။ ဘာဖြစ်လို့များလဲ ဆရာမ။ အပေါ်ထပ်က ရေတွေဘာတွေယိုလို့လား။ ရေပိုက်ခေါင်း ပျက်နေလို့နဲ့တူတယ်။ ကိုဘုန်းပြည့်လာမှ တက်ကြည့်ခိုင်းလိုက်ပါ့မယ်။' လိုအပ်တာရှိ ပြောနော်'

'ဩော် .ဘာရယ်မဟုတ်ပါဘူး၊ သိချင်လို့ မေးကြည့်တာပါ။ ညက လူရိပ်လိုလို တွေ့လိုက်လို့။ သိတဲ့အတိုင်းပဲ၊ စာရေးရင်း စျာန်ဝင်ပြီး မြင်ချင်ရာမြင်တာထင်ပါရဲ့။ တက်ကြည့်မနေပါနဲ့။ အလုပ်ရှုပ်ခံလို့။ နေပါစေ၊ အားလုံးအဆင်ပြေပါတယ်'

ပညာရှိပီပီ အဖြစ်မှန်ကို သိသိပ်လျက် နောက်ဆုတ်ထွက်သွားသော မသီရိန္နယ်၏ အမူအရာကြောင့် အတွေ့အကြုံရင့်သူ ရင်နုလည်း ချက်ဆို နားခွက်က မီးတောက်သွားပြီ။ သေချာပါသည်။ အိမ်အပေါ်ဆုံးထပ်တွင် မခြင်ရသူတို့ နေထိုင်နေကြပြီ။ ဤပုံအတိုင်းဆိုလျှင် ထိုမခြင်ရသူတို့နှင့်အတူ တစ်အိမ်တည်း နေထိုင်သင့်ရဲ့လား။ မိမိတို့က ကိုယ်ပိုင်အိမ်မို့ ပြောင်းရွှေ့ရန်မဖြစ်သဖြင့် ကြိတ်မှိတ်နေနေရခြင်း ဖြစ်သော်လည်း သူစိမ်းတစ်ရံဆံ အိမ်ငှားများကို ခေါ်ပြီး ဒုက္ခပေးခြင်းသည် သင့်လျော်ပါ့မလား။

ရင်နု တွေဝေစွာ စဉ်းစားလိုက်မိပေမယ့် အတွေ့၏ လှုံ့ဆော်မှုကြောင့် 'အို..ငါတစ်ယောက်တည်း နေတာထက် စာရင် အိမ်ငှားခေါ်တင်ထားတော့ ငါ့အတွက် စိတ်သက်သာတာပေါ့။ သူတို့တစ်တွေဆီကလည်း ပိုက်ဆံလျှော့ယူထားတာပဲလေ။ ငါ မမှားပါဘူး' ဟူ၍သာ ဆုံးဖြတ်လိုက်မိသည်။

ရင်နု၏ဆုံးဖြတ်ချက်ကို ပို၍ခိုင်မာသွားစေခဲ့သည်မှာ နောက်ထပ်အိမ်ငှားတစ်ယောက် ရောက်လာချိန်တွင်ဖြစ်သည်။ နောက်အိမ်ငှား၏ နာမည်က လဲ့လဲ့ရွှေ။ သူမက အသက်(၃၃)နှစ်အရွယ် အပျိုကြီးတစ်ဦး။ အလုပ်နှင့်နီးစပ်၍ ရင်နုတို့အိမ်တွင် ငှားနေခြင်းဖြစ်သည်။ သူမက အပေါ်ထပ်ဘယ်ဘက်ခြမ်းအခန်းကို (၃)နှစ်စာ ငှားရမ်းလိုက်ရာ ရင်နုလည်း လောဘဖောတက်လျက် ရသည့်ငွေကိုပိုက်ပြီး ရတဲ့ငွေ ပြန်ပေးပြီး သရဲရှိလို့ တခြားပြောင်းနေပါလို့ပြောရင် ငါ့လောက်မိုက်တဲ့လူ ဒီလောကမှာ ရှိမှာမဟုတ်ဘူးဟုတွေးကာ ဘယ်လိုပဲဖြစ်စေ အိမ်ငှားများကို သည်အတိုင်းထားတော့မည်ဟု ဆုံးဖြတ်လိုက်မိသည်။

♦ ♦ ♦

လဲ့လဲ့ရွှေက ကေပေါ့ခရေစီ(K-pop Crazy)။ မကြီးမငယ်နဲ့ ကောင်လေးတွေကို ကြိုက်နေတယ်လို့ပဲဆိုဆို Shinwa TVXQ Super Junior Infinite EXO အကုန်လုံးကို သဘောကျသည်။ အချိန်အားလပ်သည်နှင့် သူတို့လေးတွေ ဘာတွေလုပ်နေကြလဲ၊ ဘာတွေဖြစ်နေကြသလဲ သိချင်စိတ်ဖြင့် အင်တာနက်တွင် တင်သမျှ သူတို့သတင်းစုံဖတ်သည်။ ထွက်သမျှအခွေဝယ်ပြီး စားစား,အိပ်အိပ် နားဆင်တတ်သည်မှာ လဲ့လဲ့ရွှေ၏အကျင့်။ ရှင်းရှင်းပြောရလျှင် တစ်ကိုယ်တည်း အပျိုကြီးဖြစ်ရတာလည်း သူတို့လေးတွေ

www.burmeseclassic.com

www.burmeseclassic.com

ကြောင့်။

လဲ့လဲ့ရွှေက နတ်မောက်ဇာတိသူ။ အသားညိုညို၊ အရပ်မြင့်မြင့် ကိုယ်ဟန်ကြော့ရှင်းပြီး မြန်မာဆန်ဆန်လှသူဖြစ်ရာ အသက်ငယ်စဉ်ကဆို ချစ်သူခင်သူများ ဝိုင်းဝိုင်းလည်ခဲ့သည်။ ပထဆုံးချစ်သူက လဲ့လဲ့ရွှေ၏အသက် (၂၅) နှစ်ကျော်ကာမှ ဖူးစာလာဆုံသော ရွှေဘိုသား။ သူ့ကိုယ်သူ အလောင်းမင်းတရားမျိုးနွယ်ဖွားဆိုပြီး မာန်ချီကာ နှုတ်ခမ်းမွေးစစထားသည့် ကိုထွန်းလွင်။ နှစ်ဦးသား၏ ချစ်သူသက်တမ်း (၃)လသာခံခဲ့သည်။ ကိုရီးယားမကြိုက်ရဟု တားမြစ်သဖြင့် ရန်ဖြစ်ကာ ထားပစ်ခဲ့သည်။ နောက်ပိုင်းတွင် ရည်းစား(၃)ဦးခန့် ထားခဲ့ဖူးပေမယ့် ချစ်သူဘဝ သက်ဆိုးမရှည်ကြ။ K-pop နှင့် သူတို့ ဘယ်သူ့ရွေးမလဲဟု ရွေးခိုင်းသဖြင့် လဲ့လဲ့ရွှေက ထားရစ်ခဲ့သည်။ သို့နှင့် အပျိုကြီးတစ်ကိုယ်တည်းဘဝကို လဲ့လဲ့ရွှေကိုယ်တိုင် ပြတ်ပြတ်သားသား ရွေးချယ်ဖြစ်ခဲ့၏။ လဲ့လဲ့ရွှေတို့က တစ်ကိုယ်တည်း နေရလည်း ပျော်ပျော်ပါပဲလေ။

အသက်(၃၀)အထိ နတ်မောက်တွင် နေထိုင်လာခဲ့ပြီး လုပ်ငန်းအရ အသက်(၃၀)ကျော်တွင် မန္တလေးသို့ ပြောင်းရွှေ့ခဲ့ရသည်။ မန္တလေးတွင် (၃)နှစ်ကြာနေထိုင်ပြီးနောက် ယခုလို မိတ္ထီလာသို့ ရောက်ခဲ့ရပြန်သည်။ လဲ့လဲ့ရွှေ၏အလုပ်က အလယ်တန်းကျောင်းဆရာမ။ ကျောင်းတွင် တည်တည်တံ့တံ့နေရသလောက် အိမ်တွင် သီချင်းများဖွင့်ကာ ခုန်ပေါက်ပျော်နေတတ်သော လဲ့လဲ့ရွှေတစ်ယောက် ဤအိမ်ကြီးသို့ ပြောင်းရွှေ့လာပြီးသည့်နောက် ယခင်ကလို မပျော်နိုင်တော့ပေ။ အိမ်ကြီးတွင် လဲ့လဲ့ရွှေကို နှောင့်ယှက်နေသော သူ ရှိသည်။

♦ ♦ ♦

'ဂလွမ်'

'ဟဲ့..ပလုတ်တုတ်'

ကျောင်းမှပြန်ရောက်၍ ရေမိုးချိုးနေရုံရှိသေး အပေါ်ထပ်မှ ဂလုံ၊ဂလွမ် အသံများကို ကြားရသဖြင့် လဲ့လဲ့ရွှေ လန့်အော်မိလေသည်။ ဤနေရာတွင် အိမ်ငှားတို့၏ အခန်းအနေအထားကို အနည်းငယ်ဖော်ပြရသော် အခန်းငှားနေခြင်းဖြစ်ပေမယ့် ထိုအခန်း၏အကျယ်မှာ မြို့မှတိုက်ခန်းများကဲ့သို့ ခုတင်၊ ဗီရိုနှင့် စားပွဲတစ်လုံးစီ ထားနိုင်လောက်အောင် ကျယ်ဝန်းပြီး ရေချိုးခန်းနှင့် အိမ်သာလည်း တွဲလျက်ပါ၏။ အခန်းမှထွက်လိုက်လျှင် အပေါ်ထပ်သို့တက်သော လှေကား ရင်းနှင့် ကပ်လို့နေပြီး မျက်နှာချင်းဆိုင်တွင်မူ မသိဧန္ဒယ်ငှားရမ်းနေထိုင်နေသော အခန်းရှိသည်။

လဲ့လဲ့ရွှေလည်း လန့်ဖျပ်အော်ရင်း ရေချိုးခန်းထဲမှ ခပ်မြန်မြန် ပြေးထွက်လာမိရာ အပေါ်ထပ်လှေကားမှ တစ်စုံတစ်ယောက် ဆင်းလာသံကို ကြားလိုက်ရသည်။

'ဘယ်..ဘယ်သူလဲ၊ ညီမ..ညီမ သိရိလားဟင်'

အခန်းအပြင်တွင် တစ်စုံတစ်ယောက် ရပ်နေသည်ဟု ခံစားမိတာကြောင့် လဲ့လဲ့ရွှေမှာ အဝတ်အစားမြန်မြန်လဲကာ ပါးစပ်ကလည်း အော်ဟစ်မေးမြန်းနေမိသော်လည်း ဖြေဆိုသံကိုမူ မကြားရ။ အခန်းအပြင်တွင် တစ်စုံတစ်ယောက်ရှိနေတာတော့ သေချာသည်။ အချိန်က ညနေ(၅)နာရီခွဲခန့် ရှိပြီဖြစ်ရာ အပြင်လောကတွင် ညနေဆည်းဆာရောင်နီများ သန်းရှိပ်နေလေပြီ။

တုန်လှုပ်ချောက်ချားစွာဖြင့် အခန်းတံခါးကို ဆွဲဖွင့်လိုက်တော့ အခန်းပြင်တွင် မည်သူမျှမရှိ။ မျက်နှာချင်းဆိုင် အခန်းကလည်း သော့ပိတ်ထား၏။ ထိုအခန်းရှင် သီရိနွယ်က ညနေ(၅)နာရီခွဲချိန်တိုင်း ခြံထဲ၌ လမ်းလျှောက်ထွက်နေက။ ယခုချိန်တွင် သူမ,မရှိကြောင်း လဲ့လဲ့ရွှေသိသည်။

'အို..ရင်နာတို့ နေမှာပေါ့။ အပေါ်ထပ်မှာ တစ်ခုခုတက်ယူတာနေမှာပါ။ ဒီလိုပဲ ဖြစ်ပါလိမ့်မယ်'

မိမိစိတ်ကို သက်သာရာရစေရန် လဲ့လဲ့ရွှေ ဖြေတွေးနေမိပေမယ့် ဆဋ္ဌမအာရုံ၏ နှိုးဆော်မှုကြောင့် ကြက်သီးတို့က တဖြန်းဖြန်းထနေပြီမို့ အခန်းထဲတွင် မနေဝံ့တော့၍ ခြံထဲသို့ ပြေးဆင်းလာခဲ့သည်။

ဤအိမ်ကြီးတွင် မမြင်အပ်သူများရှိကြောင်း ပထမဆုံး ရောက်လာသည့် ညကတည်းက လဲ့လဲ့ရွှေ သိလိုက်ရ၏။ အိမ်ထဲသို့ ဝင်လာလိုက်စဉ် စိမ့်ခနဲအေးမြမှုက လဲ့လဲ့ရွှေကို ရေခဲရေနှင့် ပက်ဖျန်းလိုက်သလို ခံစားမိစေသည်။ သို့သော် ပျော်ပျော်နေတတ်ပြီး အကြောက်အလန့်နည်းသူပီပီ အခြားအရာများကို မစဉ်းစားမိ။ ဩဘို..သစ်ပင်ရိပ်ပေါလို့ အေးအေးမြမြရှိတာထင်ရဲ့ဟု ပေါ့ပေါ့သာ တွေးခဲ့သည်။ အကယ်၍သာ ထိုနေ့ညက ထူးထူးဆန်းဆန်း အဖြစ်အပျက်တစ်ခုကို မတွေ့ကြုံခဲ့ရပါမူ လဲ့လဲ့ရွှေ၏ အဘိဓာန်၌ Fear ဆိုသော စကားလုံး ပေါ်ပေါက်လာလိမ့်မည်မဟုတ်။

အိမ်ရှင်လင်မယားက လဲ့လဲ့ရွှေထက် အသက်ငယ်သူများဖြစ်သဖြင့် ဆက်ဆံရတာ အဆင်ပြေလှသည်။ နောက်ပြီး နှစ်ဦးလုံးက ဖော်ဖော်ရွေရွေရှိသူများဖြစ်၍ ခဏအတွင်း

www.burmeseclassic.com

မောင်နှမရင်းလို ခင်မင်သွားခဲ့ကြတာကြောင့် အိမ်ငှားခကို (၃)နှစ်စာကြိုပေးပြီး အပြတ်ငှားလိုက်မိသည်။ နေရာက ဒုတိယထပ် ဘယ်ဘက်ခြမ်း။ ညာဘက်ခြမ်းတွင်လည်း မိန်းကလေးတစ်ယောက်ဖြစ်နေ၍ ပိုအဆင်ပြေသွားသည်။ အပျိုကြီးမို့ အရက်မူးသမား၊ လူပျိုလူလွတ်များနှင့် တစ်အိမ်တည်း မနေထိုင်လိုသူ လဲ့လဲ့ရွှေအတွက် တိုင်းထားသည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့်ဆိုသလို အားလုံးကွက်တိ။ တစ်ဖက်ခန်းတွင်နေသော သီရိန္တယ်ဆိုသည့် မိန်းကလေးကလည်း အေးအေးဆေးဆေး သီးသီးသန့်သန့် နေထိုင်တတ်သူဖြစ်တာကြောင့် ဤအိမ်တွင် ငှားရမ်းနေရခြင်း အပေါ် လဲ့လဲ့ရွှေ သိပ်သဘောကျခဲ့သည်။

ရောက်သည့်နေ့ညတွင် ထုံးစံအတိုင်း ကိုရီးယားအဆိုတော်များ၏ Life Style ခွေကိုကြည့်ကာ လဲ့လဲ့ရွှေ တဟားဟား အူမြူးနေသည့်အခိုက် 'ဒေါက်..ဒေါက်' ဟူသော တံခါးခေါက်သံကြောင့် ထိုင်ရာမှ ထလာလိုက်သည်။

ကြည့်ရတာ တစ်ဖက်ခန်းက သီရိန္တယ်တစ်ယောက် ပျင်းပျင်းနှင့် လာလည်သလားမသိ။

'လာလေ ညီမ၊ အစ်မလည်း တစ်ယောက်တည်း ပျင်းနေတာ။ ဟင်..'

တံခါးသော့ကိုဖွင့်ရင်း လောကွတ်ချော်နေမိရာ တံခါးပွင့်သွားသည့်အခါ အခန်းအပြင်တွင် မည်သူ့ကိုမျှ မတွေ့ရ၍ လဲ့လဲ့ရွှေ အံ့သြသွားရပြီ။ ဒေါက်..ဒေါက်ဆိုသောအသံနှင့် လဲ့လဲ့ရွှေ တံခါးထဖွင့်သည့်အချိန်မှာ စက္ကန့်ပိုင်းမျှပင် မခြား။ ဟိုကောင်မလေး လာနောက်သွားတာများလား။ သီရိန္တယ်၏ပုံစံက လူကြီးဆန်ပြီး ရင့်ကျက်တည်ငြိမ်ပုံပေါက်သဖြင့် လာစနောက်တာ ဖြစ်နိုင်ပါ့မလားဟု တွေးမိပေမယ့် ကိုယ့်စိတ်နှင့်နှိုင်း မရိုင်းဆိုသည့်အတိုင်း ဩော်.. ငါတောင်မှ ကျောင်းဆရာမလုပ်ပြီး ကိုရီးယားအဆိုတော်ရူးသေးတာပဲ။ သူလည်း ကလေးဆန်ချင် ဆန်မှာပေါ့။ ဟင်း..ဟင်းဟူ၍ ပေါ့ပေါ့တွေးပြီး တံခါးပြန်ပိတ်ကာ တီဗွီဆက်ကြည့်နေမိသည်။

တီဗွီဆက်ကြည့်သည်ဟု အလွယ်ခေါ်ပေမယ့် အမှန်တော့ လဲ့လဲ့ရွှေက လက်(ပ်)တော့နှင့် အခွေကြည့်နေခြင်းဖြစ်၏။ လက်(ပ်)တော့ကို စားပွဲပေါ်တင်ကာ လဲ့လဲ့ရွှေက ခုတင်ပေါ်မှာထိုင်ပြီး အားရပါးရ တဟားဟားရယ်နေသည့်အခိုက် မိမိနံဘေး၌ တစ်စုံတစ်ယောက် ဝင်ထိုင်လိုက်သလို ငြိမ့်ခနဲခံစားလိုက်ရ၍ လဲ့လဲ့ရွှေ လန့်သွားသည်။ နံဘေးကို ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ ဘာဆိုဘာမျှမရှိ။ အိမ်သစ်သို့ ပြောင်းလာခါစညမို့ စိတ်ချောက်ချားခြင်း ဖြစ်ပါလိမ့်မည်ဟုတွေးကာ ပျော်ပျော်ပဲ ဆက်ကြည့်နေလိုက်၏။

'ဟင်း..ဟူး..ခူး..ခရူး'

'ဟာ..ဘာတုံးဟ'

သီချင်းနားထောင်နေလျက်သားနှင့် ကြားလိုက်ရသည့် အသံများကြောင့် လဲ့လဲ့ရွှေ နားလည်ရခက်သွားသည်။

'ဘာတွေလဲ။ ဘာသံတွေ ကြားနေတာလဲ'

အသံက လူတစ်ယောက် အသက်ရှူကျပ်နေသည့် အသံမျိုး။ နောက်ပြီး အခန်းထဲမှ ထွက်ပေါ်လာသောအသံဖြစ်နေ၍ တွေးရကျပ်စွာဖြင့် အခန်းဝန်းကျင်ကို ဝေ့ဝဲလျက်ကြည့်ရင်း ထိုအသံစုကို နားစိုက်ထောင်လိုက်သည့်အခါ ဘာအသံမှ ထပ်မကြားရတော့ပေ။ စိတ်ထင်တာဖြစ်မှာပေါ့။ အိပ်သင့်ပြီထင်တယ်။ ငါ ပင်ပန်းနေလို့ဖြစ်မယ်။

ထိုသို့အတွေးနှင့် လက်(ပ်)တော့ကို ပိတ်လိုက်စဉ် အခြေအနေက ပို၍ဆိုးသွားခဲ့သည်။

'ဟူး..ဟူး..ဟင်း..ဟင်း'

လူတစ်ယောက် ချွေကျပ်နေသဖြင့် ခက်ခက်ခဲခဲရှူရှိုက်နေရသည့် အသက်ရှူသံကြီး။ အသံက ဝေးဝေးလံလံမှ ကြားနေရခြင်းမဟုတ်ဘဲ နံဘေးနားကပ်လျက် ကြားနေရခြင်းဖြစ်တာကြောင့် လဲ့လဲ့ရွှေ ခေါင်းနားပန်းကြီးသွားသည်။ ခန္ဓာကိုယ်အနှံ့၌ ကြက်သီးများကလည်း တဖြန်းဖြန်း။

ငါ့အခန်းထဲမှာ ငါမမြင်ရတဲ့သူ ရောက်နေတာဖြစ်မယ်။ ဒုက္ခပါပဲ။

အတွေးနှင့်ပင် သွေးပျက်ချင်စရာ။ သို့ပေမယ့် အတွေးမှုမဟုတ်ဘဲ အမှန်စင်စစ် တွေ့ကြုံနေရသော လဲ့လဲ့ရွှေအနေဖြင့် ပထမ၌ သွေးပျက်ချောက်ချားကာ ဆောက်တည်ရာမဲ့ခြင်းသာမိပေမယ့် ချက်ချင်း စိတ်ကို ထိန်းလိုက်နိုင်သည်ကြောက်နေ၍မဖြစ်။ အိမ်ငှားခကိုလည်း (၃)နှစ်စာအပြတ်ပေးပြီးသွားပြီ။

ကြည့်ရတာ ဤအိမ်တွင် မမြင်အပ်သူ တစ်စုံတစ်ဦး ရှိနေပုံရသည်။ နောက်ပြီး ထိုတစ်စုံတစ်ဦးက အသစ်ရောက်ရှိလာသူ အိမ်ငှားလေး လဲ့လဲ့ရွှေကို မိတ်ဆက်ရန် ကြိုးစားနေပုံရ၏။

'ကျွန်မကို မနှောင့်ယှက်ပါနဲ့။ ကျေးဇူးပြုပြီး ထွက်သွားပေးပါ'

လဲ့လဲ့ရွှေက တောင်းတောင်းပန်ပန်ပြောဆိုရင်း နံဘေး

www.burmeseclassic.com

သို့ ရဲရဲဝံ့ဝံ့ လှည့်ကြည့်လိုက်သည်။

နဂိုကတည်းက ကြောက်သွေးနည်းသူမို့သာ တော်သေတော့၏။ အကြောက်အလန့်ကြီးသူသာဆိုလျှင် သွေးဖျက်ရူးသွပ်ချင်စရာ မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရာ ကြောက်တတ်သူ လဲ့လဲ့ရွှေပင် ဘုရားအကြိမ်ကြိမ်တ,မိသေပြီ။ နံဘေးသို့ လဲ့လဲ့ရွှေ လှည့်ကြည့်လိုက်သည့်အခါ တွေ့မြင်လိုက်ရသည်က ရေမြုပ်မွေ့ရာပေါ်မှ တစ်စုံတစ်ယောက် ထသွားသလို အရာကြီးကျန်ခဲ့ရုံမျှမက ဖြူညှိုးညှိုး ဦးခိုးလုံးကြီးသည် တံခါးနားသို့ တရွေ့ရွေ့ထွက်ခွာသွားပြီး တံခါးရွေ့သို့ ရောက်သည့်အခါ ဖျတ်ခနဲ ပျောက်ကွယ်သွားစေသည်။ သေချာပါသည်။ ထိုအရာမှာ လဲ့လဲ့ရွှေကို သူရှိနေကြောင်း အသိပေးရန် ကြိုးစားခဲ့သော မမြင်အပ်သူ ဝိညာဉ်သည်တစ်ဦးပင် ဖြစ်ပါလိမ့်မည်။

♦ ♦ ♦

အိမ်ဒုားများက အိမ်မကပ်ကြတော့။ သီရိန္ဒယ်က တစ်ခွန်းလုံး ကန်ကြီးနားက စားသောက်ဆိုင်တွင် စာသွားရေးတတ်သလို လဲ့လဲ့ရွှေကလည်း ကျွဲရှင်များ လိုက်သင်နေသည်ဟုဆိုကာ ည(၈)နာရီခန့်မှ ပြန်လာသည်။ သူတို့ပုံစံကို ကြည့်ရသည်မှာ မတတ်သာ၍၊ အားနာ၍သာ ဤအိမ်တွင် ဆက်နေနေရပုံရပြီး ဖြစ်နိုင်လျှင် ချက်ချင်းပင် ပြောင်းပြေးချင်နေပုံရသည်။ မြန်မာလူမျိုးတို့၏ အားနာငဲ့ညှာတတ်သည့် စိတ်ကလေးအပေါ် ခုတုံးလုပ်ပြီး အနိုင်မကျင့်သင့်တော့။

ယနေ့ည နေတွင် အိမ်ဒုားနှစ်ဦးကို အဖြစ်မှန်အတိုင်း ပြောပြကာ စပေါ်ငွေနှင့် ပိုသည့်ပိုက်ဆံအားလုံး ပြန်ပေးလိုက်တော့မည်။ မိမိအိမ်၏ ပြဿနာကို မိမိတို့ဘာသာပဲ အဆုံးအဖြတ်ရှိုင်ဆုံး ရင်ဆိုင်ဖြေရှင်းတော့မည်ဟု ရင်နှ ဆုံးဖြတ်ချက်ချလိုက်သည်။

ထိုအတွေးဖြင့် ည(၇)နာရီခွဲတွင် အိမ်ဒုားနှစ်ဦးဖြစ်သော မလဲ့လဲ့ရွှေနှင့် မသီရိန္ဒယ်တို့ကိုခေါ်ကာ ပွင့်ပွင့်လင်းလင်း ပြောပြခဲ့၏။

"အစ်မတို့အပေါ် အနိုင်ကျင့်သလိုဖြစ်ခဲ့ရင် ကျွန်မတောင်းပန်ပါတယ်။ ကျွန်မကလည်း ပိုက်ဆံထက် ဒီအိမ်ကြီးမှာ တစ်ယောက်တည်း မနေဝံ့လို့ မိန်းမဖော်လေးလိုချင်နေတဲ့အချိန် အစ်မတို့ကလည်း အိမ်လာဌားတာနဲ့ ကွက်တိဖြစ်သွားလို့ အဖြစ်မှန်ကို ထိမ်ချန်ပြီး ငှားလိုက်မိတာပါ။ အခုကြည့်ရတာ အစ်မတို့တစ်တွေလည်း တစ္ဆေအခြောက်အလှန့်ခံနေရလို့ အိမ်ကိုတောင် ရဲရဲပြန်မလာဝံ့ကြတာထင်ရဲ့"

ရင်နှ၏ ပွင့်ပွင့်လင်းလင်းအပြောကြောင့် လဲ့လဲ့ရွှေနှင့် သီရိန္ဒယ်တို့လည်း အံ့အားသင့်ကာ ပါးစပ်အဟောင်းသားဖြစ်သွားကြရသည်။ အစက မိမိကိုသာ ခြောက်လှန့်နေခြင်းများလားဟု အထင်ရောက်ခဲ့ကြသော အိမ်ဒုားနှစ်ဦးလည်း ထိုအခါမှပဲ တစ်အိမ်လုံး တစ္ဆေအခြောက်ခံနေရသောအဖြစ်ကို သဘောပေါက်သွားသည်။ သို့သော် နှစ်ဦးလုံးက မရင်နှကို အပြစ်မမြင်။ ကိုယ်ချင်းပင် စာနေကြသေး။

"ညီမကို အစ်မ စိတ်မဆိုးပါဘူးကွယ်။ အစ်မသာ ညီမနေရာမှာဆို အမှန်အတိုင်းတောင် ဖွင့်ပြောမှာမဟုတ်ဘူး။ ညီမက အင်မတန်ရိုးသားတဲ့သူပဲ"

"မလဲ့ ပြောသလိုပါပဲ၊ ကျွန်မလည်း မရင်နကို စိတ်မခုပါဘူး။ အခုလို ဖွင့်ပြောလိုက်တော့လည်း ပိုပြီးတော့ အဆင်ပြေသွားတာပေါ့။ ဒီအိမ်မှာ နောင့်ယှက်နေတဲ့တစ္ဆေကို ဘယ်လိုဖြေရှင်းဖို့ စဉ်းစားထားလဲ မရင်နှ"

"ကျွန်မကို အခုလိုနားလည်ပေးကြတဲ့အတွက် ကျွန်မ အရမ်းဝမ်းသာတာပဲ။ နောက်ပြီး ကိုယ့်ကိုယ်ကိုယ် ရှက်စိတ်ဝင်မိတယ်။ အစ်မတို့လို သူတော်ကောင်းတွေကိုမှ ကျွန်မက လိမ်ညာခဲ့မိတယ်"

"စိတ်မကောင်းဖြစ်မနေပါနဲ့ မရင်နရယ်။ ဒါဟာ လူသဘာဝပါပဲ။ အခုလုပ်ရမယ့် ကိစ္စကိုသာ စိတ်ထဲထား။ ကျွန်မတို့ ဘုန်းကြီးပင့်ရင် ကောင်းမယ်ထင်တယ်။ မကျတ်လွတ်သူတွေကို အမျှအတန်းပေးဝေရမှာပေါ့"

"မသီရိပြောတဲ့အကြံကို ကျွန်မလည်း သဘောကျပါတယ်။ ဖြစ်လည်း ဖြစ်သင့်တယ်။ ဒါပေမဲ့ ခက်နေတာက ကျွန်မရဲ့အမျိုးသား။ သူက ဒီဌိကြီးလေ။ ဘာကိုမှ အယုံအကြည်မရှိတဲ့လူကြီး။ သူလက်မခံရင် ကျွန်မလည်း မလုပ်ရဲဘူး"

"တိုက်တွန်းကြည့်ပေါ့ ညီမရယ်၊ သီရိပြောသလို ဘုန်းကြီးပင့်ပြီး အမျှအတန်းပေးဝေလိုက်တာ အကောင်းဆုံးပဲ"

"အင်းပါ..အားလုံးပြဿနာတက်နေမယ့် အဖြစ်မျိုးက လွန်မြောက်နိုင်ဖို့ ကျွန်မ ကြိုးစားပြောကြည့်ပါမယ်။ လက်မခံရင်တော့ ကျွန်မတို့ နောက်တစ်မျိုး စဉ်းစားကြသေးတာပေါ့"

အမှန်အတိုင်း ဖွင့်ပြောလိုက်ရသည့်အတွက် ရင်နှ၏ စိတ်ထဲ ပေါ့သွားခဲ့သည်။ အဖြစ်မှန်ကို ဖွင့်ပြောပြလိုက်သည့်အခါ အိမ်ဒုားများက မိမိကို အပြစ်မြင်မည်၊ စပေါ်ငွေ

www.burmeseclassic.com

www.burmeseclassic.com

ယူပြီး ဆင်းသွားကြလိမ့်မည်ဟု မျှော်လင့်ထားမိပေမယ့် တကယ်တမ်းကျ မိမိကိုပင် နှစ်သိမ့်ကူညီရုံမက အကြံဉာဏ်ပင် ပေးနေကြသေးရာ ရင်နုမှာ အံ့သြဝမ်းသာ ဖြစ်နေရသည်။

မိမိထက် အသက်ကြီး၊ ဗဟုသုတကြီးသူများဖြစ်၍ တစ္ဆေသရဲများကို အမျှအတန်းပေးဝေပါက ကျွတ်လွတ်သွားလိမ့်မည်။ ဘုန်းတော်ကြီးပင့်ကာ အမျှအတန်းပေးဝေသင့်ကြောင်း အကြံပြုလေရာ ရင်နုကိုယ်တိုင်လည်း ထိုအကြံကို အကောင်အထည်ဖော်လိုသည်။ ဗုဒ္ဓဘာသာဝင် ဝီဝီ မကျွတ်လွတ်သော ပုဂ္ဂိုလ်များကို အမျှအတန်းပေးဝေရမည်ဟူသော အသိရှိသဖြင့် အိမ်တက်ပြုကာ မမြင်အပ်သူများကို အမျှပေးဝေလိုသော်လည်း ခက်နေသည်က ရင်နုယောကျ်ား ကိုဘုန်းပြည့်။ သူက ဘယ်အရာကိုမှ အယုံအကြည်မရှိ။ တစ္ဆေသရဲခြောက်လှန့်နေသည်ကိုပင် ယုံလာသူ မဟုတ်။ ခက်နေတာက သူ့ကျမှ တစ္ဆေကလည်း ကြောက်လောက်၊ လန့်လောက်၊ သွေးပျက်သွားလောက် အောင် မခြောက်။

ဘယ်လိုပဲဖြစ်ဖြစ်ပါလေ စစ်မရောက်ခင် မြားကုန်လို့ မဖြစ်သေးပါဘူး။ သူလက်ခံလာအောင် ပြောကြည့်ဦးမှပါဟု ရင်နု တွေးထားလိုက်သည်။

♦ ♦ ♦

ထိုနေ့ကို ရင်နု မှတ်မှတ်ရရရှိနေဆဲ။ ရင်နုတို့ ဤအိမ်ကြီးသို့ရောက်ရှိသည့်ကာလ တစ်လတင်းတင်းပြည့်သည့်နေ့။ ထိုနေ့တွင် အိမ်ငှားများကို အမှန်အတိုင်း ပြောပြလိုက်ရာ အိမ်ငှားများက ဘုန်းတော်ကြီးပင့်ပြီး အမျှအတန်းပေးဝေသင့်ကြောင်း အကြံပြုသဖြင့် ခင်ဗျန်းသည်ကို ထိုသို့လုပ်ရန် တိုက်တွန်းပြောဆိုကြည့်ခဲ့သည်။ ထင်ထားသည့်အတိုင်း ပါပဲ၊ ရင်နုက မည်မျှပင်တိုက်တွန်းပါစေ ချော့တစ်လှည့် ခြောက်တစ်ချီ ပြောဆိုပါစေ ဘုန်းပြည့်က တုတ်တုတ်မှ မလှုပ်။ အင်းမလုပ် အဲမလုပ် တုံ့ဂိုဘာဝေ။

'ကိုကို..နုပြောတာကို နားထောင်နေရဲ့လား။ ပြောပါဦး။ နုအကြံ ကောင်းရဲ့လား'

'အေးပါ နုရယ်၊ ကိုကို ကြည့်စီစဉ်ပါ့မယ်'

'တော်တော့ ကိုကို၊ ဟိုတလောကလည်း ကြည့်စီစဉ်ပါ့မယ်လို့ပြောပြီး အခုထိ ဘာမှလုပ်ပေးတာလည်း မဟုတ်ဘဲနဲ့။ နုတော့ မလဲ့လဲ့တို့ ပြောတဲ့အတိုင်း လုပ်ဖို့စဉ်းစားထားတယ် ကိုကို။ ဒီတစ်ခါတော့ ကိုကို မငြင်းနဲ့တော့ကွာ'

'နေပါဦး နုရယ်.. နုတို့ကသာ သရဲခြောက်တယ် သရဲတွေ့တယ် ပြောနေတာ။ ကိုကိုဖြင့် ဘာဆိုဘာမှ မတွေ့ဘူး။ အိမ်ကြီးအေးနေတာက အရိပ်အမိုးကောင်းလို့ပေါ့။ အေးစိမ့်နေတာနဲ့ပဲ တစ္ဆေခြောက်တာ ဖြစ်ရရောလား။ နုတို့ မိန်းမသားတွေကိုက အကဲပိုတာ။ အကြောက်လွန်နေကြတာပါကွာ။ ဒီအိမ်မှာ သရဲမရှိပါဘူး'

ဘုန်းပြည့်က ရင်နုအလိုကို မလိုက်ချင်၍ ဇွတ်မိုက်ငြင်းတော့၏။

ဘုန်းပြည့်၏စိတ်ထဲ၌လည်း ယခုချိန်ထိ ဤအိမ်ကြီး၌ တစ္ဆေသရဲရှိနေသည်ဆိုသော အချက်အပေါ် လုံးလုံးမယုံကြည်သေး။ လွန်ခဲ့သည့်တစ်လခန့်က ခရေပင်ကြီးများတွင် ကလေးမလေးတစ်ယောက် ဖျက်ခနဲပျောက်သွားခြင်းကို တွေ့မြင်ခဲ့ရသည်ဆိုပေမယ့် ထိုအချက်တစ်ချက်မျှတွင် တစ္ဆေရှိသည်ဟု လက်မခံနိုင်။ နောက်ပြီး တစ္ဆေရှိရင်တော့ ထိုတစ္ဆေက မိမိကို ထိနိုင်၊ ကိုင်နိုင်၊ အန္တရာယ်ပြုနိုင်မှာတဲ့လား။ ဘာမျှမလုပ်နိုင်သည့်တစ္ဆေကို ကြောက်ရွံ့ပြီး ဘုန်းကြီးမပင့်နိုင်၊ အမျှမဝေချင်။ ခေါင်းမာပြီး သံသယများသည်က ဘုန်းပြည့်၏ဗီဇ မဟုတ်ပါလား။

'ကိုကို့ကို သိပ်စိတ်ကုန်တာပဲ။ ကိုကို့ကသာ အခြောက်မခံရတာ နုတို့မှာဖြင့် နေ့နေ့၊ည၊ည ကြောက်လန့်နေရတာကို သိရဲ့လား။ နု စိတ်ဆင်းရဲနေတာကို ကိုကိုကြည့်နေတယ်ပေါ့'

'ခက်တာပဲ နုရယ်။ ကိုကိုမှ မယုံဘဲနဲ့ဟာ။ ကဲ ဒီတစ္ဆေ ကိုကို့ကိုသာ ကြောက်အောင်ခြောက်ကြည့် ကိုကို ဘုန်းကြီးပင့်ပြီး အမျှဝေပေးမယ်။ ဟုတ်ပြီလား။ ဒီတိုတော်တော့ နု။ ကိုကိုနားတော့မယ်။ တစ်ပတ်နေလို့မှ တစ်ညလေးပဲ ကိုကိုနားရတာ။ ကိုကို့ကို စိတ်ရှုပ်...

www.burmeseclassic.com

www.burmeseclassic.com

လုပ်နဲ့ကွာ'

ဘုန်းပြည့်က စကားကို လက်ကုန်ပြော(အဆုံးထိပြော)ပြီး အိပ်ခန်းဆီသို့ လှည့်ထွက်သွားသည်။ ဟုတ်လည်းဟုတ်၏။ သူ့အလုပ်က တစ်ပတ်လုံး ညဆိုင်းဆင်းရပြီး စနေနေ့တစ်ရက်သာ အလုပ်နားရခြင်းဖြစ်သည်။

နဂိုကတည်းက မိမိစကား အောင်မည်မဟုတ်မှန်းရင်နှင့် ကြိုတွက်ထားမိပေမယ့် တကယ်တမ်းကျ စိတ်မခိုင်။ ချက်ချည်ဝေလျက် ခင်ပွန်းသည်အပေါ် ဒေါသထွက်ရပြီ။ စိတ်ထဲက သရဲရယ်..သူ့ကို မှတ်လောက်အောင် ခြောက်လိုက်စမ်းပါတော်ဟု အမြင်ကတ်ကတ်နှင့် တိုးတိုးတိတ်တိတ် ကျိန်စာတိုက်နေမိ၏။

ဘုန်းပြည့်ကတော့ ရှားပါးလှသည့် တစ်ညတာ အိပ်စက်ခွင့်ကို တစ်ကိုယ်တည်း ကုန်ဆုံးရမည်စိုး၍ ညဉ့်နက်ကာမှ ဇနီးသည်ကို ထွက်ချော့ရမည်ဟုတွေးကာ မှေးခနဲ အိပ်ပျော်သွားတော့သည်။

'ကိုကို..ကိုကို..ထဦး၊ ထပါဦး'

'ဟင်..ဟမ်..ဘာလဲ၊ ဘာလဲ နဲ့'

'ဘာဖြစ်သွားလဲ မသိပါဘူး ကိုကိုရယ်။ ဘေးအိမ်တွေမှာ မီးလာပါရဲ့။ နှုတ်တစ်အိမ်တည်းကွက်ပြီး မီးပျက်သွားလို့။ အဲဒါ Main Switch တစ်ခုခုဖြစ်သလားမသိ။ သွားကြည့်ပေးပါဦး'

တစ်နေကုန် ပင်ပန်းလာသောကြောင့်ဖြစ်မည်။ မှေးခနဲ အိပ်ပျော်သွားလိုက်တာ ဇနီးသည်ရင်နှင့် အတင်းလာနှိုးမှပဲ နိုးတော့၏။ ရင်နာ နဂိုကမှ အသည်းက ငယ်ငယ်ရယ်။ ဆရာ တစ်အိမ်တည်း မီးကွက်ပျက်နေလေတော့ ကြောက်သွေးကြွယ်ကာ အသံတွေပင်တုန်ယင်ချင်နေပြီ။ ဇနီးသည်ပုံစံကိုကြည့်ကာ ဘုန်းပြည့်မှာ အိပ်ချင်စိတ်ပင် ပျောက်ပြယ်သွားရသည်။

'လိုင်းချင်းမတူလို့ ဖြစ်မှာပေါ့ နုရယ်။ ခဏစောင့်ကြည့်ပါဦးလား။ နောက်ပြီး မိုးလည်းချုပ်နေပြီပဲ။ အိပ်ခဲ့လေ'

'နုအတွက်က အရေးမကြီးပါဘူး။ အပေါ်ထပ်က အမျိုးကြီးနှစ်ယောက်အတွက်ပဲ စိုးရိမ်လို့ပါ။ သူတို့ခမျာ ကြောက်ရတဲ့အထဲ မီးကလည်းပျက်နေတော့ သနားပါတယ်။ သွားကြည့်ကြည့်လိုက်ပါ ကိုကိုရယ်'

ရင်နာက ဇွတ်အတင်းသွားကြည့်ခိုင်းနေ၍ ဘုန်းပြည့်လည်း မငြင်းသာတော့ဘဲ အိပ်ရာမှထကာ လက်နှိပ်ဓာတ်မီးတစ်လုံးဖြင့် မြေအောက်ခန်းသို့ ဆင်းလာခဲ့သည်။

♦♦♦

အိမ်ကြီးက ဘိုတဲကြီးဆိုသည့်အတိုင်း အင်္ဂလိပ်လူမျိုးများ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပုံရသည်။ မြန်မာလူမျိုးများထားလေ့မရှိသော မြေအောက်ခန်းကို ဤအိမ်ကြီးတွင် တွေ့မြင်ရသည်။ အိမ်ကြီးကို မွမ်းမံပြင်ဆင်ခဲ့စဉ်က မြေအောက်ခန်းကိုတော့ ပြုပြင်ခြယ်သီခွင့်မရ။ စုဆောင်းထားသည့်ငွေက နည်းပါးနေသဖြင့် အိမ်အပြင်နှင့် အခန်းများကိုသာ ပြင်ဆင်နိုင်ခဲ့ပြီး မြေအောက်ခန်းကိုမူ သည်အတိုင်းထားလိုက်ရသည်။ နောက်ပြီး လူမနေသည့် ဤမြေအောက်ခန်းအတွက် အပိုငွေမကုန်လိုချင်လည်း ယခုလို ဖြစ်သလိုထားထားခြင်း ဖြစ်ရာ အရေးကြုံလာသည့်အခါမှ နောင်တ၊ရရလေ၏။

မြေအောက်ခန်းသည် ပိုးအိမ်ချည်မျှင်တို့ဖြင့် ပေရွပ်ပွနေသည်။ အနံ့အသက်ကလည်း အောက်သိုးသိုးနှင့်။ ပြင်ဆင်ထားခြင်းလည်း မရှိသောကြောင့် ကြမ်းခင်းတို့မှာ ဟောင်းနွမ်းဆွေးမြည့်နေလေရာ ခြေချလိုက်သည့်အခါတိုင်း တကျိကျိ။ အတော့်ကိုဆိုးရွားသည့် အခန်းဟု ဘုန်းပြည့်ကောက်ချက်ချမိရင်း ရှေ့သို့ တစ်လှမ်းချင်း တိုးလာခဲ့သည်။ ဤအိမ်ကို ဆောက်လုပ်ခဲ့သည့် သူများကလည်း ပေါက်ပေါက်ရှာရှာ။ လျှပ်စစ်မိန်းခလုတ်ကို မြေအောက်ခန်းတွင်မှ ထားရက်လေခြင်း။ မိန်းခလုတ်က လှေကားအောက် ချောင်ထဲ၌ တပ်ဆင်ထားခြင်းဖြစ်ရာ ထိုနေရာသို့ ရောက်ရှိရန် ပိုးမျှင်နှင့် စက္ကူပုံအစုတ်အပြာင်းများကို ကျော်လွှားခဲ့ရသည်။ လျှပ်စစ်မီးနှင့်ပတ်သက်လျှင် ဘုန်းပြည့်လည်း နားလည်လှသည် မဟုတ်သဖြင့် ရမ်းသန်းမှန်းဆကာ ပြင်ကြည့်ရမည်သာ။ ပြင်မရလျှင်လည်း မနက်ကျ ပြင်တတ်သည့်သူကို ဖုန်းဆက်ခေါ်ရုံပေါ့။

'ဟင်'

မည်သို့ဖြစ်သည်မသိ မိန်းခလုတ်နားသို့ ရောက်လုရောက်ခင်တွင် မိမိနံဘေးခွဲ တစ်စုံတစ်ယောက်လာရပ်လိုက်သော ခံစားမှုမျိုးကို ဘုန်းပြည့် ခံစားလိုက်ရသည်။ ကြောက်စိတ်ကြောင့်များ ထင်ယောင်ထင်မှားဖြစ်ခြင်းလား။ တစ္ဆေသရဲနှင့် ပတ်သက်သော ပုံပြင်ဇာတ်လမ်း အများစုသည် ကြောက်စိတ်ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု ယခုလည်း မိမိ၏ကြောက်စိတ်ကပဲ ထိုသို့သောခံစားမှုမျိုးကို ထင်ယောင်မြင်ယောင်လာအောင် ဖန်တီးလိုက်ခြင်းလား။ အဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ပါ။ မိမိသည် မကြောက်တတ်သည့်အပြင် မြေအောက်ခန်းသို့ ဆင်းလာစဉ်ကလည်း အလုပ်ကိစ္စပြီးမြောက်ဖို့ကလွဲပြီး အခြားဘာမျှမတွေးတောမိ။ တစ္ဆေသရဲအကြောင်းဆို ဝေလာပေး။ မိန်းခလုတ်နားရောက်မှ ရုတ်တရက် ဗြုန်းခနဲ စိတ်ချောက်ချားလာရခြင်းဖြစ်သည်။

အာ...ဘာမှမဟုတ်ပါဘူးလေ။ စိတ်ထင်လို့ဖြစ်မှာပါ။ ကိုယ့်ကိုယ်ကိုယ် အားပေးရင်း လုပ်စရာ အလုပ်ကိုသာ ခေါင်းထဲတွေးကာ ရှေ့ဆက်တိုးလာခဲ့စဉ် ချောက်ချားစရာဖြစ်ရပ်က တစ်ဆင့်ထက်တိုးခဲ့လေပြီ။

"ဟဲ့...×××၊ ငါ့ခွီးတဲ့မပဲ။ ဘာကြီးလဲဟ"

ဘုန်းပြည့်၏နှုတ်က အယုတ္တအနတ္တ စကားလုံးတချို့ ယောင်ယမ်းထွက်ကုန်ကာ အနောက်ဘက်သို့ ကမန်းကတန်းလှည့်ကြည့်မိသည်။ လက်နှိပ်ဓာတ်မီးအလင်းရောင် မကျစဉ်၌ ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်နှင့်မည်းမည်း။ ဘုန်းပြည့်က ကြောက်တတ်သူ,မဟုတ်။ ဘာမှန်းမသိဖြစ်နေသည်က သာ၍ခံရခက်နေသဖြင့် အခန်းတစ်ဝိုက်ကို လက်နှိပ်ဓာတ်မီးဖြင့် လိုက်ထိုးကြည့်သော်လည်း ဘာဆိုဘာမျှ တွေ့။ ဒါဆိုရင် စောစောက ဘာကြီးလဲ။

စောစောက မိမိ၏ကျောပြင်ကို လာရောက်ပွတ်သပ်သောအရာက ဘာကြီးများဖြစ်လေမလဲ။ အေးစက်စက် လက်လေးတစ်ဖက်ဟူ၍တော့ ဘုန်းပြည့် ခံစားသိရှိလိုက်မိ၏။ စိတ်ထင်ယောင်ထင်မှားဖြစ်ခြင်းမဟုတ်မှန်း မိမိဘာသာ မိမိအသိဆုံး။ ခံစားလိုက်ရသည့် အထိအတွေ့က မီနစ်ပိုင်းမျှသာဆိုပေမယ့် ဘုန်းပြည့်တစ်သက် မမေ့နိုင်။ သေးကွေးပြီး ပျော့စိစိ အေးစက်စက် လက်ကလေးတစ်ဖက်။

ဘုန်းပြည့် ယုံကြည်ရတော့မည်။ ဤအိမ်ကြီးတွင် တစ္ဆေသရဲများ အမှန်တကယ်ရှိနေလေပြီ။ နောက်ပြီး နည်းနည်းလည်း စိုးရိမ်သွားမိသည်။ ထိုသူတို့က ဘာသိဘာသာ မနေကြရုံမက မိမိကိုပါ လာရောက်ထိခဲတွေ့ ကျီစယ်နေကြလေရာ ရှေ့လျှောက် သည်အတိုင်းထားလျှင် ပိုဆိုးမလားဟု မည်သူမျှအာမ,မခံနိုင်ပေ။ သို့ကြောင့် တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဟု ဘုန်းပြည့် ဆုံးဖြတ်လိုက်မိသည်။

♦ ♦ ♦

"ဒီအိမ်ကြီးက ဟိုးအရင်ကတည်းက ရှိနေခဲ့တဲ့အိမ်အိုကြီးပေါ့။ အဘိုးသိသလောက်ပြောရရင် အင်္ဂလိပ်လက်ထက်လောက်ကထင်ရဲ့။ ဒီအိမ်ကြီးက တိဘီအဆုတ်ရောဂါသည်တွေအတွက် ဆေးရုံကြီးဖြစ်ခဲ့တယ်။ ဒီအိမ်ကြီးက ကန်ကြီးနဲ့လည်းနီးတယ်မဟုတ်လား။ ဒီတော့ လေကောင်းလေသန့်လည်းရ၊ ရေအတွက်လည်း မပူရလို့ ဒီအိမ်ကို ဆေးရုံအဖြစ်သတ်မှတ်ခဲ့ကြတာထင်ပါတယ်ကွယ်။ ဒီမှာ ရောဂါသည်တွေကိုနေထိုင်စေပြီး ရောဂါကုသပေးခဲ့တယ်။ ဒါပေမဲ့ ရှေးတုန်းက အခုခေတ်လို ဆေးဝါးကောင်းတွေ မပေါ်ပေါက်သေးတော့ ရောဂါပျောက်ကင်းသူကနည်းနည်း သေတဲ့သူကများများပဲ။ ငါ့မြေးတို့ကတော့ တွေးမှာပဲ တိဘီရောဂါဆိုတာ သေလောက်တဲ့ရောဂါမှ မဟုတ်တာ အခု ခေတ်မှာဆို ဆေးတွေတောင် ဝယ်သောက်စရာမလိုဘဲ အလကားရနေပြဉ်စွာလို့ တွေးကောင်းတွေးမိလိမ့်မယ်။ ငါ့မြေးတို့ မသိလို့ပေါ့။ အဘိုးတို့လက်ထက်ကတော့ တီဘီအဆုတ်ရောင်ရောဂါဆိုတာ ကြောက်စရာအကောင်းဆုံး ကုရာနတ္တိ ဆေးမရှိတဲ့ ရောဂါကြီးကွယ်။ အင်္ဂလိပ်လက်ထက်ဖြစ်တာကြောင့် ဆေးရုံမှာသေဆုံးသွားတဲ့ ရောဂါသည်တွေအတွက် အမျှအတန်းပေးခြင်း မရှိခဲ့ဘူး။ ဒီတော့ ခမျာတွေမှာလည်း သေခါနီး စွဲမိစွဲရာစွဲလမ်းပြီး ဆေးရုံကြီးဖြစ်တဲ့ ဒီအိမ်မှာပဲ တဝဲလည်လည်ဖြစ်နေကြတယ်ထင်တယ်ကောင်းတယ်ကွယ်...အခုလို ဘုန်းကြီးပင့်ပြီး အလှူအတန်းပြု အမျှပေးဝေလိုက်တဲ့အတွက် မကျွတ်လွတ်သေးတဲ့ ပုဂ္ဂိုလ်တွေ ကျွတ်လွတ်သွားကြတော့မှာ။ ကောင်းတယ်ထင်တယ် အဘိုးဝမ်းသာတယ် ငါ့မြေးတွေ။ ကျေးဇူးလည်းတင်တယ်"

ဘိုးဘသောင်းက စကားဆုံးသွားသည့်အခါ ခပ်လှမ်းလှမ်းမှ မိတ္ထီလာကန်တော်ကြီးကို ငေးမောရှုကြည့်နေရာ ဘုန်းပြည့်တို့ဇနီးမောင်နှံဘက်သို့ မျက်နှာလှည့်လိုက်သည်။ ဘိုးဘသောင်း၏မျက်ဝန်းများ၌ မျက်ရည်စတို့ရစ်ဝေသီလ

♦ ♦ ♦

ပတ်ဝန်းကျင်မှ အိမ်နီးချင်းမိတ်ဆွေများကို ဖိတ်ကြားကာ အိမ်သစ်တက်ပွဲ ပြုလုပ်သည့်နေ့တွင် ဘုန်းပြည့် အလုပ်မနန်နေကျ ဦးရွှေမောင်၏ဦးလေး ဘိုးဘသောင်း ရောက်လာခဲ့သည်။ ဦးရွှေမောင်နှင့် ဘုန်းပြည့်က မနှံ့နှင့် တပည့်ဖြစ်ပေမယ့် အစ်ကိုနှင့်ညီလို ရင်းနှီးနေသူဖြစ်ရာ ဦးရွှေမောင်ထံမှတစ်ဆင့် ဘိုးဘသောင်းအကြောကို ဘုန်းပြည့် အတော်အသင့် ကြားဖူးခဲ့သည်။

ဘိုးဘသောင်း၏ အမည်ရင်းက ဦးဘသောင်းမြင့်ပြီး ငယ်စဉ်က ဆင်းရဲသောမိသားစုမှ ပေါက်ဖွားလာဖြစ်ပြီး ကိုယ့်ထူးကိုယ်ချွန်ကာ ကြီးပြင်းကြွယ်ဝလာသူ ဖြစ်သော်။ ယခုအခါမှီနှင့်တွင် အသက်(၉၀)ကျော်နေပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လည်း ငယ်စဉ်ကကဲ့သို့ပင် စိတ်သွားတိုင်း ကိုယ်ပါနေဆဲ။

ယခုလည်း ဦးရွှေမောင်က မိတ္ထိလာကန်နားက တီဘီဆေးရုံဟောင်းအိမ်ကြီးမှာ အလှူလုပ်မည်ဟု ကြားသိရ၍ ဦးရွှေမောင်နှင့်အတူ လိုက်ပါလာခဲ့ပြီး အတိတ်ဖြစ်ရပ်များကို အိမ်ရှင်လင်မယား သိရှိနိုင်စေရန် ပြန်ပြောပြနေခြင်းဖြစ်၏။

"ဩော်...ဒါကြောင့် အသက်ရှူကျပ်နေတဲ့ အသံကြီးကို ကြားကြားနေရတာကိုး။ ဖြစ်ရလေရှင်၊ ကြားရတာ စိတ်မကောင်းလိုက်တာနော်"

ရင်နုက ပြောလည်းပြော ရစ်ဝဲနေသော မျက်ရည်များကိုလည်း မျက်တောင်ပုတ်ခတ်, ပုတ်ခတ်လုပ်ကာ မငိုမိအောင် ချုပ်ထိန်းနေသည့်အခိုက် ဘုန်းပြည့်ကတော့ ထိုတစ္ဆေသရဲလေးများ၏ ဇာတ်ကြောင်းထက် ဘိုးဘသောင်း၏ အမူအရာကိုသာ စိတ်ဝင်စားနေလေသည်။ ဒီအကြောင်းလေး ပြောတာနဲ့များ ဘာဖြစ်လို့ ဒီအဘိုးကြီး မျက်ရည်ဝဲပြီး ငိုမလိုဖြစ်နေရပါလိမ့်။ ရင်နုကတော့ မိန်းမသားမို့ မျက်ရည်ဝဲတာ ထားပါတော့။ သူက ယောကျ်ားရင့်မာကြီး။ နောက်ပြီး အဘိုးကြီးအရွယ်။ ဒါနဲ့များ အသည်းနင်ယ်နေရသေး။ နောက်ပြီး ကျေးဇူးတင်တယ်တဲ့။ သူနဲ့ ဘာဆိုင်လို့တုံး စသဖြင့် အတွင်းစိတ်၌ ကြိတ်ဝေဖန်နေ၏။

အသက်အရွယ်ကြောင့် အကဲခတ်ပညာကို တတ်ကျွမ်းနေပြီဖြစ်သော ဘိုးဘသောင်းက ဘုန်းပြည့်၏ မျက်နှာကို တစ်ချက်ကြည့်ပြီး ဘုန်းပြည့်၏ ရင်ထဲက စကားလုံးများကို ကြားနာသဘောပေါက်သွားပုံရသည်။

"ငါ့မြေးက အဘိုးပြောလိုက်တဲ့ ကျေးဇူးတင်ပါတယ် ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကို နားမလည်ဖြစ်နေတာ မဟုတ်လား"

"ဟို...ဟုတ်ပါတယ် အဘိုး။ အဘိုးက ဘာဖြစ်လို့ ကျေးဇူးတင်ရတာလဲ"

"သေဆုံးပြီး မကျွတ်မလွတ်ဖြစ်နေတဲ့အထဲမှာ အဘိုးရဲ့ ညီမလေးလည်း ပါတယ်လေ။ စောစောက ငါ့မြေး ရွှေမောင့်ကို ပြောနေတုန်းက အဘိုးကြားလိုက်တယ်။ ဂါဝန်ပန်းရောင်လေးနဲ့ ကလေးမလေးဆိုတာလေ။ အဲဒါ အဘိုးရဲ့ ညီမလေးပေါ့"

"ဗျာ...ဟုတ်...ဟုတ်လို့လားအဘိုးရယ်"

"ဟုတ်ပါကောလားကွာ။ အချိန်တွေသာ ကြာချင်ကြာသွားလိမ့်မယ်။ အဘိုးတော့ အဘိုးရဲ့ ညီမလေးကို ဘယ်တော့မှမမေ့ဘူး။ သူဆုံးသွားတုန်းက ဂါဝန်ပန်းရောင်လေးနဲ့ပေါ့။ သူရဲ့နောက်ဆုံးအချိန်ကို အဘိုး ကြည့်ခွင့်မရခဲ့ဘူး။ ရောဂါအကူးခံရမှာစိုးလို့ အနားကိုတောင် လာခွင့်မပေးကြဘူးလေ။ သူခမျာ အထီးကျန်တဲ့ဘုဝနဲ့ တစ်ယောက်တည်း သေဆုံးခဲ့ရတာ။ တကယ်တော့ အားလုံးဟာ အဘိုးရဲ့အပြစ်တွေပါ။ အဘိုးနဲ့သူက (၁၀)နှစ်လောက်ကွာတယ်။ အကယ်လို့ အဘိုးသာ သူ့ကိုဂရုစိုက်စောင့်ရှောက်ခဲ့ရင် ဒီရောဂါဆိုးကြီးကို သူခံစားရမှာ မဟုတ်ဘူး။ ဒါပေမဲ့ အဘိုးကတော့...အဘိုးကတော့ တစ်ဦးတည်းသော ညီမလေးကို ပစ်ပယ်ထားခဲ့မိတယ်။ ဒါကြောင့်လည်း နေထိုင်မကောင်းဖြစ်ပြီး ဒီရောဂါဆိုးကြီးရဲ့ နှိပ်စက်မှုအောက်မှာ သူ လည်စင်းပေးခဲ့ရတာ။ ဒါကိုတော့ ဒီတစ်သက် အဘိုး မေ့နိုင်မယ်မထင်ပါဘူးကွယ်။ ဒီအတိတ်ဆိုးကြီးက အမြဲတမ်းခြောက်လှန့်နေခဲ့တာ။ မင်းတို့ တစ္ဆေအခြောက်ခံရတာထက် ဆယ်ဆမက ဆိုးပေါ့။ ညီမလေး ကျွတ်လွတ်ပါ့မလားဆိုတဲ့အတွေးကြောင့် အဘိုး တစ်ရက်မှ မပျော်နိုင်ခဲ့ဘူး။ အခုတော့ အဘိုး စိတ်ချမ်းသာသွားရပြီ။ ဒါကြောင့်မို့ မင်းတို့ကို အဘိုး ကျေးဇူးတင်နေတာ။ အခုလောက်ဆို အဘိုးရဲ့ညီမလေး မြင့်မြတ်ရာဘုံဘဝတစ်ခုခုကို ရောက်ရှိသွားလောက်ရောပေါ့။ အဘိုး သေပျော်ပါပြီ၊ သေပျော်ပါပြီကွယ်"

"ဖြစ်ရလေ အဘိုးရယ်"

ထိုရေရွတ်သံတိုးတိုးက ဘုန်းပြည့်နှင့် ရင်နုတို့ထံမှ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာခဲ့သည့် ကရုဏာစကား။

အသက်(၉၀)ကျော် အဘိုးကြီးတစ်ယောက်၏ ရင်ထဲက ခံစားချက်များကို လိုက်မခံစားတတ်ပေမယ့် ကိုယ်ချင်းတော့စာကြည့်နိုင်သည်။ နှစ်ပေါင်းများစွာ ဖိစီးလာခဲ့သည့် အစ်ကိုတစ်ယောက်၏ တာဝန်မကျေသောစိတ်။ ထိုခံစားမှုမျိုးကို ဘုန်းပြည့်ရော ရင်နုပါ မတွေ့ကြုံလိုပါ။ သို့ကြောင့် နှစ်ဦးသား ဆုံးဖြတ်ချက်တစ်ခုကို လျင်စွာဆုံးဖြတ်လိုက်ကာ တစ်ဦးမျက်နှာကို တစ်ဦးလှည့်ကြည့်လိုက်ကြသည်။ တစ်ချိန်တည်း ဆုံးဖြတ်လိုက်ခြင်းဖြစ်သောကြောင့် လှည့်ကြည့်လိုက်သည့်အခါတွင် တစ်ဦးနှင့်တစ်ဦး အကြည့်ချင်းဆုံသွားခဲ့သည်။ သို့ကြောင့် နှစ်ယောက်လုံး၏နှုတ်ခမ်း၌ အပြုံးချို ချိုတို့ လင်းလက်သွားခဲ့၏။ သူတို့ ဆုံးဖြတ်လိုက်သည်က ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် နေထိုင်သွားတော့မည်ဟူ၍...။

စေတနာရှေ့ထားလေး

ဂျဉ်းဖန်းကို

www.burmeseclassic.com

www.burmeseclassic.com

အထက်ချင်းတွင်းဒေသရှိ (...)ရွာကလေးမှာ တော်လှန်ရေးကောင်စီတက်ခါစ (၁၉၆၂)ခုနှစ်လောက်ကအထိ မီးရထား၊ ကား၊ ဆိုက်ကား၊ မြင်းလှည်း အစရှိသည်တို့ကို မြင်ဖူးခဲ့ကြသူများ မဟုတ်ပါ။ (ပြောရလျှင် ယခုချိန်ထိ မမြင်ဖူးသူများ ရှိနေကြပါသေးသည်။ စကားချပ်) တောင်သူလယ်သမားများဖြစ်ကြပြီး ရိုးသားစွာဖြင့် လုပ်ကိုင်စားသောက်ကြသည်။

မိမိတို့ ယုံကြည်ကိုးကွယ်လျက်ရှိသော ဗုဒ္ဓဘာသာ၏ တရားတော်များကို ရိုသေလေးစား ကိုင်းရှိုင်းကြသလို မိရိုးဖလာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကိုလည်း လေးစားလိုက်နာကြသည်။ သို့ဖြစ်၍လည်း လပြည့်,လကွယ်လို အဖိတ်,ဥပုသ်နေ့ရက်များတွင် သီလစောင့်သူက စောင့်ကြသည်။ မစောင့်ကြသူများကလည်း မိမိတို့၏ လယ်ယာလုပ်ငန်းခွင်တွင် မည်သူကမှ သွားပြီး ထွန်ယက်ခြင်း၊ စိုက်ပျိုး



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ရိတ်သိမ်းခြင်း အစရှိသည်များကို မပြုလုပ်ကြပါ။ ထိုနေ့,ထိုရက်များတွင် လူရော ကျွဲ,နွားများပါ အနားရကြတော့သည်။

ထိုကဲ့သို့ကျင့်သုံးလာခဲ့သည်မှာ ယခုမှမဟုတ်။ ရှေးက ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့၏ လက်ထက်ကတည်းကပင်ဖြစ်သည်။ အဘယ်ကြောင့် ထိုကဲ့သို့ကျင့်သုံးခဲ့ကြသည်ဆိုခြင်းကိုမူ မည်သူကမှ အတပ်မပြောနိုင်ကြ။ အတပ်မပြောနိုင်ပါသော်လည်း လိုအပ်ခဲ့၍သာ ဤကဲ့သို့ကျင့်သုံးခဲ့ရခြင်းဖြစ်ဟန်တူပါသည်။ ကြာသောအခါ ရပ်ခလေ့၊ ရွာခလေ့၊ ဒေသခလေ့ကဲ့သို့ ဆက်လက်ပြီး ရှိနေခဲ့ကြရပါလေတော့သည်။

လယ်ယာလုပ်ငန်းခွင်သို့ လုပ်ကိုင်ကြရသောအခါတွင်လည်း ကျွဲ,နွားများနှင့်သာ ထွန်ယက်စိုက်ပျိုးပြီး လုပ်ကိုင်ကြရသည်။ ခေတ်မီစက်ယန္တရားများဖြစ်သော လယ်ထွန်စက်ကြီးများဖြင့် လုပ်ကိုင်ကြရသည်မဟုတ်။ လယ်ထွန်စက်ဆိုသည်ကို ကြားဖူးရုံသာကြားဖူးကြသည်။ မြင်ဖူးသူဟူ၍မရှိ။ စာအုပ်ထဲက အရုပ်ပုံများလောက်ကိုတော့ မြင်ဖူးကြသည်။

တစ်နေ့သောအခါ မြို့ပေါ်က တာဝန်ရှိသူများ ရောက်ရှိလာကြပြီး ကျေးရွာအုပ်စုတစ်စုလျှင် လယ်ထွန်စက်တစ်စီးစီ ရောင်းပေးမည်။ တစ်ဦးချင်းအတွက်ကိုတော့ မရောင်းပါ။ ဝယ်လိုက မုံရွာသို့သွားပြီး ဝယ်ပေးမည်ဖြစ်ကြောင်း၊ လာရောက်ပြောဆိုသောအခါ တစ်ရွာလုံး၊ တစ်အုပ်စုလုံးက စမ်းသာမဆုံး ဖြစ်ကြရတော့သည်။ အဆိုပါ လယ်ထွန်စက်ကြီးကို တစ်ဦးချင်းဝယ်ယူဖို့ဆိုသည်မှာလည်း ငွေကြေးအားဖြင့် လွယ်ကူသည့်ကိစ္စမဟုတ်ပါ။

ကျေးရွာလေးရွာဖြင့် စုဖွဲ့ထားသော ကျေးရွာအုပ်စုအနေဖြင့်မူ ဝယ်ယူနိုင်ပါသည်။ သို့ဖြစ်၍ ဝယ်ယူရန် သဘောတူဆုံးဖြတ်ပြီး စာရင်းပေးလိုက်ကြသည်။ ခက်သည်က အဆိုပါလယ်ထွန်စက်ကြီး ရောက်လာသည့်အခါ မောင်းတတ်သူ မရှိ။ ဤသည်ကိုလည်း မြို့ပေါ်က ရောက်လာသော တာဝန်ရှိသူများက ထိုအတွက်လည်း စိတ်ပူစရာ မရှိ။ မုံရွာမြို့မှာပင် ကားမောင်းလိုသူအား သင်တန်းပေးမည်ဟု ဆိုလာပါသည်။ သို့ဖြင့် ကားမောင်းလိုသူများကို စာရင်းကောက်ပြီး လူရွေးကြသောအခါ ကျေးရွာတွင် အမြဲတမ်းလိုလို တက်တက်ကြွကြွဖြင့် ပါဝင်လုပ်ကိုင်ဆောင်ရွက်တတ်သော လူပျိုလူလွတ် အားကောင်းမောင်းသန် ကိုသိန်းကျော်ကို ရွေးချယ်လိုက်ကြသည်။ သူသည် တစ်ခါတစ်ရံ တစ်ဇွတ်ထိုး တစောက်ကန်း လုပ်တတ်သော်လည်း စိတ်ရင်းကောင်းသူဖြစ်သည်။

အုပ်စုသူကြီး ဦးမောင်ကြီးက မြို့မှရောက်လာသော ပုဂ္ဂိုလ်များနှင့် အသေးစိတ်တိုင်ပင်ညှိနှိုင်းကြပြီးသောအခါ တာဝန်ရှိသူများကလည်း မြို့ကိုပြန်သွားကြ၏။ ကျန်ရစ်ခဲ့သော အုပ်စုသူကြီးမှာလည်း အုပ်စုရန်ပုံငွေ၏ အထောက်အပံ့ဖြင့် ကိုသိန်းကျော်အား မုံရွာသို့ လယ်ထွန်စက်မောင်းသင်တန်း တက်ရောက်ရန် စေလွှတ်လိုက်ပါတော့သည်။

ရွာသူရွာသားများမှာ မိမိတို့မမြင်ဖူးသော လယ်ထွန်စက်ကြီးကို ယခုတော့ဖြင့် မကြာခင်မြင်တွေ့ရတော့မည်ဖြစ်၍ မျှော်တလင့်လင့်ဖြစ်နေကြရတော့သည်။ လယ်ထွန်စက်ကြီးကတော့ဖြင့် ရောက်မလာသေး။ ရောက်လာသည်နှင့် မိမိတို့၏မြေကွက်ကို အမြန်ဆုံး၊ အရင်ဆုံး လာရောက်ထွန်ယက်ပေးပါရန် ကျေးရွာအုပ်စုသူကြီးအား ကြိုတင်စာရင်းပေးသူက ပေးထားကြ၏။

အဆိုပါလေးရွာတစ်အုပ်စုမှာ ရွာချင်းကသာ တစ်ရွာနှင့်တစ်ရွာ အနည်းငယ်မျှလှမ်းသော်လည်း လုပ်ကိုင်ရသော လယ်မြေများမှာတော့ တစ်နေရာတည်းလိုမျိုး ဖြစ်နေပါသည်။ လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရသောအခါ မိမိတို့ထွန်ယက်စိုက်ပျိုးရမည့် လယ်ယာမြေများတွင် တဲအိမ်ကြီးများထိုးကာ ညဉ့်အိပ်ညဉ့်နေ လာရောက်ပြီး လုပ်ကိုင်ကြရသည်။ ရိက္ခာကုန်သောအခါ ရွာသို့ ပြန်ယူကြသည်။

မကြာမီလပိုင်းအတွင်းမှာပင် ရွာသူရွာသားများ မျှော်လင့်စောင့်စားနေသော လယ်ထွန်စက်ကြီးမှာ စီစီဘီသင်္ဘောဖြင့် ရောက်ရှိလာခဲ့ကြပါတော့သည်။ ကားမောင်းမည့်သူ ကိုသိန်းကျော်လည်း ပြန်လည်လိုက်ပါလာခဲ့သည်။ လယ်ထွန်စက်ကြီး ရွာပေါ်သို့ ရောက်လာသောအခါ ရွာသူရွာသားများက ဝိုင်းအုံပြီးကြည့်ကြသည်။ သက်ကြီးရွယ်အို အဘိုး, အဘွားများပါမကျန် လာရောက်ပြီးကြည့်ကြသည်။ ကလေးသူငယ် ပုစုခရုများလည်း ပါသည်။ ထိုအခါ ကိုသိန်းကျော်က ရွာလယ်လမ်းမတစ်လျှောက်သို့ လေး,ငါးခါမက မောင်းပြရသည်။ ရွာသူရွာသားများကတော့ ဝမ်းသာမဆုံး တပြုံးပြုံးဖြစ်နေကြရတော့သည်။ ကျောင်းသုံးဖတ်စာအုပ်လောက်မှာသာ မြင်တွေ့ဖူးခဲ့ရသော လယ်ထွန်စက်ကြီး ခုတော့ ရွာကို ရောက်ခဲ့ပြီ။

တစ်သက်နှင့်တစ်ကိုယ် ထိုကဲ့သို့ လယ်ထွန်စက်မျိုး

www.burmeseclassic.com

ကုန်းပေါ်သို့မောင်းနှင်နေခြင်းကို ယခုမှသာ အပြင်မှာ လက်တွေ့မျက်တွေ့ မြင်တွေ့နေရသည်ဖြစ်၍ အံ့သြမဆုံးဖြစ်ကြရတော့သည်။ တစ်ခါတစ်ရံ မြို့ပေါ်ရောက်၍ ရုပ်ရှင်ကြည့်ဖြစ်သည့်အခါ ရုပ်ရှင်ပိတ်ကားတွေပေါ်မှာတော့ ထိုကဲ့သို့ ကားမျိုး မောင်းနေသည်ကို မြင်တွေ့ရတတ်သည်။ သို့သော်လည်း ပိတ်ကားပေါ်မှာသာဖြစ်သည်။ အပြင်မှာမဟုတ်၊ အပြင်မှာ မမြင်ဖူးကြ။ ယခုတော့ မြင်ဖူးကြရပြီ။ ပြီးတော့ အဆိုပါလယ်ထွန်စက်ကြီးမှာ မိမိတို့ကျေးရွာအုပ်စုအုပိုင်ဖြစ်သည်။ သို့ဖြစ်၍ ပိုပြီးဂုဏ်ယူမိကြသည်။ သို့ဖြစ်၍ ထိုကဲ့သို့ဖြစ်လာအောင် စီစဉ်ပေးသော မြို့ပေါ်မှ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း အထူးတလည်ကျေးဇူးတင်ကြရတော့သည်။

လူကြီးသူမများ ပြောစကားတစ်ခုကို ကြားဖူးပါသည်။ တစ်အားရယ်ရပြီးရင် ငိုရတတ်သည်ဟူ၏။ ယခုလည်း အဆိုပါ လယ်ထွန်စက်ကြီး ရောက်ရှိလာသည့်အတွက် ပျော်ရွှင်ဝမ်းသာဂုဏ်ယူပြီး ရယ်ကြမောကြ၊ ပြောကြဆိုကြ လုပ်နေကြသည်။ ထိုကဲ့သို့ ပြောဆိုရယ်မောဖြစ်ပြီးသည်၏ နောက်ဆက်တွဲပြဿနာကား ဘယ်အချိန်ရောက်လာမည်ကို မည်သူမျှ ကြိုတင်ပြီး မသိနိုင်ကြပါပေ။

ကားရောက်လာပြီးသောအခါ တရော်ကင်ပွန်းများဖြင့် ဆေးကြောသုတ်သင်စေကာ နေ့ကောင်းရက်သာများကိုရွေးပြီး လုပ်ငန်းခွင်သို့ ဝင်စေပါတော့သည်။ ကျေးရွာအုပ်စုအတွင်းရှိ တာဝန်ရှိသူများက စုစည်းဆုံးဖြတ်ကာ သက်သာသောနှုန်းထားဖြင့် အလှည့်ကျ ထွန်ယက်ပေးစေပါသည်။ ထွန်စက်မောင်းသူကိုလည်း အချိုးကျပေးစေပါသည်။

ထိုကဲ့သို့ သွားရောက်ထွန်ယက်ပေးရသောအခါမျိုးတွင် ရွာသူရွာသားများက မိမိတို့၏ အိမ်အလုပ်များကို အပျက်ခံကာ နေပူကျဲတဲတွင် မတ်တတ်ရပ်ပြီး သွားကြည့်ကြသူက ကြည့်ကြသည်။ ကားမောင်းသူ ကိုသိန်းကျော်မှာလည်း လူပုံအလယ်တွင် ဟန်ပါပါဖြင့် မောင်းနှင်ထွန်ယက်ပြရသည်မှာ ထမင်းမေ့ဟင်းမေ့မတတ်ဖြစ်ရသည်။ အခင်းရှင်များကလည်း မိမိတို့၏ လယ်ယာမြေများကို ကျဲ၊နွားများဖြင့် ရက်အတန်ကြာအောင် ထွန်ယက်ရမည့်ကိစ္စတွင် ယခုနာရီပိုင်းအတွင်းနှင့် ပြီးဆုံးသွားရသည်ကို ဝမ်းသာမဆုံးဖြစ်ရသည်။ ကားမောင်းသူကိုလည်း ထမင်းကောင်းကောင်း၊ ဟင်းကောင်းကောင်းဖြင့် ချက်ပြုတ်ပြီး ကျွေးကြသည်။ ထိုအခါ ကိုသိန်းကျော်ကလည်း စေတနာပြန်ထားပြီး ထွန်ရေးညက်သထက်ညက်အောင် အတတ်နိုင်ဆုံး ထွန်ယက်ပေးတတ်သည်။

ကိုသိန်းကျော်မှာ ရွာသူရွာသားတို့အလယ်တွင် အတော်ကလေးမျက်နှာပန်းပွင့်နေသော ကာလဟု ဆိုရပေမည်။ နောက်တွင်တွဲထားသော ထွန်သွားထယ်သွားများကို လိုအပ်သလို တင်လိုက်ချလိုက်၊ ကားကိုလည်း လိုအပ်သလို ဘယ်ကွေ့ညာကွေ့ ရှေ့တိုးနောက်ဆုတ်ဖြင့် မောင်းပြနေရသည်မှာ မမောနိုင်မပန်းနိုင် ဖြစ်ရတော့သည်။ သို့ဖြစ်၍ ကျေးရွာ၏ ဓလေ့တစ်ခုဖြစ်သော အဖိတ်နေ့၊ ဥပုသ်လိုနေ့မျိုးကိုပင် သူက မရောက်စေချင်၊ မရှိစေချင်တော့ပါ။ အမြဲတမ်း နေ့စဉ်နဲ့အမျှ ကားမောင်းလိုသည်။ ထွန်ယက်လိုသည်။ ထို့အခါ သူ့အနေဖြင့်လည်း လယ်မြေဧက်အလိုက် သတ်မှတ်ထားသော ငွေကြေးရာခိုင်နှုန်းကို ရမည်။ ပြီးတော့ ထမင်းကောင်း၊ဟင်းကောင်း စားရမည်။ ထို့ထက်ပို၍ ရွာသူရွာသားများ၏ ဝိုင်းဝန်းအားပေးချီးကျူးခြင်းကိုပါ ခံရမည့်အပြင် ရွာထဲက အချောအလှတို့၏ မျက်နှာသာပေးမှုကိုပါ ရရှိနိုင်သေး၏။

သို့ဖြင့် သူသည် တစ်နေ့သောလပြည့်နေ့(ဥပုသ်နေ့)၏ နံနက်စောစောတွင် တစ်ယောက်တည်း လယ်ထွန်စက်ရပ်နားထားရာဆီသို့ ထွက်လာခဲ့သည်။ လယ်ထွန်စက်မှာ ရွာ၏အောက်ပိုင်း သခ္ခိုင်းကုန်းအလွန်တွင် ရပ်နားထားခြင်းဖြစ်သည်။ သူ၏အစီအစဉ်မှာ အဆိုပါ လယ်ထွန်စက်ဖြင့် သူ၏ကိုယ်ပိုင်အခင်းတွင် ထွန်ယက်ရန်ဖြစ်သည်။ အခြားသူများ၏ အခင်းကွက်ဆိုလျှင် အခင်းပိုင်ရှင်များက လက်ခံကြမည်မဟုတ်။ အကြောင်းမှာ တင်ပြခဲ့သည့်အတိုင်းပင် လပြည့်၊ လကွယ်လို ဥပုသ်နေ့များတွင် မည်သူကမှ ထွန်ယက်စိုက်ပျိုးခြင်းများကို မပြုလုပ်ကြ၍ပါတည်း။

ခုတော့ ကန့်ကွက်မည့်သူ မိအို၊ဖအို နှစ်ယောက်စလုံးသည့်ကြားက သူ တိတ်တဆိတ်ထွက်လာခြင်းဖြစ်သည်။ ကားမှာ အရှေ့အရပ်ကို ဦးတည်ပြီး လှည်းလမ်းကြောင်းတွင် ရပ်နားထားခြင်းဖြစ်သည်။ သူ၏မြေပဲခင်းမှာ အနောက်အရပ်ဘက်တွင်ရှိသည်။ သို့ဖြစ်၍ ကားကို အနောက်အရပ်သို့ ပြန်လှည့်ရပေမည်။ ထို့အခါ ကား၏ဘယ်ဘက်အခြမ်းကပ်လျက်မှာတော့ အခင်းခြံစည်းရိုးများက ရှိနေသည်။ ကား၏ ညာဘက်အခြမ်းမှာတော့ ရွာက သောက်သုံးသော ရေချောင်းရှိသည်။ အဆိုပါရေချောင်းရှိသည့်အခြမ်းတွင် လူတစ်ရပ်ကျော်ကျော်လောက်မြင့်သော ကမ်းပါးယံက ရှိနေသည်။ ထိုကမ်းပါးယံနှင့် ရေရှိသောချောင်း

www.burmeseclassic.com

www.burmeseclassic.com

ရာနဲ့က ဝါးနှစ်ပြန်သာသာခန့် ဝေးသည်။

ဒီတော့ ကားကို စက်ရှိုးပြီး ရှေ့တိုးနောက်ဆုတ်ဖြင့် ကားဇာ ဦးခေါင်းပိုင်းအား အနောက်အရပ်ဘက်ရှိရာဆီသို့ လှည့်ပေးနေရသည်။ ခြံစည်းရိုးရှိသည့်နေရာနှင့် ကမ်းပါးယံရှိသည့် နေရာတို့၏ အကွာအဝေးမှာလည်း ဝါးနှစ်ပြန်ခန့် သာရှိ၍ ခေါက်တုံ့ခေါက်ပြန် ရှေ့တိုးနောက်ဆုတ်ဖြင့် မောင်းပြီး လှည့်နေရသည်။ တစ်ကြိမ်တွင်မူကား ထိုနောက်ဆုတ်လာရင်း နောက်ကားဘီးတစ်ဘီးက ကမ်းပါးယံနားကပ်လာသည်။ ဤသည်ကို ရုတ်သေးသည်အထင်နဲ့ နောက်သို့ အနည်းငယ်ထပ်မံပြီး ဆုတ်လိုက်ရာ ကားဘီးတစ်ဘီးက ကမ်းပါးယံကို သွားနင်းမိသဖြင့် ကမ်းပါးယံမြေများပြိုကျကာ ကားဘီးမှာလည်း အောက်သို့ အနည်းငယ်ကျဆင်းသွားရပါတော့သည်။

ကိုသိန်းကျော်က ကားကို ဘရိတ်အုပ်ပြီး နောက်တစ်ဖန် ရှေ့ကိုပြန်မောင်းကြည့်ရာ ကားဘီးက အပေါ်သို့ပြန်တက်မလာတော့သည့်အပြင် နောက်ထပ်တစ်ဘီးပါ ကမ်းပါးယံမြေများပဲ့ကျကာ ထပ်ပြီးပြုတ်ကျပြန်လေသည်။ ထိုမျှအထိ ကိုသိန်းကျော်က ကိုယ်လွတ်ရုန်းပြီး ခုန်ချလျှင် လွတ်နိုင်သေး၏။ သို့သော် ကားတစ်စီးလုံး၏ အနာဂတ်ကံကြမ္မာကတော့ မတွေးပဲ့စရာပါ။ ပြီးတော့ သူ့အနေနဲ့ ကိုယ်လွတ်ရုန်းပြီး ကားတစ်စီးလုံး ပျက်စီးသွားရမည့် အရေးကိုလည်း မမြင်လို။ အဆိုးဆုံးကတော့ လူတကာပြစ်တင်ကဲ့ရဲ့ခြင်းမျိုးကို သူက မခံယူလိုပါ။ အနီးအနားတွင် အကူအညီတောင်းရအောင်ကလည်း မည်သူမျှမရှိ။

သို့ဖြင့် သူက မြူတွေဆိုင်းပြီး အေးစက်လှသည့် ဆောင်းရာသီ၏ နံနက်ခင်းအခါသမယတွင် ချွေးပြန်နေအောင် အမျိုးမျိုးကြိုးစားပြီး ပြန်တက်နိုင်အောင် လုပ်ဆောင်နေသည်။ သို့သော် လှုပ်လေမြှုပ်လေဆိုသကဲ့သို့ နောက်ကားဘီး နှစ်ဘီးစလုံးမှာ တဖြည်းဖြည်းချင်း အောက်ကိုပြုတ်ကျကာ နောက်ဆုံးမှာတော့ ကားကြီးတစ်စီးလုံး ကမ်းပါးယံအောက်သို့ ပြုတ်ကျသွားပါတော့သည်။

အောက်ကို ရောက်သောအခါ ကားကြီးတစ်စီးလုံးမှာ ဝိုးလိုးပက်လက်လန်နေပြီး ကားမောင်းသူ ကိုသိန်းကျော်မှာတော့ ကားအောက်ကိုရောက်ကာ အသက်ပါပျောက်ခဲ့ရပါတော့သည်။ ထိုဖြစ်စဉ်ကို ရွာတွင်ရှိနေကြသောသူများက ညည်သူမှ မသိလိုက်ကြပါ။

မြေပဲခင်းထဲတွင် ညအိပ်ညနေ သွားပြီးနေကြသောသူများက နံနက်မိုးလင်း၍ ရွာသို့ပြန်လာသောအခါမှ မြင်တွေ့ပြီး သိကြရလေတော့သည်။ မြင်တွေ့ကြရသူများက ရွာသို့ ဖုတ်ပူမီးတိုက် ကတိုက်ကရိုက်ဖြင့် ပြန်ပြေးလာကြပြီး သူ၏မိဘ,ဆွေမျိုးသားချင်းများနှင့် ကျေးရွာလူကြီးအား အကြောင်းကြားကြသောအခါမှ ရွာရှိလူများက ပြေးထွက်လာပြီး ဆွဲထုတ်ကြရသည်။ အသက်ကတော့ မရှိတော့ပါ။ ရွာ၏ထုံးစံအရ အလောင်းကို ရွာထဲသို့ပင် ပြန်ဆောင်မခံဘဲ လက်ရှိနေရာတွင်သာ ထားကြရသည်။

ကျန်ရစ်ခဲ့ရသူ မိဘနှစ်ပါးမှာတော့ ပဋ္ဌာမြေလူးဖြစ်ကြရတော့သည်။ ကံ,ကံ၏အကျိုးဆိုသည်မှာ ရှိနိုင်ပါသည်။ သို့ပါသော်လည်း ကံကိုယုံပြီး ဆူးပုံမနင်းနဲ့ဆိုသော ဆိုရိုးစကားကလည်း ရှိသည်သာ။ သို့ဖြစ်၍ အသက်ဉာဏ်စောင့်ဆိုသည့်အတိုင်း ဆင်ခြင်တတ်သော မိမိတို့၏အတွေးအခေါ်၊ အသိဉာဏ်တို့ဖြင့်ပါ ပေါင်းစပ်ပြီး အသက်ရှင်ရပ်တည်နိုင်ရမှုအတွက် ကြိုးစားသင့်ကြပါသည်။

ထိုကဲ့သို့ ကြိုးစားလုံ့လပြုရသည့်နေရာတွင် ရှေးရိုးအစဉ်အလာလိုပဲဆိုဆို ရပ်ဓလေ့,ရွာဓလေ့ကိုပဲပြောပြော ရှေးလူကြီးသူမများ၏ လက်ဆင့်ကမ်းအဖြစ် တားမြစ်ခဲ့သော ဆောင်ရန်,ရှောင်ရန် အချက်များကိုပါ ဆောင်ဖို့,ရှောင်ဖို့လိုပါသည်။ ရှေးလူကြီးသူမများ ပြောဆိုတားမြစ်ခဲ့သော ရပ်ဓလေ့,ရွာဓလေ့၏ ဆောင်ရန်,ရှောင်ရန် အချက်များ ဆိုသည်မှာလည်း အကြောင်းမဲ့သက်သက်တော့ ထားခဲ့ဟန်မတူပါ။ တိုက်ဆိုင်မှုပေါင်းများစွာကို ကြုံတွေ့ခဲ့ရပြီးကာမှ ပြောဆိုတားမြစ်ခဲ့ကြခြင်းသာ ဖြစ်နိုင်ပါသည်။

အကြောင်းနှင့်အကျိုး အကျိုးနဲ့အကြောင်း ရှိခဲ့၍သာ ထားခဲ့ကြခြင်းသာဖြစ်ပါမည်။ ဤသည်ကိုမလိုက်နာမိပါက မိမိတို့၏ကံကြမ္မာ မြင့်မားနေသည့်အခါမျိုးတွင် ထိခိုက်နစ်နာဆုံးရှုံးရမှုများ ရှိချင်မှရှိပါမည်။ သို့သော်လည်း မိမိတို့

www.burmeseclassic.com

www.burmeseclassic.com

ကံကြမ္မာနိမ့်ပါးနေသည့်အခါမျိုးနဲ့ သွားပြီးတိုက်ဆိုင်နေပါက မိမိတို့အတွက် အကျိုးယုတ်နိုင်သည်ကို သတိပြုရန် လိုအပ်လှပါသည်။ ကံကြမ္မာ၏ အနိမ့်အမြင့်ကို ကျွန်ုပ်တို့ သာမန်လူတွေက သိနိုင်ကြသည်မဟုတ်ပါ။

ယခုဖြစ်စဉ်ကိုကြည့်ပါက ထိုနေ့ထိုရက်ကို ရောင်ကြဉ် လိုက်ရုံနဲ့ မိမိအတွက် ဘယ်လောက်မျှဆုံးရှုံးနစ်နာသွားခဲ့ရသည်လည်းမဟုတ်ပါ။ မရောင်ကြဉ်၍ ပြုလုပ်မိသောအခါ မလိုအပ်သော အသက်ဆုံးရှုံးရမှုများပင် ဖြစ်ခဲ့ရပါတော့သည်။

တိုက်ဆိုင်မှုဟု ဆိုပါလျှင်လည်း ထိုကဲ့သို့တိုက်ဆိုင်မှုမျိုးသည် တိုက်ဆိုင်ကောင်းသောအရာမဟုတ်။ တစ်နည်းအားဖြင့် မလိုလားအပ်သော တိုက်ဆိုင်မှုဟု ဆိုရပါလိမ့်မည်။

ရပ်ဓလေ့,ရွာဓလေ့အရ အလောင်းအား ထိုနေရာမှာပင် မြေမြှုပ်သင်္ကြိုဟ်ပြီး ဆွမ်းသွတ်ကာ တရားနာခဲ့ကြရသည်။ ရပ်ဓလေ့,ရွာဓလေ့ကို မလိုက်နာမိသူတစ်ယောက်၏ ဘဝနိဂုံးကား ယခုကဲ့သို့ အဆုံးသတ်ခဲ့ရပါတော့သည်။

ထိုကဲ့သို့ ဖြစ်ပွားပြီးသည့်နောက်ပိုင်း လပြည့်နေ့၏ နံနက်စောစော ဝေလီဝေလင်းအချိန်ခါသမယများတွင် မြေနှင်းမြူမှုန်တို့၏အကြားမှာ လူတစ်ယောက် လျှောက်သွားနေဟန်ကို မကြာခဏမြင်တွေ့တတ်ကြရလေတော့သည်။ ထိုသူသည် လယ်ထွန်စက်ကားမောင်းသူ ကိုသိန်းကျော်၏ ဝိညာဉ်ဖြစ်ရမည်ဟု အားလုံးက ယုံကြည်ကြသည်။ တုန်လှုပ်ချောက်ချားစရာကောင်းသော မြင်ကွင်းကြီးပါပေ။

မည်သို့ပင်ဖြစ်ခဲ့စေကာမူ ကာလအတန်ကြာသည်အထိ ထိုဝိညာဉ်ကြီးကို မြင်တွေ့ခဲ့ကြရသဖြင့် ထိုစဉ်အခါက ကိုယ်တိုင်တွေ့ကြုံ မြင်တွေ့ခဲ့ကြရသောသူအချို့က အဆိုပါရင်နှင့်ဖွယ်ရာ အဖြစ်အပျက်နဲ့ မြင်ကွင်းကြီးကို လပြည့်နေ့၏ နံနက်စောစောပိုင်းကိုရောက်တိုင်း ယခုထိတိုင် ပြန်လည်မြင်ယောင်နေရဆဲဟု ပြောသူက ပြောနေကြပါသေးသည်။

ရပ်ဓလေ့,ရွာဓလေ့ဆိုသည်မှာလည်း တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ မတူကွဲပြားစွာနဲ့ သူ့နေရာနှင့်သူကတော့ ရှိနေကြဦးမည်သာ ဖြစ်ပါလေတော့သတည်း။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ချစ်ဆိုင်

(ဖြစ်ရပ်မှန်ကို ခံစားရေးဖွဲ့ခြင်းဖြစ်ပါကြောင်း။)

ယတြာဆရာမ ဒေါက်တာခင်မျိုးစိုး

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာဗေဒင်၊ နဝင်းစီးပညာ]

အလေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

အခန်း(၄)၊ အခန်းက်ဆက်မုစ်၊ ခြေသုံးနစ်ကောင်အနီး။ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ဝင္ဒ ၅၀ ၀၃၅၂၇

ဒေါက်တာယတြာလေဒီ

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုံပမနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

ကြိုတင်ရက်ချိန်းယူပါ

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ တုန်ဇွေးတန်းလမ်း(အောက်)၊ ဝန်းဘဲတုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဝင္ဒ ၅၀ ၁၀၇၃၃

www.burmeseclassic.com

www.burmeseclassic.com

(ယောမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

ရှမ်းဆရာ ဦးစိုင်းငွေးလှိုင်

(ဝမ်းတွင်းမှော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များပြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်ဆွေးနွေးချိန် - နေ့စဉ် (တနင်္လာနေ့မှအား)

နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်-၄၀၀၊ လော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ၀၉ ၇၃၀ ၇၂၉၇၀

စိတ်မနောအာရုံ အကြားအမြင် လက္ခကာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင်သိပ္ပံလက္ခဏာပေဒပညာ

(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ မြေ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွေ့ဂင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ ဧတေနာ ရှေ့ထားပြီး "အထူး" စီဥာ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ **Ph : 09 253 361 368**

www.burmeseclassic.com

www.burmeseclassic.com

ကျတ်၊ သရဲ၊ တန္ဆေ၊ မြေဖုတ်၊ ဘီလူး စသောနာနာဘာဝများ ဖမ်းစားတတ်သည်ဟု ဗုဒ္ဓကျမ်းစာများတွင် ဖတ်ရှုဖူးသော်လည်း ကိုယ်တွေ့မကြုံခဲ့ဖူးပါ။ ယခု ကျတ်တို့နေရာ ဟေမဝါသို့ရောက်မှ ကျတ်ဆိုသည်မှာ တကယ်ရှိပါကလားဟု သိရတော့သည်။

ဦးကောင်းသည် နိုင်ငံဝန်ထမ်းဘဝဖြင့် မြန်မာနိုင်ငံအနှံ့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရာ မြန်မာပြည်အောက်ပိုင်းဒေသရှိ မြို့ကြီးတစ်မြို့သို့ ရောက်ရှိစဉ်က ကျတ်တို့အကြောင်းကို သိခွင့်ရခဲ့ပါသည်။

စပါးဝယ်ယူရေးရာသီတွင် တာဝန်အရ စပါးအဝယ်ဒိုင်များကို လှည့်လည် စစ်ဆေးရင်း ရွာသိမ်ရွာငယ်များအထိ ရောက်ခဲ့ရသည်။ နေရာဒေသကိုလိုက်၍ ကျစ်ကားနှင့် သွား၍ရသည့်နေရာရှိသလို ရေလမ်းခရီးတွင် မော်တော်နှင့် သွားရသည့်ခရီးများလည်း ရှိပါသည်။ ခရီးအကွာအဝေးကိုလိုက်၍ ညအိပ်ရသော ခရီးများလည်း ရှိသည်။

ယခုတစ်ခေါက် ခရီးမှာလည်း ဝေးကွာသောဒေသများ ဖြစ်၍ ဝေယ်ဟူသောရွာကြီးတွင် တစ်ညအိပ်ခဲ့ရပါသည်။ နံနက်စောစော ဝေယ်မှ ကျစ်ကားဖြင့် ပြန်ထွက်လာပြီး ဦးတွင် မြို့သို့ ပြန်ရောက်မည်ဟု ခန့်မှန်းပြီး ထွက်ခဲ့ပါသည်။ သပြေကုန်းရွာတွင် ကုန်ဝယ်ဒိုင်များကို စစ်ဆေးပြီး နေလေစာ စားခဲ့သည်။

အလုပ်ကိစ္စပြီးသည်နှင့် ကျစ်ကားနှင့် ပြန်ထွက်ခဲ့သည်။ ကျစ်ကားမောင်းသည့် ဒရိုင်ဘာ အောင်ပြည့်နှင့် နှစ်ယောက်တည်း ထွက်ခဲ့ခြင်းဖြစ်သည်။ အောင်ပြည့်မှာ ကားမောင်းကျွမ်းကျင်ရုံသာမက ကားကို ကိုယ်တိုင်ပြင်ဆင်တတ်ဖြစ်သည်။ ရိုးသားပြီး သတ္တိရှိသူဖြစ်၍ အားကိုးလောက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော ကျတ်ဘတကဟတဲ့သူ

ဖြစ်ပါသည်။ အိမ်ပြန်ခရီးဖြစ်၍ ကျစ်ကားမှာ သွက်နေပါသည်။ နှစ်နာရီလောက်ကြာသည့်အခါ ကားမှာ ဖောက်ပြန်လာပြီး ထိုးထိုးရပ်သွားသည်။ ကားရပ်လိုက်၊ ဆင်းရှင်းလိုက်၊ ဆက်မောင်းလိုက်နှင့် မကြာခဏ ကားက ရပ်သွားတတ်သည်။ ညနေစောင်းသော်လည်း ခရီးမတွင်ပါ။ ကျောက်ဂူတောကို ကျော်မိသည်နှင့် တောင်ကုန်းအဆင်းအတက်လမ်းသို့ ရောက်လာသည်။ တောင်ဆင်းလမ်းတွင် ကားကို ထိန်းရှင်မောင်းခဲ့ရသည်။

"နေမဝင်ခင် ဟေမဝါကို ကျော်နိုင်မှဖြစ်မယ် ဆရာ" အောင်ပြည့်က ကားမောင်းရင်း ပြောလိုက်သည်။

"ဟေမဝါက ဘာဖြစ်လို့လဲ အောင်ပြည့်ရဲ့"

"ဟေမဝါတောင်ကုန်းက သိပ်နာမည်ကြီးတယ် ဆရာရဲ့"

"ဘယ်လိုနာမည်ကြီးတာလဲ"

"ကျတ်တို့မျော်ရာ ဟေမဝါလို့ ခေါ်တယ်ဆရာ။ ဟိုတုန်းက ဒီနေရာမှာ ကျတ်တွေ နေထိုင်ကြလို့ ကျတ်ကုန်းလို့ ခေါ်တယ်။ ညဘက်မှာ လူယောင်ဆောင်ပြီး စာတ်ပွဲ၊ အငြိမ့်ပွဲတွေ ကပြကြတယ်လို့ သိရတယ်။ နေ့ခင်းဘက်မှာ ဒီနေရာမှာတွေ့တဲ့ လူတွေဟာလည်း လူအစစ်တွေ မဟုတ်ဘူးလို့ ပြောကြပါတယ်။ ဒါကြောင့် ဒီနေရာကို လူတွေ ကြောက်ကြတယ်။ ကျွန်တော်က သွားနေကျမို့ မကြောက်ပါဘူး ဆရာ"

"ကျတ်ကို လူတွေ ဘာဖြစ်လို့ ကြောက်ကြသာလဲ။

www.burmeseclassic.com

www.burmeseclassic.com

သူတို့က ခြောက်တတ်သလား'

'လူယောင်ဆောင်ပြီး စကားပြောတာ၊ မိတ်ဆွေဖွဲ့တာလည်း ခြောက်တာတစ်မျိုးပေါ့ ဆရာရယ်။ တွေ့တုန်းက လူမှတ်ပေမယ့် နောက်မှ လူမဟုတ်မှန်းသိတော့ ကြောက်ကြတာပေါ့ဆရာ။ ဒီနေရာကို မလာရဲကြဘူးပေါ့။ ဟောဓါက ဟိုတုန်းက ဆိုးပေမယ့် ယခုစက်ပိုင်လက်ထက်မှာ ကျတ်တွေနဲ့ ပေါင်းသင်းနေတော့ ကြောက်စရာ မရှိတော့ပါဘူး'

'ကျတ်တွေနဲ့ ဘယ်လိုပေါင်းသင်းသလဲ'

'ပြောရရင် စိတ်ဝင်စားစရာပါပဲ ဆရာ။ အဲဒီစက်ပိုင်ကိုယ်တိုင် ကျတ်ဘဝက လာတာလို့ သိရတယ်။ သူရောက်လာမှ ဘာအခြောက်အလှန့်မှ မကြားရတော့ဘူး။ သူက စိတ်သဘောလည်းကောင်းတယ်။ စေတနာလည်း အပြည့်ရှိတယ်။ အလှူဒါနလုပ်တာ ဝါသနာပါတယ်။ ကျတ်တွေနဲ့ ပေါင်းသင်းနေတော့ ကျတ်တွေကလည်း သူ့ကို ကူညီကြတယ်လို့ ကြားရတယ်'

'သူက ဆန်စက်ပိုင်လား'

'ဟုတ်တယ် ဆရာ၊ ကျွန်တော်နဲ့ ခင်ပါတယ်။ အချိန်ရရင် ဆရာ့ကို မိတ်ဆက်ပေးပါ့မယ်။ သူ့ဆန်စက်က နဝလီကြိတ်ပေမယ့် သိပ်အလုပ်ဖြစ်တယ်။ သူ့ဆန်စက်ရဲ့အနောက်မှာ ဟောဓါချောင်းရှိတယ်။ အဲဒီချောင်းက မော်တော်တွေနဲ့ အထက်ပိုင်းအထိ တင်ပို့နေတာပဲ'

'မင်းပြောတာနဲ့ ငါ စိတ်ဝင်စားလာပြီ။ ငါမကြောက်တတ်ပါဘူး။ ကားကို အေးအေးဆေးဆေးသာပြင်ပါ။ ကားပြင်မရရင်လည်း ဒီရွာမှာ နားကြတာပေါ့'

'ဝမ်းသာလိုက်တာ ဆရာရယ်။ ကျွန်တော်က ဒီရွာမှာ နားချင်နေတာ။ ဆရာလည်း ကျတ်တွေအကြောင်း သိရတာပေါ့။ ကျတ်ကဖြစ်လာတဲ့လူကို ကိုယ်တိုင်တွေ့ရမယ်'

အောင်ပြည့်သည် စကားပြောရင်း ကားကို စိတ်ရှည်လက်ရှည်ပြင်သည်။ တောင်ကုန်းအဆင့်ဆင့်ကို ဖြတ်ခဲ့ရ၍ ကားရော လူပါ ပင်ပန်းနေဟန်ရှိသည်။

'ဟောဓါလောက်တော့ ရောက်မယ်ထင်တယ်။ ဟောဓါရောက်ရင်တော့ ကားကို ပြင်စရာမလိုတော့ဘူး။ စက်ပိုင်မှာ ပစ္စည်းအစုံအလင်၊ ပြင်တတ်သူလည်း များတယ်'

'တော်ဝင်ရွာက လိုသေးသလား'

'ဟောဓါကိုကျော်ရင် တော်ဝင်ရွာပဲ။ တကယ်တော့ တော်ဝင်ကသာ ရွာကြီးပါ။ ဟောဓါက ဟိုတုန်းက ကျတ်ကုန်းကို ရွာဖွဲ့ထားတဲ့ နောက်တိုးရွာစုပါ ဆရာ'

ဟောဓါသို့ရောက်အောင် ကားကို ဂရုစိုက်မောင်းသော်လည်း ဟောဓါမရောက်ခင် ကားက စက်ရပ်သွားခြင်းသည်။ အောင်ပြည့်သည် ကားအောက်သို့ ဆင်းကြည့်ပြီး စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ မကြာမီ နေဝင်တော့မည်ဖြစ်၍ စိတ်မကောင်းဖြစ်နေသည်။

'ကားက ပြင်လို့မရတော့ဘူးဆရာ။ ပစ္စည်းတစ်ခုလုမှ ရတော့မှာ။ ကျွန်တော် ဟောဓါကိုသွားပြီး အကူအညီတောင်းမယ်။ ဆရာတစ်ယောက်တည်း နေရဲပါ့မလား'

'ဟောဓါဆိုတာ ဟိုမီးရောင်မြင်ရတဲ့ရွာမဟုတ်လား နီးနီးလေးပဲ။ လမ်းလျှောက်သွားကြတာပေါ့။ ငါလည်း ညောင်းလို့ လမ်းလျှောက်ချင်နေတာ'

ဦးကောင်းသည် ကားပေါ်ကဆင်းကာ အောင်ပြည့်နှင့်အတူ လမ်းလျှောက်ခဲ့ကြသည်။ တောင်ကုန်းမြင့်မြင့်ကို ကျော်လိုက်သည်နှင့် ဟောဓါရွာကို အနီးကပ်တွေ့လိုက်ရသည်။

'ဟိုမှာ လျှပ်စစ်မီးတွေ ရောင်စုံပါလား အောင်ပြည့်ရဲ့'

'အဲဒါ ဟောဓါပေါ့ ဆရာရဲ့။ ဒီနေ့ လကွယ်နေ့ဖြစ်မယ်။ လကွယ်ညတိုင်း ဆန်စက်ဝန်းကျင်မှာ မီးတွေထွန်းပြီး ကျတ်တွေကို အစာကျွေးနေကျ ဆရာရဲ့။ တိုက်တိုက်ဆိုင်ဆိုင် လကွယ်ညနဲ့ကြုံရတာ အတွေ့အကြုံတစ်ခုပေါ့'

တောအုပ်တစ်ခုကို ကျော်လိုက်သည်နှင့် ဆန်စက်ကို မြင်ရသည်။ ဆန်စက်သို့မရောက်မီ ခေတ်မီသစ်သားအိမ်တစ်လုံးရှေ့သို့ ရောက်ခဲ့သည်။ အိမ်ရှေ့တွင် အသက်ငါးဆယ်ခန့် အသားဖြူဖြူ လူဝဝတစ်ဦးကို တွေ့လိုက်ရသည်။

'ကိုအောင်ပြည့်ပါလား။ ညကြီးမိုးချုပ် ဘယ်ကလာကြတာလဲ။ စည်သည်လည်း ပါတယ်။ အိမ်ထဲဝင်ခဲ့ပါဦး'

အိမ်ရှင်က ဦးဆောင်ဝင်သွားသဖြင့် ဦးကောင်းနှင့် အောင်ပြည့်တို့ နောက်က လိုက်ခဲ့ကြသည်။ စည်ခန်းဆိုကြီးများတွင် ထိုင်မိသည်နှင့် အောင်ပြည့်က မိတ်ဆက်ပေးပါသည်။

'ဆရာ...ဒါ ဆန်စက်ပိုင်ရှင် ဦးဝေလွင်ပါ။ ဦးဝေလွင်...ဒါ နောက်ပြောင်းလာတဲ့ ကျွန်တော်တို့ဆရာ မန်ကျကြီး ဦးကောင်းပါ။ ကျွန်တော်တို့ သစ်ရာတောင်အောက်မှာ ကားပျက်လို့ ထားခဲ့ရတယ်။ ကူညီပါဦး'

'ရပါစေဗျာ့ကိုအောင်ပြည့်ရယ်၊ ကျုပ်လူတွေ ထ

www.burmeseclassic.com

သွားယူလာပြီး ပြင်ပါလိမ့်မယ်။ ဘာမှစိတ်မပူနဲ့။ ဂိုဒေါင်မှာ စက်ပစ္စည်းအပြည့်အစုံရှိတယ်။ ဒီညဒီမှာနားကြမယ် ဟုတ်လား။ ညစာ စီစဉ်လိုက်ပါ့မယ်။ မြို့ကို ပြန်ချင်တယ်ဆိုရင်လည်း ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးပါ့မယ်'

အောင်ပြည့်သည် ဆရာဦးကောင်းကို ကြည့်လိုက်သည်။ ဦးကောင်းကလည်း ကိုဝေလွင်၏ ဖော်ရွေမှုကို သဘောကျသည့်အပြင် သိလိုသမျှ သိရှိနိုင်ရန် ညအိပ်ချင်စိတ်ပေါက်နေပါသည်။

'ကိုဝေလွင်တို့မှာ တာဝန်မကြီးဘူးဆိုရင် ဒီညနားပါ့မယ်။ မနက်မှ ပြန်လို့ဖြစ်ပါတယ်။ သိချင်တာလေးတွေလည်း သိရအောင်'

'ဝမ်းသာလိုက်တာ ဆရာရယ်၊ ဆရာ့ကို ပြုစုခွင့်ရတာပေါ့။ ဆရာ ဘာတွေသိချင်တယ်ဆိုတာလည်း သဘောပေါက်ပါတယ်။ ဆရာသိချင်တဲ့ အကြောင်းအရာတွေကိုလည်း ပြောပြပါ့မယ်။ ဆရာ အပေါ်ထပ်ကြွပြီး ရေချိုးလိုက်ပါဦး။ ထမင်းပွဲပြင်ပြီးရင် လာခေါ်ပါ့မယ်'

အောင်ပြည့်က ဦးကောင်း၏ ပစ္စည်းများကိုသယ်ကာ အပေါ်ထပ်သို့ တက်သွားသဖြင့် ဦးကောင်းက နောက်ကလိုက်ခဲ့သည်။ အပေါ်ဆုံးထပ်တွင် အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်းကို တွေ့ရသည်။ ဦးကောင်း ရေချိုးနေစဉ် အောင်ပြည့်က ပြတင်းပေါက်များကို ဖွင့်လိုက်သဖြင့် ပြင်ပမှ လေတဟူးဟူးနှင့် အေးမြနေပါသည်။ ပြတင်းပေါက်မှကြည့်လိုက်ရာ ဆန်စက်မှ တောတန်းအထိ လျှပ်စစ်ရောင်စုံမီးလုံးများ ထွန်းထားသည်ကို တွေ့ရသည်။ ဦးကောင်း ရေချိုး၊ အဝတ်အစားလဲပြီးသည်နှင့် လူတစ်ယောက်က ထမင်းအသင့်ဖြစ်ကြောင်း သတင်းလာပို့ပါသည်။ အောက်ထပ်သို့ဆိုက်ခဲ့ကြသည်။ အောက်ထပ်တွင် ကျွန်းစားပွဲကြီး၌ ဟင်းခွက်များပြင်ဆင်ထားပုံမှာ ဟင်းအမယ်စုံပြီး ဖွယ်ဖွယ်ရာရာ တွေ့ရပါသည်။ ကိုဝေလွင် ရောက်လာပါသည်။

'စားပါ ဆရာ၊ ဆရာ့ကို ကြုံကြိုက်လို့ ကျွေးရတာ ဝမ်းသာပါတယ်။ မြို့က ဈေးသည်လာတိုင်း ဒီမှာတည်းကြပါတယ်။ အေးအေးဆေးဆေးသုံးဆောင်ပါ ဆရာ။ စားသောက်ပြီးမှ ကျွန်တော့်အလှူပွဲ သွားကြည့်ကြတာပေါ့'

ဟင်းမျိုးစုံသည့်အပြင် လက်ရာကောင်းသဖြင့် စားရင်း အံ့လှသည်။ ထမင်းစားသောက်ပြီးသည့်အခါ အသီးအနှံအချိုပွဲများနှင့် ဈေးဝတ်ကျေလုပါသည်။ စားသောက်ပြီးသည်နှင့် ကိုဝေလွင်က အပြင်သို့လိုက်ကြည့်ရန် ဖိတ်ကြားပါသည်။

'ဒီဘက်ကိုကြွပါ ဆရာ။ ကျွန်တော်ရဲ့ အလှူပွဲကို ဆရာတွေ့ဖူးသွားတာပေါ့'

ဆန်စက်၏ နောက်ဘက်တံခါးမှ ထွက်လိုက်သည်နှင့် ကျယ်ပြန့်သောကွင်းပြင်ကြီးကို တွေ့ရသည်။ ရောင်စုံမီးတန်းများအောက်တွင် ၄ က်ပျော်ဖက်များကို တစ်ယောက်စီ ဖြန့်ခင်းထားပါသည်။ ထမင်းတောင်းကို လူနှစ်ဦးက မ,ယူလာပြီး ကျွန်လူက ၄ က်ပျော်ဖက်ပေါ်တွင် တစ်ပုံစီ၊ အစဉ်အတိုင်း ချသွားပါသည်။ ထမင်းတောင်းလွန်သွားသည်နှင့် ဟင်းအိုးကြီးကို မ,လာသူက ဟင်းတစ်ပုံစီ လိုက်ချပါသည်။ ထို့နောက် အသီး၊ အရွက်၊ အသားဟင်းနှင့် နောက်ဆုံးက ပဲဟင်းလိုက်ပေးပါသည်။ ချစ်တီးဆိုင်များတွင် ကျွေးမွေးသည့်အတိုင်း ကျွေးမွေးခြင်းဖြစ်ပါသည်။ စုစုပေါင်းလူဦးရေငါးဆယ်ခန့်ရှိကြောင်း တွေ့ရသည်။

ကျွေးမွေးသည့် နယ်မြေဆုံးသည်နှင့် နောက်သို့ပြန်လှည့်ရန် လျှောက်လာရင်း ကိုဝေလွင်က ရှင်းပြပါသည်။

'ကျွန်တော် လစဉ် လကွယ်ညတိုင်း ဒီပုံစံအတိုင်း ကျွေးပါတယ်။ ဒါက အပြင်ဒါနပါ။ အတွင်းဒါနက ဝန်ထမ်းနှစ်ဆယ်ကျော်ကို ဆန်စက်အတွင်းမှာ ကျွေးပါတယ်'

'ဒီလိုကျွေးလာခဲ့တာ ကြာပြီလား'

'ကျွန်တော့်အဖေရဲ့ လက်ထက်ကတည်းက ကျွေးလာတာဆိုတော့ ကြာပြီပေါ့ ဆရာရယ်'

'ဘယ်သူတွေကို ကျွေးတာလဲ'

'ဒီနေရာက အရင်က ကျတ်ကုန်းဆိုတော့ ကျတ်တွေကို ကျွေးတာပေါ့။ တချို့ကတော့ အယုံအကြည်မရှိကြဘူး။ ဆရာယုံမယ်ဆိုရင် ပြောပြပါ့မယ်။ ကျွန်တော်ကိုယ်တိုင် ကျတ်ဘဝက လာတဲ့လူပါ'

ကိုဝေလွင်၏စကားကို ရုတ်တရက် ကြားလိုက်ရ၍ ဦးကောင်းမှာ ဆံပင်မွေးများပင် ထောင်သွားသည်ဟု ထင်ရလောက်အောင် ကြက်သီးများ ဖြန်းဖြန်းထသွားပါသည်။

'ဆရာ အံ့သြသွားသလား။ ကဲ,အပြင်မှာ အေးလာပြီ၊ ပြန်ကြစို့။ အိမ်ရောက်မှ အပြည့်အစုံပြောပြပါ့မယ်'

ထို့နောက် အိမ်သို့ပြန်ခဲ့ကြသည်။ ဈေးခန်းတွင် ထိုင်မိသည်နှင့် ဝန်ထမ်းတစ်ဦးက လက်ဖက်နှင့် ရေနွေးကြမ်းလာချပေးပါသည်။

ရေနွေးကြမ်းတစ်ခွက်သောက်လိုက်ပြီး ဦးကောင်းက သူသိလိုသည်ကို မေးလိုက်သည်။

www.burmeseclassic.com

"ကဲ..ကိုဝေလွင်တို့ ကျတော်တော်လမ်းကို ပြောပါဦး"

"ဒီလို ဆရာရဲ့..ဟိုဗြိတိသျှစစ်တပ်တွေ မြန်မာပြည်ထဲ ဝင်စက သူတို့နောက်က ချစ်တီးလူမျိုးတွေ ပါလာတယ်။ သူတို့နိုင်ငံမှာ အလုပ်အကိုင်ရှားပါးတာကြောင့် စားဝတ်နေရေးအတွက် အစာရေဆာပေါတဲ့ ကျွန်တော်တို့ပြည်ထဲ ရောက်လာကြတာပေါ့။ မြန်မာပြည်ရောက်တော့ ကိုယ့်လူအုပ်နဲ့ကိုယ် ဒေသအနှံ့ ခြေဆန့်ခဲ့ကြတာပေါ့။ ကျွန်တော်တို့ တော်ဝင်ရွာကြီးကိုလည်း ချစ်တီးဆယ်ယောက်လောက် ရောက်လာတယ်။ ချစ်တီးတွေဟာ အလုပ်မရောင် ရသမျှ အလုပ်အကုန်လုပ်တော့ တစ်နှစ်လောက် စီးပွားရှာလိုက်ကြတာ အောင်မြင်မှုရကြတယ်။ ငွေတွေရလာတော့ ပိုပြီး လောဘကြီးလာတဲ့ယ်။ ငွေတိုးချေးတယ်။ အတိုးများပေးမယ့် ရအောင်တောင်းတယ်။ အတိုးမပေးနိုင်ရင် ပစ္စည်းသိမ်းတယ်။ သူတို့အဖွဲ့မှာ လောဘကြီးတဲ့ချစ်တီး ပါသလို ဖြောင့်မတ်တဲ့ ချစ်တီးလည်း ပါတယ်။

ဒါနီးဆိုတဲ့ အသက်နှစ်ဆယ် လူရွယ်ဟာ ရိုးရိုးသားသားပဲ စီးပွားရှာချင်တယ်။ မတရားတာ မကြိုက်ဘူး။ သူတို့အဖွဲ့က မတရားလုပ်တာတွေကို မကျေနပ်လို့ အဖွဲ့က ခွဲထွက်ခဲ့တယ်။ ဒါနီးဟာ ဒီဟေမဝါကို တစ်ယောက်တည်း ရောက်လာတယ်။ ဟေမဝါဆိုတာ ကျတ်ကုန်းကြီးပဲ။ ည အခါ မပြောနဲ့၊ နေ့ခင်းဘက်တောင် ဒီနေရာကို မဖြတ်ရဲကြဘူး။ နေ့ခင်းဘက် လူတွေပြီး စကားပြောမိရင် နောက်မှ ကျတ်မှန်းသိရတယ်။ ညဘက် ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေကတော့ ကြည့်ကြရဖူးတဲ့လူတွေ ရှိတယ်။ မနက် ထကြည့်တော့ မတွေ့ရဘူး။ ဒီလိုနေရာကို ဒါနီးဟာ တစ်ယောက်တည်း ရောက်လာပြီး တဲထိုးပြီး နေခဲ့တယ်။ ဒီနယ်တစ်ဝိုက်က ခြံထွက်အသီးအနှံတွေကို လိုက်ဝယ်ပြီး မြို့တက်ပြီး ရောင်းတယ်။ စျေးမနိုမ်ဘဲ စျေးမှန်ပေးတော့ ထွက်သမျှသီးနှံ ဒါနီး အကုန်ရတာပေါ့။ တစ်ခါတစ်ရံ လှေကလေးနဲ့ ချောင်းရိုးတစ်လျှောက် လှည့်လည်ရောင်းချခဲ့သေးတယ်။

အရင်းအနှီးရလာတော့ ထိုနယ်တစ်ဝိုက်က ထွက်ရှိတဲ့ စပါးတွေကိုဝယ်၊ စပါးဝယ်ရင်း စပါးပွဲစား ကိုလွန်းဖေနှင့် ရင်းနှီးခဲ့ကြတယ်။ ကိုလွန်းဖေဆိုတာ ကျွန်တော့်အဖေပါ။ ကျွန်တော့်အဖေက အရင်းအနှီးမရှိသော်လည်း နယ်မြေအနှံ့ သိကျွမ်းရင်းနှီးတော့ အလုပ်ဖြစ်ပါတယ်။ အဖေရဲ့ ရိုးသားမှုကြောင့် အဖေ့ကို လခကောင်းကောင်းပေးပြီး စပါးဝယ်ကြတယ်။ တော်ဝင်မှာရှိတဲ့ ချစ်တီးများထဲက ငွေများများရှိသူများထဲက ငွေယူပြီး စပါးဝယ်တယ်။ မိုးတွင်းမှာဆို စပါးများကိုကြိတ်ခွဲပြီး ဆန်၊ ဆန်ကွဲ၊ ဖွဲနုများ ရောင်းကြတယ်။ ကိုလွန်းဖေတစ်ယောက်နှင့် လုပ်ငန်းများ မနိုင်လို့ ကိုလွန်းဖေ ရှာဖွေပေးသော စိတ်ချရသောလူများနှင့် အလုပ်လုပ်ခဲ့ရာ တစ်နှစ်အတွင်း လုပ်ငန်းအလွန်အောင်မြင်ခဲ့ပါတယ်။ တစ်နေ့ လွန်းဖေ တောထဲမှဖြတ်၍ ပြန်လာစဉ် လူကြီးတစ်ဦးနှင့် တွေ့တယ်။ ထိုလူကြီးရဲ့ပါးမှာ မဲ့ကြီးပါသဖြင့် မှတ်မိပါတယ်။ ထိုလူကြီးက လွန်းဖေကို အကြံပေးတယ်။

"မောင်ရင်တို့ စပါးဝယ်တာ အောင်မြင်ပါတယ်၊ ကျုပ် အကြံပေးချင်ပါတယ်။ ဒီစပါးတွေကို သိုလှောင်ဖို့ ဂိုဒေါင်တွေဆောက်ရင် စပါးများများထားနိုင်တာပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း စဉ်းစားမိပါတယ်၊ ဒါပေမဲ့ ဂိုဒေါင်အတွက် သစ်၊ ဝါးရဖို့က ခက်ခဲလို့ပါ"

"ဒါအတွက် မပူနဲ့။ သစ်ဝါးရအောင် ကျုပ်ကူညီမယ်။ မောင်ရင်က လူအင်အားသာ ရှာခဲ့"

"အခုလိုအကြံပေးတာ ကောင်းပါတယ်။ ကျုပ်သူဌေးကို တင်ပြရဦးမယ်။ သူဌေးသဘောတူမှ လုပ်လို့ရမယ်"

"အေး..အေး..မင်းဆန္ဒရှိရင် မနက်ဖြန်မနက်စောစော ဒီနေရာကိုလာခဲ့။ ကျုပ်စောင့်နေမယ်"

လွန်းဖေက သူဌေးကို တင်ပြတော့ သူဌေးက ဝမ်းသာအားရနှင့် လက်ခံပါသည်။ နောက်နေ့တွင် လွန်းဖေသည် မဲ့ကြီးနှင့်လူကို သွားတွေ့ပါသည်။ လွန်းဖေကို သစ်တော၊ ဝါးတောကို လိုက်ပြပါသည်။ သစ်တော၊ ဝါးတောကို တွေ့သော်လည်း ထိုသစ်ဝါးကို သယ်ယူရန် မလွယ်ကူသဖြင့် မည်သို့သယ်ရမည်ကို စဉ်းစားရသည်။

"မောင်ရင်..ဘာမှစဉ်းစားမနေနဲ့။ မနက်ဖြန် ဂိုဒေါင်ဆောက်မယ့်နေရာကို သစ်တွေ၊ ဝါးတွေ ကျုပ်တို့ သယ်ခဲ့မယ်။ ကျုပ်လူတွေကို ထမင်းတော့ ကျွေးရမယ်"

"ထမင်းလည်း ကျွေးပါ့မယ်။ တန်ရာတန်ကြေးလည်း ပေးပါ့မယ်"

"ကျုပ်တို့က ငွေမလိုဘူး။ ထမင်းသာဝအောင်ကျွေးရင် ကျေနပ်ပြီ"

လွန်းဖေက သူဌေးကို တင်ပြလိုက်ရာ သူဌေးက ချစ်တီးထမင်း ချက်ပြီးကျွေးရန် စဉ်းစားသည်။ နောက်နေ့နံနက် ဂိုဒေါင်ဆောက်မည့်နေရာသို့ သွားကြည့်ရာ ဂိုဒေါင် တစ်လုံးစာ သစ်၊ ဝါးများ ရောက်ရှိနေသည်ကို အံ့သြဖွယ် တွေ့ရပါသည်။ ချစ်တီးကလည်း ကတိအတိုင်း

www.burmeseclassic.com

ထမင်းနှင့် ဝအောင်ကျွေးလိုက်ရာ ကျေနပ်စွာ ပြန်သွားကြပါသည်။ နောက်နေ့တွင် လက်သမားများခေါ်၍ ဂိုဒေါင်ဆောက်ခဲ့ပါသည်။ ဝယ်ယူပြီးစပါးများ ဂိုဒေါင်အပြည့် သိုလှောင်ခဲ့သည်။ မိုးတွင်း၌ စပါးများ ဈေးတက်ချိန် စပါးများ ရောင်းရသဖြင့် စီးပွားတိုးတက်ခဲ့ပါသည်။ နောက်တစ်နှစ် စပါးဝယ်ယူချိန်တွင် တောထဲ၌ မဲ့နှင့် လူကြီးကို တွေ့ရပြန်ရာ လူကြီးက လွန်းဖေကို ပြောပါသည်။

'ဂိုဒေါင်ဆောက်တာ အဆင်ပြေတယ်မဟုတ်လား။ နောက်ထပ်ဂိုဒေါင်ဆောက်ဖို့ မောင်ရင်ရဲ့ချစ်တီးကို ပြောပါ။ ကျုပ်တို့ ပစ္စည်းရှာပေးဖို့ တာဝန်ယူမယ်'

လွန်းဖေက ချစ်တီးကို ပြောပြသောအခါ ချစ်တီးက ဝမ်းသာအားရသဘောတူလိုက်သဖြင့် ဂိုဒေါင်ဆောက်ဖြစ်ခဲ့ပြန်သည်။ ထိုအဖွဲ့သည် ထမင်းကျွေးရုံဖြင့် ကျေနပ်ကြသည်။ ငွေကြေးပေးသော်လည်း လုံးဝလက်မခံပါ။ ထမင်းစားပြီးသောအခါ မဲ့နှင့်လူကြီးက လွန်းဖေကို ပြောပြန်သည်။

'မောင်ရင်ရဲ့သူငွေးကို ပြောပါ။ ဂိုဒေါင်တွေပြည့်စုံပြီး ဆန်စက်တည်နိုင်အောင် ကြိုးစားပါ။ လိုအပ်တာရှိရင်ပြောပါ။ တို့ကူညီမယ်။ အခုလို မင်းတို့ကို ကူညီနေတာ မင်းတို့ရဲ့ ရိုးသားမှုကြောင့်ပဲ။ ချစ်တီးကလည်း စိတ်ကောင်းရှိတယ်။ လူတကာကို ကူညီတယ်။ အဓိကအချက်က ဒီနေရာမှာ အခြားစိတ်ထား မကောင်းတဲ့လူတွေ ရောက်လာမှာကို မလိုလားလို့။ မင်းတို့ ဆက်ရှိနေအောင် ကူညီနေတာ။ နောက်ဆုံးတစ်ခု ပြောလိုက်ဦးမယ်။ သူငွေးက ဆန်စက်တည်မယ်ဆိုရင် အကြွေးဝယ်လို့ရမယ့် ဆန်စက်ရှိတယ်။ အဲဒီဆန်စက်ကို ဝယ်ပါ။ ကျုပ်ပြောပေးနိုင်တယ်'

'အကြွေးရမယ်ဆိုရင် သူငွေးက သဘောတူမှာပါ။ ကူညီပါဗျာ။ အကြွေးကို ပြန်ဆပ်ပါ့မယ်'

'မင်းတို့ကို ယုံကြည်လို့ ဒီစကားပြောတာပေါ့။ မင်းသူငွေးရဲ့ဆန္ဒသာ အမြန်ဆုံးမေးခဲ့။ ကျုပ်ကူညီနိုင်တာ အားလုံး ကူညီမယ်'

ထိုနည်းဖြင့် ဆန်စက်တည်ဖြစ်သည်။ ဆန်စက်ကို ဟေမဝါဟု အမည်ပေးခဲ့သည်။ ဆန်စက်ပြီးသည့်နေ့သည် လကွယ်နေ့ဖြစ်သဖြင့် အားလုံးကို ညဘက်တွင် ချစ်တီးထမင်းကျွေးခဲ့သည်။ ဆန်စက်ဖြစ်မြောက်ရေးအတွက် အစစကူညီသော မဲ့နှင့် လူကြီးကို လစဉ် လကွယ်နေ့ညတွင် ထမင်းကျွေးပါမည်ဟု ကတိပေးခဲ့ပါသည်။

ဆန်စက်မှာလည်း အလုပ်အလွန်ကောင်းသည်။ ဆန်စက်အကြွေးကိုလည်း ပေးဆပ်ခဲ့ပြီးဖြစ်ပါသည်။ ချစ်တီးမှာ ဆန်စက်၊ ဂိုဒေါင်များအပြင် မော်တော်နှစ်စင်းပင် ပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။

လွန်းဖေကို လုပ်ငန်းအားလုံးလွှဲအပ်ပြီး ချစ်တီးမှာ အေးအေးပင် နေခဲ့သည်။ လွန်းဖေ အိမ်ထောင်ပြုသောအခါ ခမ်းခမ်းနားနား ပြုလုပ်ပေးသည့်အပြင် လွန်းဖေ နေရန် အိမ်တစ်လုံးကိုပင် ဆန်စက်ဝင်းအတွင်း ဆောက်ပေးခဲ့ပါသည်။

တစ်နေ့ ညဘက် ဆန်စက်အတွင်း လွန်းဖေ တစ်ယောက်တည်းရှိစဉ် မဲ့နှင့်လူကြီး ရောက်လာပါသည်။

'မောင်ရင်ရဲ့ရှေ့ရေးအတွက် ဆွေးဆွေးဖို့ လာခဲ့တာပါ'

'ဟုတ်ကဲ့၊ ဘာတွေဆွေးနွေးစရာရှိလို့လဲခင်ဗျာ'

'မောင်ရင့်မှာ အားကိုးအားထား မရှိသေးဘူးမဟုတ်လား'

'ကျုပ်မှာ အားကိုးအားစရာ ချစ်တီးရှိနေတာပဲ။ နောင်ကြီးကလည်း အစစကူညီနေတာပဲ။ ဒါဆို ဘာလိုသေးလို့လဲ။ ကျုပ်ဘဝမှာ ပြည့်စုံပြီပဲ'

'နောင်ရေးအတွက် မစဉ်းစားတော့ဘူးလား။ ချစ်တီးမရှိတော့ဘူးဆိုရင် ဘာလုပ်မလဲ'

'ချစ်တီးက ရှိနေတာပဲ'

'ချစ်တီးလည်း သခင်ရဲလေ။ တစ်နေ့ သေချင်သေ၊ မသေရင်လည်း သူတို့ငါးပြည် ပြန်ချင်ပြန်မှာပေါ့'

'ဒါဆိုလည်း နောင်ကြီးရှိသားပဲ'

'ကျုပ်ကလည်း ဘဝပြောင်းရတော့မယ်။ ဒီတော့ ကျုပ် ရှင်းရှင်းပဲပြောမယ်။ ချစ်တီးမရှိရင် ဘာဆက်လုပ်မလဲ'

'ချစ်တီးမရှိတော့ရင် အခြားအလုပ် ပြောင်းလုပ်ရုံပေါ့'

'မဟုတ်သေးဘူး။ ချစ်တီးပြန်ရင် ဒီပစ္စည်းတွေ မောင်ရင် ပိုင်တော့မှာ။ အခု သူငွေးအတွက် မောင်ရင်က လုပ်ပေးတယ်။ မောင်ရင်ကိုယ်တိုင် သူငွေးဖြစ်ရင် မောင်ရင့်ကို ကူညီမယ့်လူ လိုပြီမဟုတ်လား'

'ဟုတ်ကဲ့၊ ကျွန်တော် မစဉ်းစားခဲ့မိပါဘူး'

'ကျုပ်ကူညီရင် လက်ခံနိုင်ပါ့မလား'

'နောင်ကြီးကူညီရင် အကောင်းဆုံးပေါ့'

'ဒီအတိုင်းကူညီတာထက် ကျုပ် ခင်ဗျားဆီ လာရမှာ၊ ခင်ဗျား လက်ခံနိုင်မလား'

www.burmeseclassic.com

'လက်ခံပါတယ်ဗျာ။ အမြန်ဆုံးသာ လာခဲ့စမ်းပါ'

အလုပ်များသဖြင့် ထိုကိစ္စကို မစဉ်းစားနိုင်ခဲ့ပါ။ ကိုလွန်းဖေ၏ဇနီးက တစ်နေ့ ထူးဆန်းသောစကားကို ပြောလာပါသည်။

'ကိုလွန်းဖေ...ကျွန်မတို့ သားလေးရတော့မယ်။ အဲဒီသားကလည်း ကိုလွန်းဖေခေါ်လို့ ကိုလွန်းဖေကို ကူညီဖို့ လာခဲ့ရတာလို့ အိပ်မက်ပေးတယ်'

ကိုလွန်းဖေ အလွန်အံ့သြရသည်။ သူဆီလာနေမည်ဟု ပြောခဲ့သည်။ သားအဖြစ် လာမည်ဟု တစ်ခါမှမတွေးခဲ့ပါ။ သားကလေး မွေးလာသောအခါတွင် ပါးမှဲ့ကို မြင်လိုက်သည်နှင့် သိလိုက်ရပါသည်။ ထိုကလေးသည် ငိုခဲပါသည်။ အကယ်၍ ငိုခဲ့ပါက ချော့၍မရပါ။ တောအုပ်ဘက်သို့ လက်ညှိုးညွှန်ပြတတ်သဖြင့် တောအုပ်ဘက်သို့ ခေါ်သွားပါက ချက်ချင်းအငိုရပ်ကာ ရယ်ရယ်မောမော ဖြစ်လာတတ်ပါသည်။ ထိုကလေးမွေးလာပြီးနောက် စီးပွားများ အထူးတိုးတက်လာခဲ့ပါသည်။ ကိုလွန်းဖေသည် သားကလေးကို ဝေလွင်ဟု နာမည်ပေးပြီး နောင်တော်ကြီးဝင်စားသည်ဟု ယုံကြည်ပြီး သားကို အလွန်ချစ်ပါသည်။

ဝေလွင် အရွယ်ရောက်လာပြီး ကျောင်းထားသော်လည်း ကျောင်းစာကို စိတ်ဝင်စားမှုနည်းပြီး ဆန်စက်တွင်သာ အနေများခဲ့သည်။ သားဖြစ်သူကို ချော့ကာခြောက်ကာ ကျောင်းထားသဖြင့် ဝေလွယ် ဆယ်တန်းအောင်ခဲ့ရသည်။ ဆယ်တန်းအောင်သည်နှင့် အဖေအား ကူညီသည်။ အဖေလုပ်သည့် အလုပ်ဟူသမျှ အကုန်ဝင်လုပ်တော့သည်။ ဟောမဝါဆန်စက်မှာလည်း ဆန်စက်ကြီးဖြစ်လာပြီး အထက်အညာနှင့် ဆက်သွယ်ပြီး ဆန်များ တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။

ထိုအချိန်တွင် ဒါနီးက ပြည်ကြီးပြန်ရန် ပြင်ဆင်တော့သည်။ စုဆောင်းရသမျှ ရွှေထည်,ငွေထည်နှင့် ငွေကြေးအားလုံးကိုယူ၍ ဆန်စက်၊ အိမ်နှင့် အဆောက်အအုံများ အားလုံးကို ကိုလွန်းဖေအား လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ချစ်တီးမရှိတော့သည့်နောက် ကိုလွန်းဖေသည် သားဝေလွင်နှင့်အတူ လုပ်ငန်းများလုပ်ကိုင်ခဲ့ရာ ယခင်ကထက် စီးပွားအတက်မြန်ခဲ့သည်။ အစဉ်အလာမပျက် လကွယ်ညတိုင်း ညစာကျွေးခြင်းကို ဝတ်မပျက်လုပ်ခဲ့ပါသည်။ လုပ်ငန်းနှင့် ပတ်သက်၍ အခက်အခဲများ ကြုံရလေတိုင်း ဝေလွင်က အောင်မြင်ကျော်လွှားနိုင်ခဲ့သည်ချည်းဖြစ်ပါသည်။

ဟောမဝါဆန်စက်က ချက်ချင်းအောင်မြင်ကြီးပွားလာသည်ကို မနာလိုသူများက ပျက်စီးရာပျက်စီးကြောင်း ကြံစည်ကြသော်လည်း ဟောမဝါမှာ ဘာမှမဖြစ်ဘဲ ကြံစည်ကြသူများသာ ဘဝပျက်ကြရသည်ကို တွေ့ရသည်။ အချို့ဘဝပျက်သူများမှာ ဝေလွင်ထံ လာရောက်ဝန်ချတောင်းပန်ကြပါသည်။ စစ်အတွင်းကာလ ဂျပန်ခေတ်ကာလများတွင် သူပုန်၊ သူခိုး၊ ဓားပြများ ထကြွသောင်းကျန်းခဲ့ကြသော်လည်း ဟောမဝါကိုမူ လုံးဝထိပါးနှောင့်ယှက်မှုမျိုး မရှိခဲ့ပါ။

ဝေလွင်၏ဇာတ်လမ်း ဆုံးသွားသောအခါ ဦးကောင်းက သိလိုသမျှကို မေးရသည်။

'ကိုဝေလွင်...ကျတ်ဘဝမှာ နေခဲ့ရတဲ့ဘဝကို အားလုံးမှတ်မိသလား'

'ဟုတ်ကဲ့၊ အားလုံးမှတ်မိပါတယ်'

'ကိုဝေလွင်လို ကျတ်ဘဝက လူဘဝရောက်လာတဲ့လူတွေ ရှိသေးသလား'

'ကျတ်ဘဝ သက်တမ်းကုန်လို့ လူပြည်ပြန်ဝင်ခွင့်ရတဲ့လူမှ ပြန်ရောက်တာပါ။ ကျွန်တော်နဲ့ အတူနေခဲ့တဲ့ ကျတ်ဘဝက လူဖြစ်လာတဲ့လူ နှစ်ဦးရှိပါတယ်။ သူတို့ကိုပဲ ကျွန်တော် ရာထူးကောင်းကောင်း ပေးထားပါတယ်။ ကျွန်တော့် ဆန်စက်ရဲ့ လုံခြုံရေးဟာလည်း သူတို့ စောင့်ရှောက်လို့ ဒါလောက် လုံခြုံရတာပါ။ ဝင့်ကြွေးကြေးရင် လူဘဝကို ထပ်ရောက်လာမယ့်လူတွေ ရှိပါသေးတယ်။ ကျတ်ဘဝက လာတဲ့လူတွေဆိုတော့ အကုသိုလ်အလုပ်ကိုလုပ်ရမှာ သိပ်ကြောက်ကြတယ်။ နောက်ထပ် ကျတ်ဘဝမျိုး ပြန်မရောက်အောင် ကုသိုလ်အလုပ်ပဲ လုပ်ကြပါတယ်။ အားလုံး ကုသိုလ်အလုပ် လုပ်ချင်ကြတဲ့လူတွေ စုဝေးနေတော့ အောင်မြင်မှုတွေချည်း ကြုံရတာပေါ့။ ကျတ်ဘဝကနေ လူဘဝ ပြန်ရောက်ဖို့ ဆိုတာ အလွန်မလွယ်ကူတဲ့ကိစ္စပါ။ ကုသိုလ်ကောင်းမှုနဲ့ ဝင့်ကြွေးကင်းမှ ရနိုင်တာပါ။ အလွန်မြင့်မြတ်တဲ့ လူဘဝကို ရောက်ပြီးမှ ကျတ်ဘဝမျိုး ပြန်မရောက်အောင် အစွမ်းကုန် ကြိုးစားကြရတာပေါ့ ဆရာ'

ကိုဝေလွင်၏စကား ဆုံးပါပြီ။ ညဥ့်လည်းနက်ပြီမို့ အိပ်ရာဝင်ခဲ့ရသော်လည်း ဦးကောင်းသည် ကျတ်ဘဝမှ ရောက်လာသူများအကြောင်း စဉ်းစားရင်း အိပ်မပျော်နိုင်အောင် ရှိပါတော့သည်။

ကောင်းဇော်

www.burmeseclassic.com

ဆွေးနွေးချက်

ကတ်လမ်းတစ်ပုဒ်နှင့်

ဘဝမျှော်ကြည့်

မွေကင်းစ ရက်သားကလေးငယ်လေး စွန့်ပစ်တဲ့ သတင်းမျိုး၊ မျက်စိအောက်မှာ အရွယ်နဲ့မလိုက်အောင် ဒေါသစွက်ပြီး တိရစ္ဆာန်လို ရိုက်နက်တာမျိုး မြင်ရ၊ ကြားရရင် ကျွန်တော် ရင်နင့်အောင် ခံစားရပါတယ်။

မျက်စိထဲမှာလည်း မနီနီမျက်နှာကို ပြန်မြင်ပြီး မိခင်ချင်းအတူတူ မိခင်စိတ် ကင်းမဲ့တဲ့ မိန်းမတွေနဲ့ နှိုင်းယှဉ်ပြီး အထွတ်အထိပ်ရောက်အောင် ဒေါသဖြစ်ပါတယ်။

မနီနီဆိုတာ ရွှေဥန်းရွာက မိခင်တစ်ယောက်ပါ။

ကျွန်တော် မနီနီရဲ့ဇာတ်လမ်းကိုရေးဖွဲ့ပြီး မဂ္ဂဇင်းတိုက် ပို့ဖူးပါတယ်။ လစဉ်ထုတ်မှာရော လက်ရွေးစင်ဝတ္ထုတို ပေါင်းချုပ်၊ အထူးထုတ်မှာရော ဖော်ပြခံရဖူးပါတယ်။ ကျွန်တော် မရောင့်ရဲနိုင်ပါဘူး။ ဒီအကြောင်းအရာကိုပဲ ခေါင်းစဉ်ပြောင်း၊ စာကိုယ်ကို ပြင်ဆင်ပြီး မူရင်းဇာတ်လမ်းကျောရိုး မပျက်ဘဲ အမေမေတ္တာဖိတ်ခေါ်စာမူပြုပြင်ပွဲမှာ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးအသွင်နဲ့ သုံးနှစ် သုံးကြိမ် ဝင်ပြိုင်စဉ်မှာလည်း ထိုက်သင့်တဲ့ဆုတွေ ရခဲ့ဖူးပါတယ်။

ကျွန်တော် ဒီလိုထပ်တလဲလဲရေးသားခြင်းဟာ စာမူခ ကို အဓိကထားလို့မဟုတ်ကြောင်း ရိုးသားစွာဝန်ခံပါရစေ။

မိခင်တိုင်း ဖတ်စေချင်၊ သိစေချင်၊ အားကျစေချင်၊ လိုက်နာကျင့်သုံးစေချင်တဲ့ဆန္ဒနဲ့ ရေးသားနေခြင်းပဲဖြစ်ပါ တယ်။

ဇာတ်လမ်းအစက ကရင်ပြည်နယ်၊ ရွှေဥန်းရွာကြီးမှာပါ။

◆◆◆

(၁၉၇၃)ခုနှစ်၊ မတ်လ (၂)ရက်၊
တောင်သူလယ်သမားနေ့။
မွန်ပြည်နယ်၊ မုဒုံမြို့အခြေစိုက် ကျွန်တော်တို့တပ်ရင်း ဟာ ကရင်ပြည်နယ်၊ ကမမောင်းရွာကြီးမှာ ရှေ့တန်းခွာ နေ

www.burmeseclassic.com

www.burmeseclassic.com

ချုပ်ဖွင့်ပြီး ရွှေဂွန်းရွာ၊ ကတိုင်တိရွာ၊ ရေဖြူရွာ၊ လေးကေ၊ နတ်ကြီး၊ ပျဉ်းမပင်ဆိပ်၊ ကြသောင်းဆိပ်၊ ဝိန္ဓဲတောရွာတွေမှာ တပ်ဖြန့်ထားပါတယ်။

မော်လမြိုင်ကထွက်တဲ့ ခရီးသည်တင် နှစ်ထပ်သင်္ဘောကြီးတွေဟာ သံလွင်မြစ်ကို ဆန်တက်ရင်း ရွှေဂွန်းရွာမှာ ဂိတ်ဆုံးပါတယ်။ ကမမောင်းအထိ ဆက်မတက်တာက တော့ ရေစီးသန်၊ ကျောက်ဆောင်တွေပေါ၊ ကျွန်းတွေကများ၊ သောင်ခုံတွေ မရေတွက်နိုင်လို့ ဆက်မတက်တာဖြစ်ပါလိမ့်မယ်။ အဲဒါကြောင့် ရွှေဂွန်း-ကမမောင်း ခရီးစဉ်ကတော့ ပုဂ္ဂလိကမော်တော်နဲ့ပဲ ခရီးဆက်ရပါတယ်။

ရွှေဂွန်းရွာကြီးရဲ့အနေအထားကတော့ သံလွင်မြစ်ရဲ့ အရှေ့ဘက်ကမ်းနပူးကိုမေးတင်ပြီး တောင်နဲ့မြောက် အလျားတစ်မိုင်လောက်ရှိတဲ့ ရွာတန်းရှည်ကြီးပါ။ တောင်ဘက်ထိပ်မှာ ရဲစခန်းရှိပြီး မြောက်ဘက်ထိပ်မှာတော့ ကျွန်တော်တို့ တပ်ရင်းက တစ်စုစခန်းထိုင်၊ တစ်စုလှုပ်ရှားနဲ့ တာဝန်ချထားပါတယ်။

ကေအင်ယူသောင်းကျန်းသူတွေဟာ ရွှေဂွန်းရွာကိုစီးပြီး တပ်စခန်းနဲ့ ရဲစခန်းကို တိုက်မယ်ဆိုတဲ့သတင်း ရထားတာတော့ ကြာပါပြီ။ ခြောက်သွေ့ရာသီအစ ဒီဇင်ဘာလထဲကပါ။ (၁၉၇၃)ခုနှစ်၊ ဖေဖော်ဝါရီလကုန်ထိ မတိုက်သေးပါဘူး။

နယ်မြေလုံခြုံရေး စိတ်ချရတဲ့အနေအထားရှိလို့ ကျွန်တော်တို့ ရှေ့တန်းဌာနချုပ်ဖွင့်တဲ့ ကမမောင်းရွာကြီးမှာ တောင်သူလယ်သမားနေအထိမ်းအမှတ်၊ တိုင်းစစ်ဌာနချုပ် နယ်လှည့် ရုပ်ရှင်လေးကားပေါင်း မိုးအလင်းပြဇော်ပွဲတော်ခင်းကျင်းပြီး စည်ကားသိုက်မြိုက်စွာကျင်းပဆဲ ဒုတိယမြောက်ည ဆယ်နာရီတိတိမှာ လက်နက်ကြီး,ငယ်သံတွေ ရွှေဂွန်းရွာကြီးဘက်က ပေါက်ပေါက်ဖောက်သလို၊ မိုးခြိမ်းသလို ကြားရပါတယ်။

လက်နက်ကြီး,ငယ်သံတွေ ကြားကြားချင်းပဲ စက်ဖွင့်အဆက်အသွယ်ယူပါတယ်။ ရွှေဂွန်းစခန်းစက်က ပြန်လည်သတင်းပို့တာကတော့ ရွှေဂွန်းရွာတောင်ဖျားက ရဲစခန်းကို အလုံးအရင်းနဲ့ တိုက်ခိုက်နေကြောင်း၊ တပ်စခန်းကို တိုက်ခိုက်ခြင်းမရှိကြောင်း၊ လှုပ်ရှားတပ်စု မိမိတပ်စခန်းပတ်လည် ထွက်ရှင်းနေကြောင်းပါ။

ရှေ့တန်းမှူး ပြန်ပြီးညှိနှိုင်းတာကတော့ ရဲစခန်းပတ်လည် ပုံသေမှတ်ပုံတင်ပစ်မှတ်တွေဖြစ်တဲ့ လှို၊ တောင်ကုန်း၊ ရေကန်တွေကို သုံးလက်မစိန်ပြောင်းနဲ့ ပစ်ကူပေးထား။ (၁၂)နာရီထိ ရန်သူဆုတ်ခွာမှုမရှိရင် လှုပ်ရှားတပ်စုရဲစခန်းကို စစ်ကူအဖြစ် သွားရောက်ပူးပေါင်း။ ရွာ၊ တပ်၊ ရဲစခန်း မကျအောင် ဆောင်ရွက်ဖို့နဲ့ ကျွန်တော်တို့ ကမမောင်းက ရှေ့တန်းမှူးနဲ့ တပ်ခွဲ ယခုစစ်ကူလာမည် ဖြစ်ပါတယ်။

ကျွန်တော်တို့စစ်ကူအဖွဲ့ ဆယ့်ငါးမိနစ်နဲ့ အသင့်ဖြစ်ပေမယ့် စတန်းဘိုင်မော်တော်ကတော့ အဆင်သင့်မဖြစ်ပါဘူး။ စက်ဆရာရော၊ ဆလင်ရော မရှိလို့ပါ။ အဲဒီနှစ်ယောက်လိုက်ရှာရတာတင်ပဲ နှစ်နာရီလောက်ကြာပါတယ်။ ပုန်းရေကြလို့ပါ။

ကမမောင်းကနေ ရွှေဂွန်းခရီးစဉ်ဟာ စက်မန္တီးဘဲ သံလွင်မြစ်ကြောင်းအတိုင်း မျှောဆင်းသွားရင်တောင် ရန်သူမဆုတ်ခင် အချိန်မီရောက်နိုင်တဲ့ အနေအထားပါ။ မောင်းနေကျ ရေကြောင်းကျမ်းတဲ့ မော်တော်ဆလင်ဟာ ကြောင်းကြောက်လန့်လန့်နဲ့မောင်းလို့ ရေကြောင်းမှား သောင်တင်ကာ ခရီးဟာ မကြာသင့်ဘဲ ကြာပြီး မတ်လ (၃)ရက်နေ့ ရောင်နီသန်းမှပဲ ရွှေဂွန်းရွာကိုရောက်ပါတယ်။

ရန်သူကတော့ ဆုတ်ခွာသွားပါပြီ။ ကစဉ့်ကလျား အိုးနှင်းခွက်နှင်းနဲ့ ဆုတ်ခွာရခြင်းမျိုးပါ။ စခန်းပတ်လည် လယ်ကွင်းထဲက ပြန့်ကြဲနေတဲ့အလောင်းနဲ့ လက်နက်တွေတောင် မကောက်သွားနိုင်ပါဘူး။

တပ်မတော်နဲ့ ညီနောင်ရဲတပ်ဖွဲ့ ရွပ်ရွပ်ချွဲချွဲခံတိုက်အောင်ပွဲကို မှတ်တမ်းတင်ဂုဏ်ယူလျက်ရှိဆဲပါ။

◆◆◆

ရွှေဂွန်းရဲစခန်းထဲမှာ မနီနီဆိုတဲ့အမျိုးသမီးတစ်ယောက် ရှိတယ်။ သူအမျိုးသားက ရဲတပ်ကြပ် မောင်ဖြူပါ။ အသက် ဆုံး(၅)နှစ်၊ အငယ်ဆုံး(၂)နှစ် သမီးသုံးယောက်အပြင် ဝမ်းစေ့,လစေ့ ကိုယ်ဝန်ဆောင်ထားရပါတယ်။

လင်ရောမယားပါ သမီးသုံးယောက်ရပြီးဖြစ်လို့ သားယောကျ်ားလေး ဖြစ်ပါစေလို့ ဆုတောင်းရုံနဲ့ အားမရသေးဘဲ ဗေဒင်မေး၊ နတ်မေး၊ ရက္ခစိုးနတ်မင်းဆီမှာ ဆုတောင်းရတာလည်း အမောပါ။

ဒီရက်ပိုင်းထဲမှာ မနီနီ အိပ်မက်,မက်ပါတယ်။ ထူးကျိုင်းလှတဲ့ သားယောကျ်ားလေးကို မွေးလမ်းကြောင်း မွေးမဖြစ်လို့ ဗိုက်ခွဲမွေးရတဲ့အကြောင်း၊ မွေးဖွားပြီးအသွေးယိုစိမ့်ပြီး မနီနီ သေဆုံးသွားတဲ့အကြောင်းပါ။

အိပ်မက်ကတော့ ရှေ့ပြေးနိမိတ်ပြ အိပ်မက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

မွေးဖွားဖို့ရက် နီးကပ်လာတဲ့အခါ မိဘနှစ်ပါးဖြစ်တဲ့ မောင်ဖြူရော၊ မနီနီရောဟာ မမြင်ရသေးတဲ့ သားလေး အတွက် လက်စွပ်၊ ဆွဲကြိုးကအစ လိုအပ်တာပြီးပြည့်စုံအောင် ဝယ်ယူစုဆောင်းပြီးဖြစ်ပါတယ်။

(၁၉၇၃)ခုနှစ်၊ မတ်လ (၂)ရက်နေ့ ညဦးပိုင်းကတည်းက မနီနီ ဗိုက်ထဲကနာ၊ ခါးရိုးတွေ ကိုက်ပါတယ်။ နေ့ရက် စေ့နေပြီဖြစ်လို့ အဲဒီနေ့ ည(၈)နာရီမှာ ရဲတပ်ကြပ်မောင်ဖြူဟာ ရွာမြောက်ဖျားမှာရှိတဲ့ ကျေးလက် သားဖွားဆရာမကို သွားခေါ်ပါတယ်။ ကြမ္မာငင်ချင်တော့ မွေးလူနာတစ်ဦးနဲ့ တိုက်နေလို့ စောင့်ရပါတယ်။ အလွယ်တကူမွေးဖွားပြီးလို့ သားဖွားဆရာမဟာ လိုအပ်တဲ့သန့်ရှင်းရေးလုပ်၊ ဆေးသေတ္တာပြင်ဆင်ပြီး ရဲတပ်ကြပ်မောင်ဖြူနဲ့လိုက်ပါဖို့ အသင့်ဖြစ်ချိန်မှာ-

'ဒိုင်း..ဒိုင်း..ဖောက်ဂျိမ်း'

'ဒက်..ဒက်..ဒက်..ဒက်'

'တောက်ဖုန်း..တောက်ဖုန်း..ဝုန်း'

ရဲတပ်ကြပ်မောင်ဖြူတို့ရဲစခန်းကို အလုံးအရင်းနဲ့ တိုက်စစ်ဆင်လို့ နှစ်ယောက်သား နီးစပ်ရာအိမ်တွေမှာ ပုန်းခိုလိုက်ရပါတယ်။

♦ ♦ ♦

တိုက်ပွဲစတယ်ဆိုရင်ပဲ မနီနီဟာ ရေမြွာပေါက်ပြီး အောက်ပိုင်းတစ်ပိုင်းလုံး ရွဲရွဲစိုး၊ ဗိုက်ကလည်း မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲတာတွေကို အမှုမထားနိုင်ဘဲ သမီးသုံးယောက်ကို တစ်ယောက်စီ အခေါက်ခေါက်အခါခါ အိမ်နောက်ဖေးက ဗုံးခိုကျင်းထဲကို ချိမ၊ ရွှေပြောင်းနိုင်ပါတယ်။

မနီနီ ဒီလိုရွှေပြောင်းနေချိန်ဟာ သောင်းကျန်းသူတွေ သဲကြီးမဲကြီး လက်နက်ကြီး,ငယ် အသွယ်သွယ်နဲ့ မရပ်မနား ပစ်ခတ်နေဆဲဖြစ်လို့ မနီနီရဲ့ အားဘယ်,ညာ၊ အထက်, အောက် ကျည်ဆန်တွေတရွီးရွီးနဲ့ ဖြတ်သန်းနေချိန်ပါ။ မှန်လိုက်ရင် သေမယ်မှန်းသိသိကြီးနဲ့ သားသမီးစောကပ်ပြီး ရွှေပြောင်းနေခြင်းပါ။

အမှန်က ကလေးတွေရော မနီနီပါ အားကင်းရာ ဗုံးခိုကျင်းထဲ ရောက်နေပြီဖြစ်လို့ စိတ်ဒုန်းဒုန်းချပြီး အေးအေးဆေးဆေးနေရတော့မှာပါ။ ဒီအချိန်မှာ အကယ်၍ အိမ်တန်းလျားတွေ မီးစွဲလောင်ခဲ့သော်ဆိုတဲ့အတွေးဝင်ပြီး မမွေးရသေးတဲ့ကလေးအတွက် အိမ်ပေါ်မှာကျန်ရစ်တဲ့ပစ္စည်းကို ချီတုံချတုံမလုပ်တော့ဘဲ စိတ်ကို ပိုင်ပိုင်ဆုံးဖြတ်ချက်ချပြီး (၄)ခေါက်မြောက် အိမ်ပေါ်ပြန်အတက် နောက်ဖေးရေကပြင်ပေါ်ရောက် နောက်ဖေးမီးဖိုချောင်တံခါးကအဝင်-

'ဖောက်..ဂျိမ်း'

သောင်းကျန်းသူပစ်လိုက်တဲ့ M79 လောက်ချာရဲ့ (၄၀) မမ ဗုံးသီးဟာ မနီနီရဲ့ဦးခေါင်းနောက်စေ့ကို တိုက်ရိုက်ထိမှန်ပေါက်ကွဲပြီး မနီနီ အလျားမောက် ပစ်လဲကျသွားပါတယ်။ ဦးခေါင်းရိုးကြေမွပြီး ရေကပြင်မှာလည်း သွေးစနဲ့ ဦးနှောက်စတွေ ပြန့်ကြဲသွားပါတော့တယ်။

♦ ♦ ♦

ရွှေတန်းမှူးညွှန်ကြားချက်အရ ဗိုလ်ဇော်ဇော်နဲ့ တပ်စု စခန်းပတ်လည် ရှင်းလင်းသော်လည်း ရန်သူတို့ပြန်မှ လုံးဝ မရှိတဲ့အတွက် ရဲစခန်းကိုတိုက်တဲ့ လက်နက်ကြီး,ငယ် အသံတွေအရ အလုံးအရင်းနဲ့တိုက်တယ်။ စစ်မြေပဲတဲ့သဘော မရှိ။ မိမိတပ်စခန်းကို မတိုက်ဘူးဆိုတာ သုံးသပ်လို့ရတဲ့ အတွက် ရဲစခန်းကို စစ်ကူသွားဖို့ အမိန့်တောင်းပါတယ်။

လမ်းခုလပ်မှာသောင်တင်နေတဲ့ ရွှေတန်းမှူးနဲ့ စစ်ကူအဖွဲ့ဟာ ဆက်သွယ်ရေးစက်က အမိန့်တောင်းခံချက်ရရချင်းပဲ ရန်သူဖြတ်တောက်ရေးအဖွဲ့ ရှိနိုင်၊ တပ်ဖြန့်ချီတက်၊ အဆိုးဆုံးအခြေအနေကို မျှော်မှန်း၊ ထိပ်တိုက်တွေ့လျှင် ပစ်အားနဲ့ချေမှုန်းပြီး ရဲစခန်းကို မြန်မြန်နှင်းဖြင့်စစ်ကူပေးလို့ အမိန့်ပေးလိုက်ပါတယ်။

ရွှေတန်းမှူးမျှော်လင့်သလိုပါပဲ ရွှေဂွန်းရွာလယ် ညောင်ပင်စရပ်က ရန်သူဖြတ်တောက်ရေးအဖွဲ့နဲ့ ထိပ်တိုက်တွေ့ဆုံတော့တာပါပဲ။ ဗိုလ်ဇော်ဇော်ဟာ ရွှေတန်းမှူးအမိန့်အတိုင်း ကျည်ပစ်အားနဲ့ ပိုင်ပိုင်နိုင်နိုင်ပစ်ခတ်နိုင်တဲ့အတွက် ငါးမိနစ်တောင် တောင့်ခံနိုင်ခြင်းမရှိဘဲ ဆုတ်ခွာသွားပါတယ်။

ဖြတ်တောက်ရေးအဖွဲ့နဲ့ တိုက်ပွဲဖြစ်စဉ်မှာ ဗိုလ်ဇော်ဇော်တပ်စု ပွိုင့်တပ်စိတ်က ရဲဘော်သံဂ ကျဆုံးပါတယ်။ ရရှိတဲ့ဒဏ်ရာကတော့ နဖူးညာဘက်ကနေ ဘယ်ဘက်ကို ကန့်လန့်ဖြတ်ရတဲ့ဒဏ်ရာပါ။ နဖူးရိုးမဖောက်ပေမယ့် ကျည်လုံးရိုက်အားနဲ့ အရိုးအက်သွားမယ့်သဘောပါပဲ။

ဦးနှောက်သွေးကြောပေါက်၊ သွေးယိုသွေးစိမ့်ရုံနဲ့ အသက်သေတတ်ကြောင်း ဆေးပညာဆောင်းပါးတွေ ဖတ်မှတ်လေ့လာဖူးပါတယ်။

သို့သော် မနီနီရရှိတဲ့ဒဏ်ရာနဲ့ပတ်သက်ပြီး နှိုင်းယှဉ်ကြည့်တဲ့အခါ ဆန့်ကျင်ဘက်တွေအပေါ် ဘယ်လိုမှ စဉ်းစား

www.burmeseclassic.com

တွေးခေါ်လို့မရ ဖြစ်ရပါတယ်။

♦♦♦

မနီနီတို့နေအိမ်လိုင်းခန်း ရှေ့နောက်နဲ့ အိမ်ခန်းထဲမှာ ရဲစခန်းထဲက မိသားစုတွေရော၊ အရပ်ထဲက ကလေး၊လူကြီးမကျန် ပြုံခဲလို့နေပါတယ်။ အိမ်ပေါ်မှာ မနီနီရဲ့ဝန်းကျင်မှာတော့ ကြည့်ရှုခွင့်၊ ကြည့်မြင်ခွင့်ရတဲ့လူတွေရဲ့ မျက်ဝန်းတွေမှာ မျက်ရည်စတွေနဲ့ပါ။

အိမ်နောက်ဖေးရေကပြင်မှာလည်း ကြီးမားကျယ်ပြန့်တဲ့ သွေးကွက်တွေ၊ သွေးစတွေနဲ့ရောနှောနေတဲ့ ပန်းနုရောင် ဦးနှောက်အပိုင်းအစရဲ့ မြင်ကွင်းကလည်း ရင်နင့်စရာကြီးပါ။

ကျွန်တော် ပရိသတ်ကိုတိုးဝှေ့ပြီး မနီနီရဲ့ အနီးကပ်မြင်ကွင်းကို ကြည့်မြင်ခွင့်ရတဲ့အခါမှာတော့ ပရိသတ်တွေ ဘာကြောင့် မျက်ရည်ဝဲရလဲဆိုတဲ့အဖြေကို သိခွင့်ရလိုက်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ထပ်တူခံစားပြီး မျက်ရည်ဝဲလာလို့ပါ။

မနီနီရရှိတဲ့ဒဏ်ရာဟာ ညဆယ်နာရီ တိုက်ပွဲစပြီး မိနစ်ပိုင်းအတွင်းမှာရရှိတဲ့ ဒဏ်ရာပါ။ ကျွန်တော် လက်ကနာရီကိုကြည့်လိုက်ပါတယ်။ နံနက်ခုနစ်နာရီခွဲနေပါပြီ။ ကြာမြင့်ချိန်တွက်ကြည့်တဲ့အခါ မနီနီဒဏ်ရာရထားတဲ့အချိန်ဟာ (၉)နာရီကျော်နေပါပြီ။ ရန်သူအသုံးပြုပစ်ခတ်တဲ့ M79 လောင်ချာရဲ့ M40 ကျည်ပေါက်ကွဲအားဟာ ပြင်းထန်ပါတယ်။ ဒီလို လက်နက်ကျည် နောက်ဧဇင်မှန်ပေါက်ကွဲလို့လည်း ဦးခေါင်းရိုးတွေကြေ၊ ဦးနှောက်အပိုင်းအစ ပြန့်ကြဲကုန်တာပါ။

ဦးနှောက်သွေးကြောပေါက်ရင် သေတယ်ဆိုတဲ့ ဆေးပညာအဆိုကို ကျွန်တော် သံသယဝင်မိပါတယ်။ ဦးနှောက်ဖွဲ့စည်းပုံတစ်အုံလုံးမရှိဘဲ မနီနီ အသက်ရှင်နေသေးလို့ပါ။

မနီနီ စကားမပြောနိုင်တော့သလို မျက်လုံးလည်းမဖွင့်နိုင်တော့ပါဘူး။ ဒါပေမဲ့ မနီနီရဲ့ ဘယ်,ညာလက်နှစ်ဖက်ကတော့ ပရိသတ်ကို စကားပြောနေပါတယ်။

မနီနီဟာ ပက်လက်အနေအထားနဲ့ သူ့လက်နှစ်ဖက်ကို ရင်ညွန့်ကနေပြီး အောက်ပိုင်းကို အကြိမ်ပေါင်းများစွာတွန်းပြပါတယ်။

'ကျွန်မဗိုက်ထဲကကလေးကို ပိုင်းပြီးတွန်းချပေးကြပါ' လို့ အချက်ပြပြောဆိုနေခြင်းပါ။

မနီနီ ညာဘက်လက်ထောင်ပြီး လက်ဝါးနဲ့လှုပ်ယမ်းပြပြီး ရင်ညွန့်ကနေ မွေးလမ်းကြောင်းအထိ လက်ဝါးစောင်းနဲ့ဆွဲပြပါတယ်။

'တွန်းချမရရင် ဓားနဲ့ခွဲပြီး ကလေးကို ထုတ်ပေးကြပါ' လို့ မေတ္တာရပ်ချက်ကို ပရိသတ်အားလုံး နားလည်သဘောပေါက်ကြပါတယ်။ မျက်ရည်ခိုင်လှပါတယ်ဆိုတဲ့လူတောင် တရားသဘောနဲ့ ဖြေသိမ့်နိုင်ပါ့မလား။

ကျွန်တော် မရှုမမြင်ရက်လို့ ရှေ့တန်းမှူးကို သတင်းပို့ပါတယ်။

ကျွန်တော်သတင်းပို့ချက်ကို လက်ခံပြီးပြီးချင်း ရှေ့တန်းမှူးဟာ သူကိုယ်တိုင်လိုက်ကြည့်ပြီး ရဲစခန်းမှူးရယ်၊ မနီနီယောကျ်ားရယ်နဲ့ တာဝန်ရှိသူတွေခေါ်ပြီး ရုံးခန်းမှာတွေ့ဆုံပြီး ဘားအဲဆေးရုံတင်ဖို့ စီစဉ်ပါတယ်။ ရွှေဂွန်းရွာက ဆေးဝန်ထမ်းတွေ ညတွင်းချင်း ရောင်တိမ်းသွားကြလို့ပါ။

'ရှေ့တန်းမှူးကြီးခင်ဗျား..ဆေးရုံပို့လည်း သေမှာပါပဲ။ အရေးကြီးတာက ဗိုက်ထဲကကလေး အသက်ရှင်လျက်နဲ့ အပြင်ရောက်ဖို့ပါ။ ဒါကြောင့် ရှေ့တန်းမှူးကြီးတို့မှာပါတဲ့ ဆေးမှူးတွေနဲ့ပဲ ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံပါတယ်'

ရဲစခန်းမှူးရဲ့ သတင်းပို့ချက်ပါ။ ကျွန်အရာရှိကတော့ တွေကလည်း ထောက်ခံပါတယ်။ ဒါပေမဲ့...။

'ကျွန်တော့်မိန်းမ ဒဏ်ရာကြောင့် မချိမဆန့်ခံစားနေရတာပါ။ ဒါကို တစ်ခါထပ်ပြီး ခွဲကြစိတ်ကြဦးမယ်ဆိုရင်တော့ ကျွန်တော် မကြည့်ရက်ပါဘူး'

ကာယကံရှင်ဖြစ်တဲ့ ရဲတပ်ကြပ်မောင်ဖြူရဲ့ဆန္ဒပါ။ အရာရှိနဲ့ အရာရှိကတော်တွေကတော့ မောင်ဖြူကို ဝိုင်းပြီး မျက်စောင်းထိုးလိုက်ပါတယ်။

'မင်းမိန်းမ သေမှာလေကွာ။ ဦးနှောက်မရှိတဲ့မိန်းမ ဘယ်လိုလုပ်အသက်ရှင်မှာလဲ။ သူကိုယ်သူသိတယ်။ ဒါကြောင့် ခွဲမွေးပေးဖို့ပြောနေတာ။ ပါးစပ်က မပြောနိုင်လို့ လက်ကပြောနေတာ။ အထဲကကလေး အသက်ရှင်တာ မင်းမလိုချင်ဘူးလား။ နှစ်ယောကျ်စလုံး အသေခံမလား'

နံနက်ရှစ်နာရီကျော်သွားပါပြီ။ အများနဲ့တစ်ယောကျ်သဘောထားကွဲလွဲမှုကို ညှိနှိုင်းလို့မရသေးပါဘူး။

'ဟေ့ကောင်မောင်ဖြူ၊ မင်းမလုပ်ချင်လည်း အခြေအနေအရ လုပ်ရမှာပဲ။ ငါတာဝန်ယူတယ်ကွာ။ မင်းမမြင်ချင် ရောင့်နေ။ တို့ အလုပ်စမယ်'

ရှေ့တန်းမှူးခေါင်းပေါ် ပုံကျသွားပါပြီ။ လုပ်ပိုင်ခွင့်ရှိသည့်,မရှိသည့် ကျွန်တော်မသိပါ၊ မကြိုးပါ။ လက်ခွင့်

www.burmeseclassic.com

www.burmeseclassic.com

မရှိဘဲ ခွင့်ပြုချက်ပေးလိုက်လျှင် အဓိန့်ပေးသူ ရှေ့တန်းမှူး အပေါ် အပြစ်ပုံကျနိုင်ပါတယ်။ ဒါပေမဲ့ လက်တွေ့အခြေအနေ မလုပ်သင့်သော်လည်း လူသားချင်းစာနာထောက်ထားပုံရပါတယ်။

'ကဲ..နောင်ခါလာနောင်ခါစျေးပေါ့ကွာ။ ဆေးမှူးတွေ အသင့်ပြင်။ ခွဲပြီး ကလေးထုတ်မယ်'

ကျွန်တော်တို့ရဲ့ စုံညီအစည်းအဝေး အဆုံးသတ်ပြီး ရဲစခန်းရုံးခန်းထဲက ထွက်လာချိန်မှာပဲ ဆေးမှူးမဟုတ်တဲ့ ဆေးဝန်ထမ်းတွေ ရုံးထဲဝင်လာပါတယ်။ ညဘက်က ဘေးကင်းရာကိုရှောင်တိမ်းသွားတဲ့ ဆေးဝန်ထမ်းတွေပါ။ မနီနီသတင်းကြားလို့ ဝင်လာခြင်းပါ။

မနီနီတို့အခန်းက လူတွေရှင်းထုတ်ပြီး နေအိမ်ကို ခွဲစိတ်ခန်းအဖြစ်နဲ့ အရေးပေါ်ခွဲစိတ်ပါတယ်။

ဆယ့်ငါးမိနစ်လောက်အကြာမှာတော့-

'အူဝဲ..အူဝဲ'

'ယောကျ်ားလေး'

မေ့ဆေး၊ ထုံဆေးမသုံးဘဲ အရေးပေါ်အစိမ်းခွဲ မွေးဖွားပေးခြင်းပါ။ ငိုလို့မရ၊ ရယ်လို့မရတဲ့ မနီနီမျက်နှာ တစ်ချက်ပြုံးလိုက်ပါတယ်။ ကလေးအသံကြားလိုက်ရလို့ပါ။ နောက်ဆုံးအပြုံးပါ။

အကယ်၍သာ အူဝဲ အော်မြည်သံနှစ်ချက်သာပေးနိုင်ကြောင်း၊ မနီနီအသိစိတ်ရှိသေးရင် ပြုံးနိုင်ပါ့မလား။ ဒိုက်ထဲက ကလေးပါ အသက်ဆုံးသွားလို့ပါပဲ။

♦ ♦ ♦

'အပမိုတာ'

'ဝိညာဉ်ပူးတာ'

'သရဲစီးတာ'

ပါးစပ်ပေါက်မျိုးစုံက ပေးလာတဲ့ထင်ကြေးမျိုးစုံကို ကျွန်တော် မငြင်းပါ။ ကျည်လုံးရိုက်၊ နပူးရိုးအက်၊ သွေးယို စိမ့်ပြီး ပွဲချင်းပြီးသေဆုံးတဲ့ ရဲဘော်သံဂဲနဲ့ရိုင်းယှဉ်ပြီး ငြင်းဆိုခြင်းမပြုတာဘဲဖြစ်ပါတယ်။

သားဧရာကပ်နေတဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာစွမ်းအားကြောင့် ခုလို ချက်ချင်းအသက်မသေဘဲ (၁၀)နာရီကြာအသက်ကို ဆွဲဆန့်နိုင်တာပါလို့ ကျွန်တော်သုံးသပ်လိုက်ပါတယ်။

ရှစ်ခွင်ကေျာ်(ဖောင်တော်သီ)

ဆရာကြီးရာဇာဧော်ဝင်း(LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ

ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမှမဟုတ် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ တုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာစာတာ၊ အင်္ဂလိပ်စာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေးပါရှု ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဘုရင်ပုဂံခေတ် ၉၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ် မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေးထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှတ်ဟောဘုရင်ပုဂံခေတ် ၅၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်ပြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဧန်းသာဆက်လိုက်ပါ။

တိုက်-၃၅(မြေညီထပ်)၊ (၀၇)လမ်း၊ မင်္ဂလာတောင်ညွန့်ပြိုင်နယ်၊ ရန်ကုန်ပြို့။ (ဝိတ်ရက်မရှိ)

☎ (01)394727, (01)399426, 09 730 09994, 09 730 78260, 09 51 52521

www.burmeseclassic.com

www.burmeseclassic.com

ရဲနွယ်မောင် (သုံးဆယ်)

ဥပါဒါန် သည်အစွဲရယ်ကြောင့်

'ငါ ဘယ်ရောက်နေတာလဲ'

ဝိုးတဝါးသာ မြင်နေရသည့် မြင်ကွင်းက မဝိုင်။ မျက်လုံးအစုံကို ပွတ်သပ်ကြည့်မိသည်။ ညဉ့်အမှောင်ထုကို မှုန်ပျပျကြယ်ရောင်တို့က အတင်းထိုးဖောက်နေ၏။ အဲ့မှိုင်းညို့ဆိုင်းနေသည့် သစ်ပင်ကြီးငယ်တို့၏ အမှောင်ရိပ်က ပို၍သိပ်သည်းလွန်းလှသည်။ တစ်ချို့,တစ်ချို့ တွေ့ယမ်းလိုက်သည့် လေပြင်းကြောင့် တရဲရဲ တဟီးဟီး မြည်ကြွေးယိမ်းထိုးလှုပ်ရှားနေသည်ကပင် မကောင်းဆိုးဝါး ကောင်ကြီးများ ဝိုင်းရံခြောက်လှန့်နေသယောင်။ သူ့ဘေးပတ်လည်တွင် မှတ်တိုင်လေးများ ယိုင်လဲနေသည့် မြေပုံမို့မို့များ၊ အရောင်ပျောက်နေသော အုတ်ဂူကြီးငယ်များ၊ သုသာန်ကုန်းတစ်ဖက် စွန်း တောစပ်ဆီမှ ညမှဆိုး ခွေးအူသံများ၊ ပတ်ဝန်းကျင် တစ်ခုလုံးက သွေးပျက်စရာ၊ သူကိုယ်တိုင် ကယောင်ချောက်ချား ဖြစ်လာသည်။

'ဘာဖြစ်လို့ ငါ ဒီဇနရာ ရောက်နေတာလဲ။ ဟာ.. မဖြစ်ပါဘူး၊ ဒီနေရာက မြန်မြန်ပြေးမှပဲ'

www.burmeseclassic.com

www.burmeseclassic.com

ကြောက်စိတ်နှင့်အတူ အမြန်ပြေးရန် ခြေထောက်ကို နောက်ဘက်သို့ ဆွဲလှည့်လိုက်၏။ သူခြေထောက်တို့က သူခေါ်ရာ မလိုက်တော့။ ခန္ဓာကိုယ်တစ်ခုလုံးကို တစ်စုံတစ်ယောက်က ချုပ်ကိုင်ထားသလို လှုပ်မရ။ ကြက်သေ,သေပြီး မလှုပ်မယှက် ငူတူတူကြီး ရပ်နေမိ၏။ အသက်ရှူကျပ်သလို ခံစားလာရသည်။ သည်အခိုက် မျက်စိရှေ့တည့်တည့် မြေပုံတစ်ခုဆီမှ ဖြူဖြူသဏ္ဌာန်တစ်ခု တရွေ့ရွေ့ချဉ်းကပ်လာနေသည်ကို မြင်လိုက်ရ၏။ အမှောင်ရိပ်ဖုံးနေသည့်တိုင် အဖြူရောင်ပုံရိပ်ကိုတော့ ထင်ထင်ရှားရှား မြင်နေရသည်။ တဖြည်းဖြည်းနီးလာပြီ။ သူနှင့် ဝါးတစ်ပြန်အကွာပင် မဝေးတော့။

နီးလာသည်နှင့်အမျှ ပုံသဏ္ဌာန်က နှလုံးတုန်ရင်ခုန်စရာ မြင်လာရ၏။ အတွဲလိုက် အသီလိုက် အသားစိုင်များက မျက်နှာတစ်ပြင်လုံး သွေးရောင်လွှမ်းလျက် ဖူးဖူးထနေ၏။ ပါးစပ်၊ နှာခေါင်းပေါက် မခွဲခြားနိုင်သော်လည်း ရဲရဲနီနေသော မျက်လုံးအစုံက သူ့ကို စူးစိုက်ကြည့်ရင်း ရှေ့ကိုတိုးလာနေသည်။ တစ်ကိုယ်လုံး လွှမ်းခြုံထားသည့် အဖြူရောင် အဝတ်စကြီးက လေနှင့်အတူ ငှက်တောင်ပံဖြန့်သလို ဘယ်ညာလက်နှစ်ဖက်ကို ဘေးဘက်ဆန့်တန်းလျက် တဖျပ်ဖျပ် သူ့ဆီကို လာနေပြီ။ သူ့နှလုံးသွေးတို့ ရပ်တန့်သွားသည်ထင်လိုက်ရ၏။ လှုပ်မရသည့် ခန္ဓာကိုယ်ကို အားတင်းလှုပ်လိုက်ပြီး ဘယ်ခြေကို နောက်တစ်လှမ်းဆုတ်ရင်း ညာခြေကို ခေါ်သွားမိသည်။ နှုတ်ကလည်း အလန့်တကြား ဟစ်အော်လိုက်မိသည်။

'မလာနဲ့၊ ငါ့ဆီ မလာနဲ့'

အသံက ထွက်မလာ၊ လည်ချောင်းဝတွင် တစ်ဆို့နေ၏။ ကြောက်အားကြီးလှသဖြင့် အသံက နစ်ဝင်သွားသည်။ သတ္တဝါကောင်က တစ်လှမ်းချင်း တိုးလာနေသည်။ သည်သတ္တဝါကို ကျောမခိုင်းရဲ။ တစ်လှမ်းချင်း ဆုတ်နေမိ၏။ လက်နှစ်ဖက်ကို ရှေ့ဆန့်ထုတ်ကာဆီးရင်း အသံကုန်အော်လိုက်မိသည်။

'နင် ဘယ်သူလဲ။ ငါ့ဆီ မလာနဲ့'

'ဟား...ဟား...ဟား...ဟီး...ဟီး...ဟီး'

သတ္တဝါကောင်ကြီး၏ ကြောက်မက်ဖွယ် ရယ်သံကြီးကို ကြားလိုက်ရ၏။ သူ တစ်လှမ်းဆုတ်သည်နှင့် တစ်ဖက်မှ တစ်လှမ်းတက်လာသည်။ ဘေးပတ်လည်မှ ခွေးအူသံများ ဆူညံလာသည်။ စူးစူးဝါးဝါးငိုညည်းသံများ ကြားလာရ၏။ သူ့ကို သတ်ဖြတ်တော့မည့် ဖြူဖြူကောင်ကြီးနှင့် လက်တစ်ကမ်းအလို ပြေးမရ၊ လှည့်မရ ဖြစ်နေသည့် သူခြေလှမ်းကို နောက်တစ်လှမ်း ဆုတ်လိုက်သည်။

'အား...ကယ်တော်မူကြပါ'

သုသာန်ကုန်းတစ်ဖက်ရှိ ချောက်ကမ်းပါးထဲသို့ တစ်ရှိန်ထိုး ကျဆင်းသွားသည်။ လေထဲတွင် ခြေကားရား လက်ကားရား ဝှေ့ယမ်းရင်း အောက်ဘက်မြေပြင်ဆီသို့ ဦးခေါင်းစိုက်လျက်...။

♦ ♦ ♦

'လည်ပင်းမှာ ညှိမည်းနေတယ်။ ဘယ်ဘက်ချိုစောင်းတစ်ခုလုံး ကြွေမွပြီး သွေးယိုနေတယ်။ လူသတ်သမားဟာ လည်မျိုကို ဖိညှစ်ထားပြီး မာကျောတဲ့အရာနဲ့ ခေါင်းကို ထုလိုက်တာပါပဲ'

စခန်းမှူး ဒုရဲအုပ်မျိုးမြင့်ကျော်က သေဆုံးသူ မိန်းကလေးအလောင်းကို စစ်ဆေးရင်း ထင်မြင်ချက်ပေးသည်။ သူနှင့်အတူ နယ်ထိန်းတပ်ကြပ်ကြီး မောင်ချစ်နှင့် ရဲတပ်ဖွဲ့ဝင် သုံးဦး ပါလာ၏။ သေသူ့အလောင်းကို လှည့်လန်းကူးရွာနှင့် မရမ်းအင်းရွာအကြား ဆက်သွယ်ထားသည့် သုံးဆယ်ချောင်းကူးတံတားအလွန် လမ်းဘေးလှူဒါနထဲတွင် တွေ့ရခြင်းဖြစ်သည်။ သေဆုံးသူနှင့် ဆယ်ကိုက်ခန့်အကွာ လှူဒါနမှာပင် မိန်းမစီးစက်ဘီးတစ်စီး လဲကျနေ၏။ အလောင်းအနီးဝန်းကျင်မှာ သဲလွန်စရှာမရ ဖြစ်နေသည်။ မျက်မြင်ခန့်မှန်းချက်အရ လူသတ်သမားက သတ်ပြီးမှ လှူဒါနထဲ ပစ်ချလိုက်ပုံရှာသည်။

'သမီးမှာ အမြဲဝတ်ဆင်ထားတဲ့ ဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ နားကပ်တစ်ရန် ရှိပါတယ်'

သေဆုံးသူ၏ဖခင် တင်ပြချက်အရ မိန်းကလေးခန္ဓာကိုယ်တွင် ဆင်မြန်းထားသည့် ရတနာပစ္စည်းများ မတွေ့ရတော့။ ပစ္စည်းယူ လူသတ်ခဲ့ခြင်း ဖြစ်နိုင်သည်။ စခန်းမှူးနှင့် အဖွဲ့ဝင်တို့ တောလမ်းတစ်လျှောက် ဝဲယာအနှံ့ရှာကြည့်သည်။ သေဆုံးသူကို တွေ့ရှိရသည်။ လှူဒါနမြောင်အထက် တောလမ်းပေါ်မှ ကိုက်သုံးဆယ်ခန့်အကွာတွင် ပေါင်းပင်ချုံနွယ်များ ထူထပ်နေသည့် မြေညီကုန်းပြင်ငယ်တစ်ခု ရှိသည်။

'ဗိုလ်ကြီးရေ...ဒီနေရာကို လာကြည့်ပါဦး'

ကုန်းပြင်ငယ်အနီးသို့ ရှေ့မှ ကြိုရောက်နေသည့် နယ်ထိန်းကြီး ခေါ်သံကြောင့် စခန်းမှူးကြီး ရောက်သွား၏။

www.burmeseclassic.com

ပေါင်းပင်ချုံနွယ်များ အုပ်မိုးနေသည့် အတွင်းဘက်မှာ လူတစ်ကိုယ်စာမက ဝင်ရောက်ခိုအောင်းနိုင်သည့် မျက်ကွယ်နေရာဖြစ်သည်။ ပိတ်ပြားနွမ်းကြေနေသည့် အပင်ငယ်များ၊ ရိုးတံကျိုးပဲ့ အပိုင်းအစများနှင့်အတူ စီးကရက်တိုသုံးပိုင်းတွေ့လိုက်ရသည်။ အစီခံထိ မသောက်ဘဲ တစ်ပိုင်းတစ်စပစ်ထားဓ၏။ စခန်းမှူးက အသင့်ပါလာသည့် စတီးဓာဂနာအသေးစားလေးဖြင့် အသာညှပ်ယူ စစ်ဆေးသည်။ စီးကရက်မီးကို ခပ်ဖွဖွသတ်ထားပုံရ၏။ ခေ့ခေ့စပ်စပ်ကြည့်သည်။ စီးကရက်အတွင်း ဆေးမှုန့်နှင့်ရောနေသည့် အဖြူရောင်မှုန့်လေးများကို မထင်မရှားမြင်လိုက်ရ၏။

'ဆရာချစ်ရေ..လိုအပ်ချက်တွေ စနစ်တကျတိုင်းထွာမှတ်သားပြီး ဓာတ်ပုံမှတ်တမ်းတင်ဗျာ။ ပြီးရင် အလောင်းကို ဆေးရုံပို့ဖို့ စီစဉ်လိုက်ပါ'

ဒေသဝန်းကျင်က ရွာဆက်ဝေးသည်ဟု မဆိုသာ။ လမ်းကြောက သုံးဆယ်တမံဆည်မှ လှည်းလမ်းကူး ထိုမှ သုံးဆယ်ချောင်းတံတားကိုကူးပြီး မရမ်းအင်း၊ သဲဖြူတောင်ညှိလမ်းမှ သုံးဆယ်၊ တစ်ဆင့် သာယာဝတီခြမ်းမှ ဇီမ်ဇာ၊ စီနှစ်ခွ၊ ကိုးပင်ရိုးကျော်ပြီး လှည်းလမ်းကူး ရောက်သည်။ လှည်းလမ်းကူးရွာသည် သုံးဆယ်တမံဆည် လမ်း၏ ဆုံရပ်ဖြစ်၏။ လှည်းလမ်းကူးနှင့် မရမ်းအင်းဆိုလျှင် နှစ်မိုင်ခန့်သာ ဝေးသည်။

'သေဆုံးသူ မအေးမြတ်သူက အ.မ.က လှည်းလမ်းကူးရွာကျောင်းက ဆရာမလေးပါ။ သဲဖြူရွာမှာနေပြီး နေ့စဉ် စက်ဘီးနဲ့ ကျောင်းတက်ပါတယ်။ မနေ့က ညဦးပိုင်း မိဘများ တိုင်ကြားချက်အရ ကျွန်တော်တို့ စုံစမ်းပြီးလိုက်ရှာကြတယ်။ မိုးလင်းခါနီးမှ အလောင်းကို တွေ့ရတာပါ'

သဲဖြူရွာ အုပ်ချုပ်ရေးမှူးက သတင်းပို့သည်။ အလောင်းကို တွေ့လျှင်တွေ့ချင်း သာယာဝတီရဲစခန်းသို့ ချက်ချင်းအကြောင်းကြားသဖြင့် စခန်းမှူးကြီးမျိုးမြင့်ကျော်နှင့်အဖွဲ့ အမြန်ဆုံး ရောက်လာ၏။ နယ်မြေဝန်းကျင်က ကျယ်ဝန်းလှသည်မဟုတ်။ တစ်ရွာနှင့်တစ်ရွာ သိနေကြ၏။ ရပ်ဝေးစည်သည် လူစိမ်းဆိုလျှင် သတိပြုမိကြသည်သာ။ နံဘေးမှ ဝိုင်းအုံကြည့်နေကြသော ဒေသခံရွာသားများထံမှ သတင်းအစအန စုံစမ်းကြည့်ရသည်။

'မနေ့က ညနေပိုင်း ကျွန်တော် လှည်းလမ်းကူးဘက်က မရမ်းအင်းကိုအပြန် ကမ်ဘိုအပြာရောင်ဆိုင်ကယ် စီးလာတဲ့ လူတစ်ယောက်ကို ချောင်းကူးတံတားအတက်မှာ မျက်နှာချင်းဆိုင် တွေ့လိုက်တယ်'

'ဘယ်သူလဲဗျ။ ခင်ဗျားအသိထဲကလား'

'ဆိုင်ကယ်စီးဦးထုပ်ကို ရှေ့က လေကာမှန်ချ စီးလာတော့ မျက်နှာမမြင်လိုက်ရဘူး။ သူက လှည်းလမ်းကူးဘက်ကို အရှိန်ပြင်းပြင်း မောင်းသွားတာဗျ'

မရမ်းအင်းရွာ ဆယ်အိမ်မှူးဆီက အထောက်အထားက မသေချာ။ ဆိုင်ကယ်ဦးထုပ်လေကာမှန် ချစီးသွားတယ်ဆိုတော့ မမှတ်မိအောင် ပုံဖျက်တာများလား။

'ကမ်ဘိုအပြာရောင်ဆိုင်ကယ်ဆိုရင် ဆည်မြောင်းစခန်းက ကိုမြင့်မောင်ဘီး ဖြစ်နိုင်တယ်။ ဒီဘက်နယ်မှာ အပြာရောင်ဘီးစီးတာ သူပဲရှိတယ်'

လှည်းလမ်းကူးရွာ အုပ်ချုပ်ရေးမှူးထံမှ သိရလိုသည့် သဲလွန်စ။ ဆိုင်ကယ်အပြာရောင်တွေက အများကြီး လမ်းစတွေ့သမျှ ခြေရာခံလိုက်ရမည်က ရဲတပ်ဖွဲ့ဝင်တို့ တာဝန်၊ သားကောင်ကို အဓိဖမ်းရမည့် မုဆိုးကြီးတို့ စွမ်းရည်။

♦ ♦ ♦

'ကလင်..ကလင်..ကလင်'

အိပ်မက်ဆိုးကြောင့် လန့်နိုးလာသည်။ အိပ်မက်ထဲတွင် သုသာန်ကုန်းတစ်ခုထဲ သူ ရောက်နေ၏။ မျက်နှာပြင်တစ်လုံး သွေးဖုံးနေသည့် အဝတ်ဖြူနှင့် မကောင်းဆိုးဝါး၊ ဘုတ်လျားကျနေသည့် ဆံခြည်မျှင်များကြားက မီးတောက်လိုလို နေသော မျက်လုံးအစုံ။ သူ့တစ်ကိုယ်လုံး ချွေးတွေစိုရွှဲနေကြောက်စရာမြင်ကွင်းက မျက်လုံးထဲက မထွက်။ ပြာလဲ့မီးရောင်ဖျော့ဖျော့သာ လင်းနေသည့် အခန်းဝန်းကျင်မရဲတရဲလှည့်ပတ်ကြည့်မိသည်။ ထိုအခိုက် တယ်လီဖုန်းခေါ်သံမြည်လာခြင်းဖြစ်၏။

တယ်လီဖုန်းမြည်သံကြောင့် သူကြောက်စိတ်ကို ထိန်းမရတော့။ အိပ်ခုတင်ပေါ်မှ ကြောက်လန့်တကြား ခုန်ဆင်းလိုက်ပြီး မလှမ်းမကမီး စားပွဲပေါ်ရှိ တယ်လီဖုန်းကို စိုက်ကြည့်နေမိသည်။ ဖုန်းကို သွားမကိုင်ရဲ။ အချိန်မတော် ဘယ်သူခေါ်တဲ့ဖုန်းလဲ။ ဖုန်းခေါ်သံက ပျောက်မသွားသေးပါ။ သူစိတ်ကိုတင်းလိုက်ပြီး ဖုန်းခွက်ကို ကောက်ယူသည်နှားဆီသို့ ပူးကပ်လိုက်၏။

'နိုင် ဘယ်ပြေးမလဲ။ ငါ လာနေပြီ'

ကြားလိုက်ရသည်က လိုဏ်ခေါင်းပဲ့တင်သံလို တလိန်းထနေသည့်အသံ။ သူ မှတ်မိလိုက်ပါပြီ။ အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com

ဟာ သတ္တဝါကောင်ကြီးအသံ။ ဖုန်းကို အသံဖွင့်ထားသည်မို့ တစ်ခန်းလုံး ဟိန်းနေသည်ထင့်။ ဖုန်းခွက်ကို သူနားဆီမှ ပြန်ခွာထုတ်ပြီး မျက်လုံးပြူးကြီးနှင့် ကြည့်နေမိ၏။ အိပ်ကော်ထဲမှာသာမဟုတ်၊ အရှင်လတ်လတ်ကြီး စကားပြော နေပါပကော။ ပြေးစရာနေရာမရှိ။ ဖုန်းကိုင်ထားသောလက်က တဆတ်ဆတ်တုန်လာပြီး ဖုန်းလွတ်ကျသွားသည်။ တွဲလောင်းကျသွားသည့် ဖုန်းထဲက အသံက မရပ်သေး။ သူ့ကို ခြောက်လှန့်နေဆဲ။

'နင်ရှိရာ ငါလိုက်နေမှာပဲ။ နင့်ကို ငါသတ်မယ်'

သူ နားမခံနိုင်တော့။ ကြောက်စိတ်က ငယ်ထိပ်ရောက်နေပြီ။ နားနှစ်ဖက်ကို လက်ဝါးနှင့်ပိတ်ရင်း အိပ်ခန်းတံခါးဆီ နောက်ပြန်ဆုတ်နေမိသည်။ ဖုန်းထဲက အသံက မစဲသေး။ နှလုံးခုန်မြန်လာသည်။ နှလုံးသားဆီမှ တင်းတင်းကျပ်ကျပ် ဆုပ်ထားသလို အောင့်တက်လာ၏။ ဖုန်းစားပွဲအနီး ဖြူဖြူအရိပ်တစ်ခုကို သူမြင်လိုက်သည်။ ရင်ဘတ်တစ်ခုလုံး ဖိလှိုက်မောပန်းလာသည်။ ဖားဖိုကြီးလို နိမ့်လိုက်မြင့်လိုက် လူပ်ခါလာ၏။

'မလာနဲ့၊ မလာနဲ့။ ခုထွက်သွား'

သူစိတ်ကို ဆောက်တည်ရာမရတော့ပါ။ အသံကုန် ဟစ်အော်ရင်း အိပ်ခန်းတံခါးဝအနီး ခွေကျသွားတော့သည်။ လောကကြီးကို သူ ခေတ္တမေ့ထားခဲ့ပါပြီ။ ဖုန်းထဲက ချောက်ချားဖွယ်အသံကြီး ထွက်ပေါ်နေဆဲ။

♦ ♦ ♦

'ကျွန်တော် ညပိုင်းတာဝန်ခံပါ။ အပေါ်ထပ်က အော်သံကြားလို့တက်ကြည့်တော့ ဒီလူအခန်းဝမှာ လဲနေတယ်။ တံခါးက သော့ပွင့်ပြီး ဟနေလို့။ သူ့ကို မြင်လိုက်ရတာပါ' တည်းခိုခန်းတာဝန်ခံက စခန်းမှူးမျိုးမြင့်ကျော်ကို ရှင်းပြနေသည်။ မန္တလေးအောင်မြေသာဓမြို့နယ်အတွင်း တည်းခိုခန်းတစ်ခုတွင် ပုန်းအောင်းတိမ်းရှောင်နေသော လူသတ်တရားခံ အောင်သာပြည့်ကို ဖမ်းမိခဲ့ပါပြီ။ သူနှင့်အတူ နယ်မြေခံ မြို့နယ်ရဲမှူးအဖွဲ့တို့ ပူးပေါင်းအင်အားဖြင့် ညပိုင်း လျှပ်တစ်ပြက် ဝင်ရောက်ဖမ်းဆီးရန် စီစဉ်ခဲ့၏။ သူတို့ ရောက်လာချိန်တွင် တရားခံက သတိလစ်မေ့မြောနေပြီကို တွေ့လိုက်ရသည်။

'ကျေးဇူးတင်ပါတယ်ဗျာ။ ခုလို ပူးပေါင်းကူညီတာကို'

'မလိုပါဘူး ဆရာရယ်၊ ဒါ ပြည်သူတစ်ယောက်ရဲ့ တာဝန်လို့ ခံယူထားပါတယ်။ ဒီလူ ညဦးပိုင်း တည်းခိုခန်း ရောက်လာတော့ ကျွန်တော် မရှိသေးပါဘူး။ ဒါဆေးခဲ့ ဆရာတို့ သတင်းပေးပို့ချက်နဲ့ ဓာတ်ပုံမှတ်တမ်းအရ သူမှတ်ပုံတင်ကတ်ကို တိုက်ဆိုင်စစ်ဆေးကြည့်ပြီး သိရတော့မှ ဆရာတို့ဆီ အကြောင်းကြားရတာပါ'

'ဒီကောင်က တည်းခိုခန်းတွေ လှည့်တည်းပြီး ရှောင်နေတာဗျ။ ကျွန်တော်တို့လည်း အင်အားသုံးဖြန့်ပြီး စောင့်ကြည့်နေခဲ့ပါတယ်'

စခန်းမှူးမျိုးမြင့်ကျော်က တည်းခိုခန်း တာဝန်ခံကို ကျေးဇူးတင်စကားပြောပြီး တရားခံကို ရဲအစောင့်အရှောက်ဖြင့် မန္တလေးဆေးရုံကြီးသို့ အမြန်ဆုံးပို့ရသည်။ အောင်သာပြည့် အိပ်ခန်းထဲမှ စီးကရက်အပိုင်းအစများ၊ စားပွဲအံဆွဲထဲမှ လက်ကိုင်ပဝါနှင့်ထုပ်ထားသည့် လက်စွပ်တစ်ကွင်း၊ နားကပ်တစ်ရန်ကို ရှာဖွေတွေ့ရှိသည်။ နောက်တစ်နေ့ မြို့နယ် ရဲမှူးနှင့်အတူ စခန်းမှူးမျိုးမြင့်ကျော် ဆေးရုံအုပ်ကြီးနှင့် သွားရောက်တွေ့ဆုံသည်။

'ဒီတရားခံ လူငယ်မှာ နှလုံးရောဂါ ပြင်းပြင်းထန်ထန် ခံစားနေရတယ်။ နှလုံးခုန် မမှန်ဘူး။ အဆုတ်မှာလည်း အစက်အပြောက်တွေ အများကြီးပဲ။ မူးယစ်ဆေးဝါးသုံးစွဲထားတဲ့လက္ခဏာ တွေ့ရပါတယ်။ အခြေအနေက ရာနှုန်းသုံးဆယ်လောက်ပဲ ရှိတော့တယ်'

ဆရာဝန်ကြီးပြောသလို တရားခံအခြေအနေက အားရစရာတော့မရှိ။ သတိလစ်နေဆဲ။ အောက်စီဂျင်ပေးထားရသည်။ သူနှင့် မြို့နယ်ရဲမှူးတို့က ဒုရဲအုပ်သင်တန်း အတူတက်ခဲ့သူများဖြစ်သည်။ နှစ်ဦးသား မြို့နယ်တပ်ဖွဲ့မှူးရုံးရောက်တော့ မြို့နယ်မှူးက စကားစသည်။

'နေပါဦး သူငယ်ချင်းရဲ့၊ မောင်ရင် ဘယ်လိုခြေရာခံမိတာလဲ။ ကိုယ်လည်း မင်းတို့ဆီက သတင်းပို့ချက်အရ တည်းခိုခန်းအနှံ့ ရှာရတာပေါ့'

'ဒီလိုကွ..လူသတ်မှုဖြစ်စဉ်ရဲ့ သဲလွန်စက စီးကရက်သုံးပိုင်းနဲ့ ဆိုင်ကယ်အပြာရောင်ပဲ။ ဆိုင်ကယ်က သူ့သူငယ်ချင်းဘီးပဲ။ ဆရာမလေးကိုသတ်၊ ပစ္စည်းယူပြီးတော့ ငနဲက တစ်ချီတည်း တန်းလစ်တာ။ ဆိုင်ကယ်ကို သာယာဝတီမှာထားခဲ့တယ်။ ဆိုင်ကယ်ပိုင်ရှင် ထွက်ဆိုချက်အရ သူ နေပြည်တော်တပ်ကုန်းမှာနေကြောင်း သိရတယ်'

'တရားခံက_လိပ်ပြာမလုံတော့ မရပ်မနားပြေးနေတာပေါ့ကွာ။ ကဲ..ဆက်စမ်းပါဦး'

www.burmeseclassic.com

www.burmeseclassic.com

'တပ်ကုန်းမြို့နယ်ရဲမှူး အကူအညီနဲ့ မြို့နယ် လ.ဝ.က ရုံးက သူမှတ်ပုံတင်နဲ့ ဓာတ်ပုံရခဲ့တယ်။ သူအပေါင်းအသင်းတွေကို စကားနှိုက်လိုက်တော့ မန္တလေးဘက် လစ်သွားတယ်ဆိုတာ သိရပြန်တယ်'

'သူငယ်ချင်း တော်တယ်။ မင်းတို့ဆီက ပို့လိုက်တဲ့ ဓာတ်ပုံနဲ့ မှတ်ပုံတင်ကတ်ကြောင့် ခုလို အချိန်မီပိုင်းနိုင်ခဲ့တာ မန္တလေးဆိုတာက နယ်မြေအကျယ်ကြီးလေ။ တို့တစ်တွေ အင်အားသုံး တပ်ဖြန့်စုံစမ်းရတာပေါ့။ ဒါထက် စီးကရက် သုံးပိုင်းက ဘယ်လိုဆက်စပ်နေတာလဲ'

'စီးကရက်သုံးပိုင်းကို စီအိုင်ဒီပို့တယ်။ နံပါတ်ပို့း သုံးစွဲကြောင်း သိရတယ်။ ပုံစံမမှန်တဲ့ လက်ဗွေရာကို တွေ့တယ်'

မြို့နယ်ရဲမှူး မျက်စိလည်သွားသည်။ လက်ဗွေရာမှာ ပုံစံမမှန်တာ ရှိနေလို့လား။

နားမလည်ဟန်ဖြင့် ခေါင်းခါလိုက်ရင်း-

'ဘာကွ၊ ပုံစံမမှန်တဲ့ လက်ဗွေရာဆိုတာ ကိုယ်တောင် နားမလည်တော့ဘူး'

'ဒီလိုလေကွာ၊ လူတိုင်းလိုလို စီးကရက်သောက်ရင် လက်ညှိုးနဲ့ လက်ခလယ်ကြားမှာညှပ်ပြီး သောက်လေ့ရှိကြတယ်။ လက်ဗွေရာ မထင်တတ်ဘူးပေါ့။ ဒါပေမဲ့ ခုစီးကရက်ပိုင်းတွေမှာ လက်ညှိုးနဲ့ လက်မ လက်ဗွေရာနှစ်ခု တွေ့ရတယ်။

'ဘာ--ဘယ်လို၊ ဒီကောင် စီးကရက်သောက်ပုံက အဆန်းပဲ'

စခန်းမှူးမျိုးမြင့်ကျော်က ချက်ချင်းမဖြေ။ မောသွားဟန်နှင့် အနီးရှိရေသန့်ပုံးမှ ရေတစ်ခွက်ဖွင့်သောက်နေလိုက်၏။ နဖူးမှ စီးကျလာသည့် ချွေးစေးကို လက်ကိုင်ပဝါနှင့် သုတ်ပြီးမှ ပြန်ထိုင်သည်။

'အဲဒါ စတိုင်ပေါ့ကွ။ လက်မနဲ့ လက်ညှိုးဖျားမှာ ပြားလိုက်ညှပ်ပြီး သောက်တာလေကွာ။ မင်းမျက်လုံးထဲမြင်အောင်ကြည့်လိုက်။ အဲဒီစတိုင်ကြောင့် လက်ဗွေရာထင်နေတာ ပုံစံမမှန်ဘူးလို့ ပြောရတာပါ။ သူ့အခန်းထဲက ရလာတဲ့ စီးကရက်တိုတွေကလည်း သက်သေခံဖြစ်လာဦးမှာပေါ့ကွာ'

'အေးကွာ၊ မထင်မှတ်တဲ့ သက်သေခံပစ္စည်းပဲ။ ဘာပဲဖြစ်ဖြစ် တို့သူငယ်ချင်းတွေ ခုလို ပူးပေါင်းလိုက်လို့ တရားခံဖမ်းမိတာပဲ ဂုဏ်ယူစရာပါကွာ'

မြို့နယ်ရဲမှူး စကားအဆုံး စခန်းမှူးမျိုးမြင့်ကျော်က စိုးရိမ်စိတ်နှင့် သတိပေးလိုက်ပါသည်။

'တရားခံက လူနာဆိုပေမယ့် အထူးစောင့်ကြပ်ပေးပါ သူငယ်ချင်းရယ်'

♦ ♦ ♦

ည၌အမှောင်အောက်တွင် ဆေးရုံကြီးတစ်ခုလုံး တိတ်ဆိတ်နေသည်။ လမ်းပေါ်မှ တစ်ခါတစ်ရံ ဖြတ်သန်းသွားကြသည့် ကားသံများမှတစ်ပါး ပကတိငြိမ်သက်လျက်။ ဆေးရုံဝင်းနှင့် အဆောက်အအုံတစ်ခုလုံးမှာတော့ လျှပ်စစ်မီးရောင်တို့ဖြင့် အလင်းအားကောင်းနေသည်။ ဆေးရုံကြီး၏ တစ်ခုသော သီးသန့်ခန်းလေးအပြင်ဘက်တွင် ရဲဘော်ဖွဲ့ဝင် တစ်ဦး စောင့်ကြပ်နေ၏။ အတွင်းမှာ တရားခံ အောင်သာပြည့်တစ်ယောက်တည်း ခုတင်ပေါ်တွင် မလှုပ်မယှက် နှစ်ခေါင်းပေါ်ရှိ အောက်စီဂျင်ခွက်ငယ်မှတစ်ဆင့် မျှင်မျှင်လေး အသက်ရှူနေရ၏။ နှလုံးခုန်ပြစက်မှ အချက်ပြမျဉ်းကွေးများ ပုံမှန်မရှိ။ မြင့်တက်လိုက် နိမ့်ဆင်းလိုက်၊ ဖြောင့်တန်းသွားလိုက်နှင့် လူနာ၏အခြေအနေကို ဖော်ပြနေသည်။ လက်ကောက်ဝတ်၊ ခြေချောင်းလေးများထိ ဆက်သွယ်ထိ ကပ်ထားသော ဆေးပိုက်လုံးလေးများက ရှုပ်ယှက်ခတ်နေသည်အားရှုစားတော့မရှိ။

အခန်းတွင်းရှိ လင်းအားဖျော့ မီးရောင်အောက်၌ လူနာကိုယ်၊ ငြိမ်သက်နေသည့်တိုင် သူ့စိတ်နှင့် စေတသိက်

www.burmeseclassic.com

တို့က ပြန်လည်နှိုးကြားစပြုနေပေပြီ။ မျက်လုံးကို အားယူဖွင့်သည်။ မြင်နိုင်စွမ်းအားအရှိန်ဖြင့် မျက်လုံးကစားကြည့်သည်။ အမြင်အာရုံက မကြည်လင်။ အခန်းထဲတွင် သူတစ်ယောက်တည်း။ မနေ့ညဆီက ကြောက်စရာမြင်ကွင်းများ အတွေးရိပ်တွင် ပုံပေါ်လာသည်။ ထိတ်လန့်မှုနှင့်အတူ နှလုံးသားနေရာမှ တင်းကျပ်ဆို့ပိတ်သလို ခံစားနေရ၏။ အသက်ရှူကျပ်လာသဖြင့် မျက်လုံးကို ပြန်မှိတ်လိုက်ပြီး စိတ်ကို ငြိမ်အောင် ကြိုးစားနေရပြန်သည်။

'ဒေါင်..ဒေါင်'

အဝေးဆီမှ ကင်းတဲနာရီသံချောင်းက သန်းခေါင်ကျော် နှစ်ချက်တီး ခေါက်သံ ထွက်ပေါ်လာ၏။ ထိုအခိုက် သီးသန့်ခန်း၏ ပိတ်ထားသည့် မှန်တံခါးက အသံမမြည်ဘဲ ပွင့်သွားသည်။ အေးခနဲ လေတိုးသလို ခံစားရမှုကြောင့် တံခါးနံဘေးရှိ ရဲသားလေးက တံခါးကို စောင်းငဲ့ကြည့်လိုက်၏။ တံခါးပွင့်ရအောင်လည်း ချက်ချထားသည်။ ဘာရယ်မဟုတ် ရဲသားလေး ဖြန်းခနဲ ကြက်သီးထသွား၏။

'ဘာဖြစ်လို့ တံခါးပွင့်သွားတာလဲ။ ချက်လည်းချထားလျက်နဲ့'

ပွင့်သွားသည့် မှန်တံခါးကို အသာဆွဲယူချက်ချလိုက်ရင်း အတွင်းက တရားခံဆီ သတိထားကြည့်လိုက်သည်။ လူနာက ငြိမ်သက်နေသဖြင့် အစောင့်ရဲသားလေး အေးဆေးသွားသည်။ ရောဂါခံစားနေရမှို့ ဘယ်လိုမှ ထွက်မပြေးနိုင်ဘူးလေ။

'ဟဲ့..မျက်လုံးဖွင့်ကြည့်လိုက်စမ်း။ နင့်ကို ငါလာခေါ်တာ'

ရုတ်တရက် အောင်သာပြည့် နားထဲ ကြားလိုက်ရ၏။ နှလုံးထိခိုက်မှုဝေဒနာကိုခံစားရင်း အသာမှိန်းနေရာမှ မျက်လုံးဖွင့်အကြည့် မြင်လိုက်ရသည်က အိပ်မက်ထဲ သုသာန်ကုန်းက ရုတ်တွေ့သွေးရောင်လွှမ်းနေသည့်မျက်နှာ၊ ဖားလျားကျနေသည့် ဆံပင်ရှည်များကြားက မီးကျီးခဲလို မျက်လုံးအစုံ၊ ချွန်မြနေသည့် လက်သည်းရှည်ကြီးများနှင့် လက်နှစ်ဖက်က သူ့လည်မျိုဆီသို့။

နောက်တစ်နေ့နံနက် တာဝန်ရှိသူများ ဂျူတီဝင်ချိန်တွင် အောင်သာပြည့်ကို သက်မဲ့ခန္ဓာကိုယ်အဖြစ်သာ မြင်တွေ့လိုက်ရပါတော့သည်။

ရဲန္ဒယ်မောင်(သုံးဆယ်)

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်
နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

ခရုသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(ဝက္ခ)

ခရုသင်း၊ သမင်ဖြူ နှီ၊ နက်ကွက်မျှား အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြွေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါမျိုးမျိုး ကာလသားရောဂါ၊ ဆီးပူညောင်းကျ၊ ဂနိရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရွိုက်ရေယုန်၊ မက်ခရ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုးဖြူဆင်းရောဂါ အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပွဲခြင်း၊ ယားယံခြင်းရောဂါများကို အဆင့်မြင့် အီန်ဒိယ ယူနာနီ တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

လီယိုမက် အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့နှစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းထဲက သရဲ

မင်းသန့်ကျော်

(ဒီးကုန်း)

(၁)

ဘုရားကြီးရွာသည် မြို့နှင့်(၁၀)မိုင်ခန့်သာဝေးသော ရွာကြီးတစ်ရွာ ဖြစ်လေသည်။ လျှပ်စစ်မီးလည်း ရှိလေသည်။ အလယ်တန်းကျောင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက် တို့လည်း ရှိလေသည်။ ထို့ပြင် ရွာမှ လူငယ်များ ဆော့ကစားရန်အတွက် ဘောလုံးကွင်း၊ ဘောလီဘောကွင်း စသည်တို့လည်း ရှိလေသည်။

ရွာထိပ်တွင် ကြီးမားသောရေကန်ကြီး ရှိလေသည်။ ကန်ပေါင်ရိုးပေါ်တွင် တည်ထားသော စေတီကလေးမှာ ထုံးသင်္ကန်းရောင် ဖြူဖြူဖွေးဖွေးဖြင့် သပ္ပာယ်စွာ တည်ရှိနေပေသည်။ ကြီးမားသော ညောင်ပင်ကြီး နှစ်ပင်သည် စေတီလေး၏ တစ်ဖက်တစ်ချက်တွင် မြင့်မားစွာ ပေါက်ရောက်နေလေသည်။

စေတီတွင် ဘုရားဖူးလာသူများ အေးချမ်းသာယာစွာ ဘုရားဖူးနိုင်ရေးအတွက် ရင်ပြင်တော်တစ်ဝိုက်တွင် ကျောက်ပြားများ စီထားလေသည်။ ညောင်ပင်များ၏ ခြေရင်းတွင်ကား ခုံဝိုင်းကလေးများ ရိုက်ထားလေသည်။

ရေကန်နှင့်ကပ်လျက် ရေတွင်းတစ်တွင်း ရှိလေသည်။ ရေခပ်သူများသည် ကန်အတွင်း ဆင်းခပ်ရန်မလိုဘဲ ရေတွင်းထဲမှရေကို ခပ်ယူရုံသာဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ရေကန်အတွင်းမှရေကို ရေတွင်းထဲသို့ ပိုက်ဖြင့် သွယ်တန်း၍ ထည့်ထားသောကြောင့် ဖြစ်လေသည်။

ရေကန်အနီးတွင် လမ်းသာခြား၍ ရွာ၏အစွန်ဆုံးအိမ် ဖြစ်သော ဦးလှကြီးအိမ် ရှိလေသည်။ ဦးလှကြီးနှင့် မျက်နှာချင်းဆိုင်တွင် ဒေါ်မြအိမ် ရှိလေသည်။ ထိုအိမ်(၂)အိမ်မှစ၍ ရွာတန်းရှည်ကြီးသည် ဖြောင့်တန်းသော ရွာလယ်လမ်းမကြီးနှင့်တကွ ရှည်လျားစွာ တည်ရှိလေသည်။

ဦးလှကြီး အိမ်ထောင့်တွင် ကြီးမားသောမန်ကျည်းပင်ကြီးတစ်ပင် ရှိလေသည်။ မိုးတွင်းအခါများတွင် ထိုမန်ကျည်းပင်ကြီး လဲကျမည်ကို ရွာသားများသည် ရင်တမမဖြင့် ကြည့်နေရလေသည်။

ထို့ကြောင့် ဦးလှကြီးသည် ယခုနှစ်မှာတော့ ထို မန်

www.burmeseclassic.com

www.burmeseclassic.com

ကျည်းပင်ကြီးကို လဲ့ပစ်ရန်အတွက် စီစဉ်လေသည်။ တစ်ဖက်ရွာမှ ကိုကုလားသည် သစ်ပင်ချိုင်ရာတွင်လည်းကောင်း၊ လဲ့ရာတွင်လည်းကောင်း ကျွမ်းကျင်သည်ဟု နာမည်ရသဖြင့် မန်ကျည်းပင်ကြီးကို လဲ့ရန်အတွက် ဦးလှကြီးသည် ကိုကုလားကို ခေါ်ရလေသည်။

တစ်နေ့သောအခါ ကိုကုလားသည် တပည့်(၂)ဦးနှင့် အတူ ငမန်းလွှ၊ ရဲဒင်း၊ ဓား စသည်တို့ကို ယူဆောင်ကာ မန်ကျည်းပင်လဲ့ရန် ရောက်လာလေ၏။

ကိုကုလားသည် ရှေးဦးစွာ မန်ကျည်းပင်ပေါ်တက်ရန်အတွက် မန်ကျည်းပင်တွင် နေထိုင်ကြသော မြင်အပ်,မမြင်အပ်သည့် သတ္တဝါများရှိပါက ဖယ်ရှားပေးပါရန်နှင့် သစ်ပင်လဲ့မည့်သူများအား ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးအောင် စောင့်ရှောက်ပေးပါရန် ပန်ကြားပါသည်။

ထို့နောက် ကိုကုလားသည် ရဲဒင်းကြီးကိုယူကာ မန်ကျည်းပင်ပေါ် တက်လေသည်။ ရှေးဦးစွာ အကိုင်းသေးလေးများကို ခုတ်ချ၏။ ထို့မှတစ်ဆင့် ခပ်လတ်လတ်အကိုင်းများကို ခုတ်ချ၏။ အောက်သို့ကျလာသော မန်ကျည်းကိုင်းများကို အောက်မှစောင့်နေသော တပည့်များက ခုတ်ထွင်ရှင်းလင်းကာ တစ်နေရာတွင် စုပုံထားလေသည်။

ကိုကုလားသည် အကိုင်းသေးများ ရှင်းသွားသောအခါ အကိုင်းကြီးများကို ခုတ်ချလေ၏။ အောက်မှ လူများကလည်း အကိုင်းကြီးများကို ငမန်းလွှဖြင့် အပိုင်းပိုင်းဖြစ်အောင် ဖြတ်ကြလေသည်။

ဤသို့ဖြင့် အကိုင်းများကို ချိုင်လာရာ ကိုကုလားချိုင်ရန် အကိုင်းကြီးတစ်ကိုင်းသာ ကျန်ရှိလေသည်။ သူသည် ခေတ္တအမောဖြေကာ ကွမ်းယာတစ်ယာကို ပါးစပ်တွင်း ငုံလိုက်၏။

ကွမ်းဝါးနေရင်း ဘယ်ဘက်လက်မှ မန်ကျည်းပင်၏ပင်စည်ကို ဖက်ထားကာ ညာဘက်လက်ဖြင့် ရဲဒင်းကိုကိုင်ပြီး စတင်ခုတ်လေသည်။ ထိုအကိုင်းသည် မန်ကျည်းပင်၏အပေါ်ဆုံးပိုင်းတွင် တည်ရှိရာ မြေပြင်မှ တော်တော်မြင့်လေသည်။

ကိုကုလားသည် ထိုအကိုင်းကို ရဲတင်းဖြင့် တစ်ချက်ချင်း မှန်မှန်ခုတ်လာရာ နောက်တစ်ချက်,နှစ်ချက်လောက် ခုတ်လိုက်လျှင် ပြတ်တော့မည့် အနေအထားတွင် ရှိလေသည်။

ကိုကုလားသည် နောက်ဆုံးအချက်အဖြစ် ရဲတင်းကို တစ်အားလွဲ၍ ခုတ်ချလိုက်ရာ အကိုင်းကြီးသည် ပြတ်ပြီး အောက်သို့ကျသွားလေသည်။ သို့သော် အကိုင်းသည် မြေပြင်သို့ ချောမောစွာကျမသွားဘဲ ပင်စည်ကြီးကို ရိုက်ခတ်ကာ အောက်သို့ အရှိန်ဖြင့် ကျသွားလေသည်။

မန်ကျည်းကိုင်းရိုက်ခတ်သည့်အရှိန်ကြောင့် မန်ကျည်းပင်ကို ဖက်ထားသော ကိုကုလား၏လက်သည် လွတ်ထွက်သွားကာ ညာလက်တွင် ကိုင်ထားသော ရဲတင်းမှာလည်း အောက်သို့ လွတ်ကျသွားလေသည်။

ရဲတင်းကျသွားသည့်နည်းတူ ကိုကုလားမှာလည်း မန်ကျည်းပင်ပေါ်မှ အောက်သို့ တစ်ရှိန်ထိုးကျသွားလေသည်။ အောက်သို့ ရောက်သောအခါ ကိုကုလားမှာ မြေကြီးပေါ်တွင် မလှုပ်မယှက် ပက်လက်အနေအထားဖြင့် ရှိနေလေသည်။ ကိုကုလား ကျသွားသည်ကိုမြင်လိုက်သော တပည့်(၂)ဦးမှာ ကိုကုလားထံ ပြေးလာကြသောအခါ ကိုကုလားမှာ အသက်မရှိတော့ချေ။

(၂)

ဘုရားကြီးရွာတွင် ရေထမ်းရောင်းသူ(၁၀)ဦးခန့် ရှိလေသည်။ ရေစည်ဖြင့်တိုက်၍ ရောင်းသူမှာ (၃)ဦးရှိလေသည်။ ရေတစ်ထမ်းလျှင် (၅၀)ကျပ်၊ ရေတစ်စည်လျှင် (၃၀၀)ကျပ် ဖြစ်လေသည်။ နွေရာသီဆိုလျှင် ရေထမ်းရောင်းသူများနှင့် ရေစည်ရောင်းသူများသည် နားရသည်ဟူ၍ မရှိဘဲ ရေကို ပို့ပေးရလေသည်။

မိုးမိုးသည် ရေစည်တွန်း၍ ရောင်းသူတစ်ဦး ဖြစ်လေသည်။ သူမသည် ရေစည်ကို ပိုင်ဆိုင်ခြင်း မရှိချေ။ ရွာထဲမှ ခေါ်လှကြည်ပိုင်သော ရေစည်ကို တစ်နေ့လျှင် (၅၀၀)ကျပ် ပေးကာ ငှားရမ်းရခြင်း ဖြစ်လေသည်။

မိုးမိုးတွင် လင်ယောကျ်ား မရှိချေ။ လွန်ခဲ့သောနှစ်က ကွယ်လွန်သွားပြီးဖြစ်၏။ အရက်သောက်သုံးမှုများသဖြင့် တဖြည်းဖြည်းပိန်လာကာ နောက်ဆုံးတွင် ဗိုက်ကြီးပူပြီး သေဆုံးရခြင်း ဖြစ်လေသည်။

မိုးမိုးတွင် သားသမီး(၂)ဦး ကျန်ရစ်၏။ အကြီးမှာ သမီးလေးဖြစ်၍ အငယ်မှာ သားကလေး ဖြစ်လေသည်။ သမီးကြီးသည် ကျောင်းတက်စအရွယ်ဖြစ်ပြီး ကျောင်းတက်နေပြီဖြစ်၏။ သားလေးမှာ ကျောင်းတက်အရွယ် မရောက်သေးချေ။

ကျောင်းပိတ်ရက်ဆိုလျှင် မိုးမိုးသည် သမီးအကြီးနှင့် (၂)ဦး ရေစည်ကို တွန်းကြ၏။ သားငယ်လေးက ရေစည်

www.burmeseclassic.com

www.burmeseclassic.com

ရွှေပိုင်းတွင် ကားရားခွထိုင်ကာ လိုက်ပါလေ့ရှိလေသည်။ သူ လိမ့်မကျစေရန် သတိထားပြီး တွန်းရလေသည်။

တစ်နေ့သောအခါ မိုးမိုးသည် ည(၈)နာရီခန့်ရောက်မှ ရေမှာရှာ ပေါ်လာလေသည်။ ရေမှာသူမှာ ရွာလယ်က ဒေါ်သောင်း ဖြစ်လေသည်။

'သမီးရယ်..အမေလည်း အခုမှ ရန်ကုန်က ပြန် ရောက်တယ်။ အိမ်မှာသုံးဖို့ ရေလုံးဝမရှိဘူး ဖြစ်နေတယ်။ တခြားရေထမ်းတဲ့ လူတွေကလည်း ဈေးကြီးပြီ။ တချို့ က ဗီဒီယိုသွားကြည့်နေကြတယ်။ အဲဒါ ရေတစ်စည် လောက် တွန်းပေးပါ သမီးရယ်။ အမေ ပိုက်ဆံပိုပေးပါ့ မယ်'

ပိုက်ဆံပိုရမည်ဆိုသဖြင့် မိုးမိုးသည် ချက်ချင်းထလာ ကာ သမီးကြီးအားခေါ်လျက် (၂)တောင့်ထိုးဓာတ်မီးကလေး ယူပြီး ရေစည်ကို ရေကန်နားက ရေတွင်းဆီသို့ တွန်းလာခဲ့ သည်။ အငယ်လေးမှာ အိပ်ပျော်နေသဖြင့် အိမ်တွင် ထားခဲ့ လေသည်။

ညသည် မှောင်မိုက်၍နေလေသည်။ စေတီလေးဆီမှ မီးရောင်လဲ့လဲ့ကလေးကိုကြည့်ကာ မိုးမိုးတို့ သားအမိသည် ရေစည်ကို တွန်းလာခဲ့ကြသည်။ ရွာတွင် လျှပ်စစ်မီးရသော်လည်း လမ်းမီးမရှိသဖြင့် မှောင်နေလေသည်။ လက်ထဲမှ ဓာတ်မီးမှာလည်း ဓာတ်ခဲအားနည်းလျက် ရှိလေသည်။

ရေတွင်းသို့ ရောက်သောအခါ ရေငင်ပုံးကိုယူ၍ ရေ ငင်ရန် ရေတွင်းထဲ ချလိုက်သည်။ မိုးမိုးသည် ကြက်သီးများ ဖြန်းခနဲထလာကာ ဆံပင်များ ထောင်လာသည်ဟု ခံစားရ လေသည်။

ရေတွင်းထဲသို့ ငုံကြည့်လိုက်ရာ မှောင်နေသဖြင့် ရေ ပြင်ကိုပင် မမြင်ရချေ။ သို့သော် ရေပုံးနှင့်ရေ ထိတွေ့သံ ကိုတော့ ကြားရလေသည်။ မိုးမိုးသည် ရေပုံးမှာ ရေပြည့် ပြီဖြစ်၍ အပေါ်သို့ဆွဲတင်ရာ ဆွဲ၍မရချေ။ တစ်စုံတစ် ယောက်က ဆွဲထားဘိသည့်အလား လေးလံနေလေသည်။

ရေတွင်းထဲသို့ ဓာတ်မီးထိုးကြည့်သောအခါ ရေများ သည် မီးရောင်တွင် လှုပ်ရှားလာကာ ရေပုံးပတ်လည်တွင် ဂယက်များ ပေါ်လာပြီး ရေပုံးကို ဆွဲတင်လိုက်သောအခါ တစ်စုံတစ်ရာသည် ရေပုံးနှင့်အတူ အပေါ်သို့ ပါလာသည် ဟု မိုးမိုး ခံစားရလေသည်။

မိုးမိုးသည် ရေပုံးကို မနှိုင်မနင်းဖြင့်ဆွဲတင်ကာ ရေ တွင်းအပေါ်အရောက်တွင် တစ်စုံတစ်ရာသည် ရေပုံးမှခွာ၍ ရေတွင်းအပြင်သို့ ခုန်ချလိုက်သကဲ့သို့ အသံကြားလိုက်ရပြီး ရေတွင်းဘေးတွင် အရိပ်မည်းမည်းကြီး ပေါ်လာလေသည်။

'အမလေး..သရဲ..သရဲ..လာကြပါဦး'

မိုးမိုးသည် ရေစည်ကိုထားခဲ့ရာ သရဲဟုအော်ပြီး သမီး ကိုလက်ဆွဲလျက် ရွာလယ်လမ်းဆီသို့ ပြေးလေတော့သည်။

အနီးအနားအိမ်များမှ မိုးမိုးအော်သံကြောင့် လူများ ထွက်လာကြပြီး ရေတွင်းထဲသို့ ဓာတ်မီးဖြင့် ထိုးကြည့်သူ ကကြည့်၊ အနီးပတ်ပတ်လည်သို့ ကြည့်သူကကြည့်ဖြင့် အလုပ်ရှုပ်သွားကြလေသည်။

ဦးလှကြီးသည် အိမ်ထဲမှထွက်လာကာ မိုးမိုးတို့ သား အမိအား အိမ်အတွင်း ခေါ်သွား၍ ရေအေးအေးတစ်ခွက်ခံ တိုက်ပြီး မိုးမိုးတို့ အကြောက်ပြေသောအခါတွင် ရေစည် ကို ရေဖြည့်ပေးကာ အိမ်သို့ တွန်းပို့ကြလေသည်။

(၃)

ညက ရေတွင်း၌ သရဲအခြောက်ခံရသဖြင့် နောက်တစ် နေ့တွင် မိုးမိုးသည် ရေစည်မတွန်းနိုင်တော့ဘဲ ဖျားလေ တော့၏။ မိုးမိုး ရေစည်မတွန်းနိုင်သကဲ့သို့ ကလေးများ စားရန် ထမင်းပင် မချက်နိုင်ချေ။

ဤအဆက်အခဲကို ကူညီဖြေရှင်းပေးသူမှာ ဘေးအိမ်မှ မပူစူး ဖြစ်လေသည်။ မပူစူးသည် အိမ်ထောင်မရှိသူ အရွယ် ကြီးတစ်ဦး ဖြစ်လေသည်။ ထိုနေ့တွင် ရေစည်မှာယူသူများ ရှိရာ မပူစူးသည် ထမင်းအိုးတည်ခဲ့ပြီး ရေစည်တွန်းရန် ရေကန်သို့ ထွက်လာခဲ့လေသည်။

တနင်္ဂနွေနေ့ဖြစ်၍ ကျောင်းပိတ်ရာ မိုးမိုး၏ သမီး ကလေးလည်း ရေစည်ကို ကူတွန်းရင်း လိုက်ပါလာလေ သည်။

မိုးမိုးသည် မပူစူးကို ကျေးဇူးတင်စွာဖြင့်-

'မပူစူးရယ်..ကျေးဇူးတင်ဖို့လိုက်တာ။ ဒီနေ့ ရေစည် တွန်းလို့ရတဲ့ငွေထဲက ရေစည်ပိုင်ရှင်ကို (၅၀၀)ပေးပြီး ကျန် တာကို မပူစူး တစ်ဝက်ယူပါရှင်'

'ရပါတယ်အေ။ တစ်ယောက် ဒုက္ခရောက်တုန်း ကျန် ယောက်က ကူညီရတာပဲ'

မပူစူးသည် သဘောထားပျော့ပျောင်းနူးညံ့သူဖြစ်၍ စိတ်ထားကောင်းမွန်သူတစ်ဦးလည်း ဖြစ်၏။

သူမသည် မိုးမိုးသမီးကလေးနှင့်အတူ ရေစည်ကို ရာ တစ်နေ့တည်း (၁၅)ခေါက်ရလေသည်။ နေ့ဝင်ရီတရော အချိန်ထိ ရေစည်မှာယူသူ မပြတ်သေးချေ။ ညဦးပိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရေစည်တိုက်နေရလေသည်။

နောက်ဆုံးအခေါက် ရေစည်တိုက်ရန် လာရောက်ခဲ့ရာ ရေတွင်းနားအရောက်တွင် မပူစူးသည် ခေါင်းထဲတွင် ရီဝေဝေဖြစ်လာကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်လျက် ပါးစပ်မှလည်း သူမ မပြောရဘဲ စကားလုံးများ စီကာရီကာ ထွက်လာလေသည်။ ထွက်လာသောအသံမှာ ယောကျ်ားကြီးတစ်ယောက်၏အသံကြီး ဖြစ်လေသည်။

'ဟေ့..ငါ ကုလားကွ၊ ဟိုဘက်ရွာကပဲ။ မင်းတို့တစ်တွေ ငါရှိမှန်း မသိကြဘူးမဟုတ်လား'

မိုးမိုး၏ သမီးကလေးသည် ကလေးဝီဝီ-

'အဒေါ်မပူစူး..အဒေါ်မပူစူး၊ ဘာတွေပြောနေတာလဲ။ သတိထားပါဦး'

ဤအချိန်တွင် ရွာထဲမှ ရေလာခပ်သူများ တစ်ဦးစ၊ နှစ်ဦးစ ရှိသေးသည်ဖြစ်ရာ သူတို့သည် မပူစူးကိုကြည့်ကာ အံ့အားသင့်လျက် ရှိနေကြ၏။

တစ်ယောက်က-

'ဟ..အဲဒါ ပြီးခဲ့တဲ့(၁၀)ရက်လောက်က မန်ကျည်းပင်ချိုင်ရင်း မန်ကျည်းပင်ပေါ်ကကျပြီး သေဆုံးခဲ့တဲ့လူ နာမည် မဟုတ်လား။ ကုလားတဲ့'

'ဟုတ်တယ်,ဟုတ်တယ်၊ ဒီလူ မကျွတ်မလွတ်ဘူး ထင်တယ်'

မပူစူးသည် သေဆုံးသူ ကိုကုလား၏ဝိညာဉ်က ဝင်၍ ပူးကပ်ကာ စကားများပြောနေသဖြင့် လူတစ်ဦးစ၊ နှစ်ဦးစ လာရောက်ရာမှ တစ်ဆင့်စကား တစ်ဆင့်နားဖြင့်ကြားကာ ရွာထဲမှ လူကြီး၊ လူငယ်တို့သည် ရေတွင်းသို့ ရောက်လာကြကာ မပူစူးအနီးတွင် ဝိုင်းအုံလျက် ရှိကြ၏။

'ငါ ကျွတ်ချင်,လွတ်ချင်ပြီ။ သာခုခေါ်နိုင်အောင် လုပ်ပေးကြပါ။ ရွာမှာ ငါ့အမေအိုကြီး ရှိတယ်။ သွားပြောပေးကြပါ'

လူအုပ်ကြီးအတွင်းမှ တစ်ယောက်က-

'သူ့ကို သာခုခေါ်နိုင်အောင် လုပ်ပေးဖို့က ဖြစ်ပါတယ်။ အခု မပူစူးဆီက ဝိညာဉ်ခွာသွားအောင် လုပ်ဖို့ လိုတယ်'

'ဟုတ်တယ်။ ဒါဆို ဆရာဦးဒိဗ္ဗကို အမြန်သွားပင့်ကြစို့'

(၄)

ဆရာဦးဒိဗ္ဗ ဆိုသည်မှာ ရွာတွင် ထင်ရှားသောဂိုဏ်း တစ်ဂိုဏ်းမှ ဆရာတစ်ဦးဖြစ်၏။ ပယောဂမှိုခြင်း၊ ဖုတ်ဝင်ခြင်း၊ စုန်းပူး၊ နတ်တိုက်မှစ၍ အားလုံးနီးနီးနင်းစွာ ကုသနိုင်သော ဆရာတစ်ဦး ဖြစ်လေသည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ဖုတ်ဝင်နေသော လူနာ ဒေါ်အုန်းမြအား ကုသပုံကို တင်ပြပါမည်။

တစ်ခါသော် ရွာထဲမှာ ဒေါ်အုန်းမြသည် နေမကောင်းခြင်းကြီးစွာဖြစ်ပြီး အိပ်ရာပေါ်တွင်လဲနေလေသည်။ သူမတွင် သားထောက်သမီးခံမရှိချေ။ တစ်ဦးတည်း နေထိုင်လေသည်။

သူတို့ရွာမှ ကောင်းသောဓလေ့တစ်ခုမှာ သားထောက်သမီးခံမရှိဘဲ ဆင်းရဲသူ သက်ကြီးရွယ်အိုများကို ရွာထဲမှ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်မှစ၍ လိုလေသေးမရှိအောင် လစဉ်စုဆောင်း၍ ထောက်ပံ့ပေးသောစနစ်ဖြစ်၍ ဤကိစ္စအတွက် ရန်ပုံငွေစုဆောင်းသည့်တာဝန်ကို ရွာလူကြီးမှ ယူလေသည်။ ချိုးရေ၊ သုံးရေကိုလည်း လူငယ်များသည် အလှည့်ကျ မပြတ်ဖြည့်တင်းပေးကြ၏။

ဒေါ်အုန်းမြ နေမကောင်းသောအခါတွင် အနီးအနားမှ ဝိုင်းဝန်းပြုစုကြ၏။ နာတာရှည်ရောဂါဖြစ်ပြီး အိပ်ရာပေါ်တွင် လဲနေသော်လည်း ထမင်းကို လူမမာနှင့်မလိုက်အောင် အလွန်စား၏။ အိပ်လည်း အလွန်အိပ်လေသည်။

တစ်နေ့သော် ဆရာဦးဒိဗ္ဗ ရောက်လာလေသည်။

ဦးဒိဗ္ဗသည် ဒေါ်အုန်းမြကို သေချာစွာစစ်ဆေးကြည့်ရှုပြီး-

'လူနာက ဖုတ်ဝင်နေတာပဲ။ ဖုတ်မြန်မြန်ထွက်သွားအောင် လုပ်မှဖြစ်မယ်'

ဆရာသည် ရှေးဦးစွာ ဘုရားရှိခိုး၊ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆိုင်ရာအစောင့်အရောက်များကိုပင့်ကာ လိုအပ်သော ဂါထာမန္တန်များ မန်းမှုတ်လေသည်။ ထို့နောက် လူနာအား ပူးကပ်နေသော ဖုတ်အား ထွက်သွားအောင် မေတ္တာရပ်ခံ၏။

မေတ္တာရပ်ခံသည့်စကားများ အတော်ကြာအောင် ပြောပြီးသော်လည်း ဖုတ်မှာ ထွက်သွားခြင်း မရှိသေးသဖြင့် ဦးဒိဗ္ဗသည် မေတ္တာရပ်ခံသည့် စကားများကို ရပ်တန့်ကာ-

'ဟေ့ကောင်..မင်း ထွက်မလား၊ မထွက်ဘူးလား။ လူနာကို ဒီလောက်နှိပ်စက်ရရင် တော်ရောပေါ့'

ဦးဒိဗ္ဗသည် နောက်နားတွင် ထိုင်နေသော လူငယ်များဘက်သို့လှည့်၍-

www.burmeseclassic.com

www.burmeseclassic.com

"ကဲ..တူလေးတို့၊ လူနာရဲ့အိပ်ရာအောက်ကို လွှာဖိနပ်တစ်ရန် ထိုးထည့်ပေးလိုက်စမ်း။ ပြီးတော့ အိမ်ခေါင်မိုးကို ဖောက်ပေးလိုက်စမ်း"

လူငယ်များသည် လွှာဖိနပ်တစ်ရန်ကိုယူကာ ဒေါ်အုန်းမြ၏ အိပ်ရာအောက်သို့ ထိုးထည့်ပေးလိုက်၏။

ထို့နောက် လူငယ်တစ်ယောက်က အိမ်ခေါင်မိုးပေါ် တက်ကာ သက်ငယ်(၄၊ ၅)ပျဉ်စနှံကို ဆွဲဖြုတ်လိုက်၏။

ထိုအချိန်တွင် လူနာသည် ညည်းတွားကာ တွန့်လိမ်လျက် ခဏကြာသော် ငြိမ်ကျသွားလေသည်။

ဦးဒိဗ္ဗက-

"တကယ်တော့ လူနာက သေဆုံးနေတာ တစ်ပတ်လောက်ရှိပါပြီ။ ဖုတ်ဝင်လို့ အသက်ရှိတယ် ထင်နေရတာ။ စားတာလည်း ဖုတ်ကစားတာပဲ။ ကဲ..ကဲ..ဒီအလောင်းကို သင်္ဂြိဟ်ဖို့ လုပ်ကြပေတော့"

လူငယ်များသည် သေဆုံးသူ ဒေါ်အုန်းမြ၏အလောင်းကို သင်္ဂြိဟ်ရန်အတွက် လိုအပ်သည်များကို တစ်ယောက်တစ်လက်ဖြင့် ဆောင်ရွက်ကြလေတော့သည်။

ဆရာဦးဒိဗ္ဗ ကုသခဲ့သော ရောဂါများသည် ပြောမဆုံးအောင် များပြားလှ၏။ ဘုရားကြီးရွာတွင်မက အခြားရွာများသို့တိုင် ဦးဒိဗ္ဗ၏သတင်းသည် ပျံ့နှံ့လျက်ရှိလေသည်။ သိုက်ဆက်ပါသူများကိုလည်း ကုသပေးရ၏။ သိုက်ဆက်ပါသူများကို သက်ဆိုင်ရာသိုက်မှ အကြီးအကဲအား ပင့်ဖိတ်ကာ ကာယကံရှင်အား ဝင်ပူးစေပြီး လိုအပ်ချက်ကို ပြောစေလေသည်။ အကြောင်းစုံကိုသိရမှ လိုအပ်သလို ကုသပေးလေသည်။

စုန်းဖမ်း၊ နတ်ဖမ်းခြင်းတို့ကို ကုသရာတွင်လည်း အထက်ပါနည်းအတိုင်း ဖြစ်လေသည်။ ပြစားထားသော စုန်းမကို ကာယကံရှင်အား ဝင်ပူးစေပြီး ဖြစ်ချင်သည့်ဆန္ဒကို မေးမြန်းလေသည်။ မေးမြန်းပြီးမှ စုန်းမ ပြောကြားသည့် အတိုင်း သူမ၏ဆန္ဒကို ညှိနှိုင်းဆောင်ရွက်ပေးလေသည်။

ယခု မပူစူးအား သရဲဝင်ပူးနေသည့် ကိစ္စကိုလည်း ဆရာဦးဒိဗ္ဗအား ပင့်ဖိတ်ကာ ပြဿနာ ဖြစ်လေသည်။

(၅)

ဆရာဦးဒိဗ္ဗ ရောက်လာသောအခါတွင် မပူစူးသည် ဆရာဦးဒိဗ္ဗအား ထိုင်၍ကန်တော့လေသည်။

"မင်း ဘယ်သူလဲ၊ ဆရာ့ကို ပြောစမ်း"

"ကျုပ် ဟိုဘက်ရွာက ကုလားပါ။ ဒီအနားက မန်ကျည်းပင်ကြီး ခုတ်လဲရင်း မန်ကျည်းပင်ပေါ်က ကျိုးသေတာပါ။ ရက်လည်တုန်းက ကျုပ်တို့ရွာမှာ ဆွမ်းသွတ်ပါတယ်။ ကျုပ် မရှိတဲ့အချိန်ဖြစ်လို့ အမျှမရဘူး။ သာဓုလည်း မခေါ်လိုက်ရဘူး။ ဟိုဘက်ရွာမှ ကျုပ်အမေ ရှိပါတယ်။ ခေါ်ပြီး ဆွမ်းသွတ်အမျှဝေပေးကြပါဗျာ"

ဆရာဦးဒိဗ္ဗသည် မပူစူး၏ခေါင်းပေါ် လက်တင်ကာ-

"ကဲ..ကဲ..မင်းအထွက် ဆွမ်းသွတ်ပေးဖို့ကိစ္စကို ငါတို့ လုပ်ပေးမယ်၊ စိတ်ချ။ အခု ဒီအမျိုးသမီးကို ဝင်ပူးနေတာကို ရပ်တန်းကရပ်ပြီး မင်းထွက်သွားပါလို့ ဆရာထမေတ္တာရပ်ခံပါတယ်"

မပူစူးသည် ဟင်းခနဲ သက်ပြင်းချပြီး ခွေခနဲလဲကျကာ သတိမေ့သွားလေသည်။ အနီးအနားမှ လူများက သူမကို သတိပြန်လည်လာအောင် ဝိုင်းဝန်းပြုစုပေးကြလေသည်။

မပူစူး သတိပြန်လည်ရလာသောအခါ ညဉ့်အတော်နက်နေပြီဖြစ်၏။ ရွာထဲမှ လာကြည့်ကြသူများလည်း တဖြည်းဖြည်းများလာပြီ ဖြစ်၏။

မပူစူးက-

"ကျွန်မ ဘာဖြစ်သွားတာလဲဟင်"

"နင့်ကို ကိုကုလားရဲ့ ဝိညာဉ်က ဝင်ပူးတာ။ သူ့ကို ဆွမ်းသွတ်ပေးပါလို့ပြောတာ ဆရာဦးဒိဗ္ဗ လာမေလို့ငါ့နို့မို့ နင့်ကို ဘယ်လောက်ကြာအောင် ပူးကပ်နေမလဲ မသိဘူး"

ဆရာဦးဒိဗ္ဗက-

"ကဲ..ကဲ..သမီးတို့လည်း ပြန်ကြတော့။ ဒီကောင် ထပ်ပြီးမလာတော့ပါဘူး။ ဆွမ်းသွတ်ပေးဖို့ပဲ တိုင်ပင်ကြတာပေါ့"

ထို့နောက်တွင်ကား မပူစူးသည် မိုးမိုး၏ သမီးကလေးနှင့်အတူ ရေစည်ကို ရေဖြည့်ပြီး တွန်းလျက်ပြန်လာကြလေသည်။

အနီးမှဦးလှကြီးက ဆရာဦးဒိဗ္ဗအား သူ့အိမ်သို့ ခေါ်လာခဲ့လေသည်။ ရွာထဲမှ လူကြီး,လူငယ်အချို့လည်း ဦးလှကြီး အိမ်ထဲသို့ လိုက်သွားကြ၏။

အိမ်ထဲရောက်သောအခါ သူတို့သည် ဆွမ်းသွတ်ကိစ္စကို တိုင်ပင်ကြလေသည်။

(၆)

နောက်တစ်ရက်တွင် ရွာဦးကျောင်းမှ သံဃာတော်(၂)ပါး၊ ကိုကုလားရွာမှ သံဃာတော်(၂)ပါး စုစုပေါင်း(၄)

www.burmeseclassic.com

www.burmeseclassic.com

ပင့်ကာ ကိုကုလားအား ရည်စူး၍ ဆွမ်းသွတ်ကြလေသည်။

ဦးလှကြီးသည် သူ့အိမ်နှင့် ရေတွင်းကြား ကွက်လပ်တွင် နေရာထိုင်ခင်းများ ပြုလုပ်၍ ဆွမ်းနှင့်ဆွမ်းဟင်းများ ချက်ပြုတ်ပြီး သံဃာတော်များ၏ သပိတ်အတွင်း ဆွမ်းများ ထည့်ခြင်း၊ ချိုင့်များအတွင်း ဆွမ်းဟင်းများထည့်ခြင်းအမှု ပြုပြီးသောအခါ သံဃာတော်များအား ဆက်ကပ်လေသည်။

သံဃာတော်များသည် ဆွမ်းနှင့် ဆွမ်းဟင်းများကို လက်ခံတော်မူပြီးနောက် မင်္ဂလသုတ်၊ မေတ္တာသုတ် အစရှိသော သုတ်တော်များကို ရွတ်ဆိုပြီး ကမ္မဝါဖတ်ပေးကြလေသည်။

ပြီးတော့ (၃၁)ဘုံရှိ သတ္တဝါဝေနေယျအပေါင်းတို့အား အမျှအတန်း ပေးဝေကြလေသည်။ ကိုကုလား၏အမေက ရေစက်ချလေသည်။

'သားလေးကုလား အပါအဝင် ကြားကြားသမျှ (၃၁) ဘုံရှိ မြင်အပ်,မမြင်အပ်သော သတ္တဝါဝေနေယျအပေါင်း အမျှ..အမျှ..ယူတော်မူကြပါကုန်သော်'

'သာဓု..သာဓု..သာဓု'

အထက်အပါအတိုင်း အမျှအတန်း(၃)ကြိမ်ပေးဝေ၍ သာဓု(၃)ကြိမ် ခေါ်ဆိုလိုက်ကြကာ ကိုကုလားကို ရည်မှန်း၍ပြုလုပ်သော ဆွမ်းသွတ်ခြင်းကိစ္စသည် ပြီးစီးသွားလေသည်။

ထိုအချိန်မှစ၍ မကျွတ်မလွတ်သေးသော ကိုကုလားသည် အမျှအတန်းရရှိကာ သာဓုခေါ်ဆိုရပြီး ကျွတ်လွတ်ကာ ကောင်းရာသုဂတိသို့ ရောက်ရှိသွားပြီဟု ယူဆရလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ရေခပ်သူများနှင့် အခြားသူများသည် လုံးဝခြောက်လှန့်ခြင်း မခံကြရတော့ချေ။

မိုးမိုးသည်လည်း နေကောင်းသွားပြီဖြစ်ရာ အခြားရက်များတွင် ရေစည်ကို တစ်ဦးတည်း တွန်း၍ရောင်းသော်လည်း ကျောင်းဝိတ်ရက်များတွင် သမီးကလေးနှင့် နှစ်ယောက် ရေစည်ကိုတွန်းလျက် ရှိလေသည်။ သူသား ကလေးကား ဘောင်းဘီတိုကလေးဝတ်လျက် ဦးထုပ်ကလေးဆောင်းကာ ရေစည်ရှေ့ပိုင်းတွင် ခြေထောက်ကို ကားရားခွထိုင်လျက်စီးကာ လိုက်ပါလေ့ရှိသည်ကို တွေ့မြင်ကြရလေတော့သတည်း။

မင်းသန့်ကျော်(ဇီးကုန်း)

နယ်လှည့်သာသနာပြု ဖိုးဓမ္မသိဒ္ဓိ၏တပည့်

ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြွားအမြင်)

သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်

ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။

လိုအပ်ပါက ယာဉ်ကြာကို အခမဲ့ဆောင်ရွက်ပေးပါသည်။

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလေးမြို့။ ၀၉၄၂၅၃၁၁၂၉၉

www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်ဝင်း

(ထမင်းဝေမြို့)

ထီးကလေးနဲ့ မောင်ဘလူ

မောင်ဘလူကို ဘယ်အချိန်ကြည့်ကြည့် ထီးကလေး ဆောင်းလျက်သား တွေ့ကြရသဖြင့် အများက ထီးကလေး နဲ့ မောင်ဘလူဟု အမြဲခေါ်ဝေါ်သမုတ်လေ့ရှိ၏။

မောင်ဘလူသည် သည်ရွာတွင် ထီးကံအကောင်းဆုံး ဟု ဆိုရပေမည်။ သူ၏ မိဘများက အလွန်ဆင်းရဲသဖြင့် ထီးကို ပုံမှန်ဝယ်မပေးနိုင်ရာသော်လည်း အခေါ်ဖြစ်သူ က ထီးဆိုင်ပိုင်ရှင် ဖြစ်နေသဖြင့် ကျောင်းတက်နေသော မောင်ဘလူအား တစ်နှစ်လျှင် ထီးအသစ်တစ်ချောင်းမှ ပေးလေ့ရှိသည်။ တစ်ခါတစ်ရံ မိဘများ အဆင်ပြေ၍ ထပ်ဝယ်ပေးလျှင် မောင်ဘလူမှာ ထီးအသစ်နှစ်ချောင်းတင် ရှိနေတတ်သည်။ ထီးဝယ်ပေးသူ အခေါ်နှင့် မိဘများကလည်း ထီးဆောင်းထွက်ရန် အမြဲတမ်း ပြောကြားနေသဖြင့် လမ်းထွက် တိုင်း ထီးမဆောင်း၍ မဖြစ်။ ထို့ကြောင့် မောင်ဘလူကို နေ့

www.burmeseclassic.com

www.burmeseclassic.com

မိုးရွာမရွေး ထီးကလေးနှင့် အမြဲတွေ့နေရခြင်း ဖြစ်သည်။

သည်လိုနှင့် မောင်ဘလူ ရှစ်တန်းစာမေးပွဲ အောင်မြင်ခဲ့လေသည်။ ရွာတွင် ကိုးတန်းသင်သော အထက်တန်းကျောင်း မရှိသဖြင့် ရွာမှလူကြီးများနှင့် တိုင်ပင်ကာ မြို့ကျောင်းသို့ ပို့လိုက်ကြ၏။ မိဘများက ဆင်းရဲနွမ်းပါးသဖြင့် ကျောင်းဆက်လက်မထားနိုင်သော်လည်း လိမ္မာယဉ်ကျေးသော မောင်ဘလူအတွက် ရွာလူကြီးများက စရိတ်စက အကုန်အကျခံကာ ကျောင်းထားပေးခြင်း ဖြစ်သည်။ ဤအခွင့်အရေးမျိုးသည် မောင်ဘလူလို လိမ္မာသောသူများသာ ရရှိတတ်သည့် အခွင့်အရေးမျိုး ဖြစ်သည်။

သို့သော် မောင်ဘလူကား ထိုအခွင့်အရေးကို အသုံးမချတတ်ပေ။ ကိုးတန်းနှစ်လယ်လောက်တွင် အတန်းဖော်သူငယ်ချင်းအချို့နှင့်အတူ မောင်ဘလူ ကျောင်းပြေးသဖြင့် တိုင်စာရောက်လာသည်။ သူသည် အပေါင်းအသင်းများနှင့် ကျောင်းတက်ရက်တွင် ကျောင်းမတက်ဘဲ တစ်နေရာတွင် ဆေးလိပ်ခိုးသောက်ကြောင်း သိလာရသည်။

ထို့ကြောင့် မိဘများ ရောက်ရှိလာပြီး မောင်ဘလူကို သွန်သင်ဆုံးမခဲ့ပါသည်။ ထိုအချိန်မှစ၍ မောင်ဘလူ ကျောင်းမပြေးရဲတော့ချေ။ သို့သော် သူသည် အပေါင်းအသင်းများနှင့် ကျောင်းပိတ်ရက်များတွင် တစ်နေရာရာသွား၍ ဆေးလိပ်ခိုးသောက်နေမြဲဖြစ်သည်။ ထိုမှတစ်ဆင့် လက်ဖက်ရည်ဆိုင်ထိုင်၊ တစ်ခါတစ်ရံ ဘီယာဆိုင်တို့၊ စားသောက်ဆိုင်တို့မှာ တွေ့လာရသည်။ စာကိုလည်း မကြိုးစား၊ ကျောင်းအားလပ်ချိန်မှန်သမျှ အပေါင်းအသင်းများနှင့်သာ လေလွင့်ပျော်ပါးနေတော့၏။

ဤသို့ဖြင့် ကိုးတန်းစာမေးပွဲ အောင်စာရင်းထွက်သောအခါ မောင်ဘလူနှင့် သူ၏အပေါင်းအသင်းများသည် လေလွင့်ပျော်ပါးခြင်း၏ အကျိုးရလဒ်ကို နဖူးတွေ့ဒူးတွေ့ ခံစားကြရတော့သည်။ သူတို့အားလုံး စာမေးပွဲကျရှုံးခဲ့ကြလေသည်။

ထိုအခါ မောင်ဘလူနှင့် အပေါင်းအသင်းတစ်စုတို့သည် စိတ်ဓာတ်ကျဆင်းကာ ကျောင်းဆက်မတက်ကြတော့ဘဲ အလုပ်ယောင်ယောင် ဘာယောင်ယောင်ဖြင့် မြို့အနှံ့ပတ်ကာ တတွဲတွဲလုပ်နေကြတော့သည်။

မောင်ဘလူလည်း ရွာကို မပြန်တော့ဘဲ အပေါင်းအသင်းတစ်ဦး၏ မိသားစုနေအိမ်တွင် အိမ်ရှင်များကို တောင်းပန်၍ နေထိုင်သည်။ အိမ်ရှင်ကလည်း သူတို့အလုပ်လုပ်နေကြသည်အထင်နှင့် လက်ခံထားလိုက်ကြလေသည်။ သို့သော် မောင်ဘလူတို့ လူတစ်စုကား အလုပ်လုပ်ကြသည် မဟုတ်ဘဲ တွေ့ရာသူများပစ္စည်းကို ခိုးယူရောင်းချစားသောက်ပျော်ပါးနေကြခြင်းဖြစ်သည်။ ထိုအချိန်ထိ မောင်ဘလူကို ထီးကလေးနှင့် တွေ့နေရသေး၏။

တစ်နေ့တွင်တော့ မောင်ဘလူတို့ လူတစ်စုအား အချုပ်ကားပေါ်တွင် တွေ့လိုက်ရသည်။ သူတို့သည် သူများခြံဝင်းထဲမှ စက်ပစ္စည်းများကို ခိုးယူခဲ့မှုကြောင့် တိုင်တန်းသဖြင့် ပြည်သူ့ရဲများက တာဝန်အရ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်။

ဤတွင် မောင်ဘလူ၏မိဘများ ရောက်ရှိလာပြီး ရဲစခန်းသို့ အာမခံပေးကာ မောင်ဘလူကို အချုပ်ခန်းမှ ပြန်လည်ခေါ်ဆောင်သွားကြလေသည်။ ဤသို့ဖြင့် မောင်ဘလူသည် ရွာသို့ ပြန်ရောက်ခဲ့ရလေသည်။ ဤအချိန်ထိလည်း မောင်ဘလူသည် ထီးကလေးနှင့်ပင် အတူရှိနေသေးပြန်သည်။

♦ ♦ ♦

တစ်နေ့တွင် ရွာရှိ မောင်ဘလူထံသို့ မြို့မှ လူနှစ်ယောက် ရောက်ရှိလာလေသည်။ မောင်ဘလူ၏ အပေါင်းအသင်းများ ဖြစ်သည်။ မောင်ဘလူလည်း အားရဝမ်းသာဖြင့် ကြိုဆိုလက်ခံလိုက်သည်။

နောက်နေ့တွင် မောင်ဘလူသည် သူ့အပေါင်းအသင်းများကို ရွာထဲသို့ လှည့်လည်ပြသသည်။ ထို့နောက် ရွာဦးကျောင်းနှင့် ရှေးဟောင်းဆုတောင်းပြည့်စေတီတော်သို့ သွားရောက်ဖူးမြော်ကြသည်။ ဆုတောင်းပြည့်စေတီတော်သို့ ဖူးမြော်ကြပြီးနောက် သူတို့ ပြန်လာကြလေသည်။

ထိုသို့ပြန်လာစဉ် မောင်ဘလူ၏ အပေါင်းအသင်းများသည် မကြိစည်ကောင်း မကြိစည်အပ်ရာများကို ကြိစည်ပြောဆိုကြလေသည်။

တစ်ဦးက 'ဟော့ကောင် သူငယ်ချင်း၊ ထီးတော်ကြီးက ရွှေကို ဝင်းနေတာပဲကွ' ဟု စကားစလေရာ နောက်တစ်ဦးက 'အေးကွ...အဲဒါကြီး လုပ်လိုက်ရရင် သိန်းနဲ့ချီပြီး ရမှာပဲ' ဟု ဆိုပြန်လေသည်။

ထို့နောက် ထိုကိစ္စကို မောင်ဘလူနှင့် တိုင်ပင်ပြန်သည်။

ပထမတွင် မောင်ဘလူ သဘောမတူဘဲ ငြင်းဆန်သည်။ သို့သော် သူသည် အပေါင်းအသင်းများက သူ့အပေါ်

www.burmeseclassic.com

www.burmeseclassic.com

သြဇာလွှမ်းမိုးနေသဖြင့် ငြင်းဆို၍ မရသည့်အပြင် ခြိမ်းခြောက်မှုများပါ ပါလာသဖြင့် နောက်ဆုံး၌ မောင်ဘလူအဖို့ လက်ခံလိုက်ရသည်။

ဤသို့ဖြင့် ရှေးဟောင်းဆုတောင်းပြည့်စေတီတော်ကြီး၏ ထီးတော်မှာ ခိုးယူခြင်း ခံခဲ့ရသည်။ ရွာလူကြီးများက လိုက်လံစုံစမ်းခဲ့သော်လည်း မရသဖြင့် တစ်နှစ်ကျော် နှစ်နှစ်မျှ ကြာသည်အထိ စေတီတော်ကြီးမှာ ထီးတော်မရှိဘဲ မတင့်မတယ် ဖြစ်နေခဲ့လေသည်။

ထိုအချိန်တွင် မောင်ဘလူသည် ဓနုအမြောက်အများ ရရှိလိုက်သဖြင့် မြို့ပေါ်တက်၍ အပေါင်းအသင်းများနှင့် သောက်စားပျော်ပါးလိုက်၊ ရွာကို ပြန်လာလိုက်နှင့် အဟုတ်ကြီး ဟုတ်နေလေသည်။ ထိုအချိန်ထိ မောင်ဘလူသည် ထီးကလေးနှင့် အမြဲတွေ့နေရသေးသည်။

♦ ♦ ♦

ကံကြမ္မာသည် အလှည့်အပြောင်း မြန်လွန်းလှပေသည်။ မောင်ဘလူတို့ ခိုးယူခဲ့သည့် ထီးတော်ပျောက်ရှုမှုအား သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်လိုက်သဖြင့် သက်သေသက္ကာရ အပြည့်အစုံနှင့် အမှုပေါ်လေသည်။

တရားခံများအား တရားစွဲဆိုရာ ထောင်ဒဏ်အပြစ်ပေးခြင်း ခံကြရသဖြင့် မောင်ဘလူလည်း ထောင်ကျခဲ့လေသည်။

ထိုထက်ကဲဆိုးသည်မှာ ရွာလူကြီးများက မောင်ဘလူအား ရွာသို့ ပြန်လာခွင့်မပေးဟူသော အမိန့်ဖြစ်သည်။ ရွာကို သစ္စာဖောက်သည့် မောင်ဘလူအား ပြန်လာလျှင် သတ်ပစ်မည်ဟူသည့် ရွာရှိ ကာလသားများ၏ ခြိမ်းခြောက်မှုများကိုလည်း ထောင်တွင်းမှ ကြားနေရသည်။ ထို့ကြောင့် မောင်ဘလူသည် ထောင်မှထွက်သောအခါ ရွာကို မပြန်ရဲတော့ဘဲ မြို့ပေါ်ရှိ အပေါင်းအသင်းတစ်ဦး၏အိမ်သို့ ရောက်ရှိခဲ့ရလေသည်။

ထိုအချိန်မှစ၍ မောင်ဘလူ၏ စိတ်တို့သည် တစ်စ, တစ်စ ကစဉ့်ကလျားဖြစ်ကာ အရက်ကို အလွန်အကျွံသောက်၍ နေ့စဉ်နှင့်အမျှ မူးယစ်၍နေတော့သည်။ တစ်ခါတစ်ရံ ပေါက်ကွဲ၍ ရမ်းကားပစ်မိလေသည်။ ထိုသို့ နေ့စဉ်နှင့်အမျှ အလုပ်မလုပ်ဘဲ မူးယစ်ရမ်းကားနေသဖြင့် အိမ်ရှင်က နှင်ချလိုက်လေသည်။ ထိုအခါ သူသည် အခြားအပေါင်းအသင်းတစ်ဦး၏အိမ်သို့ ပြောင်းတက်ကာ နေလိုက်ပြန်သည်။

သို့သော် သူ့အချိုးက မပြောင်းလဲသဖြင့် အိမ်ရှင်များက နှင်ချပြန်သည်။ သည်လိုနှင့် တက်နေစရာအိမ် ကုန်သွားသောအခါ လမ်းပေါ်သို့ ရောက်ရှိသွားလေသည်။ ထို့ကြောင့် လမ်းပေါ်တွင် မောင်ဘလူအား နေ့စဉ် ယိုင်ထိုးယိုင်ထိုးနှင့် တွေ့နေရသည်။ ထိုအချိန်တွင် မောင်ဘလူ၏ ခေါင်းပေါ်တွင် ထီးမရှိတော့ပါ။

ထီးဆောင်း၍လည်း မရတော့ပါ။ ထောင်မှ ထွက်လာကတည်းက ထီးငှားဆောင်းသွားတိုင်း ထီးမှာ ကျန်ရစ်ပျောက်ဆုံးလေ့ရှိ၏။ ထို့ကြောင့် သူ့ကို မည်သူမျှ ထီးမငှားရဲကြတော့ပေ။ တစ်နေ့တွင် သူသည် ထီးတစ်လက်ကို ဝယ်ဆောင်းခဲ့ဖူးသည်။ သို့သော် ထီးဆောင်းထားစဉ် မိုးမလာလေမတိုက်ဘဲ ထီးက ဖြောင်းခနဲ ကျိုးသွားလေသည်။ မောင်ဘလူလည်း အတော်အံ့သြသွားသည်။ အသစ်စက်စက်ထီးကြီးက အလိုလိုကျိုးသွားခဲ့လေသည်။ ထိုအချိန်မှစ၍ မောင်ဘလူကိုယ်နှိုက်ကလည်း ထီးမဆောင်းဖြစ်တော့ပါ။

ဤသို့ဖြင့် မောင်ဘလူသည် လမ်းမပေါ်တွင်လည်းကောင်း၊ ကျောင်းကြိုကျောင်းကြားတွင်လည်းကောင်း နေပူမိုးရွာ မလုံမလဲဖြင့် နှစ်နှင့်ချီ၍ ဆင်းရဲကြီးစွာ နေလာခဲ့ရလေသည်။

တစ်နေ့တွင် သူသည် ရွာမှ သတင်းတစ်ခုကို ကြားရလေသည်။ ရွာရှိ ဆုတောင်းပြည့်စေတီတော်အား ထီးတော် ပြန်လည်တင်လှူမည်ဟူသော သတင်းတစ်ရပ်ဖြစ်သည်။ ထိုသတင်းကို ကြားလိုက်ရသည်နှင့် မောင်ဘလူ စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားရလေသည်။

'ညော်...ငါတို့ခိုးယူခဲ့တဲ့ ထီးတော်ကြီးကောင် အသစ် ပြန်တင်တော့မှာပါလား'

သူ၏စိတ်အစဉ်ထဲသို့ သံဝေဂများ တဖြည်းဖြည်း ဝင်ရောက်လာလေသည်။

'အင်း...ငါ အခုလို ထီးဆောင်းလို့မရဘဲ နေပူထဲ မိုးရွာထဲ နေနေရတာဟာ ဒီထီးတော်ကြီးကို ခိုးယူခဲ့လို့ ဒီဒဏ်ခမျာ ဝေနိုယက် ထိုက်တာပဲ'

သူသည် ရပ်တည်ဖနေနိုင်တော့ဘဲ တစ်နေရာသို့ ခွေပြေးသွားလေတော့သည်။

ထို့အပြင် စေတီတော်ကြီးတစ်ဆူ၏ ရှေ့မှောက်တွင် ဒူးထောက်ကျသွားလေ၏။ သူ၏ လက်အစုံတို့ကလည်း လက်အုပ်ချီပြီးသား ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မြတ်စွာဘုရား...တပည့်တော်တွင် ကြီးလေးသော အပြစ်များ တင့်ရှိခဲ့ပါသည်ဘုရား။ ထိုအပြစ်များ ပြေအေး ပယ်ဖျောက်စေရန် ရှိခိုးကန်တော့ တောင်းပန်အပ်ပါ၏ အရှင်ဘုရား။ မကောင်းမှုအတွက် ကံကြွေးကုန်စေရန်လည်း ယနေ့မှစ၍ ဘုရားတပည့်တော် အထူးကြိုးစားပါတော့မည် အရှင်ဘုရား"

ထို့နောက် သူသည် ရွာသို့ တိတ်တဆိတ်ပြန်သွားပြီး ရွာဦးကျောင်းဆရာတော်ထံ ဝင်ရောက်၍ အကြောင်းစုံကို တင်လျှောက်လေသည်။

"တပည့်တော်ရဲ့ မကောင်းမှုကြောင့် ခုတော့ ကြီးလေးတဲ့အပြစ်ကို ခံစားနေရပါတယ်ဘုရား။ ဒါကြောင့်မို့ ဒီအပြစ်ကြေပျောက်စေဖို့ အကယ်၍များ နောက်တစ်ခါ ထီးတော်ကြီး ပေါင်းနွမ်းပျက်စီးသွားလို့ရှိရင် အသစ်ပြန်တင်လှူဖို့အတွက် တပည့်တော် တာဝန်ယူပါရစေဘုရား"

ထို့နောက် သူသည် ရွာမှ လှူဒါယကာစွာ ထွက်ခွာလာပြီး အလုပ်ရှာလေသည်။ အရက်သေစာလည်း လုံးဝမသောက်စားတော့ဘဲ ကုန်ထမ်း၍ ရောင်းလေသည်။ ရသမျှဝင်ငွေကိုလည်း အပေါင်းအသင်းများနှင့် မဖြုန်းတီးတော့ဘဲ ဘဏ်တွင် ငွေစုလက်မှတ်လုပ်ကာ စုဆောင်းထားခဲ့လေသည်။ ဤသို့ဖြင့် သူသည် နှစ်ပရိစ္ဆေဒကြာညောင်းပြီး အသက် (၄၀)တင်းတင်း ပြည့်ခဲ့လေသည်။

ထိုစဉ် နာဂစ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြီးသည် အရှိန်အဟုန်ပြင်းစွာဖြင့် ထိုဒေသသို့ ဖြတ်သန်းတိုက်ခတ်သွားလေသည်။ သစ်ပင်တွေ၊ အိမ်တွေ ပြိုလဲကာ ကံဆိုးသော လူသူ၊ ကျွဲနွားတိရစ္ဆာန်များလည်း သေကျေပျက်စီးကြရလေသည်။ ထိုအခါ မောင်ဘလူသည် ရွာရှိဆွေမျိုးများအပေါ် အလွန်စိုးရိမ်သွားခဲ့လေသည်။ ထို့ကြောင့် မုန်တိုင်း စဲသောအခါ ကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ရွာသို့ သွားရောက်လေသည်။

သူသည် ရွာသူရွာသားများအား ကူညီရင်း ရွာဦးဆုတောင်းပြည့်စေတီတော်ကြီးဆီသို့ လှမ်းမြော်ကြည့်မိလေသည်။ ထိုအခါမှ သူတောင်းခဲ့ဖူးသောဆုသည် ပြည့်လုလု ဖြစ်သွားပြီဟု ရိပ်စားမိလေသည်။ စေတီတော်တွင် ထီးတော်မရှိတော့ပါ။ မုန်တိုင်းဒဏ်ကြောင့် လွင့်စဉ်ပျက်စီးသွားခဲ့လေပြီ။

♦♦♦

မောင်ဘလူသည် သူစုဆောင်းခဲ့သမျှ ငွေများကို ဖြန်လည်တွက်ချက်၍ ထီးအသစ်တင်လှူရန် ရွာလူကြီးများနှင့် တိုင်ပင်လေသည်။

ထိုအချိန်တွင် ရပ်ဝေးမှ အခြားအလှူရှင်များကလည်း ထီးအသစ်တင်လှူရန် ကမ်းလှမ်းထားပြီးဖြစ်သဖြင့် ရွာလူကြီးများ အခက်ကြုံလေ၏။

သို့သော် ရပ်ဝေးကလူကို ဦးစားပေးရမည့် ထုံးစံရှိသလို မောင်ဘလူအပေါ်တွင်လည်း အထင်သေးကြသဖြင့် ရပ်ဝေးမှ ထီးအလှူရှင်တစ်ဦးအား ထီးလှူခွင့်ပေးရန် ဆရာတော်အား လျှောက်ကြားကြလေသည်။ ထိုအခါ ဆရာတော်က အကြောင်းစုံရှင်းပြပြီးနောက် အဲဒါကြောင့်မို့ မောင်ဘလူပဲ တင်သင့်တယ်ဟု ပြန်လည်မိန့်ကြားလေသည်။ ထို့ကြောင့် မောင်ဘလူသည် ဆရာတော်၏ ထောက်ခံမှုဖြင့် ထီးတော်တင်ခွင့် ရရှိသွားလေသည်။

မောင်ဘလူလည်း ထီးတော်သစ်အား တစ်လအတွင်း တင်လှူနိုင်ခဲ့ပါသည်။ ထီးတော်တင်လှူပွဲတွင် အကျွေးအမွေး အလှူဒါနများလည်း ဖြူလုပ်နိုင်ခဲ့ပါသည်။ သည်အခါ သူ၏ ဒုစရိုက်ကံကြွေးတို့သည်လည်း ချက်ချင်း ပျောက်ကွယ်သွားပြီဟု ဆိုရပါမည်။

မှန်ပါသည်။ သူသည် ယခုအခါ ထီးပြန်ဆောင်း၍ ရပါလေပြီ။ သူဆောင်းသော ထီးသည်လည်း ယခင်ကလို မပျောက်မရှ၊ မကျိုးမပျက်တော့ပါ။ သူ့ကို ထီးနှင့် ပြန်လည် တွေ့ရှိလာရပါပြီ။

တစ်နေ့သ၌ ရွာသို့ အလည်သွားရာ ထီးဆောင်းလာသော မောင်ဘလူကို မြင်သွားသော အမေအိုတစ်ဦးက "ဟဲ့...ဒါ ထီးကလေးနဲ့ မောင်ဘလူ မဟုတ်လား" ဟု မေးလေသည်။

ထိုအခါ အနီးရှိ လုံမငယ်တစ်ဦးက "ဟို...အဘွားကလည်း၊ ဒါ ထီးကလေးနဲ့ မောင်ဘလူ မဟုတ်တော့ပါဘူး။ ဆောင်းထားတဲ့ထီးကလည်း အကြီးကြီး၊ အသက်ကလည်း (၄၀)ကျော်၊ ဒါကြောင့်မို့ ထီးကလေးနဲ့မောင်ဘလူ မဟုတ်တော့ဘူး၊ ထီးကြီးနဲ့ ဦးဘလူပါ အဘွားရဲ့" ဟု အရွန်းဖောက်လေသည်။ ထိုစကားကို ကြားသွားကြသော ရွာသူရွာသားများက သဘောကျရယ်မောကြလေသည်။

ထိုအချိန်မှစ၍ ထီးကလေးနဲ့ မောင်ဘလူ အညီနာမကျယ်ပျောက်၍ ထီးကြီးနဲ့ ဦးဘလူဟူသော ပညတ်သစ်ဖြင့် ထိုနယ်တစ်လွှား ထင်ပေါ်ကျော်ကြားတော့လေသည်။

တင်နိုင်ဝင်း(ထမင်းခဲ)

www.burmeseclassic.com

www.burmeseclassic.com

'အဲဒီလူဟာ ငွေညှစ်သမားတစ်ယောက်ပဲဗျ။ ရဲအုပ် ဂရေ့(ဗ်) ရွံရှာစက်ဆုပ်ဟန်ဖြင့် နှာခေါင်းရှုံ့လျက် ပြောလိုက်သည်။ တော်တော်ကိုမနှစ်မြို့စရာကောင်းတဲ့လူ။ ကျွန်တော်ထင်တယ်လေ။ သူ့ကို ရှင်းပစ်လိုက်တဲ့လူကို ကျေးဇူးတင်တဲ့ သူ ခပ်များများရှိလိမ့်မယ်။ ပြစ်ဒဏ်လည်း များများ ကျစေချင်မှာမဟုတ်ဘူး။ ထောင်ကျတာလောက်တော့ ရှိမှာပေါ့'

မီးလင်းဖိုကို ကျောပေးရပ်ရင်း ဘောင်းဘီအိတ်ကပ်ထဲရှိ ငွေအကြွေတချို့ကို လှုပ်ကစားနေသော ဂိုလိုက်တီက ရဲအုပ်ကို တအံ့တသြကြည့်လိုက်၏။

'ငွေညှစ်သမား ဟုတ်လားခင်ဗျ' ဟုလည်း စူးစမ်းလိုက်သည်။

ကျော်ကျော်
မလွဲနိုင်သော သဲလွန်စ

www.burmeseclassic.com

www.burmeseclassic.com

လူသတ်မှုနဲ့ပတ်သက်လို့ သတင်းစာထဲမှာ ဖတ်ရတာတော့ အဲဒီလိုမပါ၊ပါလား။

'မပါနိုင်ဘူးလေ'

ရဲအုပ်က ပြန်ဖြေ၏။

'အမှုမှာ သဲလွန်စနည်းနည်းပဲရှိတဲ့အထဲ အဲဒီတစ်ချက်လည်း ပါတာပေါ့။ သတင်းစာတွေကို အဲဒီသဲလွန်စပေးလိုက်ရင် အမှုလိုက်ဖို့ တော်တော်ရှုပ်ထွေးသွားနိုင်တယ်'

'အင်း..အဲဒါတော့ သဘောပေါက်ပါတယ်'

ဂိုလိုက်တီက ပြန်ပြောသည်။ ထို့နောက်-

'ကျွန်တော်နားမလည်နိုင်တာက သေသူ ကလစ်ဖို့ဟာ ငွေညစ်သမားတစ်ယောက်ဆိုတာ ရဲအုပ်တို့ ဘယ်လိုအဖြေထုတ်နိုင်တယ်ဆိုတာကိုပါ' ဟု ဆက်၍စူးစမ်းလိုက်သည်။

'ရိုးရိုးလေးပါဗျာ' ဟု ရဲအုပ်က ပြန်ဖြေ၏။

'သူ့အိပ်ခန်းထဲက ပန်းချီကားတစ်ချပ်ရဲ့ နောက်ကျောမှာ စာရင်းတစ်ခု တွေ့တယ်လေ။ ဘယ်သူ့ဆီက ဘယ်တုန်းက ဘယ်လောက်ရပြီးပြီဆိုတဲ့ စာရင်းပေါ့။ တော်တော်ရှင်းတဲ့ မှတ်တမ်းပါပဲ'

ဂိုလိုက်တီ ခေါင်းညိတ်လိုက်ပြီး 'စောစောလေးက ကျွန်တော့်အိမ်တံခါးကို ရဲအုပ် လာခေါက်တုန်း ကျွန်တော် စိတ်ရှုပ်သွားရတာရဲ့အဖြေက အဲဒါပဲကိုး' ဟု ပြန်ပြော၏။

'ကျွန်တော် ဘာကြောင့် ဒီလာရသလဲဆိုတာလား'

'ဟုတ်တယ် မစ္စတာဂိုလိုက်တီ။ ကလစ်ဖို့ရဲ့ စာရင်းထဲမှာ ခင်ဗျားနာမည်လည်း ပါနေတယ်လေ။ ခင်ဗျားဆီက သူရစရာငွေဟာ နည်းနည်းနောနောမှမဟုတ်ဘဲ။ ယုံနိုင်စရာတောင်မရှိဘူး။ ဟုတ်တယ်မဟုတ်လား'

'အေးဗျာ။ ပြောမယ်ဆိုလည်း ပြောလောက်ပါတယ်'

တစ်ချိန်က ဇိမ်ခံပစ္စည်းများဖြင့် ပြည့်ပြည့်စုံစုံရှိခဲ့သော သူ့အိမ်ခန်းကိုကြည့်ရင်း ဂိုလိုက်တီ စိတ်ဓာတ်ကျဆင်းနေပုံရပါသည်။ ယခုအခါ အားလုံးလိုလို ဟောင်းနွမ်းပိုယွင်းနေပြီး ဂရုမစိုက်နိုင်ဘဲ ပစ်ထားခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း သိသာနေပါသည်။

'ကလစ်ဖို့ အသတ်ခံရတယ်ဆိုတဲ့ သတင်းကြောင့် ကျွန်တော်ပျော်သွားရတယ်ဆိုတာ ဘာမှလျှို့ဝှက်ထားစရာမဟုတ်ပါဘူးဗျ' ဟု သူ ဆက်ပြော၏။

'သူ့စာရင်းထဲ ပါတဲ့လူတိုင်း အဲဒီလိုပျော်ကြမှာချည်းပေါ့ဗျာ'

ရဲအုပ်က ထောက်ခံလျက် မှတ်ချက်ပေးပါသည်။

'ကျွန်တော်တို့ အဲဒီအမှုစုံစမ်းနေပြီဆိုတဲ့သတင်းလည်း ရကြတာကြောင့် ရောရောရှုပ်ရှုပ်ပဲ သူတို့ ထန်ခဲကြတာပါ။ ကျွန်တော်တို့ အဲဒီစာရင်းပါသူတွေကို စုံစမ်းမေးမြန်းပြီးလေ။ တကယ်တော့ အဲဒီစာရင်းဟာ သံသယရှိစရာကောင်းသူတွေကို အသင့်စုထားသလိုဖြစ်နေတယ်ဆိုတာ ခင်ဗျား သဘောပေါက်မှာပါ'

'ဒါပေမဲ့ တရားခံကို ခုထိမဖော်နိုင်သေးဘူး မဟုတ်လား'

'လူသတ်မှုဖြစ်ခဲ့တုန်းက သူ့စာရင်းထဲ ပါတဲ့လူတိုင်းဟာ အဲဒီညနေမှာ သူတို့ ဘယ်မှာရှိနေကြောင်း အလီဘိုင်ကောင်းကောင်းပြနိုင်ကြတယ်ဗျ'

ရဲအုပ် စိတ်ပျက်ဟန်ဖြင့် ပြန်ပြောပါသည်။

ထို့နောက် ဂိုလိုက်တီကို မျှော်လင့်ဟန်ဖြင့်ကြည့်ပြီး-

'ခင်ဗျားမှာလည်း အဲဒီလိုအလီဘိုင် ပြစရာရှိမယ် မဟုတ်လား မစ္စတာဂိုလိုက်တီ' ဟု မေးလိုက်သည်။

ဂိုလိုက်တီ အံ့အားသင့်သွားပုံပေါ်ပါသည်။

'ပြီးခဲ့တဲ့ စနေနေ့ ညနေပိုင်းက ဟုတ်လား'

'သောကြာနေ့ ညနေပိုင်းဗျ။ အကြမ်းဖျင်းပြောရရင် ညဆယ်နာရီကနေ သန်းခေါင်အတွင်း ဆိုပါတော့'

'သောကြာနေ့။ အင်း..နေဦးဗျ'

ဂိုလိုက်တီ မျက်မှောင်ကြုတ်၍ စဉ်းစားနေပါသည်။

ထို့နောက်မှပြုံးပြီး-

'အာ..ကျွန်တော့်မှာလည်း အလီဘိုင်ကောင်းကောင်းရှိတယ် ရဲအုပ်ကြီး။ သိပ်ကိုအရေးတကြီး အခြေအနေမဟုတ်ရင်တော့ အမျိုးသမီးနာမည်ကို ကျွန်တော်ထုတ်မပြောချင်ဘူး။ သူကြောင့်လည်း ကလစ်ဖို့က ကျွန်တော့်ကို ငွေညစ်ခဲ့တာလေ။ အမျိုးသမီးဟာ အတော်လေးဂုဏ်ကြီးတဲ့ အသိုင်းအဝိုင်းထဲကပါ။ နာမည်ကျော်ကြားပြီး ဂုဏ်သတင်းမြင့်တဲ့ မိသားစုထဲကမို့ ကျွန်တော် ဘယ်လောက်အကျပ်ရိုက်နေမလဲဆိုတာ စဉ်းစားကြည့်ပါတော့ဗျာ'

ရဲအုပ် သက်ပြင်းချလိုက်ရ၏။

'သဘောပေါက်ပါပြီဗျာ' ဟု သူပြန်ပြောသည်။

'ဒါပေမဲ့ ကျွန်တော်တို့ စုံစမ်းထောက်လှမ်းမှုတွေဟာ တစ်နေရာမှာ လမ်းဆုံးရောက်နေပြီဆိုရင်တော့ ခင်ဗျားဆီ အပွင့်လင်းဆုံးဖော်ထုတ်မှုကို ယူကောင်းယူရပါလိမ့်မယ်။ မစ္စတာဂိုလိုက်တီ၊ အဲဒီလို ကြိုပြီးသတိပေးထားမှ မှတ်ရာရောက်မှာမို့ပါ'

www.burmeseclassic.com

www.burmeseclassic.com

'ကျေးဇူးပါပဲဗျာ'

ဂိုလိုက်တီ အနည်းငယ်ဦးညွှတ်ပြီး ပြန်ပြောဏ်။

'ဒီတော့ ရဲအုပ်ကြီးမှာ တခြားသဲလွန်စတွေ ရှိဦးမယ် မဟုတ်လား'

'တစ်ခုပဲရှိပါတယ်။ ကလစ်ဖို့ရဲ့အိမ်ကနေ လူသတ်သမား ပြန်ထွက်သွားတော့ သူကျော်တက်သွားတဲ့ ပြတင်းပေါက်ကျည်းပေါင်မှာ သွေးပေနေတဲ့ လက်ချောင်းရာ အပြည့်အဝကျန်ခဲ့တယ်ဗျ'

'သွေးပေနေတဲ့ လက်ချောင်းရာ၊ ဟုတ်လားဗျ'

'ဟုတ်ပါတယ်။ -သတင်းစာတွေမှာ ပါသလိုပဲလေ။ ကလစ်ဖို့ဟာ စက္ကူဖြတ်တဲ့ဓားချွန်နဲ့ ထိုးသတ်ခံခဲ့ရတာ။ သွေးတွေလည်း အများကြီးထွက်ခဲ့တာကိုး'

ဂိုလိုက်တီ စိတ်ရှုပ်သွားပုံရဏ်။

'ကျွန်တော့်ကို လူအလို့ ပြောချင်ပြောတော့ဗျာ။ ခင်ဗျားမှာ လက်ဗွေရာတစ်စုံလုံး ရထားပြီဆိုမှတော့ တရားခံကို သေချာပေါက်ဖမ်းနိုင်ပြီ မဟုတ်လား'

ရဲအုပ်က ခေါင်းညိတ်ပြသည်။

'လက်ဗွေရာတွေက အစွန်းအထင်းမရှိဘဲ ရှင်းရှင်းလင်းလင်းဆိုရင်တော့ သေချာပေါက်ဖော်နိုင်မှာပါ။ ဒါပေမဲ့ ရှင်းရှင်းလင်းလင်းမရှိတဲ့အပြင် သွေးတွေနဲ့ဆိုတော့ ဘယ်လိုမှ ထောက်လှမ်းမရနိုင်လောက်အောင်ဘဲ။ တော်တော်ကို ပေပွနေတာကိုး။ သိပ်ညစ်ပတ်မနေရင်တောင် အခက်အခဲကတော့ ရှိနေတာပါပဲ'

'ဘယ်လိုအခက်အခဲမျိုးပါလိမ့်။ ကျွန်တော်မေးလို့ဖြစ်ရဲ့လား'

'ပြတင်းပေါက်ကျည်းပေါင်ပေါ်မှာ တွေ့ရတဲ့ သွေးစွန်းနေတဲ့ လက်ချောင်းရာတွေဟာ လက်အိတ်စွပ်ထားတဲ့ အရာတွေဗျ'

ဂိုလိုက်တီ အံ့အားသင့်သွားပါသည်။

'လက်အိတ်စွပ်ထားတယ်။ ဒီလိုဆိုရင်တော့ လက်ဗွေရာ ဘယ်လိုလုပ်ရနိုင်ပါတော့မလဲ။ ဟုတ်တာပေါ့၊ မဖြစ်နိုင်တဲ့ကိစ္စပဲ'

'ခက်ခဲတယ်လို့ ကျွန်တော်ပြောခဲ့တာပါ။ မဖြစ်နိုင်လောက်အောင်တော့ မဟုတ်ပါဘူး'

ရဲအုပ်က ခပ်တိုးတိုးပြန်ပြောဏ်။

'အမှန်ပြောရရင် လက်ချောင်းရာတွေဟာ လက်အိတ်စွပ်ထားတဲ့အရာတွေ ဆိုပေမယ့်လည်း အဲဒါတွေကနေ အခြေခံကျတဲ့ သတင်းအချက်အလက်ကို ထုတ်နုတ်ယူလို့ ရခဲ့တယ်ဗျ'

'ဗျာ..ရဲတွေရဲ့ ထောက်လှမ်းရေးနည်းပညာကို ကျွန်တော် မအံ့သြဘဲ မနေနိုင်တော့ဘူး'

ဂိုလိုက်တီက မှတ်ချက်ချဏ်။ ထို့နောက်-

'ပြောပါဦးဗျ။ လက်အိတ်စွပ်ထားတဲ့ လက်ချောင်းရာတွေကနေ ဘယ်လိုသတင်းအချက်အလက် ထုတ်နိုင်ခဲ့တာလဲ'ဟု ဆက်မေးသည်။

ရဲအုပ်က သူ့လက်ချောင်းများကိုထောင်ပြီး တစ်ချက်ချင်း ရှင်းပြဏ်။

'တစ်အချက် ကလစ်ဖို့ကိုသတ်တဲ့ လူသတ်သမားရဲ့ လက်အိတ်တွေဟာ သိပ်တန်ဖိုးကြီးတဲ့အမျိုးအစား ဖြစ်ရမယ်လို့ အဖြေထုတ်နိုင်တယ်။ လက်ချောင်းရာတွေကို အကြီးချဲ့ပြီး အသေးစိတ်စစ်လိုက်တော့ ကြိုးမျှင်ကလေးတွေနဲ့ရက်ထားတဲ့ လက်အိတ်မျိုးဆိုတာ တွေ့ရတယ်။ ရက်ထားတာ၊ ဒါမှမဟုတ် ဓာတိုးထားတာမျိုးပေါ့။ ချည်ကလည်း တော်ရုံတန်ရုံမဟုတ်ဘူး၊ အတော်ကောင်းတဲ့ အမျိုးအစားဗျ။ နှစ်အချက် လက်အိတ်ရာတစ်နေရာမှာ ရက်လုပ်ထားတဲ့စနစ်ကို တွေ့ရတယ်။ သိပ်ကိုအနုစိတ်ပြီး သေသပ်တဲ့လက်ရာဆိုတာ ဓာတ်ခွဲဌာနကဖော်ထုတ်ပြီး သီးသန့်အမှာနဲ့ ရက်လုပ်တဲ့အမျိုးအစားလို့ အတည်ပြုနိုင်ခဲ့တယ်။ သိပ်ကိုစျေးကြီးတဲ့ လက်အိတ်ထုတ်လုပ်သူရဲ့ ထုတ်ကုန်ဆိုတာ ပေါ်လာတယ်'

'ကျွန်တော်တော့ မယုံနိုင်လောက်အောင် အံ့အားသင့်သွားရပြီ ရဲအုပ်ကြီး'

'ကျွန်တော်တို့လည်း တစ်ခါတစ်ရံ အဲဒီလိုဖြစ်ဖူးတာပါပဲ'

ရဲအုပ်က အေးအေးဆေးဆေးအမူအရာဖြင့် ပြန်ပြောဏ်။

'အဲဒီညစ်ပေစွန်းထဲင်းနေတာတွေရော တခြားအရေးအနေတွေကပါ ဘာကိုညွှန်ပြနေသလဲဆိုတော့ စုံစမ်းစစ်ဆေးရာမှ အဖြေတွေ့ဖို့ အလားအလာတွေ ဖြစ်နိုင်ခြေတွေ ရှိတယ် ဆိုတာကိုပဲ'

'ဒီတော့ ခင်ဗျား ဆက်ပြီးစုံစမ်းတယ်ပေါ့'

'ဒါပေါ့ဗျာ။ တစ်မြို့လုံးအနံ့ရာကြည့်တော့ အောက်လမ်းရဲ့ လမ်းသွယ်တစ်ခုထဲမှာ လက်အိတ်အထူးထုတ်လုပ်တဲ့ဆိုင်ကို ထွေ့တာပါပဲ။ လူသတ်သမားသုံးခဲ့တဲ့ အင်

www.burmeseclassic.com

www.burmeseclassic.com

အိတ်မျိုးကို အဲဒီဆိုင်ကထုတ်လုပ်ကြောင်း သက်သေခံစာယ်။ လိုအပ်ရင် သူဆီက သက်သေထွက်ချက်ကို အချိန်မရွေး ရနိုင်ပါတယ်'

'အဲဒီလိုလက်အိတ်မျိုး ဒါဇင်ပေါင်းများစွာ ထုတ်လုပ်ခဲ့ဖူးမှာပေါ့ဗျာ'

ဂိုလိုက်တီက မှတ်ချက်ချ၏။

ရဲအုပ်က ခေါင်းခါပါသည်။

'အဲဒါတော့ မဟုတ်ဘူးဗျ။ လက်အိတ်ပုံစံကို ကျွန်တော်ပြလိုက်တော့ အဲဒီလက်အိတ်မျိုးဟာ အထူးမှာကြားတာဖြစ်လို့ အဲဒီတစ်စုံပဲ ထုတ်လုပ်ပေးဖူးတယ်လို့ဆိုတယ်။ တစ်စုံတည်းမှ တစ်စုံတည်းပဲ။ ထုတ်လုပ်ပေးခဲ့တာ နှစ်အတော်ကြာပြီဆိုပေမယ့် စနစ်တကျမှတ်တမ်းထားတတ်သူမျိုး ဖြစ်နေလေတော့ လက်အိတ်မှာကြားသူရဲ့ နာမည်၊ လိပ်စာအပြည့်အစုံ သူမှာရှိနေတယ်ဗျ'

'ဟုတ်ရဲ့လားဗျာ'

ဂိုလိုက်တီ ရေရွတ်လိုက်၏။

'အဲဒါ အတော်ကံကောင်းတယ် ဆိုရမှာပေါ့။ ရဲအုပ်ကြီးအတွက် ပြောတာပါ။ ကျွန်တော့်အတွက်တော့ ဟုတ်မယ်မထင်ဘူး'

သူက ပခုံးများကိုတွန့်လျက် ခရေတဲ့တဲ့ပြုလိုက်ဟန် ဆက်ပြော၏။

'ဆိုကြပါစို့ဗျာ၊ ရဲအုပ်ကြီးရဲ့စုံစမ်းမှုဟာ လက်အွေ့ကို စစ်ဆေးကြည့်ရှုရမှ အောင်မြင်မယ့်ပုံပေါက်နေပြီး ဟုတ်ရဲ့လား'

ရဲအုပ်က အားနာဟန်ဖြင့် ခေါင်းညိတ်ပြပြီး-

'ဟုတ်ပါတယ် မစ္စတာဂိုလိုက်တီ၊ ခင်ဗျားလက်ကလေးတွေ ကြည့်ပါရစေဗျာ'ဟု ပြန်ပြောသည်။

ဂိုလိုက်တီ ငွေအကြွေများကို လှုပ်နေရာမှ ရုပ်လိုက်၏။ ဘောင်းဘီအိတ်များထဲမှ သူ့လက်တို့ကို ဖြည်းဖြည်းချင်း ထုတ်လျက် ရဲအုပ်စစ်ဆေးနိုင်ရန် ပြလိုက်ပါသည်။

သူ၏ညာဘက်လက်တွင် လက်ချောင်းကလေးခြောက်ချောင်း ရှိနေပါလေ၏။

ကျော်ကျော်

50 More Mysteries စာအုပ်မှ · *James Holding* ရေးသားသော *Hand in Glove* ဝတ္ထုတိုကို ဘာသာပြန်ခြင်းဖြစ်ပါသည်။

ဂဏိတရ ဆရာလှမျိုး (B.Sc) (လယ်/ပြ၊ ငြိမ်း)

အောင်ကောင်းမြ (သာကေတ)

ကြယ်တိုင်းစောင့် ဗေဒင်ဟောစနစ်နှင့် နဝင်းယဂြာစာတန်းမှ (၇)နေ့သားသမီးတို့၏ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ အရာရှိရေး၊ ပညာရေး၊ အကြွေးကိစ္စ၊ အတိုက်အစံ ရန်အနှောက်အယှက် ကိစ္စအဝဝအတွက် အစွမ်းထက် နဝင်းစာတ်ယဂြာ၊ ကံပွဲဝင်ဆင်ပွဲဝင်၊ အန္တရာယ်ကင်း အစီအရင်များ၊ (လက္ခဏာစစ်ဆေး၊ ထီဂဏန်းစွဲ၊ အကျိုးပေးအစောင့်နှင့် အလုပ်၊ ဆိုင်လုပ်ငန်း၊ ကလေးအမည်ပေးခြင်း) တစ်နှစ်တာ စောင့်ရန်၊ စွဲဆောင်ရန် ဗေဒင်ဆေးပေးခြင်းတို့ကို အထူးစောင့်ရှောက်ပေးပါသည်။ နယ်မှ ဗေဒင်အစမ်းမှာပါက ဥာဏ်ပူဇော်စရိတ် (၁၈၀၀)ကျပ် ကြိုတင်ပေးဆိုပါ။

ဆက်သွယ်ရန်လိပ်စာ – (၁၇) အောင်သပြေအနောက် (၁)လမ်း၊ (၇) အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

• ၀၉ ၄၂၀၀ ၄၇၈၆၇

(အဝေးမှ လာရောက်ပါက ကြိုတင်ဖုန်း ဆက်သွယ် ရက်ချိန်းယူပါ။)

လမ်းညွှန် - ၃၅၊ ၆၅၊ ၃၂ ရွှေညောင်သည်(၂)၊ ၄၈၊ ၅၇ အထူး၊ ၁၇၃၊ ၂၃၆၊ ၄၆(စိမ်း)၊ ၁၈၁၊ ၁၄၆၊ ၁၀၄၊ ၁၀၇၊ ရထား ကားမွေ-ကျောက်တန်း ကားများစီး ၈ ဂိတ်မှတ်တိုင်ဆင်း၊ ၁၄၊ ၆၂ စီး ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

နေ့စဉ် - နံနက်(၈)နာရီမှ (၂)နာရီအထိ (ဥပုဒ်ဟူးနေ့တိုင်း နားသည်)

www.burmeseclassic.com

www.burmeseclassic.com

ရန်ကြွေးမပြေသော ဝိညာဉ်

နေမင်းသူရိယ (ဆင်ဖြူကျွန်း)

မစ်ချီဂန်ကန်နှင့် အနီးဆုံးမြို့ဖြစ်သော ချီကာဂိုမြို့လေးသည် လွန်စွာလှပ၏။ ဥယျာဉ်၊ ပန်းခြံ၊ စျေး၊ တက္ကသိုလ်ကျောင်းများ၊ ဆေးရုံများ၊ ရုံးများနှင့် စည်ကားလှသည်။ ရောင်စုံကားလေးများမှအစ ကားကြီးများ၊ လုပ်ငန်းသုံးယာဉ်များအဆုံး ကတ္တရာလမ်းတစ်လျှောက် စီးဆင်းစီးမြောနေ၏။ ကားတန်းကြီးမှာလည်း မရပ်မနား သွားနေကြ၏။ လူများကလည်း ဥဒဟိုသွားလာနေကြ၏။

အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီမှ ထွက်ပေါ်လာသော နေခြည်နုနုလေးသည် တရွေ့ရွေ့နှင့် သွားနေသော ယာဉ်တန်းများပေါ်သို့ ကျရောက်စပြုနေသည်။ လူပ်ရှားအသက်ဝင်နေသော တစ်နေ့တာ၏ နံနက်ခင်းအလှတွင် ကျွန်ုပ်သည် နစ်မြောနေရာမှ အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့မှ ထုတ်ဝေသော ချီကာဂိုထရီဗြွန်း (The Chicago Tribune) သတင်းစာကြီးတစ်စောင်ကို ကောက်ယူပြီး ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်၍ အပျင်းပြေ ဖတ်ရှုနေလိုက်၏။

ဤသတင်းစာကြီးသည် အမေရိကန်ပြည်ထောင်စု အစောင်ရေအများဆုံး ထုတ်ဝေရပြီး တကယ့်ပညာရှင်များ ဘွဲ့ရများနှင့် တည်ထောင်ထားသော သတင်းစာကြီးဖြစ်၏ ထို့ကြောင့်လည်း အမေရိကန်တစ်ဝှမ်းလုံးတွင် သြဇာကြီးမားလှသော သတင်းစာကြီးတစ်စောင်အဖြစ် ယနေ့တိုင် ရပ်တည်နိုင်ခဲ့သည်။

ရုတ်တရက် ၄င်းသတင်းစာကြီးတွင် ထူးခြားသော သတင်းတစ်ပုဒ် ပါရှိလာသည်ကို တွေ့လိုက်ရ၏။ ထို သတင်းမှာ သေဆုံးသူ၏ဝိညာဉ်မှ လူသတ်တရားခံ ထုတ်ဟူသော သတင်းတစ်ပုဒ်ပင် ဖြစ်လေရာ ကျွန်ုပ်တို့ တိုင်ကလည်း ဝိညာဉ်လောက၊ ပရလောကအကြောင်း

www.burmeseclassic.com

www.burmeseclassic.com

နှင့် စိတ်နယ်လွန်ပညာရပ်များကို လေ့လာသုတေသနပြုပြီး ရေးသားနေသူတစ်ဦး ဖြစ်ခြင်းကြောင့် စိတ်ဝင်စားစွာ ဖတ်ရှုနေမိ၏။

ကျွန်ုပ်သည် လူတို့ ကွယ်လွန်ပြီးသည့်နောက် တမလွန်ဘဝ ဘဝအသစ်ရှိသလော၊ (သို့မဟုတ်) မရှိသလော၊ (သို့မဟုတ်) လုံးဝချုပ်ငြိမ်း ပျောက်ကွယ်သွားသလော၊ (သို့မဟုတ်) စကြဝဠာအတွင်း၌ ပြိုကွဲပျက်စီးသွားပြီး အခြားသော ဓာတ်(ဒြပ်ဝတ္ထု)များနှင့် ပေါင်းစည်းသွားကာ အသစ်အသစ်တို့ကို ဖြစ်စေသလော စသည့်အချက်အလက်များကို စဉ်းစားတွေးတောရင်း အတွေးနယ်ချဲ့နေခဲ့သည်။ သို့သော်လည်း ကျွန်ုပ်ကိုယ်တိုင်ကမူ (၁၉၈၀)ပြည့်နှစ်မှစ၍ တစိုက်မတ်မတ် သုတေသနပြုခဲ့ပြီးလည်း ဖြစ်သည်။ အဖြေကား သုညကြွင်းပြီး ပြီးပြတ်သောရလဒ်မျိုး မဟုတ်ချေ။

ဤနေ့တွင် တမလွန်ဘဝကို လုံးဝမယုံကြည်သူများ ရှိသလို ယုံကြည်သူများလည်း ရှိခဲ့ကြသည်။ ယုံကြည်သော အများစုကမူ သေဆုံးသူတစ်ယောက်၏ ဝိညာဉ်တစ်ခုသည် ဘဝသစ်တစ်ခု၌ ချက်ချင်းမရပ်တည်နိုင်ဘဲ ရှိနေစဉ်အချိန်များအတွင်းတွင် သက်ရှိလူများနှင့် ဆက်သွယ်လိုကြ၏။ ဝိညာဉ်များက အိပ်မက်အဖြစ်လည်းကောင်း၊ စိတ်ဓာတ်နိုးကြား သိမြင်လွယ်သော ကံကြမ္မာဖတ်နိုင်သော နတ်ကတော်များ၊ မှော်ဆရာများ၊ စိတ္တဇေဒပညာရှင်များ၊ ဂန္ဓိရပညာရှင်များ၊ ကမ္မဋ္ဌာန်းထိုင်သူများမှတစ်ဆင့် ပြောကြားကြ၏။

ယခုလည်း ချီကာဂိုထရီဗြွန်း သတင်းစာကြီးတွင် ဖော်ပြထားသော ဖိလစ်ပိုင်အမျိုးသမီးကြီး တာရီဆီတာဘာဆာသည်လည်း ဤနည်းနှင့်နှင် ဖြစ်ဟန်တူ၏။

♦ ♦ ♦

အက်(ဒ်)ဝါးတားဆေးရုံ အဆောက်အအုံသည် ပြိုင်ဘက်မရှိအောင် လှပ၏။ ဆေးရုံပင်မဆောင်ကြီးတွင် ဆရာဝန်များ၊ တာဝန်ကျ (Nurse) နာ့(စ်)များ၊ လူနာများနှင့် မေးမြန်းဆက်သွယ်သူများ ရှုပ်ယှက်ခတ်နေ၏။ သီးခြားအဆောင်များ၊ ဓာတ်ခွဲခန်းများ၊ ရောဂါဗေဒအခန်းများ (X'ray) အိပ်စရေးခန်း၊ ခွဲစိတ်ခန်းများ၊ ဆေးဝါးသိုလှောင်ခန်းများ၊ အမျိုးသမီးမီးဖွားခန်းများ၊ သန့်စင်ခန်းများ၊ နားနေဆောင်များဟူ၍ များပြားလှ၏။

ဆေးရုံ၏ ရှေ့ဘက်တွင်လည်း ပန်းအလှပင်များ၊ မြက်ခင်းလွင်ပြင်များနှင့် ဆရာဝန်များအတွက် သီးသန့်ကားပါကင်များ၊ ဆရာမများအတွက် သီးသန့်ကားပါကင်များ ရှိလေ၏။ ရေငုပ်များမှ ဖွာထွက်နေသော ရေပန်းများလည်း မြက်ခင်းပြင်များကို စိုစွတ်အောင်ဖြန်းလျက်။ ပန်းအလှပင်များသည်လည်းကောင်း၊ အရိပ်ရ အပင်များသည်လည်းကောင်း ဥယျာဉ်တစ်ခုသဖွယ် လှပနေ၏။ မြင်သမျှ နေရာတိုင်းတွင် ဆန်းသစ်သော အတွေးအခေါ်များနှင့် လှပသော ဒီဇိုင်းများဖြင့် ဖွဲ့စည်းစီးရက်ကာ လွန်စွာပင် လူနာများအတွက် စိတ်ကြည်နူးစေပါသည်။ ညဘက်တွင်လည်း မြူဖွေးလှပသော နီယွန်မီးချောင်းများ၊ LED မီးချောင်းများ၊ မီးရောင်စုံများ ထွန်းညှိထားသည်မှာလည်း ခရစ္စမတ်နေ့တဲ့သို့ တခမ်းတနား နောက်ဆုံးကုန်ကုန်ပြောရလျှင် ခေတ်အမီဆုံးသော ဆေးရုံတစ်ရုံဟူ၍။

ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော (Nurse) သူနာပြုဆရာမကြီး တာရီဆီတာဘာဆာသည် ကျူတီချို့ကုန်ဆုံးသွားပြီဖြစ်၍ ကားပါကင်ရှိရာဘက်သို့ လျှောက်လာ၏။ သူမ၏ နေအိမ်သည် မြို့၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ရှိ၏။

သူမ ခန္ဓာကိုယ်အချိုးအစား လှပသလောက် စိတ်ရင်းစိတ်ဓာတ်ပြည့်ဝသည်။ သူတစ်ပါးကိုလည်း အကူအညီပေးတတ်၏။ အပျိုကြီးတစ်ယောက်ပီပီ တစ်ကိုယ်တော် နေထိုင်တတ်၏။ ငွေကိုလည်း အကိုးဖြင့် ရင်းနှီးသောမိတ်ဆွေများအား ချေးငှားတတ်သေး၏။ ထို့ကြောင့်လည်း ချီကာဂိုမြို့ရှိ ဂုဏ်သရေနှင့်ပြည့်စုံသော လူကြီးလူကောင်းများကြားတွင် ရေပန်းစားလှသူတစ်ယောက်လည်း ဖြစ်လေသည်။ သူမ၏ အိမ်တွင် လူဝင်,လူထွက် များသည်မှာလည်း အဆန်းတကြယ် မဟုတ်တော့ချေ။

တာရီဆီတာဘာဆာသည် ကားနားရောက်သည်နှင့် ကားသော့ကို ဖွင့်လိုက်ပြီး ကားအတွင်းသို့ ဝင်လိုက်ကာ စက်ကို နှိုးလိုက်၏။ သူမသည် ကားကို ကျွမ်းကျင်စွာမြင့် ဆေးရုံကွန်ကရစ်လမ်းလေးအတိုင်း မောင်းနှင်၍ ထွက်သွားလေသည်။

ညနေဆည်းဆာ၏အလှသည် လှပဆန်းသစ် ရင်သန်နေဆဲ။

♦ ♦ ♦

(၁၉၇၇)ခုနှစ်၊ ဖေဖော်ဝါရီလ၏ နေ့တစ်နေ့၊

မိုးကောင်းကင်သည် တိမ်စိုင်တိမ်လိပ်များနှင့် [illegible] နေ၏။ လေနုအေးလေးများလည်း တိုက်ခတ်နေ[illegible]

www.burmeseclassic.com

www.burmeseclassic.com

ရောင်ခြည်သည် တိမ်တိုက်များကြားမှ မှုန်ပျပျကလေးနှင့် ထွက်စပြုနေ၏။ (၈)နာရီခန့်ရှိနေပြီဖြစ်သော်လည်း ခါတိုင်းကဲ့သို့ တာရီဆီတာဘာဆာတို့ ဆင်ခြေဖုံးရပ်ကွက်ထဲတွင် လူများ သွားလာလှုပ်ရှားမှုများမရှိဘဲ နေးကွေးနေ၏။ မဖြစ်မနေလုပ်ကိုင်နေကြရသော အလုပ်သမားများသာလျှင် တွေ့မြင်နေရသည်။ ရာသီဥတုကလည်း ခါတိုင်းထက် အေးနေသည်။

ယင်းကဲ့သို့ ရှိနေစဉ်အချိန်၌ တာရီဆီတာဘာဆာ၏ အိမ်ရှေ့တွင် နေ့စဉ် နွားနို့ပို့နေကျ လူငယ်တစ်ယောက် ရောက်ရှိလာ၏။ ပြီးလျှင် နွားနို့ဘူးကို ထားခဲ့ပြီး နွားနို့ ရောက်ကြောင်း အော်ပြောလိုက်သည်။ အိမ်ထဲမှ ခါတိုင်းကဲ့သို့ တုံ့ပြန်ပြောဆိုသံ တစ်စုံတစ်ရာမျှ ထွက်မလာခဲ့။ လူငယ်သည် သံသယဖြစ်သွား၏။ သို့သော် ရှေ့ဆက်ပို့ရန် နွားနို့များ ပါရှိနေခြင်းကြောင့် အိမ်ဘေးမှ တာရီဆီတာ၏ မိတ်ဆွေများ၊ အိမ်နီးချင်းများကို အိမ်တံခါးပွင့်နေကြောင်း၊ နွားနို့ဘူး ထားခဲ့ကြောင်း အော်ဟစ်ပြောဆိုခဲ့၏။

ခဏကြာသော် အိမ်နီးချင်း အမျိုးသမီးတစ်ယောက် ရောက်ရှိလာ၏။ ပွင့်ဟနေသောတံခါးကို အဆုံးထိ တွန်းဖွင့်လိုက်၏။ ရုတ်တရက်မြင်လိုက်ရသောမြင်ကွင်းကြောင့် လန့်ဖျပ်ကာ သွေးရူးသွေးတန်းလိုက်ပြီး စူးစူးဝါးဝါး အော်ဟစ်လိုက်၏။

'အီး...အီး...အီ...အီ'

ထို့နောက် ကြောက်ရွံ့တုန်လှုပ်စွာ အိမ်နီးချင်းများအား လုံးကို ငယ်သံပါကြီးဖြင့်-

'လာကြပါဦးရှင်...လာကြပါဦး...လာကြပါဦး'

ဆက်တိုက် အော်ဟစ်အကူအညီတောင်းသံကြောင့် အိမ်နီးချင်းများ ရောက်ရှိလာ၏။ အိမ်အတွင်းမှ မြင်ကွင်းကို မြင်သူအားလုံးသည် အလန့်တကြားအော်သူအော်၊ နောက်ဆုတ်ပြေးသူကပြေး၊ မကြည့်ရဲသူများ မျက်နှာကို ဖုံးအုပ်ထားသူထား၊ မှင်တက်မိသူက မှင်တက်မိနှင့် ဖြစ်နေ၏။ သူ့ထက်ငါ တိုးဝှေ့ကြည့်သူကလည်းကြည့်နှင့် အသံပေါင်းစုံနှင့် မှတ်ချက်ပေးသူကပေး ဖြစ်နေ၏။

မြင်ကွင်းကတော့ ကြောက်စရာအတိ။ သွေးအိုင်ထဲမှာ ဓားဒဏ်ရာဗရပွဖြင့် လဲကျသေဆုံးနေသော တာရီဆီတာဘာဆာ တစ်ယောက် အင်္ကျီအဝတ်အစားအချို့မှာလည်း မီးလောင်ထားသည့် အနေအထားနှင့်။ မျက်လုံးမှာလည်း ပြူးထွက်နေ၏။ ပစ္စည်းများလည်း ဖရိုဖရဲ။ အဖိုးတန်ပစ္စည်းများ ထည့်ထားသော ဗီရိုဟု ယူဆရသည့် ဗီရိုတံခါးများ ပွင့်လျက်။

ဤသို့ရှိနေစဉ် အိမ်နီးချင်းတစ်ယောက်သည် အမြန်ဝင်သက်ဆိုင်ရာ ချီကာဂိုပလိပ်ဌာနသို့ အကြောင်းကြားလိုက်၏။ တစ်အောင့်လောက်အကြာတွင် ချီကာဂိုပုလိပ်ကားများ တာရီဆီတာ၏ အိမ်ရှေ့သို့ ရောက်ရှိလာကြတော့၏။

♦ ♦ ♦

အက်(ဒ်)ဝါတာ ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်သော ဖိလစ်ပိုင်နိုင်ငံ သူနာပြုဆရာမကြီး တာနီဆီတာဘာဆာ၏အိမ်နှင့် ကိုက်တစ်ရာအကွာတွင် ချီကာဂိုပုလိပ်များက ကန့်သတ်နယ်မြေအဖြစ် တိပ်ကြိုးပြားကြီးများ သွယ်တန်းလိုက်သည်။ တာဝန်ရှိသူများသာ ဝင်ခွင့်ရှိသည့်သဘောပင်ဖြစ်သည်။ နောက်ထပ်ပြီး အက်(ဖ်)ဘီအိုင် (FBI) ထောက်လှမ်းရေးတပ်ဖွဲ့များလည်း ထပ်မံရောက်ရှိလာကြ၏။

ချီကာဂိုပုလိပ်အဖွဲ့ဝင်များသည် သေဆုံးသူ၏အလောင်းကို ဓာတ်ပုံရိုက်ခြင်း၊ ဒဏ်ရာပုံစံများကြည့်ရှုခြင်း၊ လူသတ်သမား အသုံးပြုသွားသော ပစ္စည်းများနှင့် အနေအထားများကို စစ်ဆေးမှတ်တမ်းတင်ကြ၏။ လူသတ်သမားသည် တာရီဆီတာဘာဆာနှင့် သိကျွမ်းသူဖြစ်ပြီး အလွယ်တကူ ဝင်နိုင်,ထွက်နိုင်သော ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်၏။ ထို့ကြောင့်လည်း ပြစ်မှုကျူးလွန်ရန် လွယ်ကူခြင်း ဖြစ်ပေလိမ့်မည်။ ၄င်းအပြင် ဓားဖြင့် အချက်ပေါင်းများစွာ မသေမချင်း ထိုးသတ်ခဲ့ပြီးမှ အလောင်းကို မီးရှို့ခဲ့ခြင်းများ သဲလွန်စ မကျန်အောင် မီးရှို့ခြင်း ဖြစ်ပေလိမ့်မည်။ နောက်ဆုံးကျမှ အဖိုးတန်ပစ္စည်းများ ယူသွားဟန်ရှိသည်။ ဓားဖြင့် အချက်ပေါင်းများစွာ ထိုးသတ်ခြင်းမှာလည်း အငြိုးအတေးကြီး၍လည်းကောင်း (သို့မဟုတ်) တာရီဆီတာ အသက်ပြန်ရှင်လာလျှင် အမှုမှန်ပေါ်ပေါက်လာမည်ကို စိုးရိမ်၍လည်းကောင်း ဖြစ်နိုင်ပေသည်။

လူသတ်သမား ကျူးလွန်ပုံ ကျူးလွန်နည်းမှာ သာမန်လူတစ်ယောက်ဖြစ်နိုင်ပြီး ကျွမ်းကျင်မှုမရှိခဲ့ခြင်းကို တွေ့ရ၏။ သို့သော် ဒီအယ်(န)အေ(DNA) စစ်ဆေးရန်နှင့် လက်ဗွေရာများ ရှာဖွေနိုင်ရန်အတွက်မူ အလောင်းကို မီးရှို့ထားခဲ့ခြင်းကြောင့် မရရှိနိုင်တော့ပေ။ သဲလွန်စဟူ၍လည်း ဘာတစ်ခုမျှ မတွေ့ရ။ ထို့ကြောင့်ပင် စဉ်းစားရသည်မှာ ခက်ခဲနေ၏။ သို့သော် ချီကာဂိုပုလိပ်များသည် သံသယရှိသူများကို ခေါ်ယူစစ်ဆေးခဲ့သော်လည်း ကျေနပ်လောက်သော အဖြေ မတွေ့ရသဖြင့် အက်(ဖ)ဘီအိုင် (FBI) အပါအဝင်

www.burmeseclassic.com

www.burmeseclassic.com

ချီကာဂိုပုလိပ်များ စိတ်ညစ်ခဲ့ကြရ၏။

ဤသို့ဖြင့် ဤအမှုသည် ယာယီပိတ်သိမ်းရတော့မည့် အခြေအနေသို့ ရောက်ရှိလေ၏။ လူသတ်သမားသည် သဲလွန်စ ခြေရာလက်ရာများ မကျန်အောင် ကျူးလွန်ခဲ့သဖြင့် ထိုလူသတ်မှုမှာ ကွင်းဆက်ပျောက်နေပြီး လူသတ်တရားခံကို မဖော်ထုတ်နိုင်ခဲ့သည့် မူခင်းတစ်ခုဖြစ်ကြောင်းကို FBI အဖွဲ့ကြီးက မှတ်တမ်းတင်ခဲ့လေသည်။

♦ ♦ ♦

လပေါင်းများစွာကြာသော ဆောင်းတစ်ည။

မာယာများသော နှင်းမှုန်လေးများသည် တဖွဲဖွဲနှင့်။ ချီကာဂိုမြို့ကလေးသည် နှင်းမှုန်များအောက်၌ မှေးစက်အိပ်ပျော်ရင်း မြို့ပြ၏ လျှပ်စစ်အလင်းရောင်များသည်ပင် နှင်းမှုန်များကို ဖောက်ထွင်း၍ မလင်းနိုင်တော့ပေ။ ဝါကြန့်ကြန့် နှင်းကွဲမီးသီးများလည်း အအေးပတ်နေ၍ ဝေးဝေးသို့ ပြေးမလင်းနိုင်။ မြင်ရသမျှသော မြင်ကွင်းများသည် မှုန်ဝါးဝါး။

မကြာမီ လပိုင်းလောက်ကမှ ပြောင်းရွှေ့လာသော ဆေးရုံအုပ်ကြီးသည် ချီကာဂိုရှိ အက်(ဒ်)ဝါတားဆေးရုံနှင့် အနီးဆုံး ဆင်ခြေဖုံးရပ်ကွက်ကလေးတွင် နေထိုင်လျက်ရှိ၏။ ည(၁၂)နာရီကျော်ပြီဖြစ်သော်လည်း ဆေးရုံအုပ်ကြီးသည် ဆေးရုံမှတ်တမ်းတွင် သူ၏ ကိုယ်ရေးအချက်အလက်များ ဘယ်နှစ်ခုနှစ်က ဤဆေးရုံသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြောင်းကို ဖြည့်စွက်နေ၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ထိုစဉ် သူ့နီးသည် အခန်းထဲမှ စူးစူးဝါးဝါး အော်ဟစ်သံကြောင့် -

'အီး..အီး..အီး'

ဆေးရုံအုပ်ကြီးမှာ အပြေးအလွှား ရောက်သွား၏။

'ဟလို မဒမ်(Madam).. မဒမ်'

တံခါးဖွင့် ဝင်ပြီးလျှင် -

'ဒါလင်(darling) အရင်တစ်ခါလို အိပ်မက်,မက်ပြန်ပြီ ထင်တယ်'

'ဟုတ်တယ် ဒါလင်'

ဆေးရုံအုပ် ဆရာဝန်ကတော်ကြီးမှာ ချွေးစေးများပြန်ပြီး မောပန်းနေ၏။ ကပျာကသီ ဝိုင်တစ်ခွက်ကို ငဲ့၍ သောက်လိုက်၏။

'ဒါလင်..ဒီအိပ်မက်,မက်တာ (၂)ကြိမ်ရှိပြီ။ ဒါ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး မောင်'

'နှစ်ကြိမ်လုံး ဖြစ်ရပ်တွေက ပုံစံတူ၊ ရှင်းလင်းတိတိကျကျ တစ်ကားကို နှစ်ခါပြန်ကြည့်ရသလိုပဲ ဆောင်း။ အဲဒီဆောင်းကြောက်စရာကောင်းတဲ့ အိန္ဒြာရုံမြင်ကွင်းကြီးကို ထပ်တယ်။ ဒါလင်..သေဆုံးသူ အမျိုးသမီးရဲ့နာမည်က တကယ် ဆီတာဘာဆာဆိုတဲ့ နာ့(စ်)(Nurse) တစ်ယောက်ပဲ။ ပြီးတော့ နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့တဲ့ ဆေးရုံကလည်း အက်(ဒ်)ဝါးတားဆေးရုံကြီးပဲလေ'

'ဟင်..ဟုတ်လား။ ဒါဆို စိတ်ဝင်စားစရာတော့ ဖြစ်နေပြီ'

'ဟုတ်တယ် ဒါလင်၊ လူသတ်သမားက တာရီဆီတာရဲ့ အိမ်ရှေ့ရောက်ပြီဆိုကတည်းက မတ်တတ်ရပ်ပြီး ပထမဆုံး ဆေးရုံခွဲစိတ်ခန်းသုံး ရော်တာလက်အိတ်ကိုစွပ်၊ နောက်ပြီး တံခါးခေါက်လိုက်တယ်။ အထဲက တာရီဆီတာ ဘယ်သူလဲလို့မေးတယ်။ အစ်မကြီး..ကျွန်တော်ပါလို့ပြောတော့ အသံကို မှတ်မိနေတဲ့ တာရီဆီတာက တံခါးကို ဖွင့်ပေးလိုက်တယ်။ အဲဒီအချိန်ထိ လူသတ်သမားဟာ သူ့ရဲ့လက်အိတ်စွပ်ထားတဲ့လက်ကို အင်္ကျီထဲမှာ ဝှက်ထားခဲ့တယ်။ နှစ်လှမ်း,သုံးလှမ်းလောက်လည်းရောက်ရော အစ်မကြီးလို့ တစ်ခွန်းခေါ်လိုက်တယ်။ တာရီဆီတာကလည်း နောက်ကို လှည့်ကြည့်လိုက်တဲ့အခိုက်မှာ သားရေဂျက်ကင်အင်္ကျီအနက်ထဲက အသင့်ပါလာတဲ့ဓားနဲ့ ထိုးသွင်းလိုက်တော့တာပါပဲ။ အင့်ခနဲအသံကလွဲပြီး မအော်နိုင်ဘဲ ကြမ်းပြင်ပေါ်လဲကျသွားတော့တယ်။ ဒီတင်ပဲမသေခဲ့ရင် အမှုဟာ ပေါ်လာနိုင်တာမို့ မသေမချင်း ဓားနဲ့ အချက်ပေါင်းများစွာ ထိုးခဲ့တာပါပဲ'

'ဒါဆို ဒါလင် အိပ်မက်ထဲမှာ လူသတ်သမားကို ထင်ထင်ရှားရှား မြင်လိုက်ရတယ် ဆိုပါတော့'

'ဟုတ်တယ် ဒါလင်'

'နောက်ပြီး သေလောက်ပြီဆိုမှ ဗီရိတွေကိုမှ၊ ဇွတ်တွေနဲ့ ရတနာပစ္စည်းတွေယူ တာရီဆီတာ အလောင်းနားသွား၊ အရက်ပြင်းပုလင်းကိုယူပြီး အလောင်းပေါ်ကို ပက်ချန်းလိုက်တယ်။ နောက်ပြီး မီးခြစ်ပြီး ရိုလိုက်တော့တာပါပဲ'

'အင်း..သဘောပေါက်ပြီ ဒါလင်ရေ။ ဒါလင့်အိပ်မက်ထဲက လူသတ်သမားဟာ သဲလွန်စရှိနေခဲ့ရင် အမှုနှစ်ပေါ်ပေါက်လာမှာကြောက်လို့ အလောင်းကို မီးရှို့ထားခဲ့တာပဲ။ သေဆုံးသူရဲ့ အလောင်းပေါ်က လက်ရာခြေရာများနဲ့ ပေါ်က လက်ဗွေရာတွေကို မယူနိုင်အောင် [illegible]

www.burmeseclassic.com

www.burmeseclassic.com

DNA လည်း ယူမရအောင် ကိစ္စပြီးလုပ်လိုက်တာပဲ'

'ဟုတ်တယ် ဒါလင်၊ ဆရာဝန်ကတော်၏ နောက်ဆုံး ဖိတ်စကား ဆေးရုံအုပ်ဆရာဝန်ကြီးက လူသတ်သမားရဲ့ နာမည်ကရော ဘယ်သူလဲဟင်'

'နာမည်က (...)'

♦ ♦ ♦

အက်(ဒ်)ဝါးတားဆေးရုံ အဆောက်အအုံသည် ခါတိုင်းထက်ပို၍ လှပထည်ဝါနေ၏။ အထူးအစည်းအဝေးတစ်ရပ် ပြုလုပ်မည်ဖြစ်သောကြောင့် ထူးခြားစွာ ပြင်ဆင်ထားခြင်း ဖြစ်ဟန်တူသည်။ စည်းဝေးခန်းမ၏ ကြွေပြားကပ်နံရံများတွင် မီးဆိုင်းများနှင့် အလှဖြယ်မှန်းထားခြင်း၊ မီးရောင်စုံများ ထွန်းညှိထားခြင်း စသည်ဖြင့် ပြုလုပ်ထား၏။ အစည်းအဝေးသည် နံနက်ခင်း(၈)နာရီတွင် ကျင်းပမည်ဖြစ်သည်။ ခွဲစိတ်ဆရာဝန်များ၊ အထူးကုများ၊ နာ့(စ်)များနှင့် သန့်ရှင်းရေးလုပ်သားများမကျန် ဖိတ်ခေါ်ထား၏။ ၄င်းအပြင် ချီကာဂိုပုလိပ်တပ်ဖွဲ့ဝင်များ၊ FBI ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များကိုလည်း ဖိတ်ကြားထားရာ စည်းဝေးပုံသဏ္ဌာန်မှာ သာမန်တော့မဟုတ်၊ ထူးခြားနေ၏။

အစည်းအဝေးမစမီ (၁၀)မိနစ်အလိုတွင် ဧည့်သည်တော်များသည် မိမိထိုင်ခုံများတွင် နေရာယူထားပြီးဖြစ်၏။ ချီကာဂိုပုလိပ်များနှင့် FBI တပ်ဖွဲ့ဝင်များလည်း နေရာအနှံ့ဖြန့်ကြက်၍ ထိုင်နေကြ၏။ ဧည့်သည်တော်များသည် (၈) နာရီထိုးရန်ကိုသာ မျှော်လင့်လျက်ရှိ၏။ စည်းဝေးစင်မြင့်ပေါ်မှ နာရီ၏(၈)နာရီထိုးသံကြောင့် အားလုံးတိတ်ဆိတ်သွား၏။

နာရီထိုးသံ ပြီးဆုံးသွားသည်နှင့် စင်မြင့်ပေါ်သို့ မကြာမီက ပြောင်းရွှေ့လာသော ဆေးရုံအုပ်ကြီး တက်ရောက်လာ၏။

စကားပြောမိုက် တပ်ဆင်ထားသည့် ခုံပေါ်မှနေ၍-

'ဧည့်သည်တော် လူကြီးမင်းများခင်ဗျာ..ကျွန်တော် ဒီဆေးရုံမှာ တာဝန်ထမ်းဆောင်တာ မကြာသေးပါဘူး။ ဒါပေမဲ့ ဒီဆေးရုံနဲ့ပတ်သက်တဲ့ အကြောင်းအရာတစ်ခုကို တင်ပြလိုပါတယ်။ လွန်ခဲ့တဲ့(၁၀)လခန့်က ဒီဆေးရုံကြီးရဲ့ ဝန်ထမ်းတစ်ဦးဖြစ်သူ တာရီဆီတာဘာဆာဆိုတဲ့ နာ့(စ်)တစ်ယောက်ဟာ သူ့ရဲ့နေအိမ်မှာ ဓားနဲ့ ရက်ရက်စက်စက် သတ်ဖြတ်ခြင်း ခံလိုက်ရပါတယ်။ အဲဒီသတ်ဖြတ်မှုဟာ သဲလွန်စကွင်းဆက်ပြတ်နေခဲ့လို့ အမှုမှန်ဖော်ထုတ်ဖို့ရန် ခက်ခဲနေခဲ့ပါတယ်။ ဒါပေမဲ့ အခု အဲဒီသဲလွန်စတွေကို ဖော်ထုတ်ပေးမယ့်သူ ရှိနေပါတယ်။ အဲဒီလူသတ်မှုကို အစမှ အဆုံးတိုင် CCTV ကင်မရာ၊ VIDEO ဗီဒီယိုကင်မရာနဲ့ ရိုက်ထားသလို သိမြင်နေတဲ့သူ ရှိနေပါတယ်။ အဲဒီလူက ဆက်လက်ပြီး လူသတ်မှုအကြောင်း တင်ပြပါလိမ့်မယ်'

စကားကို ဇာတိတိုဖြင့် နိဂုံးချုပ်လိုက်၏။

ဆေးရုံအုပ်ကြီးသည် စည်းဝေးခန်းမ စင်မြင့်ပေါ်မှ နေပြီး ခေါင်းညိတ်ပြီး တစ်စုံတစ်ယောက်ကို လှမ်းခေါ်လိုက်၏။ ဆေးရုံအုပ်ကြီး၏ ဇနီးဖြစ်သူသည် တက်ရောက်လာပြီး စကားပြောစင်မြင့်ပေါ်ရှိ မိုက်(MIC) ကို လက်ဖြင့် ခေါက်လိုက်သည်။ ပြီး-

'ဧည့်သည်တော်လူကြီးမင်းများရှင့်..ကျွန်မဟာ မကြာသေးခင်က ပြောင်းရွှေ့လာသော ဆေးရုံအုပ်ကြီးရဲ့ဇနီးပါ။ ဒီမှာရောက်လို့ တစ်ပတ်မပြည့်သေးတဲ့ နေ့တစ်နေ့မှာ ကျွန်မ အိပ်မက်,မက်ပါတော့တယ်။ အဲဒီအိပ်မက်ဟာ တာရီဆီတာဆိုတဲ့ နာ့(စ်)တစ်ယောက်ကို သတ်ဖြတ်တဲ့ လူသတ်သမားတစ်ယောက် အကြောင်းပါ။ အဲဒီလူသတ်သမားဟာ..'

ဆေးရုံအုပ်ကြီး၏ဇနီး ဆရာဝန်ကတော်မှာ အစည်းအဝေးခန်းထဲရှိ ဧည့်သည်တော်များအား အသေးစိတ် ပြောပြလိုက်၏။

သို့သော် ထိုသူကား မည်သူနည်းဟူ၍ သို့လော၊ သို့လော ဖြစ်နေစဉ်-

'ကျွန်မ နောက်ဆုံးအနေနဲ့ အဲဒီလူဟာ ဘယ်သူဟယ်

www.burmeseclassic.com

www.burmeseclassic.com

ဝါ ဖြစ်တယ်ဆိုတာကို ပြောပြပါ့မယ်။ အဲဒီလူရဲ့မျက်နှာကို ကျွန်မ အိပ်မက်ထဲမှာ မှတ်မိနေပါတယ်။ သူရဲ့နာမည်ကိုလည်း အလွတ်ရနေပါပြီ'

ပရိသတ်အားလုံးသည် ငြိမ်သက်သွားပြီး စိတ်ဝင်တစား နားစွင့်နေကြသည်။

ဆက်လက်ပြီး-

'အဲဒီလူက ဒီဆေးရုံမှာ တာဝန်ထမ်းဆောင်နေတဲ့ သန့်ရှင်းရေးလုပ်သား အလန်ရှားဝါးဆိုသူပဲ ဖြစ်ပါတယ်ရှင့်။ ဟိုဘက် လက်ဝဲဘက် စားပွဲထောင့်မှာ ထိုင်နေသူ ဖြစ်ပါတယ်ရှင့်'

အားလုံးသော ပရိသတ်များ၏ မျက်လုံးများသည် စည်းဝေးခန်းမတွင်းရှိ သန့်ရှင်းရေးလုပ်သားများဆီသို့ လှမ်း၍ ကြည့်ကြသည်။

ရုတ်တရက် အလန်ရှားဝါးလည်း စိတ်လှုပ်ရှားစွာ မတ်တတ်ရပ်လိုက်သည်။ မျက်စိက ဟိုဟိုဒီဒီ ကြည့်လိုက်သည်။ ပြေးရန် ကြည့်သော်လည်း သူ၏ဘေးနှစ်ဖက်မှ ချီကာဂိုပုလိပ်များက ဝန်းရံပြီးသားဖြစ်နေ၏။

ထိုစဉ် ချီကာဂိုပုလိပ်တစ်ယောက်က အနားကပ်၍-

'လူကြီးမင်းရဲ့သိက္ခာကို မထိခိုက်အောင် စောင့်ထိန်းတဲ့အနေနဲ့ လက်ထိပ်မခတ်တော့ပါဘူး။ ကျွန်တော်တို့နဲ့ အေးအေးဆေးဆေး လိုက်ခဲ့ပါ'

သန့်ရှင်းရေးလုပ်သား အလန်ရှားဝါးလည်း ခေါင်းငိုက်စိုက်ကျသွား၏။ ပြီးတော့ ချီကာဂိုပုလိပ်များနှင့် အတူလိုက်ပါသွားတော့၏။ အလန်ရှားဝါးလည်း ချီကာဂိုပုလိပ်များကို အမှန်အတိုင်း ဖြောင့်ချက်ပေးခဲ့၏။

ဤသို့ဖြင့် အမေရိကန်ပြည်ထောင်စု မှုခင်းသမိုင်းတွင် ဝိညာဉ်ပေးသော အိပ်မက်အရ လူသတ်မှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်သည်ဟု ဆိုလေတော့သတည်း။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ။

နေမင်းသူရိယ(ဆင်ပြူကျွန်း)

ကျမ်းကိုး

(1)The Real Muder Mysteries Never Solved by.S. Sutherland.

(2) What your Dreams Mean by Dr.Emil A. Gutheil.

www.burmeseclassic.com

www.burmeseclassic.com

သူ၏အမည်က ဂေး(လ်)ဘတ်ဒန်း။

ခလုပ်က ရှေ့နေပေါက်စကလေး။ သူသည် အမျိုးသမီးတစ်ဦး၏ ဖမ်းစားမှုကို ခံနေရလေသည်။ အနီအမျိုးသမီးသည် ငယ်ငယ်ရွယ်ရွယ်ထဲက မဟုတ်။ ချောမောလှပခြင်းလည်း မရှိ။ သို့သော် မြင်ရသည့် အသွင်အဆင်က လှို့ဝှက်နက်နဲမှုများ အပြည့်။ ထိုအချက်ကပင် သူကို မရုန်းနိုင်အောင် ရစ်နှောင်ထားခြင်း ဖြစ်လေသည်။

ပေတာ်သူကြီးမ

ချစ်မိမှားသူ

www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ် ဆည်းဆာအချိန်များတွင် ဖုန်များ ကပ်နေသည့် ပြတင်းပေါက်မှန်ကိုဖြတ်၍ မြင်နေရသည့် သူမ၏ လွမ်းဆွတ်တမ်းမောဟန် မျက်နှာက သူ့ကို မိန်းမောစေခဲ့သည်။ နောက်ဆုံးတွင် မည်သူမှန်းမသိသော ထိုအမျိုးသမီးကို နေဝင်ရိုးရီအချိန်တွင် မြင်တွေ့ရသည်ကို အားမလိုအားမရ ဖြစ်လာခဲ့သည်။ နေ့ဘက်တွင် ထင်ထင်ရှားရှား မြင်တွေ့လိုသည့်ဆန္ဒက တားမရဆီးမနိုင် ဖြစ်လာတော့သည်။

ထိုအမျိုးသမီးသည် မြေညီထပ်ရှိ ပြတင်းပေါက်တစ်ပေါက်အနီးတွင် အမြဲထိုင်နေလေ့ရှိသည်။ သူ့ကို ကျော်လွန်၍ အဝေးတစ်နေရာသို့ ငေးနေတတ်သည်။ ထိုကဲ့သို့သော မထီမဲ့မြင်ဟန်ကိုပင် သူက မိုက်မဲစွာ သဘောတွေ့နေမိခြင်း ဖြစ်လေသည်။ တစ်ရက်တွင် သူ့ကိုကြည့်၍ လှစ်ခနဲ တစ်ချက်ပြုံးလိုက်သည်ဟု ရူးရူးမူးမူးထင်ခဲ့မိသည်။ နှစ်ဦးသား အကြည့်ချင်း ဆုံမိတိုင်းလည်း တိတ်တခိုးချစ်ကျွမ်းဝင်လိုမှုများ ယုယဖြာသွားလေ့ရှိသည်ဟူသော အတွေးကိုလည်း ဖျောက်၍မရ။ အနီကဲ့သို့ မျက်လုံးချင်း စကားပြောလာကြသည်မှာ တဖြည်းဖြည်းနှင့် နှစ်လခန့်ပင် ကြာခဲ့ပြီဖြစ်လေသည်။

လောကတွင် မည်သည့်အရာမျှ ပုံသေကားချပ် မရှိကြောင်း ဂေး(လ်)ဘတ်ဒန်းတစ်ယောက် ကောင်းစွာသဘောပေါက်ထားခဲ့သည်။ ထို့ကြောင့်ပင် အခွင့်သာသည်နှင့် တိတ်တခိုးမြတ်နိုးနေမိသူကို မိတ်ဆက်စကားဆိုရန် အသင့်ပြင်ထားခဲ့သည်။ သို့ဖြင့် တစ်ညနေခင်းတွင် မြင်တွေ့နေကျ ပြတင်းပေါက်အနီး၌ သူမကို မတွေ့ရသောအခါ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရလေတော့သည်။

♦ ♦ ♦

နောက်တစ်နေ့ နံနက်ပိုင်း။

ဒန်းသည် စောစောထကာ ဝှဒ်လမ်းသွယ်ဘက်သို့ ထွက်ခဲ့သည်။ ရုံးသွားရန် အချိန်ကလည်း လိုသေးသည်။ ထို့အပြင် ယမန်နေ့ ညနေက မမြင်လိုက်ရသော သူမ၏ မျက်နှာကလေးကို တွေ့လိုစေဖြင့် အနီကဲ့သို့ လျှောက်လာမိခြင်းပင်။

သူမအိမ်နှင့် နီးလာသည်နှင့်အမျှ ပီဘီလူဟိုပေါက်ကလေးအလား ရင်များ တဒိတ်ဒိတ် ခုန်လာတော့သည်။ တွေ့မှ တွေ့ပါ့မလားဟူသည့် စိုးရွံ့မှုကလည်း လွှိုင်းထလာသည်။ ဤတစ်ကြိမ်တွင် သူမအနီးအထိသွားရန် အရဲစွန့်ဆုံးဖြတ်ထားခဲ့သည်။ သူမသည် မိမိဘဝတစ်ခုလုံးကို ပိုင်စိုးလွှမ်းမိုးထားပြီဖြစ်ကြောင်း ရုတ်တရက် ခွင့်ဟလိုက်မည်ဟုလည်း အားခဲလာခဲ့သည်။

ဒန်းတစ်ယောက် မည်သည့်အရာကိုမျှ [illegible] တော့။ သူမသည် အိမ်ထောင်သည်လော လွတ်တစ်ယူလော ဟူသည်ကို မတွေးတော့။ မိဘမောင်ဘမများ ရှိမရှိကိုလည်း အရေးမထားတော့။ မည်သို့သော အဟန့်အတားအဆီးကိုမဆို ရင်ဆိုင်ကျော်ဖြတ်လွှားရန် အချစ်စွန့်အားခွန်တေးအပြည့်ဖြင့် လျှောက်သွားခဲ့တော့သည်။

မာန်တင်းလာခဲ့သမျှ သက်ပြင်းအခါခါ ချရက်မိုးနှင့် ကြုံရလေပြီ။ ပြတင်းပေါက်အနီးတွင် သူမက ရှိမနေခဲ့။ ဝန်းကျင်တစ်ခုလုံး တစ်စပြင်သဖွယ် ပကတိတိတ်ဆိတ်သွားတော့သည်။ သူသည် သက်မဲ့လောက အလယ်သို့ ရောက်သွားသည့်အလား ယောင်ဝါးဝါးလည်း ဖြစ်သွားလေသည်။

သြဂုတ်လ၏ နံနက်ခင်းက ပူပြင်းလွန်းလှသည်။ ဒန်းသည် အချိန်အတန်ကြာသည်အထိ ခြံဝတွင် တောင့်တောင့်ကြီးရပ်ကြည့်နေမိခဲ့သည်။ မျက်တောင်ခတ်ရန်ပင် သတိမရ။ သို့တိုင်အောင် မည်သည့်မျက်နှာမျှ ပေါ်မလာခဲ့။ အိမ်အတွင်းပိုင်းကလည်း လူပ်ရှားမှုသဲ့သဲ့မျှပင် မကြားရ။ ခေတ္တအကြာတွင် ဒန်းသည် ရုံးတက်ရန်အတွက် ဘူတာရုံဘက်သို့ ထွက်ခဲ့လေသည်။ ရင်ဝယ်နုံးချည့်လျက် သံပတ်ပေးထားသည့် စက်ရုပ်ပမာ စိတ်နှင့်ကိုယ် အထာမကျခဲ့တော့ပေ။

♦ ♦ ♦

ထိုနေ့ ညနေပိုင်း။

ဂေး(လ်)ဘတ်ဒန်းသည် ရုံးမှ စောစောဆင်း ပြန်ခဲ့သည်။ ထို့နောက် ပြတင်းပေါက်ကို လှမ်းမြင်ရသည့် ခြံဝတွင် နာရီဝက်နီးပါးခန့် ရပ်စောင့်ကြည့်နေလေသည်။ သို့သော် မည်သည့်အရိပ်အယောင်မျှ ပေါ်မလာခဲ့ပေ။ သူ၏ အောင့်အည်းသည်းခံနိုင်စွမ်း ကုန်သွားလေပြီ။

ခြံတံခါးဝအား အသာတွန်းဖွင့်လိုက်သည်။ တံခါးပတ်ဘက တစ်ခုတည်းသာ ရှိတော့ကြောင်း တွေ့လိုက်ရသည်။ သူသည် အိမ်တံခါးမကြီးသို့ ဦးတည်သွားသည့် လမ်းကလေးအတိုင်း လျှောက်ဝင်သွားခဲ့သည်။ တံခါးအကြီး ရှေ့ရှိ လှေကားငါးထစ်ပေါ်သို့တက်ကာ ရပ်လိုက်သည်။ ထို့နောက် တံခါးမဘေးရှိ မြင်တွေ့နေကျ ပြတင်းပေါက်ဘက်သို့ မဝံ့မရဲ လှမ်းကြည့်လိုက်လေသည်။

ပြတင်းပေါက်အနီးတွင် [illegible]

www.burmeseclassic.com

www.burmeseclassic.com

စားပွဲဝိုင်းကလေးတစ်လုံး။ အလုပ်စားပွဲ ဖြစ်ပုံရသည်။ နှုတ်ခမ်းပက်လည်တွင် အကန့်ငယ်ကလေးများ ပြုလုပ်ထားသည်။ အလယ်ကောင်တွင် ဇာထိုးပန်းထိုးပစ္စည်းများ ထည့်သိမ်းသည့် အဖုံးပါသော အံဆွဲကလေးတစ်ခု ပါရှိလေသည်။ ဒန်းသည် လွန်ခဲ့သည့် အနှစ်သုံးဆယ်ခန့်က သူ၏ မိခင် အသုံးပြုခဲ့သည့် အလားတူစားပွဲကလေးကို ပြန်လည် မြင်ယောင်လိုက်မိလေသည်။

သူသည် စားပွဲစွန်းအား ဆုပ်ကိုင်ထားသည့် သေးသွယ်ပြေပြစ်သည့် လက်တစ်ဖက်ကို ရုတ်တရက် တွေ့လိုက်ရသည်။ ထိုမှတစ်ဆင့် သူ၏ အမြင်အာရုံက အတွင်းခံကိုယ်ကျပ်အင်္ကျီဖုံးထားသည့် ပခုံးဆီသို့ရောက်သွားသည်။ ထို့နောက် မြင်လိုက်ရသည်က နောက်ပြန်လန်ကျနေသည့် လည်တိုင်။

ဒန်း၏ပွဲက နိဒါန်းပင် မပျိုးလိုက်ရသေးဘဲ ဇာတ်သိမ်းသွားခဲ့တော့သည်။ တိတ်တခိုး တမ်းတခဲ့ရသည့် သူမကို ထင်ရှားစွာ တွေ့ခွင့်ရလိုက်လေပြီ။ သို့သော် အသက်က မရှိတော့။ ကြမ်းခင်းပေါ်တွင် လဲကျကာ ကြောက်လန့်နေဟန် မျက်နှာက အိမ်မျက်နှာကြက်ကို မော့ကြည့်နေခဲ့သည်။ စားပွဲစွန်းအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် လက်ကလည်း တောင့်တင်းလျက် ရှိလေသည်။ ဒန်းသည် ကြောက်လန့်တကြားဖြင့် နောက်ပြန်လှည့်ကာ လမ်းသွယ်ကလေးအတိုင်း သွေးရူးသွေးတန်း ပြေးသွားခဲ့တော့သည်။

♦ ♦ ♦

ညဉ့်ဦးယံကာလ။

ရဲစခန်းအတွင်းသို့ လူတစ်ယောက် အပြေးတစ်ပိုင်း ဝင်လာခဲ့သည်။ တာဝန်ကျအရာရှိက မော့ကြည့်လိုက်သည်။ တုန်လှုပ်ချောက်ချားနေသော ထိုသူက အထစ်ထစ်အငေါ့ငေါ့ ပြောလာခဲ့သည်။

'ဟို..ဟို..လူ..လူသတ်မှု ဖြစ်နေလို့'

ရဲအရာရှိသည် ၄င်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ရင်း ပြန်ပြောလိုက်သည်။

'အေးဆေး..အေးဆေး၊ လူသတ်မှုက ဘယ်မှာဖြစ်တာလဲ'

'ဟို..ဟို..ဝဒ်လမ်းသွယ်ထဲမှာပါ'

'ထိုင်ပါဦး။ ခင်ဗျားနာမည်က ဘယ်လိုခေါ်လဲ'

'ဂေး(လ်)ဘတ်ဒန်းပါ'

'ဟုတ်ပြီ၊ ကိုယ်တိုင်မြင်ခဲ့ရတာလား'

ဒန်းသည် မျက်လုံးအပြူးသားဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ရဲအရာရှိသည် ခေတ္တမျှ စဉ်းစားနေပြီးမှ ပြောလိုက်သည်။

'ဝုဒ်လမ်းသွယ်ထဲမှာဆိုတော့ အင်း..ကဲ..လာ၊ သွားကြည့်ကြရအောင်'

♦ ♦ ♦

ရဲအရာရှိသည် တုံခါးမကြီးသော့အား ဖျက်၍ ဖွင့်လိုက်သည်။

နှစ်ယောက်သား အိမ်အတွင်းခန်းထဲအထိ ဝင်သွားကြသည်။ ယခုတော့ တစ်ခန်းလုံး ပိန်းပိတ်အောင် မှောင်လျက်ရှိသည်။ ဒန်းသည် မီးခြစ်ဆံတစ်ချောင်းအား ကတုန်ကယင် ထုတ်ယူခြစ်လိုက်သည်။ ကုန်သွားသည့် မီးခြစ်ဆံအား ဖုန်အလိမ်းလိမ်းတက်နေသည့် ကြမ်းခင်းပေါ်သို့ ပစ်မချလိုက်မိ အချိန်ပိုင်းအတွင်း အခန်းနံရံ တစ်စိတ်တစ်ပိုင်းကိုသာ မြင်လိုက်ရလေသည်။

ထိုစဉ်တွင် ရဲအရာရှိသည် လက်စွဲမီးအိမ်ကို ထွန်းညှိလိုက်သည်။ ထို့နောက် ပြတင်းပေါက်ဘက်သို့ ဖြည်းညင်းစွာ လှည့်ပေးလိုက်သည်။ ကြောက်လန့်သဖြင့် ထိုသို့ဖင့်နေးစွာလုပ်နေခြင်း မဟုတ်ပေ။ သူသည် အလုပ်တစ်ခုကို မတွန့်မဆုတ်တမ်း ရေဆုံးရေဖျားအထိ လိုက်တတ်သူဖြစ်သည်။ စိတ်စေတနာ ထက်သန်စွာဖြင့် တာဝန်ကျေအောင် ထင်ဆောင်လေ့ရှိသော သူ၏စရိုက်ကို လက်ရှိအခြေအနေထားနှိုးဆွပေးလျက်ရှိသည်။ သူ၏အတွေ့အကြုံများအရ ကမ္ဘာ့ဆန်းသည့်ဖြစ်စဉ်နှင့် ရင်ဆိုင်ရတော့မည်ကိုလည်း အလိုလို သိလာမိလေသည်။

သူသည် မီးအိမ်အလင်းရောင်အောက်တွင် ပေါ်လာသည့် ပြတင်းပေါက်ဘက်သို့ အာရုံစိုက်ကြည့်လိုက်သည်။ ထို့နောက် စိတ်ပျက်လက်ပျက် ညည်းညူလိုက်လေသည်။ ပြီးလျှင် မျက်လုံးများကို လက်ဖြင့်အုပ်လျက် အခန်းလယ်တွင် ရပ်နေသည့် ဒန်းထံ လျှောက်သွားကာ ပခုံးနှစ်ဖက်အား ကိုင်လှုပ်ရင်း ပြောလိုက်သည်။

'ဘယ်သူမှ မရှိပါလား ကိုယ့်လူရဲ့'

ဒန်းသည် လက်များကို ဖြည်းညင်းစွာ ဖယ်ရှင်း ပြတင်းပေါက်ဘက်သို့ ပြူးတူးကြောင်တောင်ဖြင့် ကြည့်လိုက်သည်။ စားပွဲဝိုင်းကလေးမှလွဲ၍ ဘာမျှမရှိ။ သူ ရှေ့မြင်ခဲ့ရသည့် အမျိုးသမီး၏ အငွေ့အသက်ပင် မကျန်ခဲ့တော့သို့ဖြင့် နှစ်ယောက်သား အိမ်အနှံ့ရှာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘက်ထွက်၍လည်း စေ့စေ့စပ်စပ် လိုက်ကြည့်ခဲ့ကြသည်။ မသက်ဖွယ်ရာ စိုးစဉ်းမျှ မတွေ့ရပေ။ မြင်ရသမျှ အရာတိုင်းကလည်း ထိုနေရာကို စွန့်ပစ်ထားခဲ့ပုံ၊ သေခြင်းတရား လွှမ်းမိုးခံရပုံနှင့် နှစ်ရှည်လများ နေထိုင်သူကင်းမဲ့ပုံ စသည့် အ,မင်္ဂလာသတင်းများကိုသာ ပြန်ပြောပြနေကြသယောင် ထင်ရလေသည်။ သို့သော် ဒန်းမြင်တွေ့ခဲ့ရသည့် အမျိုးသမီးနှင့် စပ်လျဉ်း၍ တစ်စွန်းတစ်စကလေးမျှပင် မကျန်ရစ်ခဲ့ပေ။ ရဲအရာရှိသည် ရှေ့နေကလေးကို သံသယမျက်လုံးများဖြင့် စိုက်ကြည့်ရင်း ပြောလိုက်သည်။

'ဒီအိမ်ကြီး ဟောင်းလောင်းဖြစ်နေတာ ဘယ်လောက် ကြာနေမှန်းတောင် မမှတ်မိတော့ဘူး။ ဘယ်သူမှလည်း မနေရဲကြဘူး။ အခြောက်အလှန့်ကြမ်းတယ်လို့ ပြောကြတယ်။ ငှားမယ့်သူလည်းမရှိ၊ ရောင်းလို့လည်း မထွက်လို့ ပိုင်ရှင်က ပစ်ထားတာ ကြာလှပြီ။ ဝုဒ်လမ်းကအိမ် ဆိုကတည်းက ဒါပဲ ဖြစ်လိမ့်မယ်လို့ ထင်မိသား။ ဒါပေမဲ့ ဒုစရိုက်သမားတွေ ဝင်သောင်းကျန်းသွားတာများလားဆိုပြီး လိုက်လာခဲ့တာ'

ဂေး(လ်)ဘတ်ဒန်းသည် ရဲအရာရှိပြောသမျှကို ကြားပုံမရပေ။ ကြောင်တိကြောင်ကန်း ဖြစ်နေခဲ့သည်။ နောက်ဆုံး ၄င်းကို ပြန်ခွင့်ပြုလိုက်သည့်တိုင် စိတ်နှင့်ကိုယ် ကပ်ပုံမရဘဲ ထွက်သွားခဲ့လေသည်။ သူသည် မိမိအခန်းတွင်းသို့ပင် ခြေဖျားထောက်၍ ဝင်ခဲ့လေသည်။ တံခါးကိုလည်း အတွင်းမှ သော့အသေချာ ပိတ်လိုက်သည်။ ကိုယ့်အရိပ်ကိုပင် ပြန်လန့် နေတော့သည်။ ထိုတစ်ညလုံးလည်း အိပ်မပျော်ခဲ့ရှာပေ။

တိတ်တခိုးစွဲလမ်းခဲ့မိသော အမျိုးသမီးအကြောင်းက နှလုံးတုန်ချောက်ချားဖွယ်ရာ ပြည်ဖုံးကားချသွားပေပြီ။ တရားဝင် နိဂုံးချုပ်သွားခြင်းလည်းဖြစ်သည်။ ရဲစခန်းတွင်တော့ သူ၏ဖြစ်စဉ်က ပခုံးတွန့်လျက် လှောင်ပြုံး,ပြုံးစရာ ဖြစ်ကျန်ခဲ့သည်။ လူမနေသည့် အိမ်ကြီးအတွင်းက သေဆုံးနေသော အမျိုးသမီးဆိုသည်မှာလည်း အမှုးလွန်နေသည့် ရှေ့နေကလေး၏ မကြားကောင်းမရှုသာ စိတ်ရူးပေါက်မှုပင် ဖြစ်မည်ဟု မှတ်ချက်ချခဲ့ကြလေသည်။

♦ ♦ ♦

ဆယ်ရက်ခန့် ကြာခဲ့ပြီးနောက်-

ဂေး(လ်)ဘတ်ဒန်းသည် အစ်ကိုဖြစ်သူ ဘော်ဘီဒန်းထံ သွားလည်ပတ်ခဲ့သည်။ သူ၏တစ်ဦးတည်းသော ဆွေမျိုးဖြစ်သူ ဘော်ဘီသည် ဆရာဝန်တစ်ယောက်ဖြစ်လေသည်။ စင်စစ်တွင် သူ၏ ခံစားချက်များကို ရင်ဖွင့်ပြလိုရုံ သွားခဲ့ခြင်းပင် ဖြစ်သည်။ ဤသို့ဖြင့် ဘော်ဘီသည် ညီဖြစ်သူ ပြောပြသော အိမ်ကြီးနှင့် အမျိုးသမီး အကြောင်းများအား နားထောင်ခဲ့ပြီးနောက် နှိုင်းနှိုင်းဆဆဖြင့် ပြောလိုက်လေသည်။

'မင်း အလုပ်ဒဏ်ပဲနေပြီကွ။ အဲဒါမျိုးတွေက သိပ် မဆန်းပါဘူး။ အိမ်မွေးတိရစ္ဆာန်ကလေးတွေ သေသွားပြီး မှင်စာကလေးတွေအဖြစ် ပြန်တွေ့တတ်ကြတာ မင်းကြားဖူးမှာပေါ့'

'ဟာဗျာ၊ ဒါက တကယ့်အမျိုးသမီးစစ်စစ်ကြီးဗျ။ ကျွန်တော်..ကျွန်တော်..ဟုတ်တယ်၊ သူ့ကို ကျွန်တော် ချစ်မိနေပြီ။ ဖြစ်နိုင်ရင် လက်ထပ်ဖို့အထိ ဆုံးဖြတ်ထားတယ်ဗျ'

ဘော်ဘီသည် ညီဖြစ်သူကို ကရုဏာသက်စွာ စိုက်ကြည့်လိုက်သည်။ ထို့နောက် ရုတ်ခြည်းဆုံးဖြတ်ချက်ချကာ ပြောလာခဲ့သည်။

'မနက်ဖြန်ကျရင်တို့ ဘရိုက်တန်ကို သွားကြမယ်။ ကျွန်တဲ့အလုပ်တွေကို ခဏဘေးဖယ်ထားရမှာပဲ။ မင်းအခြေအနေက မြေကြီးထဲ ရောက်တော့မယ်ကွ။ အချိန်မီထွင်ဖို့မှာ ဝတ္တရားရှိတယ်။ မင်း အနားမယူလို့ မဖြစ်တော့ဘူး'

ဂေး(လ်)ဘတ်ဒန်းတစ်ယောက် စောဒကမတက်နိုင်တော့။ လူရော နှလုံးပါ ငြိမ်ကျသွားခဲ့တော့သည်။ ဤသို့ဖြင့် ညီအစ်ကိုနှစ်ယောက်သား ပင်လယ်ကမ်းခြေရှိ ဘရိုက်တန် မြို့ကလေးသို့ ရောက်ခဲ့ကြသည်။ ဂေး(လ်)ဘတ်၏ အခြေအနေက ဘော်ဘီ တွေးဆခဲ့သည့်အတိုင်း ဂုန်နေခဲ့သည်။ ပြတင်းပေါက်အနီးက အမျိုးသမီးဆိုသည်မှာ သူ၏ အခြေအရံလွဲမှားမှုသာဖြစ်ကြောင်း တဖြည်းဖြည်း သိလာခဲ့ရသည်။ ဤသို့ဖြင့် ဆယ်ရက်ခန့်အကြာတွင် ဂေး(လ်)ဘတ်ဒန်းတစ်ယောက် ဆိုးရွားစွာ ဂြိုဟ်ဖောက်ခဲ့လေတော့သည်။

♦ ♦ ♦

ထိုနေ့က ညနေခင်းအချိန်တွင် ဖြစ်သည်။

ဒန်းညီအစ်ကို နှစ်ယောက်သည် ပင်လယ်ကမ်းလေသံ ဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။ လေက တသုန်သုန် တိုက်လျက်ရှိသည်။ ပင်လယ်လှိုင်းလုံးများကလည်း ကမ်းပါးအောက်ခြေကို တဝုန်းဝုန်းရိုက်ခတ်နေကြသည်။

အတန်ကြာ လျှောက်မိကြပြီးနောက် တည်ခိုရာ တယ်သို့ပြန်ကြရန် ဘော်ဘီက ပြောလိုက်သည်။ ထိုအခါ တွင် ဂေး(လ်)ဘတ်သည် ဘော်ဘီဘတ်ထို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com

စိုးရိမ်တကြီး အော်ဟစ်လိုက်သည်။ ထို့နောက် ကမ်းပါးစွန်းဘက်သို့ ပြေးထွက်သွားရန် ပြင်လိုက်လေသည်။ ဘော်ဘီသည် မထင်မှတ်ဘဲ လှုပ်ရှားလိုက်သော ညီငယ်အား အချိန်မီ လှမ်းဆွဲလိုက်နိုင်ခဲ့သည်။

ကမ်းပါးစွန်းအနီးတွင် ရုန်းသူကရုန်း၊ ဆွဲသူကဆွဲဖြင့် ဝရုန်းသုန်းကားဖြစ်နေခဲ့ကြသည်။ ဂေး(လ်)ဘတ်သည် မျက်စိစုံမှိတ်ကာ ဒေါသတကြီး ဆောင့်ရုန်းလိုက်သဖြင့် လွတ်ထွက်လုနီးပါး ဖြစ်သွားခဲ့သည်။ သို့သော် ဘော်ဘီသည် ၎င်း၏ခါးအား လှမ်းဖက်ကာ အားကုန်ဆွဲလိုက်လေသည်။ မြက်ဖုတ်ထူထူတစ်ခုပေါ်သို့ နှစ်ယောက်သား လုံးထွေးကျသွားတော့သည်။ ဂေး(လ်)ဘတ်သည် လူးလဲထရင်း ဒယိမ်းဒယိုင်ဖြစ်နေခဲ့သည်။ ဘော်ဘီက လက်ကမ်းပေးရင်း ပြောလိုက်သည်။

'အိုကေသွားပြီနော်။ ဖြစ်တောင့်ဖြစ်ခဲ့ ကြုံရတာပဲ။ ပင်လယ်ပြင်ရဲ့ သက်ရောက်မှုကြောင့် လူတချို့ အဲဒီလိုပဲ ဖြစ်တတ်ကြတယ်ကွ။ မင်းလည်း အဲဒီလူစားမျိုးထဲမှာ ပါသွားပြီ'

ဂေး(လ်)ဘတ်သည် မျက်နှာထားတည်တည်ဖြင့် အလေးအနက် ပြန်ပြောလိုက်သည်။

'ဒီမှာဘော်ဘီ..ကျွန်တော် သူ့ကို တကယ်မြင်လိုက်တာဗျ။ ကျွန်တော့်အတွက် စိတ်ပန်းလူပန်းခံမနေပါနဲ့တော့ဗျာ။ ဟိုမှာတုန်းက သူ့ကိုမြင်ခဲ့တာတွေ တစ်ဖက်သတ် စွဲလမ်းခဲ့တာတွေဟာ အမြင်အာရုံလွဲမှားမှုကြောင့်ပဲလို့ ကိုယ့်စိတ်ကိုယ် ဖြေသိမ့်ခဲ့ပါတယ်။ အခု ဒီမှာလာပြီး ထပ်တွေ့ရပြန်ပြီ။ အဲဒါကို ဘယ်လိုပြောမလဲ'

'သူက အစ်ကို့ဘေးနားမှာကပ်ပြီး ရပ်နေခဲ့တာဗျ။ မမြင်လိုက်ဘူးလား။ ပြီးတော့ ဟိုကမ်းပါးစွန်းက ခုန်ချဖို့ ပြေးသွားတာကို ဘာဖြစ်လို့ မတားလိုက်တာလဲ။ အဲဒါ လူသေအောင် လုပ်လိုက်တာပဲ။ ကျွန်တော်က သူ့ကို လိုက်ဆွဲဖို့ အစွမ်းကုန် ကြိုးစားခဲ့တာ'

'အေး..အေး..မင်း ကြိုးစားခဲ့ပါတယ်။ တို့နှစ်ယောက်လုံး ပြုတ်ကျပြီးသေဖို့လေ'

ဂေး(လ်)ဘတ်သည် မည်သို့မျှမပြောတော့။ မကျေမချမ်းဖြင့် မျက်စောင်းကြီး ခဲနေလေတော့သည်။

♦♦♦

နောက်တစ်ရက် နေ့လယ်စာ စားပြီးချိန်။

ဘော်ဘီသည် ဂေး(လ်)ဘတ်ကို နေ့လယ်ပိုင်း အနားယူအိပ်စက်ရန် ဖျောင်းဖျခဲ့ရသည်။ ညီဖြစ်သူ အိပ်ပျော်သွားသည်အထိ စောင့်ကြည့်ပြီးမှ ပင်လယ်ကမ်းစပ်ဘက်သို့ ထွက်ခဲ့လေသည်။ ကမ်းစပ်တွင် တစ်ယောက်တည်းထိုင်၍ ညီဖြစ်သူ၏ ရှေ့ရေးအတွက် စဉ်းစားခန်းဖွင့်ခဲ့သည်။ နောက်ဆုံးတွင် စိတ်ရောဂါကုပညာရှင်ထံ ခေါ်သွားရန် ဆုံးဖြတ်လိုက်တော့သည်။ ဟိုတယ်သို့ ပြန်ရောက်သောအခါ ဧည့်ကြိုဝန်ထမ်းကလေးက သူ့ကို သတင်းပေးလာခဲ့သည်။

'ဆရာ့အခန်းဖော်က ပြန်သွားနှင့်ပြီလို့ မှာခဲ့တယ်ဗျ'

'ဟေ..သူဘယ်တုန်းကထွက်သွားတာလဲကွ'

'ဆရာ သွားပြီး ဆယ်မိနစ်လောက်ပဲ ခြားမယ်ထင်တယ်ဗျ'

'ဩော်..အေး..ကျေးဇူးပဲကွာ'

ဘော်ဘီသည် ဟန်ကိုယ်ဖို့လုပ်၍ ပြောလိုက်သည်။ သူ့ရင်ထဲတွင်တော့ စိုးရိမ်သောကများ ဗလောင်ဆူသွားခဲ့သည်။ ဂေး(လ်)ဘတ်သည် အိပ်ချင်ဟန်ဆောင်၍ တစ်ပတ်ရိုက်သွားခြင်းပင်ဖြစ်သည်။ မိုက်လိုက်တာ ငါညီရယ်ဟုလည်း ကရဏာဒေါသ တွေးလိုက်မိသည်။ ဤကိစ္စမျိုးတွင် ဖြစ်လေ့ဖြစ်ထရှိသည့် အဆိုးရွားဆုံးအခြေအနေကို သူ ကောင်းစွာသိထားပြီးဖြစ်သည်။ ချက်ချင်းလိုက်ရပေတော့မည်။ သို့ရာတွင် အချိန်အနီးဆုံးရထားဖြင့် လိုက်ရန် တစ်နာရီကျော်ကျော် စောင့်ရဦးမည် ဖြစ်လေသည်။

♦♦♦

အချိန်နောင်းကာ အကြောင်းက မလှဘဲ အကျိုးနည်းခဲ့ရလေပြီ။

ညီအစ်ကိုမသိတသိအချိန်တွင် ထိုနေရာသို့ ဘော်ဘီရောက်သွားခဲ့သည်။ သူသည် ဂေး(လ်)ဘတ်သွားမည့်နေရာကို အတိအကျ တွက်ဆထားမိပြီး ဖြစ်လေသည်။

ဘော်ဘီသည် ဝုဒ်လမ်းသွယ်အတိုင်း လျှောက်သွားခဲ့သည်။ လမ်းဆုံးသွားလျှင် ပြန်လှည့်ကာ ဖြည်းဖြည်းလျှောက်လာခဲ့သည်။ အိမ်တစ်လုံးကိုလည်း သေချာစွာကြည့်လာခဲ့သည်။ ထိုအိမ်ကို တွေ့ပါက မသိနိုင်စရာအကြောင်းမရှိ။ ဂေး(လ်)ဘတ်က အကြိမ်ကြိမ်အသေးစိတ်ပြောပြထားခဲ့သောကြောင့်ပင် ဖြစ်သည်။

နောက်ဆုံးတွင် သူသည် တံခါးတန်းလန်း ပြုတ်ကျနေသည့် ခြံဝင်းတွင် ရပ်လိုက်သည်။ ဆည်းဆာချိန်မှိန်ပျပျအလင်းရောင်အောက်တွင် အိမ်ကြီးကို လှမ်းကြည့်လိုက်သည်။ အိမ်မျက်နှာစာက ဟောင်းနွမ်းကာ အင်္ဂတေများပင် သွား

www.burmeseclassic.com

www.burmeseclassic.com

ကျနေလေပြီ။ အိမ်ရှေ့ပန်းခြံထဲတွင်လည်း ပေါင်းမြက်များက ကြီးစိုးလျက် ရှိကြသည်။ လူရိပ်လူခြေ လုံးဝမတွေ့။ ဂေး(လ်)ဘတ်တစ်ယောက် အိမ်ထဲတွင် ရှိနေသေးသည်လော၊ ပြန်ထွက်သွားပြီလောလည်း မသိ။

ဘော်ဘီသည် တွေဝေမနေတော့ဘဲ ခြံအတွင်းသို့ အသာလှမ်းဝင်လိုက်သည်။ ထို့နောက် အိမ်အနောက်ဘက်သို့ ပတ်လျှောက်သွားခဲ့သည်။ ရှေ့တံခါးမကြီးဘက်သို့သွားရန် စိတ်မသိုးမသန့် ဖြစ်လာသောကြောင့်ဖြစ်သည်။ နောက်ဖေးတံခါးပေါက်က ပွင့်ဟလျက်ရှိသဖြင့် အသာတွန်း၍ ဝင်သွားခဲ့လေသည်။ အိမ်အတွင်း၌ မှောင်မည်းလျက်ရှိသည်။ ကြွက်တစ်ကောင် အလန့်တကြား ပြေးသွားသံ ကြားလိုက်ရသည်။ ကြမ်းခင်းပေါ်တွင် ဖုန်များ အလိမ်းလိမ်းတက်နေကြောင်းကိုလည်း ခံစားသိရှိလိုက်သည်။

သူသည် မီးခြစ်ဆံတစ်ချောင်း ထုတ်၍ခြစ်ကာ ရှေ့ဆက် တိုးသွားခဲ့သည်။ တဖြည်းဖြည်းနှင့် အိမ်ရှေ့ဘက်ရှိ အခန်းတွင်းသို့ ရောက်သွားသည်။ မီးမသေမီ အခန်းတွင်းရှိ ထူးဆန်းသော အရာများကို လျှပ်တစ်ပြက် မြင်လိုက်ရလေသည်။ ပါတီပွဲများတွင် အလှအပတန်ဆာဆင်လေ့ရှိသည့် ရောင်စုံလှိုင်းတွန့်စက္ကူများပင် ဖြစ်သည်။ နံရံမှ တွဲလောင်းကျကာ တလှုပ်လှုပ်တရွရွ ဖြစ်လျက်ရှိကြသည်။ ရောဝဲကောင်ကြီး၏ သွေးဆာနေသည့် လက်မောင်းတံများသဖွယ် အသည်းယားဖွယ် ကောင်းလှပေသည်။

ဂေး(လ်)ဘတ်က ထိုအကြောင်းကို ထည့်မပြောခဲ့ပေ။ ငှင်းရောက်ခဲ့စဉ်က ထိုအရာများ ရှိနေခဲ့ပုံမရ။ သို့ဆိုလျှင် ယခုမှ မည်သူက လာတပ်ဆင်ခဲ့ပါသနည်း။ ဤနေရာမျိုးတွင် မည်သို့သောပါတီပွဲ ပြုလုပ်သွားပါသနည်း။ အတွေးပွား၍ ဦးနှောက်စားနေစဉ်တွင် မီးခြစ်ဆံကုန်သွားတော့သည်။ သို့ဖြင့် ဒုတိယမီးခြစ်ဆံအား ထုတ်ခြစ်ကာ ရှေ့ဘက်သို့ တိုးကြည့်လိုက်သည်။

ဤတွင်ပင် လူသေကောင်သဖွယ် ကြမ်းခင်းပေါ်တွင် လဲကျနေသည့် ညီဖြစ်သူ ဂေး(လ်)ဘတ်ဒန်းကို တွေ့လိုက်ရတော့သည်။ သူ၏ လက်တစ်ဖက်က စားပွဲဝိုင်းကလေးအစွန်းကို ဆုပ်ကိုင်ထားလျက်ရှိသည်။ သူပြောပြခဲ့ဖူးသော အမျိုးသမီး၏- ပုံစံအတိုင်းပင် ဖြစ်လေသည်။ ကျန်သည့် လက်တစ်ဖက်က ရင်ဘတ်ကို ဖိကိုင်ထားလျက်ရှိသည်။ မျက်နှာကလည်း ပြင်းထန်သောဝေဒနာ ခံစားခဲ့ရပုံ ပေါက်နေလေသည်။

ဂေး(လ်)ဘတ်ဒန်းတစ်ယောက် အသက်ရှိပုံ မရတော့ပေ။ သူ၏ အချစ်ဇာတ်လမ်း နိဂုံးပိုင်းက အကျည်းတန်လှသည်။ နေဝင်ရီတရောအချိန်တွင် သူ့အား ပြုးပြခဲ့သည့် အမျိုးသမီးအား တွေ့မြင်နေကျ ပြတင်းပေါက်အနီးတွင်ပင် လဲကျအသက်ပျောက်ခဲ့ရလေပြီ။ ဘော်ဘီသည် တတိယမီးခြစ်ဆံအား ထုတ်သုံးလိုက်ကာ အနီးကပ် ငုံ့ကြည့်လိုက်သည်။ သူသည် လွတ်ခနဲ လန့်အော်လိုက်မိပြီး လဲကျလုနီးပါး ဒယိမ်းဒယိုင် ဖြစ်သွားလေသည်။ အလန့်တကြားအော်လိုက်သံကလည်း အိမ်ထဲတွင် ပဲ့တင်ထပ်သွားတော့သည်။

ဂေး(လ်)ဘတ်ဒန်း၏ ဦးခေါင်းက နောက်သို့ လန်ကျလျက်ရှိသည်။ လည်ပင်းပေါ်တွင်လည်း အညိုအမည်းစွဲနေသည့် ဒဏ်ရာများကို အထင်းသားတွေ့လိုက်ရသည်။ အမျိုးသမီးတစ်ဦး၏ သွေးသွယ်သော လက်ချောင်းရာများဖြစ်ကြောင်း ဆရာဝန်တစ်ဦးဖြစ်သည့် ဘော်ဘီ ကောင်းစွာသိလိုက်လေသည်။ သူ၏ မှကျေမချမ်းဖြင့် တောက်ခေါက်လိုက်သံက အခန်းထဲတွင် ဟိန်းသွားလေတော့သည်။

♦.♦.♦

www.burmeseclassic.com

www.burmeseclassic.com

ဝင်္ကပါအလယ်က ပဟေဠိတစ်ပုဒ်။

ဂေး(လ်)ဘတ်ဒန်း၏ ရင်ထုမနာဖွယ် နိဂုံးချုပ်ခဲ့ရသည့် ဇာတ်လမ်းနောက်ကွယ်တွင် လူမသိလိုက်သော ဂမ္ဘီရဖြစ်စဉ် ပေါ်ပေါက်ခဲ့လေသည်။ ၄င်း၏လည်ပင်းတွင် ထင်းထင်းကြီးပေါ်နေသည့် လက်ချောင်းရာများကို ဘော်ဘီမှ လွဲ၍ အခြားမည်သူမျှ မမြင်တွေ့ရခြင်းဝင် ဖြစ်လေသည်။

ဤသို့ဖြင့် ဂေး(လ်)ဘတ် သေဆုံးရပုံကို အကောင်းအဆိုး ဝေဖန်သူ မရှိခဲ့။ တရားခံနောက် ခြေရာခံလိုက်ရန် လည်းမလို။ လက်သည်မပေါ်သည့်အမှုလည်း မဖြစ်ခဲ့ပေ။ အလင်းရောင်ထိန်ထိန်လင်းလင်းအောက် ရေခဲတိုက်သို့ ရောက်သောအခါ ဂေး(လ်)ဘတ်၏ လည်ပင်းတွင် အမှိုက်စကလေးပင် ကပ်မနေခဲ့။ အညှိုအမည်း စွဲနေခဲ့သည့် လက်ချောင်းရာများ၏ အစအနကိုပင် မတွေ့ရတော့ပေ။

အလောင်းအား ရင်ခွဲစစ်ဆေးသော ဆရာဝန်ကလည်း ရုတ်တရက် နှလုံးခုန်ရပ်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်းသာဖြစ်ကြောင်း မှတ်ချက်ပေးခဲ့လေသည်။

ကားလိပ်ပင် မဖွင့်လိုက်ရသည့် ဂေး(လ်)ဘတ်ဒန်း၏ ကြေကွဲနာကြည်းဖွယ် ဇာတ်လမ်းကလေးသည် လူမသိသူမသိ နိဂုံးတံသွားခဲ့လေသည်။ ဝုဒ်လမ်းသွယ်ကလေးကိုလည်း ချဲ့ထွင်လိုက်ကြသဖြင့် မိစ္ဆာဘုံအိမ်ဟောင်းကြီးနှင့် ပေါင်းမြက်များထနေသည့် ပန်းခြံကလေးတို့ ပျောက်ကွယ်သွားကြသည်။ ထိုနေရာတွင် ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သော ဖြစ်စဉ်များသည်လည်း မြေကြီးအောက်သို့ ထာဝရ ငုပ်လျှိုးသွားခဲ့ကြတော့သည်။

ထိုအိမ်ကြီး မရှိတော့သည့်အတွက် ဘော်ဘီဒန်းတစ်ယောက် ကြိတ်၍ဝမ်းသာနေမိခဲ့သည်။ မိစ္ဆာမဝိညာဉ်က ကျောကွင်းမဆင်နိုင်တော့။ နောက်ထပ် ဂေး(လ်)ဘတ်ဒန်းများလည်း ပေါ်ပေါက်ရန် အကြောင်းမရှိတော့သောကြောင့်ပင် ဖြစ်လေသည်။

မည်သို့ဆိုစေ ဘော်ဘီဒန်းသည် ထိုလမ်းပေါ်က ဖြတ်သွားမိသည့်အခါတိုင်း ဂေး(လ်)ဘတ်ဒန်း၏ သနားစဖွယ် မျက်နှာကလေးကို ပြန်လည်မြင်ယောင်ရင်း သက်ပြင်းအခါခါ ချမိနေရတုန်းပင် ဖြစ်လေတော့သည်။

ဇေကျော်ဇော(စားကုန်)

Ref : W. BOB HOLLAND ၏ PHANTOM WOMAN.

ဆရာရန်အောင်ဟိန်း (B.Sc)

(ခရစ်ရှန်းမူတီး ဇရူဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကောဇနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကောဇနစ်၊ ဂြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ်(Softwear)များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

ဖုန်း - ၀၉ ၇၃၁ ၁၃၈၂၆

ဆက်သွယ်ရန်လိပ်စာ

အမှတ်-၂၂၁/၂၂၃(ပထမထပ်)၊ (၃၁)လမ်း(အထက်လမ်း)၊ စင်ထရယ်ဟိုတယ်အနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။